ကျောက်တန်း- မဟာဗောဓိ ဆရာတော်ဘုရား၏

သဒ္ဓိဝိဟာရိက-တပည့်ရင်း ဖြစ်တော်မူသော

“မဟာဝိ-ဝံသာဘိ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ”

သကျသီဟ-ဘွဲ့ထူးနှင့်

သဒ္ဓမ္မဇောတိကဓဇ မဟာဝိ ဝံသာဘိ”

ပဌမဆွေတံဆိပ် ဘွဲ့ထူးကို

ခံယူရရှိပေသော

“ပါဠိဆရာကြီး ဦးခိုင်”သည်


သောတုဇနတို့ အကျိုးငှါ ရေးသား စီရင်တော်မူအပ်သော

# အဘိဓမ္မဂုဏ္ဍောဒီပနီကျမ်း။

ပဌမအုပ်

ရန်ကုန်မြို့၊ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၂၀-တက္ကသိုလ်ရိပ်သာ။

1960



# ဇမ္ဗူရုံသိ-နိဒါန်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဂမ္ဘီရညာဏမာလိနိ၊ သာသနံ စိရဇောတယိ။
သမုဒ္ဒါပိ ဇမ္ဗုရုံသိ၊ သာဂရံ စိတ္တတောသနိ။ ။

ဂါထာပါဠိ၊ လာရှိသည်အရ၊ လပြည့်တိထိ၊ ပုဏ္ဏမိဝယ်၊ စုံညီတာရာ၊ ဝန်းရံဖြာ၍၊ သော်တာ လမင်း၊ ဘဝင် ချင်းမျှ၊ ထိန်လင်း ထွန်းပြောင်၊ လ၏ အရောင်သည်ရင်း၊ အရှေ့ ပုဗ္ဗာ၊ ဝိဒေဟာမှ၊ ယုဂန် တောင်ထက်၊ ပေါ်လာ ထွက်သည့်၊ ဘဝင် ဘောက်ထွင်း၊ ထွန်းပြောင်လင်းသော၊ နေမင်းသူရိန်၊ ရောင်အရှိန်သည်ရင်း။ ရွှေ,ငွေ,မြ,စိန်၊ ဇာနိန္ဒနီလာ၊ သီလာပတ္တမြား၊ရတနာ ခုနစ်ပါးတို့၏၊ ပကြွားပြန်ဟပ်၊ တလျှပ်လျှပ်ဝင်း၊ ထွန်းပလင်းပေသော၊ ကြက်သရေဆောင်၊ မင်္ဂလာရောင်သည်ရင်း၊ ဤသို့လျှင်၊ လရောင်,နေရောင်၊ ရတနာရောင်၊ များမြောင်ထွေပြား၊ အရောင် အစားစားတို့ထက်၊ ဆတက် လွန်ကြူး၊ အထူးသဖြင့်၊ ထွန်းလင်း တောက်ပတော် မူလှသော၊ ဆဗ္ဗဏ္ဏ ရံသီ၊ ခြောက်ရောင်ခြည် အစုံကို၊ ဘဝင် ဘုံချင်း၊ ထိန်လင်း တောက်ပ၊ ထွက်ကြွကွန့်မြူး စေနိုင်သော၊ ခြောက်ရောင်ခြည် သခင်၊ထွဋ်ဘုန်းရှင်၏။ လေးအင်္ဂ အဏ္ဏဝါ၊ မဟာသမုဒ္ဒရာ၊ ပမာနှိုင်းဘွယ်၊ အလွန်တရာ ဆန်းကြယ် လှ၍၊ ဂမ္ဘီရဉာဏ်ပန်း၊ တင့်ဆန်းဝေဖြာ၊ ကြီးကျယ်လှစွာသော၊ သဗ္ဗညုတ ဉာဏ်တော်၏သာ ကျက်စားရာ၊ မဟာအောင်မြေ၊ ပလ္လင်ဗွေမှ၊ နဘေထက် တန်း၊ဘဝင် နန်းထိ၊ ပြိုင်ဘိသူကင်း၊ ဇမ္ဗူ့ အလင်းရောင်ကြီး ဖြစ်တော် မူသော၊ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလာညတ်, ကထာဝတ္ထု, ယမိုက်,ပဋ္ဌာန်း-ဟု ဆိုအပ်သော၊ အဘိဓမ္မာ ဒေသနာတော်၏ မုချတ္ထ၊ သ ပတ္တ၊ ယူအပ်လှသော အဓိပ္ပါယ်ကို၊ လွယ်လင့်တကူ၊ သင်ယူဆောင်

ဇမ္ဗုရံသိ နိဒါန်း

ရွက်၊ ကျက်မှတ် သရဇ္ဈာယ်လိုသူ၊ များရှင်လူတို့၏ အကျိုးငှါ၊ လက်ာဒိပ ကျွန်း၊ မဟာဝိဟာရ ဝါသီဂိုဏ်း၊ တပုမူလသောဘ ကျောင်းတိုက်ကြီး အတွင်း၊ သီတင်းသုံးတော်မူစဉ်၊ အရှင် အနုရုဒ္ဓါဆရာ၊ မဟာထေရ်ကျော် သည်၊ အကျဉ်း ချုံး၍၊ သိမ်းကျုံး စီရင်တော် မူအပ်သော အဘိဓမ္မတ္ထ သင်္ဂဟမည်သော အဋ္ဌကထာကျမ်း၏ အနက်အဓိပ္ပါယ်သည် အလွန် တရာလျှင် နက်နဲ ဆန်းကြယ်လှပါကြောင်း။

ဤသို့လျှင် အလွန်တရာ ခက်ခဲနက်နဲသော ကျမ်းဖြစ်ပါသောကြောင့် ယုန်သူငယ် အလား၊နုနယ်ပျိုနု၊သောတုဇန စာသင်သားများ၊ လွယ်လင့် တကူ၊ သင်ယူဆောင်ရွက် နိုင်စေရန်အကျိုး၊ သာသနာတော်၏ ဖွံ့ဖြိုး ကြီးပွါးရန် အကျိုးကိုမြော်ကိုးပြီးခါ ကရုဏာရှေ့ထား၍ ရေးသားစီရင်ရန်၊ ပြာသာဒ်, ကန်ဆောင်း၊ ဂူကျောင်း အထပ်ထပ်၊ စရပ်တလီ၊ နဝရတ်စီပြိုင်၊ စိန်ပန်းခိုင်နှင့်၊ စိန်ဆိုင်စီထား၊ ငှက်မြတ်နားနှင့်၊ သုံးပါးမွေ့သရီ၊ စေတီ မြတ်ပါ၊ သုံးဖြာ ဝိဠ္ဌာကတ်၊ အထပ်ထပ် အတန်တန်၊ ရောင်လျှံ တင့်မောင်း၊ နိဗ္ဗာန်ကျောင်းနှင့်၊ စံကျောင်း အဆောင်ဆောင်၊ များမြောင်ထိုထို၊ မြတ် ကုသိုလ်အရှင်၊ တိုင်းခွင် ပြည့်သူ၊ ရှင်, လူ, ရဟန်းတို့၏ အကျိုး၊ သာသနာ တော်၏ အကျိုးကို သယ်ပိုးနိုဗ္ဗ၊ ဗလဝ စေတနာဖြင့်၊ အမြဲမကွာ ထောက်ပံ့ ပြုစုလျှက် ရှိသေသော၊ [illegible] အဘယခေမိက တိုက်ကျောင်းကြီး၏ ဒါယကာ [illegible] ``[illegible]'' ``[illegible]'' တို့က အကြိမ်ကြိမ် အထပ်ထပ်၊ တောင်းပန် အပ်သောကြောင့် ဥပဇ္ဈာယ်ဆရာရင်း ကျေးဇူး တော်ရှင် ဖြစ်တော်မူသော....

၁-ကျောက်ကန်း,ပဟာဗောင် ဆရာတော်ဘုရားကြီးနှင့် တကွ
၂-သုံးဂိုဏ်းချုပ်,ခင်မွန်ဆရာတော် ဘုရားကြီး
၃-မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး
၄-အလုံ ဆရာတော် ဘုရားကြီး
၅-ကျီတ္တစံ ဆရာတော် ဘုရားကြီး
၆-တွံတေး ဆရာတော် ဘုရားကြီး
၇-ပဲခူးမြို့ ရွှေအောင်ရွှေး ဆရာတော် ဘုရားကြီး
၈-ညောင်တုံးမြို့ ရွှေဟသ်ာတောရ စံကျောင်းဆရာတော် ဘုရားကြီး
၉-မန္တလေးမြို့ အဘယာရာမ ရွှေဂူဆရာတော် ဘုရားကြီး—စသော

ဇမ္ဗူရံသိ-နိဒါန်း

များစွာသော လင်္ကာပေသလ,သိက္ခာကာမ ဖြစ်တော်မူကုန်သော ပိဋကတ္တယ ဝိဒူ၊ဝိညူအကျော်၊ ဆရာတော် ဘုရားကြီးများ၏ နယဂန္ထိ၊ နည်းတန်ကို သိဂိဖလား၊ ခံယူသော အလားကဲ့သို့၊ နီးပါးချဉ်းကပ်၊အမြဲပင် ခံယူအပ်သော အာစရိယမုဋ္ဌိ၊နည်းကောင်းရှိသော ''**မေဓာဝီဝံသာဘိပရိယာယဿ သာသနဝံသတမ္ဗောဓနိယ**'' ဟူသော သကျသီဟဘွဲ့ထူး ''**သဒ္ဒဝိဒ္ဒိကာ ကာရေ မေဓာဝီဝံသာဘိ**'' ဟူသော ပဌမ ရွှေတံဆိပ်ဘွဲ့ထူး နှစ်တန်ကို ခံယူရရှိပေသော **ကစ္စာယနဂုဠှတ္ထဒီပနီကျမ်း၊ ဝိနယဂုဠှတ္ထဒီပနီကျမ်း၊ သစ္စဝါဒီနိကာကျော်၊ ဇမ္ဗူမိတ်ဆွေ ဘာသာဗွိုဟ်၊ ဘေသဇ္ဇမျိုး** စသော ကျမ်းပြု ''**ပါဠိဆရာကြီး မေဓာဝီ ဦးဆိုင်**'' သည် **အဘိဓာန်ဂုဠှတ္ထသင်္ဂဟ** မည်သော သဂြိုဟ်ကျမ်း၏ လျှို့ဝှက်တိမ်မြုပ်၊ နယငုပ်ကို၊ ဘော်ထုတ်သချာ၊ သိသာထင်ရှား၊ ပေါ်လွင်သော စကားသွားဖြင့်၊ စာသင်ငယ်အများ၊ပညာရှင် အမျိုးသားတို့၏၊ ဉာဏ်အခြေ ဓာတ်အားကို၊ ဘွားကနဲ ပေါ်ကြွစေရန်၊ များစွာသော အဋ္ဌကထာ, ဋီကာ,ပေါရာဏဂန္ထိ၊ ရှေးပဏ္ဍိတ်တို့၏၊ထူးမြတ်တွေ့ပြား၊ အထူးထူးသော နည်းညွှန့်၊ နည်းကောင်းတို့ဖြင့်၊ ထပ်လောင်းမွန်းမံ၊ ချယ်ဖန်ဆင်မြန်း၊ တင့်လွှမ်းဝေဖြာ စေလျက်၊ ရေးသားစီရင်အပ်သော ဇမ္ဗူရံသိ '**အဘိဓာန်ဂုဠှတ္ထဒီပနီ**' သညီသမုတ်၊ကျမ်းစာအုပ်ကို၊ ကျွန်ုပ်တို့ ဇမ္ဗူ့မိတ်ဆွေ ပိဋကတ် ပုံနှိပ်တိုက်က သိုက်မြိုက်သချာ၊သန့်စွာကြည်လင်၊ စက်တင်ပုံနှိပ် အပ်ပါသတည်း။

**ဇမ္ဗူ့ ဆရာကြီး မေဓာဝီ-ဆရာဆိုင်**

Medhavi Saya Saing,
ZABU PALI ACARIYA
Author of KACCAYANA GULHATTHADIPANI

---

ဦးမြသောင်း M.A., M.Ed., B.L.
B.A.(Hons) B.Ed.
အိမ်တွင်းစာကြည့်တိုက်

အဘိဓမ္မာ ပြဿနာ ဒီပနီကျမ်း

# မာတိကာ

## စိတ်ပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ရတနတ္တယ ပဏာမ .... .... .... | ၁ |
| ၂ | ပဏာမဂါထာ အဘွင့် .... .... .... | ၃ |
| ၃ | ပရမတ္ထ အဓိပ္ပါယ် .... .... .... .... | ၅ |
| ၄ | စိတ်၏ပရမတ်မည်ပုံ .... .... .... | ၈ |
| ၅ | စေတသိက်၏ပရမတ်မည်ပုံ .... .... .... | ၉ |
| ၆ | ရုပ်၏ပရမတ်မည်ပုံ .... .... .... .... | ၉ |
| ၇ | နိဗ္ဗာန်၏ ပရမတ်မည်ပုံ .... .... .... | ၁၁ |
| ၈ | အမေးအဖြေ .... .... .... .... | ၁၁ |
| ၉ | ဆောင်ပုဒ် .... .... .... .... | ၁၃ |
| ၁၀ | စိတ်၏အဓိပ္ပါယ် .... .... .... .... | ၁၄ |
| ၁၁ | သင်္ဂဟ ဂါထာ .... .... .... .... | ၁၆ |
| ၁၂ | ကာမာဝစရအဓိပ္ပါယ် .... .... .... | ၁၇ |
| ၁၃ | စိတ်၏ကာမာဝစရ မည်ခြင်း အကြောင်း .... .... | ၂၀ |
| ၁၄ | ရူပါဝစရအဓိပ္ပါယ် .... .... .... | ၂၃ |
| ၁၅ | သင်္ဂဟဂါထာ .... .... .... .... | ၂၄ |
| ၁၆ | လောကုတ္တရာအဓိပ္ပါယ် .... .... .... | ၂၅ |
| ၁၇ | အဝတ္ထာဘုံ အဓိပ္ပါယ် .... .... .... | ၂၇ |
| ၁၈ | စိတ်အစဉ်အမေးအဖြေ .... .... .... | ၃၀ |
| ၁၉ | ဆောင်ပုဒ် သက်ာ.... .... .... .... | ၃၀ |
| ၂၀ | အကုသိုလ်စိတ် အဘွင့် .... .... .... | ၃၁ |
| ၂၁ | လောဘမူစိတ် သရုပ်ခွဲပုံ .... .... .... | ၃၂ |
| ၂၂ | လောဘမူ စိတ်၏အပြား ဝေဘန်ခြင်း .... .... | ၃၃ |
| ၂၃ | သောမနဿသဟဂုတ်၏ အဓိပ္ပါယ် .... .... | ၃၄ |
| ၂၄ | သောမနဿဖြစ်ရန် အကြောင်း လေးပါး .... .... | ၃၅ |
| ၂၅ | ဒိဋ္ဌိဂတသမ္ပယုတ် အဓိပ္ပါယ် .... .... .... | ၃၆ |

# စိတ်ပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၆ | ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ငါးပါး···· ···· ···· | ၄၇ |
| ၂၇ | သင်္ဂါရ အဓိပ္ပါယ် ···· ···· ···· ···· | ၄၇ |
| ၂၈ | အသင်္ခါရိက အကြောင်း ၆-ပါး ···· ···· ···· | ၄၀ |
| ၂၉ | ဥပေက္ခာ သဟဂုတ် အဓိပ္ပါယ် ···· ···· ···· | ၄၀ |
| ၃၀ | ဥပေက္ခာ ဖြစ်ခြင်းအကြောင်း လေးပါး ···· ···· | ၄၁ |
| ၃၁ | သောမနဿနှင့် ဥပေက္ခာ အထူး···· ···· ···· | ၄၁ |
| ၃၂ | လောဘသဟဂုတ် အဓိပ္ပါယ် ···· ···· ···· | ၄၃ |
| ၃၃ | လောဘမူစိတ် ဖြစ်ခြင်း အကြောင်း ···· ···· | ၄၄ |
| ၃၄ | ၎င်း အမေးအဖြေ ···· ···· ···· ···· | ၄၅ |
| ၃၅ | ဆောင်ပုဒ် ···· ···· ···· ···· | ၄၆ |
| ၃၆ | ဋီကာဝါဒ လောဘမူစိတ် ဖြစ်ပုံ ···· ···· ···· | ၄၆ |
| ၃၇ | ဒေါသမူစိတ်၏ အပြား ···· ···· ···· | ၅၁ |
| ၃၈ | ဒေါမနဿ သဟဂုတ် အဓိပ္ပါယ် ···· ···· ···· | ၅၂ |
| ၃၉ | ပဋိဃသမ္ပယုတ် အဓိပ္ပါယ် ···· ···· ···· | ၅၂ |
| ၄၀ | အာဃာတဝတ္ထု ကိုးပါးအဓိပ္ပါယ် ···· ···· ···· | ၅၃ |
| ၄၁ | ဒေါသမူအကြောင်း လေးပါး ···· ···· ···· | ၅၃ |
| ၄၂ | ဒေါသမူဖြစ်ပုံ အကြောင်း ဋီကာ အဓိပ္ပါယ် ···· | ၅၃ |
| ၄၃ | ၎င်း အဋ္ဌအထာ အဓိပ္ပါယ် ···· ···· | ၅၄ |
| ၄၄ | ဒေါမနဿ၏ လက္ခဏာ,ရသ,ပစ္စုပ္ပဋ္ဌာန်, ဒဋ္ဌာန် ···· | ၅၅ |
| ၄၅ | ၎င်း အမေး အဖြေ ···· ···· ···· | ၅၅ |
| ၄၆ | ဆောင်ပုဒ် ···· ···· ···· ···· ···· | ၅၆ |
| ၄၇ | မောဟမူစိတ်၏ ပြား···· ···· ···· ···· | ၅၇ |
| ၄၈ | ဝိစိကိစ္ဆာသမ္ပယုတ် အဓိပ္ပါယ် ···· ···· ···· | ၅၇ |
| ၄၉ | ယုံမှားခြင်း ၈-ပါး ···· ···· ···· ···· | ၅၈ |
| ၅၀ | ဥဒ္ဓစ္စသမ္ပယုတ် အဓိပ္ပါယ် ···· ···· ···· | ၅၉ |
| ၅၁ | မောဟမူ အဓိပ္ပါယ် ···· ···· ···· ···· | ၅၉ |
| ၅၂ | မောဟမူစိတ်၏ ပဝဋ္ဋကမည်ပုံ အဓိပ္ပါယ် ···· ···· | ၆၀ |
| ၅၃ | မောဟ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် ···· | ၆၂ |
| ၅၄ | မောဟမူစိတ်ဖြစ်ပုံ အဓိပ္ပါယ် ···· ···· ···· | ၆၂ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၅၅ | ၎င်း အမေး အဖြေ .... .... .... | ၆၃ |
| ၅၆ | အကုသိုလ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၆၅ |
| ၅၇ | အကုသိုလ် အဓိပ္ပါယ် .... .... .... | ၆၅ |
| ၅၈ | ဝေဒနာ, ဟိတ်, ကိစ္စစသည် ရေတွက်ခြင်း .... | ၆၆ |
| ၅၉ | အကုသိုလ်စိတ် ၁၂–ပါး သရုပ်ခွဲ .... .... | ၆၇ |
| ၆၀ | အဟိတ်စိတ် .... .... .... .... | ၇၀ |
| ၆၁ | စက္ခုဝိညာဏ် အဓိပ္ပါယ် .... .... .... | ၇၀ |
| ၆၂ | ၎င်း၏ အကြောင်း လေးပါး .... .... | ၇၂ |
| ၆၃ | သောတဝိညာဏ် အဓိပ္ပါယ် .... .... | ၇၂ |
| ၆၄ | ၎င်း၏ အကြောင်း လေးပါး .... .... | ၇၃ |
| ၆၅ | ဃာနဝိညာဏ် အဓိပ္ပါယ် .... .... .... | ၇၄ |
| ၆၆ | ၎င်း၏ အကြောင်း လေးပါး .... .... | ၇၄ |
| ၆၇ | ဇိဝှါဝိညာဏ် အဓိပ္ပါယ် .... .... .... | ၇၅ |
| ၆၈ | ၎င်း၏ အကြောင်း လေးပါး .... .... | ၇၆ |
| ၆၉ | ကာယဝိညာဏ် အဓိပ္ပါယ် .... .... .... | ၇၆ |
| ၇၀ | ၎င်း၏ အကြောင်း လေးပါး .... .... | ၇၇ |
| ၇၁ | စက္ခုဝိညာဏ်စိတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် | ၇၈ |
| ၇၂ | သမ္ပဋိစ္ဆိုင်း အဓိပ္ပါယ် .... .... .... | ၇၈ |
| ၇၃ | သမ္ပဋိစ္ဆိုင်း၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၇၉ |
| ၇၄ | သန္တီရဏ အဓိပ္ပါယ် .... .... .... | ၇၉ |
| ၇၅ | သန္တီရဏ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၈၀ |
| ၇၆ | စက္ခုစသော ပသာဒရုပ်တို့၏ ဖြစ်စဉ် .... .... | ၈၁ |
| ၇၇ | ပဋိသန္ဓေ တည်နေသောကာလ အဆုံးအဖြတ် .... | ၈၄ |
| ၇၈ | အဟိတ် ကုသလဝိပါက် အဘွင့် .... .... | ၈၇ |
| ၇၉ | ဒွေပဉ္စဝိညာဏ်စိတ်တို့၌ ဥပေက္ခာ ဝေဒနာဖြစ်ပုံ .... | ၈၈ |
| ၈၀ | ကာယဝိညာဏ်၏ ဒုက္ခ, သုခ, ဖြစ်ပုံ .... .... | ၈၉ |
| ၈၁ | သမ္ပဋိစ္ဆိုင်း ၂-ပါး၏ ဥပေက္ခာ ဖြစ်ပုံ .... .... | ၉၀ |
| ၈၂ | သန္တီရဏစိတ်၏ ဝေဒနာ ပြားပုံ .... .... | ၉၁ |
| ၈၃ | အဟိတ်စိတ် အမေး အဖြေ .... .... .... | ၉၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၈၄ | ၄င်းစိတ် ဆောင်ပုဒ် .... .... .... | ၉၅ |
| ၈၅ | အဟိတ်ကြိယာ အဘွင့် .... .... .... | ၉၆ |
| ၈၆ | မနောဒွါရာဝဇ္ဇန်း၏ မဟာဂဇ မည်ပုံ .... .... | ၉၇ |
| ၈၇ | ပဉ္စဒွါရာဝဇ္ဇန်း၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၉၈ |
| ၈၈ | မနောဒွါရာဝဇ္ဇန်း၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၉၈ |
| ၈၉ | ပဋိပါဒကစိတ် အဓိပ္ပါယ် .... .... .... | ၉၉ |
| ၉၀ | ဟသိတုပ္ပါဒ် အဓိပ္ပါယ် .... .... .... | ၁၀၀ |
| ၉၁ | ဟသိတုပ္ပါဒ်၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၁၀၂ |
| ၉၂ | အဟိတ်ကြိယာ အမေး အဖြေ .... .... | ၁၀၂ |
| ၉၃ | ၄င်း ကြိယာ ဆောင်ပုဒ် .... .... | ၁၀၄ |
| ၉၄ | အဟိတ်စိတ် သရုပ်ခွဲ .... .... .... | ၁၀၅ |
| ၉၅ | ဝေဒနာ, ဟိတ်, ကိစ္စစသည်ဖြင့် ခွဲပုံ .... .... | ၁၀၇ |
| ၉၆ | ဝိပါက်မည်ခြင်း အကြောင်း.... .... .... | ၁၀၇ |
| ၉၇ | ကြိယာမည်သော အကြောင်း.... .... .... | ၁၀၈ |
| ၉၈ | အဟိတ်စိတ်၌ သင်္ဂြိုဟ်ရအကြွား အဆုံးအဖြတ် .... | ၁၀၉ |
| ၉၉ | အဟိတ်စိတ်၏ဝိပ္ပယုတ်ဖြစ်ပုံ .... .... .... | ၁၁၁ |
| ၁၀၀ | အဟိတ်စိတ် သရုပ် ခွဲဇယား.... .... .... | ၁၁၂ |
| ၁၀၁ | အသောဘဏ သရုပ်ခွဲ .... .... .... | ၁၁၃ |
| ၁၀၂ | အသောဘဏ သောဘဏ အဓိပ္ပါယ် .... .... | ၁၁၄ |
| ၁၀၃ | ၄င်း ၂-ပါး ဆောင်ပုဒ် .... .... | ၁၁၅ |
| ၁၀၄ | ကာမာဝစရ ကုသိုလ်စိတ် အဘွင့် .... .... | ၁၁၅ |
| ၁၀၅ | ၄င်းစိတ်အပြား .... .... .... | ၁၁၆ |
| ၁၀၆ | ကုသိုလ် အဓိပ္ပါယ် .... .... .... | ၁၁၇ |
| ၁၀၇ | မဟာကုသိုလ်ဖြစ်ခြင်း အကြောင်း .... .... | ၁၂၀ |
| ၁၀၈ | သောမနဿ ဥပေက္ခာတို့၏ ဖြစ်ခြင်းအကြောင်း .... | ၁၂၀ |
| ၁၀၉ | ကုသိုလ်ဖြစ်ပုံ ဆောင်ပုဒ် .... .... .... | ၁၂၂ |
| ၁၁၀ | ဥပေက္ခာ ဖြစ်ခြင်းအကြောင်း.... .... .... | ၁၂၂ |
| ၁၁၁ | သောမနဿ ကုသိုလ်နှင့် ဥပေက္ခာ ကုသိုလ် အကျိုးပေး းထူခြားပုံ အကြောင်း .... .... .... | ၁၂၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၁၂ | ဉာဏသမ္ပယုတ် ဖြစ်ခြင်းအကြောင်း .... .... | ၁၂၅ |
| ၁၁၃ | အသင်္ခါရိက ဖြစ်ခြင်းအကြောင်း .... .... | ၁၂၅ |
| ၁၁၄ | အသင်္ခါရိက သသင်္ခါရိက ကုသိုလ်ဖြစ်ပုံ .... .... | ၁၂၈ |
| ၁၁၅ | ကာမာဝစရစိတ် မဟာတပ်သော အကြောင်း .... | ၁၃၉ |
| ၁၁၆ | ၎င်း စိတ်၏ ဆောင်ပုဒ် .... .... .... | ၁၃၀ |
| ၁၁၇ | မဟာကုသိုလ်စိတ် ၈-ပါး ဖြစ်ပုံ .... .... | ၁၃၀ |
| ၁၁၈ | မဟာဝိပါက်စိတ် အဘွင့် .... .... .... | ၁၃၃ |
| ၁၁၉ | မဟာဝိပါက်စိတ် အပြား .... .... .... | ၁၃၄ |
| ၁၂၀ | ၎င်း စိတ်ဖြစ်ပုံ အမိပ္ပါယ် .... .... .... | ၁၃၅ |
| ၁၂၁ | မဟာဝိပါက်စိတ်၏ သောမနဿ ဥပေက္ခာ ဖြစ်ပုံ .... | ၁၃၆ |
| ၁၂၂ | မဟာဝိပါက်စိတ်၏ ဉာဏသမ္ပယုတ် ဝိပ္ပယုတ် ဖြစ်ပုံ .... | ၁၃၈ |
| ၁၂၃ | မဟာဝိပါက်စိတ်၏ အသင်္ခါရိက သသင်္ခါရိကဖြစ်ပုံ .... | ၁၃၉ |
| ၁၂၄ | ၎င်း စိတ် ဆောင်ပုဒ် .... .... .... | ၁၄၁ |
| ၁၂၅ | မဟာကြိယာစိတ် အဘွင့် .... .... .... | ၁၄၁ |
| ၁၂၆ | ကာမာဝစရ အမေး အဖြေ .... .... .... | ၁၄၃ |
| ၁၂၇ | ကာမာဝစရစိတ် ဆောင်ပုဒ် .... .... .... | ၁၄၅ |
| ၁၂၈ | ၎င်းစိတ် နိဂုံး အဘွင့် .... .... .... .... | ၁၄၅ |
| ၁၂၉ | ကာမစိတ် ၅၄-ပါး သရုပ်ခွဲ ဇယား .... .... | ၁၅၃ |
| ၁၃၀ | ရူပါဝစရ ကုသိုလ်စိတ်အပြား.... .... .... | ၁၅၄ |
| ၁၃၁ | ဝိတက် အမိပ္ပါယ် .... .... .... .... | ၁၅၆ |
| ၁၃၂ | ဝိတက်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၅၈ |
| ၁၃၃ | ၎င်း ဝိတတ် ဆောင်ပုဒ် .... .... .... | ၁၅၉ |
| ၁၃၄ | ဝိစာရ အမိပ္ပါယ် .... .... .... .... | ၁၅၉ |
| ၁၃၅ | ဝိတက်နှင့် ဝိစာရအထူး .... .... .... | ၁၅၉ |
| ၁၃၆ | ဝိစာရ၏လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၆၁ |
| ၁၃၇ | ဝိတက်ဝိစာရဆောင်ပုဒ်နှင့် ပီတိသုခအမိပ္ပါယ် .... | ၁၆၁ |
| ၁၃၈ | ပီတိနှင့် သုခအထူး .... .... .... | ၁၆၂ |
| ၁၃၉ | ပီတိ သုခ ဆောင်ပုဒ်နှင့် ပီတိ၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် .... .... .... .... | ၁၆၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၄၀ | သုခ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၆၅ |
| ၁၄၁ | ဧကဂ္ဂတာ အဓိပ္ပါယ် .... .... .... | ၁၆၅ |
| ၁၄၂ | ၎င်း၏လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် .... | ၁၆၆ |
| ၁၄၃ | ဈာနနှင့် ဈာန်တရား အထူး .... .... | ၁၆၇ |
| ၁၄၄ | ဈာန်တရားကြောင့် ဈာန်ဖြစ်ပေါ်ပုံ .... .... | ၁၆၇ |
| ၁၄၅ | ဈာန်၏အဓိပ္ပါယ် .... .... .... | ၁၆၉ |
| ၁၄၆ | ဈာန်နှင့်ဈာနင်ဆောင်ပုဒ် .... .... .... | ၁၇၀ |
| ၁၄၇ | ဒုတိယဈာန်ကုသိုလ်ဖြစ်ပေါ်ပုံ အဓိပ္ပါယ် .... | ၁၇၂ |
| ၁၄၈ | တတိယစသော ဈာန်ကုသိုလ်ဖြစ်ပေါ်ပုံအဓိပ္ပါယ် .... | ၁၇၂ |
| ၁၄၉ | အပ္ပနာအဓိပ္ပါယ်နှင့် ၎င်း၏ဆောင်ပုဒ် .... | ၁၇၄ |
| ၁၅၀ | မဟဂ္ဂုတ်၌ သောမနဿ ဥပေက္ခာ ကုသိုလ်တို့၏ အယုတ် အမြတ် အဓိပ္ပါယ် .... .... .... | ၁၇၅ |
| ၁၅၁ | ဖဿစသောတရားတို့ကို ဈာနင် မခေါ်ရသောအကြောင်း | ၁၇၆ |
| ၁၅၂ | ရူပါဝစရစိတ်၏ သမ္ပယုတ် မည်ပုံ .... .... | ၁၇၆ |
| ၁၅၃ | အဘိညာဉ် အဓိပ္ပါယ် .... .... .... | ၁၇၇ |
| ၁၅၄ | ရူပါဝစရစိတ်၌ အသင်္ခါရိက သသင်္ခါရိကအဓိပ္ပါယ် | ၁၇၉ |
| ၁၅၅ | ၎င်းစိတ်ဆောင်ပုဒ်နှင့် အမေးအဖြေ .... .... | ၁၈၀ |
| ၁၅၆ | ရူပါဝစရဝိပါက်စိတ်အဖွင့် .... .... | ၁၈၁ |
| ၁၅၇ | ရူပါဝစရဝိပါက်သည် ၎င်းကုသိုလ်နှင့် တူပုံ .... | ၁၈၂ |
| ၁၅၈ | ရူပါဝစရကြိယာစိတ်အဖွင့် .... .... | ၁၈၄ |
| ၁၅၉ | ၎င်းကြိယာဖြစ်ပုံ အဓိပ္ပါယ် .... .... | ၁၈၅ |
| ၁၆၀ | ရူပါဝစရစိတ် သရုပ်ခွဲ .... .... .... | ၁၈၆ |
| ၁၆၁ | ဝေဒနာ,ဟိတ်,ကံစု,ဒွါရ,ဝတ္ထု,အာရုံအားဖြင့် ခွဲခြမ်း ဝေဘန်ခြင်း .... .... .... .... | ၁၈၇ |
| ၁၆၂ | အရူပါဝစရဈာန် အပြား.... .... .... | ၁၈၈ |
| ၁၆၃ | အာကာသာနဉ္စာယတနကုသိုလ် အဓိပ္ပါယ် .... | ၁၈၉ |
| ၁၆၄ | အာကာသာနဉ္စာယတနဈာန် ဆောင်ပုဒ်နှင့် ဝိညာဏဉ္စာယတနကုသိုလ် အဓိပ္ပါယ်.... .... ... | ၁၉၂ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၆၅ | ဝိညာဏဉ္စာယတနဈာန် ဆောင်ပုဒ်နှင့် အာကိဉ္စညာယတန ကုသိုလ် အဓိပ္ပါယ် .... ........ .... | ၁၉၄ |
| ၁၆၆ | အာကိဉ္စညာယတန ဈာန်ဆောင်ပုဒ်နှင့် နေဝသညာ နာသညာယတန ကုသိုလ် အဓိပ္ပါယ်.... .... | ၁၉၅ |
| ၁၆၇ | နေဝသညာ နာသညာယတနဈာန် ဆောင်ပုဒ်နှင့် အာကာ သာနဉ္စာယတနဈာန် ဖြစ်ပေါ်လာပုံ အဓိပ္ပါယ် .... | ၁၉၇ |
| ၁၆၈ | ဝိညာဏဉ္စာယတနဈာန် ဖြစ်ပေါ်လာပုံ အဓိပ္ပါယ် .... | ၁၉၉ |
| ၁၆၉ | အာကိဉ္စညာယတနဈာန် ဖြစ်ပေါ်လာပုံ အဓိပ္ပါယ် .... | ၂၀၀ |
| ၁၇၀ | နေဝသညာ နာသညာယတနဈာန် ဖြစ်ပေါ်လာပုံ အဓိပ္ပါယ် | ၂၀၁ |
| ၁၇၁ | ဝိသုဒ္ဓါဖြင့် ပေါင်းဟန် အဓိပ္ပါယ် .... .... | ၂၀၁ |
| ၁၇၂ | ဝေဒနာ,ဟိတ်,ကိစ္စ, ဒွါရ,အာရုံ,ဝတ္ထု တို့ဖြင့် ဝေဘန်ပုံ | ၂၀၂ |
| ၁၇၃ | အရူပါဝစရဝိပါက် အကြောင်း .... .... | ၂၀၃ |
| ၁၇၄ | ၎င်း ကြိယာစိတ် အကြောင်း .... .... | ၂၀၃ |
| ၁၇၅ | အာလမ္ဗဏပ္ပဘေဒေန အဓိပ္ပါယ် .... .... | ၂၀၄ |
| ၁၇၆ | မဏ္ဍပ်ကြီး ဥပမာ .... .... .... | ၂၀၆ |
| ၁၇၇ | ပြာသာဒ် ဥပမာ .... .... .... | ၂၀၈ |
| ၁၇၈ | မဟဂ္ဂုတ်မည်သော အကြောင်း .... .... | ၂၁၀ |
| ၁၇၉ | အရူပါဝစရ သရုပ်ခွဲ .... .... .... | ၂၁၁ |
| ၁၈၀ | မဟဂ္ဂုတ်စိတ် သရုပ်ခွဲ ဇယား .... .... | ၂၁၂ |
| ၁၈၁ | လောကုတ္တရာစိတ်အပြား ဝေဘန်ပုံ .... .... | ၂၁၃ |
| ၁၈၂ | ၎င်းစိတ် သမ္ဘော အဋ္ဌကထာနည်း ဝေဘန်ပုံ .... | ၂၁၄ |
| ၁၈၃ | သောတာပတ္တိမဂ်စိတ် အဓိပ္ပါယ် .... .... | ၂၁၅ |
| ၁၈၄ | သောတာပန်ပုဂ္ဂိုလ် အပြား .... .... .... | ၂၁၈ |
| ၁၈၅ | ၎င်းပုဂ္ဂိုလ်အပြား ဆောင်ပုဒ်နှင့် သကဒါဂါမိမဂ်စိတ် အဓိပ္ပါယ် .... .... .... .... | ၂၂၀ |
| ၁၈၆ | သကဒါဂါမိပုဂ္ဂိုလ် အပြား .... .... .... | ၂၂၁ |
| ၁၈၇ | ၎င်း ပုဂ္ဂိုလ်အပြား ဆောင်ပုဒ်နှင့် အနာဂါမိ မဂ်စိတ် အဓိပ္ပါယ် .... .... .... .... | ၂၂၃ |

# စိတ်ပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၈၈ | အနာဂါမိပုဂ္ဂိုလ် အပြား .... .... .... | ၂၂၄ |
| ၁၈၉ | ၎င်း ပုဂ္ဂိုလ်အပြား ဝေဘန်ပုံ .... .... | ၂၂၇ |
| ၁၉၀ | ဥဒ္ဓံသောတ အနာဂါမိ ပုဂ္ဂိုလ်အပြား .... .... | ၂၂၈ |
| ၁၉၁ | အရဟတ္တမဂ်စိတ် အဓိပ္ပါယ် .... .... .... | ၂၂၈ |
| ၁၉၂ | အရိယာပုဂ္ဂိုလ် ၁၀၈-ယောက် အပြား .... .... | ၂၂၉ |
| ၁၉၃ | ပုဂ္ဂလပညတ် အဋ္ဌကထာလာ အရိယာပုဂ္ဂိုလ် ၉၆-ယောက် အပြား .... .... .... .... | ၂၃၀ |
| ၁၉၄ | ရဟန္တာပုဂ္ဂိုလ်အပြား .... .... .... | ၂၃၀ |
| ၁၉၅ | မဂ် အဓိပ္ပါယ် .... .... .... | ၂၃၁ |
| ၁၉၆ | မဂ်သည် ကိလေသာတို့ကို ပယ်ပုံ အဓိပ္ပါယ် .... | ၂၃၂ |
| ၁၉၇ | မဂ်စိတ် ၄-ပါးတို့၏ ကိလေသာတို့ကို ပယ်ပုံ အဓိပ္ပါယ် | ၂၃၂ |
| ၁၉၈ | မဂ်ကိစ္စ ၁၆-ချက် အဓိပ္ပါယ် .... .... | ၂၃၅ |
| ၁၉၉ | ဝိသုဒ္ဓါဖြင့် ပေါင်းသော နည်းပေါင်း ၁၀၀၀-အဓိပ္ပါယ် | ၂၃၆ |
| ၂၀၀ | ဖိုလ်စိတ်အဘွင့်နှင့် ၎င်းဖိုလ် အဓိပ္ပါယ် .... .... | ၂၃၇ |
| ၂၀၁ | လောကုတ္တရာစိတ်၌ ကြိယာ မရှိခြင်းအကြောင်း .... | ၂၃၈ |
| ၂၀၂ | မဂ်စိတ် ဆောင်ပုဒ် .... .... .... | ၂၃၉ |
| ၂၀၃ | ဇာတ်တူ ဘုံတူပေါင်း၍ သရုပ်ခွဲပုံ .... .... | ၂၄၁ |
| ၂၀၄ | အကျယ် ၁၂၁-ပါး သရုပ်ခွဲ .... .... | ၂၄၃ |
| ၂၀၅ | လောကုတ္တရာဈာန် ၄၀-ပြားပုံ အဓိပ္ပါယ် .... | ၂၄၄ |
| ၂၀၆ | ပါဒကစသောဈာန် ၃-ပါး ဆောင်ပုဒ် .... .... | ၂၄၆ |
| ၂၀၇ | စိတ် ၁၂၁-ပါး သရုပ်ပြ ဂါထာများ .... .... | ၂၄၇ |
| ၂၀၈ | သတ္တတိံသဝိမံ ပုညံ ဂါထာသရုပ်ခွဲ .... .... | ၂၄၈ |
| ၂၀၉ | လောကုတ္တရာ အကျဉ်းအကျယ် သရုပ်ခွဲဇယား .... | ၂၅၀ |


စိတ်ပိုင်း မာတိကာ ပြီး၏။

---

## စေတသိက်ပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၁၀ | စေတသိက် အဓိပ္ပါယ် .... .... .... | ၂၅၃ |
| ၂၁၁ | စေတသိက် ဆောင်ပုဒ်နှင့် စေတသိက် လက္ခဏာ ၄-ပါး အဓိပ္ပါယ် .... .... .... .... | ၂၅၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၁၂ | စေတသိက် လက္ခဏာ ၄-ပါး အမေးအဖြေ .... | ၂၅၇ |
| ၂၁၃ | ၎င်းတို့၏ ဆောင်ပုဒ်နှင့် သဗ္ဗစိတ္တသာဓာရဏ အဘွင့် .... | ၂၅၉ |
| ၂၁၄ | လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် အဓိပ္ပါယ် .... | ၂၅၉ |
| ၂၁၅ | ၎င်းတို့၏ ဆောင်ပုဒ် .... .... .... | ၂၆၀ |
| ၂၁၆ | ဖဿစေတသိက် အဓိပ္ပါယ် .... .... .... | ၂၆၁ |
| ၂၁၇ | ၎င်း၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... .... | ၂၆၁ |
| ၂၁၈ | ဖဿသဘော ဆောင်ပုဒ် .... .... .... | ၂၆၂ |
| ၂၁၉ | ဆိတ်၊ ခွက်ခွင်း၊ လက်ခုပ် ဥပမာ .... .... | ၂၆၃ |
| ၂၂၀ | ၎င်းတို့၏ ဆောင်ပုဒ်နှင့် ပဉ္စဒွါရဖဿနှင့် မနောဒွါရဖဿ အထူး .... .... .... .... | ၂၆၄ |
| ၂၂၁ | ဖဿကို ရှေးဦးစွာ ဟောတော်မူသော အကြောင်း .... | ၂၆၅ |
| ၂၂၂ | ဝေဒနာ အဓိပ္ပါယ်နှင့် ပြည့်ရှင်မင်း ဥပမာ .... .... | ၂၆၈ |
| ၂၂၃ | ၎င်းဝေဒနာ ဆောင်ပုဒ်နှင့် အနုဘဝန အဓိပ္ပါယ် .... | ၂၇၀ |
| ၂၂၄ | သညာ အဓိပ္ပါယ်.... .... .... .... | ၂၇၁ |
| ၂၂၅ | အမှတ်ပြု၍ သိရုံ အဓိပ္ပါယ် .... .... .... | ၂၇၂ |
| ၂၂၆ | ဉာဏဝိပ္ပယုတ်သညာနှင့် သမ္ပယုတ်သညာ အထူး ၎င်း၏ ဆောင်ပုဒ် .... .... .... .... | ၂၇၄ |
| ၂၂၇ | သညာ၏ ပြဓာန်းသော တရားသို့အစဉ်လိုက်ပုံအဓိပ္ပါယ်.... | ၂၇၅ |
| ၂၂၈ | စေတနာ အဓိပ္ပါယ် .... .... .... | ၂၇၆ |
| ၂၂၉ | စေတနာ,ဝေဒနာ,သညာစသော ကြွင်းသော စေတသိက်တို့၏ အထူး .... .... .... .... | ၂၇၇ |
| ၂၃၀ | စစ်ဗိုလ်မှူး တပည့်ကြီး ဥပမာ .... .... .... | ၂၇၈ |
| ၂၃၁ | ၎င်း ဥပမာနှင့် ဇီဝိတိန္ဒြေ အဓိပ္ပါယ် .... .... | ၂၇၉ |
| ၂၃၂ | စောင့်ရှောက်သဖြင့် ရုပ်နာမ်တည်နေပုံ အဓိပ္ပါယ် .... | ၂၈၀ |
| ၂၃၃ | စောင့်ရှောက်ပုံ ဥပမာ ... .... .... | ၂၈၁ |
| ၂၃၄ | ဇီဝိတိန္ဒြေ၏ စောင့်ရှောက်ရာကာလ အဆုံးအဖြတ် .... | ၂၈၂ |
| ၂၃၅ | ၎င်း ဇီဝိတိန္ဒြေ ဆောင်ပုဒ်နှင့် မနသိကာရ အဓိပ္ပါယ် .... | ၂၈၃ |
| ၂၃၆ | မနသိကာရ ၃-မျိုး အဓိပ္ပါယ်နှင့် ၎င်းမနသိကာရ ဆောင်ပုဒ် | ၂၈၄ |
| ၁၃၇ | သတိနှင့် မနသိကာရ အထူး .... .... .... | ၂၈၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၃၈ | ဝိတက်,စေတနာ,မနသိကာရ ၃-ပါး အထူး .... | ၂၈၅ |
| ၂၃၉ | ၎င်း ၃-ပါး ဆောင်ပုဒ်နှင့် သဗ္ဗသာဓာရဏ အဓိပ္ပါယ်.... | ၂၈၆ |
| ၂၄၀ | သဗ္ဗသာဓာရဏ ဆောင်ပုဒ်, ပကိဏ်းစေတသိက်အဖွင့်, အဓိမောက္ခစေတသိက် အဓိပ္ပါယ် .... .... | ၂၈၇ |
| ၂၄၁ | ၎င်း အဓိမောက္ခ ဆောင်ပုဒ် အဓိမောက္ခနှင့် ဝုဋ္ဌောအထူး အဓိမောက္ခနှင့် သဒ္ဓါအထူး .... .... .... | ၂၈၉ |
| ၂၄၂ | ဝီရိယစေတသိက် အဓိပ္ပါယ် .... .... .... | ၂၉၀ |
| ၂၄၃ | ၎င်း ဝီရိယ ဆောင်ပုဒ်များ .... .... .... | ၂၉၂ |
| ၂၄၄ | ဝိတက်,စေတနာ,ဝီရိယ ၃-ပါးတို့၏ အထူးနှင့် ပီတိ စေတသိက် အဓိပ္ပါယ် .... .... .... | ၂၉၃ |
| ၂၄၅ | ပီတိ,ပါမောဇ္ဇ,သုခ တို့၏ အထူး .... .... | ၂၉၄ |
| ၂၄၆ | ၎င်း ၃-ပါး ဆောင်ပုဒ်နှင့် ဆန္ဒစေတသိက် အဓိပ္ပါယ်.... | ၂၉၅ |
| ၂၄၇ | ၎င်း ဆန္ဒစေတသိက် ဆောင်ပုဒ် .... .... | ၂၉၆ |
| ၂၄၈ | ပကိဏ်းအညသမာန်း အဓိပ္ပါယ် .... .... | ၂၉၇ |
| ၂၄၉ | ၎င်းတို့၏ ဆောင်ပုဒ်နှင့် အညသမာန်း အမေး အဖြေ .... | ၂၉၉ |
| ၂၅၀ | အကုသိုလ် စေတသိက်အဖွင့်နှင့် မောဟ စေတသိက် အဓိပ္ပါယ် .... .... .... .... | ၃၀၀ |
| ၂၅၁ | မိစ္ဆာညာဏ် အဓိပ္ပါယ် .... .... .... | ၃၀၁ |
| ၂၅၂ | မောဟစေတသိက် အပြား .... .... .... | ၃၀၂ |
| ၂၅၃ | အကုသိုလ်အရာ ကြည်ညိုခြင်း အဓိပ္ပါယ်.... .... | ၃၀၃ |
| ၂၅၄ | အဟိရိက စေတသိက် အဓိပ္ပါယ် .... .... | ၃၀၄ |
| ၂၅၅ | အနောတ္တပ္ပ အဓိပ္ပါယ် .... .... .... | ၃၀၅ |
| ၂၅၆ | အဟိရိကနှင့် အနောတ္တပ္ပအထူး ၎င်းတို့၏ ဆောင်ပုဒ် .... | ၃၀၆ |
| ၂၅၇ | အဟိရိက အနောတ္တပ္ပ စေတသိက်တို့၏ အားအကြောင်း နှင့် ဥဒ္ဓစ္စစေတသိက် အဓိပ္ပါယ်.... .... .... | ၃၀၇ |
| ၂၅၈ | ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာ အထူး .... .... .... | ၃၀၈ |
| ၂၅၉ | ၎င်း စေတသိက်တို့၏ ဆောင်ပုဒ်နှင့် လောဘစေတသိက် အဓိပ္ပါယ် .... .... .... .... | ၃၀၉ |

ဦးရေ — အကြောင်းအရာ — မျက်နှာနံပါတ်

၂၆၀ ၎င်း လောဘ စေတသိက် ဆောင်ပုဒ်နှင့် ဒိဋ္ဌိ စေတသိက် အမိပ္ပါယ် .... .... .... .... ၃၁၀

၂၆၁ ၎င်း ဒိဋ္ဌိစေတသိက် ဆောင်ပုဒ်နှင့် မိစ္ဆာဒိဋ္ဌိ ကမ္မပထ မြောက်ပုံ အဆုံးအဖြတ် .... .... .... ၃၁၁

၂၆၂ ဒိဋ္ဌိနှင့် ဉာဏ်အထူး .... .... .... ၃၁၂

၂၆၃ မာနစေတသိက် အမိပ္ပါယ် .... .... .... ၃၁၃

၂၆၄ မာန၏ အပြား .... .... .... .... ၃၁၄

၂၆၅ ဒေါသစေတသိက် အမိပ္ပါယ် .... .... .... ၃၁၆

၂၆၆ မာနနှင့် ဒိဋ္ဌိအထူး.... .... .... .... ၃၁၇

၂၆၇ ဒေါသ,ပဋိဃ,ကောဓတို့၏အထူး ၎င်းတို့၏ ဆောင်ပုဒ် ဣဿာစေတသိက် အမိပ္ပါယ် .... .... .... ၃၁၈

၂၆၈ မစ္ဆရိယစေတသိက် အမိပ္ပါယ်.... .... .... ၃၁၉

၂၆၉ မစ္ဆရိယ အပြား .... .... .... .... ၃၂၀

၂၇၀ ဣဿာနှင့် မစ္ဆရိယအထူး ၎င်းတို့ ဆောင်ပုဒ် ကုက္ကုစ္စ စေတသိက် အမိပ္ပါယ် .... .... .... ၃၂၃

၂၇၁ ကုက္ကုစ္စဖြစ်ပေါ်လာပုံ အဓိပ္ပါယ် .... .... ၃၂၄

၂၇၂ ၎င်းကို ပြည်ဆရာတော်ဘုရားကြီး ဆုံးဖြတ်ပုံ .... ၃၂၆

၂၇၃ ၎င်းကို ဘုရားကြီးဆရာတော် ဆုံးဖြတ်ပုံ .... .... ၃၂၇

၂၇၄ ထိနစေတသိက် အမိပ္ပါယ်နှင့် မိဒ္ဓစေတသိက် အမိပ္ပါယ် ၃၃၀

၂၇၅ ထိနနှင့် မိဒ္ဓအထူး.... .... .... .... ၃၃၁

၂၇၆ ၎င်းတို့၏ ဆောင်ပုဒ် မောဟနှင့် မိဒ္ဓအထူး ရဟန္တာ တို့၏ ကျိန်းစက်ခြင်း ထိန,မိဒ္ဓမည် မ,မည် .... .... ၃၃၂

၂၇၇ ဝိစိကိစ္ဆာ စေတသိက် အမိပ္ပါယ် ၎င်း စေတသိက် အပြား ၁၆-ပါး .... .... .... .... ၃၃၄

၂၇၈ ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာ ဆောင်ပုဒ် အကုသိုလ် စေတသိက် အမေး အဖြေ .... .... .... .... ၃၃၆

၂၇၉ သောဘဏ သာဓာရဏ စေတသိက် အဘွင့်နှင့် သဒ္ဓါ စေတသိက် အမိပ္ပါယ် .... .... .... ၃၃၇

| ခွဲဒေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၈၀ | ၎င်းသဒ္ဓါ၏ ဆောင်ပုဒ် မိစ္ဆာသဒ္ဓါ အဓိပ္ပါယ် .... | ၃၄၀ |
| ၂၈၁ | သဒ္ဓါ အပြား .... .... .... .... | ၃၄၁ |
| ၂၈၂ | ၎င်းသဒ္ဓါအပြား ဆောင်ပုဒ်နှင့် သတိစေတသိက် အဓိပ္ပါယ် | ၃၄၂ |
| ၂၈၃ | ဘဏ္ဍာစိုး ဥပမာ .... .... .... .... | ၃၄၃ |
| ၂၈၄ | ၎င်းဥပမာ ဆောင်ပုဒ်နှင့် မိစ္ဆာသတိ အဓိပ္ပါယ်.... | ၃၄၄ |
| ၂၈၅ | သတိနှင့် ပညာအထူး ၎င်းတို့၏ ဆောင်ပုဒ် .... | ၃၄၅ |
| ၂၈၆ | ဟိရီ စေတသိတ် အဓိပ္ပါယ်နှင့် ဩတ္တပ္ပ စေတသိက် အဓိပ္ပါယ် .... .... .... .... | ၃၄၆ |
| ၂၈၇ | ဟိရီနှင့် ဩတ္တပ္ပ အထူး .... .... .... | ၃၄၇ |
| ၂၈၈ | အလောဘ စေတသိက် အဓိပ္ပါယ် .... .... | ၃၄၉ |
| ၂၈၉ | ၎င်းစေတသိက် ဆောင်ပုဒ်နှင့် အဒေါသ စေတသိက် အဓိပ္ပါယ် .... .... .... .... | ၃၅၀ |
| ၂၉၀ | ၎င်းစေတသိက် ဆောင်ပုဒ် .... .... .... | ၃၅၁ |
| ၂၉၁ | တတြမဇ္ဈတ္တတာ စေတသိက် အဓိပ္ပါယ် .... .... | ၃၅၂ |
| ၂၉၂ | ဥပေက္ခာ အပြား .... .... .... .... | ၃၅၄ |
| ၂၉၃ | ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက် ၂-ပါး အဓိပ္ပါယ် | ၃၅၅ |
| ၂၉၄ | ကာယလဟုတာစိတ္တလဟုတာစေတသိက် ၂-ပါးအဓိပ္ပါယ် | ၃၅၇ |
| ၂၉၅ | ကာယမုဒုတာ စိတ္တမုဒုတာ စေတသိက် ၂-ပါး အဓိပ္ပါယ် | ၃၅၈ |
| ၂၉၆ | ကာယကမ္မညတာ စိတ္တကမ္မညတာ စေတသိက် ၂-ပါး အဓိပ္ပါယ် .... .... .... .... | ၃၅၉ |
| ၂၉၇ | ကမ္မညတာနှင့် အကမ္မညတာ အထူး .... .... | ၃၆၀ |
| ၂၉၈ | ကာယပါဂုညတာ စိတ္တပါဂုညတာ စေတသိက် ၂-ပါး အဓိပ္ပါယ် .... .... .... .... | ၃၆၂ |
| ၂၉၉ | ကာယုဇုကတာ စိတ္တုဇုကတာ စေတသိက် ၂-ပါး အဓိပ္ပါယ် .... .... .... .... | ၃၆၄ |
| ၃၀၀ | အကောက်သုံးမျိုး အဓိပ္ပါယ်နှင့် ၎င်း ဆောင်ပုဒ် .... | ၃၆၆ |
| ၃၀၁ | သောဘဏ သာဓာရဏ စေတသိက် အမေး အဖြေ .... | ၃၆၇ |
| ၃၀၂ | ၎င်းတို့၏ ဆောင်ပုဒ် .... .... .... | ၃၆၈ |

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၃၀၃ သမ္ပာဝါစာ စေတသိက် အဓိပ္ပါယ် .... .... ၃၆၉
၃၀၄ သမ္မာကမ္မန္တ စေတသိက် အဓိပ္ပါယ် .... .... ၃၇၀
၃၀၅ သမ္မာအာဇီဝ စေတသိက် အဓိပ္ပါယ် .... .... ၃၇၁
၃၀၆ ဝိရတိ ၃-ပါး အထူး .... .... .... ၃၇၂
၃၀၇ ဝိရတိ ၃-ပါး ဆောင်ပုဒ်နှင့် အသက်မွေးမှု ငွဲမငွဲ အဓိပ္ပါယ် ၃၇၄
၃၀၈ ဝိရတိ အပြား .... .... .... .... ၃၇၅
၃၀၉ သမ္ပတ္တ သမာဒိန္န သမုစ္ဆေဒဝိရတိ ၃-ပါး ဆောင်ပုဒ်
ဝိရတိ စေတသိက် အမေး အဖြေ .... .... ၃၇၇
၃၁၀ ကရုဏာ စေတသိက် အဓိပ္ပါယ် .... .... ၃၇၉
၃၁၁ မုဒိတာ စေတသိက် အဓိပ္ပါယ်.... .... .... ၃၈၀
၃၁၂ အပ္ပမညာ စေတသိက် အဓိပ္ပါယ် .... .... ၃၈၁
၃၁၃ ပညိန္ဒြေ အဓိပ္ပါယ်.... .... .... .... ၃၈၂
၃၁၄ သညာ,ဝိညာဏ်,ပညာ ၃-ပါး အထူး .... .... ၃၈၄
၃၁၅ ၎င်းသုံးပါး၏ ဆောင်ပုဒ်နှင့် အမေး အဖြေ .... .... ၃၈၅
၃၁၆ ပညာ,ဒိဋ္ဌိ ၂-ပါးနှင့် သောဘဏစေတသိက် ဆောင်ပုဒ် .... ၃၈၆
၃၁၇ အညသမာန်း စေတသိက် သမ္ပယောဂနည်း.... .... ၃၈၆
၃၁၈ သမ္ပယောဂ,သင်္ဂဟ ဆောင်ပုဒ်.... .... .... ၃၈၈
၃၁၉ သဗ္ဗစိတ္တသာဓာရဏသမ္ပယောဂနည်းနှင့် ၎င်းစေတသိက်
ဆောင်ပုဒ်.... .... .... .... .... ၃၈၉
၃၂၀ ဝိတက္က သမ္ပယောဂနည်း .... .... .... ၃၉၀
၃၂၁ ၎င်းဆောင်ပုဒ် ဝိစာရသမ္ပယောဂနည်း အဓိမောက္ခနည်း ၃၉၁
၃၂၂ အဓိမောက္ခ ဆောင်ပုဒ်နှင့် ဝီရိယသမ္ပယောဂနည်း .... ၃၉၂
၃၂၃ ဝီရိယဆောင်ပုဒ်နှင့် ပီတိသမ္ပယောဂနည်း .... .... ၃၉၃
၃၂၄ ၎င်းပီတိဆောင်ပုဒ်နှင့် ဆန္ဒသမ္ပယောဂနည်း .... ၃၉၄
၃၂၅ ဆန္ဒ စေတသိက် ဆောင်ပုဒ် .... .... .... ၃၉၅
၃၂၆ ပကိဏ်း စေတသိက် သရုပ်ခွဲ .... .... .... ၃၉၆
၃၂၇ အကုသလသာဓာရဏ အဓိပ္ပါယ် .... .... ၃၉၇
၂၃၈ ၎င်း အကုသလသာဓာရဏ ၄-ပါးဆောင်ပုဒ်နှင့် လောဘ
ဒိဋ္ဌိ,မာန,စေတသိက် သမ္ပယောဂနည်း .... .... ၃၉၈

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၂၉ | ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် သမ္ပယောဂနည်း .... .... .... .... | ၄၀၀ |
| ၃၃၀ | ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ စေတသိက် သမ္ပယောဂနည်းနှင့် .... ၎င်း ထိန,မိဒ္ဓ,ဆောင်ပုဒ် .... .... .... | ၄၀၁ |
| ၃၃၁ | သောဘဏသာဓာရဏစေတသိက် သမ္ပယောဂနည်းနှင့် ဝိရတိစေတသိက် သမ္ပယောဂနည်း .... .... | ၄၀၁ |
| ၃၃၂ | သဗ္ဗထာအဓိပ္ပါယ် .... .... .... .... | ၄၀၃ |
| ၃၃၃ | ကဒါစိ, နိယတာအဓိပ္ပါယ် ဝိသုံဝိသုံ ကေတော အဓိပ္ပါယ် | ၄၀၄ |
| ၄၃၃ | ၎င်း ဝိသုံ ကေတော ဆောင်ပုဒ်နှင့် အမေး အဖြေ .... | ၄၀၅ |
| ၃၃၅ | အပ္ပမညာ စေတသိက် သမ္ပယောဂနည်း .... .... | ၄၀၆ |
| ၃၃၆ | အပ္ပမညာ မယှဉ်သော အကြောင်း .... .... | ၄၀၇ |
| ၃၃၇ | ၎င်းအပ္ပမညာ ဆောင်ပုဒ်နှင့် ကေစိဝါဒရှင်းလင်းချက် .... | ၄၀၈ |
| ၃၃၈ | ပညိန္ဒြေ စေတသိက် သမ္ပယောဂနည်း .... .... | ၄၀၉ |
| ၃၃၉ | နိယတယောဂီ အနိယတယောဂီ အဓိပ္ပါယ်.... .... | ၄၁၁ |
| ၃၄၀ | အနိယတဖြစ်ပုံ အဓိပ္ပါယ်နှင့် ကဒါစိ,နာနာဆောင်ပုဒ်.... | ၄၁၂ |
| ၃၄၁ | သင်္ဂဟနည်း အဘွင့် .... .... .... | ၄၁၃ |
| ၃၄၂ | လောကုတ္တရ သင်္ဂဟနည်း .... .... .... | ၄၁၄ |
| ၃၄၃ | အပ္ပမညာကို ကြဉ်ရခြင်းနှင့် ၎င်း၏ ဆောင်ပုဒ် .... | ၄၁၅ |
| ၃၄၄ | မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း .... .... .... | ၄၁၆ |
| ၃၄၅ | ဝိရတိကြဉ်ရသော အကြောင်း.... .... .... | ၄၁၇ |
| ၃၄၆ | ဝိရတိနှင့် အပ္ပမညာ ကြဉ်ရခြင်း ဆောင်ပုဒ်နှင့် ကာမာဝစရ ကုသိုလ် သင်္ဂဟနည်း .... .... .... | ၄၁၈ |
| ၃၄၇ | မဟာကြိယာစိတ် သင်္ဂဟနည်း.... .... .... | ၄၁၉ |
| ၃၄၈ | ပဟာဝိပါက်စိတ် သင်္ဂဟနည်းနှင့် အပ္ပမညာ,ဝိရတိကြဉ် ရသောအကြောင်း.... .... .... .... | ၄၂၀ |
| ၃၄၉ | ဝိသေသက အဓိပ္ပါယ် .... .... .... | ၄၂၃ |
| ၃၅၀ | အကုသိုလ်စိတ် သင်္ဂဟနည်း .... .... .... | ၄၂၅ |
| ၃၅၁ | ဒေါသမူစိတ်၏ သင်္ဂဟနည်း .... .... .... | ၄၂၆ |

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၃၅၂ သသင်္ခါရိက စိတ်ငါးပါး၏ သင်္ဂဟနည်း .... .... ၄၂၇
၃၅၃ မောဟမူ ဥဒ္ဒစ္စသဟဂုတ်စိတ် သင်္ဂဟနည်းနှင့် မောဟမူ ဝိစိကိစ္ဆာ သဟဂုတ် သင်္ဂဟနည်း .... ၄၂၈
၃၅၄ အဟိတ်စိတ် ဟသိတုပ္ပါဒ်စိတ်၏ သင်္ဂဟနည်း .... ၄၂၉
၃၅၅ ဝုဋ္ဌောစိတ်နှင့် သုခသန္တီရဏ စိတ်တို့၏ သင်္ဂဟနည်းနှင့် ပဥ္စဒွါရာဝဇ္ဇန်းစိတ် စသည်တို့၏ သင်္ဂဟနည်း .... ၄၃၀
၃၅၆ ဒွေပဥ္စ ဝိညာဏ် ၁၀-၏ သင်္ဂဟနည်းနှင့် အဟိတ်စိတ် သင်္ဂဟနည်းပြ ဂါထာ .... .... .... ၄၃၀
၃၅၇ သင်္ဂဟနည်း အမေး အဖြေ .... .... .... ၄၃၂
၃၅၈ ၎င်းတို့၏ ဆောင်ပုဒ် .... .... .... ၄၃၃
၃၅၉ စိတ်နှင့်အမျှ စေတသိက်တို့ကို အကျယ် ဝေဘန်ပုံ .... ၄၃၄
၃၆၀ တဒုဘယ မိဿကနည်း အဘွင့် .... .... .... ၄၃၆


စေတသိက်ပိုင်း မာတိကာ ပြီး၏။

## ပကိဏ်းပိုင်း


၃၆၁ ပကိဏ်းပိုင်း အဘွင့် တေပညာသ အဓိပ္ပါယ် .... ၄၃၉
၃၆၂ ပကိဏ်း အဓိပ္ပါယ်နှင့် ပကိဏ်း ဆောင်ပုဒ် .... .... ၄၄၀
၃၆၃ ဝေဒနာသင်္ဂဟ အဓိပ္ပါယ်နှင့် အနုဘဝနဘေဒ ဣန္ဒြိယ ဘေဒ အဓိပ္ပါယ် .... .... .... .... ၄၄၁
၃၆၄ သုခ,ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စိတ်နှင့် သောမနဿ ဝေဒနာနှင့် တကွဖြစ်သောစိတ် .... .... .... ၄၄၃
၃၆၅ အနုဘဝနဘေဒအားဖြင့် ရေတွက်ပုံ .... .... ၄၄၄
၃၆၆ စေတသိက်တို့ကို ရေတွက်ပုံ .... .... .... ၄၄၆
၃၆၇ ဟိတ်နှင့် ဟေတုသင်္ဂဟ အဓိပ္ပါယ် .... .... ၄၄၈
၃၆၈ ၎င်းဟိတ် ဆောင်ပုဒ်နှင့် ဟိတ်အပြား .... .... ၄၄၉
၃၆၉ အဟိတ်စိတ်,အဟိတ် အဓိပ္ပါယ် .... .... ၄၅၁
၃၇၀ သဟိတ်အဓိပ္ပါယ် ကေဟိတ်စိတ် ကေဟိတ် အဓိပ္ပါယ်.... ၄၅၂
၃၇၁ ဒွိဟိတ် အဓိပ္ပါယ်.... .... .... .... ၄၅၃

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၇၂ | ဟိတ်ဟိတ် အမိပ္ပါယ် | ၄၅၄ |
| ၃၇၃ | စေတသိက်တို့၏ ဟိတ်အပြား | ၄၅၅ |
| ၃၇၄ | အဂ္ဂဟိတဂဟဏနည်း | ၄၅၆ |
| ၃၇၅ | ဟေတုသင်္ဂဟ အမေးအဖြေ | ၄၅၇ |
| ၃၇၆ | ပဋိသန္ဓေကိစ္စ အမိပ္ပါယ် ၎င်းဆောင်ပုဒ် ဘဝင်ကိစ္စ အမိပ္ပါယ် | ၄၅၉ |
| ၃၇၇ | ဘဝင်ကိစ္စ ဆောင်ပုဒ် အာဝဇ္ဇန်းကိစ္စ အမိပ္ပါယ် | ၄၆၀ |
| ၃၇၈ | ၎င်း အာဝဇ္ဇန်းကိစ္စ ဆောင်ပုဒ် ဒဿနကိစ္စ။ပ။ဖုသနကိစ္စ အမိပ္ပါယ် | ၄၆၁ |
| ၃၇၉ | သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောကိစ္စများ အမိပ္ပါယ် ၎င်း ကိစ္စ ဆောင်ပုဒ် | ၄၆၂ |
| ၃၈၀ | ဇော, တဒါရုံ, စုတိကိစ္စများ အမိပ္ပါယ် ၎င်း ကိစ္စများ ဆောင်ပုဒ် | ၄၆၃ |
| ၃၈၁ | ဌာနအပြား အမိပ္ပါယ် | ၄၆၄ |
| ၃၈၂ | ဌာန ၂၅-ပါး၏ အရသရုပ် | ၄၆၅ |
| ၃၈၃ | ကိစ္စနှင့် ဌာနအထူး | ၄၆၈ |
| ၃၈၄ | ကိစ္စနှင့် ဌာန ဆောင်ပုဒ် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်သော စိတ် | ၄၇၀ |
| ၃၈၅ | အာဝဇ္ဇန်းကိစ္စ။ပ။သန္တီရဏကိစ္စ တပ်သော စိတ်များ | ၄၇၂ |
| ၃၈၆ | ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စတပ်သောစိတ် အာဝဇ္ဇန်းဒွေဇော မထိုက်ပုံ အမိပ္ပါယ် | ၄၇၃ |
| ၃၈၇ | အာဝဇ္ဇန်း ဆောင်ပုဒ် ဖိုလ်စိတ်ဇော ထိုက်ပုံ အမိပ္ပါယ် | ၄၇၄ |
| ၃၈၈ | ၎င်းဖိုလ်ဇော ဆောင်ပုဒ် ငါးကိစ္စ တပ်သောစိတ် | ၄၇၅ |
| ၃၈၉ | လေးကိစ္စ,ငါးကိစ္စ,သုံးကိစ္စ,နှစ်ကိစ္စ တပ်သောစိတ် | ၄၇၆ |
| ၃၉၀ | တကိစ္စ တပ်သောစိတ် | ၄၇၇ |
| ၃၉၁ | စေတသိက်တို့ဖြင့် ရေတွက်ပုံ | ၄၇၈ |
| ၃၉၂ | ကိစ္စသင်္ဂဟ အမိပ္ပါယ် ဒွါရသင်္ဂဟ ဒွါရအပြား | ၄၇၉ |
| ၃၉၃ | ဒွါရသင်္ဂဟ အမိပ္ပါယ် စက္ခု၏ အပြား | ၄၈၁ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၉၄ | မနောဒွါရ အဓိပ္ပါယ် .... .... .... | ၄၀၂ |
| ၃၉၅ | မနောဒွါရ ဆောင်ပုဒ် ယထာရဟံ အဓိပ္ပါယ် .... | ၃၀၄ |
| ၃၉၆ | ဒွါရဝိမုတ်စိတ် .... .... .... .... | ၄၀၅ |
| ၃၉၇ | ၎င်း အဓိပ္ပါယ် ၎င်း ဆောင်ပုဒ် တဒွါရတည်း၌ ဖြစ်သောစိတ် .... .... .... .... | ၄၀၆ |
| ၃၉၈ | ငါးဒွါရ ခြောက်ဒွါရ၌ဖြစ်သောစိတ် ခြောက်ဒွါရလည်းဖြစ် ခြောက်ဒွါရမှလည်း လွတ်သောစိတ် .... .... | ၄၀၇ |
| ၃၉၉ | ခြောက်ဒွါရမှ လုံးဝလွတ်သောစိတ် ဒွါရရပ်ခွဲနည်း .... | ၄၀၈ |
| ၄၀၀ | စေတသိက်တို့ကို ရေတွက်ပုံ အာရမ္မဏသင်္ဂဟ အာရုံ ၆-ပါး အဓိပ္ပါယ် .... .... .... .... | ၄၀၉ |
| ၄၀၁ | အာရုံငါးပါးကို အသီးသီး အာရုံပြုသောစိတ် ပဉ္စုပ္ပန်ကို အာရုံပြုသောအကြောင်း .... .... .... | ၄၉၃ |
| ၄၀၂ | ကာလဝိမုတ် အဓိပ္ပါယ် .... .... .... | ၄၉၄ |
| ၄၀၃ | ၎င်းကာလဝိမုတ် အဓိပ္ပါယ် ယထာရဟံ အဓိပ္ပါယ် .... | ၄၉၅ |
| ၄၀၄ | ဒွါရဝိမုတ်စိတ်အာရုံ ယထာသမ္ဘဝံ အဓိပ္ပါယ် .... | ၄၉၆ |
| ၄၀၅ | ယေဘုယျေန အဓိပ္ပါယ် .... .... .... | ၄၉၇ |
| ၄၀၆ | ၎င်း၏ အဓိပ္ပါယ် ဆောင်ပုဒ် .... .... .... | ၄၉၈ |
| ၄၀၇ | အနာဂါတ်ကို အာရုံမပြုသော အဓိပ္ပါယ် ၎င်းဆောင်ပုဒ် စက္ခုဝိညာဏ်စသော စိတ်တို့၏ အာရုံ .... .... | ၄၉၉ |
| ၄၀၈ | မနောဓာတ် ၃-ပါး၏ အာရုံ ပဉ္စာရုံကို အာရုံပြုခြင်း ၎င်းတို့ ဆောင်ပုဒ် .... .... .... .... | ၅၀၀ |
| ၄၀၉ | ကာမာဝစရဝိပါက်စိတ်နှင့် ဟသိတုပ္ပါဒ်တို့၏ အာရုံ သဗ္ဗထာ အဓိပ္ပါယ် .... .... .... | ၅၀၁ |
| ၄၁၀ | အကုသိုလ်စိတ်နှင့် ဉာဏဝိပ္ပယုတ် ကုသိုလ်ကြိယာစိတ်တို့၏ အာရုံနှင့် ဝိသေသ အဓိပ္ပါယ် .... .... | ၅၀၂ |
| ၄၁၁ | လောကုတ္တရာကို အာရုံမပြုနိုင်သော အကြောင်း ၎င်း ဆောင်ပုဒ် ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်နှင့် ကုသိုလ် အဘိညာဉ် အာရုံ .... .... .... | ၅၀၄ |


ဓမ္မ–362–()

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄၁၂ | အရဟတ္တမဂ်နှင့် ၎င်းဖိုလ်ကိုကြည့်ရခြင်း အဓိပ္ပါယ် .... | ၅၀၅ |
| ၄၁၃ | ၎င်းမဂ်ဖိုလ်ဆောင်ပုဒ် ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာနှင့် ကြိယာအဘိညာဉ် စိတ်တို့၏ အာရုံ ဝုဋ္ဌော စိတ် အလုံးစုံကို အာရုံပြုနိုင်ခြင်း .... .... | ၅၀၆ |
| ၄၁၄ | ၎င်းဝုဋ္ဌော ဆောင်ပုဒ် မဟဂ္ဂုတ် စိတ်အာရုံ ဝိသေသ အာရုံ အဓိပ္ပါယ် .... .... .... .... | ၅၀၈ |
| ၄၁၅ | အဘိညာဉ်၏ အာရုံ .... .... .... | ၅၁၀ |
| ၄၁၆ | လောကုတ္တရာစိတ်အာရုံ ကေန်အာရုံပြု အနေကန်အာရုံပြု သင်္ဂဟ ဂါထာ .... .... .... .... | ၅၁၁ |
| ၄၁၇ | တနည်း ကေန်အာရုံပြု .... .... .... | ၅၁၂ |
| ၄၁၈ | တနည်း အနေကန် အာရုံပြု .... .... .... | ၅၁၅ |
| ၄၁၉ | အဓိပတိ ပစ္စည်းတပ်သော အာရုံ .... .... | ၅၁၆ |
| ၄၂၀ | ၎င်းပစ္စည်းတပ် အာရုံ ဆောင်ပုဒ် .... .... | ၅၁၇ |
| ၄၂၁ | စေတသိက်တို့၏ အာရုံပြုပုံနှင့် ကဗျာ အဓိပ္ပါယ် .... | ၅၁၈ |
| ၄၂၂ | အာရမ္မဏသင်္ဂဟ အဓိပ္ပါယ် ဝတ္ထုသင်္ဂဟ အပြား ဝတ္ထု အဓိပ္ပါယ် .... .... .... .... | ၅၁၉ |
| ၄၂၃ | ဟဒယဝတ္ထု၏ အဓိပ္ပါယ် .... .... .... | ၅၂၀ |
| ၄၂၄ | ကာမဘုံ၌ ရသင့်သော ဝတ္ထုရုပ်နှင့် ရူပဘုံ၌ ရသင့်သော ဝတ္ထုရုပ် .... .... .... .... | ၅၂၁ |
| ၄၂၅ | ရူပဘုံ၌ ဃာနစသော ဝတ္ထုရုပ်များ မရသောအကြောင်း ၎င်းဘုံ၌ စက္ခုသောတဝတ္ထု ၂-ပါးရှိသော အကြောင်း | ၅၂၂ |
| ၄၂၆ | အရူပဘုံ၌ ရသင့်သော ဝတ္ထုရုပ် မရှိကြောင်းနှင့် ပဉ္စဝိညာဏဓာတ် မှီရာဝတ္ထု .... .... .... | ၅၂၃ |
| ၄၂၇ | မနောဓာတ်၏ မှီရာဝတ္ထု မနောဝိညာဏဓာတ်၏ မှီရာ ဝတ္ထု ဟဒယဝတ္ထုကို မှီသောအကြောင်း .... .... | ၅၂၄ |
| ၄၂၈ | ပဉ္စဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ် ၃-ပါး အထူး .... .... .... .... | ၅၂၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄၂၉ | ၎င်းဓာတ် ၃-ပါး ဆောင်ပုဒ် အနိဿယ ကေန် ···· | ၅၂၇ |
| ၄၃၀ | စေတသိက်တို့၏ မှီရာ ···· ···· ···· | ၅၂၈ |
| ၄၃၁ | ဝတ္ထုသင်္ဂဟ အဓိပ္ပါယ် ···· ···· ···· | ၅၂၉ |
| ၄၃၂ | စေတသိက်တို့ကို ဝေဒနာ ဟိတ်စသည်ဖြင့် သင်္ဂြိုဟ်ရေတွက်၍ အညသမာန်းနှင့် အကုသိုလ် စေတသိက်တို့၏ သရုပ်ခွဲ ဇယား ···· ···· ···· ···· | ၅၃၀ |
| ၄၃၃ | သောဘဏစေတသိက် ၂၅-ပါး၏ သရုပ်ခွဲဇယား ···· | ၅၃၁ |
| ၄၃၄ | စိတ် စေတသိက် ပကိဏ်း ၃-ပါး ပေါင်း သရုပ်ခွဲဇယား | ၅၃၂ |

ပကိဏ်းပိုင်း မာတိကာ ပြီး၏။

---

ဝိထိပိုင်း

| | | |
|---|---|---|
| ၄၃၅ | ဝိထိမုတ် အဓိပ္ပါယ် ···· ···· ···· | ၅၃၄ |
| ၄၃၆ | ဝိညာဏ် ခြောက်ပါး ···· ···· ···· | ၅၃၅ |
| ၄၃၇ | ဝိထိခြောက်ပါးနှင့် ဝိထိ အဓိပ္ပါယ် ···· ···· | ၅၃၆ |
| ၄၃၈ | ဝိသယပ္ပဝတ္တိ ခြောက်ပါး အတိမဟန္တာရုံ စသည် အဓိပ္ပါယ် ···· ···· ···· ···· | ၅၃၇ |
| ၄၃၉ | ဝိသယပ္ပဝတ္တိ အဓိပ္ပါယ် ···· ···· ···· | ၅၃၉ |
| ၄၄၀ | ၎င်းဝိသယပ္ပဝတ္တိ ဆောင်ပုဒ်နှင့် ဥပါဒ် ဌီ ဘင် အဓိပ္ပါယ် | ၅၄၀ |
| ၄၄၁ | ဌီ၏အရ နာနာဝါဒ ရှင်းလင်းပြချက် ···· ···· | ၅၄၁ |
| ၄၄၂ | အနုဋီကာဆရာ၏ ဆုံးဖြတ်ချက် ···· ···· ···· | ၅၄၃ |
| ၄၄၃ | ရုပ်သက် ခဏကို ပြခြင်း ···· ···· ···· | ၅၄၄ |
| ၄၄၄ | ရုပ်သက် နာမ်သက်တို့၏ ဥပမာ ···· ···· | ၅၄၅ |
| ၄၄၅ | ဝိညတ်ဒွေ လက္ခဏာရုပ် ၄-ပါး ကြည့်ရပုံ အဓိပ္ပါယ် ···· | ၅၄၇ |
| ၄၄၆ | ရုပ်သက် ၁၇-ချက် ရှိရခြင်း အကြောင်း ဝိထိစိတ်တို့သည် အစဉ်အားဖြင့် ဖြစ်ပေါ်လာပုံ ···· ···· ···· | ၅၄၈ |
| ၄၄၇ | ဌီတိပ္ပတ္တာနေဝ အဓိပ္ပါယ် ၎င်း၏ဆောင်ပုဒ် ···· ···· | ၅၅၀ |

# ဝီထိပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄၄၈ | အတီတဘဝင် ဖြစ်ပုံနှင့် အတီတဘဝင် အဓိပ္ပါယ် .... | ၅၅၁ |
| ၄၄၉ | ၎င်းအတီတဘဝင် ဆောင်ပုဒ် ဘဝင်စလန အဓိပ္ပါယ် .... | ၅၅၂ |
| ၄၅၀ | ဘဝင်္ဂုပစ္ဆေဒ အဓိပ္ပါယ် .... .... .... | ၅၅၃ |
| ၄၅၁ | ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ ဆောင်ပုဒ် ဘဝင်လျှပ်ခြင်း အကြောင်း .... .... .... .... | ၅၅၅ |
| ၄၅၂ | ပဉ္စဒွါရာဝဇ္ဇန်း အဓိပ္ပါယ်နှင့် ၎င်း ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်ပုံ ဆောင်ပုဒ် .... .... .... .... | ၅၅၆ |
| ၄၅၃ | စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ် အဓိပ္ပါယ် .... | ၅၅၇ |
| ၄၅၄ | ဇော ဆောင်ပုဒ်နှင့် လဒ္ဓပစ္စယံ အဓိပ္ပါယ်.... .... | ၅၅၉ |
| ၄၅၅ | ၎င်း လဒ္ဓပစ္စယံ ဆောင်ပုဒ်နှင့် ယေဘုယျေန အဓိပ္ပါယ်.... | ၅၆၀ |
| ၄၅၆ | ဇောအမျိုးမျိုးကျပုံ ဆောင်ပုဒ် တဒါရုံ အဓိပ္ပါယ် .... | ၅၆၁ |
| ၄၅၇ | ဝီထိစိတ်တို့သည် အမြဲဖြစ်နေပုံ အဓိပ္ပါယ် .... .... | ၅၆၂ |
| ၄၅၈ | နိယာမတရားငါးပါး အဓိပ္ပါယ် .... .... | ၅၆၃ |
| ၄၅၉ | သရက်သီး ဥပမာ .... .... .... .... | ၅၆၄ |
| ၄၆၀ | ၎င်းနိယာမတရား ငါးပါး ဆောင်ပုဒ် .... .... | ၅၆၅ |
| ၄၆၁ | မန္ဒာမန္ဒမဇ္ဈိမာယုက ၃-မျိုး ရွေးချယ်ပုံ .... .... | ၅၆၆ |
| ၄၆၂ | ၎င်းတို့ကို ရွေးချယ်ရခြင်း အကြောင်း .... .... | ၅၆၇ |
| ၄၆၃ | မန္ဒာမန္ဒပဇ္ဈိမာယုကတို့၏ ဆောင်ပုဒ် .... .... | ၅၆၉ |
| ၄၆၄ | အတိမဟန္တာရုံဝီထိ ပုံစံ .... .... .... | ၅၇၀ |
| ၄၆၅ | မဟန္တာရုံ ၂-ဝီထိ ပုံစံ .... .... .... | ၅၇၁ |
| ၄၆၆ | ၎င်းဝီထိ၌ တဒါရုံမကျခြင်း အကြောင်း .... .... | ၅၇၂ |
| ၄၆၇ | မဟန္တာရုံဝီထိ၏ ဆောင်ပုဒ်နှင့် ပရိတ္တာရုံ ၆-ဝီထိ ပုံစံများ | ၅၇၃ |
| ၄၆၈ | ဇောမကျနိုင်ခြင်း အဓိပ္ပါယ် .... .... .... | ၅၇၅ |
| ၄၆၉ | ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ် ကျခြင်း အဓိပ္ပါယ် .... | ၅၇၆ |
| ၄၇၀ | အတိပရိတ္တာရုံ ခြောက်ဝီထိ ပုံစံများ .... .... | ၅၇၈ |
| ၄၇၁ | ၎င်း အတိပရိတ္တာရုံ၌ မန္ဒာယုက-စသည် မစိစစ်ရခြင်း အကြောင်း .... .... .... .... | ၅၈၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄၇၂ | ၎င်းအတိပရိတ္တာရုံ၌ ဝိထိစိတ် မဖြစ်ခြင်း အကြောင်း .... | ၅၀၁ |
| ၄၇၃ | ဝိထိ အပြား .... .... .... .... | ၅၀၂ |
| ၄၇၄ | အမိဝမ်းတွင်း ကိန်းအောင်းစဉ် ဝိထိစိတ် ဖြစ်ပုံ .... | ၅၀၃ |
| ၄၇၅ | အသက်မရှူခြင်း ၈-ပါး ဆောင်ပုဒ် .... .... | ၅၀၄ |
| ၄၇၆ | ပဉ္စဒွါရဝိထိ၏ အာရုံပြု မိုရာဝတ္ထု စသည် အဓိပ္ပါယ် .... | ၅၀၅ |
| ၄၇၇ | ပဉ္စဒွါရဝိထိဆောင်ပုဒ် ဝိသုဒ္ဓါရုံ ကဗျာ .... .... | ၅၀၆ |
| ၄၇၈ | တဒနုဝတ္တက မနောဒွါရဝိထိ အဓိပ္ပါယ် .... .... | ၅၀၇ |
| ၄၇၉ | ၎င်းဝိထိတို့၏အပြားနှင့် သဒ္ဒါရုံ တဒနုဝတ္တကမနောဒွါရဝိထိ အဓိပ္ပါယ် .... .... .... .... | ၅၀၈ |
| ၄၈၀ | သုဒ္ဓမနောဒွါရိကဝိထိ ဖြစ်ပုံအဓိပ္ပါယ် .... .... | ၅၉၀ |
| ၄၈၁ | မနောဒွါရဝိထိ၏ အပြား .... .... .... | ၅၉၁ |
| ၄၈၂ | အာရုံအရ မနောဒွါရဝိထိ အပြား .... .... | ၅၉၄ |
| ၄၈၃ | မနောဒွါရဝိထိ၌အတိမဟန္တာရုံစသည်မမှတ်ခြင်း အဓိပ္ပါယ် ၎င်းမနောဒွါရဝိထိဆောင်ပုဒ် .... .... .... | ၅၉၅ |
| ၄၈၄ | ဝိဘူတာရုံ အဝိဘူတာရုံ အဓိပ္ပါယ် ၎င်းတို့ဆောင်ပုဒ် .... | ၅၉၆ |
| ၄၈၅ | ဝိဘင်းအဋ္ဌကထာဝါဒ .... .... .... | ၅၉၇ |
| ၄၈၆ | အိပ်မက်အဆုံးအဖြတ် .... .... .... | ၅၉၈ |
| ၄၈၇ | ၎င်းအိပ်မက်တွင်း ကုသိုလ် အကုသိုလ် ဖြစ်ပုံ.... .... | ၆၀၀ |
| ၄၈၈ | အိပ်မက်သောပုဂ္ဂိုလ်အပြားနှင့် အိပ်မက်ဝိဘူတာရုံ ဝိထိ.... | ၆၀၂ |
| ၄၈၉ | အိပ်မက်အဗျာကတ အဝိဘူတာရုံဝိထိနှင့် မနောဒွါရနိဂုံး ဂါထာ .... .... .... .... | ၆၀၃ |
| ၄၉၀ | မနောဒွါရိကဝိထိစိတ်၏ အာရုံ, ဘုံ, ပုဂ္ဂိုလ် .... .... | ၆၀၃ |
| ၄၉၁ | မနောဒွါရိက အာရုံပြု ဝိသုဒ္ဓါရုံကဗျာ .... .... | ၆၀၅ |
| ၄၉၂ | မနောဒွါရိကဝိထိ၌ ဒွေပဉ္စဝိညာဏ် ၁၀-နှင့် မနောဓာတ်တို့ မဖြစ်ခြင်း .... .... .... .... | ၆၀၅ |
| ၄၉၃ | စိတ္တက္ခဏ ၁၇-ချက် ပြည့် မပြည့် အဓိပ္ပါယ်.... .... | ၆၀၆ |
| ၄၉၄ | ၎င်းတို့၏ ဆောင်ပုဒ် .... .... .... | ၆၀၇ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄၉၅ | အပ္ပနာဇောဝါရ၌ အဝိဘူတာရုံနှင့်တဒါရုံ မဖြစ်ခြင်း .... | ၆၀၈ |
| ၄၉၆ | အပ္ပနာ၏ရှေ့၌ ကာမဇော လေးကြိမ် ဖြစ်ပေါ်လာပုံ .... | ၆၀၉ |
| ၄၉၇ | ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူအဓိပ္ပါယ် .... .... | ၆၁၁ |
| ၄၉၈ | ဉာဏဝိပ္ပယုတ် ဇောတို့သည် ပရိကံ စသည် မဖြစ်ခြင်း .... | ၆၁၄ |
| ၄၉၉ | အပ္ပနာဇောဖြစ်ပေါ်လာပုံ .... .... .... | ၆၁၄ |
| ၅၀၀ | အဝယဝတ္ထ အဓိပ္ပါယ်နှင့် ကာမဇောကဲ့သို့ အပ္ပနာဇော ၆-ကြိမ် ၇-ကြိမ် မဖြစ်ပုံ .... .... .... | ၆၁၅ |
| ၅၀၁ | မဟဂ္ဂုတ်နှင့်အပ္ပနာအဓိပ္ပါယ် .... .... .... | ၆၁၇ |
| ၅၀၂ | ငင်းဆောင်ပုဒ်နှင့် အပ္ပနာဝိထိ အဖွင့် .... .... | ၆၁၈ |
| ၅၀၃ | အာဒိကမ္မိက ဝိထိပုံစံနှင့် ပစ္စဝေက္ခဏာ ဝိထိပုံစံ .... | ၆၁၉ |
| ၅၀၄ | ဝိထိအပြားနှင့် ဝိသုဒ္ဓါရုံ ကဗျာလင်္ကာ .... .... | ၆၂၀ |
| ၅၀၅ | အပ္ပနာဇောဈာနဝိထိ၏ အာရုံ,ဘုံ,ပုဂ္ဂိုလ်နှင့် ဝိသုဒ္ဓါရုံကဗျာ | ၆၂၁ |
| ၅၀၆ | မဂ္ဂဝိထိ အဖွင့် .... .... .... .... | ၆၂၂ |
| ၅၀၇ | မဂ္ဂဝိထိပုံစံ ပစ္စဝေက္ခဏာဝိထိပုံစံ အထက်မဂ် ၃-ပါး ဝိထိပုံစံ | ၆၂၃ |
| ၅၀၈ | မဂ္ဂဝိထိအပြား .... .... .... .... | ၆၂၄ |
| ၅၀၉ | ငင်းဝိထိ၏ ဝိသုဒ္ဓါရုံကဗျာ မဂ္ဂဝိထိ၏စိတ်,အာရုံ,ဘုံ,ပုဂ္ဂိုလ် | ၆၂၅ |
| ၅၁၀ | ဂေါတြဘူ, ဝေါဒါန် အနုလုံအပြား .... .... | ၆၂၆ |
| ၅၁၁ | ဖလသမာပတ္တိ ဝိထိနှင့် ငင်းဝိထိပုံစံ .... .... | ၆၂၇ |
| ၅၁၂ | စိတ်အကျယ် ၁၂၁-ပါးအရ ကျသော အပ္ပနာဇော အပြား | ၆၂၉ |
| ၅၁၃ | ပုဂ္ဂိုလ်အရ ဖြစ်ဆိုက်သော အပ္ပနာဇော အပြား .... | ၆၃၀ |
| ၅၁၄ | သောမနဿဇောနောင် ဥပေက္ခာ အပ္ပနာ မကျနိုင်ခြင်း အကြောင်း .... .... .... .... | ၆၃၀ |
| ၅၁၅ | ကုသိုလ်ဇောနောင် ကြိယာဇော မကျခြင်းအကြောင်း .... | ၆၃၁ |
| ၅၁၆ | ငင်းဆောင်ပုဒ်နှင့် စိတ် အကျဉ်း၌ သုခပုည အရကို ပြခြင်း.... .... .... .... .... | ၆၃၁ |
| ၅၁၇ | မဟဂ္ဂုတ်အပ္ပနာ အပြားနှင့် လောကုတ္တရာ အပ္ပနာအပြား | ၆၃၃ |
| ၅၁၈ | မဂ်နောင် ဖိုလ်ဇောကျခြင်း အကြောင်း .... .... | ၆၃၄ |

ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ်

၅၁၉ ၎င်းဆောင်ပုဒ်နှင့် ဈာန်ပစ္စဝေက္ခဏာ မဂ်ပစ္စဝေက္ခဏာ ၂-ပါးအထူး .... .... .... .... ၆၃၅
၅၂၀ သန္တီရဏစိတ်၏ သောမနဿ ဥပေက္ခာပြားပုံ .... ၆၃၇
၅၂၁ ဝိပါက်အမှန် ဇောအပြန် အဓိပ္ပါယ် .... .... ၆၃၈
၅၂၂ တဒါရုံကျပုံအဓိပ္ပါယ် .... .... .... ၆၃၉
၅၂၃ ၎င်း၏ဝိသုဒ္ဓါရုံ ကဗျာနှင့် ဆောင်ပုဒ် .... .... ၆၄၀
၅၂၄ ဣဋ္ဌာရုံ,အတိဣဋ္ဌာရုံ,အနိဋ္ဌာရုံ အဓိပ္ပါယ် .... .... ၆၄၂
၅၂၅ ဒေါသဇောနောင် ဘဝင်ကျပုံ .... .... .... ၆၄၃
၅၂၆ ၎င်း ဆောင်ပုဒ် .... .... .... .... ၆၄၄
၅၂၇ အာဂန္တုကဘဝင် အဓိပ္ပါယ် အကျယ် .... .... ၆၄၅
၅၂၈ အာဝဇ္ဇန်း ကင်းခြင်း အဓိပ္ပါယ်နှင့် ဆောင်ပုဒ် .... ၆၄၆
၅၂၉ ဘဝင် အပြား .... .... .... .... ၆၄၇
၅၃၀ ဒေါမနဿဝိထိအပြားနှင့် ပဉ္စဒွါရဒေါမနဿဝိထိပုံစံ .... ၆၄၈
၅၃၁ မနောဒွါရဒေါမနဿဝိထိပုံစံနှင့် တဒါရုံကျပုံ အကျယ်.... ၆၄၉
၅၃၂ မန္ဒပ္ပဝတ္တိ အသုံးအဖြတ် .... .... .... ၆၅၂
၅၃၃ ဇော ၅-ကြိမ် ၆-ကြိမ် အသုံးအဖြတ် ၎င်းတို့ ဆောင်ပုဒ် ၆၅၃
၅၃၄ ၎င်းဇောအသုံးအဖြတ် အဓိပ္ပါယ်အကျယ် .... .... ၆၅၄
၅၃၅ ၎င်းတို့၏ ဆောင်ပုဒ် .... .... .... ၆၅၅
၅၃၆ သမ္ဘဒါ အဓိပ္ပါယ် .... .... .... .... ၆၅၆
၅၃၇ နိရောဓသမာပတ် အဓိပ္ပါယ် .... .... .... ၆၅၈
၅၃၈ သမာပတ် အဓိပ္ပါယ်.... .... .... .... ၆၆၂
၅၃၉ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား ကြိယာဇောစသည် မဖြစ်ပုံ .... ၆၆၃
၅၄၀ ဒု-သု ပုဂ္ဂိုလ်တို့၏ စိတ်ရ .... .... .... ၆၆၅
၅၄၁ အရိယာ ပုဂ္ဂိုလ်တို့၏ စိတ်ရ .... .... .... ၆၆၇
၅၄၂ ပုဂ္ဂိုလ်ရ စိတ်ရ အဓိပ္ပါယ် .... .... .... ၆၆၈
၅၄၃ ဈာန်ရသော ဈာနလာဘီ ပုဂ္ဂိုလ်ရ စိတ်ရ .... .... ၆၆၉
၅၄၄ ရူပါဝစရ ပုဂ္ဂိုလ် စိတ်ရ .... .... .... ၆၇၀

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၅၄၅ | အရူပပုဂ္ဂိုလ် စိတ်ရ .... .... .... | ၆၇၁ |
| ၅၄၆ | ၎င်း အရူပအရိယာ ပုဂ္ဂိုလ် စိတ်ရ .... .... | ၆၇၂ |
| ၅၄၇ | အသညသတ် ဘုံရ.... .... .... .... | ၆၇၅ |
| ၅၄၈ | ကာမ ၁၁-ဘုံ စိတ်ရနှင့် ရူပဘုံ စိတ်ရ .... .... | ၆၇၆ |
| ၅၄၉ | အရူပဘုံ စိတ်ရ .... .... .... .... | ၆၇၇ |


ဝိထိပိုင်း မာတိကာ ပြီး၏။



# အဘိဓမ္မဂငတေဒပနုကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဓုဘနုဠ္ဌယပဏာဝမ

က။ ။ထနယာ ဇိနပဇ္ဇုန္နား ရုန္နာ ဒဓုမဟာ ဇန်း။
ဇန်း သမ္မောဓိတော ယေနုးယေနု ပါပေန္တိ သီတလံ။

ခ။ ။သီတမ္ဗုညာဏာသမ္ပန္နံ၊နာယကံ လောကသီတဇံ။
ဝတ္ထုတ္တယံ ဘိဝန္ဒိယ၊ဂရုံ ဂါရဝဘာဇနံ။ ။

ဂ။ ။သောတူနံ ပါဋ္ဌဝတ္တာယ၊သာသနဿစ ဝုဒ္ဓိယာ။
ဘိဓမ္မေ နာတိဝိတ္ထာရံ၊ဝက္ခံ ဂဋ္ဌတ္ထဒီပနိန္တိ။ ။

က။ ။ဇိနပဇ္ဇုန္နာ၊ မာရ်ငါးပါးကို၊ ထွားထွား ညက်ညက်၊ ပယ်ဖျက်ခုတ်ကွင်၊ အောင်မြင်တော်မူပြီးသော၊ ရတနာသုံးစုံ၊ အမ္ဗုန္တရ၊ နာမ ကျော်သင်း၊ မိုဃ်းနတ်မင်း တို့သည်။ ဇုန္နာဒဓုမဟာဇနံ၊ ဘာဘဝမှ၊ တာဘဝသို့၊ ခဏမကြာ၊ ရွေ့ကာပြောင်းစေ၊ ထောင်းချေကာစီး၊ ကိလေသာ အပူမီး အပေါင်းတို့သည်၊ ကောင်းကောင်းရှုပ်ရှက်၊ ချေဖျက်လောင်ကျွမ်း အပ်သော သတ္တဝါ အပေါင်းကို။ ထနယာ-ထနယန္တော၊ ကောင်းကင်စည်ကြီး၊

ဤကျမ်း၏နိဒါန်းသည် ကျမ်းပြုသူဆရာတော်အား သဂြိုဟ်ကျမ်း၏ နိဒါန်း အစဉ်အတိုင်း ပြုပါသည်။ ဤကျမ်းပါ သင်္ဂဟဝင်မျိုး၏ အနက်ကို ဝေသေးနှင့် မဒ္ဒဝရ ပြည့်စုံ ဆိုခြင်းဖြင့် ဒိုက်ကား စသုံးပြင့် အာ စိန္တ ဘောင်ပြသ ပါသည်။ ကောင်းစဉ် သင်ပြီး ကြည့်ရှုတော်မူကြပါကုန်။

ရိုက်မြည်ဟီးလျက်၊ အပြီးဆူညံ့၊ ပွဲတင်သံဖြင့်၊ နဘံ အလုံး၊ ထစ်ချုန်းစေကုန်လျက်။ ယေန သမ္မောဓိတောယေန၊ အကြင် သဗ္ဗညုတညာဏ်တော်တည်းဟူသော ရေစင်ရေဖြင့်။ သီတလံ၊ အပူရှိန်ကင်း၊ မြေခြင်းကို။ ဇနံ-ဇနေန္တာ၊ တာခဏခြင်း၊ မယွင်းလှစ်ချွေ၊ ဖြစ်စေကုန်လျက်။ သီတလံ၊ ရာဂစသီး၊ ဆယ့်တပါးသော မီးအပေါင်းတို့၏၊ ကောင်းကောင်း ဖြုတ်သိမ်း၊ ချုပ်ငြိမ်းမြေရာမှန်၊ နိဗ္ဗာန်ဇေယျုံ၊ နန်းရွှေဘုံသို့။ ပါပေန္တိ၊ အထူးစက်နှင်၊ မဂ္ဂင်မချို၊ ဘောင်ကူးတို့ဖြင့်၊ ဆောင်ပို့မသွေ၊ ရောက်စေတော်မူကုန်၏။

ခ။ ။သီတမ္ဗုညာဏသမ္ဗန္ဓံ၊ မြေကြည်လင်၊ သဗ္ဗညုတ ညာဏ်တော်တည်းဟူသော ရေစင်ရေတို့နှင့် ပြည့်စုံထသော။ နာယကံ၊ လူသုံးဦးကို၊ အထူးသောင်မြို့၊ ဘောင်ကူးတို့ဖြင့်၊ ဆောင်ပို့တော် မူတတ်ထသော။ လောကသီတဇံ၊ သုံးဘုံ ရိုက်ညှောင်း၊ လူအပေါင်း တို့အား၊ ထောင်းထောင်းညက်ညက်၊ နှိပ်စက်ဖိစီးကုန်သော ကိလေသာ အပူမီးတို့၏ မြေခြင်းကို ဖြစ်စေတတ်ထသော။ ဂါရဝဘာဇနံ၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏၊ ဝပ်စင်းမြတ်နိုး၊ ရှိခိုးရိုသေခြင်း၏ တည်ရာလည်းဖြစ်ထသော။ ဝတ္ထုတ္တယဉ္စ၊ ရတနာမြတ်၊ သုံးပါး နတ်တို့၏အပေါင်းကိုလည်း။ အဘိဝန္ဒိယ၊ အမြတ်တနိုး၊ ရှိခိုးဦး၍။ ဂါရဝဘာဇနံ၊ တပည့်အပေါင်းတို့၏ ဦးခေါင်း ဝပ်လျှိုး၊ ရှိခိုး ရိုသေခြင်း၏ တည်ရာလည်း ဖြစ်ထသော။ နာယကံ၊ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီး-ဦးခိုင် သာသနာပိုင်ချည်းလည်းဖြစ်ထသော။ ဂရုံစ၊ ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်, မဟာဝိသုဒ္ဓါရုံ ဆရာတော်, အလုံ ဆရာတော်, ကျိက္ကစံ ဆရာတော် များနှင့်တကွ ဥပဇ္ဈာယ် ဆရာရင်းဖြစ်သော ကျောက်တန်း-မဟာဗောဓိ ဆရာတော်-စသော ဆရာသခင် ကျေးဇူးရှင် အပေါင်းကိုရင်း။ အဘိဝန္ဒိယ၊ ရိုသေမြတ်နိုး၊ ရှိခိုးပြီး၍။

ဂ။ ။အဟံ၊ ငါသည်။ သောတူနံ၊ ပျိုမြစ်နုနယ်၊ စာသင်ငယ် အပေါင်းတို့၏။ အဘိဓမ္မေ၊ အဘိဓမ္မာ ပိဋကတ်၊ ကျမ်းအရပ်ရပ်၌။ ပါဋ္ဌဝတ္တာယ စ၊ တဘက် ကမ်းပေါက် တတ်မြောက် လိမ္မာကြစေခြင်း အကျိုး ငှါရင်း။ သာသနဿ၊ ဘာသာတခြား၊ တုဘက်ရှားသည့်၊ သုံးပါးသော သာသနာတော်မြတ်၏။ ဝုဒ္ဓိယာစ၊ နေရောင်လဝန်း၊ တောက်ထွန်းမရွေ့၊ တနေ့တခြား၊ လွန်စွာ ကြီးပွါးစေခြင်း အကျိုးငှါရင်း။ နာတိဝိတ္ထာရံ၊ မကျဉ်း မကျယ် လွန်းသော။ အဘိဓမ္မေ-အဘိဓမ္မာသ၊ အဘိဓမ္မတ္ထ သင်္ဂဟမည်မှန်း၊ သင်္ဂြိုဟ်ကျမ်း၏။ ။(သင်္ဂဟ-သဒ္ဒါ အကြေကြံ)။ ဂုဠှတ္ထဒီပနိံ၊ လွန်စွာ သိခက်၊

လျှို့ဝှက်တိမ်မြုပ်၊ နယ-ဒုပ်ကို၊ ဖွင့်ထုတ်သချာ၊ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့် အဘိဓမ္မာဂုဋ္ဌတ္ထဒီပနီ၊ သညီပြောင်လျှမ်း၊ ဤသည် ကျမ်းကို တဒနန္တရေ၊ ထို-ကစ္စာယနဂုဋ္ဌတ္ထဒီပနီကျမ်း, ဝိနယဂုဋ္ဌတ္ထဒီပနီ ကျမ်းတို့ကို ရေးသားပြီးသည်၏ အခြားမဲ့ ဖြစ်သော ယခုအခါ ကာလ၌။ (ထည့်)။ ဝက္ခံ-ဝက္ခာမိ၊ မနောကြည်လင်၊ စီရင်ဘွင့်ဆို ရေးသားပေအံ့သတည်း။ ။ ဣတိ၊ရတနတ္တယပဏ္ဏာမ စသည် ပြီး၏။

**မှတ်ချက်**။ ။စာသင်ငယ်အပေါင်းတို့သည် သဒ္ဒါအရာ၌ မပင်ပန်းမူ၍ လွယ်ကူချမ်းသာစွာ တတ်ကျွမ်းစေခြင်း အကျိုးကို အာရုံပြုခါ ကစ္စာယနဂုဋ္ဌတ္ထဒီပနီကျမ်းကို ရေးသားခဲ့၏။

ဝိနည်းဟူသည် သာသနာတော်၏ အသက်ဖြစ်သောအတိုင်း သာသနာတော်၏ အစွန့်ရှည်စွာ တည်တံ့အံ့သော အကျိုးကို မြော်ကိုး၍ ဝိနယဂုဋ္ဌတ္ထဒီပနီကျမ်းကို ရေးသားခဲ့၏။

ယခုအခါ အဘိဓမ္မာအရာ၌ ကြွင်းကျန်နေသဖြင့် အဘိဓမ္မာ အရာ၌လည်း ရှေးနည်းအတူ လွယ်ကူချမ်းသာစွာ စာသင်ငယ် အပေါင်းတို့၏ လိမ္မာတတ်ကျွမ်းစေခြင်းအကျိုးငှါ၊ထို ၂-ကျမ်း တို့၏ အခြားမဲ့၌ ရေးသားစီရင်ပေအံ့-ဟူလို။

---

၁။ ။သမ္မာသမ္ဗုဒ္ဓမတုလံ၊သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊အဘိဓမ္မတ္ထသင်္ဂဟံ။ ။

သင်္ဂြိုဟ်ပါဌ်။

---

ဤဂါထာကား ကျမ်းပြုဆရာ မှန်သမျှတို့သည် ကျမ်းမပြုမီ ရှေးဦးစွာ ပဏ္ဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ,အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘ, ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘ အားဖြင့် သုံးပါးသော ဂန္ထာရမ္ဘတို့တွင် တပါးပါးသော ဂန္ထာရမ္ဘကို ပြုမြဲတံတွာ ဓမ္မတာ ထုံးစံရှိသောအတိုင်း အရှင်အနုရုဒ္ဓါ ဆရာသည်လည်း ကျမ်းပြုဆရာတဆူ ဖြစ်တော်မူသဖြင့် ပဏ္ဏာမပုဗ္ဗကဂန္ထာရမ္ဘကို ပြုတော်မူသော ဂါထာဖြစ်ပါသတည်း။

အဓိပ္ပါယ်ကား။ ။ငါသည် သူတော်ကောင်းတို့၏ တရားတော်,ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားတော်, မြတ်သော အရိယာ သံဃာတော်

အပေါင်းနှင့် တကွသော အတု မရှိသော မြတ်စွာ ဘုရားကို ရှိခိုးပြီး၍ ''အဘိဓမ္မတ္ထသင်္ဂဟ''မည်သော သင်္ဂြိုဟ်ကျမ်းကို မိန့်ဆိုပေအံ့-ဟူလို။

**မှတ်ချက်။** ။ဂန္ထာရမ္ဘ-ဂန္ထ အာရမ္ဘ၊ဂန္ထ-ကျမ်း၊အာရမ္ဘ-အစအမူ၊ ဂန္ထာရမ္ဘ-ကျမ်း၏ အစအမူ၊ အာရမ္ဘ-သဒ္ဒါကား အာဒိကမ္မ-အနက်ဟော။

၁။ ။ပဏာမပုဗ္ဗကဂန္ထာရမ္ဘ-ရှိခိုးခြင်းလျှင် ရှေးရှိသော ဂန္ထာရမ္ဘ။

၂။ ။အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘ-တောင့်တခြင်းလျှင် ရှေးရှိသော ဂန္ထာရမ္ဘ။

၃။ ။ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘ-ပြုလိုသော ကျမ်း၏ လိုရင်းအစု၊ ပဓာန ဝတ္ထုလျှင် ရှေးသွားရှိသော ဂန္ထာရမ္ဘ။

ဤကား ပျို့မျှစ်နနယ် စာသင်ငယ်တို့ အလွယ်တကူ သင်ယူမှတ်သား နိုင်ရုံမျှ အကျဉ်း သင်္ခေပ ဖြစ်သော အဓိပ္ပါယ်သာတည်း။ ။အဓိပ္ပါယ် အကျယ်ကိုမူ အဆူဆူသော အဘွင့်ဋီကာ ကျမ်းများစွာတို့၌ ရှုလင့်ကုန်။

သင်္ဂြိုဟ်ကား,မာဂဓ သင်္ဂဟပုဒ်၊ သက္ကဋ-သင်္ဂြဟ-ပုဒ်ဖြစ်၍ သင်္ဂြဟပုဒ် အရ၊ ဟ-ကို တန်းခွန်လွှား၍ အိုသရနှင့် ယှဉ်စပ်ခါ သင်္ဂြိုဟ်ဟု မြန်မာ ဝေါဟာရ ဖြစ်လာ၏။

အဘိဓမ္မတ္ထ သင်္ဂဟ-ပုဒ်ကို အဘိဓမ္မ- အတ္ထ- သင်္ဂဟ- ပုဒ်ဖြတ်။ ။ အဘိဓမ္မေ ဝုတ္တာ အတ္ထာ-အဘိဓမ္မတ္ထာ။ အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော် မူအပ်သမျှသော ကုသိုလ်-စသော အနက် အပေါင်းသည် အဘိဓမ္မတ္ထ-မည်၏။ ။အဘိဓမ္မတ္ထာနံ သင်္ဂယှတိ ဧတ္ထာတိ အဘိဓမ္မတ္ထသင်္ဂဟော။ ။ ဧတ္ထ၊ ဤကျမ်း၌။ အဘိဓမ္မတ္ထာနံ၊ အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ် သမျှသောအနက်တို့ကို။သင်္ဂယှတိ၊သိမ်းရုံးစုပေါင်း၍ ယူအပ်၏။ဣတိတသ္မာ၊ ထိုသို့ ယူရာဖြစ်သော သတ္တိကြောင့်။ အဘိဓမ္မတ္ထသင်္ဂဟော၊ အဘိဓမ္မတ္ထ သင်္ဂဟ-မည်၏။ ။အဓိပ္ပါယ်ကား ဓမ္မသင်္ဂဏီ, ဝိဘင်း-စသော အဘိဓမ္မာ ၇-ကျမ်းတို့၌ မြတ်စွာဘုရား ဟောထားတော်မူ အပ်သမျှသော ကုသိုလ် စသော အနက်တို့ကို တပေါင်းတည်း သိမ်းယူရာ ဖြစ်သောကြောင့် အဘိ ဓမ္မတ္ထသင်္ဂဟ-သင်္ဂြိုဟ်ကျမ်း မည်၏-ဟူလို။

၂။ ။တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊စတုဓာ ပရမတ္ထတော။
စိတ္တံ,စေတသိကံ,ရူပံ၊နိဗ္ဗာနမိတိ သဗ္ဗထာ။ ။
သဂြိုဟ်ပါဌ်။

---

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အဘိဓမ္မာ ဒေသနာတော်သည် ကျမ်းအပိုင်းအခြား အားဖြင့် ဓမ္မသင်္ဂဏီကျမ်း၊ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းအားဖြင့် ခုနစ်ကျမ်း အပြားရှိ၏။ ။ထိုအဘိဓမ္မာ ခုနစ်ကျမ်းတို့၌ ဟောတော်မူအပ်သော ဒေသနာတော်သည်လည်း သဗ္ဗညုတ ရွှေဉာဏ်တော်၏ ကွန့်မြူး ကျက်စားရာ ဖြစ်သဖြင့် ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ,အဗျာကတာ ဓမ္မာ,ဟု ကုသိုလ်, အကုသိုလ်, အဗျာကတ စသော အားဖြင့်၎င်း၊ အမည်သညာ နာမပညတ် စသည်တို့၏ အစွမ်း အားဖြင့်၎င်း အမျိုးမျိုးအဖုံဖုံ ခွဲခြမ်းဝေဘန်၍ ဟောတော်မူသောကြောင့် အလွန်တရာ ကျယ်ဝန်းများပြားလှပေ၏။ ။ထိုကြောင့်“သဗ္ဗထာ”ဟု မိန့်ဆိုအပ်၏။

ဤသို့လျှင် အမည်ပညတ် စသောအားဖြင့် မည်မျှပင် များပြားကျယ်ဝန်းစေကာမူ ၎င်းပညတ် အပေါင်းမှ ပရမတ္ထအစစ် တရားကိုယ် တရားအနှစ်ကို ညှစ်ထုတ်လိုက်သည်ရှိသော်-

၁-စိတ် ၃-ရုပ်
၂-စေတသိက် ၄-နိဗ္ဗာန်
ဟူ၍ လေးပါးမျှသာ အပြားရှိ၏-ဟူလို။
ဤကား ပိဏ္ဍတ္ထ အဓိပ္ပါယ်တည်း။

---

၂-က။ ။သဗ္ဗထာ ကုသလာဒိဝသေန,ခန္ဓာဒိဝသေန စ။ ။
ဋီကာကျော်။

၂-ခ။ ။သခ်ေပေန သမုတိံ ဝဇ္ဇေတွာ စတုဓာဝ ဌိတာကိ အဓိပ္ပါယော။ ။သခ်ေပ။

---

၂-က။ ။ကုသလာဒိဝသေန စ၊ ကုသိုလ် စသည်တို့၏ အစွမ်းအားဖြင့်၎င်း။ ခန္ဓာဒိဝသေန စ၊ ခန္ဓာ စသည်တို့၏အစွမ်းအားဖြင့်၎င်း။ သဗ္ဗထာ၊ သဗ္ဗထာမည်၏။ ။ဤနည်းအတိုင်း နောက်ပါလေ [illegible] ဂရုမပြုနိုင်တည်း။ [illegible]

## ၂-ပရမတ္ထ အဓိပ္ပါယ်

ပရမတ္ထတော-၌ ပရမတ္ထ-ကား ပရမ-ပုဒ်, အတ္ထ-ပုဒ်ဖြစ်၍ ပရမ-ပုဒ်ကား မိမိတို့၏ သဘောလက္ခဏာမှ မဖောက်ပြန် သောကြောင့် မြတ်သော အနက်ကို ဟော၏။ ။အတ္ထ-ပုဒ်ကား သဘောဟူသော အနက်, အာရုံဟူသောအနက်,နှစ်ပါးတို့ကို ဟော၏။ ။ထို့ကြောင့်—

"ပရမော အတ္ထော ပရမတ္ထော"

ဝိဂ္ဂြိုဟ်အရ၊မိမိတို့၏ သဘောလက္ခဏာမှ မဖောက်မပြန်သောကြောင့် မြတ်သော အနက်သဘောသည် ပရမတ္ထမည်၏။

ပရမော၊ မြတ်သော။ အတ္ထော၊ အနက်သဘောတည်း။ ပရမတ္ထော၊ မြတ်သောအနက်သဘော။ ။ဟုပေး။

တနည်း။ ။"ပရမဿ အတ္ထော ပရမတ္ထော"

ဝိဂ္ဂြိုဟ်အရ၊ မြတ်သော သဗ္ဗညုတရွှေဉာဏ်တော်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်၏။

ပရမဿ၊ မြတ်သောသဗ္ဗညုတရွှေဉာဏ်တော်၏။ အတ္ထော၊အာရုံတည်း။ ပရမတ္ထော၊ မြတ်သော သဗ္ဗညုတရွှေဉာဏ်တော်၏အာရုံ။ ။ဟုပေး။

**မှတ်ချက်။** ။ဤဒုတိယ ဝိဂ္ဂြိုဟ်အရ၊ သဗ္ဗညုတဉာဏ်တော်၏ အာရုံဖြစ်သောကြောင့် ပရမတ္ထမည်၏ ဆိုသော် ပညတ်သည်လည်း ပရမတ်မည်သင့်၏ ဟူငြားအံ့။ ။ပဟ်ဇ-သဒ္ဒါကဲ့သို့ အထင်ရှား၍ အားဖြင့် ပရမတ္ထသဒ္ဒါသည်လည်း စိတ်-စသောအနက်လေးပါးတို့၌သာလျှင် အထင်အားဖြင့် တင်စားသောကြောင့် ပညတ်သည် ပရမတ်မမည်-ဟူလို။

တနည်း။ ။အနုဋီကာအလို၊ပရမသဒ္ဒါသည် ပဓာနအနက်ကို ဟော၏။

တနည်း။ ။သဒ္ဒသဘော ဟူသောသဘောကိုသာ မှတ်စေသော ဧ၊ ဝေါဟာရသာဖြစ်သော ကုသိုလ် စသည်တို့၏အစွမ်း။နောသေသည်တို့၏အစွမ်းအားဖြင့်ရှင်း။ ။ဤအလို ငုဏ်းသံဝဏ္ဏနာတွင်။

၂-၁။ ။သစ္စာပေနှ၊ အကျဉ်းအားဖြင့်။ သမုဒါ၊သမုဒါပဒဉ်းသိ။ ဝဒန္တထွာ၊ကြည့်၍။ စတုခေ၊ ဇိတ်,စေတသိက် စသောလေးပါးအပြားအားဖြင့်သလျှင်။ ဋီကာ၊ တည်ကျွန်း၏။ ရှင်၊ဤသည်ကား။အဓိပ္ပါယ်သော၊အဓိပ္ပါယ်တည်း။

(စိတ်, စေတသိက် စသော ပရမတ္ထတရား ၄-ပါးတို့၏ အဓိပ္ပါယ် အကျယ်သည် ဆိုင်ရာ အပိုင်းတို့၌ ထင်ရှားလတ္တံ့)။

"အဝိပရီတ သဘာဝတောဝေ ပရမော
ပဓာနော အတ္ထောတိ ပရမတ္ထော"

ဟုပြု။ ။အဝိပရီတ သဘာဝတော ဧဝ၊ မဖောက်မပြန်တတ်သော သဘော၏ အဖြစ်ကြောင့် သာလျှင်။ ပရမော ပဓာနော၊ ပြဓာန်းသော။ အတ္ထော၊ သဘောတရားတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပရမတ္ထော၊ ပရမတ္ထ-မည်၏။

အဓိပ္ပါယ်ကား....မိမိတို့၏ သဘောလက္ခဏာမှ မဖောက်မပြန်သော သဘော ဖြစ်သောကြောင့် ပြဓာန်းသော အနက် သဘော တရားသည် ပရမတ်မည်၏-ဟူလို။

**မှတ်ချက်**။ ။အဘိဓမ္မာ၏ အနက်တို့သည် ပညတ်,ပရမတ်,အားဖြင့် ၂-ပါးအပြားရှိကုန်၏။ယောကျ်ား,မိန်းမ,ကျွဲ,နွား-စသော ဒြပ် အနက်သည် ပညတ်အနက်မည်၏။ ။ကုသိုလ်စသော တရား တို့သည် ပရမတ် အနက်မည်၏။ထို နှစ်မျိုးသော အနက်တို့တွင် ဤ စိတ်,စေတသိက်-စသောအနက်သည် ပညတ်ဖြစ်သော အဘိ ဓမ္မတ္ထ-မဟုတ်၊ ပရမတ်ဖြစ်သော အဘိဓမ္မတ္ထ-ဟု သိစေခြင်းငှါ ပရမတ္ထတော-ဟူသောပါဌ်ကို အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုအပ်၏။ သို့သော် ပညတ်အနက်ဟူသည် ပရမတ်မှ အသီးအခြား မရှိ။ ပရမတ်ဖြစ်သော ရုပ်,နာမ်,ခန္ဓာ၌သာလျှင် လူ,နတ်,ဗြဟ္မာဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်လေသောကြောင့် သမုတိ° ထပေ တွာ-ဟူသော စကားကို ဋီကာကျော်ဆရာ မိန့်ဆိုတော်မူအပ်ပါ သတည်း။

၂-ဂ။ ။နိရုဠ္ဟော ဟိ သော ပရမတ္ထသဒ္ဒေါ စိတ္တာဒီသွေဝ
စတူသု အဘိဓမ္မတ္ထေသု ပက်ိဇသဒ္ဒေါ ဝိယ။

မဏိမဉ္ဇူ။

၂-ဃ။ ။ဗုဒ္ဓါနံ ပန ဒွေကထာ၊သမ္မုတိကထာစ
ပရမတ္ထကထာစ။ ။ကထာဝတ္ထု အဋ္ဌကထာ။

၂-ဂ။ ။ဟိ၊ နှိ၏။ သေ-ထိုသဘောပရမတ္ထသဒ္ဒါ၌ ပရမတ္ထသဒ္ဒါသည်။ စတူသု၊ လေးပါး ကုန်သော။ အဘိဓမ္မတ္ထေသု၊ အဘိဓမ္မာ၏အနက်ဖြစ်ကုန်သော။ စိတ္တာဒီသု၊ စိတ်အစရှိသော အနက်တို့၌သာလျှင်။ နိရုဠ္ဟော၊ အစဉ်အားဖြင့်။ ဝိယ၊ အလားယိုသည်ကဲ့သို့ [illegible]

## စိတ်၏ ပရမတ် မည်ပုံ

လောဘမူ,ဒေါသမူ,မောဟမူ စိတ်တို့သည် ကျွဲ,နွား,စသော တိရစ္ဆာန်တို့၏ သန္တာန်၌ဖြစ်သည်ရှိသော် ဖြစ်တ္တာဘုံသို့ လားစေတတ်ကုန်၏။ လူ, နတ်,ဗြဟ္မာ,တို့၏ သန္တာန်၌ဖြစ်ပါမူကား ဖြစ်တ္တာဘုံသို့ မလားစေတတ်ကုန်။ ဤသို့ မရှိစေဘဲ လူ,နတ်,ဗြဟ္မာ,တိရစ္ဆာန်,ဘယ်သတ္တဝါတို့၏ သန္တာန်၌ မဆို ဖြစ်ခဲ့သည်ရှိသော်၊ဖြစ်တ္တာဘုံသို့သာ လားစေတတ် ရောက်စေတတ်သော သဘောရှိကုန်၏။ ။ဤသို့ မိမိတို့၏ ဖြစ်တ္တာစသော အပါယ်သို့ လားစေတတ်သော သဘောကို မစွန့်သဖြင့် မဖောက်မပြန် မြတ်သော အနက်သဘော ဖြစ်သောကြောင့် စိတ်သည် ပရမတ်မည်၏။

တနည်း။ ။လောဘမူ စိတ်သည် လိုချင် တပ်နှစ်သက် တတ်သော သဘောရှိ၏။ဒေါသမူစိတ်သည် ပြစ်မှားတတ်သော သဘောလက္ခဏာရှိ၏။ မောဟမူစိတ်သည် တွေဝေတတ်သော သဘောလက္ခဏာ ရှိ၏။ သို့ဖြစ်၍ လူ,နတ်,ဗြဟ္မာ,တိရစ္ဆာန်,ဘယ်သတ္တဝါတို့၏ သန္တာန်၌မဆို ၎င်းတရားတို့ ဖြစ်စေ ါလာသည်ရှိသော်၊ လိုချင် တပ်နှစ်သက်သောသဘော,ပြစ်မှားသော သဘော, တွေဝေသော သဘောအတိုင်း ဖြစ်သဖြင့် မိမိတို့၏ သဘော လက္ခဏာကို မစွန့်တတ်သောကြောင့် စိတ်သည် ပရမတ်မည်၏။ ။(ကြွင်း စိတ်တို့၌လည်း နည်းတူသိ)။

> ဝိဇာနနလက္ခဏံ စိတ္တံ၊ပုဗ္ဗင်္ဂမရသံ၊ သန္ဓာန ပစ္စုပဋ္ဌာနံ၊
> နာမရူပ ပဒဋ္ဌာနံ။ ။အဋ္ဌသာလိနီ-စသည်။

စိတ္တံ၊ စိတ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်း လက္ခဏာ ရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ရှေးသွားခြင်း ကိစ္စရှိ၏။သန္ဓာနပစ္စုပဋ္ဌာနံ၊အစဉ် သန္တာန်လျှပ် ဉာဏ်အား ရှေးရှုထင်တတ်၏။ နာမရူပ ပဒဋ္ဌာနံ၊ နာမ်ရုပ်လျှင် နီးသော အကြောင်းရှိ၏။

---

[illegible]

၂—ဃ။ [illegible]

## စေတသိက်၏ ပရမတ် မည်ပုံ

ဖဿ-စသော စေတသိက်တရားတို့၏ အာရုံကို တွေ့ထိခြင်း စသော သဘောသည် တရံတဆစ်မျှ ဖောက်ပြန်၍ အာရုံကို ခံစားခြင်းစသော အခြားတရား သဘောမဖြစ်၊ မိမိသဘောမှ မဖောက်မပြန် သူတပါး၏ ပယောဂဖြင့်လည်း ဖောက်ပြန် စေခြင်းငှါ မတတ်နိုင်။ ယင်းသို့ အချင်း ခပ်သိမ်း မိမိသဘောမှ ဖောက်ပြန်ခြင်း မရှိသဖြင့် မြတ်သောကြောင့် စေတသိက်သည်-ပရမတ်မည်၏။

(ကြွင်းသော စေတသိက်တို့၏ မဖောက်ပြန်ပုံ ကိုလည်း ဤနည်းကို မှီး၍ သိလင့်ကုန်)။

သွာယံ ဖုသနလက္ခဏော၊ သင်္ဃဋ္ဋနရသော၊
သန္နိပါတပစ္စုပဋ္ဌာနော၊ အာပါထဂတ ဝိသယ
ပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ

သွာယံ-သောအယံ ဖဿော၊ ထိုဖဿသည်။ ဖုသနလက္ခဏော၊ အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏။ သင်္ဃဋ္ဋနရသော၊ စိတ်အာရုံကို ထိခိုက်ခြင်း ကိစ္စရှိ၏။ သန္နိပါတပစ္စုပဋ္ဌာနော၊ ဝတ္ထု,အာရုံ,ဝိညာဏ်တို့၏ စုဝေးခြင်း ကြောင့်။ဝါ၊စုဝေးသော အခြင်းအရာအားဖြင့် ညဏ်အား ရှေးရှု ထင်ခြင်း ရှိ၏။ အာပါထဂတဝိသယပဒဋ္ဌာနော၊ ထင်ခြင်းသို့ ရောက်သောအာရုံလျှင် နီးကွသော အကြောင်းရှိ၏။

---

## ရုပ်၏ ပရမတ်မည်ပုံ

သီတုဏှာဒိဝိရောဓိ ပစ္စယေဟိ ရုပ္ပတီတိ ရူပံ။ ။သီတုဏှာဒိဝိရောဓိ ပစ္စယေဟိ၊အေး,အပူ-စသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့်၊ ရုပ္ပတိ၊ ဖောက်ပြန်ခြင်းသို့ ရောက်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ရူပံ၊ ရုပ်မည်၏။ ။ဝိဂြိုဟ်အရ၊ အေး, အပူ-စသော ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတို့ကြောင့် ရှေးရုပ်အစဉ်မှ တမျိုးပြောင်း၍ ပြိုကွဲ ပွဲ့ရွဲ့ခြင်း, ပြိုလိုခြင်း, ဖြူ-နီ,ကြောင်,ကျားခြင်း စသောအားဖြင့် ဖောက်ပြန် ပျက်စီး တတ်သော ရုပ္ပနသဘောသည်-ရုပ်မည်၏။

ဤအလက်ပါဠိစကားအရ၊ဘောက်ပြန် ပျက်စီးတတ်သော သဘောသည် ရုပ်မည်၏ဟု ဆိုပါက၊မဘောက်ပြန်သောကြောင့် ပရမတ်မည်၏ ဟူသော သဘောအရ၊ ရုပ်သည် ပရမတ် မမည်သင့်ရာ ဟူငြားအံ့။ ရုပ်သည် ပရမတ်ပင်မည်၏။ အဘယ့်ကြောင့် ဆိုသော် ဘောက်ပြန်၏-ဟု ဆိုသော်လည်း ရုပ်သည် ပညတ်ကဲ့သို့ မိမိ၏ ကဗ္ဗဋ္ဌ-စသော သဘောကို စွန့်၍ ဘောက်ပြန်သည် မဟုတ်။ အဧ့အပူ-စသော ဆန့်ကျင်ဘက် အကြောင်း တို့၏ အညီအညွတ် ပေါင်းမိခြင်းကြောင့် ရှေးရုပ် အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းမျှကိုသာလျှင် ဘောက်ပြန်သည်ဟု ဆိုသည်။ ၎င်းဘောက်ပြန်မှု သဘောလက္ခဏာကို မစွန့်ခြင်းသည်ပင်လျှင် မဘောက် ပြန်သည် မည်သောကြောင့် ရုပ်သည်-ပရမတ်မည်၏။ ။ဟူလို။

၂—င။ ။ရုပ္ပနလက္ခဏံ ရူပံ၊ဝိကာရရသံ။
အဗျာကတပစ္စုပဋ္ဌာနံ၊ဝိညာဏပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ

ဝိကာရုပ္ပတ္တိစ သီတာဒိသန္နိပါတေ ဝိသဒိသုပ္ပတ္တိယေဝ၊
န ဥပ္ပန္နဿ အညထာဘာဝေါတိ အဓိပ္ပါယော။

ဝိဘင်း မူလဋီကာ

ရုပ္ပနဉ္စေတ္ထ သီတာဒိဝိရောဓိပစ္စယသမ
ဝါယေ ဝိသဒိသုပ္ပတ္တိယေဝ။

ဂုဏ္ဍကာကျော်

---

၂-င။ ။ရုပ်၊ရုပ်သည်။ ရူပနိလက္ခဏံ၊ဘောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝိကာရရသံ၊ဖရို ဖရဲ ဖြစ်ခြင်း ကိစ္စရှိ၏။ အဗျာကတ ပစ္စုပဋ္ဌာနံ၊ အဗျာကတဟု ဉာဏ်အား ရှေးရှု ထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးသောအကြောင်းရှိ၏။

ဝိကာရုပ္ပတ္တိစ၊ ရုပ်၏ဘောက်ပြန်ခြင်း ဖောက်ပြန်ခြင်းသည်လည်း။ သီတာဒိသန္နိပါတေ၊ သီတ ဥဏှစသော ဆန့်ကျင်သော အကြောင်း ပေါင်းစုညီးဆေးရာ၌။ ဝိသဒိသုပ္ပတ္တိယေဝ၊ ရှေးရုပ် အစဉ်မှ ပကတိသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းမှုသာလျှင်။ ဟောတိ၊ ၏။ ဥပ္ပန္နဿ၊ ဖြစ်သော လက္ခဏာ၏။ အညထာဘာဝေါ၊ ဘောက်ပြန်သောအားဖြင့် တပါးတဘာသည်၏ အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ဣတိအယံ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

ဧ၊ သက်၍ဆိုဖွဲ့။ ဋီကာ၊ ဤ-ဂုဏ္ဍိ- ဟူသော ပါဠိ၌။ သီတာဒိဝိရောဓိပစ္စယသမဝါယေ၊ အချမ်းစသော ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတို့၏ ညီညွတ်ခြင်းသည်။ သတိ၊ ရှိသော်။ ဝိသဒိသုပ္ပတ္တိယေဝ၊ ရှေးရုပ်အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းသည်သာလျှင်။ ရုပ္ပနံ၊ ရုပ္ပန-မည်၏။

## နိဗ္ဗာန်၏ ပရမတ် မည်ပုံ

ဘဝါဘဝံ ဝိနတိ,သံသိဗ္ဗတီတိ ဝါနံ၊ ။ဘဝါဘဝံ၊ ယုတ်သောဘဝ, မြတ်သောဘဝကို။ ဝိနတိ-သံသိဗ္ဗတိ၊စပ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝါနံ၊ ဝါန-မည်၏။ ။တဏှာ-ရ၏။ဝါ၊တဏှာသည် ဝါနမည်၏။

ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ၊ ။ဝါနတော၊ ဝါန-ဟု ဆိုအပ်သော တဏှာမှ။ နိက္ခန္တံ၊ထွက်မြောက်သည်ဘည်း။ ဣတိ၊ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ ။ဝိဂြိုဟ်အရ၊ လူ,နတ်, ဗြဟ္မာ,သတ္တဝါ အပေါင်းကို သံသရာ ဝဋ်ဒုက္ခမှ မထွက်ရ,မလွတ်ရအောင် ချုပ်နှောင်တတ်, မြေးယှက်တတ်သော ဝါနမည်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် ထိုဒုက္ခအပေါင်းမှ လွတ်ကင်းချမ်းသာ မြေခြင်း သန္တိလက္ခဏာသဘောသည်-နိဗ္ဗာန်မည်၏။

ၡင်းနိဗ္ဗာန် သည်လည်း အသင်္ချေယျ ရေတွက်ခရအောင် များမြောင်လှစွာသော ဘုရား,ရဟန္တာ အရှင်မြတ်တို၏ သန္တာန်တော်၌ ဆိုက်ရောက်ဖြစ်ပေါ်လာသည်ရှိသော် တဦးနှင့်တဦးဝယ် မိမိ၏ မြေခြင်း သန္တိလက္ခဏာကို မစွန့်, မဘောက်ပြန်သဖြင့် မြတ်သော သဘော ဖြစ်သောကြောင့် ပရမတ်မည်၏-ဟူလို။

သန္တိလက္ခဏံ နိဗ္ဗာနံ၊အစ္စုတိရသံ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊
နိဿရဏပစ္စုပဋ္ဌာနံ ဝါ၊နိဗ္ဗာနဿ ပဒဋ္ဌာနံ န လဗ္ဘတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ မြေခြင်း လက္ခဏာရှိ၏။ အစ္စုတိ ရသံ၊မရွေ့လျောခြင်း ကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ အကြောင်း နိမိတ် မရှိခြင်းလျှင် ဉာဏ်အားတင်သော အခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ နိဿရဏပစ္စုပဋ္ဌာနံ၊သံသရာမှ ထွက်မြောက်ခြင်းလျှင် ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ နိဗ္ဗာနဿ၊နိဗ္ဗာန်၏။ ပဒဋ္ဌာနံ၊အကြောင်း ပဒဋ္ဌာန်ကို၊ န လဗ္ဘတိ၊မရအပ်။

---

အမေး အဖြေ

မေး။ ။ပရမတ် တရားတို့သည် အကျဉ်း ချုံးလိုက်သည့် ရှိသော် လေးပါးသာ ရှိ၏ဟု မသိသည့်၊ စင်ခဲ်သော်ကား အကျဉ်း

အားဖြင့် ဆိုသော် နာမ်,ရုပ် ၂-ပါးသာလျှင် ရှိသောကြောင့် ဒွိဓာ ၂-ပါး အပြားရှိ၏ဟုသာ ဆိုသင့်သည် မဟုတ်ပါလော-ဟုမြွားအံ့။

ဖြေ။ ။အကျဉ်း ချုံးလိုက်သည်ရှိသော် နာမ်,ရုပ် ၂-ပါးသာ ရှိသည် မှန်သော်လည်း အဘိဓမ္မာခုနစ်ကျမ်းဝယ် နာမ်တရားကို နာမံ,ဟု သာမညအားဖြင့် မဟောမူ၍ နာမ်၏ သရုပ်ဖြစ်သော စိတ်, စေတသိက်, နိဗ္ဗာန်, တို့ကိုသာ ခွဲခြမ်းဝေဘန်၍ ဟောထားတော်မူသောကြောင့် ဒွိဓာ-ဟု မဆိုပါဘဲ စတုဓာ-ဟုသာ အနုရုဒ္ဓါ အရှင်မြတ် မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုသို့ ဖြစ်ပါက စိတ္တံ, စေတသိကံ, နိဗ္ဗာနံ-ဟု နာမ်ချည်း သဘောတူရာကို တပေါင်းတည်း ရှေ့ထား၍ ရုပ်ကို နောက်ထားခါ "စိတ္တံ, စေတသိကံ, နိဗ္ဗာနံ, ရူပံ"ဟု ဆိုသင့်သည် မဟုတ်ပါလော-ဟုမြွားအံ့။

ဖြေ။ ။စိတ်, စေတသိက်,ရုပ်-တို့၏ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်မည်၏ ဟူသော အနက်အဓိပ္ပါယ်ကို ပြဆိုခြင်းငှါ နိဗ္ဗာန်ကို နောက်ထား၍ အနုရုဒ္ဓါ အရှင်မြတ် မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုသို့ဖြစ်ပါက ပိဋကပါဠိတော်နှင့်အညီ ရူပံကို ရှေ့ထား၍ နာမ်တရားများကို တပေါင်းတည်းပြုခါ "ရူပံ, စိတ္တံ, စေတသိကံ,နိဗ္ဗာနံ"ဟု ဆိုသင့်သည် မဟုတ်ပါလော-ဟုမြွားအံ့။

ဖြေ။ ။အနုရုဒ္ဓါ အရှင်မြတ်သည် ပိဋကကျမ်းကိုကား မမှီ။ ဓမ္မသင်္ဂဏီ ကျမ်းကိုသာ မှီ၍ ဤစိတ်ပိုင်းကို ရေးသား စီရင်တော်မူသောကြောင့် ၎င်းဓမ္မသင်္ဂဏီကျမ်းအားလျော်စွာ စိတ်,စေတသိက်ကို ရှေ့ထား၍ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။အဘယ့်ကြောင့် ဓမ္မသင်္ဂဏီကျမ်းကို အမှီပြုအပ်ပါ သနည်း-ဟုမြွားအံ့။

ဖြေ ။ ။ဓမ္မသင်္ဂဏီကျမ်းသည် သစ်ပင်၏ ပင်စည်နှင့် တူ၏။ ပိဋက ပါဠိတော်ကား အကိုင်း အခက်နှင့်သာ တူသောကြောင့် မူလ ပင်စည်နှင့် တူသော ဓမ္မသင်္ဂဏီ ကျမ်းကို မှီငြမ်း ပြုအပ်ပါ သတည်း။

မေး။ ။ထိုသို့ဖြစ်ပါက စေတသိက်ကို ရှေ့ထား၍ စေတသိက်, စိတ္တံ- ဟု ဆိုသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် စိတ်ကို ရှေ့ထား၍ ဆိုအပ်ပါသနည်း ဟူပြောအံ့။

ဖြေ။ ။စေတသိက်ကား စိတ်ကိုမှီတတ်သောကြောင့် နိဿိတမည်၏၊ စိတ်ကား စေတသိက်၏ မှီရာဖြစ်သောကြောင့် နိဿယမည်၏။ ဤသို့ နိဿယ, နိဿိတ, နှစ်ပါး တို့တွင် မှီရာ နိဿယကို ရှေးဦးစွာ ဆိုအပ်သောကြောင့် စိတ်ကို ရှေးဦးစွာ ဆိုအပ်ပါ သတည်း။

အဘိဓမ္မေ နာမ သာမညဝသေန အဝတွာ ဝိတ္တ, စေတသိက,နိဗ္ဗာနဝသေန ဝုတ္တတ္တာ။ ။စိတ္တ,စေတသိက, ရူပါနံ နိရောဓဋ္ဌာနဒဿနတ္ထံ နိဗ္ဗာနံ အန္တေ ဝုတ္တံ။ နိဿယနိဿိတေသု နိဿယဿ ပဌမံ ဝတ္တဗ္ဗတ္တာ ပဌမံ ဝုတ္တံ။

သခေ်ပဝဏ္ဏနာ

---

### ဆောင်ပုဒ်

က။ ။မိမိလက္ခဏာ၊ စွန့်ကာမပျောက်၊ မဘောက်မပြန်၊ ယင်းအားလျော်၊ မှတ်ရန်-ပရမတ်။

ခ။ ။ဘောက်ပြန်သဘော၊ မစွန့်သောကြောင့်၊ နှတ်လော-ရပ်ကို၊ ပရမတ်-ဆို၏။

ဂ။ ။နာမ်ကိုခွဲခြား၊ သရုပ်အားပြင်၊ ဖော်ဘော်လင့်၊ မိန့်ရှင့် စတုဒွါ။

ဃ။ ။စိတ်, စေ, ရုပ်၊ ချုပ်ငြိမ်းမှန်၊ နိဗ္ဗာန်-နောက်ထားဆို။

င။ ။ဓမ္မသင်္ဂဏီ၊ မိန့်ဆိုညီ ရှေ့ဘည် စိတ်, စေ, ကို။

စ။ ။စေ-၏ မှီရာ၊ ရှေးဦးစွာ၊ မိန့်မှာ စိတ္တံ-ကို။

## ၃။ ။တတ္ထ ဝိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စေတိ။

သင်္ဂြိုဟ်ပါဌ်

---

ထိုပရမတ္ထတရား လေးပါး တို့တွင် စိတ်သည် ၁-ကာမာဝစရစိတ်။ ၂-ရူပါဝစရစိတ်။ ၃-အရူပါဝစရစိတ်။ ၄-လောကုတ္တရာစိတ် ဟူ၍ ဘုမ္မိဘေဒအားဖြင့် လေးပါးအပြားရှိ၏....ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## စိတ်၏ အဓိပ္ပါယ်

စိတ္တံ ၌အရ စိတ်သည် ဇာတိဘေဒအားဖြင့် ကုသိုလ်စိတ်, အကုသိုလ်စိတ်, ကြိယာစိတ်, ဝိပါက်စိတ်, အားဖြင့် လေးပါး အပြား ရှိသည်တွင် ရှေးသုံးပါးကား ဇောစိတ်များဖြစ်ကြ၍ ဇော-ဟူက အကြိမ်ကြိမ်အထပ်ထပ် အာသေဝန ပစ္စည်း တပ်လျက် ဖြစ်တတ်, အစုအပုံ ပြုတတ်သောကြောင့် စိတ်မည်၏။ ။အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ-ဟုပြု။ ။အတ္တနော သန္တာနံ၊ ဇော-ဟု ဆိုအပ်သော မိမိ၏ သန္တာန်ကို။ စိနောတိ၊ အစုအပုံ ဖြစ်အောင် အကြိမ်ကြိမ် အထပ်ထပ် ပြုတတ်၏။ ဣတိ၊ကြောင့်။ စိတ္တံ၊ စိတ်-မည်၏။ ။(ဤအလို-စိဓာတ်)။

ဝိပါက် စိတ်သည်ကား။ ။ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။ ။ဝိဂ္ဂြိုဟ် အရ၊ ကံ,ကိလေသာတို့သည် အကျိုး၏ အဖြစ်ဖြင့် ဖြစ်စေအပ်သောကြောင့် စိတ်မည်၏။ ။ကမ္မကိလေသေဟိ၊ ကံ,ကိလေသာတို့သည်။ စိတံ၊ဖြစ်စေအပ်သည်တည်း။ ဣတိ ကြောင့်။ စိတ္တံ၊၏။ ။ဟုပေး။

တနည်း။ ။ကမ္မကိလေသေဟိ စိတံ တာယတိ ရက္ခတီတိ စိတ္တံ။ ။ဝိဂ္ဂြိုဟ် အရ ကိလေသာလျှင် အဖော်ရှိသော ကံတရားသည် ဖြစ်စေအပ်သော ခန္ဓာကိုယ် အတ္တဘောကို မပျက်မစီးရအောင် စောင့်ရှောက် တတ်သောကြောင့် ဝိပါက်သည် စိတ်မည်၏။ ။ကမ္မကိလေသေဟိ၊ ကံ,ကိလေသာတို့သည်။စိတံ၊ဖြစ်စေအပ်,ဆည်းပူးစုဆောင်းထားအပ်သော အတ္တဘောကို။ တာယတိ-ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိ၊ ကြောင့်။ စိတ္တံ၊ ၏ ။ ဟုပေး။ ။(ဤအလို-စိတ သဒ္ဒါပ ပဒ-တာ ဓာတ်)။

**ကုသိုလ်,အကုသိုလ်,ကြိယာ,ဝိပါက်-မကျန်ပါဘဲ အလုံးစုံ စိတ်မှန်သမျှ သည်ကား။ ။အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ ။ဝိဂြိုဟ်အရ၊ အာရုံကို သိတတ်သောကြောင့် စိတ်မည်၏။ ။(ဤအလို-စိန္တခါတ်)။**

အာရမ္မဏံ၊အာရုံကို။ စိန္တေတိ၊သိတတ်၏။ ဣတိ၊ကြောင့်။ စိတ္တံ၊၏။ ။ဟုပေး။

တနည်း။ ။စိတ္တေတိ ဝိစိတ္တံ ကရောတီတိ စိတ္တံ။ ။ဝိဂြိုဟ်အရ၊လောက၌ ပန်းချီဆေးရေး အမှုသည်၎င်း၊ ယခုအခါ အနောက် နိုင်ငံသားတို့သည် ကြံစည်ပြုလုပ်အပ်သော စက်မှုစသော အမှုအမျိုးမျိုးသည်၎င်း၊အလွန်တရာ ဆန်းကြယ်ပေ၏။ ၎င်းအလွန်တရာ ဆန်းကြယ်လှသော အမှုအမျိုးမျိုးကို ယင်းအမှုတို့ထက် ပိုမို ဆန်းကြယ်သော စိတ်ဓါတ်ကသာ ပြုလုပ်စီမံသော ကြောင့် စိတ်မည်၏။ ။စိတ္တေတိ ဝိစိတ္တံ ကရောတိ၊ ဆန်းကြယ်သော အမှု အသွယ်သွယ်ကို ပြုတတ်၏။ ဣတိ၊ ကြောင့်။ စိတ္တံ၊ ၏။ ။ဟုပေး။ ။(ဤအလို စိတ္တဓါတ်)။

တနည်း။ ။အတ္တနော စိတ္တတာယ စိတ္တံ။ ။ဝိဂြိုဟ်အရ၊ ၎င်းစိတ်သည် ပင်လျှင် ဘုမ်,ဇာတ်,သမ္ပယုတ် စသော အားဖြင့် အလွန်တရာ ဆန်းကြယ် သောကြောင့် စိတ်မည်၏။ ။အတ္တနော၊ မိမိဟု ဆိုအပ်သော စိတ်၏။ စိတ္တတာယ၊ ပင်ကိုယ်ကပင် ဆန်းကြယ်သောကြောင့်။ စိတ္တံ၊၏။ဟုပေး။ ။(ဤအလို အနိဋ္ဌပ္ပါဋိပဒိက-ပုဒ်တည်း)။

တနည်း။ ။အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ။ ။ဝိဂြိုဟ်အရ၊ အနန္တရ-ပစ္စည်း စသည်တို့၏ အစွမ်းအားဖြင့် မိမိတည်းဟူသော စိတ်အစဉ် ကို မပြတ်မလပ်ဖြစ်အောင် ပြုတတ်သောကြောင့် စိတ်မည်၏။ အတ္တနော သန္တာနံ၊မိမိစိတ်အစဉ်ကို။စိနောတိ၊မပြတ်အောင် ပြုတတ်၏။ဣတိ၊ကြောင့်။ စိတ္တံ၊၏။ဟုပေး။

(၎င်းဝိဂြိုဟ်သည် အာသေဝနပစ္စည်း ကြံပါမူ၊ ဇောစိတ်နှင့်သာ ဆိုင်၏။ အနန္တရစသောပစ္စည်း ကြံပါမူ၊အလုံးစုံသော စိတ်နှင့် ဆိုင်၏ဟုမှတ်)။

ဤဆိုအပ်ပြီးသည်ကား အဘိဓမ္မာအလို၊စိတ်၏ အဓိပ္ပါယ်တည်း။

သုတ္တံ အလိုသော်ကား

စိတ္တေန နီယတိ လောကော၊စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊သဗ္ဗေဝ ဝသမန္ဝဂူ။ ။

စိတ္တေန၊ အဘိသင်္ခါရဝိညာဏ် စိတ်သည်။ ဝါ၊တဏှာနှင့် ယှဉ်သော စိတ်သည်။ လောကော၊ လူအပေါင်းကို။ နီယတိ၊ ဆောင်အပ်၏။ စိတ္တေန၊ အဘိသင်္ခါရဝိညာဏ်စိတ်သည်။ လောကော၊လူအပေါင်းကို။ ပရိကဿတိ၊ ဆွဲငင်အပ်၏။စိတ္တဿ၊စိတ်ဟု ဆိုအပ်သော။ ဧကဓမ္မဿ၊တခုသောတရား၏။ ဝသံ၊ အလိုနိုင်ငံသို့။ သဗ္ဗေဝ၊ အလုံးစုံသော သူတို့သည် သာလျှင်။ အန္ဝဂူ၊ အစဉ်တစိုက် လိုက်ရကုန်၏။ ။ဤ သံယုတ် ပါဠိတော်အရ စိတ်တရား ဟူသည် ခပ်သိမ်းဥဿုံ အလုံးစုံသော တရားတို့ကို သိမ်းမြို တတ်သော တရားစုသည်သာတည်း။လောကဓာတ် တခုလုံး၏ အချုပ်ကား စိတ်သာ တည်း။ စိတ်၏ အလိုသို့သာ အလုံးစုံသော သတ္တဝါတို့သည် လိုက်ခါ သံသရာ၌ ကျင်လည် နေကြရကုန်၏။

စသည်ဖြင့် ထိုထိုပါဠိတော်လာ စိတ်၏ အဓိပ္ပါယ် အဖြာဖြာကို သိလင့် ကုန်။ ။ဤ၌ကား အဘိဓမ္မာအရာဖြစ်၍ သုတ္တံ၏အရ အကျယ်ကို မပြသင့်ပြီ။

သင်္ဂဟဂါထာ

၃-က။ ။ဝိစိတ္တကရဏာ စိတ္တံ၊အတ္တနော စိတ္တတာယ ဝါ။
စိတံ ကမ္မကိလေသေဟိ၊ စိတံ တာယတိ ဝါ တထာ။
စိနောတိ အတ္တသန္တာနံ၊ဝိစိတ္တာရမ္မဏန္တိ စာတိ။ ။

ဋီကာကျော်

၃-ခ။ ။ဝိစိတ္တကရဏာ စိတ္တံ၊အတ္တနော စိတ္တတာယ ဝါ။
ပညတ္တိယမ္ပိ ဝိညာဏေ၊ဝိစိတ္တေ စိတ္တကမ္မကေ။
စိတ္တသမ္မုတိ ဒဋ္ဌဗ္ဗာ၊ဝိညာဏေ ဣဓ ဝိညုနာ။ ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ

၃-ဂ။ ။စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ ဝိဇာနာတီတိ အတ္ထော။ယသ္မာ ဝါ စိတ္တန္တိ သဗ္ဗစိတ္တသာဓာရဏော ဧသ သဒ္ဒေါ။ တသ္မာ-ယ ဒေတ္ထ လောကိယ ကုသ လာကုသလကြိယစိတ္တံ။ပ။ ဝေမေတ္ထ အတ္တော ဝေဒိ တဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ

၃-က။ ။ဝိစိတ္တကရဏာ၊ဆန်းကြယ်သောအမှုကိုပြုတတ်သောကြောင့်။စိတ္တံ၊စိတ်မည်၏။ဝါ၊ တနည်းကား၊ အတ္တနော၊မိမိဟုဆိုအပ်သောစိတ်၏။စိတ္တတာယ၊ပင်ကိုယ်ပင်ဆန်းကြယ်သော ကြောင့်။ စိတ္တံ၊၏။ ဝါ၊ကား။ကမ္မကိလေသေဟိ၊ကံ,ကိလေသာတို့သည်၊ စိတံ၊ဖြန့်ခေအပ်၏။

## ကာမာဝစရအဓိပ္ပါယ်

ကာမာဝစရံ-ဟူသောပုဒ်၌၊ ကာမပုဒ်, အဝစရ-ပုဒ်ဖြစ်၏။ကာမသည် ဝတ္ထုကာမ,ကိလေသာကာမဟူ၍ ၂-မျိုးရှိ၏။ထို ၂-မျိုးတို့တွင် ကိလေသာ ကာမ ဟူသည်မှာ ဆန္ဒရာဂ-ပင်တည်း။ ထိုကြောင့် ၎င်းကာမ သဒ္ဒါကို ကာမေတီတိ ကာမော ဟု-ဝိဂ္ဂဟ်ပြု။ ။ယောဆန္ဒရာဂေါ၊ အကြင်ဆန္ဒ ရာဂ တရားသည်။ ကာမေတိ၊အလိုရှိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော ဆန္ဒရာဂေါ၊ ထိုဆန္ဒရာဂသည်။ ကာမော၊ကာမ မည်၏-ပေး။

တေဘုမ္မကဝဋ္ဋဟု ဆိုအပ်သော ၃၁-ဘုံသည်၊ ဝတ္ထုကာမ မည်၏။ ထိုဝတ္ထုကာမပုဒ်ကို-ကာမီယတီတိ ကာမော....ဟု ဝိဂ္ဂဟ် ပြုအပ်၏။

ယော၊ အကြင်လူဘုံ,နတ်ဘုံ,စသော ဝတ္ထုကာမကို။ ကာမီယတိ၊အလို ရှိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ အလိုရှိအပ်သောသတ္တိကြောင့်။ သော၊ ထို လူဘုံ, နတ်ဘုံစသော ဝတ္ထုသည်။ ကာမော၊ ကာမ-မည်၏။

ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရံ။ ။ဧတ္ထ၊ ဤကာမ, ၁၁-ဘုံ၌။ကာမော၊ဝတ္ထုကာမ,ကိလေသာကာမ-နှစ်ပါးသည်။အဝစရတိ၊

[illegible]

၃-၁။ [illegible]

၃-၈။ [illegible]

ကျင်လည်တတ်,ဖြစ်တတ်၏။ ဧတ္ထတိတဗ္ဗာ၊ ထိုသို့ ကျင်လည်ရာ ဖြစ်သော သတ္တိကြောင့်။ သော၊ထိုကာမ ၁၁-ဘုံသည်။ကာမာဝစရော၊ကာမာဝစရ-မည်၏။ ။အဓိပ္ပါယ်ကား….ကာမ ၁၁-ဘုံသည် ဝတ္ထုကာမ,ကိလေသာကာမ နှစ်ပါး၏ ကျင်လည်ရာဖြစ်သော သတ္တိကြောင့် ကာမာဝစရမည်၏။

ဤဝိဂြိုဟ် အရ၊ ကာမ ၂-ပါး၏ ကျင်လည်ရာ ဟူသည်ကား ကာမ ၂-ပါး၏ ဖြစ်ရာကို ဆိုလိုသည်။ထိုကြောင့် အဋ္ဌကထာ၌ ပဝတ္တိဝသေန-ဟု မိန့်ဆိုအပ်၏။

ဖြစ်ပုံကား။ ။ကိလေသာကာမသည် ကာမ ၁၁-ဘုံ၌ လိုချင် တပ်နှစ်သက်သောအားဖြင့် အာရုံပြုကာ ဖြစ်၏။ ထိုကာမ ၁၁-ဘုံ၌ တည်ရှိသော ရွှေအိမ်, ရွှေနန်း, ဗိမာန်-အတန်တန်သော ရတနာရွှေငွေ-စသော ဝတ္ထုကာမကား ကာမတဏှာ၏ အလိုရှိအပ်, တောင့်တ အပ်သော သဘော ဖြစ်၍ ကာမ ၁၁-ဘုံ၌တည်ရှိကာ ဖြစ်တတ်၏။ဤသို့ ကာမ ၂-ပါး၏ဖြစ်ရာ ဖြစ်သော အပါယ်လေးဘုံ,လူ့ဘုံ, နတ်ပြည်ခြောက်ထပ် ဤ၁၁-ရပ်သော ဌာနသည် ကာမာဝစရဘုံ မည်၏။ ။ဟူလို။

ဤသို့ ဖြစ်ပါက-လူ့ဘုံ,နတ်ဘုံကား-ကာမတဏှာဖြင့် အလိုရှိအပ်သော သဘောဖြစ်သင့်စေ၊ အပါယ် လေးဘုံကား- အဘယ်သို့လျှင် ကာမ တဏှာဖြင့် အလိုရှိအပ်သော သဘော ဖြစ်သင့်ပါအံ့နည်း ဟူမူ။ ။ဂတိ နိမိတ်ကို သာယာသည်၏အစွမ်းအားဖြင့်၎င်း၊ဘဝနိကန္တိ-ဟု ဆိုအပ်သော မိမိဖြစ်ရာ အပါယ်ဘုံ၌ တွယ်တာသော တဏှာလောဘ၏ အစွမ်း အားဖြင့်၎င်း အလိုရှိအပ်သောကြောင့် အပါယ်ဘုံသည်လည်း ကာမတဏှာဖြင့် အလိုရှိအပ်၏-ဟု မှတ်။ ။ထိုသို့ ဖြစ်ပါက ရူပဘုံ, အရူပဘုံ သည်လည်း ပဒေသာပင် ဥယျာဉ်ဗိမာန် စသော ဝတ္ထုကာမ, ထိုဝတ္ထုတို့ကို တပ်နှစ်သက်သော ရူပရာဂ, အရူပရာဂ မည်သည်ဟူသော ကိလေသာကာမ ၂-ပါး၏ ဖြစ်သင့်လေသောကြောင့် ကာမာဝစရ မည်သင့်သည် မဟုတ်ပါလောဟူမူ။ ထို ဘုံ,အရူပဘုံ၌ရှုန့်ရင်းကြမ်းတန်းသော ဩဠာရိက ဂိယ သံယောဇဉ်တရားသည် မဖြစ်။ ရူပဘုံ, အရူပဘုံတို့၌ ဖြစ်ကုန်သော ဗိမာန်, ပဒေသာပင် စသော ဝတ္ထုကာမတို့၌ တပ်သော နိကန္တိ တဏှာသည်လည်း သိမ်မွေ့နူးညံ့သောကြောင့် ကိလေသာကာမ၌ မဟူအပ်ရကား၊ ထို ရူပဘုံ, အရူပဘုံတို့သည် ကာမာဝစရ မမည်ကုန်-ဟု မှတ်။

၃-က။ ။ရူပါရူပဓာတူသု ပဝတ္တမာနေသု ကာမာဝစရဓမ္မေသု နိကန္တိ ဣဓ နသင်္ဂဟိတာ သုခုမတ္တာ။ ။

မူလဋီကာ။

ဝိသယဿ ဝိသေသိတတ္တာ ဩရမ္ဘာဂိယ ကိလေသ ဘူတော ကာမရာဂေါ ဣဓ ကိလေသော ကာမောတိ ဂဟိတော။ ။အနုဋီကာ။

ကာမာဝစရဓမ္မေသူတိ ဝိမာနကပ္ပရုက္ခာဒိသု။ နိကန္တိတိ ဗြဟ္မာနံ ဝါ ကာမာဝစရသတ္တာနံ ဝါ နိကန္တိ။ ။ဓမ္မ။

**တနည်း။** ။ထိုသို့ ပြဆိုအပ်ပြီးသော ကာမနှစ်ပါး၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမ ၁၁ ဘုံသည် ကာမာဝစရ မည်၏ဟု ဆိုလျှင် ထိုကာမဘုံ၌ ရူပါဝစရ,အရူပါဝစရ တရားတို့သည်လည်း ဖြစ်ကုန်သောကြောင့် ထိုကာမ ၁၁-ဘုံသည် ရူပါဝစရ, အရူပါဝစရ မည်သင့်သည် မဟုတ်ပါလော-ဟူမူ။ ။မမည်သင့်။ အဘယ့်ကြောင့်ဆိုသော် ထိုကာမ ၁၁-ဘုံ၌ ရူပါဝစရ, အရူပါဝစရ တို့သည် ရှိငြားသော်လည်း ထိုကာမတရားဖြင့်သာ ထိုကာမ ၁၁-ဘုံကိုမှတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

ဥပမာအားဖြင့်ဆိုသော်····အကြင်အရပ်၌ လက်နက်ကိုင်စစ်သူတို့သည် ကျင်လည် သွားလာတတ်ကုန်၏။ ထိုလက်နက်ကိုင်စစ်သော သူတို့၏ ကျင်လည်သွားလာရာ အရပ်ဝယ် လက်နက်မပါ အခြားသော သတ္တဝါတို့သည် ကျင်လည်သွားလာကုန်ငြားသော်လည်း ရှေးဦးစွာ ကျင်လည်သွားလာကုန်သော လက်နက်ကိုင်စစ်သော သူတို့ကို အမှတ်ပြု၍ သသတ္တာဝစရ-အရပ်ဟု ခေါ်ဝေါ်အပ်သကဲ့သို့ မှတ်အပ်၏။

၃-က။ ။ရူပါရူပ ဓာတူသု၊ ရူပဘုံ, အရူပဘုံ တို့၌။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သော။ ကာမာဝစရဓမ္မေသု၊ ကာမာဝစရဓမ္မဟု ဆိုအပ်သော ဗိမာန်, ပဒေသာပင်, စသည်တို့၌။ နိကန္တိ၊ တပ်နှစ်သက်ခြင်းတဏှာကို။ ဣဓ၊ ဤကိလေသကာမအစား၌။ နသင်္ဂဟိတာ၊ မယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း-ဟူမူကား။ သုခုမတ္တာ၊ သိမ်မွေ့သည်၏ အဖြစ်ကြောင့်တည်း။

ဝိသယဿ၊ အာရုံ၏။ ဝိသေသိတတ္တာ၊ အထူးပြုအပ်သည် အဖြစ်ကြောင့်။ ဩရမ္ဘာဂိယ ကိလေသဘူတော၊ ဩရမ္ဘာဂိယ ကိလေသာဖြစ်၍ဖြစ်သော။ ကာမရာဂေါ၊ ကာမရာဂသည်။ ဣဓ၊ ဤကာမာဝစရ၌။ ကိလေသကာမောတိ၊ ကိလေသကာမ-ဟူ၍။ ဂဟိတော၊ ယူအပ်၏။

ကာမာဝစရ ဓမ္မေသူတိ၊ ဟူသည်ကား။ ဝိမာနကပ္ပရုက္ခာဒိသု၊ ဗိမာန်, ပဒေသာပင်, စသည်တို့၌။ နိကန္တိတိ၊ ကား။ ဗြဟ္မာနံ ဝါ၊ ဗြဟ္မာတို့၏လည်း။ ကာမာဝစရသတ္တာနံ ဝါ၊ ကာမာဝစရ သတ္တဝါတို့၏လည်း။ နိကန္တိ၊ တပ်နှစ်သက်ခြင်း တဏှာတည်း။

၃-၁။ ။ယထာ ဟိ ယသ္မိံ ပဒေသေ သသတ္ထာ ပုရိသာ အဝစ ရန္တိ၊ သော ဝိဇ္ဇမာနေသုပိ အညေသု ဒွိပဒ စတုပ္ပဒေသု အဝစရန္တေသု တေသံ အဘိ လက္ခိတတ္တာ သသတ္ထာ ဝစရော တွေဝ ဝုစ္စတိ။ပ။တေသံ အဘိလက္ခိတတ္တာ အယံ ပဒေသော ကာမာဝစရော တွေဝ ဝုစ္စတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## စိတ်၏ကာမာဝစရမည်ခြင်း အကြောင်း

ကာမေ အဝစရတီတိ ကာမာဝစရံ။

ယံ၊အကြင်စိတ်သည်။ ကာမေ၊ ကာမ ၁၁-ဘုံ၌။ အဝစရတိ၊ကျင်လည် တတ်၏။ ဣတိ၊ ကြောင့်။ ကာမာဝစရံ၊ ကာမာဝစရမည်၏။ ။ဝိဂ္ဂဟ် အရ။ ။ဤငါးဆဲ့လေးပါးသော စိတ်သည် ကာမ ၁၁-ဘုံ၌ ကျင်လည် တတ်သောကြောင့် ကာမာဝစရစိတ်မည်၏။ ။ဟူလို။

**မှတ်ချက်၊** ။ဤဝိဂ္ဂဟ်၌ ကာမေ-ပုဒ်ကား ကာမာဝစရေ-ဟု ဆို လိုလျက်၊ အဝစရ-ပုဒ်ကို ချေ၍ ကာမေ-ဟု ဆိုအပ်သော ပုဒ်ဖြစ် ၏။ ။ရူပဘဝေါ-ပုဒ်၌ ဘဝပုဒ်ကိုချေ၍ ရူပံ-ဟု ဆိုအပ်သကဲ့ သို့မှတ်။

ဤစိတ်သည် ကာမဘုံ၌ ကျင်လည်တတ်သောကြောင့်၊ ကာမာဝစရ ဟုဆိုလျှင် ကာမဘုံ၌သာ ကျင်လည်သည် မဟုတ်။ ရူပဘုံ, အရူပဘုံ၌ လည်း ကျင်လည်တတ်သောကြောင့် ရူပါဝစရ, အရူပါဝစရစိတ်လည်း မည်သင့်သည် မဟုတ်ပါလော ဟူမူ။ ။မမည်သင့်။ အဘယ့်ကြောင့် ဆို သော် များသောအားဖြင့် ကျင်လည်ခြင်းကို အလိုရှိသောကြောင့်တည်း။

၃-၁။ ။ဟိ၊ ဥပမာအားဖြင့်သာ စွာပြဦးအံ့။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ သသတ္ထာ၊ လက်နက်နှင့်တကွဖြစ်ကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်။ အဝစရန္တိ၊ ကျင်လည်ကြကုန်၏။ သော၊ ထိုအရပ်သည်။ အညေသု၊ တပါးကုန်သော။ အဝစရန္တေသု၊ ကျင်လည်ကုန်သော။ ဒွိပဒ, စတုပ္ပဒေသု၊ အခြေနှစ်ချောင်းရှိသော သတ္တဝါ, အခြေ လေးချောင်းရှိသော သတ္တဝါတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ထင်ရှားရှိကုန်သည်ဖြစ်စေ။ တေသံ၊ ထိုလက်နက်ရှိသော သူတို့ကို သာလျှင်။ ဝါ၊ တို့ဖြစ်ခြင်းသည်လျှင်။ အဘိလက္ခိတတ္တာ၊ မှတ်အပ်သည်၏ အဖြစ်ကြောင့်။ သသတ္ထာဝစရောဝ၊ သသတ္ထာဝစရ-ဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်သကဲ့သို့။ ပ။ တေသံ၊ ထိုကာမတရားတို့ကို သာလျှင်။ ဝါ၊ တို့ဖြစ်ခြင်းသည်လျှင်။ အဘိလက္ခိတတ္တာ၊ မှတ်အပ်သည်၏ အဖြစ်ကြောင့်။ အယံ ပဒေသော၊ ဤအရပ်သည်။ ကာမာဝစရော ဝေ၊ ကာမာဝစရ-ဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

ဆိုလိုရင်းကား။ ။ဤငါးဆဲ့လေးပါးသော စိတ်သည် ရုံခါ ရူပဘုံ,အရူပ ဘုံ၌ ဖြစ်သော်လည်း များသောအားဖြင့် ကာမဘုံ၌သာ ဖြစ်သောကြောင့် ကာမာဝစရမည်၏။ ။ဟူလို။

## ဥပမာဆိုသော်

ကြည်းကုန်း၌ ကျင်လည်ကုန်သော သတ္တဝါ,ရေ၌ ကျင်လည်ကုန်သော သတ္တဝါတို့သည် ကြည်းမဟုတ်သော နေရာ, ရေမဟုတ်သော နေရာ၌ တည်ကုန်သော်လည်း ကြည်းကုန်း၌ ကျင်လည်သော သတ္တဝါ, ရေ၌ ကျင်လည်သော သတ္တဝါ, ဟု ခေါ်အပ်ကုန်သကဲ့သို့ရင်း။ တနည်း မြို့၌ နေသောသူသည် တရံတခါ တောသို့ အလည်အပတ်သွား၍ တောအရပ်၌ နေသော်လည်း တောသားဟု မခေါ်ရ၊မြို့၌ အနေများ၍ မြို့သားဟုပင် ခေါ်ရဘိသကဲ့သို့ရင်း။ထိုအတူ ယင်း ကာမာဝစရစိတ်သည်လည်း ရုံခါ ရူပဘုံ အရူပဘုံ၌ပင် ဖြစ်လင့်ကစား ကာမဘုံ၌သာ အဖြစ်များသော ကြောင့် ယေဘုယျနည်းအားဖြင့် ကာမာဝစရမည်၏။ ။ဟူလို။

၃-၈။ ။ထလ,ဇလစရာ စ ပါဏာ အထလေ အဇလေ စ
ဌိတာပိ ထလစရာ ဇလစရာတွေဝ ဝုစ္စန္တိ၊ ဧဝမိဒံ
အညတ္ထ အဝစရန္တမ္ပိ ကာမာဝစရမေဝါတိ ဝေဒိ
တဗ္ဗံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

ယေဘုယျစရဏဋ္ဌေတ္ထ ဒဋ္ဌဗ္ဗံ။

မဓုဋီကာ။

**တနည်း**။ ။ကာမေ အဝစရတိ ဣတ္ထာတိ ကာမာဝစရံ။

ဣတ္ထ၊ ဤငါးဆဲ့လေးပါးသော စိတ်၌။ ကာမေ၊ ကာမတဏှာသည်။ အဝစရတိ၊ အာရုံပြုသောအားဖြင့် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကျင် လည်ရာ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ကာမာဝစရံ၊မည်၏။ ။ဟုပေး။

---

၃-၈။ ။ဧ၊သက်၍ဝိုင်း၍အဓိ။ ထလဇလစရာ၊ ကြည်း၌ကျင်လည်,ရေ၌ကျင်လည်တတ် ကုန်သော။ပါဏာ၊သတ္တဝါတို့ကို။အထလေ၊ကြည်းမဟုတ်သည်၌ရှင်း၊အဇလေ၊ရေမဟုတ် သည်၌ရှင်း။ဌိတာပိ၊တည်ကုန်သော်လည်း။ထလစရာ,ဇလစရာ ဣစ္စေဝ၊ ထလစရ,ဇလစရ-တို့ ဟူ၍သာလျှင်။ ဝုစ္စန္တိ၊ယထာ ၊ဆိုအပ်ကုန်သကဲ့သို့ရှင်း။ ဧဝံ တထာ၊ ထိုအတူ။ ရူပံဝါ ဣတရံ ဝါ။ အညတ္ထ၊ကာမဘုံမှ တပါးသော ရူပဘုံ,အရူပဘုံ၌ဝိ။ အဝစရန္တံ၊ကျင်လည် သော်လည်း။ ကာမာဝစရမေဝါတိ၊ ကာမာဝစရသာလျှင်မည်၏ဟူ၍။ဝေဒိတဗ္ဗံ၊၏။

ဤ၀ါးဆဲ့ လေးပါးသော စိတ်သည်- ကာမတဏှာ၏ အာရုံပြုသော အားဖြင့် ကျင်လည်ရာ ဖြစ်ရာဖြစ်သော သတ္တိကြောင့် ကာမာဝစရ မည်၏။ ။ဟူလို။

ဤ၀ဂ္ဂိုဟ်၌ ကာမေ ဟု သာမညဆိုသောကြောင့် ကာမေဟူသော ပုဒ်ဖြင့် ကိလေသာကာမချည်းဖြစ်သော အလုံးစုံသော တဏှာကိုဆိုသောကြောင့်၊ ထိုတဏှာသည် ရူပါဝစရစိတ်, အရူပါဝစရစိတ် တို့၌ အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည်၏။ ဤသို့ ကျင်လည်သည့်ရှိသော် အဘယ့်ကြောင့် ကာမေ- အရ-ကိလေသာ ကာမကိုသာ ကောက်သင့် ပါသနည်း။ ။ဟူမူ။

ကာမေဟု သာမညအားဖြင့် ဆိုသော်လည်း ကာမေ-ဟူသော ပုဒ်ဖြင့် အလုံးစုံသော တဏှာကိုမဆို။ ကာမာဝစရ စိတ်၌သာ အာရုံပြုသည်၏ အစွမ်းဖြင့် ဖြစ်သော ကာမတဏှာကိုသာ အထင်ရှဥ်အားဖြင့် ဆိုအပ်၏။ ။ ဟူလို။

ဥပမာအားဖြင့်ဆိုသော်····မဟိံသံ သေတီတိ မဟိံသော-ဟု ဆိုသော်လည်း မြေ၌ အိပ်တတ်သမျှသော နွား,မြင်း,စသော သတ္တဝါတို့ကို မဟိံသ မခေါ်အပ်၊ ကျွဲသတ္တဝါကိုသာလျှင် အထင်ရှဥ်အားဖြင့် ခေါ်ဆိုအပ်သကဲ့သို့တည်း။

၃-ဃ။ ။ကာမဒ္ဒေသ ရူပါရူပါဝစရေသုပိ အဝစရတိ၊ ယထာ ပန ဝဒတီတိ ဝစ္ဆော၊မဟိံသံ သေတီတိ မဟိံသော တိ ဝုတ္တေ နသတ္တာ ယတ္တကာ ဝဒန္တိ၊မဟိံသံဝါသေန္တိ သဗ္ဗေသံ တံတံ နာမံ ဟောတိ၊ ဧဝံ သမ္ပဒမိဒံ ဝေဒိ တဗ္ဗံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

၃-ဃ၀။ ။ဧ၊ ဆက်။ ဒွေ-ဒေသော ကာမေဝ၊ သည်။ ရူပါရူပါဝစရေသုပိ၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်တို့၌လည်း။ ကာမံ အဝစရတိ၊ အကယ်၍ ကျက်စားကျင်လည်တတ်၏ ရှင့်။ ယနံ-ဘာသာ ပိ၊ သော်လည်း။ ဝဒတိ၊ မြည်တတ်၏။ ရှင်ဘသွားကြောင်း။ ဝစ္ဆော၊ ဝစ္ဆ-မည်၏။ ဝါ၊ နွားငယ်မည်၏။ မဟိံသံ၊ မြေ၌။ သေတိ၊ အိပ်တတ်၏။ ရှင်ဘသွားကြောင်း။ မဟိံသော၊ မဟိံသ-မည်၏။ ဝါ၊ ကျွဲမည်၏။ ရှင်း၊ ဤသို့၊ ... သတ္တဝါ၊ အကြင်မျှလောက်ကုန်သော သတ္တဝါတို့သည်။ ဝဒန္တိ၊ မြည်တတ်ကုန်၏။ ဝါ၊ ကား။ မဟိံသံ၊ မြေ၌။ သေန္တိ၊ အိပ်တတ်ကုန်၏။ သဗ္ဗေသံ၊ ထိုအလုံးကုန်သော။ သတ္တာနံ၊ ထို၏။ တံတံ နာမံ၊ ထိုထိုဝစ္ဆ ဟူသောအမည်, မဟိံသ-ဟူသောအမည်သည်။ ... ဟောတိ၊ ဖြစ်၏။ ... ဤဥပမာ၌ ပြည့်စုံခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။

**တနည်း။** ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိ
အဝစာရေတီတိ ကာမာဝစရံ။

ယံ စိတ္တံ၊ အကြင် စိတ်သည်။ ကာမဘဝ သင်္ခါတေ၊ ကာမဘဝ-ဟု ဆိုအပ်သော။ ကာမေ၊ ကာမာဝစရဘုံ၌။ ပဋိသန္ဓိ ၊ ပဋိသန္ဓေ ကို။ အဝစာရေတိ၊ ကျင်လည်စေတတ်- ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။ ကာမာဝစရံ၊ ကာမာဝစရ-မည်၏။ ။ဝိဂ္ဂြိုဟ်အရ- ဤငါးဆဲ့လေးပါးသော စိတ်သည် ကာမဘုံ၌ ပဋိသန္ဓေ ကို ကျင်လည်စေတတ်, ဖြစ်စေတတ်သောကြောင့်- ကာမာဝစရ မည်၏-ဟူလို။ ။(ယထာလာဘနည်းမှတ်)။

**မှတ်ချက်။** ။ဤဝိဂ္ဂြိုဟ်ကား၊ ပောတုကတ္တုသာဓ် ဝိဂ္ဂြိုဟ်ဘည်း။ သို့ဖြစ်၍ နောက်-ပောတွတ္တ ဏပစ္စည်း နှောင်းရာ စ-၌ အာဂုဒ္ဓိ ရောက်၍ စာရေတိ-ဟု ဝိဂ္ဂြိုဟ် ဝါကျဖြစ်၏။ သို့သော်-ရုပ်ပြီးသော အခါ၌မူ စာ-၌ အာ-ကို အ-ရဿပြု၍ ကာမာဝစရ-ဟု ရုပ်ဖြစ်၏။ ဟုမှတ်။ ။ထိုကြောင့် မူလဋီကာ၌၊ ကာမေ အဝစာရေတီတိ ကာမာဝစရန္တိ ဝတ္တဗ္ဗေ စာသဒ္ဒဿ ရဿတ္တံ ကတံ၊ ။ဟု မိန့်၏။ ။(ယခုရှိ မူလဋီကာ စာမူတို့၌ အာ-ပျောက်၍ ကာမာဝစ ရန္တိ-ဟု ရဿနှင့် ရှိတတ်၏-သတိပြု)။

---

## ရူပါဝစရ- အဓိပ္ပါယ်

ရူပေ အဝစရန္တီတိ ရူပါဝစရာ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ ရူပေ- ရူပဘဝေ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၌။ ယေဘုယျေန၊ များသောအားဖြင့်။ အဝစရန္တိ၊ ကျင်လည်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ ရူပါဝစရာ၊ ရူပါဝစရ- မည်ကုန်၏။ ။ဝိဂ္ဂြိုဟ် အရ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်သော စိတ်တို့သည် ရူပါဝစရစိတ် မည်ကုန်၏-ဟူလို။

**မှတ်ချက်။** ဤ ဝိဂ္ဂြိုဟ်ဝယ် ရူပေပုဒ်၌ ဘဝ ပုဒ်ကြေ၏-ဟု မှတ်။ ။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ ရူပံ ဝုစ္စတိ ရူပဘဝေါ-ဟု မိန့်အပ်၏။ ။မူလဋီကာ၌ကား။ ။ဥတ္တရပဒလောပံ ကတွာ ရူပ ဘဝေါ ရူပန္တိ ဝုတ္တော-ဟု ဘွင့်ဆို၏။ ။ဆိုလိုရင်းကား ရူပေ-ဟု ဆိုသော်လည်း ရူပတဏှာကို မယူလင့်။ရူပဘဝကို ယူ။ ။ဟူလို

**တနည်း။** ။ရူပံ အဝစရတိ ဧတ္ထာတိ ရူပါဝစရံ။

ဧတ္ထ၊ ဤ ၁၅–ပါးသောစိတ်၌။ ရူပံ၊ ရူပတဏှာသည်။ အဝစရတိ၊ အာရုံပြုသောအားဖြင့် ကျင်လည်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကျင်လည်ရာ ဖြစ်သော သတ္တိကြောင့်။ တံစိတ္တံ၊ သည်။ ရူပါဝစရံ၊ ရူပါဝစရ စိတ် မည်၏။ ။ဝိဂ္ဂဟ်အရ၊ ရူပတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ဝါ–ဖြစ်သော စိတ်သည် ရူပါဝစရစိတ် မည်၏။ ဟူလို။

**မှတ်ချက်**၊ ။ဤဝိဂ္ဂဟ်ဝယ်၊ ရူပံ ပုဒ်၌ ရူပ အရ ရူပတဏှာကိုသာ ကောက်အပ်၏။ ရူပဘုံကို မကောက်ရ။ ။ထို့ကြောင့် မူလဋီကာ၌ ရူပတဏှာ ရူပံ–ဟု မိန့်ဆိုလေ၏။

**တနည်း။** ။ရူပဘဝသင်္ခါတေ ရူပေ ပဋိသန္ဓိံ
အဝစာရေတီတိ ရူပါဝစရံ။

ယံစိတ္တံ၊ အကြင်စိတ်သည်။ ရူပဘဝ သင်္ခါတေ၊ ရူပဘဝ ဟု ဆိုအပ်သော။ ရူပေ၊ ရူပ ဘုံ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေ ကို။ အဝစာရေတိ၊ ကျင်လည်စေတတ်,ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။ ရူပါဝစရံ၊ ရူပါဝစရ မည်၏။ ။ဝိဂ္ဂဟ်အရ။ ။ရူပါဝစရ စိတ် ၁၅ ပါးသည် ရူပဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောကြောင့်– ရူပါဝစရ မည်၏။ ။ဟူလို။ ။(ယထာ လာဘ နည်းမှတ်)။

(အရူပါဝစရ စိတ်ကိုလည်း ဤနည်းအတိုင်း သိလေ)။

---

**သင်္ဂဟ ဂါထာ**

၃-င။ ။ကာမေဝာဝစရတီတ္ယေတ္ထ၊ ကာမေဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ ကာမာဝစရံ ဘဝေ။ ။
ရူပံ ဝစရတီတ္ယေတ္ထ၊ ရူပေဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ ရူပါဝစရံ ဘဝေ။ ။
အရူပံ ဝစရတီတ္ယေတ္ထ၊ အရူပေ ဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ အရူပါဝစရံ ဘဝေ။
ဋီကာကျော်။ ။မဏိမဉ္ဇူ။

---

၃-င။ ။ဧတ္ထ၊ ဤကာမာဝစရစိတ်၌။ ကာမေ၊ ကာမတဏှာသည်။ အဝစရတိ၊ အာရုံပြုသောအားဖြင့် ဖြစ်တတ်၏။ ဌာန၊ ကြောင့်။ တံ၊ သည်။ ကာမာဝစရံ၊ ၏။ ။ဝါ၊ တနည်းကား။ ယံ၊ အကြင်စိတ်သည်။ ကာမေ၊ ကာမ ၁၁-ဘုံ၌။ အဝစရတိ၊ ကျင်လည်တတ်၏။ ဌာန၊ ကြောင့်။

## လောကုတ္တရာ အဓိပ္ပါယ်

လောကုတ္တရံ။ ။သဒ္ဒါဝယ် လောကပုဒ်, ဥတ္တရပုဒ်ဖြစ်၍ လောက၏ အရကား၊သုံးပါးသော လောကတို့တွင် သင်္ခါရလောကကိုသာ ယူအပ်၏။ ဥတ္တရသဒ္ဒါကား လွန်မြောက်ခြင်း အနက်,အကြီးအကဲ ဟူသောအနက်, နှစ်ပါးကို ဟော၏။ ။ထို့ကြောင့်—

လောကတော ဥတ္တရတီတိ လောကုတ္တရံ။

ဝိဂ္ဂြိုဟ် အရ၊ မဂ်စိတ်သည်။ ဥပါဒါနက္ခန္ဓာ ငါးပါး တည်းဟူသော သင်္ခါရလောကမှ အာသဝေါ တရားတို့၏ အာရုံ မဟုတ်သောအားဖြင့် လွန်မြောက်ဆဲ ဖြစ်သောကြောင့် လောကုတ္တရာမည်၏။ ။လောကတော၊ သင်္ခါရလောကမှ။ ဥတ္တရတိ၊လွန်မြောက်တတ်၏။ ဣတိ၊ကြောင့်။ လောကုတ္တရံ၊မည်၏။ ။ဟုပေး။

ဖိုလ်စိတ်သည်ကား။ ။လောကတော ဥတ္တိဏ္ဏန္တိ လောကုတ္တရံ။

ဝိဂ္ဂြိုဟ်အရ၊ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကမှ လွန်မြောက်ပြီးဖြစ်သောကြောင့် လောကုတ္တရာ မည်၏။ ။လောကတော၊ သင်္ခါရလောကမှ။ဥတ္တိဏ္ဏံ၊လွန်မြောက်ပြီးသည်တည်း။ ဣတိ၊ကြောင့်။ လောကုတ္တရံ၊ မည်၏။ ။ဟုပေး။

---

တံ၊သိုမီဘိသည်။ကာမာဝစရုံ၏။ ဝါ၊ဘနည်းကား။ဥာနပ်စာသေဘာဝ၊ဥာနဖြစ်သော ကာမ ဘုံ၏ကာမဟူသောအမည်ကို ဥာနိဖြစ်သောစိတ်၌ တင်စားသောအားဖြင့်လည်း၊ တံ၊သိုမီဘိ သည်။ကာမာဝစရုံ၊ကာမာဝစရမည်သည်။ဘဝေ၊ဖြစ်၏။

ဧဌ္ဌ၊ဤရူပါဝစရစိတ်၌။ရုပ်၊ရူပဘဝ၌သည်။အဝစရတိ၊အခါမှုသောအားဖြင့် ကျင်လည် တတ်၏။ဣတိ၊ကြောင့်၊တံ၊သည်။ရူပါဝစရံ၊သည်။ဘဝေ၊၏။ ။ဝါ၊ကား။ယံ၊အကြင်စိတ်သည်။ ရူပ၊ရူပဘုံ၌။ အာဝစရတိ၊များသောအားဖြင့် ကျင်လည်တတ်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ ရူပါဝစရံ၊သည်။ ဘဝေ၊၏။ ။ဝါ၊ ဘနည်းကား။ ဥာနပ်စာသေဘာဝ၊ ဥာနပ်စာသအားဖြင့် လည်း။တံ၊သည်။ ရူပါဝစရံ၊သည်။ဘဝေ၊၏။

ဧဌ္ဌ၊ ဤအရူပါဝစရစိတ်၌။ အရုပ်၊အရူပဘဝ၌သည်။ အဝစရတိ၊ အခါမှုသော အားဖြင့် ကျင်လည်တတ်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ အရူပါဝစရံ၊သည်။ ဘဝေ၊၏။ ။ဝါ၊ကား။ယံ၊ အကြင်စိတ်သည်။ အရူပ၊အရူပ ၄-ဘုံ၌။အာဝစရတိ၊များသောအားဖြင့် ကျင်လည်တတ်၏။ ဣတိ၊ကြောင့်။တံ၊သည်။အရူပါဝစရံ၊သည်။ဘဝေ၊၏။ ။ဝါ၊ကား။ဥာနပ်စာသေဘာဝေန၊ တံ၊သည်။အရူပါဝစရံ၊သည်။ဘဝေ၊၏။

**တနည်း။** ။လောကတော ဥတ္တရံ အဓိကန္တိ လောကုတ္တရံ။

ဝိဂြိုဟ်အရ၊ မင်္ဂ, ဖိုလ်, နိဗ္ဗာန်-သုံးပါး တို့သည် ဥပါဒါနက္ခန္ဓာ-ဟု ဆိုအပ်သော သင်္ခါရလောကထက် လွန်ကဲသော တရားဖြစ်သောကြောင့် လောကုတ္တရာ မည်ကုန်၏။ ။လောကတော၊ သင်္ခါရလောကထက်။ ဥတ္တရံ အဓိကံ၊ အာသဝေါ၏ အာရုံမဟုတ်သောကြောင့် လွန်ကဲ မြင့်မြတ်သည် တည်း။ ဣတိ၊ ကြောင့်။ လောကုတ္တရံ၊ မည်၏။ ။ဟုပေး။

၃-၈။ ။ဥပါဒါနက္ခန္ဓသင်္ခါတ လောကတော ဥတ္တရတိ အနာသဝ ဘာဝေနာတိ လောကုတ္တရံ။ ။ဋီကာကျော်။

တတ္ထ လောကုတ္တရန္တိ ကေနဋ္ဌေန လောကုတ္တရံ။ လောကံ တရတီတိ လောကုတ္တရံ။ လောကံ ဥတ္တရတီတိ လောကုတ္တရံ။ လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## အဘိဓမ္မာဝတာရဋီကာအရ

အဘိဓမ္မာဝတာရ ဋီကာဆရာကား၊ လောက၏အရ လောကသုံးပါး စလုံးကိုယူ၏။ ။သတ္တလောကမှ လွန်မြောက်ပုံကား သောတာပတ္တိမဂ်သည် အနရိယလောက-ဟု ဆိုအပ်သော ပုထုဇ္ဇန်အဖြစ်မှ လွန်မြောက်၏။ ။သကဒါဂါမိ မဂ်သည် သောတာပန် ပုဂ္ဂိုလ်အဖြစ် တည်းဟူသော သတ္တလောကမှ လွန်မြောက်၏။ ။အနာဂါမိမဂ်သည် သကဒါဂါမိ ပုဂ္ဂိုလ်အဖြစ် တည်းဟူသော သတ္တလောကမှ လွန်မြောက်၏။ ။အရဟတ္တ မဂ်သည် အနာဂါမိပုဂ္ဂိုလ်အဖြစ် တည်းဟူသော သတ္တလောကမှ လွန်မြောက်၏။

---

၃-၈။ ။ဥပါဒါနက္ခန္ဓသင်္ခါတ လောကတော၊ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရ လောကမှ။ အနာသဝဘာဝေန၊ အာသဝေါ်တရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ကြောင့်။ ဥတ္တရတိ၊ လွန်မြောက်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ လောကုတ္တရံ၊ မည်၏။

တတ္ထ၊ ထိုစကားရပ်၌။ လောကုတ္တရန္တိ၊ ကေနဋ္ဌေန၊ အဘယ် အနက်သဘောကြောင့်။ လောကုတ္တရံ၊ လောကုတ္တရာ မည်သနည်း။ လောကံ၊ လောကကို။ တရတိ၊ ကူးမြောက်တတ်၏။ ဣတိ၊ ထိုကြောင့်။ လောကုတ္တရံ၊ ၏။ လောကံ၊ ကို။ ဥတ္တရတိ၊ လွန်မြောက်တတ်၏။ ဣတိ၊ ထိုကြောင့်။ လောကုတ္တရံ၊ ၏။ လောကံ၊ ကို။ သမတိက္ကမ္မ၊ လွန်၍။ အဘိဘုယျ၊ လွှမ်းမိုး၍။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ထိုကြောင့်။ လောကုတ္တရံ၊ လောကုတ္တရာ မည်၏။

ဩကာသလောကမှ လွန်မြောက်ပုံကား။ ။သောတာပတ္တိ မဂ်သည် အပါယ်လေးဘုံမှလွန်မြောက်၏။ ။သကဒါဂါမိမဂ်သည် ကာမဘုံတစိတ်မှ လွန်မြောက်၏။ ။အနာဂါမိမဂ်သည် ကာမတဆဲ့တဘုံမှလွန်မြောက်၏။ ။ အရဟတ္တမဂ်သည် ရူပဘုံ,အရူပဘုံမှ လွန်မြောက်၏။

သင်္ခါရလောကမှ လွန်မြောက်ပုံကား။ ။သောတာပန်သည် ခုနစ်ဘဝကို ထား၍ အစမရှိသော သံသရာဝဋ်၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်၏။ ။သကဒါဂါမ်သည် နှစ်ဘဝကို ထား၍ သုံးဘဝတို့၌ ဖြစ်စေလတ္တံ့သော ဉပါဒိန္နက သင်္ခါရလောကမှ လွန်၏။ ။အနာဂါမ်သည် တဘဝကို ထား၍ ဒုတိယဘဝ၌ဖြစ်လတ္တံ့သော ဉပါဒိန္နက သင်္ခါရလောကမှလွန်၏။ ။ ရဟန္တာသည် တဘဝ၌ ဖြစ်လတ္တံ့သော သင်္ခါရလောကမှ လွန်၏။ ။ ဤကား သင်္ခါရလောကမှ လွန်ပုံတည်း။

(ဤသို့လျှင် မဂ်လေးပါးသည် လောကသုံးပါးမှ လွန်မြောက်သတည်း)။

၃-ဆ။ ။သော တိဝိဓော သင်္ခါရလောကော, သတ္တလောကော, ဘာဇနလောကောတိ။တတော ဣဒံ ဉတ္တရတီတိ လောကုတ္တရံ။

အဘိဓမ္မာဝတာရဋီကာ။

---

## အဝတ္ထာဘုံ အဓိပ္ပါယ်

ဘဝန္တိ ဧတ္ထာတိ ဘူမိ၊ ဌာနံ အဝတ္ထာ စ။

အဘိဓမ္မာဝတာရဋီကာ ဝိဂြိုဟ်။ ။ဧတ္ထ၊ ဤအရပ်၌။ သတ္တာ စ၊သတ္တဝါ တို့သည်၎င်း။ ဓမ္မာ စ၊တရားတို့သည်၎င်း။ ဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုအရပ်သည်။ ဘူမိ၊ ဘုံမည်၏။ ဌာနံစ၊ဌာနဘုံကို၎င်း။ အဝတ္ထာစ၊ အဝတ္ထာဘုံကို၎င်း။ လဗ္ဘတိ၊ ရအပ်၏။

အဓိပ္ပါယ်ကား။ ။ဘုံသည် ဌာနဘုံ,အဝတ္ထာဘုံ-ဟူ၍ ၂-ပါး အပြား ရှိ၏။ ။ထို ၂-ပါးတို့တွင်သတ္တဝါတို့၏ တည်ရာအရပ်သည် ဌာနဘုံမည်၏။

---

၃-ဆ။ ။သော၊ ထိုလောကသည်။ သင်္ခါရလောကော၊ဟူ၍။ သတ္တလောကော၊ ဟူ၍။ ဘာဇနလောကော၊ ဩကာသလောကဟူ၍။ ဣတိ၊ ဤသို့။ တိဝိဓော၊ သုံးပါး အပြားရှိ၏။ တတော၊ထို သုံးပါးသောလောကမှ။ ဣဒံ၊ ဤစိတ်သည်။ ဥတ္တရတိ၊ လွန်မြောက်တတ်၏။ ဣတိ၊ ထိုကြောင့်။ လောကုတ္တရံ၊၏။

သစ်ပင်၌ သစ်ကိုင်း,သစ်ခက်တည်သကဲ့သို့ အတူတကွ ဖြစ်ကြကုန်သော စိတ်,စေတသိက်,သဟဇာတ်တရားတို့၏ တကွဖြစ်သော အခိုက်အတန့်ဝယ် အချင်းချင်း မှီရာ,တည်ရာ သဘောသည် အဝတ္ထာဘုံမည်၏။

၃-၈။ ။အဝတ္ထာပိ ဟိ အဝတ္ထာဝန္တာနံ ပဝတ္တိဋ္ဌာနံဝိယ ဂယှတိ။ ။

အဘိဓမ္မာဝတာရဋီကာ။

ဘူမိယာတိ အနန္တရဟိတာယ ဘူမိယာတိ အာဒိသု တာဝ အယံ မဟာပထဝီ ဘူမီတိ ဝုစ္စတိ။သုခဘူမိယံ ကာမာဝစရေတိ အာဒိသု စိတ္တုပ္ပါဒေါ။ ဣဓ ပန သာမညဖလံ အဓိပ္ပေတံ။ တဉှိ သမ္ပယုတ္တာနံ နိဿယ ဘာဝတော တေ ဓမ္မာ ဘဝန္တိ ဧတ္ထာတိ ဘူမိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဖလန္တိ စိတ္တစေတသိကရာသိ ဝုစ္စတိ။ တံ အညမညံ သမ္ပယုတ္တာနံ ဓမ္မာနံ အတ္တနော အဝယဝ ဘူတာနံ နိဿယော ဟောတိ။

မူလဋီကာ။

နိဿယော ဟောတီတိ ရုက္ခောဝိယ သာခါယ အာဓာရဘာဝေန ဝေါဟာရိယတီတိ အတ္ထော။

အနုဋီကာ။

---

၃-၈။ ။ဟိ၊ မှန်၏။အဝတ္ထာပိ၊ စိတ်,စေတသိက်တို့၏ ဥပါဒ်စသော အခိုက်အတန့်ကို လည်း။အဝတ္ထာဝန္တာနံ၊ ဥပါဒ်စသော အခိုက်အတန့်၌ဖြစ်ကုန်သည်ဖြစ်ကုန်သော တရားတို့၏။ ပဝတ္တိဋ္ဌာနံဝိယ၊ ဖြစ်ရာအရပ်ကဲ့သို့။ဂယှတိ၊ ယူအပ်၏။

ဘူမိယာတိ၊ ကား။အနန္တ။ပ။ဘူမိယာတိအာဒိသု၊ တို့၌။တာဝ၊ ရှေးဦးစွာ။ အယံပထဝီ၊ ဤမြေကြီးကို၊ ဘူမီတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆို၏။သုခ။ပ။တိအာဒိသု၊ တို့၌။ စိတ္တုပ္ပါဒေါ၊ စိတ္တုပ္ပါဒ်ကို။ဘူမီတိ၊ ဟူ၍။ဝုစ္စတိ၊ ဆို၏။ ပန၊ ဒိဋ္ဌသသာကို ဆိုဦးအံ့။ ဝါ၊ အဓိပ္ပါယ်ကို ဆိုဦးအံ့။ ဣဓ၊ ဤ၌။သာမညဖလံ၊ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ဟိ၊ သင့်၊ အကြောင်းကား။ တံ၊ ထိုဖိုလ်သည်၊ သမ္ပယုတ္တာနံ၊ မိမိ၌ယှဉ်ကုန်သော တရားတို့၏။ နိဿယဘာဝ တော၊ မှီရာဖြစ်သောကြောင့်။ တေဓမ္မာ၊ ထိုမိမိ၌ယှဉ်ကုန်သော တရား တို့သည်။ဘဝန္တိ၊ ဖြစ်ကုန်၏။ဣတိ၊ ထိုကြောင့်။ဘူမိ၊ ဘုံမည်၏။

ဖလန္တိ၊ ကား။ စိတ္တစေတသိကရာသိ၊ စိတ်,စေတသိက်တို့၏ အစုကို။ ဝုစ္စတိ၊ ဆို၏။တံ၊ ထို စိတ်သည်။ အညမညံ၊ အချင်းချင်း။ သမ္ပယုတ္တာနံ၊ ကုန်သော။ အတ္တနော၊ မိမိဟုဆိုအပ်သော ဖိုလ်စိတ်၏။အဝယဝဘူတာနံ၊ အစိတ်စိတ်ဖြစ်ကုန်သော၊ဓမ္မာနံ၊ တို့၏။နိဿယော၊ မှီရာသည်။ ဟောတိ၊ ၏။

ထိုနှစ်ပါးတို့တွင် ဌာနဘုံသည် ကာမဘုံ, ရူပဘုံ, အရူပဘုံ, အားဖြင့် သုံးပါးရှိ၏။ ။(ပေါ်လွင်ပြီ)။

အဝတ္ထာဘုံ သည်ကား ကာမအဝတ္ထာဘုံ, ရူပအဝတ္ထာဘုံ, အရူပ အဝတ္ထာဘုံ,လောကုတ္တရ အဝတ္ထာဘုံ-အားဖြင့် ၄-ပါး အပြားရှိ၏။ ။ ထိုလေးပါး တို့တွင် ကာမတဏှာဖြင့် ပိုင်းခြားအပ်သော တရားစုသည် ကာမအဝတ္ထာဘုံမည်၏။ ။ရူပတဏှာဖြင့် ပိုင်းခြားအပ်သော တရားစုသည် ရူပအဝတ္ထာဘုံမည်၏။ ။အရူပတဏှာဖြင့် ပိုင်းခြားအပ်သော တရားစုသည် အရူပအဝတ္ထာဘုံမည်၏။ ။တဏှာသုံးပါးဖြင့် မပိုင်းခြားအပ်သော သောတာ ပတ္တိမဂ်စသော တရားစုသည် လောကုတ္တရ အဝတ္ထာဘုံမည်၏။

**မှတ်ချက်။** ၊ကာမတဏှာဖြင့် ပိုင်းခြားအပ်သော ဟူသည်မှာ၊ ကာမ တဏှာ၏ အာရုံပြုရာ, ကျင်လည်နိုင်ရာ တရားစု-ဟု ဆိုလိုသည်။ ။ကြွင်းနည်းတူသိ။

သို့ဖြစ်၍ ကာမဘုံ,ရူပဘုံ,အရူပဘုံ-တို့သည် ဌာနဘုံလည်း မည်၏၊ အဝတ္ထာဘုံလည်း မည်၏။ ။လောကုတ္တရာစိတ်ကား တည်ရာဘုံဌာန မရှိ သောကြောင့် ဌာနဘုံမမည်၊အဝတ္ထာဘုံသာ မည်၏-ဟုမှတ်။

၃-၈။ ။အဝတ္ထာတိ စေတ္ထ ဓမ္မာနံ ကာမတဏှာ ဒီဟိ ပရိစ္ဆိန္နာ ပရိစ္ဆိန္နဘာဝေါ။တတ္ထ ပုရိမာ တိဿော ဘူမိယော ဥဘယဝသေန ဝေဒိတဗ္ဗာ။ ဣတရာ အဝတ္ထာဝသေန။ န ဟိ လောကုတ္တရဓမ္မာနံ ကာမတဝါဒိတော အညံ ဌာနမုပလဗ္ဘတိ။

အဘိဓမ္မာဝတာရဋီကာ။

---

နိဿယဟောင်းတော်ကား။ ရှေးဆရာတို့သစ်ပင်သည်။သာဓကပြ၍သစ်ကိုင်း၏။ အဓိပ္ပါယ်၊ တည်ရာသည်၊ဟောတော်မူ၊ကဲ့သို့။ အဝတ္ထာဘာဝေန၊တည်ရာ၏ အဖြစ်ဖြင့်။ ဝေါဟာရိုဟတ်၊ ခေါ် ခေါ် အပ်၏။ဣတိ၊ကား။အဋ္ဌကထာ၊နိဿယပုဒ်၏အဓိပ္ပါယ်ဟူတည်း။

၃-၈။ ။စ၊ဆက်။အဝတ္ထာတိဧတ္ထ၊၌။ ဓမ္မာနံ၊တို့၏။ ကာမတဏှာဒီဟိ၊ ကာမတဏှာ အစရှိသည်တို့ဖြင့်။ပရိစ္ဆိန္နာ ပရိစ္ဆိန္နဘာဝေါ၊ပိုင်းခြားအပ်သောအဖြစ်, မပိုင်းခြားအပ်သော အဖြစ်သည်။။တတ္ထ၊ထို ဘုံ ၄-ပါးတို့တွင်။ပုရိမာ၊ရှေးဦးဖြစ်ကုန်သော။ တိဿော ဘူမိယော၊ ကာမ,ရူပ,အရူပ-သုံးဘုံတို့ကို။ဥဘယဝသေန၊ဌာနအဝတ္ထာ၊နှစ်ပါး၏အစွမ်းဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။ဣတရာ၊ ဤသုံးပါးမှတပါးသော လောကုတ္တရာကိုကား။ အဝတ္ထာဝသေန၊ အဝတ္ထာဘုံ၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗာ၊၏။ ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ ဟိ၊သစ္စာ၊ကြောင့်။ လောကုတ္တရဓမ္မာနံ၊လောကုတ္တရာတရားတို့၏။ ကာမတဝါဒိတော၊ကာမဘုံစသည်မှ အညံ၊ သော။ ဌာနံ၊တည်ရာဘုံကို။န ဥပလဗ္ဘတိ၊မရအပ်။

## စိတ်အစဉ် အမေး အဖြေ

မေး။ ။အဘယ့်ကြောင့် ကာမာဝစရစိတ်ကို ရှေ့ထား၍ ဆိုအပ်ပါသနည်း။အမြတ်ဆုံးဖြစ်သော လောကုတ္တရာစိတ်ကို ရှေ့ထား၍ အစဉ်အတိုင်း လောကုတ္တရာ, အရူပါဝစရံ, ရူပါဝစရံ, ကာမာဝစရံ-ဟု ဆိုသင့်သည် မဟုတ်ပါလော။

ဖြေ။ ။အယုတ်, အမြတ်, အလွန်မြတ်, အလွန်အကဲမြတ်တို့၏ အစွမ်းဖြင့် ညွှန်ပြ ထားဆိုသင့်သောကြောင့် ကာမာဝစရ စိတ်ကို ရှေ့ထား၍ ဆိုရပါသတည်း။

တနည်း။ ။ကာမာဝစရစိတ်သည် ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာစိတ်တို့၏ မူလဘူတ အခြေပါဒ ဖြစ်သောကြောင့် ကာမာဝစရစိတ်ကို ရှေးဦးထား၍ မိန့်ဆိုအပ်ပါသတည်း။

---

## ဆောင်ပုဒ် လင်္ကာ

က။ ။အယုတ်,အလတ်၊အမြတ်စဉ်ကို၊သိစေလို၊မိန့်ဆို-ကာမာဝစရံ။

ခ။ ။နောက်သုံးပါး၏၊ ဖြစ်ပြားမူလ၊ ခြေပါဒကို၊သိစေလို၊ ရှေ့ဆို-ကာမာဝစရံ။

ဂ။ ။ရူ-အရူဘုံ၊ဖြစ်ပါတုံလည်း၊ယေဘုနည်း၊မည်ပြီး ကာမာဝစရံ။

၄။ ။**တဉ္စ ကတမံ ကာမာဝစရံ။ ။သောမနဿ သဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံအသင်္ခါရိကမေကံ၊သသင်္ခါရိကမေကံ။ သောမနဿ သဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိက မေကံ၊သသင်္ခါရိကမေကံ။ ဥပေက္ခာ သဟဂတံ ဒိဋ္ဌိဂတ သမ္ပယုတ္တံ အသင်္ခါရိက မေကံ။ သသင်္ခါရိက မေကံ၊ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကန္တိ ဧဝမာဒိ အဋ္ဌပိ လောဘ သဟဂတ စိတ္တာနိ နာမ၊** ။သတ္တိုဟ်ပါ၍။

---

### သောမနဿ လေးပါး

၁။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော အသင်္ခါရိကစိတ် တခု။

၂။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော သသင်္ခါရိကစိတ် တခု။

၃။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော အသင်္ခါရိကစိတ် တခု။

၄။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော သသင်္ခါရိကစိတ် တခု။

(ဤစိတ်လေးပါးကား သောမနဿ သဟဂုတ်စိတ် လေးပါးတို့တည်း)။

---

### ဥပေက္ခာ လေးပါး

၅။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော အသင်္ခါရိကစိတ် တခု။

၆။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော သသင်္ခါရိကစိတ် တခု။

၇။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော အသင်္ခါရိကစိတ် တခု။

၈။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော သသင်္ခါရိကစိတ် တခု။

(ဤစိတ်လေးပါးကား ဥပေက္ခာသဟဂုတ်စိတ် လေးပါး တို့တည်း)။

ဂင်းသောမနဿ သဟဂုတ်စိတ် လေးပါးနှင့် ဥပေက္ခာသဟဂုတ်စိတ် လေးပါးကို ပေါင်းသည်ရှိသော် လောဘမူစိတ်ရှစ်ခုဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထတည်း။

---

## လောဘမူစိတ် သရုပ်ခွဲပုံ

သောမနဿမှု,ဥပေက္ခာမှု, သမ္ပယုတ္တမှု,ဝိပ္ပယုတ္တမှု။ ။ဤမှုလေးပါးကို မှတ်ထား၍။ ။သောမနဿမှု၌ သမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိက-ဤလေးပါးကို သွင်း၍ခွဲ။ ။ဥပေက္ခာမှု၌လည်း ဂင်းလေးပါး ကိုပင် သွင်း၍ နည်းတူခွဲ။ ။သမ္ပယုတ္တမှု၌ အသင်္ခါရိက, သသင်္ခါရိက- နှစ်ပါးကို သွင်း၍ နှစ်နည်းခွဲ။ ။ဝိပ္ပယုတ္တမှု၌လည်း ဂင်းနှစ်ပါးကို သွင်း၍ နှစ်နည်းခွဲလေ။

**ခွဲပုံကား**။ ။က။ ။သောမနဿသာဖြစ်၍ သမ္ပယုတ်မဖြစ်သော သောမနဿဝိပ္ပယုတ်စိတ် နှစ်ပါး။

ခ။ ။သမ္ပယုက်သာဖြစ်၍ သောမနဿမဖြစ်သော ဥပေက္ခာ သမ္ပယုတ်စိတ် နှစ်ပါး။

ဂ။ ။နှစ်ပါးလုံး ဖြစ်သော သောမနဿ သမ္ပယုတ်စိတ် နှစ်ပါး။

ဃ။ ။နှစ်ပါးလုံးမဖြစ်သော ဥပေက္ခာ ဝိပ္ပယုတ်စိတ် နှစ်ပါး အားဖြင့် လောဘမူစိတ် ရှစ်ပါးဖြစ်၏။

**တနည်း**။ ။က။ ။သောမနဿသာ ဖြစ်၍ ဝိပ္ပယုတ် မဖြစ်သော စိတ် နှစ်ပါး။

ခ။ ။ဝိပ္ပယုတ်သာဖြစ်၍ သောမနဿ မဖြစ်သော စိတ် နှစ်ပါး။

ဂ။ ။နှစ်ပါးစုံဖြစ်သောစိတ်နှစ်ပါး။

ဃ။ ။နှစ်ပါးစုံ မဖြစ်သော စိတ်နှစ်ပါး။

**တနည်း**။ ။က။ ။သောမနဿသာ ဖြစ်၍ အသင်္ခါရိက မဖြစ်သော သောမနဿ သသင်္ခါရိကစိတ်နှစ်ပါး။

ခ။ ။အသင်္ခါရိကသာ ဖြစ်၍ သောမနဿ မဖြစ်သော ဥပေက္ခာ အသင်္ခါရိကစိတ် နှစ်ပါး။

ဂ။ ။နှစ်ပါးလုံး ဖြစ်သော သောမနဿ အသင်္ခါရိက စိတ် နှစ်ပါး။

ဃ။ ။နှစ်ပါးလုံးမဖြစ်သောဥပေက္ခာ သသင်္ခါရိကစိတ် နှစ်ပါး အားဖြင့် လောဘမူစိတ် ရှစ်ပါးရှိ၏။

**တနည်း။** ။က။ ။သောမနဿသာဖြစ်၍သသင်္ခါရိကမဖြစ်သောသောမနဿ အသင်္ခါရိကစိတ် နှစ်ပါး။

ခ။ ။သသင်္ခါရိကသာ ဖြစ်၍ သောမနဿ မဖြစ်သော ဥပေက္ခာ သသင်္ခါရိကစိတ် နှစ်ပါး။

ဂ။ ။နှစ်ပါးလုံး ဖြစ်သော သောမနဿ သသင်္ခါရိက စိတ် နှစ်ပါး။

ဃ။ ။နှစ်ပါးလုံး မဖြစ်သော ဥပေက္ခာ အသင်္ခါရိက စိတ် နှစ်ပါး။

**တနည်း။** ။ဥပေက္ခာသာ ဖြစ်၍ သမ္ပယုတ် မဖြစ်သော ဥပေက္ခာ ဝိပ္ပယုတ်စိတ်နှစ်ပါး-စသည်ဖြင့် ရှေးနည်းကိုမှီး၍ ခွဲလေ။

**တနည်း။** ။ဥပေက္ခာသာဖြစ်၍ ဝိပ္ပယုတ်မဖြစ်သောဥပေက္ခာသမ္ပယုတ် စိတ် နှစ်ပါးစသည်ဖြင့်ခွဲ။ ။(မခဲပြီ)။

**တနည်း။** ။ဥပေက္ခာသာဖြစ်၍ အသင်္ခါရိက မဖြစ်သော ဥပေက္ခာ သသင်္ခါရိကစိတ်နှစ်ပါး-စသည်ဖြင့်ခွဲ။ ။(မခဲပြီ)။

**တနည်း။** ။ဥပေက္ခာသာဖြစ်၍ သသင်္ခါရိက မဖြစ်သော ဥပေက္ခာ အသင်္ခါရိကစိတ် နှစ်ပါး-စသည်ဖြင့်ခွဲ။ ။(မခဲပြီ)။

* သမ္ပယုတ္တမူ,ဝိပ္ပယုတ္တမူ-နှစ်ပါးတို့၌လည်း အသင်္ခါရိက-သသင်္ခါရိက နှစ်ပါးကို မူလီသွတ်၍ အထပ်ထပ် ကြေပြွန်အောင် ခွဲစစ်၊ ရေတွက်လေ။

လောဘမူ သရုပ်ခွဲပုံ ပြီး၏။

---

## လောဘမူစိတ်၏အပြား ဝေဘန်ခြင်း

ဤလောဘမူစိတ်တို့ကို ရှစ်ပါးအပြားရှိ၏ဟု ဆိုသော်လည်း အကျယ် ဝေဘန်သည်ရှိသော်"၁၀၂၄"ပါး အပြားရှိ၏ဟု သိအပ်ကုန်၏။

ပြားဟန်ကား॥ ॥အကုသလကမ္မပထတရား ဆယ်ပါးတို့တွင် ပါဏာတိပါတ,ဖရုသဝါစာ,ဗျာပါဒ-တို့မှ တပါး၊ကြွင်း ခုနစ်ပါးနှင့် လောဘမူစိတ်ရှစ်ခုတို့ကို အသီးအသီး မြှောက်ပွါးသည်ရှိသော် ၅၆-ပါး ဖြစ်၏။ ॥ ထို ၅၆-ပါးကို အာရုံခြောက်ပါးနှင့် မြှောက်၊ ၃၃၆-ပါး ဖြစ်၏။ ॥ ထို ၃၃၆-ပါးကို ဝိဇ်ာသာဓိပတိမှ တပါးအဓိပတိ သုံးပါးနှင့် မြှောက်၊ ''၁၀၀၈''ပါးဖြစ်၏။ထို ၁၀၀၈-ပါးကိုကံသုံးပါးနှင့်မြှောက်''၃၀၂၄''ပါး ဖြစ်၏။

ကမေန သတ္တာကုသလ၊ကမ္မပထေဟိ ဂေါစရာ။
တီဟာဓိပတိကမ္မေဟိ၊ဂဏေယျ နယကောဝိဒေါ။

ကမေန၊ အစဉ်အားဖြင့်။ သတ္တာ ကုသလ ကမ္မပထေဟိ၊ ခုနစ်ပါးသော အကုသလ ကမ္မပထတို့ဖြင့်၎င်း။ ဂေါစရာ စ၊ အာရုံ ခြောက်ပါးတို့ဖြင့်၎င်း။ တီဟိ အဓိပတိကမ္မေဟိ စ၊ အဓိပတိ-သုံးပါး,ကံသုံးပါးတို့ဖြင့်၎င်း။ နယကောဝိဒေါ၊ နည်း၌ လိမ္မာသော ပညာရှိသည်။ ဂဏေယျ၊ ဆင့်ဆင့်ပွါးခါ ရေတွက်ရာ၏။

---

## သောမနဿ သဟဂုတ်၏ အဓိပ္ပါယ်

သောမနဿ သဟဂတ-ဟူရာဝယ် ပုဒ်ကို ခွဲဝေလိုက်သည် ရှိသော် သောမနဿပုဒ်,သဟဂတပုဒ်။

**ဓာန္ဒည်း**။ ။သောမနဿ-ပုဒ်၊သဟ-ပုဒ်၊ဂတ-ပုဒ်၊သုံးပုဒ် ဖြစ်၏။ ॥ သုန္ဒရံ မနော သုမနော။ ॥သုန္ဒရံ၊ ကောင်းသော။ မနော၊ စိတ်တည်း။ သုမနော၊ ကောင်းသောစိတ်။ ॥ဤဝိဂ္ဂြိုဟ်အလို၊ ကောင်းသော စိတ်သည် သုမန-မည်၏။ ॥ဟူလို။

**ဘနည်း**။ ။သုန္ဒရံ မနော ဧတဿာတိ သုမနော။ ॥ဧတဿ၊ထိုသူအား။သုန္ဒရံ၊ကောင်းသော။မနော၊စိတ်သည်။အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ သုမနော၊ သုမန-မည်၏။ ॥ဤဝိဂ္ဂြိုဟ် အရကား။ ॥ကောင်းသော စိတ်ရှိသောသူသည်-သုမနမည်၏။ ॥ဟူလို။

သုမနဿ ဘာဝေါ သောမနဿံ။

သုမနဿ၊ ကောင်းသော စိတ်၏။ ဝါ၊ကောင်းသော စိတ်ရှိသောသူ၏။ ဘာဝေါ၊ ဖြစ်ရာဖြစ်ကြောင်းတည်း။ သောမနဿံ၊ ကောင်းသောစိတ်၏

ဖြစ်ရာဖြစ်ကြောင်း။ဝါ၊ကောင်းသောစိတ်ရှိသောသူ၏ဖြစ်ရာဖြစ်ကြောင်း။ ။ ဤဝိဂ္ဂဟ်အရ။ ။ကောင်းသော စိတ်၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သော သောမနဿဝေဒနာစေတသိက်သည်-သောမနဿ မည်၏။

**တနည်း**။ ။ကောင်းသော စိတ်ရှိသော သူ၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သော သောမနဿဝေဒနာစေတသိက်သည်-သောမနဿမည်၏ဟုသိ။

သောမနဿေန သဟဂတံ သောမနဿ သဟဂတံ။

သောမနဿေန၊ သောမနဿဝေဒနာ စေတသိက်နှင့်။ သဟဂတံ- သဟဇာတံ၊ အတူတကွ ဖြစ်သည်တည်း။ ဣတိ၊ ကြောင့်။ သောမနဿ သဟဂတံ၊မည်၏။

**တနည်း**။ ။သောမနဿေန၊ သောမနဿဝေဒနာ စေတသိက်နှင့်။ သဟ၊အတူ။ ဂတံ ပတ္တံ၊ ကေပ္ပါဒ-စသောအဖြစ်သို့ ရောက်သည်တည်း။ ဣတိ၊ကြောင့်။သောမနဿ သဟဂတံ၊မည်၏။

အဓိပ္ပါယ်ကား။ ။သောမနဿ ဝေဒနာ စေတသိက်နှင့် ကေပ္ပါဒ, ဧကနိရောဓ-စသောအားဖြင့် တကွဖြစ်သော။ ဝါ၊ တကွအဖြစ်သို့ ရောက်သော စိတ်သည် သောမနဿ သဟဂုတ်စိတ်မည်၏။ ။ဟူလို။

---

## သောမနဿဖြစ်ရန် အကြောင်း လေးပါး

ထိုသောမနဿ သဟဂုတ်စိတ် ဖြစ်ရန်ကား အကြောင်း ၄-ပါးရှိ၏။

၁။ ။သောမနဿ ဝိပါက်စိတ်နှင့် ပဋိသန္ဓေတည်နေခြင်း တပါး။

၂။ ။သဘောမနက်နဲခြင်း တပါး။

၃။ ။နှစ်သက်အပ်သော ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်း တပါး။

၄။ ။ဗျာသနတရား ငါးပါးနှင့် မတွေ့မကြုံခြင်း တပါး။

ဤလေးပါးတည်း။

၎င်းလေးပါးကို ချဲ့၍ပြဦးအံ့။ ။သောမနဿ မဟာဝိပါက် စိတ်နှင့် ပဋိသန္ဓေ တည်နေခဲ့သော သူသည် အခါခပ်သိမ်း သောမနဿ ဘဝင်ဖြင့် စိမ့်ထုံအပ်သော စိတ်သန္တာန် ရှိလေသောကြောင့် ထိုသူ၏ သန္တာန်မှာ သောမနဿ အဖြစ်များလေသည်။ ။မနက်နဲသော သဘောရှိသောသူသည် သေးနုပ်ညှံ့ဖျင်းသော နလုံးသွင်း ရှိသည်ဖြစ်၍ အနည်းငယ် ကလေးကိုပင်

အများကြီးထင်၍ ဝမ်းမြောက် လွယ်လေ၏။ ထိုကြောင့် ထိုမနက်နဲသော သဘောရှိသော သူသည် များသောအားဖြင့် သောမနဿ ဖြစ်လေ့ရှိ၏။ ။ မိမိအလိုရှိအပ်သော ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်း သည်ကား သောမနဿ– အားကြီးဖြစ်ဘို့ရန်သာ ဖြစ်၏။ ။ဆွေမျိုး စည်းစိမ် ဂုဏ်သိမ် စသည်တို့၏ ပျက်စီးခြင်း ဗျသနတရား ငါးပါးနှင့် တွေ့ကြုံနေလျှင် သောမနဿ မဖြစ်နိုင်ချေ။ ထိုပျက်စီးခြင်းတို့မှ ရှင်းရှင်း လွတ်ကင်းမှသာလျှင် သောမနဿ ဖြစ်နိုင်၏-ဟုမှတ်။

---

## ဒိဋ္ဌိဂတသမ္ပယုတ် အဓိပ္ပါယ်

မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။ ။မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိ၊ ကြောင့်။ ဒိဋ္ဌိ၊ ဒိဋ္ဌိ-မည်၏။ ။ဒိဋ္ဌိ-သဒ္ဒါကား အမြင်အယူ သာမည အနက်ကို ဟောသော်လည်း ဤ၌ အကုသိုလ်အရာ ဖြစ်သောကြောင့် မှားသော အယူဖြစ်သော ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် ဒိဋ္ဌိမည်၏။

ခြောက်ဆယ့်နှစ်ပါးအရကား။ ။သဿတဒိဋ္ဌိ-လေးပါး။ ဧကစ္စသဿတ ဒိဋ္ဌိ-လေးပါး။ အန္တာနန္တဒိဋ္ဌိ-လေးပါး။ အမရာဝိက္ခေပိကဒိဋ္ဌိ-လေးပါး။ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ-နှစ်ပါး။ သညီဒိဋ္ဌိ-တဆယ့်ခြောက်ပါး။ အသညီဒိဋ္ဌိ-ရှစ်ပါး နေဝသညီ နာသညီဒိဋ္ဌိ-ရှစ်ပါး။ ဥစ္ဆေဒဒိဋ္ဌိ-ခုနစ်ပါး။ ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ- ငါးပါးအားဖြင့် ခြောက်ဆယ့်နှစ်ပါးဖြစ်သတည်း။ ။၎င်းအဓိပ္ပါယ်အကျယ် ကို သိလိုမူ-သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်ကို ကြည့်ရှုလေ။

ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ။ ။ဒိဋ္ဌိယေဝ၊ ဒိဋ္ဌိပုဒ်သည်ပင်လျှင်။ ဒိဋ္ဌိဂတံ၊ ဒိဋ္ဌိဂတ မည်၏။ ။ဂတ-သဒ္ဒါ အနက်ထူး မရှိ။ တဗ္ဘော-ဟူလို။

အယာထာဝ ဒဿနေန မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိသု ဂတံ ဣဒံ
ဒဿနံ ဒွါသဋ္ဌိဒိဋ္ဌိ အန္တောဂဓတ္တာတိ ဒိဋ္ဌိဂတံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒိဋ္ဌိဂတေန သမ္ပယုတ္တံ ဒိဋ္ဌိဂတသမ္ပယုတ္တံ။

ဒိဋ္ဌိဂတေန၊ မိစ္ဆာဒိဋ္ဌိနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော စိတ်တည်း။ ဒိဋ္ဌိဂတ သမ္ပယုတ္တံ၊ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သောစိတ်။ ။ဆိုအပ်ပြီးသော ခြောက်ဆယ့်

နှစ်ပါးသော မိစ္ဆာဒိဋ္ဌိနှင့်အမြဲယှဉ်သော စိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ် စိတ် မည်၏။ ။ဟူလို။

---

## ဒိဋ္ဌိဖြစ်ခြင်းအကြောင်း ငါးပါး

၎င်း ဒိဋ္ဌိဂတသမ္ပယုတ်စိတ်ဖြစ်ရန် အကြောင်း ငါးပါးရှိ၏။

၁။ ။ဘဝအဆက်ဆက်မှပါ၍လာသောဒိဋ္ဌိအဇ္ဈာသယဓာတ်ခံရှိခြင်း။

၂။ ။အယူပျက်သော မိစ္ဆာဒိဋ္ဌိ လူမျိုးတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း။

၃။ ။မိစ္ဆာဒိဋ္ဌိ ကျမ်းကိုကြည့်၍ ကြံစည်ခြင်း။ မိစ္ဆာဒိဋ္ဌိ တရားကို ကြားနာ၍ ကြံစည်ခြင်း။

၄။ ။သူတော်ကောင်းတို့တရားနှင့် မျက်ကွယ်ကျောခိုင်း၍ နေခြင်း။

၅။ ။နှလုံးသွင်း ချွတ်ချော်ခြင်း။ ။ဤ ငါးပါးတည်း။

ထိုငါးပါးမှပြန်သဖြင့် ဒိဋ္ဌိဂတ ဝိပ္ပယုတ်ဖြစ်ကြောင်းကို သိရာ၏။

တတ္ထ အသဒ္ဓမ္မသဝနံ၊ အကလျာဏမိတ္တတာ၊ အရိယာနံ အဒဿနကာမတာဒီနိ၊ အယောနိသော မနသိကာရောတိ ဧဝမာဒိဟိ ကာရဏေဟိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## သင်္ခါရ အဓိပ္ပါယ်

သင်္ခရောတိ သဇ္ဇေတီတိ သင်္ခါရော။ ။သင်္ခရောတိ သဇ္ဇေတိ၊ စီရင်တတ်၏။ ဣတိ၊ကြောင့်။ သင်္ခါရော၊ သင်္ခါရ-မည်၏။ ။ဝိဂြိုဟ်အရ၊ ထိုထိုသို့သော အကုသိုလ် အရာဌာန ကိစ္စတို့၌ မပြုလုပ်လို သဖြင့် ဆုတ်နစ်နေသော စိတ်ကို မိမိ၏- ကာယ, ဝစီ, မနော-သုံးဒွါရ အားဖြင့်၎င်း၊ သူတပါး၏ ကာယ,ဝစီ-ဒွါရ နှစ်ပါးဖြင့်၎င်း၊အကုသိုလ်ပြုလုပ်ရန် အားအဆင့်ကို ပေးခါ တိုက်တွန်း နှိုးဆော်ခြင်း ပယောဂသည် မုချ-သင်္ခါရ မည်၏။ ။ထိုသို့ တိုက်ရိုက်စေခိုင်း တိုက်တွန်းခြင်း မရှိပါဘဲ မပြုခြင်း၌ အပြစ် အာဒီနဝကို ပြခြင်း,ပြုလုပ်ခြင်း၌ အကျိုး အာနိသင်ကို ပြခြင်းစသော ဥပါယ်အားဖြင့် အကုသိုလ် ပြုလုပ်ရန် နှိုးဆော် ပေးမှုဟု ဆိုအပ်သော ဥပါယသည်လည်း-သင်္ခါရမည်၏။ ၎င်းပယောဂ,ဥပါယ, နှစ်ပါး တို့တွင်

တပါးပါးကြောင့် ဖြစ်ပေါ်လာသော မပြုလုပ်လို ဆုနစ်နေသော စိတ်၏ ထက်မြက် တက်ကြွလာသော စိတ်အထူး သည်လည်း ကာရဏူပစာရ အားဖြင့်-သင်္ခါရ မည်၏။ ။(ၚင်း-စိတ်အထူးသည် အကျိုးတရားဖြစ်၍ ကာရဏူပစာ ဖြစ်သတည်း။ ။ကုသိုလ်အရာ၌လည်း ၚင်းနည်းအတိုင်းမှတ်)။

ပုဗ္ဗပယောဂ သမ္ဘူတော၊ဝိသေသော စိတ္တသမ္ဘဝီ။
သင်္ခါရော တံဝသေနေတ္ထ၊ဟောတျာသင်္ခါရိကာဒိတာ။

ဋီကာကျော်။

ပုဗ္ဗပယောဂသမ္ဘူတော၊ ပုဗ္ဗပယောဂကြောင့် ဖြစ်သော။ စိတ္တသမ္ဘဝီ၊ နောက်စိတ်၌ ဖြစ်လေ့ရှိသော။ ဝိသေသော၊တက်ကြွလာသော အထူးသည်။ သင်္ခါရော၊ သင်္ခါရ-မည်၏။ တံဝသေန၊ ထိုသင်္ခါရ၏ အစွမ်းဖြင့်။ ဧတ္ထ၊ ဤအကုသိုလ်စသော စိတ်၌။ အသင်္ခါရိကာဒိတာ၊ အသင်္ခါရိက စသော အဖြစ်သည်။ဟောတိ၊ဖြစ်၏။

သင်္ခါရောတိ စေတ္ထ အတ္တနာဝါ ပရေဟိဝါ ကတော
ပုဗ္ဗပယောဂေါ။

ဋီကာဟောင်း။

သင်္ခါရော နတ္ထိ ယဿာတိ အသင်္ခါရံ။ ။အသင်္ခါရမေဝ အသင်္ခါရိကံ။ ။ ယဿ၊ အကြင်စိတ်အား။ သင်္ခါရော၊ နောက်စိတ်၏ ထက်သော အဖြစ် တည်းသော အထူးသည်။ နတ္ထိ၊မရှိ။ ဣတိ၊ထိုကြောင့်။ တံ၊ ထိုစိတ်သည်။ အသင်္ခါရံ၊ အသင်္ခါရ မည်၏။ ။အသင်္ခါရမေဝ၊ အသင်္ခါရ သဒ္ဒါသည် ပင်လျှင်။ အသင်္ခါရိကံ၊ အသင်္ခါရိကမည်၏။ ။(ဣကပစ္စည်းကား သွတ္ထ-တည်း။ ။ဥပ္ပန္န တဒ္ဓိတ်လည်း ကြံတော်မူကြသေး၏)။

သင်္ခါရေန သဟိတံ သသင်္ခါရိကံ။ ။သင်္ခါရေန၊ နောက် စိတ်၏ ထက်သော အဖြစ်တည်းဟူသော အထူးနှင့်။ သဟိတံ၊ တကွဖြစ်သည်တည်း။ ဣတိ၊ကြောင့်။ သသင်္ခါရိကံ၊မည်၏။

(ဤကား-သဟသဒ္ဒါ၏ တုလျအနက်ကို ရည်၍ ပြုသော ဝိဂ္ဂြိုဟ်တည်း)။ တနည်းလည်း။ သလောမကော, သပက္ခော စသော ဥဒါဟရဏ်၌ သဟ သဒ္ဒါသည် ဝိဇ္ဇမာနအနက် ရှိဘိသကဲ့သို့ ဤသသင်္ခါရိက-ပုဒ်၌ သဟသဒ္ဒါ ၏လည်း ဝိဇ္ဇမာန အနက်ဟော ကြံသည်ရှိသော်။ ။သင်္ခါရ၏ အရကို မိမိ၏ၚင်း, သူတပါး၏ၚင်း-ပုဗ္ဗပယောဂကို ယူအပ်၏။

သင်္ခါရော အဿတ္ထိတိ သသင်္ခါရိကံ-ဟုပြု။ ။အဿ၊ ထိုနောက် စိတ်အား။သင်္ခါရော၊ပုဗ္ဗပယောဂ,ဥပါယ-ဟုဆိုအပ်သော သင်္ခါရသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ သသင်္ခါရိကံ-မည်၏ဟု ပေး။ ။သင်္ခါရော နတ္ထိ အဿာတိ အသင်္ခါရိကံ-ဟုပြု။ ။အဿ၊ ထိုနောက် စိတ်အား။ သင်္ခါရော၊ ပုဗ္ဗပယောဂ,ဥပါယ-ဟု ဆိုအပ်သော သင်္ခါရသည်။ နတ္ထိ၊မရှိ။ ဣတိ၊ကြောင့်။ အသင်္ခါရိကံ၊မည်၏-ဟုပေး။

အမိပ္ပါယ်ကား····သသင်္ခါရိကံ-ဟူသောပုဒ်၌ သဟ-သဒ္ဒါသည် ပထမ ဝိဂ္ဂြိုဟ်အရ တူသော အနက်ကို ဟောသည်ဖြစ်အံ့၊ အကုသိုလ် ပြုလုပ်ရန် တက်ကြွဖြစ်ပေါ်လာသော အထူးဖြစ်သော သင်္ခါရကိုသာလျှင် အကုသိုလ် စိတ်နှင့် အတူတကွ ဖြစ်နိုင်သောကြောင့်-သင်္ခါရဟု ယူအပ်၏။ ပုဗ္ဗပယောဂ သင်္ခါရ, ဥပါယ သင်္ခါရကိုကား သန္တာန်, ကာလ-အားဖြင့် ကွာခြား နေသောကြောင့် အတူတကွ မဖြစ်နိုင်ရကား-သင်္ခါရဟု မယူရ။

သဟ-သဒ္ဒါသည် ဒုတိယ ဝိဂ္ဂြိုဟ် အရ၊ ထင်ရှား ရှိခြင်း ဝိဇ္ဇမာန အနက်ကို ဟောပါမူကား နောက်စိတ်သည် တိုက်တွန်းအပ်သော စိတ်ဖြစ်သဖြင့် တိုက်တွန်းခြင်းနှင့် မကင်းရကား သင်္ခါရရှိသည် မည်သောကြောင့် ကာလ သန္တာန် အားဖြင့်ပင် ကွာခြားသော်လည်း ပုဗ္ဗပယောဂ သင်္ခါရ, ဥပါယသင်္ခါရ နှစ်ပါးကို ယူအပ်၏။

ဆိုလိုရင်းကား။ ။ပယောဂ,ဥပါယ-သင်္ခါရ တို့ကြောင့် မဖြစ်သော စိတ်သည် အသင်္ခါရိက စိတ်မည်၏။ ။ပယောဂ,ဥပါယ-သင်္ခါရတို့ကြောင့် ဖြစ်သောစိတ်သည် သသင်္ခါရိက စိတ်မည်၏။ ။ဟူလို။

တေနေဝ သပ္ပယောဂေန သဥပါယေန ဣဒံ ဥပ္ပဇ္ဇတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သပ္ပယောဂေနာတိ လီနဿ စိတ္တဿ ဥဿာဟန
ပယောဂသဟိတေန။ သဥပါယေနာတိ ကုသလဿ
ကရဏာကရဏေသု အာဒီနဝါ နိသံသပစ္စဝေက္ခဏံ
ပရေဟိ ဥဿာဟနဉ္စ ဝေမာဒိဥပါယသဟိတေန။

မူလဋီကာ။

## အသင်္ခါရိကအကြောင်း ခြောက်ပါး

အသင်္ခါရိက စိတ်ဖြစ်ခြင်း အကြောင်းကား-ခြောက်ပါး ရှိ၏။ ။ ခြောက်ပါးကား။

၁။ ။အသင်္ခါရိက-ကံကြောင့်ဖြစ်သော ပဋိသန္ဓေရှိခဲ့ခြင်း။
၂။ ။ကိုယ်စိတ်၏ ခန့်ကျန်း သာယာခြင်း။
၃။ ။အချမ်းအပူ စသည်တို့ကို သည်းခံလေ့ရှိခြင်း။
၄။ ။သူတော်တကာတို့ ပြုလုပ်ဘွယ် အရေးအရာတို့၌ ကောင်းစွာ အကျိုးအာနိသင်ကို မြင်လေ့ရှိခြင်း။
၅။ ။အမှုအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်လေ့ရှိခြင်း။
၆။ ။ဥတုဘောဇဉ် စသည်တို့၏ ညီညွတ်မျှတ သပ္ပါယကိုရရှိခြင်း။ ဤခြောက်ပါးတည်း။

ဤခြောက်ပါးမှပြန်သဖြင့် သသင်္ခါရိကစိတ်ဖြစ်ကြောင်းကို သိရာ၏။

---

## ဥပေက္ခာသဟဂုတ် အဖွင့်

ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ။ ။ယာ၊ အကြင် ဝေဒနာသည်။ ဥပပတ္တိတော၊အသင့်အတင့်အားဖြင့်။ဣက္ခတိ၊ ရှုတတ်-အစဉ် ခံစားတတ်၏။ ဣတိ၊ကြောင့်။ သာ၊ ထိုဝေဒနာစေတသိက်သည်။ ဥပေက္ခာ၊ မည်၏။ ။ ဝိဂ္ဂဟ်အရ၊ဣဋ္ဌာရုံကို တွေ့သော်လည်း သောမနဿကိုမဖြစ်စေ, အနိဋ္ဌာရုံကို တွေ့သော်လည်း ဒေါမနဿကို မဖြစ်စေမူ၍ အာရုံကို ခံစားသော်လည်း အသင့်အတင့် လျစ်လျူရှု၍ ခံစားတတ်သောကြောင့်-ဥပေက္ခာ မည်၏။ ။ ဟူလို။

**တနည်း**။ ။သုခဒုက္ခေဟိ ဥပေတာ အဝိရုဒ္ဓါ ဣက္ခာတိ ဥပေက္ခာ။ ။ သုခဒုက္ခေဟိ၊သုခဒုက္ခတို့နှင့်။ ဥပေတာ အဝိရုဒ္ဓါ၊ မဆန့်ကျင်သော။ ဣက္ခာ၊ အာရုံကိုခံစားခြင်းတည်း။ ဣတိ၊ကြောင့်။ ဥပေက္ခာ၊မည်၏။ ။ဝိဂ္ဂဟ်အရ-သုခ, ဒုက္ခ, ဝေဒနာ နှစ်ပါးတို့၏ အခြားမဲ့၌ ဖြစ်နိုင်သဖြင့် ထို ဝေဒနာ နှစ်ပါးတို့နှင့် မဆန့်ကျင်ပါဘဲ အာရုံကို ခံစားနိုင်သောကြောင့်- ဥပေက္ခာ မည်၏။ ။ဟူလို။

(ဇောနှင့် တဒါရုံ-စသည်တို့ကို ရည်၍ ဆိုသည်)။

ဥပေက္ခာယ သဟဂတန္တိ ဥပေက္ခာသဟဂတံ။ ။ဥပေက္ခာယ၊ဥပေက္ခာဝေဒနာနှင့်။ သဟဂတံ၊တကွဖြစ်သော စိတ်တည်း။ဣတိ၊ကြောင့်။ ဥပေက္ခာသဟဂတံ၊မည်၏။

---

## ဥပေက္ခာဖြစ်ခြင်း အကြောင်း လေးပါး

ဥပေက္ခာသဟဂုတ်စိတ်ဖြစ်ရန် အကြောင်းကား လေးပါးရှိ၏။

လေးပါးကား

၁။ ။ဥပေက္ခာစိတ်နှင့် ပဋိသန္ဓေ တည်နေခြင်း။
၂။ ။နက်နဲသော သဘောရှိခြင်း။
၃။ ။အလယ်အလတ်ဖြစ်သော မဇ္ဈတ္တာရုံနှင့် ပေါင်းဘက်တွေ့ကြုံခြင်း။
၄။ ။ပျက်စီးခြင်း,နှောက်ယှက်ခြင်းမှ ကင်းလွတ်ခြင်း။

ဤလေးပါးတည်း။

---

## သောမနဿနှင့် ဥပေက္ခာအထူး

သောမနဿ သဟဂတတော ဥပေက္ခာ သဟဂတံ ဗလဝတရံ။ ။အဘိဓမ္မာဝတာရဋီကာ။ ။ဣမေသု ပန အဋ္ဌသု လောဘမူလစိတ္တေသု သောမနဿ သဟဂတတော ဥပေက္ခာသဟဂတံ ဗလဝတရံ။

မဏိမဉ္ဇူသာ ဋီကာ။

ဤသို့ ဋီကာဆရာကြီးများ ဘွင့်ဆိုထားရှိသောပါဠိအရ၊ကုသိုလ်အရာမှာ ဖြစ်စေ၊အကုသိုလ်အရာမှာ ဖြစ်စေ၊ အာသေဝန အထုံရသော စိတ်သည် အားကြီးခြင်း ဗလဝ ဖြစ်သောအတိုင်း သောမနဿဟု ဆိုအပ်သော အာသေဝနအားနည်းသောစိတ်ထက် ဥပေက္ခာဟုဆိုအပ်သော အာသေဝန အားကြီးသော စိတ်သာလျှင် အားကြီး၏။

အကျိုးပေးရာ၌ သောမနဿ အကုသိုလ်သည် ဖြစ်လွယ် ပျက်လွယ် တတ်၏။ဥပေက္ခာအကုသိုလ်သည် ဖြစ်ခဲ ပျက်ခဲ၏။သောမနဿနှင့် ပဋိသန္ဓေ တည်နေသော သူသည် တဏှာစရိုက် အားကြီး တတ်၏။ ဥပေက္ခာနှင့် ပဋိသန္ဓေတည်နေသောသူသည် မောဟစရိုက် အားကြီး၏။

သောမနဿသည် အကုသိုလ်အရာ၌ ရှန့်ရင်းသော ကြောင့်ကြဗျာပါရ များသောကြောင့် ငြိမ်သက်ခြင်းမရှိ။ ဥပေက္ခာသည် ကြောင့်ကြ ဗျာပါရ မရှိသောကြောင့် ငြိမ်သက်၏။

**တနည်း။** ။သောမနဿသည် မနက်နဲသော သဘောရှိ၏။ ဥပေက္ခာသည် နက်နဲသော သဘောရှိ၏။မနက်နဲသော သဘောရှိသော သူသည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ ဝမ်းသာခြင်း, ရွှင်လန်းခြင်း ဖြစ်လွယ်၏။ နက်နဲသော သဘောထားကြီးသော ဥပေက္ခာ သဘောရှိသော သူသည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ လျှပ်ပေါ်ငန်းငန်း ရွှင်လန်းခြင်းမရှိ၊ ငြိမ်သက်၏။ ။ဤကား ဋီကာဆရာများ အလိုတည်း။

မဟာသိဝတ္ထေရောပနာဟ သောမနဿ သဟဂတတော ဥပေက္ခာ သဟဂတံ ဗလဝတရံ။ တေန ပဋိသန္ဓိံ ဂဏှန္တိ။ တေန ဂဟိတပဋိသန္ဓိကာ ဟိ မဟဇ္ဈာသယာ ဟောန္တိ၊ ဒိဗ္ဗေသုပိ အာရမ္မဏေသု ဥပ္ပိလာဝိနော န ဟောန္တိ။ တိပိဋကစူဠနာဂတ္ထေရာဒယောဝိယာတိ။ အဋ္ဌကထာယံ ပန အယံ ထေရဿ မနောရထော။ နတ္ထိ တေန္တိ ပဋိက္ခိပိတွာ သဗ္ဗညုဗုဒ္ဓါနံ ဟိတူပစာရော ဗလဝါ ဟောတိ။ တသ္မာ ပေတ္တာပုဗ္ဗဘာဂကာမာဝစရ ကုသလဝိပါက သောမနဿ သဟဂတတိပောကုကအသင်္ခါရိကစိတ္တေန ပဋိသန္ဓိံ ဂဏှန္တိ တိ ဝုတ္တံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ပန၊ အယူထူးကို ဆိုဦးအံ့။ မဟာသိဝတ္ထေရော၊ သည်။ အာဟ၊ ၏။ သောနဿ သဟဂတတော၊ သောမနဿ သဟဂုတ်ထက်။ ဥပေက္ခာ သဟဂတံ၊ဥပေက္ခာသဟဂုတ်သည်။ ဗလဝတရံ၊အားရှိမြတ်၏။ ဝါ၊အားကြီး၏။ တေန၊ထိုဥပေက္ခာသဟဂုတ်ဖြင့်။ ပဋိသန္ဓိံ၊ကို။ ဗောဓိသတ္တာ၊ တို့သည်။ ဂဏှန္တိ၊ ယူကုန်၏။ ဟိ-သစ္စံ၊ ၏။ တေန၊ ထို ဥပေက္ခာ သဟဂုတ်ဖြင့်။ ဂဟိတပပဋိသန္ဓိကာ၊ ယူအပ်သော ပဋိသန္ဓေ ရှိကုန်သော။ ဗောဓိသတ္တာ၊ တို့သည်။ မဟဇ္ဈာသယာ၊ မြတ်သော အလိုရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒိဗ္ဗေသု၊ နတ်၌ဖြစ်ကုန်သော။ အာရမ္မဏေသုပိ၊ အာရုံတို့၌သော်လည်း။ ဥပ္ပိလာဝိနော၊ လျှပ်ပေါ်ကုန်သည်။ ဝါ၊ လွန်စွာ နှစ်သက် ကုန်သည်။

နှ ဟောန္တိ၊ ကုန်။ တိပိဋကစူဠနာဂတ္ထေရာဒယော ပိယ၊ တိပိဋကစူဠနာဂ မထေရ်စသည်တို့ကဲ့သို့တည်း။ ဣတိ၊ ဤသို့။ အာဟ၊၏။ပန၊ထိုသို့ မဟာသိဝ မထေရ်ဆိုသော်လည်း။ အဋ္ဌကထာယံ၊ မဟာအဋ္ဌကထာ၌။ အယံအတ္ထော၊ သည်။ထေရဿ၊ မဟာသိဝမထေရ်၏။ မနောရထော၊ နှလုံးအလိုမျှတည်း။ ဝါ၊နှလုံးဖြင့် နှစ်သက်အပ်ကာမျှတည်း။ တေံ အတ္တဇာတံ၊ ထိုမဟာသိဝ မထေရ်၏ အဓိပ္ပါယ် အနက်သဘောသည်။ နတ္ထိ-န ယုဇ္ဇတိ၊ မသင့်။ ဣတိ၊ ဤသို့။ ပဋိက္ခိပိတွာ၊ ပယ်၍။ သဗ္ဗညုဗောဓိသတ္တာနံ၊ တို့၏။ ဟိတူပစာရော၊ သတ္တဝါတို့၏ အစီးအပွါးကို ကျင့်ခြင်းသည်။ ဗလဝါ၊ အားရှိသည်။ ဟောတိ၊၏။ တသ္မာ၊ကြောင့်။ မေတ္တာ ပုဗ္ဗဘာဂ ကာမာဝစရ ကုသလ ဝိပါက သောမနဿ သဟဂတ တိဟေတုက အသင်္ခါရိက စိတ္တေန၊မေတ္တာ စိတ်လျှင် ရှေ့သွားရှိသော ကာမာဝစရ ကုသလဝိပါက်, သောမနဿ သဟဂုတ် တိဟိတ် အသင်္ခါရိက စိတ်ဖြင့်။ ပဋိသန္ဓိံ၊ကို။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ ဂဏှန္တိ၊ယူကုန်၏။ ဣတိ၊သို့။ ဝုတ္တံ၊၏။

အဋ္ဌသာလိနီ အဋ္ဌကထာ အနက်။

ဤအထက်ပါ အဋ္ဌသာလိနီအဋ္ဌကထာ အဘွင့်၊အဘိဓမ္မာဝတာရဋီကာ, မဏိသာရမဉ္ဇူသာ ဋီကာ အဘွင့်များကို ထောက်ချင့်၍ သောမနဿ, ဥပေက္ခာတို့၏ အထူးကို သိလင့်ကုန်။

---

## လောဘသဟဂုတ် အဓိပ္ပါယ်

လုဗ္ဘတိတိ လောဘော။

ယော သဘာဝေါ၊အကြင် တရားသဘောသည်။ အာရမ္မဏံ၊ အာရုံကို။ လုဗ္ဘတိ၊တပ်တတ် နှစ်သက်တတ်၏။ ဣတိ၊ထို့ကြောင့်။ သော သဘာဝေါ၊ ထိုတရားသဘောသည်။ လောဘော၊ လောဘ-မည်၏။ ။ဝိဂ္ဂြိုဟ် အရ၊ အာရုံငါးပါး၌ ငြိတွယ်သောအားဖြင့် တပ်နှစ်သက်တတ်, လိုချင်တတ်သော သဘောသည် လောဘ မည်၏။ ။ထို လောဘသည် မျောက်နှဲစေး, ညှောင်စေးနှင့်တူ၏။မျောက်နှဲစေး,ညှောင်စေးတို့သဘောသည် တပါးသော ဝတ္ထုတို့၏ အပေါ်သို့ ကျသော်ငင်း၊ ငင်းမျောက်နှဲစေး, ညှောင်စေးရှိရာ အရပ်သို့ တပါးသော ဝတ္ထုတို့ကလာ၍ ထိခိုက်သော်ငင်း၊ ငြိတွယ်စေးကပ်

ခြင်းသို့ ရောက်သကဲ့သို့ ထိုအတူ လောဘသည်လည်း ရူပါရုံ, သဒ္ဒါရုံ-အစရှိသော အာရုံခြောက်ပါးရှိရာ အရပ်သို့ သွား၍သော်၎င်း၊ မိမိရှိရာသို့ ရူပါရုံ,သဒ္ဒါရုံ-အစရှိသော အာရုံ ခြောက်ပါးတို့က လာ၍ သော်၎င်း၊ ထိုရူပါရုံ အစရှိသော အာရုံတို့ကို ငြိတွယ်သောအားဖြင့် တပ်နှစ်သက်တတ်၏။ ။ဟူလို။

လောဘေန သဟဂတံ လောဘသဟဂတံ။

ယံ၊အကြင်စိတ်သည်။ လောဘေန၊လောဘ စေတသိက်နှင့်။ သဟဂတံ၊ တကွဖြစ်တတ်၏။ ဣတိ၊ကြောင့်။ တံ၊ ထိုစိတ်သည်။ လောဘသဟဂတံ၊ လောဘသဟဂုတ် စိတ်မည်၏။ ။လောဘစေတသိက်နှင့် တကွဖြစ်သော စိတ်သည် လောဘသဟဂုတ်မည်၏။ ။ဟူလို။

---

## လောဘမူစိတ် ဖြစ်ခြင်းအကြောင်း

လောဘမူစိတ်ဖြစ်ရန်အကြောင်းကား ၄-ပါးရှိ၏။

၁။ ။လောဘ ခြီရုံသောကံကြောင့်ရသော ပဋိသန္ဓေရှိခြင်း။
၂။ ။လောဘ,ရာဂ, အဖြစ်များသော မင်းစိုးရာဇာ ဘဝ, နတ်ဘဝ စသည်တို့မှ စုတိ၍ လာခဲ့သောသူဖြစ်ခြင်း။
၃။ ။ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်း။
၄။ ။အရာရာ၌ သာယာဘွယ်ဟု ရှုလေ့ရှိခြင်း။

ဤလေးပါးတည်း။

လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော၊မက္ကဋာလေ
ပေါဝိယ၊ အဘိသင်္ဂရသော။ပ။ တတ္တကပါလေ ခိတ္တမံသ
ပေသိဝိယ။ အပရိစ္စာဂပစ္စုပဋ္ဌာနော၊တေလဉ္ဇနရာဂေါ ဝိယ
သံယောဇနိယဓမ္မေသု အဿာဒ ဒဿနပဒဋ္ဌာနော။တဏှာ
နဒိဘာဝေန ဝဍ္ဎမာနော သီဃသောတာ နဒီဝိယ မဟာ
သမုဒ္ဒံ အပါယမေဝ ဂဟေတွာ ဂစ္ဆတီတိ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

လောဘော၊ လောဘသည်။ အာရမ္မဏဂ္ဂဟဏလက္ခဏော၊ ငါ၏ ဥစ္စာ,ငါ့ဟာ-ဟု အာရုံကို ကိုင်ခြင်း, ဖွဲ့သန်းခြင်း လက္ခဏာရှိ၏။ မက္ကဋာလေပေါ ဝိယ၊ မျောက်ဖမ်းစေး ကဲ့သို့တည်း။ အဘိသင်္ဂရသော၊ အာရုံ၌ ငြိကပ်ခြင်း,ငြိခြင်း ကိစ္စရှိ၏။ ။တတ္တကပါလေ၊ အိုးကင်းပူ၌၊

## အမေး အဖြေ

မေး။ ။လောဘမူစိတ်၌ ဖဿစသော စေတသိက် တို့သည် တကွ ဖြစ်ကုန်၍ ဖဿသဟဂုတံ-ဟု မဆိုပါဘဲ အဘယ့်ကြောင့် သောမနဿ သဟဂုတံ-ဟုသာ ဆိုအပ်ပါသနည်း။

ဖြေ။ ။ဖဿ-စသော စေတသိက် တို့သည် အလုံးစုံသော အကုသိုလ် စိတ်၌ ဆက်ဆံသောကြောင့် ၎င်းတို့ဖြင့် အထူးမပြုနိုင်။ သော မနဿ-စသော ဝေဒနာတို့သည်သာလျှင် အများနှင့်မဆက်ဆံ အချို့သော အကုသိုလ် စိတ်တို့၌သာ ဆက်ဆံသောကြောင့် ထူးခြား ကွဲလွဲခြင်း အကျိုးငှါ သောမနဿ သဟဂုတံ-ဟု ဆိုအပ်ပါသတည်း။

မေး။ ။လောဘမူ၌ သောမဿ,ဥပေက္ခာ-အားဖြင့် နှစ်ပါးရှိသည့်တွင် အဘယ့်ကြောင့် သောမနဿကို ရှေ့ထား၍ မိန့်ဆိုအပ်ပါ သနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် သောမနဿကို ရှေ့ထား၍ ဟောတော် မူသောကြောင့် သောမနဿကို ရှေ့ထား၍ မိန့်ဆို အပ်ပါ သတည်း။

မေး။ ။၎င်း သောမနဿမှာလည်း ဒိဋ္ဌိဂတသမ္ပယုတ်,ဒိဋ္ဌိဂတဝိပ္ပယုတ် အားဖြင့် နှစ်ပါး ရှိသည့်တွင် အဘယ့်ကြောင့် သမ္ပယုတ်ကို ရှေ့ထား၍ မိန့်ဆိုအပ်ပါသနည်း။

---

ဒိဏ္ဏမံသပေသိဝိသ၊ ဉာအင်သော သားဘစ်ကဲ့သို့ဘည်း။ အပရိဗ္ဗာဂပဋ္ဌပဌာခနှာ၊ မဠ္ဌဳ သည္ဆာဒ် ဖြဲဗွာဆဲ့သုက် လွှင်စေကျွင်ဝေခိုခ်ခဲ့သည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုဆင်ခေတာဒ်၏။ တလည္လွန်ရှာခေါ် ဒီယ၊ ဆီမင်ဗွန်းသကဲ့သို့ဘည်း။ သံယောဇနိသခနူသု၊ သံယောဇဉ်၏ အဥ္စဳပြစ်သော တရားတို့၌။ အသာဒဒဿန ပဒဋ္ဌာနေနှာ၊ သာယာသည်၏ အစွမ်းအားဖြင့် ရှုခြင်းလျှင် နီးသောအကြောင်းရှိ၏။ တဏှာနိဒါနဘေန၊ တဏှာမြစ်၏အဖြစ်ဖြင့်။ ထေုပဋ္ဌာန၊ စည်ပင် ပွါးစီးဉ်းမားလာင်သော်။ သီဃသောတ၊ လျင်မြန်သော ရေအယဉ်ရှိသော။ နဒီ၊ မြစ်သည်။ ပတ်ဘံ၊ မိမိအပေါ်သို့ ကုသောဒဏ္ဍကို။ ဂဏှာဒ္ဓယုနဲ့။ မဟာသမုဒ္ဒံ၊ မဟာ သမုဒ္ဒရာသို့။ ဂစ္ဆန္တိ ရှုလာသွားသကဲ့သို့။ သဏ္ဍေ၊ သဏ္ဍာပါသိုက်ကို။ ဂဟေတွာ၊ ယူ၍။ အပါယ မေ၊ အပါယ်သို့သာလျှင်။ ဂစ္ဆတိ၊ ၏။ ရှုတီ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။

(ဤအဋ္ဌကထာ၏ ဘွင့်ဆိုချက်ကို ဉာဏ်ဖြင့်ဆင်ခြင်၍ လောဘ၏ သဘောသဘာဝကို မှန်ကန်စွာ သိလင့်ကုန်)။

မေး။ ။ဒိဋ္ဌိ ရှိ,မရှိတို့တွင် အရှိကိုပြသဖြင့် မရှိသောအဖြစ်ကို သိရသောကြောင့် သမ္မာယုတ်ကို ရှေးဦးစွာ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုသို့ဆိုလျှင် အသင်္ခါရိကစိတ်ကို အဘယ့်ကြောင့် ရှေ့ထား၍ ဆိုအပ်ပါသနည်း။

ဖြေ။ ။အနုံ့ အထက်-နှစ်ပါးတို့တွင် အထက်ကို ပြသဖြင့် အနုံ့ကို သိစေခြင်းငှါ အသင်္ခါရိကကို ရှေ့ထား၍ ဆိုအပ်၏။

---

## ဆောင်ပုဒ်

က။ ။အားအဆင့်ပေး၊တိုက်တွန်းရေး၊မှတ်တွေး-သင်္ခါရ။

ခ။ ။တိုက်တွန်း ရကား၊ နောက်စိတ် အားကူး၊ တက်ကြွားထူး။ မှတ်ဦး-သင်္ခါရ။

ဂ။ ။ဖသ-မှာကား၊ စိတ်အများနှင့်၊ ဆက်ဆံလင့်၍၊ အသင့်ထူးပြ၊ မဆိုမှု၊မှတ်ရှု လေကုန်ကြ။

ဃ။ ။ဒေသနာ အယဉ်၊ ရှေ့တင် ဟောမှု၊ အကြောင်းပြု၊ မိန့်ရှု-သောမနသ်။

င။ ။အရှိကိုပြ၊မရှိထကို၊သိစေလို၊မိန့်ဆို သမ္မာယုတ်။

စ။ ။အထက်ကိုပြ၊နုံ့သိရ၊မိန့်ဟ-အသင်္ခါ။

---

## ဒိကာဝါဒ လောဘနုဒိဘ်ဖြစ်ပုံ အဓိပ္ပါယ်

၁။ ။အကြင်အခါ၌ ကာမဂုဏ်ခံစားမှုဟူသည် ပုထုဇ္ဇန်တို့အား အပြစ်မရှိ ခံစားထိုက်၏-ဟု သက္ကာယဒိဋ္ဌိစသော မှားသော အယူကို ယူ၍ နှစ်သက် ဝမ်းမြောက်စွာ သူတပါးတို့သည် မတိုက်တွန်းအပ်သော သဘောအားဖြင့် ထက်ကြက်မြက်သော စိတ်ဖြင့် ကာမဂုဏ်တို့ကိုမူလည်း ခံစား၏။ ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုလည်း အနှစ်သာရအားဖြင့် ယုံကြည်၏။ ထိုအခါ "သောမနဿသဟဂုတံ,ဒိဋ္ဌိဂတသမ္ပယုတ္တံ,အသင်္ခါရိကံ"ဖြစ်၏။

၂။ ။အကြင် အခါ၌ နုံ့သော သူတပါးတို့ တိုက်တွန်း အပ်သော စိတ်ဖြင့်နှစ်သက်ဝမ်းမြောက်စွာ သက္ကာယဒိဋ္ဌိစသော မှားသောအယူကိုယူ၍ ကာမဂုဏ်တို့ကိုလည်း ခံစား၏။ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုလည်း အနှစ်သာရ အားဖြင့် ယုံကြည်၏။ထိုအခါ "**သောမနဿသဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်**" ဖြစ်၏။

၃။ ။အကြင်အခါ၌ သက္ကာယဒိဋ္ဌိစသော မှားသော အယူကို မယူမူ၍ ဝါ၊ မိစ္ဆာဒိဋ္ဌိသဘော မရှိမူ၍ အလိုအလျောက် နှစ်သက်ဝမ်းမြောက်စွာ သဘောအားဖြင့် ထက်သော သူတပါးတို့ မတိုက်တွန်းအပ်သော စိတ်ဖြင့် မေထုန်ကို သော်လည်း မှီဝဲ၏။ သူတပါး၏ စည်းစိမ်ကိုလည်း လိုချင် တပ်မက်မော၏။သူတပါး၏ ဥစ္စာကိုမူလည်း ခိုး၏။ထိုအခါ "**သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်, အသင်္ခါရိကစိတ်**" ဖြစ်၏။

၄။ ။အကြင်အခါ နုံ့သော သူတပါးတို့သည် တိုက်တွန်း အပ်သော စိတ်ဖြင့် သက္ကာယဒိဋ္ဌိစသော မှားသောအယူကို မယူမူ၍။ ဝါ၊ မိစ္ဆာဒိဋ္ဌိ သဘောမရှိမူ၍ နှစ်သက် ဝမ်းမြောက်စွာ မေထုန်ကိုသော်လည်း မှီဝဲ၏။ သူတပါး၏ စည်းစိမ်ကိုလည်း လိုချင် မက်မော၏။ သူတပါး၏ ဥစ္စာကို မူလည်း ခိုး၏။ ထိုအခါ "**သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတ ဝိပ္ပယုတ်, သသင်္ခါရိကစိတ်**" ဖြစ်၏။

၅။ ။အကြင်အခါ သဘောအားဖြင့် ထက်သည်ဖြစ်၍ တိုက်တွန်းခြင်း ကင်းသောစိတ်ဖြင့် ကာမဂုဏ်ကိုခံစားခြင်းသည် အပြစ်မရှိ၊ ဤသို့စသော နည်းဖြင့် သက္ကာယဒိဋ္ဌိစသော မှားသောအယူကိုယူ၍ ကာမဂုဏ် မပြည့်စုံ သောကြောင့်၎င်း၊ ဝမ်းမြောက်ခြင်း အကြောင်းဖြစ်သော ဣဋ္ဌာရုံ စသည်မှ ကင်းသောကြောင့်၎င်း၊ ဝမ်းမမြောက်, ဝမ်းမသာ လျစ်လျူ ရှုလျက် ကာမဂုဏ်ကိုမူလည်း ခံစား၏။ဒိဋ္ဌမင်္ဂလာ စသည်တို့ကို မူလည်း အမြဟ် တနိုး ယုံကြည်၏။ထိုအခါ "**ဥပေက္ခာ သဟဂုတ်, ဒိဋ္ဌိဂတ သမ္ပယုတ်, အသင်္ခါရိကစိတ်**" ဖြစ်၏။

၆။ ။အကြင်အခါ နုံ့သည်ဖြစ်၍ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော စိတ်ဖြင့်ကာမဂုဏ်ကိုခံစားမှုသည်အပြစ်မရှိ၊ဤသို့စသောနည်းဖြင့် သက္ကာယ ဒိဋ္ဌိစသော မှားသော အယူကိုယူ၍ ကာမဂုဏ်၏ မပြည့်စုံသောကြောင့်၎င်း၊

ထိုမှတပါး ဝမ်းမြောက်ခြင်း အကြောင်း ဖြစ်သော ဣဋ္ဌာရုံ စသော အကြောင်း ကင်းသောကြောင့်၎င်း၊ ဝမ်းမမြောက် ဝမ်းမသာ လျစ်လျူရှုလျက် ကာမဂုဏ်ကိုမူလည်းခံစား၏။ဒိဋ္ဌမင်္ဂလာ စသည်ကိုမူလည်း အမြတ်တနိုး ယုံကြည်၏။ ထိုအခါ "**ဥပေက္ခာ သဟဂုတ်,ဒိဋ္ဌိဂတ သမ္ပယုတ်, သသင်္ခါရိကစိတ်**" ဖြစ်၏။

၇။ ။အကြင်အခါ သဘောအားဖြင့် ထက်သည်ဖြစ်၍ တိုက်တွန်းခြင်း ကင်းသောစိတ်ဖြင့် ကာမဂုဏ်ကို ခံစားခြင်းသည် အပြစ်မရှိ၊ ဤသို့ စသော သက္ကာယဒိဋ္ဌိစသော မှားသောအယူကို မယူမှု၍ ကာမဂုဏ်၏ မပြည့်စုံသောကြောင့်၎င်း၊ထိုမှတပါး ဝမ်းမြောက်ခြင်း၏ အကြောင်း ဖြစ်ကုန်သော ဣဋ္ဌာရုံစသော အကြောင်းတို့မှ ကင်းသောကြောင့်၎င်း၊ ဝမ်းမမြောက်, ဝမ်းမသာ လျစ်လျူရှုလျက် မေထုန်အကျင့်ကိုမူလည်း မှီဝဲ၏၊ သူတပါး၏ စည်းစိမ်ကိုမူလည်း လိုချင်မက်မော၏၊သူတပါး၏ ဥစ္စာကိုမူလည်း ခိုးယူ၏။ ထိုအခါ"**ဥပေက္ခာသဟဂုတ်,ဒိဋ္ဌိဂတဝိပ္ပယုတ်,အသင်္ခါရိကစိတ်**" ဖြစ်၏။

၈။ ။အကြင်အခါ နုံ့သည်ဖြစ်၍ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော စိတ်ဖြင့် ကာမဂုဏ်ကို ခံစားခြင်းသည် အပြစ်မရှိ၊ဤသို့ စသောနည်းဖြင့် သက္ကာယဒိဋ္ဌိစသော မှားသောအယူကို မယူမှု၍ ကာမဂုဏ်၏ မပြည့်စုံသောကြောင့်၎င်း၊ ထိုမှတပါး ဝမ်းမြောက်ခြင်း၏ အကြောင်း ဖြစ်သော ဣဋ္ဌာရုံစသော အကြောင်းမှ ကင်းသောကြောင့်၎င်း၊ဝမ်းမမြောက်,ဝမ်းမသာ လျစ်လျူရှုလျက် မေထုန်အကျင့်ကိုမူလည်း မှီဝဲ၏၊သူတပါး၏ဥစ္စာကိုမူလည်း ခိုး၏၊ထိုအခါ "**ဥပေက္ခာသဟဂုတ်,ဒိဋ္ဌိဂတဝိပ္ပယုတ်,သသင်္ခါရိကစိတ်**" ဖြစ်၏။

ဤကား ဋီကာကျော်လာ အမိပ္ပါယ်တည်း။

၄-က။ ။ယဒါပိ နတ္ထိ ကာမေသု အာဒီနဝေါတျာဒိနာ နယေန မိစ္ဆာဒိဋ္ဌိံ ပုရေက္ခိတွာ ဟဋ္ဌတုဋ္ဌော ကာမေဝါ ပရိဘုဉ္ဇတိ၊ ဒိဋ္ဌမင်္ဂလာဒီနိဝါ သာရတော ပစ္စေတိ၊သဘာဝတိက္ခေနေဝ အနုဿာဟိတေန စိတ္တေန၊တဒါ ပဌမံ အကုသလ စိတ္တမုပ္ပဇ္ဇတိ။

ဋီကာကျော်။

## အဋ္ဌကထာဝါဒ လောဘမူစိတ်ဖြစ်ပုံ အဓိပ္ပါယ်

၁။ ။အကြင်အခါ အာရုံ ခြောက်ပါးတို့၌ ဝမ်းမြောက် ဝမ်းသာ လောဘကိုဖြစ်စေလျက် ငါ-သူတပါး သတ္တဝါ ဤသို့ သက္ကာယဒိဋ္ဌိစသော အားဖြင့် သုံးသပ်စွဲလမ်းခါ သူတပါး ပယောဂ, မိမိပယောဂ-ဟု ဆိုအပ်သော တိုက်တွန်းခြင်းကင်း၍ ဖြစ်၏။ ထိုအခါ "**သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, အသင်္ခါရိကစိတ်**"ဖြစ်၏။

၂။ ။အကြင်အခါ အာရုံ ခြောက်ပါးတို့၌ ဝမ်းမြောက် ဝမ်းသာ လောဘကို ဖြစ်စေ၍ ငါ-သူတပါး သတ္တဝါ ဤသို့ သက္ကာယဒိဋ္ဌိစသော အားဖြင့် သုံးသပ်စွဲလမ်းခါ သူတပါးပယောဂ, မိမိပယောဂ-ဟု ဆိုအပ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်၏။ ထိုအခါ "**သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, သသင်္ခါရိကစိတ်**"ဖြစ်၏။

၃။ ။အကြင်အခါ အာရုံ ခြောက်ပါးတို့၌ ဝမ်းမြောက် ဝမ်းသာ လောဘကိုဖြစ်စေ၍ ငါ-သူတပါး သတ္တဝါ ဤသို့ သက္ကာယဒိဋ္ဌိစသောအားဖြင့် မသုံးသပ် မစွဲလမ်းမူ၍ သူတပါးပယောဂ, မိမိပယောဂ-ဟုဆိုအပ်သော တိုက်တွန်းခြင်း ကင်း၍ ကြက်,ငှက်-စသည်တို့ကို တိုက်ခြင်း၊ လက်ပန်းလုံးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ ပွဲလမ်းသဘင် စသည်တို့ကို ကြည့်ရှုခြင်း၊ နှစ်သက်ဘွယ် တူရိယာအသံတို့ကို နားထောင်ခြင်း စသည်တို့ကို ပြု၏။ ထိုအခါ **သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်, အသင်္ခါရိကစိတ်**" ဖြစ်၏။

၄။ ။အကြင်အခါ အာရုံ ခြောက်ပါးတို့၌ ဝမ်းမြောက် ဝမ်းသာ လောဘကိုဖြစ်စေ၍ ငါ-သူတပါး သတ္တဝါ ဤသို့ သက္ကာယဒိဋ္ဌိစသောအားဖြင့် မသုံးသပ် မစွဲလမ်းမူ၍ သူတပါးပယောဂ,မိမိပယောဂ-ဟုဆိုအပ်သော တိုက်တွန်းခြင်းနှင့်တကွ ကြယ်, ငှက်-စသည်တို့ကို တိုက်ခြင်း၊ လက်ပန်းလုံးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ ပွဲလမ်းသဘင် စသည်တို့ကို ကြည့်ရှုခြင်း၊

---

၄-က။ ။ဟိ၊ ချဲ့၍ပြဦးအံ့။ ယဒါ၊ အကြင်အခါ၌။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝေါ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိအာဒိနာ၊ ဤသို့စသောနည်းဖြင့်။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ ပုရေက္ခတွာ၊ ရှေ့သွားပြု၍။ ဟဋ္ဌတုဋ္ဌော၊ နှစ်သက် ရွှင်လန်းစွာ။ သဘာဝတိက္ခေနေဝ၊ သဘောအားဖြင့်

နှစ်သက်ဘွယ် တူရိယာအသံတို့ကို နားထောင်ခြင်း စသည်တို့ကို ပြု၏။ ထိုအခါ "**သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတဝိပ္ပယုတ်, သသင်္ခါရိကစိတ်**" ဖြစ်၏။

၅။ ။အကြင်အခါ အာရုံခြောက်ပါးတို့၌ ဝမ်းမမြောက် ဝမ်းမသာ လျစ်လျူရှုလျက် လောဘကို ဖြစ်စေ၍ ငါ-သူတပါး သတ္တဝါ ဤသို့ သက္ကာယဒိဋ္ဌိ စသောအားဖြင့် သုံးသပ်စွဲလမ်းခါ သူတပါးပယောဂ, မိမိပယောဂ-ဟု ဆိုအပ်သော တိုက်တွန်းခြင်း ကင်းလျက် ဖြစ်၏။ ထိုအခါ "**ဥပေက္ခာသဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, အသင်္ခါရိကစိတ်**" ဖြစ်၏။

ကြွင်းသော ဆဋ္ဌ, သတ္တမ, အဋ္ဌမ, စိတ်တို့၌လည်း ရှေးနည်းကို မှီး၍ သိလင့်ကုန်။

၄-ခ။ ။ဣဓ ပန စိတ္တုံ ကိဥ္စာပိ ဆသု အာရမ္မဏေသု သောမနဿိတဿ လောဘံ ဥပ္ပါဒေတွာ သတ္တော သတ္တော တိ အာဒိနာ နယေန ပရာမသန္တဿ ဥပ္ပဇ္ဇတိ။ တထာပိ သသင်္ခါရိကတ္တာ သပ္ပယောဂေန သဥပါယေန ဥပ္ပဇ္ဇနတော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

ထက်သည်သာလျှင် ဖြစ်သော။အနုဿာဟိတေန၊သူတပါးတို့မတိုက်တွန်းအပ်သော။ စိတ္တေန၊ ဖြင့်။ကာမေ၀ါ၊ကာမဂုဏ်တို့ကိုမူလည်း။ ပရိဘုဉ္ဇတိ၊ ခံစား၏။ ဒိဋ္ဌမင်္ဂလာဒီနိ၀ါ၊ ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုမူလည်း။သာရတော၊အနှစ်သာရအားဖြင့်။ပစ္စေတိ၊ယုံကြည်၏။ တဒါ၊ထိုအခါ၌။ ပဌမံ၊ရှေးဦးစွာသော။ အကုသလစိတ္တံ၊သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

၄-ခ။ ။ပန၊ဆက်၍ဆိုဦးအံ့။ ဣဓဒုတိယစိတ္တံ၊သည်။ ဆသု အာရမ္မဏေသု၊ အာရုံခြောက်ပါးတို့၌။ သောမနဿိတဿ၊ ဖြစ်သော သောမနဿရှိသည် ဖြစ်၍။ လောဘံ၊လောဘကို။ ဥပ္ပါဒေတွာ၊ဖြစ်စေ၍။သတ္တော သတ္တောတိအာဒိနာ၊ သတ္တ၀ါ,သတ္တ၀ါ-ဤသို့ စသော။ နယေန၊ နည်းဖြင့်။ပရာမသန္တဿ၊သုံးသပ်သော သူအား။ကိဥ္စာပိ ဥပ္ပဇ္ဇတိ၊အကယ်၍ကား ဖြစ်၏ရှင့်။ တထာပိ၊ထိုသို့ဖြစ်သော်လည်း။သသင်္ခါရိကတ္တာ၊သသင်္ခါရိက၏အဖြစ်ကြောင့်။ သပ္ပယောဂေန၊ သူတပါးပယောဂ, မိမိပယောဂနှင့် တကွသော။ သဥပါယေန၊ အကြောင်း ဥပါယနှင့်တကွသော။ပစ္စယဝသေန၊ပစ္စည်းအပေါင်းဖြင့်။ ဥပ္ပဇ္ဇနတော၊ဖြစ်သောကြောင့်။

(အကျယ်ကို သိလိုမူ အဋ္ဌကထာ၌ ရှုလင့်ကုန်)။

၅။ ။ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ၊ အသင်္ခါရိကမေကံ သသင်္ခါရိက မေကန္တိ ဒွေမာနိ ဒွေပိ ပဋိဃသမ္ပယုတ္တ စိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠ်။

---

၁။ ။ဒေါမနဿဝေဒနာနှင့် တကွဖြစ်သော ဒေါသ စေတသိက်နှင့် ယှဉ်သော အသင်္ခါရိကစိတ် တခု။

၂။ ။ဒေါမနဿဝေဒနာနှင့် တကွဖြစ်သော ဒေါသ စေတသိက်နှင့် ယှဉ်သော သသင်္ခါရိကစိတ် တခု။

ဤနှစ်ပါးသော စိတ်တို့သည် ဒေါသစေတသိက်နှင့် ယှဉ်သောကြောင့် ဒေါသမူစိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ဒေါသမူစိတ်၏ အပြား**

ဤ ဒေါသမူစိတ်သည် ၂-ပါး အပြားရှိ၏ ဆိုသော်လည်း အကျယ် မြောက်ပွါး ဝေဘန်သည်ရှိသော် ၇၅၆-ပါး အပြားရှိ၏-ဟုမှတ်။

**မြောက်ပွါးပုံကား**။ ။ဒေါသမူစိတ် နှစ်ပါးကို အကုသလ ကမ္မပထ တရား ဆယ်ပါးတို့တွင် ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့မှ တပါး ကြွင်းသော ကမ္မပထတရား ခုနစ်ပါးနှင့် မြောက်သည်ရှိသော် ၁၄-ပါး ဖြစ်၏။ထို ၁၄-ပါးကို အာရုံခြောက်ပါးနှင့် မြောက်သော် ၈၄-ပါးဖြစ်၏။ ထို ၈၄-ပါးကို ဝီမံသာဓိပတိမှတပါးကြွင်းသော အဓိပတိတရား သုံးပါးနှင့် မြောက်သော် ၂၅၂-ပါး ဖြစ်၏။ ထို ၂၅၂-ပါးကို ကံသုံးပါးနှင့် မြောက် သော် ၇၅၆-ပါး ဖြစ်၏။ ။ဤသို့လျှင် ဒေါသမူစိတ်သည် အကျဉ်းအားဖြင့် ၂-ပါးသာ ရှိ၏။အကျယ်ချဲ့ကာ မြောက်ပွါးလိုက်သည်ရှိသော် ၇၅၆-ပါး ရှိ၏။ ။ဟူလို။

ကမေန သတ္တာကုသလ၊ ကမ္မပထေဟိ ဂေါစရာ။
တီဟာဓိပတိကမ္မေဟိ၊ ဂဏေယျ နယကောဝိဒေါ။ ။

အနက်လွယ်ပြီ။

## ဒေါမနဿသဟဂုတ် အဓိပ္ပါယ်

ဒုဋ္ဌု မနော ဒုမ္မနော။

ဒုဋ္ဌု၊မကောင်းသော။ဝါ၊စက်ဆုပ်အပ်သော။မနော၊စိတ်တည်း။ဒုမ္မနော၊ မကောင်းသောစိတ်။ ။ဘနည်း။ ။ဒုဋ္ဌု မနော ဧတဿာတိ ဒုမ္မနော။ ။ ဧတဿ၊ ထိုပုဂ္ဂိုလ်အား။ ဒုဋ္ဌု၊မကောင်းသော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ကြောင့်။ ဒုမ္မနော၊ဒုမ္မန-မည်၏။ ။ဤဝိဂြိုဟ်များအရ၊ မကောင်းသော စိတ်သည်ငှင်း, မကောင်းသော စိတ်ရှိသော သူသည်ငှင်း။ ဒုမ္မန-မည်၏။

ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ။

ဒုမ္မနဿ၊ မကောင်းသောစိတ်၏။ဝါ၊ စိတ်ရှိသော သူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဣတိ၊ထို့ကြောင့်။ ဒေါမနဿံ၊ဒေါမနဿမည်၏။ ။ ဒေါမနဿ ဝေဒနာကို ရ၏။ ။ဒေါမနဿေန သဟဂတံ၊ ဒေါမနဿ သဟဂတံ။ ။ဒေါမနဿေန၊ ဒေါမနဿ ဝေဒနာနှင့်။ သဟဂတံ၊ တကွ ဖြစ်သောစိတ်တည်း။ ဣတိ၊ ကြောင့်။ ဒေါမနဿ သဟဂတံ၊ မည်၏။ ။ ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်သောစိတ်သည် ဒေါမနဿ သဟဂုတ်စိတ် မည်၏။ ။ဟူလို။

---

## ပဋိဃသမ္ပယုတ် အဓိပ္ပါယ်

အာရမ္မဏေ ပဋိဟညတီတိ ပဋိဃော။

အာရမ္မဏေ၊ အာရုံ၌။ ပဋိဟညတိ၊ ထိပါးတတ်၏။ ဣတိ၊ ကြောင့်။ ပဋိဃော၊မည်၏။ ။ဒေါသစေတသိက်ရ၏။

ပဋိဃေန သမ္ပယုတ္တန္တိ ပဋိဃသမ္ပယုတ္တံ။

ပဋိဃေန၊ ဒေါသပဋိဃနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော စိတ်တည်း။ ဣတိ၊ ကြောင့်။ ပဋိဃသမ္ပယုတ္တံ၊မည်၏။ ။ထိုကြောင့် ဒေါမနဿကား ဝေဒနာ စေတသိက်၊ပဋိဃကား ဒေါသ စေတသိက်-ဟု အထူးမှတ်လေ။

အသင်္ခါရိက,သသင်္ခါရိက-အဓိပ္ပါယ်ကို ရှေးအတိုင်းမှတ်။

### အာဃာတဝတ္ထု ကိုးပါး အဓိပ္ပါယ်

နဝဝိဓ အာဃာတ ဝတ္ထူနီတိ အနတ္ထံမေ အစရိ,စရတိ, စရိဿတီတိ အာဃာတော ဇာယတိ။ ပိယဿ မေ မနာပဿ အနတ္ထံ အစရိ, စရတိ, စရိဿတီတိ အာဃာတော ဇာယတိ၊ အပ္ပိယဿ မေ အမနာပဿ အတ္ထံ အစရိ,စရတိ, စရိဿတီတိ အာဃာတော ဇာယတိ။

မဏိမဉ္ဇူသာ ဋီကာ။

ဤဋီကာပါဌ်အရ၊ ဤသူသည် ငါ၏ အကျိုးစီးပွါးမဲ့ကို ရှေးကလည်း ပြုဘူးလှပြီ ယခုလည်းပြုဆဲ နောင်လည်း ပြုလတ္တံ့ဟု မိမိကိုယ်ကို အစွဲပြု၍ ကာလသုံးပါး အားလျော်စွာ အာဃာတ သုံးပါး။ ။မိမိချစ်သောသူကိုစွဲ၍ ထိုအတူ သုံးပါး။ ။မိမိကမုန်းသောသူ၏ အကျိုးစီးပွါးကိုပြုရာ၌ သုံးပါး။ ။ ဤသို့အားဖြင့် အာဃာတဝတ္ထုကိုးပါး ဖြစ်သတည်း။ ။နေ့သည် ပူလွန်းလှသည်၊ လသည် အေးလွန်းလှသည် စသည်ဖြင့် အရာမဟုတ်ရာ၌ အမျက်ထွက်တတ်သော အဋ္ဌာနကောပ-ကို ထည့်သည်ရှိသော် အာဃာတဝတ္ထု ဆယ်ပါးဖြစ်၏။

---

### ဒေါသမူ အကြောင်း လေးပါး

ဒေါသမူစိတ် ဖြစ်ခြင်းသည် အကြောင်း လေးပါးရှိ၏။ ။လေးပါး ဟူသည်ကား—

၁။ ။ဒေါသတည်းဟူသော အဇ္ဈာသယဓာတ်ခံရှိခြင်း။
၂။ ။မနက်နဲသော အဂမ္ဘီရ သဘောရှိခြင်း။
၃။ ။အကြားအမြင် နည်းပါးခြင်း။
၄။ ။အနိဋ္ဌာရုံနှင့် ပေါင်းဆုံခြင်း။

ဤလေးပါးတည်း။

---

### ဒေါသမူစိတ်ဖြစ်ပုံအကြောင်း ဋီကာ အဓိပ္ပါယ်

၁။ ။အကြင်အခါ သဘောအားဖြင့် ထက်သည်ဖြစ်၍ တိုက်တွန်းခြင်း ကင်းသောစိတ်ဖြင့် အမျက်ဒေါသနှင့်တကွ ပါဏာတိပါတ စသောအမှုကို ပြု၏။ထိုအခါ "ဒေါမနဿသဟဂုတ်,ပဋိဃသမ္ပယုတ်,အသင်္ခါရိကစိတ်" ဖြစ်၏။

၂။ ။အကြင်အခါ နုံ့သည်ဖြစ်၍ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော စိတ်ဖြင့် အမျက်ဒေါသနှင့်တကွ ပါဏာတိပါတစသောအမှုကိုပြု၏။ထိုအခါ “**ဒေါမနဿ သဟဂုတ်,ပဋိဃ သမ္ပယုတ်,သသင်္ခါရိကစိတ်**” ဖြစ်၏။

ဤကား ဋီကာကျော် အဓိပ္ပါယ်။

၅-က။ ။ဣမိန္နံ ပန နေသံ စိတ္တာနံ ပါဏာတိပါတာဒိသု တိက္ခမန္ဒ ပဝတ္တိကာလေ ဥပ္ပတ္တိဝေဒိတဗ္ဗာ။

ဋီကာကျော်။

---

## အဋ္ဌကထာ အဓိပ္ပါယ်

၁။ ။အကြင်အခါ၊အာရုံခြောက်ပါးတို့၌သူတပါးတို့သည် တိုက်တွန်းခြင်း မရှိမူ၍ နှလုံးမသာမယာဖြစ်၍ အမျက်ထွက်၏။ထိုအခါ “**ဒေါမနဿ သဟဂုတ်,ပဋိဃ သမ္ပယုတ်,အသင်္ခါရိကစိတ်**” ဖြစ်၏။

၂။ ။အကြင်အခါ၊ အာရုံခြောက်ပါးတို့၌ သူတပါး တိုက်တွန်း၍ ဖြစ်စေ၊သူတပါး၏ မိမိအားပြုဘူးသော အပြစ်ကို အောက်မေ့စေ၍ ဖြစ်စေ၊ မိမိအလိုလို အပြစ်ကို အောက်မေ့၍ ဖြစ်စေ၊ နှလုံးမသာမယာဖြစ်၍ အမျက်ထွက်၏။ထိုအခါ “**ဒေါမနဿ သဟဂုတ်,ပဋိဃ သမ္ပယုတ်,သသင်္ခါရိကစိတ်**” ဖြစ်၏။

ဤကား အဋ္ဌကထာ အဓိပ္ပါယ်။

---

၅-ခ။ ။နဝမံ ဆသု အာရမ္မဏေသု ဒေါမနဿိတဿ ပဋိဃံ ဥပ္ပါဒယတော ဥပ္ပဇ္ဇတိ။ဒသမံ သသင်္ခါရတ္တာ ပရေဟိ ဥဿာဟိတဿ ဝါ ပရေသံ ဝါ အပရာဓံ အနုဿရိတွာ ကုဇ္ဈမာနဿ ဥပ္ပဇ္ဇတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၅-က။ ။ပန၊ သက်ရှိသို့ နှုံးအုံး။ ဣဒ္ဓိ၊ နှစ်ပါးကုန်သော။ နေသံ စိတ္တာနံ၊ ဆိုင်ဒါသမုစ်စင်တို့၏။ ပါဏာတိပါတာဒိသု၊ ပါဏာတိပါတ- စသည်တို့၌။ တိက္ခမန္ဒပဝတ္တိကာလေ၊ ထက်စွာ ဖြစ်သောကာလ, နုံ့စွာဖြစ်သော ကာလတို့၌။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗာ၊ ၏။

၅-ခ။ ။နဝမံ၊ ကိုးခုမြောက်အကုသိုလ်စိတ်သည်။ ဆသု အာရမ္မဏေသု၊ အာရုံခြောက်ပါး တို့၌။ ဒေါမနဿိတဿ၊ ဖြစ်သော ဒေါမနဿရှိသည်ဖြစ်၍။ ပဋိဃံ၊ ဒေါသကို။ ဥပ္ပါဒယတော၊ ဖြစ်စေသော သူအား။ ဥပ္ပဇ္ဇတိ၊ ၏။

## ဒေါမနဿ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ ဒေါမနဿံ။ ယထာ
တထာ ဝါ အနိဋ္ဌာကာရ သမ္ဘောဂရသံ။ စေတသိကာ
ဗာဓ ပစ္စုပဋ္ဌာနံ။ ဧကန္တေနေဝ ဟဒယဝတ္ထုပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒေါမနဿံ၊ သည်။ အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ ယထာတထာဝါ၊ ဟုတ်ဟုတ် ငြားငြားသော အခြင်းအရာ အားဖြင့်လည်း။ ဝါ၊ သဘောအားဖြင့် ၎င်း-ပရိကပ္ပအားဖြင့် ၎င်းလည်း။ အနိဋ္ဌာကာရ သမ္ဘောဂရသံ၊ အနိဋ္ဌဖြစ်သော အဘို့အစုကို သုံးဆောင်ခြင်း ကိစ္စရှိ၏။ စေတသိကာဗာဓပစ္စုပဋ္ဌာနံ၊ စိတ်၌မှီသော အနာ ဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ ဝါ၊ စိတ်၌မှီ၍ နှိပ်စက် ဖျက်ဆီး တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏။ ဧကန္တေနေဝ၊ စင်စစ် အားဖြင့်သာလျှင်။ ဟဒယဝတ္ထုပဒဋ္ဌာနံ၊ ဟဒယဝတ္ထုရုပ်ဟု ဆိုအပ်သော နီးစွာသော အကြောင်းရှိ၏။

အဓိပ္ပါယ် ပေါ်လွင်ပြီ။

---

### အမေး အဖြေ

မေး။ ။ဒေါသမူ စိတ်၌ ဝေဒနာအပြား မရှိပါဘဲလျက် အဘယ် အတွက်ကြောင့် ဒေါမနဿ ဝေဒနာဖြင့်အထူးပြု၍ ဒေါမနဿ သဟဂုတ်-ဟု ဆိုအပ်ပါသနည်း။

ဖြေ။ ။ဒေါမနဿ ဝေဒနာသည် တပါးသောစိတ်တို့၌ မဆက်မဆံ မယှဉ်သည့် အဖြစ်ကို၎င်း, ဤစိတ်၌သာလျှင် အမြဲယှဉ်သည့် အဖြစ်ကို၎င်း, ပြခြင်းအကျိုးငှါ၊ ဒေါမနဿ-သဒ္ဒါဖြင့် အထူး ပြု၍ ဆိုအပ်ပါသတည်း။

---

၁၁ သမံ၊ ဆယ့်ခုနှစ်မြောက်သော အကုသိုလ်စိတ်သည်။ သသင်္ခါရိကွာ၊ သသင်္ခါရိက်ဖြစ်သောကြောင့်။ ပရေဟိ၊ သူတပါးတို့သည်။ ဥဿာဟိတဿ ဝါ၊ နှိုက်ဆွနှိုးဆော်အပ်သော သူ၏အား ရှေး ပစ္စေရည်၊ သူတပါးတို့၏ ဝစပဉ္စာ၊ အပြစ်ကို။ သဒ္ဒိုဘဿဝါ၊ အောက်မေ့စေအပ်သော သူ၏အား ရှေး။ သယခဝေ၊ ဒီဒီအလိုသိုသည်ချည်း။ ပရေသံ၊ သူတို့၏။ အပရာဓံ၊ အပြစ်ကို ... အနုဿရိတွာ၊ အောက်မေ့၍။ ကုဇ္ဈမာနဿ၊ အမျက်ထွက်သော သူအားလည်း ဥပ္ပဇ္ဇတိ၊ ၏။

မေး။ ။ဒေါမနဿသဟဂတံ-ဟု ဆိုသော်၊ပဋိဃ သမ္ပယုတ် အဖြစ်ကို သိအပ်ပါလျက် အဘယ့်ကြောင့် ပဋိဃသမ္ပယုတ္တံ-ဟု ဆိုအပ်ပါသနည်း။

ဖြေ။ ။ပဋိဃနှင့် ဒေါမနဿ ဝေဒနာတို့၏ စင်စစ် တကွဖြစ်သည့် အဖြစ်ကိုပြခြင်းငှါ ပဋိဃသမ္ပယုတ္တံ-ဟု ဆိုအပ်ပါသတည်း။

---

## ဆောင်ပုဒ်

က။ ။ဒေါမနဿ်ကား၊ဖြစ်ပြား ဝေဒနာ၊ပဋိဃာဟူ၊ဒေါသ-ယူ၊မှတ်မူ ဂုဏ်းနှစ်ပါး အထူးတည်း။

ခ။ ။ဝေဒနာအပြား၊ မရှိပြားလည်း၊ ဤကားစိတ်တွင်၊ အမြဲယှဉ်ကို၊ သိစေလို၊မိန့်ဆို-ဒေါမနဿ်။

ဂ။ ။ဒေါမနဿ်နှင့်၊ ပဋိဃတ် နှစ်ပါး၊ မြဲယှဉ်ပြားကို၊ သိစေလို၊ ထပ်ဆို-ပဋိဃ။

ဒေါသမူအဘွင့် ပြီး၏။

---

၆။ ။ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာ သမ္ပယုတ္တံ ဧကံ၊ ဥပေက္ခာ သဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တံ ဧကန္တိ ဣမာနိ ဒွေပိ မောမူဟ စိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠိ။

---

၁။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဝိစိကိစ္ဆာ စေတသိက်နှင့် ယှဉ်သော စိတ်တခု။

၂။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဥဒ္ဓစ္စ စေတသိက်နှင့် ယှဉ်သော စိတ်တခု။

ဤနှစ်ပါးသော စိတ်တို့သည် မောဟမူစိတ်မည်ကုန်၏။ ။ဟူ၍။

ဤကား ဝိဂ္ဂဟတ္ထ။

## မောဟမူစိတ်၏ အပြား

ဤမောဟမူစိတ်သည် ၂-ပါးအပြားရှိ၏ဟု ဆိုသော်လည်း အကျယ်မြောက်ပွါးသည်ရှိသော် ၃၆၀-ပါး အပြားရှိ၏ဟုမှတ်။

မြောက်ပွါးပုံကား။ ။မောဟမူစိတ် နှစ်ပါးကို အကုသလကမ္မပထတရား ဆယ်ပါးနှင့် မြောက်သော် ၂၀-ဖြစ်၏။ ထိုနှစ်ဆယ်ကို အာရုံခြောက်ပါးနှင့် မြောက်သော် ၁၂၀-ဖြစ်၏။ငင်းကို ကံသုံးပါးနှင့် မြောက်သော် ၃၆၀-သော မောဟမူစိတ် ဖြစ်သတည်း။

ကမေနာကုသလကမ္မ၊ပထေဟိ စ ဒသဟျပိ။
ဂေါစရေဟိ စ ကမ္မေဟိ၊ဂဏေယျ နယကောဝိဒေါ။ ။

ကမေန၊ အစဉ်အားဖြင့်။ ဒသဟိပိ၊ ဆယ်ပါး အပြား ရှိသည်လည်း ဖြစ်ကုန်သော။ အကုသလကမ္မပထေဟိ စ၊ အကုသလကမ္မပထ တရားတို့ဖြင့်ငင်း။ ဂေါစရေဟိစ၊အာရုံခြောက်ပါးတို့ဖြင့်ငင်း။ ကမ္မေဟိစ၊ကံသုံးပါးတို့ဖြင့်ငင်း။ နယကောဝိဒေါ၊ နည်း၌လိမ္မာသော ပညာရှိသည်။ ဂဏေယျ၊ ရေတွက်ရာ၏။

လောဘမူစိတ် ၃၀၂၄-ပါး၊ဒေါသမူစိတ် ၇၅၆-ပါး၊ မောဟမူစိတ် ၃၆၀။ ။ပေါင်း အကုသိုလ်စိတ် ၄၁၄၀-အပြားရှိသတည်း။ ကာလ,ဒေသ စသည်ဖြင့် မြောက်ပွါးသည် ရှိသော် အသင်္ချေယျ, အပ္ပမေယျ အလွန်တရာ များပြားလှ၏။

စတ္တာရိစ သဟဿာနိ၊စတ္တာလီသာဓိကံ သတံ။
ဟောန္တာ ကုသလစိတ္တာနိ၊ကာလာဒိနာ အသင်္ချိယာ။ ။

အကုသလ စိတ္တာနိ၊ အကုသိုလ် စိတ်တို့သည်။ စတ္တာရိစ သဟဿာနိ၊ လေးထောင်တို့သည်ငင်း။ စတ္တာလီသာဓိကံ၊ လေးဆယ် အလွန်ရှိသော။ သတဉ္စ၊တရာသည်ငင်း။ ဟောန္တိ၊၏။ ကာလာဒိနာ၊ ကာလ,ဒေသ-စသော အပြားအားဖြင့်ကား။ အသင်္ချိယာ၊မရေမတွက်နိုင်ကုန်သည်။ ဟောန္တိ၊၏။

---

## ဝိစိကိစ္ဆာသမ္ပယုတ် အဓိပ္ပါယ်

သဘာဝံ ဝိစိနန္တော ကိစ္ဆတိ ကိလမတိ ဧတာယာတိ ဝိစိကိစ္ဆာ။

ဧတာယ၊ ဤယုံမှားခြင်းဖြင့်။ သဘာဝံ၊ သဘောကို။ ဝိစိနန္တော၊ ကုံစမ်းဆင်ခြင်သောသူသည်။ ကိစ္ဆတိ-ကိလမတိ၊ ပင်ပန်းတတ်၏။ ဣတိ၊ ကြောင့်။

ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ-မည်၏။ ။ထိုထိုသို့သော သဘောတရားကို စုံစမ်းဆင်ခြင်သောသူ၏ ပင်ပန်းခြင်း သဘောသည် ဝိစိကိစ္ဆာမည်၏။ ။ဟူလို။

**တနည်း။** ။ဝိဂတာ စိကိစ္ဆာ ဧတိဿာတိ ဝိစိကိစ္ဆာ။

ဧတိဿာ၊ ထိုယုံမှားခြင်းအား။ ဝိဂတာ၊ ကင်းသော။ စိကိစ္ဆာ၊ ဆေးဆရာနှင့်တူသော ဉာဏ်သည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ဝိစိကိစ္ဆာ၊မည်၏။ ။ဘယ်အာရုံမျိုး၌ မဆို ကျွတ်ကျွတ် လွတ်လွတ် မဆုံးဖြတ်နိုင်။ ဆုံးဖြတ်နိုင်သော ဉာဏ်မရှိသောကြောင့် ဝိစိကိစ္ဆာမည်၏။ ။ဟူလို။

ဝိစိကိစ္ဆာယ သမ္ပယုတ္တန္တိ ဝိစိကိစ္ဆာ သမ္ပယုတ္တံ။

ဝိစိကိစ္ဆာယ၊ဝိစိကိစ္ဆာ စေတသိက်နှင့်။သမ္ပယုတ္တံ၊ယှဉ်သောစိတ်တည်း။ဣတိ၊ကြောင့်။ ဝိစိကိစ္ဆာ သမ္ပယုတ္တံ၊ မည်၏။ ။ဝိဂ္ဂဟ်အရ၊ ဝိစိကိစ္ဆာ စေတသိက်နှင့် ယှဉ်သောစိတ်သည် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် မည်၏။ ။ဟူလို။

## ယုံမှားခြင်း ရှစ်ပါး

ဤဝိစိကိစ္ဆာ စေတသိက်ဖြင့် ယုံမှားခြင်းကား ရှစ်ပါးအပြားရှိ၏။

၁။ ။ဗုဒ္ဓေ ကင်္ခတိ။ ။ဘုရား၌ ယုံမှားခြင်း။

၂။ ။ဓမ္မေ ကင်္ခတိ။ ။တရား၌ ယုံမှားခြင်း။

၃။ ။သံဃေ ကင်္ခတိ။ ။သံဃာတော်၌ ယုံမှားခြင်း။

၄။ ။သိက္ခာယ ကင်္ခတိ။ ။အကျင့်သိက္ခာ၌ ယုံမှားခြင်း။

၅။ ။ပုဗ္ဗန္တေ ကင်္ခတိ။ ။ရှေးအတိတ် အစွန်း၌ ယုံမှားခြင်း။

၆။ ။အပရန္တေ ကင်္ခတိ။ ။နောက်အနာဂတ် အစွန်း၌ ယုံမှားခြင်း။

၇။ ။ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိ။ ။ရှေ့နောက်နှစ်ရပ်၊အတိတ် အနာဂတ် တည်းဟူသော အစွန်း၌ ယုံမှားခြင်း။

၈။ ။ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေ ကင်္ခတိ။ ။ဤအကြောင်းကြောင့် အကျိုးဖြစ်လေ့ရှိသည်ဟု ပြဆိုသော ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ယုံမှားခြင်း။ ။ဤရှစ်ပါးတည်း။

## ဥဒ္ဓစ္စသမ္ပယုတ် အဓိပ္ပါယ်

ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ။

ဥဒ္ဓတဿ၊ ပျံ့လွင့်သောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဣတိ၊ ကြောင့်။ဥဒ္ဓစ္စံ၊မည်၏။ ။ဝိဂ္ဂဟ်အရ။ ။ကျောက်ခဲ လှံတံတို့ဖြင့် ပုတ်ခတ်အပ်သော ပြာကဲ့သို့ မငြိမ်မသက် ပျံ့လွင့်ခြင်းသဘောသည် ဥဒ္ဓစ္စစေတသိက်မည်၏။ ။ဟူလို။

ဥဒ္ဓစ္စေန သမ္ပယုတ္တန္တိ ဥဒ္ဓစ္စသမ္ပယုတ္တံ။

ဥဒ္ဓစ္စေန၊ ဥဒ္ဓစ္စစေတသိက်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော စိတ်တည်း။ ဣတိ၊ ကြောင့်။ ဥဒ္ဓစ္စသမ္ပယုတ္တံ၊မည်၏။ ။ဥဒ္ဓစ္စစေတသိက်နှင့် ယှဉ်သောစိတ်သည် ဥဒ္ဓစ္စသမ္ပယုတ်စိတ်မည်၏။ ။ဟူလို။ ။ပေါ်လွင်ပါ၏။

---

## မောဟမူ အဓိပ္ပါယ်

မောမူဟစိတ္တာနိနာမ-ဝယ်။ ။မောမူဟ-ပုဒ်ကို။

မောဟေန မုယှန္တိ အတိသယေန သံမုယှန္တီတိ မောမူဟာနိ။ ။ပြု။

ယာနိ၊အကြင်စိတ်တို့သည်။ မောဟေန၊လောဘ,ဒေါသ,တို့မှကင်းသော မောဟသက်သက်ဖြင့်။ မုယှန္တိ၊တွေဝေတတ်ကုန်၏။ အတိသယေန၊ အလွန်အားဖြင့်။ သံမုယှန္တိ၊ တွေဝေ မိန်းမောတတ်ကုန်၏။ ဣတိ၊ကြောင့်။ တာနိ၊ ထိုစိတ်တို့သည် မောမူဟာနိ၊မောဟမူစိတ်မည်ကုန်၏။ ။လောဘမူစိတ်, ဒေါသမူစိတ်တို့၌ မောဟစေတသိက် ပါသော်လည်း၊ ၎င်း စိတ်တို့သည် လောဘရှိန်, ဒေါသရှိန်က ရှိနေသောကြောင့် အလွန်အကဲ မတွေဝေနိုင်။ ဤမောဟမူစိတ်၌မူကား၊မောဟတပါးတည်း ဖြစ်သောကြောင့် လောဘမူ, ဒေါသမူစိတ်တို့ထက် အလွန်အကဲ တွေဝေသော စိတ်ဖြစ်သောကြောင့် မောမူဟစိတ်မည်၏။ ။ဟူလို။

**မှတ်ချက်။** ။မောဟ မူဟ-ဟု ဆိုလိုလျက်၊ မောဟ၏ ဟ-ကို ချေ၍ မောမူဟ-ဟု နိရုတ္တိနည်း အားဖြင့် မိန့်ဆိုအပ်၏-ဟု မှတ်။ ။ သို့သော် စာသင်သားများကား အဆုံးက ဟ-ကိုချေ၍ မောဟမူ စိတ်ဟုခေါ် ဆိုကြလေကုန်၏။ဤအလိုသော် မောဟမူလပုဒ်ဟုကြံ။

မောဟ၏ သဘောသည် သစ္စာလေးပါးကို သိတတ်သော ဉာဏ်မပေါ် ရအောင် ဖုံးလွှမ်းတတ်၏။ အလုံးစုံသော သံသရာစက်အကန့် ပဋိစ္စသမုပ္ပါဒ်

တရားများကို ထိုးထွင်း၍ သိသောဉာဏ်မပေါ်နိုင်အောင် ပြုလုပ် ဖုံးလွှမ်းတတ်၏။ ။ဘုံအားဖြင့် နေဝသညာ, နာသညာယတန ဘုံတိုင်အောင်, ဓမ္မအားဖြင့် သောတာပတ္တိမဂ်ရှေ့ ဂေါတြဘူတိုင်အောင်, ပုဂ္ဂိုလ်အားဖြင့် အနာဂါမ် ပုဂ္ဂိုလ်တိုင်အောင် ဖုံးလွှမ်းတတ်၏-ဟုမှတ်။

---

## မောဟမူစိတ်၏ ပဝဋ္ဋကမည်ပုံ အဓိပ္ပါယ်

အကုသိုလ်စိတ် ၁၂-ပါးတို့တွင် ဤမောဟမူစိတ် ၂-ပါးသည် အထူးအားဖြင့် ရဟတ်သဘွယ် အာရုံ၌ လည်တတ်,လိမ့်တတ်၏။ထို ၂-ပါးတို့တွင်လည်း ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် အထူးအားဖြင့် လည်တတ်, လိမ့်တတ်၏။ ဥဒ္ဓစ္စသဟဂုတ် စိတ်သည်ကား၊ အဓိမောက္ခနှင့် ယှဉ်လျက်ရှိသောကြောင့် အာရုံ၌ တည်ရာရသဖြင့် အလွန်မလည်တတ်,မလိမ့်တတ်။ တန့်၍တန့်၍သာ လည်တတ်,လိမ့်တတ်၏။

ဥပမာဆိုသော်····လုံးသော ကျောက်ခဲ,လေးထောင့်ကျောက်ခဲ နှစ်လုံးတို့တွင် လုံးသော ကျောက်ခဲကို အောက်အနိမ့်သို့ လှိမ့်ချလိုက်သည် ရှိသော် တန့်နားသည်မရှိ၊တောက်လျှောက် အောက်သို့ရောက်အောင်လိမ့်၍ လည်၍သွား၏။ လေးထောင့် ကျောက်ခဲမူကား တခါတည်းလိမ့်၍ မသွားပါဘဲ တန့်၍ တန့်၍သာ လိမ့်တတ်, လည်တတ် သကဲ့သို့တည်း။ ။ထိုကြောင့် ဤမောဟမူစိတ်ကို ပဝဋ္ဋကစိတ်ဟု ခေါ်ဆိုအပ်၏။

---

၆-က။ ။သဗ္ဗာ ကုသလယုတ္တမ္ပိ၊ဥဒ္ဓစ္စံ အန္တမာနသေ။
ဗလဝံ ဉတိ တံ ယေဝ၊ဝုတ္တမုဒ္ဓစ္စ ယောဂတော။ ။

တေနေဝ ဟိ မုနိန္ဒေန၊ယေဝါပနကနာမတော။
ဝတွာ သေသေသု ဒွေ့ဝ၊တံ သရူပေန ဒေသိတံ။ ။

မုဋ္ဌတ္တာစေဝ သံသပ္ပ၊ဝိက္ခေပါစေကဟေတုကံ။
သောပေက္ခံ သဗ္ဗဒါ နောစ၊ဘိန္နံ သင်္ခါရဘေဒတော။ ။

န ဟိ တဿ သဘာဝေန၊တိက္ခတုဿာဟနိယတာ။
အတ္တိ သံသပ္ပမာနဿ၊ဝိက္ခိပန္တဿ သဗ္ဗဒါ။ ။

ဋီကာကျော်။

၆-ခ။ ။တတ္ထ ဝိစိကိစ္ဆာသဟဂတံ ဧကန္တေန ပဝတ္တတိ။ ဥဒ္ဓစ္စသဟဂတံ ပန လဒ္ဓါဓိမောက္ခတ္တာ လဒ္ဓပတိဋ္ဌံ ပဝတ္တတိ။ ယထာဟိ ဝဋ္ဋစတုရဿေသု ဒွိသု မဏီသု ပဗ္ဘာရဋ္ဌာနေ ပဝဋ္ဋေတွာ ဝိဿဋ္ဌေသု ဝဋ္ဋော မဏိ ဧကန္တေနေဝ ပဝတ္တတိ၊ စတုရဿော ပတိဋ္ဌာယ ပတိဋ္ဌာယ ပဝတ္တတိ၊ ဧဝံ သမ္ပဒမိဒံ ဝေဒိတဗ္ဗံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၆-က။ ။ဥဒ္ဒိဋ္ဌ၊ ဥဒ္ဒိဋ္ဌခေတသိကာသည်။ သမ္ဘာရသည် သမ္ပယုတ္တ၊ အသီးရိုးသော အကုသိုလ်စိတ်ဖြစ်ပေါ်ယှဉ်လင့်ကစား။ အန္တိမအနေအား၊ အဆုံးဖြစ်သော မောဟမူ စိတ်ဖြစ်သလျှင်။ ဗလဝ၊ အားကြီး၏။ အတိတသ္မာ၊ ထိုကြောင့်။ တံသော၊ ထိုမောဟမူ စိတ်ကိုသလျှင်။ ဥဒ္ဒိဋ္ဌယော ဂတော၊ ဥဒ္ဒိဋ္ဌနှင့် ယှဉ်သော အားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ၊ ယင်းစကား မှန်၏။ တော်နေ၊ ထိုကြောင့် သလျှင်။ မှိုင်းမှုန်း၊ မြော်ရွှ ဘုရားသည်။ သေသသာ၊ ကြွင်းသော အကုသိုလ်စိတ်တို့၌။ တံ၊ ထိုဥဒ္ဒစ္စစေတသိကကို။ ဿေဝါပမုက္ကဒုရမေသာ၊ ဿေဝါပမုက္က အမည်အားဖြင့်။ ဝဇ္ဇေး၊ ဟောတော်မူပြီးဖြစ်၍။ ဧတ္ထ၊ ဤမောဟမူ စိတ်ဖြစ်သလျှင်။ သဒ္ဓမေန၊ သရုပ်အားဖြင့်။ ဝေဿတံ၊ ဟောတော်မူအပ်၏။

ဧကဝေဟတုကံ၊ ဧကဟိတ်ဖြစ်သော မောဟမူစိတ်သည်။ မုဠှသမ္ပယောဂေဝ၊ တွေ့သသည်၏အဖြစ်ကြောင့်ရှင်း။ သံသပ္ပနလက္ခဏ ၊ အသုံးခြံပတည်၏ ရွေ့ရှားတတ်, ပျံ့လွင့်တတ်သည်၏ အဖြစ်ကြောင့်ရှင်း။ သမ္ဘာရံ၊ အချင်းခပ်သိမ်း။ သသဒပကျ၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။ ဓ၊ သည်သည်သာမကသေး။ သဗ္ဗာဒီ၊ ခပ်သိမ်းသော အာရုံ၌ သမ္ဘာ၊ အပြားအားဖြင့်လည်း။ ဘိန္ဒူ၊ ပြားသည်။ နေ၊ မဟုတ်။ ပြဒိ။ ကေဝင်၊ အသီးသွင့်ကြောင့်နည်း ဟူမူကား။ ယံ-သသင်၊ အကြောင်းကြောင့်။ သံသပ္ပမာနသား၊ အသံခြံမတည် ရွေ့ရှား တတ်သော။ ဝါ၊ ရွေ့ရှား တတ်သောကြောင့်ရှင်း။ ဝိက္ခိပ္ပန္တသား၊ ပျံ့လွင့်တတ်သော။ ဝါ၊ ပျံ့လွင့်တတ်သောကြောင့်ရှင်း။ တသား၊ ထို ဧကဟိတ်စိတ်၏။ သဘာ ဝေန၊ သဘောအားဖြင့်၊ တိက္ခဘာဝသဘာဟို ယတာ၊ ထက်သည်၏အဖြစ်, ငြိုက်တွန့်အင်သည်၏ အဖြစ်သည်။ သမ္ဘာရံ၊ အချင်းခပ်သိမ်း။ နေ အရှိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်တည်း။

၆-ခ။ ။တတ္ထ၊ ထို ၂-ပါးတို့တွင်။ ဝိစိကိစ္ဆာသဟဂတံ၊ သည်။ ဧကန္တေန၊ ဧကန် သပြင်း။ ပဝတ္တတိ၊ ဖြစ်လည်၏။ ပန၊ အထူးကား။ ဥဒ္ဒစ္စသဟဂတံ၊ သည်။ လဒ္ဓါဓိမောက္ခတ္တာ၊ ရအပ်သော အဓိမောက္ခရှိသည်၏အဖြစ်ကြောင့်။ လဒ္ဓပတိဋ္ဌံ၊ ရအပ်သော တည်ရာရှိသည်။ ယထာ၊ ၍။ ပတိဋ္ဌာယ-ပတိဋ္ဌာယ၊ တန့်၍တန့်၍။ ပဝတ္တတိ၊ ဖြစ်လည်၏။ ဟိ၊ ယင်းစကားမှန်၏ ဥပမာအား ဖြင့် ထင်ရှားစွာ ပြဆိုအံ့။ ဝဋ္ဋစတုရဿေသု၊ လုံးသော လေးထောင့် ဖြစ်ကုန်သော။ ဒွိသု၊ ၂ ပါး ကုန်သော။ မဏီသု၊ ကျောက်တို့ကို။ ပဗ္ဘာရဋ္ဌာနေ၊ ချိုင့်ဝှမ်းရာ အရပ်၌။ ပဝဋ္ဋေတွာ၊ လှိမ့်၍။ ဝိဿဋ္ဌေသု၊ လွှတ်အပ်ကုန်သည်ရှိသော်။ ဝဋ္ဋော၊ လုံးသော။ မဏိ၊ ကျောက်သည်။ ဧကန္တေနေဝ၊ ဧကန်အားဖြင့်။ ပဝတ္တတိ၊ လိမ့်လည်၏။ စတုရဿော၊ လေးထောင့်ဖြစ်သော။ မဏိ၊ ကျောက်သည်။ ပတိဋ္ဌာယ-ပတိဋ္ဌာယ၊ တန့်၍တန့်၍။ ပဝတ္တတိ၊ လိမ့်လည်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဒံ သမ္ပဒံ၊ ဤဥပမာ၏ ပြည့်စုံခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## မောဟ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

မောဟော စိတ္တဿ အန္ဓဘာဝလက္ခဏော။ အညာဏ လက္ခဏော ဝါ။အသမ္ပဋိဝေဓရသော။ အာရမ္မဏ သဘာဝစ္ဆာဒန ရသော ဝါ။အသမ္မာပဋိပတ္တိ ပစ္စုပဋ္ဌာနော။ အန္ဓကာရ ပစ္စုပဋ္ဌာနော ဝါ။အယောနိသောမနသိကာရ ပဒဋ္ဌာနော။သဗ္ဗာကုသလာနံ မူလန္တိ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

မောဟော၊သည်။ စိတ္တဿ၊၏။ အန္ဓဘာဝ လက္ခဏော၊ ဓမ္မသဘောကို မသောက်မပြန် မမြင်နိုင်ခြင်းဟူသော ပညာမျက်စိ ကန်းသည်၏အဖြစ်လျှင် လက္ခဏာရှိ၏။ ဝါ၊ကား။ အညာဏ လက္ခဏော၊ဉာဏ်၏ ဆန့်ကျင်ဘက် အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ အသမ္ပဋိဝေဓရသော၊ ကောင်းစွာ ထိုးထွင်း၍သိခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော သမ္ပတ္တိရသ ရှိ၏။ဝါ၊စိတ်၏ကောင်းစွာထိုးထွင်း၍ သိခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကို ပြုခြင်း ကိစ္စရှိ၏။ ဝါ၊ ကား။ အာရမ္မဏသဘာဝစ္ဆာဒနရသော၊ အာရုံသဘောကို ဖုံးလွှမ်းခြင်း ကိစ္စရှိ၏။ အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာနော၊ မသင့်မလျော်သော အကျင့်ကို ရှေ့ရှုဖြစ်စေတတ်၏။ ဝါ၊သင့်လျော် လျောက်ပတ်သော အကျင့်၏ ဆန့်ကျင်ဘက်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ဝါ၊ကား။ အန္ဓကာရ ပစ္စုပဋ္ဌာနော၊ ပညာမျက်စိကန်းသည်၏ အဖြစ်ကို ပြုတတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ အယောနိသော မနသိကာရပဒဋ္ဌာနော၊ မသင့်မတင့်သော အကြောင်း အနုပါယ, လမ်းရိုး မမှန်သော ဥပ္ပထ, အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးသောအကြောင်း ရှိ၏။ သဗ္ဗာ ကုသလာနံ၊ အလုံးစုံသော အကုသိုလ်တို့၏။ မူလန္တိ၊ အမြစ် အခြေ ဟူ၍။ဒဋ္ဌဗ္ဗော၊၏။

အဓိပ္ပါယ် ပေါ်လွင်ပြီ။

---

## မောဟမူစိတ်ဖြစ်ပုံ အဓိပ္ပါယ်

၁။ ။အကြင်အခါ အာရုံခြောက်ပါးတို့၌ ဝမ်းမသာ, ဝမ်းမမြောက် ဖြစ်မှားခြင်း မရှိပါဘဲ လျစ်လျူရှုလျက် တွေးတော ယုံမှားခြင်း ဖြစ်၏။ ထိုအခါ 'ဥပေက္ခာသဟဂုတ်,ဒိဋ္ဌိဂတ်ဝိပ္ပယုတ်စိတ်'' ဖြစ်၏။

၂။ ။အကြင်အခါ အာရုံခြောက်ပါးတို့၌ ဝမ်းမသာ, ဝမ်းမမြောက်ဖြစ်မှားခြင်းလည်း မရှိပါဘဲ လျစ်လျူရှုလျက် မတည်ကြည်ခြင်း, ပျံ့လွင့်ခြင်းသည်ဖြစ်၏။ ထိုအခါ "**ဥပေက္ခာ သဟဂုတ်,ဥဒ္ဓစ္စ သမ္ပယုတ်စိတ်**" ဖြစ်၏။

ကောဒသမံ ဆသု အာရမ္မဏေသု ဝေဒနာဝသေန
မဇ္ဈတ္တသာ ကာလေ ပဝတ္တိကာလေ ဥပ္ပဇ္ဇတိ။

ဧဒိသံ စိတ္တံ ဆသု အာရမ္မဏေသု ဝေဒနာဝသေန မဇ္ဈတ္တံ
ဟုတွာ ဥဒ္ဓတံ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## အမေး အဖြေ

မေး။ ။ဥဒ္ဓစ္စစေတသိက်သည် အလုံးစုံသော အကုသိုလ် စိတ်တို့နှင့် ယှဉ်ပါလျက် အဘယ့်ကြောင့် ဤ မောဟမူ စိတ်ကိုသာ "ဥဒ္ဓစ္စ သမ္ပယုတ္တံ"ဟု ဆိုအပ်ပါသနည်း။

ဖြေ။ ။ဥဒ္ဓစ္စ စေတသိက်၏ ဤနောက်ဆုံးဖြစ်သော မောဟမူစိတ်၌ ယှဉ်သော စေတသိက်တို့တွင် ပြဓာန်းသောအားဖြင့် ဖြစ်တတ်သောကြောင့်"ဥဒ္ဓစ္စ သမ္ပယုတ္တံ"ဟု မိန့်ဆိုအပ်ပါသတည်း။

မေး။ ။လောဘမူ စိတ်တို့၌ကဲ့သို့ ဤစိတ်၌ အဘယ့်ကြောင့် သောမနဿ ဥပေက္ခာအပြား မရှိပါသနည်း။

ဖြေ။ ။လောဘဟိတ်, ဒေါသဟိတ် နှစ်ပါးနှင့် မယှဉ်သည် ဖြစ်၍ မောဟဟိတ်ချည်းသက်သက်ဖြစ်သဖြင့် အလွန့်အလွန် တွေဝေသောကြောင့်၎င်း၊ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် ယှဉ်သဖြင့် အလွန်တုန်လှုပ် သောကြောင့်၎င်း။ ။အလွန် ဟပ်နှစ်သက်ဘွယ်ဖြစ်သော ဣဋ္ဌာရုံကို တွေ့သော်လည်း သောမနဿ မဖြစ်နိုင်။

ကောဒသမံ၊သည်။ ဆသု အာရမ္မဏေသု၊ ခြောက်ပါးကုန်သော အာရုံတို့၌။ ဝေဒနာဝသေန၊ ဝေဒနာ၏အစွမ်းဖြင့်။ မဇ္ဈတ္တသော၊ လျစ်လျူရှုသည်ဖြစ်သော သဘော။ ကာလေ၊ ပဝတ္တိကာလေ၊ ဖြစ်မှားဖြစ်သော ကာလ၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟိ၊ မှန်၏။ ဧဒိသံ စိတ္တံ၊ သည်။ ဆသု အာရမ္မဏေသု၊ တို့၌။ ဝေဒနာဝသေန၊ ဖြင့်။ မဇ္ဈတ္တံ၊ လျစ်လျူရှုသည်။ ဟုတွာ၊ ၍။ ဥဒ္ဓတံ၊ အလကားပျံ့လွင့်သည်။ ဟောတိ၊ ၏။

မနှစ်သက်ဘွယ် အနိဋ္ဌာရုံကို တွေ့သော်လည်း ဒေါမနဿ မဖြစ်နိုင်သောကြောင့် မောဟမူ စိတ်သည် အချင်းခပ်သိမ်း ဥပေက္ခာဝေဒနာ တပါးသာ ဖြစ်လေသတည်း။

မေး။ ။ဤစိတ်၌ အခြားသော စိတ်ကဲ့သို့ အဘယ့်ကြောင့် သင်္ခါရ အပြား မရှိပါသနည်း။

ဖြေ။ ။ယိတ်တပါးမှ ကင်းခြင်း ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ တို့နှင့် ယှဉ်ခြင်း တို့ကြောင့် မိမိအလိုလို အချင်းခပ်သိမ်း တွေဝေ တုန်လှုပ် ချောက်ချားသဖြင့် တိုက်တွန်းအပ်သော အဖြစ် မရှိရကား သင်္ခါရအားဖြင့် အပြားမရှိ၊အသင်္ခါရိကသာလျှင် ဖြစ်လေ၏ ဟုမှတ်။

မေး။ ။မာတိကာ ပါဠိတော်၌ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ-ဟု ကုသိုလ်ကို ရှေ့ထား၍ ဟောပါလျက် အဘယ့်ကြောင့် ဤ၌ အကုသိုလ်ကို ရှေ့ထား၍ မိန့်ဆို အပ်ပါ သနည်း။

ဖြေ။ ။ပါပါဟေတုက မုတ္တာနိ-ဂါထာ အရ၊ အသောဘဏ, သော ဘဏ-အမည် အားဖြင့် ခေါ်ဝေါ်စေခြင်းငှါ အကုသိုလ်ကို ရှေ့ထား၍ ဆိုအပ်ပါသတည်း။

မေး။ ။ဤ အကုသိုလ်စိတ်၌ အဘယ့်ကြောင့် လောဘမူစိတ်ကို ရှေ့ ထား၍ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ပဋိသန္ဓေ တည်နေသော သတ္တဝါအား ပဋိသန္ဓေမှ ဘဝင် တဆဲ့ခြောက်ချက်၏ အထက်-မနောဒွါရာဝဇ္ဇန်း၊ ထို့နောက် ဘဝနိကန္တိက လောဘဇော ရောက်၍ ဤဘဝ၌ ရှေးဦးစွာ ဖြစ်၏။ ထိုကြောင့် လောဘမူစိတ်ကို ရှေ့ထား၍ မိန့်ဆိုအပ်ပါ သတည်း။

ဝိယိစိတ်အစဉ်မှာမူ ဤဘဝ၌ မနောဒွါရာဝဇ္ဇန်းစိတ်သာလျှင် ရှေးဦးစွာ ဖြစ်သည် မှန်၏။ ။သို့သော် ဇောသာလိုရင်းဖြစ်၍ လောဘမူ စိတ်ကို ရှေ့ထား၏-ဟုမှတ်။

မေး။ ။ထိုလောဘမူစိတ်၏နောက်၌ အဘယ့်ကြောင့် ဒေါသမူစိတ်ကို ဆိုအပ်ပါသနည်း။

ဖြေ။ ။ဒိဋ္ဌိဟိတ်ချည်း တူသောကြောင့် လောဘ၏နောက်၌ ထား၍ ဆိုအပ်ပါသတည်း။

မေး။ ။ထိုနောက် အဘယ့်ကြောင့် မောဟမူစိတ်ကို နောက်ထား၍ ဆိုအပ်ပါသနည်း။

ဖြေ။ ။ကေဟိတ်စိတ်ဖြစ်သောကြောင့် မောဟမူစိတ်ကို နောက်ဆုံး ထား၍ မိန့်ဆိုအပ်ပါသတည်း။

---

**၇။ ။ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာ ကုသလစိတ္တာနိ သမတ္တာနိ။**

**သင်္ဂြိုဟ်ပါဌ်။**

---

ဤဆိုအပ်ပြီးသောနည်းဖြင့်ခပ်သိမ်းသော အပြားအားဖြင့် ၁၂-ပါးသော အကုသိုလ်စိတ်တို့သည် ပြီးကုန်ပြီ။ ။ဟူလို။

**အကုသိုလ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်**

အကုသလံ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏံ၊ ကုသလပ္ပဋိ
ပက္ခရသံ။ကာဠုသိယပစ္စုပဋ္ဌာနံ၊အယောနိသော မနသိ
ကာရပဒဋ္ဌာနံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

အကုသလံ၊အကုသိုလ်စိတ်သည်။သာဝဇ္ဇဒုက္ခဝိပါကလက္ခဏံ၊ အပြစ်နှင့် တကွ ဆင်းရဲသောအကျိုးကိုပေးခြင်း လက္ခဏာရှိ၏။ ကုသလပ္ပဋိပက္ခရသံ၊ ကုသိုလ်၏ ဆန့်ကျင်ဘက်ကိစ္စရှိ၏။ကာဠုသိယ ပစ္စုပဋ္ဌာနံ၊ မည်းညစ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ အယောနိသော မနသိကာရပဒဋ္ဌာနံ၊ မသင့်မတင့် နှလုံးသွင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

အဓိပ္ပါယ် လွယ်ပြီ။

---

**အကုသိုလ် အဓိပ္ပါယ်**

န ကုသလာတိ အကုသလာ။

ကုသလာ၊ ကုသိုလ် တို့သည်။ န၊မဟုတ်ကုန်။ ဣတိ၊ ကြောင့်။ အကုသလာ၊ အကုသိုလ် မည်ကုန်၏။ ။ဝိဂြိုဟ်အရ၊ ကုသိုလ် တရားတို့နှင့်

ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ကုန်သော တရားမျိုးတို့သည် အကုသိုလ်မည်ကုန်၏။ ။ဟူလို။

**တနည်း။** ။အကုသလေဟိ ယုတ္တန္တိ အကုသလံ။

အကုသလေဟိ၊ မောဟ-စသော သာဝဇ္ဇ၊ အကုသိုလ် တရားတို့နှင့်။ ယုတ္တံ၊ ယှဉ်သောစိတ်တည်း။ ဣတိ၊ကြောင့်။ အကုသလံ၊ အကုသိုလ်စိတ်မည်၏။

ဝိဂြိုဟ်အရ။ ။စိတ်မည်သည် "အာရမ္မဏ ဝိဇာနနလက္ခဏံ စိတ္တံ" ဟူသည်နှင့်အညီ အာရုံကို သိခြင်း ကြိယာမျှသာဖြစ်၏။ လောဘ, ဒေါသ-စသော အကုသိုလ်စေတသိက် ၁၄-ပါးတို့သည်သာ သဒ္ဓါစသည်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍ အပြစ်နှင့်တကွ မကောင်းသော သဘော ရှိသောကြောင့် အကုသိုလ်အစစ် မည်ကုန်၏။ ။ထိုအကုသိုလ်အစစ် ဖြစ်သော စေတသိက်တို့နှင့် ယှဉ်သောကြောင့် စိတ်သည်လည်း အကုသိုလ်စိတ် မည်၏။ ။ဟူလို။

---

## ဝေဒနာ,ဟိတ်,ကိစ္စသည်ဖြင့် ခွေတွက်ပြခြင်း

အကုသိုလ်စိတ် ၁၂-ပါးသည် သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာအားဖြင့် ရေတွက်သည်ရှိသော် ၃-ပါးသာ အပြားရှိ၏။

လောဘဟိတ်,ဒေါသဟိတ်,မောဟဟိတ်-အားဖြင့် ဟိတ် ၃-ပါး။ ။ လောဘမူစိတ်,ရှစ်ပါး၊ဒေါသမူစိတ်,နှစ်ပါးသည် ဟိတ်နှစ်ပါးရှိသောကြောင့် ဒွိဟိတ်စိတ်။ ။မောဟမူစိတ်သည် မောဟဟိတ် တပါးတည်းသာရှိသောကြောင့် ဧကဟိတ်စိတ်မည်၏။ဤသို့အားဖြင့် ဟိတ် ၂-ပါး။

အကုသိုလ်စိတ် ၁၂-ပါးသည် ကိစ္စအားဖြင့် ဇောကိစ္စတတ်၏။ ။ အကုသိုလ်စိတ် ၁၂-ပါးသည် ဒွါရအားဖြင့် ၆-ဒွါရလုံး၌ ဖြစ်၏။ ။ အကုသိုလ်စိတ် ၁၂-ပါးသည် အာရုံအားဖြင့် လောကီစိတ်,စေတသိတ်ကို အာရုံပြု၏။ ။အကုသိုလ်စိတ် ၁၂-ပါးသည် ဝတ္ထုအားဖြင့် ခွဲဝေသော် ဒေါသမူနွေးသည် ဟဒယဝတ္ထုကို အမြဲမှီ၏။ ။လောဘမူ ရှစ်ပါး,မောဟမူ နှစ်ပါးသည် ဟဒယဝတ္ထုကို ရံခါမှီ၏၊ရံခါမမှီမူ၍ ဖြစ်၏။ဤသို့ ဝေဘန်ပိုင်းခြား၍ သိလေ။

## ဆောင်ပုဒ်

က။ ။နောက်စိတ်ဤမှာ၊ပြခန်းပါ၊မှန်စွာ-ဥဒ္ဒစ်ဆို။
ခ။ ။အလွန်တွေဝေ၊တုန်လှုပ်လေ၊မိန့်ပေ-ဥပေက်ကို။
ဂ။ ။မိမိဘာသာ၊ တုန်လှုပ်ပါ၍၊သခ်ါအပြား၊ မရှိပြား၊ မှတ်သား-အသခ်ါ။
ဃ။ ။အသောဘဏံ၊ရှေးသိရန်၊မိန့်ဟန်-အကုသိုလ်။
င။ ။ဤဘဝတွင်၊ ရှေ့တင် လောဘဇော၊ ဖြစ်သဘော၊ မိန့်ဟော လောဘမူ။
စ။ ။ဒွိဟိတ်-မဘောက်၊တူတုံမြောက်၊မိန့်နောက်-ဒေါသမူ။
ဆ။ ။ကေဟိတ်ကား၊နောက်ဆုံးထား၊မိန့်ပြား-မောဟမူ။

---

ဂ။ ။**အဋ္ဌဓာ လောဘမူလာနိ၊ ဒေါသမူလာနိ စ ဒွိဓာ။**
**မောဟမူလာနိ စ ဒွေတိ ဒွါဒသာကုသလာ သိယုံ။** ။
သင်္ဂြိုဟ်ပါဌ်။

---

အကုသိုလ်စိတ်တို့သည်—

| | | |
|---|---|---|
| ၁။ | ။လောဘမူစိတ် | ၈-ပါး |
| ၂။ | ။ဒေါသမူစိတ် | ၂-ပါး |
| ၃။ | ။မောဟမူစိတ် | ၂-ပါး |
| | အားဖြင့်ပေါင်း | ၁၂-ပါး ဖြစ်ကုန်၏။ |

---

### အကုသိုလ်စိတ် ၁၂-ပါး သရုပ်ခွဲ

| | | |
|---|---|---|
| ၁။ | ။သောမနဿ သဟဂုတ်စိတ် | ၄-ပါး။ |
| ၂။ | ။ဒေါမနဿ သဟဂုတ်စိတ် | ၂-ပါး။ |
| ၃။ | ။ဥပေက္ခာ သဟဂုတ်စိတ် | ၆-ပါး။ |
| | ပေါင်း အကုသိုလ်စိတ် | ၁၂-ပါး။ |

၁။ ။သမ္ပယုတ်စိတ် ၈-ပါး
၂။ ။ဝိပ္ပယုတ်စိတ် ၄-ပါး
ပေါင်း အကုသိုလ်စိတ် ၁၂-ပါး။

---

၁။ ။အသင်္ခါရိကစိတ် ၇-ပါး
၂။ ။သသင်္ခါရိကစိတ် ၅-ပါး
ပေါင်း အကုသိုလ်စိတ် ၁၂-ပါး။

---

၁။ ။သောမနဿသာဖြစ်၍ သမ္ပယုတ်မဖြစ်သော ဒုတိယဒွေ၊
၂။ ။သမ္ပယုတ်သာ ဖြစ်၍ သောမနဿ မဖြစ်သော တတိယဒွေ၊ ပဥ္စမဒွေ,ဆဋ္ဌဒွေ၊
၃။ ။နှစ်ပါးလုံးဖြစ်သော ပဌမဒွေ၊
၄။ ။နှစ်ပါးလုံး မဖြစ်သော စတုတ္ထဒွေ၊
ပေါင်း အကုသိုလ်စိတ် ၁၂-ပါး၊

---

၁။ ။သောမနဿသာဖြစ်၍ သမ္ပယုတ် မဖြစ်သောစိတ် ၂-ပါး၊
၂။ ။သမ္ပယုတ်သာဖြစ်၍ သောမနဿ မဖြစ်သောစိတ် ၂-ပါး၊
၃။ ။နှစ်ပါးလုံး ဖြစ်သောစိတ် ၂-ပါး၊
၄။ ။နှစ်ပါးလုံး မဖြစ်သောစိတ် ၆-ပါး၊
ပေါင်း အကုသိုလ်စိတ် ၁၂-ပါး။

**မှတ်ချက်။** ။ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိက, တို့ကိုလည်း ဤနည်းအတိုင်း ၄-နည်းစီ ရအောင်ခွဲ။

---

**တနည်း။** ။၁။ ။ဒေါမနဿသာဖြစ်၍ ဝိပ္ပယုတ် မဖြစ်သောစိတ် ၂-ပါး၊
၂။ ။ဝိပ္ပယုတ်သာဖြစ်၍ ဒေါမနဿ မဖြစ်သောစိတ် ၄-ပါး၊
၃။ ။နှစ်ပါးလုံး ဖြစ်သောစိတ် မရှိ၊
၄။ ။နှစ်ပါးလုံး မဖြစ်သောစိတ် ၆-ပါး၊
ပေါင်း အကုသိုလ်စိတ် ၁၂-ပါး။

**မှတ်ချက်။** ။အသင်္ခါရိက,သသင်္ခါရိကတို့ကိုလည်း ဤနည်း အတိုင်း မှုလီသွင်း၍ ခွဲလေ။ ။ငင်းပြင် ဥပေက္ခာမှု,သမ္ပယုတ်မှု, ဝိပ္ပယုတ်မှုတို့၌လည်း ရှေးအတူ ၄-နည်းစီ ရအောင် ခွဲလေ။

---

အကုသိုလ်စိတ် ၁၂-ပါး သရုပ်ခွဲဇယား

| စိတ် အမည် | သောမနဿ | ဥပေက္ခာ | ဒိဋ္ဌိသမ္ပယုတ် | ဒိဋ္ဌိဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက | ပေါင်း |
|---|---|---|---|---|---|---|---|
| လောဘမူ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၈ |
| ဒေါသမူ | | | ၂ | | ၁ | ၁ | ၂ |
| မောဟမူ | | ၂ | ၂ | | ၂ | | ၂ |
| ပေါင်း.... | ၄ | ၆ | ၈ | ၄ | ၇ | ၅ | ၁၂ |

## အဟိတ်စိတ်

၉။ ။ဥပေက္ခာ သဟဂတံ စက္ခုဝိညာဏံ၊ တထာ သောတ ဝိညာဏံ၊ဃာန ဝိညာဏံ၊ ဇိဝှါ ဝိညာဏံ၊ ဒုက္ခသဟ ဂတံ ကာယဝိညာဏံ၊ဥပေက္ခာ သဟဂတံ သမ္ပဋိစ္ဆန စိတ္တံ၊ ဥပေက္ခာ သဟဂတံ သန္တီရဏ စိတ္တဉ္စေတိ ဣမာနိ သတ္တပိ အကုသလဝိပါက စိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠ်။

---

၁။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စက္ခုဝိညာဏ်စိတ် တခု၊
၂။ ။ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောသောတဝိညာဏ်စိတ် တခု၊
၃။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဃာနဝိညာဏ်စိတ် တခု၊
၄။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဇိဝှါဝိညာဏ်စိတ် တခု၊
၅။ ။ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်စိတ် တခု၊
၆။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ် တခု၊
၇။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော သန္တီရဏစိတ် တခု၊

ဤခုနစ်ပါးသော စိတ်တို့သည် အကုသိုလ်၏ အကျိုးဖြစ်သောကြောင့် အကုသလဝိပါက်စိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## စက္ခုဝိညာဏ် အဓိပ္ပါယ်

စက္ခတိ ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သမဝိသမံ
အာစိက္ခန္တံ ဝိယ ဟောတီတိ စက္ခု။

ယံရုပ်၊အကြင်ပသာဒရုပ်သည်။ ဝိညာဏာဓိဋ္ဌိတံ၊ဝိညာဏ်၏ တည်ရာ၏။ ဟုတွာ ဘာဝတော၊ ဖြစ်သောကြောင့်။ သမဝိသမံ၊ညီညွတ်သည်, မညီညွတ်သည်ကို။စက္ခတိ အာစိက္ခန္တံ ဝိယ ဟောတိ၊ကြားသကဲ့သို့ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။တံ ရုပ်၊ထိုရုပ်သည်။ စက္ခု၊စက္ခုမည်၏။

အကြင် ပသာဒရုပ်သည် ဝိညာဏ်၏ တည်ရာ, မှီရာဖြစ်သောကြောင့် ဝိညာဏ်အား ညီညွတ်ကောင်းမွန်သည် မညီညွတ်သည်ကို မပြောကြားသော်လည်း ပြောကြားသကဲ့သို့ ဖြစ်တတ်၏။ ထိုပသာဒရုပ်သည် စက္ခု မည်၏။ ။ဟူလို။

**တနည်း**။ ။စက္ခတိ ရူပံ အဿာဒေန္တံ ဝိယ ဟောတီတိ စက္ခု။

ယံ၊အကြင် ပသာဒရုပ်သည်။ ရူပံ၊ရူပါရုံကို။ စက္ခတိ အဿာဒေန္တံ ဝိယ ဟောတိ၊သာယာသကဲ့သို့ဖြစ်တတ်၏။ဣတိ၊ကြောင့်။ တံ၊ထိုပသာဒရုပ်သည်။ စက္ခု၊စက္ခုမည်၏။ ။စက္ခုပသာဒရုပ်သည် ရူပါရုံကို နာမ်တရားများကဲ့သို့ မသာယာတတ်လင့် ကစား သာယာသကဲ့သို့ ဖြစ်တတ်သောကြောင့် စက္ခု မည်၏။ ။ဟူလို။

**တနည်း**။ ။စက္ခတိ ရူပံ ဝိဘာဝေတီတိ စက္ခု။

ယံ၊အကြင် ပသာဒရုပ်သည်။ရူပံ၊ရူပါရုံကို။စက္ခတိ ဝိဘာဝေတိ၊ထင်ရှားစွာ ပြတတ်၏။ ဣတိ၊ကြောင့်။ တံ၊ ထိုပသာဒရုပ်သည်။ စက္ခု၊၏။ ။စက္ခုပသာဒရုပ်သည် ရူပါရုံကို ထင်ရှားစွာပြတတ်သောကြောင့် စက္ခုမည်၏။ ။ဟူလို။

မျက်လုံးဝယ် မျက်ဖြူဖြင့် ခြံရံအပ်သော မည်းနက်သော အဝန်း၏ အလယ်၌ ခုနစ်လွှာသော မျက်လွှာတို့၏ အတွင်းဝယ် တည်ရှိသော သန်း၏ ဦးခေါင်းမျှ ပမာဏရှိသော အကြည်ဓာတ် စက္ခုပသာဒရုပ်သည် စက္ခု မည်၏။ ။တနည်း၊၎င်းပသာဒရုပ်၏ တည်ရာဌာနဖြစ်သော မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားဆိုင် သည်လည်း ဌာနူပစာရအားဖြင့် စက္ခု မည်၏-ဟုမှတ်။

စက္ခုသ္မိံ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ။

စက္ခုသ္မိံ၊စက္ခုပသာဒရုပ်၌။ နိဿိတံ၊မှီ၍ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ် စိတ်တည်း။ စက္ခုဝိညာဏံ၊စက္ခုပသာဒကို မှီ၍ဖြစ်သောဝိညာဏ်စိတ်။

**တနည်း**။ ။စက္ခုဿ ဝိညာဏံ စက္ခုဝိညာဏံ။

စက္ခုဿ၊ စက္ခုပသာဒ၏။ ဝိညာဏံ၊ ဝိညာဏ်တည်း။ စက္ခုဝိညာဏံ၊ စက္ခုပသာဒ၏ ဝိညာဏ်စိတ်။

**တနည်း။** ။စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုဉ္စ၊အကြောင်းဖြစ်သော စက္ခုပသာဒကြောင့်။ပဋိစ္စ၊ဖြစ်သော။ ဝိညာဏံ၊ အကျိုးဖြစ်သော ဝိညာဏ်စိတ်တည်း။စက္ခုဝိညာဏံ၊ အကြောင်းဖြစ်သော စက္ခုပသာဒရုပ်ကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ်စိတ်။

၎င်း စက္ခုဝိညာဏ် စိတ်သည် မြွေနှင့်တူ၏။ အဘယ်သို့ တူသနည်း ဟူမူကား မြွေတို့၏သဘောသည် သာယာလှသော အရပ်တို့၌ သွားလာ ကျက်စားရသည်ရှိသော် မမွေ့လျော်နိုင်။ အလွန် ရှုပ်လှသော တောအုပ် ချုံပိတ်ပေါင်းတို့၌ နေရမှသာလျှင် မွေ့လျော် ပျော်ပါးနိုင်သည်။ထိုအတူ စက္ခုဝိညာဏ် သည်လည်း အလွန် ချောမော ပြေပြစ်စွာ ပြုပြင် စီရင်၍ ထားသော ရွှေတုံး,ရွှေပြား, ရွှေသည်တိုင်–အစရှိသည်တို့ကို မြင်ရသည် ရှိသော် ဝမ်းမြောက် ဝမ်းသာမရှိ၊အလွန် ထူးဆန်းသော ခြူးပန်း,ခြူးနွယ် ပန်းအုံပန်းကြွ အစရှိသည်တို့ကို မြင်မှသာလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင် လေသည်။ထို့ကြောင့် စက္ခုဝိညာဏ်စိတ်သည် မြွေနှင့်တူ၏။ ။ဟူလို။

---

## စက္ခုဝိညာဏ်၏ အကြောင်းလေးပါး

၎င်း စက္ခုဝိညာဏ်သည် အောက်ပါ အကြောင်း လေးပါး ပြည့်စုံမှ သာလျှင် ဒဿနကိစ္စ တတ်နိုင်၏၊ဖြစ်နိုင်၏။ ၎င်းလေးပါးတို့တွင် တပါးပါး ချို့တဲ့ပါမူ စက္ခုဝိညာဏ် မဖြစ်နိုင်။ ။၎င်းလေးပါးကား–

၁။ ။ကြည်လင် ကောင်းမွန်သော စက္ခုပသာဒရှိခြင်း။

၂။ ။နေရောင်,လရောင်,မီးရောင်–စသော အရောင်အလင်းရှိရခြင်း။

၃။ ။မြင်လောက်သော ရူပါရုံရှိရခြင်း။

၄။ ။ထိုရူပါရုံလျှင် အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းတည်းဟူသော မနသိကာရရှိရခြင်း။ ။ဤလေးပါးတည်း။

---

## သောတဝိညာဏ် အဓိပ္ပါယ်

ဝိညာဏာမိဋ္ဌိတံ ဟုတွာ သုဏာတီတိ သောတံ။

ယံ၊ အကြင် ပသာဒရုပ်သည်။ ဝိညာဏမဓိဋ္ဌိတံ ဝိညာဏာဓိဋ္ဌိတသာ၊ ဝိညာဏ်၏ မှီရာ၏။ ဟုတွာ၊ဖြစ်သောကြောင့်။ သုဏာတိ၊ ကြားတတ်၏။

ဇာတိ၊ တို့ကြောင့်။ တံ၊ ထိုပသာဒရုပ်သည်။ သောတံ၊ သောတ-မည်၏။ ။ နားရွက်၏ အတွင်း၌ ကြေးနီ လက်စွပ်ကွင်း သဏ္ဌာန်ရှိသော နီမြန်းသော အမွေး၌ တည်ရှိသော အကြည်ဓာတ် ဖြစ်သော သောတပသာဒ ရုပ်သည် သောတ မည်၏။ ။ဟူလို။

သောတသ္မိံ နိဿိတံ ဝိညာဏံ သောတဝိညာဏံ။

သောတသ္မိံ၊ သောတပသာဒ၌။ နိဿိတံ၊ မှီ၍ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်တည်း။ သောတ ဝိညာဏံ၊ သောတ ပသာဒ၌ မှီ၍ ဖြစ်သော ဝိညာဏ်။ ။သောတဿ ဝိညာဏံ သောတဝိညာဏံ။ ။သောတတော ပဝတ္တံ ဝိညာဏံ သောတဝိညာဏံ။ ။ဟု လည်းပြု။ ။အနက် အဓိပ္ပါယ် ပေါ်လွင်ပြီ။

၎င်း သောတဝိညာဏ် စိတ်သည် မိကျောင်းနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား။ မိကျောင်းတို့၏ သဘောသည် ကမ်းထိပ် သောင်ပြင် ရေတိမ် စသည်တို့၌ သွားလာစားသောက် ရသည်ရှိသော် မမွေ့လျော်နိုင်။ အလွန်နက်သော ရေရှိသော အရပ်တို့သွင် ကျောက်တွင်း, ကျောက်ခေါင်း တို့၌ သွားလာစားသောက်ရမှသာလျှင် မွေ့လျော် ပျော်ပါး နိုင်လေသည်။ ထိုအတူ သောတဝိညာဏ် စိတ်သည်လည်း ပြင်ပ၌ မကြားနိုင်- မဖြစ်နိုင် ပါဘဲ သသမ္ဘာရ နားတွင်းထဲ၌ သောတ ပသာဒရုပ်ကို မှီရမှသာလျှင် ဖြစ်နိုင် ကြားနိုင်လေ၏။ ထို့ကြောင့် သောတဝိညာဏ်စိတ်သည် မိကျောင်းနှင့် တူ၏။ ။ဟူလို။

---

## သောတဝိညာဏ်၏ အကြောင်း လေးပါး

သောတဝိညာဏ်ဖြစ်ရန် အကြောင်းကား လေးပါးရှိ၏။ ၎င်း လေးပါး ပြည့်စုံမှသာလျှင် သောတဝိညာဏ် ဖြစ်နိုင်၏။ တပါးပါး ချို့တဲ့ပါမူ မဖြစ် နိုင်ချေ။

လေးပါးကား

၁။ ။ကြည်လင် ကောင်းမွန်သော သောတပသာဒရှိရခြင်း။

၂။ ။သောတဝဏ္ဏ,သဒ္ဒါရုံ နှစ်ပါးစုံပင် အလုံ ပိတ်ခြင်းမှ ကင်း၍ အလင်း အာကာသ-နှစ်ဘက်ရခြင်း။

၃။ ။ကြားနိုင်လောက်သော အရပ်တွင် တည်ရှိသော သဒ္ဒါရုံရှိခြင်း။

၄။ ။ထိုသဒ္ဒါရုံလျှင် အာရုံရှိသော ပဥ္စဒွါရာဝဇ္ဇန်း တည်းဟူသော နှလုံးသွင်း မနသိကာရရှိခြင်း။

ဤလေးပါးတည်း။

---

## ဃာနဝိညာဏ် အဓိပ္ပါယ်

ဃာယတိ ဂန္ဓောပါဒါနံ ကရောတီတိ ဃာနံ။

ယံ၊အကြင်ပသာဒရုပ်သည်။ ဃာယတိ ဂန္ဓောပါဒါနံ ကရောတိ၊ အနံ့ကို ကပ်၍ယူခြင်းကို ပြုတတ်၏။ ဣတိ၊ကြောင့်။ တံ၊ထိုပသာဒရုပ်သည်။ ဃာနံ၊ ဃာန-မည်၏။ ။အနံ့ကိုကပ်၍ ယူတတ်သော နှာခေါင်း၏ အတွင်း ဆိတ်ခွါ သဏ္ဍာန်ရှိသော အသားနှ၌ တည်ရှိသော အကြည်ဓာတ်ဖြစ်သော ဃာနပသာဒရုပ်သည်-ဃာနမည်၏။ ။ဟူလို။

ဃာနသ္မိံ နိဿိတံ ဝိညာဏံ ဃာနဝိညာဏံ။ ။
ဃာနဿ ဝိညာဏံ-ဃာနဝိညာဏံ။ ။ဃာနတော
ပဝတ္တံ ဝိညာဏံ ဃာနဝိညာဏံ။

ဝိဂ္ဂြိုဟ်အရ၊ ဃာနပသာဒရုပ်ကို မှီ၍ဖြစ်သော ဝါ-ဃာနပသာဒကြောင့် ဖြစ်သော ဝိညာဏ်စိတ်သည်-ဃာနဝိညာဏ်မည်၏။ ။ဟူလို။

ငင်း ဃာနဝိညာဏ်စိတ်သည် ငှက်နှင့်တူ၏။

တူပုံကား....ငှက်တို့၏ သဘောသည် မြေ၌ သွားလာကျက်စားရသည် ရှိသော် မွေ့လျော် ပျော်ပါးခြင်း မဖြစ်နိုင်။ ကောင်းကင်၌ သွားလာ ကျက်စားရမှသာ မွေ့လျော် ပျော်ပါးလေ၏။ ထိုအတူ ဃာနဝိညာဏ် သည်လည်း လေကို မှီရမှသာလျှင် ဖြစ်နိုင်လေ၏။ ထို့ကြောင့် ဃာနဝိညာဏ် စိတ်သည် ငှက်နှင့်တူ၏။ ။ဟူလို။

---

## ဃာနဝိညာဏ်၏ အကြောင်း လေးပါး

ဃာနဝိညာဏ်စိတ်၏ ဖြစ်ရန် အကြောင်းကား လေးပါး ရှိ၏။ ငင်း အကြောင်းလေးပါး ပြည့်စုံမှသာလျှင် ဃာနဝိညာဏ် ဖြစ်နိုင်၏။ တပါးပါး ချို့တဲ့ပါမူ မဖြစ်နိုင်ပေ။

လေးပါးကား

၁။ ။ကြည်လင် ကောင်းမွန်သော ဃာနပသာဒ ရှိခြင်း။

၂။ ။ဂန္ဓာရုံကို ဆောင်၍ လာသော လေရှိခြင်း။
၃။ ။ထင်နိုင်လောက်သော ဂန္ဓာရုံရှိခြင်း။
၄။ ။ထိုဂန္ဓာရုံကို အာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်း တည်းဟူသော မနသိကာရ ရှိခြင်း။

ဤလေးပါးတည်း။

## ဇိဝှါဝိညာဏ် အဓိပ္ပါယ်

ဇီဝိတံ အဝှါယတီတိ ဇိဝှါ။

ယံ၊ အကြင် ပသာဒရုပ်သည်။ ဇီဝိတံ၊ အသက်၏ အကြောင်း ဖြစ်သော ကြောင့် ဇီဝိတမည်သော ရသာရုံကို။ အဝှါယတိ၊ ခေါ်ဝေါ်သကဲ့သို့ ဖြစ်တတ်၏။ဣတိ၊ကြောင့်။တံ၊ထိုပသာဒရုပ်သည်။ဇိဝှါ၊ဇိဝှါမည်၏။

ဇီဝိတာဝှါ-ဟု ဆိုလိုလျက် ဝဏ္ဏလောပနိရုတ္တိ နည်းအားဖြင့် အလယ်ဖြစ်သော-ဝိနှင့် တာကို ချေ၍၊ဇိဝှါ-ဟု ဖြစ်၏-ဟုမှတ်။

သသမ္ဘာရ လျှာ၏အလယ်ဝယ် ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်၌ တည်ရှိသော အကြည်ဓာတ်ဖြစ်သော ဇိဝှါပသာဒရုပ်သည်-ဇိဝှါမည်၏။ ။ ဟူလို။

ဇိဝှါယံ နိဿိတံ ဝိညာဏံ ဇိဝှါဝိညာဏံ။ ။ဇိဝှါယ ဝိညာဏံ ဇိဝှါဝိညာဏံ။ ။ဇိဝှါယ ပဝတ္တံ ဝိညာဏံ-ဇိဝှါဝိညာဏံ။

ဝိဂ္ဂြိုဟ်အရ၊ဇိဝှါပသာဒရုပ်ကို မှီ၍ဖြစ်သော။ ဝါ-ဇိဝှါပသာဒရုပ်ကြောင့် ဖြစ်သော စိတ်သည်-ဇိဝှါဝိညာဏ် မည်၏။ ။ဟူလို။

ၾ၎င်း ဇိဝှါဝိညာဏ်သည် အိမ်ခွေးနှင့် တူ၏။

တူပုံကား····အိမ်ခွေးတို့ သဘောသည် သင်ဖြူး, မွေ့ရာ, ကော်ဇော, အစရှိသည်တို့၌ အိပ်ဝပ်စေသော်လည်း မမွေ့မလျော်နိုင်။စဖို၏ အလယ်၌ ပြာကိုယက်၍ ဝပ်ရမှသာလျှင် မွေ့လျော်နိုင်၏။ ထိုအတူ-ဇိဝှါ ဝိညာဏ် သည်လည်း၊ သသမ္ဘာရ လျှာ၏အလယ်၌ ကြာရွက်ဖျား အဖြတ်သဏ္ဌာန် ရှိသော ဇိဝှါပသာဒကို မှီရမှသာလျှင် ဖြစ်နိုင်လေသည်။ထို့ကြောင့် ဇိဝှါ ဝိညာဏ်သည် အိမ်ခွေးနှင့် တူ၏။ ။ဟူလို။

## ဇိဝှါဝိညာဏ်၏ အကြောင်းလေးပါး

ဇိဝှါဝိညာဏ်ဖြစ်ရန် အကြောင်းလေးပါးရှိ၏။ ၎င်းလေးပါး ပြည့်စုံမှ သာလျှင် ဇိဝှါဝိညာဏ်ဖြစ်နိုင်၏။တပါးပါး ချို့တဲ့ပါမူကား မဖြစ်နိုင်ချေ။

လေးပါးကား

၁။ ။ကြည်လင် ကောင်းမွန်သော ဇိဝှါပသာဒရှိခြင်း။
၂။ ။လျှာအပြင်ကို စိမ့်စိုနူးနှံ့နိုင်သော အရည်အစက်လည်း ရှိခြင်း။
၃။ ။ထင်နိုင်လောက်သော ရသာရုံ ရှိခြင်း။
၄။ ။ထိုရသာရုံကို အာရုံပြုသော ပဥ္စဒွါရာဝဇ္ဇန်း တည်းဟူသော မနသိကာရ ရှိခြင်း။

ဤလေးပါးတည်း။

---

## ကာယဝိညာဏ် အဓိပ္ပါယ်

ကုစ္ဆိတာနံ ပါပကာနံ အာယောတိ ကာယော။

ကုစ္ဆိတာနံ၊စက်ဆုပ်အပ်ကုန်သော။ ပါပကာနံ၊အကုသိုလ် တရားတို့၏။ အာယော၊ ဖြစ်ရာတည်း။ ဣတိ၊ ကြောင့်။ ကာယော၊ ကာယ-မည်၏။ ။ ဆံဖျား,အမွေးဖျား,ခြေသည်း လက်သည်းဖျား,ခြောက်သောအရေ, ကမ္မဇ တေဇော၏ တည်ရာအရပ်တို့ကို ကြဉ်ထား၍ ကြွင်းသော ကိုယ်အလုံးကို ပျံ့နှံ့၍ တည်နေသော နန္ဒင်းရေ ပမာရှိသော အကြည်ဓာတ် တည်းဟူသော ပသာဒကာယသည် ဖေါဋ္ဌဗ္ဗာရုံကို သာယာသည့် အစွမ်းဖြင့် ဖြစ်ကုန်သော အကုသိုလ် တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် မုချအားဖြင့် ကာယ မည်၏။ ။ဟူလို။

**အနည်း** ။ ။ကုစ္ဆိတာနံ ကေသာဒီနံ အာယောတိ ကာယော။

ကုစ္ဆိတာနံ၊စက်ဆုပ်အပ်ကုန်သော။ကေသာဒီနံ၊ဆံ,စသော ကောဋ္ဌာသ တို့၏။အာယော၊ဖြစ်ရာတည်း။ဣတိ၊ကြောင့်။ ကာယော၊ကာယ-မည်၏။ ။ စက်ဆုပ်ရွံရှာဘွယ် ဖြစ်ကုန်သော ဆံပင်, မွေးညှင်း, ခြေသည်း-စသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၏တည်ရာဖြစ်သောကြောင့် သသမ္ဘာရ ဖြစ်သော ဤအထည် ကိုယ်ခန္ဓာကြီးသည် ကာယမည်၏။ ။၎င်း သသမ္ဘာရ ကာယ ကိုယ်ခန္ဓာနှင့်တကွ ဖြစ်သောကြောင့် ကာယပသာဒ ရုပ်သည်ကား- ဌာနူပစာရအားဖြင့် ကာယမည်၏။ ။ဟူလို။

ကာယသ္မိံ နိဿိတံ ဝိညာဏံ ကာယဝိညာဏံ။ ။
ကာယဿ ဝိညာဏံ ကာယဝိညာဏံ။ ။ကာယတော
ပဝတ္တံ ဝိညာဏံ ကာယဝိညာဏံ။

ဝိဂ္ဂြိုဟ်အရ။ ။ကာယပသာဒရုပ်ကို မှီ၍ဖြစ်သော ဝါ-ကာယပသာဒရုပ် ကြောင့်ဖြစ်သော ဝိညာဏ်စိတ်သည်-ကာယဝိညာဏ်မည်၏။ ။ဟူလို။

ဎင်းကာယဝိညာဏ်စိတ်သည် တောခွေးနှင့် တူ၏။

တူပုံကား····တောခွေးတို့၏ သဘောသည် အခြားတပါးသော အရပ် တို့၌ သား ငါး တိရစ္ဆာန်တို့ကို ရှာဘွေ စားသောက် ရသည်ရှိသော် ဘေး အန္တရာယ်တို့သည် ကိုယ်၌ ရောက်အံ့သည်ဟူ၍သာ ထင်၏။ သုသာန်သို့ သွား၍ လူသေကိုစားရမှသာ မွေ့လျော်ပျော်ပါးနိုင်သည်။ ထိုအတူ ကာယ ဝိညာဏ်စိတ်သည်လည်း၊ ဖေါဋ္ဌဗ္ဗာရုံကို ထိခိုက်ရမှသာ ကာယဝိညာဏ်စိတ် ဖြစ်နိုင်သည်။ ထို့ကြောင့် ကာယဝိညာဏ်သည် တောခွေးနှင့် တူ၏။ ။ ဟူလို။

အပိ အာဒိသမာနာနိစေတာနိ၊ ယထာပိ အပိနာမ ဗဟိ
သိနိဒ္ဓသမ္ဗန္ဓာနေ နာဘိရမတိ။ပ။ပစ္စယော ဟောတိ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ

---

## ကာယဝိညာဏ်၏ အကြောင်း လေးပါး

ကာယဝိညာဏ်ဖြစ်ရန် အကြောင်းလေးပါး ရှိ၏။ဎင်းလေးပါး ပြည့်စုံမှ သာလျှင် ကာယဝိညာဏ်ဖြစ်နိုင်၏။တပါးပါး ချို့တဲ့ပါမူ မဖြစ်နိုင်ချေ။

လေးပါးကား

၁။ ။ကြည်လင် ကောင်းမွန်သော ကာယပသာဒရှိခြင်း။
၂။ ။ကာယ အကြည်မှာ ထိခိုက်ခြင်းငှါ တတ်ကောင်း ရာအောင် ခက်မာသော ပထဝီအခံ ရှိခြင်း။
၃။ ။ပထဝီ, တေဇော, ဝါယော-ဟူသော ဖေါဋ္ဌဗ္ဗ သုံးပါးတို့တွင် တပါးပါးရှိခြင်း။
၄။ ။ထို ဖေါဋ္ဌဗ္ဗာရုံကို အာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်း တည်းဟူသော မနသိကာရ ရှိခြင်း။ ။ဤလေးပါးတည်း။

စက္ခုဉ္စ အသမ္ဘိန္နတ္တာ၊ အာလောကသန္နိဿယ ပဋိလာဘော၊ ရူပါနံ အာပါထဂမနံ၊ မနသိကာရောတိ စတ္တာရိ စက္ခုဝိညာဏဿ ကာရဏာနိ။ ပ။ တိသု ဖေါဋ္ဌဗ္ဗေသု အညတရာနံ အာပါထဂမနံ မနသိကာရောစာတိ စတ္တာရိ ကာယဝိညာဏဿ ကာရဏာနိ။

ဋီကာ

---

## စက္ခုဝိညာဏ် စိတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

စက္ခုသန္နိဿိတ ရူပဝိဇာနနလက္ခဏံ စက္ခုဝိညာဏံ။ ရူပမတ္တာရမ္မဏရသံ။ ရူပါဘိမုခဘာဝ ပစ္စုပဋ္ဌာနံ။ ရူပါရမ္မဏာယ ကြိယာမနောဓာတုယာ အပဂမပဒဋ္ဌာနံ။

စက္ခုဝိညာဏံ၊သည်။ စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ၊ စက္ခုဝတ္ထုကို မှီခြင်း, ရူပါရုံကိုသိခြင်း လက္ခဏာရှိ၏။ ဝါ၊စက္ခု ဝတ္ထုကိုမှီ၍ ရူပါရုံကို သိခြင်း လက္ခဏာရှိ၏။ ရူပမတ္တာရမ္မဏရသံ၊ ရူပါရုံမျှကို အာရုံပြုခြင်း ကိစ္စရှိ၏။ ရူပါဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ရူပါရုံသို့ ရှေးရှုသည်အဖြစ်ဖြင့် ဉာဏ်အား ထင်တတ်၏။ ရူပါရမ္မဏာယ၊ ရူပါရုံလျှင် အာရုံရှိသော။ ကြိယာမနော ဓာတုယာ၊ ကြိယာမနောဓာတ်,ပဉ္စဒွါရာဝဇ္ဇန်း၏။ အပဂမပဒဋ္ဌာနံ၊ ဘဲခြင်း, ချုပ်ခြင်းလျှင် နီးသော အကြောင်းရှိ၏။

ကြွင်းသော သောတဝိညာဏ် စသည်တို့၏ လက္ခဏာ, ရသ-စသည်ကို လည်း ဤနည်းကိုမှီး၍ ဉာဏ်ကြီးလင့်စေကုန်သတည်း။

---

## သမ္ပဋိစ္ဆိုင်း အဓိပ္ပါယ်

ပဉ္စဝိညာဏဂ္ဂဟိတံ ရူပါဒိအာရမ္မဏံ သမ္ပဋိစ္ဆတိ တဒါကာရပဝတ္တိယာတိ သမ္ပဋိစ္ဆနံ။

ယံ၊အကြင် စိတ်သည်။ ပဉ္စဝိညာဏဂ္ဂဟိတံ၊ ပဉ္စဝိညာဏ်သည် ယူအပ်ပြီးသော။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံစသော ငါးပါးသောအာရုံကို။ တဒါကာရပဝတ္တိယာ၊ ထိုသို့ ခံလင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့်။ သမ္ပဋိစ္ဆတိ၊ခံကတတ်၏။ ဣတိ၊ကြောင့်။သမ္ပဋိစ္ဆနံ၊ သမ္ပဋိစ္ဆိုင်းမည်၏။

**တနည်း။** ။သုဋ္ဌု ပဋိမုခံ ဇုဗ္ဗတီတိ သမ္ပဋိစ္ဆနံ။

ယံ၊အကြင်စိတ်သည်။ သုဋ္ဌု၊မြဲစွဲကောင်းမွန်စွာ။ ပဋိမုခံ၊ရှေးရှု။ဇုစ္ဆတိ၊ လိုလား နှစ်သက်တတ်၏။ ဇုတိ၊ကြောင့်။ တံ၊ ထိုစိတ်သည်။ သမ္ပဋိစ္ဆနံ၊ မည်၏။

ဝိဂြိုဟ်များအရ။ ။လောက၌ ပေးအပ် လှဲပုံသော ပစ္စည်းဝတ္ထု,အမှု, အခင်းတို့ကို ဝန်ခံ သိမ်းပိုက်သကဲ့သို့ ထိုအတူ ဤ၌လည်း ပဉ္စဝိညာဏ်တို့၏ အာရုံကို ထိုပဉ္စဝိညာဏ်စိတ်တို့ ချုပ်လေသည်နောက် မပျောက် မကွယ် ရအောင် တွယ်တာ ဆက်လက်၍ လက်ခံ သိမ်းပိုက်သော စိတ်သည်- သမ္ပဋိစ္ဆိုင်းစိတ်မည်၏။ ။ဟူလို။

---

## သမ္ပဋိစ္ဆိုင်း၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

သာ စက္ခုဝိညာဏာဒီနံ အနန္တရာ ရူပါဒိဝိဇာနန
လက္ခဏာ၊ ရူပါဒိနံ သမ္ပဋိစ္ဆနရသာ၊ တထာဘာဝ ပစ္စု
ပဋ္ဌာနာ၊စက္ခုဝိညာဏာဒိ အပဂမပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ

သာ၊ထိုမနောဓာတ်သည်။စက္ခုဝိညာဏာဒီနံ၊တို့၏။အနန္တရာ၊အခြားမဲ့၌။ ရူပါဒိဝိဇာနနလက္ခဏာ၊ ရူပါရုံစသည်ကို သိခြင်း လက္ခဏာရှိ၏။ ရူပါဒိနံ၊ တို့ကို။သမ္ပဋိစ္ဆနရသာ၊ခံခြင်းကိစ္စရှိ၏။ တထာဘာဝပစ္စုပဋ္ဌာနာ၊ ထို ရူပါရုံ စသော ပဉ္စာရုံကို ခံတတ်သည့် အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ စက္ခုဝိညာဏာဒိအပဂမပဒဋ္ဌာနာ၊ စက္ခုဝိညာဏ်စသည်တို့၏ ကင်းခြင်းလျှင် နီးသော အကြောင်းရှိ၏။

---

## သန္တီရဏ အဓိပ္ပါယ်

ဘုသာ တီရေတိ ယထာ သမ္ပဋိစ္ဆိတံ ရူပါဒိ
အာရမ္မဏံ ဝိမံသတီတိ သန္တီရဏံ။

ယံ၊အကြင်စိတ်သည်။ယထာသမ္ပဋိစ္ဆိတံ၊သမ္ပဋိစ္ဆိုင်းသည် ခံလင့်ပြီးသော။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံအစရှိသော အာရုံငါးပါးကို။ သမ္မာ၊ ကောင်းစွာ။ တီရေတိ ဝိမံသတိ၊ စုံစမ်းတတ်၏။ ဇုတိ၊ ကြောင့်။ တံ၊ ထိုစိတ်သည်။

သန္တီရဏံ၊ သန္တီရဏ-မည်၏။ ။ဝိဂြိုဟ်အရ၊ လောက၌ တစုံတခုသော စီစစ်ဘွယ်ရာအမှုအခင်းစသည်ကို ထင်လင်း သိသာအောင် စုံစမ်း စစ်ဆေး ဘိသကဲ့သို့ ထိုအတူ သမ္ပဋိစ္ဆိုင်း စိတ်သည် ခံယူသိမ်းပိုက်၍ ထားအပ်သော အာရုံငါးပါးကို ဣဋ္ဌ, အနိဋ္ဌ, ကောင်း, မကောင်း, သိရအောင် စုံစမ်း စစ်ဆေးသော စိတ်သည်-သန္တီရဏစိတ်မည်၏။ ။ဟူလို။

---

## သန္တီရဏ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဒွိပဉ္စဝိညာဏာနန္တရံ မနောဝိညာဏဓာတု အဟေတုက ဝိပါကာ
ဆဠာရမ္မဏဝိဇာနနလက္ခဏာ၊ သန္တီရဏာဒိရသာ၊ တထာ
ဘာဝ ပစ္စုပဋ္ဌာနာ၊ဟဒယဝတ္ထုပဒဋ္ဌာနာ။

ဒွိပဉ္စဝိ၊ နှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ မနောဝိညာဏဓာတု အဟေတုက ဝိပါကာ၊ မနောဝိညာဏဓာတ် အဟိတ်ဝိပါက် စိတ်သည်။ ဆဠာရမ္မဏဝိဇာနနလက္ခဏာ၊ အာရုံခြောက်ပါးကို သိခြင်းလက္ခဏာရှိ၏။ သန္တီရဏာဒိရသာ၊ ထိုက်သည်အားလျော်စွာ သန္တီရဏကိစ္စ, တဒါရုံကိစ္စ, ပဋိသန္ဓေကိစ္စ, စုတိကိစ္စ, ဘဝင်ကိစ္စတပ်၏။ တထာ ဘာဝပစ္စုပဋ္ဌာနာ၊ ထို သန္တီရဏစသောကိစ္စ တပ်သည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ဟဒယဝတ္ထုပဒဋ္ဌာနာ၊ ဟဒယဝတ္ထုလျှင် နီးသော အကြောင်းရှိ၏။

---

## အမေး အဖြေ

မေး။ ။အဟိတ် စိတ်တွင် အကုသလ ဝိပါက်ကို အဘယ့်ကြောင့် ရှေ့ထား၍ မိန့်ဆို အပ်ပါသနည်း။ မာတိကာ ပုဒ်စဉ် အရ ကုသလဝိပါက်ကို ရှေးဦးစွာ မိန့်ဆိုအပ်သည် မဟုတ်ပါလော။

ဖြေ။ ။အကုသလဝိပါက်ဖြစ်သောကြောင့် အကုသိုလ်စိတ်၏အခြားမဲ့၌ အကုသလဝိပါက်ကို မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုနောက် အဘယ့်ကြောင့် ကုသလ ဝိပါက်ကို မိန့်ဆို အပ်ပါသနည်း။ကြိယာကို မိန့်ဆိုသင့်သည် မဟုတ်ပါလော။

ဖြေ။ ။ဝိပါက်ချင်း တူသောကြောင့် အကုသလ ဝိပါက်၏ အခြားမဲ့၌ ကုသလဝိပါက်ကို မိန့်ဆိုအပ်ပါသတည်း။

မေး။ ။အဘယ့်ကြောင့် ပဉ္စဝိညာဏ်စိတ်ကို တပေါင်းတည်း ပြုကာ ရှေ့ထား ဆိုအပ်ပါသနည်း။ ဝိထိအစဉ်၌မူ စက္ခုဝိညာဏ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်သောကြောင့် စက္ခုဝိညာဏ် စိတ်၏အခြားမဲ့၌ သမ္ပဋိစ္ဆိုင်းကို ဆိုသင့်သည် မဟုတ်ပါလော။

ဖြေ။ ။အဟိတ် ဝိပါက်စိတ်သည် နိယတအာရုံ, အနိယတအာရုံ၏ အစွမ်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် ပဉ္စ ဝိညာဏ်စိတ်သည် နိယတ အာရုံရှိသောကြောင့် ရှေးဦးစွာ တပေါင်းတည်းပြုလျက် မိန့်ဆိုအပ်ပါသတည်း။ ။ထိုနောက် အနိယတ အာရုံရှိသော သမ္ပဋိစ္ဆိုင်း, သန္တီရဏ စိတ်တို့ကို မိန့်ဆိုအပ်ကုန်၏။

မေး။ ။ပဉ္စဝိညာဏ်စိတ်တို့တွင် စက္ခုဝိညာဏ်စိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။အသမ္ပတ္တဂ္ဂါဟ, သမ္ပတ္တဂ္ဂါဟ—နှစ်ပါး ရှိသည်တွင် အသမ္ပတ္တဂ္ဂါဟ ဖြစ်သောကြောင့် စက္ခုနှင့် သောတကို ရှေ့ထား၍ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။အသမ္ပတ္တဂ္ဂါဟ နှစ်ပါးတို့တွင် အဘယ့်ကြောင့် စက္ခုကို ရှေ့ ထား၍ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ကြားမှု သုတထက် မြင်မှု ဒိဋ္ဌက အားကြီး သောကြောင့် ဒိဋ္ဌံ,သုတံ-ပါဠိတော်အရ၊ စက္ခုဝိညာဏ်ကို ရှေ့ထား၍ မိန့်ဆို အပ်ပါသတည်း။

**ဘာနည်း**: ။ပဉ္စဝိညာဏ်တို့၏မှီရာ စက္ခုပသာဒ-စသည်တို့၏ ဖြစ်စဉ် အားလျော်စွာ ဤပဉ္စဝိညာဏ်စိတ်ကို ဟောတော်မူအပ်၏။

## စက္ခုစသော ပသာဒရုပ်တို့၏ ဖြစ်စဉ်

စက္ခုစသော ပသာဒရုပ်တို့၏ အစဉ်အားဖြင့် ဖြစ်ပုံကား။ ။သတ္တဝါ တို့သည် ပဋိသန္ဓေတည်နေပြီးသည် နောက်ကာလ၌ ရေကြည် တသတ္တာဟ, အမြှုပ်-တသတ္တာဟ၊ ထိုအမြှုပ် တသတ္တာဟကို လွန်မြောက်သည်ရှိသော်

သားတစ် တသတ္တာဟ,ထိုနောက် ညီစွာဝန်းသော အခဲတသတ္တာဟ, ဖြစ်လေ၏။ ထိုနောက် ခြေနှစ်ဘက်, လက်နှစ်ဘက်, ဦးခေါင်း အားဖြင့် ခက်မငါးဖြာ သတ္တာဟ ဖြစ်လေ၏။ထိုနောက်မှ တခဲနက် ရင့်ကျက်သော သတ္တာဟ ဖြစ်လေ၏။ ဤဆဠ္ဌ သတ္တာဟ၏နောက် သတ္တမသတ္တာဟဝယ် စက္ခုပသာဒရုပ် ဖြစ်လေ၏။ထိုနောက် အဋ္ဌမသတ္တာဟ၌ သောတပသာဒရုပ် ဖြစ်၏။ ထိုနောက် နဝမသတ္တာဟ၌ ဃာနပသာဒရုပ် ဖြစ်၏။ ထိုနောက် ဒသမသတ္တာဟ၌ ဇိဝှါပသာဒရုပ်ဖြစ်၏။ ။သတ္တဝါ အကောင် အထည်သည်ကား နှစ်လနှင့်ဆယ်ရက်ရှိလျှင်ပင် အာယတန ပြည့်စုံ၍ ထင်ရှားစွာ ဖြစ်ပေါ်လာလေ၏။ ။ဆံ-စသည်တို့ကား လေးဆယ့်နှစ် သတ္တာဟရောက်မှ ဖြစ်ကုန်၏။

ပထမံ ကလလံ ဟောတိ၊ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ကေသာ လောမာ နခါပိစ။ ။

## ယက္ခ သံယုတ် ပါဠိတော်

ပထမံ၊ရှေးဦးအစ ပဋိသန္ဓေခဏ၌။ ကလလံ၊ ကလလ ရေကြည်သည်။ ဟောတိ၊ဖြစ်၏။ကလလာ၊ကလလ သတ္တာဟမှ။ ပရံ၊နောက် ဒုတိယမြောက် သတ္တာဟ၌။အဗ္ဗုဒံ၊အမြှုပ်သည်။ ဟောတိ၊၏။ အဗ္ဗုဒါ၊အမြှုပ်သတ္တာဟမှ။ ပရံ၊နောက်ဖြစ်သော တတိယသတ္တာဟ၌။ ပေသိ၊သားတစ်သည်။ဇာယတေ၊ ဖြစ်၏။ ပေသိ-ပေသိတော၊ သားတစ် သတ္တာဟမှ။ ပရံ၊နောက် စတုတ္ထ သတ္တာဟ၌။ဃနော၊အခဲသည်။ နိဗ္ဗတ္တတေ၊ဖြစ်လေ၏။ဃနာ၊အခဲသတ္တာဟမှ။ ပရံ၊နောက် ပဉ္စမသတ္တာဟ၌။ ပသာခါ၊ခက်မငါးဖြာတို့သည်။ ဇာယန္တိ၊ဖြစ်ပေါ်လာကုန်၏။ တတော၊ထိုခက်မငါးဖြာဖြစ်ပြီးသည်မှ။ ပရံ၊လေးဆယ့်နှစ် သတ္တာဟ ရောက်သောအခါ၌။ ကေသာစ၊ ဆံပင်တို့သည်၎င်း။ လောမာစ၊ အမွေးတို့သည်၎င်း။ နခါပိစ၊ခြေသည်း, လက်သည်းတို့သည်၎င်း။ ဇာယန္တိ၊ ပေါက်ရောက် ဖြစ်ပေါ်လာကုန်၏။

ဤပါဠိတော်အရ၊ခက်မငါးဖြာဖြစ်၏ဟူရာဝယ် ခြေချောင်း,လက်ချောင်း, မျက်စိ,နား, နှာခေါင်း-စသည်နှင့်တကွ အပြည့်အစုံ ဖြစ်ကုန်သည် မဟုတ်သေး၊ ၎င်းခက်မငါးဖြာ ဖြစ်ရန်အကျိုးငှါ ငါးခုသော အဖုတို့သည်သာလျှင် ဖြစ်ကုန်၏-ဟုမှတ်။

ဃာနာ ပသာဒါ ဇာယန္တီတိ ပဥ္စမေ သတ္တာဟေ ဒွိန္နံ
ဟတ္ထပါဒါနံ၊သီသဿ စတ္တာယ ပဥ္စပီဠကာ ဇာယန္တိ။ ။

ဂုဏ်း ယက္ခသံယုတ် အဋ္ဌကထာ

ဃာနာ ပသာဒါ ဇာယန္တီတိ၊ ဟူသည်ကား။ ပဥ္စမေ သတ္တာဟေ၊ပဥ္စမ သတ္တာဟ၌။ ဒွိန္နံ ဟတ္ထပါဒါနဥ္စ၊ လက်နှစ်ဘက်, ခြေနှစ်ဘက်တို့၏ဂုဏ်း။ သီသဿစ၊ ဦးခေါင်း၏ဂုဏ်း။ အတ္တာယ၊အကျိုးငှါ။ ပဥ္စပီဠကာ၊ငါးခုသော အဖုတို့သည်။ဇာယန္တိ၊ဖြစ်ပေါ်လာကုန်၏။

မူလဋီကာ နည်းအားဖြင့်ကား၊ ရေကြည် နှစ်သတ္တာဟ, အမြှုပ် နှစ်သတ္တာဟ, သားတစ် နှစ်သတ္တာဟ,အခဲ နှစ်သတ္တာဟ, ခက်မငါးဖြာ နှစ်သတ္တာဟစီ၊ ဤဆယ်သတ္တာဟကို လွန်မြောက်၍ ဧကာဒသမသတ္တာဟဝယ် စက္ခုပသာဒရုပ် ဖြစ်လေ၏။ ဒွါဒသမသတ္တာဟ၌ သောတပသာဒရုပ်၊ တေရသမသတ္တာဟ၌ ဃာနပသာဒရုပ်၊ စုဒ္ဒသမသတ္တာဟ၌ ဇိဝှါပသာဒရုပ်တို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏။ ဤသို့ ၁၄-သတ္တာဟမြောက် သုံးလနှင့် ရှစ်ရက်ရှိမှ အာယတန ပြည့်စုံ၍ သူငယ် အကောင်အထည် ထင်ရှားစွာ ဖြစ်ပေါ်လာလေ၏။

လေးဆယ့်နှစ် သတ္တာဟဖြစ်သော နှစ်ရာကိုးဆယ့်လေးရက် ရောက်လတ်သော်၊ပဋိသန္ဓေတည်နေသောသူငယ်သည်ရင့်လာ၍ဆံ,အမွေး,လက်သည်း, ခြေသည်းတို့သည်ဖြစ်ကုန်၏။ထို ၂၉၄-ရက်ကား ကိုးလနှင့် ၂၄-ရက် ရပြီးဖြစ်သောကြောင့် ဆယ်လစေ့မြောက် မွေးဘွားချိန် ရောက်လုနီးပြီ ဖြစ်ရကား အလွန်အားဖြင့် အလုံးစုံသော အာယတနတို့၏ ပြည့်စုံသည်ကို ရည်၍၊ဒွါစတ္တာလီသ သတ္တာဟကို ပြဆိုတော်မူကြကုန်၏-ဟုမှတ်။

ဒွါစတ္တာလီသေ သတ္တာဟေ ပရိဏတကာလံ ဂဟေတွာ
ဒသောန္တော ကေသာတိ အာဒိမာဟ။

သံယုတ် အဋ္ဌကထာ

တတ္ထ ကေသာ လောမာ နခါပိစာတိ ဒွါစတ္တာလီသေ သတ္တာ
ဟေ ဇာတနိ ဇာယန္တိ။

မဟာနိဒ္ဒေသ အဋ္ဌကထာ

ကေသာဒယော ပန ဒွါစတ္တာလီသမေ သတ္တာဟေ ဟောန္တိ။

သင်္ခေပဝဏ္ဏနာဋီကာ

သို့သော် ဒွါစတ္တာလီသမေ သတ္တာဟေ-ဟု မိန့်ဆိုတော်မူသဖြင့် ၄၂-သတ္တာဟမြောက်မှ တပြိုင်နက် ဖြစ်ကုန်သည်ဟု မမှတ်လင့်။ အဋ္ဌကထာ နည်းအားဖြင့် ဆယ်သတ္တာဟ မှစ၍ ဋီကာနည်းအားဖြင့် ၁၄-သတ္တာဟ ကစ၍ ဆံပင်,မွေးညှင်းတို့သည် ၄၂-သတ္တာဟအတွင်း အထိုက်အလျောက် ဖြစ်ကုန်၏။

ဒွါစတ္တာလီသေ သတ္တာဟေ၊လေးဆယ့်နှစ် သတ္တာဟကာလ၌။ ပရိဏတ ကာလံ၊သားသူငယ် တည်းဟူသော ဝတ္ထုရင့်သော ကာလကို။ ဂဟေတွာ၊ ယူ၍။ ဒသောန္တေ၊ ပြတော်မူလိုသော မြတ်စွာဘုရားသည်။ ကေသာတိ အာဒိံ၊ကေသာ-အစရှိသော စကားကို။ အာဟ၊ဟောတော်မူ၏။ ။တတ္ထ၊ ထိုဂါထာ၌။ကေသာ,လောမာ,နခါဝိစာတိ၊ဟူသည်ကား။ ဒွါစတ္တာလီသေ သတ္တာဟေ၊ ၄၂-သတ္တာဟ၌။ တောနိ၊ထို ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း-တို့သည်။ဇာယန္တိ၊ဖြစ်ကုန်၏။

ဤကား အဋ္ဌကထာ အနက်

ကေသာဒယော ပန၊ဆံပင် စသည်တို့ကား။ ဒွါစတ္တာလီသမေ၊ ကလလ သတ္တာဟာ ၄၂-ကြိမ်မြောက်ဖြစ်သော။ သတ္တာဟေ၊ သတ္တာဟ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကား ဋီကာပါဌ်၏ အနက်တည်း

---

**ပဋိသန္ဓေ တည်နေသော ကာလ အဆုံးအဖြတ်**

ပဋိသန္ဓေအခါ ပသာဒရုပ်၏ ဖြစ်စဉ်ကို ဆိုသဖြင့် ၎င်းနှင့် စပ်လျဉ်း၍ ပဋိသန္ဓေ တည်နေသော သတ္တဝါတို့၏ ကိန်းရာကာလကို ဆက်လက်၍ တော်ပြ ဆုံးဖြတ်ပေအံ့။

အညာ ဧတ္တိယော နဝဝါ ဒသဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ
ပရိဟရိတွာ ဝိဇာယန္တိ။

မဟာပဒါနသုတ် ပါဠိတော်

နဝဝါ ဒသဝါ မာသေတိ ဧတ္တ ဝါသဒ္ဒေန ဝိကပ္ပနေ
ဝသေန သတ္တဝါ အဋ္ဌဝါ ကောဒသဝါ ဒွါဒသဝါတိ ဧဝမာ
ဒီနံ သင်္ဂဟော ဝေဒိတဗ္ဗော။

၎င်း အဋ္ဌကထာ

ပါဠိများကို ထောက်ထား၍ ပစ္ဆိမဘာဝိက ဖြစ်သော ဘုရားလောင်း မယ်တော်မှ တပါးကုန်သော မိန်းမတို့သည် ကိုးလပတ်လုံး သော်၎င်း၊ ဆယ်လတို့ ပတ်လုံးသော်၎င်း၊ကိုယ်ဝန် သူငယ်ကို လွယ်ကာပိုက်ထားကြရကုန်၏။၎င်း ကိုးလပြည့်မှ သော်၎င်း၊ဆယ်လ ပြည့်မှသော်၎င်း၊ မွေးဘွားနိုင်ကြကုန်၏-ဟုမှတ်။ ။သို့သော် ၎င်းအဋ္ဌကထာ ဆရာမြတ်ကား ၎င်းပါဠိတော်မှာ ဝါ-သဒ္ဒါသည် ဝိကပ် အနက်ရှိသောကြောင့် ခုနစ်လပတ်လုံးသော်၎င်း၊ ရှစ်လ ပတ်လုံးသော်၎င်း၊ တဆဲ့တလ ပတ်လုံးသော်၎င်း၊ တဆဲ့နှစ်လ ပတ်လုံးသော်၎င်း၊ ကိုယ်ဝန် သူငယ်ကို လွယ်ကာ ပိုက်ထားကြရကုန်၏။ ၎င်း ခုနစ်လ,ရှစ်လ,တဆဲ့တလ,တဆဲ့နှစ်လ-တို့ဖြင့်လည်း ဘွားမြင်နိုင်သည်ဟု မိန့်ဆိုဘွင့်လှစ်တော်မူလေ၏။ ။၎င်းအဋ္ဌကထာအရ၊ ခုနစ်လဖြင့် မွေးဘွားသော သူငယ်သည် အသက်ရှင်ဘတ်၏။ ရှစ်လဖြင့် မွေးဘွားသော သူငယ်သည် အသက် မရှင်တတ်၊ ကိုးလ,ဆယ်လ,တဆဲ့တလ,တဆဲ့နှစ်လ-တို့ဖြင့် မွေးဘွားသော သူငယ်တို့ သည်ကား များသော အားဖြင့် အသက် ရှင်တတ်ကုန်၏။

အညာ၊ ပစ္ဆိမဘာဝိက ဘုရားလောင်း မယ်တော်မှ တပါးကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ နဝမာသေဝါ၊ ကိုးလတို့ ပတ်လုံးသော်၎င်း။ ဒသမာသေဝါ၊ ဆယ်လတို့ပတ်လုံးသော်၎င်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊ ဆောင်ယူလွယ်ကာ ပိုက်ထားပါကုန်၍။ ဝိဇာယန္တိ၊ ဘွားမြင်ကြလေကုန်၏။

ဤကား ပါဠိတော် အနက်

နဝ ဝါ ဒသ ဝါတိ ဧတ္ထ၊ နဝ ဝါ ဒသ ဝါ-ဟူသော ဤပုဒ်၌။ ဝါသဒ္ဒေသ၊ ဝါသဒ္ဒါ၏။ဝိကပ္ပနဝသေန၊အထူးကြံစည် ပေါင်းယူသည် အစွမ်းဖြင့်။ သတ္တမာသေဝါ၊ခုနစ်လတို့ ပတ်လုံးသော်၎င်း။ အဋ္ဌမာသေဝါ၊ရှစ်လတို့ ပတ်လုံးသော်၎င်း။ ဧကာဒသမာသေဝါ၊ တဆဲ့တလတို့ ပတ်လုံးသော်၎င်း။ ဒွါဒသမာသေဝါ၊ တဆဲ့နှစ်လတို့ ပတ်လုံးသော်၎င်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊လွယ်မြှောင်ပိုက်ထားကုန်၍။ ဝိဇာယန္တိ၊ ဘွားမြင်ကြကုန်၏။ ဝေမာဒိနံ၊ ဤသို့ အစရှိသော အနက်တို့ကို။ သင်္ဂဟော ၊ပေါင်းယူခြင်းကို။ ဝေဒိတဗ္ဗော၊သိအပ်၏။

ဤကား အဋ္ဌကထာ အနက်

ဤအရာ၌ ပဋိသန္ဓေ လေးမျိုးတို့တွင် သံသေဒဇ ပဋိသန္ဓေ, ဥပပတ် ပဋိသန္ဓေတို့ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ ခဏ၌ စက္ခု ဖြစ်မြဲ ဖြစ်ပြီးမှ စက္ခု မပါလာသည် ဖြစ်အံ့ ဇစ္စန္ဓ-မည်၏။ အဏ္ဍဇ, ဇလာဗုဇ ပဋိသန္ဓေဖြင့် ပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်တို့အား အဋ္ဌကထာ အလို အားဖြင့် သတ္တမသတ္တာဟ ဋီကာ၏ အလိုအားဖြင့် ဧကာဒသမ သတ္တာဟ၌ စက္ခု ဖြစ်ချိန်ကာလကို အကုသိုလ်ကံ တားမြစ်သောကြောင့် မဖြစ်သည် ဖြစ်အံ့ ဇစ္စန္ဓ-မည်၏။ သတ္တမသတ္တာဟ,ဧကာဒသမသတ္တာဟသို့ ရောက်၍ စက္ခု,သောတ,ဃာန,ဇိဝှါတို့ အစဉ်အတိုင်း ဖြစ်ပြီးမှ နောက်မမွေးဘွားမီ အတွင်း၌ပင် ပိုးတို့ဖျက်ဆီးခြင်း၊ လေတို့ဖျက်ဆီးခြင်း၊ ရေဖျက်ဆီးခြင်း၊ အစာအာဟာရတို့ ဖျက်ဆီးခြင်း-အစရှိသော တစုံတခုသော အကြောင်း ပုံဖြင့် စက္ခု, သောတ, ဃာန-တို့ ပျက်စီးသော်လည်း ဇစ္စန္ဓမဟုတ်၏ဟု မှတ်အပ်၏။ ။ဤသို့ အမိဝမ်းတွင်း၌ မျက်စိ,နား,နှာတို့ မည်သည့်အခါ၌ ချို့တဲ့သည်ကို ပိုင်းခြားထင်ထင် ဟုတ်မှန်စွာ သိမြင်မှုကား ပုထုဇ္ဇန်တို့၏ အရာမဟုတ်ချေ။ ဘုရား ရဟန္တာတို့၏ အရာသာဖြစ်ချေသည်။ ။ပဋိသန္ဓေ အားဖြင့် နားပင်းသောသူ,အွံ့သောသူ,းသူ,နပုံပဏ္ဍုက်, ဥဘတောဗျည်း-စသော သူတို့ကိုလည်း အထက် ဇစ္စန္ဓနည်းအတိုင်း သိအပ်ကုန်၏။

(အကျယ်ကို သိလိုပါမူ အထက်၌ ထင်ရှားလတ္တံ့)။

ဤသို့လျှင် စက္ခုပသာဒရုပ် စသည်တို့၏ ဖြစ်စဉ်အားလျော်စွာ စက္ခု ဝိညာဏ်စသည်ကို အစဉ်အတိုင်း မိန့်ဆိုအပ်၏။ ။ဟူလို။

တံ နိဿယာနံ ဥပတ္တိက္ကမေနပိ အယံ ကမော ဝေဒိတဗ္ဗော။

သင်္ခေပဝဏ္ဏနာ ဋီကာ

မေး။ ။ထိုသို့ ဖြစ်ခဲ့သော် ကာယပသာဒသည် ပဋိသန္ဓေ စိတ်နှင့် တပြိုင်နက် ရှေးဦးစွာဖြစ်သည်မဟုတ်လော။သို့ပါလျက် အဘယ် အတွက်ကြောင့် နောက်ဆုံးထား၍ မိန့်အပ်ပါသနည်း။

ဖြေ။ ။ထိုသို့ ရှေးဦးစွာ ဖြစ်သည်ကား မှန်၏။သို့သော် ၎င်းစိတ်၏ အာရုံကား ဖောဋ္ဌဗ္ဗာရုံ ဖြစ်သဖြင့် ကြမ်းထန်သောကြောင့် အာရုံအားလျော်စွာ နောက်ဆုံး ထားအပ်ပါသည်။

* ကြွင်းသော အမေး-အဖြေတို့သည် ကုသလဝိပါက်၌ ထင်ရှားကုန်လတ္တံ့။

## ဆောင်ပုဒ်

က။ ။စက္ခု မြင်ငယ်နှင့်၊ သောတဝယ် မိကျောင်းယူ။ ။ဃာနမှာ ငှက်သွင်ပြ၊ မှတ်ကြအတူ။ ။ဇိဝှါမှု၊သွင်တူတဲ့ အိမ်ခွေး။ ။ တောမှာနေ သိင်္ဂါလကို၊ကာယဟုတွေး။

ခ။ ။အကုဝိပါက်၊ဖြစ်သည်တွက်၊မိန့်မြွက် အကုနောက်။

ဂ။ ။နိယတာရုံ၊ဖြစ်တုံအတွက်၊ရွေထားလျက်၊မိန့်မြွက် ပဥ္စဝိဉ်။

ဃ။ ။အနိယတာရုံ၊ ဖြစ်တုံ သမ္ပဋိစ္ဆိုင်း၊ နောက်ထားလှိုင်း၊ မှတ်ပိုင်း ဉာဏ်ဖြင့်ချိန်။

င။ ။အသမ္ပတ္တ၊ ဖြစ်ရသည်တွက်၊ ရှေးထားလျက်၊ မိန့်မြွက်စက်-သော-ဒွေး။

စ။ ။ဒိဋ္ဌ,သုတ၊ကျမ်းအရ၊မိန့်ဟ စက္ခုရှေး။

ဆ။ ။ပဋိသန္ဓေ၊တည်နေစဉ်ပြု၊ဝိဉ်-ငါးခု၊မိန့်ရှု အစဉ်ရေး။

အကုသလဝိပါက် အဘွင့်ပြီး၏

---

**၁၀။ ။ဥပေက္ခာသဟဂတံ ကုသလဝိပါကံ စက္ခုဝိညာဏံ တထာ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှါဝိညာဏံ သုခသဟဂတံ ကာယဝိညာဏံ ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ သောမနဿ သဟဂတံ သန္တီရဏ စိတ္တံ။ ဥပေက္ခာ သဟဂတံ သန္တီရဏ စိတ္တဉ္စာတိ ဣမာနိ အဋ္ဌပိ ကုသလဝိပါကာဟေတုက စိတ္တာနိ နာမ။**

သဒ္ဒါပုဒ်ပါဌ်

---

၁။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ် တခု။

၂။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏အကျိုးဖြစ်သော သောတဝိညာဏ်စိတ် တခု။

၃။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုးဖြစ်သော ဃာနဝိညာဏ်စိတ် တခု။

၄။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုးဖြစ်သော ဇိဝှါဝိညာဏ်စိတ် တခု။
၅။ ။သုခဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုး ဖြစ်သော ကာယဝိညာဏ်စိတ် တခု။
၆။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုးဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ် တခု။
၇။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုး ဖြစ်သော သန္တီရဏစိတ် တခု။
၈။ ။ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ကုသိုလ်၏ အကျိုးဖြစ်သော သန္တီရဏစိတ် တခု။

ဤရှစ်ပါးသော စိတ်တို့သည် ကုသိုလ်၏ အကျိုးဖြစ်သော အဟိတ်စိတ် ဖြစ်သောကြောင့် အဟိတ်ကုသလဝိပါက်စိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ

* ကုသလဝိပါက်စိတ် ရှစ်ပါးတို့၏ သဘာဝတ္ထသည် ရှေးအကုသလ ဝိပါက် အတိုင်းပင်တည်း။ ။ထို့ကြောင့် ဝစနတ် ဝိဂ္ဂဟ် စသည်တို့ကို မဘွင့်ဆိုတော့။

**ဒွေပဉ္စဝိညာဏ် စိတ်တို့၏ ဥပေက္ခာ ဝေဒနာဖြစ်သော အဓိပ္ပါယ်**

စက္ခုဝိညာဏ်, သောတဝိညာဏ်–စသော ဒွေပဉ္စဝိညာဏ် စိတ်တို့သည် ဝတ္ထုနှင့်အာရုံတို့၏ ထိခိုက်ခြင်း အားနည်းသောကြောင့် ဣဋ္ဌာရုံ၌ဖြစ်စေ၊ အနိဋ္ဌာရုံ၌ဖြစ်စေ ဥပေက္ခာဝေဒနာသာလျှင် ဖြစ်ကုန်၏။

အားနည်းပုံကား····စက္ခု ပသာဒရုပ်, သောတ ပသာဒရုပ်-စသော ဝတ္ထုရုပ်တို့သည်လည်း ဥပါဒါရုပ်တို့သည်သာတည်း။ ရူပါရုံ,သဒ္ဒါရုံ-စသော အာရုံတရားတို့သည်လည်း ဥပါဒါရုပ်တို့သာတည်း။ ဤသို့လျှင် ဝတ္ထုရုပ်နှင့် အာရုံတို့၏ ဥပါဒါရုပ်ချည်းသာ ဖြစ်သဖြင့် ဥပါဒါရုပ်တပါးနှင့် ဥပါဒါရုပ် တပါးတို့၏ ထိခိုက်ခြင်း အရှိန်သည် အလွန်အားနည်း၏။ တွေ့ထိရုံမျှသာ ဖြစ်၏။

ဥပမာဆိုသော်····ပေပေါ်၌ဝါဂွမ်းဆိုင်တခုကို တင်ထား၍ ဝါဂွမ်းဆိုင် တခုနှင့် ပေါက်ခတ်သည် ရှိသော်၊ အလွန် အားနည်း ပေါ့ပါးသော

ဝတ္ထုများ ဖြစ်မှုကြောင့် ထိခိုက်သော အသံသည်လည်း အားနည်း၏။ အောက်ခံ ပေထိပ်ကို မထိသဖြင့် အသံဖြစ်ပေါ်ခြင်း မရှိနိုင်ပေ။ ထိုအတူ မှီရာဝတ္ထုရုပ်ကလည်း ဥပါဒါရုပ် ဖြစ်၏။ ပေါက်သော ဝါဂွမ်းစိုင် ပမာ ထိခိုက် တွေ့မြင်ရသော အာရုံကလည်း ဥပါဒါရုပ် ဖြစ်သောကြောင့် အလွန်တရာ အားနည်း၏၊ ထွေထိရုံမျှသာဖြစ်၏။ဣဋ္ဌာရုံကိုပင် တွေ့မြင်ရ, ကြားနာရ, တွေ့ထိရသော်လည်း သာယာနှစ်သက်ဘွယ် ရှိ၏-ဟု အာရုံ အရသာ မပေါ်နိုင်,မဖြစ်နိုင်ပေ။အနိဋ္ဌာရုံကိုပင် တွေ့မြင် ကြားနာ,တွေ့ထိ ရပါသော်လည်း ဒေါသမဖြစ်နိုင်ပေ။ထိုကြောင့် ဒွေပဉ္စဝိညာဏ်စိတ်တို့သည် ဥပေက္ခာ ဝေဒနာသာလျှင် ဖြစ်ကုန်၏။ ။အထိမနာသောကြောင့် သုခ, ဒုက္ခ,မဖြစ်နိုင်ဟု ဆိုလိုသည်။

၁၀-က။ ။စက္ခုဒွါရာဒီသု ဟိ စတူသု ဥပါဒါရူပမေဝ ဥပါဒါရူပံ ဃဋ္ဋေတိ၊ ဥပါဒါရူပေ ဥပါဒါရူပံ ဃဋ္ဋေန္တေ ပဋိ ဃဋ္ဋနာနိဃံသော ဗလဝါ န ဟောတိ။ စတုန္နံ အဓိကရ ဏီနံ ဥပရိ စတ္တာရော ကပ္ပါသပိစုပိဏ္ဍေ ထပေတွာ ပိစု ပိဏ္ဍေဟေဝ ပဟဋကာလောဝိယ ဖုဋ္ဌမတ္တမေဝ ဟောတိ ဝေဒနာ မဇ္ဈတ္တဋ္ဌာနေ တိဋ္ဌတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ကာယဝိညာဏ်၏ ဒုက္ခ,သုခ,ဖြစ်ပုံ အဓိပ္ပါယ်

ကာယဝိညာဏ် နှစ်ပါးသည်ကား၊ ၎င်းတို့မှီရာ ကာယပသာဒရုပ်သည် ဥပါဒါရုပ်ပင် ဖြစ်လင့်ကစား ဖောဋ္ဌဗ္ဗာရုံက မဟာဘုတ် ဖြစ်၍ ၎င်း အာရုံနှင့် ပသာဒရုပ်နှစ်ပါး ထိခိုက်ကြသည်ရှိသော် မဟာဘုတ် ဖြစ်သော

---

၁၀-က။ ။ဟိ၊ ချဲ့ဦးအံ့။ စက္ခုဒွါရာဒီသု၊ စက္ခုဒွါရအစရှိကုန်သော။ စတူသု၊ လေးပါးကုန်သော ဒွါရေသု၊ ဒွါရတို့၌။ ဥပါဒါရူပမေဝ၊ ဥပါဒါရုပ်သည် သာလျှင်။ ဥပါဒါရူပံ၊ ကို။ ဃဋ္ဋေတိ၊ ထိခိုက်၏။ ဥပါဒါရူပေ၊ ဥပါဒါရုပ်သည်သာလျှင်။ ဥပါဒါရူပံ၊ ကို။ ဃဋ္ဋေန္တေ၊ ထိခိုက်သည် ရှိသော်။ ပဋိဃဋ္ဋနာနိဃံသော၊ ထိခိုက်ခြင်းကြောင့်ဖြစ်သော အသံသည်။ ဗလဝါ၊ အားကြီးသည်။ န ဟောတိ၊ မဖြစ်။ စတုန္နံ၊ လေးပါးကုန်သော။ အဓိကရဏီနံ၊ ပေတို့၏။ ဥပရိ၊ အထက်၌။ ဌပိတာ ထားကုန်သော။ ကပ္ပါသပိစုပိဏ္ဍာ၊ ဝါဂွမ်းစိုင်တို့ကို။ သကပေတွာ၊ ၍။ ပိစုပိဏ္ဍေဟေဝ၊ ဝါဂွမ်း စိုင်တို့ဖြင့်သာလျှင်။ ပဟဋကာလောဝိယ၊ ပုတ်ခတ်သောကာလကဲ့သို့။ ဖုဋ္ဌမတ္တမေဝ၊ ထိခိုက် ကာမျှသည်သာလျှင်။ ဟောတိ၊ ၏။ ဝေဒနာ၊ သည်။ မဇ္ဈတ္တဋ္ဌာနေ၊ အလယ်အလတ်ဖြစ်သော အရာ၌။ တိဋ္ဌတိ၊ တည်၏။

ဖေါဋ္ဌဗ္ဗာရုံအရှိန်က အလွန်အားကြီးသဖြင့် ဥပါဒါရုပ် ဖြစ်သော ကာယ ပသာဒတွင် မရပ်ဆိုင်းပါဘဲ ၎င်းကာယပသာဒ၏ တည်ရာ အောက်ခံ မဟာဘုတ်ကို ထိခိုက်မိရကား မကောင်းသော အတွေ့ရှိသော ဆူးငြောင့် ခလုတ်စသော အနိဋ္ဌာရုံ၌ ဒုက္ခဝေဒနာ ဖြစ်သောကြောင့် အကုသလ ဝိပါက်၌ ဒုက္ခဝေဒနာ ဖြစ်ရ၏။

ကောင်းသော အတွေ့ရှိသော ပိုး,ဖဲ,ကတ္တီပါ-စသော ဣဋ္ဌာရုံ၌ သုခ ဝေဝဒနာဖြစ်သောကြောင့် ကုသလဝိပါက်၌ သုခဝေဒနာဖြစ်ရလေသတည်း။ ဥပမာဆိုသော်၊ ပေပေါ်၌ ဝါဂွမ်းစိုင်ကို တင်ထား၍ တူဖြင့် ရိုက်နှက် ပုတ်ခတ်လိုက်သည် ရှိသော် တူ၏အရှိန်သည် ဝါဂွမ်းစိုင်တွင်သာ မရပ် မဆိုင်းပါဘဲ ဝါဂွမ်းစိုင်ကို ဖြတ်ခွဲလျက် ပေထိပ်ကို ထုမိ၍ ပြင်းစွာသော အသံဖြစ်သကဲ့သို့တည်း။

၁၁-၈။ ။ကာယဒွါရေ ပန ဗဟိဒ္ဓါ မဟာဘူတာရမ္မဏံ အဇ္ဈတ္တိကံ
ကာယပသာဒံ ဃဋ္ဋေတွာ ပသာဒပစ္စယေသု မဟာ
ဘူတေသု ပဋိဟညတိ၊ ယထာ အဓိကရဏိမတ္ထကေ
ကပ္ပါသပိစုပိဏ္ဍံ ဌပေတွာ ကူဋေန ပဟရန္တဿ။ပ။
ဣဋ္ဌေ အာရမ္မဏေ သုခသဟဂတံ ကာယဝိညာဏံ
ဥပ္ပဇ္ဇတိ၊ အနိဋ္ဌေ ဒုက္ခသဟဂတံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## [illegible]

ပဉ္စဝိညာဏ် တို့သည် ပဉ္စဝတ္ထုကို မှီကုန်၏။ သမ္ပဋိစ္ဆိုင်း ဒွေကား ဟဒယဝတ္ထုကို မှီကြ၏။ ပဉ္စဝိညာဏ် စိတ်ကိုကား အနန္တရ ပစ္စည်း ဘရား သမ္ပဋိစ္ဆိုင်းတို့ကား အနန္တရ ပစ္စယုပ္ပန်တရား ဖြစ်ကုန်၏။ ဤသို့

---

၁၁-၈။ [illegible]

မှီရာဝတ္ထုရုပ်ချည်း မတူကွဲလွဲသော တရားတို့မှသာ အနန္တရပစ္စည်းကို ရ၍ မှီရာသဘော တူသောစိတ်မှ အနန္တရပစ္စည်းကို မရသဖြင့် သဘောတူ အထောက်အပံ့မှကင်းသော ယောက်ျားကဲ့သို့ အားအရှိန် နည်းရကား၊ အာရုံအရသာကို မခံစားနိုင်သောကြောင့် သမ္ပဋိစ္ဆိုင်းစိတ် နှစ်ပါး တို့သည် ဥပေက္ခာသဟဂုတ်သာ ဖြစ်ကုန်၏။

၁၀-၁။ ။သမ္ပဋိစ္ဆနယုဂဠံ ပန အတ္တနာ သမာနနိဿယတော
အလဒ္ဓါနန္တရပစ္စယတာယ၊ သဘာဂူပထမ္ဘရဟိတော
ဝိယ ပုရိသော နာတိဗလဝံ၊ သဗ္ဗထာပိ ဝိသယရသံ
အနုဘဝိတုံ န သက္ကောတီတိ သဗ္ဗတ္ထာပိ ဥပေက္ခာသဟ
ဂတမေဝ။

ဋီကာကျော်။

---

## သန္တီရဏစိတ်၏ ဝေဒနာပြားပုံ အဓိပ္ပါယ်

သန္တီရဏစိတ်သည် အကုသလဝိပါက် သန္တီရဏ-တပါး, ကုသလ ဝိပါက်သန္တီရဏ, စိတ်နှစ်ပါးအားဖြင့် သုံးပါးရှိသည်တွင် ကုသလဝိပါက် သန္တီရဏ, စိတ်နှစ်ပါး သည်ကား····ရှေးအနန္တရ ပစ္စည်း ဖြစ်သော သမ္ပဋိစ္ဆိုင်း,စိတ်သည်လည်း ဟဒယဝတ္ထုရုပ်ကို မှီ၏။ ပစ္စယုပ္ပန် သန္တီရဏ, စိတ်သည်လည်း ဟဒယဝတ္ထုရုပ်ကို မှီ၏။

ဤသို့လျှင် မိမိနှင့် မှီရာဝတ္ထုရုပ် သဘောတူသော ကုသလ ဝိပါက် သမ္ပဋိစ္ဆိုင်းကို၏ အခြားမဲ့၌ ဖြစ်သဖြင့် သဘောတူသော မှီရာရှိသော စိတ်မှ အနန္တရပစ္စည်းကိုရ၍ အထောက်အပံ့ ကောင်းသော ယောက်ျား ကဲ့သို့ အားအလွန် ရှိလျက် အာရုံ အရသာကို ခံစားနိုင်သောကြောင့်

---

၁၀-၁။ [illegible]

ဓပါ၊ ဥပေက္ခာသဟဂုတ်သည်သာလျှင်။ ဟောတိ၊ ၏။

ဃာဏ္ဍာရုံ၌ သောမနဿ သဟဂုတ်ဖြစ်၏။ဃာဏ္ဍမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ်ဖြစ်၏-ဟုမှတ်။

အကုသလဝိပါက် စိတ်၌ကား အနိဋ္ဌာရုံဖြစ်၍ ဒေါမနဿ ဥပေက္ခာဝေဒနာနှစ်ပါး ဖြစ်သင့်သော်လည်း ဒေါမနဿ ဝေဒနာသည် ပဋိဃနှင့်ကင်း၍ မဖြစ်နိုင်၊ ပဋိဃနှင့် ပေါင်းဘက်မှသာ ဒေါမနဿ ဖြစ်နိုင်သဖြင့် အကုသိုလ်စိတ်၌သာ ယှဉ်နိုင်၏။ ဤ၌ အဗျာကတဖြစ်၍ ဇာတ်ပြားသောကြောင့် ဒေါမနဿမဖြစ်မူ၍ ဥပေက္ခာဝေဒနာတပါးသာ ဖြစ်လေ၏။

**တနည်း**။ ။အားကြီးသော ယောက်ျားသည် ပုတ်ခတ်ရိုက်နှက်အပ်သည်ရှိသော်၊အားနည်းသော ယောက်ျားသည် ထိုသူကို တဖန်ပြန်၍ ပုတ်ခတ်ရိုက်နှက်ခြင်းငှါ မစွမ်းနိုင်မူ၍ လျစ်လျူရှုကာ နေရဘိသကဲ့သို့ ထို့အတူ အကုသလ ဝိပါက်စိတ်သည် လွန်စွာ အားနည်းသည်၏ အဖြစ်ကြောင့် အနိဋ္ဌာရုံ၌သော်လည်း ပြန်၍ ပြစ်မှားတတ်သော ဒေါမနဿ မဖြစ်မူ၍ လျစ်လျူရှုတတ်သော ဥပေက္ခာဝေဒနာသာ ဖြစ်လေ၏။

---

## အမေး အဖြေ

မေး။ ။သမ္ပဋိစ္ဆိုင်းနှင့် သန္တီရဏ ရှိသည်တွင် သမ္ပဋိစ္ဆိုင်း စိတ်ကို အဘယ့်ကြောင့် ရှေ့ထားဆိုအပ်ပါသနည်း။

ဖြေ။ ။ဝီထိစိတ်ဖြစ်စဉ် အစွမ်းဖြင့် သမ္ပဋိစ္ဆိုင်းကို ရှေ့ထား၍ မိန့်ဆို၏။

မေး။ ။ကုသလဝိပါက် သန္တီရဏစိတ်ကို အကုသလဝိပါက် သန္တီရဏစိတ်ကဲ့သို့ တပါးတည်း မမိန့်မဆိုမူ၍ နှစ်ပါး အပြားအားဖြင့် အဘယ့်ကြောင့် မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ဣဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့် ဝေဒနာအပြား ဖြစ်သင့်သောကြောင့် နှစ်ပါးအပြားအားဖြင့် မိန့်ဆိုရပါသတည်း။

မေး။ ။အကုသလဝိပါက်၌လည်း အနိဋ္ဌာရုံ၏ အစွမ်းဖြင့် ဒေါမနဿဝေဒနာဖြစ်သင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့် မဖြစ်ပါသနည်း။

ဖြေ။ ။အကုသလ ဝိပါက်စိတ်သည် ကေန္တ အနိဋ္ဌာရုံဖြစ်၍ ဒေါမနဿဖြစ်သင့်ပါ၏၊ သို့သော် ဒေါမနဿသည် တပါးတည်း

မဖြစ်နိုင်၊ ပဋိဃပါမှ ဖြစ်နိုင်၏။ ဒေါသ,ပဋိဃ-လုံ့ဆော်ပေးမှ သာလျှင် ဒေါမနဿ ဝေဒနာဖြစ်နိုင်၍ ဤစိတ်ကား အဗျာကတဇာတ်ဖြစ်၍ ဒေါသ,ဒေါမနဿတို့ကား အကုသိုလ်ဇာတ် အစစ်ဖြစ်၍ ဇာတ်ကွဲပြားသောကြောင့် ဒေါမနဿ မဖြစ်ပါဘဲ ဥပေက္ခာ တပါးတည်းသာ ဖြစ်လေ၏။

**တနည်း**။ ။အကုသလ ဝိပါက်စိတ်သည် အဗျာကတ ဖြစ်၍ အားအလွန် နည်းသောကြောင့် အားကြီးသော ယောက်ျားကို အားနည်းသော ယောက်ျားသည် မခုခံနိုင်ပါဘဲ လျစ်လျူရှုရဘိသကဲ့သို့ ထို့အတူ အားကြီးသောအနိဋ္ဌာရုံ၌ ဒေါမနဿ မဖြစ်နိုင်ပါဘဲ လျစ်လျူရှုခါ ဥပေက္ခာ ဝေဒနာ တပါးတည်းသာ ဖြစ်လေသတည်း။

မေး။ ။အကုသလ ဝိပါက်၌ အဟေတုက သဒ္ဒါမပါဘဲ ကုသလ ဝိပါက်နိဂုံး၌ အဘယ့်ကြောင့် အဟေတုကသဒ္ဒါထည့်၍ မိန့်ဆိုရပါသနည်း။

ဖြေ။ ။အကုသလဝိပါက်စိတ်သည်ကား အဟိတ်ဝိပါက် တပါးတည်းသာရှိ၏၊ ကုသလ ဝိပါက်သည်ကား ကာမာဝစရ မဟာဝိပါက်ဖြစ်သော သဟိတ်ဝိပါက်, ဤအဟိတ် ကုသလ ဝိပါက်ဟူ၍ နှစ်မျိုးနှစ်စားရှိသဖြင့် သဟိတ်ကုသလဝိပါက်ကို တားမြစ်ခြင်း အကျိုးငှါ အဟေတုက သဒ္ဒါကို နိဂုံး၌ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။အကုသလ ဝိပါက်စိတ်၌ အကုသလဝိပါက သဒ္ဒါ မပါမရှိ၊ ကုသလ ဝိပါက်စိတ်၌သာ ဥပေက္ခာ သဟဂတံ ကုသလ ဝိပါက်····ဟု ကုသလဝိပါကသဒ္ဒါကို အဘယ့်ကြောင့် မိန့်ဆို အပ်ပါသနည်း။

ဖြေ။ ။အကုသိုလ်၏ အခြားမဲ့၌ ဆိုသဖြင့် အကုသိုလ်၏ အကျိုးဟု မှတ်ကြင်ပြည့်စုံသောကြောင့် ကုသလဝိပါကသဒ္ဒါကို ထုတ်၍ ဆိုရပါသည်။

**တနည်း။** ။မဟာကုသိုလ်စိတ်၏ အခြားမဲ့၌ မထားပါဘဲ အဟိတ်၏ အရာ၌ သီးခြား၍ပြဆိုသဖြင့် ကုသိုလ်၏အကျိုး မဟုတ်ဟု မှတ်ထင်မည် စိုးသောကြောင့် ကုသလဝိပါက သဒ္ဒါကို မိန့်ဆိုရ၏။

အကုသလဝိပါက်ကိုကား အကုသိုလ်စိတ်၏ အခြားမဲ့၌ မိန့်ဆိုထားသဖြင့် အကုသိုလ် အကျိုးအဖြစ် ထင်ရှားသောကြောင့် အကုသလ ဝိပါက သဒ္ဒါကို မဆိုအပ်ပါသတည်း။

---

၁၀-ဃ။ ။သမာနဝတ္ထုကံ အနန္တရပစ္စယံ လဘိတွာ ဥပ္ပဇ္ဇမာနံ သန္တီရဏံ မနောဒွါရတုတော ဗလဝတရံ ဟောတီတိ တံ ယထာရမ္မဏံ အာရမ္မဏရသံ အနုဘဝန္တံ ရူပဒွေ သောမနဿ သဟဂတံ ဟောတိ၊ ရူပဒွေမဇ္ဈတ္တေ ဥပေက္ခာသဟဂတံ သာတိသယာနုဘဝတ္တာ။

မူလဋီကာ။

၁၀-င။ ။ဝတ္ထာလမ္ဗသဘာဝါနံ၊ ဘူတိကာနဥ္စ ဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ၊ စတုစိတ္တမုပေက္ခကံ။
ကာယနိဿယ ဖေါဋ္ဌဗ္ဗ၊ ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ န ဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ။
သမာန နိဿယော ယသ္မာ၊ နတ္ထာနန္တရပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္ဗေ၊ သောပေက္ခံ သမ္ပဋိစ္ဆနံ။

ဋီကာကျော်။

---

၁၀-ဃ။ ။သမာနဝတ္ထုကံ၊ တူသောဘည်ရာရှိသော။ အနန္တရပစ္စယံ၊ အနန္တရပစ္စည်းကို။ လဘိတွာ၊ ရ၍။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ ဝါ၊ ဖြစ်သောကြောင့်။ သန္တီရဏံ၊ သန္တီရဏစိတ်သည်။ မနောဒွါရတုတော၊ မနောဒွါရဝဇ္ဇန်းထက် ဗလဝတရံ၊ အားအလွန်ကြီးသည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုသန္တီရဏစိတ်သည်။ ယထာရမ္မဏံ၊ အာရုံအားလျော်စွာ။ အာရမ္မဏရသံ၊ အာရုံ၏ အရသာကို။ အနုဘဝန္တံ၊ ခံစားလျက်။ ဝါ၊ ခံစားနိုင်ရကား။ ရူပဒွေ၊ ရူပဒွါရ၌။ သောမနဿ သဟဂတံ၊ သည်။ ဟောတိ၊ ၏။ ရူပဒွေ မဇ္ဈတ္တေ၊ ရူပဒွါရ အလယ်အလတ်၌။ ဥပေက္ခာသဟဂတံ၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ သာတိသယာနုဘဝတ္တာ၊ အလွန်အကဲ အာရုံကို ခံစားနိုင်သောကြောင့်တည်း။

၁၀-င။ ။ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဝတ္ထာလမ္ဗသဘာဝါနံ၊ ဝတ္ထုသဘော, အာရုံသဘော ရှိကုန်သော။ ဘူတိကာနံ၊ မဟာဘုတ်ကို မှီ၍ဖြစ်ကုန်သော ဥပါဒါရုပ်တို့၏။ ဃဋ္ဋနံ၊ ထိခိုက်ခြင်းသည်။ ဒုဗ္ဗလံ၊ အားနည်း၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ စက္ခာဒိ စတုစိတ္တံ၊ စက္ခုဝိညာဏ် အစရှိသော ၄-ပါးသော စိတ်သည်။ ဥပေက္ခကံ၊ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သည်။

## ဆောင်ပုဒ်

က။ ။ဝိထိစိတ်စဉ်၊ထားသည်နှင်၊ရှေးတင်-သမ္ပဋိစ်ဆို။
ခ။ ။အာရုံအရ၊ဒုတ္တေဒ၊မိန့်ဟ-သန္တီကို။
ဂ။ ။ဇောတ်ပြားတုံလတ်၊ဒေါ်မနသ် မယှဉ်၊အကုတွင်မှန်၊
သန္တီရုံ၊ဖြစ်ဟန်-ဥပေက္ခာ။
ဃ။ ။တနည်းပုံထောက်၊ အားနည်းယောက်ျား၊ ပမာထား၊ မိန့်ငြား-
ဥပေက္ခာ။
င။ ။အဟိတ်,သဟိတ်၊ နှစ်စိတ် ဝိပါက်၊ ပြားသည်တွက်၊ မိန့်မြွက်-
အဟေတုကံ။
စ။ ။အကုအကျိုး၊ထင်စနိုး၊မိန့်ကျိုး-ကု-ဝိ-ပံ။

အဟိတ် ကုသလဝိပါက်အတွင့် ပြီး၏။

---

၁၁။ ။ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ တထာ မနော
ဒွါရာဝဇ္ဇနစိတ္တံ သောမနဿ သဟဂတံ ဟသိတုပ္ပါဒ
စိတ္တဉ္စေတိ ဣမာနိ တီဏိပိ အဟေတုကကြိယာစိတ္တာနိ
နာမ။

သင်္ဂြိုဟ်ပါဠိ။

---

၁။ ။ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် တခု၊
၂။ ။ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော မနောဒွါရာဝဇ္ဇန်းစိတ် ဟခု၊
၃။ ။သောမနဿဝေဒနာနှင့်တကွဖြစ်သော ဟသိတုပ္ပါဒ်စိတ် တခု၊
ဤသုံးပါးသော စိတ်တို့သည် အဟိတ်ကြိယာစိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

[illegible]

[illegible]

## ပဉ္စဒွါရာဝဇ္ဇန်း အဓိပ္ပါယ်

ပဉ္စဒွါရေ ဃဋ္ဋိတမာရမ္မဏံ အာဝဇ္ဇေတိ အာဘောဂံ
ကရောတီတိ ပဉ္စဒွါရာဝဇ္ဇနံ။

ယံ၊ အကြင်စိတ်သည်။ ပဉ္စဒွါရေ၊ စက္ခုစသော ငါးဒွါရ၌။ ဃဋ္ဋိတံ၊ ထိခိုက်လာသော။ အာရမ္မဏံ၊အာရုံကို။ အာဝဇ္ဇေတိ-အာဘောဂံကရောတိ၊ နှလုံးသွင်းကာ ဆင်ခြင်တတ်၏။ ဣတိ၊ကြောင့်။ တံ၊ထိုစိတ်သည်။ ပဉ္စဒွါရာဝဇ္ဇနံ၊ပဉ္စဒွါရာဝဇ္ဇန်းစိတ်မည်၏။

အဓိပ္ပါယ်ကား····စက္ခုဒွါရ စသော ငါးဒွါရ၌ ထင်လာသော ရူပါရုံ စသော အာရုံငါးပါးကို လက်ဦးစွာ အာရုံပြုကာ ဆင်ခြင် နှလုံးသွင်းသော စိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်မည်၏။ ။ဟူလို။

---

## မနောဒွါရာဝဇ္ဇန်း အဓိပ္ပါယ်

မနောဒွါရေ အာပါထဂတမာရမ္မဏံ အာဝဇ္ဇေတီတိ မနောဒွါရာဝဇ္ဇနံ။

ယံ၊အကြင် စိတ်သည်။ မနောဒွါရေ၊ မနောဒွါရ၌။ ဒိဋ္ဌ သုတ မုတာဒိ ဝသေန၊ ဒိဋ္ဌ, သုတ, မုတ- အစရှိသည်တို့၏ အစွမ်းဖြင့်။ အာပါထဂတံ၊ ထင်ခြင်းသို့ ရောက်သော။ အာရမ္မဏံ၊ အာရုံကို။ အာဝဇ္ဇေတိ၊ နှလုံးသွင်းတတ်၏။ ဣတိ၊ကြောင့်။ တံ၊ ထိုစိတ်သည်။ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းမည်၏။ ။ဘဝင်အယဉ်ဟု ဆိုအပ်သော မနောဒွါရ၌ ထင်လာထိခိုက်လာသော အာရုံခြောက်ပါးကို လက်ဦးစွာအာရုံပြုတတ် ဆင်ခြင်တတ်သော စိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်မည်၏။ ။ဟူလို။

ဒိဋ္ဌကား ရူပါရုံတည်း။ သုတကား သဒ္ဒါရုံတည်း။ မုတကား ဝိညာဏ် သုံးပါးဖြင့် ရောက်အပ်သော ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗာရုံတည်း။ ။၎င်း မနောဒွါရာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရဝီထိအစဉ်၌ကား ဝေါဋ္ဌဗ္ဗန,ဝုဋ္ဌော-ဟုဆိုအပ်၏။

ယထာ သန္တီရဏမာလမ္ဗဏံ ဝဝတ္ထပေတီတိ ဝေါဋ္ဌဗ္ဗနံ။ ။ဟုပြု။

ယံ၊အကြင်စိတ်သည်။ ယထာသန္တီရဏံ၊ အကြင်အခြင်းဖြင့် စုံစမ်းအပ်ပြီးသော။ အာလမ္ဗဏံ၊ အာရုံကို။ ဝဝတ္ထပေတိ၊ ပိုင်းခြား မှတ်သားသကဲ့သို့ ဖြစ်ဟတ်၏။ ဣတိ၊ကြောင့်။တံ၊သည်။ ဝေါဋ္ဌဗ္ဗနံ၊မည်၏။ ။ဟုပေး။

## မနောဒွါရာဝဇ္ဇန်းစိတ်၏ မဟာဂဇမည်ပုံ အကြောင်း

ဤမနောဒွါရာဝဇ္ဇန်း စိတ်သည်ပင်လျှင် အကြင် အခြင်းအရာအားဖြင့် သန္တိရဏသည် စုံစမ်းပြီးသောအာရုံကို ပိုင်းခြားမှတ်သားတတ်သောကြောင့် ဝုဋ္ဌောလည်း မည်၏။

ယထာ သန္တိရဏ မာလမ္ဗဏံ ဝဝတ္ထပေတီတိ ဝေါဋ္ဌဗ္ဗနံ-ဟုပြု။

ယံ စိတ္တံ၊ အကြင်စိတ်သည်။ ယထာ သန္တိရဏံ၊ အကြင်အခြင်းအရာဖြင့် သန္တိရဏသည် စုံစမ်းအပ်ပြီးသော။ အာလမ္ဗဏံ၊ အာရုံကို။ ဝဝတ္ထပေတိ၊ ပိုင်းခြား မှတ်သားသကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ တံစိတ္တံ၊သည်။ ဝေါဋ္ဌဗ္ဗနံ၊ဝုဋ္ဌော-မည်၏။ ။(အောက်ကလည်း ပြဆိုခဲ့ပြီ)။

သို့ဖြစ်၍ ဤမနောဒွါရာဝဇ္ဇန်းစိတ်သည် ဘုံသုံးပါးတို့၌ ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့အား ဆက်ဆံသော စိတ်ဖြစ်၏။ ဘယ်သတ္တဝါ မဆို ဖြစ်နိုင်သော စိတ်ဖြစ်၏။ ၎င်းစိတ်မဖြစ်သော သတ္တဝါမည်သည်မရှိ၊ ဖြစ်သည်ရှိသော် ပဉ္စဒွါရ၌ဖြစ်မူ ဝုဋ္ဌောမည်၏။မနောဒွါရ၌ ဖြစ်မူ မနောဒွါရာဝဇ္ဇန်းမည်၏။မြတ်စွာဘုရား၏ အသာဓာရဏ ဉာဏ်တော် ခြောက်ပါးတို့သည်လည်း ဤမနောဒွါရာဝဇ္ဇန်းစိတ်သည် ရှေးဦးစွာ ယူအပ်,ဆင်ခြင်အပ်ပြီးသော အာရုံကိုသာလျှင် ယူကုန်၏။ဤသို့ မနောဒွါရာဝဇ္ဇန်းစိတ်သည် အဟိတ်စိတ်ပင် ဖြစ်လင့်ကစား ၎င်းစိတ်အာရုံမပြုနိုင်သော တရားမည်သည် မရှိသဖြင့် အလွန်တရာအရာကျယ်သောကြောင့် ဆင်ပြောင်ကြီးနှင့် တူသော စိတ်မည်၏။ သဗ္ဗညုတဉာဏ်တော် မဟုတ်ပါဘဲလျက် သဗ္ဗညုတဉာဏ်တော်နှင့် တူသော စိတ်မည်သည် ဘယ်စိတ်နည်းဟု မေးပါမူ ဤမနောဒွါရာဝဇ္ဇန်းစိတ်သည် သဗ္ဗညုတဉာဏ်တော်နှင့်တူသော အလားရှိ၏-ဟု ဖြေဆိုအပ်၏။

၁၁-က။ ။သအသာဓာရဏ ဉာဏာနိပိ ဣမိနာ ဂဟိတာရမ္မဏ
မေဝ ဂဏှန္တိ။မဟာဂဇံ နာမေတံ စိတ္တံ။ဣမဿ အနာ
ရမ္မဏံနာမ နတ္ထိ။အသဗ္ဗညုတညာဏံ သဗ္ဗညုတညာဏ
ဂတိကံနာမ ကတမန္တိ ဝုတ္တေ ဣဒန္တိ ဝတ္တဗ္ဗံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၁၁-က။ ။ဆအသာဓာရဏ [illegible] ... [illegible] ဂဏှန္တိ၊ယူကုန်၏။ [illegible] စိတ္တံ၊ ဤမနောဒွါရာဝဇ္ဇန်း စိတ်သည်။ [illegible]

## ပဉ္စဒွါရာဝဇ္ဇန်း၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

တံ စက္ခုဝိညာဏာဒီနံ ပုရေစရံ ဟုတွာ ရူပါဒိဝိဇာနန လက္ခဏံ။ အာဝဇ္ဇနရသံ။ တထာဘာဝ ပစ္စုပဋ္ဌာနံ။ ဘဝင်္ဂ ပစ္ဆေဒပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

တံ၊ ထိုပဉ္စဒွါရာဝဇ္ဇန်း စိတ်သည်။ စက္ခုဝိညာဏာဒီနံ၊ တို့၏။ ပုရေစရံ၊ ရှေ့သွားသည်။ ဟုတွာ၊၍။ ရူပါဒိဝိဇာနနလက္ခဏံ၊ ရူပါရုံစသည်ကို သိခြင်း လက္ခဏာရှိ၏။ အာဝဇ္ဇနရသံ၊အာရုံငါးပါးကိုဆင်ခြင်ခြင်း ကိစ္စရှိ၏။တထာ ဘာဝပစ္စုပဋ္ဌာနံ၊ ထိုဆင်ခြင်သောအဖြစ်လျှင် ဉာဏ်အား ရှေ့ရှုထင်တတ်၏။ ဘဝင်္ဂပစ္ဆေဒပဒဋ္ဌာနံ၊ ဘဝင်္ဂပစ္ဆေဒလျှင် နီးသောအကြောင်းရှိ၏။

---

## မနောဒွါရာဝဇ္ဇန်းစိတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

တံ ဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ပဉ္စဒွါရ,မနောဒွါရေသု ဝေါဋ္ဌဗ္ဗနာဝဇ္ဇန ရသံ၊တထာဘာဝပစ္စုပဋ္ဌာနံ၊ အဟေတုက ဝိပါကမနောဝိညာဏဓာတု ဘဝင်္ဂါနံ အညတရာ ပဂမန ပဒဋ္ဌာနံ။

တံ၊ထိုမနောဒွါရာဝဇ္ဇန်း စိတ်သည်။ ဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ အာရုံခြောက်ပါးကို သိခြင်းလက္ခဏာရှိ၏။ ပဉ္စဒွါရ မနောဒွါရေသု၊ ပဉ္စဒွါရ, မနောဒွါရတို့၌။ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနရသံ၊ ပိုင်းခြားခြင်း,ဆင်ခြင်ခြင်း ကိစ္စရှိ၏။ တထာဘာဝပစ္စုပဋ္ဌာနံ၊ ထိုသို့ ပိုင်းခြားမှု,ဆင်ခြင်မှုလျှင် ဉာဏ်အားရှေးရှု ထင်တတ်၏။ အဟေတုက ဝိပါကမနောဝိညာဏဓာတုဘဝင်္ဂါနံ၊ အဟိတ် ဝိပါက် မနောဝိညာဏဓာတ် ဘဝင်တို့တွင်။ အညတရာ ပဂမနပဒဋ္ဌာနံ၊ တပါးပါး၏ ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

---

မဟာဂဇိန္ဒေပ၊ ကြီးကျယ်သော အရောင်ရှိသည့်အဖြစ်ကြောင့် ဆင်ပြောင်ကြီးနှင့် တူသောစိတ် [illegible]

## ပဋိပါဒကစိတ် အဓိပ္ပါယ်

အာရမ္မဏာဒိံ ပဋိပါဒယတီတိ ပဋိပါဒကော။

ယောဓမ္မော၊ သည်။ အာရမ္မဏာဒိံ၊ အာရုံစသည်ကို။ ပဋိပါဒယတိ၊ ဖြစ်စေတတ်၏။ ဝါ၊စီရင်တတ်၏။ ဣတိ၊ကြောင့်။ ပဋိပါဒကော၊ပဋိပါဒက-မည်၏။ ။(ပဋိရှေးရှိသော ပဒဓာတ်,ဂဏှာတ္ထ)။

အဓိပ္ပါယ်ကား····ထိုသိုအာရုံစသော တရားတို့ကို ဖြစ်စေတတ်,စီရင်တတ်သောကြောင့်''ပဋိပါဒက''မည်၏။ ။ဟူလို။

ထိုပဋိပါဒကသည် ၁-အာရမ္မဏပဋိပါဒက။ ၂-ဝီထိပဋိပါဒက။ ၃-ဇဝနပဋိပါဒက-ဟူ၍သုံးမျိုးရှိ၏။ ။ထိုသုံးမျိုးတို့တွင် မနသိကာရစေတသိက်သည် နှလုံးသွင်း၍ အတိတ်အာရုံကို ထင်လာစေတတ်, ဖြစ်စေတတ်, စီရင်တတ်သောကြောင့် အာရမ္မဏပဋိပါဒက စေတသိက်မည်၏။

၂-ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေးစိတ်မှ နောက်စိတ်အထူးကိုပြု၍ ပဉ္စဒွါရဝီထိကို ဖြစ်စေတတ်,ဖြစ်ရန် စီရင်တတ်သောကြောင့် ဝီထိပဋိပါဒက မည်၏။

၃-မနောဒွါရာဝဇ္ဇန်းစိတ်သည် ရှေ့စိတ်မှ နောက်စိတ်ကို အထူးပြု၍ မနောဒွါရဝီထိဇောကို ဖြစ်စေတတ်,ဖြစ်ရန် စီရင်တတ်သောကြောင့် ဇဝနပဋိပါဒကမည်၏။

၁၁-ခ။ ။သွာယံ အာရမ္မဏ ပဋိပါဒကော, ဝီထိပဋိပါဒကော, ဇဝနပဋိပါဒကောတိ တိပ္ပကာရော။ တတ္ထ အာရမ္မဏ ပဋိပါဒကော မနသိကာရောတိ မနသိကာရော။ပ။ ဝီထိပဋိပါဒကောတိ ပန ပဉ္စဒွါရာဝဇ္ဇနဿေတံ အဓိဝစနံ၊ဇဝနပဋိပါဒကောတိ မနောဒွါရာဝဇ္ဇနဿ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၁၁-ခ။ ။သွာယံ-ထိုအယံ မနသိကာရသည် အာရမ္မဏပဋိပါဒက [illegible]
စီရင်တတ်, ထင်စေတတ်သော မနသိကာရ စေတသိက်တည်း။ ဝီထိပဋိပါဒက [illegible]
စီရင်တတ်,ထင်စေတတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်တည်း။ [illegible]
ထင်စေတတ်သော မနောဒွါရာဝဇ္ဇန်း စိတ်တည်း။ [illegible]
အပြားရှိသည်။ [illegible] ပဋိပါဒကသည်။ [illegible]
[illegible] မနသိကာရ [illegible]

## ဟာသိတုပ္ပါဒ် အစီပွါယ်

ဟသိတံ ဥပ္ပါဒေတီတိ ဟသိတုပ္ပါဒေါ။

ယံ၊အကြင်စိတ်သည်။ ဟသိတံ၊ ပြုံးရွှင်ခြင်းကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ကြောင့်။ တံ၊ထိုစိတ်သည်။ ဟသိတုပ္ပါဒေါ၊ ဟသိတုပ္ပါဒ်မည်၏။

သိတမိဟဝိကာသိနယနံ၊ကိဥ္စာလက္ခိယ ဒိဇဂ္ဂံ၊ ဟသိတံ တံ။

စသောအားဖြင့် အလင်္ကာကျမ်း၌ မိန့်ဆိုအပ်သော သိတ-ရယ်ခြင်း၊ ဟသိတ-ရယ်ခြင်း၊ ဝိဟသိတ-ရယ်ခြင်း၊ ဥပဟသိတ-ရယ်ခြင်း၊ အပဟသိတ-ရယ်ခြင်း၊ အတိဟသိတ-ရယ်ခြင်း အားဖြင့် ခြောက်ပါးသော ရယ်ခြင်းတို့တွင် ပုထုဇ္ဇန်တို့သည် မထင်နိုင်, မမြင်နိုင်ပါဘဲ ဘုရား ရဟန္တာတို့၏ စိတ်အားသာလျှင် ထင်နိုင် မြင်နိုင်သော သိမ်မွေ့သော အာရုံတို့ကြောင့် ပြုံးရွှင်တော်မူသော သိတရယ်ခြင်းနှင့် ဟသိတ-ရယ်ခြင်းနှစ်မျိုးကို ဖြစ်စေသော ဘုရား,ရဟန္တာ အရှင်မြတ်တို့၏ သန္တာန်တော်၌ဖြစ်သော စိတ်သည် ဟသိတုပ္ပါဒ်စိတ်မည်၏။

ဣဒံ စိတ္တံ့ အညေသံ အသာဓာရဏံ၊ ခီဏာသဝသေဝ
ပါဠိပုပ္ပလိကံ၊ဆသု ဒွါရေသု လဗ္ဘတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သို့သော်၊ မြတ်စွာဘုရားများကား''သိတံ ပါတွာကာသိ'' ပါဠိတော်ကို ထောက်၍ သွားတော်ပေါ်ရုံမျှ ပြုံးတော်မူသော သိတ-ရယ်ခြင်းကိုသာလျှင် ဟသိတ-ဟု ယူသင့်၏ဟု မဏိမဉ္ဇူဆရာ မိန့်ဆိုတော်မူ၏။

ပထမံ သိတမေဝ ဟသိတုပ္ပါဒန္တိ ဣတ္တေ
ဟသိတံနာမ န ဒုတိယံ ဟသိတန္တိ ဝေဒိတဗ္ဗံ။

မဏိမဉ္ဇူ။

---

ပန်းသိုဗ္ဗတပါး။ ဧိသိပဋ္ဌိပါဒကောဘိအတော၊ ဟူသော အပြည်သည်။ ပဌ္ဌဥါရာ စွေနုံသေ၊ ၏။ အဝိသနိုး၊ အပြည်တည်း။ ။ဧ ဒေနုပဋ္ဌိပါဒကောဘိအတော၊ ဟူသော အပြည်သည်။ မနောဥ္ဂါရာ ဓေစ္စနုံသေ၊၏။အဝိဝိဒနိုး၊တည်း။

ထိုခြောက်ပါးသော ရယ်ခြင်းတို့တွင် မျက်စိပွင့်ရုံရယ်ခြင်းဟု ဆိုအပ်သော သိတ-နှင့် သွားပေါ်ရုံ ရယ်ခြင်း ဟသိတ-နှစ်ပါးသည် ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ သူမြတ်တို့၌ ဖြစ်၏။ ။အသံညှင်းညှင်း ထွက်အောင် ရယ်ခြင်း ဝိဟသိတနှင့် ဦးခေါင်းလှုပ်ရုံရယ်ခြင်း ဥပဟသိတ နှစ်ပါးသည် ကလျာဏပုထုဇ္ဇန်, သေက္ခပုဂ္ဂိုလ်တို့၌ ဖြစ်၏။ ။မျက်ရည် ထွက်အောင် ရယ်ခြင်း အပဟသိတနှင့် ရှေ့ထိုး နောက်ရောက် မှောက်ခါ လဲမတတ် ရယ်ခြင်း အတိဟသိတ နှစ်ပါးသည် သူယုတ်တို့၌ ဖြစ်၏။ ။ပုထုဇ္ဇန် တို့သည် လောဘမူ သောမနဿ ၄-ခု၊ မဟာကုသိုလ် သောမနဿ ၄-ခု အားဖြင့် သောမနဿစိတ် ၈-ခုတို့ဖြင့် ရယ်ရွှင်ကြကုန်၏။ ။သေက္ခ ပုဂ္ဂိုလ်တို့သည် လောဘမူ သောမနဿ ဝိပ္ပယုတ် ၂-ခု၊ မဟာကုသိုလ် သောမနဿ ၄-ခု အားဖြင့် ခြောက်ပါးသော စိတ်တို့ဖြင့် ရယ်ကုန်၏။ ။ ဘုရား,ရဟန္တာ,ပစ္စေကဗုဒ္ဓါတို့သည် ဤဟသိတုပ္ပါဒ်စိတ် တပါး၊ မဟာ ကြိယာ သောမနဿ လေးပါးအားဖြင့် ငါးပါးသောစိတ်တို့ဖြင့် ရယ်တော် မူကုန်၏။

**တနည်း**။ ။ဘုရားရှင်သည် ဟသိတုပ္ပါဒ်တပါး၊ မဟာကြိယာ ဉာဏ သမ္ပယုတ်နှစ်ပါးအားဖြင့် ဤသုံးပါးသော စိတ်တို့ဖြင့် ပြုံးရယ်တော်မူ၏။

ပုထုဇ္ဇနာ ဟိ ကုသလတော စတူဟိ သောမနဿ
သဟဂတေဟိ၊အကုသလတော စတူဟီတိ အဋ္ဌဟိ စိတ္တေဟိ
ဟသန္တိ။ပ။ ခီဏာသဝါ ကြိယတော ပဉ္စဟိ သောမနဿ
သဟဂတေဟိ ဟသန္တိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဘုရား,ရဟန္တာတို့အား ဤဟသိတုပ္ပါဒ် စိတ်သည် ပဉ္စုပ္ပန်ကို အာရုံ ပြုခါ စက္ခုသောတစသောပဉ္စဒွါရ၌၎င်း ဖြစ်၏။ မနောဒွါရ၌ကား အတိတ် အနာဂါတ်ကို အာရုံပြု၍ ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်, သဗ္ဗညုတ ဉာဏ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ၌ ဖြစ်၏-ဟုမှတ်။

တံ ပန ပုဗ္ဗေနိဝါသ သဗ္ဗညုတဉာဏာနံ ကိစ္စံ။
တတ္ထ အနာဂတံသ သဗ္ဗညုတဉာဏာနံ ကိစ္စံ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

## ဟသိတုပ္ပါဒ်စိတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

တံ ဆဠာရမ္မဏဝိဇာနန လက္ခဏံ၊ အရဟတံ အနောဠာရိကေသု ဝတ္ထုသု ဟသိတုပ္ပါဒရသံ၊ တထာဘာဝပစ္စုပဋ္ဌာနံ၊ ကေဝလတော ဟဒယဝတ္ထုပဒဋ္ဌာနံ။

တံ၊ ထိုဟသိတုပ္ပါဒ် စိတ်သည်။ ဆဠာရမ္မဏဝိဇာနနလက္ခဏံ၊ အာရုံခြောက်ပါးကို သိခြင်းလက္ခဏာ ရှိ၏။အရဟတံ၊ဘုရား ရဟန္တာအရှင်မြတ်တို့၏။ အနောဠာရိကေသု၊ မရုန့်ရင်း ကုန်သော။ ဝတ္ထုသု၊ အရာဝတ္ထုတို့၌။ ဟသိတုပ္ပါဒရသံ၊ ပြုံးရယ်ခြင်းကို ဖြစ်စေခြင်း ကိစ္စရှိ၏။ တထာဘာဝပစ္စုပဋ္ဌာနံ၊ထိုသို့ ပြုံးရယ်ခြင်းကို ဖြစ်စေခြင်းလျှင် ဉာဏ်အားရှေးရှုထင်တတ်၏။ ကေဝလတော၊ စင်စစ်အားဖြင့်။ ဟဒယဝတ္ထု ပဒဋ္ဌာနံ၊ ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။

---

### အမေး အဖြေ

မေး။ ။ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းစိတ် နှစ်ပါး တို့သည် အဘယ့်ကြောင့် ဥပေက္ခာ ဝေဒနာ တပါးသာလျှင် ဖြစ်ပါသနည်း။တူသောမှီရာရှိသောစိတ်မှ အနန္တရပစ္စည်းကို ရသဖြင့် အာရုံ အရသာကို ခံစားခြင်းငှါ စွမ်းနိုင်သောကြောင့် သုခဝေဒနာ,ဥပေက္ခာဝေဒနာနှစ်ပါးဖြစ်သင့်သည် မဟုတ်ပါလော။

ဖြေ။ ။အာဝဇ္ဇန်း ဒွေးသည် တူသော မှီရာရှိသော ဘဝင်္ဂုပစ္ဆေဒ, သန္တီရဏ,တို့၏အခြားမဲ့၌ဖြစ်သည်ကား မှန်၏။မှန်သော်လည်း အာဝဇ္ဇန်း နှစ်ပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ရှေး၌ တစုံတခုသော ဝီထိစိတ်သည် မယူအပ်သေးသော ပဉ္စာရုံကို ရှေးဦးစွာ အာရုံပြုရသည် ဖြစ်သောကြောင့်၎င်း၊ ထိုအာရုံ၌ အကြိမ်များစွာ မဖြစ်မူ၍ တကြိမ်တည်းသာလျှင် ဖြစ်သောကြောင့်၎င်း၊အလွန်အားနည်းသဖြင့် အာရုံအရသာကို မခံစားနိုင်ရကား ဥပေက္ခာသဟဂုတ်သာ ဖြစ်၏။

မနောဒွါရာဝဇ္ဇန်းစိတ်သည်ကား ဇာတ်မဟုတ်သော ဇောစသော စိတ်

ဖြစ်တို့ရန် ဝဲ့ကွက်ကြောင့်ကြ၍ နေရသဖြင့် အာရုံအရသာကို မခံစားနိုင်သောကြောင့် ဥပေက္ခာသဟဂုတ်ပင် ဖြစ်ရ၏-ဟုမှတ်။

မေး။ ။ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် ၁၃-ပါး ရှိပါလျက် အခြား ၁၂-ပါးသောစိတ်ကို ဟသိတုပ္ပါဒ် စိတ်ဟု အမည် မပေးပါဘဲ ဤစိတ် တပါးတည်း ကိုသာ အဘယ့်ကြောင့် ဟသိတုပ္ပါဒ်စိတ်ဟု မှည့်ဆိုအပ်ပါသနည်း။

ဖြေ။ ။အခြားသောစိတ် ၁၂-ပါး တို့သည် ရယ်ခြင်း ခြောက်မျိုး စလုံးကို ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ် မမည်ကုန်။ ဤဟသိတုပ္ပါဒ်စိတ်ကသာ ဟသိတ-ဟု ဆိုအပ်သော ရယ်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ်မည်၏။

**တနည်း။** ။အခြားသောစိတ် ၁၂-ပါးတို့သည် ရယ်ခြင်းကို ဖြစ်စေပါသော်လည်း အသီးအသီး မိမိတို့၏ အမည်ကို ရပြီး ဖြစ်ကြ၍ ဟသိတုပ္ပါဒ်ဟု အမည်သစ် ထပ်၍ပေးရန်မလို။ ဤစိတ်ကိုသာ အထင် ရဠီအားဖြင့် ဟသိတုပ္ပါဒ်စိတ်ဟု မှည့်ဆိုအပ်ပါသတည်း။

၁၁-၈။ ။ဝေါဋ္ဌဗ္ဗနံ ပန သတိပိ ဗလဝဘာဝေ ဝိပါကပဝတ္တိံ
နိဝတ္တေတွာ ဝိသဒိသံ မနံ ကရောန္တံ မနသိကာရ
ကိစ္စန္တရယောဂတော၊ ဝိပါကောဝိယ အနုဘဝန
မေဝ နဟောတီတိ သဗ္ဗတ္ထ ဥပေက္ခာသဟဂတမေဝ
ဟောတိ။ တထာ ပဉ္စဒွါရာဝဇ္ဇနံ မနောဒွါရာဝဇ္ဇနဉ္စ
ကိစ္စဝသေန အပုဗ္ဗတ္တာ။

မူလဋီကာ။

ဝိသဒိသမနန္တိ ဇဝနမနံ။ ။မဓု။

---

၁၁-၈။ ။ပန၊ အဘို့တပါးကိုသိုင်းအံ့။ ဝေါဋ္ဌဗ္ဗနံ၊ ချွေးသည်။ ဗလဝဘာဝေ၊ အားကြီးသည်၏အဖြစ်သည်။ သတိပိ၊ ရှိသည်ကာစား။ ဝိပါကပဝတ္တိံ၊ ဝိပါက်၏ အဖြစ်ကို။ နိဝတ္တေတွာ၊ နှစ်စေ၍။ ဝိသဒိသံမနံ၊ ဇောစိတ်ကို။ ကရောန္တံ၊ ပြုလျက်။ မနသိကာရ ကိစ္စန္တရယောဂတော၊ ဇဝနပဋိပါဒက-ဟု ဆိုအပ်သော မနသိကာရ၏ ကိစ္စတပါးနှင့် ယှဉ်သောကြောင့်။ ဝိပါကောဝိယ၊ ဝိပါက်ကဲ့သို့ရင်း။ အနုဘဝနမေဝ၊ အာရုံကိုခံစားမှုသည်။ နဟောတိ၊ မဖြစ်နိုင်။

**ဆောင်ပုဒ်**

ကျ ။ဦးစွာအာရုံ၊ ပြုရတုံလျက်၊ တချက်သာဖြစ်၊ ပဉ္စာဝဇ်၊ မိန့်လစ်-ဥပေက္ခာ။

ခ။ ။ဇောတ်ပြားဇောကို၊ဝဲ့ကွက်လို၊မိန့်ဆိုမနော-ဥပေက္ခာ။

ဂ။ ။ဤစိတ်သည်မှန်၊ ဟသိတံကို၊ တဖန်မသွေ၊ ဖြစ်တုံစေ၊ မိန့်ပေ-ဟသိတုဒ်။

---

**၁၂။ ။ရူပ္ပေဝံ သဗ္ဗထာပိ အဋ္ဌာရသာ ဟောတုကာစိတ္တာနိ သမဉ္ဇာနိ။ သင်္ဂြိုဟ်ပါ၍။**

---

ဤဆိုအပ်ပြီးသော နည်းဖြင့် ခပ်သိမ်းသော အကုသလဝိပါက်, ကုသလ ဝိပါက်,ကြိယာတို့၏ အပြားအားဖြင့် ၁၈-ပါး အပြားရှိသော အဟိတ်စိတ် တို့သည် ပြီးကုန်၏-ဟု နိဂုံးချုပ်သော စကားရပ်ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ဤ၌ အဟေတုက စိတ္တာနိ-ဟူသည်ကား၊ လောဘ, ဒေါသ-စသော ဟိတ်ခြောက်ပါးအနက် တပါးမှမရှိ၊မယှဉ်သောကြောင့် ဤ ၁၈-ပါးသော စိတ်တို့သည် အဟိတ်စိတ်မည်ကုန်၏။ ။ဟူလို။

နတ္ထိ ဟောတု ဧတေသန္တိ အဟေတုကာနိ။အဟေကုကာနိ
စ တာနိ စိတ္တာနိ စာတိ အဟေတုကစိတ္တာနိ-ဟုပြု။

ဧတေသံ၊ထိုစိတ်တို့အား။ ဟောတု၊ဟိတ်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ကြောင့်။ အဟေတုကာနိ၊ အဟေတုက-မည်ကုန်၏။ အဟေတုကာနိစ၊ ဟိတ်မရှိကုန် သည်လည်း။ ဟောန္တိ၊၏။ တာနိ၊ ဟူသည်။ စိတ္တာနိစ၊ စိတ်တို့သည်လည်း။ ဟောန္တိ၊၏။ ဣတိ၊ကြောင့်။ အဟေတုကစိတ္တာနိ၊မည်ကုန်၏။ ။ဟုပေး။

---

ရှုတ်ဘိသန္တာ၊ကြောင့်။သဗ္ဗတ္ထ၊ခပ်သိမ်းသောအာရုံ၌။ဥပေက္ခာသဟဂတမေဝ၊ သည်သာလျှင်။ ဟောတိ၊၏။ ပဉ္စဒွါရေ ဝဇ္ဇနဉ္စ၊ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်၎င်း။ မနောဒွါရေ ဝဇ္ဇနဉ္စ၊ မနောဒွါရာ ဝဇ္ဇန်းစိတ်သည်၎င်း။ ကိစ္စဝသေန၊ ကိစ္စ၏အစွမ်းဖြင့်။ အပုဗ္ဗတ္တာ၊ အသုံးမရှိသောကြောင့်။ ဝါ၊အသစ်မရှိသည်၏ အဖြစ်ကြောင့်။ တထာ၊သို့ဝုဋ္ဌောအဘူ ဥပေက္ခာသဟဂုတ် သာလျှင် တည်း။

## အဟိတ်စိတ်၏ သင်္ဂဟဂါထာ

၁၃။ ။သတ္တာ ကုသလပါကာနိ၊ မှုဒ္ဒပါကာနိ အဋ္ဌဓာ၊
ကြိယာစိတ္တာနိ တီဏီတိ၊ အဋ္ဌာရသ အဟေတုကာ။
သင်္ဂြိုဟ်ပါ၍။

၁။ ။အကုသလဝိပါက်စိတ် ၇-ပါး၊
၂။ ။အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး၊
၃။ ။အဟိတ် ကြိယာစိတ် ၃-ပါး၊

ဤသို့အားဖြင့် အဟိတ် စိတ်သည် ၁၈-ပါးဖြစ်၏-ဟု နိဂုံးချုပ်သော ဂါထာ ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

## အဟိတ်စိတ် သရုပ်ခွဲပုံ

ဤစိတ် ၃-ပါးကို ပေါင်း၍ ရေတွက်သည် ရှိသော် အကုသလဝိပါက် စိတ် ၇-ပါး၊ အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး၊ အဟိတ် ကြိယာစိတ် ၃-ပါးအားဖြင့် ၁၈-ပါး ဖြစ်၏။

**တနည်း**။ ။သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿ သဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာ သဟဂုတ်စိတ် ၁၄-ပါး အားဖြင့် ၁၈-ပါး ဖြစ်၏။

**တနည်း**။ ။သုခသဟဂုတ်သာ ဖြစ်၍ သမ္ပယုတ် မဖြစ်သော စိတ် သုံးခု၊ သမ္ပယုတ်သာဖြစ်၍ သုခသဟဂုတ် မဖြစ်သော စိတ်မရှိ။ နှစ်ပါးလုံး ဖြစ်သောစိတ် မရှိ၊ နှစ်ပါးလုံး မဖြစ်သော စိတ် ၁၅-ခု အားဖြင့် ၁၈-ပါး ဖြစ်၏။

**တနည်း**။ ။သုခသဟဂုတ်သာ ဖြစ်၍ ဝိပ္ပယုတ် မဖြစ်သော စိတ်မရှိ၊ ဝိပ္ပယုတ်သာ ဖြစ်၍ သုခသဟဂုတ် မဖြစ်သောစိတ် ၁၅-ပါး၊ နှစ်ပါးစုံ ဖြစ် ၃-ပါး၊ နှစ်ပါးစုံ မဖြစ် မရှိ၊ ဤသို့အားဖြင့် ၁၈-ပါး ဖြစ်၏။

**တနည်း**။ ။သုခသဟဂုတ်သာဖြစ်၍ အသင်္ခါရိက မဖြစ်သောစိတ်ကား မရှိ၊ အသင်္ခါရိကသာ ဖြစ်၍ သုခသဟဂုတ် မဖြစ်သော စိတ် ၁၅-ပါး၊ နှစ်ပါးလုံးဖြစ် ၃-ပါး၊ နှစ်ပါးလုံး မဖြစ် မရှိ၊ ဤသို့အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

တနည်း။ ။သုခသဟဂုတ်သာ ဖြစ်၍ သင်္ခါရိက မဖြစ်သော စိတ် ၃-ပါး၊ သသင်္ခါရိကသာဖြစ်၍ သုခသဟဂုတ်မဖြစ်သော စိတ်မရှိ၊ နှစ်ပါး လုံးဖြစ် မရှိ၊ နှစ်ပါးလုံး မဖြစ် ၁၅-ပါး၊ ဤသို့ အားဖြင့်လည်း ၁၈-ပါး ဖြစ်၏။

ဤကား လေးချက်ခွဲပုံတည်း။

တနည်း။ ။ဒုက္ခသဟဂုတ်သာ ဖြစ်၍ သမ္ပယုတ် မဖြစ်သော စိတ် ၁-ပါး၊ သမ္ပယုတ်သာဖြစ်၍ ဒုက္ခသဟဂုတ် မဖြစ်သော စိတ်မရှိ၊ နှစ်ပါး လုံးဖြစ် မရှိ၊နှစ်ပါးလုံး မဖြစ် ၁၇-ပါး၊ ဤသို့အားဖြင့်လည်း ၁၈-ပါး ဖြစ်သတည်း။ ။ဤသို့လျှင် ဒုက္ခသဟဂုတ်ကို မှတည်၍ ဝိပ္ပယုတ်, အသင်္ခါ ရိက,သသင်္ခါရိကတို့ကို မှုလီသွတ်၍ ခွဲလေ။

တနည်း။ ။ဥပေက္ခာ သဟဂုတ်သာ ဖြစ်၍ သမ္ပယုတ် မဖြစ်သော စိတ် ၁၄-ပါး။ ။သမ္ပယုက်သာ ဖြစ်၍ ဥပေက္ခာသဟဂုတ် မဖြစ်သော စိတ်မရှိ၊ နှစ်ပါးလုံးဖြစ် မရှိ။ ။နှစ်ပါးလုံးမဖြစ် ၄-ပါး၊ ဤသို့အားဖြင့် ၁၈-ပါး ဖြစ်သတည်း။ ။ဤသို့လျှင် ဥပေက္ခာသဟဂုတ်ကို မှတည်၍ ဝိပ္ပယုတ်,အသင်္ခါရိက,သသင်္ခါရိကတို့ကို မှုလီသွတ်၍ ခွဲလေ။

တနည်း။ ။သမ္ပယုတ်သာ ဖြစ်၍ အသင်္ခါရိက မဖြစ်သောစိတ် မရှိ၊ အသင်္ခါရိကသာ ဖြစ်၍ သမ္ပယုတ် မဖြစ်သော စိတ် ၁၈-ပါး။ ။နှစ်ပါး လုံးဖြစ် မရှိ။ ။နှစ်ပါးလုံးမဖြစ်မရှိ။ ။ဤသို့အားဖြင့် ၁၈-ပါးဖြစ်၏။ ။ သသင်္ခါရိကကိုလည်း မှုလီသွတ်၍ ခွဲလေ။

တနည်း။ ဝိပ္ပယုတ်သာ ဖြစ်၍ အသင်္ခါရိက မဖြစ်သော စိတ်မရှိ၊ အသင်္ခါရိကသာ ဖြစ်၍ ဝိပ္ပယုတ် မဖြစ်သော စိတ်မရှိ။ ။နှစ်ပါးလုံးဖြစ် ၁၈-ပါး။ နှစ်ပါးလုံးမဖြစ် မရှိ။ ။ဤသို့အားဖြင့်လည်း ၁၈-ပါး ဖြစ်၏။ ဤအတူ သသင်္ခါရိကကို မှုလီသွတ်၍ ခွဲလေ။ ။ဤသို့ အားဖြင့် သုခ သဟဂုတ်, ဒုက္ခသဟဂုတ်, ဥပေက္ခာသဟဂုတ်တို့ကို မှတည်၍ သမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိက ၄-ပါးကို မှုလီသွတ်၍ လေးနည်းစီ ရအောင်ခွဲ။ သမ္ပယုတ်, ဝိပ္ပယုတ် ၂-ပါးကို မှတည်၍ အသင်္ခါရိက, သသင်္ခါရိကနှစ်ပါးကို မှုလီသွတ်၍ နှစ်နည်းစီရအောင်ခွဲ။ ။ပေါင်း ၁၆- နည်းကိုအထပ်ထပ် ကြေပြွန်အောင် ခွဲလေ။

## ဝေဒနာ,ဟိတ်,ကိစ္စ စသည်ဖြင့် ခွဲပုံ

အဟိတ်စိတ်တဆဲ့ရှစ်ပါးသည် ဝေဒနာအားဖြင့် သုခ,ဒုက္ခ,သောမနဿ, ဥပေက္ခာ အားဖြင့် ၄-ပါး၊ အဟိတ်ဖြစ်သောကြောင့် ဟိတ်ကား မရှိ။ ။ ကိစ္စအားဖြင့်ဒဿန,သဝန,ဃာယန,သာယန,ဖုသန,သမ္ပဋိစ္ဆန,သန္တီရဏ, ဝုဋ္ဌော,ဇော,တဒါရုံ,ပဋိသန္ဓေ,ဘဝင်,စုတိ,အာဝဇ္ဇန်း အားဖြင့် ထဆဲ့လေး ကိစ္စရ၏။ ။ဋ္ဌါရအားဖြင့် သုခသန္တီရဏ, ဝုဋ္ဌော, ဟသိတုပ္ပါဒ်တို့သည် ခြောက်ဒွါရတို့၌ ဖြစ်ကုန်၏။ ။ဥပေက္ခာ သန္တီရဏ နှစ်ပါးသည် ရုံခါ ခြောက်ဒွါရ၌ ဖြစ်၏။ ရုံခါ ခြောက်ဒွါရမှ လွတ်၏။ ။ဒွေပဉ္စဝိညာဏ် တဆယ်တို့သည် တဒွါရစီ ဖြစ်ကြကုန်၏။ သမ္ပဋိစ္ဆိုင်းဒွေး, ပဉ္စဒွါရာဝဇ္ဇန်း ဤမနောဓာတ် သုံးပါးသည် ငါးဒွါရ၌ ဖြစ်၏။ ။အာရုံအားဖြင့် ဒွေပဉ္စ ဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါးတို့သည် ပဉ္စာရုံကို အာရုံပြုကုန်၏။ သန္တီရဏ ၃-ပါး, ဟသိတုပ္ပါဒ် တို့သည် ကာမကို အာရုံပြုကုန်၏။မနော ဒွါရာဝဇ္ဇန်းသည် အလုံးစုံကို အာရုံပြုနိုင်၏။ ။ဝတ္ထုအားဖြင့် ဒွေပဉ္စ ဝိညာဏ် ၁၀-တို့သည် ပဉ္စဝတ္ထုကိုသာ မှီကုန်၏။ မနောဓာတ် ၃-ပါး, သန္တီရဏ ၃-ပါး, ဟသိတုပ္ပါဒ်တို့သည် ဟဒယဝတ္ထုကို မှီကြကုန်၏။ မနောဒွါရာဝဇ္ဇန်းသည် ရုံခါမှီ,ရုံခါ မမှီဘဲ ဖြစ်၏။

---

## ဝိပါက်မည်ခြင်း အကြောင်း

အညမညဝိသိဋ္ဌာနံ ကုသလာ ကုသလာနံ ပါကာတိ ဝိပါကာ။

အညမညဝိသိဋ္ဌာနံ၊ အချင်းချင်း ထူးကုန်သော။ ကုသလာ ကုသလာနံ၊ ကုသိုလ် အကုသိုလ်တို့၏။ ပါကာ၊ အကျိုးဘို့တည်း။ ဣတိ၊ ကြောင့်။ ဝိပါကာ၊ ဝိပါက်-မည်ကုန်၏။

**တနည်း။** ။ဝိပစ္စတိ ပရိဏတဘာဝံ ဂစ္ဆတီတိ ဝိပါကော။

ဝိပစ္စတိ၊ရင့်ကျက်တတ်၏။ ပရိဏတ ဘာဝံ၊ ရင့်မာသော အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝိပါကော၊ မည်၏။ ။ ကုသိုလ်, အကုသိုလ်ကံ တရားတို့၏။ အကျိုးဖြစ်သော တရားသည် ဝိပါက်မည်၏။

**တနည်း။** ။အဝိဇ္ဇာ,တဏှာ,မာန,တို့ ကိန်းအောင်း တည်နေသေးသော

ပုထုဇ္ဇန်, သေက္ခ ပုဂ္ဂိုလ် တို့သည် အကြင် ဒါန သီလ စသော ကုသိုလ်ကို ပြုလုပ်ကုန်၏။ ထိုဒါန သီလစသော ကံတရားသည် ပြုလုပ်ပြီး၍ ချုပ်ငြိမ်းသွားသော်လည်း ၎င်းကုသိုလ်,အကုသိုလ် ကံတရားကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အစဉ်လိုက်၍ နေလျက် အချိန် အခါ သင့်က စင်စစ် အကျိုးတရား ဖြစ်ပွါးစေဘို့ရန် ကြောင့်ကြပြုကာ ငုပ်ကွက်၍ နေသော တရားသည် ဝိပါက်မည်၏။ ။ဟူလို။

၁၃-က။ ။ဝိပစ္စနသဘာဝတာ စ အနုပစ္ဆိန္နာဝိဇ္ဇာ တဏှာ မာန သန္တာနေ သဗျာပါရတာ။

မူလဋီကာ။

သဗျာပါရတာနာမ သဥဿာဟတာ။ ။မဓု။

---

## ကြိယာမည်သော အကြောင်း

ကရဏမတ္တာ ကြိယာ။

ကရဏမတ္တာ၊ ပြုရုံမျှဖြစ်သော တရားသည်။ ကြိယာ၊ ကြိယာမည်၏။ ။ဝိဂြိုဟ်အရ၊လောကီ ကုသိုလ်မှန်သမျှတို့သည် အနုသယ ကိလေသာ ကင်းကွာ ကုန်ခန်းကုန်သော ရဟန္တာ အရှင်မြတ်တို့၏ သန္တာန်၌ ဖြစ်ပေါ်လာ,ပြုလုပ်ပါသော်လည်း ၎င်းကုသိုလ်အတွက် အကျိုးပေးခွင့် မရှိပါဘဲ ပြုလုပ်ရုံမျှသာ ဆောက်တည်ရုံမျှသာ,ပွါးများရုံမျှသာ,ဖြစ်သော ကြောင့် ကြိယာမည်၏။ ။ဟူလို။

၎င်းကြိယာသည်လည်း ဇောဖြစ်သော ကြိယာ, ဇောမဟုတ်သော ကြိယာ ဟူ၍ နှစ်မျိုးရှိ၏။ ကြိယာစိတ် နှစ်ဆယ်တို့တွင် အာဝဇ္ဇန်း ၃ွေး သည် ဇောမဟုတ်သော ကြိယာမည်၏၊ကြွင်းသော ၁၈-ပါးသော ကြိယာ စိတ်တို့သာ ဇောဖြစ်သော ကြိယာမည်ကုန်၏။ ဇောမဟုတ်သော ပဉ္စဒွါရာ ဝဇ္ဇန်း,မနောဒွါရာဝဇ္ဇန်း ၂-ပါးသည်ကား ထိုထိုသို့သော အာရုံများကို ဆင်ခြင်ရုံမျှ, ပြုလုပ်ရုံမျှ ဖြစ်၍ သစ်ပင်တို့၌ ငုက်စာ ဆော်သော လေပန်းသည် သစ်ပင် အမြစ်မပြတ်လင့်ကစား တစုံတခုသော အသီးကို

---

၁၃-က။ ။ဝိ၊ ဆက်၍ဆိုဦးအံ့။ အနုပစ္ဆိန္နာဝိဇ္ဇာ တဏှာ မာန သန္တာနေ၊ ကောင်းပြတ်သေးသော အဝိဇ္ဇာ တဏှာ မာနရှိသော သတ္တဝါ၏ သန္တာန်၌။ သဗျာပါရတာ၊ အကျိုးပေးခွင့် အချိန်သင့်က ပေးရန်မြဲသင့် ငုပ်ကွက်၍နေပေသည်၏ အဖြစ်သည်။ ဝိပစ္စနသဘာဝတာနာမ၊ အကျိုးပေးခြင်းသဘောမည်၏။

မဖြစ်စေသကဲ့သို့ တစုံတခုသော အကျိုးတရားကိုမျှ မဖြစ်စေနိုင်သော ကြောင့် ကြိယာစိတ်မည်လေ၏။

ဇောအဖြစ်သို့ ရောက်သော ကြိယာစိတ်သည်ကား အမြစ်ပြတ်သော သစ်ပင်မှ ပွင့်သော ပန်းပွင့်နှင့် တူ၏။ ။တူဟန်ကား....အမြစ်ပြတ်သော သစ်ပင်မှ ပွင့်သော ပန်းပွင့်တို့သည် အမြစ်ပြတ်နေသောကြောင့် အသီးကို မဖြစ်စေနိုင်သကဲ့သို့ အာသဝေါခတ် ကင်းပြတ်ပြီးသော ဘုရား ရဟန္တာ တို့၏ သန္တာန်တော်၌ ဖြစ်သော ကုသိုလ်တရားတို့သည် တစုံတခုသော အကျိုးကိုမျှ မဖြစ်စေပါဘဲ ပြုလုပ်ရုံမျှ ဖြစ်သောကြောင့် ကြိယာမည်၏။ ။ ဟူလို။

၁၃-ခ။ ။ကြိယာတိ ကရဏမတ္တံ။ သဗ္ဗေသုယေဝ ဟိ ကြိယာ စိတ္တေသု ယံ ဇဝနဘာဝံ အပတ္တံ၊ တံ ဝါတပုပ္ဖံ ဝိယ။ယံ ဇဝနဘာဝံ ပတ္တံ၊ တံ ဆိန္နမူလကရုက္ခပုပ္ဖံ ဝိယ အဖလံ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဝါတပုပ္ဖန္တိ မောဃပုပ္ဖံ၊ တံ အင်္ကုရေပိ ရုက္ခေ န ဖလတိ။

ဋီကာကျော်။

---

## အဟိတ်စိတ်၌ သင်္ဂြိုဟ်ရအပြား အသုံးအဖြတ်

သင်္ဂြိုဟ်ရ ဟူသည် တိုက်တွန်းမှု ပယောဂ, ဥပါယပင်တည်း။ အဟိတ် စိတ်တရားတို့ဟူသည် အလိုအလျောက် ပါရုံစသည့်တို့၌ အာရုံပြုကာမျှ, ရှေးရှုကျကာမျှ, မထင်ရှားသော ကိစ္စဖြစ်သဖြင့် တိုက်တွန်းမှု ပယောဂ, ဥပါယ-ဟု ဆိုအပ်သော သင်္ခါရတရားပင် မရှိသောကြောင့် အသင်္ခါရိက

၁၃-ခ၊ ။ကြိယာတိ၊ ကား။ ကရဏမတ္တံ၊ သိုသိုကာရဏ္ဍာ ပြုခြင်း ပြီးစေခြင်းမျှသည် ဘည်း။ ဟိ၊ မှန်၏။ သဗ္ဗေသု ယေဝ၊ အလုံးစုံသော သတ္တဝါဖြစ်ကုန်သော။ ကြိယာစိတ္တေသု၊ ကြိယာ စိတ်တို့၌။ ယံ ကြိယာစိတ္တံ၊ သည်။ ဇဝနဘာဝံ၊ ဇော၏အဖြစ်သို့။ အပတ္တံ၊ မရောက်။ တံ ကြိယာ စိတ္တံ၊ သည်။ ဝါတပုပ္ဖံ ဝိယ၊ သီးကင်း ပေါ် အချည်းနှီးသော ဖြစ်သော ပန်းကဲ့သို့။ အဖလံ၊ အကျိုးမရှိသည်။ ဟောတိ၊ ၏။ ယံ ကြိယာစိတ္တံ၊ သည်။ ဇဝနဘာဝံ ပတ္တံ၊ ဇော၏အဖြစ်သို့ရောက်သည် ဟောတိ၊ ၏။ ယံ ကြိယာစိတ္တံ၊ သည်။ ဆိန္နမူလကရုက္ခပုပ္ဖံ ဝိယ၊ ပြတ်သောအမြစ်ရှိသော သစ်ပင်၏ ပန်းကဲ့သို့။ အဖလံ၊ သည်။ ဟောတိ၊ ၏။

သသင်္ခါရိက မပြားသင့် မရှိသင့်-ဟု မှတ်။ ။ထိုသော် အဟိတ်ဝိပါက်တို့သည် အသင်္ခါရိကကံ, သသင်္ခါရိကကံ ၂-ပါးကြောင့်ဖြစ်သော အကျိုးတရားပင် ဖြစ်ကုန်၏။ထိုပါလင့်ကစား၊ကမ္မဇရုပ် တရားသည် ကံကြောင့်ပင်ဖြစ်သော်လည်း သင်္ခါရ သဘောမှ လုံးလုံးကင်းသော အကျိုး ရုပ်တရားဖြစ်သကဲ့သို့ အဟိတ် တရားသည်လည်း အကြောင်း ဖြစ်သော ကံတရားဝယ် သင်္ခါရ ပြားသော်လည်း သင်္ခါရ ပြားမှု၌ လျဉ်းပါးဘွယ် မရှိ မပြားသင့်။ ။ဟူလို။

ဤကား မူလဋီကာ,အနုဋီကာ ဆရာကျော်တို့၏ အလိုတော်တည်း။

၁၃—၈။ ။အဟေတုကာနံ ပန ရူပါဒိသု အဘိနိပါတ မတ္တာဒိ ကိစ္စာနံ န သသင်္ခါရိက ဝိရုဒ္ဓေါ သဘာဝေါတိ အသင်္ခါရိကတာ နတ္ထိ။ အသင်္ခါရိက ဝိရုဒ္ဓသဘာဝါဘာဝါ နာပိ သသင်္ခါရိကတာတိ။

မူလဋီကာ။

သာ ပန မူလာဘာဝေန န သုပ္ပတိဋ္ဌိတာနံ သဝိသယာ ဘိနိပါတမတ္တာဒိဝုတ္တိနံ နတ္ထိ။

အနုဋီကာ။

---

၁၃—၈။ ။ပန၊ အသုတ်ကို ဆိုဦးအံ့၊ ရူပါဒိသု၊ ရူပါရုံ စသည်တို့၌။ အဘိနိပါတမတ္တာဒိကိစ္စာနံ၊ ရှေးရှု ကျကာမျှ ဖြစ်ခြင်း စသော ကိစ္စရှိကုန်သော။ အဟေတုကာနံ၊ အဟိတ်တရားတို့၏။ သသင်္ခါရိကဝိရုဒ္ဓေါ၊ သသင်္ခါရိကနှင့်ဆန့်ကျင်သော။ သဘာဝေါ၊ သဘောသည်။ န၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အသင်္ခါရိကတာ၊ အသင်္ခါရိက၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ အသင်္ခါရိက ဝိရုဒ္ဓ သဘာဝါ ဘာဝါ၊ အသင်္ခါရိကနှင့် ဆန့်ကျင်သော သဘော၏မရှိခြင်းကြောင့်။ သသင်္ခါရိကတာ၊ သသင်္ခါရိက၏ အဖြစ်သည်လည်း။ နာပိ အတ္ထိ၊ ရှိလည်း မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥဘယသဘာဝေန၊ အသင်္ခါရိက သသင်္ခါရိက နှစ်ပါးတို့နှင့် ဆန့်ကျင်သော သဘော မရှိခြင်းကြောင့်။ ဥဘယဘေဒေါ၊ အသင်္ခါရိက သသင်္ခါရိက ဟူ၍ဖြစ်ခြင်းလည်း။ ဘေဒံ၊ ထိုအဟိတ်ဝိပါက်စိတ်တို့အား။ ဒွိဓာ နတ္ထိ၊ ဖြစ်ခြင်းကို။ အနုဇာနန္တိ၊ ခွင့်ပြုတော်မူ၏။

ဤကား မူလဋီကာ အနက်။

ပန၊ သင်္ခါရ ပြားသင့်သော်လည်း။ သာ၊ ထိုအသင်္ခါရိက သသင်္ခါရိက၏ အဖြစ်သည်၊ မူလာဘာဝေန၊ လောဘ စသော မူလ မရှိသောကြောင့်။ န သုပ္ပတိဋ္ဌိတာနံ၊ ကောင်းစွာ မတည်နိုင်ကုန်သော။ သဝိသယာဘိနိပါတမတ္တာဒိဝုတ္တိနံ၊ အာရုံနှင့်တကွ ရှေးရှု ကျကာမျှ အစရှိသော ဖြစ်ခြင်း ရှိကုန်သော။ အဟေတုကာနံ၊ အဟိတ်စိတ်တို့အား။ နတ္ထိ၊ မရှိ။

ဤကား အနုဋီကာအနက်။

ဆရာကျော်တို့ကား····စက္ခုပသာဒ ရူပါရုံစသော အကြောင်းတရားတို့ ညီညွတ်သည် ရှိသော် စက္ခုဝိညာဏ် စသော အဟိတ် ဝိပါက်သည် ဖြစ်မြဲဖြစ်ရကား၊ အသင်္ခါရိကဟု မိန့်တော်မူကုန်၏။

သို့သော် မြတ်စွာ ဘုရားသည် ဓမ္မသင်္ဂဏီ ပါဠိတော်, အဟိတ်စိတ် အရာဝယ်—

"ဝိပါကံ စက္ခုဝိညာဏံ ဟောတိ ဥပေက္ခာသဟဂတံ ရူပါရမ္မဏံ"။

ဟုသာ ဟောတော်မူသည်။ သင်္ခါရအပြားကိုကား ဟောတော်မမူချေ။ ထိုသို့ ဟောတော်မမူသောကြောင့် သာလျှင် အရှင်အနုရုဒ္ဓါ ဆရာသည်လည်း ဤအဟိတ်စိတ်၌ သင်္ခါရအပြားကို မဘွင့်ဆို-ဟု မှတ်။

---

## အဟိတ်စိတ်၏ ဝိပ္ပယုတ်ဖြစ်ပုံ

ဤ အဟိတ် စိတ်သည် သမ္ပယုတ် အမည်ကို ပေးတတ်သော ဉာဏ်, ဒိဋ္ဌိ စသည်နှင့် မယှဉ်သောကြောင့် ဝိပ္ပယုတ် သာတည်း။ ဓမ္မသင်္ဂဏီ ပါဠိတော်၌လည်း။ ။"ဟေတုဝိပ္ပယုတ္တာ ဓမ္မာ"ဟူ၍ ဟောကြားတော်မူ၏။ ဟောဟုဝိပ္ပယုတ္တာ၊ဟိတ်နှင့် မယှဉ်ကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်း မဟုတ်,ဇီဝလည်း မဟုတ်ကုန်သော တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ။အရကား····အဟိတ်စိတ် အဋ္ဌာရသ, ဆန္နြဲဥ်သော အည သမာန်းစေတသိက် ၁၂-ပါး၊ မောဟမူဒွေ၌ မောဟ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန် ရအ်။ ။ဤပါဠိတော်အရ အဟိတ် စသော တရားများကို ဟေတုဝိပ္ပယုတ်-ဟု-မှတ်အပ်ကုန်၏။

အဟိတ်စိတ် အဘွင့် ပြီး၏။

# အဟိတ်စိတ် သရုပ်ခွဲ ဇယားပုံ

| | | စိတ်အမည် | သောမနဿ | ဒုက္ခသဟဂတ | ဥပေက္ခာ | သမ္ပယုတ် | ဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက |
|---|---|---|---|---|---|---|---|---|---|
| အဟိတ်-အကုသလ ဝိပါက်စိတ်။ | ၁ | စက္ခုဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၂ | သောတဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၃ | ဃာနဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၄ | ဇိဝှါဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၅ | ကာယဝိညာဏ် | | ၁ | | | ၁ | ၁ | |
| | ၆ | သမ္ပဋိစ္ဆိုင်း | | | ၁ | | ၁ | ၁ | |
| | ၇ | သန္တီရဏ | | | ၁ | | ၁ | ၁ | |
| အဟိတ်-ကုသလဝိပါက်စိတ်။ | ၁ | စက္ခုဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၂ | သောတဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၃ | ဃာနဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၄ | ဇိဝှါဝိညာဏ် | | | ၁ | | ၁ | ၁ | |
| | ၅ | ကာယဝိညာဏ် | ၁ | | | | ၁ | ၁ | |
| | ၆ | သမ္ပဋိစ္ဆိုင်း | | | ၁ | | ၁ | ၁ | |
| | ၇ | သန္တီရဏ | ၁ | | | | ၁ | ၁ | |
| | ၈ | သန္တီရဏ | | | ၁ | | ၁ | ၁ | |
| အဟိတ်-ကြိယာစိတ်။ | ၁ | ပဉ္စဒွါရာဝဇ္ဇန်း | | | ၁ | | ၁ | ၁ | |
| | ၂ | မနောဒွါရာဝဇ္ဇန်း | | | ၁ | | ၁ | ၁ | |
| | ၃ | ဟသိတုပ္ပါဒ် | ၁ | | | | ၁ | ၁ | |
| | ၁၈ | ပေါင်း | ၃ | ၁ | ၁၄ | | ၁၈ | ၁၈ | |

**၁၄။ ။ပါပါဟေတုကမုတ္တာနိ၊ သောဘဏာနီတိ ဝုစ္စရေ။**
**ဧကူနသဋ္ဌိစိတ္တာနိ၊ အထေကနဝုတီပိဝါ။**

သင်္ဂြိုဟ်ပါဌ်။

---

စိတ်အကျဉ်း- တခုယုတ်ကိုးဆယ်တို့တွင် အကုသိုလ်စိတ် ၁၂-ပါးနှင့် အဟိတ်စိတ် ၁၈-ပါး၊ ပေါင်း ၃၀-သော စိတ်တို့သည် အသောဘဏစိတ်မည်ကုန်၏။ ၎င်းတို့မှ ကြွင်းကုန်သော တခုယုတ်ခြောက်ဆယ်သော စိတ်တို့သည် သောဘဏစိတ်မည်ကုန်၏။ ။အကျယ်ဖြစ်သော ၁၂၁-ပါးသော စိတ်တို့တွင်မူ အကုသိုလ်စိတ် ၁၂-ပါး, အဟိတ်စိတ် ၁၈-ပါး၊ ပေါင်း အသောဘဏစိတ် ၃၀-မှကြွင်းသော ၉၁-ပါးသော စိတ်တို့သည် သောဘဏစိတ်မည်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**အသောဘဏသရုပ်ခွဲပုံ**

၎င်းအသောဘဏစိတ်ကို ပေါင်းရုံး၍ ရေတွက်ခွဲဝေသည်ရှိသော်—

ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊
သုခ သဟဂုတ်စိတ် ၁-ပါး၊
သောမနဿသဟဂုတ်စိတ် ၆-ပါး၊
ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊
ဥပေက္ခာသဟဂုတ်စိတ်- ၂၀

အားဖြင့် အသောဘဏစိတ် ၃၀-ဖြစ်၏။

**တနည်း**။ ။ဒေါမနဿကို ဒုက္ခသို့၊ သောမနဿကို သုခ သို့သွင်း၍
ဒုက္ခသဟဂုတ်စိတ် ၃-ပါး၊
သုခသဟဂုတ်စိတ် ၇-ပါး၊
ဥပေက္ခာသဟဂုတ်စိတ်- ၂၀

အားဖြင့်လည်း ပေါင်းအသောဘဏစိတ် ၃၀-ဖြစ်၏။

**တနည်း**။ ။ဒုက္ခသဟဂုတ်သာဖြစ်၍ သမ္ပယုတ်မဖြစ်သောစိတ်၁-ပါး၊
သမ္ပယုတ်သာဖြစ်၍ ဒုက္ခသဟဂုတ်မဖြစ်သောစိတ် ၈-ပါး၊

နှစ်ပါးလုံးဖြစ်-မရှိ၊နှစ်ပါးလုံးမဖြစ်သောစိတ် ၂၁-ပါး။
ဤသို့အားဖြင့်အသောဘဏစိတ် ၃၀-ဖြစ်သတည်း။

**တနည်း။** ။ကေဟိတ်စိတ် ၂-ပါး၊
ဒွိဟိတ်စိတ် ၁၀-ပါး၊
အဟိတ်စိတ် ၁၈-ပါး၊
ဤသို့အားဖြင့်လည်း အသောဘဏစိတ် ၃၀-ဖြစ်သတည်း။

**တနည်း။** ။ဝိပ္ပယုတ်စိတ် ၂၂-ပါး၊ သမ္ပယုတ်စိတ် ၈-ပါး အားဖြင့် အသောဘဏစိတ် ၃၀-ဖြစ်၏။

**တနည်း။** ။သသင်္ခါရိကစိတ် ၅-ပါး၊ အသင်္ခါရိကစိတ် ၂၅-ပါးအားဖြင့်လည်း အသောဘဏစိတ် ၃၀-ဖြစ်သတည်း။

---

## အသောဘဏ၊ သောဘဏ အဓိပ္ပာယ်

သောဘန္တိ ရောစန္တီတိ သောဘဏာနိ။

ယာနိ၊အကြင်စိတ်တို့သည်။သောဘန္တိ-ရောစန္တိ၊နှစ်သက်စဘွယ်လွန်စွာ တင့်တယ်ကုန်၏။ ဣတိ၊ကြောင့်။ တာနိ၊ ထိုစိတ်တို့သည်။ သောဘဏာနိ၊ သောဘဏစိတ်-မည်ကုန်၏။ ။

ဝိဂ္ဂြိုဟ်အရ၊ သဒ္ဓါဂုဏ်၊ဟိရိဂုဏ် စသော၊ကောင်းမြတ်သော ဂုဏ်တို့နှင့် ယှဉ်သောကြောင့် သောဘဏစိတ်မည်ကုန်၏။ ။တနည်း- အလောဘ၊ အဒေါသ- စသောအပြစ်ကင်း၍ တင့်တယ်ခြင်းရှိသော ဟိတ်တို့နှင့် ယှဉ်သောကြောင့် သောဘဏစိတ်မည်ကုန်၏။ ။ဟူလို။

န သောဘဏာနိ အသောဘဏာနိ။

ယာနိ၊အကြင်စိတ်တို့သည်။သောဘဏာနိ၊တင့်တယ်ကုန်သည်။န၊မဟုတ်ကုန်။ ဣတိ၊ကြောင့်။ တာနိ၊ထိုစိတ်တို့သည်။ အသောဘဏာနိ၊ အသောဘဏစိတ်-မည်ကုန်၏။

ဝိဂ္ဂြိုဟ်အရ၊အပြစ်ရှိသော လောဘ၊ ဒေါသ၊မောဟ-ဟိတ်တို့နှင့် ယှဉ်သောကြောင့် အကုသိုလ်စိတ်သည် အသောဘဏစိတ်မည်၏။ ။အဟိတ်စိတ်သည်ကား ယှဉ်ဘော်ယှဉ်ဘက်ဟိတ်မှ ကင်း၍ မတင့်တယ်ခြင်းကြောင့် အသောဘဏစိတ်မည်၏-ဟု ခွဲခြမ်း၍မှတ်လေ။

## ဆောင်ပုဒ်

ဃ။ ။အပြစ်ကင်းပ၊ အလောဘ- စသည်။ ယှဉ်ကုန်မှီ၊ မိန့်ပြီ-သောဘဏ။

ခ။ ။သဒ္ဓါဒိဂုဏ်၊ ယှဉ်ပြန်တုံ။ မိန့်ကုန်-သောဘဏ။

ဂ။ ။အပြစ်ရှိငြား၊ ဟိတ် သုံးပါးနှင့်၊ ယှဉ်ငြား-အကု၊ အခည်ပြု၊ မှတ်ရှု-အသောဘဏ။

ဃ။ ။အဟိတ်မှာ မင်း၊ ဟိတ်နှင့်ကင်း၊ မိန့်လင်း-အသောဘဏ။

အသောဘဏစိတ်အဘွင့် ပြီး၏။

---

## ကာမာဝစရကုသိုလ်စိတ် အဘွင့်

၁၅။ ။သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိက မေကံ၊ သသင်္ခါရိကမေကံ။ သောမနဿ သဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိက မေကံ၊ သသင်္ခါရိက မေကံ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိက မေကံ၊ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိက မေကံ၊ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ ကာမာဝစရ ကုသလစိတ္တာနိ နာမ။

သဒ္ဒြိုဟ်ပါဌ်။

---

၁။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော အသင်္ခါရိကစိတ်တခု၊

၂။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော သသင်္ခါရိကစိတ်တခု၊

၃။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော အသင်္ခါရိကစိတ်တခု၊

၄။ ။သောမနဿ ဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော သသင်္ခါရိကစိတ်တခု၊

၅။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော အသင်္ခါရိကစိတ်တခု၊

၆။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော သသင်္ခါရိကစိတ်တခု၊

၇။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော အသင်္ခါရိကစိတ်တခု၊

၈။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော သသင်္ခါရိကစိတ်တခု၊

ဤရှစ်ပါးသော စိတ်တို့သည် ကာမာဝစရကုသိုလ် စိတ်မည်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ကာမာဝစရကုသိုလ်စိတ်အပြား

ကာမာဝစရကုသိုလ်စိတ်သည် အကျဉ်းအားဖြင့် ၈-ပါးသာ ရှိသော်လည်း အဋ္ဌပိဋ္ဌ ပိသဒ္ဒါသည် ပေါင်းဆည်းခြင်း သမုစ္စည်းသဘောဖြစ်သော သမ္ပိဏ္ဍနအနက် ရှိသောကြောင့် အကျယ်ဝေဘန် မြောက်ပွါး လိုက်သည် ရှိသော် ၁၅၁၂၀-ပါး ကျယ်ပွါးဖြစ်လာယေသတည်း။

မြှောက်ပွါး ဝေဘန်ပုံကား····ကာမာဝစရ ကုသိုလ်စိတ် ၈-ခုကို ပုညကြိယာ ၁၀-နှင့် မြှောက် ၈၀-ဖြစ်၏။ကို ၈၀-ကိုအာရုံ ခြောက်ပါးနှင့် မြှောက်သော် ၄၈၀-ဖြစ်၏။ တို ၄၈၀-ကို သမ္မယုတ်, ဝိပ္ပယုတ် ၂-ရပ် ခွဲသော် ၂၄၀-စီ ဖြစ်၏။ ထို ၂၄၀-ကို ဝိမံသာဓိပတိမှတပါး အဓိပတိ သုံးပါးနှင့်မြှောက်၊ ဝိပ္ပယုတ်စိတ် ၇၂၀-ဖြစ်၏။ ယခင်သမ္ပယုတ်စိတ် ၂၄၀-ကို၊ အဓိပတိ ၄-ပါးနှင့်မြှောက် ၉၆၀-ဖြစ်၏။ ၎င်းသမ္ပယုတ်, ဝိပ္ပယုတ်, နှစ်ရပ်ပေါင်းသော် ၁၆၈၀-ဖြစ်၏။ ထို ၁၆၈၀-ကို ကံ-သုံးပါးနှင့်မြှောက် ၅၀၄၀-ဖြစ်၏။ ထို ၅၀၄၀-ကို ဟီန, မဇ္ဈိမ, ပဏီတ-သုံးပါးနှင့်မြှောက် ၁၅၁၂၀-ပါး ဖြစ်သတည်း။

ထိုကြောင့်-ဋီကာကျော်၌-

ကမေန ပုညဝတ္ထူဟိ၊ဂေါစရာဓိပတီဟိ စ။
ကမ္မဟီနာဒိတောစေဝ၊ ဂဏေယျ နယကောဝိဒေါ။ ။

ဟု မိန့်ဆိုတော်မူ၏။ ။ကမေန၊အစဉ်အားဖြင့်။ပုညဝတ္ထူဟိ စ၊၁၀-ပါးသော ပုညကြိယာဝတ္ထုတို့ဖြင့်၎င်း။ဂေါစရာဓိပတီဟိ စ၊ အာရုံခြောက်ပါး,

အဓိပတိ ၄-ပါးတို့ဖြင့်ရင်း။ ကမ္မဟီနာဒိတော စေဝ၊ ကံသုံးပါး, ဟီန စသောအားဖြင့်ရင်း။ နယကောဝိဒေါ၊ နည်း၌လိမ္မာသော ပညာရှိသည်။ စိတ္တံ၊မဟာကုသိုလ်စိတ်ကို။ဂဏေယျ၊စေ့ငုသေချာ ရေတွက်ရာ၏။

ဤသို့ ပြဆိုရေတွက်အပ်သည်ကား အလုံးစုံကုန်စင်အောင် ရေတွက် ပြခြင်း မဟုတ်သေး။ သိတန်သလောက်သာ ရေတွက်ပြဆိုခြင်း ဖြစ်ပေ သည်။ ကာလ, ဒေသ စသည်တို့၏ အစွမ်းဖြင့် မြောက်ပွါးရေတွက်ပါမူ ကား ကာမာဝစရ ကုသိုလ် စိတ်သည် မရေတွက်နိုင်အောင် များပြား လေသတည်း။ ။

ကာလဒေသာဒိဘေဒေန ပန နေသံ ဘေဒေါ အပ္ပမေယျောဝ။
ဋီကာကျော်။

အဘိဓမ္မာဝတာရ အဋ္ဌကထာ ဆရာကား….ဉာဏသမ္ပယုတ်, ဉာဏ ဝိပ္ပယုတ်ကို မခွဲခြားမူ၍ သာမညအဓိပတိ ၄-ပါးနှင့် မြောက်ရကား တိုဆရာ၏ အလိုအားဖြင့် ကာမာဝစရစိတ်တို့သည် ၁၇၂၀ဝ-ပါးရှိကုန် ၏။ ။ဟူသတတ်။

သတ္တရသသဟဿာနိ၊ဒွေသတာနိ အသီတိ စ။
ကာမာဝစရပုညာနိ၊ ဘဝန္တီတိဝိနိဒ္ဒိသေ။ ။
အဘိဓမ္မာဝတာရ အဋ္ဌကထာ။

သတ္တရသသဟဿာနိ၊ ၁၇၀၀၀-တို့ရင်း။ ဒွေသတာနိ၊ ၂၀၀-တို့ငှင်း။ အသီတိစ၊ ၈၀-တို့ရင်း။ ဣတိ၊ ဤသို့။ ကာမာဝစရပုညာနိ၊ ကာမာဝစရ ကုသိုလ်စိတ်တို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ ဝိနိဒ္ဒိသေ၊ညွှန်းပြရာ၏။ ဤကား—အဘိဓမ္မာဝတာရ အဋ္ဌကထာဆရာ-အရှင်ဗုဒ္ဓဒတ်၏ အလိုတည်း။

---

## ကုသိုလ်-အဓိပ္ပါယ်

ကုစ္ဆိတေ သလယန္တီတိ ကုသလာနိ။

ကုစ္ဆိတေ၊ စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့ကို။ သလယန္တိ၊ လှုပ်ချောက်စေ,ပျက်စီးစေကုန်၏။ ဣတိ၊ထို့ကြောင့်။ ကုသလာနိ၊ကုသိုလ် မည်ကုန်၏။ ။(ကုရှေးရှိသော၊သလ-ဓာတ်)။

**ဘာနည်း**။ ။ကုသသဒ်ါတေ ပါပဓမ္မေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာနိ။ ကုသသဒ်ါတေ၊ ကုသ-ဟု ဆိုအပ်ကုန်သော။ ပါပဓမ္မေ၊ အကုသိုလ်

တရားတို့ကို။ လုနန္တိ-ဆိန္ဒန္တိ၊ ရိတ်ဖြတ်-ပါယ်ဖျက်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ကုသလာနိ၊ မည်ကုန်၏။ ။(ကုသ-သဒ္ဒါရှေးရှိသော လုဓာတ် ရ,ပစ္စည်း။

**တနည်း**။ ။ကုသာဝိယ လုနန္တိ ဆိန္ဒန္တီတိ ကုသလာနိ။

ကုသာဝိယ၊သမန်း မြက်ကဲ့သို့။ လုနန္တိ- ဆိန္ဒန္တိ၊အကုသိုလ် အဘို့ကို ဖြတ်တတ်ကုန်၏။ ဣတိ၊ထို့ကြောင့်။ ကုသလာနိ၊ ကုသိုလ်မည်ကုန်၏။ ။(ကုသ-သဒ္ဒါရှေးရှိသော၊ လု-ဓာတ်, ရ-ပစ္စည်း)။

**တနည်း**။ ။ကုသေန လာတဗ္ဗာနိ ပဝတ္တေတဗ္ဗာနီတိ ကုသလာနိ။

ကုသေန၊ ကုသ-ဟုဆိုအပ်သော ဉာဏ်ဖြင့်။ ဝါ-သဒ္ဒါစသောတရား အပေါင်းဖြင့်။ လာတဗ္ဗာနိ–ပဝတ္တေတဗ္ဗာနိ၊ ရအပ်, ဖြစ်စေအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ကုသလာနိ၊ မည်ကုန်၏။ ။(ကုသ-ရှေးရှိသော လာဓာတ်)။

အထက်ပါ ဝစနတ္ထကို–

သွာယမိဓ အာရောဂျေပိ အနဝဇ္ဇေပိ သုခဝိပါကေပိ ဝဋ္ဋတိ။

ဟူသော- အဋ္ဌသာလိနီ အဋ္ဌကထာအရနှင့် ညှိဆ၍ ယူသော်။ ။အကုသိုလ် ညစ်ကျုံ၊ မကောင်းမှု မှန်သမျှသည် သံသရာဝဋ်မှ ကျွတ်ခွင့်, လွတ်ခွင့်, ချမ်းသာခွင့်ကို မပေးပါဘဲ၊ အမြဲပင် ဆင်းရဲ မျိုးစုံ အကုန်ခံစားရအောင် ပြုတတ်သောကြောင့် အလွန်တရာ ကြောက်မက်ဘွယ်ရာ ကောင်းသော ရောဂါဆိုးကြီးနှင့်တူ၏။ ။လိမ္မာလှသော သမားကောင်း ဆေးဆရာသည် အနာရောဂါ အပျောက် ပျောက်ပွတ် ကင်းရှင်းစေနိုင်သော ဆေးကောင်း ဝါးကောင်းကို ပေးကမ်း ကျွေးမွေးခါ ကုသသဖြင့် အနာဆိုး ရောဂါကြီးသည် ကင်းပျောက်၍ သွားဘိသကဲ့သို့ ထိုအတူ ပြတ်စွာဘုရားတည်းဟူသော ဆေးဆရာကြီးသည် သတ္တဝါတို့၏ ကမ္ဘေ့ ကမ္ဘာ ရှည်ကြာလှစွာသော သံသရာ ဘဝအဆက်ဆက် မပျောက် မပျက်နိုင်သော ကိလေသာ အကုသိုလ် အနာဆိုးကြီးကို ကုသိုလ်တရား တည်းဟူသော ဆေးဝါးကောင်းဖြင့် ကုသတော်မူသောကြောင့် ကင်းစင် ပပျောက် ချမ်းသာခြင်းသို့ ရောက်ရလေ၏။ ထိုကြောင့် "အရောဂသဘာဝေါ-အာရောဂျ" ဝိဂ္ဂြိုဟ်အရ၊ ကိလေသာ အနာရောဂါ၏ ကင်းစင်ကြောင်း ဖြစ်ရပေသော ကုသိုလ်တရားသည် အာရောဂျမည်၏။ ။ဟူလို။

သတ္တဝါတို့၏ ဘဝင်ကိစ္စအစဉ်သည် အမြဲပင်ဖြူစင်လေရကား ဖြူစင် သန့်ရှင်းသော အဝတ်နှင့်တူ၏။ ယင်းကဲ့သို့ လဲဝါဂွမ်းမျှ ဖြူစင်လှသော ဘဝင်စိတ် အစဉ်သည် ပါပညစ်ကျူ မကောင်းမှု ကိလေသာ တည်းဟူသော အမည်းခတ်,အညစ်အကြေးခတ်တို့နှင့်ပေါင်းစပ်ရောနှောက်သည်ရှိသော် ဆိုးဆေးပမာ အကုသိုလ် ကိလေသာ အမည်းခတ် အညစ်အကြေးခတ် အားလျော်စွာသော၊ မဲနှောက်ညစ်ညမ်းပေရေခြင်းသို့ ရောက်ရလေတော့၏။ ထို့ကြောင့် အကုသိုလ်ကိလေသာ တရားအပေါင်းသည်၊ အညစ်အကြေး မလသဘော,သာဝဇ္ဇသဘော ရှိလေ၏။

ကုသိုလ်တရားသည်ကား အညစ်အကြေးကို ဖြူစင် သန့်ရှင်းစေနိုင်သော ဆပ်ပြာသဘွယ် ဘဝင်စိတ်တည်းသော အထည်အဝတ်၌ ညစ်ပေ၍ နေသော သာဝဇ္ဇ ဖြစ်သော အကုသိုလ် အညစ်အကြေးတွေကို ဖြူစင် သန့်ရှင်းအောင် ဆေးလျှော် ပယ်ရှား နိုင်သောကြောင့် အနဝဇ္ဇ မည်၏။ ။ ဟူလို။

တေသ္မိံ အနုပ္ပဇ္ဇမာနေ စိတ္တသန္တာနံ မဇ္ဈံ ဘဝေယျ
သုစိဝေါဒါနံ။

အဋ္ဌသာလိနီ-အဋ္ဌကထာ။

ငင်းဖြူစင် သန့်ရှင်းစေနိုင်သော သဘောရှိသော ကုသိုလ်တရားသည် ပစ္စုပ္ပန်တမလွန်၊နှစ်တန်သောဘဝတို့၌၊ ချမ်းသာစေမြဲသော အကျိုးပေးနိုင်သောကြောင့် သုခဝိပါက-လက္ခဏာလည်း ရှိ၏။ ။ဟူလို။

ကုသေန လာတဗ္ဗာနိ။ ။ဟူသော-စတုတ္ထဝိဂြိုဟ်အရ၊ ကုသမည်သော ဉာဏ်တရားသည် ဖြစ်စေအပ်သောကြောင့် ကုသိုလ်မည်၏ဟု ဆိုသော် ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ် ကုသိုလ်သည် ကုသိုလ် မမည်တန်ရာ၊ ဝါ မမည်သင့် ဟူငြားအံ့။ ။ကုသိုလ်တရား ဖြစ်ပွါးမှုဟူသည် ပညာဉာဏ် ခတ်ခံရှိသော ပညာရှိပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်ရိုးရှိသဖြင့်၊ ပညာဉာဏ်ကို အမှီပြု၍သာလျှင် ဖြစ်နိုင်သောကြောင့် ကုသိုလ် ပြုဆဲခဏ၌မူ ဉာဏ်နှင့်ပင် မယှဉ်လင့်ကစား ပထမအစက ဉာဏ်ကိုအမှီပြုကာ ဥပနိဿယ ပစ္စည်းတပ်ပြီးမှ ဖြစ်ရသောကြောင့် ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည်လည်း ဉာဏ်ကြောင့်ပင် ဖြစ်သည်မည်၏။ ။ဟူလို။

မှတ်ချက်။ ။ဉာဏသမ္ပယုတ် ကုသိုလ်၌ သဟဇာတ ပစ္စည်း ဥပနိဿယ ပစ္စည်းတစ်၏၊ ဉာဏဝိပ္ပယုတ် ကုသိုလ်၌ကား ဥပနိဿယ ပစ္စည်းသာ တစ်၏ ဟုမှတ်။ ။

၁၅-က။ ။ဉာဏဝိပ္ပယုတ္တာပိ ဟိ ဉာဏေနေဝ ပဝတ္တိယန္တီတိ ဟိတသုခဟေတုဘူတာယ ပဝတ္တိယာ ပညဝန္တာနံ ပဋိပတ္တိဘာဝတော။ ။

အနုဋီကာ။

---

## မဟာကုသိုလ် ဖြစ်ခြင်းအကြောင်း

ကာမာဝစရကုသိုလ်ဖြစ်မှုသည် အကြောင်းလေးပါးရှိ၏။လေးပါးကား—

၁။ ။ငါသည် ကုသိုလ်ပြုမည်ဟု ရှေးဦးစွာအမှတ်ပြုခြင်း၊

၂။ ။အကုသိုလ် ဖြစ်သည်မှ နစ်စေ၍ ကုသိုလ် ပြုခြင်း၌ စိတ်ကို ညွှတ်စေခြင်း၊

၃။ ။ဖြစ်သောကုသိုလ်ကို ကြိမ်ဖန်များစွာဖြစ်စေခြင်း၊

၄။ ။အသင့်အတင့် နှလုံးသွင်းခြင်း၊

ဤလေးပါးတို့ပင်တည်း။

၁၅-ခ။ ။ယဿ ဟိ ကုသလမေဝ မယာ ကာတဗ္ဗန္တိ။ ပ။ တဿ ဣမိနာ နိယမိတဝသေန ပရိဏာမိတဝသေန သမုဒါစာရဝသေန အာဘုဇိတဝသေန စ ကုသလံနာမ ဇာတံ ဟောတိ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၁၅-က။ ။ဟိ၊ မှန်၏။ ဉာဏဝိပ္ပယုတ္တာပိ၊ ဉာဏဝိပ္ပယုတ်စိတ်တို့သည်လည်း၊ ဉာဏေန၊ ဉာဏ်ဖြင့်သာလျှင်။ ပဝတ္တိယန္တိ၊ ဖြစ်စေအပ်ကုန်၏။ ကွတိ၊ ဤသို့။ ဟိတသုခဟေတု [illegible] ပဝတ္တိယာ၊ ဖြစ်ခြင်း၏ [illegible] ပညဝန္တာနံ၊ ပညာရှိကုန်၏။ ပဋိပတ္တိဘာဝတော၊ [illegible] အကျင့်ဖြစ်သောကြောင့်တည်း။

၁၅-ခ။ ။ဟိ၊ မှန်၏။ [illegible] အကြောင်းသည်။ [illegible] ငါသည်။ ကုသလမေဝ၊ ကုသိုလ်ကိုသာလျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ [illegible] တဿ၊ ထိုသူ၏။ [illegible] ဤသို့ [illegible] အကြောင်းကြောင့်၎င်း။ [illegible] ဖြစ်သော [illegible] အကြောင်းကြောင့်၎င်း။ [illegible] ဖြစ်သော [illegible] အကြောင်းကြောင့်၎င်း။ [illegible] ငါသည်ကုသိုလ်ကိုသာလျှင်ပြုမည် [illegible] ဤသို့ နှလုံးသွင်းခြင်း၏ အစွမ်းကြောင့်၎င်း။ ကုသလံ နာမ၊ ကုသိုလ်မည်သည်။ ဇာတံ၊ ဖြစ်သည်။ ဟောတိ၊ ၏။

## သောမနဿ ဥပေက္ခာတို့၏ ဖြစ်ခြင်း အကြောင်း

သောမနဿ၏ ဖြစ်ကြောင်းကား ခြောက်ပါး အပြားရှိ၏။

ခြောက်ပါး ဟူသော်ကား—

၁။ ။သောမနဿနှင့် ပဋိသန္ဓေ တည်နေခဲ့ခြင်း
၂။ ။သဒ္ဓါစရိုက်များခြင်း
၃။ ။သမ္မာအယူ စင်ဖြူဖြောင့်စင်းခြင်း
၄။ ။ကံ၏ အကျိုးအာနိသင်ကို ထင်မြင် တွေးတောနိုင်ခြင်း
၅။ ။နှစ်သက်ဘွယ်သော အလှူဝတ္ထု၊ အလှူခံသော ပုဂ္ဂိုလ်တို့၏ ပေါင်းဆုံခြင်း
၆။ ။တစုံတရာ အနှောင့်အယှက် မရှိခြင်း

ဤခြောက်ပါးကား သောမနဿ ဖြစ်ရန် အကြောင်းစုတို့ပေတည်း။

ဥပေက္ခာ၏ အကြောင်းကိုကား ထိုသောမနဿမှ ပြန်သောအားဖြင့် သိလေ။

**တနည်း**။ ။သောမနဿ ဖြစ်ရန် အကြောင်းကား ၁၁-ပါးရှိ၏။

တဆယ့်တပါး ဟူသော်ကား—

၁။ ။ဘုရားဂုဏ်၌ သက်ဝင်ခြင်း
၂။ ။တရားဂုဏ်၌ သက်ဝင်ခြင်း
၃။ ။သံဃာတော်ဂုဏ်၌ သက်ဝင်ခြင်း
၄။ ။မိမိသီလဂုဏ်၌ သက်ဝင်ခြင်း
၅။ ။မိမိ၏ ဒါနဂုဏ်၌ သက်ဝင်ခြင်း
၆။ ။နတ်မျိုးစေ့ သိကြားမျိုးစေ့ ဖြစ်သော မိမိလက်ရှိ သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါးတို့၏ ဂုဏ်၌ သက်ဝင်ခြင်း
၇။ ။နိဗ္ဗာန်၏ ဂုဏ်ကျေးဇူး ယခု ဘဝတွင် ကိလေသာတို့မှ ငြိမ်းခွင့်ရဘူးသော ကျေးဇူးကို အောက်မေ့ခြင်း။
၈။ ။သဒ္ဓါနည်း၍ မွဲခြောက်သော စိတ်နှလုံးရှိသောသူကို ဝေးစွာ ရှောင်ကွင်းခြင်း
၉။ ။သဒ္ဓါ ပို၍ ရွှန်းစိုသော စိတ် နှလုံး ရှိသော သူတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်း

၁၀။ ။အထူးကြည်ညိုဘွယ် ကောင်းသော သုတ္တန်တော် များကို ကြားနာ သက်ဝင် ဆင်ခြင်နှလုံးသွင်းခြင်း

၁၁။ ။ပီတိသောမနဿ ဖြစ်လိုသောစိတ် အမြဲရှိခြင်း

ဤ၁၁-ပါးတို့တည်း။

---

## ဆောင်ပုဒ်

က။ ။သဒ္ဓေ, သဒ္ဓါ၊ သမ္မာ, နိသင်၊ လိုအင်ပြည့်နှက်၊ နှောင့်ယှက် မသန်း၊ ဤခြောက်ခန်း၊ ရှင်လန်း ကုသိုလ် ဖြစ်တို့တည်း။

ခ။ ။ဗု, ဓံ, သံ, သီ၊ စာဂီ, ဒေဝ၊ ဥပသမာ၊ ကြဉ်ရာ လူခြောက်၊ ပေါင်းမြောက်- လူစို၊ ကြည်ညိုဘွယ်မူ၊ သုတ်စု လေ့ကျက်၊ နှစ်သက်လိုလှ၊ ဆန္ဒ စွဲလမ်း၊ ဆဲ့တခန်း၊ ဝမ်းမြောက်ကုသိုလ် ဖြစ်တို့တည်း။

၁၄-၈။ ။ဗုဒ္ဓါနုဿတိ, ဓမ္မာ။ပ။သံဃာ, သီလာ, စာဂါ, ဒေဝတာ, ဥပသမာ နုဿတိ၊ လူခ ပုဂ္ဂလ ပရိဝဇ္ဇနတာ၊ သိနိဒ္ဓပုဂ္ဂလ သေဝနတာ၊ ပသာဒနီယသုတ္တန္တပစ္စဝေက္ခဏတာ၊ တဒဓိမုတ္တတာတိ ဣမေဟိ ဧကာဒသဟိ ကာရဏေဟိ ဥပ္ပဇ္ဇတိ၊ ပီတိ-သောမနဿသဟဂတဘာဝေါ ဝေဒိတဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဥပေက္ခာ၏ ဖြစ်ခြင်းအကြောင်း

ဥပေက္ခာ၏ ဖြစ်ခြင်း အကြောင်းသည်ကား ခြောက်ပါးရှိ၏။ ခြောက်ပါး ဟူသော်ကား-

၁။ ။ဥပေက္ခာနှင့် ပဋိသန္ဓေ တည်နေခြင်း

၂။ ။သဒ္ဓါတရား နည်းပါးခြင်း

---

၁၄-၈။ ။ဗုဒ္ဓါနုဿတိ၊ ၎င်း။ ပ။ ဥပသမာနုဿတိ၊ ၎င်း။ လူခပုဂ္ဂလပရိဝဇ္ဇနတာ၊ ဒေါသကြောင့် ကြမ်းတမ်းသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်း၏ အဖြစ်၎င်း။ သိနိဒ္ဓပုဂ္ဂလသေဝနတာ၊ အဒေါသ ကြောင့် သိမ်မွေ့သောပုဂ္ဂိုလ်ကို မှီဝဲသည်၏ အဖြစ်၎င်း။ ပသာဒနီယသုတ္တန္တပစ္စဝေက္ခဏတာ၊ ကြည်ညိုဘွယ်သော သုတ်ကို ဆင်ခြင်သည်၏ အဖြစ်၎င်း။ တဒဓိမုတ္တတာ၊ ထိုပီတိသို့ ညွတ်သောစိတ် ရှိသည်၏ အဖြစ်၎င်း။ ဣတိ ဣမေဟိ ကာရဏေဟိ ၁၁-အကြောင်းတို့ဖြင့်လည်း။ ဥပ္ပဇ္ဇတိ ဖြစ်၏။ သောမနဿ သဟဂတ ဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

၃။ ။အယူမစင်ကြယ်ခြင်း
၄။ ။ကံ၏ အကျိုးအာနိသင်ကို မမြင်ခြင်း
၅။ ။မမြတ်နိုးလောက်သော မဇ္ဈတ္တာရုံနှင့် ပေါင်းဆုံမိခြင်း
၆။ အနှိပ်အစက် အနှောင့်အယှက် မကင်းခြင်း

ဤခြောက်ပါးတို့ပင်တည်း။

---

## သောမနဿကုသိုလ်နှင့် ဥပေက္ခာကုသိုလ် အကျိုးပေး ထူးခြားပုံ အကြောင်း

အထက်ပါ ဥပေက္ခာကုသိုလ်၏ ဖြစ်ကြောင်းဖြစ်သော အကြောင်းများအရ။ ။ဥပေက္ခာနှင့် ပဋိသန္ဓေတည်နေခဲ့၍ အရာရာ၌ အမှုမဲ့ အမှတ်မဲ့ ဖြစ်ခါ ပညာအဆင်ခြင်နည်းပါးသော သူအားလည်း ဥပေက္ခာကုသိုလ်မျိုးသာဖြစ်တယ်၏။သဒ္ဓါတရား နည်းပါးသော သူအားလည်း ဥပေက္ခာကုသိုလ်သာ ဖြစ်တတ်၏။ အယူမစင်မကြယ်သော သူအားလည်း တရားသဘောကို မှန်သောအားဖြင့် နှလုံးမထားနိုင်၍ ဥပေက္ခာ ကုသိုလ်မျိုးသာ ဖြစ်တတ်၏။ ကံ၏အကျိုးအာနိသင်ကို မမြင်မသိသော သူအားလည်း သဒ္ဓါတရား မပေါ်ပေါက် နိုင်သောကြောင့် ဥပေက္ခာ ကုသိုလ်မျိုးသာ ဖြစ်တတ်၏။ မိမိ သန္တာန်၌ သဒ္ဓါစေတနာပင် ရှိပါသော်လည်း မမြတ်နိုးလောက်သောမဇ္ဈတ္တာရုံဖြစ်သော လှူဘွယ်ဝတ္ထု၊ အလှူခံ ပုဂ္ဂိုလ်များနှင့် တွေ့မှုကြောင့်လည်း ဥပေက္ခာကုသိုလ်မျိုးသာ ဖြစ်တတ်၏။ဗဟိဒ္ဓအပြင်ပအတွက်နှင့် နှောင့်ယှက်ခြင်းရှိနေသောသူအားလည်းဥပေက္ခာကုသိုလ်မျိုးသာ ဖြစ်တတ်၏။ငယ်ရွယ်သူ မလိမ္မာသော သူငယ်များအားလည်း ဥပေက္ခာ ကုသိုလ်မျိုးသာ ဖြစ်တတ်၏။ မိမိစွန့်လွှတ် လှူဒါန်း အင်သော ပစ္စည်းဝတ္ထုကို တဖန် ငြိတွယ်သော သူအားလည်း ဥပေက္ခာကုသိုလ်မျိုးသာလျှင် ဖြစ်တတ်၏။ ။မိမိက ပြုလိုခြင်းမရှိပါဘဲ မလွှဲသာ၍ ပြုရသောသူအားလည်း ဥပေက္ခာကုသိုလ်မျိုးသာလျှင် ဖြစ်တတ်ချေ၏။ ။ဤကဲ့သို့ဖြစ်ပွားသော ဥပေက္ခာ ကုသိုလ်မျိုးသည် ဥပေက္ခာယုတ်,ဥပေက္ခာညံ့,များသာ ဖြစ်သောကြောင့် သောမနဿကုသိုလ်ထက် ယုတ်ညံ့၏-ဟုမှတ်။

ဘုရားအမှူးရှိသော သံဃာတော်လေးသိန်းကို သိကြားမင်း ဘန်ဆင်းသော ရတနာမဏ္ဍပ်ကြီး၌ ၇-ရက်ပတ်လုံး ဂဏာနို့ဆွမ်းဖြင့် လှူဒါန်းပူဇော်

ပါသော်လည်း သောမနဿမဖြစ်၊ လျစ်လျူရှုကာ ဥပေက္ခာသာ ဖြစ်သော အလောင်းတော် မဟာသိဝဣတ္ထား။ ။(၎င်းဝတ္ထုအကျယ်ကို သိလိုပါမူ ကျွန်ုပ်တို့ ရေးသားအပ်သော ဗုဒ္ဓဝင် ဝတ္ထု၌ ကြည့်လင့်ကုန်)။ ။အသက် ထက်ဆုံး တနေ့တနေ့လျှင် ငါးသိန်းကုန်, ငါးသိန်းကုန် အမြဲ လှူဒါန်းပါ သော်လည်း လျစ်လျူ ဥပေက္ခာမျှသာ ဖြစ်သော မဟာသိဝရာဇ် မင်းကြီး များ၏ ကုသိုလ်များကဲ့သို့ သမာဓိတရား ကြီးမားလှ၍ ဖြစ်သော ဥပေက္ခာ ကုသိုလ်,အဇ္ဈာသယ အလိုဆန္ဒ ပြည့်ဝနိုင်သည်မရှိ၊ကုသိုလ်ရေး၌ အားမရ နိုင်လောက်အောင် အကြီးအကျယ် အလိုဆန္ဒရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန် ၌ဖြစ်သော ဥပေက္ခာ ကုသိုလ်မျိုးသည်သာလျှင် သမ္မာယုတ် သင်္ခါရခြင်း တူပါမှ သောမနဿ ကုသိုလ်ထက် ဥပေက္ခာကုသိုလ်က သာလွန်၏-ဟု မှတ်လေ။

ဤကဲ့သို့ သောမနဿကုသိုလ်ထက် သာလွန်သော ဥပေက္ခာကုသိုလ် ဖြစ်ဖို့ရန်လည်း ငါးပါးသော အကြောင်း တရားတို့ကို ပွါးများကုန်ရာ သည်။

ငါးပါးဟူသည်ကား—

၁။ ။သတ္တဝါ အပေါင်း၌ လျစ်လျူရှုနိုင်ခြင်း

၂။ ။ပစ္စည်းဝတ္ထု သင်္ခါရစုတို့၌ လျစ်လျူရှုနိုင်ခြင်း

၃။ ။သင်္ခါရနှင့် ပျော်တတ်သောသူ,ပစ္စည်းဝတ္ထုနှင့် ပျော်တတ် သောသူ,သတ္တဝါတို့ကို စုံမက်ခင်မင်တတ်သောသူ, ပစ္စည်း ဝတ္ထုသင်္ခါရစုတို့ကို စုံမက်ခင်မင် တတ်သောသူတို့ကို ဝေး စွာရှောင်ကြဉ်ခြင်း

၄။ ။သတ္တဝါ သင်္ခါရ နှစ်ပါးတို့၌ လျစ်လျူရှုမှု အားကြီးသော သူတို့နှင့်သာ ပေါင်းဘော်မှီဝဲခြင်း

၅။ ။ထိုဥပေက္ခာဗောဇ္ဈင်၌ ညွတ်သော စိတ်ရှိခြင်း

ဤငါးပါးသော အကြောင်းတရားများကို ပွါးများကုန်ရာ၏။

## ဉာဏသမ္ပယုတ်၏ ဖြစ်ခြင်းအကြောင်း

ဉာဏသမ္ပယုတ် ဖြစ်ကြောင်းကား လေးပါးရှိ၏။

ငင်းလေးပါးဟူသော်ကား—

၁။ ။ဉာဏ်ကို ဖြစ်စေတတ်သော ကံလျှင်မှီရာရှိသော ပဋိသန္ဓေ ရှိခြင်း

၂။ ။စိုးရိမ်ကြောင့်ကြမှု ကင်းရှင်းသော ဘဝ၌ ဖြစ်ရခြင်းတပါး

၃။ ။ဣန္ဒြေရင့်ကျက်ခြင်း

၄။ ။ကိလေသာတရားတို့နှင့် ကွာဝေးခြင်း

ဤလေးပါးတည်း။

၁၅-ဃ။ ။ကမ္မတော ဥပပတ္တိတော ဣန္ဒြိယ ပရိပါကတော၊ ကိလေသ ဒူရီဘာဝတောတိ ဣမေဟိ ပနေတ္ထ ကာရဏေဟိ ဉာဏ သမ္ပယုတ္တတာ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဤ၌ **ကမ္မ**-ဟူသည်ကား။ ။သူတပါးတို့အား မြတ်စွာဘုရား တရား တော်ကို ဟောကြားခြင်း၊ အပြစ်ကင်းသော အတတ်ပညာတို့ကို သင်ပေး ခြင်း၊ဓမ္မကထိကပုဂ္ဂိုလ်,စာပေ ပရိယတ် ပို့ချသော ပုဂ္ဂိုလ်များကိုလှူဒါန်း ပူဇော်၍ တရားဓမ္မ ဟောပြ ချပို့စေခြင်း၊ အထူးထူးသော လှူဘွယ်ဝတ္ထု တို့ကို လှူဒါန်းပြီးခါ နောက်ဘဝ၌ ပညာကြီးရသည့်ကိုယ် ဖြစ်ရပါလို၏ ဟု ဆုတောင်း ပတ္ထနာ ပြုခြင်း-စသော ပညာကို ဖြစ်စေတတ်သော ကံ ကုသိုလ်မျိုးသည်-ကံမည်၏။

**ဥပပတ္တိ**-ဟူသည်ကား။ ။ဒေါသ၏ ကင်းရာဖြစ်သော ရူပဗြဟ္မာဘုံ၌ ပဋိသန္ဓေနေရခြင်းတည်း။ ထိုဗြဟ္မာဘုံ၌ ပဋိသန္ဓေ တည်နေသော ဗြဟ္မာ ကြီးတို့အား ဒေါသကင်းဝေး ချမ်းသာဧးမြကြသောကြောင့် ပညာဉာဏ် တို့သည် ပေါ်လွင်ထင်ရှားစွာ ဖြစ်လာကုန်၏။

---

၁၅-ဃ။ ။ပန၊ ထို့ပြင်တပါး။ ကမ္မတော၊ ကံကြောင့်လည်း။ ဥပပတ္တိတော၊ ဥပပတ္တိဘဝ ကြောင့်လည်း။ ဣန္ဒြိယပရိပါကတော၊ ဣန္ဒြေ၏ရင့်ခြင်းကြောင့်လည်း။ ကိလေသာနံ၊ ကိလေသာ တို့၏။ ဒူရီဘာဝတော၊ ဝေးသည်၏အဖြစ်ကြောင့်လည်း။ ဣတိ ဣမေဟိ ကာရဏေဟိ၊ ဤသို့ဖြင့်။ ဉာဏသမ္ပယုတ္တတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

**ဉာဏ္ဍြီသပရိပါက** ဟူသည်ကား။ ။ဉာဏ်ခြေရင့်ကျက်ခြင်းသို့ ရောက်ကုန်သော ပညာဒသက အရွယ်ရှိကုန်သော ပုဂ္ဂိုလ်တို့၏ ပညာဉာဏ် ရင့်ကျက်ခြင်းတည်း။ ဤသို့ ပညာဉာဏ် ရင့်ကျက်ခြင်းကြောင့် ပညာဒသကအရွယ်၌ တည်နေသော ပုဂ္ဂိုလ်တို့အား ကုသိုလ်ဖြစ်သည် ရှိသော် ဉာဏသမ္ပယုတ် ကုသိုလ်သာ ဖြစ်၏။

**ကိလေသဒူရီဘာဝ**-ဟူသည်ကား။ ။ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်တို့အား ကိလေသာတို့၏ ဝေးမှုပင်တည်း။ ထိုသို့ကိလေသာတို့မှ ဝေးကွာရကား၊ ထိုယောဂီပုဂ္ဂိုလ်တို့အား ကုသိုလ်ဖြစ်သည်ရှိသော် ဉာဏသမ္ပယုတ် ကုသိုလ်သာလျှင်ဖြစ်၏။ ။ဤကားအကြောင်းလေးပါး၏ အကျယ်ဝိတ္ထာရ အဓိပ္ပါယ်တည်း။

---

**တနည်း။ ။သမ္ပယုတ် ဖြစ်ခြင်း၏ အကြောင်း**

တနည်းအားဖြင့် သမ္ပယုတ်ဖြစ်ခြင်း၏အကြောင်း ၇-ပါးရှိ၏။

၇-ပါးဟူသည်ကား—

၁။ ။အနက် အဓိပ္ပါယ်ကို အဖန်ဖန် မေးမြန်းခြင်း

၂။ ။ဆံပင်,လက်-စသော အဇ္ဈတ္တဝတ္ထု၊သင်္ကန်းစသော ဗာဟိရဝတ္ထုတို့၏ သန့်ရှင်းစင်ကြယ်ခြင်း

၃။ ။သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိတို့၏ မျှတအောင် ပြုပြင်ခြင်း

၄။ ။ဉာဏ်ကင်းသော ပုဂ္ဂိုလ်ကို ဝေးစွာရှောင်ကြဉ်ခြင်း

၅။ ။ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း

၆။ ။နက်နဲသော ဉာဏ် ပညာလျှင် လှေ့လာ အပ်ကုန်သော အကျင့်တို့ကို ဆင်ခြင်ခြင်း

၇။ ။ထိုဓမ္မဝိစယ သမ္ဗောဇ္ဈင်၌ ညွတ်သော စိတ်ရှိခြင်း

ဤ ၇-ပါးတို့ပင်တည်း။

၁၅-င။ ။အဝိစ သတ္တမ္ဗော ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါ ဒါယ သံဝတ္တန္တိ။ ပရိပုစ္ဆကတာ, ဝတ္ထုဝိသဒကြိယာ, ဣန္ဒြိယ သမတ္တပဋိပါဒနာ, ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ, ပည ဝန္တပုဂ္ဂလသေဝနာ, ဂမ္ဘီရဉာဏစရိယ ပစ္စဝေက္ခဏာ, တဒမိမုတ္တတာတိ ဣမေဟိပိ ကာရဏေဟိ ဉာဏသမ္ပ ယုတ္တတာ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

* ဉာဏဝိပ္ပယုတ်၏ ဖြစ်ကြောင်းကို မူကား ဉာဏသမ္ပယုတ်မှ ပြန်လှန်၍ ယူလေ။

---

## အသဉ္ဉီရိက၏ ဖြစ်ခြင်းအကြောင်း

အသဉ္ဉီရိကကုသိုလ်ဖြစ်ခြင်း၏ အကြောင်းတရားများကား ခြောက်ပါး အပြားရှိ၏။ ။ခြောက်ပါး ဟူသည်ကား—

၁။ ။အသဉ္ဉီရိကကံနှင့် ပဋိသန္ဓေ တည်နေခဲ့ခြင်း

၂။ ။ရှေးရှေးဘဝ၌ လေ့ကျက်ဘူးသော အထုံဝါသနာ ပါရှိခြင်း

၃။ ။လျောက်ပတ်သော ဥတုဘောဇဉ်နှင့် ပြည့်စုံ၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခိုက်ရှိခြင်း

၄။ ။မြေ့မြင်တတ်သော အရွယ်သို့ ရောက်ခြင်း

၅။ ။သဒ္ဓါပညာနှင့် ပြည့်စုံခြင်း

---

၁၅-င။ ။အဝိစ-အပရောနယောၢကို။မယၢငါသည်။ဝုစ္စတော၊၏။သတ္တမမ္ဗော၊ ခုနစ်ပါး သောတရားတို့သည်။ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊၏။ဥပ္ပါဒါယ၊ဖြစ်ခြင်း၌။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ပရိပုစ္ဆကတာ၊ခန္ဓာ,အာယတန,ဓာတ်-စသည်တို့ကိုမြဲသော မေးမြန်းခြင်း၏ များသောအဖြစ် သည်၎င်း။ဝတ္ထုဝိသဒကိရိယာ၊ဆံ,လက်သည်းစသော အဇ္ဈတ္တဝတ္ထု,သင်္ကန်းစသော ဗာဟိရ ဝတ္ထုတို့၏ သန့်ရှင်းစင်ကြယ်ခြင်း၎င်း။ ဣန္ဒြိယသမတ္တပဋိပါဒနာ၊ သဒ္ဓါနှင့်ပညာ, ဝီရိယနှင့် သမာဓိတို့၏မျှခြင်းကို ပြုခြင်း၎င်း။ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ၊ခန္ဓာ-စသော အပြား၌ သက်ဝင်နိုင် သော ဉာဏ် ကင်းသော ဒုမ္မေဓ ပုဂ္ဂိုလ်ကို ဝေးစွာ ကြဉ်ရှောင်ခြင်း၎င်း။ ပညဝန္တ ပုဂ္ဂလ သေဝနာ၊အမျှငါးဆယ်သော လက္ခဏာကိုသိမ်းဆည်းသော ဥဒယဗ္ဗယပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၎င်း။ ဂမ္ဘီရ ဉာဏစရိယ ပစ္စဝေက္ခဏာ၊ နက်နဲသော ဉာဏ်ဖြင့်သာသိအပ်ကုန်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်း၎င်း။ တဒဓိမုတ္တတာ၊ ထို ဓမ္မဝိစယ သမ္ဗောဇ္ဈင်သို့ ညွတ်သော စိတ်ရှိသော သူ၏အဖြစ်၎င်း။ ဣတိ၊ ဤသို့။ ဣမေဟိ ကာရဏေဟိ၊ တို့ဖြင့်လည်း။ ဉာဏသမ္ပယုတ္တတာ၊ ကို။ ဝေဒိတဗ္ဗာ၊၏။

၆။ ။ကြည်လင် အားရလောက်ဘွယ်သော အပေါင်းအဘော်, အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ် စသည်တို့နှင့် ပြည့်စုံခြင်း

ဤအကြောင်းများကြောင့် အသင်္ခါရိကကုသိုလ် ဖြစ်၏။

* သသင်္ခါရိက၏ ဖြစ်ကြောင်းကိုမူကား-အသင်္ခါရိက၏ အကြောင်းမှ ပြန်၍သိလေ။

---

## အသင်္ခါရိက,သသင်္ခါရိက ကုသိုလ်ဖြစ်ပုံ

မိမိတို့ ပြုနေကျဖြစ်သော ဆွမ်းလောင်းမှု, ဆွမ်းချက်မှု, ဘုရားရှိခိုးမှု, စသောကုသိုလ်များ၌ အချိန်ကျလျှင် မည်သူ တစုံတယောက်ကမှ နှိုးဆော် တိုက်တွန်းရခြင်း မရှိပါဘဲ ပကတိ ကြည်လင် ရွှင်ပျသော စိတ်ထားဖြင့် ပေါ့ပါး လျင်မြန်စွာ အိပ်ရာမှ ထခါ ချက်ပြုတ်ခြင်း, ဆွမ်းလောင်းခြင်း, ဘုရားဝတ်တက်ခြင်း စသော ကုသိုလ်ကို ပြုစု အားထုတ်၏။ ထိုကုသိုလ် ကံသည် တိုက်တွန်းခြင်း ပယောဂ သင်္ခါရ ကင်း၍ ဖြစ်ခြင်းကြောင့် အသင်္ခါရိက ကုသိုလ်ကံမည်၏။

တရံတခါ တစုံတခုသော အကြောင်းကြောင့် စိတ် မအီမသာ မကြည် လင်ပါဘဲ ပျက်ကွက် နှောင့်နှေးနေ၏။ အချိန်ကျသော်လည်း ထချင်သော စိတ်,ချက်ပြုတ် လုပ်ကိုင်လိုသောစိတ် နုံ့နှေး၍နေ၏။ ထိုအခါ မိမိစိတ်ကို သော်လည်း မိမိပြုပြင် သွန်သင်ပေး၍ ရှေးအတိုင်း ပြုလုပ် အားထုတ်ရာ၏။ သို့မဟုတ် မိဘ-သားချင်းများကသော်လည်း တိုက်တွန်း နှိုးဆော်ပေး၍ ပြုလုပ်ရာ၏။ ဤကုသိုလ်ကံသည် တိုက်တွန်း နှိုးဆော်ပေးသော ပယောဂ သင်္ခါရ ရှိသောကြောင့် သသင်္ခါရိက ကုသိုလ်ကံ မည်၏-ဟုမှတ်။

၁၅-၈။ ။ဥပ္ပန္နဥ္စေတံ အသင်္ခါရေန အပ္ပယောဂေန အနုပါဒါယ စိတ္တုပ္ပာဒနာယ ဥပ္ပန္နတ္တာ အသင်္ခါရံနာမ ဇာတံ။ ။ဟေဝိ ဠဒံ ကရောဟီတိ ကာရိယမာနဿ ဥပ္ပန္နံ ကုသလစိတ္တံ သ သင်္ခါရေန ပစ္စယဂဏေန ဥပ္ပန္နံနာမ ဟောတိ။ သသင်္ခါရေန သပ္ပယောဂေန သဉပါယေန ပစ္စယဂဏေ နာတိ အတ္ထော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သပ္ပယောဂေနာတိ လီနဿ စိတ္တဿ ဥဿာဟန ပယောဂသဟိတေန။သဥပါယေနာတိ ကုသလဿ ကရဏာကရဏေသု အာဒီနဝါနိသံသပစ္စဝေက္ခဏံ ပရေဟိ ဥဿာဟနဉ္စ ဝေမာဒိ ဥပါယသဟိတေန။

မူလဋီကာ။

---

## ကာမာဝစရ ကုသိုလ်စိတ်ကို မဟာတပ်သော အဓိပ္ပါယ်

ရူပါဝစရ, အရူပါဝစရ စိတ်တို့၌ မဟာမတပ်မူ၍ ကာမာဝစရစိတ် ၂၄-ပါးကိုသာ မဟာကုသိုလ်, မဟာဝိပါက်,မဟာကြိယာဟု မဟာသဒ္ဒါ တပ်ခါ အဘယ့်ကြောင့် ဆိုရပါသနည်းဟူမူ။ ။ရူပကုသိုလ်သည် ရူပဘုံ၌ ရူပဝိပါက်ကိုသာ ပေးနိုင်လေသည်။အရူပကုသိုလ်သည် အရူပဘုံ၌ အရူပဝိပါက်ကိုသာ ပေးနိုင်လေသည်။ လောကုတ္တရာ ကုသိုလ်တွင်လည်း သောတာပတ္တိမဂ် စေတနာသည် သောတာပတ္တိဖိုလ် တခုကိုသာ ပေးနိုင်လေသည်။ပ။ အရဟတ္တမဂ် စေတနာသည် အရဟတ္တဖိုလ် တခုကိုသာ

---

၁၅-စ။ ။ဥပ္ပန္နံ၊ဖြစ်သော။ဘော်စိတ္တံ၊သည်။ အသင်္ခါရေန၊သင်္ခါရကင်းသော။ အပ္ပယောဂေန၊ ပယောဂကင်းသော။ ဥပါယေန၊အကြောင်းဖြင့်။အနုပါယဝိနာဘူတေန၊ ဥပါယ်တပါးကို မကြံခြင်းဖြင့်။ဥပ္ပန္နတ္တာ၊ဖြစ်သောကြောင့်။အသင်္ခါရိကံ၊နာမ၊မည်သည်။ဘော်တံ၊ဖြစ်၏။

ပေါ်၊လာလေ၊။ ရှားခံ၊ ဤအမှုကို။ ကရောမိ၊ ပြုလေ၏။ ရှားဘိ၊ ဤသို့။ ကာဒိယမာနဿ၊ ပြုစေအပ်သောသူအား။ဥပ္ပန္နံ၊ဖြစ်သော။ ကုသလစိတ္တံ၊သည်။ သသင်္ခါရေန၊သင်္ခါရနှင့်တကွ သော။ ပစ္စယဂဏေန၊ပစ္စည်းအပေါင်းဖြင့်။ ဥပ္ပန္နတ္တာ၊ဖြစ်သည်မည်သည်။ဟောဘဲ၏။

သသင်္ခါရေန၊ဘာ့နိ၊တိုဆုတ်နစ်သောစိတ်ကိုထက်သည်အဖြစ်ဟု ဆိုအပ်သောဘန်းဆေး အထူးဖြင့် ပြုပြင်တတ်သော။ ဝါ၊ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂ၊ ဥပါယနှင့်တကွဖြစ် သော။သပ္ပယောဂေန၊ဘာ့နိ၊တိုဆုတ်နစ်သောစိတ်ကို စေခြင်း၊တိုက်တွန်းခြင်းဟူသောပယောဂ နှင့်တကွဖြစ်သော။သဥပါယေန၊ကုသိုလ်ကို ပြုခြင်းမပြုခြင်း၌ အပြစ်အကျိုးကို ဆင်ခြင်ခြင်း၊ သူတပါးတို့သည် စေခြင်း၊တိုက်တွန်းခြင်း ဤသို့အစရှိသော ကုသိုလ်ပြုခြင်း၏ အကြောင်း ဥပါယနှင့်တကွ ဖြစ်သော။ ဧဝံပစ္စယဂဏေန၊သို့အစရှိသော ဤသဘောမနသိကာရ စသော ပစ္စည်းအပေါင်းဖြင့်။ရှာဘိအယ်၊ဤသည်ကား။အဓိပ္ပါယ်။အနက်တည်း။

ဤကား-အဋ္ဌကထာအနက်။

သပ္ပယောဂေနာတိ၊ ကား။ လီနဿ၊ တွန့်ဆုတ်သော။ စိတ္တဿ၊ စိတ်ကို။ ဥဿာဟန ပယောဂသဟိတေန၊စေခြင်း၊ တိုက်တွန်းခြင်းဟူသော ပယောဂနှင့် တကွဖြစ်သော။ သဥပါယေနာတိ၊ကား။ကုသလဿ၊ ကုသိုလ်ကို။ ကရဏာကရဏေသု၊ပြုခြင်းမပြုခြင်း တို့၌။ အာဒီနဝါနိသံသပစ္စဝေက္ခဏံ၊အပြစ်အကျိုးကိုဆင်ခြင်ခြင်း။ပရေဟိ၊သူတပါးတို့သည်။ဥဿာဟနဉ္စ၊ စေခြင်း,တိုက်တွန်းခြင်း။ဣတိ ဧဝမာဒိ ဥပါယသဟိတေန၊ဤသို့အစရှိသော ကုသိုလ်ပြုခြင်း၏ အကြောင်း ဥပါယနှင့်တကွဖြစ်သော။

ဤကား-မူလဋီကာအနက်။

ပေးနိုင်၏။ ဤသို့ အကျိုးပေး အားဖြင့် ကျဉ်းသောကြောင့် မဟာသဒ္ဒါ တပ်၍ မဆိုရ။

ကာမာဝစရ ကုသိုလ်မှာမူကား ဤကဲ့သို့ မဟုတ်။ ပဋိသန္ဓေအားဖြင့် ကာမပဋိသန္ဓေ ကိုးခု၊ဘုံအားဖြင့်လည်း ကာမသုဂတိ ၇-ဘုံကို ပေးနိုင်၏။ ဤမျှသာ မဟုတ်သေး။ ပဝတ္တိ အခါ၌လည်း စကြဝတေးမန္ဓာတ်, ပဒေသရာဇ်, ကောရာဇ်မင်း,သူဌေး သူကြွယ်တို့၏ စည်းစိမ် ချမ်းသာတို့ကိုလည်း ပေးနိုင်လေ၏။ဤကဲ့သို့ အကျိုးပေး အရာကျယ်ဝန်းသောကြောင့် ကာမာဝစရ ကုသိုလ်ကိုသာ ဝိသေသပြု၍ မဟာကုသိုလ်ဟု ဆိုရလေသတည်း။

**တနည်း**။ အကုသိုလ်စိတ်, အဟိတ်စိတ်, တို့ထက် ကြီးကျယ်ဖြင့်မြတ်သောကြောင့် မဟာ တပ်၍ မဟာ ကုသိုလ်ဟု ဆိုရ၏။ ။မဟာဝိပါက်စိတ်ကား မဟာကုသိုလ်၏ အကျိုးဖြစ်သောကြောင့် မဟာတပ်၍ မဟာဝိပါက်ဟု ဆိုရလေသည်။ ။မဟာကြိယာစိတ်ကား ဘုရား,ရဟန္တာ တို့၏ သန္တာန်တော်၌ဖြစ်သော မဟာကုသိုလ်မျိုးပင် ဖြစ်သောကြောင့် မဟာတပ်၍ မဟာကြိယာဟု ဆိုရလေသတည်း။

---

## သင်္ဂဟဂါထာ

က။ ။သန္ဓေ ကာမ၊ အကုန်ရ၍၊ ဘဝ သုဂတိ၊ ဖြစ်ဘိ ခုနစ်ဘုံ၊ ကျိုးပေးပုံကျယ်၊ ထို့ကြောင့်နှယ်၊ ကုဝယ်-မဟာတပ်သတည်း။

ခ။ ။အကုအဟိတ်၊ ယင်းစိတ်များထက်၊ မြတ်တွက်ကြောင့်သာ၊ ကု-ဝယ်မဟာ, တပ်သတည်း။

ဂ။ ။မဟာကုသလံ၊ ကျိုးဖြစ်မှန်ချက်၊ ယင်းအတွက်၊ ဝိပါက်မဟာ တပ်သတည်း။

ဃ။ ။ဘုရား,ရဟန္တာ၊ သန္တာန်မှာဖြစ်၊ ကုသလစ်ဟို၊ ကြိယာဆိုရာ၊ ထို့ကြောင့်သာ၊ကြိယာဝယ် မဟာတပ်သတည်း။

---

## မဟာကုသိုလ်စိတ် ၈-ပါး ဖြစ်ပုံ ဥပမာများ

၁။ ။အကြွင်းအခါ ပေးအပ်သော အလှူ၏ အကျိုးသည်ရှိ၏၊ ကျင့်သုံးအပ်သော သီတင်းသီလ၏ အကျိုးသည် ရှိ၏။ ပွါးစေအပ်သော ဘာဝနာ၏

အကျိုးရှိသည် ရှိ၏။ ဤသို့ စသောနည်းဖြင့် ကောင်းသော အယူအဆကို ယူ၍ မဆုတ်မနစ် ထက်မြက်သည် ဖြစ်၍ တိုက်တွန်းခြင်း ကင်းသော စိတ်ဖြင့် ဝမ်းမြောက် ဝမ်းသာ ဒါန,သီလ,ဘာဝနာ စသော ကုသိုလ်ကိုပြု၏။ ထိုအခါ "**သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက**" ကုသိုလ်စိတ်ဖြစ်၏။

၂။ ။အကြင်အခါ ဆိုအပ်ပြီးသော နည်းဖြင့် ကောင်းသော အယူကို ယူ၍ ပစ္စည်းဝတ္ထုကို နှမြော စုံမက်ခြင်း စသော အကြောင်းကြောင့် ဆုတ်နစ် တွန့်တိုသည် ဖြစ်၍ တိုက်တွန်းခြင်း နှင့် တကွ ဖြစ်သော စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာဒါန စသောကုသိုလ်ကိုပြု၏။ ထိုအခါ '**သောမနဿ သဟဂုတ်, ဉာဏသမ္ပယုတ်, သသင်္ခါရိက**'' ကုသိုလ်စိတ် ဖြစ်၏။

၃။ ။အကြင်အခါပေးလှူအပ်သောအလှူ၏အကျိုးသည်ရှိ၏။ဤသို့စသော နည်းဖြင့် ကံ,ကံ၏အကျိုးကို မသိဘဲ၊သူတပါး ပြုသည့်ကိုမြင်သဖြင့် မဆုတ် မနစ်တိုက်တွန်းခြင်း ကင်းသော စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာဒါန စသော ကုသိုလ်ကိုပြု၏။ ထိုအခါ "**သောမနဿ သဟဂုတ်, ဉာဏ ဝိပ္ပယုတ်, အသင်္ခါရိက**"ကုသိုလ်စိတ် ဖြစ်၏။

၄။ ။အကြင်အခါ ဆိုအပ်ပြီးသော နည်းဖြင့် ကံ, ကံ၏ အကျိုးကို မသိ၊ သူတပါး တိုက်တွန်းသည် ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဒါနစသော ကုသိုလ်ကို ပြု၏။ ထိုအခါ "**သောမနဿ သဟဂုတ်, ဉာဏဝိပ္ပယုတ်, သသင်္ခါရိက**" ကုသိုလ်စိတ်ဖြစ်၏။

၅။ ။အကြင်အခါ ဆိုအပ်ပြီးသော နည်းဖြင့် ကောင်းသော အယူကို ယူ၍ မဆုတ်မနစ် ထက်မြက်သည် ဖြစ်၍ တိုက်တွန်းခြင်း ကင်းသော စိတ်ဖြင့် ဝမ်းမမြောက် ဝမ်းမသာ လျစ်လျူရှုသောသဘော၌ တည်လျက် ဒါနစသောကုသိုလ်ကိုပြု၏။ ထိုအခါ '**ဥပေက္ခာ သဟဂုတ်, ဉာဏသမ္ပယုတ်,အသင်္ခါရိက**''ကုသိုလ်စိတ်ဖြစ်၏။

၆။ အကြင်အခါ ဆိုအပ်ပြီးသော နည်းဖြင့် ကောင်းသော အယူကို ယူသော်လည်း ပစ္စည်းဝတ္ထုကို နှမြော စုံမက်ခြင်းစသော အကြောင်း ကြောင့် ဆုတ်နစ် တွန့်တိုသည် ဖြစ်၍ တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်ဖြင့် ဝမ်းမမြောက်, ဝမ်းမသာ လျစ်လျူရှုသော သဘော၌ တည်လျက်

ဒါန-စသော ကုသိုလ်ကို ပြု၏။ ထိုအခါ **"ဥပေက္ခာသဟဂုတ်,ဉာဏသမ္ပယုတ်,သသင်္ခါရိက"** ကုသိုလ်စိတ် ဖြစ်၏။

၇။ ။အကြင်အခါ ကံ,ကံ၏အကျိုးကို မသိမူ၍ သူတပါးပြုသည်ကို မြင်သဖြင့် မဆုတ်မနစ် တိုက်တွန်းခြင်း ကင်းသော စိတ်ဖြင့် ဝမ်းမမြောက် ဝမ်းမသာ လျစ်လျူသဘော၌ တည်လျက် ဒါနစသော ကုသိုလ်ကိုပြု၏။ ထိုအခါ- **"ဥပေက္ခာသဟဂုတ်, ဉာဏဝိပ္ပယုတ် အသင်္ခါရိက"** ကုသိုလ် စိတ် ဖြစ်၏။

၈။ ။အကြင်အခါ ဆိုအပ်ပြီးသော နည်းဖြင့် ကံ, ကံ၏ အကျိုးကို မသိမူ၍ ပစ္စည်းဝတ္ထုကို နှမြော စုံမက်ခြင်း စသော အကြောင်းကြောင့် ဆုတ်နစ် တွန့်တိုသည် ဖြစ်၍ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော စိတ်ဖြင့် ဒါနစသော ကုသိုလ်ကို ပြု၏။ထိုအခါ **"ဥပေက္ခာသဟဂုတ်,ဉာဏဝိပ္ပယုတ် သသင်္ခါရိက"** ကုသိုလ်စိတ် ဖြစ်၏။

၁၅-ဆ။ ။ယဒါ ပန ယော ဒေယျဓမ္မပဋိဂ္ဂါဟကာဒိ သမ္ပတ္တိံ
အညံ ဝါ သောမနဿဟေတုံ အာဂမ္မ ဟဋ္ဌပဟဋ္ဌော
အတ္ထိ ဒိန္နန္တိ ၂ာဒိနယပ္ပဝတ္တံ သမ္မာဒိဋ္ဌိံ ပုရေက္ခတွာ။ပ။
တဒါဿ စိတ္တံ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ
အသင်္ခါရိကံ ဟောတိ။

ဋီကာကျော်။

ဉာဏေနစွာ ဘိက္ခု ဝိဟာရပစ္စက္ခေ။ပ။ဉာဏံ ကရော
ဟိတိ ကာရိယမာနဿာ ဥပ္ပန္နံ ကုသလစိတ္တံ သသင်္ခါ
ရေန ပစ္စယဂဏေန ဥပ္ပန္နံ နာမ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၁၅-ဆ။ [illegible]

## မဟာဝိပါက်စိတ် အဖွင့်

၁၆။ ။သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိက
မေကံ၊ သသင်္ခါရိကမေကံ။ သောမနဿ သဟဂတံ
ဉာဏဝိပ္ပယုတ္တံ၊ အသင်္ခါရိက မေကံ၊ သသင်္ခါရိကမေကံ။
ဥပေက္ခာသဟဂတံ၊ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊
သသင်္ခါရိကမေကံ၊ ဥပေက္ခာ သဟဂတံ ဉာဏဝိပ္ပယုတ္တံ
အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ
သဟေတုက ကာမာဝစရ ဝိပါကစိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠိ။

---

၁။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော အသင်္ခါရိကစိတ် တခု၊

၂။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော သသင်္ခါရိစိတ် တခု၊

၃။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့်မယှဉ်သော အသင်္ခါရိကစိတ် တခု၊

၄။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့်မယှဉ်သော သသင်္ခါရိကစိတ် တခု၊

၅။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော အသင်္ခါရိကစိတ် တခု၊

၆။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော သသင်္ခါရိကစိတ် တခု၊

၇။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော အသင်္ခါရိကစိတ် တခု၊

---

[illegible]

၈။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော သသင်္ခါရိကစိတ် တခု။

ဤရှစ်ပါးသော စိတ်တို့သည် ဟိတ်နှင့်တကွဖြစ်သောကြောင့် သဟိတ် ကာမာဝစရ ဝိပါက်စိတ်မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## မဟာဝိပါက်စိတ် အပြား

ဤမဟာဝိပါက်စိတ်သည် သင်္ခေပအားဖြင့် ၈-ပါးသာ ရှိသော်လည်း အကျယ် ဝေဘန်သည်ရှိသော် ၁၄၄-ပါး အပြားရှိ၏။

ဝေဘန်ပုံကား—

မဟာဝိပါက်စိတ် ၈-ပါးကို အာရုံခြောက်ပါးနှင့် မြှောက်သည်ရှိသော် ၄၈-ပါး ဖြစ်၏။ တို ၄၈-ပါးကို ဟီန,မဇ္ဈိမ,ပဏီတ ၃-ပါးနှင့် မြှောက် သည်ရှိသော် ၁၄၄-ပါး ဖြစ်၏။

**မှတ်ချက်။** ။မဟာကုသိုလ် စိတ်၌ကဲ့သို့ ဒါန-စသည်တို့၏ အစွမ်း အားဖြင့် မဖြစ်ခြင်းကြောင့် ပုညကြိယာဝတ္ထုဖြင့်မမြှောက် ရတော့ပြီ။ သဟာ ဇာတာဓိပတိ ပစ္စည်း မတပ်သော ကြောင့် အဓိပတိ ၄-ပါးနှင့်လည်း မမြှောက် သင့်ပြီ။ ကံ၏အစွမ်းဖြင့် မဖြစ်ခြင်းကြောင့် ကံ ၃-ပါးနှင့်လည်း မမြှောက်သင့်ပြီ။

၁၆-က။ ။ယော ဟိ ကာမာဝစရ ကုသလေသု ကမ္မဒွါရ ကမ္မ ပထ ပုညကြိယာဝတ္ထုဘေဒေါ ဝုတ္တော၊ သော ဣဓ နတ္ထိ။ ကသ္မာ အဝိညတ္တိ ဇနကတော, အဝိပါကဓမ္မ တော,တထာအပ္ပဝတ္တိတော စ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အဝိညတ္တိ ဇနကတောတိ ကာယဝစီ ကမ္မဒွါရ နိဝါရဏံ ကရောတိ။ အဝိပါက ဓမ္မတောတိ မနောကမ္မဒွါရ နိဝါရဏံ။ ဝိပါကဓမ္မာနဉှိ ကမ္မဒွါရံ ဝုတ္တန္တိ။

မူလဋီကာ။

---

၁၆-က။ ။ယော ဟိ [illegible] ကမ္မဒွါရ ကမ္မပထ ပုည ကြိယာဝတ္ထု [illegible] အကြွင်း ကမ္မဒွါရ အပြား ကမ္မပထအပြား ပုညကြိယာဝတ္ထု အပြားကို။

## မဟာဝိပါက်စိတ်ဖြစ်ပုံ အစီအရင်

ထိုထိုသို့သော ကာလ ရှေးဘဝတို့၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုလုပ် အားထုတ်ခဲ့၍ ထိုကုသိုလ် စေတနာ, အကုသိုလ် စေတနာတို့သည် ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏငယ် သုံးချက်မျှဖြစ်၍ ချုပ်ကွယ်လေ၏။ ထိုသို့ပင် ချုပ်ငြိမ်း၍ သွားသော်လည်း အချင်းခပ်သိမ်း တခုမျှ မရှိအောင် ချုပ်ငြိမ်း ပျက်စီးသွားသော ချုပ်ငြိမ်းခြင်းမျိုး မဟုတ်၊ နောင် အကျိုးဖြစ်ပေါ်လာရန် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော မျိုးစေ့ သစ်စေ့သဘွယ် ဖြစ်လျက် စိတ်အစဉ်၌ မြုပ်နှံထား၍ ချုပ်လေ၏။ ထိုသို့ ချုပ်ပြီးခါ။ ။"ဆာယာဝ အနုပါယိနီ" ပါဠိတော် အရ ထိုကုသိုလ်, အကုသိုလ်ပြုလုပ်သူ ကံရှင်တို့၏ ဖြစ်လေရာ ဘဝ၌ စိတ်အစဉ်သို့ အရိပ်ပမာ လိုက်ပါလျက် နေလေ၏။ အကြင်မျှလောက် အကျိုးပေးခွင့် မရသေး။ထိုမျှ လောက်ပင် ကမ္မာအသိန်း- အသန်းမက လိုက်ပါ၍နေ၏။ အကြင်အခါ အကျိုးပေးရန် အကြောင်းညီညွတ်သဖြင့် အခွင့်သာ၏။ ထိုအခါ သေခါနီးသော သတ္တဝါအား မိမိ ရှေးရှေး ဘဝက ပြုခဲ့သော ကံသည် ယခု မျက်မှောက်ပြုသကဲ့သို့ ထင်စေ,မြင်စေ၏။ ။(၎င်းကို သဂြိုဟ်၌ အဘိနဝ ကရဏဝသေန,ဟူ၏)။

ထိုသို့ မဟုတ်ပါမူ ကျောင်း, ဘုရား-စသော ကမ္မနိမိတ်သော်လည်း ထင်မြင်လာ၏၊ လားရာ ဂတိနိမိတ်သော်လည်း ထင်မြင်လာ၏။ ထိုကံရှင် သတ္တဝါသည် ထိုသို့ ထင်မြင် လာသော အာရုံကို မလွှတ်မူ၍ စုတေသည် ရှိသော် စုတိသည်၏ အခြားမဲ့၌ ရှေး ကမ္မတ္တာ ကံဟောင်း တရားသည် ဘဝသစ်တခုကို ထူထောင် ပြုပြင်ကာ သမ္ပယုတ် တရားနှင့် တကွ ပဋိသန္ဓေ ဘဝသစ်ကို ဖြစ်စေ၏။ ကံ၏ အကျိုးအာနိသင် ဖြစ်သော ၎င်း ပဋိသန္ဓေ စိတ်ကို ဝိပါက်ဟု ဆိုရလေသတည်း။

---

[illegible]

ဤသို့ ပဋိသန္ဓေ အခါ၌ ဖြစ်သော မဟာဝိပါက်စိတ်သည် ပဋိသန္ဓေ အခါကို လွန်၍သွားပြန်သော် မိမိတို့ အသက်တန်းအားလျော်စွာ အနှစ်ခြောက်ဆယ်, ခုနစ်ဆယ်, အနှစ် တရာ, အနှစ် အသင်္ချေယျ တိုင်တိုင် ဘဝင်စိတ် ဖြစ်၍ အားကြီး ထင်ရှားလှသော အာရုံ၌ တဒါရုံ ဖြစ်လျက် သေသောအခါ စုတိစိတ်ဖြစ်၍ လေးမျိုး လေးပါးသော အမည်အားဖြင့် အကျိုးပေးလေ၏။

အကျိုးပေးပုံကား။ ။၎င်းဝိပါက်ကို ဖြစ်စေသော စေတနာကံခတ်၏ အား အရှိန်အား လျော်စွာ သာလျှင် အားရှိ, အားမဲ့, ဗလဝ, ဒုဗ္ဗလ ဖြစ်လေ၏။ ကံခတ်က-ဗလဝ ဖြစ်၍ အားရှိသော တိဟိတ်ဥက္ကဋ္ဌ ကံမျိုး ဖြစ်ပါမူ ကြီးကျယ်မြင့်မြတ်သော သူဌေး, သူကြွယ်, မင်းစိုးရာဇာ, ပဒေသရာဇ်, ကေရာဇ်-စသော မြင့်မြတ်သောဘဝ၌ ပဋိသန္ဓေ တည်နေသည်ကို ပဋိသန္ဓေ၌ အကျိုးပေးသည် ဟု ဆိုရ၏။

ပဝတ္တိ အခါ၌လည်း ဘဝင် စိတ်သည် အလွန်ခိုင်ခန့်၍ အသက်တမ်း အားလျော်စွာ ဘဝင် သန္တာန် အစဉ် ရှည်လျား၏။ စက္ခုဒွါရ စသော ခြောက်ပါးသော ဒွါရတို့၌လည်း နှစ်သက်ဘွယ်ရာ ရွှေငွေ ကျောက်စိန် တောက်ထိန် ပဝင်းသော အသုံး အဆောင် အဆောက် အဦ လယ်ယာ ကိုင်းကျွန်း တင့်ရှန်းသော ရွှေအိမ်, ရွှေနန်း- စသော ဣဋ္ဌာရုံ အသုံး အဆောင် စည်းစိမ် ဥစ္စာတို့ကို သာလျှင် မြင်ရ,ကြားရ, တွေ့ထိရသည်ကို ပဝတ္တိအခါ၌ အကျိုးပေးသည် ဟု ဆိုရ၏။

အားနည်းသော ဒုဗ္ဗလဖြစ်သော ဒွိဟိတ် ကံတရား ဖြစ်ပါမူ ယုတ်ညံ့သော သူဆင်းရဲမျိုး၌ ပဋိသန္ဓေ တည်နေရ၍ ပဋိသန္ဓေ အခါ၌လည်း အကျိုးပေး နုံ့နဲ့ အောက်ကျလျက် ပဝတ္တိအခါ၌လည်း ခြောက်ပါးသော ဒွါရတို့၌ နှစ်သက် စဘွယ် အသုံး အဆောင် ဥစ္စာ စည်းစိမ် အရှိန်အဝါ ပါးရှား သေးသိမ် ချို့တဲ့ ရလေ၏။ ။ဤကား ဝိပါက် အကျိုးပေးပုံတည်း။

(အကုသိုလ်ကံ အကျိုးပေးပုံကိုလည်း ထောက်ဆ၍ သိသင့်လေသော ပြီ)။ ။ဤကား အကျိုးပေးပုံ အဓိပ္ပါယ်တည်း။

---

## မဟာဝိပါက်စိတ်၏ သောမနဿ ဥပေက္ခာဖြစ်ပုံ

ကာမာဝစရ ကုသိုလ်၏ သောမနဿ ဥပေက္ခာ ဖြစ်မှုကား အာရုံ အားလျော်စွာ ဣဋ္ဌာရုံပိုပြင်၍ ကုသိုလ်ဖြစ်မှု သောမနဿကုသိုလ် ဖြစ်၏။

ဇုဋ္ဌမဇ္ဈတ္တာရုံကို မြင်၍ ကုသိုလ်ဖြစ်ပါမူ ဥပေက္ခာ ကုသိုလ်ဖြစ်၏ ဟူသည်မှာ ထင်ရှားသိသာပါ၏။ မဟာဝိပါက်စိတ်ကား ပဋိသန္ဓေစသော စိတ်မျိုးဖြစ်၍ ပဋိသန္ဓေ စသောအခါ၌ အဘယ်သို့လျှင် သောမနဿ ဥပေက္ခာ ဖြစ်နိုင်ပါအံ့နည်းဟု မေးဘွယ်ရှိသဖြင့် မဟာဝိပါက်၏ သောမနဿ ဥပေက္ခာဖြစ်ပုံကို ဆော်ပြပေအံ့။ ဝစနတ္ထ ဝိဂ္ဂဟ် စသည်ကိုကား ကုသိုလ်၌ ပြဆိုအပ်သည်အတိုင်း မှတ်လေ။

ကုသိုလ်, အကုသိုလ်တို့၏ သောမနဿ, ဥပေက္ခာ, ဖြစ်မှုသည် အာရုံအားလျော်စွာ ဖြစ်သောကြောင့် အာရုံနှင့် သောမနဿ, ဥပေက္ခာ ဇောက်အမှန် အမြဲဖြစ်သည် မဟုတ်ပေ။ အကြောင်းသော်ကား အတိဣဋ္ဌာရုံကြီးကိုပင် အချို့သောသူမှာ သောမနဿ ဖြစ်၍ အချို့သော သူမှာဥပေက္ခာ, ဒေါမနဿ ဖြစ်တတ်၏။ တိတ္ထိတို့သည် အတိဣဋ္ဌာရုံ အစစ်ကြီးဖြစ်သော မြတ်စွာဘုရားကိုမြင်လျှင် ဒေါမနဿဇော စော၏၊ သဒ္ဓါတရား မရှိသော သူတို့မှာကား ဥပေက္ခာဇော စော၏။သဒ္ဓါကြည်ညိုသူများမှာသာ သောမနဿဇောစောလေ၏။ဝိပါက်စိတ်သည်ကား ထိုသို့မဟုတ်၊မှန်၌ထင်သော မျက်နှာရိပ်ပမာ ကံအားလျော်စွာသာ အမြဲအမှန် ဖြစ်ရ၏။

ကံအားလျော်စွာ ဖြစ်ပုံကား····ကံတရားသည် သောမနဿ သဟဂုတ် ဖြစ်အံ့၊ မဟာဝိပါက်ဖြစ်သော ပဋိသန္ဓေ စိတ်သည်လည်း သောမနဿ သဟဂုတ် ပဋိသန္ဓေဖြစ်၏။ ဘဝင်စိတ်, စုတိစိတ်တို့ သည်လည်း ၎င်း အတိုင်းပင် သောမနဿ သဟဂုတ်ပင် ဖြစ်ကုန်၏။ ။ကံတရားက ဥပေက္ခာ သဟဂုတ် ဖြစ်ပါမူ မဟာဝိပါက် ဖြစ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ဥပေက္ခာသဟဂုတ်ပင် ဖြစ်ကုန်၏-ဟုမှတ်။

ဣဋ္ဌာရမ္မဏသ္မိံ။ပ။ကုသလဝိပါကာ ဟေတုက သောမနဿ
စိတ္တမေဝ တဒါရမ္မဏံ ဟောတိ။ ဣဋ္ဌမဇ္ဈတ္တာရမ္မဏေသု
ကုသလဝိပါကာဟေတုက ဥပေက္ခာသဟဂတန္တိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၁၆-၁။ ။ဣမာနိပိ ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာရမ္မဏဝသေန ယာသာဂ္ဂမ်
သောမနဿုပေက္ခာ သဟိတာနိ။

ဋီကာကျော်။

ဣဒံ ဟိ ပဋိသန္ဓိ ဘဝင်္ဂ စုတိ တဒါရမ္မဏဝသေန ပရိတ္တဓမ္မ ပရိယာပန္နေသု ဆသု အာရမ္မဏေသု ပဝတ္တတိ။ သမ္ပယုတ္တဓမ္မာနဉ္စ ဝိသေသေ အသတိပိ အာဒါသတလာဒီသု မုခနိမိတ္တံ ဝိယ နိရုဿာဟံ ဝိပါကံ။ မုခံ ဝိယ သဥဿာဟံ ကုသလန္တိ ဝေဒိတဗ္ဗံ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။

**ဆောင်ပုဒ်**

ကံအားလျော်စွာ၊ ဝိပါက်မှာ၊ ဖြစ်ပါ ဝေဒနာအပြားတည်း။

---

## မဟာဝိပါက်စိတ်၏ ဉာဏသမ္ပယုတ် ဝိပ္ပယုတ် ဖြစ်ပုံ

မဟာဝိပါက်စိတ်၏ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ဖြစ်မှုသည်လည်း ကံတရားအားလျော်စွာသာလျှင် ဖြစ်ရ၏။ ။ဖြစ်ပုံကား၊ ပဋိသန္ဓေကို ဖြစ်စေသော ကံတရားသည် အားကြီးသော တိဟိတ် ဥက္ကဋ္ဌကုသိုလ်ဖြစ်အံ့၊ မဟာဝိပါက် ဖြစ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည်လည်း ဉာဏသမ္ပယုတ် မဟာဝိပါက်သာလျှင် ဖြစ်ကုန်၏။ ။ပဋိသန္ဓေကို ဖြစ်စေသော ကံတရားသည် အားနည်းသော တိဟိတ်ဩမကကံ, ဒွိဟိတ်ဥက္ကဋ္ဌကံ ဖြစ်ခဲ့အံ့၊ မဟာဝိပါက် ဖြစ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည်လည်း ဉာဏဝိပ္ပယုတ် မဟာဝိပါက် စိတ်တို့သာလျှင် ဖြစ်ကုန်၏။

တဒါရုံ ဖြစ်သော မဟာဝိပါက်စိတ်မှုကား၊ ဇောစိတ် အားလျော်စွာသာလျှင် ဖြစ်ကုန်၏။ ရှေ့ဇော စိတ်သည် ဉာဏသမ္ပယုတ် ဖြစ်အံ့၊ ထိုနောင်

---

၁၆-၁။ ။ဤမဟာဝိပါက် စိတ်တို့သည်လည်း။ [illegible]

ဟိ=မှန်၏။ ဣဒံ=ဤမဟာဝိပါက်စိတ်သည်။ ပဋိသန္ဓိဘဝင်္ဂစုတိ တဒါရမ္မဏဝသေန=ပဋိသန္ဓေ,ဘဝင်,စုတေ,တဒါရုံတို့၏အစွမ်းအားဖြင့်။ ပရိတ္တဓမ္မပရိယာပန္နေသု=ကာမတရားတို့၌ အကျုံးဝင်ကုန်သော၊ ဆသု အာရမ္မဏေသု=ခြောက်ပါးကုန်သော အာရုံတို့၌။ ပဝတ္တတိ=ဖြစ်၏။ သမ္ပယုတ္တဓမ္မာနဉ္စ=ယှဉ်ဖက်တရားတို့၏လည်း [illegible] ဝိသေသေ=ထူးသည်။ အသတိပိ=မရှိသော်လည်း။ အာဒါသတလာဒီသု=မှန်ပြင်အစရှိသည်တို့၌။ မုခနိမိတ္တံ ဝိယ=မျက်နှာရိပ်ကဲ့သို့။ နိရုဿာဟံ=အားထုတ်ခြင်းမရှိသော [illegible] ဝိပါကံ=ဝိပါက်စိတ်ကို [illegible]။ မုခံ ဝိယ=မျက်နှာကဲ့သို့။ သဥဿာဟံ=အားထုတ်ခြင်းနှင့်တကွဖြစ်သော [illegible] ကုသလံ=ကုသိုလ်ကို [illegible]။

ကျသော တဒါရုံဝိပါက်သည်လည်း ဉာဏသမ္ပယုတ်ပင် ဖြစ်၏။ ရှေ့ဇော စိတ်သည် ဉာဏဝိပ္ပယုတ်ဖြစ်အံ့၊ ထိုနောင်ကျသော တဒါရုံဝိပါက်သည် လည်း ဉာဏဝိပ္ပယုတ်ပင် ဖြစ်တော့၏။

တရံတခါ၌သော်ကား ရှေ့ဇောစိတ်ကို မငဲ့ကွက်မူ၍ ပဝတ္တိ အခါ၌ ဖြစ်သော ကံအားလျော်စွာဖြစ်၏။ ။ဖြစ်ပုံကား····အကုသိုလ်စိတ် အဖြစ် များသောသူအား တခါတရံ ကုသိုလ်ဇောစိတ်တို့သည် ဖြစ်ကုန်သော် လည်း အကုသိုလ်ဇော၏ အခြားမဲ့၌ ဖြစ်လေ့,ကျလေ့ရှိသော အလေ့အလာ အားလျော်စွာ တိဟိတ်ကုသိုလ်ဇော၏ အခြားမဲ့၌လည်း အဟိတ်တဒါရုံ, မဟာဝိပါက်စိတ်ဖြစ်၏။ ထိုအတူ ကုသိုလ်စိတ် အဖြစ်များသော သူအား တရံတခါ အကုသိုလ်ဇောတို့သည် စောကုန်သော်လည်း ကုသိုလ်ဇော၏ နောက်၌ ဖြစ်လေ့,ကျလေ့ရှိသော တိဟိတ်တဒါရုံ မဟာဝိပါက်စိတ်သာ လျှင် ဖြစ်၏-ဟု အထူးမှတ်လေ။

၁၆-ဂ။ ။ပဋိသန္ဓာဒိဝသပဝတ္တိယံ ကမ္မဿ ဗလဝါဗလဝတာ ဝတော,တဒါလမ္ဗဏပဝတ္တိယံ ယေဘုယျေန ဇဝနာ နု ပတော,ကဒါစိ တတ္ထာပိ ကမ္မာနုရူပတော,စ,ဉာဏ သမ္ပယုတ္တာနိ ဉာဏဝိပ္ပယုတ္တာနိစ ဟောန္တိ။

ဋီကာကျော်။

---

**ဆောင်ပုဒ်**

က။ ။ကံအားလျော်စွာ၊ဝိပါက်မှာ၊ဖြစ်ရာဉာဏ်၏ အပြားတည်း။
ခ။ ။တဒါရုံမူ၊ဇောနှင့်တူ၊မှတ်ယူဉာဏ်၏ အပြားတည်း။
ဂ။ ။တခါတလေ၊ကံသစ်အနေ၊ ဖြစ်ပေဉာဏ်၏ အပြားတည်း။

---

## မဟာဝိပါက်စိတ်၏ အသင်္ခါရိက သသင်္ခါရိက ဖြစ်ပုံ

မဟာဝိပါက်စိတ်၏ အသင်္ခါရိက ဖြစ်မှု, သသင်္ခါရိက ဖြစ်မှုသည်

---

၁၆-ဂ။ ။ပဋိသန္ဓာဒိဝသပဝတ္တိယံ၊ ပဋိသန္ဓေအစရှိသော ဝီထိတို့၏ ဖြစ်သော အခါ၌။ ကမ္မဿ၊ ဇနကကံ၏။ ဗလဝါဗလဝတာဝသေန၊ အားကြီးသည်၏အဖြစ်, အားနည်းသည်၏ အဖြစ်အကြောင်းကြောင့်။ တဒါလမ္ဗဏပဝတ္တိယံ၊ တဒါရုံဖြစ်သောအခါ၌။ ယေဘုယျေန၊ များသော အားဖြင့်။ ဇဝနာနုရူပတော၊ ဇောအားလျော်သောအားဖြင့်။ ကဒါစိ၊ တံခါတရံ၌။ တတ္ထာပိ၊ ထိုအခါ၌လည်း။ ကမ္မာနုရူပတော၊ ကံအားလျော်စွာ။ ဉာဏသမ္ပယုတ္တာနိ စ၊ ဉာဏ်ယှဉ်သည်တို့။ ဉာဏဝိပ္ပယုတ္တာနိ စ၊ ဉာဏ်မယှဉ်သည်တို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရှေးဘဝက ပြုခဲ့ကြသော ကဋတ္တာ ကံအဟောင်းကြောင့်၎င်း၊ ယခုပစ္စက္ခ ဘဝ၌ဖြစ်သော ဇောစိတ်အားလျော်စွာ၎င်း၊ ဥတု, ဘောဇဉ်, ကျောင်း, အရိပ်အာဝါသတို့ကြောင့်၎င်း ဖြစ်လေ၏။ ထိုအကြောင်း တရားတို့တွင် ပဋိသန္ဓေ, ဘဝင်, စုတိ ဟု ဆိုအပ်သော မဟာဝိပါက် စိတ်တို့သည် ရှေးဘဝကံဟောင်း အကြောင်း အားလျော်စွာ သာလျှင် အသင်္ခါရိက, သသင်္ခါရိကဖြစ်ကြရ၏။ ။တဒါရုံမဟာဝိပါက် စိတ်တို့သည်ကား ပစ္စက္ခ ဖြစ်သောဇောစိတ် ဥတု ဘောဇဉ် စသော အကြောင်းများ အားလျော်စွာ သာလျှင် အသင်္ခါရိက,သသင်္ခါရိက ဖြစ်ကြရ၏ဟု ခွဲခြမ်းမှတ်သားလေ။

ဖြစ်ပုံကား····ပဋိသန္ဓေ မဟာဝိပါက်ကို ဖြစ်စေသော ရှေးကံဟောင်း သည် အသင်္ခါရိကကံဖြစ်ပါက၊၎င်းပဋိသန္ဓေ စိတ်, ဘဝင်စိတ်, စုတိစိတ် တည်းဟူသော မဟာဝိပါက် တို့သည်လည်း အသင်္ခါရိကသာလျှင် ဖြစ်ကုန်၏။ ။၎င်းကံဟောင်းသည် သသင်္ခါရိက ဖြစ်ပါက ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တည်းဟူသော မဟာဝိပါက်တို့သည်လည်း သသင်္ခါရိကသာလျှင် ဖြစ်ကြရကုန်၏-ဟု မှတ်။

တဒါရုံဖြစ်သော မဟာဝိပါက်စိတ်သည်ကား မိမိ၏ ရှေ့ဝီထိစဉ်၌ ချုပ်၍ သွားသော ကုသိုလ်,အကုသိုလ်ဇောစိတ်အားလျော်စွာ၎င်း,ဥတု ဘောဇဉ် စသော အကြောင်း အားလျော်စွာ၎င်း အသင်္ခါရိက, သသင်္ခါရိက ဖြစ်ရ၏။

ဖြစ်ပုံကား···· ရှေ့ဇောစိတ်သည် အသင်္ခါရိက ဖြစ်ပါက နောက် ဖြစ်သော တဒါရုံ မဟာဝိပါက်သည်လည်း အသင်္ခါရိကသာလျှင် ဖြစ်၏။ ရှေ့ဇောစိတ်သည် သသင်္ခါရိက ဖြစ်ပါမူ၊နောက် တဒါရုံ ဖြစ်သော မဟာ ဝိပါက်စိတ်သည်လည်း သသင်္ခါရိကသာ ဖြစ်ရ၏။

သင့်တင့် လျောက်ပတ် မွန်မြတ် ကောင်းလှသော ဥတု, ဘောဇဉ်, ကျောင်း, အိမ်, အရိပ်အာဝါသ စသည်ကို ရရှိပါမူ အသင်္ခါရိက မဟာ ဝိပါက်တဒါရုံ ဖြစ်၏။ ။မသင့်တင့်မလျောက်ပတ်သော ဥတု,ဘောဇဉ်, ကျောင်း, အိမ်, အရိပ်အာဝါသ စသည်ကို သုံးဆောင် ခံစားရပါမူ သသင်္ခါရိက မဟာဝိပါက်ဖြစ်သော တဒါရုံ ဖြစ်၏။ ။ဟူလို။

၁၆-ဃ။ ။အသင်္ခါရ,သသင်္ခါရ ဝိဓာနဒွေတ္တ ကုသလတော
စေဝ ပစ္စယဘေဒတောစဝေဒိတဗ္ဗံ။အသင်္ခါရိကဿ
ဟိ ကုသလဿ အသင်္ခါရိကမေဝ ဝိပါကံ သသင်္ခါ
ရိကဿ သသင်္ခါရိကံ၊ ဗလဝပစ္စယေဟိ စ ဥပ္ပန္နံ
အသင်္ခါရိကံ၊ ဣတရေဟိ ဣတရံ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဆောင်ပုဒ်

က။ ။ကံအားလျော်စွာ၊ ဝိပါက်မှာ၊ ဖြစ်ရာ သင်္ခါရ။

ခ။ ။တဒါရုံမှာ၊ ပစ္စက္ခာကြောင်း၊ ဇောတူလောင်း။ ဖြစ်နှောင်း
သင်္ခါရ။

---

## ကာမာဝစရ-မဟာကြိယာစိတ် အဘွင်

၁၇။ ။သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါ
ရိက မေကံ၊ သသင်္ခါရိကမေကံ။ သောမနဿ သဟ
ဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိက မေကံ၊ သသင်္ခါ
ရိက မေကံ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အ
သင်္ခါရိကမေကံ၊ သသင်္ခါရိက မေကံ၊ ဥပေက္ခာသဟ
ဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိက မေကံ၊ သသင်္ခါ
ရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုက ကာမာဝစရ
ကြိယစိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠ်။

---

၁။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော
အသင်္ခါရိကစိတ် တခု၊

၂။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော
သသင်္ခါရိကစိတ် တခု၊

---

၁၆-ဃ။ ဋီကာ၊ ဉာဏ်ဟူသော ဝါကျ၏ အနက်။ အသင်္ခါရ သသင်္ခါရဝိဓာနံ၊ အသင်္ခါရ,သသင်္ခါရ
အစီအရင်ကို။ ကုသလတောစေဝ၊ ကုသိုလ်အားဖြင့်ရင်း။ ပစ္စယဘေဒတောစ၊ ပစ္စည်းအထူး

၃။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော အသင်္ခါရိကစိတ် တခု၊

၄။ ။သောမနဿ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော သသင်္ခါရိကစိတ် တခု၊

၅။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော အသင်္ခါရိကစိတ် တခု၊

၆။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော သသင်္ခါရိကစိတ် တခု၊

၇။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော အသင်္ခါရိကစိတ် တခု၊

၈။ ။ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော သသင်္ခါရိကစိတ် တခု၊

ဤရှစ်ပါးသောစိတ်တို့သည် ဟိတ်နှင့်တကွဖြစ်သောကြောင့် သဟိတ် ကာမာဝစရကြိယာစိတ်မည်ကုန်၏။ ။ဟူလို။

ဤကား ဝိဏ္ဏာဋ္ဌ။

---

## မဟာကြိယာစိတ် ဖြစ်ပုံ

ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် ဘဝများစွာ သံသရာ၌ အဝိဇ္ဇာနှင့် တဏှာ အစေးခံတတ်တို့၏ အားအစွမ်း အလျောက် လူးလာတုံ့ခေါက် တဘဝပြီး တဘဝ၊ ကူးစက်ခါ ကျင်လည် ကြကုန်၏။ မိမိဖြစ်ရာ ဘုံဘဝ၌လည်း ၎င်းအဝိဇ္ဇာ တဏှာ ဖုံးလွှမ်းမှုကြောင့် ဒုက္ခမျိုးအဖုံဖုံကို ဒုက္ခဟု အဟုတ် မထင်နိုင်,မမြင်နိုင်ပါဘဲ အမြဲပင်ခင်မင် ပျော်ပိုက်ကြလေကုန်၏။ ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာ- အစေးခံတတ်တို့၏ အားအရှိန်သည် မည်မျှလောက်

---

အဓိပ္ပာယ်ဖွင့်ရှင်း။ ဝေဒနာဒွိ၊ ၏။ ဟိ၊ မှန်၏။ အသင်္ခါရံ သ၊ အသင်္ခါရဖြစ်သော။ ကုသလဿ၊ ၏။ ဝိပါကံ၊ သည်။ အသင်္ခါရိကမေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ သသင်္ခါရိကဿ၊ သော။ ကုသလဿ၊ ၏။ ဝိပါကံ၊ သည်။ သသင်္ခါရိကမေဝ၊ သသင်္ခါရိကသည်သာလျှင်။ ဟောတိ၊ ၏။ ဗလဝပစ္စယေဟိ၊ အားကြီးသော အကြောင်းတို့ကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝိပါကံ၊ သည်။ အသင်္ခါရိကံ၊ သည်။ ဟောတိ၊ ၏။ ဒုဗ္ဗလပစ္စယေဟိ၊ ဒုဗ္ဗလဖြစ်သော အားနည်းသော အကြောင်းတို့ကြောင့်။ ဥပ္ပန္နံ၊ သော။ ဝိပါကံ၊ သည်။ သသင်္ခါရိကံ၊ သည်။ ဟောတိ၊ ၏။

ကြီးသည်ကို သိသင့်၏။ ။ထိုမျှလောက် ကြီးကျယ်သော အဝိဇ္ဇာဓာတ်, တဏှာ ဓာတ်ကြီး ၂-ပါးကို ပကတိ ဖြစ်သော လှံ,ဓား-တို့ဖြင့် ခုတ်ဖြတ် ဖျက်ဆီးသော်လည်း မရနိုင်ကုန်။ ။အကြင်အခါ အရဟတ္တမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ ထိုအဝိဇ္ဇာဓာတ်, တဏှာဓာတ် အစေးတို့သည် အဆိပ်ပင်ပေါင်းများစွာကို ဖြစ်ပွါးစေနိုင်သော အဆိပ်စေ့တို့ကို ဒယ်အိုး၌ ထည့်ခါ မီးပြင်းတိုက်၍ လှော်လိုက်သဖြင့် အဆိပ်ဓာတ် အဆိပ်ဟုန်တို့သည် တခါတည်း ကင်းရှင်းခြောက်ခန်းကုန်ဘိသကဲ့သို့ ဘဝတိုင်း ခန္ဓာအစဉ်တို့၌ အမြဲလိုက်ပါ ကိန်းအောင်းနေသော ဘဝသစ်ပေါင်း များစွာကို ဖြစ်စေနိုင်သော အဝိဇ္ဇာနုသယ, တဏှာနုသယ အစေးဓာတ်တို့သည် ကုန်ဆုံး ခြောက်ခန်းလေကုန်သတည်း။

ထိုကဲ့သို့ ဘဝ၏ အကြောင်းရင်း အဝိဇ္ဇာ တဏှာ ကင်းရှင်းသော အာသဝေါကင်းစင် ဘုရားရဟန္တာအရှင်တို့၏ သန္တာန်တော်၌ ပေးကမ်း လှူဒါန်းမှုဒါန, ဆောက်တည်မှု-သီလ,ပွါးများမှု-ဘာဝနာ,အမှု၊ ကုသိုလ် တရားတို့ကိုပင် ပြုလုပ်လင့်ကစား ၎င်းကုသိုလ်တို့သည် ပဋိသန္ဓေ, တမလွန် တို့၌ ဘဝသစ်အကျိုးမပေးနိုင်။ပြုလုပ်သောအကျိုးတစုံတရာမျှမရှိ၊ ပြုကာမျှ မတ္တ ဖြစ်သောကြောင့် "ကရဏံ ကြိယာ"။ ။ဝိဂ္ဂြိုဟ်အရ ကြိယာမည် လေသတည်း။ ။ကရဏံ၊ပြုခြင်း။ကြိယာ၊ပြုခြင်း-ဟု အနက်ပေး။

ကြိယာတိ ကရဏမတ္တာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

**မှတ်ချက်**။ ။ဤမဟာကြိယာစိတ်၌ ဝေဒနာ, ဉာဏ်, သင်္ခါရတို့၏ အဓိပ္ပါယ်တို့သည် များသောအားဖြင့် မဟာကုသိုလ်နှင့် တူသောကြောင့် မရေးမသား ချွင်းချန်၍ ထားလိုက်ပေ သတည်း။

---

**အမေး အဖြေ**

မေး။ ။ကာမာဝစရ စိတ်သည် ကုသိုလ်, ဝိပါက်, ကြိယာ ဟူ၍ သုံးမျိုးရှိသည့်တွင် အဘယ့်ကြောင့် ကုသိုလ်ကို ရှေ့ထား၍ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ဝိပါက်နှင့် ကြိယာတို့သည် ကုသိုလ်လျှင် ရှေ့သွားခြင်းရှိသော ကြောင့် ကုသိုလ်ကို ရှေ့ဦးထား၍ မိန့်ဆိုပါသတည်း။

မေး။ ။ကုသိုသို၏ နောက်၌ အဘယ့်ကြောင့် ဝိပါက်ကို မိန့်ဆို အပ်ပါသနည်း။

ဖြေ။ ။ကုသိုလ်၏ အကျိုးတရား ဖြစ်သောကြောင့် ကုသိုလ်၏အခြား မဲ့၌ ဝိပါက်ကို မိန့်ဆိုရပါသည်။

မေး။ ။အဘယ့်ကြောင့် ကြိယာကို နောက်ဆုံးထား၍ မိန့်ဆိုအပ်ပါ သနည်း၊ကုသိုလ်မျိုးပင်ဖြစ်၍ ကုသိုလ်၏ အခြားမဲ့၌ မိန့်ဆို အပ်သည် မဟုတ်ပါလော။

ဖြေ။ ။ကုသိုလ်သတ္တိ အရှိန်မှုကင်းသောကြောင့်၎င်း၊ အကျိုးမပေး သော တရားမျိုးဖြစ်သောကြောင့်၎င်း၊ဝိပါက်၏ နောက်ဆုံး၌ ထား၍ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ဝေဒနာသည် သဘောတရားအားဖြင့် ကွဲပြားသောကြောင့် ပြားတန်စေ၊ ဉာဏ်, သင်္ခါရတို့သည်ကား သဘောမပြားပါ ဘဲလျက် အဘယ့်ကြောင့် ပြားပါကုန်သနည်း။

ဖြေ။ ။မိုဃ်းရွာမှု မိုဃ်းမရွာမှုကို အစွဲပြု၍ ဝပြော စည်ပင်ခြင်း, ငတ်မွတ်ခြင်းကို မိုဃ်းသည် ပြုအပ်၏၊ မိုဃ်းကြောင့် ဖြစ်၏ ဟု ဆိုအပ်သော စကားမျိုး ကဲ့သို့ ဉာဏ်, သင်္ခါရ-တို့က မပြားသော်လည်း ဉာဏ်,သင်္ခါရတို့၏ ရှိသည့်အဖြစ်,မရှိသည် အဖြစ်ကို အစွဲပြု၍ ရှိခြင်း, မရှိခြင်း အပြားကို ပင်လျှင် ဉာဏ် အပြား, သင်္ခါရအပြားဟု ဆိုအပ်ပါသတည်း။

မေး။ ။ကာမာဝစရကုသိုလ်၌ သဟေတုကသဒ္ဒါကို မဆိုမူ၍ ဝိပါက် စိတ်, ကြိယာစိတ်တို့၌သာလျှင် သဟေတုကသဒ္ဒါကို အဘယ့် ကြောင့် ဆိုအပ်ပါသနည်း။

ဖြေ။ ။ကုသိုလ်စိတ်ကား သဟိတ်ကေန်ဖြစ်၍ ယုံမှားဘွယ်မရှိသော ကြောင့် သဟေတုကသဒ္ဒါကို မထည့်ရ၊ ဝိပါက်စိတ် ကြိယာ

စိတ်များသာလျှင် အဟိတ်, သဟိတ်-နှစ်မျိုးနှစ်စား ပြားသဖြင့် အဟိတ်ဝိပါက် အဟိတ်ကြိယာကို နစ်စေခြင်းငှါ ၎င်းစိတ်တို့၌ သဟေတုကသဒ္ဒါကို ထည့်၍ မိန့်ဆိုအပ်ပါသတည်း။

၁၆-ဂ။ ။ဝိပါကကြိယာနံ ကုသလပုဗ္ဗကတ္တာ ဝုတ္တံ။ ။ကြိယာစိတ္တံ ပန ကုသလသတ္တိရဟိတတ္တာ အဝိပဇ္ဇနသဘာဝတ္တာ စ တထော ပဏ္ဏာ ဝုတ္တံ။ ဉာဏသင်္ခါရာနံ ဘာဝါဘာဝဘေဒေါပိ ဉာဏသင်္ခါရဘေဒေါ နာမ။ ယထာ ဝသာကတော သုဘိက္ခော ဒုဗ္ဘိက္ခောတိ။

သင်္ခေပ ဝဏ္ဏနာ။

---

## ဆောင်ပုဒ်

က။ ။ပြဓာန်းတုံငြား၊ ကု-ရှေ့ထား၍၊ နောက်ထားကျိုးတွက်၊ယင်း ဝိပါက်၊ မိန့်မြွက် စဉ်ထားဆို။

ခ။ ။ကုသိုလ်ဝိပါက်၊ ဆန့်ကျင်ဘက်၊ နောက်ဆက်-ကြိကို။

ဂ။ ။ရှိ-မရှိမှု၊ အကြောင်းပြု၊ မိန့်ရှု-ဉာဏ်-သင်- အပြားဆို။

---

## ၁၈။ ။ဣစ္စေဝံ သဗ္ဗထာပိ စတုဝီသတိ ကာမာဝစရ ကုသလဝိပါကကြိယာစိတ္တာနိ သမတ္တာနိ။

သင်္ဂြိုဟ်ပါဌ်။

---

ဤအထက်ပါ ဆိုအပ်ပြီးသောနည်းဖြင့်ကုသိုလ် ၈-ပါး၊ ဝိပါက် ၈-ပါး၊ ကြိယာ ၈-ပါး၊ဤသို့အားဖြင့် ၂၄-ပါးကုန်သော သဟိတ် ကာမာဝစရ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့သည် ပြီးကုန်ပြီ။ ။ဟူလို။

---

၁၆-ဂ။ ။ဝိပါက ကြိယာနံ၊ ဝိပါက် ကြိယာတို့၏။ ကုသလပုဗ္ဗင်္ဂမတ္တာ၊ ကုသိုလ်သည် ရှေ့သွားရှိသည်၏ အဖြစ်ကြောင့်။ ဥတ္တံ၊ ကုသိုလ်နှင့်ဆင်းတူ ဆိုအပ်၏။

ပန၊ ဆက်။ ကြိယာစိတ္တံ၊ ကြိယာစိတ်သည်။ ကုသလသတ္တိရဟိတတ္တာ စ၊ ကုသိုလ်သတ္တိ ကင်းသည်၏အဖြစ်ကြောင့်လည်းကောင်း။ အဝိပဇ္ဇနသဘာဝတ္တာ စ၊ အကျိုးမပေးသော သဘောရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ တထာ တထာ၊ ထိုထို ဝိပါက်မှ ပြားခြင်းကြောင့်။ ဥတ္တံ၊ ဆို၏။

ဉာဏသင်္ခါရာနံ၊ ဉာဏ်သင်္ခါရတို့၏။ ဘာဝါဘာဝဘေဒေါပိ၊ ရှိသည်၏အဖြစ်, မရှိသော အဖြစ်ဟု ဆိုအပ်သော အပြားသည်လည်း။ ဉာဏသင်္ခါရဘေဒေါ နာမ၊ ဉာဏ်, သင်္ခါရတို့၏ အပြားမည်၏။

## သဟေတုက သဒ္ဒါထည့်ရသော အကြောင်း

မဟာကုသိုလ်၌ သဟေတုကသဒ္ဒါကို မဆိုမူ၍ အဘယ့်ကြောင့် မဟာဝိပါက်,မဟာကြိယာစိတ်တို့၌သာ သဟေတုကသဒ္ဒါကို ဆိုအပ်ပါသနည်းဟူမူ။ ။မဟာကုသိုလ်ကား ဧကန္တသဟိတ်စိတ်ဖြစ်၍ သဟိတ်လော,အဟိတ်လောဟု တွေးတော ယုံမှားဘွယ်မရှိ၍ သဟေတုကသဒ္ဒါကို မဆိုရ, မယှဉ်ရပေ။ ။မဟာဝိပါက်, မဟာကြိယာ စိတ်များသာလျှင် အဟိတ်ဝိပါက်,အဟိတ်ကြိယာလည်း ရှိသဖြင့် အဟိတ်လော, သဟိတ်လောဟု တွေးတောယုံမှားဘွယ် ရှိလေသောကြောင့် မဟာဝိပါက်, မဟာကြိယာ, စိတ်တို့၌သာ သဟေတုက သဒ္ဒါကို အထူးမ-၍ ဆိုရပေသတည်း။

၁၆-စ။ ။သဟေတုကဂ္ဂဟဏံ ဝိပါကကြိယာပေက္ခံ ဝိသေသနံ
ကုသလဿ ဧကန္တသဟေတုကတ္တာ။

ဋီကာကျော်။

---

## ကာမာဝစရ သဒ္ဒါကို ဆိုရသော အကြောင်း

အကုသိုလ်စိတ်သည် ဧကန္တကာမာဝစရမည်ပါလျက် ကာမာဝစရသဒ္ဒါဖြင့် မဆိုပါဘဲ ဤ-မဟာကုသိုလ် စသည်တို့၌သာ အဘယ့်ကြောင့် ကာမာဝစရသဒ္ဒါဖြင့် ဝိသေသ-မ၍ သဟေတုက ကာမာဝစရ ဟု ဆိုရပါသနည်းဟူမူ။ ။အကုသိုလ်ကား ကာမအကုသိုလ်,ရူပအကုသိုလ်,အရူပအကုသိုလ်ဟု ဘုံအပြားမရှိပေ၊ကုသိုလ်သည်သာ ကာမကုသိုလ်,ရူပကုသိုလ်, အရူပကုသိုလ်,ဟု ဘုံအားဖြင့် ပြားလေသောကြောင့် အခြားသောဘုံတို့ကို နစ်စေခြင်းအကျိုးငှါ ကုသိုလ်စသည်၌သာ ကာမာဝစရသဒ္ဒါကို မိန့်ဆိုအပ်ပါသတည်း။

သဓဏ္ဍာနိ-ပုဒ်၌ သဓဏ္ဍ-သဒ္ဒါကား ပရိနိဋ္ဌိတ အနက်ကို ဟောသော

---

သုတ်ကွေ့ခေါ်သောပြောသည့် [illegible] ခြင်း [illegible]။ [illegible] ခြင်း [illegible] ပါး ခြင်း [illegible] ငှင်း။ [illegible] မိုးသည် ဖြစ်သက်ဖွဲ့ တသည်း။

၁၆-ဇ။ ။သဟေတုကဂ္ဂဟဏံ၊ သဟေတုကသဒ္ဒါသည်။ ဝိပါကကြိယာပေက္ခံ၊ ဝိပါက်နှင့် ကြိယာကိုသာငဲ့သော။ ဝိသေသနံ၊ ဝိသေသနပုဒ်တည်း။ [illegible] ကြောင့်နည်းဟူမူ ကုသလဿ၊ ကုသိုလ်၏။ ဧကန္တသဟေတုကတ္တာ၊ စင်စစ်အကန်၊ သဟိတ်မျိုး မှန်သောကြောင့်တည်း။

အနိပ္ဖန္နပါဠိပဒိက ပုဒ်တည်း။တို့ကြောင့် သမတ္တာနိ၊ပြီးဆုံးခြင်းသို့ ရောက်ကုန်၏-ဟု ပေး။

**တနည်း**။ ။သံရှေ့ရှိသော အဒ-ဓာတ်၊ သို့မဟုတ် အတ-ဓာတ်၊ ဂဟဏတ္ထကြံ။ ဤအလို။ ။သမတ္တာနိ၊ အကျဉ်း ချုံး၍ယူအပ်ကုန်ပြီ-ဟု ပေး။

ယသ္မာ ကုသလသာဝိယ အကုသလဿ ဘူမိဘေဒေါ နတ္ထိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**၁၉။ ။ဝေဒနာ ဉာဏသင်္ခါရ၊ဘေဒေန စတုဝီသတိ။**

**သဟေတုက ကာမာဝစရ၊ ပုညပါက ကြိယာ မတာ။**

သဂြိုဟ်ပါဌ်။

---

ကုသိုလ် စိတ်၌ သောမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာ အားဖြင့် ၂-ပါး ရှိ၏။ ဉာဏသမ္ပယုတ်ကား ၄-ပါး၊ ဉာဏဝိပ္ပယုတ် စိတ်လည်း ၄-ပါးသာ ရှိသဖြင့် ဉာဏ်အားဖြင့် ၄-ပါးရှိ၏။ သင်္ခါရအားဖြင့် ၈-ပါး အပြားရှိ၏။ဝိပါက်စိတ်, ကြိယာစိတ်တို့၌ ဤသို့ပင် ပြားလေသောကြောင့် ကုသိုလ်, ဝိပါက်, ကြိယာ စိတ်သုံးပါးကို ပေါင်းလိုက်သည် ရှိသော် ဝေဒနာအားဖြင့် ခြောက်ပါး ပြား၏။ ဉာဏ်အားဖြင့် ၁၂-ပါး ပြား၏။ သင်္ခါရအားဖြင့် ၂၄-ပါး ပြား၏။ ထို့ကြောင့် ကာမာဝစရစိတ်သည် ၂၄-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ကာမာဝစရစိတ် သရုပ်ခွဲ**

ထိုကာမာဝစရ စိတ်သည်-

| | | | | | |
|---|---|---|---|---|---|
| သောမနဿစိတ် | ၁၂၊ | ဥပေက္ခာစိတ် | ၁၂၊ | ပေါင်း | ၂၄-ပါးဖြစ်၏။ |
| သမ္ပယုတ်စိတ် | ၁၂၊ | ဝိပ္ပယုတ်စိတ် | ၁၂၊ | ပေါင်း | ၂၄-ပါးဖြစ်၏။ |
| အသင်္ခါရိက | ၁၂၊ | သသင်္ခါရိက | ၁၂၊ | ပေါင်း | ၂၄-ပါးဖြစ်၏။ |
| ဒွိဟိတ်စိတ် | ၁၂၊ | တိဟိတ်စိတ် | ၁၂၊ | ပေါင်း | ၂၄-ပါးဖြစ်၏။ |
| ဩမကစိတ် | ၁၂၊ | ဥက္ကဋ္ဌစိတ် | ၁၂၊ | ပေါင်း | ၂၄-ပါးဖြစ်၏။ |

ပဌမဒွေး ၃-လီ, ၆-ပါး၊ ဒုတိယဒွေး ၃-လီ, ၆-ပါး။
ပေါင်း သမ္ပယုတ် ၁၂-ပါး ဖြစ်၏။
ဒုတိယဒွေး ၃-လီ, ၆-ပါး၊ စတုတ္ထဒွေး ၃-လီ, ၆-ပါး။
ပေါင်း ဝိပ္ပယုတ် ၁၂-ပါး ဖြစ်၏။
ပေါင်း.... ၂၄-ပါး ဖြစ်၏။

---

သုခသာဖြစ်၍ သမ္ပယုတ် မဖြစ်သောစိတ် ၆-ခု၊
သမ္ပယုတ်သာဖြစ်၍ သုခ မဖြစ်သောစိတ် ၆-ခု၊
သုခ-သမ္ပယုတ် ၂-ပါးစုံ ဖြစ်သောစိတ် ၆-ခု၊
သုခ-သမ္ပယုတ် ၂-ပါးစုံ မဖြစ်သောစိတ် ၆-ခု၊
ပေါင်း ၂၄-ပါး။

---

သုခသာဖြစ်၍ ဝိပ္ပယုတ် မဖြစ်သောစိတ် ၆-ခု၊
ဝိပ္ပယုတ်သာဖြစ်၍ သုခ မဖြစ်သောစိတ် ၆-ခု၊
သုခ-ဝိပ္ပယုတ် ၂-ပါးစုံ ဖြစ်သောစိတ် ၆-ခု၊
သုခ-ဝိပ္ပယုတ် ၂-ပါးစုံ မဖြစ်သောစိတ် ၆-ခု၊
ပေါင်း ၂၄-ပါး။

---

သုခသာဖြစ်၍ အသင်္ခါရိက မဖြစ်သောစိတ် ၆-ခု၊
အသင်္ခါရိကသာ ဖြစ်၍ သုခ မဖြစ်သောစိတ် ၆-ခု၊
သုခ-အသင်္ခါရိက ၂-ပါးစုံ ဖြစ်သောစိတ် ၆-ခု၊
သုခ-အသင်္ခါရိက ၂-ပါးစုံ မဖြစ်သောစိတ် ၆-ခု၊
ပေါင်း ၂၄-ပါး။

---

သုခသာဖြစ်၍ သသင်္ခါရိကမဖြစ်သောစိတ် ၆-ပါး၊
သင်္ခါရိကသာဖြစ်၍ သုခ မဖြစ်သောစိတ် ၆-ပါး၊
သုခ-သသင်္ခါရိက ၂-ပါးစုံ ဖြစ်သောစိတ် ၆-ပါး၊
သုခ-သသင်္ခါရိက ၂-ပါးစုံ မဖြစ်သောစိတ် ၆-ပါး၊
ပေါင်း ၂၄-ပါး။

သုခမှု ၄-ချက် ပြီး၏။

ဤသို့ သုခကိုမူတည်၍ သမ္ပယုတ်,ဝိပ္ပယုတ်,အသင်္ခါရိက,သသင်္ခါရိက တို့ကို မူလီသွတ်၍ ၄-နည်း။ ။ထိုအတူ ဥပေက္ခာ မူ၌လည်း ၄-နည်း။ သမ္ပယုတ်၌ကား အသင်္ခါရိက,သသင်္ခါရိကကို မူလီသွတ်၍ ၂-နည်း။ ။ ထိုအတူ ဝိပ္ပယုတ်၌လည်း ၂-နည်း။ ။ရှေ့ဆိုအပ်ခဲ့ပြီးသော ၆-နည်းနှင့် ရော၍ ၁၈-နည်းတို့ကို သေချာ ဂ န သဘောညဏ်ရအောင် အထပ်ထပ် ခွဲလေ။

---

## ၂၀။ ။ကာမေ တေဝီသ ပါကာနိ ပုညာပုညာနိ ဝီသတိ။ ဧကာဒသ ကြိယာစေတိ စတုပညာသ သဗ္ဗထာ။

သင်္ဂြိုဟ်ပါဌ်။

---

ကာမစိတ်သည် ဝိပါက်စိတ် ၂၃-ပါး၊ ကုသိုလ်,အကုသိုလ်စိတ် ၂၀၊ ကြိယာစိတ် ၁၁-ပါးအားဖြင့် ဇာတ်တူရာကို ပေါင်းလိုက်သည် ရှိသော် ၅၄-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### ဇာတ်တူ ပေါင်း၍ သရုပ်ခွဲ

| | |
|---|---|
| ကာမကုသိုလ်, အကုသိုလ် | ၂၀၊ |
| ကာမဝိပါက် | ၂၃၊ |
| ကာမကြိယာ | ၁၁၊ |
| ပေါင်း ကာမစိတ် | ၅၄-ပါး ဖြစ်၏။ |

---

| | |
|---|---|
| အဟိတ်စိတ် | ၁၈၊ |
| ဧကဟိတ်စိတ် | ၂၊ |
| ဒွိဟိတ်စိတ် | ၂၂၊ |
| တိဟိတ်စိတ် | ၁၂၊ |
| ပေါင်း ကာမစိတ် | ၅၄-ပါး ဖြစ်၏။ |

| | |
|---|---|
| အဟိတ်စိတ် | ၁၈၊ |
| သဟိတ်စိတ် | ၃၆၊ |

ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

| | |
|---|---|
| အသောဘဏစိတ် | ၃၀၊ |
| သောဘဏစိတ် | ၂၄၊ |

ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀၊ |
| မနောဓာတ် | ၃၊ |
| မနောဒွါရာဝဇ္ဇန်း | ၁၊ |
| ကာမဇော | ၂၉၊ |
| တဒါရုံ | ၁၁၊ |

ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀၊ |
| သမ္ပဋိစ္ဆိုင်း | ၂၊ |
| သန္တီရဏ | ၃၊ |
| အာဝဇ္ဇန်း | ၂၊ |
| ကာမဇော | ၂၉၊ |
| တဒါရုံမဟာဝိပါက် | ၈၊ |

ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

| | |
|---|---|
| ဒုက္ခသဟဂုတ်စိတ် | ၁၊ |
| သုခသဟဂုတ်စိတ် | ၁၊ |
| ဒေါမနဿ သဟဂုတ် | ၂၊ |
| သောမနဿသဟဂုတ် | ၁၈၊ |
| ဥပေက္ခာသဟဂုတ် | ၃၂၊ |

ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

သုခသာဖြစ်၍ သမ္ပယုတ် မဖြစ်သောစိတ် ၁၁-ခု၊
သမ္ပယုတ်သာဖြစ်၍ သုခ မဖြစ်သောစိတ် ၁၂-ခု၊
သုခ- သမ္ပယုတ် ၂-ပါးစုံဖြစ်သောစိတ် ၈-ခု၊
သုခ သမ္ပယုတ် ၂-ပါးစုံ မဖြစ်သောစိတ် ၂၃-ခု၊
ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

သုခသာဖြစ်၍ ဝိပ္ပယုတ် မဖြစ်သောစိတ် ၈-ခု၊
ဝိပ္ပယုတ်သာဖြစ်၍ သုခ မဖြစ်သောစိတ် ၂၃-ခု၊
သုခ- ဝိပ္ပယုတ် ၂-ပါးစုံ ဖြစ်သောစိတ် ၁၁-ခု၊
သုခ- ဝိပ္ပယုတ် ၂-ပါးစုံ မဖြစ်သောစိတ် ၁၂-ခု၊
ပေါင်း ကာမစိတ် ၅၄-ပါးဖြစ်၏။

---

သုခသာဖြစ်၍၊ အသင်္ခါရိက မဖြစ်သောစိတ် ၈-ခု၊
အသင်္ခါရိကသာဖြစ်၍ သုခ မဖြစ်သောစိတ် ၂၃-ခု၊
သုခ-အသင်္ခါရိက ၂-ပါးစုံ ဖြစ်သောစိတ် ၁၁-ခု၊
သုခ-အသင်္ခါရိက ၂-ပါးစုံ မဖြစ်သောစိတ် ၁၁-ခု၊
ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

သုခသာဖြစ်၍ သသင်္ခါရိက မဖြစ်သောစိတ် ၁၁-ခု၊
သသင်္ခါရိကသာဖြစ်၍ သုခ မဖြစ်သောစိတ် ၉-ခု၊
သုခ သသင်္ခါရိက ၂-ပါးစုံ ဖြစ်သောစိတ် ၈-ခု၊
သုခ သသင်္ခါရိက ၂-ပါးစုံမဖြစ်သောစိတ် ၂၆-ခု၊
ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

---

ထိုအတူ ဒုက္ခသဟဂုတ်မှု, ဥပေက္ခာသဟဂုတ် မှုတို့၌လည်း သမ္ပယုတ် ဝိပ္ပယုတ်,အသင်္ခါရိက သသင်္ခါရိကတို့ကို မှုလီသွတ်၍ ၄-နည်းရအောင် ခွဲလေ။

သမ္ပယုတ်မှု ဝိပ္ပယုတ်မှု ၂-ပါးတို့၌လည်း အသင်္ခါရိက, သသင်္ခါရိက ၂-ပါးတို့ကို မှုလီသွတ်၍ ၂-နည်းစီ ရအောင်ခွဲ။ ။(ကြွင်းမဲ့ပြီ)။

## ဝေဒနာ,ဟိတ်,ကိစ္စ ဒွါရ,အာရုံ,ဝတ္ထု-တို့ဖြင့် ခွဲခြမ်းဝေဘန်ပုံ

ကုသိုလ်,ဝိပါက်,ကြိယာ သုံးပါးလုံးတို့သည် ဝေဒနာအားဖြင့် သောမနဿ,ဥပေက္ခာဝေဒနာ ၂-ပါး၊ ဟိတ်အားဖြင့် အလောဘ, အဒေါသ, အမောဟ-ဟိတ် ၃-ပါး၊ ကိစ္စအားဖြင့် ကုသိုလ် ကြိယာတို့သည် ဇောကိစ္စတပ်ကုန်၏။ မဟာဝိပါက် စိတ်သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်၏။ ။ဒွါရအားဖြင့် ကုသိုလ်ကြိယာ စိတ်တို့သည် ခြောက်ဒွါရလုံး၌ ဖြစ်ကုန်၏။ ဝိပါက်စိတ်သည် ပဋိသန္ဓေ, ဘဝင်,စုတိ,ကိစ္စ တပ်သောအခါ ခြောက်ဒွါရမှ လွတ်၍ တဒါရုံကိစ္စ တပ်သောအခါ ခြောက်ဒွါရ၌ ဖြစ်၏။ ။အာရုံအားဖြင့် ဉာဏဝိပ္ပယုတ်ဖြစ်သော ကုသိုလ်နှင့် ကြိယာတို့သည် လောကုတ္တရာကိုကြဉ်၍ အလုံးစုံကို အာရုံပြုကုန်၏။ ဉာဏသမ္ပယုတ် ကုသိုလ်ကား အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်၍ အလုံးစုံကိုအာရုံပြုနိုင်၏။ ဉာဏသမ္ပယုတ် ကြိယာသည် ကြွင်းမဲ့ဥဿုံ အလုံးစုံကို အာရုံပြုနိုင်၏။ဝိပါက်သည် ကာမကိုသာ အာရုံပြု၏။ ။ဝတ္ထုအားဖြင့် ကုသိုလ်ကြိယာတို့သည် ရုံခါ ဟဒယဝတ္ထုကိုမှီ၍ ရုံခါမမှီဘဲ ဖြစ်ကုန်၏၊ ဝိပါက်သည် ဟဒယဝတ္ထုကိုသာ မှီ၏။

---

## ကာမာဝစရစိတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်များ

ပရိတ္တလက္ခဏံ ကာမာဝစရံ။ ကာမတဏှာယ ဂေါစရဘာဝ
ရသံ စဋ္ဌလပစ္စုပဋ္ဌာနံ။ လောကိယဓမ္မပဒဋ္ဌာနံ။

ကာမာဝစရံ၊ ကာမာဝစရ စိတ်သည်။ ပရိတ္တလက္ခဏံ၊ သေးသိမ်နုပ်ဖွဲ့သော သဘောလက္ခဏာရှိ၏ ကာမတဏှာယ ဂေါစရဘာဝရသံ၊ ကာမတဏှာ၏ ကျင်လည် ကျက်စားရာ ဒ°ဖြစ်လျှင်ကိစ္စရှိ၏။ ။စဋ္ဌလပစ္စုပဋ္ဌာနံ၊ တုန်လှုပ်လွယ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ လောကိယ ဓမ္မ ပဒဋ္ဌာနံ လောကီတရားစုလျှင် နီးသော အကြောင်းရှိ၏။

ကာမာဝစရ စိတ်ဘွင့် ပြီး၏။

## ကာမစိတ် ၅၄-ပါး သရုပ်ခွဲ ဇယား

| စိတ်အမည် | သောမနဿ | သုခ | ဒုက္ခ | ဥပေက္ခာ | သမ္ပယုတ် | ဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက | ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အကုသိုလ် | ၄ | | ၂ | ၆ | ၈ | ၄ | ၇ | ၅ | ၁၂ |
| အဟိတ် | ၂ | ၁ | ၁ | ၁၄ | | ၁၈ | ၁၈ | | ၁၈ |
| ကုသိုလ် | ၄ | | | ၄ | ၄ | ၄ | ၄ | ၄ | ၈ |
| ဝိပါက် | ၄ | | | ၄ | ၄ | ၄ | ၄ | ၄ | ၈ |
| ကြိယာ | ၄ | | | ၄ | ၄ | ၄ | ၄ | ၄ | ၈<br>၅၄ |
| အကုသိုလ် | ၄ | | ၂ | ၆ | ၈ | ၄ | ၇ | ၅ | ၁၂ |
| ကုသိုလ် | ၄ | | | ၄ | ၄ | ၄ | ၄ | ၄ | ၈ |
| ဝိပါက် | ၆ | ၁ | | ၁၆ | ၄ | ၁၉ | ၁၉ | ၄ | ၂၃ |
| ကြိယာ | ၅ | | | ၆ | ၄ | ၇ | ၇ | ၄ | ၁၁<br>၅၄ |

ဓမ္မ.-362-20

## ရူပါဝစရ ကုသိုလ်စိတ် အဖွင့်

၂၁။ ။ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ပဌမ ဈာန ကုသလ စိတ္တံ။ ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဈာနကုသလစိတ္တံ။ ပီတိသုခေကဂ္ဂတာ သဟိတံ တတိယ ဈာန ကုသလစိတ္တံ။ သုခေကဂ္ဂတာ သဟိတံ စတုတ္ထ ဈာန ကုသလစိတ္တံ။ ဥပေက္ခေကဂ္ဂတာ သဟိတံ ပဉ္စမဈာန ကုသလ စိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရ ကုသလစိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဌ်။

---

၁။ ။ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့နှင့် တကွဖြစ်သော ပဌမဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၂။ ။ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့နှင့် တကွဖြစ်သော ဒုတိယဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၃။ ။ပီတိ, သုခ, ဧကဂ္ဂတာတို့နှင့် တကွဖြစ်သော တတိယ ဈာန်နှင့် ယှဉ်သောကုသိုလ်စိတ်တခု၊

၄။ ။သုခ, ဧကဂ္ဂတာနှင့် တကွဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၅။ ။ဥပေက္ခာ, ဧကဂ္ဂတာနှင့် တကွဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

ဤငါးပါးသော စိတ်တို့သည် ရူပါဝစရ ကုသိုလ်စိတ် မည်ကုန်၏-ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ရူပါဝစရ ကုသိုလ်စိတ် အပြား

ဤ ရူပါဝစရ ကုသိုလ်စိတ်သည် ငါးပါးအပြားရှိ၏-ဟု သာမညအားဖြင့် ဆိုသော်လည်း ဝိသေသအားဖြင့် ခွဲခြမ်းဝေဘန်သည်ရှိသော် ၁၂၅-ပါး အပြားရှိ၏။

စတုက္က, ပဉ္စက-ဈာန်နှစ်ပါး၏ အစွမ်းဖြင့် သုဒ္ဓိကနဝက ဖြစ်၏၊ ၎င်းဈာန်ကိုးပါးကို ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဉ်၊ ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာဉ်၊ သုခါပဋိပဒါ ဒန္ဓာဘိညာဉ်၊ သုခါပဋိပဒါ ခိပ္ပါဘိညာဉ် အစွမ်းဖြင့် ပဋိပဒါ စတုက္က နည်းအားဖြင့် ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဟောတော်မူအပ်သောကြောင့် ပဋိပဒါ စတုက္က နဝကဖြစ်၏။ ။ပရိတ္တံ ပရိတ္တာရမ္မဏံ။ ပရိတ္တံ အပ္ပမာဏာရမ္မဏံ။ အပ္ပမာဏံ ပရိတ္တာရမ္မဏံ။ အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ။ ။ဟူ၍ အာရမ္မဏ စတုက္ကနည်းအားဖြင့် ပါဠိတော်၌ ဟောတော်မူအပ်သောကြောင့် အရမ္မဏ စတုက္က နဝက လေးပါး ဖြစ်ပြန်၏။ ။ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရိတ္တာရမ္မဏံ။ ။ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ အပ္ပမာဏာရမ္မဏံ-အစရှိသဖြင့် အာရုံနှင့် ပဋိပဒါကို ရောနှောကာ ဟောတော်မူသော နည်းအစွမ်းအားဖြင့် ၁၆-ပါးသော နဝက ဖြစ်ပြန်၏။ ဤသို့လျှင် သုဒ္ဓိက နဝက ၁-ပါး၊ ပဋိပဒါန နဝက ၄-ပါး၊ အာရမ္မဏ စတုက္က နဝက ၄-ပါး၊ မိဿက နဝက ၁၆-ပါးကို ပေါင်းလေလျှင် နဝက ၂၅-ပါးဖြစ်သတည်း။စတုက္ကနည်း,ပဉ္စကနည်း, ၂-ပါးကိုခွဲခြမ်း၍အသီးသီး ဝေဘန် ရေတွက်သော်ကား။ ။စတုက္ကနည်း ၂၅-ပါး၊ ပဉ္စကနည်း ၂၅-ပါးကို စတုက္က နည်းအားဖြင့် ဈာန်လေးပါးဖြင့် မြှောက်သော် ဈာန်စိတ် ၁၀၀, ပဉ္စကနည်းအားဖြင့် ၁၂၅-ပါး ဖြစ်သတည်း။

ထိုနည်းများမှတပါး ပါဠိတော်၌ ကသိုဏ်း,အဘိဘာယတန, ဝိမောက္ခ စသော နည်းအားဖြင့်လည်း ဟောတော်မူအပ်သောကြောင့် ၎င်းတို့ဖြင့်လည်း မြှောက်ပွါးအပ်၏။

မြှောက်ပွါးပုံကား‥‥ ယင်းနဝက ၂၅-ပါးကို ပထဝီအစ ဩဒါတ အဆုံးရှိသော ကသိုဏ်းရှစ်ပါးနှင့် မြှောက်၊ နဝကပေါင်း ၂၀၀-ဖြစ်၏။ ။ သုဒ္ဓိက တပါး၊ပဋိပဒါ ၄-ပါး၊ အာရမ္မဏ ၂-ပါး၊ ပဋိပဒါရမ္မဏ ၈-ပါး၊ ပေါင်း ၁၅-ပါးကိုတည်၍ အဘိဘာယတန ၈-ပါးတို့တွင် ရှေ့လေးပါးနှင့် မြှောက်၊ နဝကပေါင်း ၆၀-ဖြစ်၏။ ။ယခင် နဝက ၂၅-ကိုတည်၊နောက် အဘိဘာယတန ၄-ပါးနှင့် မြှောက်၊ နဝကပေါင်း ၁၀၀-ဖြစ်၏။ ။ ၎င်းနဝက ၂၅-ပါးကိုတည် ဝိမောက္ခ ၃-ပါးနှင့်မြှောက် ၇၅-ပါး ဖြစ်၏။ စတုက္က ပဉ္စကဈာန်တို့မှ စတုက္ကဈာန် ပဉ္စကဈာန် တခုစီ ယုတ်၍ သုတ္တက ပြုပြီးလျှင် မေတ္တာ,ကရုဏာ,မုဒိတာ, ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ တရား

၃-ပါးနှင့် မြှောက်၊သတ္တကဝေါင်း ၇၅-ပါး ဖြစ်၏။ ။ယခင်က ဥပေက္ခာ ဖြစ်သဖြင့် ယုတ်၍ ထားခဲ့သော ဈာန် ၂၅-ပါးကို ဥပေက္ခာ ဖြဟ္မဝိဟာရ တပါးနှင့်မြှောက်၊ ကေက ၂၅-ပါးဖြစ်၏။ ။ပဉ္စမဈာန်၏အစွမ်းဖြင့် ကေက ပြု၍ ကေက ၂၅-ပါးကိုတည်၊ အသုဘ ဆယ်ပါးနှင့် မြှောက်၊ ကေက ၂၅၀-ပါး ဖြစ်၏။ ။အသုဘ ဆယ်ပါးဖြင့် ဒုတိယဈာန် စသည်တို့ကိုလည်း မြှောက်သင့်၏။ ဤသို့လျှင် အလုံးစုံသော ဈာန်အပြားကို မြှောက်ပွါး ရေတွက်လေ။ ။ပ‌ါကိဏ်စိတ်,ကြိယာစိတ်-တို့၌လည်း နည်းတူပင် မြှောက်လေ။

၂၁-က။ ။ဝိသဒ္ဒေန စေတ္ထ စတုက္က ပဉ္စက နယ ဝသေန သုဒ္ဓိက နဝကော။ တဇ္ဇ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ၊ ဒုက္ခာပဋိ ပဒါ ခိပ္ပါဘိညာ၊ သုခါပဋိပဒါ ဒန္ဓာဘိညာ၊သုခါပဋိ ပဒါ ခိပ္ပါဘိညာဝသေန ပဋိပဒါ စတုက္ကေန ယောဇေ တွာ ဒေသိတတ္တာ စတ္တာရော နဝကာ ။ပ။ ပဉ္စဝီသတိ နဝကာတိ ဝေမာဒိဘေဒံ သင်္ဂဏှာတိ။

ဋီကာကျော်။

---

## ဝိတက် အဓိပ္ပါယ်

သမ္ပယုတ္တဓမ္မေ ဝိတက္ကေတိ အဘိနိရောပေတီတိ ဝိတက္ကော။

ယော၊အကြင် သမ္ပာသက်ပွ စေတသိက်သည်။ သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ် တရားတို့ကို။ အာရမ္မဏံ၊အာရုံသို့။ဝိတက္ကေတိ-အဘိနိရောပေတိ၊ ရှေးရှုတင် တတ်၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထို သမ္ပာသက်ပွ စေတသိက်သည်။ ဝိတက္ကော၊ ဝိတက်မည်၏။

---

၂၁-က။ ။၆၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤရူပါဝစရ ကုသိုလ် စိတ်၌။ ဝိသဒ္ဒေန၊ ဝိသဒ္ဒါဖြင့်။ စတုက္ကပဉ္စက နယဝသေန၊ စတုက္ကနည်း, ပဉ္စကနည်း၏ အစွမ်းအားဖြင့်။ သုဒ္ဓိက နဝကော၊ သက်သက်သော နဝက-ရှစ်။ တဇ္ဇ၊ ထို သုဒ္ဓိကနဝက [illegible]သည်။ ဒုက္ခာပဋိပဒါ။ ပ။ ခိပ္ပါဘိညာဝသေန၊ အားဖြင့်။ ပဋိပဒါစတုက္ကေန၊ ပဋိပဒါစတုက္ကနှင့်။ [illegible] ယှဉ်၍။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ စတ္တာရော နဝကာ၊ နဝက ၄-ပါး တို့ရှစ်။ ပ။ ပဉ္စဝီသတိနဝကာ၊ ၂၅-ပါးသော နဝကတို့ရှစ်။ [illegible] ဝေမာဒိဘေဒံ၊ ဤသို့ အစရှိသော အပြားကို၊ သင်္ဂဏှာတိ၊ သိမ်းသွင်း၏။

ယောဂီ ပုဂ္ဂိုလ်သည် ကသိုဏ်းဝန်း စသော အာရုံကို ကြည့်ရှုကာ စီးဖြန်းသော အခါ ထိုကသိုဏ်းဝန်း စသော အာရုံကို မိမိကိုယ်တိုင်လည်း စူးစူးစိုက်စိုက် ကြံစည် ကြည့်ရှုမှု,မိမိနှင့် ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော ကြွင်းသော စေတသိက်တို့ကိုလည်း မိမိအတူ ထိုကသိုဏ်း စသော အာရုံ ကိုသာ အာရုံပြုမှုကို ဖြစ်စေတတ်သော သမ္ပာသက်ပ္ပ စေတသိက်သည် ဝိတက်မည်၏။ ။ဤသို့ မိမိနှင့်တကွ သမ္ပယုတ်တရားတို့ကို အခြားသော အာရုံသို့ မကူး မပြောင်းစေမူ၍ ကသိုဏ်း စသော အာရုံ တခုတည်း၌သာ အာရုံပြုအောင် ပြုလုပ်ခြင်းကိုပင် အာရုံသို့ တင်သည် မည်၏။ ဟူလို။

အာရုံသို့ တင်ပုံ ဥပမာကား‥‥ တစုံ တယောက်သော ဘုရင်မင်းမြတ် နှင့် အကျွမ်းဝင်သော ဆွေတော် မျိုးတော်ကိုငင်း၊ သို့မဟုတ် မင်းမြတ်၏ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော မှူးကြီး, မတ်ရာ, သေနာပတိ စသော သူကိုငင်း၊ အမှီပြု၍ တောတွင်းသားသည် မင်း၏နန်းတော်သို့ တက်ရောက် ဘိသကဲ့သို့ ထိုအတူ ဝိတက်ကို အမှီပြု၍ ကြွင်းသော သမ္ပယုတ်ဖြစ်ကုန်သော စိတ်,စေတသိက်တို့သည် ကသိုဏ်းစသော အာရုံသို့ တက်ရောက်နိုင်ကြလေ ကုန်၏-ဟု မှတ်။

ထိုသို့ ဖြစ်ပါက ဝိတက်နှင့် မယှဉ်သော အဝိတက္က စိတ် ၆၆-ပါးသည် အဘယ်သို့လျှင် အာရုံသို့ တက်ရောက်နိုင်ပါသနည်း။ ဝါ၊ အာရုံပြုနိုင်ပါ သနည်းဟူမူ။ ။ငင်း အဝိတက္က စိတ်တို့သည် သဝိတက္က စိတ် သန္တာန်၌ ဝိတက်နှင့် အတူတကွဖြစ်လေ့ရှိသောကြောင့် ဝိတက်ပင် မပါသော်လည်း အာရုံသို့ တက်နိုင်ကြလေကုန်၏။ ဝါ၊ အာရုံ ပြုနိုင်ကြကုန်၏။

ဥပမာ ဆိုသော် ယခင်ကပြဆိုခဲ့သော တောတွင်းသားသည် ဆွေတော် မျိုးတော်, မင်းကျွမ်း ဝင်သော မိတ်ဆွေ ဖြစ်သူ များနှင့် နန်းတော်သို့ ဝင်ရောက်ခြင်းများသဖြင့် ငင်းသူများပင် မပါသော်လည်း ကိုယ်တိုင်ပင် မင်းနန်းတော်သို့ ရောက်နိုင်ဘိသကဲ့သို့မှတ်။

**တနည်း**။ ။အဝိတက္ကစိတ် ၆၆-ပါးတို့တွင် ဒွေပဉ္စဝိညာဏ် ၁၀-သည် ဝတ္ထုရုပ်နှင့် အာရုံထိခိုက်မှုကြောင့် ဖြစ်ရကား မိမိအလိုလိုသာလျှင်အာရုံသို့ တက်နိုင်၏။ဝိတက်၏ အစွမ်းကို အလိုမရှိပြီ-ဟူလို။

## ဝိတက်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

သွာယံ အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏော။ အာဟနန ပရိယာဟနန ရသော။ အာရမ္မဏေ စိတ္တဿ အာနယန ပစ္စုပဋ္ဌာနော။ အာပါထ ဝိသယ ပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သွာယံ- သောအယံ-ဝိတက္ကော၊ ထိုဝိတက်သည်။ အာရမ္မဏေ၊ ၌။ စိတ္တဿ၊ ကို။ အဘိနိရောပန လက္ခဏော၊ ရှေးရှုတင်ခြင်း လက္ခဏာရှိ၏။ အာဟနန ပရိယာဟနနရသော၊ အာရုံကို အစမှ ခေါက်ခြင်း, ရှေးရှု ခေါက်ခြင်း, ထက်ဝန်းကျင် ခေါက်ခြင်း, လှည့်လည်၍ ခေါက်ခြင်း, ပြန်လှန်၍ ခေါက်ခြင်း ကိစ္စရှိ၏။ အာရမ္မဏေ၊ ၌။ စိတ္တဿ၊ ကို။ အာနယန ပစ္စုပဋ္ဌာနော၊ ရှေးရှုဆောင်ခြင်း, ဆွဲငင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အာပါထ ဝိသယပဒဋ္ဌာနော၊ ထင်ခြင်းသို့ ရောက်သော အာရုံလျှင် နီးသော အကြောင်းရှိ၏။

ဒုတိယဈာန်စိတ် စသည်တို့မှုကား ဝိတက် စသည်ကို ပယ်ရန် ကြိုးစား ပွါးများသော ဥပစာရဘာဝနာ၏ အစွမ်းဖြင့် ဝိတက်ပင် မပါသော်လည်း အာရုံသို့ တက်နိုင်လေသတည်း။

၂၀-၁။ ။သော ဟိ အာရမ္မဏေ စိတ္တံ အာရောပေတိ ယထာ ဟိ ကောစိ ရာဇဝလ္လဘံ ဉာတိံ ဝါ မိတ္တံ ဝါ နိဿာယ ရာဇဂေဟံ အာရောဟတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဧဝံ ပရိစယေန ဝိတက္ကေန ဝိနာပိ အဝိတက္ကံ စိတ္တံ အာရမ္မဏံ အဘိနိရောပယတိ။

ဋီကာကျော်။

---

၂၀-၁။ ။ဟိ၊ မှန်၏။ သော၊ ထိုဝိတက်သည်။ အာရမ္မဏေ၊ ၌။ စိတ္တံ၊ ကို။ အာရောပေတိ၊ ရှေးရှုတင်တတ်၏။ ယထာ၊ ဥပမာဖြင့်သင်စွာပြဆိုအံ့၊ ကောစိ၊ အချို့သော ... မပေါက်သော သူသည်။ ရာဇဝလ္လဘံ၊ မင်းအချစ်တော်သော ... ဉာတိံ ဝါ၊ ဆွေမျိုးကိုလည်းကောင်း။ မိတ္တံ ဝါ၊ အဆွေ...

## ဆောင်ပုဒ်

က။ ။ဝိတက်၏ပင်၊ မရှိလျှင်လည်း၊ အရှိန်ကြီး၍၊အပြီးအာရုံ၊ တက်နိုင်ကုန်၊ လုံးစုံ-ဝိ-ကင်း စိတ်များပင်။

ခ။ ။ဝတ္ထု,အာရုံ၊ ထိရှိန် ဟုန်ဖြင့်၊ တက်ကုန်လင့်၊ မှတ်ချင့် ဒွေပဥ္စဝိဉ်။

ဂ။ ။ဥပစာရုံ၊ ဘာဝနံဖြင့်၊ တက်ကုန်လင့်၊ မှတ်သင့် ဒုတိယျာန် စိတ်လျှင်။

---

## ဝိစာရ အဓိပ္ပါယ်

ဝိစရတိ စိတ္တံ ဧတေနာတိ ဝိစာရော။

ဧတေန၊ ထိုသဘောတရားဖြင့်။ စိတ္တံ၊ စိတ်ကို။ အာရမ္မဏေ၊ အာရုံ၌။ ဝိစရတိ၊ သုံးသပ်တတ်၏။ ဣတိ၊ကြောင့်။သော၊ ထိုသဘောတရားသည်။ ဝိစာရော၊ ဝိစာရ-မည်၏။

အဓိပ္ပါယ်ကား။ ။ဝိတက်သည် တင်အပ်သော အာရုံ၌ သဘောသဘာဝ အခြင်းအရာတို့ကို ကောင်းစွာ ထင်ရှား ပေါ်လာစေခြင်းငှါ ထိုအာရုံထက်၌ တရစ်ဝဲဝဲ အဘန်တလဲလဲ သုံးသပ်သော အဖြစ်ဖြင့် ဖြစ်သော တရားသဘောသည် ဝိစာရမည်၏။

---

## ဝိတက်နှင့် ဝိစာရ အသွား

* ဝိတက်သည် ရှန့်ရင်းကြမ်းတန်း၏၊ ရှေ့သွားလည်း ဖြစ်၏၊ အာရုံတခုခု၌ စိတ်၏ ရှေးဦးစွာကျရောက်ခြင်း ဖြစ်၏။ထိုကြောင့် ခေါင်းလောင်း၏ ပဌမ တီးခတ်သော အသံနှင့်တူ၏။ ကောင်းကင်သို့ ပျံတက်ရန် ငှက်၏ ရှေးဦးစွာ အတောင်ခတ်ခြင်းနှင့်လည်း တူ၏။ ယနံ့သင်းသော ဂန္ဓာရုံဖြင့် အစဉ်ဖွဲ့အပ်သော ပျားပိတုန်း၏ ပဒုမ္မာကြာတောသို့ တဟုန်တည်း ထိုးဆင်းသည်နှင့်လည်း တူ၏။

---

[illegible]

[illegible]

* ဝိစာရသည်ကား နူးညံ့သိမ်မွေ့၏၊ ဝိတက်၏ နောက်သို့ အစဉ်လိုက်၏၊အာရုံ၌စိတ်ကို ဖွဲ့နှောင်၍ ထားတတ်၏၊ထို့ကြောင့် ခေါင်းလောင်း၏ ကြေးညည်းသံနှင့် တူ၏။ ။ကောင်းကင်သို့ တက်ပြီးသော ငှက်ကြီး၏ အထက်ကောင်းကင် လေဟုန်ထဲ၌ ဝဲပျံနေသည်နှင့် တူ၏၊ ပဒုမ္မာကြာတော၏ အပေါ်၌ ဝဲပျံနေသော ပိတုန်းနှင့်လည်း တူ၏။ ။ဤကား ဝိတက်, ဝိစာရတို့၏ အထူးတည်း။

၂၁-ဂ။ ။သန္တေပိစ နေသံ ကတ္ထစိ အဝိယောဂေ ဩဠာရိကဋ္ဌေန ပုဗ္ဗင်္ဂမဋ္ဌေန စ ဃဏ္ဍာဘိဃာတောဝိယ အဘိနိရောပနဋ္ဌေန စ စေတသော ပဌမာဘိနိပါတော ဝိတက္ကော။သုခုမဋ္ဌေန အနုမဇ္ဇနသဘာဝဋ္ဌေနစ ဃဏ္ဍာနုရဝေါဝိယ အနုပဗန္ဓော ဝိစာရော။ပ။ပရိဗ္ဘမနံဝိယ စ ပဒုမာဘိမုခပတိတဿ ဘမရဿ ပဒုမဿ ဥပရိဘာဂေ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၂၁-ဂ။ ။ဧ၊ ဆက်၍ဆိုဦးအံ့။ နေသံ၊ ထိုဝိတက်,ဝိစာရတို့၏။ ကတ္ထစိ၊ အချို့ကုန်သော ပဥ္စမဈာန်-ပကိဏ္ဏကတို့၌။ အဝိယောဂေ၊ မကွေမကွာယှဉ်ခြင်းသည်။ သန္တေပိ၊ သော်လည်း။ စေတသော၊ စိတ်၏။ ပဌမာဘိနိပါတော၊ ရှေးဦးစွာအာရုံ၌ကျခြင်းဖြစ်သော။ ဝိတက္ကော၊ သည်။ ဩဠာရိကဋ္ဌေန၊ ဝိစာရ-ထက် ကြမ်းခြင်းသည်၏ အဖြစ်ကြောင့်၎င်း။ ပုဗ္ဗင်္ဂမဋ္ဌေန၊ ဝိစာရ၏ ရှေ့သွားး၏အဖြစ်ကြောင့်၎င်း။ အဘိနိရောပနဋ္ဌေန၊ အာရုံသို့ရှေးရှုတင်တတ်သည်၏ အဖြစ်ကြောင့်၎င်း။ ဃဏ္ဍာဘိဃာတောဝိယ၊ ထိုးအပ်သော ခေါင်းလောင်း၏ ရှေ့ဦးစွာမြည်သော အသံနှင့်တူသည်။ ဟောတိ၊ ၏။ ဝါ၊ ခေါင်းလောင်းကို ထိုးခြင်းကြောင့် ဖြစ်သော အသံနှင့်တူသည်။ ဟောတိ၊ ၏။ ။အနုပဗန္ဓော၊ စိတ်ကိုအာရုံ၌ အစဉ်မပြတ် ဖွဲ့တတ်သော။ ဝါ၊ အာရုံ၌ စိတ်၏ အစဉ်မပြတ်သကဲ့သို့ ဖြစ်ခြင်းဟု ဆိုအပ်သော။ ဝိစာရော၊ သည်။ သုခုမဋ္ဌေန၊ ဝိတက်ထက်သိမ်မွေ့သည်၏အဖြစ်ကြောင့်၎င်း။ အနုမဇ္ဇနသဘာဝဋ္ဌေန စ၊ အာရုံကိုအဖန်ဖန်သုံးသပ်ဆုံးခြင်းသဘောရှိသည်၏အဖြစ်ကြောင့်၎င်း။ ဃဏ္ဍာနုရဝေါဝိယ၊ ခေါင်းလောင်း၏ နောက်ဆက်၍ မြည်သောအသံနှင့်တူသည်။ ဝါ၊ အဖန်တလဲလဲမြည်သော အသံနှင့်တူသည်။ ဝါ၊ ပဲ့-သော အသံနှင့်တူသည်။ ဝါ၊ ညည်းသော အသံနှင့်တူသည်။ ဟောတိ၊ ၏။ ။ပဒုမာဘိမုခပတိတဿ၊ ပဒုမ္မာကြာတောသို့ရှေးရှုကျပြီးသော။ ဘမရဿ၊ ပျားပိတုန်း၏။ ပဒုမဿ၊ ၏။ ဥပရိဘာဂေ၊ အထက်အဖို့၌။ ပရိဗ္ဘမနံဝိယစ၊ လေးခွန်မရှိသည်အဖြစ်ကို ပိုင်းခြားနိုင်၍ ဝဲခြင်းကဲ့သို့၎င်း။ ဟောတိ၊ ၏။ ။ဤသို့၊ နေသံ၊ တို့၏၊ ဝိသေသော၊ ဤသို့ရှိသော အထူးကိုသိအပ်၏။ ဥဒ္ဓရဏ၊ ၏။

## ဝိစာရ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

သွာယံ အာရမ္မဏာနုမဇ္ဇန လက္ခဏော၊ တတ္ထ သဟဇာတာ
နုယောဇန ရသော၊ စိတ္တဿ အနုပ္ပဗန္ဓန ပစ္စုပဋ္ဌာနော၊
အာပါထဝိသယ ပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သွာယံ-သောအယံ ဝိစာရောသည်။အာရမ္မဏာနုမဇ္ဇနလက္ခဏော၊အာရုံကို အဘန်တလဲလဲ သုံးသပ်ခြင်းလျှင် မှတ်ကြောင်း လက္ခဏာ, မှတ်အပ်သော လက္ခဏာရှိ၏။ဝါ၊အာရုံ၌ စိတ်၏သုံးသပ်ခြင်းလျှင် မှတ်ကြောင်း လက္ခဏာ ရှိ၏။ တတ္ထ၊ထိုအာရုံ၌။ သဟဇာတာနုယောဇနရသော၊ ချင်းတို့ ကိစ္စအား လျော်စွာ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကိုပြုသဖြင့် သဟဇာတ် တရားတို့ကို ယှဉ်စေခြင်း ကိစ္စရှိ၏။ စိတ္တဿ၊ကို။ အနုပ္ပဗန္ဓန ပစ္စုပဋ္ဌာနော၊ အာရုံ၌ အစဉ်မပြတ် ဖွဲ့ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အာပါထ ဝိသယ ပဒဋ္ဌာနော၊ရှေးရှုထင်လာသော အာရုံလျှင် နီးသောအကြောင်း ရှိ၏။

### ဆောင်ပုဒ်

က။ ။ရုန့်ရင်း ရှေ့သွား၊ စိတ်များ၏ရှေး၊ ကျရောက်ရေး၊ မှတ်တွေး ဝိတက်-သဘောတည်း။

ခ။ ။ထို့ကြောင့် ထုံးဟောင်း၊ ခေါင်းလောင်း ရှေးသံ၊ ငှက်ပျံ တောင်ခတ်၊ပမာမှတ်၊ပြအပ် ဝိတက်တူပုံတည်း။

ဂ။ ။သိပ်မွေ့နူးညံ့၊ မဆန့် နောက်လိုက်၊ ဖွဲ့စွဲပိုက်၊ မှတ်ထိုက် ဝိစာ သဘောတည်း။

ဃ။ ။ကြေးညည်း အသံ၊ ကောင်းကင်ပျံ့ဝဲ၊ ငှက်ပုံနှဲ၊ မှတ်စွဲ-ဝိစာ တူပုံတည်း။

---

## ပီတိ သုခ အဓိပ္ပါယ်

ပိနယတိ ကာယစိတ္တံ တပ္ပေတိ ဝဍ္ဍေတိတိ ဝါ ပိတိ။

ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ ကာယစိတ္တံ၊ ကိုယ် စိတ် နှစ်ပါးကို။ ပိနယတိ တပ္ပေတိ၊ နှစ်သက် စေတတ်၏။ဝါ၊ တနည်းကား။

ပိနယတိ ဝဍ္ဎေတိ၊ပွါးစေတတ်၏။ဣတိ၊ထို့ကြောင့်။ သာ၊ထိုတရားသဘော သည်။ပီတိ၊ပီတိ-မည်၏။

ကိုယ်စိတ်နှစ်ပါးကို နှစ်သိမ့်စေခြင်း မြတ်နိုး ချစ်ခင်စေခြင်းသဘော, ကိုယ်စိတ်တို့၏ ပြည့်ဖြိုးပွါးများစေခြင်း သဘောသည် ပီတိ-မည်၏။ ။ထိုပီတိနှင့် ပြည့်စုံသောသူသည် ကောင်းစွာပွင့်သော ပဒုမ္မာကြာပွင့်ကဲ့သို့၎င်း၊ အညစ်အကြေးကင်းသော ကောင်းကင်ပြင်၌ လဝန်းကြီးကဲ့သို့၎င်း တင့်တယ် ရွှင်လန်း အားရမ်းနှစ်လို့ ပျို့သော ကိုယ်စိတ် ရှိလေ၏။

သမ္ပယုတ္တဓမ္မေ သုခယတီတိ သုခံ။

ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ သမ္ပယုတ္တဓမ္မေ၊ မိမိနှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော သမ္ပယုတ် တရားတို့ကို။သုခယတိ၊ ချမ်းသာ စေတတ်၏။ ဝါ၊ချမ်းသာအောင် ပြုတတ်၏။ ဣတိ၊ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။သုခံ၊သုခ-မည်၏။

မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက် အတူတကွ ဖြစ်ကုန်သော စိတ်,စေတသိက် တရားတို့ကို ချမ်းသာမြဲအောင် ပြုတတ်သောကြောင့် သုခမည်၏။ ။ ဟူလို။

---

## ပီတိနှင့် သုခအထူး

တစုံတခုသော နှစ်သက်ဘွယ်ရာ ကောင်းမွန် လှစွာသော ဣဋ္ဌာရုံဂုဏ်ပစ္စည်းတခုခုကို ရသဖြင့် နှစ်သက်ခြင်း သဘောသည် ပီတိမည်၏။ရအပ်ပြီးသော ဣဋ္ဌာရုံပစ္စည်း ဥစ္စာအရသာကို ချမ်းသာစွာ သုံးဆောင် ခံစား စံစားသော သဘောသည် သုခမည်၏။ ။ထို့ကြောင့် သုခသည် ကောင်းသော ဘောဇဉ်အရသာကို ခံစားသော မင်းမြတ်နှင့် တူ၏။

ဥပမာပုံ ဆိုသော်....ယောက်ျား တယောက်သည် နွေအခါ ကန္တာရ ခရီးကို သွားသည်ရှိသော် နေပူရှိန်လင်း အသွန်တရာ ပူပြင်းခြင်းကြောင့် ရေမွတ်သိပ် ဆာလောင်လှသဖြင့် ရင်ဆိုင်ခရီး အနီးသို့ ရောက်ရှိသော ခရီးသည် တယောက်ကို တွေ့ရှိ၍ အမောင်သုလင် သင်ယခု လာခဲ့ပြီးသော ခရီးအစဉ်ဝယ် အဘယ်အရပ် အဘယ်ဌာန၌ သောက်ဘွယ် ရေကောင်း

ရေသန့်ကို ရနိုင်ပါမည်နည်း-ဟု မေးမြန်းရာ အို ခရီးသွား ယောကျ်ား၊ သင်၏ မျက်နှာမူရာ ညို့ညို့မှိုင်းမှိုင်း မြူတွေဆိုင်းနေသော တောအုပ်ကြီးကို သင်ရှုလော့၊ ၎င်းတောအုပ်ကြီး၏အတွင်း ခြင်းနင်း ဝင်ရောက်လတ်သော် မကြာမြင့်မီပင် မြေ ကြည်သာ ကြာအမျိုး စုံလင်ပါသော ဇာတသဿရ ရေအိုင်ကြီးသည် ရှိလေ၏။ ထိုရေအိုင်သို့ ရောက်သော် သင်၏အလိုဆန္ဒ ပြည့်ဝအောင် သောက်ချိုးရလတ္တံ့ဟု ပြောကြားလေ၏။

ထိုအခါ ဆာလောင်မွတ်သိပ်လှသဖြင့် ပင်ပန်းနွမ်းနယ်သော ခရီးသည် ယောကျ်ားသည် ဤသို့ ပြောကြားသော စကားကို ကြားရကတည်းက အလွန်တရာဝမ်းမြောက်လှ၍ပြောကြားအပ်သော ခရီးလမ်း အစဉ်အတိုင်း တောအုပ်သို့ ဝင်ရောက် သွားလာချေသည်ရှိသော် မကြာမီပင် ခရီးလမ်းမ၌ ပစ်ချထားခဲ့သော ကြာရွက်, ကြာလက်, ကြာရိုး, ကြာပွင့်တို့ကို တွေ့မြင်ရလေလျှင် ရှေးကထက် အလွန်ဝမ်းမြောက်လှ၍ ရှေးသို့တထောက် သွားရောက်မိလေကရေအိုင်မှ ရေချိုးပြီး၍ တက်လာကုန်သော စိုစွတ်သော အဝတ်, ဆံပင် ရှိသော သူတို့ကို တွေ့မြင်ရ၊ ရေကြက်, တောကြက်, စက္ကဝက်, ကြိုးကြာ ပျော်ရွှင်စွာ ကြက်စားနေသည်ကိုလည်း တွေ့မြင်၊ မြိုင်အပြင် ရှမညောင်းဘဲ ဥဒေါင်းငှက် တွန်မြည်သံ ကိုလည်း ကြားရ၊ ဇာတသဿရ ရေအိုင်အတွင်း ပင်ခြင်းယှက်သန်း ပဒုမ္မာ ကြာပန်းတို့ဖြင့် တင့်ဆန်းသော ကြက်သရေရှိသော ရေအပြင်ကိုလည်း တွေ့မြင်ရ၍ ဆထက်လွန်ကျူးအထူးဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရေအိုင်အတွင်းသို့ သက်ဆင်းချိုးသောက်လေ၏။ ထိုအခါမှ အပူရှိန် ကင်းပျောက်၍ ကြာစွယ် ကြာရင်းကို့ကိုစားမေ၊ လှပစွာ ကြာပန်းတို့ကို ပန်ဆင်၍ ရေအပြင်မှ တက်လတ်လျက် ရေကန်ဘောင်ထက် ပင်ခြင်းယှက်ဝေ သစ်ပင်၏အခြေဝယ် အပန်းဖြေလျက် လေသာ လေညှင်း အတိုက်ခံကာ အော် ချမ်းသာပေစွ, ချမ်းသာပေစွ-ဟု ဆို၍ အိပ်နေလေ၏။

ဤဥပမာ၌····ခရီးသွား ယောကျ်ား၏ ဇာတသဿရ တောရေးကြီးကို တွေ့မြင်ရသည့်ကစ၍ ရေအိုင်၏ အတွင်း ရေကို တွေ့မြင်ရသည့် ကာလတိုင်အောင် ဤအတွင်း၌ ရှင်လန်း နှစ်သက်ဘိသကဲ့သို့ ဇုဋ္ဌာမျိုကို တွေ့ရ၍ ရှေးဦးစွာဖြစ်သော နှစ်သက် ဝမ်းမြောက်ခြင်းသည် ပီတိမည်၏၊ ရေကန်၏ အတွင်း သက်ဆင်း၍ ရေကို ချိုးသောက် ပြီးခါ ရိပ်ခမ်း သာဝယ်

လေသာလေညှင်းတို့ တိုက်ခတ်သည်ရှိသော် ချမ်းသာမြေလှ၍ "အဟော သုခံ, အဟောသုခံ" အော်, ချမ်းသာပေစွ, ချမ်းသာပေစွ -ဟု ဆိုခါ အိပ်သော အခါကဲ့သို့ အားကြီးသော ဇဋ္ဌာရုံ၏ အရသာကို အစဉ် ခံစား ခြင်းသည် သုခမည်၏-ဟု အထူးမှတ်လေ။

၂၁-ဃ။ ။တဿ ဟိ ပုရိသဿ ဇာတဿရ ဝနသဏ္ဍသဝန
တော ပဉ္စာယ ယာဝ ဥဒကဒဿနာ ဟဋ္ဌပဟဋ္ဌကာ
လောဝိယ ပုဗ္ဗဘာဂါရမ္မဏော ဟဋ္ဌပဟဋ္ဌာကာရော
ပီတိ၊ နှတွာ စ ပိဝိတွာ စ သီတစ္ဆာယာယ မန္ဒမန္ဒေ
ဝါတေ ပဟာရန္တေ အဟောသုခံ အဟောသုခန္တိဝဒ
တော နိပ္ပန္နကာလောဝိယ ဗလဝပတ္တံ အာရမ္မဏ
ရသာနုဘဝနာကာရသဏ္ဌိတံ သုခံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## သဘောင်ပုဒ်

က။ ။ဇဋ္ဌာရုံမြင်၊ ဝမ်းမြောက်လျှင်၊ မှတ်ရှင် ပီတိမှာ။

ခ။ ။ဝမ်းမြောက် ဝမ်းသာ၊ ရသာအာရုံ၊ ခံစားကုန်၊ မှတ်တုံ သုခ-သာ။

---

## ပီတိ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

သာ သမ္ပိယာယန လက္ခဏာ၊ ကာယ စိတ္တ ပီနနရသာ၊
ဖရဏ ရသာ ဝါ။ဩဒဂျ ပစ္စုပဋ္ဌာနာ။ ပါမောဇ္ဇပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၂၁-ဃ။ ။တေ၊ ဥပစာဥပစာ၌သူ နိုးခန့်၌ ကိုးနှုတ်၊ တဿ ပုဂ္ဂိုလ်သည်၊ ဟိ။ ဧတဿ ဝနသဏ္ဍသဝနတော၊ ဧတဿ ဝနဘုံကို ကြားသော ကာလ၌။ ပဉ္စာယ၊ ငါး၌။ ယာဝ ဥဒက ဒဿနာ၊ ရေကို မြင်သည် တိုင်အောင်။ ဟဋ္ဌပဟဋ္ဌာကာရော၊ နှစ်နှစ်ပုပု ဖြစ် သောအကြောင်းသည်။ ပုဗ္ဗဘာဂါရမ္မဏော၊ ရှေ့အဖို့ ဖြစ်သော အာရုံရှိ။ ဟဋ္ဌပဟဋ္ဌာကာရော၊ နှစ်နှစ်ပုပု ဖြစ်သော အခြင်းအရာရှိသော။ ပီတိ၊ ပီတိ။ ဒဋ္ဌုံ၊ ဤ။ နှာနူး၊ ရေချိုးပြီး၍ငုံး။ ပိဝိတွာစ၊ သောက်ပြီး၍လည်း။ သီတစ္ဆာယာယ၊ ချမ်းသော အရိပ်၌။ မန္ဒမန္ဒဂါမိနေ၊ ညင်းညင်း လေ့လာသည်။ ပဟာရန္တေ၊ ဘေးသည်ရှိသော်။ အဟောသုခံ, အဟောသုခန္တိ၊ ဟူ၍။

သာ၊ ထိုပီတိသည်။ သမ္ပိယာယန လက္ခဏာ၊ နှစ်သက်ခြင်း လက္ခဏာ ရှိ၏။ ကာယစိတ္တပီနနရသာ၊ ကိုယ်,စိတ်ကို ပွါးစေခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်းကား။ ဖရဏရသာ၊ မွှန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် ကိုယ်ကို နှံ့စေခြင်းကိစ္စရှိ၏။ ဩဒဂျပစ္စုပဋ္ဌာနာ၊ တက်ကြွသော ကိုယ်စိတ်၏ အဖြစ် ဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ ပါမောဇ္ဇပဒဋ္ဌာနာ၊ ပါမောဇ္ဇလျှင် နီးသော အကြောင်းရှိ၏။

---

## သုခ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

သာတလက္ခဏံ သုခံ၊ သမ္ပယုတ္တာနံ ဥပဗြူဟနရသံ။
အနုဂ္ဂဟ ပစ္စုပဋ္ဌာနံ၊ ကာယိန္ဒြိယ ပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သုခံ၊ သုခသည်။ သာတလက္ခဏံ၊ ထို-သုခနှင့် ပြည့်စုံသော ပုဂ္ဂိုလ်, သမ္ပယုတ် တရားတို့ကို မိမိ၌ သာယာစေတတ်သော တရားလျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ သမ္ပယုတ္တာနံ၊ တို့ကို။ ဥပဗြူဟနရသံ၊ ပွါးစေခြင်း ကိစ္စရှိ၏။ အနုဂ္ဂဟပစ္စုပဋ္ဌာနံ၊ အာရုံကိုအဘန်ဘန် ယူခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဝါ၊ သမ္ပယုတ် တရားတို့အား ကျေးဇူးပြုတတ် ဘည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ကာယိန္ဒြိယပဒဋ္ဌာနံ၊ ကာယိန္ဒြေလျှင် နီသော အကြောင်းရှိ၏။

---

## ကေဝုတာ အမိဗ္ဗါယ်

ဇာကံ အဂ္ဂံ အာရမ္မဏံ ဋ္ဌမယာတိ ကေဂ္ဂံ။

ဋ္ဌမယာ၊ ဂျိစိတ်အား။ ဇာကံ၊ တခုတည်းသော။ အဂ္ဂံ အာရမ္မဏံ၊ အာရုံသည်။ အတ္တိ၊ ရှိ၏။ ဣတိ၊ ဟို့ကြောင့်။ တံ၊ ထိုစိတ်သည်။ ကေဂ္ဂံ၊ ကေဂ္ဂမည်၏။ ။စိဘ်ကို ရှ၏။

---

[illegible]

ကေဂ္ဂဿ ဘာဝေါ ကေဂ္ဂတာ။

ကေဂ္ဂဿ၊တခုတည်းသော အာရုံရှိသော စိတ်၏။ဘာဝေါ၊ဖြစ်ကြောင်း တည်း။ဣတိ၊ကြောင့်။ကေဂ္ဂတာ၊ကေဂ္ဂတာ-မည်၏။

တစုံတခုသော အာရုံ၌ မိမိနှင့်တကွ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကုန် သော စိတ်,စေတသိက် တရားတို့ကို၊ အာရုံတပါးသို့ မလွင့်ပါး၊ မရွေ့ ရှားစေခြင်း သမာဓိတရားသည် ကေဂ္ဂတာ-မည်၏။ ။ဥပမာဆိုသော် လေဘိတ်ရာ အရပ်၌ ညှိထွန်းထားအပ်သော ဆီမီးနှင့် တူ၏။

၂၁-ဂ။ ။တဿ ဟိ ဝသေန သမ္ပယုတ္တံ စိတ္တံ အဝိက္ခိတ္တံ ဟောတိ။

ဋီကာကျော်။

နိဝါတေ ဒီပစ္စီနံ ဌိတိဝိယ စေတသော ဌိတိတိ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**ကေဂ္ဂတာ၏ လက္ခဏာ,ရသ,ပစ္စုပ္ပဋ္ဌာန်,ပဒဋ္ဌာန်**

စိတ္တဿေကဂ္ဂတာသာ ပနေသာ သမာဓိနာမ အယံ အဝိ
သာရ လက္ခဏော၊ အဝိက္ခေပ လက္ခဏော ဝါ၊သဟဇာ
တာနံ သမ္ပိဏ္ဍနရသော၊ နှာနီယ စုဏ္ဏာနံ ဥဒကံဝိယ ဥပ
သမပစ္စုပဋ္ဌာနော၊ညာဏပစ္စုပဋ္ဌာနော ဝါ၊ဝိသေသတော
သမာဓိသုခပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

စိတ္တဿေကဂ္ဂတာ သာ ပနေသာ၊ စိတ်၏ ကေဂ္ဂတာဟု ဆိုအပ်သော။ အယံ သမာဓိနာမ၊ဤသမာဓိမည်သည်။ အဝိသာရလက္ခဏော၊ မရွေ့ရှား မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ဝါ၊ ကား။ အဝိက္ခေပလက္ခဏော၊ သမ္ပယုတ် တရားတို့၏ မပျံ့လွင့်ကြောင်း၏ အဖြစ်လျှင် လက္ခဏာရှိ၏၊ သဟဇာတာနံ၊

---

၂၁-ဂ။ ။ဟိ၊ မှန်၏။ တဿ၊ ထိုအဝိက္ခေပ၏။ ဝသေန၊ စွမ်းအားဖြင့်။ သမ္ပယုတ္တံ၊ သမ္ပယုတ်တရားနှင့် တကွဖြစ်သော။ စိတ္တံ၊ သည်။ အဝိက္ခိတ္တံ၊ မပျံ့လွင့်သည်။ ဟောတိ၊ ၏။

နိဝါတေ၊ လေငြိမ်ရာအရပ်၌။ ဒီပစ္စီနံ၊ ဆီမီးလျှံတို့၏။ ဌိတိ ဣဝ၊ တည်ခြင်းကဲ့သို့။ စေတသော၊ စိတ်၏။ ဌိတိ၊ တည်ခြင်းကို။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏။

သဟဇာတ် တရားတို့ကို။ သမ္ပိဏ္ဍနရသော၊ ပေါင်းစုခြင်း ကိစ္စရှိ၏။ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ဥဒကံ၊ရေသည်။ နှာနီယစုဏ္ဏာနံ၊ ရေချိုး ကသယ်မှုန့်တို့ကို။ သမ္ပိဏ္ဍနံ ဝိယ၊ ပေါင်းစု သကဲ့သို့တည်း။ ဥပသမ ပစ္စုပဋ္ဌာနော၊ စိတ်၏ ငြိမ်သက်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ ဝါ၊ ကား။ ဉာဏပစ္စုပဋ္ဌာနော၊ ဉာဏ်ဟူသော အကျိုးကို ဖြစ်စေတတ်၏။ ဝါ၊ ဖြစ်စေအပ်သော ဉာဏ်ဟူသော အကျိုးရှိ၏။ ဝိသေသတော-ယေဘုယျေန၊ များသော အားဖြင့်။ သုခပဒဋ္ဌာနော၊ သုခဝေဒနာလျှင် နီးစွာသော အကြောင်းရှိ၏။

---

## ဈာနင်္ဂနှင့် ဈာန်တရား အထူး

ဤယခု ဘွင့်ဆိုအပ်ပြီးသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဤစေတသိက် တရားစုသည်။ ။ဈာနဿ အင်္ဂါနိ ဈာနင်္ဂါနိ။ ။ဝိဂြိုဟ် အရ၊ဈာန်ကို ရကြောင်းအင်္ဂါဖြစ်သောကြောင့် ဈာန်အင်္ဂါ၊ ဈာနင်သာ မည်၏၊ ဈာန်မမည်ပေ။ ။ဥပမာဆိုသော်....အကွပ်, အကန့်,လှည်းဘီး, ပုံတောင်း,ဝင်ရိုး-အစရှိသည်တို့သည် ရထားမမည်၊ ရထား၏ အင်္ဂါသာ မည်သကဲ့သို့တည်း။

ထိုဝိတက် စသော စေတသိက် ငါးပါးတို့၏ အပေါင်းကိုသာလျှင် ဈာန်ဟု ခေါ်ရ၏။ ။ဥပမာကား။....၎င်းအကွပ်အစရှိသော အင်္ဂါတို့၏ အပေါင်းကိုသာ ရထားခေါ်ရသကဲ့သို့တည်း။

သို့သော် အချို့ ဆရာတော်တို့ကား ဝိတက်-စသော ဈာနင်တပါး တပါးသည်လည်း အာရုံကို ကပ်၍ ရှုနိုင်သောကြောင့် ဈာန်မည်၏-ဟု မိန့်တော်မူကုန်၏။

နေမိအာဒိသမုဒါယေ ရထဝေါဟာရော ဝိယ။

ဋီကာကျော်။

---

## ဈာနင်္ဂ တရားကြောင့် ဈာန်ဖြစ်ပေါ်ပုံ အမိပ္ပါယ်

ကိလေသာ အာသဝေါတရားအပေါင်းသည် အပါယ်ငရဲတည်းဟူသော ဝဲကြီးသာ မဟာသမုဒ္ဒရာကြီးသို့ တသွင်သွင် စီးဆင်းနေသော ဖြစ်ရေ

အယဉ်နှင့်တူ၏။ မိစ္ဆာ,ဝိတက်စသော တရား အပေါင်းသည် ကိလေသာ ရေအယဉ်ကို လျင်မြန်အောင် အားပေးသော လေကြမ်း, လေရိုင်း, လေမုန် တိုင်းနှင့် တူ၏။ ဤသို့လျှင် မသင့်မတင့် နှလုံးသွင်းမှု စသော မိစ္ဆာဝိတက် စသည်တို့သည် လုံ့ဆော် အားပေး တိုက်လွှင့်သဖြင့် မြစ်ရေအယဉ်ပမာ ကိလေသာ အာသဝေါတရား တဖွါးဖွါး ဖြစ်ပေါ်၍ နေမှုကြောင့် ကြောက် မက်ဘွယ်ရာ ဤသံသရာကြီးမှ လွတ်ခွင့်, ကျွတ်ခွင့်မရနိုင်ဘဲ ရှိနေကြလေ ၏။ ။ဤသို့ဖြစ်မှုကို စေ့ငု သေချာ သိမြင်ပါသော ယောနိသော မနသိ ကာရရှိသူ၊ ယောဂီ ပညဝန် ပုဂ္ဂိုလ်သည် မိမိ၏ ပညာ တည်းဟူသော တက်မကြီးကို ကိုင်စွဲကာ စိတ်တည်းဟူသော မိမိ၏ လှေကို ကိလေသာ ရေကြောသို့ မနစ်မြောရအောင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ လှေလှော်သမား ငါးဦးတို့ကို ငြာသံပေးကာ ခတ်လှော်စေ၏။ ။ထို့ကြောင့် သမ္မာဝိတက်သည် ဦးဆောင်ပြုကာ အတင်း လှော်ခတ်၍ ကသိုဏ်းစသော အာရုံတည်းဟူသော အထက်ဆန် တက်လမ်းသို့ ရောက်အောင် ခတ်တင် ပို့လေ၏။

ဝိတက်လှော်ခတ်၍ ကသိုဏ်းစသော အာရုံသို့ ရှေးရှု ဆန်တက်သော စိတ်ကို ထိုကသိုဏ်းစသော အာရုံမှ ဆုတ်ခွါ လွင့်မြော၍ မသွားရလေ အောင် ဝိစာရသည် ဘွဲ့နှောင်ချုပ်တည်း၍ ထားလေ၏။ ဤသို့ ကသိုဏ်း စသောအာရုံမှ မရွေ့မရှား တန့်နား တည်နေသော စိတ်ကို ပီတိသည် မငြီးငွေ့စေမူ၍ အာရုံ ပြုသည်ထက် ပြုနိုင်အောင် နှစ်သက်စေ၏။

ဤသို့ ကသိုဏ်းစသော အာရုံပွါးများမှု၌ မငြီးမငွေ့ ပျော်မွေ့နေသော စိတ်ကို သုခတရားသည် ထိုအာရုံ၌ အာရုံပြုကာ တည်ဝံ့စွာ နေရမှု သည်ပင်လျှင် အလွန်တရာ ချမ်းသာ မြေသော အရသာ ပေါ်လာအောင် ပြုလေ၏။

ဧကဂ္ဂတာသည် ဤသို့ ကသိုဏ်းစသော ဘာဝနာ ပွါးများမှု ကိစ္စ၌ နှစ်ချိုက် ပျော်ပိုက်စွာ ချမ်းသာမြေ အရသာ ပေါ်နေသည်ကို ကာမဂုဏ် အရသာ ဘက်သို့ မလွင့်သွားရအောင် မြဲသည်ထက် စွဲမြဲစွာ တည်တည် တံ့တံ့ အရသာ ပေါ်စေရန် အမြစ် စိုက်ပေးလေသတည်း။ ။ဤသို့လျှင် ကသိုဏ်းဝန်း အာရုံ၌ အကြိမ်ကြိမ် အထပ်ထပ် ပွါးများအပ် သဖြင့်

နီဝရဏတရားများ ကင်းစင်လွင့်ပါးလျက် ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် များ ပေါ်ထွက် ထင်မြင်လာ၍ ပရိကံ, ဥပစာ, အနုလုံ,ဂေါတြဘူစိတ် များ ဖြစ်ပေါ်လာလေ၏။ ၎င်းဂေါတြဘူစိတ်၏ အခြားမဲ့၌ အလုံးစုံသော စိတ်တို့သည် ပဋိဘာဂ တည်းဟူသော အာရုံနိမိတ်၌ သံမှိုရိုက်နှက်သည် ပမာ ဘယ်အခါမှ ၎င်းအာရုံနှင့် မကင်းမကွာပါဘဲ အမြဲ တည်တံ့ခြင်း တည်းဟူသော အပ္ပနာဈာန်စိတ်သည် ဖြစ်ပေါ်လာလေသတည်း။ ထိုသို့ ဈာန်ဖြစ်ပေါ်လာသည်ရှိသော် အကြင်၍လောက် ဈာန်တရား မပပျောက် သေး။ ထို၍လောက် ကာလပတ်လုံး ဆိုအပ်ခဲ့ပြီးသော မြစ်ရေယဉ်ပမာ ကိလေသာ အာသဝေါ တရားတို့သည် မမြှောမလှင့်နိုင်သဖြင့် ပညဝန် ယောဂီ ပုဂ္ဂိုလ်သည် နှောင်အိမ်အတွင်းမှ လွတ်မြောက်သွားသော ရွှေ ဟင်္သာ ငှက်ကြီးပမာ အတိုးမဖြတ်နိုင်သော ဈာန်ချမ်းသာကို ခံစားစံစား ရလေသတည်း။ ။ဆိုလိုရင်းကား ဝိတက်, ဝိစာရ, ပီတိ,သုခ,ဧကဂ္ဂတာ၊ ဤစေတသိက် ငါးပါးတို့၏ အပေါင်းသည် ပဋ္ဌမဈာန်မည်၏။ ၎င်းပဋ္ဌမ ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်သည် ပဌမဈာန် ကုသိုလ်စိတ် မည်၏။ ။ ဟူလို။

---

## ဈာန်၏ အဓိပ္ပါယ်

ဈာန်သည် အာရမ္မဏူပနိဇ္ဈာနဈာန်,လက္ခဏူပနိဇ္ဈာန ဈာန်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သမာပတ် ရှစ်ပါးသည် ပထဝီကသိုဏ်း စသော အာရုံကို ကပ်၍ ရှုတတ်သောကြောင့် အာရမ္မဏူပ နိဇ္ဈာနဈာန် မည်၏။ ။ဝိပဿနာ-မဂ်-ဖိုလ် တို့သည် အနိစ္စ- စသော လက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာန ဈာန်မည်၏။ ။ထိုသုံးပါး တို့တွင်လည်း ဝိပဿနာသည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တ လက္ခဏာ၊သုံးပါးတို့ကို ကပ်၍ရှုတတ်သောကြောင့် လက္ခဏူပ နိဇ္ဈာနဈာန် မည်၏။ ။မဂ်သည် နိစ္စစသည်ရှိသော ဝိပလ္လာသတရားတို့ကို ပယ်သဖြင့် မတွေဝေမူ၍ အနိစ္စအစရှိသော လက္ခဏာတို့ကို ထိုးထွင်း၍ သိမြင်သော ကြောင့် လက္ခဏူပနိဇ္ဈာနဈာန်ပင် မည်၏။ ။ဖိုလ်စိတ်သည်ကား နိရောဓ သစ္စာ၏ တထလက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာန

ချာန်မည်၏။ ။ထို့ကြောင့် လက္ခဏူပနိဇ္ဈာနချာန်သည် သုံးပါး ပြား၏-ဟုသိ။ ။သို့သော် ဤယခု ရူပါဝစရ အရာ၌ကား ကသိုဏ်းအာရုံနှင့် စပ်သဖြင့် အာရမ္မဏူပနိဇ္ဈာနချာန်ကို ချာန်ဟု ယူအပ်၏။ ။ထို့ကြောင့် ၎င်းအာရမ္မဏူပနိဇ္ဈာနချာန်ကို-

> အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။
> ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ။

ဟု ဝစနတ် ဝိဂ္ဂြိုဟ် လွှစ်ဆိုအပ်၏။ ။ယံဓမ္မဇာတံ၊ အကြင်တရား သဘောသည်။ အာရမ္မဏံ၊ကသိုဏ်းစသော အာရုံကို။ ဈာယတိ-ဥပနိဇ္ဈာယတိ၊ ကပ်၍ ရှုတတ်၏။ဣတိ၊ကြောင့်။တံ၊ထိုတရားသဘောသည်။ ဈာနံ၊ ဈာန်မည်၏။ ။(ဤဝိကပ်အလို ဈေ-ဓာတ်,ယုပစ္စည်းကြီ)။

ယံ ဓမ္မဇာတံ၊ သည်။ ပစ္စနီကဓမ္မေ၊ ဆန့်ကျင်ဘက် ဖြစ်ကုန်သော နီဝရဏတရားတို့ကို။ ဈာပေတိ၊ လောင်ကျွမ်းစေတတ်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ ဈာနံ၊ ဈာန်မည်၏။ ။(ဤဝိကပ်အလို ဈပ-ဓာတ်, ယုပစ္စည်း ကြီလေ)။

အဓိပ္ပါယ်ကား····ဝိတက်စသော စေတသိက် ငါးပါးအပေါင်းသည် ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုတတ်သောကြောင့်၎င်း၊ ဆန့်ကျင်ဘက် ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းပယ်ရှား သုတ်သင်တတ်သော ကြောင့်၎င်း ဈာန်မည်၏။ ။ဟူလို။

အာရုံ၌ ကပ်၍ ရှုပုံကို အထက်၌ဘော်ပြခဲ့ပြီးဖြစ်၍ နီဝရဏတရားတို့ကို လောင်ကျွမ်းစေပုံကို ဘော်ပြဦးအံ့။

**ဝိတက်သည်** ဘာဝနာကို အားမထုတ်လိုဘဲ ပျင်းရိဆုတ်နစ် ထိုင်းမှိုင်း နေသော ထိနမိဒ္ဓ တရားနှစ်ပါးကို ပယ်ရှားလောင်ကျွမ်းစေ၏။

**ဝိစာရသည်** ဘာဝနာ၌ အဆင့်ဆင့် ကြည်လင်၍ သွားအောင် ရှက်သောင်ရသော သဘောဖြစ်သဖြင့် စိတ်ကို နောက်ကျုစေဘတ် နှစ်ခု ပြုဘတ်သော ဝိစိကိစ္ဆာတရားကို ပယ်ရှားလောင်ကျွမ်းစေ၏။

**ပီတိသည်** စိတ် ငြိုးငွေ့ခြောက်သွေ့အောင် ပြုဘတ်သော ဗျာပါဒ တရားကို ပယ်ရှားလောင်ကျွမ်းစေတတ်၏။

**သုခသည်** မငြိမ်မသက် မချမ်းသာခြင်းကို ပြုတတ်သော ဥဒ္ဓစ္စ,ကုက္ကုစ္စ တရားတို့ကို ပယ်ရှား လောင်းကျွမ်းစေတတ်၏။

**ဧကဂ္ဂတာသည်** လှုပ်ရှားထကြွသော ကာမစ္ဆန္ဒ တရားကို ပယ်ရှား လောင်ကျွမ်း စေတတ်၏-ဟုမှတ်။

၂၁-၈။ ။ဈာနန္တိ ဒုဝိဓံ ဈာနံ။ အာရမ္မဏူပနိဇ္ဈာနံ လက္ခဏူပ နိဇ္ဈာနန္တိ။ပ။ တေသု ရူပသ္မိ အဋ္ဌ အာရမ္မဏူပ နိဇ္ဈာနံ အဓိပ္ပေတံ။ တသ္မာ အာရမ္မဏူပ နိဇ္ဈာနတော ပစ္စနီကဈာပနတော ဝါ ဈာနန္တိ ဝေဒိတဗ္ဗံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

နိစ္စာဒိဝိပလ္လာသပ္ပဟာနေန မဂ္ဂေါ အသံမောဟတော အနိစ္စာဒိလက္ခဏာနိ ပဋိဝိဇ္ဈတီတိ လက္ခဏူပနိဇ္ဈာနံ။

မူလဋီကာ။

---

**ဆောင်ပုဒ်**

က။ ။ဝိတက်စသား၊ ပေါင်းငါးပါး၊ မှတ်သား ဈာန်ဟုဆို။
ခ။ ။အစိတ်ကိုမူ၊ ဈာန်နှင့်ဟူ၊ မှတ်ယူ ကျမ်းအလို။
ဂ။ ။အာရမ္မဏ၊ လက္ခဏ၊ နှစ်ဝ ဈာန်အပြား။
ဃ။ ။ကသိုဏ်း အာရုံ၊ ရှုကုန်ပဖွက်၊ လောင်ကျွမ်းနက်၊ မှတ်ချက် ဈာန်တရား။

---

၂၁-၈။ [illegible]

[illegible]

## ဒုတိယဈာန် ကုသိုလ်ဖြစ်ပေါ်ပုံ အစီအစဉ်

**"ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဇ္ဈာန ကုသလစိတ္တံ"**။

သဂြိုဟ်ပါဌ်။

---

ပဌမဈာန်ကို ရပြီးသော တိဟိတ် ကာမပုဂ္ဂိုလ်, ရူပ ပုဂ္ဂိုလ်သည် ဒုတိယဈာန်ကို ရခြင်းငှါ အလိုရှိလတ်သော် ငါယခုရသော ပဌမဈာန်သည် နီဝရဏတည်းဟူသော နီးသောရန်သူ ရှိ၏။ ဝိတက်စသော ဈာန်အင်္ဂါငါးပါးတို့တွင် ဝိတက်တည်းဟူသော ရုန့်ရင်းသော ဈာန်အင်္ဂါ ရှိခြင်းကြောင့် ဈာန်အင်္ဂါသည် အားနည်း၏ဟု ပဌမဈာန်၌ များစွာအပြစ်မြင်၍ ဝိတက်ကင်းသော ဒုတိယဈာန်ကို ရခြင်းငှါ ပဌမဈာန်ကိုပင် အခြေပါဒကပြုကာ ထပ်မံဝင်စားလျက်ဈာန်မှထ၍ အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဒုတိယဈာန်ကို ရလိုသော အလိုနှင့် တကွပဌမဈာန်၌ စွဲလမ်းသော နိကန္တိကို ကင်းပျောက်ရန် ယခင်ထင်ပြီးသော ပဋိဘာဂ နိမိတ်ကိုပင် ပထဝီ, ပထဝီ-စသည်ဖြင့် အထပ်ထပ် စီးဖြန်းပွါးများလတ်သော် ဝိတက်မရှိသော ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ကိုရ၏။ သို့ဖြစ်၍ ထိုရသော ဒုတိယဈာန်တည်းဟူသော ရူပါဝစရ ကုသိုလ်စိတ်သည် ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့် တကွဖြစ်၏။ ။ဟူလို။

၂၁-ဆ။ ။အထဿ ယဒါ ပဌမဇ္ဈာနာ ဝုဋ္ဌာယ သတဿ သမ္ပဇာနဿ ဈာနင်္ဂါနိ ပစ္စဝေက္ခတော ဝိတက္ကမတ္တံ ဩဠာရိကတော ဥပဋ္ဌာတိ။ ပီတာဒယော သန္တတော။ပ။ တဒေဝ နိမိတ္တံ ပထဝီ, ပထဝီတိ ပုနပ္ပုနံ မနသိကရောတော ဝုတ္တနယေနေဝ ဒုတိယဇ္ဈာန မုပ္ပဇ္ဇတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

---

၂၁-ဆ။ ။အထ၊ ထိုဝိုတာ့ပါ။ ယဒါ၊ အကြင်အခါ၌။ ပဌမဇ္ဈာနာ၊ ပဌမဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ သတဿ၊ သတိတရားရှိသော။ သမ္ပဇာနဿ၊ ပညာအဆင်ခြင်ရှိသည်ဖြစ်၍။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုဈာန်လာဘီ၊ ယောဂီပုဂ္ဂိုလ်အား။ ဝိတက္ကမတ္တံ၊ ဝိတက်မျှသည်။ ဩဠာရိကတော၊ ရုန့်ရင်းသော အားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ ပီတာဒယော၊ ပီတိစသည်အစရှိသောတရားသည်။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ဥပ—

## တတိယ စသော ဈာန် ကုသိုလ် ဖြစ်ပေါ်ပုံအဓိပ္ပါယ်

## ပီတိသုခေကဂ္ဂတာ သဟိတံ တတိယဇ္ဈာန ကုသလစိတ္တံ။

## သဂြိုဟ်ပါဌ်။

---

ဒုတိယ ဈာန်ကို ရပြီးသော တိဟိတ် ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်သည် ရှေးနည်းအတူ မိမိ ရပြီးသော ဒုတိယ ဈာန်၌ ဝိစာရကို အပြစ်မြင်၍ ဝိစာရ ကင်းသော တတိယဈာန်ကို ရခြင်းငှါ ၎င်းရရှိပြီး ဒုတိယဈာန် ကိုပင် ဝင်စားလျက် ဈာန်မှထ၍ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယ ဈာန်ကို ရလိုသော အလိုနှင့်တကွ ဒုတိယဈာန်၌ သာယာသော နိကန္တိနှင့် ဝိစာရ ကင်းပျောက်ရန် ယခင် ထင်ပြီးသော ပဋိဘာဂ နိမိတ်ကိုပင် ပထဝီ,ပထဝီ-ဟု အဖန်ဖန် အထပ်ထပ် စီးဖြန်း ပွါးများလတ်သည်ရှိသော် ဝိစာရ မရှိသော ပီတိ, သုခ, ဧကဂ္ဂတာ- တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော တတိယ ဈာန်ကို ရ၏။

သို့ဖြစ်၍ ထိုရသော တတိယဈာန် တည်းဟူသော ရူပါဝစရ ကုသိုလ် စိတ်သည် ပီတိ, သုခ, ဧကဂ္ဂတာ- တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်၏-ဟူလို။

ထိုအတူ ၎င်းတတိယ ဈာန်၌ သာယာသော နိကန္တိနှင့် ပီတိကို အပြစ် မြင်၍ ရှေးနည်းအတိုင်း အားထုတ်ပြန်လျှင် သုခ,ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန်ကို ရ၏။

၎င်းစတုတ္ထဈာန်၌ သာယာသော နိကန္တိနှင့် သုခကို အပြစ် မြင်၍ တဖန် အားထုတ် ပြန်လျှင် ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်ကို ရ၏-ဟု မှတ်။

---

ဌာဟန္တ၊ဆေးကုန်၏။ ဘဒါ၊ ထိုအခါ၌။ အယံ၊ ထိုဈာနလာဘီ ယောဂီ ပုဂ္ဂိုလ်အား။ ပြဲဒွဒို ကင်္ဂသ၊ ရှုန့်ရင်းသော အင်္ဂါကို။ ပဟာနာယ၊ ပယ်ခြင်းဌါငှာ။ သန္တင်္ဂပဋိလာဘာယစ၊ ငြိမ်သက်သော ဈာန်အင်္ဂါကို ရခြင်းဌါငှာ။ တဒေဝ နိမိတ္တံ၊ ထိုကသိုဏ်းပဋိဘာဂနိမိတ်ကိုပင် လျှင်။ ပထဝီ,ပထဝီတိ၊ ဟူ၍။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ဒုတိယဇ္ဈာနံ... ထိုအင်္ဂါးသောနည်းဖြင့်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဥပ္ပန္နံ၊ ဖြစ်သော ဈာန်သည်။ ဒုတိယဇ္ဈာနံ၊ ဒုတိယဈာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပြည့်ခြင်း ရှိသည်သာတည်း။

၂၁-၈။ ။ဒုတိယဇ္ဈာနတော ဝုဋ္ဌာယ အယံ သမာပတ္တိ အာသန္န ဝိတက္က ပစ္စတ္ထိကာ ဝိစာရဿ ဩဠာရိကင်္ဂတ္တာ အင်္ဂဒုဗ္ဗလာတိစ တတ္ထ ဒေါသံ ဒိသွာ တတိယဇ္ဈာနံ သန္တတော မနသိကတွာ ဒုတိယဇ္ဈာနေ နိကန္တိံ ပရိယာဒါယ။ပ။တဒေဝ နိမိတ္တံ ပထဝီ, ပထဝီတိ ပုနပ္ပုနံ မနသိကရောတော ဝုတ္တနယေနေဝ တတိယဇ္ဈာန မုပ္ပဇ္ဇတိ။ပ။ သေသံ ဝုတ္တပကာရမေဝ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

---

## အပ္ပနာ အဓိပ္ပာယ်

အပ္ပေတိ အာရမ္မဏေ အပ္ပေန္တော ဝိယ ပဝတ္တတီတိ အပ္ပနာ။

အာရမ္မဏေ၊ ကသိုဏ်း စသော အာရုံ၌။ အပ္ပေတိ-အပ္ပေန္တော ဝိယ ပဝတ္တတိ၊ နှစ်နှစ် မြှုပ်မြှုပ် သိုက်မြှုပ် ချဉ်းကပ် တန့်နား ဝင်ရောက်သကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ကြောင့်။ အပ္ပနာ၊အပ္ပနာမည်၏။

ဝိတက်သည် ကသိုဏ်းစသော အာရုံ၌ နှစ်နှစ် မြှုပ်မြှုပ် သိုက်သိုက် မြှုပ်မြှုပ်ကြီး နိဝရဏ တရားကို ပယ်ရှင်းကာ ချဉ်းကပ် ဝင်ရောက်သကဲ့သို့ ဖြစ်သောကြောင့် စင်စစ် အပ္ပနာ မည်၏။ ။၎င်း အပ္ပနာ မည်သော ဝိတက်ကို အကြောင်းပြု၍ ဖြစ်ကုန်သောကြောင့် မဟဂ္ဂုတ်,လောကုတ္တရာ ဈာန်တရားတို့သည်လည်း ဥပစာအားဖြင့် အပ္ပနာ မည်ကုန်၏။

### ဆောင်ပုဒ်

ကသိုဏ်း အာရုံ၊ ချဉ်းကပ်တုံ၊မှတ်ကုန် အပ္ပနာ။

---

## မဟဂ္ဂုတ်ဉာဏ် သောမနဿ,ဥပေက္ခာတို့၏ အသုတ်,အဖြတ် အဓိပ္ပာယ်

ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။

ဥပေက္ခာ၊ ဥပေက္ခာ ကုသိုလ်ကို။ သန္တဝုတ္တိတ္တာ၊ ငြိမ်သက်သော ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ သုခမိစ္စေဝ၊ သုခဟူ၍ သာလျှင်။ ဘာသိတာ၊

ဆိုအပ်၏-ဟု အဘိဓမ္မာဝတာရ အဋ္ဌကထာဆရာ မိန့်ဆိုအပ်သည်နှင့်အညီ မဟဂ္ဂုတ် အရာ၌ သောမနဿ ကုသိုလ်, ဥပေက္ခာကုသိုလ် နှစ်ရပ်တို့တွင် ဥပေက္ခာ ကုသိုလ်သည် သောမနဿ ကဲ့သို့ပင် ငြိမ်သက်သော သဘော ရှိသောကြောင့် သောမနဿကုသိုလ်ထက် ဥပေက္ခာ ကုသိုလ်ကမြတ်၏ဟု-မှတ်။ ။ထို့ကြောင့် သောမနဿနှင့် တကွ ဖြစ်ကုန်သော ပဌမဈာန် ကုသိုလ်, ဒုတိယဈာန် ကုသိုလ်, တတိယဈာန်ကုသိုလ်,စတုတ္ထဈာန်ကုသိုလ် တို့သည် အကျိုးပေး အရာ ကျဉ်းကုန်၏။

ကျဉ်းပုံကား····ပဌမဈာန် ကုသိုလ်သည် ပဌမဈာန် သုံးဘုံ၌ သာလျှင် အကျိုးပေး၏။ အသက်တမ်း အားဖြင့်လည်း အသင်္ချေယျ ကပ်၏ သုံးစု တစု ထက်ဝတ် ကပ်မျှသာ ရှည်လေ၏။

ဒုတိယဈာန် ကုသိုလ်, တတိယ ဈာန် ကုသိုလ် တို့သည်ကား ဒုတိယ ဈာန် သုံးဘုံ၌ သာလျှင် အကျိုးပေး၏။ အသက်တမ်း အားဖြင့်လည်း မဟာကပ် ၂ကမ္ဘာ, ၄ကမ္ဘာ,၈ကမ္ဘာမျှသာ ရှည်လေ၏။

စတုတ္ထဈာန်ကုသိုလ်သည် တတိယဈာန် သုံးဘုံ၌သာလျှင်အကျိုးပေး၏။ အသက်တမ်း အားဖြင့်လည်း မဟာကပ် ၁၆-ကမ္ဘာ, ၃၂-ကမ္ဘာ, ၆၄-ကမ္ဘာမျှသာ ရှည်လေ၏။

ပဉ္စမဈာန်- ဥပေက္ခာ ကုသိုလ် သည်ကား ဘုံအားဖြင့် စတုတ္ထဈာန် ၇-ဘုံတိုင်အောင် အကျိုးပေး၏။ အသက်တမ်း အားဖြင့် မဟာကပ် ၅၀၀, ၁၀၀၀, ၂၀၀၀, ၄၀၀၀, ၈၀၀၀, ၁၆၀၀၀-တိုင်အောင် ရှည်နိုင်သဖြင့် အကျိုးပေးအရာများစွာ ကျယ်ဝန်းလေသတည်း။

ဒိဋ္ဌစက္ခုရသော အဘိညာဉ် တရားများကိုလည်း ပဌမဈာန်, ဒုတိယ ဈာန်, တတိယဈာန်, စတုတ္ထဈာန် ကုသိုလ် တို့သည် မဖြစ်စေနိုင်ကုန်။ ။ ဥပေက္ခာသဟဂုတ် ဖြစ်သော ပဉ္စမဈာန် ကုသိုလ်သည်သာ ဖြစ်စေနိုင်၏။ ထို့ကြောင့် မဟာဂ္ဂုတ် အရာဝယ် သောမနဿ ကုသိုလ်ထက် ဥပေက္ခာ ကုသိုလ်က မြတ်၏။ ။ဟူလို။

**သောဒ်ဗုဒ္ဓ**

ဈာနင် ဥပေက်၊လွန်ငြိမ်သက်၊ တိုဘွက် မြတ်သည့်သာ။

## ဖဿစသော တရားတို့ကို ဈာန်မခေါ်ရသော အကြောင်း

ရူပါဝစရ ကုသိုလ်စိတ်၌ ဝိတက်စသော တရားများမှ တပါး ဖဿ, ဝေဒနာစသော တရားများလည်း ရှိပါလျက် ၎င်းဖဿ စသော တရား များကို အဘယ့်ကြောင့် ဈာန်အင်္ဂါ၌ သွင်း၍ ဖဿသဟိတံ-စသည်ဖြင့် မဆိုအပ်ပါသနည်း-ဟူမူ။ ။၎င်းဖဿ, ဝေဒနာ စသော စေတသိက်တို့၌ ရူပါဝစရ ကုသိုလ် စိတ်၌ ယှဉ်သည့် အတူတကွ ဖြစ်ကုန်သည် မှန်၏၊ သို့သော်—၎င်းဖဿ-စသောတရားတို့သည် နီဝရဏတရားတို့ကို ပယ်ဖျက် ခြင်း ကိစ္စထူး၍ မစွမ်းနိုင်သောကြောင့် ဈာနင်အရာ၌ မဆိုအပ်ကုန်၊ ဝိတက် စသော ဈာနင် တရားတို့သည်သာလျှင် နီဝရဏတရားတို့ကို ပယ်ဖျက်နိုင် သောကြောင့် ဈာနင်အရာ၌ ဆိုအပ်ကုန်၏။

ပယ်ဖျက်ပုံကား ···· သမာဓိသည် ကာမစ္ဆန္ဒကို ပယ်၏၊ ပီတိသည် ဗျာပါဒကို ပယ်၏၊ ဝိတက်သည် ထိန မိဒ္ဓကို ပယ်၏၊ သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စကိုပယ်၏၊ဝိစာရသည် ဝိစိကိစ္ဆာကို ပယ်၏-ဟု မှတ်။

၂၁-ဈ။ ။နီဝရဏာနိ ဟိ ဈာနင် ပစ္စနီကာနိ။တေသံ ဈာနင်္ဂါ
နေဝ ပဋိပက္ခာနိ၊ ဝိဒ္ဓံသကာနိ ဝိဃာတကာနီတိ ဝုတ္တံ
ဟောတိ။တထာဟိ သမာဓိ ကာမစ္ဆန္ဒဿ။ပ။ ဝိစာရော
ဝိစိကိစ္ဆာယ။

အဋ္ဌသာလိနီ အဋ္ဌကထာ

---

### ရူပါဝစရစိတ်၏ သမ္ပယုတ် ပြည့်ပုံ

ရူပါဝစရ စိတ်သည် ပညာနှင့် ယှဉ်သောကြောင့် ဉာဏသမ္ပယုတ် မည်၏။ ဝိပ္ပယုတ်မမည်။

---

၂၁-ဈ။ ။ဟိ၊မှန်၏။နီဝရဏာနိ၊ [illegible] ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ တေသံ၊ [illegible] [illegible] ဖြစ်ကုန်သော [illegible] ဖြစ်ကုန်သည်၏ အဖြစ်ကြောင်း။(ဟိတ်) တေသံ၊ ထိုဈာနင်ဂ်ဟု ဖြစ်သော နီဝရဏတို့၏။ဧဝ၊သာလျှင်။ ဈာနင်္ဂါနေဝ၊ [illegible] သည်သာလျှင်။ ပဋိပက္ခာနိ၊ [illegible] ဖြစ်ကုန်၏။ ဝိဒ္ဓံသကာနိ၊ ဖျက်ဆီး တတ်ကုန်၏။ ဝိဃာတကာနိ၊ သတ်ဖြတ်တတ်ကုန်၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊သည်။ ဟောတိ၊၏။ တထာ [illegible] သည်။ ဟိ၊မှန်၏။ သမာဓိ၊သည်။ ကာမစ္ဆန္ဒဿ၊၏။ ပဋိပက္ခော၊ပဋိဘာဂော၊ ပဋိပက္ခသည်၊ဟောတိ၊၏၊ပ။ဝိစာရော၊သည်။ဝိစိကိစ္ဆာယ၊၏။ပဋိပက္ခော၊သည်။ဟောတိ၊၏။

ရူပါဝစရာ ရူပါဝစရံ ပန တိဟေ
တုကမေဝ ဉာဏသမ္ပယုတ္တ မေဝ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ရူပါဝစရာ ရူပါဝစရံ ပန၊ ရူပါဝစရစိတ်,အရူပါဝစရ စိတ်သည်ကား။ တိဟေတုက မေဝ၊ တိဟိတ်သည် သာလျှင်တည်း။ ဉာဏသမ္ပယုတ္တမေဝ၊ ဉာဏသမ္ပယုတ်သည်သာလျှင်တည်း။

---

## အဘိညာဉ် အဓိပ္ပါယ်

အဘိဝိသေသတော ဇာနာတီတိ အဘိညာ။

ယာပညာ၊အကြင်ပညာသည်။ အဘိဝိသေသတော၊ အောက်အောက် ဖြစ်သော ပညာမှ ထူးသော အားဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာ၊ ထိုပညာသည်။ အဘိညာ၊ အဘိညာမည်၏။ ပိဂ္ဂြိုဟ်အရ ပဉ္စမဈာန်ဖြစ်သော ပကတိသိလ်နှင့် ပကြိယာ ၂-ပါး၌ ရှိသော ပညာသည် အောက်အောက် ဖြစ်သော ပဌမဈာန်, ဒုတိယဈာန် စသည်တို့၌ ရှိသော ပညာတို့ထက် ထူးကဲသော ပညာ ဖြစ်သောကြောင့် အဘိညာဉ်မည်၏။ ။ ဟူလို။

သို့သော် ပဉ္စမဈာန်ကို ရရုံမျှနှင့်အဘိညာဉ် သတ္တိမရှိသေး၊ ကသိဏာ နုလောမ၊ ကသိဏပဋိလောမ၊ ကသိဏာနုလောမ-ပဋိလောမ၊ ဈာနာနု လောမ၊ ဈာနပဋိလောမ၊ ဈာနာနုလောမ-ပဋိလောမ။ ဈာနုက္ကန္တိက၊ ကသိ ဏုက္ကန္တိက၊ ဈာနကသိဏုက္ကန္တိက၊ အင်္ဂသင်္ကန္တိက၊ အာရမ္မဏသင်္ကန္တိ က၊ အင်္ဂါရမ္မဏ သင်္ကန္တိက၊ အင်္ဂ ဝဝတ္ထာန၊ အာရမ္မဏ ဝဝတ္ထာန။ ။ ဤ ၁၄-ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမပြီးသောယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ရှိသော ပဉ္စမဈာန်သည်သာလျှင် အဘိညာဉ် သတ္တိရှိ၏။

အဘိညာဉ် သတ္တိရှိသောသူသည် မိမိအလိုရှိသလို လူတရာ, လူတထောင်, ဖြစ်စေသတည်း။ ဆင်ကြီးဖြစ်စေသတည်း။ နဂါးကြီး ဖြစ်စေသတည်း။ ဂဠုန် ကြီး ဖြစ်စေသတည်း စသည်ဖြင့် မိမိကို ဆောက်တည်လိုက် သည်နှင့် တပြိုင်နက် လူအရာ, အထောင်, ဆင်, နဂါး, ဂဠုန်-ကို ဖြစ်အောင် တန်ခိုး

ဘန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်။ ။ယူဇနာ တရာမက ဝေးကွာသော အရပ်၌ရှိသော ရူပါရုံ တခုခုကို မြင်လို၏-ဟု မိဋ္ဌာန်လိုက်သည်နှင့် တပြိုင်နက် တော, တောင်, သမုဒ္ဒရာပင် ကွာခြား၍ မည်မျှပင် ဝေးလှသော်လည်း မျက်မှောက် ထင်ထင် မြင်ခြင်းငှါ စွမ်းနိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်။ ။ထိုအတူ ယူဇနာ တရာ မက ဝေးကွာလှသော အရပ်၌ ပြောဆိုသော အသံပင် ဖြစ်စေကာမူ ငါသည် ကြားလို၏-ဟု မိဋ္ဌာန်လိုက် သည်နှင့် တပြိုင်နက် မိမိ အနား ပြောကြားဘိ သကဲ့သို့ ကြားသိရသော ဒိဗ္ဗသောတ အဘိညာဉ်။ ။တစုံတယောက်သော သူ၏ ၇-ရက်အတွင်း၌ ဖြစ်သော စိတ် အကြံအစည်ကို ငါ သိလို၏-ဟု မိဋ္ဌာန် လိုက်သည်နှင့် တပြိုင်နက် သူတပါး၏ စိတ် အကြံအစည်ကို သိရသော ပရစိတ္တဝိဇာနန အဘိညာဉ်။ ။နောက်နောက်သော ကမ္ဘာ အသိန်း အသန်းမက နေခဲ့ဘူးသော ဘဝခန္ဓာအစဉ်ကို ငါ သိမြင်လို၏-ဟု မိဋ္ဌာန်လိုက်သည်နှင့်တပြိုင်နက် တဘဝ မကျန် ရှေး၌ ဖြစ်ခဲ့ဘူးသမျှသော ဘဝမှန်သမျှကို သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်။ ။ဤငါးပါးသော အဘိညာဉ်တို့ကို ဖြစ်စေ၏။

**မှတ်ချက်။** ။ပဋိသန္ဓေ တည်နေသော ကံကို သိသော ယထာကမ္မူပဂ အဘိညာဉ်နှင့် အနာဂတ် ဘဝ၌ ဖြစ်လတ္တံ့သော ခန္ဓာ အစဉ်ကိုသိသော အနာဂတံသ အဘိညာဉ် ၂-ပါးကား ဒိဗ္ဗစက္ခုအဘိညာဉ်၌ အတွင်းဝင်သောကြောင့်အဘိညာဉ် ငါးပါးကိုသာ ဘာပြုပ်ကျမ်း၌ မိန့်ဆိုတော်မူသတည်း။

အဘိညာတိ စ ပုဗ္ဗဘာဂပညာ အပ္ပနာ ပညာစ။
မဏိသာရ မဉ္ဇူသာဋီကာ။

ဥပစာရတော ပဋ္ဌာယ ယာဝ အပ္ပနာ၊ တာဝ ပဝတ္တာ ပညာ အဘိညာတိ ဝုစ္စတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၂၁-ရှူ။ ။ဣမေဟိ ပန စတူသဟိ အာကာရေဟိ စိတ္တံ အဒမေတွာ ပုဗ္ဗေ အဘာဝိတ ဘာဝနော အာဒိကမ္မိကော ယောဂါဝစရော ဣဒ္ဓိဝိကုဗ္ဗနံ သမ္ပာဒေသာတိတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ဒီဃနိကာယ် အဋ္ဌကထာ။

---

## ရူပါဝစရစိတ်၌ အသင်္ခါရိက သသင်္ခါရိက အဓိပ္ပါယ်

ဤရူပါဝစရ စိတ်သည် သက်သက်သော သမထ ဘာဝနာကို အားထုတ်သည်၏ အစွမ်းအားဖြင့်၎င်း၊ မဂ်ကိုရသဖြင့်၎င်း၊ ဖြစ်ပေါ်ရရှိတတ်သော တရားမျိုးဖြစ်၍ သမထဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်သဖြင့် ရသော ဈာန်တရားဖြစ်ပါမူ ပုဗ္ဗပယောဂ တရားကြောင့် ရသဖြင့် သသင်္ခါရိက- ဟု ဆိုသင့်၏။ ။မိမိ အလိုအလျောက် မဂ်ကို ရသော ဈာနလာဘီ ရဟန္တာ ဖြစ်သော သူတို့၏ ဈာန်ဖြစ်ပါမူ ပုဗ္ဗပယောဂ ကင်းသဖြင့် အသင်္ခါရိက-ဟု ဆိုသင့်၏။ ထိုသို့ ဆိုသင့်ပါလျက် အဘယ့်ကြောင့် ကာမာဝစရစိတ်ကဲ့သို့ ရူပါဝစရစိတ်၌ အသင်္ခါရိက,သသင်္ခါရိက အပြားကို မဆိုပါသနည်း ဟူမူ။

မဂ္ဂါဓိဂမ သတ္တိအားဖြင့် အလိုအလျောက် ရသော ဈာန်၏လည်း နောက်အတွက်၌ ပရိကံ၏ အစွမ်းဖြင့်သာလျှင် ဖြစ်ခြင်းကြောင့် အသင်္ခါရိက ဟူ၍လည်း မဆိုရ။ ။သမထ ဝိပဿနာ အားထုတ်မှုကြောင့် ရသော ဈာန်သည်လည်း ရှေးဘဝ၌ ဆုတောင်း ပတ္ထနာမှု အဓိကာရနှင့် ကင်း၍ မရနိုင် မဖြစ်နိုင်ခြင်းကြောင့် သသင်္ခါရိကဟူ၍လည်း မဆိုအပ်။

ထို့ကြောင့် ရူပါဝစရ၌ အသင်္ခါရိက,သသင်္ခါရိက ဟု အရှင်အနုရုဒ္ဓါ ဆရာမြတ် မမိန့်ဆိုအပ်ပေ။

---

၂၁-ရှူ။ [illegible]

**တနည်း။** ။ရူပါဝစရ ဈာန်ဟူသည် ပုဗ္ဗာဘိ သင်္ခါရဖြင့်သာ ဖြစ်သော ကြောင့် သသင်္ခါရိက အစစ် ဖြစ်၏။ တရံတဆစ်မျှ အသင်္ခါရိက မဖြစ်။ ထို့ကြောင့်- အသင်္ခါရိက ဖြစ်အံ့လော ဟု လျဉ်းပါး ယုံမှားဖွယ် မရှိ၍ သသင်္ခါရိက-ဟု မဆိုအပ်-ဟု မှတ်။

> သဗ္ဗသာပိ ဈာနဿ ပရိကမ္မသင်္ခါတ ပုဗ္ဗာဘိသင်္ခါရေန ဝိနာ ကေဝလံ အဓိကရဏဝသေန အနုပ္ပဇ္ဇနတော အသင်္ခါရန္တိပိ ဝတ္တုံ န သက္ကာ။ အဓိကာရေနစ ဝိနာ ကေဝလံ ပရိကမ္မာဘိ သင်္ခါရေနေဝ အနုပ္ပဇ္ဇနတော သသင်္ခါရန္တိပိ ဝတ္တုံ န သက္ကာ။

အဘိဓမ္မာဝတာရဋီကာ။

---

## ဆောင်ပုဒ်

က။ ။မဂ္ဂါဓိဂမ၊ သမထတရား၊ ပွါးများသဖြင့်။ ရလင့် ဈာန်စိတ်၊ အရိပ် ၂-ပါး၊ မကင်းငြား၊ မဲ့ရှား-သင်္ခါရ။

ခ။ ။ဈာန်စိတ်ဟူက၊ ပယောဂနှင့်၊ မကင်းလင့်၍၊ အစစ် သ-သင်၊ ထို့ကြောင့်အင်၊ မိန့်ရှင် ပြားကင်းပ။

---

## အမေး အဖြေ

မေး။ ။ပါဠိတော်၌စတုက္က နည်းကိုလည်း ဟောတော်မူသောကြောင့် စတုက္ကနည်းကို ဤလဘိုဟ်ကျမ်း၌ မဆိုအပ်ပါဘဲ ပဥ္စက နည်းအားဖြင့် ဈာန်ငါးပါးတို့သာ အဘယ့်ကြောင့် မိန့်ဆို အပ်ပါသနည်း။

ဖြေ။ ။စတုက္ကနည်းသည် ပဥ္စက နည်း၌ အတွင်းဝင်သောကြောင့် စတုက္ကနည်းကို အနုရုဒ္ဓါ အရှင်မြတ် မမိန့်ဆိုအပ်ပါသတည်း။

မေး။ ။ပဥ္စမ ဈာန်စိတ်၌ အခြားသော ဖဿ စသော သမ္ပယုတ် တရားတို့သည်း ရှိသဖြင့် ဖဿစသောတရားတို့ကိုကား ဈာန် အင်္ဂါ အဖြစ်ဖြင့် မဆိုမူ၍ ဤဝိတက်စသော တရားတို့ကိုသာ အဘယ့်ကြောင့် ဈာန်အင်္ဂါပြု၍ မိန့်ဆိုပါသနည်း။

ဖြေ။ ။ဖဿ စသော တရားတို့သည် ရှိသည် မှန်၏။ သို့သော် ၎င်း တရားတို့သည် ကသိုဏ်းစသော အာရုံကို ကပ်၍ မရှုတတ်, နီဝရဏ တရားတို့ကို မလောင်ကျွမ်း စေတတ်သောကြောင့် ၎င်းတရားတို့ကို ဈာန်အင်္ဂါ အဖြစ်ဖြင့် မဆိုအပ်ပါဘဲ၊ကသိုဏ်း စသော အာရုံကို ကပ်၍ ရှုတတ်, နီဝရဏ တရားတို့ကို လောင်ကျွမ်းစေတတ်သော ဝိတက် စသော တရားတို့ကိုသာ ဈာနင် အဖြစ်ဖြင့် မိန့်ဆိုအပ်ပါသတည်း။

အတ္ထတော ဟိ စတုက္ကပဉ္စကနယာ အညမညာနုပဝေသနာ။

အနုဋီကာ။

---

ဆောင်ပုဒ်

က။ ။နည်းစတုက္က၊ ပဉ္စမ၊ ဝင်ထ အဖွင့်တည်း။

ခ။ ။ဝိတက်ငါးစုံ၊အာရုံကပ်ရှု၊လောင်ကျွမ်းမှု၊ဖို့နှုပြု ဈာနင်နည်း။

---

ရူပါဝစရ ဝိပါက်စိတ် အဖွင့်

၂၂။ ။ဝိတက္ကဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ပဌမ
ဇ္ဈာန ဝိပါကစိတ္တံ။ ဝိစာရ ပီတိသုခေကဂ္ဂတာ သဟိ
တံ ဒုတိယ ဇ္ဈာနဝိပါကစိတ္တံ။ ပီတိ သုခေကဂ္ဂတာ
သဟိတံ တတိယ ဇ္ဈာနဝိပါက စိတ္တံ၊ သုခေကဂ္ဂတာ
သဟိတံ စတုတ္ထ ဇ္ဈာနဝိပါက စိတ္တံ။ ဥပေက္ခေကဂ္ဂ
တာ သဟိတံ ပဉ္စမ ဇ္ဈာန ဝိပါကစိတ္တဉ္စေတိ ဣမာနိ
ပဉ္စပိ ရူပါဝစရ ဝိပါကစိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠိ။

---

၁။ ။ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တို့နှင့် တကွဖြစ်သော ပဌမဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်တခု၊

၂။ ။ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တို့နှင့် တကွဖြစ်သော ဒုတိယ ဈာန်နှင့် ယှဉ်သော ဝိပါက်စိတ် တခု၊

၃။ ။ပီတိ,သုခ,ဧကဂ္ဂတာတို့နှင့် တကွ ဖြစ်သော တတိယ ဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်တခု၊
၄။ ။သုခ,ဧကဂ္ဂတာနှင့် တကွဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော ဝိပါက်စိတ် တခု၊
၅။ ။ဥပေက္ခာ, ဧကဂ္ဂတာ-တို့နှင့် တကွ ဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်တခု၊

ဤငါးပါးသောစိတ်တို့သည် ရူပါဝစရဝိပါက်စိတ်တို့ မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ရူပါဝစရ ဝိပါက်သည် ဧင်္ကုသိုလ်နှင့် တူပုံ

အတ္တနော ကုသလေဟေဝ၊သမာနံ သဗ္ဗထာ ဗုဒ္ဓံ။
ဂဇာဒိနံ ယထာ ဆာယာ၊ ဂဇာဒိ သဒိသာ ထထာ။ ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။

ကာမာဝစရ ဝိပါက်စိတ်သည် မိမိ၏ ကုသိုလ်စိတ်နှင့် တူသည်လည်း ရှိ၏။ မတူသည်လည်း ရှိ၏။ ရူပါဝစရဝိပါက်သည်ကား လူ,ဆင်,မြင်း-စသည်တို့၏ အရိပ်သည် လူ,ဆင်,မြင်း-စသည်တို့နှင့် တူဘိသကဲ့သို့ မိမိ၏ ကုသိုလ်စိတ်နှင့် အမြဲတူစွာ ဖြစ်၏။ ။အဘယ့်ကြောင့် ကာမာဝစရ ဝိပါက်စိတ်သည် မိမိကုသိုလ်နှင့် မတူမူ၍ ရူပါဝစရ ဝိပါက်စိတ်သည်သာ မိမိကုသိုလ်စိတ်နှင့် တူရပါသနည်းဟူမူ။ ။ကာမာဝစရ ကုသိုလ်စိတ်သည် အပ္ပနာသို့ မရောက် သဖြင့် ကာမစ္ဆန္ဒ စသော နီဝရဏ တရားတို့သည် လှုပ်ချောက်ချားအပ်သည်ဖြစ်၍ အားနည်းသောကြောင့် တူသော အကျိုး ဝိပါက်ကို မပေးနိုင်,မဖြစ်စေနိုင်၊ ရူပါဝစရ ကုသိုလ်သည်ကား အပ္ပနာသို့ ရောက်သဖြင့် ကာမစ္ဆန္ဒ စသော နီဝရဏ တရား တို့သည် မလှုပ်ချောက်ချား နိုင်၍ ထက်မြက် အားကြီးသောကြောင့် တူသော ဝိပါက် အကျိုးကို ပေးနိုင်၏, ဖြစ်စေနိုင်၏-ဟုမှတ်။ ။ဤကား ဈာန်အင်္ဂါအားဖြင့် တူသော အကျိုးပေးပုံတည်း။

ဖြစ်ရာ ဘုံဌာန အားဖြင့်လည်း ကာမာဝစရ ကုသိုလ်သည် အခြားမဲ့ ဖြစ်သော ဘဝ၌ အကျိုး ဖြစ်စေသည်လည်း ရှိ၏။ မဖြစ်စေသည်လည်း ရှိ၏။ ။ကမ္ဘာ တရာ နှစ်ရာ ခြားမှသော်လည်း အကျိုးကို ဖြစ်စေတတ်၏။

ရူပါဝစရ ကုသိုလ်သည်ကား ထိုသို့ မဟုတ်မူ၍ ကာမစ္ဆန္ဒစသော နီဝရဏ အန္တရာယ်တရားတို့ကြောင့် ချာန်မပျက်စီး မရွေ့လျော့ပါမူကား ဒုတိယ ဘဝ၌ မုချအမှန် တူသော အကျိုးကို ပေးနိုင်၏။ ပဌမဈာန် ကုသိုလ်သည် ပဌမဈာန်ဘုံ၌ ဖြစ်စေ၏။ ။ဟူလို။

သို့သော် ဤအန္တရာယ်အရာ၌အချို့သော ဆရာတို့သည် ပဋိသန္ဓိယ ကမ္မန္တရာယ်တို့ကို ယူကြကုန်၏။ ။ဆင်ခြင်။

၂၂-က။ ။ကာမာဝစရ ဝိပါကံ အတ္တနော ကုသလေန သဒိသမ္ပိ ဟောတိ အသဒိသမ္ပိ။ တသ္မာ န တံ ကုသလဂတိကံ ကတွာ ဘာဇိတံ ရူပါဝစရာ ရူပါဝစရ ဝိပါကံ ပန ယထာ ဟတ္ထိ အဿ ပဗ္ဗတာဒီနံ ဆာယာ ဟတ္ထိအာဒိ သဒိသာဝ ဟောတိ။ တထာ အတ္တနော ကုသလ သဒိသ မေဝ ဟောတိ။ ။ရူပါဝစရာ ရူပါဝစရ ကုသလံ ပန အနန္တရာယေန ဒုတိယသ္မိံ ယေဝ အတ္တ ဘာဝေ ဝိပါကံ ဒေတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အနန္တရာယေနာတိ ပရိဟာနိ ပစ္စယဝိရဟေန။

မူလဋီကာ။

ပရိဟာနိ ပစ္စယဝိရဟေနာတိ ကာမစ္ဆန္ဒနီဝရဏာဒိ ဝိရဟေန၊ နအညဗာဂက ကမ္မဝိရဟေနာတိ အဓိပ္ပါယော။

ဖေ့။

---

### သေဘာင်ပုဒ်

အပ္ပနာဘုံ၊ ရောက်တုံဖြစ်ကြွား၊ အားကြီးများဟူတတ်၊ ချာန်ဝိပါက်၊ ဟူချက်-ကျိုးပေးပုံ။

---

၂၂-က။ ။ကာမာဝစရဒွိပါကံ၊ သည်။ အတ္တနော၊ ၏။ ကုသလေန၊ နှင့်။ သဒိသံ၊ တူသည် လည်း။ ဟောတိ၊ ဖြစ်၏။ အသဒိသံ၊ မတူသည်လည်း။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့် တူသည်လည်း ဖြစ်, မတူသည်လည်းဖြစ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုကာမာဝစရဝိပါကံကို။ ကုသလဂတိကံ၊ ကုသိုလ်နှင့်တူသောအလားရှိသည်ကို။ ကတွာ၊ ၍။ န ဘာဇိတံ၊ မဝေဖန်အပ်။ ပန၊ ဆက်ဦးအံ့။

## ရူပါဝစရ ကြိယာစိတ် အခန်း

၂၃။ ။ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂ သဟိတံ ပဌမဇ္ဈာန ကြိယာစိတ္တံ။ ဝိစာရပီတိ သုခေကဂ္ဂတာသဟိတံဒုတိယ ဈာန ကြိယာစိတ္တံ။ပီတိသုခေကဂ္ဂတာ သဟိတံ တတိယ ဈာန ကြိယာစိတ္တံ။သုခေကဂ္ဂတာသဟိတံ စတုတ္ထ ဈာန ကြိယာစိတ္တံ။ဥပေက္ခေကဂ္ဂတာသဟိတံပဉ္စမဇ္ဈာန ကြိယာ စိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရကြိယာ စိတ္တာနိနာမ။

သင်္ဂြိုဟ်ပါဌ်။

---

၁။ ။ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့နှင့် တကွ ဖြစ်သော ပဌမဈာန်နှင့်ယှဉ်သော ကြိယာစိတ်တခု၊

၂။ ။ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တို့နှင့် တကွ ဖြစ်သော ဒုတိယ ဈာန်နှင့် ယှဉ်သော ကြိယာစိတ်တခု၊

၃။ ။ပီတိ, သုခ, ဧကဂ္ဂတာ တို့နှင့် တကွ ဖြစ်သော တတိယဈာန်နှင့် ယှဉ်သော ကြိယာစိတ်တခု၊

၄။ ။သုခ,ဧကဂ္ဂတာတို့နှင့် တကွဖြစ်သော စတုတ္ထဈာန်နှင့်ယှဉ်သော ကြိယာစိတ် တခု၊

၅။ ။ဥပေက္ခာ, ဧကဂ္ဂတာ တို့နှင့် တကွ ဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော ကြိယာစိတ် တခု၊

ဤငါးပါးသော စိတ်တို့သည် ရူပါဝစရ ကြိယာစိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ဝိဂြုတ္တ။

---

ရူပါဝစရ ရူပါဝစရ [illegible] သည်။ [illegible] ဝေါဟာရ [illegible] တို့၏။ [illegible] ဖြစ်ကုန် [illegible] လွှင်။ [illegible] ရှိသော [illegible] ဖြစ်၏။ [illegible]

[illegible] ရူပါဝစရ ရူပါဝစရ သည်။ [illegible] ကျခြင်း၏ အကြောင်းဖြစ်သော [illegible] ဖြစ်သော။ အတ္တ [illegible] ဒီပနီ [illegible] ခေတ်၏။

## ရူပါဝစရ ကြိယာဖြစ်ပုံ အဓိပ္ပါယ်

ဤငါးပါးသော ရူပါဝစရ ကြိယာစိတ်သည် အဘယ် ပုဂ္ဂိုလ်တို့အား အဘယ်ခါ အဘယ်ဘုံတို့၌ ဖြစ်ကုန်သနည်း-ဟူမူ။ ။ဤငါးပါးကုန်သော ရူပါဝစရ ကြိယာစိတ်တို့သည် လူဘုံ, ကာမာဝစရ နတ်ခြောက်ဘုံ, ရူပါဝစရ ၁၅-ဘုံ အားဖြင့် ၂၂-ဘုံ အတွင်းတို့၌သာလျှင် ဈာန်ကိုရသော ဈာနလာဘီ ရဟန္တာ, မြတ်စွာဘုရားတို့အား ဤမျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေခြင်းအကျိုးငှါ သမာပတ်ကို ဝင်စားသော အခါ၌သာလျှင် ဖြစ်ကုန်၏။

ဈာန်ရသော ပုထုဇဉ်, သေက္ခ ပုဂ္ဂိုလ်တို့ကား ရူပါဝစရ ကုသိုလ် သမာပတ်ကိုသာလျှင် ဝင်စားနိုင်ကုန်၏။ ဆိုလိုရင်းကား အာသဝေါ ကင်းစင် ဘုရား ရဟန္တာအရှင်တို့အား သမာပတ်ကို ဝင်စားသောအခါ၌ ဖြစ်သော စိတ်မျိုး။ ။ဟူလို။

ကိရိယံ နေဝ ကုသလံ နာကုသလံ
န စ ကမ္မဝိပါကံ ဒိဋ္ဌဓမ္မသုခဝိဟာရံ။

ဓမ္မသင်္ဂဏီပါဠိတော်။

ဒိဋ္ဌဓမ္မ သုခဝိဟာရန္တိ ဒိဋ္ဌဓမ္မေ ဇုမသ္မိံ ယောဂ အတ္တဘာဝေ သုခဝိဟာရမတ္တံ။ ။ခီဏာသဝ ကာလေ ပနဿ နိဗ္ဗတ္တိတာ သမာပတ္တိ ကြိယာဝ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**သင်္ခေပဂါထာ**

ဘုရား ရဟန္တာ၊ လေးဖြာသမာပတ်၊
ဝင်စား လတ်တုံ၊ဖြစ်ခဲ့ပုံ၊ငါးစုံ-ကြိ။

---

၂၅။ ။ပဉ္စဓာ ဈာနဘေဒေန၊ ရူပါဝစရ မာနသံ။
ပုညပါကကြိယာဘေဒါ၊ တံ ပဉ္စဒသဓာ ဘဝေ။

သင်္ဂြိုဟ်ပါဌ်။

---

အဓိပ္ပါယ်ကား…. ရူပါဝစရစိတ်သည် ဈာန်တို့၏ သာမည အပြား အားဖြင့် ရေတွက်သည်ရှိသော် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်,ပဉ္စမဈာန်-ဟူ၍ ငါးပါးသော အပြားရှိ၏။ကုသိုလ်,ဝိပါက်, ကြိယာ- အပြားအားဖြင့် ရေတွက်ပါမူကား ၁၅-ပါး အပြားရှိ၏။ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ရူပါဝစရစိတ် သရုပ်ခွဲ**

ကုသိုလ် ၅-ပါး၊ ဝိပါက် ၅-ပါး၊ ကြိယာ ၅-ပါး၊
ပေါင်း ရူပါဝစရစိတ် ၁၅-ပါး။

---

ပဌမဈာန် ၃-ပါး၊ ဒုတိယဈာန် ၃-ပါး၊
တတိယဈာန် ၃-ပါး၊ စတုတ္ထဈာန် ၃-ပါး၊
ပဉ္စမ ဈာန် ၃-ပါး၊

ပေါင်း ရူပါဝစရစိတ် ၁၅-ပါး။

---

အင်္ဂါငါးပါးရှိသော ဈာန် ၃-ပါး၊ အင်္ဂါလေးပါးရှိသော ဈာန် ၃-ပါး၊
အင်္ဂါသုံးပါးရှိသော ဈာန် ၃-ပါး၊ အင်္ဂါနှစ်ပါးရှိသော ဈာန် ၃-ပါး၊
အင်္ဂါနှစ်ပါးရှိသော ဈာန် ၃-ပါး၊

ပေါင်း ရူပါဝစရစိတ် ၁၅-ပါး။

---

သောမနဿ ၁၂-ပါး၊
ဥပေက္ခာ ၃-ပါး၊
ပေါင်း ရူပါဝစရစိတ် ၁၅-ပါး။

**မှတ်ချက်။** ။ * ဤရူပါဝစရစိတ်ကို သမ္ပယုတ်, ဝိပ္ပယုတ် နှစ်ပါး တို့တွင် သမ္ပယုတ်ဟု အမြဲမှတ်။ ။အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးတို့တွင် သသင်္ခါရိက-ဟု အမြဲ မှတ်လေ။ ။အရူပါဝစရ စိတ်လည်း ၎င်းအတိုင်းပင်။

---

## ဝေဒနာ,ဟိတ်,ကိစ္စ ဒွါရ,အာရုံ,ဝတ္ထု-အားဖြင့် ခွဲခြမ်း ဝေဘန်ခြင်း

ရူပါဝစရ စိတ်အလုံးစုံသည် ဝေဒနာအားဖြင့် သောမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာ ၂-ပါး သာလျှင်တည်း။ ။ဟိတ်အားဖြင့် အလောဘ, အဒေါသ, အမောဟ, ဟိတ် ၃-ပါး သာလျှင်တည်း။ ။ကိစ္စအားဖြင့် ကုသိုလ် ကြိယာတို့သည် ဇောကိစ္စ တခုသာလျှင် တပ်နိုင်ကုန်၏။ ။ ဝိပါက်သည် ပဋိသန္ဓေ,ဘဝင်,စုတိ, ကိစ္စအားဖြင့် ၃-ကိစ္စ တပ်နိုင်၏။

ဒွါရအားဖြင့် ကုသိုလ်,ကြိယာ တို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။ ဝိပါက်သည် အခြင်းခပ်သိမ်း ခြောက်ဒွါရမှ လွတ်၏။ ။အာရုံအားဖြင့် ရူပါဝစရစိတ် ၁၅-ပါးလုံးသည် ပညတ်ကို အာရုံပြု၏။ ဤသို့ အာရုံ ပြုရာတွင် အထူးသတိပြုရန်ကား.... သက်သက်သော ပဉ္စမဈာန် မိုယ်သည် ကသိုဏ်း ၁၀-ပါး, အာနာပါနဿာတိ, ဥပေက္ခာ ဗြဟ္မဝိဟာရ အားဖြင့် ၁၂-ပါးသော ပညတ်တို့ကို အာရုံပြု၍ ဖြစ်၏။ ။အဘိညာဉ် ကိစ္စတပ်ပါမူကား ကုသိုလ်ပဉ္စမဈာန်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံသော တရားကိုအာရုံပြု၏။ ။ကြိယာ ပဉ္စမဈာန်သည် ကား ခပ်သိမ်းဥဿုံ အလုံးစုံသော တရားဟူသမျှကို အာရုံပြုနိုင်၏။

ပါဝစရ စိတ်အဘွင့်ပြီး၏။

## အရူပါဝစရ ကုသိုလ်စိတ် အဘွင့်

၂၆။ ။အာကာသာနဉ္စာယတန ကုသလစိတ္တံ၊ ဝိညာဏဉ္စာယတန ကုသလ စိတ္တံ၊ အာကိဉ္စညာယတန ကုသလ စိတ္တံ၊ နေဝသညာ နာသညာယတန ကုသလစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ အရူပါဝစရကုသလ စိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠ်။

---

၁။ ။အာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၂။ ။ဝိညာဏဉ္စာယတနဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၃။ ။အာကိဉ္စညာယတနဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၄။ ။နေဝသညာနာသညာယတနဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊
ဤလေးပါးသော စိတ်တို့သည် အရူပါဝစရ ကုသိုလ်စိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### အရူပါဝစရ ဈာန်အပြား

အ ပါဝစရ စိတ်သည် သာမညအားဖြင့် ၁၂-ပါးသာ ရှိသော်လည်း အကျယ် ဝေဘန်သည်ရှိသော် ၁၀၀-အပြား ရှိ၏။

အကျယ် ဝေဘန်ပုံကား···· အာကာသာနဉ္စာယတန စသော ဈာန် လေးပါးကို သုဒ္ဓိက ဧကက-ဟုမှတ်။ ။၎င်းသုဒ္ဓိက ဧကက လေးပါးကို ပဋိပဒါလေးပါးနှင့် မြှောက် ၁၆-ပါး၊ ၎င်းသုဒ္ဓိက လေးပါးကို အာရမ္မဏ လေးပါးနှင့် မြှောက် ၁၆-ပါး၊ သက်သက် သုဒ္ဓိက လေးပါးနှင့်ရော၍ပေါင်းသော် ၃၆-ပါး၊ ပဋိပဒါလေးပါးကိုအာရမ္မဏလေးပါးနှင့်မြှောက် ၁၆-ပါး၊ ၎င်း ၁၆-ပါးနှင့် သုဒ္ဓိက ဧကက လေးပါးကိုမြှောက် ၆၄-ပါး၊ ၎င်း ၆၄-ပါးနှင့် ၃၆-ပါးကို ပေါင်းသော် ဧကကပေါင်း ၁၀၀-ဖြစ်၏။ ဤသို့လျှင် ကုသိုလ်ဈာန်၌ ဧကကပေါင်း ၁၀၀-ရသဖြင့် ကြိယာဈာန်၌လည်း ထိုအတူ ၁၀၀-ပင် ရ၏။ ထို့ကြောင့် ဈာန်အပြား ၂၀၀-ရှိလေ၏။

## အာကာသာနဉ္စာယတန ကုသိုလ် အဓိပ္ပါယ်

အာကာသာနဉ္စာယတန-ဟူသောပုဒ်၌။ ။အာကာသ-ပုဒ်၊အနန္တ-ပုဒ်၊ အာယတန-ပုဒ်ဖြစ်၏။ ။အာကာသ-ပုဒ်ကို—

အာဘုသော ကာသတိ ဒိဗ္ဗတီတိ အာကာသော။

ဟု ဝိဂြိုဟ်ပြု။ ။အာဘုသော၊ လွန်စွာ။ ကာသတိ ဒိဗ္ဗတိ၊ ထွန်းလင်း တတ်၏။ဣတိ၊ ကြောင့်။ အာကာသော၊ အာကာသ-မည်၏။ ။(အလို၊ အာ-ဥပသာရ ရှေ့ရှိသော ကာသ-ဓာတ်။ထွန်းလင်းခြင်း အနက်ဟောကြိ)။

အဓိပ္ပါယ်ကား····ပင်ကိုယ်ကပင် ထွန်းလင်းသော အရာဝတ္ထုမဟုတ် သော်လည်း နက္ခတ် တာရာ အရောင်, နေရောင်, လရောင် တို့ဖြင့် တပြောင်ပြောင် တောက်ပထွန်းလင်းနေသောကြောင့် အာကာသ မည်၏။ ဝါ၊ကောင်းကင်ကြီး မည်၏။ ။ဟူလို။

**တနည်း**။ ။န ကဿတိ န ဝိလေခိယတီတိ အာကာသော၊
အာကာသော၀ အာကာသော။

ဟုပြု။ ။န ကဿတိ န ဝိလေခိယတိ၊ရေခြစ် ခုတ်ဖြတ်ခြင်းကို မပြုအပ်။ ဣတိ၊ ကြောင့်။ အကာသော၊ အကာသ-မည်၏။ အကာသော၀-အကာသ ပုဒ်သည်ပင်လျှင်။ အာကာသော၊အာကာသမည်၏။

**မှတ်ချက်**။ ။န-ပဋိသေဝ ရှေးရှိသော ကသ-ဓာတ်၊ န-၏ ကာရိုယ ဖြစ်သော အ-ကိုအာပြု။ ။ဟူလို။

အဓိပ္ပါယ်ကား····ကောင်းကင်ပြင်ဟူသည် မည်သူ တစုံတယောက်မျှ မရေးခြစ်, ခုတ်ဖြတ်ခြင်းငှါ မစွမ်းနိုင် မရနိုင်သောကြောင့် အာကာသ မည်၏။ ။ဟူလို။ ။ထိုအာကာသသည် ၁-အဇဋာကာသ။ ။၂-ပရိစ္ဆိန္နာ ကာသ။ ။၃-ကသိဏုဂ္ဃါဋိမာကာသ။ ။၄-ရူပပရိစ္ဆေဒါကာသ။ ။ ဟူ၍ လေးပါးအပြားရှိ၏။

၁။ ။ထိုလေးပါးတို့တွင် ရှိရှိသမျှ ကျယ်ဝန်းလှသော အဆုံးမရှိ သော အထက် ဝေဟင် ကောင်းကင်ပြင်ကြီးသည် အဇဋာကာ သမည်၏။

၂။ ။ကသိုဏ်း ၁၀-တို့တွင် အာကာသကသိုဏ်း ဟူ၍ ခေါ်ဝေါ်အပ်သော လေသာပြူတင်းပေါက် စသော အဝန်း အဝိုင်း အကြီးအငယ် ပိုင်းခြား သတ်မှတ် အပ်သော ကောင်းကင်သည် ပရိစ္ဆိန္နာကာသ မည်၏။

၃။ ။အာကာသ ကသိုဏ်းမှတပါး ကြွင်းသော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးသော ကသိုဏ်းကို ဘာဝနာ၏ အစွမ်းဖြင့်ခွါ၍ ရအပ်သော ဟင်းလင်း အပြင်သည် ကသိဏုဂ္ဃါဋိမာကာသ မည်၏။

၄။ ။ရုပ် ၂၈-ခုတို့တွင် အတွင်းဝင်သော ပရိစ္ဆေဒ ရုပ်ဖြစ်သော အာကာသဓာတ်သည် ပရိစ္ဆေဒါကာသမည်၏။ ။ဤလေးပါးသော အာကာသတို့တွင် ဤဌာနျာန်အရာ ဖြစ်သောကြောင့် ကသိဏုဂ္ဃါဋိမာကာသကို အာကာသ-ဟု ယူအပ်၏။

အနန္တ-ပုဒ်ကိုကား။ ။နတ္ထိ အန္တော ဧတဿာတိ အနန္တော။ ။ဟုပြု။ ဧတဿ၊ထိုကောင်းကင်အား။ အန္တော၊အဆုံး အပိုင်းအခြားသည်။ နတ္ထိ၊မရှိ။ဣတိ၊ကြောင့်။ အနန္တော၊ အနန္တ-မည်၏။ ။ကသိုဏ်းမှခွါ၍ ရအပ်သော ကောင်းကင်သည် အဆုံးမရှိသော အဇဋာကာသ ကောင်းကင်ကြီးနှင့် တစပ်ထည်းကဲ့သို့ နေသောကြောင့် အဆုံးမရှိ အနန္တပင် မည်၏။ အကြောင်းသော်ကား ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းမှခွါ၍ ရအပ်သော ကောင်းကင်ကို ကျယ်သည်ထက် ကျယ်အောင်ပြု၍ ပွါးများအပ်သဖြင့် အထက် အဇဋာကာသ ကောင်းကင်ကြီးနှင့်တစပ်ထည်းလို ဖြစ်နေသောကြောင့် အနန္တဖြစ်၏။ ။ဟူလို။

**တနည်း**။ ။အန္တ-သဒ္ဒါကို ပရိစ္ဆေဒအနက်ဟော ကြံ၍။ ။နတ္ထိ အန္တော ဥပ္ပါဒါဒိ ပရိစ္ဆေဒေါ ဧတဿာတိ အနန္တော။ ။ဟုပြု။ ။ဧတဿ၊ ထိုကောင်းကင်အား။အန္တော ဥပ္ပါဒါဒိ ပရိစ္ဆေဒေါ၊ ဥပါဒ်,ဋ္ဌီ,ဘင်-ဟူသော အပိုင်းအခြားသည်။ နတ္ထိ၊မရှိ။ ဣတိ၊ကြောင့်။ အနန္တော၊အနန္တ-မည်၏။ အဓိပ္ပါယ်ကား.... ထိုကသိုဏ်းမှ ခွါ၍ ရအပ်သော ကောင်းကင်သည် ဥပါဒ်, ဋ္ဌီ, ဘင်-ဟူသော အပိုင်းအခြား မရှိသောကြောင့်လည်း အနန္တ မည်၏။ ။ဟူလို။(အန္တ-သဒ္ဒါ အဝသာနတ္ထလည်း ကြံတော်မူကြသေး၏)။

အာကာသောစ သော အနန္တောစာတိ အာကာသာနန္တော။

အာကာသောစ၊ ကသိုဏ်းမှခွါ၍ ရအပ်သော ကောင်းကင်သည်လည်း။ ဟောတိ၊ ၏။သော၊ ထိုကောင်းကင်ဟူသည်။ အနန္တောစ၊ အဆုံးမရှိ၊ အပိုင်းအခြားမရှိသည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ အာကာသာနန္တော၊ အာကာသာနန္တ-မည်၏။ ။အဆုံးမရှိသော၊ဝါ-ဥပါဒ်စသောအပိုင်းအခြားမရှိသော ကသိုဏ်း ၉-ပါးမှ ခွါ၍ ရသော ကောင်းကင်သည် အာကာသာနန္တမည်၏။ ။ဟူလို။

**မှတ်ချက်။** ။ ၎င်းအာကာသာနန္တ-ပုဒ် ကိုပင်လျှင် သကတ္တ္ဝ ဗျ ပစ္စည်းသက်၍ ၎င်း ဗျပစ္စည်းကို တ-နှင့်တကွ ယဝတံ တလဏ-စသော သုတ်ဖြင့် စ-ပြု၊ အထက်သံယုတ် န-ကို နိဂ္ဂဟိတ် ပြုပြီးလျှင် ဝဂ္ဂန္တ ဉ-ပြု-စသို့ ကပ်၍ အာကာသာနဉ္စ- ဟူသောပုဒ် ဖြစ်လာ လေသတည်း။ ထို့သော် အာကာသာနန္တ-နှင့် အနတ် အဓိပ္ပါယ်အတူတူမှတ်။

အာကာသာနဉ္စံ အာယတနံ အဿာတိ အာကာသာနဉ္စာယတနံ။

အဿ၊ ထို စိတ်,စေတသိက် အပေါင်းအား။ အာကာသာနဉ္စံ၊ အဆုံးမရှိသော ကောင်းကင်ဟု ဆိုအပ်သော။ အာယတနံ၊ တည်ရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန မည်၏။

အဓိပ္ပါယ်ကား····ကသိုဏ်း ကိုးပါးတို့တွင် တပါးပါးသောကသိုဏ်းမှ ခွါ၍ ရအပ်သော အဆုံး အပိုင်းအခြား မရှိသော ကောင်းကင်သည် နတ်တို့၏ နေရာ နတ်ကွန်းကို ဒေဝါယတန-ဟု ဆိုအပ်သကဲ့သို့ ထိုအတူ ၎င်းကိုအာရုံပြု၍ ဖြစ်သော ဈာန်စိတ်၏ တည်ရာဖြစ်သောကြောင့် အာယတနမည်၏။ ဤသို့လျှင် အစအဆုံး အပိုင်းအခြား မရှိသဖြင့် အာကာသာနဉ္စ မည်သော အာရမ္မဏိက တရားတို့၏ တည်ရာဖြစ်၍ အာယတနလည်း မည်သော ကောင်းကင်ကို အာရုံပြု၍ ဖြစ်သော စိတ်,စေတသိက်- တရားအပေါင်းသည်၊ အာကာသာနဉ္စာယတန ဈာန်မည်၏။ ဟူလို။

အာကာသာနဉ္စာယတနေန သမ္ပယုတ္တံ ကုသလစိတ္တန္တိ အာကာသာနဉ္စာယတန ကုသလစိတ္တံ။ ။အာကာသာနဉ္စာယတနေန၊ အာကာသာ

နဉ္စာယတန ဈာန်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ ကုသလစိတ္တံ၊ ကုသိုလ် စိတ်တည်း။ဣတိ၊ကြောင့်။ အာကာသာနဉ္စာယတန ကုသလစိတ္တံ၊ အာကာ သာနဉ္စာယတန ကုသိုလ်စိတ်မည်၏။ ။အာကာသာနဉ္စာယတန ဈာန်ကို ပွါးများသဖြင့်ဖြစ်သော ကုသိုလ်။ ။ဟူလို။

အာကာသာနဉ္စာ ယတနန္တိ အာကာသာနဉ္စာယတန
သမာပန္နဿ ဝါ ဥပပန္နဿ ဝါ ဒိဋ္ဌ ဓမ္မ သုခဝိဟာရိ
ကဿ ဝါ စိတ္တစေတသိကဓမ္မာ။

ဝိဘင်း ပါဠိတော်။

---

**ဆောင်ပုဒ်**

ကသိုဏ်း ၉-ပါး၊ ခွါခြားကောင်းကင်၊ အာရုံတင်၍၊
မြဲပင်ရှုနေ၊ ယင်းစိတ်,စေ၊ မှတ်လေ-အာကာ-ဈာန်။

---

## ဝိညာဏဉ္စာယတန ကုသိုလ် အဓိပ္ပါယ်

ဝိညာဏဉ္စာယတန- ဟူသော ပုဒ်၌ ဝိညာဏ-ပုဒ် အနန္တပုဒ် အာ ယတန-ပုဒ် ဖြစ်၏။ ။ဝိညာဏ-၏ အရကား အာကာသာနဉ္စာယတနဈာန် စိတ်ဖြစ်သော ဝိညာဏ်ကို ယူအပ်၏။

ဝိညာဏမေဝ အနန္တန္တိ ဝိညာဏာနန္တံ။ဝိညာဏာနန္တမေဝ ဝိညာဏဉ္စံ။ ဝိညာဏမေဝ အာကာသာနဉ္စာယတန ဝိညာဏ်သည်ပင်လျှင်။ အနန္တံ၊ အဆုံး မရှိသည်တည်း။ ဣတိ၊ ကြောင့်။ဝိညာဏာနန္တံ၊ ဝိညာဏာနန္တ-မည်၏။ ။ဝိညာဏာနန္တမေဝ၊ ဝိညာဏာနန္တ သဒ္ဒါသည်ပင်လျှင်။ ဝိညာဏဉ္စံ၊ဝိညာဏဉ္စမည်၏။

အဓိပ္ပါယ်ကား…. အာကာသာနဉ္စာယတန ဈာန်စိတ် တည်းဟူသော ဝိညာဏ်သည် ဥပါဒ်,ဌီ,ဘင်-တည်းဟူသော အစအဆုံး အပိုင်းအခြားပင် ရှိလင့်ကစား မိမိ၏ အာရုံဖြစ်သော ကောင်းကင်သည် အစအဆုံး အပိုင်း အခြား မရှိသောကြောင့် ၎င်း၏ အနန္တ-ဟူသော အမည်ကို ၎င်းနှ ဖြစ်သော စိတ်ပေါ်၌ တင်စားသော ဌာနူပစာအားဖြင့် ပဌမာရုပ္ပဝိညာဏ် သည်လည်း အနန္တမည်၏။ ။ဟူလို။ ။ထိန်ပင်စောင့်နတ် ကြို့ပင်စောင့် နတ် ဆိုအပ်သကဲ့သို့မှတ်။

**တနည်း။** ။ငင်း ပဌမာရုပ္ပ ဝိညာဏ်ကို အာရုံပြု၍ ဖြစ်သော ဘာဝနာ၏ ဥပါဒိစသောအပိုင်းအခြားကို မယူမူ၍ အစအဆုံး အပိုင်းအခြား မရှိသောအားဖြင့် ပြန့်နှံ့၍ ဖြစ်သောကြောင့် လည်း ၎င်းပဌမာရုပ္ပဝိညာဏ်သည် အနန္တမည်၏။ ။ဟူလို။ (ဝိညာဏဉ္စ-ကား ဝိညာဏနန္တနှင့် အဓိပ္ပါယ် တူသည်သာ တည်း။စပြု ရုပ်မျှသာ ထူး၏-ဟုသိ)။

**တနည်း။** ။ဝိညာဏေန အဋ္ဌိတဗ္ဗံ ပါပုဏိတဗ္ဗန္တိ ဝိညာဏဉ္စံ။ ဝိညာဏေန၊ဒုတိယာရုပ္ပဝိညာဏ်ဖြင့်။အဋ္ဌိတဗ္ဗံ ပါပုဏိတဗ္ဗံ၊ ရောက်အပ်၏။ဣတိ၊ကြောင့်။ဝိညာဏဉ္စံ၊ဝိညာဏဉ္စ မည်၏။ ဝိညာဏသဒ္ဒါ၊ပ-ပဒ-အဋ္ဌု-ဓာတ်-ပါပုဏနတ္တဝါစီ)။

အဓိပ္ပါယ်ကား....ဒုတိယမြောက် ဖြစ်သော အ ပါဝစရ ကုသိုလ် စိတ်ဖြင့် ရောက်အပ်သော၊ ဝါ၊ အာရုံပြုအပ်သော ပဌမ အ ပါဝစရ ဝိညာဏ်သည် ဝိညာဏဉ္စမည်၏။ ။ဟူလို။

ဝိညာဏဉ္စံ အာယတနံ အဿာတိ ဝိညာဏဉ္စာယတနံ။ ။အဿ၊ ထိုစိတ်, စေတသိက်အပေါင်းအား။ ဝိညာဏဉ္စံ၊ အစအဆုံး အပိုင်းအခြား မရှိသော ပဌမာရုပ္ပ ဝိညာဏ် တည်းဟူသော။ ဝါ၊ဒုတိယာရုပ္ပ ဝိညာဏ်ဖြင့် ရောက်အပ်သော ပဌမာရုပ္ပဝိညာဏ် တည်းဟူသော။ အာယတနံ၊ တည်ရာ သည်။အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန-မည်၏။ ။ပဌမာရုပ္ပ ဝိညာဏ်ကို အာရုံပြု၍ "ဝိညာဏံ အနန္တံ-ဝိညာဏံ အနန္တံ-"ဟုပွါးများ အားထုတ်သော ဒုတိယာရုပ္ပ ဝိညာဏ်ဖြစ်သော စိတ် စေတသိက် အပေါင်းသည် ဝိညာဏဉ္စာယတနဈာန် မည်၏။ ။ဟူလို။

ဝိညာဏဉ္စာယတနေန သမ္ပယုတ္တံ ကုသလစိတ္တန္တိ
ဝိညာဏဉ္စာယတနကုသလစိတ္တံ။

ဝိညာဏဉ္စာ ယတနေန၊ ဝိညာဏဉ္စာ ယတန ဈာန်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ကုသလစိတ္တံ၊တည်း။ ဣတိ၊ကြောင့်။ဝိညာဏဉ္စာယတန ကုသလ စိတ္တံ၊ မည်၏။ ။ဝိညာဏဉ္စာယတန ဈာန်ကို ပွါးများမှုကြောင့် ဖြစ်သော ကုသိုလ်။ ။ဟူလို။

ဝိညာဏဉ္စာယတနန္တိ ဝိညာဏဉ္စာယတန သမာပန္နဿ ဝါ ဥပ္ပန္နဿ ဝါ ဒိဋ္ဌဓမ္မသုခ ဝိဟာရိကဿ ဝါ စိတ္တ စေတသိက ဓမ္မာ။

ဝိဘင်းပါဠိတော်

---

**ဆောင်ပုဒ်**

ပဌမာရုပ္ပံ၊ ဝိညာဏ်ခြေပြု၊ မြိုပင်ရှုနေ၊
ယင်းစိတ်,စေ၊ မှတ်လေ-ဝိညင်-ဈာန်။

---

## အာကိဉ္စညာယတန ကုသိုလ် အဓိပ္ပါယ်

အာကိဉ္စညာယတန ဟူသောပုဒ်၌ န-ပုဒ်၊ ကိဉ္စန-ပုဒ်၊ အာယတန-ပုဒ် ဖြစ်၏။ ။နတ္ထိ ကိဉ္စနံ အဿာတိ အကိဉ္စနံ။ ။အဿ၊ လိုပဌမာရုပ္ပဝိညာဏ် အား။ ကိဉ္စနံ ကိဉ္စိ-အပ္ပမတ္တကံ၊ အနည်းငယ်မျှသော ဘင်စိတ်မျှသော အကြွင်းအကျန်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ ကြောင့်။ အကိဉ္စနံ၊အကိဉ္စနမည်၏။

အကိဉ္စနဿ ဘာဝေါ အာကိဉ္စညံ။

အကိဉ္စနဿ၊ အနည်းငယ်မျှ အကြွင်းအကျန် မရှိသော ပဌမာရုပ္ပ ဝိညာဏ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဣတိ၊ ကြောင့်။ အာကိဉ္စညံ၊ အာကိဉ္စညံ မည်၏။ ။ပဌမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း တည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြုလျက် ''နတ္ထိ ကိဉ္စိ-နတ္ထိ ကိဉ္စိ''ဟု စီးဖြန်း သဖြင့် ဘင်စိတ်မျှ အကြွင်းအကျန်မရှိသော ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း တည်းဟူသော နတ္ထိဘော ပညတ်သည်ပင် အာကိဉ္စည မည်၏။ ။ဟူလို။

အာကိဉ္စညံ အာယတနံ အဿာတိ အာကိဉ္စညာယတနံ။

အဿ၊ ထိုစိတ်,စေတသိက် အပေါင်းအား။ အာကိဉ္စညံ၊အနည်းငယ်မျှ အကြွင်းအကျန် မရှိသော ပဌမာရုပ္ပဝိညာဏ်၏ မရှိသည်၏ ဖြစ်ကြောင်း ဖြစ်သော နတ္ထိဘောပညတ် တည်းဟူသော။ အာယတနံ၊ တည်ရာသည်။ အတ္ထိ၊ ရှိ၏။ဣတိ၊ ကြောင့်။ အာကိဉ္စညာယတနံ၊ မည်၏။

အဓိပ္ပါယ်ကား....တစိုး တစိ အနည်း ငယ်မျှ မကြွင်း မကျန်သော ပဌမာရုပ္ပ ဝိညာဏ်၏ မရှိသည်၏ ဖြစ်ကြောင်း ဖြစ်သော နတ္ထိဘော

ပညတ်ကို အာရုံပြု၍ ဖြစ်သော စိတ်,စေတသိက် အပေါင်းသည် အာကိဉ္စညာယတန ဈာန်မည်၏။ ။ဟူလို။

အာကိဉ္စညာယတနေန သမ္ပယုတ္တံ ကုသလစိတ္တန္တိ
အာကိဉ္စညာယတန ကုသလစိတ္တံ။

အာကိဉ္စညာ ယတနေန၊ အာကိဉ္စညာယတန ဈာန်နှင့်။ သမ္ပယုတ္တံ၊ သော။ ကုသလစိတ္တံ၊တည်း။ ဣတိ၊ကြောင့်။ အာကိဉ္စညာယတနကုသလစိတ္တံ၊မည်၏။ ။အာကိဉ္စညာယတန ဈာန်ကို ပွါးများမှုကြောင့် ဖြစ်သော ကုသိုလ်ဟူလို။

ဆောင်ပုဒ်

ပဌမာရုပ္ပံ၊ ဝိညာဏ်မရှိ၊ ဘောနတ္ထိကို၊
မြဲကြည့်ရှုနေ၊ယင်းစိတ်,စေ၊မှတ်လေ-အာကိဥ် ဈာန်။

---

## နေဝသညာ နာသညာယတန ကုသိုလ်အဓိပ္ပါယ်

နေဝသညာ နာသညာယတန ဟူသောပုဒ်၌၊ နေဝ-ပုဒ်၊ သညာ-ပုဒ်၊ န-ပုဒ်၊န-ပုဒ်၊သညာ-ပုဒ်၊အာယတန-ပုဒ်ဖြစ်၏။

နေဝ သညာ အဿာတိ နေဝသညံ။

အဿ၊ ထိုစိတ်, စေတသိက် အပေါင်းအား။ သညာ၊ ရုန့်ရင်းသော သညာသည်။ နေဝ အတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ နေဝသညံ၊ နေဝသညာ မည်၏။ ။ရုန့်ရင်း ကြမ်းတမ်းသော သညာ မရှိသော စိတ်, စေတသိက်သည် နေဝသညာ မည်၏။ ။ဟူလို။

န စ နတ္ထိသညာ အဿာတိ နာသညံ။

အဿ၊ ထိုစေတသိက်အပေါင်းအား။ သညာ၊ နူးညံ့ သိမ်မွေ့သော သညာသည်။ နတ္ထိ၊မရှိသည်ကား။ န၊မဟုတ်။ အတ္ထိဧဝ၊ ရှိသည်သာတည်း။ ဣတိ၊ ကြောင့်။နာသညံ၊နာသညာ မည်၏။ ။(''ပဋိသေဓ၊ နှစ်ဆင့်ပြုမူ၊ ပကတျတ္ထ ထွက်ခြဲ''။ နိယာမ်)။ ။သိမ်မွေ့နူးညံ့သော သညာ ရှိသော စိတ်, စေတသိက် တရားအပေါင်းသည် နာသညာ မည်၏။ ဟူလို။

နေဝသညဥ္စ တံ နာသညဥ္စာတိ နေဝသညာ နာသညံ့။

နေဝသညဥ္စ၊ ရုန့်ရင်းသော သညာ မရှိသည်လည်း။ ဟောတိ၊၏။ တံ၊ သည်။နာသညဥ္စ၊သိမ်မွေ့သောသညာမူကား ရှိ၏။ ဣတိ၊ကြောင့်။ နေဝ သညာ နာသညံ့၊ မည်၏။

မှတ်ချက်။ ။နေဝသည နာသညံ့-ဟု ဆိုလိုလျက် အလယ် ည၏ အစိတ် အ-ကို အာပြု၍ နေဝသညာ -ဟု ဆိုအပ်ပါသတည်း။

နေဝသညာ နာသညမေဝ အာယတနန္တိ နေဝသညာ နာသညာယတနံ။

နေဝသညာ နာသညမေဝ၊ သည်ပင်လျှင်။ အာယတနံ၊တည်ရာတည်း။ ဣတိ၊ကြောင့်။နေဝသညာနာသညာယတနံ၊ မည်၏။

အဓိပ္ပါယ်ကား။ ။တတိယာရုပ္ပ ဈာန်၌ ရှိသော သညာစသော စိတ်, စေတသိက်တို့၏ သိမ်မွေ့နူးညံ့မှုကို အာရုံပြု၍ ဖြစ်သော စိတ်, စေတသိက် အပေါင်းသည် နေဝသညာ နာသညာယတန ဈာန် မည်၏။ ဟူလို။

ထိုစကား မှန်၏။ ။ကာမာဝစရ စိတ်သည် ကာမစ္ဆန္ဒ စသော နီဝရဏ တရားများ နှောင့်ယှက်မှုကြောင့် အလွန်ကြမ်းတမ်း၏။ ထိုထက် ငှင်းနီဝရဏ တရားများ ကင်းရှင်းသော ရူပါဝစရစိတ်သည် နူးညံ့ သိမ်မွေ့လေ၏။ ထိုထက် အရူပါဝစရ စိတ်သည် အလွန် နူးညံ့ သိမ်မွေ့၏။ ဤသို့ အားဖြင့် အဆင့်ဆင့် နူးညံ့သည်ထက် နူးညံ့ သိမ်မွေ့လာသဖြင့် ဤစတုတ္ထာ ရုပ္ပဈာန် စိတ်သည်ကား တတိယာရုပ္ပဈာန်စိတ်၏ နူးညံ့ သိမ်မွေ့မှုကို အာရုံပြုကာ စီးဖြန်းသဖြင့် လောကီ တရားစုတို့တွင် အလွန်အကျူး အထူး အားဖြင့် သိမ်မွေ့ နူးညံ့သော ဈာန်တရားကြီး ဖြစ်လေသတည်း။

နေဝသညာ နာသညာယတနေန သမ္ပယုတ္တံ ကုသလစိတ္တန္တိ နေဝသညာ နာသညာယတနကုသလစိတ္တံ။

နေဝသညာ နာသညာ ယတနေန၊ နေဝသညာ နာသညာ ယတန ဈာန်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ကုသလစိတ္တံ၊ ကုသိုလ်စိတ်တည်း။ ဣတိ၊ ကြောင့်။နေဝသညာ နာသညာယတန ကုသလစိတ္တံ၊မည်၏။ ။နေဝသညာ နာသညာယတနဈာန်ကို ပွါးများ အားထုတ်မှုကြောင့် ဖြစ်သော ကုသိုလ် စိတ်။ ။ဟူလို။

## ဆောင်ပုဒ်

တတိယာရုပ္ပံ၊ အမှန်သိမ်မွေ့၊ နူးညံ့လေ့ကို၊
မြဲစေ့ရှုစား၊ စိတ်,စေများ၊ မှတ်သားနေဝါ-ဈာန်။

---

## အာကာသာနဉ္စာယတန ဈာန် ဖြစ်ပေါ်လာပုံ အဓိပ္ပါယ်

ရူပါဝစရပဥ္စမဈာန်ကို ရပြီးသောပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတန ဈာန်ကို ဖြစ်ပေါ်စေလို ရလိုသည်ရှိသော် ဝါရသော ရူပါဝစရ ပဥ္စမဈာန်သည် စတုတ္ထဈာန်တည်းဟူသော နီးသောရန်သူ ရှိ၏ဟူ၍၎င်း၊ သတ္တဝါတို့သည် ရုပ်တရားရှိခြင်းကြောင့် တယောက်သည် တယောက်အား ဓား လက်နက်တို့ဖြင့် ခုတ်ဖြတ်ခြင်း၊ ခိုက်ရန် ငြင်းခုံခြင်းတို့သည် ဖြစ်ကုန်၏။ ရုပ်တရား မရှိခဲ့ပါမူ ဤကဲ့သို့ မဖြစ်ရာ-ဟု ရုပ်၌ အပြစ်ကို မြင်၍ လွန်စွာ စက်ဆုပ်ရွံရှာသဖြင့်၎င်း။ ''ဓိ-ရူပံဓိ- ပံ''။ ။ရူပံ၊ ရုပ်တရားကြီးသည်။ ဓိ၊ စက်ဆုပ်ရွံရှာဘွယ် ကောင်းပေစွ။ ရူပံ၊ ရုပ်တရားကြီးသည်။ ဓိ၊ စက်ဆုပ် ရွံရှာဘွယ် ကောင်းပေစွ။ ။ဟု စီးဖြန်းလေ၏။ ဤသို့ စီးဖြန်းပွါးများမှုကြောင့် ရူပါဝစရ ပဥ္စမဈာန်၌ တပ်ခြင်းကို စွန့်လေ၏၊ ထိုသို့ စွန့်မှသာလျှင် အာကာသာနဉ္စာယတနဈာန်ကို ပွါးများနိုင်၏၊ မစွန့်ပါမူ မပွါးများနိုင်ချေ။

န ဟိ သက္ကာ သဗ္ဗသော အနတိက္ကန္တ
ရူပသညေန ဧတံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ။

ဟိ၊ မှန်၏။ သဗ္ဗသော၊ အကြွင်းအကျန် မရှိသောအားဖြင့်။ အနတိက္ကန္တ ရူပသညေန၊ မလွန်မြောက်သော ရူပသညာဖြင့်။ ဧတံ၊ ထိုအာကာသာ နဉ္စာယတန ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရိတုံ၊ နေခြင်းငှါ။ န သက္ကာ၊ မပတ်နိုင်သည်သာတည်း။

ဤသို့လျှင် ရူပါဝစရ ပဥ္စမဈာန်၌ တပ်ခြင်းကို စွန့်၍ အာကာသာနဉ္စာ ယတနဈာန်သည် နူးညံ့သိမ်မွေ့၏၊ ဝါရရှိသော် ကောင်းလေစွ-ဟု အာ ကာသာနဉ္စာယတန ဈာန်ကို ငြိမ်သက်သော အားဖြင့် နှလုံးသွင်း၍ ကသိုဏ်း ကိုးပါးတို့တွင် ပထဝီကသိုဏ်းကိုသော်၎င်း၊ အာပေါကသိုဏ်း ကိုသော်၎င်း၊ အလိုရှိသော အရပ်ကို ပိုင်းခြား၍ ''ပထဝီ-ပထဝီ''စသည် ဖြင့် စီးဖြန်းရလေ၏။ ထိုကာလ ဝိဝိစီးဖြန်းသော [illegible] အဟုန် ကြောင့်

ကြည့်ရှုတိုင်း ကြည့်ရှုတိုင်းသော အရပ်မျက်နှာ ကောင်းကင် အလုံးသည် ပထဝီ ကသိုဏ်းဝန်း သာလျှင် ထင်လေ၏။ နက္ခတ်,တာရာ, နေလ,သစ်ပင် စသော တစုံတရာကိုမျှ မမြင်တော့ချေ။ ထိုသို့ ပထဝီ နိမိတ် ထင်လာသော အခါမှ မိမိ ထင်လာသော ပထဝီ ကသိုဏ်းဝန်း နိမိတ်ကို ခွါရာ၏။

ခွါပုံကား။ ။ယခု ငါ၏ အဖန်ဖန် အထပ်ထပ်စီးဖြန်းအပ်သော ဘာဝနာ အစွမ်းဟုန်ကြောင့်သာလျှင် တစုံတခုသော နေ, လ, နက္ခတ် တို့ကိုမျှ မမြင်ရမူ၍ ကသိုဏ်းဝန်းကိုသာ မြင်ရလေ၏။ စင်စစ်သော်ကား နေ,လ, နက္ခတ် ကောင်းကင် တာရာတို့သည် မရှိသည်မဟုတ်၊ ရှိသည်တား အမှန် သာတည်း။ သို့သော် ငါ၏ ကသိုဏ်း နိမိတ် ဖုံးလွှမ်းဆို့ပိတ် ထားသော ကြောင့်သာ မတွေ့မြင်ရပေ-ဟုနှလုံးသွင်းခါ ကောင်းကင် နေ,လ,နက္ခတ် စသည်တို့ကို မြင်စေခြင်း အကျိုးငှါ မိမိရသော ကသိုဏ်းဝန်း နိမိတ်ကို နှလုံးမသွင်းဘဲ နေလေ၏။ထိုကဲ့သို့ နှလုံးမသွင်းဘဲ နေမှုကိုပင် ခွါ၏-ဟု ဆိုရ၏။

ဤသို့ ကသိုဏ်းကို ခွါပြီးသော်၊ဝါ- ထင်လာသော ပထဝီနိမိတ်ကို နှလုံး မသွင်းဘဲ နေပြီး၍“အာကာသော အနန္တော-အာကာသော အနန္တော”။ အာကာသော၊ ကောင်းကင်သည်။ အနန္တော၊ အစ အဆုံး အပိုင်း အခြား မရှိ။ ။ဟုဆို၍စီးဖြန်း ပွါးများအပ်၏။ ထိုသို့ စီးဖြန်းဖန် များသဖြင့် ပထဝီ ကသိုဏ်းဝန်းသည် ပျောက်ကွယ်သွား၍ ပိတ်ထားသော တံခါးကို ဖွင့်လှစ် လိုက်သဖြင့် ဟင်းလင်း ပွင့်သော တံခါး အပေါက်ကဲ့သို့ အမြဲမပြတ် ဟင်းလင်းပွင့်သော အာကာသ နိမိတ်သာလျှင် ထင်မြင်နေလေ၏။ ၎င်း အာကာသ နိမိတ်သည် လိုရင်း အရေးကြီးသော အချက်ပေတည်း။

၎င်း နံရံပေါက်, တံခါးပေါက် ကဲ့သို့ ဟင်းလင်းပွင့် ထင်လာသော ကောင်းကင် နိမိတ်ကို အခြေ ပါဒ ပြု၍ “အာကာသော အနန္တော- အာကာသော အနန္တော” ဟု အဖန်ဖန် အထပ်ထပ် ကြိမ်ဖန် များစွာ ပွါးများရာ၏။ ထိုသို့စီးဖြန်းသည်မှ စ၍ ပါဝစရပဋ္ဌမဈာန်၌ တွယ်တာမှု နိကန္တိတဏှာ မကွာမီအတွင်း၌ ဖြစ်သော မဟာကုသိုလ်သည် ပရိကမ္မ ဘာဝနာ မည်၏။ ။၎င်း နိကန္တိ တဏှာ ကွာသည်မှ စ၍ ဂေါတြဘူ ကိုင်အောင်သော အတွင်း၌ ပွါးများသော မဟာကုသိုလ်သည် ဥပစာရ ဘာဝနာ မည်၏။ ။ဤဥပစာရ ဘာဝနာ အစွမ်းဖြင့် နေ့ညဉ့် မပြတ် ပွါးများ ... လာ:လက်လာက်သော် ပရိကံ,ဥပစာ, အနုလုံ,ဂေါတြဘူ-ဟူသော

ကာမကုသိုလ်ဇော လေးကြိမ် စောပြီးသည်၏ နောက်၌ အာကာသာနဉ္စာယတန ဈာန်စိတ် ဖြစ်ပေါ်လာလေသတည်း။ ။ထိုနောင်မှ အာကာသာနဉ္စာယတန ဈာန်ကိုရသော ယောဂီ ပုဂ္ဂိုလ်သည် ရခဲလှသော ဈာန်ကို ရမှုကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထိုဈာန်ကို အကြိမ်ကြိမ် အဖန်ဖန် ဝင်စားသော သမာပဇ္ဇနဇော ဝီထိအစဉ်တို့သည်၎င်း၊ ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခနာဇော စိတ်အစဉ်တို့သည်၎င်း၊ ကြိမ်ဖန်များစွာ ဖြစ်ကုန်၏။ ဤကား ပဌမာရုပ္ပဈာန် ရပုံတည်း။

---

## ဝိညာဏဉ္စာယတနဈာန် ဖြစ်ပေါ်လာပုံ အဓိပ္ပါယ်

အာကာသာနဉ္စာယတန ဈာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန်ကို ရလိုပြန်သည်ရှိသော် မိမိရပြီးသော အာကာသာနဉ္စာယတန ဈာန်သည် ပါဝစရ ပဌမဈာန်တည်းဟူသော နီးသော ရန်သူ ရှိ၏ဟု အပြစ်မြင်လာ၏။ ထိုစကား မှန်၏၊ ယောဂီ ပုဂ္ဂိုလ်ပွန် ပုဂ္ဂိုလ်မြတ်တို့သည်ကား ကာမစသော အပြစ်ကို မဆိုထားဘိ ရုပ်တရားကိုမျှပင် ပြဆိုခဲ့ပြီးသောအတိုင်း အလွန်တရာ ကြီးလေး ကြောက်မက်ဘွယ် ကောင်းသော ရန်သူကြီးအလား ထင်မြင်တော်မူကြလေကုန်၏။

ထိုသို့ အပြစ် ထင်မြင်လာမှုကြောင့် ရပြီးသော အာကာသာနဉ္စာယတနဈာန်၌ တပ်နှစ်သက်ခြင်း တဏှာနိကန္တိကို စွန့်လေ၏။ အကယ်၍ တပ်နှစ်သက်ခြင်းကို မစွန့်မူ၍ စုံမက်နှစ်သက်၍သာ နေခဲ့ပါမူ ဝိညာဏဉ္စာယတနဈာန်ကိုမရနိုင်ရာ။ ။ထို့ကြောင့် ငါရသော အာကာသာနဉ္စာယတနဈာန်သည် အောက်ပဌမဈာန်နှင့် နီးသောရန်သူရှိ၏။အထက် ဝိညာဏဉ္စာယတနဈာန်မူကား အလွန်နူးညံ့သိမ်မွေ့ပေ၏။ ၎င်းသိမ်မွေ့သော ဝိညာဏဉ္စာယတနဈာန်ကို ငါရပါမူကား ေလာင်းလေစွဟု နှစ်လုံးသွင်း၍ မိမိ ရရှိသော အာကာသာနဉ္စာယတန ဈာန်စိတ် တည်းဟူသော ဝိညာဏ်ကို အာရုံပြု၍ "ဝိညာဏံ အနန္တံ၊ဝိညာဏံ အနန္တံ"-ဝိညာဏ်၊ ပဌမာရုပ္ပဝိညာဏ်သည်။ အနန္တံ၊ အစ အဆုံး အပိုင်း အခြား မရှိပေစွတကား-ဟု အဖန်တလဲလဲ စီးဖြန်းလေ၏။ ထိုသို့ကြိမ်ဖန်များစွာ နေ့-ညဉ့်မပြတ် စီးဖြန်း ပွါးများလတ်သည်ရှိသော် အာကာသာ နဉ္စာယတန

ဈာန်ကို အာရုံပြု၍ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ-ဟူသော ကာမာဝစရဇော လေးကြိမ် စောပြီးသည် နောက်၌ ဝိညာဏဉ္စာယတနဈာန် ဖြစ်ပေါ်လာသေသတည်း။

ထိုနောက်မှ ဝိညာဏဉ္စာယတန ဈာန်ကို ရရှိသော ယောဂီ ပုဂ္ဂိုလ်သည် ငါသည် ရခဲလှသော တရားကို ရပေပြီဟု ဝမ်းမြောက် ဝမ်းသာဖြစ်၍ ထိုဈာန်ကို အကြိမ်ကြိမ် ဝင်းစားသော သမာပဇ္ဇနအမှု ထိုဈာန်၌ရှိသော ဥပေက္ခာ,ဧကဂ္ဂတာ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခနာအမှုတို့ကို ပြုကာ ကြိမ်ဖန်များစွာ ဝင်စား ဆင်ခြင် လေသတည်း။ ။ ဤကား ဒုတိယာရုပ္ပဈာန် ရပုံတည်း။

---

## အာကိဉ္စညာယတနဈာန် ဖြစ်ပေါ်လာပုံ အစီအရင်

ဝိညာဏဉ္စာယတနဈာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဈာန်ကို ရလိုသော် ထိုဝိညာဏဉ္စာယတနဈာန်၌ တပ်နှင့်သက်ခြင်း တဏှာနိကန္တိကို ပယ်စွန့်၍ ငါရသော ဝိညာဏဉ္စာယတန ဈာန်သည် အောက်ဖြစ်သော အာကာသာနဉ္စာ ယတနဈာန် တည်းဟူသော နီးသော ရန်သူရှိ၏-ဟု ထိုဝိညာဏဉ္စာယတန ဈာန်၌ အပြစ်ကို မြင်၍ အထက်ဖြစ်သော အာကိဉ္စညာ ယတန ဈာန်မူကား၊နူးညံ့သိမ်မွေ့သော သဘောရှိ၏။ ထိုနူးညံ့သိမ်မွေ့သော ဈာန်ကို ငါ့အား ရပါမူကား ကောင်းလေစွ-ဟု နှလုံးသွင်း၍ ပဌမာရုပ္ပ ဖြစ်သော အာကာသာနဉ္စာ ယတနဈာန်စိတ်၏ ဥပါဒ်,ဋီ,ဘင်-ဟု ဆိုအပ်သော ဟာကိတ်တဒေသ အနည်းငယ်မျှ အကြွင်းအကျန် မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြု၍။ ။"နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ"။ ။ကိဉ္စိ၊ အနည်းငယ်မျှသော စိတ်အကြွင်းအကျန်သည်။ နတ္ထိ၊မရှိ။ဟု အဖန်ဖန်တလဲလဲ နေ့-ညဥ့်မစဲ အားသဲမပြတ် စီးဖြန်းလတ်သည် ရှိသော်၊ ပရိကံ,ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ကာမာဝစရဇော လေးကြိမ် စောပြီးသည့်နောက် ၌အာကိဉ္စညာယတနဈာန် ဖြစ်ပေါ်လာလေသတည်း။

ထိုနောက် အာကိဉ္စညာယတနဈာန်ကို ရရှိသော ယောဂီပုဂ္ဂိုလ်သည် ငါသည် ရခဲလှစွာသော ဈာန်ကို ရရှိပေပြီ-ဟု ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထိုရရှိသော ဈာန်ကို ကြိမ်ဖန် များစွာ ဝင်စားသော ဘမာပဇ္ဇနဇော ဝိထိ

အစဉ် တို့သည်၎င်း၊ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခနာ ဇော ဝီထိအစဉ်တို့သည်၎င်း၊ ကြိမ်ဖန်များစွာ ဖြစ်ကုန်၏။

ဤကား တတိယာရုပ္ပဈာန် ဖြစ်ပေါ်ပုံတည်း။

## နေဝသညာ နာသညာယတနဈာန် ဖြစ်ပေါ်ပုံ အဓိပ္ပါယ်

တဖန် နေဝသညာ နာသညာယတနဈာန်ကို ရရှိလိုပြန်သော် မိမိရပြီး သော အာကိဉ္စညာယတနဈာန်၌ တပ်နှစ်သက်ခြင်း နိကန္တိကို ပယ်စွန့်၍ ငါရသော အာကိဉ္စညာ ယတန ဈာန်သည် အောက်ဖြစ်သော ဝိညာ ဏဉ္စာ ယတန ဈာန်တည်းဟူသော နီးသော ရန်သူရှိ၏။ နေဝသညာ နာသညာယတန ဈာန်မူကား အလွန် နူးညံ့သိမ်မွေ့သော သဘောရှိ၏။ ထိုနူးညံ့ သိမ်မွေ့သောဈာန်ကို ငါအား ရရှိပါမူကား ကောင်းလေစွဟု နှလုံးပိုက်၍ အာကိဉ္စညာယတန ဈာန်စိတ်၏ ငြိမ်သက် မြေမှုကို အာရုံ ပြု၍ "သန္တမေတံ ပဏီတမေတံ" တော်၊ထိုအာကိဉ္စညာယတန ဈာန်စိတ် သည်။သန္တံ၊ ငြိမ်သက်မြေ၏။ တော်၊သည်။ ပဏီတံ၊ မွန်မြတ်၏-ဟု အဖန် တလဲလဲ နှေညဉ့်မစဲ အားသဲမပြတ် စီးဖြန်းလတ်သည် ရှိသော် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ- ဟူသော ကာမာဝစရဇော လေးကြိမ် စောပြီးသည်နောက်၌ နေဝသညာ နာသညာယတန ဈာန်ဖြစ်ပေါ်လာ လေသတည်း။

ထိုနောက် နေဝသညာ နာသညာယတနဈာန်ကို ရရှိသော ဈာနလာဘီ ယောဂီ ပုဂ္ဂိုလ်သည် ငါသည် ရခဲလှစွာသော ဈာန်တရားကို ရပေစွဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ ထိုရရှိသောဈာန်ကို ကြိမ်ဖန်များစွာ ဝင်စား သော သမာပဇ္ဇနဇောဝီထိ အစဉ်တို့သည်၎င်း၊ ထိုဈာန်အင်္ဂါတို့ကို ဆင် ခြင်သော ပစ္စဝေက္ခနာ ဇောဝီထိ အစဉ်တို့သည်၎င်း၊ ကြိမ်ဖန်များစွာ ဖြစ်ကုန်၏။ ။ဤကား စတုတ္ထာရုပ္ပဈာန် ဖြစ်ပုံတည်း။

## ဝိသဒ္ဓါဖြင့် ပေါင်းဟန် အဓိပ္ပါယ်

ဣမာနိ စတ္တာရိဝိ-၌၊ ဝိ-သဒ္ဒါဖြင့် အာရုံနှင့် ပဋိပဒါ ရောနှောသော နည်းအစွမ်းဖြင့် သောဠသက္ခတ္တုံက ဒေသနာကို၎င်း၊ တပါးသောပါဠိတော် ၌ လာသော နည်းအပြားကို၎င်း ပေါင်း၏။ ။ပေါင်းဟန်ကား—

၁။ ။အာကာသာနဉ္စာ ယတနံ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညံ့ ပရိတ္တံ ပရိတ္တာရမ္မဏံ။

၂။ ။အာကာသာနဉ္စာ ယတနံ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညံ့ ပရိတ္တံ အပ္ပမာဏာရမ္မဏံ။

၃။ ။အာကာသာနဉ္စာ ယတနံ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညံ့ အပ္ပမာဏံ ပရိတ္တာရမ္မဏံ။

၄။ ။အာကာသာနဉ္စာ ယတနံ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညံ့ အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ။

ဤသို့လျှင် အာကာသာနဉ္စာယတနဴ ဒုက္ခပဋိပဒါဝယ် ပရိတ္တစသော အာရုံ ၄-ပါး၊ ကြွင်းသော ပဋိပဒါတို့၌လည်း အာရုံ ၄-ပါးစီ ဖြစ်၍ အာကာသာနဉ္စာယတန စိတ်၌ပင် အာရုံ ၄-ပါး၊ပဋိပဒါ ၄-ပါး၊ အစွမ်း အားဖြင့် ၁၆-ပါးသော ဒေသနာတော်ဖြစ်၏။ဝါ၊အာကာသာနဉ္စာယတန စိတ် ၁၆-ပါး ဖြစ်၏။ ထိုအတူ ဝိညာဏဉ္စာယတန စသည်တို့၌လည်း ၁၆-ပါးစီဖြစ်၍အရူပစိတ် ၄-ပါး၌၊ ၆၄-ပါးသော ဒေသနာဖြစ်၏။ဝါ၊ ၆၄-ပါး သော အ ပါဝစရစိတ်ဖြစ်၏။ ။ဤသောဠသက္ခတ္တုံက ကေကနည်းကိုရင်း၊ တပါးသော ပါဠိတော်၌ လာသော ၁ သုဒ္ဓိကကေက၊ ၂-စတုပဋိပဒါ ကေက၊ ၃-စတုအာရမ္မဏ ကေက—အပြားကိုရင်း ပေါင်း၏။ ။ဟူလို။

ဣမာနိ စတ္တာရိ ပီတိဓ္တေ ပိသဒ္ဒေန စေတ္ထ အာရမ္မဏ
ပဋိပဒါမိဿက နယဝသေန သောဠသက္ခတ္တုံက ဒေသ
နဥ္စ၊အညမ္ပိ ပါဠိယံ အာဂတနယဘေဒဥ္စ သင်္ဂဏှာတိ။

အဘိဓမ္မတ္ထသင်္ဂဟဒီပနီ။

---

## ဝေဒနာ၊ဟိတ်၊ကိစ္စ၊ဒွါရ၊အာရုံ၊ဝတ္ထုတို့ဖြင့် ဝေဘန်မှုံ

အ ပါဝစရ စိတ်တို့သည် ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ တပါး သာတည်း။ ဟိတ်အားဖြင့် ၃-ပါးသာတည်း။ ကိစ္စအားဖြင့် ကုသိုလ် ကြိယာတို့သည် ဇောကိစ္စသာ တပ်ကုန်၏။ ဝိပါက်စိတ်ကား ပဋိသန္ဓေ ကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စအားဖြင့် ၃-ကိစ္စ တပ်၏။ ။ဒွါရအားဖြင့် ကုသိုလ်ကြိယာတို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။ ဝိပါက်စိတ်ကား အချင်းခပ်သိမ်း ၆-ဒွါရမှ လွတ်၏။ ။အာရုံအားဖြင့် အလုံးစုံသော အရူပါ

ဝစရ စိတ်တို့သည် ပညတ် မဟဂ္ဂုတ် တို့ကို အာရုံပြုကုန်၏။ ။ဝတ္ထု အားဖြင့် ကုသိုလ် ကြိယာတို့သည် ဟဒယ ဝတ္ထုကို ရံခါမှီ, ရံခါ မမှီဘဲ ဖြစ်ကုန်၏။ ဝိပါက်စိတ်ကား အရူပ ဘုံ၌ မှီစရာ ဝတ္ထုရုပ် မရှိသောကြောင့် အချင်းခပ်သိမ်း မမှီမူ၍သာ ဖြစ်၏။

---

## အရူပါဝစရ ဝိပါက်စိတ်

**၂၇။ ။အာကာသာနဉ္စာယတနဝိပါကစိတ္တံ၊ ဝိညာဏဉ္စာယတနဝိပါကစိတ္တံ၊ အာကိဉ္စညာယတန ဝိပါကစိတ္တံ၊ နေဝသညာနာသညာယတန ဝိပါကစိတ္တဉ္စာတိ ဣမာနိ စတ္တာရိပိ အရူပါဝစရ ဝိပါကစိတ္တာနိ နာမ။**

သင်္ဂြိုဟ်ပါဠိ။

---

၁။ ။အာကာသာနဉ္စာယတန ဈာန်၏ အကျိုးဖြစ်သော ဝိပါက်စိတ်တခု၊

၂။ ။ဝိညာဏဉ္စာယတန ဈာန်၏ အကျိုးဖြစ်သော ဝိပါက်စိတ်တခု၊

၃။ ။အာကိဉ္စညာယတန ဈာန်၏ အကျိုးဖြစ်သော ဝိပါက်စိတ်တခု၊

၄။ ။နေဝသညာ နာသညာယတန ဈာန်၏ အကျိုး ဖြစ်သော ဝိပါက်စိတ်တခု။ ။ဤလေးပါးသော ဝိပါက် စိတ်တို့သည် အရူပ လေးဘုံ၌ သာလျှင် အရူပ ဗြဟ္မာတို့အား ပဋိသန္ဓေ, ဘဝင်, စုတိစိတ် တပ်ခါ ဖြစ်သော စိတ်တို့တည်း။

ဤကား ပိဏ္ဍတ္ထ။

---

## အရူပါဝစရ ကြိယာစိတ် အဖွင့်

**၂၈။ ။အာကာသာနဉ္စာယတန ကြိယစိတ္တံ၊ ဝိညာဏဉ္စာယတန ကြိယစိတ္တံ၊ အာကိဉ္စညာယတန ကြိယစိတ္တံ၊ နေဝသညာနာသညာယတန ကြိယစိတ္တဉ္စာတိ ဣမာနိ စတ္တာရိပိ အရူပါဝစရ ကြိယ စိတ္တာနိ နာမ။**

သင်္ဂြိုဟ်ပါဠိ။

၁။ ။အာကာသာနဉ္စာယတန ဈာန်နှင့် ယှဉ်သော ကြိယာစိတ်တခု၊
၂။ ။ဝိညာဏဉ္စာယတန ဈာန်နှင့် ယှဉ်သော ကြိယာစိတ် တခု၊
၃။ ။အာကိဉ္စညာယတန ဈာန်နှင့် ယှဉ်သော ကြိယာစိတ် တခု၊
၄။ ။နေဝသညာနာသညာယတန ဈာန်နှင့် ယှဉ်သော ကြိယာစိတ်တခု၊
ဤလေးပါးသော စိတ်တို့သည် အရူပါဝစရ ကြိယာစိတ် မည်ကုန်၏။

ဤကား ပိဏ္ဍတ္ထ။

(အဓိပ္ပါယ် ပေါ်လွင်ပြီ)။

---

၃၀။ ။အာလမ္ဗဏပ္ပဘေဒေန၊ စတုဓာရုပ္ပမာနသံ။
ပုညပါကကြိယာဘေဒါ၊ ပုန ဒွါဒသဓာ ဌိတံ။

သင်္ဂြိုဟ်ပါဌ်။

---

အရူပါဝစရ စိတ်သည် ကောင်းကင် ပညတ်အာရုံ၊ အာကာသာနဉ္စာယတန ကုသိုလ်, ကြိယာ စိတ်တည်းဟူသော အာရုံ၊ နတ္ထိဘောပညတ်အာရုံ၊ အာကိဉ္စညာယတန ကုသိုလ်၊ ကြိယာတည်းဟူသော အာရုံတို့၏ အပြားအားဖြင့် လေးပါး အပြားရှိ၏။ ။ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၏ အပြားအားဖြင့် ၁၂-ပါးအပြားရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### အာလမ္ဗဏပ္ပဘေဒေန အဓိပ္ပါယ်

ဤအရူပါဝစရ စိတ်တွင်.... ၁။ ။အာကာသာနဉ္စာယ ကုသိုလ်စိတ်သည် အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကြွင်းသော ကသိုဏ်းကိုးပါး၏ ကသိုဏ်းဝန်း တည်းဟူသော ပထဝီ မြေကြီးစသော ရုပ်ခတ်ပဋိဘာဂ နိမိတ် တည်းဟူသော အတိက္ကမိတဗ္ဗ အာရုံကို လွန်မြောက်၍ ထိုကသိုဏ်း ပဋိဘာဂ နိမိတ်မှ ခွါ၍ ရအပ်သော ကောင်းကင် ပညတ် တည်းဟူသော အာလမ္ဗိတဗ္ဗကို အာရုံပြု၍ ဖြစ်၏။

၂။ ။ဝိညာဏဉ္စာယတန ကုသိုလ်သည် ထိုကောင်းကင် ပညတ်တည်းဟူသော အတိက္ကမိတဗ္ဗ အာရုံကို လွန်မြောက်၍ ပဌမာရုပ္ပ ဝိညာဏ်စိတ်တည်းဟူသော အာလမ္ဗိတဗ္ဗကို အာရုံပြု၍ ဖြစ်၏။

၃။ ။အာကိဉ္စညာယတန ကုသိုလ်သည် ပဌမာရုပ္ပ ဝိညာဏ်တည်းဟူသော အတိက္ကမိတဗ္ဗ အာရုံကို လွန်မြောက်၍ ထို ပဌမာရုပ္ပ ဝိညာဏ်၏ နတ္ထိဘောပညတ် တည်းဟူသော အာလမ္ဗိတဗ္ဗ အာရုံကို အာရုံပြု၍ ဖြစ်၏။

၄။ ။နေဝသညာ နာသညာယတန ကုသိုလ်သည် ထို နတ္ထိဘော ပညတ်တည်းဟူသော အတိက္ကမိတဗ္ဗ အာရုံကို လွန်မြောက်၍ တတိယာရုပ္ပ ဝိညာဏ်စိတ်တည်းဟူသော အာလမ္ဗိတဗ္ဗကို အာရုံပြု၍ ဖြစ်၏။

ထို့ကြောင့် အာရုံသည် ကုသိုလ်စိတ် တပါးပါး၌ အတိက္ကမိတဗ္ဗအာရုံ, အာလမ္ဗိတဗ္ဗ အာရုံဟူ၍ နှစ်မျိုးခွဲ၍ မှတ်သားအပ်၏။ ။ဤသို့လျှင် အရူပါဝစရစိတ်သည် အတိက္ကမိတဗ္ဗအာရုံ လေးပါး၊ အာလမ္ဗိတဗ္ဗ အာရုံလေးပါး အပြားအားဖြင့် လေးပါး ပြား၏။ ရူပါဝစရ စိတ်ကဲ့သို့ ဈာန်အင်္ဂါ လွန်မြောက်မှုကြောင့်ပြားသည်မဟုတ်။ ။ဟူလို။

ဎင်းအရူပါဝစရစိတ်သည် ဈာန်အင်္ဂါ အားဖြင့် ဥပေက္ခာ,ဧကဂ္ဂတာ, နှစ်ပါးသာရှိ၏။ ထို့ကြောင့် ပဉ္စမဈာန် မည်၏၊ သို့မဟုတ် စတုတ္ထ ဈာန် မည်လေသတည်း။

အာရမ္မဏာတိက္ကမတော၊စတဿောပိ ဘဝန္တိမာ။
အင်္ဂါတိက္ကမ မေတာသံ၊ န ဣစ္ဆန္တိ ဝိဘာဝိနော။

အဌသာလိနီ အဌကထာ။

ဣမာ၊ဤအရူပါဝစရစိတ်တို့သည်။ အာရမ္မဏာတိက္ကမတော၊ အာရုံကို လွန်မြောက်သောအားဖြင့်။ ဝါ၊ လွန်မြောက်အပ်သော အာရုံအားဖြင့်သာလျှင်။စတဿောပိ၊ လေးပါး အပြားရှိကုန်သည်လည်း။ ဘဝန္တိ၊ဖြစ်ကုန်၏။ တောသံ၊ ထိုအရူပဈာန်တို့၏။ အင်္ဂါတိက္ကမံ၊ အင်္ဂါကို လွန်ခြင်းကို။ ဝိဘာဝိနော၊ ပညာရှိတို့သည်။န ဣစ္ဆန္တိ၊ အလိုမရှိကြလေကုန်။

## မဏ္ဍပ်ကြီး ဥပမာ

ဤအရူပါဝစရ စိတ်သည် ဆိုအပ်ပြီးသော အာရုံ ပြားမှုကြောင့်သာ လေးပါးအပြားရှိ၏ ဟု ဆို၏။ ။အဘယ့်ကြောင့် အာရုံသည် ပြားရပါ သနည်း ဟု မေးဘွယ်ရှိ၍ ၎င်းအတိက္ကမိတဗ္ဗ အာရုံ စသည်တို့၏ ပြားရ သောအကြောင်းကို ထင်ရှားစွာသိရှိရန် မဏ္ဍပ်ကြီး ဥပမာကို အဋ္ဌကထာ ဆရာသည် ထုတ်ဆောင် ပြတော်မူလေ၏။

ပြပုံကား .... မစင်ကြယ်သော အရပ် ဒေသ၌ မဏ္ဍပ်ကြီး တခုကို လူအများ တည်းခိုရန် ဆောက်လုပ် ထားလေ၏။ ထိုမဏ္ဍပ်ကြီးအတွင်း၌ လည်း တန့်နား တည်းခိုသော သူတို့သည် သုတ်သင် ရှင်းလင်းသည် မရှိ၊ မစင်, ကျင်ကြီး, ကျင်ငယ် စသော ရွံရှာဘွယ် အပြည့် ဖြစ်၍နေလေ၏။ ထိုခရီးလမ်းသို့ တဦးသော ခရီးသည် ယောကျ်ားသည် သွားလာသည် ရှိသော် အလွန်နေပူ မောပန်းလှသည် ဖြစ်၍ နားစရာ အရိပ်ကို ကြည့်သည် ရှိသော် ထိုမဏ္ဍပ်ကြီးကို မြင်၍ မဏ္ဍပ်မှာ နားတော့မည် ဟု လျင်မြန်စွာ သွားလေ၏။သွား၍ ရောက်သောအခါ ထိုမဏ္ဍပ်၏ အရိပ်ကို ကြည့်ရှုသည် ကာလ မဏ္ဍပ်အောက်၌ မစင်ကျင်ကြီး,ကျင်ငယ်တို့သည် ခြေချစရာ အလပ် မရှိအောင် ဖြစ်လေ၏။သို့လင့်ကစား မောပန်းလှသဖြင့် တည်းခိုစရာလည်း အခြားမရှိသောကြောင့် စက်ဆုပ်လျက်နှင့်ပင် ထိုမဏ္ဍပ်ကြီး၏ ထုပ်လျောက် ကို ဆွဲ၍ နေရလေ၏။

ထိုနောက် ခရီးသည် ယောကျ်ား တယောက် လာပြန်၍ နားစရာမရှိ သောကြောင့် ပဌမရောက်နှင့်သော သူ၏ ခြေထောက်ကို ဆွဲ၍နေရလေ၏။ ထိုနောက် ခရီးသည် တယောက် လာပြန်၍ မဏ္ဍပ်ကြီးကို ကြည့်ရှုလိုက် သည်ရှိသော် လူတယောက်ကား မဏ္ဍပ်ကြီးကို ဆွဲ၍ နေ၏။ တယောက် သောသူကား ထိုလူ၏ခြေကို ဆွဲ၍ နေလေ၏။ ထိုသူ နှစ်ယောက်တို့၏ နေပုံကား မကောင်းသော နေခြင်းတည်း၊ မုချကေန် ပြုတ်ကျ ကုန်လတ္တံ့၊ ငါမူကား မဏ္ဍပ်ကြီး၏ အပြင်ပ အရပ်၌ နားနေအံ့ ဟု ကြံ၍ ရှေး သူနှစ်ယောက်ကို မမှီမူ၍ ပြင်ပ အရပ်၌ နေလေ၏။

ထိုနောင် ခရီးသည် လူတယောက် လာပြန်၍ မဏ္ဍပ်ကိုဆွဲ၍ နေသော သူနှစ်ယောက် တို့သည် ဘေးမကင်းချေ။ အပ၌ နေသော သူသည်လျှင် ဘေးကင်း၏-ဟု ကြံ၍ တတိယလူကို အမှီပြု၍ နေလေ၏။

ဤဥပမာ၌ မစင်ကြယ်သော မဏ္ဍပ်ကြီးကား ကသိုဏ်း ၉-ပါးမှ ခွါ၍ ရအပ်သော ကောင်းကင် ပညတ် အာရုံနှင့်တူ၏။

၁။ ။မစင်မကြယ်သည်ကို စက်ဆုပ်သဖြင့် မဏ္ဍပ်ကို ဆွဲ၍ နားနေသော ပဌမခရီးသည် ယောက်ျားကား ရုပ်၌ အပြစ်အာဒီနဝမြင်၍ စက်ဆုပ်သော-အာကာသာနဉ္စာယတန ဈာန်နှင့်တူ၏။

၂။ ။ပဌမ ခရီးသည်ကို အမှီပြု၍ နားနေသော ဒုတိယ ခရီးသည်ကား အာကာသာနဉ္စာယတန ဝိညာဏ်ကို အာရုံပြု၍ ဖြစ်သော ဝိညာဏဉ္စာယတန ဈာန်နှင့်တူ၏။

၃။ ။ပဌမ, ဒုတိယ ခရီးသည် နှစ်ယောက်တို့၏ နေထိုင်နားနေပုံ၌ အပြစ်မြင်၍ မဏ္ဍပ်၏ ပြင်ပ၌ နားနေသော တတိယ ခရီးသည်ကား အာကာသာနဉ္စာတန ဈာန်ကို အပြစ်မြင်၍ ၎င်းဈာန်စိတ်၏ မရှိမှု နတ္ထိဘော ပညတ်ကို အာရုံပြု၍ ဖြစ်သော အာကိဉ္စညာယတန ဈာန်နှင့်၏။

၄။ ။မဏ္ဍပ်၏ ပြင်ပ၌ နားနေသောသူ၏ အပြစ်မရှိ၊ ကောင်းစွာ တည်နေသည်၏ အဖြစ်ကို သိ၍ ၎င်းတတိယသူအား အမှီပြု၍ နားနေသော စတုတ္ထ ခရီးသည်ကား အာကိဉ္စညာယတနဈာန်ကို အာရုံပြု၍ ဖြစ်သော နေဝသညာ နာသညာယတန ဈာန်နှင့် တူ၏ဟု-သိလေ။

ဆိုလိုရင်းကား····အ ပါဝစရ ယောဂီ ပုဂ္ဂိုလ်သည် အောက်အောက်ဖြစ်သော ဈာန်တို့၏ ရန်နှင့်ရင်းကြမ်းတမ်းမှု၌ အပြစ်အဆင့်ဆင့် မြင်သောကြောင့် အာရုံပြုားရ၏ ဟု ဆိုလိုသည်။

ထိုသို့ အဆင့်ဆင့် အပြစ်မြင်သောကြောင့် အာရုံပြားရသည်ဆိုသော် ၎င်းအပြစ် မြင်သော ဈာန် အာရုံတို့ကိုပင်လျှင် အဘယ်ကြောင့် ပရိကံအခြေ အာရုံပြု၍ ပွါးများအပ်ပြန်ပါသနည်းဟူမူ၊ မင်းကြီးကိုပင် အပြစ်မြင်သော်လည်း ၎င်းမင်းကြီးမှတပါး အခြားခစားစရာ မရှိသောကြောင့် လခကြေးငွေ ဥစ္စာ ရွှေ,ငွေ ရရှိမှုကို အာရုံပြုကာ ဆင်းရဲလျက်နှင့်ပင် ခစားကာ အမှုတော်ကို ထမ်းဆောင်ရဘိသကဲ့သို့ ထို့အတူ ထိုအပြစ်မြင်သော အာရုံမှတပါးသော အာရုံကို ပရိကံပြု၍ ပွါးများသော်လည်း မိမိ အလိုရှိအပ်သော ဈာန်ကို မရနိုင်သောကြောင့် အပြစ်မြင်လျက်နှင့်ပင် ၎င်းအာရုံကို ပရိကံအခြေပြု၍ ပွါးများရလေသတည်း။

အသုစိ မဏ္ဍပေ လဂ္ဂေါ၊ ကောဝ တံ နိဿိတော ပရော။
အထညော ဗဟိ အနိဿာယ၊ တံ တံ နိဿာယ စာပရော။ ။

ဌိတော စတူဟိ တေဟိ၊ ပုရိသေဟိ ယထာက္ကမံ။
သမာနတာယ ဉာတဗ္ဗာ၊ စတသောပိ ဝိဘာဝိနာ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အသုစိ မဏ္ဍပေ၊ မစင်ဘင်ပုပ် စက်ဆုပ် ရွံရှာဖွယ် ရှိသော မဏ္ဍပ်ကြီး၌။ ကောဝ၊ တဦးသော ခရီးသည် ယောက်ျားသည်။ လဂ္ဂေါ၊ ထုပ်လျောက်ကို ကိုင်ဆွဲကာ နားနေလေ၏။ အပရော၊ တဦးသော ခရီးသည် ယောက်ျားသည်ကား။ တံ နိဿိတော၊ ထိုပဌမ ခရီးသည်၏ ခြေကိုဆွဲမှီကာ နေထိုင်လေ၏။ အထ၊ ထိုမှ။ အညော၊ တပါးသော ခရီးသည်မူကား။ တံ၊ ထိုရှေးဦးလာသူ ခရီးသည် ၂-ဦးကို။ အနိဿာယ၊ အမှီမူ၍။ ဗဟိ၊ မဏ္ဍပ်ကြီး၏ ပြင်ပ၌။ ဌိတော၊ ရပ်တည် နားနေလေ၏။ အပရော စ၊ တဦးသော စတုတ္ထ ခရီးသည် သည်ကား။ တံ နိဿယ၊ ထိုတတိယလာသူ ပြင်ပ၌နေသော ခရီးသည်ကို အမှီပြု၍။ ဌိတော၊ ရပ်တည် နားနေလေ၏။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးဦးကုန်သော။ တေဟိ ပုရိသေဟိ၊ ထိုခရီးသည် ယောက်ျားတို့နှင့်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သမာနတာယ၊ ပုံပမာ အသွင်၊ အလွန်လျှင် တူသည်၏ အဖြစ်ကြောင့်။ ဝိဘာဝိနာ၊ ပညာရှင်သည်။ စတသောပိ၊ လေးပါးလော အရူပါဝစရဈာန်တို့ကိုလည်း။ ဉာတဗ္ဗာ၊ သိအပ်, သိထိုက်, သိသင့်ကုန်၏။ ဝါ၊ သိကြလေ။

ဆောင်ပုဒ်

က။ ။ငြိစ်ပေ မဏ္ဍပ်၊ ဝင်ကပ်တန့်နား၊ ယောက်ျား လေးယောက်၊ ပုံဟန်ထောက်၊ မှတ်လောက် အာရုံ ပြားပုံတည်း။

ခ။ ။အပြင်ကိုပင်၊ တွေ့မြင် ငြားလည်း၊ အခြား ခြေပြု၊ မရှိမူ၊ မှီရှု စက်ဆုပ်အာရုံကို။

---

ပြဿာဒီ ဥပမာ

ရူပါဝစရ စိတ်များသည် ပဌမဈာန်ထက် ဒုတိယဈာန်သည် ဈာန်အင်္ဂါ အဆင့်ဆင့် လွန်၍ ဖြစ်မှုကြောင့် မြတ်၏။ ဤအရူပါဝစရ စိတ်သည်ကား

ဈာန်လေးပါးလုံး ဥပေက္ခာ, ဧကဂ္ဂတာ, နှစ်ပါးသာဖြစ်၍ ဈာန်အင်္ဂါချင်း တူမျှ ကြပါလျက် အဘယ့်ကြောင့် မြင့်မြတ်ခြင်း ဖြစ်နိုင် ပါသနည်း ဟူမူ။ ။လောဟပါသာဒ ပြာသာဒ်ကြီးပမာ ဘုံလေးဆင့်ရှိသော ပြာသာဒ်ကြီး၏ အောက်အထပ်၌ နတ်၌ ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, တူရိယာ မျိုးစုံကိုရင်း၊ ကောင်းသောအနံ့ သင်းပျံ့ မွှေးကြိုင် လှစွာသော ပန်းနံ့သာတို့ကိုရင်း၊ ကောင်းသော အရသာနှင့် ပြည့်စုံသော ခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာတို့ကိုရင်း၊ အိပ်ရာနေရာ ပျော်ရွှင်စရာတို့ကိုရင်း၊စိစဉ် အလိုက် သိုက်မြိုက် တင့်တယ် ရှုချင်စဘွယ် စီမံခင်းကျင်း တည်ထား လေ၏။

ဒုတိယ အထပ်ကြီး၌ကား ထိုပဌမ အထပ်ထက် သာလွန်ကောင်းမွန် သော ကခြင်း, သီခြင်းစသော ကာမဂုဏ် ငါးပါးတို့ကို တင့်တယ်ဘွယ်ရာ စီမံခင်းကျင်းတည်ထားလေ၏။ ။တတိယအထပ်၌ကား ထိုဒုတိယ အထပ် ထက် သာလွန် ကောင်းမွန်သော ကခြင်း, သီခြင်းစသော ကာမဂုဏ် ငါးပါးတို့ကို တင့်တယ်ဘွယ်ရာ စီမံခင်းကျင်း တည်ထားလေ၏။ ။စတုတ္ထ အထပ်၌ကား အားလုံးသော အထပ်တို့ထက် ဆထက်လွန်ကျူး အထူး သာလွန်ကောင်းမွန်လှသော ကခြင်း,သီခြင်းစသော ကာမဂုဏ် ငါးပါး တို့ကို တင့်တယ်ဘွယ်ရာ စီမံခင်းကျင်း တည်ထားလေ၏။

ဤပြာသာဒ်ကြီး ဥပမာ၌ ပဌမအထပ်, ဒုတိယအထပ်-စသော လေးခု သော အထပ်တို့သည် အထပ်အဆင့်ချင်းပင် တူကုန်သော်လည်း ၎င်း အထပ်တို့၌ တည်ရှိသော ကာမဂုဏ်တို့၏ ပြည့်စုံမှုခြင်းကား မတူသဖြင့် အောက်အောက် အထပ်ထက် အထက်အထက် အထပ်သည် အဆင့်ဆင့် မြင့်မြတ်ကြသည့် ပမာ ထိုအတူပင် အ ပါဝစရ ဈာန်သည် အင်္ဂါချင်းမူ ကား မကွဲပြား ဥပေက္ခာ,ဧကဂ္ဂတာ ၂-ပါးသာလျှင် ရှိလင့်ကစား ထို အင်္ဂါတို့သည် ဘာဝနာပွါးများမှု၏ အစွမ်းဖြင့် အဆင့်ဆင့် ငြိမ်သက်တည် ကြည်မြင်း ထူးခြား သောကြောင့် အောက်အောက် ဖြစ်သော ဈာန်ထက် အထက်အထက် ဖြစ်သော ဈာန်တရားသည် သာလွန်မြင့်မြတ်သည် ဟု မှတ်လေ။ ။(မိန်းမတဦးထည်း ယာက်အပ်သော ဂုဆိုလေးယည် ဥပမာဖြင့် လည်း သိလေ)။

သုပဏ္ဏိတတရာ ဟောန္တိ၊ ပန္တိမာ ပန္တိမာ ဌမ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒတလ သာဋ္ဋိကာ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဌမ၊ အရူပါဝစရ စိတ်၌။ ပန္တိမာ-ပန္တိမာ၊ နောက်နောက် ဖြစ်သော အောက်အောက် ဈာန်သည်။ သုပဏ္ဏိတတရာ၊ အဆင့်ဆင့် တပါးသည် တပါးထက် သာလွန် မွန်မြတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသာလွန်မြင့်မြတ်ရာ၌။ပါသာဒတလသာဋ္ဋိကာ ဥပမာ၊ ပြာသာဒ် ဥပမာ, ပုဆိုး ဥပမာတို့ကို။ ဝိညေယျာ၊ သိအပ်ကုန်၏။

---

## ဆောင်ပုဒ်

လေးဆင့် ပြာသာဒ်၊ထက်အထပ်၌၊ ထားအပ် ကာမဂုဏ်၊
ထူးခြားပုံသို့၊ ဈာန်ဂုဏ် ဆင့်ဆင့်၊ နူးညံ့လင့်၊ မှတ်သင့်
အရူ-မြတ်ပုံတည်း။

---

Sublime state of Consciousness

## မဟဂ္ဂုတ် မည်သော အကြောင်း

ကိလေသဝိက္ခမ္ဘနသမတ္ထတာယ, ဝိပုလ ဖလတာယ, ဒီဃ
သန္တာနတာယစ မဟန္တဘာဝံ ဂတာ။ မဟန္တေဟိဝါ ဥဠာ
ရစ္ဆန္ဒ ဝီရိယ စိတ္တ ပညေဟိ ဂတာ ပဋိပန္နာတိ မဟဂ္ဂတာ။

အဋ္ဌသာလိနီ အဋ္ဌကထာ ပါဠ်အရ။ ။ဤရူပါဝစရစိတ်နှင့် အရူပါဝစရ စိတ် ၂၇-ပါးတို့သည် ကိလေသာတို့ကို ခွါခြင်းငှါ စွမ်းနိုင်သောကြောင့် ၎င်း၊ ကြီးကျယ်သော အကျိုးရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ရှည်သော သန္တာန်ရှိသည် အဖြစ်ကြောင့်၎င်း၊ ကြီးမြတ်သော အဖြစ်သို့ရောက်တတ်ကုန်ရကား မဟဂ္ဂုတ်မည်ကုန်၏။

**မှတ်ချက်။** ။ဤအလို····မဟတ္တံ ဂတာတိ မဟဂ္ဂတာ-ဟုပြု။မဟတ္တံ၊ ကြီးသည်အဖြစ်,မြတ်သည်အဖြစ်သို့။ဂတာ၊ ရောက်ကုန်၏ ဟုပေး။ကုသိုလ် ဝိပါက် ကြိယာအားဖြင့် ၃-ပါးသော မဟဂ္ဂုတ်တရားတို့တွင် ကုသိုလ်သည် အထက်ပါ ဟိတ် ၃-ပါး အနက်အားဖြင့် မဟဂ္ဂုတ်မည်၏။ ဝိပါက်နှင့် ကြိယာကား ဒီဃသန္တာနတာယ- ဟိတ် အရသာ မဟဂ္ဂုတ်မည်၏-ဟု ဝိသေသအားဖြင့် မှတ်လေ။

တနည်း။ ။မြတ်သော ဆန္ဒ,ဝိရိယ,စိတ်,ပညာ- ရှိသော ပုဂ္ဂိုလ်တို့သည် ကျင့်အပ်သောတရား ဖြစ်သောကြောင့် မဟဂ္ဂုတ်မည်ကုန်၏။ ။ဤအလို။ မဟန္တေဟိ ဂတာ ပဋိပန္နာတိ မဟဂ္ဂတာ-ဟု ပြု။ ။မဟန္တေဟိ၊ မြတ်သောသူတို့သည်။ ဂတာ-ပဋိပန္နာ၊ ကျင့်အပ်ကုန်၏-ဟု ပေး။

အတ္ထတ္ထယမ္ဗိ ကုသလေသု ယုဇ္ဇတိ။ ဝိပါက
ကြိယေသု ဒီဃသန္တာနတာဝ။

မူလဋီကာ။

---

## အရူပါဝစရစိတ် သရုပ်ခွဲ

ဤအရူပါဝစရ စိတ်သည် သောမနဿ, ဥပေက္ခာ ၂-ပါး တို့တွင် ဥပေက္ခာ ဟူ၍သာ မှတ်။သမ္ပယုတ်, ဝိပ္ပယုတ် ၂-ပါး တို့တွင် သမ္ပယုတ် ဟူ၍မှတ်။ အသင်္ခါရိက,သသင်္ခါရိက ၂-ပါးတို့တွင် ဘသင်္ခါရိကဟူ၍သာ မှတ်၊ ပဌမဈာန်။ပ။ ပဉ္စမဈာန်အားဖြင့် ဈာန်ငါးပါး တို့တွင် ပဉ္စမဈာန် ဟုမှတ်။

ကုသိုလ် ၄-ပါး၊ ဝိပါက် ၄-ပါး၊ ကြိယာ ၄-ပါး၊
ပေါင်း ၁၂-ပါးဖြစ်၏။

ကုသိုလ်, ဝိပါက်, ကြိယာ ၃-ရပ် ပေါင်း၍ အာကာသာနဉ္စာယတန ၃-ပါး၊ဝိညာဏဉ္စာယတန၃-ပါး၊ အာကိဉ္စညာယတန၃-ပါး၊ နေဝသညာနာသညာယတန၃-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်၏။

အောက်ရူပနှင့် အရူပ ၂-ပါးကို ပေါင်း၍ ရေတွက်သော် မဟဂ္ဂုတ်စိတ် ၂၇-ပါး ဖြစ်၏။

ကုသိုလ်ဈာန် ၉-ခု၊ ဝိပါက်ဈာန် ၉-ခု၊ ကြိယာဈာန် ၉-ခုအားဖြင့် မဟဂ္ဂုတ်စိတ် ၂၇-ပါးဖြစ်၏။

သုခသာဖြစ်၍ သမ္ပယုတ် မဖြစ်သောစိတ် မရှိ၊ သမ္ပယုတ်သာ ဖြစ်၍ သုခမဖြစ်သောစိတ် ၁၅-ခု၊ သုခသမ္ပယုတ် ၂-ပါးလုံးဖြစ် ၁၂-ခု အားဖြင့် ၂၇-ပါး ဖြစ်၏။

သုခသာဖြစ်၍ ဝိပ္ပယုတ် မဖြစ်သောစိတ် ၁၂-ခု၊ ဝိပ္ပယုတ်သာဖြစ်၍ သုခမဖြစ်သောစိတ် မရှိ၊ဝိပ္ပယုတ်သုခ ၂-ပါးလုံးဖြစ် မရှိ၊ ၂ ပါးလုံး မဖြစ် ၁၅-ခု အားဖြင့် ၂၇-ခု ဖြစ်၏။

သုခသာဖြစ်၍ အသင်္ခါရိက မဖြစ်သော စိတ် ၁၂-ခု၊ အသင်္ခါရိကသာ ဖြစ်၍သုခ မဖြစ်သောစိတ်မရှိ၊ အသင်္ခါရိက သုခနှစ်ပါးလုံးဖြစ်မရှိ၊ ၂-ပါး လုံး မဖြစ် ၁၅-ခု အားဖြင့် ၂၇-ပါး ဖြစ်၏။

သုခသာဖြစ်၍ သသင်္ခါရိကမဖြစ်သောစိတ်မရှိ၊သသင်္ခါရိကသာ ဖြစ်၍ သုခ မဖြစ်သော စိတ် ၁၅-ခု၊ သုခ သသင်္ခါရိက ၂-ပါးလုံးဖြစ် ၁၂-ခု၊ ၂-ပါးလုံး မဖြစ် မရှိ၊ ပေါင်း ၂၇-ခု ဖြစ်၏။ ။(ကြွင်းနည်းတူသိ)။

---

## မဟဂ္ဂုတ်စိတ် သရုပ်ခွဲ ဇယား

| | စိတ်အမည် | သောမနဿသဟဂုတ် | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | ဉာဏဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကုသိုလ် | ၄ | ၁ | ၅ | | | ၅ | ၅ |
| ၂ | ဝိပါက် | ၄ | ၁ | ၅ | | | ၅ | ၅ |
| ၃ | ကြိယာ | ၄ | ၁ | ၅ | | | ၅ | ၅ |
| | ရူပ်ပေါင်း | ၁၂ | ၃ | ၁၅ | | | ၁၅ | ၁၅ |
| ၁ | ကုသိုလ် | | ၄ | ၄ | | | ၄ | ၄ |
| ၂ | ဝိပါက် | | ၄ | ၄ | | | ၄ | ၄ |
| ၃ | ကြိယာ | | ၄ | ၄ | | | ၄ | ၄ |
| | အရူပ်ပေါင်း | | ၁၂ | ၁၂ | | | ၁၂ | ၁၂ |

## လောကုတ္တရာ ကုသိုလ်စိတ် အဘွင့်

၃၁။ ။သောတာပတ္တိ မဂ္ဂစိတ္တံ။ သကဒါဂါမိ မဂ္ဂစိတ္တံ
အနာဂါမိ မဂ္ဂစိတ္တံ။အရဟတ္တ မဂ္ဂစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရ ကုသလ စိတ္တာနိ နာမ။
သဂြိုဟ်ပါဠိ။

---

၁။ ။သောတာပတ္တိ မဂ်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၂။ ။သကဒါဂါမိ မဂ်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၃။ ။အနာဂါမိ မဂ်နှင့် ယှဉ်သော ကုသိုလ်စိတ်တခု၊

၄။ ။အရဟတ္တ မဂ်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု။

ဤလေးပါးသော စိတ်တို့သည် လောကုတ္တရာ ကုသိုလ်စိတ်မည်ကုန်၏။

ဤကား ပိဏ္ဍတ္ထ။

---

## လောကုတ္တရာ စိတ်အပြား ဝေဘန်ပုံ

လောကုတ္တရာ စိတ်သည် အကျယ်အားဖြင့် ဝေဘန်သော် လေးထောင့်၊ သို့မဟုတ် ခြောက်ထောင် အပြားရှိ၏။ထို ၂-မျိုးတို့တွင် စတုသဟဿ-အရ ဝေဘန်ပုံကား.... သောတာပတ္တိမဂ်ကို သုညတမဂ်, အပ္ပဏိဟိတမဂ် နှစ်ပါးနှင့်မြှောက် ၂-ပါးဖြစ်၏။ ထို ၂-ပါးကို ဈာန်ဟူသော အမည်ဖြင့် ထား၍ သုဒ္ဓကမည်သက်သက်ဖြစ်၏။ ထိုသုဒ္ဓ ၂-ပါးကို ပဋိပဒါ လေးပါးဖြင့် မြှောက် ၈-ပါးဖြစ်၏။ယခင်သုဒ္ဓဈာန် ၂-ပါးနှင့် ပေါင်း၊ ဈာန်အမည် အားဖြင့် ၁၀-ဖြစ်၏။ ။ထိုအတူ။ မဂ်အမည်, သတိပဋ္ဌာန် အမည်, သမ္မပ္ပ ဓာန်အမည်, ဣဒ္ဓိပါဒ်အမည်, ဣန္ဒြေအမည်, ဗိုလ်အမည်, ဗောဇ္ဈင်အမည်, သစ္စာအမည်, သမထအမည်, ဓမ္မအမည်,ခန္ဓာအမည်, အာယတနအမည်, ဓာတုအမည်, အာဟာရ အမည်, ဖဿအမည်, ဝေဒနာအမည်, သညာ အမည်, စေတနာအမည်, စိတ္တအမည် အားဖြင့် ၁၉-ပါးကို ပါဠိတော်၌ ဟောထားတော်မူ၏။ ။ထို ၁၉-ပါးသော အမည် တို့၌လည်း ၁၀-ပါးစီ ဖြစ်၏။ရှေး ဈာန်ဟူသော အမည် ၁၀-နှင့် ပေါင်း ၂၀၀-ဖြစ်၏။ထို ၂၀၀-ကို တည်၊အဓိပတိ ၄-ပါးနှင့် မြှောက် ၈၀၀-ဖြစ်၏။ ။ယခင် ၂၀၀-နှင့်

ပေါင်းသော် ၁၀၀၀-ဖြစ်၏။ ဤသို့လျှင် သောတာပတ္တိမဂ်၏ နည်း ၁၀၀၀ ဖြစ်၏။ ။ထိုအတူ သကဒါဂါမိ မဂ်စိတ် ၁၀၀၀၊ အနာဂါမိ မဂ်စိတ်-၁၀၀၀၊ အရဟတ္တ မဂ်စိတ် ၁၀၀၀ အားဖြင့် လောကုတ္တရာ မဂ်စိတ် ပေါင်း ၄၀၀၀-အရေအတွက် ဖြစ်၏။

---

## သမ္မောဟဝိနောဒနီ အဋ္ဌကထာနည်း

သစ္စဝိဘင်းအဋ္ဌကထာ၌ကား လောကုတ္တရာစိတ်ပေါင်း ခြောက်သောင်း ရှိ၏-ဟု လာ၏။သင်္ခိုဟောသော နည်းကား သစ္စဝိဘင်း၌ ဟောတော်မူသော ဝါရသည် အင်္ဂိကဝါရ, ပစ္စယဝါရ, သမ္ပယုတ်ဝါရဟူ၍ ၃–ပါး ရှိ၏။ ထို ၃-ပါးတို့တွင် အင်္ဂိကဝါရ၌ ကောဋ္ဌာသ ၅-ပါး ရှိ၏။

၁။ ။တဏှာယ ပဟာနံ။

၂။ ။တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ ပဟာနံ။

၃။ ။တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ ပဟာနံ။

၄။ ။တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ ကုသလာနံ ဓမ္မာနံ၊တိဏ္ဏဉ္စ ကုသလမူလာနံ သာသဝါနံ ပဟာနံ။

၅။ ။တဏှာယစ အဝသေသာနဉ္စ ကိလေသာနံ အဝသေသာနဉ္စ အကုသလာနံ ဓမ္မာနံ၊တိဏ္ဏဉ္စ ကုသလာနံ မူလာနံ သာသဝါနံ၊ အဝသေသာနဉ္စ ကုသလာနံ ဓမ္မာနံ။

ဤသို့အားဖြင့် ငါးပါးသော ကောဋ္ဌာသ တို့တွင် ပဌမ ကောဋ္ဌာသ ဈာနာဘိနိဝေသ၌ သုဒ္ဓိကပဋိပဒါ, သုဒ္ဓိကသုညတာ, သုညတပဋိပဒါ, သုဒ္ဓိက အပ္ပဏိဟိတ, အပ္ပဏိဟိတ ပဋိပဒါ ဟူ၍ ၅-ဌာန၊ ထို ၅-ဌာနကို စတုက္က, ပဉ္စကနည်း ၂-ပါးနှင့် မြှောက်၊ ၁၀-ဖြစ်၏။ ။ထိုအတူ မဂ္ဂ, သတိပဋ္ဌာန,သမ္မပ္ပဓာန, ဣဒ္ဓိပါဒ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သစ္စာ, သမထ, ဝိပဿနာ,လောကုတ္တရာ, ခန္ဓာ,အာယတန,ဓာတု, အာဟာရ,ဖဿ,ဝေဒနာ,သညာ,စေတနာ အားဖြင့် ၁၉-ပါးရှိကုန်၏။ထို ၁၃-ပါး တို့တွင်လည်း

တပါးတပါး၌ ၁၀-ပါးစီ ဖြစ်ရကား ၂၀၀-သော နည်းတို့သည်ဖြစ်ကုန်၏။ ထို ၂၀၀-ကို အဓိပတိ ၄-ပါးနှင့်မြှောက်၊ ၈၀၀-ဖြစ်၏။ ယခင် ၂၀၀-နှင့် ရော ၁၀၀၀-ဖြစ်၏။ ထို ၁၀၀၀-ကို မဂ်လေးပါးနှင့် မြှောက်၊ ၄၀၀၀ ဖြစ်၏။ ထို ၄၀၀၀-ကို ယခင်က ဆိုအပ်ခဲ့ပြီးသော ကောဋ္ဌာသ ၅-ပါးနှင့် မြှောက်၊ ၂၀၀၀၀-ဖြစ်၏။ ထို ၂၀၀၀၀-ကို ဝါရ ၃-ပါးနှင့် မြှောက်၊ ၆၀၀၀၀-ဖြစ်၏။

စတုသဟဿနည်း,သဋ္ဌိသဟဿနည်း ခွဲပြချက် ပြီး၏။

---

## သောတာပဉ္စ် မဂ်စိတ် အဓိပ္ပါယ်

သောတာပတ္တိ မဂ္ဂစိတ္တံ။ ။ဟူသောပုဒ်၌ ပဒဋ္ဌေဒသံဝဏ္ဏနာ အစွမ်းဖြင့် ပုဒ်ဖြတ်လိုက်သည်ရှိသော် သောတပုဒ်၊ အာပတ္တိ-ပုဒ်၊မဂ္ဂ-ပုဒ်၊စိတ္တ-ပုဒ် ဖြစ်၏။ ထိုပုဒ်တို့တွင်····သောတ-ပုဒ်ကို—

သဝတိ သန္ဒတီတိ သောတော၊သောတောဝိယာတိ သောတော။

ဟုပြု။ ။သဝတိ-သန္ဒတိ၊မဆုတ်မနစ် စီးသွားတတ်၏။ဣတိ၊ထို့ကြောင့်။ သောတော၊သောတ-မည်၏။ ။မြစ်တို့၏ ရေအယဉ်ကို ရ၏။ ။သောတော ဝိယ၊ မြစ်ရေအယဉ်နှင့် တူသည်သာတည်း။ ဣတိ၊ထို့ကြောင့်။သောတော၊ သောတ-မည်၏။ ။အင်္ဂါရှစ်ပါးရှိသော မဂ်ကို ရ၏။

သေယျထာပိ ဘိက္ခဝေ ယာကာစိ မဟာနဒိယော၊ ေသာ္ယ္ယထိဒံ ဂင်္ဂါ,ယမုနာ, အစိရဝတိ, သရဘူ, မဟီ၊ သဗ္ဗာ တာ သမုဒ္ဒနိန္နာ ဟောန္တိ သမုဒ္ဒပေါဏာ သမုဒ္ဒပဗ္ဘာရာ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော ဗဟုလီ ကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော။ သောတော သောတောတိ ဟိ ခေါ သာရိပုတ္တ ဝုစ္စတိ၊ ကံ နုခေါ သာရိပုတ္တ သောတောတိ။အယမေဝ ဟိ ဘန္တေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ ။ပါဠိတော်အရ····

ဂင်္ဂါ,ယမုနာ, အစိရဝတီ, သရဘူ, မဟီ-တည်းဟူသော မြစ်ကြီးငါးသွယ် စသည်တို့၌ တည်ရှိသော မြစ်ရေအယဉ်သည် မဟာသမုဒ္ဒရာ သို့သာ

အစဉ်သက်လျှော နိမ့်ရှော ကိုင်းညွတ်ကုန်၍ မည်သည့်အခါမျှ တန့်နား ရပ်နေသည်မရှိပါဘဲ အမြဲမပြတ် တသွင်သွင် စီးဆင်း၍ နေသောကြောင့် သောတ မည်၏။ ။ယင်းသောတ မည်သော မြစ်ရေအယဉ်နှင့် တူစွာ မြတ်သော အင်္ဂါနှင့် ပြည့်စုံသော မဂ်ကို ကြိမ်ဖန်များစွာ ပွါးများအား ထုတ်မှုကြောင့် အကြင်အခါ မဂ်သည် ဖြစ်ပေါ်လာလေ၏။ထိုဖြစ်ပေါ်လာသည့် ကစ၍ မဂ်တရားသည် သံသရာရေကြောသို့ ဆုတ်နစ်သည် မရှိ၊ ပယ်ဖျက်အပ်ပြီးသော ကိလေသာတို့ကို အဘယ်အခါမှ မဖြစ်ပေါ်စေတော့ဘဲ၊ တဟုန်တည်း အနုပါဒိသေသ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာကြီးသို့ အမြဲမပြတ် အာရုံပြုသောအားဖြင့် ဖြစ်ပေါ်နေလေ၏။ ။ယင်းသို့ ပယ်အပ်ပြီးသော ကိလေသာတို့သို့ အဘယ်သော အခါမှ မကပ်ရောက်, မဖြစ်ပေါ်စေဘဲ နိဗ္ဗာန်ကို အမြဲမပြတ် အာရုံ ပြုလျက် ရှိသည် ကိုပင် တသွင်သွင် မစီးသော်လည်း စီးသကဲ့သို့ ဖြစ်သောကြောင့် သဒိသူပစာအားဖြင့် မြစ်ရေအယဉ်နှင့် ဥပမာ ပြုရလေ၏။ ။ဤသို့လျှင် မြစ်ရေအယဉ်နှင့် တူသောကြောင့် မဂ္ဂင်ရှစ်ပါးသည် သောတမည်၏။ ။ဟူလို။

**ဘာနည်း**။ ။နိဗ္ဗာနံ အဘိမုခံ ဟုတွာ သဝတိ၊ အာရမ္မဏကရဏဝသေန ဥပဂစ္ဆတိတိ သောတော။

နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အဘိမုခံ၊ ရှေးရှု။ ဟုတွာ၊ဖြစ်၍။ အာရမ္မဏကရဏဝသေန၊ အာရုံ ပြုသည်၏ အစွမ်းဖြင့်။ သဝတိ-ဥပဂစ္ဆတိ၊ ကပ်ရောက်တတ်၏။ ဣတိ၊ကြောင့်။ သောတော သောတ-မည်၏။ ။နိဗ္ဗာန်သို့ရှေးရှု အာရုံ ပြုသည်၏ အစွမ်းဖြင့် ကပ်ရောက်တတ်သောကြောင့် မဂ္ဂင်ရှစ်ပါး သည် သောတမည်၏။ ။ဟူလို။

အာဒိတော ပဇ္ဇနံ ပါပုဏနံ အာပတ္တိ။

အာဒိတော၊ရှေးဦးစွာ။ပဇ္ဇနံ-ပါပုဏနံ၊ရောက်ခြင်း။ အာပတ္တိ၊ရှေးဦးစွာ ရောက်ခြင်း။ ။ရောက်ခြင်း,ပြည့်စုံခြင်း,ကြိယာ ရ၏။

သောတဿ အာပတ္တိ သောတာပတ္တိ။

သောတဿ၊ မြစ်ရေအယဉ်နှင့် တူသော မဂ္ဂင်ရှစ်ပါးသို့။ အာပတ္တိ၊ ရှေးဦးစွာ ရောက်ခြင်းတည်း။ သောတာပတ္တိ၊ မြစ်ရေပမာ၊ ရှစ်ဖြာသော မဂ္ဂင်သို့ ရှေးဦးစွာ ရောက်ခြင်း။ ။မဂ္ဂင်ရှစ်ပါးသို့ သကဒါဂါမိ မဂ်စိတ်စသည်တို့၏ ရှေးဦးစွာ ရောက်ခြင်း ဟောဂုဏ်ကို ရ၏။

နိဗ္ဗာနံ မဂ္ဂေတိ ဂဝေသတီတိ မဂ္ဂေါ။

နိဗ္ဗာနံ၊ကို။ မဂ္ဂေတိ-ဂဝေသတိ၊ရှာမှီးတတ်၏။ ဣတိ၊ ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတိ ဂဝေသီယတီတိ မဂ္ဂေါ။

နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်ကို အလိုရှိသော သူတို့သည်။ မဂ္ဂီယတိ-ဂဝေသီယတိ၊ရှာမှီးအပ်၏။ ဣတိ၊ကြောင့်။မဂ္ဂေါ၊မဂ် မည်၏။

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။

ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ သတ်လျက်။ နိဗ္ဗာနံ၊ သို့။ ဂစ္ဆတိ၊သွားတတ်၏။ ဣတိ၊ကြောင့်။မဂ္ဂေါ၊၏။

သောတာပတ္တိယာ လဒ္ဓေါ မဂ္ဂေါတိ သောတာပတ္တိ မဂ္ဂေါ။

သောတာပတ္တိယာ၊ မြစ်ရေယဉ်ပမာ၊ ရှစ်ဖြာသော မဂ္ဂင်သို့ ရှေးဦးစွာ ရောက်ခြင်းကြောင့်။လဒ္ဓေါ၊ရအပ်သော။ မဂ္ဂေါ၊မဂ်တည်း။ ဣတိ၊ကြောင့်။ သောတာပတ္တိမဂ္ဂေါ၊ မည်၏။ ။ဤဝိကပ်များကား ဝိဋ္ဋကက် အပေ‌ါ် ဆရာကော်များ၏ ဝိဂြိုဟ် ဝစနတ်များတည်း။

သောတာပတ္တိပုဒ်ကို“အဂ္ဂါဟိတော”ပုဒ်ကဲ့သို့ ဝိသေသန ပရနိပါတ ကြံလျက် ရှေးဦးစွာ ရောက်သော မြစ်ရေအယဉ်နှင့် တူသော သောတ မည်သောမဂ်ဟု အဓိပ္ပါယ်ယူဆ၍ “သောတာပတ္တိ စ သာ မဂ္ဂေါ စာတိ သောတာပတ္တိ မဂ္ဂေါ။ ။ဟု-ကြံပါက အဓိပ္ပါယ် သာလွန်ဖြောင့်မှန် ပေါ်လွင်ထိမ့်မည် ဖြစ်ကြောင်း။

တနည်း။ ။သောတ၏ အရကို နိဗ္ဗာန်တရား ယူ၍—

သောတံ အာဒိတော ပဇ္ဇန္တိ ပါပုဏန္တိ ဧတာယာတိ သောတာပတ္တိ။

ဟုပြု။ ။ဧတာယ၊ ဤမဂ္ဂင်ရှစ်ဖြာ ပဋိပဒါအကျင့်မြတ်ဖြင့်။ သောတံ၊ သောတမည်သော နိဗ္ဗာန်သို့။ အာဒိတော၊ ရှေးဦးစွာ။ ဝါ၊ သကဒါဂါမိ မဂ်စသည်တို့၏ ရှေးဦးစွာ။ ပဇ္ဇန္တိ ပါပုဏန္တိ၊ အာရုံပြုသောအားဖြင့် ရောက်တတ်ကုန်၏။ ဣတိ၊ ထိုသို့ ရောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ သောတာပတ္တိ၊သောတာပတ္တိမည်၏။

ဤဝိကပ်အလို။ ။သောတမည်သော နိဗ္ဗာန်သို့ အမြဲ အာရုံပြုသော အားဖြင့်သကဒါဂါမိမဂ် စသည်တို့၏ ရှေးဦးစွာ ရောက်ကြောင်း,ရကြောင်း ဖြစ်သောကြောင့် မဂ္ဂင်ရှစ်ပါးသည် သောတာပတ္တိ မည်၏။ ။ဟူလို။

သောတာပတ္တိ စ သာ မဂ္ဂေါ စာတိ သောတာပတ္တိ မဂ္ဂေါ။

သောတာပတ္တိ စ၊သောတမည်သော နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကောင်းသည်လည်း။ ဟောတိ၊ ၏။ သာ၊ သည်။ မဂ္ဂေါစ၊ မဂ်သည်လည်း။ ဟောတိ၊၏။ဣတိ၊ ကြောင့်။ သောတာပတ္တိမဂ္ဂေါ၊ မည်၏။ ။(အဓိပ္ပါယ် ပေါ်လွင်ပြီ)။

သောတာပတ္တိမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ သောတာပတ္တိ မဂ္ဂစိတ္တံ။

သောတာပတ္တိမဂ္ဂေန၊ နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ စိတ္တံ၊ စိတ်တည်း။ ဣတိ၊ထို့ကြောင့်။ သောတာပတ္တိမဂ္ဂစိတ္တံ၊ မည်၏။ ။သောတာပတ္တိမဂ်နှင့် ယှဉ်သော စိတ်သည် သောတာပတ္တိ မဂ်စိတ်မည်၏။ ။ဟူလို။

---

## သောတာပန် ပုဂ္ဂိုလ်အပြား

၁။ ။သက္ခတ္တုပရမ သောတာပန်၊
၂။ ။ကောလံ ကောလ သောတာပန်၊
၃။ ။ဧကဗီဇီ သောတာပန်၊

ဤသုံးယောက်တို့ပင်တည်း။

၁။ ။သတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ် ဟူသည်ကား—

သတ္တက္ခတ္တုံ သတ္တသု ဝါရေသု ကာမသုဂတိယံ ပဋိသန္ဓိဂ္ဂဏှံ ပရမံ ဧတဿာတိ သတ္တက္ခတ္တုပရမော။

ဧတဿ၊ထိုသောတာပန် ပုဂ္ဂိုလ်အား။ သတ္တက္ခတ္တုံ-သတ္တသု ဝါရေသု၊ ခုနစ်ဘဝ ခုနစ်ကြိမ်တို့၌။ ကာမသုဂတိယံ၊ ကာမသုဂတိဘုံ၌။ ပဋိသန္ဓိဂ္ဂဟဏံ၊ပဋိသန္ဓေကို ယူခြင်းဟူသော။ ပရမံ၊လွန်သော အတိုင်းအရှည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ သောတာပန် မည်၏။ ။ဝိဂြိုဟ် အရ။ ကာမသုဂတိ ၇-ဘုံ၌ ၇-ကြိမ်

၇-ဘဝ ပဋိသန္ဓေ တည်နေသော အတိုင်းအရှည်ရှိသော သောတာပန် ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန်မည်၏။ ။ဟူလို။

ထိုသတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်တို့သည် ခုနစ်ဘဝ၏ အဆုံး၌ အာသဝေါကင်းစင် နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်၏။ ။ထိုသတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်သည်လည်း—

၁။ ။နတ်ပြည်၌ သက်သက် ၇-ဘဝ ပဋိသန္ဓေတည်နေသော ဒေဝ သတ္တက္ခတ္တုပရမ သောတာပန်၊

၂။ ။လူ့ပြည်၌ သက်သက် ၇-ဘဝ ပဋိသန္ဓေ တည်နေသောမနုဿ သတ္တက္ခတ္တုပရမ သောတာပန်၊

၃။ ။လူ့ပြည်, နတ်ပြည်ရောနှောကာ ၇-ဘဝ ပဋိသန္ဓေတည်နေသော ဥဘယတ္ထ သတ္တက္ခတ္တုပရမ သောတာပန်၊

ဤသို့လျှင် သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင် လူ့ပြည်, နတ်ပြည် ရောနှောကာ ၇-ဘဝ ပဋိသန္ဓေ တည်နေသော သောတာပန် ကိုသာ သတ္တက္ခတ္တုပရမ သောတာပန်ဟု ယူအပ်၏။

၃၁-က။ ။သော သတ္တက္ခတ္တုံ ဒေဝေ စ မနုဿေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သတ္တက္ခတ္တုပရမော။

ပုဂ္ဂလပညတ် ပါဠိတော်။

မိဿကဘဝဝသေနေဝ ပနေတ္ထ သတ္တက္ခတ္တုပရမ ကောလံကောလာ မာနုသကဘဝနိဗ္ဗတ္တကောယေဝ စ ကေဗိဇီ ဂဟိတာတိ ဝေဒိတဗ္ဗော။

ပုဂ္ဂလပညတ် အဋ္ဌကထာ။

---

၃၁-က။ ။သော၊ သို့အဖို့ သဝေဖုနဲ့ သိသည်၊ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဒေဝေ စ၊ နတ်ပြည်၌ ဥဒ်ိး။ မနုဿေ စ၊ လူ့ပြည်၌ ဥဒ်ိး။ သန္ဓာဝိတွာ၊ သံသရိတွာ၊ ကျင်လည်၍ ပြန်သွား၍၊ ဒုက္ခဿ အန္တံ၊ ဆင်းရဲ၏ အဆုံးကိုလည်း ကရောတိ၊ ပြုတတ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ သောတာပန်အမည်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

ပ၊ ဆောင်။ ဤသုံးမျိုးသော သောတာပန်တို့တွင်။ မိဿကဘဝဝသေန ဧဝ၊ ရောနှောသော ဘဝ၏ အစွမ်းအားဖြင့်သာလျှင်။ သတ္တက္ခတ္တုပရမ, ကောလံကောလာ၊

၂။ ။ကုလတော ကုလံ ဂစ္ဆတီတိ ကောလံ ကောလော။

ကုလတော၊ ကြီးကျယ်မြင့်မြတ်သော အမျိုးမှ။ ကုလံ၊ ကြီးကျယ်မြင့်မြတ်သော အမျိုးတပါးသို့။ ဂစ္ဆတိ၊ သွားတတ်လားတတ်၏။ ဣတိ၊ ကြောင့်။ ကောလံကောလော၊ ကောလံကောလ သောတာပန် မည်၏။ ။ဝိဂ္ဂဟ်အရ လူ့ပြည်၌ဖြစ်စေ, နတ်ပြည်၌ဖြစ်စေ, နှစ်ဘဝသာ ပဋိသန္ဓေ တည်နေသော သောတာပန်သည် ကောလံ ကောလ သောတာပန် ပုဂ္ဂိုလ် မည်၏။

၃။ ။ဧကံ ဘဝဿ ဗီဇံ ဧတဿာတိ ဧကဗီဇီ။

ဧတဿ၊ ထိုသောတာပန် ပုဂ္ဂိုလ်အား။ ဧကံ၊ တခုသာလျှင် ဖြစ်သော။ ဘဝဿ၊ ဘဝ၏။ ဗီဇံ၊ ပဋိသန္ဓေ မျိုးစေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ဧကဗီဇီ၊ ဧကဗီဇီ သောတာပန် မည်၏။ ။လူ့ပြည်၌ ဖြစ်စေ၊ နတ်ပြည်၌ပင် ဖြစ်စေ တဘဝသာလျှင် ပဋိသန္ဓေ တည်နေရသော သောတာပန် ပုဂ္ဂိုလ်သည် ဧကဗီဇီ သောတာပန် မည်၏။ ။ဟူလို။

၃၁-၁။ ။သော ဒွေဝါ တီဏိဝါ ကုလာနိ သန္ဓာဝိတွာ သံသ
ရိတွာ ဒုက္ခဿန္တံ ကရောတိ၊ အယံ ပုစ္စတိ ပုဂ္ဂလော
ကောလံ ကောလော။

ပုဂ္ဂလပညတ် ပါဠိတော်။

သော ဧကံယေဝ မာနုသကံ ဘဝံ နိဗ္ဗတ္တိတွာ ဒုက္ခ
ဿန္တံ ကရောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဧကဗီဇီ။

ပုဂ္ဂလပညတ် ပါဠိတော်။

---

သတ္တက္ခတ္တုပရမသောတာပန်, ကောလံကောလ သောတာပန်တို့ကို။ ဂဟိတာ၊ ယူအပ်ကုန်၏။ ဧကဗီဇိ၊ ဧကဗီဇိသောတာပန် ပုဂ္ဂိုလ်ကိုကား။ မာနုသကာဘ နိဒ္ဒိဋ္ဌကောသေဝ၊ လူ့ဘဝ၌ ဖြစ်သည်အဖြစ်ကိုသာလျှင်။ ဂဟိတော၊ ၏။ ဣတိ၊ သို့ဝေဒိတဗ္ဗော၊ ၏။

၃၁-၁။ ။သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ ဒွေဝါကုလာနိ၊ အမျိုး ၂-ဆက်တို့တိုင်အောင်ပင်။ တီဏိဝါကုလာနိ၊ အမျိုး၃-ဆက်တို့တိုင်အောင်ပင်။ သန္ဓာဝိတွာ သံသရိတွာ၊ ပြေးသွား ကျင်လည်ပြီး၍။ ဒုက္ခဿန္တံ၊ ကို။ ကရောတိ၊ ၏။ အယံပုဂ္ဂလော၊ ကို။ ကောလံကောလော၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ မာနုသကံ၊ လူ၌ဖြစ်သော။ ဝါ၊ လူဖြစ်သော။ ဧကံ ဘဝံ၊ တခုသော ဘဝကို။ ဝါ၊ ဘဝ၌သာလျှင်။ ဝါ၊ တခုသောသာလျှင်။ နိဗ္ဗတ္တိတွာ၊ ဖြစ်စေပြီး၍။ ဒုက္ခဿန္တံ၊ ကို။ ကရောတိ၊ ၏။ အယံ ပုဂ္ဂလော၊ ကို။ ဧကဗီဇီ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ထို ကောလံ ကောလ သောတာပန် ပုဂ္ဂိုလ်သည် နှစ်ဘဝ သုံးဘဝသာ မဟုတ်၊ လူပြည်၌ ပဋိသန္ဓေ တကြိမ်, နတ်ပြည်၌ ပဋိသန္ဓေ တကြိမ် ဤသို့ ပဋိသန္ဓေ ၂-ကြိမ်သော်၎င်း၊လူ့ပြည်၌တကြိမ်,နတ်ပြည်၌တကြိမ်,လူပြည်၌ တကြိမ် ဤသို့ ပဋိသန္ဓေ ၃-ကြိမ်သော်၎င်း၊ ထိုအတူ လူပြည်, နတ်ပြည် ရောနှော၍ ၄-ကြိမ်သော်၎င်း၊ ၅-ကြိမ် သော်၎င်း၊ ၆-ကြိမ် ကိုသော်၎င်း၊ ပဋိသန္ဓေ တည်နေပြီးမှ ပရိနိဗ္ဗာန် စံဝင်သော ပုဂ္ဂိုလ်ကိုလည်း ကောလံ ကောလ သောတာပန်ဟု ပင် ဆိုအပ်၏။

ဒေသနာမတ္တမေဝ စေတံ ဒွေဝါ တီဏိဝါတိ၊ ယာဝ ဆဋ္ဌ
ဘဝါ သံသရန္တော ဝါ ပန ကောလံကောလောဝ ဟောတိ။

ပုဂ္ဂလပညတ် အဋ္ဌကထာ။

---

## ဆောင်ပုဒ်

က။ ။လူ့ပြည် နတ်ပြည်၊ ဘယ်ပြည် မဆို၊ ပိုမိုမရ၊ ၇-ဘဝ၊ ဖြစ်က သတ္တက္ခတ်။

ခ။ နှစ်ဘဝသာ၊ ဖြစ်ခဲ့ပါ၊ ရိုယာ-ကောလံမှတ်။

ဂ။ တသဝသာ၊ဖြစ်ခဲ့ပါ၊ ရိုယာ-ဗီဇီမှတ်။

---

## သကဒါဂါမိ မဂ်စိတ် အဓိပ္ပါယ်

သကိံ ဣမံ လောကံ အာဂစ္ဆတိ သီလေနာတိ သကဒါဂါမီ။

သီလေန၊အလေ့အားဖြင့်။သကိံ၊ တကြိမ်။ ဣမံလောကံ၊ ဤလူ့ပြည်သို့။ အာဂစ္ဆတိ၊ လာတတ်၏။ ဣတိ၊ ကြောင့်။ သကဒါဂါမီ၊ သကဒါဂါမီ မည်၏။ ။သကဒါဂါမိ ပုဂ္ဂိုလ် ရ၏။

အဓိပ္ပါယ်ကား····ဤ သကဒါဂါမိ ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကို မပယ်ဖြတ်နိုင်သေး သဖြင့် ကာမဘုံ ရောက်ကြောင်း သဘောမှ မလွန် မြောက်နိုင်သေး သောကြောင့် ဘဝဂ်ဘုံ၌ပင် တင်နေစေကာမူ ဤကာမ

---

စေ၊ စေတံ။ ဒွေဝါ တီဏိဝါတိ ဖော်၊ သည်း။ ဒေသနာမတ္တမေဝ၊ ဒေသနာမျှသာတည်း။ ပန၊ စင်စစ်အားဖြင့်ကား။ ယာဝဆဋ္ဌာဝါ၊ ခြောက်ကြိမ်မြောက်အောင်။ သံသရန္တော ဝါ၊ ကျင်လည်သော်လည်း။ ကောလံကောလောဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ။နှစ်ကြိမ် မြည့်သဖြင့် ကောလံကောလ မည်၏။ ဟူလို။

ဘုံသို့ တကြိမ်တခါ လာရောက်သော ပကတိသဘော ရှိသောကြောင့် သကဒါဂါမိ ပုဂ္ဂိုလ်မည်၏။

သကဒါဂါမိနော မဂ္ဂေါတိ သကဒါဂါမိမဂ္ဂေါ။

သကဒါဂါမိနော၊ သကဒါဂါမိ ပုဂ္ဂိုလ်၏။ မဂ္ဂေါ၊မဂ်တည်း။ဣတိ၊ ကြောင့်။ သကဒါဂါမိမဂ္ဂေါ၊ သကဒါဂါမိမဂ်မည်၏။

သကဒါဂါမိမဂ္ဂေန သမ္ပယုတ္တံ စိတ္တန္တိ သကဒါဂါမိ မဂ္ဂစိတ္တံ။

သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။စိတ္တံ၊ စိတ်တည်း။ဣတိ၊ထို့ကြောင့်။သကဒါဂါမိ မဂ္ဂစိတ္တံ၊ မည်၏။ ။သကဒါဂါမိ ပုဂ္ဂိုလ်၏ မဂ်နှင့် ယှဉ်သောစိတ်။ ။ဟူလို။

၃၁-ဂ။ ။ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂ ဒေါသ မောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ။ သကိံ ဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သကဒါဂါမီ။

ပုဂ္ဂလပညတ် ပါဠိတော်။

## သကဒါဂါမိ ပုဂ္ဂိုလ်၏ အပြား

၁။ ။ဣဓ ပတ္တွာ ဣဓ ပရိနိဗ္ဗာယီ၊
၂။ ။တတ္ထ ပတ္တွာ တတ္ထ ပရိနိဗ္ဗာယီ၊
၃။ ။ဣဓ ပတ္တွာ တတ္ထ ပရိနိဗ္ဗာယီ၊
၄။ ။တတ္ထ ပတ္တွာ ဣဓ ပရိနိဗ္ဗာယီ၊
၅။ ။ဣဓ ပတ္တွာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ။

အားဖြင့် သကဒါဂါမိ ပုဂ္ဂိုလ် ၅-ယောက် အပြားရှိ၏။ ဤငါးဦး သော ပုဂ္ဂိုလ်တို့တွင် လူ့ပြည်သို့ တကြိမ်လာတတ်၏-ဟူသော ဝစနတ် ကြောင့် တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ သကဒါဂါမိ ပုဂ္ဂိုလ် တယောက်

၃၁-ဂ။ ။ဣဓ၊ဤသာသနာတော်၌။ေကစ္စော၊အချို့သော။ပုဂ္ဂလော၊သည်။တိဏ္ဏံ၊သုံးကုန်သော သံယောဇနာနံ၊ သံယောဇဉ် သုံးပါးတို့၏။ ပရိက္ခယာ၊ ကုန်သောကြောင့်။ ရာဂဒေါသ မောဟာနံ၊ တို့၏။တနုတ္တာ၊ ခေါင်းပါးသည်၏အဖြစ်ကြောင့်။သကဒါဂါမီ၊ မည်သည်။ဟောတိ၊ ဖြစ်၏။ သကိံ ဒေဝ၊တကြိမ်သာလျှင်။ဣမံလောကံ၊သို့။အာဂန္တွာ၊လာ၍။ဒုက္ခဿန္တံ၊ကို။ကရောတိ၊ ၏။ အယံ ပုဂ္ဂလော၊ကို။သကဒါဂါမီ၊ဟူ၍။ ဝုစ္စတိ၊ ၏။

ကိုသာ ယူအပ်၏။ ကြွင်းသော ပုဂ္ဂိုလ် လေးဦးတို့အား ရှင်္ဂီအစွမ်းဖြင့် သကဒါဂါမိမည်တော့သတည်း။

၃၁-ဃ။ ။ယော ပန ဣဓ ပတ္ဝာ ဒေဝလောကေ ယာဝတာယုကံ ဝသိတ္ဝာ ပုန ဣဓ ပစ္စာဇိတ္ဝာ ပရိနိဗ္ဗာယိ၊အယံကောဝ ဂဟိတောတိ ဝေဒိတဗ္ဗော။

ပုဂ္ဂလပညတ် အဋ္ဌကထာ။

---

**သောင်ပုဒ်**

က။ ။ဣ, ဣ, တတ၊ ဣတ,တဣ၊ ဣ-ဣ ထည့်၊ ပြားသိ သကဒါဂါမိ ပုဂ္ဂိုလ်တည်း။

ခ။ ။ထိုငါးဦးတွင်၊ တ-ဣ ယှဉ်၊မြင် ဤဋ္ဌ ယူသတည်း။

---

**အနာဂါမိ မဂ်စိတ် အဓိပ္ပါယ်**

န အာဂစ္ဆတီတိ အနာဂါမိ။

န အာဂစ္ဆတိ၊ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ မလာတတ်။ ဣတိ၊ ကြောင့်။အနာဂါမိ၊ အနာဂါမိမည်၏။

အဓိပ္ပါယ်ကား····ယုတ်နိမ့်သော အောက်ကာမဘုံသို့ ရောက်ကြောင်း ဖြစ်သော ဩရမ္ဘာဂိယ သံယောဇဉ် တို့ကို အကုန် ပယ်သတ်ပြီး ဖြစ်သဖြင့် ဤ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် မလာမရောက်သောကြောင့် အနာဂါမိ ပုဂ္ဂိုလ်မည်၏။ ။ဟူလို။

အနာဂါမိနော မဂ္ဂေါ အနာဂါမိမဂ္ဂေါ။

အနာဂါမိနော၊ အနာဂါမိ ပုဂ္ဂိုလ်၏။ မဂ္ဂေါ၊မဂ်တည်း။ အနာဂါမိဂါမိ မဂ္ဂေါ၊အနာဂါမိ ပုဂ္ဂိုလ်၏မဂ်။

---

၃၁-ဃ။ ။ပန၊ဆက်။ ဝါ၊ဂဟေဘဒ္ဒကိုဆိုဦးအံ့။ ယော၊အကြင် သကဒါဂါမိသည်။ဣဓ၊ ဤလူ့ပြည်သို့။ပတ္ဝာ၊ရောက်၍။ဒေဝလောကေ၊ နတ်ပြည်၌။ ယာဝတာယုကံ၊ အသက်အပိုင်း အခြားရှိသမျှအတိုင်းအသည်အားဖြင့်။ဝသိတ္ဝာ၊နေ၍။ ပုန၊တဖန်။ဣဓ၊ ဤလူ့ပြည်၌။ ပစ္စာဇိတ္ဝာ၊ပြန်ပြန်၍။ပရိနိဗ္ဗာယိ၊ပရိနိဗ္ဗာန်စံဝင်လေ၏။ကောဝ၊ဘယ်သူသာလျှင်ဖြစ်သော။ အယံ၊ ဤသကဒါဂါမိပုဂ္ဂိုလ်ကိုသာလျှင်။ ဂဟိတော၊၏။ ဣတိ၊သို့။ဝေဒိတဗ္ဗော၊၏။

အနာဂါမိမဂ္ဂေန သမ္ပယုတ္တံ စိတ္တန္တိ အနာဂါမိမဂ္ဂစိတ္တံ။

အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ စိတ္တံ၊ စိတ်။ ဣတိ၊ ကြောင့်။ အနာဂါမိမဂ္ဂစိတ္တံ၊ မည်၏။ ။အနာဂါမိ ပုဂ္ဂိုလ်၏ မဂ်နှင့် ယှဉ်သောစိတ်။ ။ဟူလို။

၃၁-၈။ ။ဣဓေကစ္စော ပုဂ္ဂလော ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သညော ဇနာနံ ပရိက္ခယာ ဩပပါတိကော ဟောတိ၊ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ၊ အယံ ဝုစ္စတိ ပုဂ္ဂလော အနာဂါမီ။

ပုဂ္ဂလပညတ် ပါဠိတော်။

---

## အနာဂါမိ ပုဂ္ဂိုလ် အပြား

၁။ ။အန္တရာပရိနိဗ္ဗာယီ အနာဂါမ်၊

၂။ ။ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်။

၃။ ။အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်၊

၄။ ။သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်၊

၅။ ။ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်၊

ဟူ၍ အနာဂါမ် ပုဂ္ဂိုလ် ၅-ဦး အပြားရှိ၏။

၁။ ။သုဒ္ဓါဝါသဘုံဝယ် မည်သည့်ဘုံ၌ မဆို မိမိဖြစ်သော နေ့က စ၍ ထိုဘုံ၌ အသက်တမ်း ကာလကို ရှေ့နောက်ထက်ဝက်စီ နှစ်ဘို့ နှစ်စုပြု၍ ရှေ့ထက်ဝက် အတွင်း ကာလ၌ သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော အနာဂါမ် ပုဂ္ဂိုလ်သည် အန္တရာပရိနိဗ္ဗာယီ အနာဂါမ် မည်၏။

---

၃၁— ။ ။ဣဓလောက၌။ အကြင်ပုဂ္ဂိုလ်သည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက်အဖို့၌ ဖြစ်ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကုန်သောကြောင့်။ ဩပပါတိကော၊ ဥပပါတ်ပဋိသန္ဓေတည်နေသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသုဒ္ဓါဝါသဗြဟ္မာပြည်၌။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်စံခြင်း။ တသ္မာလောကာ၊ ထိုဘုံမှ။ အနာဝတ္တိဓမ္မော၊ မဆုတ်နစ်သော သဘောရှိသည်ဖြစ်၍။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်စံခြင်း အလေ့ရှိ၏။ အယံပုဂ္ဂလော၊ ကို။ အနာဂါမီ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၃၁-ဓ။ ။သော ဥပပန္နဝါ သမနန္တရာ အပတ္တံဝါ ဝေမဇ္ဈံ အာယုပ္ပမာဏံ အရိယမဂ္ဂံ သဉ္ဇနေတိ၊ ဥပရိဋ္ဌိမာနံ သညောဇနာနံ ပဟာနာယ အယံ ဝုစ္စတိ ပုဂ္ဂလော အန္တရာ ပရိနိဗ္ဗာယီ။

## ပုဂ္ဂလပညတ် ပါဠိတော်။

၂။ ။သုဒ္ဓဝါသ ဘုံဝယ် မည်သည့် ဘုံ၌မဆို မိမိဖြစ်ရာ ဘုံ၌ အသက်တမ်း ရွှေထက်ဝက်ကို လွန်၍ ထိုရွှေထက်ဝက် လွန်သော နေ့မှစ၍ နောက်ထက်ဝက် ကာလအတွင်း အမှတ်မရှိသော ကာလ၌ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော အနာဂါမ် ပုဂ္ဂိုလ်သည် ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်မည်၏။

၃၁-ဆ။ ။သော အတိက္ကမိတွာ ဝေမဇ္ဈံ အာယုပ္ပမာဏံ ဥပဟစ္စ ဝါ ကာလံကိရိယံ အရိယမဂ္ဂံ သဉ္ဇနေတိ၊ ဥပရိဋ္ဌိမာနံ သညောဇနာနံ ပဟာနာယ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဥပဟစ္စပရိနိဗ္ဗာယီ။

## ပုဂ္ဂလပညတ် ပါဠိတော်။

၃။ ။လျင်သောထက်သော ဉာဏ်ရှိသဖြင့် လွန်စွာအားမထုတ်ရပါဘဲ ရှုပ်ရာဂစသော ကိလေသာတို့ကို ပယ်၍ ကုန်ခန်းစေလျက် အမှတ်မရှိ တပါးပါးသော သင်္ခါရတရားတို့ကို အနိစ္စစသော ဝိပဿနာသို့ တင်၍ စီးဖြန်းကာမျှမတ္တဖြင့် လွယ်လင့်တကူ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော အနာဂါမ်ပုဂ္ဂိုလ်သည် အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်မည်၏။

---

၃၁-ဓ။ ။သော၊ ထိုအနာဂါမ်ပုဂ္ဂိုလ်သည်။ ဥပပန္နဝါ၊ ဥပပန္နသား ပဋိသန္ဓေတည်နေမှုနှင့်၊ သမနန္တရာ၊ အခြားမဲ့၌။ ဟုတ်ဘုံ၊ ဖြစ်၍။ အာယုပ္ပမာဏ်အာယုပ္ပမာဏသော၊ အသက်တိုင်း အတိုင်း၏။ ဝေမဇ္ဈံ၊ အလယ်သို့မူလည်း။ အပတ္တံ၊ မရောက်မူ၍။ အရိယမဂ္ဂံ၊ အရဟတ္တမဂ်ကို။ သဉ္ဇနေတိ၊ ဖြစ်စေ၏။ ဥပရိဋ္ဌိမာနံ၊ အထက်အဘို့ဖြစ်ကုန်သော။ သညောဇနာနံ၊ ဥဒ္ဓမ္ဘာဂိယသံယောဇဉ်တို့ကို၊ ပဟာနာယ၊ ပယ်ခြင်းငှါ။ မဂ်ကို။ သဉ္ဇနေတိ၏။ အယံပုဂ္ဂလော၊ ဤ။ အန္တရာ ပရိနိဗ္ဗာယီ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၃၁-ဆ။ ။သော၊ ထိုအနာဂါမ်ပုဂ္ဂိုလ်သည်။ အာယုပ္ပမာဏံ၊ အာယုပ္ပမာဏ အသက်အတိုင်း အခြား၏။ ဝေမဇ္ဈံ၊ အလယ်ကို။ အတိက္ကမိတွာ၊ ကျော်လွန်၍။ ကာလံကိရိယံ၊ သေခြင်းသို့ ပြေးသွားရတော့ခြင်းကို။ ဥပဟစ္စ၊ ကပ်၍လည်း၊ ဥပရိဋ္ဌိမာနံ၊ သညောဇနာနံ၊ ပဟာနာယ၊ ပယ်ခြင်းငှါ။ အရိယမဂ္ဂံ။ သဉ္ဇနေတိ၏။ အယံပုဂ္ဂလော၊ ဥပဟစ္စပရိနိဗ္ဗာယီ၊ ဟူ၍။ ဝုစ္စတိ၏။

ဇမ္ဗူ-362-29

၃၁-၈။ ။သော အသင်္ခါရေန အရိယမဂ္ဂံ သဉ္ဇနေတိ ဥပရိဋ္ဌိမာနံ သညောဇနာနံ ပဟာနာယ၊ အယံ ဝုစ္စတိ ပုဂ္ဂလော အသင်္ခါရ ပရိနိဗ္ဗာယီ။

ပုဂ္ဂလပညတ် ပါဠိတော်။

၄။ ။နုသော နံ့သော ဉာဏ်ရှိသဖြင့် ကိလေသာတို့ကို ငြိုငြင်စွာ ပယ်၍ ကုန်ခန်းစေလျက် ဝိပဿနာကို ရှည်လျားဖြင့်ကြာ လွန်စွာ အား ထုတ်ပါမှ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော အနာဂါမ်ပုဂ္ဂိုလ်သည် သသင်္ခါရ ပရိနိဗ္ဗာယီ။

၃၁-၅။ ။သော သင်္ခါရေန အရိယမဂ္ဂံ သဉ္ဇနေတိ ဥပရိဋ္ဌိမာနံ သညောဇနာနံ ပဟာနာယ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သသင်္ခါရ ပရိနိဗ္ဗာယီ။

ပုဂ္ဂလပညတ် ပါဠိတော်။

၅။ ။သုဒ္ဓါဝါသ အောက်လေးဘုံတွင် အမှတ်မဲ့တဘုံဘုံ၌ ဖြစ်၍ ဓိဓိ ဖြစ်ရာဘုံ၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်သဖြင့် အစဉ် အတိုင်း ပဋိသန္ဓေအားဖြင့် ဘုံစဉ်စံ၍ အကနိဋ္ဌ ဘုံသို့ရောက်မှ အရဟတ္တ ဖိုလ်ကို ရလတ္တံ့သော အနာဂါမ် ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်မည်၏။

၃၁-၉။ ။သော အဝိဟာ စုတော အတပ္ပံ ဂစ္ဆတိ၊ အတပ္ပါ စုတော သုဒဿံ ဂစ္ဆတိ၊ သုဒဿာ စုတော သုဒဿိံ ဂစ္ဆတိ။ သုဒဿိယာ စုတော အကနိဋ္ဌံ ဂစ္ဆတိ။ အကနိဋ္ဌေ အရိယမဂ္ဂံ သဉ္ဇနေတိ။ ဥပရိဋ္ဌိမာနံ သညောဇနာနံ ပဟာနာယ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ။

ပုဂ္ဂလပညတ် ပါဠိတော်။

---

၃၁-၁။ ။သောသသိုအနေဂါဝိပုဒ္ဓလိသည်။ အသင်္ခါရေန၊ နည်းသောဒုက္ခဖြင့်။ ဥပရိဋ္ဌိ မာနံ၊ [illegible]။ သညောဇနာနံ၊ [illegible]။ ပဟာနာ ယ၊ ပယ်ခြင်းငှါ၊ [illegible]။ သဉ္ဇနေတိ၊ [illegible]။ အယံ၊ [illegible]။ အသင်္ခါရပရိနိဗ္ဗာယီ၊ [illegible]။ [illegible]။

**ဘနည်း။** ။၁။ ။အန္တရာပရိနိဗ္ဗာယီ အနာဂါမိ ၃-ယောက်၊
၂။ ။ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမိ ၁-ယောက်၊
၃။ ။ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမိ ၁-ယောက်၊
ဟူ၍လည်း အနာဂါမိပုဂ္ဂိုလ် ၅-ဦး ပုဂ္ဂလပညတ်ပါဠိတော်၌လာရှိသေး၏။

---

## အနာဂါမိ ပုဂ္ဂိုလ်အပြား ပေါင်းပုံ

အဝိဟာဘုံ၌ ပုဂ္ဂလပညတ် ပါဠိတော်လာ အနာဂါမိ ၅-ယောက်ကို ပင်၊ အသင်္ခါရိက,သသင်္ခါရိက ၂-ပါးနှင့် မြှောက် ၁၀-ရ၏၊ ထိုအတူ အတပ္ပါ, သုဒဿာ, သုဒဿီ ဘုံတို့၌လည်း ၁၀-စီ ရ၏။ ။အကနိဋ္ဌ ဘုံ၌ ဥဒ္ဓံသောတ မရှိခြင်းကြောင့် ၈-ယောက်သာ ရ၏။ ။ပေါင်းစုလိုက် သော် ၄၈-ယောက် ရ၏။ ။ထိုအတူ ပဌမဈာန်ဘုံ အစ သုဘကိဏှာ ဘုံတိုင် ၂၁ဘုံ၌ အန္တရာပရိနိဗ္ဗာယီ စသော အနာဂါမိ ၅-ယောက် ကို အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးတို့နှင့် မြှောက်ပွါးပြန်သော် ၁၀-စီ ဖြစ်၍ ၉၀-ရ၏။ ဝေဟပ္ဖိုလ်ဘုံ၌ ဥဒ္ဓံသောတ မရှိခြင်းကြောင့် ၈-ယောက်ကို ထည့်ပေါင်း ၁၀-ဘုံ၌ ၉၈-ယောက်သောအနာဂါမိတို့ကိုရ၏။ အရူပ အောက် ၃-ဘုံ၌ တဘုံ တဘုံလျှင် ၁၀-စီ ဖြစ်၍-၃၀၊ နေဝသညာ နာသညာဘုံ၌ဥဒ္ဓံသောတ မရှိခြင်းကြောင့် ၈-ယောက်ထည့်၊ ပေါင်းလျှင် အရူပ ၄-ဘုံ၌ ၃၈-ယောက် အစုစုပေါင်း အနာဂါမိပုဂ္ဂိုလ် ၁၈၄-ယောက် ရှိ၏။ ။ဟူသတည်း။

---

၃၁-မှု။ သေသသည်။ သသင်္ခါရေး၊ ဆင်းရဲခြင်းသဘောဖြင့်။ ဥပဒိဋ္ဌမခန်း၊ [illegible] အနာခန်း၊ [illegible]။ ပဟာန၁ဿ၊ [illegible]။ အဒိသမဂ္ဂ၊ [illegible]။ သဋ္ဌနေ၁ဘိ၊ ၏။ အဿ ပုဂ္ဂလေ [illegible] သသင်္ခါရ ပရိနိဗ္ဗာယီ၊ ဟူ၍၊ ၃၁-ဘိ၊ ၏။

၃၁-သည်။ ။သေသ၊ သည်။ အဝိဟာ၊ အဝိဟာဘုံ၌။ စုတော၊ စုတေသည်ရှိသော်။ အတပ္ပ၊ အတပ္ပဘုံသို့။ ဂစ္ဆတိ၊ ရောက်၏။ အတပ္ပါ၊ မှ။ စုတော၊ သော်။ သုဒဿံ၊ သုဒဿဘုံသို့။ ဂစ္ဆတိ၊ ၏။ သုဒဿာ၊ မှ။ စုတော၊ သော်။ သုဒဿီ၊ သုဒဿီဘုံသို့။ ဂစ္ဆတိ၊ ၏။ သုဒဿီသ၊ မှ။ စုတော၊ သော်။ အကနိဋ္ဌံ၊ အကနိဋ္ဌဘုံသို့။ ဂစ္ဆတိ၊ ၏။ အကနိဋ္ဌေ၊ ၌။ ဥပရိဋ္ဌိမခန်း၊ ကုန်သော။ သသင်္ခါ [illegible] ကို။ ပဟာနာယ၊ ငှါ။ အဒိသမဂ္ဂ၊ ကို။ သဉ္ဇနေတိ၊ ၏။ အယံ ပုဂ္ဂလော၊ ကား။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၃၁-၄။ ။ပဌမဈာနဘူမိယံ နိဗ္ဗတ္တော အနာဂါမီ နဝ ဖြဟ္မ
လောကေ သောဓေတွာ မတ္ထကေ ဌိတော ပရိနိဗ္ဗာယိ။
သမ္မောဟဝိနောဒနီ အဋ္ဌကထာ

---

## ဥဒ္ဓံသောတ အနာဂါမိပုဂ္ဂိုလ် အပြား

၁။ ။ဥဒ္ဓံသောတ အကနိဋ္ဌဂါမိ အနာဂါမိ၊
၂။ ။ဥဒ္ဓံသောတ န အကနိဋ္ဌဂါမိ အနာဂါမိ၊
၃။ ။န ဥဒ္ဓံသောတ အကနိဋ္ဌဂါမိအနာဂါမိ၊
၄။ ။နဥဒ္ဓံသောတ န အကနိဋ္ဌဂါမိအနာဂါမိ၊

ဤကား သုဒ္ဓါဝါသဘုံ၌ရှိသော ဥဒ္ဓံသောတအနာဂါမိ ၄-ယောက်တည်း။

၁။ ။ဥဒ္ဓံသောတ ဝေဟပ္ဖလဂါမိ အနာဂါမိ၊
၂။ ။ဥဒ္ဓံသောတ န ဝေဟပ္ဖလဂါမိ အနာဂါမိ၊
၃။ ။န ဥဒ္ဓံသောတ ဝေဟပ္ဖလဂါမိ အနာဂါမိ၊
၄။ ။နဥဒ္ဓံသောတ န ဝေဟပ္ဖလဂါမိအနာဂါမိ၊

ဤကား ရူပ ၁၁-ဘုံ၌ ရှိသော ဥဒ္ဓံသောတ အနာဂါမိ ၄-ယောက်တည်း။

၁။ ။ဥဒ္ဓံသောတ နေဝသညာနာသညာယတနဂါမိ အနာဂါမိ၊
၂။ ။ဥဒ္ဓံသောတ န နေဝသညာ နာသညာယတနဂါမိ အနာဂါမိ၊
၃။ ။န ဥဒ္ဓံသောတ နေဝသညာ နာသညာယတနဂါမိ အနာဂါမိ၊
၄။ ။န ဥဒ္ဓံသောတ န နေဝသညာ နာသညာယတနဂါမိ အနာဂါမိ၊

ဤကား အရူပ ၄-ဘုံ၌ရှိသော ဥဒ္ဓံသောတအနာဂါမိ ၄-ယောက်တည်း။

---

### အနေမာဒ္ဒ မင်္ဂစိတ် အစ်ဖ္ဖ်ယ်

ပုဗ္ဗာဝိသေသံ အရဟတီတိ အရဟံ။

ပုဇာဝိသေသံ၊ ပူဇော် အထူးကို။ အရဟတိ၊ ခံတော် မူထိုက်၏။ ဣတိ၊ ကြောင့်။အရဟံ၊ အရဟာ မည်၏။

---

၃၁-၄။ ။ပဌမဈာနဘုံ၌ဖြစ်သော နိဗ္ဗတ္တော၊ ဖြစ်ခဲ့သော။အနာဂါမီ၊ အနာဂါမိ ဖြဟ္မာသည်၊ နဝ ဖြဟ္မလောကေ၊ ဖြဟ္မာ့ဘုံကိုးဘုံတို့ကို၊ သောဓေတွာ၊ သုတ်သင်၍။ မတ္ထကေ၊ မထွတ်၌ ဌိတော၊ တည်လျက်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံဝင်တော်မူလေ၏။

အမိပ္ပါယ်ကား····နိဗ္ဗာန်စသော အကျိုးထူးကို ရည်မှန်း တောင့်တ၍ လှူဒါန်းသော ပုဂ္ဂိုလ် အလှူရှင်အား တောင့်တသော အတိုင်းအကျိုးထူးကို ပေးစွမ်းနိုင်သော ဂုဏ်ထူးနှင့် ယှဉ်သောကြောင့် ပူဇော်အထူးကို ခံထိုက်ပေရကား၊ ဝါ၊ ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်သည် အရဟမည်၏။ ။ ဟူလို။

အရဟတော ဘာဝေါ အရဟတ္တံ။

အရဟတော၊ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာ အရှင်မြတ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ အရဟတ္တံ၊ပူဇော်အထူးကို ခံထိုက်သော ရဟန္တာ၏ ဖြစ်ကြောင်း။ ။အရဟတ္တဖိုလ်ကို ရသောကြောင့်သာ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာကြီး ဖြစ်နိုင်သောကြောင့် အရဟတ္တဖိုလ်သည် အရဟတ္တမည်၏။ ။ဟူလို။

အရဟတ္တဿ မဂ္ဂေါ အရဟတ္တ မဂ္ဂေါ။

အရဟတ္တဿ၊ အရဟတ္တဖိုလ်၏။ မဂ္ဂေါ၊ မဂ်တည်း။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တဖိုလ်၏မဂ်။

အရဟတ္တမဂ္ဂေန သမ္ပယုတ္တံ စိတ္တန္တိ အရဟတ္တမဂ္ဂစိတ္တံ။

အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်နှင့်။ သမ္ပယုတ္တံ၊ယှဉ်သော။ စိတ္တံ၊တည်း။ ဣတိ၊ကြောင့်။အရဟတ္တမဂ္ဂစိတ္တံ၊မည်၏။

---

## အရိယာပုဂ္ဂိုလ် ၁၀၈-ယောက် အပြား

ကေဝိဇီ, ကောလံကောလ, သတ္တက္ခတ္တုပရမအားဖြင့် သောတာပန်ပုဂ္ဂိုလ် ၃-ယောက်ကို ပဋိပဒါလေးပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏။ ။ ကာမ,ရူပ,အရူပ,သကဒါဂါမ် ၃-ယောက်ကို ပဋိပဒါ ၄-ပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏။ ။၁-အန္တရာပရိနိဗ္ဗာယီ၊ ၂-ဥပဟစ္စပရိနိဗ္ဗာယီ၊ ၃-အသင်္ခါရပရိနဗ္ဗာယီ၊ ၄-သသင်္ခါရပရိနိဗ္ဗာယီ၊ ၅-ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ-အားဖြင့် အဝိဟာဘုံ၌ ၅-ယောက်။ ထိုအတူ အတပ္ပါ,သုဒဿာ, သုဒဿီ,ဘုံတို့၌ ၅-ယောက်စီ။ ။အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတ မရှိခြင်းကြောင့် ၄-ယောက်၊ပေါင်း ၂၄-ယောက် ဖြစ်၏။ ။သုက္ခဝိပဿက

ရဟန္တာ, ဆဋ္ဌာဘိညရဟန္တာ အားဖြင့် ၂-ယောက်။ မဂ်ပုဂ္ဂိုလ် ၄-ယောက်၊ ပေါင်း ၅၄-ယောက်တို့ကို သဒ္ဓါစုရ, ပညာစုရ, ၂-ပါးနှင့်မြှောက် အရိယာ ပုဂ္ဂိုလ် ၁၀၈-ယောက်ရ၏။ ဤကား "ယေပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာ" စသော ရတနသုတ်အရ သုတ္တနိပါတ် အဋ္ဌကထာဆရာ ဖွင့်ဆိုရေတွက်ပြသော အရိယာပုဂ္ဂိုလ် ၁၀၈-ယောက်၏ သရုပ်တည်း။

---

## ပုဂ္ဂလပညတ် အဋ္ဌကထာလာ အရိယာပုဂ္ဂိုလ် ၉၆-ယောက် အပြား

ကောဋိဇ္ဇ, ကောလံကောလ, သတ္တက္ခတ္တုပရမ အားဖြင့် သောတာပန် ၃-ယောက်တို့ကို ပဋိပဒါ ၄-ပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏။ ။၎င်း ၁၂-ယောက်ကို သမထယာနိက, ဝိပဿနာယာနိက, ၂-ပါးနှင့် မြှောက် ၂၄-ယောက်ဖြစ်၏။ ။သကဒါဂါမိ, ၅-ယောက်တွင် နောက်ဆုံးဖြစ်သော "ဣဓ ပတ္တာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ" ဟူသော သကဒါဂါမိပုဂ္ဂိုလ် ၁-ယောက်ကို သုညတ, အနိမိတ္တ, အပ္ပဏိဟိတ ဝိမောက္ခ ၃-ပါးနှင့် မြှောက် ၃-ယောက်ဖြစ်၏။ ။၎င်း ၃-ယောက်ကိုပဋိပဒါ၄-ပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏။ ။အဝိဟာဘုံ၌ ယခင်ပါဠိတော်လာ အနာဂါမိ ၅-ယောက်ကို သသင်္ခါရ, အသင်္ခါရ ၂-ပါးနှင့် မြှောက် ၁၀-ယောက်ဖြစ်၏။ ။ထိုအတူ အတပ္ပါ,သုဒဿာ,သုဒဿီ ဘုံတို့၌ ၁၀-ယောက်စီ။ ။အကနိဋ္ဌ ဘုံ၌ကား ဥဒ္ဓံသောတ မရှိသောကြောင့် ပုဂ္ဂိုလ် ၈-ယောက်သာ ရ၏။ ရဟန္တာ ၁-ပါးကို ဝိမောက္ခ ၃-ပါးနှင့်မြှောက် ၃-ယောက်ရ၏။ ။၎င်း ၃-ယောက်ကို ပဋိပဒါ ၄-ပါးနှင့်မြှောက် ၁၂-ယောက်ဖြစ်၏။အားလုံး ပေါင်းလိုက်သည်ရှိသော် အရိယာပုဂ္ဂိုလ် ၉၆-ယောက်ဖြစ်သတည်း။

---

## ရဟန္တာ ပုဂ္ဂိုလ်အပြား

၁-သုက္ခဝိပဿက ရဟန္တာ၊ ၂-ဆဋ္ဌာဘိည ရဟန္တာ၊

**တနည်း**။ ။၁-ဈာနိက ရဟန္တာ၊ ၂-အဈာနိက ရဟန္တာ။

**တနည်း**။ ။၁-သမထယာနိက ရဟန္တာ၊ ၂-ဝိပဿနာ ယာနိက ရဟန္တာ၊

**တနည်း**။ ။၁-သမထဓုရ ရဟန္တာ၊ ဝိပဿနာဓုရ ရဟန္တာ၊

**တနည်း**။ ။၁-သဒ္ဓါဓုရရဟန္တာ၊ ပညာဓုရ ရဟန္တာ၊

**တနည်း**။ ။၁-သာဝက ပါရမီပတ္တ ရဟန္တာ၊ ၂-သာဝက ပါရမီ အပတ္တ ရဟန္တာ၊

ဤကား ရဟန္တာ ပုဂ္ဂိုလ်တို့၏ အပြားတည်း။

(မဂ်လေးပါးတို့၏ ပယ်စဉ်ကား ကမ္မဋ္ဌာန်းပိုင်း၌ ထင်ရှားလတ္တံ့)။

---

## မဂ် အဓိပ္ပါယ်

နိဗ္ဗာနတ္ထိကေဟိ မဂ္ဂိယတိ၊နိဗ္ဗာနံ ဝါ မဂ္ဂတိ၊
ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။

ဝိဘင်း အဋ္ဌကထာ။

နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်ကို အလိုရှိသော သူတို့သည်။ မဂ္ဂိယတိ၊ ရှာမှီး အပ်၏။ ဣတိတသ္မာ၊ ထိုသို့ ရှာမှီးအပ်သော သတ္တိကြောင့်။ မဂ္ဂေါ၊မဂ် မည်၏။ ။ဝါ၊တနည်းကား။နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ မဂ္ဂတိ၊ ရှာမှီးတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ရှာမှီးတတ်သောသတ္တိကြောင့်။မဂ္ဂေါ။မဂ် မည်၏။

ဝါ၊တနည်းကား။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ သတ်လျက်။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မည်၏။

ဝိဂြိုဟ် အရ····သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ရှစ်ပါးသည် နိဗ္ဗာန်ကို အလိုရှိသောသူ မှန်သမျှ တို့သည် ရှာမှီးအပ်, ညာဏ်၌ ပေါ်လွင် ထင်ရှားအောင် ပွါးများအပ်သောကြောင့် မဂ် မည်၏။ ။**တနည်း**။ ။နိဗ္ဗာန်ကို အာရုံပြုတတ်, ရှာမှီးတတ်သောကြောင့်လည်း မဂ်မည်၏။ ။**တနည်း**။ ။ကိလေသာ တို့ကို သတ်၍ နိဗ္ဗာန်သို့ သွားတတ် သောကြောင့်လည်း မဂ် မည်၏။ ။ဤသို့။ ။(မဂ်အဓိပ္ပါယ်ကို အီးခြား၍ ထင်ရှားစွာ သိရှိရန် ဖော်ပြလိုက်ပါသည်)။

## မဂ်သည် ကိလေသာတို့ကို ပယ်ပုံ အစီအရင်

တစုံတယောက်သော ယောက်ျားသည် မိမိ ယာခင်းတွင် ပေါက်နေသော ဘူးခါးပင်ကိုတွေ့၍ ဘူးခါးပင်မှန်း သိသဖြင့် အဖျားမှစ၍ အမြစ်ကိုရှာတွေ့လျက် အမြစ်ကို ဖြတ်တောက်ပစ်ရာ ဘူးခါး ပင်သည် အစဉ်အားဖြင့် ညှိုးနွမ်း ခြောက်ကပ် ပျက်စီးသွားလေ၏။ ထိုအခါမှ စ၍ ထိုယာခင်း၌ ဘူးခါးမျိုးပြတ်၍ ကင်းရှင်းခြင်းသို့ရောက်၏။ ထိုအတူ ယာခင်း၌ ပေါက်သော ဘူးခါးပင်မျိုးကဲ့သို့ စက္ခုစသော ပသာဒ၌ဖြစ်ပေါ်လာသော တဏှာကို မဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ အမြစ်ပါ ပယ်ခုတ် ဖျက်ဆီးလိုက်ရာ အကြွင်းမဲ့ ကုန်ခန်း၍ သွားလေ၏။ ။ထိုသို့ မဂ်ဖြင့် ပယ်ပြီးသည်မှ စ၍ ဘူးခါး မျိုးပြတ်၍ ကင်းရှင်းသွားသည်ပမာ၊ တဏှာ မျိုးပြတ်၍ စင်ကြယ်ခြင်းသို့ ရောက်လေသတည်း။ ။ဤသို့လျှင် မဂ်သည် ကိလေသာတို့ကို ပယ်၏-ဟု မှတ်လေ။

၃၁-၅။ ။ခေတ္တေ တိဏ္ဏအလာဗု ဝိယ စက္ခာဒိသု တဏှာ၊သာ
အရိယမဂ္ဂေန မူလစ္ဆိန္နာ နိဗ္ဗာနံ အာဂမ္မ အပဝတ္တိံ
ဂစ္ဆေယျ။ ဧဝံ ဂတာ ပန တေသု ဝတ္ထူသု ခေတ္တေ
တိဏ္ဏအလာဗု ဝိယ န ပညာယတိ။

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ။

---

## မဂ်စိတ် သေးငယ်သော ကိလေသာတို့ကို ပယ်ပုံ အစီအရင်

အထက် ပြဆိုခဲ့ပြီးသော ဘူးခါးပင် ဥပမာအရ ၎င်း ဘူးခါးပင်ကို ယာရှင် ယောက်ျားသည် အမြစ်ပါ မကျန် ခုတ်ဖြတ် ဖျက်ဆီးသကဲ့သို့ အရိယာမဂ်ဖြင့် စက္ခုပသာဒ စသည်၌ တဖွါးဖွါး ဖြစ်ပေါ်နေသော တဏှာကို

---

၃၁-၅။ ။ခေတ္တေ၊ ယာခင်း၌။ တိဏ္ဏအလာဗုဝိယ၊ ဘူးခါးကဲ့သို့။ စက္ခာဒိသု၊ စက္ခုပသာဒစသည်တို့၌။ တဏှာ၊ တဏှာသည်။ ဒဋ္ဌဗ္ဗာ၊ မြင်အပ်၏။ သာ၊ ထိုတဏှာကို။ အရိယမဂ္ဂေန၊ အရိယာမဂ်ဖြင့်။ နိဗ္ဗာနံ၊ ကို။ အာဂမ္မ၊ အာရုံပြု၍။ မူလစ္ဆိန္နာ၊ အမြစ်ရင်းကို ဖြတ်အပ်သည် ဖြစ်၍။ ပါ။ သေသာ။ သာ၊ ထိုတဏှာသည်။ အပဝတ္တိံ၊ တဖန်မဖြစ်ခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ ပန၊ ဆက်ဦးအံ့။ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသော အခါအနိုင်း။ ဂတာ၊ ဖြစ်ပါမူကား။ တေသု၊ ထိုထို စက္ခုပသာဒ စသည် တို့၌။ ခေတ္တေ အလာဗုဝိယ၊ ကဲ့သို့။ န ပညာယတိ၊ မထင်ရှား။ ပါ၊ မဖြစ်ပေါ်လေတော့။

ပယ်၏ ဆိုရာ၊ ဥပမာ ပယ်ပုံကား ပေါ်လွင် ထင်ရှားပါ၏၊ ဥပမေယျ ဖြစ်သောမဂ်ဖြင့် ပယ်ပုံကား အဘယ်သို့ပယ်ပါသနည်း ဟူငြားအံ့။ ။မဂ်တို့တွင် အောက်မဂ် ၃-ပါးတို့သည် လျှပ်စစ်ရောင်ကဲ့သို့ ကိလေသာတည်းဟူသော အမိုက်မှောင် တို့ကို ပယ်တတ်သည် ဖြစ်၍ ဝိဇ္ဇူပမာ တရားတို့ မည်ကုန်၏။ ။အရဟတ္တမဂ်သည်ကား သိကြားမင်း လက်နက် ဝဇီရ စိန်စက်ကဲ့သို့ အကြွင်းမရှိသော ကိလေသာအမိုက်မှောင်တို့ကို ပယ်ရကား ဝဇီရူပမာ တရား မည်၏။ ထိုစကား မှန်၏။ သိကြား လက်နက် မိုးကြိုးစက်သည် မိမိကျသော နေရာ၌ တစုံတခုသော ဝတ္ထုဒြပ်သည် မကျွမ်းမပျက်မူ၍ တည်တန့်နိုင်သည်မရှိ၊ ကွဲအက်ပျက်စီးပြီး၍ တဖန်ပေါ်ပေါက်ကြီးပွါးခြင်းငှါ မဖြစ်နိုင်သကဲ့သို့ ထိုအတူ အရဟတ္တမဂ် တည်းဟူသော ပညာဉာဏ်ဖြင့် ပယ်ဖျက်အပ်ပြီးသော ကိလေသာတို့သည် တဖန်ပြန်၍ မဖြစ်နိုင်၊ မပေါ်နိုင်ကုန်။

ဥပမာအားဖြင့် ဆိုသော်····တယောက်သောသူ၏ လေးလုံးကုန်သော ရတနာထည့်သော ပခြုပ်တို့ကို မြတ်သော ဥစ္စာထားရာ ဘဏ္ဍာတိုက်ခန်း၌ ထားအပ်ကုန်၏။ ထိုဥစ္စာရှင်သည် ညည့်အခါ၌ ရတနာ ပခြုပ်တို့၌ တစုံတခုသော ကိစ္စရှိ၍ တိုက်ခန်း တံခါးကိုဖွင့်၍ ဆီမီးကို ညှိထွန်းလျက် ၎င်းဆီမီးရောင်ဖြင့် ပခြုပ်တို့သည် ထင်ရှားစွာ ဖြစ်ကုန် မြင်ရကုန်လတ်သော် ထိုပခြုပ်တို့၌ မိမိ ပြုဘွယ်ကိစ္စတို့ကို ပြု၍ တံခါးကို ပိတ်၍ သွားရာ ရတနာတိုက်ခန်းသည် ရှေးကကဲ့သို့ မှောင်အတိပင် ဖြစ်လေ၏။ ထိုအတူ နှစ်ကြိမ်၌၎င်း, သုံးကြိမ်၌၎င်း, ဆီမီးကို ညှိထွန်း၍ ၎င်းဆီမီးရောင်ဖြင့် ပခြုပ်တို့သည် ထင်ရှားစွာ ဖြစ်ကုန်, မြင်ရကုန်လတ်သော် ထိုပခြုပ်တို့၌ ပြုဘွယ်ကိစ္စကိုပြု၍ တံခါးကို ပိတ်ထားရာ ရှေးအတူပင် ရတနာ တိုက်ခန်းသည် မှောင်အတိပင် ဖြစ်လေ၏။

လေးကြိမ်မြောက်၌ ရတနာ တိုက်ခန်းကို ဖွင့်အပ်သည် ရှိသော် အမိုက်တိုက် ဖြစ်ရကား ရတနာ ပခြုပ်တို့ကို မမြင်ရ မတွေ့ရချေပါတကား-ဟု စုံစမ်းစဉ်ပင်လျှင် နေထွက်လာလေ၏။ ထိုနေမင်း၏ အရောင်အသင်းဖြင့် တခဲနက်သော အမိုက်မှောင်သည် ကင်းပျောက်လေသော် ပခြုပ်တို့၌ မိမိအလိုရှိသော ကိစ္စကို ပြု၍သွားလေ၏။

ဤဥပမာစကား၌ ရတနာ ပခြုပ်လေးလုံးတို့နှင့် သစ္စာလေးပါးတို့သည် တူကုန်၏။ ထိုပခြုပ် လေးလုံးတို့၌ ကိစ္စရှိ၍ တိုက်ခန်းတံခါးကို ဖွင့်သည်နှင့် သောတာပတ္တိ မဂ် အကျိုးငှါ ဝိပဿနာ အားထုတ်မှု တူ၏။ အမိုက်မှောင်နှင့် သစ္စာလေးပါးတို့ကို ဖုံးလွှမ်းသော မောဟ တူ၏။ ဆီမီးရောင်နှင့် ဝိပဿနာ အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော သောတာပတ္တိ မဂ်ဉာဏ် တူ၏။ အမိုက်မှောင် ပျောက်သဖြင့် ထိုယောကျ်ားသည် ပခြုပ်တို့ကို တွေ့မြင်ရသည်နှင့် ယောဂီပုဂ္ဂိုလ်သည် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို တွေ့မြင်ရမှု တူ၏။ ။ပခြုပ်တို့၌ ပြုဘွယ်ကိစ္စတို့ကို ပြု၍သွားသည်နှင့် သောတာပတ္တိမဂ်သည် ပယ်အပ်ပြီးသော ကိလေသာတို့ကို ပယ်၍ ချုပ်သွားမှု တူ၏။ တဖန် တိုက်ခန်း၌ အမိုက်မှောင် ကျသည်နှင့် အထက် မဂ်သည် သတ်အပ်သော သစ္စာကို ဖုံးလွှမ်းသော မောဟ တူ၏။ထိုအတူ ဒုတိယ အကြိမ် ဆီမီးရောင် ညှိထွန်းသည်နှင့် သကဒါဂါမိမဂ်ဉာဏ် ဖြစ်မှုတူ၏။ပ။ တတိယ အကြိမ်ဆီမီး ညှိထွန်းသည်နှင့် အနာဂါမိမဂ်ဉာဏ် ဖြစ်မှု တူ၏။ ။ ပခြုပ်တို့၌ ပြုဘွယ်ကိစ္စ ပြု၍ သွားသည်နှင့် အနာဂါမိ မဂ်ဖြင့် ကိလေသာ တို့ကို ပယ်၍ချုပ်ဆုံးမှု တူ၏။ တဖန် အမိုက်တိုက် ဖြစ်သည်နှင့် အထက် မဂ်သည် ပယ်အပ်သော သစ္စာလေးပါးကို ဖုံးလွှမ်းထတ်သော မောဟ တူ၏။

လေးကြိမ် မြောက်၌ တံခါးကို ဖွင့်သော ကာလနှင့် အရဟတ္တမဂ် ဖြစ်ပေါ်ရန် ဝိပဿနာတရား အားထုတ်မှု တူ၏။ နေထွက်လာသည်နှင့် အရဟတ္တမဂ် ဖြစ်ပေါ်လာသည် တူ၏။ တခဲနက်သော အမိုက်မှောင်ကို ပယ်ဖျက်သည်နှင့် သစ္စာလေးပါးကို ဖုံးလွှမ်းသော မောဟကို ပယ်ဖျက်မှု တူ၏။ အမိုက်မှောင် ကင်းပျောက်သည်ရှိသော် ယောကျ်ားအား ပခြုပ်တို့သည် အမြဲမပြတ် ထင်ရှားကုန်သည်နှင့် အရဟတ္တမဂ်ဉာဏ်အား သစ္စာလေးပါးတို့၏ ထင်ရှားမှု တူ၏။ ပခြုပ်တို့၌ ပြုဘွယ် ကိစ္စကို ပြု၍သွားသည်နှင့် အရဟတ္တမဂ်၏ ကိလေသာတို့ကို ပယ်၍ ချုပ်သွားမှု တူ၏။ နေထွက်သည်မှစ၍ အမြဲမပြတ် အလင်းခတ် ဖြစ်ပေါ်နေသည်နှင့် အရဟတ္တမဂ် ဖြစ်သည်မှစ၍ သစ္စာလေးပါးကို အမြဲမပြတ် ဖုံးလွှမ်း၍ နေသော မောဟ၏မရှိခြင်း တူ၏။ ဝါ၊ အရဟတ္တမဂ်ကို ရသော ရဟန္တာပုဂ္ဂိုလ်အား

သစ္စာလေးပါး အမြဲထင်ရှားစွာ ဖြစ်ပေါ်နေမှုတူ၏။ ဤသို့ သစ္စာလေးပါး ထင်ရှားမှု,ဖြစ်ပေါ်မှုစသည်ပင် ကိလေသာကို ပယ်သည်မည်၏-ဟုမှတ်။

ကေဿ ကိရ စတ္တာရော ရတနပေဠာ သာရဂန္ဓေ ဌပိတာ၊
သော ရတ္တိဘာဂေ။ပ။အရဟတ္တမဂ္ဂဿ ဥပ္ပန္နကာလတော
ပဋ္ဌာယ ပုန သစ္စဋ္ဌာဒကတမာဘာဝေါ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဤကား ဥပမာ ဥပမေယျ နှီးနှော ဘော်ပြချက်တည်း။ ။ထိုသစ္စာလေးပါး ဖြစ်ပေါ်ရန် အားထုတ်နည်းကိုကား ကျမ်းလေးအုံစိုး၍ ဥပေက္ခာပြုလိုက်ရပါသတည်း။ ထိုထိုသော ဝိပဿနာ ကျမ်းတို့ကို ကြည့်ရှု၍ သိလင့်ကုန်။

---

## **မဂ်ကိစ္စ ၁၆-ချက် အဓိပ္ပါယ်**

သောတာပတ္တိမဂ်ကို ရသည်နှင့်တပြိုင်နက် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွါးများခြင်း-ဟု ဆိုအပ်သော သစ္စာလေးပါး တရားတို့ကို တပြိုင်နက်သိ၏၊ ထိုအတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, ခဏတို့၌သည်း ၎င်းဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါးတို့ကို တချက်တည်း မြင်ကြကုန်၏။ အရဟတ္တမဂ်သို့ ကျမှသာလျှင် ၎င်းသစ္စာလေးပါး အမြင်တို့သည် မကွယ်မပျောက် နိစ္စဘန် ရောက်အောင် မြင်တော်မူကြကုန်၏။ ဤသို့လျှင် မဂ်တပါး၌ သစ္စာအမြင် ၄-ပါး ဖြစ်၍ မဂ် ၄-ပါး၌မူ ၁၆-ပါး ဖြစ်သတည်း။ ဤကား မဂ်ကိစ္စ ၁၆-ချက်တည်း။

ထိုမြင်မှုသည်လည်း သောတာပတ္တိမဂ်သည် ရှေးဘဝက မမြင်ခဲ့ဘူးသော သစ္စာလေးပါးကို သိမြင်၏။ ကြွင်းသော နောက်မဂ် ၃-ပါးတို့သည်ကား သောတာပတ္တိမဂ်၏ တွေ့မြင်အပ်ပြီးသည့်ကိုသာလျှင် တင်သည့်ထက် ထင်စွာ တွေ့မြင်ကြကုန်၏-ဟုသိ။ ။ထိုကြောင့် အဋ္ဌကထာ၌ ပဌမ ဥပမာ, ပုဆိုးဥပမာတို့ကို ထုတ်ဆောင် ပြသတော်မူ၏။ အကျယ်ကို သူလိုမူ ၎င်း၌ရှုလေ။ ။ဂန္ဓဂရုဘာဝေန ဥပေက္ခတော-ဟူလို။

၃၁-၃။ ။တံသမင်္ဂီ ဟိ ပုဂ္ဂလော ဒုက္ခံ ပရိဇာနန္တော နိယျာတိ၊ သမုဒယံ ပဇဟန္တော နိယျာတိ၊ နိရောဓံ သစ္ဆိက ရောန္တော နိယျာတိ၊ မဂ္ဂံ ဘာဝေန္တော နိယျာတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဝိသဒ္ဒါဖြင့် ပေါင်းသော နည်းပေါင်း တထောင် အစိပ္ပါယ်

ဣမာနိ စတ္တာရိပိ လောကုတ္တရ ကုသလစိတ္တာနိ နာမ။ ။ဟူသော သင်္ဂြိုဟ်ပါဠိ၌ ဝိ-သဒ္ဒါဖြင့် သောတာပတ္တိမဂ်ကို သုညတ, အပ္ပဏိဟိတ, ၂-ပါးအားဖြင့် ဟောတော်မူအပ်သဖြင့် ၎င်း ၂-ပါးဖြင့် မြှောက် ၂-ပါး ဖြစ်၏။ ၎င်း ၂-ပါးကို ဒုက္ခပဋိပဒါ-စသော ပဋိပဒါ ၄-ပါးနှင့် ယှဉ်၍ ဟောတော်မူပြန်သောကြောင့် ၎င်း ၄-ပါးဖြင့် မြှောက် ၈-ပါးဖြစ်၏၊ ရှေး ၂-ပါးနှင့် ပေါင်း ၁၀-ပါး ဖြစ်၏။ ဤသို့ ဈာန်အမည်အားဖြင့် ၁၀-ပါး၊ ဤနည်းတူ မဂ်,သတိပဋ္ဌာန်,သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,သစ္စာ, သမထ,ဝိပဿနာ,ဓမ္မာနန္ဒာ,အာယတန,ဓာတ်, အာဟာရ, ဖဿ,ဝေဒနာ, သညာ,စေတနာ,စိတ်-ဤ ၁၉-ပါးသော အမည်တို့၌လည်း ၁၀-ပါး ဖြစ်၏။ ဤသို့ ပေါင်းသော် နှစ်ရာဖြစ်၏။ ၎င်းနှစ်ရာကို အဓိပတိလေးပါးနှင့်မြှောက် သော် ရှစ်ရာ ဖြစ်၏။ ၎င်းအဓိပတိ ရောနှော မြှောက်ပွါးသော ရှစ်ရာနှင့် အဓိပတိ မရောနှောသော နှစ်ရာကို ပေါင်းသော် သောတာပတ္တိမဂ်၌ နည်းပေါင်း တထောင် ဖြစ်၏။ ထိုအတူ သကဒါဂါမိမဂ် စသည်တို့၌လည်း တထောင်စီပင် ဖြစ်၏-ဟုမှတ်။

ဣတိ ဝိသတိယာ ဌာနေသု ဒသဒသ ကတ္ဝာ ဒွေ နယ သတာနိ ဝိဘတ္တာနိ ဟောန္တိ။ပ။ ဣတိ ပုရိမသ္မိံ သုဒ္ဓိကေ ဒွေ နယသတာနိ၊ ဆန္ဒာဓိပတေယျာဒိသုပိ ဒွေ ဒွေတိ နယသဟဿေန ယောဇေတွာ ဂဠ္ဌမဂ္ဂံ ဒဿေတိ ဓမ္မရာဇာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၃၁-၃။ ။တံ၊ ထို။ တံသမင်္ဂီ၊ ထိုသောတာပတ္တိမဂ်ဇောနှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနန္တော၊ ပိုင်းခြား၍သိလျက်။ နိယျာတိ၊ ထွက်မြောက်တော်မူ၏။ သမုဒယံ၊

## ဖိုလ်စိတ် အဘွင့်

၄၂။ ။သောတာပတ္တိ ဖလစိတ္တံ သကဒါဂါမိ ဖလစိတ္တံ
အနာဂါမိ ဖလစိတ္တံ အရဟတ္တ ဖလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရ ဝိပါက စိတ္တာနိ နာမ။
သင်္ဂြိုဟ်ပါဌ်။

---

၁။ ။သောတာပတ္တိဖိုလ်နှင့် ယှဉ်သော စိတ်တခု၊
၂။ ။သကဒါဂါမိဖိုလ်နှင့် ယှဉ်သော စိတ်တခု၊
၃။ ၊အနာဂါမိဖိုလ်နှင့် ယှဉ်သော စိတ်တခု၊
၄။ ။အရဟတ္တဖိုလ်နှင့် ယှဉ်သော စိတ်ကခု၊
ဤလေးပါးသော စိတ်တို့သည် လောကုတ္တရာဝိပါက်စိတ် မည်ကုန်၏-ဟူလို။
ဤကား ပိဏ္ဍတ္ထ။

---

## ဖိုလ် အဓိပ္ပါယ်

ဟေတုဓော ဖလတိ နိပ္ဖဇ္ဇတိ ပဝတ္တတီတိ ဝါ ဖလံ။

ဟေတုတော အကြောင်းတရားဖြစ်သော မဂ်ကြောင့်။ ဖလတိ-နိပ္ဖဇ္ဇတိ၊ ပြီးတတ်၏။ဝါ၊တနည်းကား။ဖလတိ-ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ကြောင့်။ ဖလံ၊ဖိုလ်မည်၏။ ။ဖိုလ်စိတ်၌ ယှဉ်သော မဂ္ဂင်ရှစ်ပါးသည်-ဖိုလ်-မည်၏။

**တနည်း**။ ။မဂ်၏အကျိုးဖြစ်သော စိတ် စေတသိက် အပေါင်းသည် ဖိုလ်မည်၏။ ။ဟူလို။

(သောတာပတ္တိ ဖလစိတ္တံ-၌ သောတာပတ္တိပုဒ်ကို ရှေး၌ဆိုအပ်ခဲ့ပြီးသော အတိုင်း ငြိုဟ်ပြု)။

သောတာပတ္တိယာ အဓိဂတံ ဖလန္တိ သောတာပတ္တိဖလံ။

သောတာပတ္တိယာ၊သောတမည်သော အရိယာမဂ်သို့ရှေးဦးစွာ ရောက်ခြင်း ဖြင့်။ အဓိဂတံ၊ရအပ်သော။ ဖလံ၊ဖိုလ်တည်း။ဣတိ၊ကြောင့်။ သောတာပတ္တိ ဖလံ၊သောတာပတ္တိဖိုလ်မည်၏။ ။ဖိုလ်၏အရ မဂ္ဂင်ရှစ်ပါးကို ကောက်ပါမူ-

---

သမ္ဗန္ဓသည်သမ္ဗန္ဓာနက္ခ။ ပဇဟာန္တွေ၊ ပယ်စွန့်လျက်။ နိယျာတိ၊ ၏။ နိဗ္ဗာန်၊ နိဗ္ဗာနသမ္ဗန္ဓာနက္ခ။ သန္တိ ကဓောန္တွေ၊ ချုပ်ငြိမ်းမှုလျက်။ နိယျာတိ၊ ၏။ မဂ္ဂံ၊ မဂ္ဂသမ္ဗန္ဓာနက္ခ။ ဘာဝေန္တွေ၊ ပွါးစေလျက်။ နိယျာတိ၊ ၏။

သောတာပတ္တိဖလေန သမ္ပယုတ္တံ စိတ္တန္တိ သောတာပတ္တိဖလစိတ္တံ။

ဟုပြု။ ။စိတ်, စေတသိက်အပေါင်းကို ဖိုလ်ဟု ကောက်ပါမူ—

သောတာပတ္တိဖလေ ပရိယာပန္နံ စိတ္တန္တိ သောတာပတ္တိ ဖလစိတ္တံ။

ဟုပြု။ ။သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်၌။ပရိယာပန္နံ၊အကျုံးဝင်သော။စိတ္တံ၊စိတ်တည်း။ဣတိ၊ကြောင့်။သောတာပတ္တိဖလစိတ္တံ၊မည်၏။

သကဒါဂါမိနော ဖလန္တိ သကဒါဂါမိဖလံ။

သကဒါဂါမိနော၊သကဒါဂါမိပုဂ္ဂိုလ်၏။ဖလံ၊ဖိုလ်တည်း။ဣတိ၊ကြောင့်။သကဒါဂါမိဖလံ၊သကဒါဂါမိဖိုလ်မည်၏။

သကဒါဂါမိဖလေန သမ္ပယုတ္တံ စိတ္တန္တိ သကဒါဂါမိဖလစိတ္တံ။
သကဒါဂါမိဖလေ ဝါ ပရိယာပန္နံ စိတ္တန္တိ သကဒါဂါမိဖလစိတ္တံ။

ဟုပြု။ ။အနက်အဓိပ္ပါယ် ပေါ်ပြီ၊ အနာဂါမိဖလစိတ္တံ-၌လည်း ဤအတိုင်းပင် ပြု။

အရဟတ္တဿ တံ ဖလဉ္စာတိ အရဟတ္တဖလံ။

အရဟတ္တဿ၊ပုဗ္ဗောဲထိုက်ကြောင်းလည်း။ ဟောတိ၊၏။ တံ၊ ထိုပုဗ္ဗောဲထိုက်ကြောင်း ဟူသည်။ ဖလဉ္စ၊ဖိုလ်လည်း။ ဟောတိ၊ဖြစ်၏။ ဣတိ၊ကြောင့်။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်မည်၏။

အရဟတ္တဖလေန သမ္ပယုတ္တံ စိတ္တန္တိ အရဟတ္တဖလစိတ္တံ။
အရဟတ္တဖလေ ဝါ ပရိယာပန္နံ စိတ္တန္တိ အရဟတ္တဖလစိတ္တံ။

ဟုပြု။ ။(အနက် အဓိပ္ပါယ် လွယ်ပြီ)။

---

## သောကုတ္တရာစိတ်၌ ကြိယာ မရှိခြင်းအကြောင်း

အခြားသောစိတ်တို့၌ ကုသိုလ်, ဝိပါက်, ကြိယာ-ဟု အစုံပါရှိလျက် ဤလောကုတ္တရာ စိတ်၌ ကုသိုလ်နှင့် ဝိပါက်သာ ရှိ၍ အဘယ့်ကြောင့် ကြိယာစိတ် မရှိပါသနည်းဟူမူ။ ။ကုသိုလ်ဟုခေါ်ရသော မဂ်စိတ်သည် အရိယာ ပုဂ္ဂိုလ်တို့အား တကြိမ်တည်းသာလျှင် ဖြစ်သောကြောင့် ကြိယာ မရှိ။ ။ဟူလို။

အကယ်၍ မဂ်စိတ်သည် လောကီ ကုသိုလ်များ ကဲ့သို့ အထူးထူး သော ခဏတို့၌ အကြိမ်များစွာ ဖြစ်ခဲ့ပါမူ၊ အနုသယ ကင်းစင် ဘုရား ရဟန္တာတို့၏သန္တာန်၌ပင် ဖြစ်လင့်ကစား ကြိယာ ဖြစ်ရလိမ့်မည် ဖြစ်၏။ ထိုသို့ကား ကြိမ်ဖန်များစွာ ဖြစ်ရိုး မရှိချေ။ ထိုကြောင့် ကြိယာစိတ် မရှိဟု မှတ်။

အဘယ့်ကြောင့် မဂ်စိတ်သည် တကြိမ်တည်းသာ ဖြစ်ရပါသနည်းဟူမူ။ မဂ်စိတ်သည် လောကီကုသိုလ်တို့နှင့်မတူ သိကြား နတ်မင်း၏ ဝရဇိန်ပမာ အရှိန်အားလွန်စွာကြီးမားသည်ဖြစ်၍ မိမိ၏ကိလေသာတို့ကို ပယ်ဖျက်သော ကိစ္စ၌ တကြိမ် တခါတည်းဖြင့်ပင် ရှင်းလင်း သုတ်သင်နိုင်သောကြောင့် တကြိမ်တည်းသာ မဂ်စိတ်ဖြစ်လေသတည်း။

၃၂-က။ လောကုတ္တရကြိယစိတ္တံ၊ပန ကသ္မာ န ဝိဇ္ဇတိ။
ကေစိတ္တက္ခဏတ္တာ ဟိ၊မဂ္ဂဿာတိ န ဝိဇ္ဇတိ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။

---

**ဆောင်ပုဒ်**

က။ ။မဂ်စိတ် ဖြစ်ဟုတ်၊ တကြိမ်လျှင်၊ လောကုတ်ကြိ မရှိတည်း။

ခ။ ။တကြိမ်ပစ်ရာ၊ ကိလေသာမြိုင်၊ ပယ်ဖျက်နိုင်၊ ဖြစ်နိုင် မဂ်စိတ် တခါတည်း။

---

၃၃။ ။စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာနုတ္တရံ မတံ။

သင်္ဂြိုဟ်ပါဠိ။

---

မဂ်စိတ်ဟိုသည် လေးကြိမ်လေးခါ ဖြစ်မှသာလျှင် ကိလေသာ အာသဝေါ ဆေးကြော သုတ်သင် ပယ်ဖျက်မှုကိစ္စ ပြီးစီးနိုင်သောကြောင့် လေးပါး

၃၂-က။ ။ပန၊ [illegible]

အပြားရှိကုန်၏။ ။ဤသို့ မဂ်စိတ်တို့၏ လေးပါး အပြားရှိသောကြောင့် လောကုတ္တရာ ကုသိုလ် စိတ်သည်လည်း လေးပါးပင် ပြားရလေ၏။ ။ ဖိုလ်စိတ်သည်ကား ကုသိုလ်၏ အကျိုးတရား ဖြစ်သောကြောင့် အကြောင်း တရားအားလျော်စွာ လေးပါးပင် အပြားရှိ၏။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

၃၄။ ။ဒွါဒသာကုသလာနေဝံ၊ ကုသလာနေကဝီသတိ။
ဆတ္တိံသေဝ ဝိပါကာနိ၊ ကြိယစိတ္တာနိ ဝီသတိ။ ။
သင်္ဂြိုဟ်ပါဠ်။

---

ဤသို့လျှင် အောက်၌ ပြဆိုအပ်ပြီးသော စိတ်တို့သည် များသော အပြားပင် ရှိလင့်ကစား ဇာတ်တူရာကို ပေါင်းရုံး ရေတွက် ပြဆိုသည် ရှိသော် အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁ပါး။ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀-အားဖြင့် တခုယုတ်ကိုးဆယ်၊ ဝါ၊ ၈၉-ပါး ဖြစ်သကည်း။

ဤကား ပိဏ္ဍတ္ထ။

---

၃၅။ ။စတုပညာသဓာ ကာမေ၊ ရူပေ ပန္နရသီရယေ၊
စိတ္တာနိ ဒွါဒသာ ရူပေ၊ အဋ္ဌဓာ နုတ္တရေ တထာ။
သင်္ဂြိုဟ်ပါဠ်။

---

ဤသို့လျှင် အောက်၌ ပြဆိုအပ်ခဲ့ပြီးသော စိတ်တို့သည် စိတ်တို့၏ ဖြစ်ရာ ဘုံအပြားအားဖြင့် ပေါင်းရုံး ရေတွက်ပြသည် ရှိသော် ကာမစိတ် ၅၄-ပါး၊ ရူပစိတ် ၁၅-ပါး၊ အရူပစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ် ၈-ပါးအားဖြင့် တခုယုတ် ကိုးဆယ် အပြားရှိ၏။ ဝါ၊ ၈၉-ပါး အပြား ရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

## ဇာတ်တူ, ဘုံတူ, ပေါင်း၍ သနှင်ခွဲပုံ

မောဟမူဒွေး အဟိတ် စိတ်တို့ကို အသင်္ခါရိက၊ အဟိတ်ကို ဝိပ္ပယုတ်၊ ရူပ, အရူပစိတ်တို့ကို သသင်္ခါရိက၊ လောကုတ္တရာစိတ် ၈-ခုတို့ကို သုခေါ ပေက္ခာ-ဟု မှတ်ယူလေ။

| | | | |
|---|---|---|---|
| အသောဘဏစိတ် | ၃၀၊ | သောမနဿစိတ် | ၃၉၊ |
| သောဘဏစိတ် | ၅၉၊ | ဒေါမနဿစိတ် | ၃၊ |
| ပေါင်းစိတ် | ၈၉-ပါး။ | ဥပေက္ခာစိတ် | ၅၅၊ |
| | | ပေါင်းစိတ် | ၈၉-ပါး။ |

---

| | | | |
|---|---|---|---|
| သမ္ပယုတ်စိတ် | ၅၅၊ | အသင်္ခါရိကစိတ် | ၃၇၊ |
| ဝိပ္ပယုတ်စိတ် | ၃၄၊ | သသင်္ခါရိကစိတ် | ၅၂၊ |
| ပေါင်းစိတ် | ၈၉-ပါး။ | ပေါင်းစိတ် | ၈၉-ပါး။ |

---

| | | | |
|---|---|---|---|
| ကာမစိတ် | ၅၄၊ | အကုသိုလ် | ၁၂၊ |
| မဟဂ္ဂုတ်စိတ် | ၂၇၊ | လောကီကုသိုလ်စိတ် | ၁၇၊ |
| လောကုတ္တရာစိတ် | ၈၊ | လောကီဝိပါက်စိတ် | ၃၂၊ |
| ပေါင်းစိတ် | ၈၉-ပါး။ | ကြိယာစိတ် | ၂၀၊ |
| | | လောကုတ္တရာစိတ် | ၈၊ |
| | | ပေါင်းစိတ် | ၈၉-ပါး။ |

---

| | | | |
|---|---|---|---|
| အဟိတ်စိတ် | ၁၈၊ | သုခသောဖြစ်၍ သမ္ပယုတ်မဖြစ် | ၁၁၊ |
| ဧကဟိတ်စိတ် | ၂၊ | သမ္ပယုတ်သာဖြစ်၍သုခမဖြစ် | ၂၇၊ |
| ဒွိဟိတ်စိတ် | ၂၂၊ | သုခ-သမ္ပယုတ် ၂-ပါးစုံဖြစ် | ၂၀၊ |
| တိဟိတ်စိတ် | ၄၇၊ | သုခ-သမ္ပယုတ် ၂-ပါးစုံမဖြစ် | ၂၃၊ |
| ပေါင်းစိတ် | ၈၉-ပါး။ | ပေါင်းစိတ် | ၈၉-ပါး။ |

---

၂၇။ ။ဣတ္ထမေကူန နဝုတိပ္ပဘေဒံ ပန မာနသံ။
ဧကဝီသသတံ ဝါထ၊ ဝိဘဇန္တိ ဝိစက္ခဏာ။

သင်္ဂြိုဟ်ပါဠိ။

---

စိတ်တို့ကို ဆိုအပ်ခဲ့ပြီးသော တခုယုတ် ကိုးဆယ် အပြားအားဖြင့်သာ ဝေဘန်သည် မဟုတ်ပေ၊ တနည်းအားဖြင့် ၎င်းတခုယုတ် ကိုးဆယ်အပြား ရှိသော စိတ်ကို ၁၂၁-ပါး အပြားရှိသည်ကိုပြု၍ ပညာရှင် ပုဂ္ဂိုလ်တို့သည် ဝေဘန်တော်မူကြကုန်သေး၏။ ။ဟူလို။

---

၃၁-၄၀။ ။ကထမေကူနနဝုတိ၊ ဝိဓံ စိတ္တံ ဧကဝီသသတံ
ဟောတိ။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ
သဟိတံ ပဌမဇ္ဈာန သောတာပတ္တိမဂ္ဂစိတ္တံ၊ ပေ၊
သမစတ္တာလီသ လောကုတ္တရစိတ္တာနိ ဘဝန္တီတိ။

သင်္ဂြိုဟ်ပါဠိ။

---

ဤပါဠိဖြင့် ၁၂၁-ပါးသော စိတ်တို့၏ ပြားပုံ ပြားနည်းကို ဝိသေသ အားဖြင့် ပြတော်မူ၏။ ။ပြပုံကား····သောတာပတ္တိမဂ်စိတ်သည်—

၁။ ။ဝိတက်,ဝိစာရ,ပီတိ, သုခ, ဧကဂ္ဂတာ, တည်းဟူသော ဈာန် အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် တခု၊

၂။ ။ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွ ဖြစ်သော ဒုတိယ ဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် တခု၊

၃။ ။ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးနှင့် တကွ ဖြစ်သော တတိယ ဈာန်နှင့် ယှဉ်သော သောတာပတ္တိ မဂ်စိတ် တခု၊

၄။ ။သုခ,ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော သောတာပတ္တိ မဂ်စိတ် တခု၊

၅ ။ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသောဈာန်အင်္ဂါ ၂-ပါးနှင့် တကွ ဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် တခု၊

ဤသို့လျှင် သောတာပတ္တိ မဂ်စိတ်သည် တပါးတည်းပင် ဖြစ်သော်လည်း ယှဉ်တော် ယှဉ်ဘက်ဖြစ်သော ဈာန်အပြားအားလျော်စွာ ငါးပါးပြား၏။ ထိုအတူ သကဒါဂါမိ မဂ်စိတ်သည်လည်း ငါးပါး ပြား၏။ အနာဂါမိ မဂ်စိတ် သည်လည်း ငါးပါး ပြား၏။ အရဟတ္တ မဂ်စိတ် သည်လည်း ငါးပါးပြားလေ၏။ သို့ဖြစ်၍ မဂ်စိတ် ၂၀-ဖြစ်၏။

ဖိုလ်စိတ်သည်လည်း။ ။သောတာပတ္တိဖိုလ်စိတ် ၅-ပါး၊ သကဒါဂါမိ ဖိုလ်စိတ် ၅-ပါး၊ အနာဂါမိဖိုလ်စိတ် ၅-ပါး၊ အရဟတ္တ ဖိုလ်စိတ် ၅-ပါး အားဖြင့် ၂၀-ဖြစ်၏။ မဂ်စိတ် ၂၀-နှင့် ဖိုလ်စိတ် ၂၀-ကို ပေါင်းသော် လောကုတ္တရာစိတ် ၄၀- ဖြစ်သတည်း။

လောကီစိတ် ၈၁-ပါး၊ လောကုတ္တရာစိတ် ၄၀၊ရင်း ၂-ပါးကိုပေါင်း သော် ၁၂၁-ပါးသော စိတ်အကျယ် ဖြစ်၏။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အကျယ် ၁၂၁-ပါး သရုပ်ခွဲ

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | ၁၂၊ | ဒုက္ခသဟဂုတ်စိတ် | ၁၊ |
| ကုသိုလ်စိတ် | ၃၇၊ | သုခသဟဂုတ်စိတ် | ၆၃၊ |
| ဝိပါက်စိတ် | ၅၂၊ | ဥပေက္ခာသဟဂုတ်စိတ် | ၅၅၊ |
| ကြိယာစိတ် | ၂၀၊ | ပေါင်းစိတ် | ၁၂၁- ပါး။ |
| ပေါင်းစိတ် | ၁၂၁-ပါး။ | | |

---

| | | | |
|---|---|---|---|
| သုခသဟဂုတ်စိတ် | ၁၊ | အဟိတ်စိတ် | ၁၈၊ |
| ဒုက္ခသဟဂုတ်စိတ် | ၁၊ | ဧကဟိတ်စိတ် | ၂၊ |
| ဒေါမနဿသဟဂုတ်စိတ် | ၂၊ | ဒွိဟိတ်စိတ် | ၂၂၊ |
| သောမနဿသဟဂုတ်စိတ် | ၆၂၊ | တိဟိတ်စိတ် | ၇၉၊ |
| ဥပေက္ခာသဟဂုတ်စိတ် | ၅၅၊ | ပေါင်းစိတ် | ၁၂၁- ပါး။ |
| ပေါင်းစိတ် | ၁၂၁-ပါး။ | | |

| | | | |
|---|---|---|---|
| အသောဘဏစိတ် | ၃၀၊ | အဟိတ်စိတ် | ၁၀၊ |
| သောဘဏစိတ် | ၉၁၊ | သဟိတ်စိတ်စိတ် | ၁၀၃၊ |
| ပေါင်းစိတ် | ၁၂၁-ပါး။ | ပေါင်းစိတ် | ၁၂၁-ပါး။ |

---

| | | | |
|---|---|---|---|
| လောကီစိတ် | ၈၁၊ | ကာမစိတ် | ၅၄၊ |
| လောကုတ္တရာစိတ် | ၄၀၊ | မဟဂ္ဂုတ်စိတ် | ၂၇၊ |
| ပေါင်းစိတ် | ၁၂၁-ပါး။ | လောကုတ္တရာစိတ် | ၄၀၊ |
| | | ပေါင်းစိတ် | ၁၂၁-ပါး။ |

---

| | | | |
|---|---|---|---|
| ကာမာဝစရစိတ် | ၅၄၊ | ရူပါဝစရစိတ် | ၁၅၊ |
| အရူပါဝစရစိတ် | ၁၂၊ | လောကုတ္တရာစိတ် | ၄၀၊ |
| ပေါင်းစိတ် | ၁၂၁-ပါး။ | | |

---

## လောကုတ္တရာဈာန် ၄၀-ပြားပုံ အဓိပ္ပါယ်

ရူပါဝစရ ကုသိုလ်ဈာန် ၅-ပါး၊ အရူပါဝစရ ကုသိုလ်ဈာန် ၄-ပါး အားဖြင့် လောကီဈာန်ကိုးပါးကို အကုန် ရပြီးသော ဈာနလာဘီ ယောဂီပုဂ္ဂိုလ်သည် လောကုတ္တရာ အပ္ပနာဘုံသို့ ဆိုက်ရောက် ရရှိရန် ပဌမစသော ဈာန်တို့တွင် အကြင် အကြင် ဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထ၍ သင်္ခါရကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်အား ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဖြစ်၏။ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဝင်စားသော ဈာန်သည် **ပါဒကဈာန်**-မည်၏။

အကြင် အကြင် ဈာန်ကို သုံးသပ်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဖြစ်၏။ ထိုသုံးသပ်အပ်သော ဈာန်သည် **သမ္မသိတဈာန်**—မည်၏။

ငါအား ပဌမဈာန်နှင့် တူသော ပဉ္စင်္ဂိက မဂ် ဖြစ်ပေါ် ရရှိပါမူကား ကောင်းလေစွ ဟူ၍၎င်း၊ သို့မဟုတ် ဒုတိယဈာန်စသည်တို့တွင် တပါးပါးနှင့် တူသောဈာန် အင်္ဂါလေးပါး စသည်ရှိသောမဂ် ဖြစ်ပေါ်လာပါမူကား ကောင်းလေစွ ဟူ၍၎င်း၊ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော အလိုဆန္ဒသည် **ပုဂ္ဂလဇ္ဈာသယ** မည်၏။

ဤပါဒကစျာန်, သမ္မသိတစျာန်,ပုဂ္ဂလဇ္ဈာသယ သုံးပါးတို့တွင် ယောဂီပုဂ္ဂိုလ်သည် အကြင်စျာန်ကို ပါဒကပြု၍ ထိုစျာန်မှ ထလျက် သင်္ခါရဓမ္မကို သုံးသပ် ဆင်ခြင်မှုကြောင့် မဂ်ဖြစ်ပေါ်လာ၏။ ထိုမဂ်သည် ပါဒကစျာန်နှင့် တူရ၏။ ဝါ၊တူစွာဖြစ်ပေါ်လာ၏။

အကြင်အခါ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ ပါဒကစျာန် မရှိမူ၍ အကြင်စျာန်ကို သုံးသပ်၍ မဂ်ဖြစ်ပေါ်လာ၏။ ထိုမဂ်စိတ်သည် သုံးသပ်အပ်သော သမ္မသိတ စျာန်နှင့် တူစွာ ဖြစ်ပေါ်လာရလေ၏။

အကြင်အခါ အမှတ်မရှိ တပါးပါးသော စျာန်ကို ဝင်စား၍ ထိုစျာန်မှ ထလျက် ပါဒကစျာန်မှ တပါးသော စျာန်ကို သုံးသပ် သောကြောင့် မဂ် ဖြစ်ပေါ်လာ၏။ ထိုမဂ်သည် စီးဖြန်းပွါးများသော ယောဂီပုဂ္ဂိုလ်၏ အလိုဆန္ဒ ရှိအပ်သော စျာန်နှင့် တူစွာ ဖြစ်ပေါ်လာရ၏။ အကယ်တမူ ယောဂီပုဂ္ဂိုလ်၏ အလိုဆန္ဒလည်း မရှိခဲ့ပါလျှင် အောက်အောက်ဖြစ်သော စျာန်ကို ပါဒကပြု၍ အထက် ဖြစ်သော စျာန်ကို သမ္မသိတ ပြုအပ်ပါမူ အထက် အထက် ဖြစ်သော စျာန်နှင့်သာ တူစွာ ဖြစ်ပေါ်ရ၏-ဟု မှတ်။ ။ အထက်အထက် ဖြစ်သော စျာန်ကို ပါဒက ပြု၍ အောက်အောက်သော စျာန်ကို သမ္မသိတ ပြုအပ်ပါမူ၊ ပါဒက စျာန်နှင့် တူစွာ ဖြစ်ပေါ်ရ၏။ အကြောင်းသော်ကား အောက်အောက်သော စျာန်ထက် အထက်ဖြစ်သော စျာန်က အားကြီးသောကြောင့်တည်း။

ဤသို့လျှင် ပါဒကစျာန်,သမ္မသိတစျာန်, ပုဂ္ဂလဇ္ဈာသယ- သုံးပါးတို့တွင် တပါးပါး၏ အစွမ်းဖြင့် ထိုသိုစျာန်နှင့် တူစွာ မဂ်ဖြစ်ပေါ် လာရလေသောကြောင့် မဂ်စိတ်သည်လည်း ပဌမစျာန် မဂ်စိတ်, ဒုတိယစျာန် မဂ်စိတ်-စသော အားဖြင့် ပြားရလေသတည်း။ ။ဖိုလ်စိတ်သည်လည်း မဂ်စိတ် အားလျော်စွာ ပြားရသဖြင့် လောကုတ္တရာစိတ် ၄၀-ဖြစ်လေသတည်း။

ဤ၌ စျာန်ဝင်စားသည်မှစ၍ မဂ်၏ ရှေးဂေါတြဘူတိုင်အောင် ဖြစ်သော ဇောစိတ်အပေါင်းသည် ကာမဘုံမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်၏-ဟု မှတ်။

**မှတ်ချက်။** ။ပုဂ္ဂလဇ္ဈာသယဟူသည် တပါးပါးသော စျာန်ကို ပွါးများမှု သုံးသပ်မှုမရှိဘဲ အလိုအဇ္ဈာသယမျှဖြင့် မဂ်မပေါ်နိုင်-ဟု မှတ်။

၃၈—က။ ။သမာပတ္တိလာဘိနော ဈာနံ ပါဒကံ အကတွာ ဥပ္ပန္န မဂ္ဂေါပိ,ပဌမဇ္ဈာနံ ပါဒကံ ကတွာ ပကိဏ္ဏကသင်္ခါရေ သမ္မသိတွာ ဥပ္ပါဒိတမဂ္ဂေါပိ ပဌမဇ္ဈာနိကော ဟောတိ။

အဟောဝတာယံ သတ္တင်္ဂိကံ မဂ္ဂံ ပါပုဏေယျံ အဋ္ဌင်္ဂိကံ မဂ္ဂံ ပါပုဏေယျန္တိ အတ္တနော အဇ္ဈာသယာ နု ရူပေန ယံယံဈာနံ ပါဒကံ ကတွာ ယေယေဝါ ဈာနဓမ္မေ သမ္မသိတွာ မဂ္ဂေါ နိဗ္ဗတ္တိတော၊တံတံဈာနသဒိသမေဝ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

ဆောင်ပုဒ်

က။ ။အခြေပြုရန်၊ ဝင်စားဈာန်၊ နည်းမှန်-ပါဒက။

ခ။ ။သုံးသပ်အပ်မှန်၊ ယင်းသည့်ဈာန်၊ မှတ်ရန် သမ္မသိတ။

ဂ။ ။ပုဂ္ဂိုလ်အလို၊ ယင်းဈာန်ကို၊ မှတ်ထို ပုဂ္ဂလဇ္ဈာသယ။

---

၄၁။ ။ဈာနင်္ဂ ယောဂဘေဒေန၊ ကတွာ ကေကန္တု ပဉ္စဓာ။
ဝုစ္စတာ နုတ္တရံ စိတ္တံ၊ စတ္တာလီသ ဝိဓန္တိ စ။

သင်္ဂြိုဟ်ပါဠိ။

လောကုတ္တရာ စိတ်သည် ရှစ်ပါးပင် အပြားရှိသော်လည်း တပါးပါးကို ဈာန်ငါးပါး ပြားသည်ကို ပြုသောကြောင့် ၄၀-အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

(ဤအဓိပ္ပါယ်သည် အထက်ပါအတိုင်းဖြစ်၍ ပေါ်လွင်ပြီ)။

---

၃၈—က။ ။သမာပဇ္ဇိတဗ္ဗာဘိနေ၊ သမာပတ်ကိုရသော ပုဂ္ဂိုလ်၏။ ဈာနံ၊ ဈာန်ကို။ ပါဒကံ၊ အခြေကို။ အကတွာ၊ မပြုမူ၍။ ဥပ္ပန္နော မဂ္ဂေါပိ၊ ဖြစ်သောမဂ်သည်လည်း။ ပဌမဇ္ဈာနံ၊ ကို။ ပါဒကံ၊ ကို။ ကတွာ၊ ပြု၍။ ပကိဏ္ဏကသင်္ခါရေ၊ ပါဒကဈာန်မှ ဘပါးသော သင်္ခါရတို့ကို။ သမ္မသိတွာ၊ သုံးသပ်၍။ ဥပ္ပါဒိတမဂ္ဂေါပိ၊ ဖြစ်စေအပ်သောမဂ်သည်လည်း။ ပဌမဇ္ဈာနိကော၊ ပဌမဈာန်နှင့်ယှဉ်ကုန်သည် သာလျှင်။ ဝါ၊ ယှဉ်ကုန်သည်သာလျှင်။ ဟောတိ၊ ၏။ အဟံ၊ ငါသည်။ သတ္တင်္ဂိကံ၊ အင်္ဂါခုနစ်ပါး ရှိသော။ မဂ္ဂံ၊ မဂ်သို့။ ပါပုဏေယျံ၊ ရောက်ရာ၏။ မုကား။ အဟောဝတ၊ ဩ-ကောင်းလေစွ။

၄၂။ ။ယထာ စ ရူပါဝစရံ၊ ဂယှတာနုတ္တရံ တထာ။
ပဌမာဒိ ဈာနဘေဒေ၊ အာရုပ္ပဉ္စာပိ ပဉ္စမေ။ ။
ဧကာဒသဝိဓံ တသ္မာ၊ ပဌမာဒိကမီရိတံ။
ဈာနမေကေက မန္တေ တု၊ တေဝီသတိ ဝိဓံ ဘဝေ။ ။
သင်္ဂြိုဟ်ပါဌ်။

---

ရူပါဝစရစိတ်ကို ပဌမဈာန် စသည်နှင့် ယှဉ်မှုကြောင့် ပဌမဈာနိက စိတ်စသည်ဖြင့် သင်္ဂြိုဟ် ရေတွက်အပ်ဘိသကဲ့သို့ ထိုအတူ လောကုတ္တရာ စိတ်ကိုလည်း ပဌမ စသောဈာန်နှင့် ယှဉ်သောကြောင့် ပဌမဈာနိက စသောစိတ်၌ သင်္ဂြိုဟ် ရေတွက်ထိုက်၏။ ဝါ-ရေတွက်လေ။ အရူပါဝစရ စိတ်ကိုကား ရူပါဝစရ ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါချင်းတူစွာ ပဉ္စမဈာန်နှင့် ယှဉ်သောကြောင့် ပဉ္စမဈာနိကစိတ်၌ သင်္ဂြိုဟ် ရေတွက်အပ်၏။ ဝါ-ရေတွက်ပါလေ။ ။ထိုသို့ ရေတွက်အပ်လေသောကြောင့် ပဌမဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ပဉ္စမဈာန်စိတ် ၂၃-ပါး ဖြစ်လေသည်။ ။ ဟူလို။

---

၄၃။ ။သတ္တတိံသ ဝိဓံ ပုညံ၊ ဒွိပညာသ ဝိဓံ တထာ။
ပါကမိစ္စာဟု စိတ္တာနိ၊ ဧကဝီသသတံ ဗုဓာ။ ။
သင်္ဂြိုဟ်ပါဌ်။

---

ဒွါဒသာ ကုသလာနေဝံ-စသည်ဖြင့် စိတ်အကျဉ်း၌ ကုသိုလ် ဝိပါက် တို့၏ အရေအတွက်ကိုပြ၍ အကျယ်ဖြစ်သော ဤ ၁၂၁-ပါးသော စိတ်တို့ကို ကုသိုလ်ဝိပါက်အားဖြင့် ရေတွက်ပြဆိုခြင်းငှါ ဤသင်္ဂဟဂါထာကို

အဋ္ဌကထာ၊ အင်္ဂါရှစ်ပါးနှင့်သော။ ပဋိသန္ဓေ။ ပါပုဏာတိ၊ ဧကန္တ ပုဂ္ဂလ။ အဝေဟာဒေတ၊ ဩဒါတ-ကသိဏလေ့။ ရူပဝိ၊ ဤသို့။ အတ္တနော၏။ အညာသသသေနဂ္ဂပေန၊ အသိအားလျော်သဖြင့်။ယံ ယံဈာန်၊ ကို။ ပါဒကံ၊ ကို။ ကတ္တာ၍။ ဝါယာမဈာန်ခဲ့၊ ကို။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာန်ကို တော၊ ဖြစ်စေအပ်သော။ မဂ္ဂေ၊ သည်။ တံတံဈာန်သဒိသော၊ ပါဒကဈာန်၊ သမ္မသိတဈာန်တို့ ဘွင်း သိုသိုအပ်သော ဈာန်နှင့်တူသည်သာလျှင်။ဟောတိ၊ ၏။

မိန့်ဆိုတော်မူရပြန်၏။ ။အဓိပ္ပါယ်ကား.... ကုသိုလ်စိတ်သည် ၃၇-ပါး အပြားရှိ၏။ ဝိပါက်စိတ်သည်ကား ၅၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးကို ပေါင်းသော် ၁၂၁-ပါး ရှိ၏။ ။ဟူလို။

ဤကား ဝိဏ္ဏုတ္တ။

---

## သတ္တတိံသ ဝိဓံ ပုညံ ဂါထာ သရုပ်ခွဲ

| | | | |
|---|---|---|---|
| ကာမာဝစရကုသိုလ်စိတ် | ၈၊ | ကာမာဝစရဝိပါတ်စိတ် | ၂၃၊ |
| ရူပါဝစရကုသိုလ်စိတ် | ၅၊ | ရူပါဝစရဝိပါက်စိတ် | ၅၊ |
| အရူပါဝစရကုသိုလ်စိတ် | ၄၊ | အရူပါဝစရဝိပါက်စိတ် | ၄၊ |
| လောကုတ္တရာကုသိုလ်စိတ် | ၂၀၊ | လောကုတ္တရာဝိပါက်စိတ် | ၂၀၊ |
| ပေါင်းကုသိုလ်စိတ် | ၃၇-ပါး။ | ပေါင်းဝိပါက်စိတ် | ၅၂-ပါး။ |

---

| | | | |
|---|---|---|---|
| လောကီကုသိုလ် | ၁၇၊ | လောကီဝိပါက်စိတ် | ၃၂၊ |
| လောကုတ္တရာကုသိုလ် | ၂၀ | လောကုတ္တရာဝိပါက်စိတ် | ၂၀၊ |
| ပေါင်းကုသိုလ်စိတ် | ၃၇-ပါး။ | ပေါင်းဝိပါက်စိတ် | ၅၂-ပါး။ |

---

| | | | |
|---|---|---|---|
| ကာမကုသိုလ် | ၈၊ | အကုသလဝိပါက်စိတ် | ၇၊ |
| မဟဂ္ဂုတ်ကုသိုလ် | ၉၊ | ကုသလဝိပါက်စိတ် | ၄၅၊ |
| လောကုတ္တရာကုသိုလ် | ၂၀၊ | ပေါင်းဝိပါက်စိတ် | ၅၂-ပါး။ |
| ပေါင်းကုသိုလ်စိတ် | ၃၇-ပါး။ | | |

---

| | | | |
|---|---|---|---|
| ဒွိဟိတ်ကုသိုလ်စိတ် | ၄၊ | အဟိတ်ဝိပါက်စိတ် | ၁၅၊ |
| တိဟိတ်ကုသိုလ်စိတ် | ၃၃၊ | သဟိတ်ဝိပါက်စိတ် | ၃၇၊ |
| ပေါင်းကုသိုလ်စိတ် | ၃၇-ပါး။ | ပေါင်းဝိပါက်စိတ် | ၅၂-ပါး။ |

---

| | | | |
|---|---|---|---|
| သောမနဿကုသိုလ် | ၂၄၊ | အသောဘဏဝိပါက်စိတ် | ၁၅၊ |
| ဥပေက္ခာကုသိုလ် | ၁၃၊ | သောဘဏဝိပါက်စိတ် | ၃၇၊ |
| ပေါင်းကုသိုလ်စိတ် | ၃၇-ပါး။ | ပေါင်းဝိပါက်စိတ် | ၅၂-ပါး။ |

---

စိတ်ပိုင်း။ ၄၃-သတ္တတိံသ သရုပ်ခွဲ

| | |
|---|---|
| အဟိတ် ဝိပါက်စိတ် | ၁၅၊ |
| ဒွိဟိတ် ဝိပါက်စိတ် | ၄၊ |
| တိဟိတ် ဝိပါက် | ၃၃၊ |
| ပေါင်း ဝိပါက်စိတ် | ၅၂-ပါး။ |

——

| | |
|---|---|
| သုခသဟဂုတ် ဝိပါက်စိတ် | ၁၊ |
| ဒုက္ခသဟဂုတ် ဝိပါက်စိတ် | ၁၊ |
| သောမနဿသဟဂုတ် ဝိပါက်စိတ် | ၂၅၊ |
| ဥပေက္ခာသဟဂုတ် ဝိပါတ်စိတ် | ၂၅၊ |
| ပေါင်း ဝိပါတ်စိတ် | ၅၂-ပါး။ |

——

| | |
|---|---|
| အကုသိုလ် စိတ်ပေါင်း | ၁၂၊ |
| ကုသိုလ် စိတ်ပေါင်း | ၃၇၊ |
| ဝိပါက် စိတ်ပေါင်း | ၅၂၊ |
| ကြိယာ စိတ်ပေါင်း | ၂၀၊ |
| ပေါင်းစိတ် | ၁၂၁-ပါးဖြစ်၏။ |

အဘိဓမ္မာဂုဠ္ဌတ္ထဒီပနီ စိတ်ပိုင်းအဘွင့် ပြီး၏။

——

## လောကုတ္တရာစိတ် အကျဉ်း သရုပ်ခွဲ ဇယား

| | စိတ်အမည် | အရေအတွက် | သောမနဿ | ဥပေက္ခာ | သမ္ပယုတ် | ဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက |
|---|---|---|---|---|---|---|---|---|
| ၁ | သောတာပတ္တိမဂ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| ၂ | သကဒါဂါမိမဂ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| ၃ | အနာဂါမိမဂ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| ၄ | အရဟတ္တမဂ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| | ပေါင်း | ၄ | | | | | | |
| ၅ | သောတာပတ္တိဖိုလ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| ၆ | သကဒါဂါမိဖိုလ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| ၇ | အနာဂါမိဖိုလ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| ၈ | အရဟတ္တဖိုလ် | ၁ | ၁ | ၁ | ၁ | | | ၁ |
| | ပေါင်း | ၈ | ၈ | ၈ | ၈ | | | ၈ |

## လောကုတ္တရာစိတ် အကျယ် သရုပ်ခွဲ ဇယား

| | စိတ်အမည် | သောမနဿ | ဥပေက္ခာ | သမ္ပယုတ် | ဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက | အရေအတွက် |
|---|---|---|---|---|---|---|---|---|
| ၁ | သောတာပတ္တိမဂ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| ၂ | သကဒါဂါမိမဂ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| ၃ | အနာဂါမိမဂ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| ၄ | အရဟတ္တမဂ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| | ပေါင်း | ၂၀ | | | | | | |
| ၅ | သောတာပတ္တိဖိုလ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| ၆ | သကဒါဂါမိဖိုလ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| ၇ | အနာဂါမိဖိုလ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| ၈ | အရဟတ္တဖိုလ် | ၅ | ၄ | ၁ | ၅ | | | ၅ |
| | ပေါင်း | ၄၀ | ၃၂ | ၈ | ၄၀ | | | ၄၀ |

## စိတ်အကျဉ်း အကျယ် သရုပ်ခွဲ ဇယား

| စိတ်အမည် | အရေအတွက် | သောမနဿ | ဒုက္ခသဟဂုတ် | ဥပေက္ခာ | သမ္ပယုတ် | ဝိပ္ပယုတ် | အသင်္ခါရိက | သသင်္ခါရိက |
|---|---|---|---|---|---|---|---|---|
| အကုသိုလ်စိတ် | ၁၂ | ၄ | ၂ | ၆ | ၈ | ၄ | ၇ | ၅ |
| အဟိတ်စိတ် | ၁၈ | ၃ | ၁ | ၁၄ | | ၁၈ | ၁၈ | |
| အသောဘဏစိတ် | ၃၀ | ၇ | ၃ | ၂၀ | ၈ | ၂၂ | ၂၃ | ၅ |
| ကာမသောဘဏစိတ် | ၂၄ | ၁၂ | | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ |
| ကာမစိတ် | ၅၄ | ၁၈ | ၃ | ၃၂ | ၂၀ | ၃၄ | ၃၇ | ၁၇ |
| ရူပစိတ် | ၁၅ | ၁၂ | | ၃ | ၁၅ | | | ၁၅ |
| အရူပစိတ် | ၁၂ | | | ၁၂ | ၁၂ | | | ၁၂ |
| မဟဂ္ဂုတ်စိတ် | ၂၇ | ၁၂ | | ၁၅ | ၂၇ | | | ၂၇ |
| လောကီစိတ် | ၈၁ | ၃၀ | ၃ | ၄ | ၄၇ | ၃၄ | ၃၇ | ၄၄ |
| လောကုတ္တရာအကျဉ်း | ၈ | ၈ | | ၈ | ၈ | | | ၈ |
| လောကုတ္တရာအကျယ် | ၄၀ | ၃၂ | | ၈ | ၄၀ | | | ၄၀ |
| စိတ်အကျဉ်း | ၈၉ | ၃၈ | ၃ | ၅၅ | ၅၅ | ၃၄ | ၃၇ | ၅၂ |
| စိတ်အကျယ် | ၁၂၁ | ၆၂ | ၃ | ၅၅ | ၈၇ | ၃၄ | ၃၇ | ၈၄ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စေတသိက်ပိုင်း—အဘွင့်

၁။ ။ဧကုပ္ပါဒနိရောဓာ စ၊ ဧကာလမ္ဗဏဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ။ ။

သင်္ဂြိုဟ်ပါဠိ။

---

ဤဂါထာဖြင့် စေတသိက်၏ လက္ခဏာ, စေတသိက်၏ ဝိဂြိုဟ်, သရုပ်, အဘိဓေယျ-တို့ကို ပြ၏။ ။ထိုလေးပါးတို့တွင် ပုဗ္ဗဒ္ဓဖြင့် စေတသိက်၏ လက္ခဏာကို ပြ၏။ "စေတောယုတ္တာ" ပါဌ်ဖြင့် စေတသိက်၏ ဝိဂြိုဟ် စဝနတ်ကို ပြ၏။ ။"ဒွိပညာသ"ပါဌ်ဖြင့် သရုပ်ကို ပြ၏။ "စေတသိကာ" ပါဌ်ဖြင့် အဘိဓေယျကို ပြ၏။ ။အဓိပ္ပါယ်ကား—

၁။ ။စိတ်နှင့် တူသော ဖြစ်မှု,ရှိခြင်း၊

၂။ ။စိတ်နှင့် တူသော ချုပ်မှု,ရှိခြင်း၊

၃။ ။စိတ်နှင့် တူသော အာရုံရှိခြင်း၊

၄။ ။စိတ်နှင့် တူသော မှီရာ,ရှိခြင်း၊

ဤလက္ခဏာ လေးပါးနှင့် ပြည့်စုံသော ၅၂-ပါး အပြားရှိသော တရားတို့ကို စိတ်နှင့် အမြဲမပြတ် ယှဉ်တတ်သောကြောင့် စေတသိက် မည်ကုန်၏ဟု သိအပ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## စေတသိက် အဓိပ္ပါယ်

စေတသိ နိယုတ္တန္တိ စေတသိကံ။

စေတသိ၊ စိတ်၌။ နိယုတ္တံ၊ အမြဲ ယှဉ်သည်တည်း။ ဣတိ၊ ကြောင့်။ စေတသိကံ၊ စေတသိက်မည်၏။

တနည်း။ ။စေတသာ နိယုတ္တန္တိ စေတသိကံ။
စေတသိ ဘဝန္တိ စေတသိကံ။

ဟူပြီ။ ။စေတသာ၊စိတ်နှင့်။ နိယုတ္တံ၊ အမြဲမပြတ် ယှဉ်တတ်သည်တည်း။ ဣတိ၊ ကြောင့်။ စေတသိကံ၊ မည်၏။ ။စေတသိ၊ စိတ်၌။ ဘဝံ၊ဖြစ်သည် တည်း။ ဣတိ၊ ကြောင့်။ စေတသိကံ၊ မည်၏။ ။အဓိပ္ပါယ်ကား····စိတ်၌ အမြဲယှဉ်တတ်, ဖြစ်တတ်သောကြောင့် စေတသိက် မည်၏။ ။စိတ်နှင့် အမြဲယှဉ်တတ်သောကြောင့်လည်း စေတသိက်မည်၏ ။ဟူလို။

---

## ဆောင်ပုဒ်

စိတ်၌ မှီတင်၊ စိတ်နှင့်ယှဉ်၊ မြဲပင်-စေတသိက်။

---

## စေတသိက် လက္ခဏာ လေးပါး အဓိပ္ပါယ်

ကေုပ္ပါဒ နိရောဓာ စ။ ။ပါဠ်ဖြင့် ကေုပ္ပါဒ,ကေနိရောဓ-လက္ခဏာ ၂-ပါးကို ပြ၏။ ဂါထာ၏ အရာဖြစ်သောကြောင့် ကေနိရောဓာ-ဟု ဆိုသင့် လျက် ကေသဒ္ဒါ အလိုက်ခံ၍သော်၎င်း၊ အကြေကြံ၍သော်၎င်း၊ နိရောဓ ဟူသာ မိန့်ဆိုတော်မူ၏။ ကေုပ္ပါဒ,ကေနိရောဓ-ဟု ဆိုလိုသည်။ ကော လမ္ဗဏဝတ္ထုကာ ပါဠ်ဖြင့် ကောလမ္ဗဏ, ကေဝတ္ထုကလက္ခဏာ ၂-ပါးကို ပြ၏။ ။ကောလမ္ဗဏ,ကေဝတ္ထုက-ဟု ဆိုလိုသည်။ ထို့ကြောင့်—

၁။ ။ကေုပ္ပါဒ၊ ၂။ ။ကေနိရောဓ၊
၃၊ ။ကောလမ္ဗဏ၊ ၄။ ။ကေဝတ္ထုက။

ဟု စေတသိက်၏ လက္ခဏာ ၄-ပါး အပြားရှိ၏။ ။ဟူလို။

ထိုလေးပါးတို့တွင် ဧကုပ္ပါဒ ပုဒ်၌ ကေပုဒ် ဥပ္ပါဒ-ပုဒ် ဖြစ်၏။ ကေ သဒ္ဒါကား၊သမာန အနက်ကိုဟော၏။ဥပ္ပါဒ သဒ္ဒါကား''ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ'' ဥပ္ပဇ္ဇနံ၊ ဖြစ်ခြင်း။ ဥပ္ပါဒေါ၊ဖြစ်ခြင်း။ ။ဝိဂ္ဂြိုဟ်အရ ဖြစ်စ ဥပါဒ်ခဏကို လော၏။ ဝါ၊ ဖြစ်စ ဥပါဒ်ခဏသည် ဥပ္ပါဒ-မည်၏။

ဧကော သမာနော ဥပ္ပါဒေါ ဧတေသန္တိ ကေုပ္ပါဒါ။

ဧတေသံ၊ထိုစေတသိက်တို့အား။ ဧကော သမနော၊တူသော။ ဥပ္ပါဒေါ၊ ဖြစ်ခြင်း ဥပါဒ်ခဏသည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ကေုပ္ပါဒါ၊ကေုပ္ပါဒ မည်

ကုန်၏။ ။ဥပါဒ်,ဌီ,ဘင်-ဟု ခဏသုံးပါး ရှိသည်တွင် ဥပါဒ်-ခဏ၌ စိတ်ဖြစ်လျှင် သမ္ပယုတ်ဖြစ်သော စေတသိက်တို့ သည်လည်း ဖြစ်တတ်ကုန်သဖြင့် စိတ်နှင့်တူသော ဖြစ်ခြင်း ဥပါဒ်ခဏ ရှိသောကြောင့် ကေ့ပ္ပါဒမည်ကုန်၏။ ။ဟူလို။

**ကေနိရောဓာ။** ။ဟူသောပုဒ်၌လည်း ကေ-ပုဒ်၊ နိရောဓ-ပုဒ် ဖြစ်၍ ကေသဒ္ဒါသည် ရှေး၌ကဲ့သို့ သမာန အနက်ကို ဟော၏။ နိရောဓ-သဒ္ဒါကား။ ။နိရုဇ္ဈနံ နိရောဓော။ ။နိရုဇ္ဈနံ၊ချုပ်ခြင်း။ နိရောဓော၊ချုပ်ခြင်း။ ။ဝိဂ္ဂြဟ်အရ သင်္ခတတရားတို့၏ ပျက်စီး ချုပ်ဆုံးခြင်း ဘင်ခဏကို ရ၏။ ဝါ၊ဘင်ခဏသည် နိရောဓမည်၏။

ဧကော သမာနော နိရောဓော ယေသန္တိ ကေနိရောဓာ။

ယေသံ၊ ထိုစေတသိက်တို့အား။ ဧကော သမာနော၊ တူသော။ နိရောဓော၊ချုပ်ခြင်း ဘင်ခဏသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ ကေနိရောဓာ၊ ကေနိရောဓမည်ကုန်၏။ ။ခဏ ၃-ပါးတို့တွင် ဘင်ခဏ၌ စိတ်ချုပ်လျှင် သမ္ပယုတ် ဖြစ်သော စေတသိက်တို့ သည်လည်း ချုပ်ရသဖြင့် စိတ်နှင့်တူသော ချုပ်ခြင်း ဘင်ခဏ ရှိသောကြောင့် ကေနိရောဓ မည်ကုန်၏။ ။ဟူလို။

ရှေးဆရာကျော်တို့သည် ဤနှစ်ပုဒ်တို့၌ ရှိသော ကေသဒ္ဒါကို သဟအနက်ဟုလည်း ကြံတော်မူကြကုန်၏။ ။ထို့ကြောင့် ကေ့ပ္ပါဒနိရောဓာ၊ ဟက္ခဖြစ်ခြင်း တက္ခချုပ်ခြင်း ရှိကုန်သော ဟု အနက် ယောဇနာတော်မူကြကုန်သတတ်။ ။သို့သော်—

ဧကော သမာနော ဥပ္ပါဒေါ ယေသန္တိ ကေ့ပ္ပါဒါ။
သမာနပစ္စယေဟိ သဟုပ္ပတ္တိကာတိ အတ္ထော။

ဟူသော မူလဋီကာအဘွင့်ကို ထောက်၍ သမာနတ္ထ ဝါစီသာကြံတော်မူက သင့်လျော် လျောက်ပတ် ကောင်းမြတ်လှ၏ ဟု မှတ်။

**ဧကာလမ္ဗဏာ။** ။ဟူသော ပုဒ်၌ရှိသော ကေသဒ္ဒါကား သမာနအနက်ရှိ၏။ ။ထို့ကြောင့်—

တေ သမာနံ အာလမ္ဗဏံ ဧတေသန္တိ ကောလမ္ဗဏာ။

ဟုပြု။ ။ဧတေသံ၊ ထိုစေတသိက်တို့အား။ တေ သမာနံ၊တူသော။ အာလမ္ဗဏံ၊အာရုံသည်။ အတ္ထိ၊ရှိ၏။ဣတိ၊ ကြောင့်။ ကောလမ္ဗဏာ၊ ကောလမ္ဗဏမည်ကုန်၏။ ။စိတ်သည် ရူပါရုံ, သဒ္ဒါရုံ စသည်ကို အာရုံပြုပါမူ သမ္ပယုတ်ဖြစ်သော စေတသိက် တို့သည်လည်း စိတ်နှင့်တူစွာ ရူပါရုံ စသည်ကိုပင် အာရုံပြုကုန်သဖြင့် စိတ်နှင့်တူသော အာရုံရှိသောကြောင့် ကောလမ္ဗဏ မည်ကုန်၏။ ။ဟူလို။

**ကေဝတ္ထုကား** ။ဟူသောပုဒ်၌ ကေသဒ္ဒါလည်း သမာန အနက်ကိုပင် ဟော၏။ ထို့ကြောင့်—

တေ သမာနံ ဝတ္ထု ဧတေသန္တိ ကေဝတ္ထုကာ။

ဟုပြု။ ။ဧတေသံ၊ထိုစေတသိက်တို့အား။တေသမာနံ၊တူသော။ဝတ္ထု၊မှီရာဝတ္ထုသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ ကေဝတ္ထုကာ၊ ကေဝတ္ထုက- မည်ကုန်၏။ ။စိတ်သည် စက္ခုဝတ္ထုစသည်ကို မှီပါမူ သမ္ပယုတ်ဖြစ်သော စေတသိက် တို့သည်လည်း ၎င်းစက္ခု စသည်ကိုပင် မှီကုန်သဖြင့် စိတ်နှင့် တူသော မှီရာဝတ္ထုရုပ် ရှိသောကြောင့် ကေဝတ္ထုကမည်ကုန်၏။ ။ဟူလို။

ဂါထာအရ၊ ဝိဂြိုဟ်ဝစနတ် တွဲစပ်သော်။ ။ကေုပ္ပါဒါစ တေ ကေ နိရောဓာ စာတိ ကေုပ္ပါဒနိရောဓာ။ကောလမ္ဗဏာစ တေ ကေဝတ္ထုကာ စာတိ ကောလမ္ဗဏဝတ္ထုကာ ဟုတွဲ။ ။ကေသဒ္ဒါတခု အကြေကြေလေ။ (အနက် လွယ်၏)။

ကေုပ္ပါဒါ ကေနိရောဓာ ကေဝတ္ထုကာ ကောရမ္မဏာတိ
ဣမိနာ လက္ခဏေနေတံ သမ္ပယုတ္တန္တိ ဝေဒိတဗ္ဗံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**သေဒ်ပုဒ်**

စိတ်နှင့်မကွာ၊ တူစွာမယုတ်၊ ဖြစ်ချုပ်အာရုံ၊ဝတ္ထုံ လေးပါး၊ရှိကုန်ငြား၊ မှတ်သား စေတသိက်။

## အမေး အဖြေ

မေး။ ။ကေ့ပ္ပါဒ-သဒ္ဒါမျှကိုဆိုက၊ စေတောယုတ္တ စိတ်နှင့် ယှဉ်ခြင်း အနက်သည် ဖြစ်သင့် ပြီးသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ကေနိရော၀ သဒ္ဒါကို မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ကေ့ပ္ပါဒ-သဒ္ဒါ တပါးတည်းကို ဆိုလိုပါက စိတ္တဇရုပ်,ကမ္မဇရုပ်တို့သည်လည်း စိတ်နှင့် အတူတကွပင် ဖြစ်သောကြောင့် စေတသိက်ပင် မည်ရာ၏။ ထို့ကြောင့် ယင်း စိတ္တဇရုပ်, ကမ္မဇရုပ်-တို့ကို နစ်စေခြင်း အကျိုးငှါ ကေနိရော၀ သဒ္ဒါကို မိန့်ဆိုအပ်ပါသတည်း။ ။စိတ္တဇရုပ်, ကမ္မဇရုပ် တို့သည် အတူတကွသော်ကား ဖြစ်၏။ သို့သော် အတူတကွ မချုပ်သောကြောင့် စေတသိက်မမည်။ ။ဟူလို။

မေး။ ။ထိုသို့ဖြစ်ပါက ကေ့ပ္ပါဒ, ကေနိရော၀လက္ခဏာ နှစ်ပါးမျှကိုသာ ဆိုသင့်ရာ၏၊ အဘယ့်ကြောင့် ကောလမ္ဗဏလက္ခဏာကို ဆိုတော်မူရပါသနည်း။

ဖြေ။ ။ထို ကေ့ပ္ပါဒ, ကေနိရော၀လက္ခဏာ ၂-ပါးကိုသာ ဆိုပါက ကာယဝိညတ်, ဝစီဝိညတ်-ဟု ဆိုအပ်သော ဝိညတ်ဒွေး တို့သည်လည်း စိတ်နှင့်တူသော ဖြစ်ခြင်း, တူသော ချုပ်ခြင်း ရှိသောကြောင့် စေတသိက် မည်ခဲ့တန်ရာ၏။ ထိုကြောင့် ထို ဝိညတ်ဒွေးကို တားမြစ်ခြင်း အကျိုးငှါလည်း၊စိတ်ချင်း တူသည့် အဖြစ်ကြောင့် မည်သည့်စိတ်၏ ဥပါဒ်ခဏ၌မဆို ဖြစ်၍ မည်သည့်စိတ်၏ ဘင်၌မဆို ချုပ်သော ကမ္မဇရုပ်, စိတ္တဇရုပ် တို့သည်လည်းစေတသိက်မည်ကုန်ရာ၏-ဟု စိတ္တသဒ္ဒါတူသည့် အဖြစ်ကို ကြံဆကုန်သော ဆရာတို့၏ စိတ်အကြံ အထင်မှားသော ဉာဏ်အမြင်ကို တားမြစ်ခြင်း အကျိုးငှါလည်း၊ ကောလမ္ဗဏ သဒ္ဒါကို မိန့်ဆိုတော်မူအပ်ပါသတည်း။ ။ထိုစကားမှန်၏၊ ဝိညတ်ဒွေး,စိတ္တဇရုပ်,ကမ္မဇရုပ်-တို့သည် ၎င်းဆရာတို့ ကြံဆသော အတိုင်း တူသော ဖြစ်မှု, တူသော ချုပ်မှုပင် ရှိလင့်ကစား အာရုံမှုကား မတူသောကြောင့် စေတသိက် မမည်။ ။ဟူလို။

သင်္ခေပ ဝဏ္ဏနာ ဆရာကား ဋီကာကျော် ဆရာ၏ ဝိညတ် ဒွေးကို လျှဉ်းပါးခြင်းသည် မသင့်၊ အကြောင်းသော်ကား ၎င်းဝိညတ် ရုပ်တို့၏ ဥပါဒ်ခြင်း ချုပ်ခြင်းမရှိသောကြောင့် မသင့်ဟု အကြောင်းပြ၍ ပယ်တော်မူ၏။

မေး။ ။ထိုလက္ခဏာ ၃-ပါးကိုသာ ဆိုပါက စေတောယုတ္တ အဖြစ် ပြီးသင့်ပါလျက် အဘယ့်ကြောင့် ကေဝဋ္ဋကာ လက္ခဏာကို မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ထိုလက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော စေတသိက်တို့သည် မြသည်၏ အစွမ်းဖြင့် တူသော မှီရာရှိလေသလော၊သို့တည်း မဟုတ် မတူကွဲပြားသော မှီရာရှိပါသလောဟူသော ယုံမှား သံသယကို တားမြစ်ခြင်းအကျိုးငှါ ကေဝဋ္ဋကာ သဒ္ဒါကို မိန့်ဆိုတော်မူရပါသတည်း။

စင်စစ်သော်ကား ၎င်းကေဝဋ္ဋကာ လက္ခဏာကို မဆိုသော်လည်း စေတောယုတ္တ အဖြစ်ပြည့်စုံ၏။ သို့သော် ဥက္ကဋ္ဌနည်း၏ အစွမ်းဖြင့် ကေဝဋ္ဋကာ သဒ္ဒါကိုထည့်၍ စေတသိက် လက္ခဏာ လေးပါးကို အရှင်အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုတော် မူအပ်ပါသတည်း။ ။ဤကား အနုလောမ နည်းအားဖြင့် စိစစ်ပုံတည်း။

ပဋိလောမအားဖြင့်ကား။ ။ကေဝဋ္ဋကာ လက္ခဏာ တပါးတည်းဖြင့် စေတောယုတ္တ အဖြစ်သည် ပြီးသင့်သော်ယည်း တခုသော မဟာဘုတ် လျှော် မှီရာရှိသော ကြွင်းသော မဟာဘုတ်နှင့် ဥပါဒါ ရုပ်ကိုကိုရင်း၊ မရဏာသန္နဝိထိ၌ ဇော, တဒါရုံ, စုတိတို့ကိုရင်း၊ နှစ်စေခြင်းအကျိုးငှါ ကော,လမ္ဗဏာသဒ္ဒါကို မိန့်ဆိုတော်မူအပ်၏။ ။ထိုစကားမှန်၏၊ မဟာဘုတ် လေးပါးတို့သည်လည်း အချင်းချင်း လှည့်သည်ခါ မှီကုန်သဖြင့် တူသော မှီရာရှိသောကြောင့် ကေဝဋ္ဋကာဖြစ်၏။ ဥပါဒါရုပ်တို့သည်လည်း မဟာဘုတ်ကို မှီရသဖြင့် ကေဝဋ္ဋကာပင် ဖြစ်ကုန်၏၊ မရဏာသန္နအခါ ဇော တဒါရုံစိတ်တို့သည်လည်း တူသော မှီရာရှိသောကြောင့် ကေဝဋ္ဋကာပင် ဖြစ်၏၊ ဤသို့ ကေဝဋ္ဋကာမည့်သင့်သော မဟာဘုတ်,ဥပါဒါရုပ် တရားများနှင့် ဇော တဒါရုံ စိတ်တရေးတို့ကို နှစ်စေခြင်းအကျိုးငှါ ကောလမ္ဗဏာ သဒ္ဒါကို မိန့်ဆိုအပ်၏။ ။ဟူသို။

ပဋိသန္ဓေ ပဉ္စမ ဘဝင် စိတ်တို့သည် တူသော အာရုံ တူသော မှီရာ ရှိကုန်သောကြောင့် ၎င်းတို့ကို နှစ်စေခြင်းငှါ ဧကနိရောဓ သဒ္ဒါကို မိန့်ဆိုအပ်၏။

ဤလက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော စေတသိက်တို့သည် အတူတကွပင် ဖြစ်ကုန်သလော, ထိုသို့မဟုတ် မတူကွဲပြား တခြားစီပင် ဖြစ်လေသလော-ဟူသော ယုံမှား သံသယကို တားမြစ်ခြင်း အကျိုးငှါ ဧကုပ္ပါဒ သဒ္ဒါကို မိန့်ဆိုတော်မူအပ်ပါသတည်း။ ။အတူတကွသာလျှင် ဖြစ်ကြကုန်၏- ဟူလို။

---

## ဆောင်ပုဒ်

က။ ။စိတ္တဇနှင့်၊ ကာမ္ဗဇရုပ်မှန်၊ စင်လိုပြန်၊ မိန့်ဟန် နိရောဓံ။
ခ။ ။ပိညတ္တိရုပ်၊ စိတ်ကမ်ရုပ်ကို၊စင်စေလို၊မိန့်ဆို အာလမ္ဗဏံ။
ဂ။ ။လက္ခဏာသုံးပါး၊ ရှိစေငြားမူ၊ တည်ရာတူကို၊ သိစေလို၊မိန့်ဆို ဝတ္ထုကံ။

---

## သဗ္ဗစိတ္တသာဓာရဏ အဘွင့်

၂။ ။ကထံ ဖဿော ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ
ဇီဝိတိန္ဒြိယံ မနသိကာရော စေတိ သတ္တိမေ စေတသိကာ
သဗ္ဗစိတ္တသာဓာရဏာ နာမ။

သင်္ဂြိုဟ်ပါဠ်။

---

ဖဿစေတသိက်, ဝေဒနာစေတသိက်, သညာစေတသိက်, စေတနာစေတသိက်, ဧကဂ္ဂတာစေတသိက်, ဇီဝိတိန္ဒြေစေတသိက်, မနသိကာရစေတသိက်၊ ဤ၇-ပါးသော စေတသိက် တို့သည် **သဗ္ဗစိတ္တသာဓာရဏ** စေတသိက်မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အဖွင့်ပြယ်

ဤဖဿ-စသောစေတသိက်တို့၏ အဘွင့်ကိုမရေးသားမီ အလုံးစုံသော ပရမတ် တရားနှင့် သက်ဆိုင်သော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, လေးပါး၏ ကောက်ယူ ခွဲခြမ်းဝေဘန်နည်းကို သိရှိနားလည်သင့်၏။

သာမညံ ဝါ သဘာဝေါ ဝါ၊ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ရသောတိ ပဝုစ္စတိ။ ။

ဖလံ ဝါ ပစ္စုပဋ္ဌာနံ၊ ဥပဋ္ဌာနာကာရောပိ ဝါ။
အာသန္နကာရဏံ ယန္တု၊ တံ ပဒဋ္ဌာနသညိတံ။ ။

ဓမ္မာနံ၊ ပရမတ္ထတရား မှန်သမျှတို့၏။ သာမညံ ဝါ၊ အနိစ္စတာ-စသော အများနှင့် ဆက်ဆံသော လက္ခဏာကိုင်း။သဘာဝေါ ဝါ၊ တပါးနှင့်တပါး မဆက်ဆံသော ဖုသန စသော လက္ခဏာ ကိုင်း။ လက္ခဏံ၊ လက္ခဏာ ဟူ၍။မတံ၊သိအပ်၏။ တဿ၊ ထိုပရမတ် တရား အပေါင်း၏။ ကိစ္စံ ဝါ၊ ပြီးစေအပ်သော ကိစ္စသည်ကိုင်း။ သမ္ပတ္တိ ဝါ၊ပြည့်စုံသော ဂုဏ်သည်ကိုင်း။ ရသောနာမ၊ရသမည်၏။ဣတိ၊ဤသို့။ပဝုစ္စတိ၊ထင်စွာပြရာ၏။

ဖလံဝါ၊အကျိုးသည်ကိုင်း။ဥပဋ္ဌာနာကာရောပိ ဝါ၊ဉာဏ်အား ထင်သော အခြင်းအရာသည်ကိုင်း။ပစ္စုပဋ္ဌာနံ၊ပစ္စုပဋ္ဌာန်မည်၏။ ။ယံ အာသန္နကာရဏံ၊ အကြင် နီးစွာသောအကြောင်းသည်။အတ္ထိ၊ရှိ၏။တံ၊ထိုနီးသောအကြောင်း ကို။ပဒဋ္ဌာနသညိတံ၊ပဒဋ္ဌာန်ဟု မှတ်အပ်၏။

ပရမတ္ထတရားတို့၏ ပင်ကိုယ်ဖြစ်သော မှေ့,ပူမှု, မာကျောမှု, တွေ့ထိမှု-စသော အခြားသော ပရမတ် တရားတို့နှင့် မဆက်ဆံသော သဘောသည် လက္ခဏာ မည်၏။ ။တနည်း····အများနှင့် ဆက်ဆံသော အနိစ္စတာ စသော သာမညသည်လည်း လက္ခဏာမည်၏။ ပြီးစေအပ်သော ကိစ္စသည် ရသမည်၏။ ။တနည်း····ပြည့်စုံသောဂုဏ်သည် ရသမည်၏။အကျိုးတရား သည်ကိုင်း, ယူအပ်မှတ်အပ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်ပေါ် လာသော အခြင်းအရာသည်ကိုင်း ပစ္စုပဋ္ဌာန်မည်၏။နီးစွာသော အကြောင်း တရားသည် ပဒဋ္ဌာန်မည်၏။ ။ဟု ခွဲခြမ်း၍ သိလေ။

---

**ဆောင်ပုဒ်**

ပင်ကိုယ် သဘာဝ၊ သာမညကား၊ လက္ခဏာတည့်၊ ကိစ္စပြည့်စုံ၊ မှတ်တုံရသ၊ ကျိုးဖလမူ၊ ပစ္စု-ယူလော့၊ နီးမှုအကြောင်း၊ မှတ်လောင်းအမှန်၊ ပဒဋ္ဌာန်သည်၊ ရှေ့ဉာဏ်ရှင်းတို့ ကဗျာတည်း။

## ဖဿ စေတသိက် အဓိပ္ပါယ်

ဖုသတီတိ ဖဿော။

ဖုသတိ၊ တွေ့ထိတတ်၏။ ဣတိ၊ကြောင့်။ ဖဿော၊ ဖဿမည်၏။ ။ (ကတ္တုသာဓန ဝိဂ္ဂြိုဟ်)

ဖုသန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဖဿော။

ဧတေန၊ ဤတရားဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ် တရားတို့သည်။ ဖုသန္တိ၊ တွေ့ထိကြကုန်၏။ ဣတိ၊ ကြောင့်။ ဖဿော၊ဖဿမည်၏။ ။ (ကရဏ သာဓန ဝိဂ္ဂြိုဟ်)

ဖုသနံ ဖဿော။

ဖုသနံ၊တွေ့ထိခြင်း။ ဖဿော၊ တွေ့ထိခြင်း။ ။(ဘာဝသာဓန ဝိဂ္ဂြိုဟ်)။ ပရမတ္ထသဒ္ဒါ မှန်သမျှတို့၌ ဤကဲ့သို့ ကတ္တုသာဓန, ကရဏ သာဓန, ဘာဝသာဓန သုံးဝိဂ္ဂြိုဟ် ပြုအပ်၏။ ။ထို ၃-ဝိကပ်တို့တွင် ဘာဝသာဓ် သာလျှင်မှချ ရ၏။ကြွင်းသော သာဓန ၂-ပါးကား ဥပစာမျှသာ ရ၏။

ဆိုလိုရင်းကား···· ပရမတ္ထ သဘော ဟူသည် မိမိတို့၏ အာရုံအား လျော်စွာ အလို အလျောက်ဖြစ်ခြင်း ကြိယာ သဘောမျှသာ ဖြစ်သော ကြောင့် ဘာဝသာဓန သာလျှင် မှချ ရ၏။ ဖဿ-စသော တရားတို့၏ အာရုံ၌ တွေ့ထိတတ်သော ကိစ္စ စသည်တို့၌ မိမိပြဓာန်းသည်ကိုစွဲ၍ ကတ္တု သာဓနပြုရ၏။ ။သဟဇာတ်ဖြစ်ကုန်သော မိမိနှင့် ယှဉ်ဘော် ယှဉ်ဘက် သမ္ပယုတ် တရားတို့၏ အာရုံကို တွေ့ထိစေခြင်း စသည်၏ အကြောင်း ဖြစ်သော သဘောကိုစွဲ၍ ကရဏသာဓန ပြုရ၏-ဟု မှတ်။

''ပရမတ္ထသဒ္ဒါ၊ဝိဂ္ဂြိုဟ် ပြုလရာကား၊ ကရဏ,ကတ္တု၊ဘာဝပြု''။

ဘုရားကြီး နိယာမ်။

### ဖဿ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အဓိပ္ပါယ်

သွာယံ ဖုသနလက္ခဏော၊ သံဃဋ္ဋနရသော၊ သန္နိပါတ
ပစ္စုပဋ္ဌာနော၊အာပါထဂတ ဝိသယ ပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သွာယံ သောအယံ ဖဿော၊ထိုဖဿသည်။ဖုသနလက္ခဏော၊ အာရုံကို တွေ့ထိခြင်း လက္ခဏာ ရှိ၏။ သံဃဋ္ဋနရသော၊ စိတ် ဝတ္ထု အာရုံတို့ကို

ပေါင်းဆုံစပ်ဟပ် ထိခိုက်ခြင်း ကိစ္စရှိ၏။ သန္နိပါတပစ္စုပဋ္ဌာနော၊ ဝတ္ထု အာရုံ ဝိညာဏ်တို့၏ စုဝေးပေါင်းစပ်မိခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ အာပါထဂတ ဝိသယပဒဋ္ဌာနော၊ ထင်ခြင်းသို့ ကျရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရင်း ပဒဋ္ဌာန်ရှိ၏။

ဤ၌ ဖဿ၏ အာရုံကို တွေ့ထိမှု ဆိုသည်မှာ အာရုံ၏ ကောင်းမြတ်သော ဣဋ္ဌရသ,မကောင်းသော အနိဋ္ဌရသသို့ ရောက်အောင် ကပ်ရောက်၍ ယူခြင်းပင်တည်း။ ။ထိုဖဿသည် နာမ်တရား ဖြစ်ပါလျက် အဘယ်သို့လျှင် အာရုံသို့ တွေ့ထိနိုင်ပါသနည်း ဟူမူ၊ ချဉ်သီး စားသောသူကို မြင်သော် တပါးသော သူအား တံထွေးဖြစ်ခြင်း ပါးရှုံ့ခြင်း စသည် ဖြစ်သကဲ့သို့ရင်း၊ သစ်ပင်ထက်သို့ တက်သော သူသည် ကိုင်းသေး ကိုင်းဖျားသို့ လျှောက်နေသည်ကို မြင်ရသော သစ်ပင် အောက်၌ နေသော တပါးသော သူအား အောက်က နေရင်းပင်လျှင် ကျမည်စိုးရိမ်၍ နှစ်လုံးတုံ ခြေတုံ ဖြစ်ခြင်းကဲ့သို့ ရင်း၊ဘီလူး သူရဲစသော ကြောက်မက်ဘွယ်အာရုံကို တွေ့မြင်ရသော သူအား ကိုယ်လက် ခက်ထရော် ဖြစ်ခါ နေဘိသကဲ့သို့ရင်း မုချတွေ့ထိဘိသကဲ့သို့ တွေ့ထိခြင်းမျိုး မဟုတ်၊ အာရမ္မဏိက အားဖြင့် ရှေ့ရှု ထိခိုက်ခြင်းကိုပင် တွေ့ထိခြင်းဟု ဆိုရပေသတည်း။

အယဉှိ အရူပဓမ္မော သမာနောပိ အာရမ္မဏေ
ဖုသနာကာရေနေဝ ပဝတ္တတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အဖုသန္တောပိ အသာ ဖဿသာ ဖုသနာကာရ
ပဝတ္တိ အမ္ဗိလခါဒကံ ပဿန္တဿ ပရဿ။ပ။
ဝိသာစာဒိ ဘာယိတပ္ပံ ပဿန္တဿ ပရဿ
ဉရုတ္ထမ္ဘော်တိ ဝေမာဒိဝိယ ဒဋ္ဌဗ္ဗာ။

မဏိသာရမဉ္ဇူသာဋီကာ။

---

## ဆောင်ပုဒ်

ချဉ်သီးကိုစား၊သစ်ပစ်ဖျားတက်၊ကြောက်မက်ဘွယ်မှု၊
မြင်သူမချို၊ ပုံဟန်ဘို၊မှတ်သို့ ဖဿတွေ့ပုံတည်း။

## ဆိတ်, ခွက်ခွင်း, လက်ခုပ် ဥပမာ

ဖဿ၏ တွေ့ထိပုံကို တနည်း- ဆိတ်နှစ်ကောင်ဇော့ပုံ ဥပမာ, ခွက်ခွင်းနှစ်ခု တီးခတ်ပုံ ဥပမာ, လက်ဝါးနှစ်ဘက် တီးခပ်ပုံ ဥပမာ အားဖြင့်လည်း သိသာ ထင်ရှားစေ၏။ ဆိတ် နှစ်ကောင်တို့ကို ဇော့တိုက် စေကုန်သော အခါ ဆိတ် နှစ်ကောင်တို့သည် အချင်းချင်း တကောင်နှင့် တကောင် တိုးဇော့တိုက်ခတ်ကုန်၏။ ။ထိုဥပမာ၌ တကောင်သော ဆိတ်ကဲ့သို့ စက္ခု ပသာဒရုပ်ကို မှတ်အပ်၏၊နှစ်ခုမြောက်သော ဆိတ်ကဲ့သို့ ရူပါရုံကို မှတ် အပ်၏၊ ထို ဆိတ်နှစ်ကောင်တို့၏ စုဝေး ပေါင်းဆုံ၍ ခတ်ဇော့ကုန်သကဲ့သို့ ဖဿကို မှတ်လေ။ ထို့အတူ ခွက်ခွင်း, သို့မဟုတ် လင်းကွင်း နှစ်ခုကို တီးခတ်ခြင်း၊လက်ဝါးနှစ်ဘက်ကို တီးခတ်ခြင်းတို့၌ လင်းကွင်းနှစ်ခု လက် ဝါးနှစ်ခုတို့၏ ပေါင်းဆုံမှုကဲ့သို့ ထိုအတူ ဖဿ၏ တွေ့ထိမှုကို သိအပ်၏။

ဆိုတော်မူလိုရင်းကား····အာရုံနှင့် ပသာဒဝတ္ထု ရုပ်တို့၏ အချင်းချင်း ရှေးရှုကာ ဆိတ်နှစ်ကောင်စသည်အလား ထိခိုက်မှုကြောင့် စက္ခုဝိညာဏ် စသော စိတ်ဖြစ်ပေါ်လာ၏။ ထိုစက္ခုဝိညာဏ်စသော စိတ်ဖြစ်ပေါ်လာရ ခြင်း၏ အကြောင်းဖြစ်သော အာရုံနှင့် မထိမစပ်သော်လည်း ထိစပ်တွေ့ရ ဘိသကဲ့သို့ ဖြစ်ပေါ်လာသော သဘောသည် ဖဿမည်၏ဟု မှတ်။ ။ထိုသို့ ဖဿ၏ တွေ့ထိမှုကြောင့်သာ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏။ ဝိညာဏ် ကိစ္စတပ်၏ဟု ဆိုလိုသည်။

ယထာ မဟာရာဇ ဒွေ မေဏ္ဍာ ယုဇ္ဈေယျုံ။
ယထာ ဧကော မေဏ္ဍော၊ ဧဝံ စက္ခု ဒဋ္ဌဗ္ဗံ။
ယထာ ဒုတိယော မေဏ္ဍော၊ ဧဝံ ရူပံ ဒဋ္ဌဗ္ဗံ။
ယထာ တေသံ သန္နိပါတော၊ ဧဝံ ဖဿော ဒဋ္ဌဗ္ဗော။
မိလိန္ဒပဉှာ ပါဠိတော်။

၂-က။ ။ပါဏိဒွယဿ သန္နိပါတောဝိယ စိတ္တာရမ္မဏသန္နိ ပါတော ဖဿော စိတ္တဿ အာရမ္မဏေ သန္နိပါတ ပစ္စုပ္ပဋ္ဌာနော ဟောတိ။

မူလဋီကာ။

---

၂-က။ ။ပါဏိဒွယဿ၊ လက်နှစ်ဘက်၏။ သန္နိပါတောဣဝ၊ စုဝေးခြင်းကဲ့သို့။ စိတ္တာရမ္မဏသန္နိပါတော၊ စိတ်နှင့်အာရုံတို့၏ စုဝေးခြင်းကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဖဿော၊ သည်။

## ဆောင်ပုဒ်

က။ ။ဆိတ်နှင့်ခွက်ခွင်း၊လက်ချင်း ရိုက်ခတ်၊တွေ့ထိအဝ်ပုံ၊နည်းတဖုံ၊
မှတ်ကုန် ဖဿတွေ့နည်းတည်း။

ခ။ ။အာရုံနှင့်ပင်၊ မထိလျှင်လည်း၊ထိသွင် အနေ၊ စိတ်ကြောင့်ပေ၊
မှတ်လေ ဖဿသဘောတည်း။

---

## ပဉ္စဒွါရိကဖဿနှင့် မနောဒွါရိကဖဿ အထူး

စက္ခုဒွါရစသော ပဉ္စဒွါရ၌ဖြစ်သော ဖဿသည် အာရုံကို တွေ့ထိခြင်း လက္ခဏာလည်း ရှိ၏။ စက္ခုပသာဒစသော ဝတ္ထုနှင့် ရူပါရုံစသော အာရုံ တို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စရှိ၏။ ။မနောဒွါရ၌ ဖြစ်သော ဖဿသည် အာရုံကို တွေ့ထိခြင်း လက္ခဏာသာ ရှိ၏။ ဝတ္ထုနှင့် အာရုံတို့၏ ထိခိုက်ခြင်း သံဃဋ္ဋန ကိစ္စမရှိ၊ ဤသို့ ထူးပါသတည်း။

> ပဉ္စဒွါရိကဿ ဟိ ဖုသနလက္ခဏောတိပိ, သံဃဋ္ဋန
> ရသောတိပိ,နာမံ။ မနောဒွါရိကဿ ဖုသနလက္ခ
> ဏော တွေဝနာမံ၊န သံဃဋ္ဋနရသောတိ။

မဟာအဋ္ဌကထာ။

ဤမဟာအဋ္ဌကထာလာ၊ ဆရာတို့၏ ဝါဒကို အနုဋီကာဆရာ ကောဇိ ထိုးလျက် ပယ်တော်မူ၏။ ။ပယ်ဟန်ကား···· ထိခိုက်မှုဟူသည် ဝတ္ထုနှင့် အာရုံတို့၏ တိုက်ရိုက် ထိခိုက်သည် မဟုတ်၊ သဒိသူပစာ အားဖြင့်သာ ယိခိုက်၏ဟု ဆိုရသောကြောင့် မသင့်ဟု ပယ်တော်မူ၏။ ။အဓိပ္ပါယ် အဖြောင့်အမှန်ကား ဝတ္ထုနှင့်အာရုံ ထိခိုက်သည်ဖြစ်စေ၊ အာရုံနှင့်အာရမ္မ ဏိကတို့ ထိခိုက်သည်ဖြစ်စေ၊ ထိခိုက်၏ဟု ယူ၍ မနောဒွါရကား အာရုံနှင့် အာရမ္မဏိကစိတ် စေတသိက်တို့ ထိခိုက်မှုကိစ္စရှိ၏။ ပဉ္စဒွါရကား ဝတ္ထုနှင့် အာရုံတို့၏ ယိခိုက်မှုကိစ္စရှိ၏ဟု ယူ။ ။ဟူလို။

---

ဒိဋ္ဌသာ၊ ဏ်။ အာခေမ္မခကာ၊ အာခံဍ္ဍ။ ပစ္စည်ဿသာ၊ စုပေါင်း၍ ဖြစ်ခြင်းအါ။ ပစ္စယသာ၊ အကြောင်းသည်။ဟောဘင်၊အါ။

၂-၁။ ။ကေစိ ပန သံဃဋ္ဋနရသော ဖဿော ပဉ္စဒွါရိကောဝ
န ဣတရော ဝတ္ထာရမ္မဏသံဃဋ္ဋနာ ဘာဝတောတိ ဝဒန္တိ။
တံ န ယုဇ္ဇတိ၊ ဥပစာရသိဒ္ဓတ္တာ သံဃဋ္ဋနဿ။

အနုဋီကာ။

မနောဒွါရေ စိတ္တာလမ္ဗဏာနံ သံဃဋ္ဋနတော သံဃဋ္ဋန
ရသော။ပ။ ပဉ္စဒွါရေသု ဝါ ဝတ္ထာရမ္မဏသံဃဋ္ဋနေန
သမ္ပဇ္ဇတိ။

အဘိဓမ္မာဝတာရ ဋီကာ။

---

## ဖဿကို ရှေးဦးစွာ ဟောတော်မူသောအကြောင်း

ဤ ငါးဆယ့်နှစ်ပါးသော စေတသိက် တို့တွင် ဖဿ-စေတသိက်ကို အဘယ့်ကြောင့် ပဌမဦးစွာ မိန့်ဆိုရပါသနည်း ဟူမူ။ ။စိတ်နှင့် တကွ သမ္ပယုတ် တရားတို့၏ ရှေးဦးစွာ အာရုံ၌ကျတတ်သောကြောင့် ဖဿကို ရှေးဦးစွာ ဟောတော်မူအပ်၏။

ဥပမာ ပြာသာဒ်ကို ဆောက်ရာ၌ တိုင်သည် ကြွင်းသော ခေါင်လျောက် ထုပ်, လျောက်, နံရံခြေ-စသည်တို့၏ မှီရာ အားကြီးသော အကြောင်းရင်း ဖြစ်သကဲ့သို့ ထိုအတူ ဖဿ-သည်လည်း ကြွင်းသော သမ္ပယုတ် တရား တို့၏ အားကြီးသောအကြောင်းရင်း ဖြစ်၏၊ဖြစ်ပုံကား၊ တိုင်မရှိပါမူ ကြွင်း သော ခေါင်လျောက်,ထုပ်,လျောက်,နံရံခြေ စသည်တို့သည် တည်ခြင်း ငှါ မတတ်နိုင်ချေ၊ ၎င်းခေါင်လျောက် စသည်တို့သည် တိုင်၌သာ မှီသဖြင့်

၂-၁။ ။ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ သံဃဋ္ဋနရသော၊ ထိခိုက်ခြင်း ကိုရှိသော။ ဖဿော၊ ဖဿ-သည်။ ပဉ္စဒွါရိကောဝ၊ ပဉ္စဒွါရ၌ဖြစ်သော ဖဿသာလျှင် တည်း။ န ဣတရော၊ ဤပဉ္စဒွါရိက ဖဿမှ တပါးသော ဖဿ-သည်ကား၊ နသံဃဋ္ဋနရသော၊ ထိခိုက်ခြင်း ကိုရှိသည်မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဝတ္ထာရမ္မဏာ သံဃဋ္ဋနာဘာဝတော၊ ဝတ္ထု နှင့် အာရုံတို့၏ ထိခိုက်ခြင်းမရှိသောကြောင့်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ တံ၊ ထို ကေစိ ဆရာတို့၏ စကားသည်။ နယုဇ္ဇတိ၊ မသင့်။ ကသ္မာ၊ အဘယ့်ကြောင့် မသင့်ပါသနည်းဟူမူ။ သံဃဋ္ဋနဿ၊ ထိခိုက်မှု၏။ ဥပစာရသိဒ္ဓတ္တာ၊ [illegible] ပြီးသည်၏အကြောင့်တည်း။ မနောဒွါရေ၊ မနောဒွါရ၌။ စိတ္တာလမ္ဗဏာနံ၊ စိတ်အာရုံတို့၏။ သံဃဋ္ဋနတော၊ ထိခိုက်သည်၏ အဖြစ်ကြောင့်။ သံဃဋ္ဋနရသော၊ ထိခိုက်ခြင်းကိစ္စရှိ၏။ ပ။ ဝါ၊ အနည်းကား။ ပဉ္စဒွါရေသု၊ ဝတ္ထာရမ္မဏသံဃဋ္ဋနေန၊ ဝတ္ထုနှင့် အာရုံတို့၏ ထိခိုက်ခြင်းဖြင့်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။

တည်နိုင် ဖြစ်နိုင်ကုန်၍ တိုင်သည် ကြွင်းသော အဆောက်အဦ တို့အား အားကြီးသော အကြောင်း တရားဖြစ်၏။ ထိုအတူ ဖဿ- သည်လည်း အာရုံ၌ ရှေးဦးစွာ ကျရောက်လျက် အာရုံကို တွေ့ထိမှု ကိစ္စဖြစ်ပြီးမှသာ လျှင် ဝေဒနာဖြင့် အာရုံအရသာကို ခံစား၏၊ သညာဖြင့် အမှတ်ပြု၍သိ၏၊ စေတနာဖြင့် စေ့ဆော်၏၊ ထို့ကြောင့် ဖဿသည် ကြွင်းသော သမ္ပယုတ် တရားတို့၏ လိုရင်းစွဲ အားကြီးသော အကြောင်း ဖြစ်သည်။ ။ဟူလို။

(ဤကား မဟာသံဃိက ဆရာတို့၏ ဝါဒတည်း)။

---

ကသ္မာ ပနေတ္ထ ဖဿောဝ ပဌမံ ဝုတ္တောတိ၊
စိတ္တဿ ပဌမာဘိနိပါတတ္တာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၂-၀။ ။ကသ္မာ ပနေတ္ထ ဖဿောဝ၊ ပဌမံ သမုဒ္ဒိဋ္ဌော။
ပဌမာဘိနိပါတတ္တာ၊ စိတ္တဿာရမ္မဏေ ကိရ။ ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။

---

**အနက်အဓိပ္ပာယ်။** ။ဖဿနှင့်တကွ ဝေဒနာ, သညာ, စေတနာ-စသော စေတသိက်တရားတို့သည် စိတ်နှင့် ကေဝလ ဥပ္ပါဒ-စသော အစွမ်းဖြင့် အတူတကွ သာ ဖြစ်ကြ၏၊ ဤတရားကား ရှေးဦးစွာ ဖြစ်၏။ ဤတရားကား နောက်မှ ဖြစ်၏ဟု ပရမတ္ထတရားတို့၏ ရှေ့နောက်ဖြစ်မှုကို ရွေးချယ်စိစစ်ရန် မသင့်။ မြတ်စွာဘုရား၏ ဒေသနာတော် အလှည့် အားဖြင့်သာလျှင် ဖဿကို ရှေးဦးစွာ ဟောတော်မူ၏ဟု မှတ်။

ဤကား အဋ္ဌကထာဆရာ၏ ဝါဒတည်း။

---

၂-၀။ ။ဧတ္ထ၊ ဤ၌ စေတသိက်အပေါင်း၌တွင်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဖဿော၀၊ ဖဿကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ သမုဒ္ဒိဋ္ဌော၊ ဟောတော်မူအပ်ပါသနည်း။ စိတ္တဿ၊ စိတ်၏။ အာရမ္မဏေ၊ အာရုံ၌။ ပဌမာဘိနိပါတတ္တာ၊ ရှေးဦးစွာကျသည်၏ အဖြစ်ကြောင့်။ ပဌမံ၊ ရှေးဦးစွာ။ ဖဿော၊ ဖဿကို။ သမုဒ္ဒိဋ္ဌော ကိရ၊ ရှေးဦးစွာ ဟောတော်မူအပ်ပါသတည်း။

၂-ဃ။ ။ရုဒ် ပန အကာရဏံ၊ကေစိတ္တာသ္မိံ ဥပ္ပန္နဓမ္မာနံ အယံ ပဌမံ ဥပ္ပန္နော၊ အယံ ပစ္ဆာတိ ရုဒ် ဝတ္တုံ န လဗ္ဘာ။ပ။ ဒေသနာဝါရေနေဝ ဖဿော ပဌမံ ဝုတ္တော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒေသနာမတ္တတော စေဝ၊ ပဌမံ သမုဒီရိတော။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။

သို့သော် မူလဋီကာ ဆရာကြီးကား အထက်ပါ စကားအရ ပရမတ္ထ တရားတို့၏ ရှေ့နောက်အစဉ်ကို မစီစစ်သင့်သည် မှန်သော်လည်း ဆီမီးနှင့် ဆီမီးရောင်နှစ်ပါးတို့တွင် ဆီမီးညှိထွန်း ဖြစ်ပေါ်ပြီးမှသာ အရောင်အလင်း ဖြစ်နိုင်သဖြင့် ဆီမီးသည်အလင်းရောင်၏ ရှေးဦးစွာ ဖြစ်၏ ဟု ဆိုရသကဲ့သို့ ထိုအတူ ဖဿသည် ဝေဒနာစသည်တို့၏ အကြောင်းကား မှန်သဖြင့် ဖဿ ဝေဒနာ စသည်တို့၏ ရှေးဦးစွာဖြစ်သကဲ့သို့ ဆိုသင့် ဆိုထိုက်၏ဟု ဆုံးဖြတ် တော်မူ၏။

ထို မူလဋီကာ ဆရာ၏ စကားသည် မှန်၏။ ဖဿသည် ဝေဒနာ၏ အကြောင်း တရားထူးဖြစ်၍ "ဝေဒနာ ပစ္စုပဋ္ဌာနော"ဟု အဋ္ဌကထာဆရာ မိန့်ဆိုလျက် ရှိပေသတည်း။

၂-င။ ကာမံ ဥပ္ပန္နဖဿော ပုဂ္ဂလော စိတ္တစေတသိကရာသိ ဝါ အာရမ္မဏေန ဖုဋ္ဌော၊ ဖဿသဟဇာတတာယ ဝေဒနာယ တံ သမကာလမေဝ ဝေဒေတိ။ ဖဿော ပန ဩဘာသ ဿေဝ ပဒီပေါ ဝိယ ဝေဒနာဒီနံ ပစ္စယ ဝိသေသော ဟောတီတိ ပုရိမကာလော ဝိယ ဝုတ္တော။

မူလဋီကာ။

---

၂—ဃ။ ။ပန၊ ဝေဒနာကိုဆိုဦးအံ့၊ ရုဒ်၏ စိတ္တသမုဋ္ဌာနဒိဋ္ဌိပါတရုပ်၊ အစဉ်သော စကား သည်။ အကာရဏံ၊ သင့်သောအကြောင်းမဟုတ်၊ ဟိ၊ မှန်၏။ ကေစိ၊ အချို့၊ တနည်းသော ဆရာတို့။ ဥပ္ပန္နဓမ္မာနံ၊ ဖြစ်သော တရားတို့သည်။ အယံ၊ ဤတရားသည်ကား၊ ပဌမံ၊ ရှေ့။ ဥပ္ပန္နော၊ ဖြစ်၏။ အယံ၊ ဤတရားကား။ ပစ္ဆာ၊ နောက်မှ။ ဥပ္ပန္နော၊ ဖြစ်၏။ ရုဒ်၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ၊ န လဗ္ဘာ၊ မရကောင်း။ ပ။ ပန၊ အစဉ်ကိုဆိုဦးအံ့၊ ဒေသနာဝါရေနေဝ၊ ဒေသနာအစဉ်ဖြင့်သာလျှင် ဖဿော၊ ကို။ ပဌမံ၊ ရှေ့။ ဝုတ္တော၊ ဟောတော်မူအပ်၏။

## ဝေဒနာ အစီပ္ပါယ်

ဝေဒယတိ အာရမ္မဏရသံ အနုဘဝတီတိ ဝေဒနာ။

ယာ ဓမ္မဇာတ်၊ အကြင် တရားသဘောသည်။ အာရမ္မဏရသံ၊ အာရုံ အရသာကို။ ဝေဒယတိ အနုဘဝတိ၊ ခံစားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာ မဓမ္မဇာတ်၊ သည်။ဝေဒနာ၊ ဝေဒနာ-မည်၏။

> သာ ဝေဒယိတ လက္ခဏာ၊ အနုဘဝနရသာ၊ ဣဋ္ဌာ ကာရသမ္ဘောဂရသာဝါ၊ စေတသိက အဿာဒပစ္စု ပဋ္ဌာနာ၊ ပဿဒ္ဓိပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သာ၊ ထိုဝေဒနာသည်။ ဝေဒယိတလက္ခဏာ၊ အာရုံ အရသာကို ခံစားခြင်း လက္ခဏာ ရှိ၏။အနုဘဝနရသာ၊ အာရုံအရသာကို အစဉ်ခံစားခြင်းကိစ္စရှိ၏။ဝါ၊တနည်းကား။ ဣဋ္ဌာကာရသမ္ဘောဂရသာ၊ ဣဋ္ဌာရုံအနေအားဖြင့် ခံစားခြင်းကိစ္စ ရှိ၏။ စေတသိကအဿာဒ ပစ္စုပဋ္ဌာနာ၊ စိတ်၌မှီသော သာယာအပ်သော တရား၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ပဿဒ္ဓိ ပဒဋ္ဌာနာ၊ကိုယ်စိတ် ၂-ပါး ငြိမ်းမှုလျှင် နီးသော အကြောင်းရှိ၏။

### ပြည့်ရှင်မင်း ဥပမာ

ဝေဒနာသည်အာရုံကိုခံစားခြင်း လက္ခဏာရှိ၏ဟု ဆိုသော်၊ငင်းဝေဒနာ သာလျှင် အာရုံကို ခံစားသည် မဟုတ်၊ ကြွင်းသော ဖဿ သညာ စသော စေတသိက်တို့သည်လည်း အာရုံကို ခံစားတတ်၏။ သို့ဖြစ်၍ ငင်းတို့သည် လည်း ဝေဒနာပင် မည်သင့်သည် မဟုတ်ပါလော ဟုပြောအံ့။ ။ဖဿ, သညာ စသော စေတသိက်တို့သည် အာရုံကို ခံစား၏ပင် ဆိုသော်လည်း မိမိတို့၏ တွေ့ထိမှုကိစ္စ, အမှတ်ပြုမှုကိစ္စ, စသည်ကို ဝဲ့နေရသောကြောင့်

---

၂-၁။ ။ဖုဋ္ဌလေခေါ၊ ဖုဋ္ဌလ်သည်ဖြင်း။ စိတ္တုဇဒေတသိကတ္တေသီ ဝါ၊ စိတ်စေတသိက် အစု ဖြစ်သောတရားသည်ဖြင်း။ အာရုံ၌တောနေ၊အာရုံဖြင့်။ ဖုန္တေ၊တွေ့ထိသည်ဖြစ်၍၊ဥဒ္ဒယ်ဖသော၊ ဖြစ်သော ဖဿသည်။ဖဿ သဟဇာတာယ၊ ဖဿနှင့် ဘက်ဖြစ်သော။ ဝေဒနာယ၊ ဝေဒနာ နှင့်။သံသမ္ပကောသဇဝ၊သို့ဖဿနှင့်ဘက်ဖြစ်သောကာလ၌သာလျှင်၊ ဝေဒေတိ၊ အာရုံအရသာကို ခံစား၏။ပန၊သင်းသို့ဝေဒနာနှင့်ဘက်ဖြစ်သောကာလ၌သာ ခံစားလင့်ကစား။ဖဿော၊သည်။ ပဿိပါ၊ဆိမိးသည်။ ဩဝဒသသ၊ အရောင်ဘာလင်းနှင်း။ ပစ္စယဝိသေသော၊ အကြောင်းထူး သည်။ မဟောတိဝိယ၊ ကဲ့သို့။ဇဝိဘာထော၊ တူ။ ပစ္စယဝိသေသော၊ဝေဒနာသည်အဦ၏ထူးသော အကြောင်းသည်။မဟောတိ၊၏။

အနည်းငယ် တစိတ်တဒေသမျှသာ ခံစား၏၊ ဝေဒနာ မူကား မိမိကိစ္စ သည် ဝေဒယိတကိစ္စပင်ဖြစ်၍ အစိုးတရ အလုံးစုံကို ခံစား၏။ ထို့ကြောင့် ဝေဒနာ စေတသိက်ကိုသာ ဝေဒယိတလက္ခဏာ ဟု ဆိုအပ်ပါသတည်း။ ဥပမာဆိုသော်····ပြည့်ရှင်မင်းနှင့် စားတော်ကဲ တို့ကဲ့သို့တည်း။ ။ဝေဒနာ သည် ပြည့်ရှင်မင်းနှင့် တူ၏၊ ကြွင်းသော ဖဿ,သညာ စသော စေတသိက် တို့သည် စားတော်ကဲနှင့် တူကုန်၏။

တူပုံကား····ပြည့်ရှင် မင်းကြီးအား နေ့တိုင်း မပြတ် ပွဲတော်ဆက် ရသော စားတော်ကဲသည် မင်းကြီး၏ ရှေ့တော်သို့ ရောက်သော အခါ ပွဲတော်၌ ပါသော ဘောဇဉ်တို့၌ သေစေတတ်သော အဆိပ် ဆေးများ ခတ်သလောဟု မင်းကြီးသည် စားတော်ကဲကို အမြည်းခိုင်းသော ကာလ ထိုစားတော်အုပ်၌ပါသော အချို,အချဉ်,အစပ်,အငန်,အဖန်,အခါးတည်း ဟူသော ဘောဇဉ် အရသာတို့ကို အစိုးတရ ဝအောင်မူကား မစားရပါဘဲ အဆိပ်ပါသည်, မပါသည်ကို သိသာရုံမျှသာ ဟင်းတိုင်း စေ့အောင် မြည်း ရလေ၏၊ ထိုသို့ မြည်းပြီးနောက် မင်းကြီးသည်သာလျှင် ပွဲတော်၌ ပါသမျှ သော အချို,အချဉ်, အစပ်,အငန်,အဖန်,အခါး ဘောဇဉ်များကို အားပါး တရ ဝအောင် သုံးဆောင် စားသောက်တော်မူလေ၏။ထို့ကြောင့် ဝေဒနာ စေတသိက်သည် ပြည့်ရှင် မင်းကြီးနှင့် တူ၏၊ ကြွင်းသော စေတသိက်တို့ သည် စားတော်ကဲနှင့် တူကုန်သတည်း။

၂-၈။ ။အာရမ္မဏ ရသာနုဘဝနဋ္ဌာနံ ပတ္ဂာ သေသသမ္ပယုတ္တ ဓမ္မာ ဧကဒေသမတ္တမေဝ အနုဘဝန္တိ။ပ။ ဧကံသတော ပန ဣဿရဝတာယ သာမိဘာဝေန ဝေဒနာဝ အာရမ္မဏ ရသံ အနုဘဝတိ။ ရာဇာဝိယ ဟိ ဝေဒနာ၊သူဒေါဝိယ သေသဓမ္မာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၂-၈။ ။အာရမ္မဏရသာနုဘဝနဋ္ဌာနံ၊ အာရုံ၏ အရသာကို ခံစားခြင်းဌာနသို့။ ပတ္ဂာ၊ ရောက်၍။ သေသသမ္ပယုတ္တဓမ္မာ၊ ဝေဒနာမှ ကြွင်းသော သမ္ပယုတ်တရားတို့သည်။ ဧကဒေသ မတ္တမေဝ၊ တစိတ်တဒေသမျှကိုသာလျှင်။ အနုဘဝန္တိ၊ ခံစားကုန်၏။ ပ။ ပန၊ အထူးကိုဆိုဦးအံ့။ ဧကံသ တော၊ ဧကန်ဧကန်အားဖြင့်။ ဝါ၊ အနဝသေသ အကြွင်းအားဖြင့်။ ဣဿရဝတာယ၊ အစိုးရခြင်းရှိသည် အဖြစ်ကြောင့်။ ဝိသဝိတာယ၊ သိုက်သည်အဖြစ်ကြောင့်။ ဝါ၊ စွမ်းနိုင်သည် သဘောရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ အလိုအလျောက် ပြုနိုင်ခြင်း ရှိသည်၏အဖြစ်ကြောင့်။ သာမိဘာဝေန၊ အရှင်၏ အဖြစ်ကြောင့်။

န ဝေဒနာဝိယ ဖဿာဒီနမ္ပိ ယထာ သက ကိစ္စ
ကရဏေန သာမိဘာဝါနုဘဝနံ စောဒေတဗ္ဗံ။

မူလဋီကာ။

---

## ဆောင်ပုဒ်

က။ မိမိကိစ္စ၊ငဲ့ကွက်ရ၍၊ ဖဿစသား၊ စေသိက်များမှာ၊ ကောင်းစွာ
အာရုံ၊မစံတုံ၊ ကင်းကုန် ဝေဒနာ အမည်တည်း။

ခ။ ။ဝေဒနာသာ၊ ရာဇာသွင်တူ၊ စိုးမှုပိုင်နင်း၊ ခံစားခြင်းကြောင့်၊
သညီဖြောင့်၊ မှတ်မောင့်- ဝေဒနာ မည်သတည်း။

---

## အနုဘဝန အဓိပ္ပါယ်

ဝေဒနာသည် အာရုံအရသာကို ခံစားခြင်း အနုဘဝန ကိစ္စရှိ၏ ဆိုရာ သုခဝေဒနာမှုကား အာရုံအရသာကို ခံစားခြင်းသည် သင့်တန်ရာ၏။ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ၂-ပါးကား အသို့ သင့်နိုင်ပါအံ့နည်း ဟူမူ။

ယံ ခေါ ဘိက္ခဝေ ဣမေ ပဉ္စကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ
သုခံ သောမနဿံ၊ အယံ ဝုစ္စတိ ကာမာနံ အဿာဒေါ။

ပါဠိတော်အရ၊ အဿာဒပစ္စုပဋ္ဌာနာ- ဟု အဋ္ဌကထာဆရာ ဘွင့်ဆိုလျက်လည်း ရှိသောကြောင့် သာယာမှု အဿာဒ တရားဟူသည် သုခဝေဒနာ, သောမနဿဝေဒနာ ၂-ပါးသာ ဖြစ်သင့်သည် မှန်ပါ၏၊သို့သော် အနုဘဝန ၏ အရ ခံစားခြင်း သာမည ဝေဒယိတ သဘောကိုလည်း အနုဘဝန ဟု ယူ၍ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ ၂-ပါးကိုလည်း အနုဘဝန ကိစ္စရှိ၏-ဟုပင် ဆိုအပ်ပါသတည်း။

---

ဝေဒနာဝ၊ ဝေဒနာသည်သာလျှင်။ အာရမ္မဏရသံ၊ အာရုံ့အရသာကို။ အနုဘဝတိ၊ ခံစား၏။ ဟိ၊ လောကုပမာ၊ မှန်ကန်ရုန်း၍။ သိသာစေလို၊ ဆိုပေအံ့။ ဝေဒနာ၊ ဝေဒနာသည်။ ရာဇာဝိယ၊ မင်းနှင့် တူ၏။ သေသခန္ဓာ၊ ဝေဒနာမှ ကြွင်းသော တရားတို့သည်။ သူဒေါဝိယ၊ အရှင်၏ အဖြစ်ဖြင့် အာရုံ၏ အရသာကို ခံစားခြင်းကဲ့သို့။ ဖဿာဒီနံ၊ ဖဿစသည်တို့၏လည်း။ ယထာ သကကိစ္စကရဏေန၊ အကြောင်းအကြောင်း မိမိ၏ဥစ္စာဖြစ်သော ကိစ္စကို ပြုခြင်းဖြင့်။ ဝါ၊ ကြောင့်။ သာမိဘာဝါနုဘဝနံ၊ အရှင်၏ အဖြစ်ဖြင့် အာရုံ အရသာကို ခံစားခြင်းကို။ နစောဒေတဗ္ဗံ၊ မစောဒနာအပ်။
(ဤကား မူလဋီကာအနက်)

**မှတ်ချက်။** ။ဥဋ္ဌာရုံ၌ သာယာ ခံစားမှုသည် ဒုသာဒ မည်၏။ ။ ဣဋ္ဌာရုံဖြစ်စေ,အနိဋ္ဌာရုံဖြစ်စေ ကောင်းဆိုး ၂-ပါးကိုပင် ခံစားမှုသည် ဝေဒယိတ-မည်၏ဟု မှတ်။
ဝေဒယိတသဘာဝေါ ဝေ ဟိ အနုဘဝနန္တိ။
မူလဋီကာ။

---

## သညာ အဓိပ္ပါယ်

နီလာဒိဘေဒံ အာရမ္မဏံ သဉ္ဇာနာတီတိ သညာ။

ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ နီလာဒိဘေဒံ၊ အညို စသည် အပြားရှိသော။ အာရမ္မဏံ၊ အာရုံကို။ သဉ္ဇာနာတိ၊ အမှတ်ပြု၍ သိတတ်၏။ဣတိ၊ကြောင့်။သာ ဓမ္မဇာတိ၊သည်။သညာ၊သညာမည်၏။

သဉ္ဇာနနလက္ခဏာ သညာ၊ ပုန သဉ္ဇာနနပစ္စယနိမိတ္တ ကရဏရသာ၊ ယထာ ဂဟိတ နိမိတ္တဝသေန အဘိ နိဝေသ ကရဏပစ္စုပဋ္ဌာနာ။ယထာ ဥပဋ္ဌိတ ဝိသယ ပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သညာ၊သညာစေတသိက်သည်။ သဉ္ဇာနနလက္ခဏာ၊ အမှတ်ပြု၍သိခြင်း လက္ခဏာရှိ၏။ ပုန သဉ္ဇာနနပစ္စယ နိမိတ္တကရဏရသာ၊ ကဖန် သိခြင်း၏ အကြောင်းဖြစ်သော အညို,အရွှေအစရှိသော အမှတ်ကို ပြုခြင်းကိစ္စရှိ၏။ ယထာ ဂဟိတ နိမိတ္တဝသေန၊ ယူဘူးသော အကြင် အကြင် သို့သော အမှတ်၏ အစွမ်းဖြင့်။ အဘိနိဝေသကရဏပစ္စုပဋ္ဌာနာ၊ နှလုံးသွင်းခြင်းကို ပြုခြင်းလျှင် ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ ယထာ ဥပဋ္ဌိတ ဝိသယပဒဋ္ဌာနာ၊ ထင်ကိုင်းသော အကြင် အကြင် သို့သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။ ။တစုံတခုသော အမှတ်အသားဖြင့် အညို, အရွှေ,အဖြူ,အကြောင်,အကြား,အကို,အချည် စသော အာရုံကို နောက် ထပ်တဖန် သိကိုရန် အမှတ်ပြု၍သာ သိတတ်သော သဘောသည် သညာ မည်၏။ ။ဤသို့လျှင် သညာသည် အထပ်ထပ် အမှတ်ပြု၍ ဖြစ်သော ကြောင့် စွဲမြဲနိုင်ဘည်ခြင်း အဖြစ်သို့ ရောက်၍ အသက်ဆက်ဆုံး,ကမ္ဘာ

သခေါ် လွန်သော်သည်း သတ္တဝါတို့အား မမေ့နိုင်ဘဲ အမြဲသတိရလျက် သိလျက်ရှိနေလေ၏။

---

## အမှတ်ပြု၍ သိပုံအဓိဋ္ဌာယ်

သညာသည် အမှတ်ဖြင့်သာ သိတတ်၏၊အမှတ်မရှိက မသိတတ်ချေ။ နောက်ထပ် ထဖန်လည်း အမှတ်ပြုတတ်, မှတ်မိတတ်၏၊ ။ဥပမာ ဆိုသော်····လက်သမားသည် ဘစ်သား၌ ဤနေရာကား အောက်,ဤနေရာကား အထက်-ဟု နောက်ထပ်တဖန် သိနိုင်ခြင်း၏ အကြောင်းဖြစ်သော တမျည်းချည် မြေဖြူ စသည်တို့ဖြင့် ရေးခြစ်အပ်သော အမှတ်အသားကို ပြုပြီး၍ နောက်တခါ လက်သမားသည် ၎င်းအမှတ်အသားဖြင့်ပင် အထက် အောက် စသည်ကို သိဘိသကဲ့သို့၎င်း တစုံတယောက်သော သူ၏ မျက်နှာ၌ မှဲ့အမှတ်ရှိလေရာ ၎င်းမှဲ့အမှတ်ဖြင့်သာ များစွာသော လူအပေါင်း၌ပင် နေသော်လည်း နောက်အခါ မှဲ့အမှတ်ကို မှတ်မိ၍ ဤသူကား မည်သူပင် တည်းဟု မှတ်မိဘိသကဲ့သို့၎င်း၊ မင်း၏ ဘဏ္ဍာစိုး အမတ်သည် မင်း၏ အဝတ်တန်ဆာ ဘဏ္ဍာတော်အမျိုးမျိုးကို နောက်အခါသိနိုင်ရန် ကမ္ပည်း လိပ်စာရေး၍ မှတ်သားထားလျက် မင်းကြီးသည် ဤမည်သော ဘဏ္ဍာတော် ကို ယူဆောင်စေသောအခါ ရတနာ တိုက်ခန်း အတွင်းသို့ဝင်၍ ကမ္ပည်း စာကို ဘတ်ခါ အလိုရှိရာ ဘဏ္ဍာတော်ကို ယူဘိသကဲ့သို့၎င်း၊ သညာသည် ဖြစ်ပေါ်လာသည်ရှိသော် နောက်အခါ သိနိုင်ခြင်း၏ အကြောင်းဖြစ်သော အညို,အရွှေ,အတို, အရှည်စသော အခြင်းအရာကို အမှတ်ပြု၍ ဖြစ်ပေါ် လေသတည်း။

**တနည်း**။ ။သညာသည် ယူဘူး, မှတ်ဘူးသော အကြင် အကြင်သို့ သော အမှတ်၏ အစွမ်းဖြင့် စွဲစွဲမြဲမြဲ မှတ်သားတတ်၏။ ဤကြောင့် ဆင်၏ ပုံပန်းကို ပြကြသော သူကန်းတို့နှင့် တူ၏။ တူပုံကား···· တယောက် သော သူသည် သူကန်း ၃-ယောက်တို့ကို ဆင်ဟူသည် အဘယ်သို့ နည်း-ဟု မေးအပ်ကုန်သည် ရှိသော် ဆင်ကို မမြင်ဘဲလျက် လက်ဖြင့် ဆင်၏ ခြေထောက်ကို စမ်းဘူးသော သူကန်း တယောက်သည် ဆင် ဟူသည် ဆုံခြေနှင့် တူ၏ဟု ဆို၏။ နားကို စမ်းဘူးသော သူကန်း

တယောက်ကား ဆင်ဟူသည် မန်းဝန်းကဲ့သို့၊ ဝါ၊ စကောဝန်းကဲ့သို့ ဟု ဆို၏။ ။အမြီးဖျားကို စမ်းဘူးသော သူကန်း တယောက်ကား ဆင်ဟူသည် တံမြက်စွန်းကဲ့သို့ ဟု ဆို၏။ ။ဤကဲ့သို့ သူကန်း တို့သည် မမေးမီ ရှေးအဘို့ကာလ၌ အသီးသီး ယူဘူး, မှတ်ဘူးတိုင်းသော အမှတ်သညာ်တဖြင့် ဆင်၏ သဘောကို ညွှန်ပြ ပြောဆိုဘိ သကဲ့သို့ သညာသည်လည်း မှတ်ဘူး, ယူဘူးသော အမှတ်ဖြင့်သာ သိတတ်၏။ ။ဟူလို။

**တနည်း**။ ။သညာသည် ထင်မြင် လာသော အာရုံကို မစူးစမ်း မဆင်ခြင်ဘဲ ထင်လာသော အတိုင်းသာ သိတတ်၏။ ။ထို့ကြောင့် ယာခင်း စသည်၌ မြက်ကောက်ရိုးတို့ဖြင့် ပြုလုပ်ထားသော ကောက်ရိုး လူရုပ်ကို အဟုတ်အဟတ် လူဟုထင်သော တောသမင်နှင့် တူ၏။

၂-၁၀။ ။ယထာ ဂဟိတ နိမိတ္တ ဝသေန အဘိနိဝေသ ကရဏ
ပစ္စုပဋ္ဌာနာ၊ ဟတ္ထိ ဒဿကအန္ဓာ ဝိယ။ယထာ ဥပဋ္ဌိ
တ ဝိသယ ပဒဋ္ဌာနာ၊ တိဏပုရိသကေသု မိဂပေါတ
ကာနံ ပုရိသာတိ ဥပ္ပန္နသညာဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၂-၉။ ။တဿာ ဝဓုကိဿ ဒါရုမှိ အဘိညာဏံ ကတ္ဂွာ ပုန
တေန အဘိညာဏေန တံ ပစ္စာဘိဇာနနကာလေ။ပ။
တဿ တဿေဝ ဝိဇ္ဇနဿ အာဟာရဏကာလေ စ
ပဝတ္တိ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၂-၁၀။ ။ယထာ ဂဟိတ နိမိတ္တဝသေန၊ ယူအပ်မှတ်အပ်သော အကြောင်း အကြောင်းနှင့်သော အမှတ်၏ အစွမ်းဖြင့်။ ဝါ၊ ယူအပ်ပြီး မှတ်အပ်ပြီးသော အမှတ်၏ အစွမ်းအားဖြင့်။ အဘိနိဝေသ ကရဏပစ္စုပဋ္ဌာနာ၊ ဤသည်သာလျှင် အမှန် ဟု အမှားကို နှလုံးသွင်းခြင်းကို ပြုခြင်းလျှင် ညာဏ်အားဖြင့်ရှေးရှုထင်သောအခြင်းအရာရှိ၏။ ဟတ္ထိဒဿကအန္ဓာဝိယ၊ ဆင်ခြေ, မန်းဝန်း, တံမြက်စွန်းဖြင့် ဆင်ကြည့်ဖူးသော သူကန်း တို့ကဲ့သို့တည်း။ ယထာ ဥပဋ္ဌိတဝိသယပဒဋ္ဌာနာ၊ ထင်တိုင်းသော အကြောင်းအကြောင်းနှင့်သော အာရုံလျှင် နီးသော အကြောင်း ရှိ၏။ တိဏပုရိသကေသု၊ မြက်ဖြင့် လုပ်သော လယ်စောင့် ယောက်ျားရုပ်တို့၌။ မိဂပေါတကာနံ၊ သမင်ငယ်တို့၏။ ပုရိသောတိ၊ လယ်စောင့်ယောက်ျားဟူ၍။ ဥပ္ပန္နသညာဝိယ၊ ဖြစ်သော အမှတ်ကဲ့သို့တည်း။

## ဉာဏဝိပ္ပယုတ် သညာနှင့် သမ္ပယုတ် သညာ အထူး

ဧင်းသညာ စေတသိက်သည် ဉာဏဝိပ္ပယုတ် စိတ်၌လည်း ယှဉ်၏။ ဉာဏသမ္ပယုတ် စိတ်၌လည်း ယှဉ်ခဲ့၏၊ ။အသို့ ထူးပါသနည်း ဟူမူ။ ။ ဉာဏ ဝိပ္ပယုတ် ဖြစ်သော စိတ်ကား၊ ဉာဏ်ပညာ မပါမရှိသဖြင့် သညာ၏ အစွမ်းက ပြဓာန်းသောကြောင့် သညာ အတိုင်းသာလျှင် စိတ်သည် အစဉ် လိုက်၍ ဖြစ်ရလေသတည်း။ ဉာဏသမ္ပယုတ် စိတ်သည်ကား ဉာဏ်ပညာ ပါရှိသဖြင့် ပညာက ပြဓာန်းသောကြောင့် သညာသည် အဗ္ဗောဟာရိက ဖြစ်၍ ဉာဏ်သို့ သာလျှင် အစဉ် လိုက်၍ စိတ်သည် ဖြစ်ပေါ်ရလေ၏။ သညာအတွက် မှားသော နှလုံးသွင်းခြင်း စသည် မဖြစ်နိုင်၊ ။ဟူလို။

၂-ဈ။ ။ယာ ပနေတ္ထ ဉာဏသမ္ပယုတ္တာ ဟောတိ၊
သာ သညာ ဉာဏမေဝ အနုဝတ္တတိ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဉာဏမေဝ အနုဝတ္တတိ၊ တသ္မာ အတိနိဝေသ
ကာရိကာ ဝိပရီတဂ္ဂါဟိကာ စ န ဟောတီတိ
အဓိပ္ပါယော။

မူလဋီကာ။

---

သင်္ခိပ်ချက်

က။ ။ဝိပ္ပယုတ်တွင်၊ သညာယှဉ်၊ ယင်းလျှင် ပြဓာန်းလေသတည်း။
ခ။ ။သမ္ပယုတ်မှာ၊ ယင်းသညာ၊ ပညာ နောက်သို့ လိုက်မြဲတည်း။

---

၂—ဂ။ ။[illegible]

(ဤကား—အဋ္ဌကထာအနက်)

၂—ဃ။ ။ဉာဏမေဝ၊ ဉာဏ်သို့ သာလျှင်။ [illegible]

(ဤကား-မူလဋီကာအနက်)

## သညာ၏ ပြဲခေါ်နိုးသော တရားသို့ အစဉ်လိုက်ပုံ အဒိပ္ပါယ်

သညာစေတသိက်သည် ညဏ်ယှဉ်သော ညဏသမ္ပယုတ် စိတ်၌ကား ညဏ်သို့ အစဉ်လိုက်၏ ဟူရာဝယ် ပရမတ္ထတရား တပါးသည် မိမိသဘာဝ အတိုင်းသာ ဖြစ်သည်မဟုတ်ပါလော၊ အသို့လျှင် တရားတပါးသို့ လိုက်နိုင်ပါမည်နည်းဟူမူ၊ သသင်္ခါရပထဝီ စသည်တို့၌ ပထဝီမှကြွင်းသော တရားတို့သည် ပထဝီဓာတ်စသည်တို့သို့ အစဉ်လိုက်ကုန်သကဲ့သို့ သိမှုတရားတို့တွင် သညာသိသည် သာမညသိမှုဖြစ်၍ ဝိသေသ သိမှုတရားနှင့် ယှဉ်တွဲလိုက်သည်ရှိသော် ဝိသေသသိမှုဖြစ်သော ပညာကသာ လွှမ်းမိုး သွားသဖြင့် ပညာသို့သာ အစဉ်လိုက်၏ဟု မှတ်။

(သညာသိ-ပညာသိ-စသည်တို့၏အထူးသည် နောက်၌ ထင်ရှားလတ္တံ့)။

သညာသည် ပညာသို့သာ အစဉ်လိုက်သည် မဟုတ်သေး၊ သမာဓိနှင့် ယှဉ်သော အခါ၌လည်း သမာဓိသို့သာ အစဉ်လိုက်ရ၏၊ အစဉ်လိုက် ဟူသည် သမာဓိသည် အာရုံ၌ တည်ကြည်ခြင်းသဘောရှိသဖြင့် သညာ အတွက် မကြာမြင့်သော တည်ကြည်ခြင်း မဖြစ်နိုင်။ ။ဟူလို။

၂-ည။ ။သသင်္ခါရ ပထဝီအာဒီသု သေသဓမ္မာ
ပထဝီအာဒီနိ ဝိယာတိ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဧတေနုပါယေန သမာဓိသမ္ပယုတ္တာယ အစိရ ဝုဋ္ဌာန
တာ စ န ဟောတီတိ ဒဋ္ဌဗ္ဗာ။

မူလဋီကာ။

ဧတေနုပါယေနာတိ ယထာဉာဏပ္ပဋ္ဌာနေ စိတ္တုပ္ပါဒေ
သညာ ဉာဏံ အနုဝတ္တတိ၊ ဧဝံ သမာဓိပ္ပဋ္ဌာနေ သမာ
ဓိန္တိ ဒဿေတိ။

အနုဋီကာ။

---

၂-ည။ ။သသင်္ခါရ ပထဝီအာဒိသု၊ သသင်္ခါရပထဝီ-စသည်တို့၌။ သေသဓမ္မာ၊ ပထဝီမှကြွင်းသော တရားတို့သည်။ ပထဝီအာဒီနိ၊ ပထဝီဓာတ်စသည်တို့သို့။ [illegible]

(ဘဋ္ဌ [illegible])

1. coordinate, organize and inspire / and urge or instigate, prompt / others to perform their fund
2. It conditions or it brings about a certain result.



## စေတနာ အဓိပ္ပါယ်

သမ္ပယုတ္တဓမ္မေ စေတေတီတိ စေတနာ။

ယာ ဓမ္မဇာတိ၊အကြင် တရားသဘောသည်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ် တရားတို့ကို။ စေတေတိ၊ စေ့ဆော်တတ်၏။ ဣတိ၊ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။စေတနာ၊စေတနာ မည်၏။ ။သဟဇာတစေတနာ ရ၏။

သင်္ခတာဘိ သင်္ခရဏေ စေတေတိ
ဗျာပါရံ အာပဇ္ဇတီတိ ဝါ စေတနာ။

ဝါ၊တနည်းကား၊ယာ ဓမ္မဇာတိ၊သည်။ သင်္ခတာဘိသင်္ခရဏေ၊ သင်္ခတ တရားတို့ကို ပြုပြင် စီရင်ရာ၌။ ဗျာပါရံ၊ အားထုတ်ခြင်းသို့။ စေတေတိ အာပဇ္ဇတိ၊ရောက်တတ်၏။ဣတိ၊ကြောင့်။ သာ ဓမ္မဇာတိ၊သည်။ စေတနာ၊ စေတနာ-မည်၏။ ။နာနက္ခဏိက စေတနာ ရ၏။

သာ စေတယိတလက္ခဏာ အာယူဟနရသာ၊
သံဝိဒဟနပစ္စုပဋ္ဌာနာ၊သဟဇာတဓမ္မပဒဋ္ဌာနာ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

သာ စေတနာ၊ ယိုစေတနာ စေတသိက်သည်။ စေတယိတလက္ခဏာ၊ စေ့စပ်နှိုးဆော်ခြင်း လက္ခဏာရှိ၏။ အာယူဟနရသာ၊ သမ္ပယုတ် တရားတို့ကို မိမိတို့ကိစ္စ၌ ဖရိုဖရဲမရှိစေမူ၍ စည်းဝေးစုရုံးကာ အားထုတ်စေခြင်း ကိစ္စရှိ၏။ သံဝိဒဟနပစ္စုပဋ္ဌာနာ၊ စီရင်တတ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။သဟဇာတဓမ္မပဒဋ္ဌာနာ၊သမ္ပယုတ်ဖြစ်သော တရားအပေါင်းလျှင် နီးစွာသော အကြောင်း ရှိ၏။ ။ဤ စေတနာ စေတသိက်သည် မိမိနှင့် အတူတကွ ဖြစ်သော သမ္ပယုတ် တရားတို့ကို ထိုထို အာရုံ-ထိုထို ကိစ္စတို့၌

အဘိဓမ္မာပါဠိတော်၌ ညွှန်းသောနည်းဖြင့်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်-နှင့်ယှဉ်သော တရားတို့။ အစိရုန္နေန၊ မကြာမြင့်သော ကာလ်ရှိသည်၏ အဖြစ်သည်လည်း။ နှုတေတိ၊ မပြစ်၊ ရွတိ၊ဤသို့။စေတိဘဋ္ဌားတီ။

(ဤကား-မူလဋီကာအဖွင့်)

အဘိဓမ္မာပါဠိတော်၌ အဘိဓမ္မာပါဠိဟူသော ပါဠိဖြင့်။ ဥဒ္ဒေသနေ၊ ပြဆိုအပ်သော တရားတို့။ ...

(ဤကား အနုဋီကာအဖွင့်)

အညီ အညွတ် စည်းလုံး စုဝေးကာ မိမိတို့၏ သဘော သဘာဝ သတ္တိ အားလျော်စွာ ဆောင်ရွက်ကြဖို့စေရန် နှိုးဆော်တိုက်တွန်းသော သဘော တရားဖြစ်၏။

---

## စေတနာနှင့် ဝေဒနာ,သညာ စသော ကြွင်းသော စေတသိက်တို့၏ အထူး

စေတနာသည် အလုံးစုံသော သမ္ပယုတ်တရားတို့ကို စေ့စပ် နှိုးဆော်ခြင်း ကိစ္စရှိ၏ဆိုသော် ကြွင်းသော ဝေဒနာ,သညာ စသော စေတသိက်တို့ သည်လည်း မိမိတို့၏ ဝေဒိယန စသော ကိစ္စတို့၌ လေ့လာကုန် စေ့စပ် နှိုးဆော်ကုန်သည် ဖြစ်၍ စေတနာပင် မည်သင့်သည် မဟုတ်ပါလော၊ အဘယ်သို့ ထူးပါသနည်း ဟူမူ။ ကြွင်းသော ဝေဒနာ သညာ စသော စေတသိက်တို့သည်လည်း မိမိတို့၏ ကိစ္စ၌ လေ့လာနှိုးဆော်သည် မှန်၏။ သို့သော် ၎င်းကြွင်းသော စေတသိက်တို့သည် သူတပါးတို့၏ ကိစ္စ၌ကား စေ့စပ် နှိုးဆော်သည် မရှိ၊ မနှိုးဆော်နိုင်၊ စေတနာကား မိမိကိစ္စ၌၎င်း၊ ကြွင်းသော သမ္ပယုတ်တရားတို့၏ကိစ္စ၌၎င်း၊ စေ့စပ်နှိုးဆော်တတ်၏။ ဤသို့ ထူးပါ သတည်း။ ။ထို့ကြောင့် ၎င်း စေတနာသည် စစ်ဗိုလ်မှူးကြီး, တပည့်ကြီး, လက်သမားကြီးစသည်တို့နှင့် တူကုန်၏ ဟုမှတ်။

၂-၄။ ။သာ ပနေသာ သံဝိဒဟနပစ္စုပဋ္ဌာနာ၊
သံဝိဒဟမာနာ ဟိ အယံ ဥပဋ္ဌာတိ။
သကိစ္စပရကိစ္စသာဓကာ ဇေဋ္ဌသိဿ
မဟာဝဍ္ဍကီအာဒယော ဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၂-၄။ [illegible]

## ခစ်ဓိုလ်မှူး တပည့်ကြီး ဥပမာ

ဝင်းစေတနာ စေတသိက်၏ နှိုးဆော်တိုက်တွန်းပုံကို သိသာ ထင်ရှား စေရန် ဗိုလ်မှူးဥပမာ, လက်သွားဆရာ၏ တပည့်ကြီးများဥပမာ, လယ်ရိပ် ယောက်ျား ဥပမာအားဖြင့် အဋ္ဌကထာ ဆရာ ဘွင့်ပြတော်မူပေ၏။ ။ ထို့ကြောင့် စေတနာ၏ နှိုးဆော်တိုက်တွန်းပုံသည် ဗိုလ်မှူး တပည့်ကြီး စသည်နှင့် ပမာ တူပေ၏။

တူပုံကား ဝင်းဗိုလ်မှူး စစ်ကဲတို့သည် သူပုန် ရန်သူတို့ကို ပြိုပျက်စေခြင်းငှါ မိမိတို့လည်း တိုက်ကုန်၏၊ မိမိနှင့် အတူတကွ ပါသော လက်နက်ကိုင် ရဲမက် ငယ်သား စစ်သည်တော်များကိုလည်း တိုက်စေခြင်းငှါ စေ့ဆော် တိုက်တွန်း ပေးကုန်သကဲ့သို့ရင်း။ ။တနည်း။ ဆရာကြီးကို မှီ၍နေသော လက်ထောက် တပည့်ကြီးဘည် မိမိလည်း သင်အံ မှတ်သား၏။ မိမိနှင့်အတူ တကွ သင်ဘော်သင်ဘက် ဖြစ်ကုန်သော ရှင်ငယ်, လူငယ် တို့ကိုလည်း စာပေ ကျမ်းဂန်, သင်အံ မှတ်သားကြစေခြင်းငှါ နှိုးဆော် တိုက်တွန်း သကဲ့သို့ရင်း၊ ဤသို့လျှင် စေတနာသည် သမ္ပယုတ် တရားတို့ကို နှိုးဆော် တိုက်တွန်းတတ်၏။ ။ဟူလို။

ထိုစေတနာ၏ ကြောင့်ကြတခု ဂရုကတ ဗျာပါရ စိုက်မှုကြောင့် မိမိနှင့်အတူ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကုန်သော သမ္ပယုတ် တရားတို့သည် မိမိတို့၏ ဆောင်ရွက်ဘွယ် ကိစ္စတို့ကို အသီးသီး ဆောင်ရွက် ကြကုန် လျက် တခုခုသော ရူပါရုံကို မြင်သောကိစ္စ၊ သဒ္ဒါရုံကို ကြားသောကိစ္စ၊ ကုသိုလ်ကိစ္စ,အကုသိုလ်ကိစ္စ အဝဝတို၌ ကိစ္စအားလျော်စွာ ညီညီညာညာ ဖြစ်ကြကုန်၏ ဟု မှတ်။

> ယထာ ဟိ ဇေဋ္ဌသိဿော ဥပဇ္ဈာယံ ဒူရတောဝ အာဂစ္ဆန္တံ ဒိသွာ သယံ အဓိယမာနော ဣတရေပိ ဒါရကေ အတ္တနော အတ္တနော အဇ္ဈာယနေ ကမ္မေ ပဝတ္တယတိ။ပ။ တေန ဝုတ္တံ သကိစ္စ ပရကိစ္စသာဓကာ ဇေဋ္ဌသိဿ မဟာ ဝဍ္ဎကီအာဒယောဝိယာတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

**ဆောင်ပုဒ်**

ဗိုလ်မှူး,လည်သီး၊ တပည့်ကြီးနှင့်၊ အပြီးတူလတ်၊ နှိုးဆော်တတ်၊ မှတ်လေ-စေတနာ။

---

**ဇီဝိတိန္ဒြေ အဓိပ္ပာယ်**

ဇီဝန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ ဇီဝိတံ။

ဧတေန၊ ထိုတရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မာ၊ သမ္ပယုတ် တရားတို့သည်။ ဇီဝန္တိ၊ ရှင်တတ်ကုန်၏။ ဣတိ၊ ဤသို့ရှင်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုတရားသဘောသည်။ ဇီဝိတံ၊ဇီဝိတ-မည်၏။

စိတ် အစဉ်သည် အဘန်တလဲလဲပင် ချုပ်သော်လည်း ထို ဇီဝိတ၏ အစွမ်းဖြင့် ခန္ဓပရိနိဗ္ဗာန် စံဝင်သည်တိုင်အောင် မပြတ်မစဲ အမြဲဖြစ်နေမှုဟု ဆိုအပ်သော အသက် ရှင်ခြင်း၏ အကြောင်း တရားသည် ဇီဝိတ မည်၏။ ။ဟူလို။

အနုပါလနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

အနုပါလနလက္ခဏေ၊ သဟဇာတ်တရားတို့ကို အစဉ်စောင့်ရှောက်ခြင်း လက္ခဏာ၌။ ဣန္ဒဋ္ဌံ၊ အစိုးရသည်၏ အဖြစ်ကို။ ကာရေတိ၊ ပြုတတ်၏။ ဣတိ၊ထို့ကြောင့်။ဣန္ဒြိယံ၊ဣန္ဒြိယ-မည်၏။

သဟဇာတ် တရားတို့၏ ဖြိုကွဲပျက်စီး ချုပ်ငြိမ်း၍ မသွားစေဘဲ မိမိတို့၏ လက္ခဏာအားလျော်စွာ အမြဲမပြတ် ဖြစ်နေမှုကိုပင် အသက်ရှင်နေ၏ဟု ဆိုရ၏။ ထိုအသက်ရှင်နေမှု ကိစ္စ၏ အကြောင်းရင်းကား ဇီဝိတပင် ဖြစ်၏။ ဇီဝိတ စေတသိက်ကြောင့်သာ အသက် ရှင်နေလေ၏။ ဇီဝိတ စေတသိက်သာ မရှိပါက အသက်မရှင်နိုင်ရာ၊ ထိုကြောင့် ထိုအသက်ရှင်နေသော ကိစ္စ၌ ဇီဝိတသည် လိုရင်းဖွဲ့ အစိုးတရ အကြီးအကဲလည်း ဖြစ်သောကြောင့် ဣန္ဒြိယလည်း မည်၏။ ။ဟူလို။

ဇီဝိတဉ္စ တံ ဣန္ဒြိယဉ္စာတိ ဇီဝိတိန္ဒြိယံ။

ဇီဝိတဉ္စ၊ သမ္ပယုတ်တရားတို့၏ အသက်ရှင်သော အကြောင်းလည်း။ ဟောတိ၊ ၏။ တံ၊ ထိုအသက်ရှင်ကြောင်း ဟူသည်။ ဣန္ဒြိယဉ္စ၊သမ္ပယုတ် တရားတို့ကို အစိုးရသည်လည်း။ ဟောတိ၊၏။ ဣတိ၊ကြောင့်။ ဇီဝိတိန္ဒြိယံ၊

ဇီဝိတိန္ဒြေမည်၏။အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် သတ္တဝါတို့၏သန္တာန်၌ နာမ်တရားတို့၏ အစဉ်မပြတ် ဖြစ်နေမှု, အသက်ရှင်မှု၌လိုရင်းစွဲ အကြောင်းရင်းလည်းဖြစ် အကြီးအကဲလည်း ဖြစ်သောကြောင့် ဇီဝိတိန္ဒြေ မည်၏ဟူလို။

အနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ၊ တေသံ ပဝတ္တနရသံ၊
တေသံယေဝ ထပနပစ္စုပဋ္ဌာနံ၊ ယာပိတဗ္ဗဓမ္မပဒဋ္ဌာနံ။ ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

ဇီဝိတိန္ဒြိယံ၊ သည်။ အနုပါလနလက္ခဏံ၊ သမ္ပယုတ် တရားတို့ကို- အစဉ်စောင့်ခြင်း လက္ခဏာရှိ၏။ တေသံ၊ ထိုမိမိနှင့် တကွဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကိုသာလျှင်။ ပဝတ္တနရသံ၊ဖြစ်စေခြင်း ကိစ္စရှိ၏။တေသံယေဝ၊ ထိုသဟဇာတ် တရားတို့ကို သာလျှင်။ ထပနပစ္စုပဋ္ဌာနံ၊ တည်စေခြင်း ထားစေခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ယာပိတဗ္ဗ ဓမ္မပဒဋ္ဌာနံ၊ မိမိ စောင့်ရှောက်ခြင်း၏ အစွမ်းဖြင့် မျှစေအပ် တည်စေအပ်သော သဟဇာတ် ဖြစ်သော ရုပ်နာမ်တရားအပေါင်းလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

၂-၅။ ။ဇီဝိတိန္ဒြိယဿ ဟိ အတ္တနော ဝိဇ္ဇမာနက္ခဏေ အနုပါ လေန္တဿ၊အနန္တရဥ္စ သာနုပါလနာနံ ဥပ္ပတ္တိယာ ဟေတု ဘူတဿ ဝသေန ပဝတ္တံ စိရဋ္ဌိတိကံ ဟောတိ။ပ။ ယာဝ ပရိနိဗ္ဗာနံ အဝိစ္ဆိန္နံ ပဝတ္တတိ။
မူလဋီကာ။

---

## စောင့်ရှောက်သဖြင့် ရုပ်နာမ်တည်နေပုံ တစ်ပုံဥပမာ

ဇီဝိတိန္ဒြေ စေတသိက်နှင့် ကြွင်းသော သမ္ပယုတ်ဖြစ်သော စိတ်,စေတသိက် တရားတို့သည် အတူတကွ ဖြစ်ရာဝယ် အဘယ်သို့ စောင့် ရှောက်ပါသနည်း၊ စောင့်ရှောက်သဖြင့် အဘယ်မျှ အသက်ရှည်စွာ ခိုင်ခံ့ တည်တံ့ ပါသနည်း ဟူမူ စောင့်ရှောက်မှုသည် မုချ စောင့်ရှောက်မှု,

---

၂-၅။ ။ဟိ၊မှန်၏၊ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနက္ခဏေ၊ ထင်ရှားရှိသောခဏ၌။ အနုပါ လေန္တဿစ၊ အစဉ်စောင့်ရှောက်သည်လည်းဖြစ်သော။ အနန္တရံ၊ မိမိချုပ်သည်မှ အခြားမဲ့ ဖြစ်သော ကာလ၌။ သာနုပါလနာနံ၊ ဇီဝိတိန္ဒြေနှင့် တကွဖြစ်ကုန်သော ရုပ်နာမ် တရားတို့၏။ ဥပ္ပတ္တိယာ၊ဖြစ်ခြင်း၏။ဟေတုဘူတဿစ၊ အကြောင်းဖြစ်၍ ဖြစ်ထသော။ ဇီဝိတိန္ဒြိယဿ၊၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပဝတ္တံ၊ ဖြစ်ပါမှုကား။ စိရဋ္ဌိတိကံ၊ ကြာမြင့်စွာ တည်နိုင်သည်။ ဟောတိ။ပ။ ယာဝ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန် စံဝင်သည်တိုင်အောင်။ အဝိစ္ဆိန္နံ၊ မပြတ်မလတ်။ ပဝတ္တတိ၊ဖြစ်လေ၏။

အဆက်ဆက် စောင့်ရှောက်မှု ဟူ၍ ၂-မျိုး ရှိ၏။ ။ထို ၂-မျိုးတို့တွင် ဇီဝိတိန္ဒြေ စေတသိက်သည် မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့ကို ဥပါဒ်မှစ၍ ဘင်တိုင်အောင် ခဏတ္တယ ကာလအတွင်း၌ မပျက်စီးအောင် စောင့်ရှောက်ခြင်းသည် တိုက်ရိုက် စောင့်ရှောက်မှု မည်၏။ ။ပဋိသန္ဓေ တည်နေသည်မှစ၍ အနုပါဒ်သေသ ပရိနိဗ္ဗာန် စံဝင်သည့်တိုင်အောင် သတ္တဝါတို့၏သန္တာန်၌ အစဉ်တစိုက် ဘဝအဆက်ဆက် မပြတ်မလတ် ဥပါဒ်နိုင်ခွင့်အစဉ် ဖြစ်စေရန် စောင့်ရှောက်ခြင်းသည် အဆက်ဆက် စောင့်ရှောက်မှု မည်၏။ ။ဤခဏတ္တယမျှ စောင့်ရှောက်မှု, ဘဝအဆက်ဆက် စောင့်ရှောက်မှု ၂-မျိုးလုံးပင် ဇီဝိတိန္ဒြေ၏ ကိစ္စမည်၏-ဟု မှတ်။

၂-၃။ ။စိရဋ္ဌိတိကံ ဟောတီတိ ဧတေန န ကေဝလံ အနုပါလေတဗ္ဗဓမ္မာနံ ခဏဋ္ဌိတိယာယေဝ၊ အထခေါ ပဗန္ဓာနုပစ္ဆေဒသာဝဓိ ဇီဝိတံ ကာရဏန္တိ ဒဿေတိ။

အနုဋီကာ။

ဤသို့ ဥပါဒ်,ဌီ,ဘင်-ဟု ဆိုအပ်သော ခဏငယ် ၃-ချက်မျှ အသက်ရှည်အောင်ရင်း၊ ပရိနိဗ္ဗာန် စံဝင်သည့် တိုင်အောင်ရင်း, စောင့်ရှောက်နိုင်သည်။ ။ဟူလို။

---

## စောင့်ရှောက်ပုံ ဥပမာ

ထို ၂-မျိုးသော စောင့်ရှောက်ခြင်း တို့တွင် မိမိ ရှိစဉ် ခဏတ္တယ ကာလမျှ ရှည်ကြာအောင် စောင့်ရှောက်ရာ၌ ကြာပင်ကို စောင့်ရှောက်သော ကြာရိုးအတွင်း၌ရှိသော ရေနှင့်တူ၏။ တူပုံကား····ကြာရိုးကြာစွယ်တို့သည် မိမိတို့၏ အတွင်း၌ ရေရှိမှသာ မညှိုးမနွမ်း စိမ်းလန်း ရွက်ဝေ

၂-၃။ ။စိရဋ္ဌိတိကံ ဟောတီတိ ဧတေန၊ဖြင့်။ကေဝလံ၊သက်သက်။အနုပါလေတဗ္ဗဓမ္မာနံ၊ အစဉ်စောင့်ရှောက်အပ်သောတရားတို့၏။ ခဏဋ္ဌိတိယာယေဝ၊ ခဏငယ် သုံးချက်မျှသော ကာလ၌တည်နိုင်ခြင်း၏သာလျှင်။ ကာရဏံ၊အကြောင်းသည်။ နဟောတိ၊ ဖြစ်သည်မဟုတ်။ အထခေါ၊ စင်စစ်အားဖြင့်ကား။ ဇီဝိတံ၊သည်။ ပဗန္ဓာနုပစ္ဆေဒသာ၊ ပရိနိဗ္ဗာန် တိုင်အောင် တည်တန့်နိုင်သော အစဉ်၏မပြတ်ခြင်း၏။ကာရဏံ၊သည်။ဟောတိ၊၏။ဣတိ ဣမံ အတ္ထံ၊ကို။ ဒဿေတိ၊၏။

အသက် ရှည်လေ၏။ ၎င်းအတွင်း၌ ရေမရှိပါမူ ၎င်းကြာပင် တို့သည် ညှိုးနွမ်းခြောက်သွေ့သွားကုန်၏။ဤသို့လျှင် အတူတကွဖြစ်၍ စောင့်ရှောက် ပံ့ကို မှတ်အပ်၏။ ။ထို့ကြောင့် အဋ္ဌကထာဆရာသည်—

အတ္တိကွဏေယေဝ တံ တေ ဓမ္မေ
အနုပါလေတိ ဥဒကံ ဝိယ ဥပ္ပလာဒီနိ။

ဟု မိန့်တော်မူ၏။ပရိနိဗ္ဗာန်စံဝင်သည်တိုင်အောင် မပြတ်ဖြစ်၍ နေကုန် သော သမ္ပယုတ်တရားတို့ တည်နေရန် စောင့်ရှောက်ရာ၌ နို့ထိန်းနှင့်တူ၏၊ တူပုံကား နို့ထိန်းသည် သူတပါးသည် မွေးအပ်သော ခလေးသူငယ်တို့ကို အသက် ရှည်ရန် နို့ချိုတိုက်ကျွေး မွေးမြူသကဲ့သို့ ထို့အတူ တပါးသော ကံကြောင့်ဖြစ်ပေါ်လာသော ရုပ်နာမ် ခန္ဓာ အစဉ်ကို ဇီဝိတိန္ဒြေသည် အစဉ် စောင့်ရှောက်၏။ထိုစကား ထင်ရှားစေအံ့၊ လှေသူကြီးသည် လှေစီးသူများ ကို မိမိ စီးနင်းကာ ခတ်လှော်အပ်သော လှေ၌ အတူတကွ တစပ်တည်း တည်နေအောင် စောင့်ရှောက်သည် ကိုပင် စောင့်ရှောက်သည် ဆိုရ သကဲ့သို့ စိတ်အစဉ်တို့သည် မပျတ်မလတ်ချုပ်ပျက်ဆုံးပါး၍နေသော်လည်း ဇီဝိတိန္ဒြေ ရှိနေသည့် အတွက်ကြောင့်သာ ထပ်ကာထပ်ကာ အဘန်ဘန် ဖြစ်ပေါ်လာနိုင်၍ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် စံဝင်သည် တိုင်အောင် ဆက်စပ်၍ ဖြစ်ပေါ် နေနိုင်အောင် စောင့်ရှောက်မှုသည် ဇီဝိတိန္ဒြေ၏ ကိစ္စဖြစ်၏။ ။ဟူလို။

ယထာသကံ ပစ္စယုပ္ပန္နေပိ စ ဓမ္မေ ပါလေတိ။
ဓာတိဝိယ ကုမာရံ၊သယံ ပဝတ္တိတ ဓမ္မ သမ္ဗန္ဓေ
နေဝ စ ပဝတ္တတိ၊ နိယျာမကော ဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဇီဝိတိန္ဒြေ၏ စောင့်ရှောက်ရာ ကာလ အဆုံးအဖြတ်

၎င်းဇီဝိတိန္ဒြေ၏ စောင့်ရှောက်ရာ ကာလကား နာမ်ဇီဝိတိန္ဒြေဖြစ်စေ, ရုပ်ဇီဝိတိန္ဒြေ ဖြစ်စေ, ဥပါဒ်ခဏမှစ၍ စောင့်ရှောက် ထောက်ပံ့သည်ဟု သမာနဝါဒီ ဆရာတို့ မိန့်ဆိုကုန်၏။ ။ကေစိ ဆရာတို့ကား ရုပ် ဇီဝိ

တိန္ဒြေသည် ဋီ ခဏကျမှ စောင့်ရှောက် ထောက်ပံ့နိုင်၏၊ နာမ်ဇီဝိတိန္ဒြေ သာ ဥပါဒ်ခဏ၌ စောင့်ရှောက် ထောက်ပံ့နိုင်၏ဟု မိန့်ဆိုကုန်၏။ ။ငင်း ကေစိဝါဒကို မသင့်ဟု ပယ်ကုန်၏။ ။ပယ်ဟန်ကား—

အဇ္ဈာကတံ ဓမ္မံ ပဋိစ္စ,အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ,ဇာန္ဒြိယပစ္စယံ ကမ္မပစ္စယသဒိသံ။

ဟု ပဋ္ဌာန်းကျမ်း၌ အသညသတ် ဗြဟ္မာတို့၏ ဇာန္ဒြိယပစ္စည်းသည် ကမ္မပစ္စည်းနှင့် တူ၏ဟု ဟောတော်မူ သောကြောင့် ရူပဇီဝိတိန္ဒြေသည် ဥပါဒ်ခဏမှစ၍ ကျေးဇူးပြု၏ဟု ဆုံးဖြတ်တော်မူကုန်၏။

ကေစိ ပန ရူပဇီဝိတိန္ဒြိယံ ဌိတိက္ခဏေ ပဋ္ဌာယ, အရူပဇီဝိတိန္ဒြိယံ ဥပ္ပါဒတော ပဋ္ဌာယ, ပဝတ္တိယာ ပစ္စယော တိ ဝဒန္တိ။တံ န ယုတ္တံ။

အဘိဓမ္မာဝတာရဋီကာ။

---

ဆောင်ပုဒ်

ကြာရိုး ကြာတွင်း၊ ရေပုံနှင်း၊ စောင့်ခြင်း ဇီဝိတိန်။

---

## မနသိကာရ အဓိပ္ပါယ်

မနသ္မိံ ကာရော မနသိကာရော။

မနသ္မိံ၊စိတ်၌။ကာရော၊ အာရုံကို ပြုခြင်း။ဝါ၊ နှလုံးသွင်းခြင်းတည်း။ မနသိကာရော၊စိတ်၌အာရုံကို ပြုခြင်း။ဝါ၊နှလုံးသွင်းခြင်း။

သာရဏလက္ခဏော မနသိကာရော၊ သမ္ပယောဇနရသော၊ အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနော၊အာရမ္မဏပဒဋ္ဌာနော။

မနသိကာရော၊ မနသိကာရသည်။ သာရဏလက္ခဏော၊ သမ္ပယုတ် တရားတို့ကို ရှေးရှုနှင်စေခြင်း,ပြေးစေခြင်း လက္ခဏာရှိ၏။ သမ္ပယောဇန ရသော၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေခြင်း ကိစ္စရှိ၏။ အာရမ္မ ဏာဘိမုခ ဘာဝပစ္စုပဋ္ဌာနော၊တပါးသို့ မသွားစေမူ၍ အာရုံ၌ စိတ်၏ ရှေးရှုသည် အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။အာရမ္မဏပဒဋ္ဌာနော၊ အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

## မနသိကာရ သုံးမျိုး အဓိပ္ပါယ်

မနသိကာရသည်။ ။၁။ ။ဝီထိပဋိပါဒက မနသိကာရ၊
၂။ ။ဇဝနပဋိပါဒက မနသိကာရ၊
၃။ ။အာရမ္မဏပဋိပါဒက မနသိကာရ၊
အားဖြင့် ၃-မျိုး အပြားရှိ၏။

ပဋိသန္ဓေ စိတ်မှစ၍ ဖြစ်ပေါ်လာသော စိတ်အစဉ်သည် မိမိအာရုံကို လွှတ်၍ ဘဝင်၏အစွမ်းဖြင့် ချုပ်သွားပါသော်လည်း တဖန် ဖြစ်ပေါ်လာပြန်သည်ရှိသော် အကြောင်းထူး မရှိပါမူကား အကြင် မနသိကာရစေတသိက်၏ အစွမ်းဖြင့်သာ ထိုရှေးအာရုံ၌ပင်လျှင် ဖြစ်လေ၏။ ထိုကဲ့သို့ ရှေးရှေးသော စိတ်တို့သည် ဥပါဒ်,ဠီ,ဘင်၏အစွမ်းဖြင့် ဖြစ်ခါ,ချုပ်ခါသွား၍နောက်နောက် ဖြစ်ပေါ်လာသော စိတ်တို့ကို ပဌမချုပ်သွားလေသော စိတ်၏အာရုံ၌ပင် ယှဉ်စေတတ်, ဖြစ်စေတတ်, အာရုံပြုစေတတ်သောကြောင့် ဤမနသိကာရ စေတသိက်သည် အာရမ္မဏပဋိပါဒက မနသိကာရ မည်၏ဟု မှတ်။ (ကြွင်းသော ပဋိပါဒကတို့၏ အဓိပ္ပါယ်ကို အောက်က ဘွင့်ဆိုခဲ့ပြီ)။

သို့ဖြစ်၍ မနသိကာရစေတသိက်သည် ရှေးဖြစ်သော အာရုံနှင့် နောက်ဖြစ်ပေါ်လာသောစိတ်ကို စပ်ဘက် တွဲယှဉ်၍ ပေးတတ်၏၊ ယင်းသို့ အာရုံနှင့် စိတ်ကိုတွဲစပ်၍ ပေးမှုကြောင့် ၎င်းအာရုံသည် မပျောက်ပါဘဲ အမြဲသတိရခြင်းဖြစ်လေ၏။ ၎င်းကိုပင် နှလုံးသွင်းခြင်းဟု ဆိုရ၏ဟု သိ။ ။ ထို့ကြောင့် မနသိကာရ စေတသိက်သည် လိမ္မာသော ရထားထိန်းနှင့်တူ၏။ တူပုံကား.... ရထား၌ အာဇာနည် မြင်းနှစ်ကောင်က၍ သွားသော ရထားထိန်းသည် တကောင်ထက် တကောင် နောက်မကျစေဘဲ တညီတညွတ်ထည်း သွားစေခြင်းငှါ နှလုံးသွင်း၍ လိုက်ဘိသကဲ့သို့ ထိုအတူ မနသိကာရ စေတသိက်သည် အာရုံ၌ အစဉ်မပြတ် နှလုံးသွင်းခြင်း လက္ခဏာရှိ၏။

---

### ဆောင်ပုဒ်

ရှေးဖြစ်အာရုံ၊ လုံစုံနောက်စိတ်၊
ယှဉ်စေဟိတ်၊ မှတ်ကြိတ်-မနသိကာရခေါ်။

## သတိနှင့် မနသိကာရ အထူး

သတိသည် အာရုံ၌ ရှေးရှုဖြစ်၍ ဖြစ်တတ်၏။ မနသိကာရသည်လည်း အာရုံ၌ ရှေးရှုဖြစ်၍ ဖြစ်တတ်သဖြင့် ဤနှစ်ပါးသော တရားသည် အသို့ ထူးကြပါသနည်း ဟူမူ။ ။သတိသည် မမေ့သည်၏ အစွမ်းဖြင့် အာရုံသို့ ရှေးရှုဖြစ်၍ ဖြစ်တတ်၏။ ။မနသိကာရသည်ကား သမ္ပယုတ်တရားတို့ကို အာရုံနှင့် အမြဲယှဉ်စေသည်၏ အစွမ်းဖြင့် အာရုံ၌ရှေးရှုဖြစ်၍ ဖြစ်တတ်၏။ ။ ဤသို့ အထူးမှတ်လေ။

၂-၈။ ။သတိယာ အသံမုဿန ဝသေန ဝိသယာဘိမုခဘာဝ ပစ္စုပဋ္ဌာနတာ။ မနသိကာရဿ ပန သံယောဇနဝသေန အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနတာတိ အယမေတေသံ ဝိသေသော။

ဝိသုဒ္ဓိမဂ် မဟာဋီကာ။

---

## ဝိတက်,စေတနာ,မနသိကာရ သုံးပါး အထူး

ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံ၌ တင်တတ်၏၊ စေတနာသည်လည်း သမ္ပယုတ် တရားတို့ကို အာရုံ၌ ယှဉ်စေ၏၊ ဤမနသိကာရသည်လည်း သမ္ပယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေ၏ဟု မိန့်ဆိုဘွင့်လှစ်တော်မူကြ၏၊ အသို့လျှင် ထူးခြားပါသနည်း ဟူမူ။ ။ဝိတက်၏အာရုံ၌ တင်ထားမှုကား စားပွဲပေါ်၌ တစုံတခုသောဝတ္ထုကို တင်ထားဘိသည်အလား အာရုံ၌ သဟဇာတ်တရားတို့ကို တည်စေသော သဘောသည် ဝိတက် မည်၏။ ၎င်းဝိတက်သည် တင်ထားအပ်ပြီးသော အာရုံ၌ စစ်ဗိုလ်မှူးအလား

၂-၈။ ။သတိယာ၊ သတိ၏။ အသံမုဿနဝသေန၊ မမေ့လျော့သည်၏အစွမ်းအားဖြင့်။ ဝိသယာဘိမုခဘာဝ ပစ္စုပဋ္ဌာနတာ၊ အာရုံသို့ရှေးရှုဖြစ်၍ ဖြစ်ကြောင်းတရားဟု ဉာဏ်အား ရှေးရှုထင်လာသည်ဖြစ်သည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ မနသိကာရဿပန၊ မနသိကာရ၏ကား။ သံယောဇနဝသေန၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ အမြဲယှဉ်စေသည်၏ အစွမ်းဖြင့်။ အာရမ္မဏာဘိမုခ ဘာဝ ပစ္စုပဋ္ဌာနတာ၊ အာရုံသို့ ရှေးရှုသည်ဖြစ်၍ ဖြစ်ကြောင်း တရားဟု ဉာဏ်အား ရှေးရှုထင်လာသောအဖြစ်သည်၊ ဟောတိ၊ ၏။ ဣတိ အယံ၊ ဤသည်လျှင်။ ဧတေသံ၊ ထိုသတိ,နှင့် မနသိကာရတို့၏။ ဝိသေသော၊ အထူးတည်း။

သမ္ပယုတ် သဟဇာတ်တရားတို့ကို ယှဉ်စေခြင်းသည် စေတနာမည်၏။ ။ ထိုသို့ စေတနာသည် အာရုံနှင့် သမ္ပယုတ်တရားတို့ကို အမြဲမပြတ်စေရာ၌ မပြတ်မလတ်ရလေအောင် ရထားထိန်းပမာ အာရုံနှင့် သမ္ပယုတ်တို့ကို အညီအမျှ ဖြစ်စေ,ယှဉ်စေသော သဘောသည် မနသိကာရမည်၏ဟု မှတ်။

ဝိတက္ကော ပန သဟဇာတဓမ္မာနံ အာရမ္မဏေ အဘိနိရောပနသဘာဝတ္တာ အာရမ္မဏေ စိတ္တံ ပက္ခိပန္တော ဝိယ ဟောတိ။ပ။ အာဇာနီယပ္ပယောဇနက သာရထိ ဝိယာတိ အယမေတေသံ ဝိသေသော။

အဘိဓမ္မာဝတာရ ဋီကာ။

---

## ဆောင်ပုဒ်

* ထည့်သည့်အလား၊တည်ထားတင်မှု၊ ဝိတက်ရှုလေ့၊ထိုစုအာရုံ၊ အကုန် သဟဇာတ်၊ တိုက်တွန်း တတ်ပေ၊ စေ-မှတ်ကိုဘိ၊ မျှယှဉ်ကြည့်၊မနသိ ၃-ပါး အထူးတည်း။

---

## သဗ္ဗသာဓာရဏ အဓိပ္ပါယ်

သမာနံ ဓာရဏံ ဧတေသန္တိ သာဓာရဏာ။
သဗ္ဗေသံ သာဓာရဏာတိ သဗ္ဗသာဓာရဏာ။
သဗ္ဗေဟိ ဝါ သာဓာရဏာတိ သဗ္ဗသာဓာရဏာ။

ဧတေသံ။ ထိုစေတသိက်တို့အား။ သမာနံ၊တူမျှသော။ ဓာရဏံ၊ဆက်ဆံခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သာဓာရဏာ၊ သာဓာရဏမည်၏။ ။သဗ္ဗေသံ၊ ခပ်သိမ်း ကုန်သော စိတ်တို့အား။ သာဓာရဏာ၊ ဆက်ဆံခြင်းရှိကုန်သည်တည်း။ ဣတိ၊ကြောင့်။ သဗ္ဗသာဓာရဏာ၊ သဗ္ဗသာဓာရဏမည်ကုန်၏။ ။ဝါ၊တနည်းကား။ သဗ္ဗေဟိ၊အလုံးစုံသော စိတ်တို့နှင့်။ သာဓာရဏာ၊ ဆက်ဆံခြင်း ရှိကုန်သည်တည်း။ ဣတိ၊ကြောင့်။ သဗ္ဗသာဓာရဏာ သဗ္ဗသာဓာရဏ မည်ကုန်၏။ ။အဓိပ္ပါယ်ကား…. ဤဖဿ ဝေဒနာ-သညာစသော စေတသိက် ၇-ပါးတို့သည် အလုံးစုံသော စိတ်

တို့၌ မဆက်ဆံသည် မရှိ၊ ဆက်ဆံကုန် ယှဉ်ကုန်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်မည်ကုန်၏။ ။ဟူလို။

---

ဆောင်ပုဒ်

ခပ်သိမ်း စိတ်နှင့်၊ ယှဉ်ကုန်လင့်၊ မှတ်သင့်-သဗ္ဗသာဓာရဏံ။

---

သဗ္ဗစိတ္တသာဓာရဏစေတသိက်အဘွင့် ပြီး၏။

---

၃။ ။ဝိတက္ကော, ဝိစာရော, အဓိမောက္ခော, ဝီရိယံ, ပီတိ, ဆန္ဒော စာတိ ဆ ဣမေ စေတသိကာ ပကိဏ္ဏကာ နာမ။ ဧဝမေတေ တေရသ စေတသိကာ အညသမာနာတိ ဝေဒိတဗ္ဗာ။

သင်္ဂြိုဟ်ပါဌ်။

---

ဝိတက် စေတသိက်, ဝိစာရ စေတသိက်, အဓိမောက္ခစေတသိက်, ဝီရိယ စေတသိက်, ပီတိ စေတသိက်, ဆန္ဒ စေတသိက်၊ ဤ ခြောက်ပါးသော စေတသိက်တို့သည် **ပကိဏ်းစေတသိက်** မည်ကုန်၏။ ။ဆိုအပ်ခဲ့ပြီးသော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးနှင့် ဤပကိဏ်း စေတသိက် ၆-ပါး၊ပေါင်း ၁၃-ပါးသော စေတသိက်တို့ကို **အညသမာန်းစေတသိက်** မည်ကုန်၏ဟု သိအပ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အဓိမောက္ခ စေတသိက် အဓိပ္ပါယ်**

ဝိတက်, ဝိစာရ နှစ်ပါး၏ အဓိပ္ပါယ်ကို အောက်စိတ်ပိုင်း၌ အကျယ်တဝင့် ဘွင့်ဆိုအပ်ပြီးသည်ဖြစ်၍ အဓိမောက္ခ စေတသိက်၏ အဓိပ္ပါယ်ကို အစထား၍ ဘွင့်ဆိုပေအံ့။

အဓိမုစ္စနံ အဓိမောက္ခော။

အဓိမုစ္စနံ၊အာရုံ၌ဆုံးဖြတ်ခြင်း။အဓိမောက္ခော၊အာရုံ၌ဆုံးဖြတ်ခြင်း။

သော သန္နိဋ္ဌာန လက္ခဏော၊ အသံသပ္ပန ရသော၊ နိစ္ဆယ ပစ္စုပဋ္ဌာနော၊ သန္နိဋ္ဌာတဗ္ဗ ဓမ္မပဒဋ္ဌာနော၊ အာရမ္မဏေ နိစ္စလဘာဝေန ဣန္ဒခီလော ဝိယ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သော၊ ထို အဓိမောက္ခသည်။ သန္နိဋ္ဌာန လက္ခဏော၊ အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာ ရှိ၏။ အသံသပ္ပနရသော၊ ထိုမှ ဤမှ မရွေ့ရှားသော ဆုံးဖြတ်ခြင်း ကိစ္စရှိ၏။နိစ္ဆယပစ္စုပဋ္ဌာနော၊ဆုံးဖြတ်တတ်သော တရားဟူ၍ ညဏ်အား ရှေးရှုသင်သော အခြင်းအရာရှိ၏။သန္နိဋ္ဌာတဗ္ဗ ဓမ္မ ပဒဋ္ဌာနော၊ အာရုံဖြစ်သော ဆုံးဖြတ်အပ်သော တရားလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။ အာရမ္မဏေ၊ အာရုံ၌။ နိစ္စလဘာဝေန၊ မတုန်လှုပ်သည်၏ အဖြစ် ကြောင့်။ဣန္ဒခီလော ဝိယ၊တံခါးတိုင်ကဲ့သို့။ ဒဋ္ဌဗ္ဗော၊၏။ ။အဓိပ္ပါယ်ကား၊ အဓိမောက္ခ စေတသိက်သည် တခုခုသော အာရုံ၌ ဤသို့ပင် ဖြစ်လေ သလော၊ ဤသို့မှမဟုတ်ဘဲ ဖြစ်လေသလောဟု မဆုံးဖြတ်နိုင်ဘဲ လှုပ်လှုပ် ရှားရှား စိတ် ဇဝေဇဝါ ဖြစ်နေမှုကို ပယ်ဖျက်၍ ဤအာရုံကား ဤသို့ဖြစ်၏ ဟု အာရုံကို ဆုံးဖြတ်ခြင်း သဘော လက္ခဏာရှိ၏။ ဝါ၊ ယထာဘူတ ဟုတ်တိုင်း မှန်စွာ အာရုံကို ဆုံးဖြတ်တတ်သော တရားသည် အဓိမောက္ခ စေတသိက် မည်၏။ ဟူလို။

ထိုအဓိမောက္ခ စေတသိက်သည် တံခါးတိုင်ကြီး, ကျောက်တိုင်ကြီးများ နှင့် တူ၏။ ။တူပုံကား····မြဲမြံစွာ စိုက်ထားအပ်သော တံခါးသိတိုင်, ကျောက်စာတိုင်ကြီးများသည် အရပ် လေးမျက်နှာမှ လာသော သေတို့ ကြောင့် တုန်လှုပ်ခြင်း,ယိမ်းယိုင်ခြင်း မရှိပါဘဲ ခိုင်ခိုင် မတ်မတ် တည်တံ့ဘိ သကဲ့သို့ အဓိမောက္ခသည်လည်း အာရုံ၌ မဆုံးဖြတ်နိုင်သဖြင့် ယိမ်းယိုင် တုန်လှုပ်ခြင်း မရှိပါဘဲ ယထာဘူတ ကျနစွာ အာရုံကို ဆုံးဖြတ်နိုင်၏- ဟု မှတ်။

## ဆောင်ပုဒ်

ကျောက်စာတိုင်သွင်၊ ယိမ်းယိုင် မရှိ၊
ဆုံးဖြတ်ဘိ၊ မှတ်သိ-မိမောက္ခ၊

---

### အဓိမောက္ခနှင့် ဝုဋ္ဌော အထူး

အဓိမောက္ခသည် ဆုံးဖြတ်ခြင်း သဘောရှိ၏၊ ဝုဋ္ဌောလည်း အာရုံကို ဆုံးဖြတ်ခြင်း သဘောပင် ဖြစ်၏။ အဘယ်သို့ ထူးခြားပါသနည်း ဟူမူ- ဆိုအပ်ခဲ့ပြီးသော အတိုင်း အာရုံကို ဟုတ်ဟုတ် ငြားငြား ဆုံးဖြတ်ခြင်း သဘောသည် **အဓိမောက္ခ** မည်၏။

သန္တီရဏသည် စုံစမ်းပြီးသော အာရုံ၌ ဆုံးဖြတ်သော အခြင်းအရာ အားဖြင့် ဖြစ်၍ နောက်၌ ဖြစ်ကုန်သော ဇောစိတ်တို့၏ ထိုဆုံးဖြတ်သော အတိုင်း ဖြစ်ခြင်း၏ အကြောင်း တရားသည် **ဝုဋ္ဌော** မည်၏။ ။ဤသို့ အထူးမှတ်။

**တနည်း**။ ။အဓိမောက္ခသည် စေတသိက်ခန္ဓာ ဖြစ်၏။ ဝုဋ္ဌောသည် ဝိညာဏက္ခန္ဓာ ဖြစ်၏။ ။ဤသို့လည်း ထူး၏။

ဝေါဋ္ဌဗ္ဗနံ ယထာ သန္တီရိတေ အတ္ထေ နိစ္ဆယာ ကာရေန ပဝတ္တိတွာ ပရတော ပဝတ္တမာနာနံ တထာ ပဝတ္တိယာ ပစ္စယော ဟောတိ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။

---

### အဓိမောက္ခနှင့် သဒ္ဓါ အထူး

အဓိမောက္ခနှင့် သဒ္ဓါတို့သည် ဆုံးဖြတ်သော တရားမျိုးပင် ဖြစ်၍ အဘယ်သို့ ထူးပါသနည်း ဟူမူ။ ။အာရုံ၌ ဟုတ်ဟုတ် ငြားငြားသော အခြင်းအရာအားဖြင့် ဆုံးဖြတ်ခြင်းသည် **အဓိမောက္ခ** မည်၏။

ကြည်ညိုခြင်းငှါ ထိုက်ကုန်သော ဝတ္ထုတို့၌ ကြည်ညိုသော အားဖြင့် ဆုံးဖြတ်ခြင်းသည် **သဒ္ဓါ** မည်၏။ ။ဤသို့ အထူးမှတ်။

၃-က။ ။နဟိ အနဓိမုစ္စန္တော ပါဏာတိပါတာဒီသု ဒါနာဒီသု ဝါ ပဝတ္တတိ။ သဒ္ဓါ ပန ပသာဒနီယေသု ပသာဒါဓိ မောက္ခောတိ အယမေတေသံ ဝိသေသော။

မူလဋီကာ။

---

## ဝီရိယစေတသိက် အဖွင့်ကျယ်

ဝီရတိ န ကမ္ပတီတိ ဝီရော။

ဝီရတိ န ကမ္ပတိ၊ မတုန်လှုပ်တတ်။ ဣတိ၊ ကြောင့်။ ဝီရော၊ ဝီရမည်၏။ အမှု အမျိုးမျိုး တို့၌ မတွန့်မဆုတ် ဟုတ်ဟုတ် ဟတ်ဟတ် ရဲရင့်သော လုံ့လရှိသော သူသည် ဝီရမည်၏။ ။ဟူလို။

ဝီရဿ ဘာဝေါ ဝီရိယံ။

ဝီရဿ၊ အမှု၌ ရဲရင့်သော သူ၏။ ဝါ၊ လုံ့လရှိသော သူ၏။ဘာဝေါ၊ ဖြစ်ကြောင်းထည်း။ ဝီရိယံ၊ ရဲရင့်သူ, လုံ့လရှိသောသူ၏ ဖြစ်ကြောင်း။ ။ ရဲရင့်သူ လုံ့လရှိသော သူ၏ ဖြစ်ကြောင်း ဖြစ်သော ဝါယာမ စေတသိက် သည် **ဝီရိယ** မည်၏။

ဝိဓိနာ ဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝီရိယံ။

ဝါ၊တနည်းကား။ ဝိဓိနာ၊အစီအရင်ဖြင့်။ နယေန၊ နည်းဖြင့်။ဥပါယေန၊ လျောက်ပတ်သော အကြောင်းဖြင့်။ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗံ၊ ဖြစ်စေ အပ်၏။ ဣတိ၊ကြောင့်။ ဝီရိယံ၊ ဝီရိယ မည်၏။

ဥဿာဟလက္ခဏံ ဝီရိယံ၊ သဟဇာတာနံ ဥပတ္ထမ္ဘနရသံ။
အသံသီဒန ဘာဝ ပစ္စုပဋ္ဌာနံ၊ သံဝေဂပဒဋ္ဌာနံ။

ဝီရိယံ၊ ဝီရိယသည်။ ဥဿာဟ လက္ခဏံ၊ လွန်စွာအားထုတ်ခြင်း လုံ့လ စိုက်ခြင်း လက္ခဏာ ရှိ၏။ သဟဇာတာနံ၊ သဟဇာတ် တရား တို့ကို။ ဥပတ္ထမ္ဘနရသံ၊ ထောက်ပံ့ အားပေးခြင်း ကိစ္စရှိ၏။အသံသီဒန ဘာ ဝပစ္စု

---

၃-က။ ဟိ၊ မှန်၏။ အနဓိမုစ္စန္တော၊ မဆုံးဖြတ်သောသူသည်။ ပါဏာတိပါတာဒီသု၊ ပါဏာတိပါတ အစရှိသည်တို့၌လည်းကောင်း၊ ဒါနာဒီသု ဝါ၊ အလှူ အစရှိသည်တို့၌လည်းကောင်း။ န ပဝတ္တတိ၊ မဖြစ်။ ပန၊ အထူးကိုဆိုအံ့၊ သဒ္ဓါ၊ သဒ္ဓါသည်။ ပသာဒနီယေသု၊ ကြည်ညိုခြင်း၌ သင့်လျော်သော ဝတ္ထုတို့၌ ပသာဒါဓိမောက္ခော၊ ကြည်ညိုသောအားဖြင့်ဆုံးဖြတ်ခြင်းသည် ဟောတိ၊ ၏။ ဣတိ အယံ၊ ဤသည်ကား ဧတေသံ၊ ထိုအဓိမောက္ခ သဒ္ဓါ တို့၏။ ဝိသေသော၊ အထူးတည်း။

ပဌာနံ၊ မဆုတ်နစ်စေသည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ သံဝေဂပဒဋ္ဌာနံ၊ ထိတ်လန့်ခြင်း သံဝေဂဉာဏ်လျှင် နီးစွာသော အကြောင်း ရင်းရှိ၏။

အဓိပ္ပါယ်ကား•••• အမှုကိစ္စအဝဝတို့၌ စွမ်းနိုင်သောသူ ရဲရင့်လုံ့လ ရှိသော သူသည် ဝီရမည်၏။ ထို ဝီရမည်သော သူ၏ ဝီရမည့်ခြင်း၏ အကြောင်းဖြစ်သော ဝီရိယဝါယာမ စေတသိက်သည် ဝီရိယ မည်၏၊အချို့ ဆရာကား သတ္တိကို ကောက်တတ်၏၊သတိပြု။ရင်းဝီရိယ လုံ့လဝါယာမ ဖြစ်သော စေတသိက် အစွမ်းကြောင့်သာ "ဝီရိယဝတော ကိန္နာမ ကမ္မံ န သိဇ္ဈတိ" ဟူသည်နှင့်အညီ ဘယ်အမှုမျိုး၌မဆို မငြီးမငွေ့ဘဲ ဆောင် ရွက်ပြုလုပ်ခြင်း အလေ့ရှိသဖြင့် သမ္ဗယုတ်တရားတို့သည် အခါခပ်သိမ်း နောက်ဆုတ်ဦးလေခြင်း မရှိကြကုန်ဘဲ အားကြီးမာန်တက် မိမိတို့ ပြုထိုက် သော ကိစ္စ၌ပြုလုပ်ဆောင်ရွက်သော အနေအားဖြင့် ဖြစ်ကြကုန်၏။ ။ ထိုကြောင့် ဝီရိယစေတသိက်သည် ယိမ်းယိုင်ယိုယွင်း ဆွေးမြေ့နေသော အိမ်အိုကြီးကို မကျိုး မလည်း မပျက်စီးရအောင် ကြံ့မာယောက်ကန်၍ ထားအပ်သော ကျားဝါးနှင့်ရင်း၊ အားနည်းသော စစ်သည် မိုလ်ထုကို အားကြီးအောင် စစ်မက်မိုလ်ပါ ဆင်မြင်း စသည်တို့ကို ထပ်မံ၍ ချီးမြှင့် ထောက်ပံ့သော မင်းနှင့်ရင်း တူလေသတည်း။

၃-ခ။ ။ယထာ ဟိ ဇိဏ္ဏဃရံ အာဂန္တုကေန ထူဏူပတ္ထမ္ဘေန
တိဋ္ဌတိ။ ။ယထာ ဝါ ပန ခုဒ္ဒကာယ စ မဟတိကာ
ယစ သေနာယ သင်္ဂါမေ ပဝတ္တေ ခုဒ္ဒကာ သေနာ ဩလီ
ယေယျ။ တတော ရညော အာရောစေယျ။ ရာဇာ
ဗလဝါဟနံ ပေသေယျ။ တေန ပဂ္ဂဟိတာ သေနာ ပရ
သေနံ ပရာဇေယျ။ ဧဝမေဝ ဝီရိယံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၃-ခ။ ။ဟိ၊ သင့်ရုံးအောင်သော ဥပမာပြဘို့။ ဇိဏ္ဏဃရံ၊ ဆွေးမြေ့သော အိမ်ကို သည်။ အာဂန္တုကေန၊ သော။ ထူဏူပတ္ထမ္ဘေန၊ တိုင်ဟူသော အထောက်အပံ့ဖြင့်။ တိဋ္ဌတိ ယထာ၊ တည်သကဲ့သို့။ ဝါ-ပန တနည်းသော်ကား။ ခုဒ္ဒကာယ စ၊ နည်းသည်လည်းဖြစ်သော။ မဟတိကာယ စ၊ များသည်လည်းဖြစ်သော။ သေနာယ၊ စစ်သည်သည်။ သင်္ဂါမေ၊ စစ်ထိုးခြင်း

## ဆောင်ပုဒ်

ကျွားတိုင်,မင်းမြတ်၊ပမာဟတ်၍၊ သဟဇာတ် တရား၊တဆင့်အား၊
ပေးငြား-ဝီရိယံ။

---

## ဥပမာအခြင်း

သံဝိဂ္ဂေါ ယောနိသော ပဒဟတိ။

ပါဠိတော်။

သမ္မာ အာရဒ္ဓံ သဗ္ဗာသံ သမ္ပတ္တိနံ မူလံ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သံဝိဂ္ဂေါ၊ သံသရာဘေး လာမည့်ရေးကို၊ မြော်တွေးထိတ်လန့်သော သူသည် သာလျှင်။ ယောနိသော၊အသင့်အတင့် ပညာဖြင့် ဆင်ခြင်နိုင်၍။ ပဒဟတိ၊ ကုသိုလ်တရား၊ ကြိုးစားမယုတ်၊ ဟုတ်ဟုတ်ဟတ်ဟတ် အားကုတ်တတ်၏။ ။သမ္မာ၊ အသင့်အားဖြင့်။ အာရဒ္ဓံ၊ အားထုတ်အပ်သော ဝီရိယသည်။သဗ္ဗာသံ၊ ခပ်သိမ်းကုန်သော။ သမ္ပတ္တီနံ၊ လူနတ်ပြဟ္မာ စည်းစိမ် အဖြာဖြာတို့၏။ မူလံ၊ အကြောင်းရင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤ ပါဠိတော်,အဋ္ဌကထာများကို ထောက်၍ သံဝေဂဉာဏ်သည် ဝီရိယတရား ဖြစ်ပွါးမှု၏ အကြောင်းရင်းဖြစ်ပုံ။ ။ဝီရိယတရားမှသာ လူမင်း,နတ်မင်း, ပြဟ္မာမင်းတို့၏ ဝင်းဝင်းပောက်ထိန် စည်းစိမ်အမျိုးမျိုး၏ အကြောင်း ရင်း ဖြစ်ပုံကို ယုံကြည်လေးမြတ် ဆင်ခြင်လတ်၍ မိမိ၏သန္တာနဝ်၌ ဝီရိယ တရားနှင့်ပြည့်စုံ ဖူးယုံအောင် အားထုတ်ယားသင့်လှပေသတည်း။

---

## ဆောင်ပုဒ်

သံသရာဘေး၊ လာမည့်ရေးဟို၊ မြော်တွေးလန့်ထိတ်၊ ကြောက်ရွံ့ စိတ်ဖြင့်၊ ပေါင်ဖိပ်လျှံထိန်၊ စည်းစိမ်မူလ၊ ဝီရိယ၊ နှစ်ကိုယ်၌ ဖြုံမေလော်ပ်။

---

[illegible]

## ဝိတက် စေတနာ ဝီရိယတို့၏ အထူး

ဤ ဝိတက်,စေတနာ, ဝီရိယ-စေတသိက် သုံးပါးတို့သည် သမ္ပယုတ် တရားတို့ကို အာရုံ၌ နောက်မဆုတ်ရန် အားအဆင့်ကို ပေးသောတရား များပင် ဖြစ်၍ အဘယ်သို့ ထူးကြပါသနည်း ဟူမူ။ ။**ဝိတက်သည်** သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးတတ်၏။ ။**စေတနာသည်** သမ္ပယုတ်တရားတို့ကို ထိုထိုကိစ္စတို့၌ ယှဉ်စေတတ်၏၊ နှိုးဆော်တတ်၏၊ **ဝီရိယ** သည်ကား သမ္ပယုတ်တရားတို့ကို နောက်မဆုတ်စေမူ၍ အားထုတ်စေ၏၊ ဤသို့ ထူးပါသတည်း။

> ဧတ္ထ စ ဝိတက္ကော သမ္ပယုတ္တ ဓမ္မေ အာရမ္မဏံ အာရောပေတိ။စေတနာ တေ ဟံတံကိစ္စေသု နိယောဇေတိ။ ဝီရိယံ ပန တေသံ သံသီဒိတုံ အဒတွာ ဥဿာဟေတီတိ အယံ ဝိတက္က,စေတနာ,ဝီရိယာနံ ဝိသေသော။

အဘိဓမ္မာဝတာရ ဋီကာ။

---

## ပီတိ စေတသိက် အပိုင်း ငါးပါး

ပိနယတိ တပ္ပေတိ ဝဍ္ဎေတီတိ ဝါ ပီတိ။

ယာ ဓမ္မဇာတိ၊အကြင်တရားသဘောသည်။ပိနယတိ တပ္ပေတိ၊နှစ်သက် ချစ်ခင် မြတ်နိုးတတ်၏။ ဝါ၊တနည်းကား၊ပိနယတိ ဝဍ္ဎေတိ၊ပွါးစေတတ်၏။ ဣတိ၊ထို့ကြောင့်။ပီတိ၊ပီတိမည်၏။ ။ထိုပီတိသည်—

၁။ ။ခုဒ္ဒကာပီတိ၊

၂။ ။ခဏိကာပီတိ၊

၃။ ။ဩက္ကန္တိကာပီတိ၊

၄။ ။ဥဗ္ဗေဂါပီတိ၊

၅။ ။ဖရဏာပီတိ၊

ဟူ၍ ငါးပါး အပြားရှိလေ၏။

၁။ ။ထိုငါးပါးတို့တွင် ကိုယ်၌ ကြက်သီးမွေးညှင်း ထကာမျှ ဖြစ်သော ပီတိသည် **ခုဒ္ဒကာပီတိ**မည်၏။

၂။ ။ခဏတိုင်း ခဏတိုင်း လျှပ်စစ် ပြက်သည်နှင့် တူသော ပီတိသည် **ခဏိကာပီတိ** မည်၏။

၃။ ။လှိုင်းတံပိုးသည် သမုဒ္ဒရာကမ်းသို့ သက်၍ သက်၍ ပြက်သကဲ့သို့ မိမိကိုယ်သို့ သက်၍ သက်၍ ပြက်သော ပီတိသည် **ဩက္ကန္တိကာပီတိ** မည်၏။

၄။ ။အားကြီးသည်၏ အဖြစ်ကြောင့် ကိုယ်ကို အထက်သို့ ပျံတက်ကြွသည်ကိုပြု၍ ကောင်းကင်၌ ပျံခြင်းသို့ ရောက်သော ပီတိသည် **ဥဗ္ဗေဂါပီတိ** မည်၏။

၅။ ။ပျံ့နှံ့၍ပြည့်သော စည်ပေါင်းအိမ်ကဲ့သို့ရင်း တောင်ရေ သည်းထန်စွာကျ၍ ချောင်းရေအယဉ် ပြေးစီးဝင်သော တောင်ဝှမ်းကဲ့သို့ရင်း၊ အလုံးစုံသော ကိုယ်ကို ထက်ဝန်းကျင်မှ အစဉ်မပြတ် တွေ့ထိနှံ့အပ်သော ပီတိသည် **ဖရဏာပီတိ** မည်၏။

သာ ပနေသာ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိတိ ပဉ္စဝိဓာ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

(ဝတ္ထုနှင့်တကွ အဓိပ္ပါယ်အကျယ်ကို သိလိုမူ အဋ္ဌကထာ၌ ရှုလင့်ကုန်)။

---

## ပီတိ,ပါမောဇ္ဇ,သုခ တို့၏ အထူး

ရင်းပီတိနှင့် ပါမောဇ္ဇသည် အဘယ်သို့ ထူးသနည်းဟူမူ။ ။အနည်းငယ်သော နှစ်သက်ခြင်းသည် **ပါမောဇ္ဇ** မည်၏။ ။အားကြီးသော နှစ်သက်ခြင်းသည် **ပီတိ** မည်၏။

ပီတိနှင့် သုခတို့သည် ဣဋ္ဌာရုံကို ခံစားခြင်းတူကြပါလျက် အဘယ်သို့ ထူးခြားပါသနည်း ဟူမူ။ ။ဣဋ္ဌာရုံကို ရမှုကြောင့်ဖြစ်သော နှစ်သက်ခြင်းသည် **ပီတိ** မည်၏။ ။ရအပ်ပြီးသော ဣဋ္ဌာရုံ၏ အရသာကို ခံစားခြင်းသည် **သုခ** မည်၏ဟု မှတ်။

ပါမောဇ္ဇန္တိ တရုဏပီတိ၊ပီတိတိ ဗလဝပီတိ။

သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ။

ဇုဋ္ဌာရမ္မဏပစ္စုလာဘာ တုဋ္ဌိ ပီတိ၊ ပဋိလဒ္ဓရသာနု
ဘဝနံ သုခံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**ဆောင်ပုဒ်**

က။ ။နှမ္မ-ပါမောဇ္ဇ၊ ရင့်လွတ်နှစ်သက်၊ မှတ်ချက်ပီတိအထူးတည်း။
ခ။ ။ဇုဋ္ဌာရမ္မဏ၊ အမှန် ရမှု၊ ပီတိရှုလေ့၊ ရပြီး အာရုံ၊ ခံစားကုန်၊
မှတ်တုံ သုခ- အထူးတည်း။

---

**ဆန္ဒစေတသိက် အဓိပ္ပါယ်**

ဆန္ဒနံ ဆန္ဒော။ ။ဆန္ဒနံ၊ ပြုလို-ဖြစ်လိုခြင်း။ ဆန္ဒော၊ပြုလိုဖြစ်လိုခြင်း။
ကတ္တုကမျတာ လက္ခဏော ဆန္ဒော၊ အာရမ္မဏ
ပရိယေသနရသော။ အာရမ္မဏေ အတ္ထိက ဘာဝ
ပစ္စုပဋ္ဌာနော၊ တဒေဝဿ ပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဆန္ဒော၊ဆန္ဒသည်။ ကတ္တုကမျတာလက္ခဏော၊ အမှုကို ပြုလိုကာမျှသာ လက္ခဏာရှိ၏။ အာရမ္မဏပရိယေသနရသော၊ အာရုံကို ရှာမှီးခြင်း ကိစ္စရှိ၏။ အာရမ္မဏေန၊ အာရုံဖြင့်။အတ္ထိကဘာဝပစ္စုပဋ္ဌာနော၊ အလိုရှိသည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာ ရှိ၏။ တဒေဝ၊ ထိုအာရုံပင်လျှင်။ အဿ ဆန္ဒဿ၊ထိုဆန္ဒ၏။ ပဒဋ္ဌာနံ၊ နီးစွာသော အကြောင်းရင်းရှိ၏။ ။တဏှာဆန္ဒ, ကတ္တုကမျတာဆန္ဒ နှစ်ပါးရှိသည်တွင် ကတ္တုကမျတာ ဆန္ဒသည်သာ ဤ၌ဆန္ဒ ဟု ယူအပ်၏။ ။အဓိပ္ပါယ်ကား····တစုံတခုသော အာရုံ၌ တဏှာ၏အစွမ်းဖြင့် စွန်းငြိခြင်းမရှိဘဲ ပြုလို,ဖြစ်လို, စားလို, သွားလို, အိပ်လို, ထက်လိုကာမျှ စသော ကြံသော တိုင်းနှင့် ဆက်ဆံသော လိုချင်ကာမျှ ဖြစ်သော တရားသည် **ဆန္ဒ** မည်၏။ ။ကူလို။

ထို့ကြောင့် ယင်းဆန္ဒသည် ညဉ့်အခါ သူတပါး ဥစ္စာထုပ်ကို ခိုးယူခြင်းငှါ လက်ကို ဆန့်တန်း ကမ်းလှမ်းဘိ သကဲ့သို့ အလိုရှိအပ်သော အာရုံကို ရရှိရန် ကမ်းလှမ်းမျှော်လင့်ရုံမျှ ဖြစ်သော သဘောရှိ၏။

ကုသိုလ် အရာ၌လည်း လှူဘွယ် ဝတ္ထုကို လှူဒါန်းဘို့ရန် အလိုရှိ၏။ အလှူခံပုဂ္ဂိုလ်အား ပေးလှူပြီးသော်လည်း နောက်ထပ် တဖန် လှူဒန်းရန် များစွာ အလိုရှိတတ်၏။ ဝါ၊ အလိုရှိသော သဘောသည် ဆန္ဒပင် မည်၏။ ဉပမာဆိုသော် ဥစ္စာစည်းစိမ် ဂုဏ်သိမ် အခြံအရံကိုအလိုရှိသဖြင့် အမှုတော်ထမ်းသော မင်း၏ လေးသမားသည် ရန်သူတို့ကို နှိမ်နင်း ညှဉ်းဆဲရန် ပစ်ခတ်ဘို့ မြားကို များများပင် အလိုရှိသကဲ့သို့ မှတ်။

၎င်းဆန္ဒသည် ကာမစ္ဆန္ဒ,ဓမ္မစ္ဆန္ဒ ဟူ၍ ၂-ပါးရှိ၏။ ထို ၂-ပါး တို့တွင် ကာမဂုဏ် အဆောက် အဦကို အလိုရှိသည်ကား **ကာမစ္ဆန္ဒ** မည်၏။ ။ သူတော်ကောင်းတရား အလိုရှိသည်ကား **ဓမ္မစ္ဆန္ဒ** မည်၏။ ။၎င်းဓမ္မစ္ဆန္ဒ သည် မဂ်ဖိုလ် နိဗ္ဗာန်ကို လိုချင် ဘောင့်တမှုကား ဆုတောင်း ပတ္ထနာ ဟု ဆိုအပ်၏။

ခေမံ ပတ္ထေထ ဘိက္ခဝေါ တိ ဧတ္ထ ကတ္တုကမျတာ
ကုသလစ္ဆန္ဒပတ္ထနာ၊အယမေဝ ဣဓာဓိပ္ပေတာ။

မူလပဏ္ဏာသ အဋ္ဌကထာ။

သို့ဖြစ်၍ ကာမဂုဏ် ချမ်းသာကို ငြိတွယ်၍ အလိုရှိသော ကာမစ္ဆန္ဒ သည် **လောဘ** မည်၏။ ။အာရုံ၌ မငြိတွယ်မူ၍ အလိုရှိကာမျှ မတ္တ ဖြစ်သော သဘော တရားသည် **ဆန္ဒ** မည်၏ ဟု လောဘနှင့် ဆန္ဒ ၂-ပါး တို့၏ အထူးကို မှတ်အပ်၏။

အာရမ္မဏာဿ ဂဟဏေ စာယံ စေတသော
ဟတ္ထပ္ပသာရဏံ ဝိယ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒိဝိတဗ္ဗဉ္စသူနံ ဂဟဏေ အတ္ထိကော ဣဿာသော ဝိယ။

ဋီကာကျော်။

---

**ဆောင်ပုဒ်**

ငြိတွယ်လောဘ၊ဆန္ဒမငြိ၊ အလိုရှိရုံ၊ ထူးခြားပုံ၊
ပုဏ်ကုန် သောတု- နောက်သားဘည်း။

## ပကိဏ်း, အညသမာန်း အဓိပ္ပါယ်

သောဘဏေသု ဧတရိတရေသု စ ပကာရေန ကိဏ္ဏာတိ ပကိဏ္ဏကာ။ ယေ၊အကြင် စေတသိက်တို့သည်။သောဘဏေသု စ၊ သောဘဏစိတ်တို့၌၎င်း။ဧတရိတရေသု စ၊ ထိုသောဘဏမှ တပါးသော အသောဘဏစိတ်တို့၌၎င်း။ ပကာရေန၊ အပြားအားဖြင့်။ ကိဏ္ဏာ၊ ပြိုးပြွမ်း ယှဉ်ကုန်သည် တည်း။ဣတိ၊ကြောင့်။ပကိဏ္ဏကာ၊ ပကိဏ်းစေတသိက် မည်ကုန်၏။

အဓိပ္ပါယ်ကား·····ဆိုအပ်ခဲ့ပြီးသော စေတသိက် ခြောက်ပါးတို့သည် ကောင်းမြတ်သော သောဘဏစိတ်, ယုတ်နိမ့်သော အသောဘဏစိတ် တို့၌ သောဘဏ,အသောဘဏအပြား။ တနည်း ကုသိုလ်, အကုသိုလ်, ဝိပါက်,ကြိယာ အပြားအားဖြင့် ထိုက်သည်အားလျော်စွာ ပြိုးပြွမ်းယှဉ် ကတ်သောကြောင့် ပကိဏ်း မည်ကုန်၏။ ။ဟူလို။

ဆိုလိုတော် မူရင်းကား····· ဂ-ကိဏ္ဏကဉ် ပ-သဒ္ဒါသည် ပကာရ အနက်ကို ဟောသဖြင့် ပကာရ၏ အရကား သောဘဏအပြား, အသော ဘဏအပြား၊သို့မဟုတ် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, အပြားကို ရ၏။ ကိဏ္ဏ၏အရ ပြိုပြွမ်းဟူသည်မှာ ၎င်းသောဘဏစသော စိတ်တို့၌ ယှဉ်ပုံခြင်းပတူ အချို့သာ ယှဉ်၍ အချို့ကား မယှဉ်သည်ကို ဆိုလိုသည်။

အညေ စ အညေ စ အညေ။
အညေသံ သမာနာ အညသမာနာ။

အညေ စ၊ သောဘဏမှ တပါးသော အသောဘဏ စိတ်တို့လည်း။ အညေ စ၊ အသောဘဏမှ တပါးသော သောဘဏစိတ်တို့လည်း။ အညေ၊ သောဘဏမှ တပါးသော အသောဘဏစိတ်နှင့်၊အသောဘဏမှ တပါး သော သောဘဏစိတ်တို့၊ ။အည-သဒ္ဒါကား အပါဒါန်ကို အမြဲငဲ့သော ပုဒ်မျိုးဖြစ်၍၎င်း အည-၏ အရသောဘဏကို ကောက်ပါမူ အသောဘဏ မှတပါး-ဟု အသောဘဏကို အပါဒါန် ရ၏။ ။အည၏အရ၊ အသော ဘဏကို ကောက်ပါမူ သောဘဏကို အပါဒါန် ရ၏။ ၎င်းအည၏ အပါဒါန်ကို ပေါ်ကြွသဖြင့် ပုဂ္ဂိုလ် နရသီဟပဓတ္တမင်းမြတ်၏ လက်ထက် တော်အခါ ခြောက်ကျောင်းနေ ဆရာတော်တို့သည် ဦးကျည်ပွေ့ကို အရှုံး

ပေးရဘူးလေသတတ်။ ။အညေသံ၊ အညမည်သော သောဘဏ-အသော ဘဏ တရား ၂-ပါးတို့နှင့်။ သမာနာ၊ တူသည်, ဆက်ဆံသည်တို့တည်း။ အညသမာနာ၊ အညမည်သော သောဘဏ-အသောဘဏ နှစ်ပါးတို့နှင့် ဆက်ဆံသော စေတသိက်တို့။

အဓိပ္ပါယ်ကား···· အညမည်သော သောဘဏစိတ်, အသောဘဏ စိတ်-နှစ်ပါးတို့နှင့် ယှဉ်သောကြောင့် အညသမာန်း စေတသိက်မည်ကုန်၏။ ။အကြင်အခါ သောဘဏစိတ်တို့နှင့် ယှဉ်ကုန်၏။ ထိုအခါ အသော ဘဏ စိတ်မှတပါး သောဘဏစိတ်တို့နှင့်သာ တသွေးတသား တသဘော တည်း တူမျှကုန်၏။ ။အကြင်အခါ အသောဘဏစိတ်တို့နှင့် ယှဉ်ကုန်၏။ ထိုအခါ သောဘဏစိတ်တို့မှတပါး အသောဘဏစိတ်တို့နှင့် တသွေး တသား တသဘောတည်း တူမျှကုန်၏-ဟု ဆိုလိုသည်။

ထိုကြောင့် အညသမာန်း စေတသိက်သည် ဆားနှင့်ရင်း, လူပေါင်း ကောင်းသော သူနှင့်ရင်း တူ၏။ ။တူပုံကား···ဆားသည် အချို,အချဉ် စသော မည်သည့်အရသာနှင့်ပင် ပေါင်းစပ်စေကာမူ ပေါင်းစပ်သော အရသာနှင့် အစပ်မတွဲ့ မရှိမူ၍ အချိုနှင့်ပေါင်းလျှင်လည်း ရှေးထက်ပင် သာ၍လွန်၍ ချိုလေ၏။ အချဉ်နှင့် ပေါင်းလျှင်လည်း ရှေးထက် ပင် သာ၍ ကောင်းမြတ်သကဲ့သို့ရင်း၊ [illegible] သည်လည်း တံငါ မုဆိုး လူဆိုးများနှင့် ပေါင်းလျှင် ငှန်ပစ်ခြင်း, လေးမျှားသေနတ် စသည် တို့ကို ကိုင်၍ သမင်,ဒရယ်,ငှက်,ယဉ်စသည်တို့ကို ပစ်ခက်ခြင်း, စသည်ဖြင့် တံငါ မုဆိုး လူဆိုးများ၏ သဘောအားလျော်စွာလိုက်လျော၍ပေါင်းသင်း ၏။ သူတော်ကောင်းများနှင့် ပေါင်းသင်းလည်း ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးနှင့် စပ်သောစကားဘို့ကို ပြောဆို ကျင့်ကြံကာ သူတော် ကောင်းတို့နှင့် လိုက်လျောညီညွတ်စွာ ပေါင်းသင်းသကဲ့သို့ရင်း၊ ထိုအတူ အညသမာန်း စေတသိက်သည်လည်း သောဘဏစိတ်နှင့် ယှဉ်ပါမူ သောဘဏစိတ် သဘောနှင့်တူစွာ ဖြစ်၏။ အသောဘဏစိတ်နှင့် ယှဉ်မူ လည်း အသောဘဏစိတ်သဘောနှင့် တူစွာပင် ဖြစ်၏-ဟု မှတ်။

## ဆောင်ပုဒ်

က။ ။အသောဘဏနှင့်၊ လိုက်လျောညီစွာ၊ဖြစ်ခြင်းရာ၊မှတ်ပါ-အညသမာန်း သဘောတည်း။

ခ။ ။ထို့ကြောင့်ရကား၊လူပေါင်း-ဆား၊မခြား ပုံဟန်တူသတည်း။

အညသမာန်းအတွင့် ပြီး၏။

---

## အမေး အဖြေ

မေး။ ။အညသမာန်း ရာသိ, အကုသလ ရာသိ, သောဘဏ ရာသိ-ဟု စေတသိက်ပိုင်းတွင် ရာသိ ၃-ပါး ရှိလေရာ အဘယ့်ကြောင့် အညသမာန်းရာသိကို ရှေးဦးစွာ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ရာသိ ၃-ပါးလုံးနှင့် ယှဉ်စပ်နိုင်သောကြောင့် အညသမာန်း ရာသိကို ရှေးဦးစွာ မိန့်ဆိုတော်မူအပ်ပါသတည်း။

မေး။ ။အညသမာန်း ရာသိတွင်လည်း သဗ္ဗစိတ္တသာဓာရဏ စေတသိက်, ပကိဏ်း စေတသိက် အားဖြင့် ၂-ပါး ရှိသည့်တွင် အဘယ့်ကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ကို ရှေးဦးစွာ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ပကိဏ်း စေတသိက်ထက် ယှဉ်သောစိတ် အရာကျယ်သောကြောင့် ရှေးဦးစွာ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့တွင်လည်း ဖဿ စေတသိက်ကို အဘယ့်ကြောင့် ရှေးဦးစွာ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ပါဠိတော်၌ ဖဿပဉ္စက ရာသိ,ဈာနပဉ္စကရာသိ,ဣန္ဒြိယရာသိ, ယေဝါပနက-တို့၏ အစွမ်းဖြင့် ဟောတော်မူအပ်သော အစဉ်အားလျော်စွာ ဖဿကို ရှေးဦးထား၍ မိန့်ဆိုအပ်ပါသတည်း။

## ဆောင်ပုဒ်

ကျ။ ။ရောသီအားလုံး၊ဆက်ဆံဆုံး၊မိန့်ထုံး အညှ ရှေးဦးစွာ။
ခ။ ။ခပ်သိမ်းစိတ်နှင့်၊ယှဉ်ကုန်လင့်၊ မိန့်သင့်-သဗ္ဗ ရှေးဦးစွာ။
ဂ။ ။ပဋ္ဌကရာသီ၊ ဟောဘော်ညီ၊ မိန့်တည် ဖသာ ရှေးဦးစွာ။

---

## အကုသိုလ်စေတသိက် အစဉ်

၁၄။ ။**မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စံ လောဘော ဒိဋ္ဌိ မာနော ဒေါသော ဣဿာ မစ္ဆရိယံ ကုက္ကုစ္စံ ထိနံ မိဒ္ဓံ ဝိစိကိစ္ဆာ စေတိ စုဒ္ဒသိမေ စေတသိကာ အကုသလာ နာမ။**

သင်္ဂြိုဟ်ပါဠိ။

---

မောဟ စေတသိက်၊ အဟိရိက စေတသိက်၊ အနောတ္တပ္ပ စေတသိက်၊ ဥဒ္ဓစ္စစေတသိက်၊ လောဘ စေတသိက်၊ ဒိဋ္ဌိစေတသိက်၊ မာန စေတသိက်၊ ဒေါသ စေတသိက်၊ ဣဿာ စေတသိက်၊ မစ္ဆရိယ စေတသိက်၊ ကုက္ကုစ္စ စေတသိက်၊ ထိန စေတသိက်၊ မိဒ္ဓ စေတသိက်၊ ဝိစိကိစ္ဆာ စေတသိက် အားဖြင့် ဤ ၁၄-ပါးသော စေတသိက်တို့သည် **အကုသိုလ်စေတသိက်** မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## မောဟစေတသိက် အဓိပ္ပါယ်

အာရမ္မဏေ မုယှတီတိ မောဟော။

ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ အာရမ္မဏေ၊အာရုံ၌။ မုယှတိ၊ တွေဝေတတ်၏။ ဣတိ၊ ကြောင့် ။သော၊ ထိုသဘောတရားသည်။ မောဟော၊ မောဟ-မည်၏။

မောဟော စိတ္တဿ အန္ဓဘာဝလက္ခဏော၊ အာရမ္မဏ
သဘာဝစ္ဆာဒနရသော၊ အန္ဓကာရ ပစ္စုပဋ္ဌာနော၊
အယောနိသော မနသိကာရပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

မောဟော၊ မောဟသည်။ စိတ္တဿ၊စိတ်၏။ အန္ဓဘာဝ လက္ခဏော၊ မိုက်မဲ တွေဝေသည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။ အာရမ္မဏသဘာဝစ္ဆာ ဒနရသော၊ အာရုံသဘောကို ဖုံးလွှမ်းခြင်း ကိစ္စရှိ၏။ အန္ဓကာရပစ္စုပဋ္ဌာနော၊ မိုက်မဲစွာ ဖြစ်ဖြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အယောနိသော မနသိကာရပဒဋ္ဌာနော၊မသင့်သောအားဖြင့်နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

အဓိပ္ပါယ်ကား····မောဟသည် အာရုံကိုယူကာမျှ မဟုတ်၊ အာရုံကို ဖုံးလွှမ်း၍ ယူခြင်းလက္ခဏာရှိ၏။ အဘယ်သို့ ဖုံးလွှမ်း၍ ယူပါသနည်းဟူမူ၊ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားတို့၏ ရှေ့အစွန်းနောက်အစွန်းတို့ကို မမြင်ရ, မထင်ရအောင် ဖုံးလွှမ်းတတ်၏။ ထို့ကြောင့် မောဟသည် အင်္ဂါ လေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်ကြီးနှင့် ပမာတူ၏။ အင်္ဂါလေးပါး ဟူသော်ကား ချုံနွယ်ပိတ်ပေါင်း ဥမင်လိုဏ်ခေါင်း အတွင်း၌လည်း ဖြစ်စေ၊ လကွယ်နေ့လည်း ဖြစ်စေ၊ ညဥ့်သန်းခေါင်ယာမ်လည်း ဖြစ်စေ၊ မိုးသည်းမှောင် ကျသည်လည်း ဖြစ်စေ၊ဤအင်္ဂါလေးပါးတည်း။လောကဌ် အမိုက်မှောင်ဆုံး ဖြစ်သော ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော မှောင်ကြီးကို တွေ့ကြုံသော အခါ လမ်းမ,လမ်းစ ဘာတခုကိုမျှ မမြင်ရသည် ဖြစ်၍ မသွားတတ် မလာ တတ်ဘဲ ရှိနေသကဲ့သို့ မောဟတည်းဟူသော အမိုက်မှောင်ဖြင့် သတ္တဝါ တို့၏ ပညာမျက်စိကို အချင်းခပ်သိမ်းကမ်းအောင် ထွက်မြောက်ဘို့ ကုသိုလ် လမ်းမလမ်းစကို မမြင်ရအောင် ပြုတတ်၏။ ။ဟူလို။

---

## မိစ္ဆာဉာဏ် အဓိပ္ပါယ်

မိစ္ဆာဉာဏန္တိ ပါပကြိယာသု ဥပါယ စိန္တာဝသေန ပဝတ္တော မောဟော။

ဋီကာ အဋ္ဌကထာ။

ဇာလက္ခိုပသံဝိဇာနာဒိ ကုသလတာ သင်္ခပ္ပနံ ဥပါယ စိန္တာ တဿာ မိစ္ဆာဘာဝပ္ပဋ္ဌိစ္ဆာဒနဘာဝေန ပဝတ္တော တဒါကာရော မောဟော ဥပါယစိန္တာဝသေန ဥပ္ပန္နောတိ ဒဋ္ဌဗ္ဗော။

ဋီကာ မူလဋီကာ။

မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏ် ဟူသည်ကား။ ပါပကြိယာသု၊ ယုတ်မာသော ကြိယာ အမှုအကျင့်တို့၌။ ဥပါယစိန္တာဝသေန၊ ဥပါယ် တမည်ကြံစည်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တော၊ဖြစ်သော။ မောဟော၊မောဟပင်တည်း။ ။ဇာလကိ္ခပသံဝိဇာနာဒိကုသလတာ၊ကွန်ပစ်ခြင်း,ပိုက်ချခြင်းအစရှိသည်၌ လိမ္မာသည်၏ အဖြစ် ဟု ဆိုအပ်သော။ သက်ပွန်း၊ ကြံစည်ခြင်းသည်။ ဥပါယစိန္တာ၊ဥပါယစိန္တာမည်၏။ဝါ၊အကြောင်းကိုကြံခြင်းမည်၏။တဿာ၊ ထိုဥပါယစိန္တာ၏။ မိစ္ဆာဘာဝပ္ပဋိစ္ဆာဒနတာဝေန၊ ဘောက်ပြန် သည်၏ အဖြစ်ကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကြောင့်။ တဒါကာရော၊ ထိုဖုံးလွှမ်းသော အခြင်းအရာရှိသော။ မောဟော၊ မောဟသည်။ဥပါယစိန္တာဝသေန၊ အကြောင်းကို ကြံစိသည်၏ အစွမ်းဖြင့်။ ဥပ္ပန္နော၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

အဓိပ္ပါယ်ကား····မောဟ ဆိုသော တရားသည် ကောင်းမှု အဘို့၌ တစုံတခု အစအနကိုမျှ မမြင်ရ မသိရ လေအောင် ဖုံးလွှမ်း ထားကာ မှောင်ကြီးကျစေ၏။ မကောင်းသော အကုသိုလ်အဘို့၌မူကား မကောင်းမှု ဖြစ်သည်ထက် ဖြစ်စေရန် အလင်းရောင်ကြီးကို ဖြစ်စေလေ၏။ ဤကဲ့သို့ မကောင်းမှု အကုသိုလ် ဖြစ်ကြောင်းဖြစ်သော ခား,လှံ,သေနတ်,အမြောက် စိန်ပြောင်း စသော လက်နက် ကြိယာကို လုပ်ကိုင်ခြင်း၌ လိမ္မာမှု,တတ်သိမှုသည် ဥပါယစိန္တာ မည်၏။ငင်း ဥပါယစိန္တာ၌ မိစ္ဆာ အဖြစ်ကို မမြင်ရအောင် ဖုံးလွှမ်းခြင်းမောဟသည် မိစ္ဆာဉာဏ်မည်၏။ ။ဟူလို။

## မောဟ အောင်က် အပြား

ထိုမောဟသည် ဒိဋ္ဌိနှင့် မယှဉ်သော ဒိဋ္ဌိရဟိတ မောဟ, ဒိဋ္ဌိနှင့် ယှဉ်သော ဒိဋ္ဌိသဟိတ မောဟ-ဟူ၍ ၂-ပါး အပြားရှိ၏။ ။ထို ၂-ပါးတို့တွင် ပညာ၏ ဆန့်ကျင်ဘက်ဖြစ်သော စုံစမ်းဆင်ခြင်ခြင်း မရှိ သက်သက် တွေဝေခြင်းသည် ဒိဋ္ဌိရဟိတ မောဟ စေတသိက် မည်၏။ ။တိတ္ထိ ဆရာတို့ ပြောဟောသော တရားစကားကို ယုံကြည်ခြင်း၌ ဖြစ်သော မောဟသည် ဒိဋ္ဌိသဟိတ မောဟ မည်၏။

၅-က။ ။အနုပပရိက္ခာ မောဟော၊ သော စေတ္တ ဒိဋ္ဌိရဟိတော
ဝေဒိတဗ္ဗော၊ ဒိဋ္ဌိသဟိတဿ ပန ဒိဋ္ဌိယာ အနုဝိဓာယ
ကတ္တာ တဂ္ဂဟဏေနေဝ ဂဟဏန္တိ။

အနုဋီကာ။

---

**ဆောင်ပုဒ်**

က။ ။အကုသိုလ်မှာ၊ လိမ္မာတတ်မှု၊အမြဲရှု၊ ခေါ်ပြု-မိစ္ဆာဉာဏ်။

ခ။ ။ဒိဋ္ဌိရဟိတ၊သဟိတ၊မှတ်ကြ ပဘေဒံ။

---

## ကုသိုလ်အရာ ကြည်ညိုခြင်း အဓိပ္ပါယ်

မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့၏ တိတ္ထိ ဆရာကြီးတို့ကို ကြည်ညိုလေးမြတ်စွာ ယုံကြည်ကြကုန်၏။ထိုသို့ ကြည်ညိုလေးမြတ် ယုံကြည်ခြင်းကို သဒ္ဓါဟု ဆိုသင့်သည် မဟုတ်ပါလော-ဟူမူ။ ။ဒိဋ္ဌိတို့သည် တိတ္ထိဆရာကြီးတို့ကို ကြည်ညိုလေးမြတ်စွာ ယုံကြည်ခြင်းသည် သဒ္ဓါမဟုတ်၊ အကုသိုလ်စိတ်၌ သဒ္ဓါစေတသိက် မယှဉ်နိုင်,မဖြစ်နိုင်ပေ။ စင်စစ်သော်ကား၊ ဤသို့ တိတ္ထိဆရာတို့ကို ကြည်ညိုခြင်းသည် ထိုဆရာတို့၏ စကားကို ဝန်ခံခြင်းမျှသာ ဖြစ်၏။ ၎င်းသည်ပင် ကြည်ညိုခြင်းနှင့် အလားတူသကဲ့သို့ ဖြစ်၏။ သရုပ်အားဖြင့်ဆိုသော် ဆင်ခြင်ခြင်းကင်းသော မောဟစေတသိက်သော်၎င်း, ဒိဋ္ဌိစေတသိက်သော်၎င်း ဖြစ်၏-ဟုမှတ်။

ထိုစကားမှန်၏၊ ဆင်ခြင်ခြင်းကင်းသော မောဟ၏ အစွမ်းအားဖြင့်၎င်း၊ ဒိဋ္ဌိ၏ အစွမ်းအားဖြင့်၎င်း၊ မယုံကြည်တိုက်, မယုံကြည်ကောင်းသော ဝတ္ထု၌ တပ်ခြင်း တဏှာနှင့် တကွဖြစ်သော ဟုတ်လှပေပြီဟု ဆုံးဖြတ်ခြင်း အဓိမောက္ခသည် ဖြစ်၏။ ။ဟူလို။

သာ ပန သဒ္ဓါနာမ န ဟောတိ၊ ဝစနသမ္ပဋိစ္ဆနမတ္တမေဝ
ဝေတံ၊အတ္ထတော အနုပပရိက္ခာ ဝါ ဟောတိ ဒိဋ္ဌိ ဝါ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၅-က။ ။အနုပပရိက္ခာ၊ ထုံးစံပါးမဆင်ခြင် ခြင်းသည်။ မောဟော၊ ပေ ဟ မည်၏။ စေဆော်သည့် မိုးသံ။ အဆူးသည့် အရာ၌။ သော၊ သိမောဟ။ ဒိဋ္ဌိရဟိတော၊ ဒိဋ္ဌိမှကင်းသော မောဟဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ဒိဋ္ဌိသဟိတဿ ပန၊ ဒိဋ္ဌိနှင့်တကွ ဖြစ်သော မောဟ၏ကား။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိ၏။ အနုဝိဓာယကတ္တာ၊ အစဉ်လိုက်၍ ကျင့်တတ်သည် အဖြစ်ကြောင့်။ တဂ္ဂဟဏေန၊ ထိုဒိဋ္ဌိကိုယူခြင်းဖြင့်သာလျှင်။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ၏။

အနုပပရိက္ခာ မောဟော။မောဟဝသေန ဟိ ဒိဋ္ဌိဝသေန
ဝါ အဝတ္ထုသ္မိံ သာနုနယော အဓိမောက္ခော ဥပ္ပဇ္ဇတိ။

မူလဋီကာ။

---

## အဟိရိက စေတသိက် အဓိပ္ပါယ်

န ဟိရိယတိ န လဇ္ဇတိတိ အဟိရိကော။

ယော၊အကြင်ပုဂ္ဂိုလ်သည်။ န ဟိရိယတိ န လဇ္ဇတိ၊ ဒုစရိုက်တရားတို့မှ မရှက်တတ်။ ဣတိ၊ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဟိရိကော၊ အဟိရိကမည်၏။ ။ပုဂ္ဂိုလ်ရ၏။ ။အဟိရိကဿ ဘာဝေါ အဟိရိကံ၊ အဟိရိကဿ၊ မရှက်တတ်သောသူ၏။ ဘာဝေါ၊ဖြစ်ကြောင်းတည်း။ အဟိရိကံ၊ မရှက်တတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း။ ။စေတသိက်ရ၏။

> ကာယဒုစ္စရိတာဒီဟိ အဇိဂုစ္ဆန လက္ခဏံ၊ အလဇ္ဇာကာရေန ပါပါနံ့ ကရဏရသံ၊ အသင်္ကောစနပစ္စုပဋ္ဌာနံ၊ အတ္တ အဂါရဝ ပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အဟိရိကံ၊ အဟိရိက စေတသိက်သည်။ ကာယဒုစ္စရိတာဒီဟိ၊ ကာယဒုစရိုက် စသည်တို့မှ။ အဇိဂုစ္ဆနလက္ခဏံ၊ မရှက်ခြင်း, မဆက်ဆုပ်ခြင်း လက္ခဏာ ရှိ၏။ အလဇ္ဇနာကာရေန၊ မရှက်သော အခြင်းအရာအားဖြင့် ပါပါနံ၊ မကောင်းမှုတို့ကို။ ကရဏရသံ၊ ပြုခြင်းကိစ္စရှိ၏။ အသင်္ကောစန

---

[illegible] ကြည်သောဉ်လည်း။သာ၊ [illegible] ကြည်ခြင်းသည်။သဒ္ဓါ [illegible]၊သဒ္ဓါ-ခည်သည်။ န [illegible] ကြည်ခြင်းသည်။ [illegible] ခြင်းမှု [illegible] ခြင်းကင်းသော [illegible]

(ဤ[illegible]—အဋ္ဌ[illegible])

[illegible] ခြင်းကင်း [illegible] သည်။ [illegible] တည်း။ [illegible] အဖွင့်အဖြစ်ရခြင်း။ဒိဋ္ဌိဝသေန၊ [illegible] ကြည်[illegible] သာနုနယ [illegible] ခြင်း [illegible] သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ [illegible] ဤသို့ [illegible]

(ဤ[illegible]-မူလဋီကာ[illegible])

ပစ္စုပဋ္ဌာနံ၊ မတွန့်မရွံ့ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။အတ္တအဂါရဝ ပဒဋ္ဌာနံ၊မိမိကိုယ်ကိုယ် မိမိမရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

အဓိပ္ပါယ်ကား မိမိကိုယ်ကိုယ် အပယ်ဘေး စသည်တို့သို့ ကျရောက်မည့်ကိုမှ ဝဲ့ကွက် လေးစား သနားခြင်းမရှိ၊ သူတပါးတို့ကိုလည်း ရှက်ခြင်းမရှိပါဘဲ ကာယဒုစရိုက် စသော မကောင်းမှု တို့ကို ပြုခြင်းမှ မရွံ့ရှာခြင်း မရှက်ခြင်းသည် အဟိရိက စေတသိက် မည်၏- ဟူလို။ ။ထိုကြောင့် အဟိရိက စေတသိက်သည် ရွာဝက်နှင့် တူ၏။ ။တူပုံကား····ရွာသူတို့၏ ဝက်သည် ရွာစွန်ရွာနားသို့ လှည့်လည်ကာ ရွာသူ ရွာသားတို့ စွန့်ပစ်ထားသော မစင်ကျင်ကြီးတို့ကို မိမိကိုယ်ကိုယ်မှ မရှက်ပါဘဲ သူဝပ်သိမ်းတို့၏ ရှေ့ဗွဲပင်လျှင် အနိဋ္ဌမစင်ကို မရွံ့မရှာ စားဘိသကဲ့သို့ ထိုအတူ ၎င်းအဟိရိက စေတသိက်သည်လည်း ဒုစရိုက် တရားများ ပြုရမည်ကို ရွံရှာခြင်း မရှက်ခြင်းသဘောရှိ၏။ ။ဟု မှတ်။

---

## အနောတ္တပ္ပစေတသိက် အဓိပ္ပါယ်

### န ဩတ္တပ္ပတီတိ အနောတ္တပ္ပံ။

ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ န ဩတ္တပ္ပတိ၊ ဒုစရိုက် တရားတို့မှ မထိတ်လန့်တတ်။ ဣတိ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ သည်။ အနောတ္တပ္ပံ၊ အနောတ္တပ္ပ မည်၏။

> အနုတ္တာသ လက္ခဏံ အနောတ္တပ္ပံ၊ အနုတ္တာသာ ကာရေန ကရဏရသံ၊ အသင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရ အဂါရဝ ပဒဋ္ဌာနံ။

### အဋ္ဌသာလိနီ အဋ္ဌကထာ။

အနောတ္တပ္ပံ၊ သည်။ အနုတ္တာသလက္ခဏံ၊ ဒုစရိုက်တရားတို့မှ မထိတ်လန့်ခြင်း လက္ခဏာရှိ၏။ အနုတ္တာသာကာရေန၊ မထိတ်လန့်သော အခြင်းအရာအားဖြင့်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ကရဏရသံ၊ ပြုခြင်းကိစ္စရှိ၏။ အသင်္ကောစနပစ္စုပဋ္ဌာနံ၊ ဒုစရိုက်တရားတို့မှ၊ မတွန့်တိုခြင်းလျှင်ထင်သော အခြင်းအရာ ရှိ၏။ ပရအဂါရဝပဒဋ္ဌာနံ၊ သူတပါးတို့ကို မရိုသေခြင်းလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။

အဓိပ္ပါယ်ကား····မကောင်းမှုကို ပြုရာ၌ မကြောက်မရွံ့ မလန့်မထိတ် ရွှပ်ရွှပ်ချွံချွံ ပြုလုပ်သော သဘောသည် အနောတ္တပ္ပ စေတသိက် မည်၏။ သို့ဖြစ်ရကား အနောတ္တပ္ပ စေတသိက်သည် ပိုးဖလံနှင့် တူ၏။ ။တူဟန်ကား ပိုးဖလံတို့၏ သဘောသည် မီးရောင်ကို တွေ့မြင်သကာလ ကြောက်လန့် ဘွယ်ပင် ဖြစ်သော်လည်း ကြောက်ရွံ့ခြင်း မရှိမူ၍ မီးတောက်သို့ တိုးဝင် သဖြင့် အသက် သေဆုံးရလေ၏သို့ ထိုအတူ အနောတ္တပ္ပ စေတသိက် သည်လည်း မီးပုံကြီးနှင့် တူသော ဒုစရိုက် တရားတို့ကို မကြောက်မရွံ့ခြင်း သဘောရှိ၏။ ဟူလို။

---

## အပ်ဗိုက်နှင့် အနေ္ဘဆုပ္ပ အထူး

ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
န ဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ။
ဋီကာကျော်။

သူကရော၊ ဝက်သည်။ ဂူထာ၊ မစင်မှ။ နဇိဂုစ္ဆတိ ဣဝ၊ မစက်ဆုပ် သကဲ့သို့။ အဟိရိကော၊သည်။ ပါပါ၊ မကောင်းမှုမှ။ နဂုစ္ဆတိ၊ မစက်ဆုပ် တတ်။ သလဘော၊ ပိုးဖလံသည်။ ပါဝကာ၊မီးမှ။န ဘာယတိဝိယ၊ မလန့် သကဲ့သို့။အနောတ္တပ္ပီ၊ သည်။ ပါပါ၊မှ။ နဘာယတိ၊ မလန့်မကြောက်တတ်။

ရွာဝက်သည် မစင်ဘင်ပုတ်မှ မစက်ဆုပ်မရွံရှာဘိသကဲ့သို့ မိမိဂုဏ်ကို မငဲ့မူ၍ ဒုစရိုက်တရားတို့မှ မစက်ဆုပ် မရွံရှာခြင်းသည် အဟိရိက မည်၏။ ပိုးဖလံမျိုးသည် မီးမှ မထိတ်လန့်ဘိသကဲ့သို့ ရှိသေထိုက်သော ဆရာ, မိဘ စသော သူတပါးဂုဏ်ကို မထောက်ထားမူ၍ ဒုစရိုက်တရားမှ မကြောက်ရွံ့ ခြင်းသည် အနောတ္တပ္ပ မည်၏-ဟု အထူးကို မှတ်လေ။

---

## ဆောင်ပုဒ်

က။ ။ကိုယ့်ဂုဏ်မငဲ့၊ ရွာဝက်ကဲ့သို့၊ မရှက်ပါပ၊ ပြုကုန်ထ၊ မှတ်ကြ အဟိရိကံ။

ခ။ ။သူ့ဂုဏ်မငဲ့၊ ပိုးဖလံကဲ့ဟန်၊ ပါပံ မကြောက်၊ ပြုကုန်ထောက်၊ မှတ်လောက်-အနောတ္တပ္ပတည်း။

## အဟိရိက,အနောတ္တပ္ပ စေတသိက်တို့၏ အားအကြောင်း

ဤစေတသိက် ၂-ပါးတို့တွင် ဟိရီအားကြီးသည်ရှိသော် ဩတ္တပ္ပသည် အဗ္ဗောဟာရိက ဖြစ်၏၊ ဩတ္တပ္ပ အားကြီးသည် ရှိသော် ဟိရီသည် အဗ္ဗောဟာရိက ဖြစ်သကဲ့သို့ ထိုအတူ အဟိရိက အားကြီးသည်ရှိသော် အနောတ္တပ္ပသည် အဗ္ဗောဟာရိက ဖြစ်၏၊ အနောတ္တပ္ပ အားကြီးသည် ရှိသော် အဟိရိကသည် အဗ္ဗောဟာရိက ဖြစ်၏ဟု ကေစိဆရာတို့ မိန့်ဆိုကုန်၏။ ၎င်းကေစိဆရာတို့၏ ဝါဒမသင့် ဟု သမာနဝါဒီ ဆရာတို့ မိန့်ဆိုတော်မူကုန်၏။

အဓိပ္ပါယ် အဖြေ ၁င့်ကား····၎င်းအဟိရိက,အနောတ္တပ္ပတရား ၂-ပါး လုံးပင် အားကြီးကုန်၏။ ။ဥပမာဆိုသော် မစင်ကျင်ကြီးဖြင့် မိမိကိုယ်ကို လိမ်းကျံလျက် မြွေ၏ခံတွင်းသို့ လက်သွင်းလျက်နေသော သူငယ်သည် ထိုကျင်ကြီး၌၎င်း,မြွေ၌၎င်း၊ စက်ဆုပ်ဘွယ်ကြီးစွာသော အပြစ်တို့ကို မစုံ စမ်းခြင်းကြောင့် မစက်ဆုပ်ခြင်း, မလန့်ခြင်း, တို့ကဲ့သို့ ထိုအတူသာလျှင် တရားသဘောကို မသိမမြင်ခြင်းကြောင့် မောဟတရားဖြင့် ဖုံးလွှမ်းရကား မကောင်းမှုအကုသိုလ်မှ မစက်ဆုပ်ခြင်း,မလန့်ခြင်း ဖြစ်လေသတည်း။ ။ ထိုကြောင့် မောဟနှင့်ယှဉ်သော စိတ္တုပ္ပါဒ်၌ ထိုတရား ၂-ပါးတို့သည် အားကြီး၏ ဟု မှတ်။

၅-ခ။ ။ဝေဓမဝံ ဓမ္မသဘာဝဿ အညာဏတော မောဟော
ပါပတော နေဝဇိဂုစ္ဆတိ၊န ဥတ္တသတိ။တသ္မာ တံ သမ္ပ
ယုတ္တစိတ္တုပ္ပါဒေ ဥဘယမ္ပိ ဗလဝတရံ ဟောတီတိ။

အဘိဓမ္မာဝတာရ ဋီကာ။

---

## ဥဒ္ဓစ္စစေတသိက် အဓိပ္ပါယ်

ဥဒ္ဓတဿ၊ပျံ့လွင့်တတ်သော စိတ်၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။ ဥဒ္ဓစ္စံ၊ ပျံ့လွင့်သော စိတ်၏ ဖြစ်ကြောင်း။

---

၅-ခ။ ။ဝေဓမဝံ၊ ဤဥပမာအားဖြင့်သာလျှင်။ ဓမ္မသဘာဝဿ၊ တရားသဘောကို။ အညာဏတော၊ မသိသောကြောင့်။ မောဟော၊ မောဟသည်။ ပါပတော၊ မကောင်းမှု အကုသိုလ်မှ။ နေဝ ဇိဂုစ္ဆတိ၊ မစက်ဆုပ်။ န ဥတ္တသတိ၊ မလန့်။ တသ္မာ၊ ထိုကြောင့်။ တံ သမ္ပယုတ္တစိတ္တုပ္ပါဒေ၊ ထိုမောဟနှင့်ယှဉ်သော စိတ္တုပ္ပါဒ်၌။ ဥဘယမ္ပိ၊ အဟိရိက,အနောတ္တပ္ပ ၂-ပါးစလုံးသည်လည်း။ ဗလဝတရံ၊ အားကြီးသည်။ ဟောတိ၊ ဖြစ်၏။

စေတသော အဝူပသမလက္ခဏံ ဥဒ္ဓစ္စံ၊ အနဝဋ္ဌာနရသံ။
ဘန္တတ္တပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရ ပဒဋ္ဌာနံ။
ဝါတာဘိဃာတစလဇလပဋ္ဌာကာဝိယ၊ ပါသာဏာဘိဃာတ
သမုဋ္ဌိတဘသ္မံရိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စစေတသိက်သည်။ စေတသော၊ စိတ်၏။ အဝူပသမလက္ခဏံ၊ မငြိမ်သက်ခြင်း လက္ခဏာရှိ၏။ အနဝဋ္ဌာနရသံ၊မရပ်မတည်ခြင်း ကိစ္စရှိ၏။ ဘန္တတ္တပစ္စုပဋ္ဌာနံ၊တုန်လှုပ်သောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ အယောနိသော မနသိကာရပဒဋ္ဌာနံ၊ အယောနိသော မနသိကာရတရား လျှင် နီးစွာသော အကြောင်းရင်းရှိ၏။ ဝါတာဘိဃာတစလဇလပဋ္ဌာကာ ဝိယစ။လေတိုက်ခတ်အပ်၍ လှုပ်သော တံခွန်ဖျားကဲ့သို့ငင်း။ ပါသာဏာဘိ ဃာတ သမုဋ္ဌိတဘသ္မံ ဝိယ စ၊ အုတ်ကျောက်ခဲတို့ဖြင့် ပုတ်ခတ်အပ်သဖြင့် အထက်သို့ တက်ပျံသော ပြာကဲ့သို့ငင်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။

စိတ်၏မငြိမ်သက်တတ် ပျံလွင့်တတ်ခြင်း၏ အကြောင်းဖြစ်သောသဘော တရားသည် ဥဒ္ဓစ္စစေတသိက်မည်၏။ ၎င်းစေတသိက်နှင့် ယှဉ်မှုကြောင့် စိတ်သည် မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း ဖြစ်ရ၏။ ထိုသို့ စိတ်၏ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း၏ အကြောင်းဖြစ်သော စေတသိက်သည် ဥဒ္ဓစ္စ မည်၏။ ။ဟူလို။

ထိုကြောင့် ဥဒ္ဓစ္စ စေတသိက်သည် ကျောက် အုတ်ခဲ စသည်တို့ဖြင့် ခတ်မိသော ပြာနှင့်ငင်း၊ လေတိုက်ခတ်သော တံခွန်ဖျားနှင့် ၎င်းတူ၏။ ။ (အဓိပ္ပါယ်ပေါ်ပြီ)။

---

## ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာ အထူး

ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာတရား ၂-ပါးတို့သည် စိတ်၏ အာရုံ၌ မတည်ခြင်း အကြောင်းဖြစ်သော တရား,တုန်လှုပ်တတ်သော တရားများဖြစ်၍ အဘယ် သို့ ထူးခြားပါသနည်းဟူမူ။ ။တခုသော အာရုံ၌သာလျှင် တုန်လှုပ်ခြင်း သည် ဥဒ္ဓစ္စမည်၏။ ။အထူးထူးသော အာရုံ၌ တုန်လှုပ်ခြင်းသည် ဝိစိကိစ္ဆာမည်၏ ဟု အထူးမှတ်။

ဥဒ္ဓစ္စဉ္စ ဧကာရမ္မဏေ ဝိပ္ပန္ဒတိ။ ဝိစိကိစ္ဆာ နာနာရမ္မဏေ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

## ဆောင်ပုဒ်

မငြိမ်သမက်၊ ပျံ့လွင့်တက်ပျံ၊ တံခွန်ဟန်၊ မှတ်ရန်-ဥဒ္ဓစ္စ။

---

## လောဘ စေတသိက် အဓိပ္ပါယ်

လုဗ္ဘတီတိ လောဘော။

ယော၊ အကြင် သဘောတရားသည်။ လုဗ္ဘတိ၊ သာယာတပ်မက်တပ်၏။ ဣတိ၊ ကြောင့်။ သော၊ ထိုသဘောတရားသည်၊ လောဘော၊ လောဘ မည်၏။

အာရမ္မဏဂ္ဂဟဏလက္ခဏော လောဘော၊ အဘိသင်
ရသော၊ အပရိစ္စာဂပစ္စုပဋ္ဌာနော။ အဿာဒဒဿန
ပဒဋ္ဌာနော။ ။မဏ္ဍူပ်ဂ္ဂေါဝလေပေါ ဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

လောဘော၊ လောဘ စေတသိက်သည်။ အာရမ္မဏဂ္ဂဟဏလက္ခဏော၊ အာရုံကို စွဲလမ်းခြင်း လက္ခဏာရှိ၏၊ အဘိသင်္ဂရသော၊ အာရုံ၌ငြိကပ်ခြင်း ကိစ္စရှိ၏။ အပရိစ္စာဂပစ္စုပဋ္ဌာနော၊ စွန့်အပ်သော ဝတ္ထုကို မစွန့်ကြဲခြင်း လျှင် ထင်သောအခြင်းအရာရှိ၏။ အဿာဒဒဿန ပဒဋ္ဌာနော၊ တပ်သော အားဖြင့် ရှုခြင်းလျှင် နီးစွာသော အကြောင်းရင်းရှိ၏။ ။မဏ္ဍူပ်ဂ္ဂေါဝလေပေါ ဝိယ၊ မျောက်နဲ့စေးကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

အဓိပ္ပါယ်ကား···· အာရုံခြောက်ပါးတို့၌ သာယာနှစ်သက် တပ်မက် စွဲလမ်းတတ်သော သဘောသည် လောဘ စေတသိက် မည်၏။ ။ ထို့ကြောင့် လောဘသည် မျောက်နဲ့စေး ညှောင်စေးနှင့်တူ၏။ တူဟန်ကား မျောက်နဲ့စေး ညှောင်စေးတို့၏ သဘောသည် တပါးသော ဝတ္ထုတို့၏ အပေါ်သို့ ကျသော်ငှင်း၊ မျောက်နဲ့စေး ညှောင်စေးတို့၏ အပေါ်သို့တပါး သော ဝတ္ထုတို့က လာ၍ထိခိုက်သော်ငှင်း၊ ငှင်းထိသော ဝတ္ထုနှင့် ငြိတွယ် စီးကပ်ဘိသကဲ့သို့ ထို့အတူ လောဘသည် အာရုံခြောက်ပါးတို့၏ ထင်လာ, ထိခိုက်လာ၍ငှင်း၊ မိမိအလိုလို အာရုံတို့ကို ထိခိုက်စေ, ထင်စေ၍ သော်ငှင်း၊ ငြိတွယ်တတ်, နှစ်သက်တတ်, မက်မောတတ်သော သဘောသည် လောဘမည်၏။ ။ဟူလို။

စိတ်လောဘနှင့် စေတသိက် လောဘတို့သည် အဘယ်သို့ ထူးပါ သနည်း ဟူမူ။ ။စိတ်လောဘသည် လောဘသာမည်၏။ မူလ မမည်ချေ၊ စေတသိက် လောဘကား လောဘလည်း မည်၏။ မူလလည်း မည်၏။ ။ တနည်း၊စိတ်လောဘကား ဝိညာဏက္ခန္ဓာ ဖြစ်၏။စေတသိက် လောဘကား သင်္ခါရက္ခန္ဓာဖြစ်၏။ ဤသို့ ထူးသတည်း။

---

## ဆောင်ပုဒ်

မျောက်နဲ့စေးဟန်၊ ခြောက်တန် အာရုံ၊
ငြိစွဲတုံ၊မှတ်ကုန် လောဘ၊သဘောတည်း။

---

## ဒိဋ္ဌိစေတသိက် အဓိပ္ပါယ်

မိစ္ဆာ ပဿန္တိ သတ္တာ တာယာတိ ဒိဋ္ဌိ။

တာယ၊ထိုတရားသဘောဖြင့်။သတ္တာ။သတ္တဝါတို့သည်။မိစ္ဆာ၊မှားသော အားဖြင့်။ ပဿန္တိ၊ ရှုတတ် မြင်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ သာ၊ ထို သဘောတရားသည်။ဒိဋ္ဌိ၊ဒိဋ္ဌိမည်၏။

အယောနိသော အဘိနိဝေသလက္ခဏာ ဒိဋ္ဌိ၊
ပရာမာသရသာ၊မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ။
အရိယာနံ အဒဿနကာမတာဒိပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒိဋ္ဌိ၊ဒိဋ္ဌိစေတသိက်သည်။ အယောနိသော၊ မသင့်မတင့်သော အားဖြင့်။ အဘိနိဝေသ လက္ခဏာ၊ နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏။ ပရာမာသ ရသာ၊ အနိစ္စစသည်တို့မှ တပါးသော နိစ္စစသည်ဖြင့် စွဲလမ်းခြင်းကိစ္စရှိ၏။ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ၊ ဖောက်ပြန်သော အားဖြင့် အဘန်တလဲလဲ နှလုံးသွင်းခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏။အရိယာနံ၊အရိယာသခင် အရှင်ကောင်းတို့သို့။ အဒဿနကာမတာဒိပဒဋ္ဌာနာ၊ ဘူးမြင်ခြင်းငှါ အလို မရှိသည်၏အဖြစ် အစရှိသည်လျှင် နီးစွာသော အကြောင်းရှိ၏။

အဓိပ္ပါယ်ကား····မှားသောအားဖြင့် နှယုံးသွင်းခြင်းမှားသော အထင် အမြင်သည် ဒိဋ္ဌိမည်၏။ ကန္တာရခရီး တောအုပ်ကြီး၌ မှားသောလမ်းနှင့်

တူ၏။ မျက်စိလည်လမ်းမှားသို့ လိုက်သွားမိသော သူသည် မိမိလိုရာအရပ်သို့သွားသော်လည်း လိုရာအရပ်သို့ မရောက်မူ၍ တပါးတခြားသော ဘေးဥပါဒ်ထူပြောသော ကန္တာရခရီးတောအုပ်ကြီးသို့သာ ရောက်သဖြင့် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထိုအတူ ဘုရား ဟောတော်မူသော တရားတော်မှတပါး အခြားသော တိတ္ထိတို့၏ တရားသည် နတ်ရွာသုဂတိသို့ ရောက်စေတတ်၏-ဟု ထင်၍ မအိပ်မနေ အားထုတ်လျက် ကျင့်ကြံသည်၏အဖြစ်ကြောင့် သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ မရောက်ပါဘဲ အပါယ်ဆင်းရဲသို့သာ ရောက်ရ ချေ၏။ ဤသို့လျှင် ဒိဋ္ဌိသည် မျက်စိ လည်စရာလမ်းမှားနှင့်တူ၏။ ၎င်းအယူကို ယူသောသူသည် လမ်းမှားသို့ လိုက်သောသူနှင့် တူ၏-ဟု မှတ်။

၅-ဂ။ ။ယထာ ဟိ ဒိသာမူဠှေန အဓံ အသုကာသာ ဂါမဿာ
နာမ ပဿောတိ ဂဟိတောပိ တံဂါမံ န သမ္ပာပေတိ၊ ဧဝံ
ဒိဋ္ဌိဂတိကေန သုဂတိပဿောတိ ဂဟိတာပိ ဒိဋ္ဌိ
သုဂတိံ န သမ္ပာပေတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**ဆောင်ပုဒ်**

ကန္တာရခရီး၊ တောအုပ်ကြီးသွား၊ ခရီးမှားသွင်၊
မှားအမြင်၊ များရှင် ဒိဋ္ဌိ၊ခေါ်သတည်း။

**မိစ္ဆာဒိဋ္ဌိ ကမ္မပထ ဖြစ်ပုံ အဆုံးအဖြတ်**

တတ္ထ နတ္ထိကာ ဟေတုကာ အကိရိယာဒိဋ္ဌိယော ဝ
ကမ္မပထဘေဒါ ဟောန္တိ၊ န အညဒိဋ္ဌိယော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

နတ္ထိကာဒိဋ္ဌာဒယော ဝ ဟိ ကမ္မပထပ္ပတ္တာ။

မူလဋီကာ။

တတ္ထ၊ ထို ဒိဋ္ဌိ ၆၂-ပါးတို့တွင် နတ္ထိကာဟေတုက အကိရိယဒိဋ္ဌိယော ဝ၊ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ-တို့ဖြင့် သာလျှင်။ ကမ္မပထဘေဒါ၊ ကမ္မပထအဖြစ်သို့ ရောက်သည်။ ဟောန္တိ၊ ဖြစ်၏။ အညဒိဋ္ဌိယော၊ တပါးသော

ဒိဋ္ဌိတို့ဖြင့်။ န ကမ္မပထဘေဒေါ၊ကမ္မပထ အထူး မဟုတ်။ ။ဟိ၊မှန်၏။ နတ္ထိကဒိဋ္ဌာဒယော စေ၊ နတ္ထိကဒိဋ္ဌိ အစရှိသော ဒိဋ္ဌိတို့သည်သာလျှင်။ကမ္မပထပတ္တာ၊ ကမ္မပထသို့ရောက်ကုန်,မြောက်ကုန်၏။

အဒိပ္ပါယ်ကား ···· သတ္တဝါ တို့အား သံသရာမှ စင်ကြယ်ခြင်း၏ အကြောင်းမရှိ၊အကြောင်းမရှိဘဲသာသတ္တဝါတို့သည် စင်ကြယ်ကုန်၏-အစရှိသည်ဖြင့် ကံ,ကံ၏အကျိုး နှစ်ပါးစုံကို တားမြစ်သော အယူသည် **အဟေတုကဒိဋ္ဌိ** မည်၏။ မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊မကောင်းမှု မရှိ၊မကောင်းမှုမဖြစ်၊ ကောင်းမှုကိုပြုသော်လည်း ပြုသည်မမည်၊ ကောင်းမှုလည်း မရှိ၊ ကောင်းမှု မဖြစ် ဟု ကံ, ကို တားမြစ်သော အယူသည် **အကိရိယဒိဋ္ဌိ** မည်၏။ အလှူ၏အကျိုးမရှိ၊ ကောင်းမှု မကောင်းမှု၏ အကျိုး မရှိ၊အစရှိသည်ဖြင့် အကျိုးတရားကိုမြစ်သောအယူသည် **နတ္ထိကဒိဋ္ဌိ**မည်၏။

ထို့ကြောင့် မန္တလေး နေပြည်တော်ကြီးဝယ် နေလ အသွင် ပိဋကတ်တော်၌ သူမတူတန် ကျမ်းကျင်တော်မူသော မန္တလာရာမ ပြည်ဆရာတော်ဘုရားကြီးသည်—

မိစ္ဆာဒိဋ္ဌိ တယော ဝုတ္တာ၊အကြိယာနတ္ထိဟေတုကာ။
ဟောန္တိ မာပဋိဗာဟေန၊ကမ္မပါကုဘယံ ကမာ။

ဟု-ကျက်ဆောင် လွယ်ရန် ဂါထာ စီကုံး နှုံးဖွဲ့ ထားတော်မူခဲ့လေသတည်း။ ။အကြိယနတ္ထိဟေတုကာ၊ အကြိယဒိဋ္ဌိ,နတ္ထိကဒိဋ္ဌိ,အဟေတုကဒိဋ္ဌိအားဖြင့်။ တယော၊ သုံးပါးကုန်သော။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ဣမာ၊ ဤဒိဋ္ဌိသုံးပါးတို့သည်။ကမာ၊ အစဉ်အတိုင်း။ ကမ္မပါကုဘယံ၊ ကံ, ကံ၏အကျိုး၊ ကံ,အကျိုး နှစ်ပါးစုံကို။ ပဋိဗာဟေန၊ တားမြစ်သောအားဖြင့်၊ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤဒိဋ္ဌိသုံးမျိုးတို့သာလျှင်၊ကမ္မပထ မြောက်ကုန်၏။ကြွင်းသော-သက္ကာယဒိဋ္ဌိ ၂၀-စသည်တို့ကား ကမ္မပထ မမြောက်ကုန်။ ။ဟု မှတ်။

### ဒိဋ္ဌိနှင့် ဉာဏ်အထူး

ဒိဋ္ဌိ-ဟူသည့် အယိတရားမျိုးပင် ဖြစ်၏။ ဉာဏ် ဟူသည်လည်း အသိတရားမျိုးပင် ဖြစ်သောကြောင့် တူသည် မဟုတ်ပါလော၊ အဘယ်သို့ ထူးခြားကြပါသနည်း-ဟူမူ—

ဉာဏ်သည် အာရုံကို ဟုတ်တိုင်းမှန်စွာ သိတတ်၏။ ဒိဋ္ဌိကား ဟုတ်မှန်သောသဘောကို စွန့်၍ မှားသောအားဖြင့် သိတတ်၏။ ။ဤသို့ ထူးခြားပါသတည်း။

ဉာဏဉ္ဟိ အာရမ္မဏံ ယထာသဘာဝတော ဇာနာတိ။ဒိဋ္ဌိ ယထာသဘာဝံ ဝိဇဟိတွာ အယာထာဝတော ဂဏှာတီတိ အယမေတေသံ ဝိသေသော။

ဋီကာကျော်။

---

## မာန စေတသိက် အဓိပ္ပါယ်

သေယျော ဟမသ္မီတိ အာဒိနာ မညတီတိ မာနော။

အဟံ၊ ငါသည်။ သေယျော၊မြတ်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ယော သဘာဝေါ၊ အကြင် သဘောတရားသည်။ မညတိ၊ အောက်မေ့တတ်၏။ ဣတိ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ မာနော၊မာနမည်၏။

သော ဥန္နတိလက္ခဏော မာနော၊ သမ္ပဂ္ဂဟ ရသော၊ ကေတုကမျတာ ပစ္စုပဋ္ဌာနော၊ ဒိဋ္ဌိဝိပ္ပယုတ္တလောဘပဒ ဋ္ဌာနော။ ။ဥမ္မာဒေါဝိယ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သော မာနော၊ ထိုမာနသည်။ ဥန္နတိလက္ခဏော၊ ငါသာလျှင် မြတ်၏ဟု မိမိကိုယ်ကို ထောင်လွှားခြင်း လက္ခဏာရှိ၏။ သမ္ပဂ္ဂဟရသော၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း ကိစ္စရှိ၏။ ကေတုကမျတာပစ္စုပဋ္ဌာနော၊ မှန်ကင်းကဲ့သို့ ပြုလိုသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဒိဋ္ဌိဝိပ္ပယုတ္တလောဘ ပဒဋ္ဌာနော၊ ဒိဋ္ဌိနှင့် မယှဉ်သော လောဘလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။ ။ဥမ္မာဒေါဝိယ၊အ ူးကဲ့သို့။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

လောက၌ ငါကား တံခွန်အလား အလွန်ထင်ရှားသော ပုဂ္ဂိုလ်ထူးတယောက်တည်း။ ထင်းတုံးအလား မထိမဲ့မြင် ပြုထိုက်သော သူမျိုးမဟုတ်၊ ဤသို့ စသည်ဖြင့် မိမိကိုယ်ကိုယ် စိတ်နေမြင့် စိတ်ကြီးဝင်သော အားဖြင့်

ထောင်လွှား တက်ကြွခြင်း သဘောသည် မာနမည်၏။ ထို့ကြောင့် ထို မာနသည် သူရူးနှင့်တူ၏။ ။ဟူလို။

---

## မာန၏ အပြား

ထိုမာနသည် ယာထာဝမာန်, အယာထာဝမာန် အားဖြင့် ၂-ပါးရှိ၏။ ဥစ္စာစည်းစိမ် ဂုဏ်သိမ် စသည်တို့၏ မှချ ကိုယ်၌ ရှိသဖြင့် တက်ကြွ ထောင်လွှားသော မာနသည် ဟုတ်မှန်သော မာန ဖြစ်သောကြောင့် ယာထာဝ မာန-မည်၏။ ဥစ္စာ စည်းစိမ် ဂုဏ်သိမ် စသည်တို့သည် ပြည့်စုံစွာ မရှိဘဲ အနည်းငယ်မျှဖြင့် တက်ကြွ ထောင်လွှားသော မာနသည် မဟုတ်မှန်သော အယာထာဝမာန-မည်၏။

**တနည်း**။ ။ဇာတိမာန်, ပုညမာန်, ဂုဏမာန် ဟူ၍ သုံးပါး ရှိ၏။ ငါသည် မင်းမျိုးတကားစသည်ဖြင့် အမျိုးအရိုး ဇာတ်ကို ကိုး၍ဖြစ်သောမာန်သည် ဇာတိမာန် မည်၏။

ကောင်းမှု ကုသိုလ်ကြောင့် စည်းစိမ်ဥစ္စာ ရာဇနာတို့နှင့် ပြည့်စုံခြင်း ဘုန်းကန်နိုးအာနုဘော်ကြီးခြင်း စသော အကျိုးတရားကိုအမှီပြု၍ ငါသည် ကုသိုကံရှင် ဘုန်းရှိသူပါတကား ဟု ရှေးဘုန်း ရှေးကံ ကုသိုလ်ကို အကြောင်းပြု၍ ဖြစ်သော မာန်သည် ပုညမာန် မည်၏။

မိမိ၏ ဂုဏ်ကို အမှီပြု၍ ဖြစ်သော မာန်တက်ခြင်းသည် ဂုဏမာန် မည်၏။

**တနည်း**။ ။ဟီနမာန်, သဒိသမာန်, ပဏီတမာန်- အားဖြင့် ၃-ပါး အပြားရှိ၏။ ။ထိုသုံးပါးတို့တွင် ယုတ်သောသူက မြတ်သောသူကို မာန် တက်ခြင်းသည် ဟီနမာန် မည်၏။ ။မိမိဂုဏ်ရေတူကို မာန်တက်ခြင်းသည် သဒိသမာန် မည်၏။ ။မြတ်သော သူက ယုတ်သော သူကို မာန်တက် ခြင်းသည် ပဏီတမာန် မည်၏။သေယျမာန် ဟူ၍လည်း ခေါ်၏။

၁။ ။မာန်တက်ခြင်း မာန၊

၂။ ။အလွန်မာန်တက်ခြင်း အတိမာန၊

၃။ ။မာန်တက်သည်ထက် မာန်တက်ခြင်း မာနာတိမာန၊

၄။ ။အမျိုးကိုစွဲ၍ မာန်တက်ခြင်း ဇာတိမာန်၊

၅။ ။အနွယ်ကိုစွဲ၍ မာန်တက်ခြင်း ဂေါတ္တမာန်၊
၆။ ။ရောဂါမရှိသည်ကို စွဲ၍ မာန်တက်ခြင်း အာရောဂျမာန်၊
၇။ ။အရွယ်ကို စွဲ၍ မာန်တက်ခြင်း ယောဗ္ဗနမာန်၊
၈။ ။အသက်ရှည်သည်ကို စွဲ၍ မာန်တက်ခြင်း ဇီဝိတမာန်၊
၉။ ။လာဘ်ကို စွဲ၍ မာန်တက်ခြင်း လာဘမာန်၊
၁၀။ ။ပူဇော်သက္ကာရကို စွဲ၍ မာန်တက်ခြင်း သက္ကာရမာန်၊
၁၁။ ။သူတပါးတို့ အလေးအမြတ် ပြုသည်ကို စွဲ၍ မာန်တက်ခြင်း ဂရုဂါရဝမာန်၊
၁၂။ ။ရှေ့သွားအကြီးပြုရသည်ကို စွဲ၍ မာန်တက်ခြင်း ပုရေက္ခာရမာန်၊
၁၃။ ။အခြံအရံ များသည်ကို စွဲ၍ မာန်တက်ခြင်း ပရိဝါရမာန်၊
၁၄။ ။စည်းစိမ်ဥစ္စာ ရှိသည်ကို စွဲ၍ မာန်တက်ခြင်း ဘောဂမာန်၊
၁၅။ ။အဆင်းလှသည်ကို စွဲ၍ မာန်တက်ခြင်း ဝဏ္ဏမာန်၊
၁၆။ ။အကြားအမြင် ရှိသည်ကို စွဲ၍ မာန်တက်ခြင်း သုတမာန်၊

ထိုမှတပါး ပညာ, ဘုန်းတန်ခိုး, ဓုတင်ဆောင်ခြင်း ... ရဋ္ဌ, ဇာနပဒ, သီလ, စသည်ကို စွဲ၍ မာန်တက်ခြင်း စသည်တို့သည် များပြားလှကုန်၏။

**တနည်း။** ။၁-ငါမြတ်၏ဟု မာန်တက်ခြင်း သေယျမာန်၊

၂။ ။ငါသူတပါးနှင့် တူ၏ဟု မာန်တက်ခြင်း သဒိသမာန်၊
၃။ ။ငါသူတို့အောက် ယုတ်၏ဟု မာန်တက်ခြင်း ဟီနမာန်၊
၄။ ။မြတ်သည် ဖြစ်လျက် ငါမြတ်၏ဟု မာန်တက်ခြင်း သေယျဿ သေယျမာန်၊
၅။ ။မြတ်သည်ဖြစ်လျက် ငါသူနှင့်တူ၏ ဟု မာန်တက်ခြင်း သေယျဿ သဒိသမာန်၊
၆။ ။မြတ်သည်ဖြစ်လျက် ငါ-သူတို့အောက် ယုတ်၏ ဟု မာန်တက်ခြင်း သေယျဿ ဟီနမာန်၊
၇။ ။သူနှင့်တူသည် ဖြစ်လျက် သူ့ထက်မြတ်၏ ဟု မာန်တက်ခြင်း သဒိသဿ သေယျမာန်၊
၈။ ။သူနှင့် တူသည်ဖြစ်လျက် သူနှင့်တူ၏ ဟု မာန်တက်ခြင်း သဒိသဿ သဒိသမာန်၊

၉။ ။သူ့နှင့် တူသည်ဖြစ်လျက် သူ့အောက်ယုတ်၏ ဟု မာန်တက်ခြင်း သဒိသဿ သဒိသမာန်၊

၁၀။ ။သူ့အောက် ယုတ်လျက် သူ့ထက်မြတ်၏ ဟု မာန်တက်ခြင်း ဟီနဿ သေယျမာန်၊

၁၁။ ။သူ့အောက်ယုတ်လျက် သူနှင့်တူ၏ ဟု မာန်တက်ခြင်း ဟီနဿ သဒိသမာန်၊

၁၂။ ။သူ့အောက်ယုတ်လျက် သူ့အောက်ယုတ်၏ ဟု မာန်တက်ခြင်း ဟီနဿ ဟီနမာန်၊

---

## ဒေါသ စေတသိက် အစ်ပွါယ်

ဒုဿတီတိ ဒေါသော။

ယော သဘာဝေါ၊ အကြင် တရားသဘောသည်။ ဒုဿတိ၊ ပြစ်မှား ဖျက်ဆီးတတ်၏။ဣတိ၊ကြောင့်။သော သဘာဝေါ၊သည်။ ဒေါသော၊ဒေါသ မည်၏။

စဏ္ဍိက္ကလက္ခဏော ဒေါသော၊ ဝိသပ္ပနရသော။
ဒုဿနပစ္စုပဋ္ဌာနော၊အာဃာတဝတ္ထုပဒဋ္ဌာနော။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒေါသော၊ဒေါသ စေတသိက်သည်။ စဏ္ဍိက္ကလက္ခဏော၊ကြမ်းတန်းခြင်း လက္ခဏာရှိ၏။ဝိသပ္ပနရသော၊ကိုယ်ကို တုန်လှုပ်စေခြင်း ကိစ္စရှိ၏။ ဒုဿန ပစ္စုပဋ္ဌာနော၊ ပြစ်မှားခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အာဃာတ ဝတ္ထုပဒဋ္ဌာနော၊ရန်ငြိုးဖွဲ့ခြင်း, အမျက်ထွက်ခြင်းလျှင် နီးသော အကြောင်း ရင်းရှိ၏။

အဓိပ္ပါယ်ကား.... ကြမ်းတန်းသောအားဖြင့် ပြစ်မှားတတ် အမျက် ထွက်တတ်သော သဘောတရားသည် ဒေါသမည်၏။ ထိုကြောင့် ဒေါသ သည် တုတ်,လှံတံဖြင့် ခတ်မိသော မြွေဟောက်နှင့်တူ၏။ ပြင်းပြစွာပျံ့နှံ့၍ ကျရောက်ဖြစ်ပွါးတတ်သော မျှားဆိပ် မြွေဆိပ်ကျသည်နှင့်လည်း တူ၏၊ မိမိမှီရာ ပုဂ္ဂိုလ်ကို လောင်ကျွမ်းစေတတ်သောကြောင့် ဘောမီးနှင့်လည်း တူ၏၊ပြစ်မှားတက်သော အနက်သဘောကြောင့် နှိပ်စက်ရန်အခွင့်ရသော ရန်သူကြီးနှင့် တူ၏၊ အလုံးစုံသော အကျိုးမဲ့ မှန်သမျှတို့၏ စုပုံရာတရားကြီး

ဖြစ်သောကြောင့် အဆိပ်နှင့် ရောနှောလျက် ရှိသော ကျင်ငယ်ပုပ်အိုး သေရည်အိုးကြီးများနှင့်လည်း တူ၏။ ။ဟူလို။

၅-ဃ။ ။ပဟဋ္ဌာသိဝိသော ဝိယ၊ဝိသနိပါတော ဝိယ။ဒါဝဂ္ဂိ ဝိယ လဒ္ဓေါကာသော ဝိယ သပတ္တော၊ ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ ဒဋ္ဌဗ္ဗော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## မာနနှင့် ဒိဋ္ဌိ အထူး

မာနသည် ငါ,ဟူသော သတ္တာယအစွမ်းဖြင့် ဖြစ်သောကြောင့် ဒိဋ္ဌိနှင့် တူသည် မဟုတ်ပါလော။ အဘယ်သို့ ထူးပါသနည်းဟူမူ။ ။မာနသည် ငါ,တကားဟု ထောင်လွှားသော သဘောဖြင့် ဖြစ်၏၊ဒိဋ္ဌိသည်လည်း ငါ, ငါ,၏ဉစ္စာ အစရှိသော စွဲလမ်းခြင်းဖြင့် ဖြစ်၍ ၎င်းတရား ၂-ပါးတို့သည် ကေသရာဇာ ခြင်္သေ့နှစ်ကောင်နှင့်တူကုန်၏၊ ခြင်္သေ့မင်းတို့မည်သည် တဂူ တည်း၌အတူတကွ နေရိုးထုံးစံ မရှိသကဲ့သို့ ၎င်းစေတသိက် ၂-ပါးတို့ သည်လည်း စိတ္တုပ္ပါဒ်တခုတည်း၌ အတူတကွ ယှဉ်ရိုးထုံးစံမရှိ၊ ထို့ ကြောင့် ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်၏။ မာနသည် ဒိဋ္ဌိ ဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်၏။ ။မာနသည် တရားအပေါင်းကိုယူခြင်း၌ အားကြီးသည်ဖြစ်၍ မိမိကိုယ်ကို ချီးမြှင့်သော အတ္တုက္ကံသန အစွမ်းဖြင့် ဖြစ်၏။ ။ဒိဋ္ဌိသည် တခုတခုသော တရားကိုပင် နိစ္စ-မှ၀ အစရှိသော အခြင်းအရာအားဖြင့် စွဲလမ်းလျက် ဖြစ်တတ်၏။ ။တနည်းမာနသည် မိမိ ကိုယ်ကို ချစ်ခြင်းကိုစွဲ၍ ဖြစ်၏။ ။ဒိဋ္ဌိသည် ကိုယ်၏ ပင်ပန်းခြင်းနှင့် ယှဉ်မှု အတ္တကိလမထာနုယောဂ၌ မှီ၍ဖြစ်၏။ ။ဤသို့ ထူးပါသတည်း။

မာနော ဓမ္မသမူဟဂ္ဂဟဏေ ဗလဝံ ဟုတွာ အတ္တုက္ကံ သနဘာဝေန ပဝတ္တတိ။ဒိဋ္ဌိ ဧကေကဓမ္မမှိ နိစ္စာဒိအာ ကာရေန ဂဏှန္တိ ပဝတ္တတိ။ အတ္တသိနေဟသန္နိဿ ယော ဝါ မာနော။အတ္တကိလမထာနုယောဂသန္နိဿ ယာ ဒိဋ္ဌီတိ အယမေတေသံ ဝိသေသော။

အဘိဓမ္မာဝတာရ ဋီကာ။

---

## ဒေါသ ပဋိဃ ကောဓတို့၏ အထူး

အားနည်းသော အမျက်သည် ဒေါသမည်၏။ အားကြီးသော အမျက်သည် ပဋိဃမည်၏။ ။ရှေးဦးစွာ ဖြစ်သော အမျက်သည် ကောဓမည်၏၊ နောက်အတိုက်ဖြစ်သော အမျက်သည် ဒေါသမည်၏ ဟု အထူးမှတ်။

---

## သေဝါ်ပုဒ်

က။ ။အားနည်းမျက်မူ၊ဒေါသယူလော့၊ အားမူကြီးလတ်၊ ပဋိဃတ်၊ မှတ်လေ ၂-ပါး အထူးတည်း။

ခ။ ။ရှေးဦးဖြစ်က၊ ကောဓအမျက်၊ နောက်မှထွက်မူ၊ ဒေါသယူ၊ နှစ်ဆူမှတ်တို့ အထူးတည်း။

---

## ဣဿာစေတသိက် အဖွင့်

ပရသမ္ပတ္တိံ ဣဿတီတိ ဣဿာ။

ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ ပရသမ္ပတ္တိံ၊ သူတပါး၏ စည်းစိမ်ကို။ ဣဿတိ၊ငြူစူတတ်၏။ ဣတိ၊ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ဣဿာ၊ဣဿာမည်၏။

> ပရသမ္ပတ္တိနံ ဥဿူယနလက္ခဏာ ဣဿာ၊ တတ္ထေဝ
> အနဘိရတိရသာ။ တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊
> ပရသမ္ပတ္တိပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဣဿာ၊ ဣဿာ စေတသိက်သည်။ ပရသမ္ပတ္တိနံ၊ သူ့စည်းစိမ်တို့ကို။ ဥဿူယနလက္ခဏာ၊ငြူစူခြင်း၊ သည်းမခံနိုင်ခြင်း လက္ခဏာရှိ၏။ တတ္ထေဝ၊ ထိုသူတပါးတို့၏ စည်းစိမ်၌သာလျှင်။ အနဘိရတိရသာ၊မမွေ့လျော်ခြင်း, မနှစ်သက်ခြင်း ကိစ္စရှိ၏။ တတော၊ထိုသူတပါး၏စည်းစိမ်မှ။ ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊မရှုစိမ့်ဘဲ၊ မျက်နှာလွှဲသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ပရသမ္ပတ္တိပဒဋ္ဌာနာ၊ သူတပါးတို့၏ စည်းစိမ်လျှင် နီးစွာသော အကြောင်းရင်း ရှိ၏။

အဓိပ္ပါယ်ကား‥‥ သူတပါးတို့၏ နဂိုရှိပြီး ဖြစ်သော စည်းစိမ်

ချမ်းသာကိုမြင်၍သော်၎င်း,ကြား၍သော်၎င်း ဝမ်းမြောက်ရွှင်လန်းခြင်းမရှိ၊ မမြင်လို,မကြားလိုသော ငြူစူခြင်း သဘောသည် ဣဿာ-မည်၏။ ။ဟူလို။

ထို့ကြောင့် သူတော် သူမြတ်တို့သည် ယောနိသော ရှေ့ထား ကောင်း မွန်သော မနသိကာရပြုခြင်းဖြင့် အမြဲမပြတ် အထပ်ထပ် အခါခါ ၎င်းဣဿာ တရားတို့ကို ပယ်ရှားသင့်ကုန်၏။

ဣဿာနုလသိခါ ယေသံ၊ဟာဒယေ ဇလတိ၀ တေ။
နေဝ ဝိန္ဒန္တိ ပါမောဇ္ဇံ၊ သမ္ဗုဒ္ဓါဒိဟိ သေဝိတံ။ ။

အဘိဓမ္မာဝတာရဋီကာ။

ယေသံ၊ အကြင် နှလုံးသွင်း မကောင်း ဣဿာ ကိုယ်တွင်း အောင်း သော ဘူတို့၏။ ဟာဒယေ၊ နှလုံး၌။ ဣဿာနုလသိခါ၊ သူ့စည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိသော ဣဿာဟည်းဟူသော မီးအလျှံသည်။ဇလတိ၀၊ ထိန်ထိန် တောက်၏သို့ ဖြစ်၏။ တေ၊ ထိုဣဿာ ဟူသော ကိုယ်တွင်းမီး အလျှံကို လက်ခံမှားသော သူတို့သည်။ သမ္ဗုဒ္ဓါဒိဟိ၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့သည်။ သေဝိတံ၊ မှီဝဲသုံးဆောင်အပ်သော။ ပါမောဇ္ဇံအပိ၊ နုသောဝမ်းမြောက်ခြင်းဟူသော ပါမောဇ္ဇမျှကိုလည်း။ နေဝ ဝိန္ဒန္တိ၊မရနိုင်ကုန်သည်သာတည်း။

အဝိကား၊ ဂမျမာန်- လုတ္တနိဒ္ဒိဋ္ဌ တည်း။ ထို အပိသဒ္ဒါဖြင့် နုသော ဝမ်းမြောက်ခြင်း ဟူသော ပါမောဇ္ဇကိုမျှ မရသေး၏ရှင့်၊ အားကြီးသော ဝမ်းမြောက်ခြင်း တည်းဟူသော ပီတိ, ကိုယ်စိတ်၏ ချမ်းသာခြင်းဘည်း ဟူသော ပဿဒ္ဓိ,စသည်တို့ကိုကား ဆိုဘွယ်မရှိ၊ မရသည်သာ ဟု ဂရဟာ မှုသင့်သတည်း။

---

## မစ္ဆရိယ စေတသိက် အဓိပ္ပါယ်

အတ္တနော သမ္ပတ္တိံ မစ္ဆရတီတိ မစ္ဆရော။

ယော၊ အကြင်ပုဂ္ဂိုလ်သည်သည်။အတ္တနော၊မိမိ၏။သမ္ပတ္တိံ၊ပြည့်စုံသော စည်းစိမ်ကို။ မစ္ဆရတိ၊ ဝန်တိုတတ်၏။ ဣတိ၊ ကြောင့်။ သော၊ ထိုပုဂ္ဂိုလ် သည်။မစ္ဆရော၊ မစ္ဆရမည်၏။ ။ဝန်တိုသောပုဂ္ဂိုလ်ကိုရ၏၊ ။မစ္ဆရဿ ဘာဝေါ၊ မစ္ဆရိယံ။ ။မစ္ဆရဿ၊ ဝန်ကိုတတ်သော သူ၏။ ဘာဝေါ၊

ဖြစ်ကြောင်းတည်း။ မစ္ဆရိယံ၊ဝန်တို သူ၏ဖြစ်ကြောင်း။ စေတသိက်ကို ရ၏။

**တနည်း**။ ။မာ-ပုဒ်၊ အစ္ဆရိယ-ပုဒ် ကြီး၍-

မာ အစ္ဆရိယန္တိ ပဝတ္တံ မစ္ဆရိယံ။

အစ္ဆရိယံ၊ဤ အံ့ဘွယ်သရဲသည်။ မာ၊သူတပါးအား မဖြစ်စေသတည်း။ ဣတိ၊ဤသို့။ဝါ၊ထို့ကြောင့်။ပဝတ္တံ၊ဖြစ်သောတရားသည်။ မစ္ဆရိယံ၊မစ္ဆရိယ မည်၏။ ။မစ္ဆရိယစေတသိက်ကိုရ၏။

> တံ လဒ္ဓါနံ ဝါ လဘိတဗ္ဗာနံ ဝါ အတ္တနော သမ္ပတ္တီနံ နိဂူဟန လက္ခဏံ၊ တာသံယေဝ ပရေဟိ သာဓာရဏဘာဝေ အက္ခမနရသံ၊ သင်္ကောစန ပစ္စုပဋ္ဌာနံ၊ အတ္တသမ္ပတ္တိ ပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

တံ၊ ထိုမစ္ဆရိယသည်။ လဒ္ဓါနံ ဝါ၊ရပြီးသည်လည်း ဖြစ်ကုန်သော။လဘိတဗ္ဗာနံ ဝါ၊ရအပ်လတ္တံ့သည်လည်း ဖြစ်ကုန်သော။ အတ္တနော၊ မိမိ၏။ သမ္ပတ္တီနံ၊ စည်းစိမ်တို့ကို။ နိဂူဟနလက္ခဏံ၊ လျှို့ဝှက်ခြင်း လက္ခဏာ ရှိ၏။ တာသံယေဝ၊ ထိုမိမိ၏ စည်းစိမ်တို့ကိုသာလျှင်။ ပရေဟိ၊ သူတပါးတို့နှင့်။ သာဓာရဏဘာဝေ၊ ဆက်ဆံသည်၏ အဖြစ်၌။အက္ခမနရသံ၊ သည်းမခံခြင်း ကိစ္စရှိ၏။ သင်္ကောစနပစ္စုပဋ္ဌာနံ၊ မနှစ်သက်သော အခြင်းအရာအားဖြင့် စိတ်၏ တွန့်တိုခြင်း, နှာခေါင်း ရှုံ့ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ အတ္တသမ္ပတ္တိပဒဋ္ဌာနံ၊ မိမိစည်းစိမ်လျှင် နီးစွာသော အကြောင်းရှိ၏။

အဓိပ္ပါယ်ကား····မိမိ ရပြီးသော ဥစ္စာစည်းစိမ် ဂုဏ်သိမ် အမျိုးမျိုးကို၎င်း။ရသင့် ရထိုက်ရလတ္တံ့သော ဥစ္စာစည်းစိမ် ဂုဏ်သိမ်အမျိုးမျိုးကို၎င်း၊ သူတပါးနှင့် မဆက်ဆံလိုသော သဘော၊ သူတပါးမှာ ငါကဲ့သို့ မဖြစ်စေသတည်း-ဟု ဝန်တိုသော သဘောသည် မစ္ဆရိယ မည်၏။ ။ဟူလို။

---

### မစ္ဆရိယ အပြား

ထိုမစ္ဆရိယသည် ၁-အာဝါသ မစ္ဆရိယ၊ ၂-ကုလမစ္ဆရိယ၊ ၃-လာဘ မစ္ဆရိယ၊ ၄-ဝဏ္ဏမစ္ဆရိယ၊ ၅-ဓမ္မမစ္ဆရိယအားဖြင့် ၅-ပါး အပြားရှိ၏။

ထိုငါးပါးတို့တွင် အရာမ်တွင်း ဖြစ်စေ၊ ပရိဝုဏ် ကျောင်း အိမ် စရပ် ဖြစ်စေ၊ ညဉ့်အတွက်နေရာ အရပ်၊ နေ့သန့်ရာ အရပ်ဖြစ်စေ၊ တစုံတခုသော အရိပ်အာဝါသသို့ သီလရှိသော ရဟန်းရှင်လူတို့ လာရောက် နေထိုင်ခြင်းကို အလိုမရှိ၊ လာသော်လည်း လျင်စွာ သွားစေသတည်း-ဟု ဝန်တိုခြင်းသည် အရိပ် အာဝါသကို အစွဲပြု၍ ဝန်တိုခြင်း ဖြစ်သောကြောင့် **အာဝါသ မစ္ဆရိယ** မည်၏။ ။သို့သော် ငြင်းခုံခိုက်ရန် စသည် ဖြစ်စေတတ်သော ရဟန်းဆိုး, ရှင်ဆိုး, လူဆိုးတို့၏ လာရောက်နေထိုင်ခြင်းကို အလိုမရှိခြင်း သည်ကား အာဝါသမစ္ဆရိယ မဖြစ်-ဟု မှတ်။

၅-ဃ။ ။ဘဏ္ဍနကာရကာဒီနံ ပန တတ္ထ ဝါသံ အနိစ္ဆတော အာဝါသမစ္ဆရိယံ န ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အလုပ်အကျွေးဖြစ်သော အမျိုး, ဆွေမျိုး ဉာတ်ဖြစ်သော အမျိုးတို့၌ တပါးသောသူတို့၏ ပေါင်းသင်း ဆက်ဆံနေထိုင်မှုကို အလိုမရှိ ဝန်တိုခြင်း သည် **ကုလမစ္ဆရိယ** မည်၏။ ။သို့သော် ရှေ့နည်းအတိုင်းယုတ်မာသော သူဆိုးတို့နှင့် ပေါင်းသင်း ဆက်ဆံမှုကို အလိုမရှိခြင်းကား **ကုလမစ္ဆရိယ** မဖြစ်-ဟု မှတ်။

ပစ္စည်းလေးပါး လာဘ်လာဘ၌ တပါးသော သူသည် မရစေသတည်း ဟု ဝန်တိုသော သူသည် **လာဘမစ္ဆရိယ** မည်၏။

မိမိ၏ ကိုယ်အဆင်း သဏ္ဌာန်ကိုလည်း, သီလ သမာဓိစသော ဂုဏ်ကျေးဇူး ကိုလည်း, အစွဲပြု၍ မိမိထက် အဆင်း ဂုဏ်အင် သာလွန်သော သူကို ချီးမွမ်းပြောဆိုလာလျှင် မနာလို ဝန်တိုခြင်းသည် **ဝဏ္ဏမစ္ဆရိယ** မည်၏။ ဝဏ္ဏ၏အရ အဆင်းနှင့် ဂုဏ် ၂-ပါးကိုယူ။

ဝဏ္ဏောနာမ သရီရဝဏ္ဏောပိ ဂုဏဝဏ္ဏောပိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

မိမိ သိအပ်ပြီးသော လျှို့ဝှက်နက်နဲသော ပါဠိတော် အဋ္ဌကထာ ကျမ်းဂန် အစဉ်ကို သူတပါးတို့အား မသိစေလိုခြင်း ဝန်တိုခြင်း ဖြစ်သောသည် **ဓမ္မမစ္ဆရိယ** မည်၏။ ။သို့သော် တရားတော်ကို သင်ယူ၍ သာသနာ

၅-ဃ။ ။ပန၊ ထိုသို့ကိုလည်း ရှိသည်။ ဘဏ္ဍနကာရကာဒီနံ၊ ငြင်းခုံခြင်းကို ပြုတတ်သော ရဟန်းဆိုး စသည်တို့၏။ တတ္ထ၊ ထို အာဝါသ၌။ ဝါသံ၊ နေထိုင်ခြင်းကို။ အနိစ္ဆတော၊ အလို မရှိသော သူအား။ အာဝါသမစ္ဆရိယံ၊ အာဝါသမစ္ဆရိယသည်။ န ဟောတိ၊ မဖြစ်။

တော်ကို ပြန်ပြီးလျှင် လှုပ်ချောက်ချားမည့် ပုဂ္ဂိုလ်၊ လျှပ်ပေါ်သော သူယုတ် ပုဂ္ဂိုလ်တို့ကို ဓမ္မာနုဂ္ဂဟ, ပုဂ္ဂလာနုဂ္ဂဟ အစွမ်းဖြင့် မသင်ပေးခြင်း တို့ကား ဓမ္မမစ္ဆရိယ မဖြစ် ဟု မှတ်။

၅-င။ ။ယော ပန ပုဂ္ဂလံ ဥပပရိက္ခိတွာ ဓမ္မာနုဂ္ဂဟေန။ဓမ္မံ ဝါ ဥပ ပရိက္ခိတွာ ပုဂ္ဂလာနုဂ္ဂဟေန န ဒေတိ၊ အယံ ဓမ္မမစ္ဆရိနာမ န ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ထိုကြောင့် အောက်ပါဂါထာကို နှလုံးထား၍ မစ္ဆရိယ တရားယုတ် များကို ပယ်ရှားကုန်ရာသည်။

အာဝါသေန ယက္ခော ပေတော၊လောဟဂေဟော စ ပစ္စကော။
ကုလေန လောဟိတုဂ္ဂတ္တိ၊အပ္ပလာဘော ဘဝါဘဝေ။ ။

လာဘေန ပေတာဇဂရော၊ဂူထနိရယ ပစ္စကော။
ဝဏ္ဏေနေဠမုခ ါဝဏ္ဏော၊ဓမ္မာ ကုက္ကုဠပစ္စကော။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ အလို ဖွဲ့ဆိုအပ်သော ရစနာ ဂါထာ။ ။ အာဝါသေန၊ အာဝါသမစ္ဆရိယကြောင့်။ ယက္ခော ဝါ၊ဘီလူးသည်၎င်း။ ပေတော ဝါ၊ပြိတ္တာသည်၎င်း။ ဟုတွာ၊ဖြစ်၍၎င်း။ လောဟဂေဟော၊ သံအိမ် ငရဲ၌၎င်း။ ပစ္စတိ၊ ကျက်ရလေ၏။ ။ကုလေန၊ ကုလမစ္ဆရိယကြောင့်။ လောဟိတံ၊သွေးသည်။ ဥဂ္ဂတ္တိ၊ အံထွက်၍၎င်း။ ဘဝါဘဝေ၊ ဘဝ[illegible] ဘဝတိုင်း၌။ အပ္ပလာဘော ဝါ၊နည်းသော လာဘ်သပ် ဥစ္စာရှိသ[illegible]၎င်း။ ဟောတိ၊၏။ လာဘေန၊ လာဘမစ္ဆယကြောင့်။ ပေတာဇဂရော၊ ပြိ[illegible] စပါးကြီး မြွေသည်။ ဟုတွာ ဝါ၊ ဖြစ်၍သော်၎င်း။ဂူထနိရယ ပစ္စကော ဝါ၊ ဘင်ပုတ်ငရဲ၌ ကျက်ရသည်၎င်း။ဘဝေ၊၏။ ဝဏ္ဏေန၊ ဝဏ္ဏမစ္ဆရိယကြောင့်။ ဧဠမုခေါ ဝါ၊ အရည်ယိုသော ခံတွင်းရှိသည်၎င်း။အဝဏ္ဏော ဝါ၊ ရုပ်ဆင်း

၅-င။ ။ပန။ ဆုတ်ဆိုက်ကို သိမ်းဘိ။ ယော၊အကြင် သူသည်။ပုဂ္ဂလံ၊ သင်ယူမည့် ပုဂ္ဂိုလ်ကို။ ဥပပရိက္ခိတွာ၊ စုံစမ်းဆင်ခြင်၍။ ဓမ္မာနုဂ္ဂဟေန ဝါ၊တရားတော်ကို ချီးမြှောက်စောင့် ရှောက်သော အားဖြင့်၎င်း။ ဓမ္မံ၊ တရားတော်ကို၊ ဥပပရိက္ခိတွာ၊ သိမ်မွေ့နက်နဲမှုကို စုံစမ်း ဆင်ခြင်၍၊ပုဂ္ဂလာနုဂ္ဂဟေန ဝါ၊ သင်ယူမည့် ပုဂ္ဂိုလ်ကိုချီးမြှောက်သောအားဖြင့်၎င်း။န ဒေတိ၊ သင်မပေး။အပေါ်၊ဤသို့ နှလုံးပိုက်၍ သင်မပေးသော သူသည်။ ဓမ္မမစ္ဆရိနာမ။ဓမ္မစ္ဆရိယရှိသူ မည်သည်။ န ဟောတိ၊မဖြစ်။ ။အင်္ဂုတ္တိုလ် အကျယ်ကိုမူ အဋ္ဌကထာ၌ ရှုလင့်ကုန်။

သဏ္ဍာန် ကြန့်အင် အဆင်းမလှသည့်ရှင်း။ ဘဝေ၊ ဖြစ်၏။ ဓမ္မာ-ဓမ္မေန၊ ဓမ္မမစ္ဆရိယကြောင့်။ ဧဠ မုခေါ ဝါ၊ အရေယိုသော ခံတွင်းရှိသည့်ရှင်း။ ကုက္ကုဠပစ္စကော ဝါ၊ ပြာပူငရဲ၌ ကျက်ရခြင်းသည့်ရှင်း။ ဘဝေ၊ ဖြစ်ရလေသတည်း။

ကုလမစ္ဆရိယေန အပ္ပလာဘော ဟောတိ။ပ။
ဓမ္မမစ္ဆရိယေန ကုက္ကုဠနိရယေ နိဗ္ဗတ္တတိ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဣဿာနှင့် မစ္ဆရိယ အထူး

ဣဿာ စေတသိက်ကား မိမိမှ ပြင်ပ ဖြစ်သော ဗဟိဒ္ဓကို အာရုံပြုသည်။ မစ္ဆရိယ စေတသိက်ကား မိမိ အဇ္ဈတ္တကို အာရုံပြုသည်။ ။ ဤသို့ ထူးသည်။ ။အဘယ့်ကြောင့် ဣဿာသည် ဗဟိဒ္ဓကို အာရုံပြုပါသနည်း ဟူမူ။ ။ဣဿာ ဟူသည် သူတပါး၏ စားရခြင်း, ဝတ်ရခြင်း, စည်းစိမ် ဥစ္စာ အခြွေအရံ ပေါများခြင်း စသည်တို့ကို မနာလိုမှု ငြူစူစောင်းမြောင်းမှု ဖြစ်သောကြောင့် ဗဟိဒ္ဓကို အာရုံ ပြုလေသည်။ ။မစ္ဆရိယသည် အဘယ့်ကြောင့် အဇ္ဈတ္တိကကို အာရုံ ပြုသနည်း ဟူမူ။ ။မစ္ဆရိယ ဟူသည် မိမိ၏ စည်းစိမ် ဥစ္စာကို သူတပါးအား မပေးလို, မရစေလို, ဝန်တိုသော သဘော ဖြစ်သောကြောင့် အဇ္ဈတ္တိကကို အာရုံပြုလေသတည်း။

---

## ဆောင်ပုဒ်

ဣဿာဗဟိ၊ အာရုံရှိ၊ မစ္ဆရိမှာ၊ အဇ္ဈတ္တာ၊
နှစ်ဖြာ စေတသိက် ထူးပုံတည်း၊

---

## ကုက္ကုစ္စ စေတသိက် အဓိပ္ပါယ်

ကရိယတေတိ ကတံ။

ယံ၊ အကြင်အမှုကို။ ကရိယတေ၊ ပြုအပ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအမှုသည်။ ကတံ၊ ကတ-မည်၏။

ကုစ္ဆိတံ ကတံ ကုကတံ။

ကုစ္ဆိတံ၊ ရွံရှာစက်ဆုပ်အပ်သော။ ကတံ၊ ပြုစရိုက် အမှု, သုစရိုက် အမှု

တည်း။ ကုကတံ၊ ရွံရှာ စက်ဆုပ်အပ်သော ဒုစရိုက်,သုစရိုက်အမှု။ ။ ကုကတဿ ဘာဝေါ ကုက္ကုစ္စံ။ ။ကုကတဿ၊ ရွံရှာ စက်ဆုပ်အပ်သော ဒုစရိုက်, သုစရိုက် အမှုကို အာရုံပြု၍ ဖြစ်သော နှလုံး မသာယာသော စိတ္တုပ္ပါဒ်၏။ ဘာဝေါ၊ ဖြစ်ကြောင်းသည်။ ကုက္ကုစ္စံ၊ ကုက္ကုစ္စ မည်၏။

တံ ပစ္ဆာနုတာပလက္ခဏံ ကုက္ကုစ္စံ၊ ကတာကတာနုသောစနရသံ၊ ဝိပ္ပဋိသာရ ပစ္စုပဋ္ဌာနံ၊ ကတာကတ ပဒဋ္ဌာနံ။ ဒါသဗျံ ဝိယ ဒဋ္ဌဗ္ဗံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

တံ ကုက္ကုစ္စံ၊ ထိုကုက္ကုစ္စ စေတသိက်သည်။ ပစ္ဆာနုတာပ လက္ခဏံ၊ နောက်၌ အဘန်တလဲလဲ ပူပန်စေခြင်း,နှိပ်စက်ညှဉ်းဆဲခြင်း လက္ခဏာ ရှိ၏။ ကတာကတာ နုသောစနရသံ၊ ပြုအပ်ပြီးသော ဒုစ္စရိုက်, မပြုကျင့်အပ်သေးသော သုစရိုက်တရားတို့ကို အဘန်တလဲလဲ အောက်မေ့ စိုးရိမ်ခြင်း ကိစ္စရှိ၏။ဝိပ္ပဋိသာရပစ္စုပဋ္ဌာနံ၊နှလုံးမသာ လွန်စွာပူပန်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကတာကတပဒဋ္ဌာနံ၊ ပြုအပ်ခဲ့ပြီးသော ဒုစ္စရိုက်, မပြုအပ်သေးသော သုစရိုက်လျှင် နီးစွာသော အကြောင်းရင်း ရှိ၏။ ဒါသဗျံ ဝိယ၊ ကျွန်၏ အဖြစ်ကဲ့သို့။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ။ပြုခဲ့ပြီးသော ဒုစ္စရိုက်,မပြုခဲ့မိသော သုစရိုက်အမှုတို့ကို အစွဲပြု၍ နောင်တတဘန် ပူပန် စိုးရိမ်ခြင်းသဘောသည် ကုက္ကုစ္စ စေတသိက်မည်၏။ ။ဟူလို။

---

## ကုက္ကုစ္စ ဖြစ်ပေါ်လာပုံ အမှတ်ပုံ

ဤ ကုက္ကုစ္စ စေတသိက် ဖြစ်ပေါ်လာခြင်း အကြောင်းသည် ပြုအပ်ပြီးသော ဒုစ္စရိုက်အာရုံ,မပြုအပ်ခဲ့ရသော သုစရိုက်အာရုံဟူ၍ ၂-မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် ပြုအပ်ပြီးသော ဒုစ္စရိုက်ကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်ပေါ်လာပုံကား ငယ်ရွယ်စဉ်ကစ၍ တံငါ မုဆိုး ပြုလုပ်ခါ အသက်မွေးလာသော သူသည် အသက် အရွယ် ကြီးမြင့်သော အခါကျမှ သူတော်ကောင်းနှင့် ပေါင်းသော် တွေ့ကြုံရ၍ တံငါ မုဆိုးအဖြစ်ကို စွန့်ပစ်လျက် ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ခြင်းပြု၍ ဟရားတော်နာရသောအခါ မကောင်းမှုအကုသိုလ်ကံ၏ အပြစ်,ကောင်းမှု ကုသိုလ်ကံ၏ အကျိုး အာနိသင် စသည်

တို့ကို သိရှိရသဖြင့် ထိုတံငါမူဆိုး လုပ်ခဲ့ဘူးသော သူသည် နောင်တရလျက် ငါသည် မှားခြင်းကြီးမက မှားလေပြီ၊ ယခုငါကြီး၍လာသမျှသော ကာလပတ်လုံး သူတပါး အသက်ကို သတ်ဖြတ်ခြင်း မကောင်းမှု အကုသိုလ် ဒုစရိုက်တရားဖြင့်သာ အချိန်ကို ကုန်ခဲ့ရ၏၊အကယ်၍ ငါသည် ငယ်ရွယ်စဉ် အခါက သူတော်ကောင်းများနှင့်သာ ပေါင်းမိပါသည် ဖြစ်အံ့။ ဤကဲ့သို့သော ကြီးမားများပြားလှစွာသော အကုသိုလ်တရားတို့သည် မဖြစ်ကုန်ရာ။ ယခုမှာမူကား အပါယ်လားကြောင်း မကောင်းမှု အကုသိုလ်ကံ ဒုစ္စရိုက်အမှုတို့ကို ငါပြုမိချေပြီ ဟု စိုးရိမ်ကြောင့်ကြမှု ကုက္ကုစ္စဖြစ်ခြင်းသည် အတိတ်ဖြစ်သော ဒုစရိုက်တရားကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်ပုံတည်း။

မပြုအပ်ခဲ့မိသော သုစရိုက်ကို အာရုံပြု၍ ကုက္ကုစ္စ ဖြစ်ပုံကား-- ငယ်ရွယ်သောခါဝယ် စည်းစိမ်ချမ်းသာ ဥစ္စာခနနှင့် ပြည့်စုံပါလျက် ဘုရား ပုထိုးစေတီတော် တည်ထားခြင်း, စရပ်, တန်ဆောင်း,ဂူ ကျောင်းဆောက် လုပ်ခြင်းစသော ကုသိုလ် ကောင်းမှုတို့ကို မပြုဘဲနှင့် မြင်းလောင်း, ဝဲရိုက် ခြင်းစသော ကစားမျိုးအပျော်အပါး လိုက်စားခြင်းစသော မကောင်းမှုမျိုး တို့ကို ပြုကျင့် မွေ့လျော်၍သာ နေသဖြင့် ဥစ္စာပစ္စည်း ပြုန်းတီး ပျောက်ပျက် ကုန်သော အခါမှ ကုသိုလ် ကောင်းမှုတို့ကို ပြုချင်ပါသော်လည်း ဥစ္စာ ပစ္စည်း ပျက်စီးကုန် ပျောက်ကုန်ပြီး၍ တစုံတခုသော ကုသိုလ် ကောင်းမှု အလှူဝတ္ထုကိုမှမလှူဒါန်းနိုင်ဘဲ ရှိနေလေ၏။သိုအခါမှသတိတရားရ၍ ဤသို့ ကြံမိ၏။သြော်-ငါသည် ရှေးအခါ စည်းစိမ်ဥစ္စာနှင့် ပေါများပါလျက် ဒါန ကောင်းမှု တစုံတခုကိုမျှမပြုမိပါဘဲ အကျိုးမရှိသော အပါယ်လားကြောင်း မကောင်းမှု, ပျော်ပါး လိုက်စား ကစားမျိုး အမှုများဖြင့်သာ မွေ့လျော်၍ နေမိ၏။ မိမိ၏အကျိုး ဖြစ်သော ဘုရား တည်ခြင်း ကျောင်းဆောက်ခြင်း စသော ကုသိုလ်များမှ မပြုလိုက်ရလေခြင်း-ဟု စိုးရိမ်ကြောင့်ကြမှု ကုက္ကုစ္စ ဖြစ်၏။ ဤသို့ ဖြစ်ခြင်းသည်ကား အတိတ်ကာလ၌ ပြုသင့်သော ကုသိုလ် ကောင်းမှု သုစရိုက်တရားကို အာပြု၍ ဖြစ်သတည်း။

ထို့ကြောင့် ကုက္ကုစ္စသည် ကျွန်၏ အဖြစ်နှင့် တူ၏။ ။ကျွန်ဟူ မည်သည် မိမိအလိုရှိတိုင်း အမှုကိစ္စတို့ကို မပြုရမူ၍ အရှင်က ဤအမှုကိုပြု၊ ဤအမှုကို မပြုနှင့်-ဟု စီရင်မှသာလျှင် ထိုကျွန် ပြုလုပ်ရသကဲ့သို့ ထိုအတူ ကုက္ကုစ္စ အားကြီးသော သူသည်လည်း မိမိချည်း ကုသိုလ် ကောင်းမှု ကိုကို

ပြုလုပ်အံ့သောငှါ မတတ်ကောင်း၊ အဆွေ ခင်ပွန်းကောင်းနှင့် တွေ့မှသာလျှင် ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ခြင်းငှါ တတ်နိုင်၏။ ကုက္ကုစ္စလည်းငြိမ်းလေ၏။

၅-၈။ ။ယထာ ဟိ ဒါသဗျေ သတိ ဒါသော ပရာယတ္တော ဟောတိ၊ ဧဝံ ကုက္ကုစ္စေ သတိ၊ တံ သမင်္ဂီ။ န ဟိ သော အတ္တနော ဓမ္မတာယ ပဝတ္တိတုံ သက္ကောတိ ကုသလေတိ။

မူလဋီကာ။

## ပြည် ဆရာတော်ဘုရားကြီး အဆုံးအဖြတ်

ပြုမိ လွန်ကျူးမိသော ဒုစ္စရိုက်၊ မပြုမကျင့်မိသော သုစရိုက် အမှုသည် ကုကတ မည်ရင်းတည်း။ ထိုအမှုကို အာရုံပြု၍ သူတော်ကောင်းတို့၏ စက်ဆုပ်ရွံရှာဘွယ် အပါယ်လားကြောင်း ဤသည့်-ဤသည့် မကောင်းမှု ဒုစ္စရိုက်ကို ငါ ပြုမိလေသည် ခက်စွ-ဟု နှလုံး မသာယာသော စိတ္တုပ္ပါဒ်, သဂ္ဂမောက္ခကို ရခြင်း၏အကြောင်း ကောင်းမြတ်သော ဤသည့်-ဤသည့် သုစရိုက် တရားကို မပြုကျင့်မိလေ၊ငါ့အား သေခါနီးအခါ အဘိရုတာဏ, လေဏ,ပရာယန ဖြစ်သော တစိုးတစိသော သုစရိုက်တရား မရှိသည်ကား ခက်စွ ငါ့ကိုယ်-ဟု နှလုံး မသာယာသော စိတ္တုပ္ပါဒ်သည်လည်း ပထဝိကသိုဏ်းလျှင် အာရုံ ရှိသော ဈာန်သည် ပထဝိ ကသိုဏ်း မည်၏သို့ ကာရဏူပစာ အားဖြင့် ကုကတ မည်သတည်း။ ။ထိုကုကတမည်သော နှလုံး မသာယာသော စိတ္တုပ္ပါဒ်၏ အဖြစ် ဟူသော သတ္တိကြောင့် သဒ္ဒပဝတ္တိ နိမိတ် ဖြစ်သော ကုက္ကုစ္စ စေတသိက်သည် ကုက္ကုစ္စ မည်၏ ဟူလိုသည်။ ။မပြုမိသေးသော သုစရိုက် အမှုသည် မပြုသေးဘဲလျက်၊ အဘယ့်ကြောင့် ကုကတ မည်လေသနည်း ဟူမူကား။ ။လောက၌ သူတော် တံတွာ ပြုအပ် ပြုသင့်သော ကောင်းမှုကို မပြုမိသသူတို့သည်

၅-၈။ ။ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့၊ ဒါသဗျေ၊ ကျွန်၏အဖြစ်သည်။ သတိ၊ ရှိသော်။ ဒါသော၊ ကျွန်သည်။ ပရာယတ္တော၊ သူတပါးနှင့် စပ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ သို့အတူ။ ဝံ ကုက္ကုစ္စေ၊ ကုက္ကုစ္စ-သည်။ သတိ၊ ရှိသော်။ တံ သမင်္ဂီ၊ သို့ကုက္ကုစ္စနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း။ ပရာယတ္တော၊ ထေးကပ်မည့်သူတပါးနှင့်စပ်သည်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ သော၊ ထိုကုက္ကုစ္စနှင့် ပြည့်စုံသော သူသည်။ အတ္တနော ဓမ္မတာယ။ မိမိ၏သဘောအားဖြင့်။ ကုသလေ၊ ကုသိုလ်ကောင်းမှုတို့ကို။ ပဝတ္တိတုံ၊ ဖြစ်စေခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။

တာဏ-လေဏ-ပရာယန ဖြစ်သော ကောင်းမှုကို ငါမပြုမိပါ၊ စက်ဆုပ်ဘွယ်အမှု ဖြစ်ခဲ့၏ တကားဟု ပြုသင့်, ကျင့်သင့်လျက် မပြုမိ,မကျင့်မိသော ကောင်းမှုကို စက်ဆုပ်ဘွယ် အမှု-ဟု ခေါ်ရကား-လောက ဝေါဟာရ အားလျော်စွာ နှစ်,လ,နေ့,ရက် လွန်၍ မပြုမိ မကျင့်မိသော သုစရိုက်အမှု သည်လည်း- ကုကတ မည်လေသတည်း။

လောကဝေါဟာရ ဝိသာယော သဒ္ဒေါ၊နေကန္တပရမတ္ထတော။

ဟူသော ပရိဘာသာနှင့် လျော်စွာ၊ သဒ္ဒါဟူက လောက ဝေါဟာရ အရာ ဟူလိုသည်။ ။ဤကား-မန္တလေး နေပြည်တော် မဏ္ဍလာရာမတိုက် ပြည်ဆရာတော် ဘုရာကြီး၏ အဆုံးအဖြတ်-ဝိနိစ္ဆယတည်း။

---

## ဘုရားကြီး ဆရာတော်၏ အဆုံးအဖြတ်

ကတ-ပုဒ်ကို ကေသေသ-သာမညနိဒ္ဒေသ ပြုပြီးမှ ကုနိပါတ ပုဗ္ဗပဒ ကမ္မဓာရည်း တွဲရသည်ကို ရည်၍ အရကြွားတော်မူလိုသော ဋီကာအရှင် သည် ''ကတာကတ ဒုစ္စရိတ သုစရိတံ''ဟူသော စကားကို ဆိုတော်မူ သတည်း။ကတာကတ ဒုစ္စရိတ-ကတာကတ သုစရိတ-ဟု ယှဉ်၍ယူ။ ။ မဏိဥ္စူဆရာကား ယထာတ္တမ နည်းအားဖြင့် ကတနှင့် ဒုစ္စရိတ၊ အကတ နှင့် သုစရိတ ယှဉ်လို၏။ သင့်၏သို့ မထင်၊ အဘယ့်ကြောင့် နည်းဟူမူကား ''ကုကတ''၏ အရကို ဝိပ္ပဋိသာရ ဖြစ်သော ဒေါသမူ,စိတ္တုပ္ပါဒ်ကိုသာ ဋီကာ အရှင် ရကြွားတော်မူသည်။ ထိုဝိပ္ပဋိသာရဖြစ်သော ဒေါသမူ, စိတ္တုပ္ပါဒ်သည် ပြုအပ်ပြီးသော ဒုစ္စရိုက် သုစရိုက်ဖြစ်စေ၊မပြုအပ်သေးသော ဒုစ္စရိုက် သုစရိုက် ဖြစ်စေ၊ ထိုနှစ်ပါးကိုပင် အာရုံပြု၍ နှလုံးမသာယာ ခြင်း,စိုးရိမ်ခြင်း,နောင်တပူပန်ခြင်းဖြစ်သင့်သောကြောင့်တည်း။

ပြုအပ်ပြီးသော ဒုစ္စရိုက်ကို အာရုံပြု၍ စိုးရိမ်ဟန်ကား ထင်ရှား၏။ သုစရိုက်ကို အာရုံပြု၍ စိုးရိမ်ဟန်ကား အကြင် သူသည် မြွေစသော သတ္တဝါကို တွေ့၍ ရိုက်သတ်မည့်ဟု ကြံပြီးမှ ပါဏာတိပါတ ဟူသည် လူမသော သတ္တဝါအိုကို အပါယ်ငရဲ ဝဋ်ဆင်းရဲသို့ မလွဲကျစေတတ်၏၊ အသက်တိုခြင်း၏ အကြောင်းဖြစ်၏-ဟု အောက်မေ့ဆင်ခြင်၍ ထိုသတ္တဝါ အား ဇီဝိတဒါနဟူသော အလှူကို ငါပေး၏-ဟု သမ္ပတ္တဝိရတိ အားဖြင့်ရင်း

သမာဒါနဝိရတီ အားဖြင့်၎င်း၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း တည်းဟူသော သုစရိုက်ကိုပြု၏၊ သူတပါးရိုက်ခတ်သတ်မည်ဟု ပြုသည်ကို မြင်လျှင်လည်း ကြည်လင်ရွှင်လန်းစွာ သာယာချေငံသော တရားစကားဖြင့် ဆုံးမ၍ ဇီဝိတဒါန အလှူဟူသော သုစရိုက်ကို ပြု၏၊ ထိုသူသည် တရံရောအခါ မြွေသတ္တဝါသည် မိမိအား၎င်း၊ သူတပါး တို့အား၎င်း၊ ကိုက်ခဲသည်ကို မြင်သော် ဩော်-ငါပြုအပ်သော သုစရိုက်သည် မှားလေစွတကားဟု အဘန်တလဲလဲ စိုးရိမ်ခြင်းသည် ကုက္ကုစ္စ ဖြစ်၏။

မပြုအပ်သေးသော ဒုစ္စရိုက်ကို အာရုံပြု၍ စိုးရိမ်ဟန်ကား။ ။အဘယ်အခါကာလ ပါဏာတိပါတ-စသော ဒုစ္စရိုက်ကိုပြုရအံ့နည်း-ဟု စိုးရိမ်ခြင်းတည်း။ သုစရိုက် စိုးရိမ်ဟန်ကား ထင်ရှား၏၊ မဏိမဉ္ဇူ ဆရာ၏ ဝါဒ၌ မပြုအပ်သေးသော ဒုစရိုက် ပြုအပ်ပြီးသော သုစရိုက်ကို အဘန်တလဲလဲ စိုးရိမ်လျှင် ကုက္ကုစ္စမဖြစ်-ဟု အဓိပ္ပါယ်ရောက်သည်၊ ခဲရပ် ဖြစ်သော ကြောင့် ဆင်ခြင်လေ။ ။ဤကား ဘုရားကြီး ဆရာတော် ဘုရား၏အဆုံးအဖြတ် ဝိနိစ္ဆယတည်း။

ဤဘုရားကြီး ဆရာတော်ဘုရားကြီး၏ဝါဒကို မသင့်ဟု အချို့သောဆရာတို့သည် ပယ်ရှားကုန်၏။ အကြောင်းသော်ကား ပြုအပ်ပြီးသော သုစရိုက်သည် ကုသိုလ်ကံ ဖြစ်သဖြင့် စက်ဆုပ်အပ်သော တရားမဟုတ်သောကြောင့်ဟု အကြောင်း ပြကုန်၏။ ဤသို့ အကြောင်းပြ၍ ဂဏ္ဌိဆရာတော် ဘုရားကြီး၏ ဝါဒကို ပယ်ရှားလင့်ကစား ထိုဆရာများသည် အောက်ပါ အဋ္ဌကထာ ဋီကာတို့ကို မတွေ့မရှိ သတိ မပြုမိ၍သာ ပယ်ရှားကြကုန်ရှိချေ၏။

၅-ဆ။ ။ဒိဋ္ဌိသာရော မနောဝိလေခေါ၊ ဇာဒိ ဝုတ္တာဘိ ကုက္ကုစ္စံ။

မေဃသင်္ဂဟ် နိက္ခေပကဏ္ဍ ပါဠိတော်။

အနုဝတ္ထံ နေ့ ကိစ္စိဒေဝ ဝဇ္ဇသညိတာယ၊ ဝဇ္ဇဥ္စ အနဝဇ္ဇသညိတာယ ဟာရောနေ္တာ၊ အနဝဇ္ဇေ ဝဇ္ဇသညာယ၊ ဝဇ္ဇေစ အနဝဇ္ဇသညာယ ဝိတိက္ကမံ ကရောတိ နာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဂဏှာဘောဇနာဒိ အကပ္ပိယဘောဇနံ ကပ္ပိယသညီ ဘုဉ္ဇိတွာ၊ ပုန ဇာနိတွာ ကောစိ ဝိပ္ပဋိသာရီ ဟောတိ၊ အနဝဇ္ဇမ္ဘိ ဘိက္ခု ဒဿန စေတိယ ဝန္ဒနာဒိံ ဝဇ္ဇသညီ အကတွာ ကတွာ စ ကောစိ အသဒ္ဓေါ ဝိပ္ပဋိသာရီ ဟောတိ။

မူလဋီကာ။

အထက်ပါ ပါဠိတော်, အဋ္ဌကထာ, ဋီကာ,သာဓက စကားရပ်တို့ကို ထောက်ဆ၍ ကုသိုလ်အရာ သုစရိုက်မှု၌ပင် ဖြစ်စေ၊ ဝိပ္ပဋိသာရီ ဖြစ်နိုင်ကြောင်းကို မူလဋီကာ၌ အထူးဘွင့်ဆို လှ်ပြထားသဖြင့် ဘုရားကြီးဆရာတော်ဘုရား၏ ဝါဒတော်သည် ယုတ္တတရ အဖြစ်ကို ယထာဘူတ သိအပ်လှ၏။

ယထာဘူတ အမိပ္ပါယ်ကား.... ပြုအပ်ပြီးသော သုစရိုက်မှု၌ဖြစ်စေ၊ ဒုစ္စရိုက်မှု၌ ဖြစ်စေ၊ ဒုစ္စရိုက်ဟု ထင်မှတ်ခါ နှလုံးမသာမယာ ဖြစ်ပါမူ ကုက္ကုစ္စ ဖြစ်၏။ မပြုမိသေးသော သုစရိုက်မှု၌ ဖြစ်စေ၊ ဒုစရိုက်မှု၌ ဖြစ်စေ၊ သုစရိုက်ဟု ထင်မှတ်ခါ နှလုံးမသာမယာ ဖြစ်ပါမူ ကုက္ကုစ္စ ဖြစ်ဟုမှတ်။ ။ ဒုက္ကရဋ္ဌာနမေတံ၊ ဂမ္ဘီရဉာဏေန ဝိမံသိတွာ ယထာဘူတတ္ထော ဂဟေတဗ္ဗော-ဟူလို။

ဝိနည်းတော်နှင့် ဆိုင်သော ကုက္ကုစ္စသည်ကား၊ ဝိနယ သံသယပင်တည်း။ ထိုဝိနယသံသယကူသည် အာဏာဒေသနာတော်၌ အပ်ပါမည်လော,မအပ်လောဟု တွေးတောသော ကုသိုလ် စိတ္တုပ္ပါဒ်ပေတည်း။

ကပ္ပတိ န ကပ္ပတီတိ ပဝတ္တစိတ္တုပ္ပါဒေါ ဝိနယ ကုက္ကုစ္စံ။

မူလဋီကာ။

---

[illegible]

[illegible]

ပဝတ္တိစိတ္တုပ္ပါဒေ ဝိနယကုက္ကုစ္စန္တိ ဧတေန အကုသလ
ကုက္ကုစ္စံ နိဝတ္တေတိ။

မဏိဒီပကာ။

---

## ထိနဒေါသ အဖွင့်

ထိနနံ ထိနံ။ ။ထိနနံ၊စိတ်၏ မခံ့ခြင်း၊ ထိနံ၊စိတ်၏ မခံ့ခြင်း။
အနုဿာဟလက္ခဏံ ထိနံ၊ ဝီရိယပနောဒနရသံ၊ သံသီဒန
ပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ထိနံ၊သည်။ အနုဿာဟလက္ခဏံ၊ အားထုတ်ခြင်းမှ ကင်းခြင်းတည်း
ဟူသော လက္ခဏာရှိ၏။ဝီရိယပနောဒနရသံ၊ ဝီရိယကို ဖျက်ဆီးခြင်းကိစ္စ
ရှိ၏။ သံသီဒနပစ္စုပဋ္ဌာနံ၊သမ္ပယုတ် တရားတို့ကို ဆုတ်နစ် စေခြင်းလျှင်
ထင်သော အခြင်းအရာရှိ၏။ အယောနိသော မနသိကာရပဒဋ္ဌာနံ၊ မသင့်
မတင့်သော အားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရင်းရှိ၏။
စိတ်ကို ထိုင်းမှိုင်းအောင် နုံ့အောင် ပြုတတ်သော သဘောသည် ထိန
စေတသိက်မည်၏။ ။ဟူလို။

---

## မိဒ္ဓဒေါသ အဖွင့်

မိဒ္ဓနံ မိဒ္ဓံ။ ။မိဒ္ဓနံ၊စေတသိက်၏ မခံ့ခြင်း။ မိဒ္ဓံ၊စေတသိက်၏ မခံ့ခြင်း။

အကမ္မညတာလက္ခဏံ မိဒ္ဓံ၊ ဩနဟနရသံ၊ လီနဘာဝပစ္စု
ပဋ္ဌာနံ၊ ပစလာယိကနိဒ္ဒါ ပစ္စုပဋ္ဌာနံ ဝါ၊အယောနိသော
မနသိကာရပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

သောခြင်း ကုက္ကုစ္စသည်။ ဟောအပ်ဖြစ်ကုန်သေး၏။ ။ဧသည်သာပကာသေး။ ဝါ၊ အနုဝဏ္ဏ
နာ ဘာနည်း ပြီးဘို့။ အနုဝဏ္ဏ၊ အပြစ်မရှိသေး။ ဘီကျ ဒသနဲ့ ဧတီယဝဏ္ဏနာဒိ၊ ရဟန်း
ဆယ်အဘောဒ်အား အနုမြင်ခြင်း, ...သည်ကို။ ဝဏ္ဏသည်၊ အပြစ်ရှိ၏ဟု
မှတ်ရှိသည်ဖြစ်၍၊ အကြွင်း ဧ၊မမှုမှုသေခြင်း။ ကဘွာ ဧ၊ ပြုပြီး၍သေခြင်း။ကောင်း၊ဘစို
...သေသာ။ အသဥ္စ၊ သဥ္စါယံ ကြည်ခြင်း မရှိသောသူသည်။ ပြုမှုသင်၊ နှလုံးမသာသော
ခြင်း ကုက္ကုစ္စသည်၊ ဟောအပ်၊ဖြစ်ကုန်သေး၏။

မိဒ္ဓံ၊ သည်။ အကမ္မညတာ လက္ခဏံ၊ သမ္ပယုတ် တရားတို့၏ အမှု၌ မခံ့ခြင်း လက္ခဏာရှိ၏။ ဩနဟနရသံ၊ သမ္ပယုတ် တရားတို့ကို ဖွဲ့ခြင်း ကိစ္စရှိ၏။ လီနဘာဝပစ္စုပဋ္ဌာနံ၊ အာရုံကို ယူခြင်း၌ တွန့်တိုသော အဖြစ်လျှင် ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ ဝါ၊တနည်းကား။ ပစလာယိကနိဒ္ဒါပစ္စုပဋ္ဌာနံ၊ မျက်လွှာ တလှုပ်လှုပ် မှိတ်တုပ် မှိတ်တုပ် အိပ်ခြင်းကို ဖြစ်စေ၏။ အယောနိသော မနသိကာရပဒဋ္ဌာနံ၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။ ။သမ္ပယုတ်ဖြစ်သော စေတသိက်တရားတို့၏အမှု၌ မခံ့ခြင်းသည် မိဒ္ဓ မည်၏-ဟူလို။

---

## ထိနနှင့် မိဒ္ဓ အထူး

အားထုတ်ခြင်း ကင်းသည် အဖြစ်ဖြင့် ပျင်းရိခြင်း သဘောသည် ထိန မည်၏။ မည်သည့်အမှုကိုမျှ မဆောင်ရွက်နိုင်, ဆောင်ရွက်ရန် သတ္တိလည်း မရှိသည်ဖြစ်၍ ပင်ပန်းခြင်း တမှိန်းမှိန်း နေခြင်း သဘောသည် မိဒ္ဓ မည်၏။ စိတ်၏ မခံ့ခြင်းသည် ထိန မည်၏။ဝေဒနာစသော စေတသိက်တို့၏ မခံ့ခြင်းသည် မိဒ္ဓ မည်၏။ ထိုကြောင့် ထိန မိဒ္ဓ အားကြီးသော ပုဂ္ဂိုလ်သည် တရားနာခြင်း, စာပေကျက်မှတ်ခြင်း, သမထဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း စသော ငြိမ်ငြိမ်သက်သက် ပြုဘွယ်အရေးတို့၌ တမှိန်းမှိန်း တငိုက်ငိုက် ငိုက်မျဉ်းတတ်၏-ဟု အထူးမှတ်။

၅-၈။ ။အနုဿာဟသံဟနနတာ၊အသတ္တိ ဝိဃာတတာ စာတိ အဋ္ဌော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အနုဿာဟနာဝသီဒနဘာဝေန သံဟတဘာဝေါ ထိနံ၊
အသမတ္ထတာ ဝိဃာတဝသေန အကမ္မညတာ မိဒ္ဓံ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ။

---

၅-၁။ [illegible]

([illegible])

## ဆောင်ပုဒ်

က။ ။စိတ်မခံ့မှု၊ ပျင်းရိမှု၊ မှတ်ရှု-ထိနသာ။

ခ။ ။စေမခံ့ကြွား၊ ပင်ပန်းအား၊ မှတ်သား-မိဒ္ဓသာ။

---

## မောဟနှင့် မိဒ္ဓ အထူး

မောဟသည် အာရုံ၌ တွေဝေမှု, အာရုံကို ဖုံးလွှမ်းမှု ဖြစ်၏။ မိဒ္ဓလည်း ထိုင်းမှိုင်း တွေဝေမှုပင် ဖြစ်၍ ၎င်းမောဟနှင့် မိဒ္ဓ တို့သည် အဘယ်သို့ ထူးခြားပါသနည်းဟူမူ။ ။ခလေးများ၏ ကစားစရာ အရုပ်ကို ဖုံးလွှမ်းသော အဝတ် ပုဆိုးကဲ့သို့ အာရုံ သဘောကို ဖုံးလွှမ်းခြင်းသည် မောဟ မည်၏။ ခံတွင်းကို ပိတ်သော ပုဆိုးကဲ့သို့ သမ္ပယုတ်တရားတို့ကို ပျံ့နှံ့ခြင်းငှါ မပေးမှုသည် မိဒ္ဓမည်၏။ ။ဤကား ၎င်းတရား ၂-ပါး၏ အထူးတည်း။

ပေါတ္ထရူပ ပဋိစ္ဆာဒကပဋော ဝိယ အာရမ္မဏသဘာဝ ဝစ္ဆာဒကော မောဟော။ မုခေ ဗန္ဓပဋော ဝိယ သမ္ပယုတ္တဓမ္မေ ပတ္ထရိတုံ အဒေန္တံ မိဒ္ဓံ အယမေတေသံ ဝိသေသော။

အဘိဓမ္မာဝတာရ ဋီကာ။

---

## ရဟန္တာ အရှင်တို့၏ ကိုယ်၌ ကင်းပြီးသည့် ထိနမိဒ္ဓ မည်၊ မမည် အဆုံးအဖြတ်

အာသဝေါ ကင်းစင် ဘုရား ရဟန္တာ အရှင်များသည် အိပ်နေခြင်း သဘောရှိသဖြင့် ထိနမိဒ္ဓ-ကောင်းဟု ဆိုအပ်ပါမည်လော ဟူမူ။ အာသဝေါ ကင်းစင် ဘုရား ရဟန္တာ အရှင်များအား ရှည်သောခရီးကို ကြွသွားသဖြင့် ၎င်း၊ တစုံတခုသော အမှုကိစ္စကို ပြုသဖြင့်၎င်း၊ ကရဇကာယ၏ ကျင်နာသည် အဖြစ်ကြောင့်၎င်း၊ အားနည်းသည်၏ အဖြစ်ကြောင့်၎င်း၊ အိပ်ခြင်း မည်သည်ဖြစ်၏။ ထိနမိဒ္ဓ ရှိသောကြောင့် မဟုတ်ချေ။ အိပ်ခြင်းဟူသည် ဝိယမိတ် အစဉ် ပြတ်ခြင်း, ဘဝင်သို့ သက်ခြင်းပင် ဖြစ်၏။ ထိနမိဒ္ဓ အတွက်

---

[illegible] အားနည်းခြင်း [illegible] သည်အဖြစ်, [illegible] သည် [illegible] သည်၏ အဖြစ်သည် [illegible] မည်၏။ [illegible] သည်၏ အဖြစ်, [illegible] သည်၏ အဖြစ်ဖြင့်၊ [illegible] အဖြစ်သည်။ [illegible] မည်၏။

မဟုတ်ရကား ဘုရား ရဟန္တာ အရှင်တို့၏ ကျိန်းစက်ခြင်းသည် ထိုနံမျိုးမှ မမည်-ဟု မှတ်။

ခိဏာသဝါနံပန ကရဇကာယဿ ဒုဗ္ဗလဘာဝေန ဘဝင်္ဂေါတ္တရဏံ ဟောတိ၊ တသ္မိံ အသမ္ဘိန္နေ ဝတ္တမာနေတေ သုပန္တိ။ သာ နေသံ နိဒ္ဒါနာမ ဟောတိ။

## အဋ္ဌသာလိနီ အဋ္ဌကထာ။

နိဒ္ဒါ ခိဏာသဝါနန္တု၊ ကာယဂေလညတော သိယတ္ထာ။

ဋီကာကျော်။

---

## ၁၁-ဝိစိကိစ္ဆာ စေတသိက် အဓိပ္ပါယ်

ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ။

ဝိစိကိစ္ဆာ၊ ဉာဏ်တည်းဟူသောကုစားခြင်းမှ။ဝိဂတာ၊ကင်းသည်ဟည်း။ ဣတိ၊ ထို့ကြောင့်။ဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာ မည်၏။

သံသယလက္ခဏာ ဝိစိကိစ္ဆာ၊ ကမ္ပနရသာ၊ အနိစ္ဆယ ပစ္စုပဋ္ဌာနာ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနာ။

## အဋ္ဌသာလိနီ အဋ္ဌကထာ။

ဝိစိကိစ္ဆာ၊သည်။ သံသယလက္ခဏာ၊ ယုံမှားတွေးတောခြင်း လက္ခဏာ ရှိ၏။ကမ္ပနရသာ၊ အထူးထူးသော အာရုံ၌ စိတ်၏တုန်လှုပ်ခြင်း ကိစ္စရှိ၏။ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ မဆုံးဖြတ်နိုင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ အယောနိသော မနသိကာရ ပဒဋ္ဌာနာ၊ မသင့်မတင့်သော အားဖြင့် နှလုံး သွင်းလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။

အဓိပ္ပါယ်ကား⋯⋯ ဤ ဝိစိကိစ္ဆာ စေတသိက် သက်ဝင်၍ နေသော သူသည် သို့လော သို့လော တွေးတောကာ နှလုံးနှစ်ခွ ဖြစ်နေသောကြောင့် ဘယ်အာရုံ၌ မဆို လွတ်လွတ် ကျွတ်ကျွတ် မဆုံးဖြတ်နိုင်၊ ဆုံးဖြတ်နိုင်သော ဉာဏ်မပေါ်လာ၊ ဤသို့ မဆုံးဖြတ်နိုင်မှုသည်ပင် အညာဏ တရားမျိုးဖြစ်၍ ဉာဏ်တည်း ဟူသော ကုစားခြင်းမှ ကင်းသည်ဟု ဆိုရ၏။ ဤသို့ ဆေးဆရာ သဘွယ် ဖြစ်သော ဉာဏ်တရားဖြင့် ကုစားနိုင် ကုစားခြင်းငှါ ခဲယဉ်းသော

အာရုံ၌ သို့လောသို့လော တွေးတော ယုံမှားခြင်း သဘောသည် ဝိစိကိစ္ဆာ မည်၏။ ။ဟူလို။ ။(ကုစားရ၍ မရနိုင်သော ဟု မဆိုသင့် သတိပြု)။

ဝိဂတာ စိကိစ္ဆာတိ စိကိစ္ဆိတုံ ဒုက္ကရတာယ ၄တ္ထံ၊
န သမ္ဘတာ စိကိစ္ဆာဘာဝါ ဝိစိကိစ္ဆာယာတိ တဒတ္ထံ
ဒဿေတိ။

မူလဋီကာ။

---

ဝိစိကိစ္ဆာ အပြား ၁၆-ပါး

ထို ယုံမှားခြင်း ဝိစိကိစ္ဆာသည် ၁၆-ပါး အပြား ရှိ၏။ ၁၆-ပါး ဟူသည်ကား။—

၁။ ။ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်ခဲ့ဘူးလေပြီလော၊

၂။ ။ငါသည် ရှေးအတိတ်ကာလ၌ ဖြစ်မှဖြစ်ခဲ့ဘူးပါပြီလော၊

၃။ ။ငါသည် ရှေးအတိတ်ကာလ၌ ဇာတ်အဆူဆူ ဘယ်သို့သောသူ ဖြစ်ဘူးပါလိမ့်မည်နည်း၊

၄။ ။ငါသည် ရှေးအတိတ်ကာလ၌ ဘယ်ပုံသဏ္ဌာန် ဘယ်ဟန်ပန်ဖြင့် ဖြစ်ပါလေသနည်း၊

၅။ ။ငါသည် ရှေးအတိတ် ကာလ၌ ဇာတ်အဆူဆူ ဘယ်သို့သောသူ ဖြစ်၍ တဖန်တမူ အဘယ်သူ ဖြစ်ဘူးပါလိမ့်မည်နည်း၊

၅ါကား အတိတ်၌ ယုံမှားခြင်း ငါးပါးတည်း။

---

၆။ ။ငါသည် နောင်အနာဂတ် ကာလ၌လည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်လော၊

၇။ ။ငါသည် နောင် အနာဂတ် ကာလ၌ ဖြစ်ကောင်းမှ ဖြစ်ပါမည်လော၊

၈။ ။ငါသည် နောင်အနာဂတ် ကာလ၌ ဇာတ်အဆူဆူ အဘယ်သူ ဖြစ်လိမ့်မည်နည်း၊

၉။ ။ငါသည် နောင်အနာဂတ် ကာလ၌ ဘယ်ပုံသဏ္ဌာန် ဘယ်ဟန်ပန်ဖြင့် ဖြစ်ပါလိမ့်မည်နည်း၊

၁၀။ ။ငါသည် နောင် အနာဂတ် ကာလ၌ ဇာတ်အဆူဆူ အဘယ်သူ ဖြစ်ပြီး၍ တဖန်တမူ အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း။

ဤကား အနာဂတ်၌ ယုံမှားခြင်း ၄ါးပါးတည်း။

---

၁၁။ ။ငါမှ ဟုတ်မှ ဟုတ်ပါ၏လား၊

၁၂။ ။ငါမဟုတ်ဘဲများ ရှိလေသလား၊

၁၃။ ။ဇာတ်အဆူဆူ ငါအဘယ်သူ ဖြစ်ပါလိမ့်ခဲ့သည်နည်း၊

၁၄။ ။ဘယ်ပုံဟန်ပန် ဘယ်သဏ္ဍာန်ဖြင့် ငါဖြစ်၍ နေသနည်း၊

၁၅။ ။ငါဖြစ်၍ နေသော သတ္တဝါသည် အဘယ် ဘဝက လာလိမ့်မည်နည်း၊

၁၆။ ။ထိုငါဖြစ်၍ နေသော သတ္တဝါသည် ဘယ်ဘုံ ဘယ်ဘဝသို့ ကူးပြောင်းသွားလာရပါမည်နည်း၊

ဤကား ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါးတည်း၊ အတိတ်, အနာဂတ် ပစ္စုပ္ပန် ယုံမှားခြင်းများကို ပေါင်းသော် ယုံမှားခြင်း ၁၆-ပါး ဖြစ်လေသတည်း။

တနည်း။ ။ယုံမှားခြင်း ရှစ်ပါး ရှိသေး၏။ ။ထို ရှစ်ပါးကား—

၁။ ။ဘုရား၌ ယုံမှားခြင်း၊

၂။ ။တရားတော်၌ ယုံမှားခြင်း၊

၃။ ။သံဃာတော်၌ ယုံမှားခြင်း၊

၄။ ။အကျင့်သိက္ခာ၌ ယုံမှားခြင်း၊

၅။ ။ရှေးအတိတ် အစွန်း၌ ယုံမှားခြင်း၊

၆။ ။နောင် အနာဂတ် အစွန်း၌ ယုံမှားခြင်း။

၇။ ။ရှေ့နောက် နှစ်ရပ် အတိတ် အနာဂတ် တည်းဟူသော အစွန်း၌ ယုံမှားခြင်း၊

၈။ ။ဤအကြောင်းကြောင့် ဤအကျိုး ဖြစ်လေ့ရှိသည်ဟု ပြသော ပဋိစ္စသမုပ္ပါဒ် တရားတော်၌ ယုံမှားခြင်း ဤရှစ်ပါးတည်း။

## ဆောင်ပုဒ်

က။ ။ဘအာရုံမှာ၊ တုန်လှုပ်ရာ၊ မှတ်ပါ-ဥဒ္ဓစ္စာ။
ခ။ ။နာနာ အာရုံ၊တုန်လှုပ်တုံ၊မှတ်ကုန်-ဝိကိစ္ဆာ။

---

## အမေး အဖြေ

မေး။ ။အညသမာန်း စေတသိက်၏ အခြားမဲ့၌ အဘယ့်ကြောင့် အကုသိုလ် စေတသိက်ကို မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။အောက် စိတ်ပိုင်း၌ မိန့်ဆိုအပ်သော အစဉ်အားလျော်စွာ အကုသိုလ် စေတသိက်ကို ရှေ့ထား၍ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုအကုသိုလ် စေတသိက် တို့တွင်လည်း အဘယ့်ကြောင့် မောဟ စသော စေတသိက်တို့ကို ရှေ့ဦးစွာ ထား၍ မိန့်ဆို အပ်ပါသနည်း။

ဖြေ။ ။အကုသိုလ် စေတသိက် ၁၄-ပါး တို့သည် အလုံးစုံသော အကုသိုလ်စိတ်၌ ယှဉ်သော စေတသိက်, လောဘမူစိတ်၌ ယှဉ်သော စေတသိက်, ဒေါသမူစိတ်၌သာ ယှဉ်သော စေတ သိက်,လောဘမူ ဒေါသမူ စိတ်နှစ်ပါးနှင့် ယှဉ်သော စေတ သိက်, မောဟမူ စိတ်နှင့်သာ ယှဉ်သော စေတသိက် ဟူ၍ ငါးမျိုး ငါးစားရှိလေရာ သဗ္ဗာကုသလသာဓာရဏ စေတသိက် တို့ကို အစဉ်အတိုင်း ဆိုလိုသောကြောင့် မောဟ စသော စေတသိက် လေးပါးကို ရှေ့ဦးထား၍ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုသဗ္ဗာကုသလ သာဓာရဏ စေတသိက် တို့တွင် အဘယ် ကြောင့် မောဟကို ရှေ့ဦးထား၍ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။မူလ ဖြစ်သောကြောင့် မောဟကို ရှေ့ဦးထား၍ မိန့်ဆိုအပ် ပါသတည်း။

## ဆောင်ပုဒ်

က။ ။စိတ်၏စဉ်လာ၊ ရှေ့ဦးထား၊ မိန့်ပြား အကုသိုလ်။

ခ။ ။ခပ်သိမ်း အကု၊ ယှဉ်မှု စေသိက်၊ ရှေ့ဦးထိပ်၊ မိန့်ဟိတ်- သဗ္ဗ သာဓာရဏ်ကို။

ဂ။ ။မူလတရား၊ ဖြစ်သောအား၊ စသား မောဟဆို။

အကုသိုလ် စေတသိက်အတွင့် ပြီး၏။

---

## သောဘဏ သာဓာရဏ စေတသိက် အတွင်း

၆။ ။သဒ္ဓါ၊ သတိ ဟိရီ၊ ဩတ္တပ္ပံ၊ အလောဘော၊ အဒေါသော၊ တတြမဇ္ဈတ္တတာ ပ။ ကာယုဇုကတာ။ စိတ္တုဇုကတာ ဣတိ ဧကူနဝီသတိမေ စေတသိကာ သောဘဏသာဓာရဏာ နာမ။

သဂြိုဟ်ပါဌ်။

---

သဒ္ဓါ စေတသိက်၊ သတိစေတသိက်၊ ဟိရိစေတသိက်၊ ဩတ္တပ္ပ စေတသိက်၊ အလောဘစေတသိက်၊ အဒေါသ စေတသိက်၊ တတြမဇ္ဈတ္တတာ စေတသိက်၊ ကာယပဿဒ္ဓိ စေတသိက်၊ စိတ္တပဿဒ္ဓိ စေတသိက်၊ ကာယလဟုတာ စေတသိက်၊ စိတ္တလဟုတာ စေတသိက်၊ ကာယမုဒုတာ စေတသိက်၊ စိတ္တမုဒုတာစေတသိက်၊ ကာယကမ္မညတာ စေတသိက်၊ စိတ္တကမ္မညတာစေတသိက်၊ ကာယပါဂုညတာ စေတသိက်၊ စိတ္တပါဂုညတာ စေတသိက်၊ ကာယုဇုကတာစေတသိက်၊ စိတ္တုဇုကတာစေတသိက်၊ ဤတခုယုတ်နှစ်ဆယ်သော စေတသိက်တို့သည် သောဘဏ သာဓာရဏ စေတသိက် မည်ကုန်၏-ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## သဒ္ဓါစေတသိက် အဓိပ္ပါယ်

သဒ္ဒဟတီတိ သဒ္ဓါ။ ။ယာဓမ္မဇာတိ၊သည်။ဗုဒ္ဓါဒိသု၊သုရားအစရှိသော ကောင်းသော အာရုံတို့၌။ သဒ္ဒဟတိ၊ ယုံကြည်တတ်၏။ ဣတိ၊ ကြောင့်။ သာဓမ္မဇာတိ၊ သည်။ သဒ္ဓါ၊ သဒ္ဓါ မည်၏။

သဒ္ဓါဟနလက္ခဏာ သဒ္ဓါ၊ ပသာဒန ရသာ၊ အကာလုသိယ
ပစ္စုပဋ္ဌာနာ၊ သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

သဒ္ဓါ၊သဒ္ဓါစေတသိက်သည်။ သဒ္ဓဟနလက္ခဏာ၊ ရတနာသုံးတန်၊ကံ-ကံ၏ အကျိုးကို ယုံကြည်ခြင်း လက္ခဏာရှိ၏။ ပသာဒန ရသာ၊သမ္ပယုတ် တရားတို့ကို ကြည်လင်စေခြင်း ကိစ္စရှိ၏။ အကာလုသိယ ပစ္စုပဋ္ဌာနာ၊ သမ္ပယုတ်တရားတို့၏ မနောက်ကျုသည်၏ အဖြစ်လျှင် ထင်သော အခြင်း အရာရှိ၏။ သဒ္ဓေယျ ဝတ္ထုပဒဋ္ဌာနာ၊ ရတနာသုံးတန် ကံ, ကံ၏အကျိုး ဟူသော ယုံကြည်အပ်သော သဒ္ဓေယျဝတ္ထုလျှင် နီးစွာသောအကြောင်းရင်း ရှိ၏။

အဓိပ္ပါယ်ကား····ရတနာသုံးပါး ကံ, ကံ၏ အကျိုး ဤငါးပါးသော သဒ္ဓေယျ ဝတ္ထုကို ယုံကြည် သက်ဝင်ခြင်း သဘောတရားသည် သဒ္ဓါ စေတသိက် မည်၏။ ။ထို့ကြောင့် သဒ္ဓါ စေတသိက်နှင့် ယှဉ်ကုန်သော စိတ်, စေတသိက် တရားတို့သည် ညွှန်စေးမှော် ရေညှိတို့ပမာ နောက်ကျု ညစ်နွမ်းစေတတ်သော အကုသိုလ်တရားတို့မှ ကင်းဝေး၍ ညစ်ကျေးမတင် ကြည်လင်ခြင်းသို့ ရောက်ကုန်၏။ ။သို့ဖြစ်၍ သဒ္ဓါ စေတသိက်သည် စကြဝတေးမင်း၏ ပတ္တမြားရတနာနှင့် တူသတည်း။

တူပုံကား····တရံရောအခါ စကြဝတေး မင်းသည် ဆင်မြင်း ဗိုလ်ပါ ပူးမတ် စစ်သည်အပေါင်း ခြံရံ၍ အဝွန့်ရှည်သော ခရီးသို့ သွားလေရာ လမ်းခရီး၌ တခုသော ချောင်းငယ်ကို ကူးပြီးလတ်သော် မင်းကြီးသည် ရေမွတ်သိပ်သည်ဖြစ်၍ ကျွန်တော်မျိုးတို့ကို ခေါ်၍ရေကို တောင်းသည် ရှိသော် ကျွန်တော်မျိုး တို့က ရေမရှိပါဘုရား-ဟု လျှောက်ထားလေ၏။ ယခုငါတို့ ကူးခဲ့သော ချောင်းငယ်၌ ရေမရှိသလော-ဟု မေး၏။ ရေသည် ရှိပါ၏ ဘုရား။ သို့သော် ရေသည် ကိုယ်တော်မြတ်၏ စစ်သည်ဗိုလ်ပါ တို့သည် ဆင်းကာ ကူးအပ်သည် ဖြစ်သောကြောင့် ရေသည် မကြည်လင် အလွန် နောက်ကျု နေပါသည် ဘုရား-ဟု လျှောက်ထားသည် ရှိသော် ထို နောက်သောရေကို ခပ်ယူခဲ့-ဟု ဆို၏။ ထိုအခါ ကျွန်တော်မျိုးတို့သည် ရွှေဖလားနှင့် ရေကို ခပ်၍ ဆက်၏။ မင်းကြီးသည် လက်တော်၌ ပါ၍သော ပတ္တမြားလက်စွပ်ကို ချွတ်၍ ထိုရွှေဖလားတွင်းသို့ ထည့်လေ၏။ ပဒ္ဒမြား၏ သတ္တိကြောင့် ရေနောက်သည် ပကတိ ရေကောင်းကဲ့သို့

ကြည်လင်လေ၏။ထိုအတူ သတ္တဝါတို့၏ သန္တာန်၌ လောဘစသော တရားဖုံးလွှမ်း၍ နေသည့်ကာလ ရေနောက်၍ နေသည်နှင့် တူ၏၊ ပတ္တမြားလက်စွပ်ကို ချလိုက်၍ရေနောက် ကြည်လာသည်နှင့် သတ္တဝါတို့ သန္တာန်မှာ သဒ္ဓါတရားပေါ်လာသည့် ကာလ လောဘစသော နီဝရဏတရားပျောက်၍ ကြည်လင်စွာ ဖြစ်သည်နှင့် တူ၏။ ။ဟူလို။

**တနည်း**။ ။အဋ္ဌကထာဆရာသည် သဒ္ဓါစေတသိက်၏ လက္ခဏာကို "သာပနေသာ သမ္ပသာဒလက္ခဏာ သမ္ပက္ခန္ဒန လက္ခဏာ စ" ဟု နှစ်မျိုး နှစ်နည်း ဘွင့်ဆိုထားသဖြင့် ယခု ဆိုအပ်ခဲ့ပြီးသော သဒ္ဓါသုတ် တရားတို့ကို ကြည်လင်စေခြင်း သမ္ပသာဒ လက္ခဏာမှတပါး နောက်သို့ မဆုတ် စုပ်စုပ် နစ်လျက်သက်ဝင်ခြင်း သမ္ပက္ခန္ဒန လက္ခဏာလည်း ရှိသေး၏။ဝါ၊နောက်သို့ မဆုတ် စုပ်စုပ်နစ်လျက် သက်ဝင်ခြင်းသဘောသည်လည်း သဒ္ဓါစေတသိက် မည်၏။ ။ဟူလို။

လက္ခဏာ သဘောအရ သဒ္ဓါ စေတသိက်သည် မိကျောင်း, မကန်း, ဘမ်းစား တတ်သော ရက္ခိုက် စသည်တို့နှင့် ပြည့်နှက်၍ နေသော ကြောက်မက်ဘွယ်ရာ မြစ်ကြီးသို့ ဆင်းသက်ခါ ငှင်းဘေးရန် တို့ကို ကြောက်ရွံ့ ကုန်သော ခရီးသည်တို့ကို ကောင်းစွာ သွေးအပ်သော သန်လျှက်ဖြင့် လာတိုင်း လာတိုင်းကုန်သော ငါးလိပ် မကန်းတို့ကို သတ်ဖြတ်တားဆီး၍ ဤမှာဘက်မှ ထိုမှာဘက်သို့ ချမ်းသာစွာ ပို့ဆောင်သော စစ်သူရဲကြီးကဲ့သို့ ထိုအတူ ဒါနပေးကမ်းမှု, သီလဆောက်တည်မှု,ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းမှုတို့၌ ဖြစ်ပေါ်လာသော နီဝရဏမစ္ဆေရ စသော တရားတို့ကို ပယ်ရှားကာ သဒ္ဓါတရားသည် ရှေ့သွား အကြီးအမှူးတရားကြီး ဖြစ်ပေ၏။

ထို့ကြောင့် သဒ္ဓါတရားသည် လက်,ဥစ္စာ, မျိုးစေ့တို့နှင့် တူကုန်၏၊ တူပုံကား····ဤလောက၌ လူများသည် လမ်းမခရီး စသည်တို့၌ ရွှေတုံး စိန်တုံး စသော ရတနာမျိုးကို တွေ့ရှိပါသော်လည်း လက်မရှိက ကောက်ယူခြင်းငှါ မစွမ်းနိုင်သကဲ့သို့ သဒ္ဓါတရား မရှိပါကလည်း ကုသိုလ် ရတနာ အမျိုးမျိုး မပြုနိုင်သဖြင့် သဒ္ဓါတရားသည် လက်နှင့်တူ၏။ ရွှေ,ငွေ,ဥစ္စာမရှိခဲ့လျှင် အလိုရှိအပ်သော အသုံးအဆောင် အခမ်းအနားတို့နှင့် မပြည့်စုံသကဲ့သို့ သဒ္ဓါတရား တည်းဟူသော ရွှေ,ငွေ,မရှိပါလျှင် လောကီ

လောကုတ္တရာ တရားတည်းဟူသောအသုံးအဆောင်စည်းစိမ်ချမ်းသာတို့နှင့် မပြည့်စုံသောကြောင့် သဒ္ဓါသည် ရွှေ,ငွေ,နှင့်လည်း တူ၏။

မျိုးစေ့မရှိသော် မစိုက်ပျိုးရ၍ အသီးအနှံကို မစားရသကဲ့သို့ သဒ္ဓါတည်းဟူသော မျိုးစေ့မရှိပါလျှင် လောကီ လောကုတ္တရာ တည်းဟူသော ကောင်းမြတ်သော ချမ်းသာသုခ အသီးအပွင့်တို့ကို မသုံးဆောင်ရသော ကြောင့် သဒ္ဓါသည် မျိုးစေ့နှင့် တူ၏။ ။ဟူလို။

ယထာ ဟိ ရညော စက္ကဝတ္တိဿ ဥဒကပ္ပသာဒကော မဏိ။ပ။
ဝေမေဝ သဒ္ဓါ။ ယထာ ပန ကုမ္ဘီလမကရဂါဟရက္ခသာဒိ
ကိဏ္ဏံ ပူရံ။ပ။သာ ဟတ္ထဝိတ္တဗီဇာနိ ဝိယ ဒဋ္ဌဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

ဆောင်ပုဒ်

က။ ။မိမိယှဉ်လတ်၊ သဟဇာတ်ကို၊ ကြည်စေတတ်ငြား၊ ပတ္တမြားပုံ၊ သဒ္ဓါဟုန်၊ မှတ်ကုန် မြဲမသွေ။

ခ။ ။ယင်း သဒ္ဓါမြတ်၊သဟဇာတ်ရှေ့သွား၊ပယ်ရှားစစ်မိုလ်၊ပမာဆို၊ မှတ်ထိုပုံတနည်း။

---

မိစ္ဆာ သဒ္ဓါ အကြောင်း

ပုရဏ ကဿပ-စသော တိတ္ထိတက္ကတွန်းတို့၏ တပည့်သားတို့သည် ၎င်းတို့၏ မိစ္ဆာဒိဋ္ဌိ ဆရာကြီးတို့၌ ယုံကြည်ခြင်း ကြည်ညိုခြင်းတို့သည် ဖြစ်ကုန်၏၊ယုံကြည်ညိုမှုကို သဒ္ဓါဟု ဆိုရပါမည်လော ဟူငြားအံ့။ ။မိစ္ဆာ ဒိဋ္ဌိ အယူရှိသော သူတို့၏ သန္တာန်၌ဖြစ်သော ယုံကြည်မှုသည် သဒ္ဓါ တရားမမည်။ ထိုဒိဋ္ဌိဆရာတို့၏ ဩဝါဒစကားကို နာယူမှုဖြစ်သော မစူးစမ်း မဆင်ခြင်တတ်သော မောဟ၏ အစွမ်းဖြင့်၎င်း, ဒိဋ္ဌိ၏ အစွမ်းဖြင့်၎င်း, ဖြစ်သော တပ်ခြင်းတဏှာနှင့် တကွဖြစ်သော ငါ၏ ဆရာစကားသည် ဟုတ်လှပေပြီ မှန်လှပေပြီဟု ဆုံးဖြတ်ခြင်း မိစ္ဆာအဓိမောက္ခ စေတသိက် သာတည်း။

၆-က။ ။သာ ပန သဒ္ဓါနာမ န ဟောတိ၊ ဝစန သမ္ပဋိစ္ဆန မတ္တ
မေဝေတံ၊ အတ္တတော အနုပပရိက္ခာ ဝါ ဟောတိ၊
ဒိဋ္ဌိ ဝါ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

မောဟဝသေန ဟိ ဒိဋ္ဌိဝသေန ဝါ အဝတ္ထုသ္မိံ သာန
နယော အဓိမောက္ခာ ဥပ္ပဇ္ဇတိ။

မူလဋီကာ။

---

## ဆောင်ပုဒ်

မိစ္ဆာဒိဋ္ဌိ၊ ကြည်ညိုဘိ၊ မှတ်သိ-ဓိမောက္ခ။

---

## သဒ္ဓါ၏ အပြား

ထို သဒ္ဓါတရားသည် အပြားအားဖြင့် လေးပါးအပြားရှိ၏။ လေးပါး
ဟူသော်ကား—

၁။ ။အာဂမနသဒ္ဓါ၊ ၃။ ။ဩကပ္ပနသဒ္ဓါ၊
၂။ ။အဓိဂမနသဒ္ဓါ၊ ၄။ ။ပသာဒသဒ္ဓါ၊

ဤလေးပါးတို့ပင်တည်း။

၁။ ။သဗ္ဗညုဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း သာဝကဗောဓိ
အလောင်းတို့အား ဆုပတ္ထနာကို ပန်ယူပြီးသည်မှစ၍ အမြဲမပြတ်
လာရှိဖြစ်ဘိသော သဒ္ဓါသည် အာဂမန သဒ္ဓါမည်၏။

---

၆-က။ ။ပန၊ ထိုသို့ပင်ကြည်သော်လည်း။ သာ၊ ထိုသို့ပင်ကြည်ခြင်းသည်။ သဒ္ဓါနာမ၊ သဒ္ဓါ
မည်သည်။ နဟောတိ၊ မဖြစ်။ ဧတံ၊ ထိုသို့ပင်ကြည်ခြင်းသည်။ ဝစနသမ္ပဋိစ္ဆနမတ္တမေဝ၊ စကားကို
ဝန်ခံခြင်းမျှသာလျှင်။ ဟောတိ၊ ၏။ အတ္တတော၊ သဘောအားဖြင့်။ အနုပပရိက္ခာ ဝါ၊ ဆင်ခြင်
ခြင်းကင်းသော မောဟသည်မူလည်း။ ဝါ၊ ဆင်ခြင်ခြင်းကင်းသော မောဟ၏ အစွဲကောင်းဖြစ်သော
မောဟသည်မူလည်း။ ဟောတိ၊ ၏။ ဒိဋ္ဌိ ဝါ၊ ဒိဋ္ဌိသည်မူလည်း။ ဟောတိ၊ ၏။

(ဤကား အနုဋီကာအနက်)

ဟိ၊ သင့်၏ ကောင်းကိုသင် ရှုးအောင် မြင်နိုင်အံ့ မောဟဝသေန ဝါ၊ မောဟ၏ အစွမ်းဖြင့်သော်၎င်း။
ဒိဋ္ဌိဝသေန ဝါ၊ ဒိဋ္ဌိ၏အစွမ်းဖြင့်သော်၎င်း အဝတ္ထုသ္မိံ၊ မကြည်ညိုအပ်သော ဝတ္ထု၌။ သာနုနယော၊ ပေး
တင်ခြင်းတဏှာနှင့် တကွဖြစ်သော။ အဓိမောက္ခော၊ အဓိမောက္ခသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဟူ
ဆုံးဖြတ်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ရှုဘိ၊ ဤသို့မှတ်အပ်၏။

(ဤကား ဋီကာအနက်)

၂။ ။အရိယာ သာဝကတို့အား သစ္စာလေးပါးကို သိသဖြင့် ရအပ်သော မဂ်ဖိုလ်နှင့်ယှဉ်သောသဒ္ဓါသည် **အဓိဂမနသဒ္ဓါ**မည်၏။
၃။ ။ဘုရား တရား သံဃာ-ဟု ဆိုအပ်သည့်ရှိသော် ဆန့်ကျင်ဘက်တရားတို့သည် မနှိပ်စက်အပ်သည် အဖြစ်ကြောင့် တုန်လှုပ်ခြင်းမရှိမူ၍ သက်ဝင်သော သဒ္ဓါသည် **ဩကပ္ပန** သဒ္ဓါမည်၏။
၄။ ။ကြည်ညိုအပ်သော ရတနာသုံးပါး၌ ကြည်ညိုခြင်းသည် **ပသာဒ** သဒ္ဓါမည်၏။

(၎င်းသဒ္ဓါ၏ အကျယ်ကို သိလိုပါမူ အင်္ဂုတ္တိုရ်အဋ္ဌကထာ သံယုတ်အဋ္ဌကထာ သုတ်မဟာဝါ အဋ္ဌကထာတို့၌ ရှုလင့်ကုန်)

---

**ဆောင်ပုဒ်**

အာ-အဓိဂမန၊ ဩကပ္ပနှင့်၊ ပသာဒသဒ္ဓါ၊
ဤ လေးဖြာ၊ မှတ်ပါ-သဒ္ဓါ အပြားတည်း။

---

**သတိစေတသိက် အဓိပ္ပါယ်**

သရဏံ သတိ။ ။သရဏံ၊ အောက်မေ့ခြင်း။ သတိ၊ အောက်မေ့ခြင်း။

အပိလာပန လက္ခဏာ သတိ၊ အသမ္မောသနရသာ။
အာရက္ခပစ္စုပဋ္ဌာနာ၊ ထိရသညာပဒဋ္ဌာနာ။ ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သတိ၊ သတိစေတသိက်သည်။ အပိလာပန လက္ခဏာ၊ အာရုံကို မျော၍သွားစိမ့်သောငှါ မပေးမူ၍ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား အာရုံကိုထားခြင်း လက္ခဏာရှိ၏။ အသမ္မောသနရသာ၊ မေ့လျော့ခြင်းကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ အာရက္ခပစ္စုပဋ္ဌာနာ၊ စိတ်ကို စောင့်ရှောက်တတ်သော တရား-ဟု ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ ထိရသညာပဒဋ္ဌာနာ၊ မြဲမြံသော သညာလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

ဗူးတောင်းသည် ရေ၌ မငုပ်မနစ် မျောသွား သကဲ့သို့ ထင်မြင် ပြီးသောဘုရားစသော ကောင်းမြတ်သော အာရုံကို မျောစသွားစိမ့်သောငှါ။ ဝါ၊ မျောသွားစိမ့်သောငှါ မပေးမူ၍ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား အာရုံကိုထားခြင်းသဘောသည် **သတိ** မည်၏။

ထိုဘုရားစသော အာရုံသည် ချုပ်ပျောက် သွား ပြီဖြစ်၍ အသို့လျှင်ငင်းအာရုံကို ထင်မြင် သတိရနိုင်ပါသနည်း။သတိတဖန် ဖြစ်ပေါ်လာပုံကား အသို့ပါနည်းဟူမူ။ ။ကာလချိန်ခါ နှစ်ပေါင်းများစွာကပင် ဘုးမြင်ခဲ့ရသော အာရုံပင် ဖြစ်စေကာမူ၊ဘုးမြင်ဆဲအခါ၌ကဲ့သို့ ဘုရားအစရှိသော အာရုံက ပကတိ ထင်ရှားစွာ ဖြစ်စေလျက် ထိုရှေးအာရုံသို့ ကပ်၍ တည်ခြင်း, မစွန့်ခြင်းကြောင့် ရှေးကာလ၌ တွေ့ရှိခဲ့ရသော အာရုံသည် ကျောက်ဖျာကဲ့သို့ မရွေ့မလျော မပျောက်မပျက်ပါဘဲ ထင်မြင်လာမှု, သတိရမှု,အောက်ေမ့မှုသည် **သတိ** မည်၏။ ။ဟူလို။

၆-၁။ ။စိရကတာဒိ အာရမ္မဏံ ဥပဂန္တွာ ဌာနံ
အနိဿဇ္ဇနံ ဝါ အာရမ္မဏဿ ဥပဋ္ဌာနံ။

မူလဋီကာ။

ကရဏာဒိကာလေ ဝိယ စိရကတာဒိအာရမ္မဏံ ဝိဘူတံ ကတ္ဝာ ပဝတ္တန္တိ သတိ တံ ဥပဂန္တွာ တိဋ္ဌန္တီ အနိဿဇ္ဇန္တီ စ ဟောတိ။

အနုဋီကာ။

---

ဘဏ္ဍာစိုး ဥပမာ

ငင်းသတိ စေတသိက်သည် စကြဝတေးမင်း၏ ဘဏ္ဍာစိုးနှင့် တူ၏၊ စကြဝတေးမင်း၏ ဘဏ္ဍာစိုးသည် မင်းကြီး မေ့လျော့နေသည်ကို သတိရစေခြင်းငှါ ရတနာ ဆယ်ပါး ကျောက်သံ ပတ္တမြားတို့ကို စာရင်း ပုရပိုက်တို့၌ မှတ်သားပြီးခါ နေ့ညဥ့်မပြတ် ဘတ်ပြောရလေ၏။ဆင်တော်တို့ကား ဤမျှ အတိုင်းအရှည် ရှိကုန်၏၊ မြင်းတော်တို့ကား ဤမျှ အရေအတွက်

၆-၁။ ။စိရကတာဒိအာရမ္မဏံ၊ကြာမြင့်စွာ ပြုအပ်ပြီးသည် စသော အာရုံကို၊ဥပဂန္တွာ၊ ကပ်၍၊ဌာနံ၊တည်ခြင်းသည်။ ဝါ၊တနည်း။ စိရကတာဒိအာရမ္မဏံ၊ကြာမြင့်စွာ ပြုအပ်ပြီးသည် စသော အာရုံကို၊အနိဿဇ္ဇနံ၊မစွန့်ခြင်းသည်၊အာရမ္မဏဿ၊အာရုံကို၊ ဥပဋ္ဌာနံ၊ကပ်၍တည် ခြင်းမည်၏။

(ဤကား မူလဋီကာအနက်)

ကရဏာဒိကာလေ ဝိယ၊ပြုဆဲအခါ၌ကဲ့သို့။ စိရကတာဒိအာရမ္မဏံ၊ ကြာမြင့်စွာ ပြုအပ်ပြီးသည် စသော အာရုံကို။ ဝိဘူတံ၊ထင်ရှားသည်ကို ကတ္ဝာ၊ပြု၍။ ပဝတ္တန္တိ၊ဖြစ်သော။ ဧ၊ဖြစ်သည်ဖြစ်၍။ သတိ၊သတိသည်။ တံ၊ထိုအာရုံကို။ ဥပဂန္တွာ၊ကပ်၍။ တိဋ္ဌန္တီ၊တည်သည် ၎င်း။ အနိဿဇ္ဇန္တီ၊မစွန့်သည် ၎င်း။ ဟောတိ၊၏။

(ဤကား အနုဋီကာအနက်)

ရှိကုန်၏၊ရထားပေါင်း,ခြေသည် သူရဲပေါင်းကား ဤမျှအရေအတွက် ရှိကုန်၏၊ ရွှေ,ငွေ,စသည်တို့ကား ဤမျှ အတိုင်းအရှည်ရှိကုန်၏ ဟု အလုံးစုံသော စည်းစိမ်ဥစ္စာ နှစ်အပေါင်းတို့ကို အရှင်မင်းမြတ် သတိရတော်မူလော့ ဟု ဘဏ္ဍာစိုး သတိရစေသကဲ့သို့ ထိုအတူ သတိ စေတသိက် တရားသည် ကုသိုလ်တရားတို့ကို မမေ့ မပျောက်စေဘဲ အမြဲပေါ်လွင် အာရုံကို ထင်မြင်စေတတ်၏။ ။ဟူလို။

ဘာနည်း။ ။သတိသည် မင်းကြီး၏ အကျိုးမဲ့ ပြုမည်သူကို ပယ်ရှား၍ အကျိုးစီးပွါးဆောင်ရွက်သောသူကို မင်းကြီး၏ အထံသို့ ချဉ်းကပ်စေသော အိမ်ရှေ့မင်း,သားကြီးရတနာနှင့်တူ၏။ တနည်း သတိသည် စက္ခုစသော ဒွါရကို စောင့်ရှောက်တတ်သောကြောင့် တံခါးစောင့်နှင့်လည်း တူ၏။ ။ တနည်း သတိသည် အာရုံ၌ မြဲမြံစွာ တည်တတ်သောကြောင့် တံခါးတိုင်ကြီးနှင့်လည်း တူ၏-ဟုမှတ်။

၆-၀။ ။ယထာ ဟိ ရညော ဘဏ္ဍာဂါရိကော ဒသဝိဓံ ရတနံ
ဂေါပယန္တော သာယံပါတံ ရာဇာနံ ဇာနာပေတိ၊ ဧဝမေဝ သတိ။
(ကြည့် မူရင်း) ဂေါပယန္တော သာယံပါတံ ရာဇာနံ ဣဿရိယသမ္ပတ္တိံ
သလ္လက္ခာပေတိ သရာပေတိ၊ ဧဝမေဝ သတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဆောင်ပုဒ်

ဘဏ္ဍာစိုးသွင်၊ ရှေးပင်ဖြစ်ငြား၊ အာရုံငါးရပ်၊
ထင်စေတတ်၊ မှတ်လေ-သတိသာ။

---

## မိစ္ဆာ သတိ အဖွင့်

မိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့သည် မိမိတို့၏ အမှုကို အောက်မေ့နိုင်ကုန်သည် မဟုတ်ပါလော၊ ထိုသို့ အောက်မေ့နိုင်ပါက မိစ္ဆာအယူ

---

၆-၀။ ။ဟိ။ သင်းသတိအနက်ကို ဥပမာပြ၍ ထင်စွာပြဦးအံ့။ ရညော။ မင်း၏။ ဘဏ္ဍာဂါရိကော။ ဘဏ္ဍာစိုးသည်။ ဒသဝိဓံ။ ဆယ်ပါးအပြားရှိသော။ ရတနံ။ ရတနာကို။ ဂေါပယန္တော၊ စောင့်သည်ရှိသော်။ သာယံပါတံ၊ ညနံနက်။ ရာဇာနံ၊ မင်းကြီးကို။ ဣဿရိယသမ္ပတ္တိံ၊ အစိုးရသော စည်းစိမ်ပြည့်စုံခြင်းကို။ သလ္လက္ခာပေတိ၊ ကောင်းစွာ မှတ်စေ၏သို့။ သရာပေတိ၊ အောက်မေ့စေ၏သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ သတိ၊ သတိသည်။ ပ။ သရာပေတိ၊ အောက်မေ့စေ၏။

ရှိသောသူတို့အား သတိ ဖြစ်နိုင်သည် မဟုတ်ပါလော ဟူပြောအံ့။ သတိစေတသိက်သည် သောဘဏစိတ်၌သာ ယှဉ်သဖြင့် အသောဘဏစိတ် ရှိသူ မိစ္ဆာအယူရှိဘောသူတို့၏ သန္တာန်၌ အချင်းခပ်သိမ်း မဖြစ်နိုင်ပေ၊ ထိုကဲ့သို့ တစုံတခုသော အမှု၌ အောက်မေ့မှုသည်ကား သတိမဟုတ်၊ မိစ္ဆာဝါဒ မိစ္ဆာအာရုံကို အာရုံပြု၍ဖြစ်သော အကုသိုလ် ကံစိတ္တုပ္ပါဒ်မျှသာတည်း။ဝါ၊ အကုသိုလ်စိတ်-ဟု မှတ်။

သာ ပန သတိ န ဟောတိ၊ ကေဝလံ တေနာကာရေန အကုသလစိတ္တုပ္ပါဒော။

အဘိဓမ္မာဝတာရ ဋီကာ။

---

## သတိနှင့် သညာ အထူး

သတိနှင့် သညာစေတသိက် နှစ်ပါး၏ အထူးကား သညာသည် ရှေး၌ ယူအပ်ပြီးသော အာရုံကို အမှတ်အသားမပြုမူ၍ သိ၏။ မယူအပ်သေးသော အာရုံကိုကား အမှတ်သားပြု၍ သိ၏၊သတိသည် ရှေးဦးစွာယူအပ်ပြီးသော အာရုံကို ဖြစ်စေ, မယူအပ်သော အာရုံကိုဖြစ်စေ, အမှတ်မပြုရဘဲ ပြခေါန်းသောအားဖြင့် ထင်မြင်လာမှုသည် သတိမည်၏။

**တနည်း**။ ။သညာသည် သတိ၏ ဖြစ်ပေါ်လာရန် အကြောင်းဖြစ်၏၊ သတိကား သညာကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား ဖြစ်၏-ဟု အထူးမှတ်။ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ ''ထိရသညာပဒဋ္ဌာနာ'' ဟု-သတိ၏ ပဒဋ္ဌာန်ကို ထုတ်ပြတော်မူပေသတည်း။

သညာ တာဝ ပဌမံ ဂဟိတနိမိတ္တံ သဉ္ဇာနာတိ၊ အဂ္ဂဟိတ နိမိတ္တံ ပုန ပစ္စာဘိညာဏ ပစ္စယနိမိတ္တံ ကရောတိ။ပ။ သတိ ပန ဂဟိတံ အဂ္ဂဟိတနိမိတ္တမ္ပိ သရတိ၊ ဂဟိတနိမိတ္တမ္ပိ။

အဘိဓမ္မာဝတာရဋီကာ။

သေဝေဒိပုဒ်

က။ ။ရှေးဖြစ်အာရုံ၊ မှတ်ပြုတုံကာ၊ သိရပါ၊ မှတ်ရန်- သညာ အကြောင်းတည်း။

ခ။ ။အမှတ်မပြု၊ သိမြင်မှု၊ မှတ်ရှု-သတိ အကျိုးတည်း။

---

## ဟိရီ စေတသိက် အဓိပ္ပါယ်

ဟိရိယတိ ကာယဒုစ္စရိတာဒီဟိ ဇိဂုစ္ဆတီတိ ဟိရီ။

ယာ ဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ ကာယဒုစရိတာဒီဟိ၊ ကာယဒုစရိုက် အစရှိသည်တို့မှ။ ဟိရိယတိ ဇိဂုစ္ဆတိ၊ စက်ဆုပ်တတ်၏။ ဣတိ၊ ကြောင့်။ သာဓမ္မဇာတိ၊ သည်။ ဟိရီ၊ ဟိရီမည်၏။

ပါပတော ဇိဂုစ္ဆနလက္ခဏာ ဟိရီ၊ လဇ္ဇနာကာရေန ပါပါနံ အကရဏ ရသာ။ ပါပတော သင်္ကောစန ပစ္စုပဋ္ဌာနာ။ အတ္တဂါရဝ ပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဟိရီ၊ဟိရီ စေတသိက်သည်။ပါပတော၊မကောင်းမှုမှ။ဇိဂုစ္ဆနလက္ခဏာ၊ စက်ဆုပ်ခြင်း လက္ခဏာ ရှိ၏။ လဇ္ဇနာကာရေန၊ ရှက်သော အခြင်းအရာ အားဖြင့်။ ပါပါနံ၊ မကောင်းမှုတို့ကို။ အကရဏတာ၊ မပြုခြင်းကိစ္စရှိ၏။ ပါပတော၊ မကောင်းမှုမှ။ သင်္ကောစန ပစ္စုပဒဋ္ဌာနာ၊တွန့်တို ဆုပ်နစ်သော အဖြစ်လျှင်ယင်သောအခြင်းအရာရှိ၏။ အတ္တဂါရဝပဒဋ္ဌာနာ၊ မိမိကိုယ်ကိုယ် ရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

မကောင်းမှုကို ပြုဘို့ရန် အတွက် အလွန် ရှက်ခြင်း သဘောသည်-ဟိရီ မည်၏။ ။ထိုဟိရီသည် အမျိုးချွေးမနှင့် တူ၏၊ အမျိုးကောင်း ချွေးမသည် ဒုစရိုက်ဘရားတို့ကို ငါပြုသည်ရှိသော် သူတပါးတို့သည် ငါ့ကိုကဲ့ရဲ့လတ္တံ့၊ ငါသည် ရှက်ဘွယ်သိသိ ဖြစ်သတ္တံ့ ဟု ရှက်လျက် မိမိကိုယ်ကို ရိုသေ သည်၏ အစွမ်းဖြင့် မကောင်းမှုကို မပြု ကြဉ်ရှောင်သကဲ့သို့ ထိုအတူ မိမိ၏ ဂုဏ်စသည့်ကို အာရုံပြု၍ မကောင်းမှု ပြုရမည်ကို ရှက်တတ် စက်ဆုပ်တတ် သော သဘောသည် ဟိရီ-မည်၏။ ။ဟူလို။

---

## ဩတ္တပ္ပ စေတသိက် အဓိပ္ပါယ်

ဩတ္တပ္ပတီတိ ဩတ္တပ္ပံ။

ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ ဩတ္တပ္ပတိ၊ ကာယ ဒုစရိုက်စသည့်မှ ထိတ်လန့်တတ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုတရားသဘော သည်။ ဩတ္တပ္ပံ၊ ဩတ္တပ္ပ-မည်၏။

ဥတ္တံသနလက္ခဏံ ဩတ္တပ္ပံ၊ ဥတ္တံသနာကာရေန အာကရဏ ရသံ၊ ပါပတော သင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရဂါရဝ ပဒဋ္ဌာနံ။

## အဋ္ဌသာလိနီ အဋ္ဌကထာ။

ဩတ္တပ္ပံ၊ ဩတ္တပ္ပစေတသိက်သည်။ ပါပတော၊ မကောင်းမှုမှ။ ဥတ္တံသနလက္ခဏံ၊ ထိတ်သန့်ခြင်း လက္ခဏာရှိ၏။ ဥတ္တံသနာကာရေန၊ ထိတ်လန့်သော အခြင်းအရာ အားဖြင့်။ ပါပါနံ၊ မကောင်းမှုတို့ကို။ အာကရဏရသံ၊မပြုခြင်း ကိစ္စရှိ၏။ ပါပတော၊ မကောင်းမှုမှ၊ သင်္ကောစနပစ္စုပဋ္ဌာနံ၊ တွန့်တိုသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ပရဂါရဝပဒဋ္ဌာနံ၊ သူတပါးကို ရိုသေခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

မကောင်းမှုပြုရန် အတွက် အသွန်ကြောက်၍ ထိတ်လန့် တတ်သော သဘောသည် ဩတ္တပ္ပမည်၏။ ။ထို ဩတ္တပ္ပသည် ပြည့်တန်ဆာမနှင့် တူ၏၊ ပြည့်တန်ဆာမ၏ သဘောသည် ငါကိုယ်ဝန် ပဋိသန္ဓေ ယူခဲ့သည် ရှိသော် သူတပါးတို့သည် ငါ့ကို မနှစ်သက် မစုံမက် မမြတ်နိုးလတ္တံ့ဟု သူတပါးကို ရိုသေ၍ ပြုသည်၏ အစွမ်းဖြင့် ကိုယ်ဝန် ယူအံ့သည်မှ ထိတ်လန့်သကဲ့သို့ ထိုအတူ မကောင်းမှုမှ သူတပါးကို အာရုံပြု၍ ထိတ်လန့် တတ်သော သဘောသည် ဩတ္တပ္ပ မည်၏။ ။ဟူလို။

---

## ဟိရီနှင့် ဩတ္တပ္ပ အထူး

၎င်းဟိရီ စေတသိက်နှင့် ဩတ္တပ္ပ စေတသိက် ၂-ပါး၏ ထူးခြားပုံ အကြောင်းကို သမုဋ္ဌာန်, အဓိပတိ, လဇ္ဇာဘယ,လက္ခဏာ ဤလေးပါးကို မာတိကာ ထား၍ အဋ္ဌကထာကြီးများ၌ပင် အထူး ဘွင့်လှစ် ပြဆိုတော်မူခဲ့ပေ၏။

၁။ ။အမျိုးစသော မိမိ၏ အဇ္ဈတ္တ ဂုဏ်ကျေးဇူးများကို ထောက်ထားသမှု ဂရုပြု၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဟိရီ မည်၏။ မိမိမှတပါး ဗဟိဒ္ဓဖြစ်သော သရာသမား မိတ်ဆွေ သင်္ဃာစသည်တို့ကို ထောက်ထားသမှု ဂရုပြု၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဩတ္တပ္ပ မည်၏။

၂။ ။ငါကဲ့သို့သော အမျိုးကောင်းသားအား မကောင်းမှု ပြုခြင်းငှါ မသင့်ဟု မိမိကိုယ်ကို အကြီးအမှူးပြု၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဟိရီ မည်၏။ ။လောကကို အကြီးအမှူးပြု၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဩတ္တပ္ပ မည်၏။

၃။ ။မကောင်းမှုမှ စက်ဆုပ်သောသဘော, ရှက်သောသဘော၌တည်သော တရားသည် ဟိရီမည်၏။ ။အပါယ်ဘေးစသည်မှကြောက်သော သဘော၌ တည်သော တရားသည် ဩတ္တပ္ပ မည်၏။ ။ဥပမာဆိုသော် သံတွေခဲ နှစ်ခဲ ရှိသည်တွင် တတုံးသော သံတွေခဲကား မြေ၏၊ မစင်အညစ်အကြေး ပေ၍ နေ၏၊ တတုံးသော သံတွေခဲသည်ကား မစင် အညစ်အကြေးကား မပေ၊ အလွန်တရာ ပူလောင်၏၊ ရဲရဲညီး၏၊ ထိုနှစ်တုံးသော သံတွေခဲတို့တွင် သော သံတွေခဲကိုလည်း မစင်ပေနေ၍ ရွံရှာ စက်ဆုပ်သဖြင့် ပညာရှိသော သူသည် မကိုင်ရာ။ တခုသော သံတွေခဲကိုလည်း မစင်ပင်မပေသော်လည်း ရဲရဲညီး ပူလောင်နေသဖြင့် အပူမှ ကြောက်သောကြောင့် ပညာရှိသည် မကိုင်ရာ သကဲ့သို့ မှတ်။

၄။ ။ရှိသေထိုက်သောသူ၏စကားကို ရှေးရှုနာခြင်းဝန်ခံခြင်းနှင့်တကွ ဖြစ်သော ရိုသေခြင်း လက္ခဏာရှိသော တရားသည် ဟိရီ မည်၏။ ။အပြစ်ကို ကြောက်တတ်သည်၏ အဖြစ်၊ ဘေးအားဖြင့် ရှုတတ်သည်၏ အဖြစ်လျှင် လက္ခဏာရှိသော တရားသည် ဩတ္တပ္ပ မည်၏။

ထို မာတိကာ လေးပါးတို့တွင် အဇ္ဈတ္တသမုဋ္ဌာန် ရှိသော ဟိရီ ၏ ဖြစ်ကြောင်း သမုဋ္ဌာန်ကား လေးပါးရှိ၏။

၁။ ။မိမိ၏ ဇာတ်မြတ်သည်ကို ဆင်ခြင်ခြင်း၊

၂။ ။မိမိ၏ အရွယ်ကြီးသည်ကို ဆင်ခြင်ခြင်း၊

၃။ ။မိမိ၏ ရဲရင့်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

၄။ ။မိမိ၏ အကြားအမြင် ဗဟုဿုတ များသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ ။ဤလေးပါးတို့တည်း။

ဤလေးပါးသော မိမိ၏ အဇ္ဈတ္တ သန္တာန်၌ တည်ရှိသော တရားတို့ကို အာရုံပြု၍ ဟိရီ ဖြစ်သည် ဟူလို။ ။အချို့ဆရာတို့ကား အဇ္ဈတ္တ သမုဋ္ဌာန် တရား ရှစ်ပါးရှိ၏ ဟု ရေးမှားကြလေသည်။

တတ္ထ အဇ္ဈတ္တသမုဋ္ဌာနံ ဟိရိံ စတူဟိ ကာရဏေဟိ သမုဋ္ဌာပေတိ။ ဇာတိံ ပစ္စဝေက္ခိတွာ။ပ။ ဗာဟုသစ္စံ ပစ္စဝေက္ခိတွာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

မာတိကာ၌ လေးခုမြောက် ဖြစ်သော လက္ခဏာ အရ၊ သပ္ပတိဿဝ လက္ခဏာရှိသော ဟိရီ၏ ဖြစ်ကြောင်းတရား လေးပါးရှိ၏။

၁။ ။အမျိုးမြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊
၂။ ။ဘုရားမြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊
၃။ ။လောကုတ္တရာတရား ကိုးပါးတည်းဟူသော အမွေခံ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊
၄။ ။အအေွခင်ပွန်း မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

ဤလေးပါးတို့ပင်တည်း။

ဝဇ္ဇဘီရုကဘာ ယဒဿာဝီ လက္ခဏာရှိသော ဩတ္တပ္ပ၏ဖြစ်ကြောင်းတရားကား လေးပါးရှိ၏။

၁။ ။မိမိကိုယ်ကို မိမိစွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး၊
၂။ ။သူတပါး စွပ်စွဲခြင်းဟူသော ပရာနုဝါဒဘေး၊
၃။ ။မင်းဒဏ်ခတ်သော ဒဏ်ဘေး၊
၄။ ။အပါယ်ငရဲစသော ဒုဂ္ဂတိဘေး၊

ဤလေးပါးတို့ပင်တည်း။

ဆိုအပ်ပြီးသော တရားတို့၏ အဓိပ္ပါယ်အကျယ်ကို သိလိုပါမူ အဋ္ဌကထာ၌ ရှုလင့်ကုန်။

[illegible]

န လုဗ္ဘတိတိ အလောဘော။

န လုဗ္ဘတိ၊မသာယာတတ်။ဣတိ၊ကြောင့်။အလောဘော၊အလောဘမည်၏။

အလဂ္ဂဘာဝ လက္ခဏော အလောဘော၊ အပရိဂ္ဂဟဏ
ရသော၊ အနလ္လီနဘာဝပစ္စုပဋ္ဌာနော၊ ယောနိသော
မနသိကာရပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အလောဘော၊ အလောဘသည်။ အလဂ္ဂဘာဝလက္ခဏော၊ အာရုံ၌ မကပ်ငြိသည်၏ အဖြစ်လျှင် လက္ခဏာ ရှိ၏။ အပရိဂ္ဂဟဏရသော၊ ငါ၏ ဥစ္စာဟု မသိမ်းဆည်းခြင်း ကိစ္စရှိ၏။ အနလ္လီနဘာဝပစ္စုပဋ္ဌာနော၊ မကပ်ငြိသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ယောနိသောမနသိကာရပဒဋ္ဌာနော၊ ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်း ရှိ၏။

လောဘ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၍ အာရုံ၌ မငြိတွယ်ခြင်း သဘောတရားသည် အလောဘမည်၏။ ထို့ကြောင့် အလောဘသည် ပဒုမ္မာ ကြာရွက်နှင့်တူ၏၊ ပဒုမ္မာကြာရွက်၏ သဘောသည် မိမိအပေါ်၌ ကျသော ရေတို့ကို တပေါက် တစက်မျှ မကပ်ငြိ စေသကဲ့သို့ ထိုအတူ အလောဘစေတသိက်သည် ရူပါရုံစသော အာရုံပင် ထင်လာသော်လည်း တပ်မက်ခြင်းမရှိ မကပ်ငြိချေ၊ ထိုကြောင့် ပဒုမ္မာ ကြာရွက်နှင့် တူ၏။ တနည်း အာသဝေါကင်းသော ရဟန္တာနှင့် တူ၏၊ တနည်း မစင်တွင်း၌ ကျသော သူနှင့်တူ၏။ ။ဟူလို။

ကမလာဘလေ ဇလ ဗိန္ဒု ဝိယ။မုတ္တာဘိက္ခု ဝိယ။
အသုစိမှိ ပတိတ ပုရိသော ဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

ဆောင် ။ ။

ပဒုံကြာရွက်၊ ပမာ္စွက်၊ တပ်မက်ကင်းကွာ၊ အလောဘာ။

---

အဒေါသစေတသိက် အဓိပ္ပါယ်

န ဒုဿတိတိ အဒေါသော။

န ဒုဿတိ၊ မပြစ်မှားတတ်။ ဣတိ၊ ကြောင့်။ အဒေါသော၊ အဒေါသမည်၏။

အစဏ္ဍိက္ကလက္ခဏော အဒေါသော၊ အာဃာတဝိနယ
ရသော၊ သောမ္မဘာဝပစ္စုပဋ္ဌာနော၊ ယောနိသောမန
သိကာရ ပဒဋ္ဌာနော။ စန္ဒနံဝိယ ပုဏ္ဏစန္ဒောဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အဒေါသော၊သည်။ အစဏ္ဍိက္ကလက္ခဏော၊ မကြမ်းထမ်းသည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ အာဃာတဝိနယရသော၊ ရန်ငြိုး ထားခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စ ရှိ၏။ သောမ္မဘာဝပစ္စုပဋ္ဌာနော၊ ချမ်းသေည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ယောနိသောမနသိကာရပဒဋ္ဌာနော၊ ယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်းရင်း ရှိ၏။ ။ စန္ဒနံဝိယ၊ စန္ဒကူးနှင့် တူ၏။ ပုဏ္ဏစန္ဒောဝိယ၊ လပြည့်ဝန်းနှင့် တူ၏။

အာရုံ၌ ကြမ်းထမ်းသောအားဖြင့် မပြစ်မှားခြင်း သဘောတရားသည် အဒေါသစေတသိက်မည်၏။ ။စန္ဒကူးနံ့သာနှင့် တူ၏၊ စန္ဒကူးနံ့သာကို ကျိုက်ကျိုက်ဆူသော ရေသို့ ချလိုက်သည်ရှိသော် ရေ‌ေ ပကတိ ဖြစ်သကဲ့သို့ ထိုအတူ အဒေါသ စေတသိက်သည် ပူပန်စေတတ်, နှိပ်စက်တတ်သော ကြမ်းထမ်း ခက်ထန်သောကိလေသာကို ပကတိသဘောဖြင့် စေတတ်၏။ ထို့ကြောင့် စန္ဒကူးနံ့သာနှင့် တူ၏။ ။ဟူလို။

**တနည်း** ၊ ။အဒေါသသည် လပြည့်ဝန်းကြီးနှင့် တူ၏၊ လပြည့်ဝန်းသည် မြေတိုင်း တွေ့တိုင်းသော သတ္တဝါတို့အား ရွှင်လန်းနှစ်သက် မြေ ချမ်းသာခြင်း ဖြစ်စေသကဲ့သို့ ထိုအတူ အဒေါသစေတသိက်သည်လည်း သဟဇာတ်တရား အပေါင်းအား ကြမ်းထမ်းမရှိ ပကတိ မြေ ကြည်လင်ခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် လပြည့်ဝန်းကြီးနှင့် တူ၏။ ။ဟူလို။

စန္ဒနံ ဝိယ ပုဏ္ဏစန္ဒော ဝိယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**ဆောင်ပုဒ်**

လပြည့်,စန္ဒကူး၊ ပုံသွင်ထူး၊ မှတ်ဦး- အဒေါသာ။

## တတြမဇ္ဈတ္တတာ စေတသိက် အဓိပ္ပါယ်

တတြ မဇ္ဈတ္တတာ။ ။ဟူသော ပုဒ်ဝယ် ပုဒ်ဖြတ်လိုက်သည် ရှိသော် တတြ-ပုဒ်၊ မဇ္ဈတ္တတာ-ပုဒ် ဖြစ်၏။ မဇ္ဈတ္တတာ-ပုဒ်သည်လည်း မဇ္ဈ-ပုဒ်၊ အတ္တ-ပုဒ်၊ တာပစ္စည်း ဖြစ်၏။

မဇ္ဈေ ဌိတော အတ္တာ ယဿာတိ မဇ္ဈတ္တော။

ယဿ၊ အကြင်သူအား။ ဝါ၊တရားအား။ မဇ္ဈေ၊အလယ်၌။ ဌိတော၊ တည်သော။ အတ္တာ သဘာဝေါ၊ သဘောတရားသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ မဇ္ဈတ္တော၊ မဇ္ဈတ္တ-မည်၏။ ။သုခ-ဒုက္ခ သဘောသို့ မသက်၊ လယ်ချက် လျစ်လျူသဘော ရှိသောပုဂ္ဂိုလ်, သို့မဟုတ် တရားကို ရ၏။

မဇ္ဈတ္တဿ ဘာဝေါ မဇ္ဈတ္တတာ။

မဇ္ဈတ္တဿ၊ လျစ်လျူ ဥပေက္ခာသဘော ရှိသောသူ၏။ ဝါ၊တရား၏။ ဘာဝေါ၊ဖြစ်ကြောင်းသည်။ မဇ္ဈတ္တတာ၊ မဇ္ဈတ္တတာ-မည်၏။ ။သဒ္ဒပ္ပဝတ္တိ၊ နိမိတ်ဖြစ်သော ဥပေက္ခာ စေတသိက်ကိုပင် ရ၏။

တေသု တေသု ဓမ္မေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ။

တေသု တေသု ဓမ္မေသု၊ ထိုထို သို့သော မိမိနှင့် သမ္ပယုတ် ဖြစ်သော တရားတို့၌။ မဇ္ဈတ္တတာ၊ လစ်လျူရှုသော ဖြစ်ကြောင်းသည်။ တတြမဇ္ဈတ္တတာ၊ တတြမဇ္ဈတ္တတာ မည်၏။ ။(အလုတ္တ သမာသ် ဖြစ်၍ တြပစ္စည်း မချေသဲ တတြ-ဟု ရှိလေသတည်း)။

သမဝါဟိတ လက္ခဏာ တတြမဇ္ဈတ္တတာ၊ ဦနာဓိက
နိဝါရဏရသာ၊ မဇ္ဈတ္တဘာဝ ပစ္စုပဋ္ဌာနာ၊ပိတိဝိယော
ဂပဒဋ္ဌာနာ။

တတြမဇ္ဈတ္တတာ၊ သည်။ သမဝါဟိတလက္ခဏာ၊ အညီအမျှ အကြင် အကြင် မိမိကိစ္စတို့၌ ဖြစ်စေခြင်း လက္ခဏာရှိ၏။ ဦနာဓိကနိဝါရဏရသာ၊ ယုတ်သည်၏ အဖြစ်ဟု ဆိုအပ်သော လီန၊လွန်သည်၏အဖြစ်ဟု ဆိုအပ် သော ဥဒ္ဒစ္စတို့ကို မြစ်ခြင်းကိစ္စရှိ၏။ မဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ၊ အလယ် အကြား၌ တည်သော သဘောရှိသော သူ၏အဖြစ်ဟူ၍ ဉာဏ်အားရှေးရှု ထင်သော အခြင်းအရာ ရှိ၏။ ငိတိဝိယောပဒဋ္ဌာနာ၊ ပိတိကို လွန်မြောက် ခြင်းလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။

သမ္ပယုတ် တရားတို့ကို တက်ကြွခြင်း, အားလျော့ ယုတ်နိမ့်ခြင်းအားဖြင့် မညီမညွတ်သော ဖြစ်ခွင့်ကို မပေးဘဲ အလယ်အလတ် ဖြောင့်မတ်စွာ လျစ်လျူရှုသော သဘောသည် တတြမဇ္ဈတ္တတာ စေတသိက်မည်၏။ ။ ဟူလို။

ထို့ကြောင့် တတြမဇ္ဈတ္တတာ စေတသိက်သည် အာဇာနည် မြင်းနှစ်ကောင်ကိုတပ်၍ မောင်းနှင်သော ရထားထိန်းနှင့်တူ၏။ ၎င်းရထားထိန်းသည် အာဇာနည် မြင်းနှစ်ကောင်တို့ကို တကောင်ထက်, တကောင်ကို မသာစေဘဲ ညီညာမျှတ ရှိအောင် မောင်းနှင်ဘိကဲ့သို့ ထိုအတူ တတြမဇ္ဈတ္တတာ စေတသိက်သည် ထိုလိုသော အာရုံ၌ သမ္ပယုတ် တရားတို့ကို လျစ်လျူရှုခြင်း လက္ခဏာရှိ၏ ဟု မှတ်။

သမ္ပယုတ် တရားတို့၌ လျစ်လျူရှုမှုသည် အာရုံမဂ္ဂိုသည် မည်သည် မဟုတ်ပါလောဟူမူ၊ ၎င်း တတြမဇ္ဈတ္တတာ စေတသိက်သည် သမ္ပယုတ် တရားတို့၌ လျစ်လျူရှုသည် အဖြစ်၌ဖြစ်သော်လည်း သမ္ပယုတ် တရားတို့ကို မိမိတို့၏ ကိစ္စတို့၌ ဖြစ်စေတတ်၏၊ ယှဉ်စေတတ်၏။ ဥပမာဆိုသော်၊ မင်းကြီးသည် စကားမပြော တုဏှီဘောဖြင့် နေသော်လည်း မင်း၏ အကျိုးစီးပွါးကို ပြုလုပ်ဆောင်ရွက်ကုန်သော အမတ်တို့ကို ထိုထို မိမိတို့၏ အမှုကိစ္စတို့၌ ဖြစ်စေ,ပြုစေသကဲ့သို့တည်း။

> ဥဒါသိနဘာဝေ ပဝတ္တမာနာပိ သော သမ္ပယုတ္တ ဓမ္မေ ယထာ သကကိစ္စေသု ပဝတ္တေတိ။ ယထာ ရာဇာ တုဏှီ နိသိန္နောပိ အတ္ထကာရကေ အမစ္စေ ယထာသကကိစ္စေသု ပဝတ္တေတိ။
>
> ဝိသုဒ္ဓိမဂ် မဟာဋီကာ။

---

ဟိ၊ မှန်၏။ သော၊ ထိုတတြမဇ္ဈတ္တတာ စေတသိက်သည်။ ဥဒါသိနဘာဝေ၊ လျစ်လျူရှုသည်အဖြစ်၌။ ပဝတ္တမာနာပိ၊ ဖြစ်သော်လည်း။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ်တရားတို့ကို။ ယထာသကကိစ္စေသု၊ အသီးအသီး မိမိတို့၏ကိစ္စတို့၌။ ပဝတ္တေတိ၊ ဖြစ်စေ၏။ ယထာ၊ ဥပမာဆိုသော်။ ရာဇာ၊ မင်းကြီးသည်။ တုဏှီ၊ ဆိတ်ဆိတ်။ နိသိန္နောပိ၊ စကားမပြောဘဲ နေသော်လည်း။ ထို၊ ထိုနေသော်။ အတ္ထကာရကေ၊ မိမိ၏ အကျိုးကို ပြုလုပ်ကုန်သော။ အမစ္စေ၊ အမတ်တို့ကို။ ယထာသကကိစ္စေသု၊ အသီးအသီး မိမိတို့၏ကိစ္စတို့၌။ ပဝတ္တေတိ၊ ဖြစ်စေသကဲ့သို့တည်း။

ဂုဏ်းတတြမဇ္ဈတ္တတာ စေတသိက်သည် စိတ်စေတသိက် သမ္ပယုတ် တရားတို့၌ လျစ်လျူရှုတတ်သော သဘောရှိ၏-ဟု ဆိုပါက သမ္ပယုတ် ဖြစ်သော စိတ်စေတသိက် တရားတို့ကို အာရုံမပြုပါဘဲ အဘယ့်ကြောင့် တတြမဇ္ဈတ္တတာ ဟု ဆိုအပ်ပါသနည်းဟူမူ။ ။ထိုစိတ်စေတသိက်တို့ကို အာရုံမပြုသော်လည်း အညီအမျှ ဖြစ်ကုန်သော ထို စိတ် စေတသိက် တရားတို့၌ လျစ်လျူရှုတတ်သည်၏ အဖြစ်ကြောင့် တတြမဇ္ဈတ္တတာ မည်၏။ ။ဟူလို။

အတဒါရမ္မဏတ္တေပိ ဟိတေသု သမ္ပဝတ္တေသု ဥဒါ
သိနဘာဝတော တတြမဇ္ဈတ္တတာတိ ဝုစ္စတိ။

မူလဋီကာ။

---

## ဥပေက္ခာ အပြား

ဤ တတြမဇ္ဈတ္တတာ စေတသိက် ဟူသည် ဥပေက္ခာ စေတသိက်ပင် ဖြစ်၍ ဥပေက္ခာ၏ အပြားကို ခွဲခြား၍ ပြဆိုပေအံ့။

၁။ ။ဆဠင်္ဂုပေက္ခာ၊
၂။ ။ဗြဟ္မဝိဟာရုပေက္ခာ၊
၃။ ။ဗောဇ္ဈင်္ဂုပေက္ခာ၊
၄။ ။ဝီရိယုပေက္ခာ၊
၅။ ။သင်္ခါရုပေက္ခာ၊
၆။ ။ဝေဒနုပေက္ခာ၊
၇။ ။ဝိပဿနုပေက္ခာ၊
၈။ ။တတြမဇ္ဈတ္တုပေက္ခာ၊
၉။ ။ဈာနုပေက္ခာ၊
၁၀။ ။ပါရိသုဒ္ဓုပေက္ခာ၊

ဟူ၍ ဥပေက္ခာ အပြားဆယ်ပါး ရှိ၏။ ။ထိုဆယ်ပါးတို့တွင်—

---

အတဒါရမ္မဏတ္တေ၊ ထိုစိတ်စေတသိက်လျှင် အာရုံရှိသည် မဟုတ်သည့် အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ တေသု၊ ထိုစိတ်စေတသိက်တရားတို့သည်။ သမ္ပဝတ္တေသု၊ အညီအမျှ ဖြစ်ကုန်သည်ရှိသော်။ ဥဒါ၊ သမ္ပဝတ္တေသု၊ အညီအမျှဖြစ်ကုန်သော။ တေသု၊ ထိုစိတ်စေတသိက် တရားတို့၌။ ဥဒါသိနဘာဝတော၊ လျစ်လျူရှုတတ်သည်၏ အဖြစ်ကြောင့်။ တတြမဇ္ဈတ္တတာ၊ ဟူ၍။ ဝုစ္စတိ၊ ဆို၏။

၁။ ။ရဟန္တာတို့သည် ကောင်း မကောင်းသော အာရုံခြောက်ပါးကို ရှုလတ်မြင်လတ်သော်လည်း ဝမ်းသာခြင်းလည်းမရှိ၊ နှလုံးမသာယာခြင်းလည်းမရှိ၊လျစ်လျူရှုမှုသည် **ဆဠင်္ဂုပေက္ခာ** မည်၏။

၂။ ။သဗ္ဗေသတ္တာ ကမ္မဿကာ စသော အားဖြင့် သတ္တဝါ ခပ်သိမ်းတို့၌လျစ်လျူရှုမှုသည်ကား **ဗြဟ္မဝိဟာရုပေက္ခာ** မည်၏။

၃။ ။ဥပေက္ခာဗောဇ္ဈင်္ဂဘာဝေတိ။ ။စသည်ဖြင့်လာသော သဟဇာတ်တရားတို့၌ လျစ်လျူရှုမှုသည်ကား **ဗောဇ္ဈင်္ဂုပေက္ခာ** မည်၏။

၄။ ။လုံ့လပြင်းစွာ အားထုတ်ခြင်းလည်းမရှိ၊ လုံ့လလျော့ခြင်းလည်း မရှိသောဝီရိယသည်ကား **ဝီရိယုပေက္ခာ** မည်၏။

၄။ ။သင်္ခါရ တရားတို့၌ လျစ်လျူရှုသော ဉာဏ်သည်ကား **သင်္ခါရုပေက္ခာ** မည်၏။

၆။ ။အဒုက္ခမသုခဝေဒနာသည်ကား **ဝေဒနုပေက္ခာ** မည်၏။

၇။ ။ဝိပဿနာဉာဏ်သည်ကား **ဝိပဿနုပေက္ခာ** မည်၏။

၈။ ။သဟဇာတ် တရား တို့ကို အမျှ ဆောင်ရွက်သော ဥပေက္ခာစေတသိက်သည်ကား **တတြမဇ္ဈတ္တုပေက္ခာ** မည်၏။

၉။ ။မြတ်လှစွာသော တတိယ ဈာန်ချမ်းသာ၌သော်သည်း လျစ်လျူရှုမှုကား **ဈာနုပေက္ခာ** မည်၏။

၁၀။ ။စတုတ္ထဈာန်၌ ဥပေက္ခာကား **ပါရိသုဒ္ဓုပေက္ခာ** မည်၏။

ဤကား ဥပေက္ခာ ၁၀-ပါး၏အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။ ။ အဓိပ္ပါယ် အကျယ်ကို လိုမူ ပါရာဇိကဏ် အဋ္ဌကထာစသည်၌ ရှုလင့်ကုန်။

---

## **ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စေတသိက် ၂-ပါး အဓိပ္ပါယ်**

ကာယဿ ပဿမ္ဘနံ ကာယပဿဒ္ဓိ။
စိတ္တဿ ပဿမ္ဘနံ စိတ္တပဿဒ္ဓိ။

ကာယဿ၊ စေတသိက် ခန္ဓာ သုံးပါးအပေါင်း၏။ ပဿမ္ဘနံ၊ ငြိမ်းခြင်းတည်း။ ကာယပဿဒ္ဓိ၊ စေတသိက် ခန္ဓာသုံးပါး အပေါင်း၏ငြိမ်းခြင်း။ ။ စိတ္တဿ၊စိတ်၏။ပဿမ္ဘနံ၊ငြိမ်းခြင်းတည်း။ စိတ္တပဿဒ္ဓိ၊ စိတ်၏ငြိမ်းခြင်းတည်း။

ကာယ စိတ္တဒရထဂုပသမ လက္ခဏာ ကာယ စိတ္တပ္ပဿဒ္ဓိ
ယော။ ကာယစိတ္တဒရထနိမ္မဒ္ဒနရသာ၊ ကာယစိတ္တာနံ အ
ပရိပ္ဖန္ဒနသီတိဘာဝပစ္စုပဋ္ဌာနာ။ ကာယစိတ္တ ပဒဋ္ဌာနာ၊

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကာယစိတ္တပ္ပဿဒ္ဓိယော၊ တို့သည်။ ကာယစိတ္တဒရထ ဂုပသမလက္ခဏာ၊ ကိုယ်စိတ်နှစ်ပါးကို ပူပန်စေတတ်သော ဥဒ္ဓစ္စ ပြဓာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာ ရှိကုန်၏။ ကာယစိတ္တဒရထနိမ္မဒ္ဒန ရသာ၊ ကိုယ်စိတ်နှစ်ပါးကို ပူပန်စေတတ်သော ဥဒ္ဓစ္စပြဓာန်းသော ကိလေသာတို့ကို နှိမ်နင်းခြင်း ကိစ္စရှိကုန်၏။ ကာယစိတ္တာနံ၊ကိုယ်စိတ်တို့၏။ အပရိပ္ဖန္ဒနသီတိဘာဝ ပစ္စုပဋ္ဌာနာ၊ ပူပန်ခြင်း, တုန်လှုပ်ခြင်း ကင်းသည် ဖြစ်၍ ငြိမ်းေသည်၏ အဖြစ်လျှင် ဉာဏ်အားထင်သော အခြင်းအရာရှိကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်း ရှိကုန်၏။

ကာယပ္ပဿဒ္ဓိ၌ ကာယ၏ အရ ဝေဒနာ သညာ သင်္ခါရ- ၀ည်း ဟူသော စေတသိက်အပေါင်းကို ယူအပ်၏။ ။စိတ္တပ္ပဿဒ္ဓိ၌ စိတ္တ၏ အရ သောဘဏ စိတ်ကို ယူအပ်၏။ ကုသိုလ်အရာ၌ စေတသိက်တို့ကို ပူပန်စေတတ်သော ဥဒ္ဓစ္စ ပြဓာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်းသဘော သည် ကာယပဿဒ္ဓိ စေတသိက် မည်၏။ ကုသိုလ် အရာ၌ သောဘဏ စိတ်ကို ပူပန်စေတတ်သော ဥဒ္ဓစ္စ ပြဓာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်းသဘောသည် စိတ္တပ္ပဿဒ္ဓိစေတသိက်မည်၏။ ။ဟူလို။

ထိုတရား ၂-ပါး အားနည်းခဲ့ပါမူ စိတ်၏ချမ်းသာခြင်းကို မရကြကုန်၊ ကုသိုလ်မှအပဖြစ်သော အာရုံ၌သာလျှင် ပျံ့လွင့်ကုန်၏။ အလွန်ပူပြင်းသော ကျောက်ဖျာပြင်၌ ထားအပ်သော ငါးကဲ့သို့ ဖြစ်၏။ ထိုဘရား ၂-ပါး အားကြီးခဲ့ပါမူ ကုသိုလ်စိတ်၌ စိတ်၏ချမ်းသာခြင်းကို ရကြကုန်၏။ အလွန် မြေ ကြည်လင်သောရေ၌ လွတ်အပ်သော ငါးနှင့်တူ၏ ဟု မှတ်။

ကာယစိတ္တာနံ အဂုပသမ ကရ ဥဒ္ဓစ္စာဒိ
ကိလေသပ္ပဋိပက္ခ ဘူတာတိ ဒဋ္ဌဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

## ကာယလဟုတာ, စိတ္တလဟုတာ, စေတသိက် အဓိပ္ပါယ်

လဟုနော ဘာဝေါ လဟုတာ။

လဟုနော၊ ပေါ့ပါးသည်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ လဟုတာ၊ ပေါ့ပါးသည်၏ဖြစ်ကြောင်း။

ကာယဿ လဟုတာ ကာယလဟုတာ။

ကာယဿ၊ စေတသိက် အပေါင်း၏။ လဟုတာ၊ ပေါ့ပါး သည်၏ ဖြစ်ကြောင်းသည်။ ကာယလဟုတာ၊ ကာယလဟုတာ-မည်၏။

စိတ္တဿ လဟုတာ စိတ္တလဟုတာ။

စိတ္တဿ၊စိတ်၏။ လဟုတာ၊ ပေါ့ပါးသည်၏ ဖြစ်ကြောင်းသည်။ စိတ္တလဟုတာ၊ စိတ္တလဟုတာမည်၏။

ကာယ စိတ္တ ဂရုဘာဝ ဝူပသမလက္ခဏာ ကာယ စိတ္တ
လဟုတာ၊ ကာယ စိတ္တ ဂရုဘာဝ နိမ္မဒ္ဒနရသာ၊ကာယ
စိတ္တာနံ အဒန္ဓတာ ပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကာယစိတ္တလဟုတာ၊တို့သည်။ ကာယစိတ္တဂရုဘာဝ ဝူပသမလက္ခဏာ၊ ကိုယ်စိတ်တို့၏ လေးသည်၏ အဖြစ်မှ ငြိမ်းခြင်း လက္ခဏာရှိကုန်၏။ ကာယစိတ္တဂရုဘာဝနိမ္မဒ္ဒနရသာ၊ ကိုယ်စိတ် တို့၏ လေးသည်၏ အဖြစ်ဟု ဆိုအပ်သော ကိလေသာတို့ကို နှိမ်နင်းခြင်း ကိစ္စရှိကုန်၏။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ အဒန္ဓတာပစ္စုပဋ္ဌာနာ၊ မလေးသည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရင်း ရှိကုန်၏။

အဓိပ္ပါယ်ကား။…. ကုသိုလ်အရာ၌ စေတသိက်တို့၏ မငြိမ်သက်ခြင်း တုန်လှုပ်ခြင်းကို ပြုတတ်သော ထိန မိဒ္ဓ ပြဓာန်းသော ကိလေသာတို့ကို ပယ်ဖျက်၍ မနှောင့်မနှေးဝန်မလေးခြင်းပေါ့ပါးခြင်း သဘောသည် ကာယလဟုတာ စေတသိက် မည်၏။ ။ကုသိုလ် အရာ၌ သောဘဏ စိတ်တို့၏ မငြိမ်သက်ခြင်း, တုန်လှုပ်ခြင်းကို ပြုတတ်သော ထိန မိဒ္ဓ ပြဓာန်းသော ကိလေသာတို့ကို ပယ်ဖျက်၍ မနှောင့်မနှေး ဝန်မလေးခြင်း, ပေါ့ပါးခြင်း သဘောသည် စိတ္တလဟုတာ စေတသိက်မည်၏။ ။ဟူလို။

အကြင်သူတို့၏ စိတ်သန္တာန်၌ ဤတရား ၂-ပါး အားနည်း ချိတ်လျှင် ထိုသူ တို့၏ စိတ်သည် ကုသိုလ် ကောင်းမှုရေးတို့၌ ဝန်လေး၍ နေ၏၊ တွန့်လိမ်ညှိုးနွမ်း၍နေ၏၊ လောလောပူသော ကျောက်ဖျာအပြင်၌ ပစ်ထား အပ်သော ပဒုမ္မာကြာပန်းတူ၏။ ထိုတရား ၂-ပါး အားရှိသော သူတို့၏ စိတ်သည်ကား ကုသိုလ်ကောင်းမှုရေးတို့၌ ပေါ့ပေါ့ပါးပါးရှိ၏၊ ကုသိုလ်မှု ကိုသာ ပြုလုပ် ဆောင်ရွက်ရန် လည်တမော်မော် မြှော်၍နေ၏၊ မြေသော ရေ၌ ချအပ်သော ပဒုမ္မာကြာနှင့် တူ၏။ ။ဟု-မှတ်။

ကာယစိတ္တာနံ ဂရုဘာဝကရထိနမိဒ္ဓါဒိ ကိလေသပ္ပဋိ ပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**ကာယမုဒုတာ, စိတ္တမုဒုတာ, စေတသိက် အဓိပ္ပါယ်**

မုဒုနော ဘာဝေါ မုဒုတာ။

မုဒုနော၊နူးညံ့သည်၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။မုဒုတာ၊နူးညံ့သည်၏ ဖြစ်ကြောင်း။

ကာယဿ မုဒုတာ ကာယမုဒုတာ။
စိတ္တဿ မုဒုတာ စိတ္တမုဒုတာ။

ကာယဿ၊ စေတသိက်အပေါင်း၏။ မုဒုတာ၊ နူးညံ့သည်၏ဖြစ်ကြောင်း သည်။ ကာယမုဒုတာ၊ ကာယမုဒုတာ၊မည်၏။ ။စိတ္တဿ၊စိတ်၏။ မုဒုတာ၊ နူးညံ့သည်၏ ဖြစ်ကြောင်းသည်။ စိတ္တမုဒုတာ၊ စိတ္တမုဒုတာမည်၏။

ကာယ စိတ္တ ထဒ္ဓဘာဝ ဝူပသမ လက္ခဏာ ကာယ စိတ္တမုဒုတာ၊ ကာယ စိတ္တထဒ္ဓဘာဝ နိမ္မဒ္ဒနရသာ၊ အပ္ပဋိဃာတပစ္စုပဋ္ဌာနာ၊ ကာယ စိတ္တ ပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကာယစိတ္တမုဒုဘာ၊ တို့သည်။ကာယ စိတ္တထဒ္ဓဘာဝ ဝူပသမလက္ခဏာ၊ ကိုယ်စိတ်တို့၏ ခက်ထန် ခိုင်မာသည်၏ ဖြစ်ကြောင်း ဖြစ်သော ဒိဋ္ဌိမာန ပြခါန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာရှိကုန်၏။ ကာယ စိတ္တ ထဒ္ဓ ဘာဝ နိမ္မဒ္ဒန ရသာ၊ ကိုယ်စိတ်တို့ ခက်ထန် ခိုင်မာသည်၏ ဖြစ်ကြောင်းဖြစ်သော ဒိဋ္ဌိမာန ပြခါန်းသော ကိလေသာတို့ကို နှိမ်နင်းခြင်း

ကိစ္စရှိကုန်၏။ အပ္ပဋိဃာတပစ္စုပဋ္ဌာနာ၊ကြမ်းထမ်း ခက်တရော် ရှိသည်ကို နှိပ်နင်းနိုင်ခြင်းကြောင့် အာရုံ၌ မထိခိုက်သော မပင်ပန်းသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရင်း ရှိကုန်၏။

အဓိပ္ပါယ်ကား‥‥ကုသိုလ်အရာဝယ် စေတသိက်အပေါင်း၏ ခက်ထန်ခိုင်မာမှု ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဒိဋ္ဌိမာန ပြဓာန်းသော ကိလေသာတို့ကို ငြိမ်းပေယ်ဖျက်၍ နူးညံ့သိမ်မွေ့စွာ ဖြစ်ခြင်း သဘောသည် ကာယမုဒုတာ စေတသိက်မည်၏။ ။ကုသိုလ်အရာ၌ သောဘဏစိတ်တို့၏ ခက်ထန်ခိုင်မာမှု ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဒိဋ္ဌိမာန ပြဓာန်းသော ကိလေသာတို့ကို ပယ်ဖျက်ငြိမ်းစေ၍ နူးညံ့သိမ်မွေ့စွာ ဖြစ်ခြင်းသဘောသည် စိတ္တမုဒုတာ စေတသိက်မည်၏။ ။ဟူလို။

ဉပမာအားဖြင့် ကြမ်းသော သားရေကို အကြိမ်ကြိမ် အဘန်ဘန် နယ်ခြင်း ရေစိမ်ခြင်းကိုပြု၍ နူးညံ့စွာ ဖြစ်စေသည်နှင့် တူ၏။

အကြင် သူတို့အား ထိုတရားနှစ်ပါးသည် အားနည်း၏၊ ထိုသူတို့၏ စိတ်သည် ကုသိုလ်ကောင်းမှုတို့၌ ခက်တရော်ခြင်း ကြမ်းထမ်းခြင်းဖြစ်၍ နေ၏၊ရန်သူတို့၏ လက်သို့ ရောက်၍နေသော စစ်သူကြီးကဲ့သို့ ဖြစ်၏။ ။ထိုတရား ၂-ပါး အားကြီးသော သူတို့၏ စိတ်သည်မူကား ကုသိုလ်ကောင်းမှု ရေးတို့၌ နန်းဆွဲတိုင်းပါသော ရွှေ၏ပမာ လွန်စွာနူးညံ့ပြေ့ပျောင်း၍နေ၏။ ချစ်ခင်လှစွာသော ဆွေမျိုး,ဉာတ်တို့၏ အလယ်သို့ ရောက်သော စစ်သူကြီး ကဲ့သို့ ဖြစ်၏။ ။ဟု မှတ်။

---

## ကာယကမ္မညတာ,စိတ္တကမ္မညတာ,စေတသိက် အဓိပ္ပါယ်

ကမ္မနိ သာဓု ကမ္မညံ။

ကမ္မနိ၊ ကုသိုလ်မှု၌။ သာဓု၊ကောင်းသည်တည်း။ ကမ္မညံ၊ကုသိုလ်မှု၌ ကောင်းသည်။

ကမ္မညဿ ဘာဝေါ ကမ္မညတာ။

ကမ္မညဿ၊ ကုသိုလ်မှု၌ကောင်းသည်၏။ ဘာဝေါ၊ဖြစ်ကြောင်းတည်း။ ကမ္မညတာ၊ကုသိုလ်မှု၌ ကောင်းသည်၏ ဖြစ်ကြောင်း။

ကာယဿ ကမ္မညတာ ကာယကမ္မညတာ။
စိတ္တဿ ကမ္မညတာ စိတ္တကမ္မညတာ။

ကာယဿ၊စေတသိက် အပေါင်း၏။ ကမ္မညတာ၊ကုသိုလ်မှု၌ ကောင်းသည်၏ ဖြစ်ကြောင်းသည်။ ကာယကမ္မညတာ၊ ကာယကမ္မညတာမည်၏။ ။စိတ္တဿ၊ သောဘဏ စိတ်၏။ ကမ္မညတာ၊ကုသိုလ်မှု၌ ကောင်းသည်၏ ဖြစ်ကြောင်းသည်။ စိတ္တကမ္မညတာ၊စိတ္တကမ္မညတာမည်၏။

> ကာယစိတ္တ အကမ္မညဘာဝ ဝူပသမလက္ခဏာ ကာယစိတ္တ ကမ္မညတာ၊ ကာယစိတ္တာနံ အကမ္မညဘာဝ နိမ္မဒ္ဒနရသာ၊ ကာယစိတ္တာနံ အာရမ္မဏကရဏ သမ္ပတ္တိ ပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကာယစိတ္တကမ္မညတာ၊ တို့သည်။ ကာယစိတ္တအကမ္မည ဘာဝ ဝူပသမလက္ခဏာ၊ ဒါန-သီလစသော ပုညကြိယာ ဝတ္ထု၌ မကောင်းသည်၏ အဖြစ် မလျောက်ပတ်သည်၏ အဖြစ်ဟူသော ကာမစ္ဆန္ဒ ပြခါန်းသော သံကိလေသတရားတို့ကို ငြိမ်းစေခြင်းလက္ခဏာ ရှိကုန်၏။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ အကမ္မညဘာဝနိမ္မဒ္ဒနရသာ၊ ဒါန သီလစသော ပုညကြိယာဝတ္ထု၌ မကောင်းသည်၏ အဖြစ်, မလျောက်ပတ်သည်၏ အဖြစ်ဟူသော ကာမစ္ဆန္ဒပြခါန်းသော သံကိလေသဓမ္မတို့ကို နှိပ်နင်းခြင်းကိစ္စရှိကုန်၏။ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ အာရမ္မဏကရဏသမ္ပတ္တိပစ္စုပဋ္ဌာနာ၊အာရုံပြုခြင်း၏ ပြည့်စုံခြင်းလျှင် ထင်သောအခြင်းအရာရှိကုန်၏။ ကာယစိတ္တပဒဋ္ဌာနာ၊၏။ ။ဤ၌ ကမ္မညဟူသည် ကုသိုလ်ကောင်းမှုကို ပြုခြင်းငှါ စွမ်းနိုင်သည် ကုသိုလ်ကောင်းမှု ပြုခြင်းငှါ လျောက်ပတ်သည်၊ ပြုလိုတိုင်း လိုက်ပါတတ်သော တရားသဘော ဖြစ်သည်။ ဝါ၊ တရားသဘောသည် ကမ္မညဟု ဆိုလိုသည်။၎င်းကို မြန်မာဘာသာဖြင့် အမှု၌ ခံ့သည်ဟု ဆိုရ၏။

---

### ကမ္မညတာနှင့် အကမ္မညတာ အထူး

၎င်း ကမ္မည-ပုဒ်နောင် ဘောအနက်၌ တာပစ္စည်းသက်၍ ကမ္မညတာဟု ရုပ်ပြစ်၏။ ။အချို့ ဆရာကြီးများကား တာပစ္စည်း အနက်မရှိ။

သွတ္တ-ဟု ကြီတော်မူကြ၏။ ။သွတ္တ ကြိပါမူ၊ ကမ္မည အဓိပ္ပါယ်အတိုင်း မှတ်ယူလေ။ ။တာပစ္စည်း ဘောအနက်၌ သက်ပါမူ ဘောဟူသည် သဒ္ဒ ပဝတ္တ နိမိတ် ဖြစ်သဖြင့် ကုသိုလ် ကောင်းမှုကို ပြုခြင်း၌ စွမ်းနိုင်ခြင်း ပြုလိုတိုင်းလိုက်ပါခြင်း၏ အကြောင်းရင်းဖြစ်သော ယောနိသော ပြဓာန်း သော ဤစေတသိက်သည် ကမ္မညတာမည်၏။

န ကမ္မညံ့ အကမ္မညံ့။ တဿ ဘာဝေါ အကမ္မညတာ။

ဝိဂ္ဂြိုဟ်အရ။

ကုသိုလ်ကောင်းမှုပြုခြင်း၌ မစွမ်းနိုင်ခြင်း၏ အကြောင်းရင်း ဖြစ်သော ကာမစ္ဆန္ဒပြဓာန်းသော သံကိလေသ တရားအပေါင်းသည် အကမ္မညတာ မည်၏-ဟု ခွဲခြား၍ သိအပ်၏။

၆-ဃ။ န ကမ္မညံ အကမ္မညံ၊ ယဿ ဘာဝေါ အကမ္မည ဘာဝေါ၊ ဒါနသီလာဒိ ပုညကြိယာယံ အယောဂျတာ၊ အတ္တတော ကာမစ္ဆန္ဒာဒိ ကိလေသဓမ္မာ၊ တပ္ပစ္စာနာ ဝါ စတ္တာရော အကုသလက္ခန္ဓာ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ဆိုလိုရင်းကား····ဒါနသီလ စသော ကုသိုလ်ကောင်းမှု ပြုရာ၌ဒါနဝယ် ကုသိုလ် စေတသိက် အပေါင်း၏ ကုသိုလ်အမှု ပြုခြင်း၌ စွမ်းနိုင်ခြင်း, ပြုသွယ်ခြင်း၏ အကြောင်းရင်း ဖြစ်သော သဘော တရားသည် ကာယ ကမ္မညတာ စေတသိက်မည်၏။ ။ဒါနသီလ စသော ကုသိုလ်ကောင်းမှု ပြုရာ၌ဒါနဝယ် ကုသိုလ်စိတ်၏ ကုသိုလ်အမှုပြုခြင်း၌ စွမ်းနိုင်ခြင်း,ပြုလွယ် ခြင်း၏ အကြောင်း ဖြစ်သော သဘော တရားသည် စိတ္တ ကမ္မညတာ စေတသိက်မည်၏။ ။ဟူလို။

ထိုကာယ, စိတ္တ, ကမ္မညတာ စေတသိက် ၂-ပါးတို့သည် ကုသိုလ် ကောင်းမှုပြုခြင်း၌ မစွမ်းနိုင်ခြင်း, မလျောက်ပတ်ခြင်း, မပြုသွယ်ခြင်း၏ အကြောင်းရင်းဖြစ်ကုန်သော ကာမစ္ဆန္ဒပြဓာန်းသော ကိလေသာတရားတို့ကို ပယ်ဖျက် ငြိမ်းစေဘတ်ကုန်၏၊ သို့ဖြစ်၍ ၎င်းစေတသိက် ၂-ပါးသည် ဦးသစ်စဖြစ်သော ရွှေစင်နှင့် တူလေသည်။ ။ဘူဟန်ကား····လျော်ပြီး

၆-ဃ။ ။ကမ္မညံ၊အမှု၌ကောင်းသည်။ န၊မဟုတ်။ အကမ္မညံ၊အမှု၌မကောင်း။အဿ၊ ထို အမှု၌မကောင်းသည်၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။အကမ္မညဘာဝေါ၊အမှု၌မကောင်းသည် ၏ဖြစ်ကြောင်း။ဒါနသီလာဒိပုညကြိယာယံ၊ ဒါန သီလစသော ပုညကြိယာ၌။ အယောဂျတာ၊

ဦးပြီးသော ရွှေစင်သည် ညစ်ကြေးမတင် သန့်ရှင်းစင်၍ ပန်းတိမ်၏ဆရာ၏ ဆွဲငင်တိုင်းပါလျက် အလိုရှိရာ ပုတီးလက်ကောက်စသော တန်းဆာပလာ ပြုခြင်းငှါ သင့်လျော်  လျောက်ပတ်သကဲ့သို့ ထိုအတူ ဂုဏ်ကာယ စိတ္တ ကမ္မညတာ စေတသိက် ၂-ပါး တို့သည်လည်း နှောင့်ယှက် တားမြစ်တတ်သော ကိလေသာ ဘေးရန်တို့ကို ပယ်ဖျက်နှိပ်နင်းတတ်သောကြောင့် ကိလေသာ အညစ်ကြေး ကင်းဝေး၍ မိမိပြုလိုရာ ကုသိုလ် ကောင်းမှုကို ပြုခြင်းငှါသင့်လျော်သည်၏အဖြစ်ကိုဆောင်ရွက်ကုန်၏။ထိုကြောင့် ဦးသစ်စ ရွှေနှင့်တူ၏။ ။ဟူလို။

၆–င။ ၊တာ ပသာဒနီယဝတ္ထူသု ပသာဒါဝဟာ၊ ဟိတ ကြိယာသု၊ဝိနိယောဂက္ခမဘာဝဝဟာ၊ သုဝဏ္ဏဝိသုဒ္ဓိ ဝိယာတိ ဒဋ္ဌဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သုဝဏ္ဏဝိသုဒ္ဓိ ဝိယာတိ ယထာ သုဝဏ္ဏဝိသုဒ္ဓိ လင်္ကာရဝိဓာတိ ဝိနိယောဂက္ခမာ၊ ဧဝံ အယမ္ပိ ဟိတ ကြိယာ ဝိနိယောဂက္ခမာ။

မူလဋီကာ။

---

ကာယပါဂုညတာ စိတ္တပါဂုညတာ စေတသိက် အဖွင့်ပါယ်

ပဂုဏဘာဝေါ ပါဂုညံ။

ပဂုဏဿ၊ ကျွမ်းနိုင်သောသူ,ကျွမ်းကျင်သောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်း တည်း။ပါဂုညံ၊ ကျွမ်းနိုင်သူ,ကျွမ်းကျင်သူ၏ဖြစ်ကြောင်း။

ပါဂုညမေဝ ပါဂုညတာ။

ပါဂုညမေဝ၊ ကျွမ်းနိုင်သူ, ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းသည်ပင်လျှင်။ ပါဂုညတာ၊ ပါဂုညတာ-မည်၏။

---

ပျော့ကပ်ပတ်သည်၏ အဖြစ်ကို။ လဟုတာ၊ နုအပ်၏။ အကြွင်းသော၊ ဘုရားကိုယ်တော်ဖြင့်၊ကာမ ဂုဏ်ဝိတက်ကလေသာစသော၏၊ ကာမဂုဏ်အစရှိသော ကိလေသာတရားတို့သည်ငှင်း။ ဘုရားဒေနာ၊ ထိုကာမဂုဏ်လျှင်ပြုခြင်းခြင်း ရှိကုန်သော။ခန္ဓာဝေ၊ လေးပါးကုန်သော။အကုသိုလ်တရား၊ အကုသိုလ် ဖွေတစ်ပါးတို့သည်ငှင်း။ ပဘာဿ၊ ဖြစ်ကုန်၏။

၆–င။ ။တာ၊ ထိုကာယကမ္မညတာ, စိတ္တကမ္မညတာ ၂-ပါးတို့ကို။ ပသာဒနီယဝတ္ထူသု၊ ကြည်ညိုဖွယ်သော ရတနာ သုံးပါးတို့၌။ပသာဒါဝဟာ၊ ကြည်ညိုခြင်းကိုဆောင်တတ်ကုန်၏။

ကာယဿ ပါဂုညတာ ကာယပါဂုညတာ။
စိတ္တဿ ပါဂုညတာ စိတ္တပါဂုညတာ။

ကာယဿ၊ စေတသိက် အပေါင်း၏။ ပါဂုညတာ၊ ကျွမ်းကျင်စွမ်းနိုင်သူ၏ ဖြစ်ကြောင်းသည်။ ကာယပါဂုညတာ၊ ကာယပါဂုညတာ-မည်၏။ ။ စိတ္တဿ၊ သောဘဏ စိတ်၏။ ပါဂုညတာ၊ ကျွမ်းကျင် စွမ်းနိုင်သူ၏ ဖြစ်ကြောင်းသည်။ စိတ္တပါဂုညတာ၊ စိတ္တပါဂုညတာ-မည်၏။

ကာယစိတ္တာနံ အဂေလညတာဝလက္ခဏာ ကာယ
စိတ္တပါဂုညတာ၊ ကာယစိတ္တ ဂေလညနိမ္မဒ္ဒနရသာ၊
နိရာဒီနဝပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကာယစိတ္တပါဂုညတာ၊ တို့သည်။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ အဂေလညတာဝလက္ခဏာ၊ ကျင်နာခြင်း၏ အကြောင်း မယုံကြည်ခြင်း စသော ယုတ်မာသော တရားတို့၏ ဆန့်ကျင်ဘက်၏ အဖြစ်ဟူသော လက္ခဏာ ရှိကုန်၏။ ကာယစိတ္တ ဂေလညနိမ္မဒ္ဒနရသာ၊ ကိုယ်စိတ်တို့၏ ကျင်နာခြင်း၏ ဖြစ်ကြောင်း မယုံကြည်ခြင်းစသော ယုတ်မာသော တရားတို့ကို နှိပ်နင်းခြင်း ကိစ္စရှိကုန်၏။ နိရာဒီနဝပစ္စုပဋ္ဌာနာ၊ အပြစ်ကင်းခြင်း လျှင် ထင်သော အခြင်းအရာ ရှိကုန်၏။ ကာယစိတ္တ ပဒဋ္ဌာနာ၊ ကိုယ် စိတ်လျှင် နီးစွာသော အကြောင်းရင်း ရှိကုန်၏။

အဓိပ္ပါယ်ကား····ကုသိုလ်ကောင်းမှု အရာဌာနတို့၌ စေကသိက် အပေါင်း၏ စွမ်းနိုင်မှု ကျွမ်းကျင်မှုသည် ကာယပါဂုညတာ စေတသိက်မည် ၏။ ကုသိုလ်ကောင်းမှု အရာဌာနတို့၌ စိတ်၏ စွမ်းနိုင်မှု, ကျွမ်းကျင်မှုသည် စိတ္တ ပါဂုညတာမည်၏။ အကြင် ပုဂ္ဂိုလ်တို့၏ စိတ်သန္တာန်၌ ဤပါဂုညတာတရား ၂-ပါးသည်အားနည်းလျော့ပါး၏၊ ထိုသူတို့၏ စိတ်သည်ကုသိုလ်ကောင်းမှု ရေးတို့၌ တုန်လှုပ်ဘတ်၏၊ မကျွမ်းမကျင်ဖြစ်တတ်၏၊ နုက်မသော ရေ၌

ဝိနိဗန္ဓနမဂ္ဂါနုနေ သုခေပဝတ္တိ ပဟာတုကာမဿ (ဟိတ်သည့်) နေ့ဆင့်ရှက်အေးမြစ်ဘာသော၊ ... [illegible] ... အဖြစ်ကြောင်း။ ဟိတ်ကြီးသောသူ၊ အစီးအပွါးကို ပြုခြင်းငှါ၊ ဒီနိုဗေဒ ... [illegible] ... အဖြစ်, သာ လျော်သည်၏ အဖြစ်ကို ဆောင်တတ်၏။ ... [illegible] ... ဖြစ်စေကုန်၏။

ပစ်၍ ချလိုက်သော တောမျောက်နှင့် တူ၏၊ ထိုပါဂုညတာတရား ၂-ပါး အားကြီးသော သူတို့၏စိတ်မှုကား ကုသိုလ်ကောင်းမှုရေးတို့၌တုန်လှုပ်ခြင်း မရှိ၊ကျွမ်းကျင်၏၊ရေနက်ထဲသို့ ချလိုက်သော မိကျောင်းနှင့်တူ၏။ ။ဟူလို။

၎င်းစေတသိက် ၂-ပါးတို့သည် စေတသိက်နှင့် စိတ်တို့ကို ရောဂါအနာ စွဲစေ၍ မမာမကျန်းအောင် ပြုတတ်သော မသဒ္ဓါ, မကြည်ညို, မရိုသေ မလေးစားမှုကို ပြုတတ်သော အကုသိုလ် တရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကုန်၏။ ။ထိုကြောင့် ထိုပါဂုညတာ စေတသိက်တို့သည် ကိလေသာ တည်းဟူသော အနာကို ပျောက်ကင်း စေတတ်သော ဆေးနှင့်တူကုန်၏ ဟု မှတ်။

၆-၈။ ။ကာယစိတ္တာနံ ဇေလည ကရ အသဒ္ဓိယာဒိပ္ပဋိပက္ခ ဘူတာတိ ဒဋ္ဌဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ကာယုဇုကတာ,စိတ္တုဇုကတာ စေတသိက် အဓိပ္ပါယ်

ဥဇုကဿ ဘာဝေါ ဥဇုကတာ။

ဥဇုကဿ၊ဖြောင့်မတ်သည်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ဥဇုကတာ၊ ဖြောင့်မတ်သည်၏ ဖြစ်ကြောင်း။ ။ကာယဿ ဥဇုကတာ၊ ကာယုဇုကတာ။ ။စိတ္တဿ ဥဇုကတာ၊စိတ္တုဇုကတာ။ ။ကာယဿ၊စေတသိက် အပေါင်း၏။ ဥဇုကတာ၊ ဖြောင့်မတ်သည်၏ ဖြစ်ကြောင်းသည်။ ကာယုဇုကတာ၊ ကာယုဇုကတာမည်၏။ စိတ္တဿ၊ သောဘဏ စိတ်၏။ ဥဇုကတာ၊သည်။စိတ္တုဇုကတာ၊စိတ္တုဇုကတာမည်၏။

ကာယစိတ္တာနံ အဇ္ဇဝလက္ခဏာ၊ ကာယုဇုကတာ စိတ္တုဇုကတာ၊ ကာယစိတ္တကုဋိလဘာဝ နိမ္မဒ္ဒနရသာ၊ အဇိမှတာ ပစ္စုပဋ္ဌာနာ။ကာယစိတ္တပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၆-၈။ ။ကာယစိတ္တာနံ၊ကိုယ်,စိတ်တို့၏။ ဇေလညကရ အသဒ္ဓိယာဒိပ္ပဋိပက္ခဘူတာ၊ရောဂါ သည်၏ အဖြစ်ကို ပြုတတ်သော အသဒ္ဓိယစသော ပါပဓမ္မ,တဒေကဋ္ဌပါပဓမ္မတို့၏ပဟာနသက ပဋိပက္ခဖြစ်၍ ဖြစ်ကုန်၏။ ဣတိ၊သို့။ဒဋ္ဌဗ္ဗာ၊ကုန်၏။

ကာယုဇုကတာ, စိတ္တုဇုကတာ၊ တို့သည်။ ကာယစိတ္တအဇ္ဇဝလက္ခဏာ၊ ကိုယ်စိတ်တို့၏ ဖြောင့်မတ်စွာ ဖြစ်ခြင်း လက္ခဏာ ရှိကုန်၏။ ကာယစိတ္တ ကုဋိလဘာဝနိမ္မဒ္ဒနရသာ၊ ကိုယ်စိတ်တို့၏ ကောက်သည်၏ အဖြစ်ကို နှိပ်နင်းဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။ အဇိမှတာ ပစ္စုပဋ္ဌာနာ၊ မကောက်သော အဖြစ်လျှင် ထင်သော အခြင်းအရာ ရှိကုန်၏။ ကာယစိတ္တ ပဒဋ္ဌာနာ၊ ကိုယ်စိတ်လျှင် နီးစွာသော အကြောင်းရင်း ရှိကုန်၏။

အဓိပ္ပါယ်ကား···· ကုသိုလ်ကောင်းမှု အရာဌာနတို့၌ စေတသိက် တရားအပေါင်းတို့၏ကောက်ကောက်ကွေ့ကွေ့မရှိ၊ ပကတိဖြောင့်မတ်ခြင်း သဘောတရားသည် ကာယုဇုကတာ စေတသိက်မည်၏။ ။ကုသိုလ် ကောင်းမှု အရာဌာနတို့၌ သောဘဏ စိတ်တို့၏ ကောက်ကောက် ကွေ့ကွေ့မရှိ၊ ပကတိ ဖြောင့်မတ်ခြင်း သဘောတရားသည် စိတ္တုဇုကတာ စေတသိက်မည်၏။ ။အကြင်သူတို့၏ စိတ်သန္တာန်၌ ထိုဥဇုကတာ တရား နှစ်ပါးသည် အားလျော့ ဆုတ်နစ်၍နေ၏၊ ထိုသူတို့၏ စိတ်သည် ကုသိုလ် ကောင်းမှုတို့၌ ရုံခါ တွန့်ချည်, ရုံခါ ကွန့်ချည်, ရုံခါ နိမ့်ချည်, ရုံခါ မြင့်ချည် ဖြစ်တတ်၏၊ သေရည်သေရက် မူးရစ်သောသူ၏ သွားခြင်းကဲ့သို့ဖြစ်၍ နေ၏။ထိုဥဇုကတာ တရားနှစ်ပါး အားရှိသော သူတို့၏ စိတ်မူကား ကုသိုလ် ကောင်းမှုတို့၌ ဖြောင့်ဖြောင့်မတ်မတ်ရှိ၏၊ လိမ်မာစွာ တတ်ကျွမ်းသော လေးသမား၏ ပစ်အပ်သော မြှား၏ သွားခြင်းကဲ့သို့ ဖြစ်၏၊ ကုသိုလ် ကောင်းမှုရေးတို့၌ ပွဲတက်ကြီးနှင့်တူ၏။ ။ဟူလို။

၎င်းစေတသိက် ၂-ပါးတို့သည် စိတ်စေတသိက် ကောက်ကောက် ကွေ့ကွေ့ဖြစ်အောင် ပြုတတ်သော မာယာ သာဌေယျ-စသော အကုသိုလ် တရားတို့ကို ပယ်ဖျက်တတ်ကုန်၏။

၆-ဆ။ ။ကာယစိတ္တာနံ ကုဋိလဘာဝ ကရမာယာသာဌေယျာဒိ ကိလေသပ္ပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၆-ဆ။ ။ကာယစိတ္တာနံ၊ ကိုယ်၏။ ကုဋိလဘာဝ ကရ မာယာသာဌေယျာဒိ ကိလေသပ္ပဋိပက္ခဘူတာ၊ ကောက်သည်၏အဖြစ်ကို ပြုတတ်သော မာယာ, သာဌေယျ- အစရှိသည် တို့၏ ပဋိပက္ခဖြစ်၍ ဖြစ်ကုန်၏၊ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။

## အနုဿာသ သုံးမျိုး အဓိပ္ပါယ်

ဤ၌ အကောက်တရားသည်—

၁။ ။နွားသေးကောက်ဟု ဆိုအပ်သော ဂေါမုတ္တဝင်္က၊
၂။ ။လရေးကောက်ဟု ဆိုအပ်သော စန္ဒလေခါဝင်္က၊
၃။ ။ထွန်းတုံးကောက်ဟု ဆိုအပ်သော နင်္ဂလကောဋိဝင်္က၊
ဟူ၍ ၃-မျိုး ရှိလေ၏။

၁။ ။အကြင်သူအား သုံးပါးသော ကံ, သုံးပါးသော ဒွါရတို့သည် မစင်ကြယ်ကုန်၊ ထိုသူသည် အစမှ အဆုံးတိုင်အောင် ကောက်သောကြောင့် နွားသေးကောက်နှင့် တူရကား **ဂေါမုတ္တဝင်္က** မည်၏။

၂။ ။အကြင်သူအား အမှတ်မရှိကုန်သော နှစ်ပါးကုန်သော ကံ, နှစ်ပါးကုန်သော ဒွါရတို့သည် မစင်ကြယ်ကုန်၊တပါးသော ကမ္မဒွါရမူကား စင်ကြယ်၏၊ ထိုသူကား အလယ်မှစ၍ အဆုံးတိုင်အောင် ကောက်သော လရေးကောက်နှင့် တူသောကြောင့် **စန္ဒလေခါဝင်္က** မည်၏။

၃။ ။အကြင်သူအား အမှတ်မရှိ တပါးမျှသာဖြစ်သော ကံ, ဒွါရသာလျှင် မစင်ကြယ်ချေ၊ နှစ်ပါးသော ကျန်သော ကံဒွါရတို့ကား စင်ကြယ်ကုန်၏၊ ထိုသူသည် အဆုံးတွင်သာ ကောက်သော ထွန်းတုံး ကောက်နှင့် တူသောကြောင့် **နင်္ဂလကောဋိဝင်္က** မည်၏ ဟု မှတ်။

ထို ဥပမာ စေတသိက် နှစ်ပါးတို့သည် ကောက်ကျစ်သော နွားကို မကောက်ကျစ်အောင် ဆုံးမသော နွားကျောင်းသားနှင့် တူကုန်၏၊ ကောက်သော မြှားကို မကောက်အောင် ပစ်လွှင့်သော လေးသမားနှင့်လည်း တူကုန်၏။

---

### ဆောင်ပုဒ်

မာယာ သာဌေး၊ အကောက်ဘေး၊ ပယ်ရေး ဥဇုက။

## အမေး အဖြေ

မေး။ ။သောဘဏစေတသိက် ၂၅-ပါးရှိသည့်တွင် အဘယ်ကြောင့် သောဘဏသာဓာရဏ စေတသိက်တို့ကို ရှေးဦးစွာ မိန့်ဆိုအပ် ပါသနည်း။

ဖြေ။ ။စေတသိက်သည် အမည်ထူးရှိသော စေတသိက် အမည်ထူးမရှိ စေတသိက် အားဖြင့် ၂-မျိုး ၂-စား ရှိသည့်တွင် အမည် ထူးရှိသော စေတသိက်ကို ပြဆိုလိုသောကြောင့် သောဘဏ သာဓာရဏ စေတသိက်ကို ရှေးဦးစွာ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ဆိုသို့ဖြစ်ပါက ဝိရတိ စေတသိက်, အပ္ပမညာ စေတသိက် တို့သည် ဝိရတိ အပ္ပမညာ-ဟူသော အမည်ထူး ရရှိသော စေတသိက်များ မဟုတ်ပါလော၊ အဘယ့်ကြောင့် ၎င်းတို့၏ ရှေ့ထား၍ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ဝိရတိ, အပ္ပမညာ စေတသိက်တို့သည် အမည်ထူး ရရှိသော စေတသိက်များ မှန်ပါ၏၊ သို့သော် ၎င်းတို့ထက် အပြားများ သောကြောင့် သောဘဏသာဓာရဏ စေတသိက်ကို ရှေးဦး ထား၍ မိန့်ဆိုအပ်ပါသတည်း။ထိုနောက် ဝိရတိ စေတသိက်ကို ထိုနောက် အပ္ပမညာစေတသိက်ကို အရေအတွက် နည်းများ အစဉ်အားလျော်စွာ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။အဘယ်ကြောင့် သဒ္ဓါစသော စေတသိက်ဘို့ကို သောဘဏ သာဓာရဏ-ဟု ခေါ်ဆိုအပ်ပါသနည်း။

ဖြေ။ ။သောဘဏာနံ သာဓာရဏာတိ သောဘဏ သာဓာရဏာ။ သောဘဏာနံ၊ သောဘဏစိတ် တခုယုတ် ခြောက်ဆယ် တို့နှင့်။ သာဓာရဏာ၊ ဆက်ဆံသည့်တို့တည်း။ ဣတိ၊ကြောင့်။ သောဘဏသာဓာရဏာ၊ မည်ကုန်၏။ ။ဝိဂြိုဟ်အရ၊ခပ်သိမ်း ကုန်သော သောဘဏစိတ် တခုယုတ် ခြောက်ဆယ် တို့နှင့် ဆက်ဆံယှဉ်ကုန်သည်၏ အဖြစ်ကြောင့် သောဘဏသာဓာရဏ စေတသိက် မည်ကုန်၏။

မေး။ ။ထို သောဘဏ စေတသိက်တို့တွင်လည်း အဘယ့်ကြောင့် သဒ္ဓါစေတသိက်ကို ရှေးဦးစွာ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။ဓမ္မုဒ္ဒေသပါဠိတော် အစဉ်အားလျော်စွာ ရှေးထား၍သဒ္ဓါကို မိန့်ဆိုအပ်ပါသတည်း။

ဘနည်း။ ။သဒ္ဓါသည် အလုံးစုံသော သောဘဏ စိတ် စေတသိက်တို့၏ အကြောင်းရင်း ဖြစ်သောကြောင့် ရှေးဦးစွာ ထား၍ မိန့်ဆို အပ်ပါသတည်း။

မေး။ ။ကာယပဿဒ္ဓိ-စသော စေတသိက်တို့ကို သဒ္ဓါ-စသော စေတသိက်များကဲ့သို့ တပါးစီသာ မဟောမူ၍ အဘယ်ကြောင့်အစုံ တွဲ၍ ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ-စသော အားဖြင့် ဟောတော်မူအပ်ပါသနည်း။

ဖြေ။ ။သဒ္ဓါ-စသောစေတသိက်တို့ကား တပါးတပါးစီသာဆန့်ကျင် ဘက်ဖြစ်သော အကုသိုလ် တရားတို့ကို ပယ်ကုန်၏။ ။ ကာယပဿဒ္ဓိ- စသော စေတသိက် တို့သည်ကား နှစ်ပါးစုံ တွဲ၍သာ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ပယ်ဖျက်တတ် သောကြောင့် အစုံတွဲ၍ ဟောတော်မူအပ်ပါသတည်း။

ဘနည်း။ ။စိတ္တပ္ပဿဒ္ဓိ-စသည်တို့ဖြင့်စိတ်၏သာလျှင် ငြိမ်းမှု ပေါ့ပါးမှု စသည် ဖြစ်၏။ ကာယပဿဒ္ဓိ-စသည် တို့ဖြင့်ကား ဝေဒနာ စသော နာမကာယသည်၎င်း၊ စိတ္တဇရုပ် စသော ရူပကာယ သည်၎င်း၊ငြိမ်းမှု ပေါ့ပါးမှုစသည် ဖြစ်သောကြောင့် နှစ်ပါးစီ တွဲ၍ ဟောတော်မူအပ်ပါသတည်း။

---

## ဆောင်ပုဒ်

က။ ။များပြားမည်ထူး၊သိစေကြုံး၊ ရှေးဦး မိန့်မှန်၊သောဘဏံ။

ခ။ ။ရေတွက်များမှု၊ အစဉ်ရှု၊ မိန့်မူတလီ-ဝိရတိ။

ဂ။ ။ခပ်သိမ်းသောဘဏ၊ ယှဉ်ကုန်ကြ၊ မည်ရသောဘဏံ။

ဃ။ ပါဠိတော်စဉ်၊ ကြောင်းရင်းပင်၊ မိန့်တွင်-သဒ္ဓါ၊ ရှေးဦးစွာ။

င။ ။နှစ်ပါးတွဲလျက်၊ပဋိပက်ကို၊ ပယ်ဖျက် ပဿဒ္ဓိ၊ ထို့ကြောင့်သိ၊ မိန့်၏ ဒွန်တွဲကာ။

စ။ ။ကာယ သဘော၊ ရုပ်ရော နာမ်ပါ၊ငြိမ်းချမ်းသာ၍၊ ပဿဒ္ဓါဒိ၊ စုံတွဲဘိ မိန့်၏ကျမ်းမဟာ။

## ဝိရတိ စေတသိက် အဘွင့်

၇။ ။သမ္မာဝါစာ-သမ္မာကမ္မန္တော-သမ္မာအာဇီဝေါ-စေတိ
တိဿော ဝိရတိယောနာမ။

သင်္ဂြိုဟ်ပါဠိ။

---

သမ္မာဝါစာ စေတသိက်၊ သမ္မာကမ္မန္တ စေတသိက်၊ သမ္မာအာဇီဝ စေတသိက် ဤသုံးပါးသော စေတသိက်တို့သည် ဝိရတိ စေတသိက် မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### သမ္မာဝါစာ စေတသိက် အဓိပ္ပါယ်

သမ္မာ ဝဒန္တိ တေနာတိ သမ္မာဝါစာ။

တေန၊ ယမ္မဇာတိယာ၊ ထိုတရားသဘောဖြင့်။ သမ္မာ၊ကောင်းစွာ။ ဝါ၊ အသင့်အားဖြင့်။ ဝဒန္တိ၊ပြောဆိုတတ်ကုန်၏။ ဣတိ၊ကြောင့်။သာ ယမ္မဇာတိ၊ သည်။သမ္မာဝါစာ၊သမ္မာဝါစာ စေတသိက် မည်၏။

> သမ္မာဝါစာ ပရိဂ္ဂဟ လက္ခဏာ၊ ဝိရမဏရသာ၊ မိစ္ဆာ
> ဝါစပ္ပဟာန ပစ္စုပဋ္ဌာနာ၊ သဒ္ဓါ ဟိရိ ဩတ္တပ္ပ အပ္ပိစ္ဆ
> တာဒိဂုဏ ပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သမ္မာဝါစာ၊ သည်။ ပရိဂ္ဂဟလက္ခဏာ၊ သမ္မယုတ်တရားတို့ကို သိမ်းဆည်းခြင်း လက္ခဏာရှိ၏။ ဝိရမဏရသာ၊ မိစ္ဆာဝါစာမှ ရှောင်ကြဉ်ခြင်း ကိစ္စရှိ၏။ မိစ္ဆာဝါစပ္ပဟာန ပစ္စုပဋ္ဌာနာ၊ မိစ္ဆာဝါစာကို ပယ်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ သဒ္ဓါ ဟိရိ ဩတ္တပ္ပ အပ္ပိစ္ဆတာဒိ ဂုဏ ပဒဋ္ဌာနာ၊သဒ္ဓါ, ဟိရိ, ဩတ္တပ္ပ, အပ္ပိစ္ဆတာ-အစရှိသော ဂုဏ်ကျေးဇူးလျှင် နီးစွာသော အကြောင်းရင်းရှိ၏။

အဓိပ္ပါယ်ကား····ဆောက်တည်၍ဖြစ်စေ,မိဋ္ဌာန်၍ဖြစ်စေ,ဆိုက်ရောက်တွေ့ကြုံနေသော အခါမှ ဝိရမိတဗ္ဗ ဝတ္ထုမှ ရှောင်ကြဉ်၍ ဖြစ်စေ, အသက်

မွေးကြောင်းကိုမငဲ့မူ၍ မုသာဝါဒ,ပိသုဏဝါစာ, ဖရုသဝါစာ,သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော ဝိရတိသည် သမ္မာဝါစာ စေတသိက်မည်၏။ ။ဟူလို။

ဝိရတိမမြောက်သော အပြစ်မရှိ ကောင်းစွာဆိုအပ်သော သုဘာသိတ စကားမျိုးသည်၎င်း၊ သမ္မာဝါစာကို ဖြစ်စေနိုင်သော စေတနာမျှသည်၎င်း၊ သမ္မာဝါစာဝိရတိ မမည်ချေ။ ထိုကြောင့် သီလဆောက်တည်ပြီး၍ တနေ့ လုံး စကားတလုံးမျှင် မပြောဘဲ နေစေကာမူ ဝစီဒုစရိုက်တို့ကို ပယ်စွန့် ရှောင်ကြဉ်သော ဝိရတိ မြောက်လေသောကြောင့် သမ္မာဝါစာ မည်လေ တော့သတည်း။

ဝစီဒုစ္စရိတသမုဃ္ဃါတိကာယ မိစ္ဆာဝါစာ
ဝိရတိယာ ဧတံ အဓိဝစနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဧတံ၊ ဤသမ္မာဝါစာဟူသော အမည်သည်။ဝစီဒုစ္စရိတသမုဃ္ဃါတိကာယ၊ ဝစီဒုစရိုက်ကို အကြွင်းမဲ့ခွါတတ်သော။မိစ္ဆာဝါစာ ဝိရတိယာ၊ မိစ္ဆာဝါစာ လေးပါးမှ ရှောင်ကြဉ်ကြောင်းဖြစ်သော ဝိရတိ၏။အဓိဝစနံ၊အမည်တည်း။

---

## သမ္မာကမ္မန္တ စေတသိက် အဋ္ဌမ္ပါယ်

သမ္မာ ပဝတ္တော ကမ္မန္တော သမ္မာကမ္မန္တော။

သမ္မာ၊ ကောင်းစွာ။ ပဝတ္တော၊ ဖြစ်သော။ကမ္မန္တော၊အမှုတည်း။ သမ္မာကမ္မန္တော၊ ကောင်းစွာဖြစ်သောအမှု။

သမုဋ္ဌာနလက္ခဏော သမ္မာကမ္မန္တော၊ ဝိရမဏရသော၊
မိစ္ဆာကမ္မန္တပ္ပဟာန ပစ္စုပဋ္ဌာနော၊ သဒ္ဓါ ဟိရီ ဩတ္တပ္ပ
အပ္ပိစ္ဆတာဒိဂုဏ ပဒဋ္ဌာနော။

အဋ္ဌသာလိနီအဋ္ဌကထာ။

သမ္မာကမ္မန္တော၊ သည်။ သမုဋ္ဌာနလက္ခဏော၊ ကောင်းသောအမှုကို ဖြစ်စေခြင်း လက္ခဏာရှိ၏။ ဝိရမဏရသော၊ မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ် ခြင်း ကိစ္စရှိ၏။ မိစ္ဆာကမ္မန္တပဟာန ပစ္စုပဋ္ဌာနော၊ မိစ္ဆာကမ္မန္တကို ပယ်

တတ်သော တရားဟူ၍ ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ သဒ္ဓါ ဟိရီ ဩတ္တပ္ပ အပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနော၊ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆ တာ-အစရှိသော ကျေးဇူးဂုဏ်လျှင် နီးစွာသော အကြောင်းရင်း ရှိ၏။

အဓိပ္ပါယ်ကား····ဆောက်တည်၍ ဖြစ်စေ, ဝိဋ္ဌာန်၍ ဖြစ်စေ, ဆိုက် ရောက် တွေ့ကြုံသော အခါမှ ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်၍ ဖြစ်စေ အသက်မွေးကြောင်းကိုမငဲ့မူ၍ပါဏာတိပါတ,အဒိန္နာဒါန,ကာမေသုမိစ္ဆာ စာရ-တည်းဟူသော မိစ္ဆာကမ္မန္တ ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ် ကြောင်းဖြစ်သော ဝိရတိသည် သမ္မာကမ္မန္တ ဝိရတိစေတသိက်မည်၏။ ။ ဟူလို။ ။(သမ္မာကမ္မန္တ ဖြစ်ပုံကိုလည်း သမ္မာဝါစာကဲ့သို့ မှတ်လေ)။

မိစ္ဆာကမ္မန္တ သမုစ္ဆေဒိကာယ ပါဏာတိပါတာဒိ ဝိရတိ
ယာ တေံ နာမံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

တေံ၊ ဤသမ္မာကမ္မန္တဟူသော အမည်သည်။ မိစ္ဆာကမ္မန္တသမုစ္ဆေဒိ ကာယ၊ မိစ္ဆာကမ္မန္တကို ပယ်ဖြတ်တတ်သော။ ပါဏာတိပါတာဒိဝိရတိ ယာ၊ပါဏာတိပါတ- အစရှိသည်တို့မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော ဝိရတိ၏။နာမံ၊အမည်တည်း။

---

## သမ္မာအာဇီဝ စေတသိက် အဓိပ္ပါယ်

သမ္မာ အာဇီဝန္တိ တေနာတိ သမ္မာအာဇီဝေါ။

တေန ဓမ္မဇာတေန၊ ထိုတရားသဘောဖြင့်။ သမ္မာ၊ကောင်းစွာ။ အာ ဇီဝန္တိ၊ အသက်မွေးတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသဘော တရားသည်။သမ္မာအာဇီဝေါ၊သမ္မာအာဇီဝမည်၏။

ဝေါဒါနလက္ခဏော သမ္မာအာဇီဝေါ၊ ဉာယာ ဇီဝပ္ပဝတ္တိ
ရသော၊မိစ္ဆာဇီဝပ္ပဟာနပစ္စုပဋ္ဌာနော၊ သဒ္ဓါ ဟိရီ ဩတ္တပ္ပ
အပ္ပိစ္ဆတာဒိ ပဒဋ္ဌာနော။မိစ္ဆာဇီဝဝိရတိယာ တေံ အဓိဝစနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

သမ္မာအာဇီဝေါ၊သည်။ ဝေါဒါနလက္ခဏော၊အသက်မွေးသောသတ္တဝါကို ဖြူစင်စေခြင်း, သမ္ပယုတ် တရားတို့ကို ဖြူစင်စေခြင်း လက္ခဏာ ရှိ၏။ ဉာယာဇီဝပ္ပဝတ္တိရသော၊ အသင့်အားဖြင့် အသက်မွေးခြင်းကို ဖြစ်စေခြင်း ကိစ္စရှိ၏။ မိစ္ဆာဇီဝပ္ပဟာနပစ္စုပဋ္ဌာနော၊မိစ္ဆာဇီဝကို ပယ်ဖျက်တတ်သော တရားဟူ၍ ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ သဒ္ဓါ ဟိရီ ဩတ္တပ္ပအပ္ပိစ္ဆတာဒိပဒဋ္ဌာနံ၊ သဒ္ဓါ,ဟိရီ,ဩတ္တပ္ပ, အပ္ပိစ္ဆတာ-အစရှိသော ကျေးဇူးဂုဏ်လျှင် နီးသော အကြောင်းရင်းရှိ၏။ တော်၊ ဤသမ္မာအာဇီဝ ဟူသော အမည်သည်။ မိစ္ဆာဇီဝဝိရတိယာ၊မိစ္ဆာဇီဝမှ ရှောင်ကြဉ်သော ဝိရတိ၏။အဓိဝစနံ၊တည်း။ ။အဓိပ္ပါယ်ကား။ ။အသက်မွေးစင်ကြယ်မှုကိုငဲ့၍ ဝစီဒုစရိုက် လေးပါး, ကာယဒုစ္စရိုက် ၃-ပါး၊ဤ ၇-ပါးသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော ဝိရတိသည် သမ္မာအာဇီဝဝိရတိ စေတသိက်မည်၏။ ။ဟူလို။

---

## ဝိရတိ သုံးပါး အထူး

သမ္မာဝါစာ, သမ္မာကမ္မန္တ, ဝိရတိ ၂-ပါးတို့သည် အသက်မွေးမှုကို မငဲ့မူ၍ ဝစီဒုစရိုက်, ကာယဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်ကုန်၏။ ။အသက်မွေးမှုကို ငဲ့၍ ၎င်းဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်မှု သမ္မာအာဇီဝ ဖြစ်သတည်း။

ဤသို့လျှင် အသက်မွေးမှုကို ငဲ့ မငဲ့မျှသာ ထူးလေ၏။ သမ္မာအာဇီဝ၏ ရှောင်ကြဉ်အပ်သော ဒုစရိုက် အသီးအခြား မရှိပေ။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌—

အာဇီဝေါ စ နာမေသ ပါဋိယေက္ကော နတ္ထိ၊ဝါစာကမ္မန္တေသု
ဂဟိတေသု ဂဟိတောဝ ဟောတိ တပ္ပက္ခိကတ္တာ။

ဟု မိန့်ဆိုဖွင့်လှစ်တော်မူလေသတည်း။

သေ-သော အာဇီဝေါနာမ၊ဤသမ္မာအာဇီဝမည်သည်။ပါဋိယေက္ကော၊ သမ္မာဝါစာ,သမ္မာကမ္မန္တ-တို့မှ အသီးအခြား။ နတ္ထိ၊မရှိ။ဝါစာကမ္မန္တေသု၊ သမ္မာဝါစာ, သမ္မာကမ္မန္တတို့ကို။ ဂဟိတေသု၊ ယူအပ်ကုန်သည်ရှိသော်။ ဂဟိတော၊ ယူအပ်ပြီးသည်သာလျှင်။ဟောတိ၊၏။ ကသ္မာ၊ကား။ တပ္ပက္ခိ

ကတ္တာ၊ ထိုသမ္မာဝါစာ သမ္မာကမ္မန္တတို့၏ အဘို့၌ ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။

အချို့ ဆရာတို့ကား မနောဒွါရမှ ရှောင်ကြဉ်မှုကို သမ္မာအာဇီဝ-ဟု ရန်သူမျိုးငါးပါးကို ပြည့်အောင် မရေတွက်နိုင်၍ ခွေးရူးကို ထည့်သွင်းရေတွက်၍ ပြသောသူအလား မိန့်ဆိုတတ်ကုန်သေး၏။ ။မသင့်ပေ။ အာဇီဝ၏ ပြည့်မှု, ပျက်မှုကား၊ ဝစီဒုစရိုက်, ကာယဒုစရိုက် တို့၌သာ ဖြစ်လေ၏။ မနောဒွါရ၌ မဖြစ်ပေ။ ။ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌—

မနောဒွါရေ အာဇီဝဘေဒေါ နာမ နတ္ထိ၊
မနောဒွါရေ အာဇီဝပူရဏံ နာမ နတ္ထိ။

ဟု မိန့်ဆိုဘွင့်လှစ်တော်မူသတည်း။ ။မနောဒွါရေ၊မနောဒွါရ၌အာဇီဝဘေဒေါနာမ၊အာဇီဝပျက်စီးမှုမည်သည်။ နတ္ထိ၊မရှိပေ။ ။မနောဒွါရေ၊၌။ အာဇီဝပူရဏံနာမ၊အာဇီဝ ပြည့်မှုသည်လည်း။နတ္ထိ၊မရှိပေ။

ထိုသို့ သမ္မာအာဇီဝ၏ ရှောင်ကြဉ်အပ်သော ဒုစရိုက်ထူး မရှိပါဘဲလျက် ဘယ်အတွက်ကြောင့် မြတ်စွာဘုရားသည် ၎င်းသမ္မာအာဇီဝကို ဟောတော်မူအပ်ပါသနည်းဟူမူ။ ။သူ၏ အသက်ကို သတ်ခြင်းစသော ဒုစရိုက်မှုဖြင့် အဝတ်အစား အသုံးအဆောင်တို့ကို အမြဲမှီဝဲခြင်း၏ အစွမ်းဖြင့် ဤသမ္မာအာဇီဝကို ထိုသမ္မာဝါစာ, သမ္မာကမ္မန္တတို့မှ အသီးအခြား ဝိရတိတခုကိုပြု၍ ဟောတော်မူအပ်ပါသတည်း။

ဓုဝပ္ပဋိသေဝနဝသေန ပနာယံ တတော
နီဟရိတွာ ဒဿိတောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ပန၊ယင်းသို့ပင် ဝိရမိတဗ္ဗဝတ္ထု၊ အသီးအခြား မရှိလင့်ကစား။ ဓုဝပ္ပဋိသေဝနဝသေန၊ ပါဏာတိပါတ- အစရှိသည်တို့ဖြင့် ဖြစ်စေအပ်သော အစားအဝတ်စသော ပစ္စည်းတို့ကို အမြဲမှီဝဲခြင်း၏ အစွမ်းဖြင့်။ အယံ အာဇီဝေါ၊ဤသမ္မာအာဇီဝကို။တတော၊ ထိုသမ္မာဝါစာ-သမ္မာကမ္မန္တတို့မှ။ နီဟရိတွာ၊သီခြားထုတ်၍။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒဿိတော၊ ဟောတော်ညွှန်ပြတော်မူအပ်၏။ ဣတိ၊ဤသို့မှတ်လေ။

ဟောတော်မူလိုရင်းယထာဘူတ အဓိပ္ပါယ်ကား····ကာယ,ဝစီဒုစရိုက် ၇-ပါးမှ အသက်မွေးမှုကိုမငဲ့ဘဲ တိုက်ရိုက်ရှောင်ကြဉ်မှုကား သမ္မာဝါစာ, သမ္မာကမ္မန္တဝိရတိ ဖြစ်၏။ ။၎င်းဒုစ္စရိုက် ၇-ပါးကို အစွဲပြု၍ ရအပ်သော

အဝတ် အစားစသော ပစ္စည်းဝတ္ထုကို မစားမသောက်ပါဘဲ ထိုဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်မှုကား သမ္မာအာဇီဝဝိရတိ ဖြစ်၏။ ။ဟူလို။

---

## ဆောင်ပုဒ်

က။ ။ကာယဝစီ၊ ၇-လီဒု၊ သက်မွေးမှုကို၊ ငဲ့ပြုမရှိ၊ ကြဉ်ရှောင်ဘိ၊ မှတ်သိ-ဝါ,ကမ်,ဝိရတိ။

ခ။ ။ငင်းခွန်ဒု၊စွဲပြုရရာ၊ ပစ္စယာမှ၊ ရှောင်ကြဉ်က၊သိကြ အာဇီဝါ။

---

## အသက်မွေးမှု မငဲ့ခြင်း ငဲ့ခြင်း အဓိပ္ပါယ်

လောက၌ မင်းညီမင်းသား,မှူးတော်, မတ်တော်စသော သူများသည် မြူးတူးပျော်ပါးမှု၌ လေ့လာကုန်၍ ရဲရင့်သည် အဖြစ်ကို ပြကုန်လျက် သား သမင်တို့ကို ပစ်ခတ်သတ်ဖြတ်ခြင်း၊ ခရီးလမ်းမ၌ လုယက်တိုက်ခိုက်ခြင်း၊ သူတပါး၏ သားမယားကို လွန်ကျူးခြင်းစသော အကြင်မကောင်းမှုကို ပြုကုန်၏။ထိုမကောင်းမှုကား၊အကုသိုလ် ကာယကံမည်၏။ ။ထိုကာယကံ အကုသိုလ်မှ ရှောင်ကြဉ်ခြင်းသည် **သမ္မာကမ္မန္တဝိရတိ** မည်၏။

အကြင် သူတို့သည် ဝစီဒုစရိုက်လေးပါးကို အသက်မွေးမှုကို မငဲ့ မကွက် သက်သက် ပြောဆိုကြကုန်၏။ ထိုကံသည် အကုသိုလ် ဝစီကံ မည်၏။ ထိုအကုသိုလ် ဝစီကံမှ ရှောင်ကြဉ်မှုသည် **သမ္မာဝါစာဝိရတိ** မည်၏။

အသက်မွေးခြင်း၏ အကြောင်းကြောင့် တံငါ မုဆိုး လူဆိုးတို့သည် သတ္တဝါတို့၏ အသက်ကို သတ်ကုန်၏။ အရှင်မပေးသော သူ၏ ဥစ္စာကို ခိုးသူတိုက်ခိုက်ကုန်၏၊ တံစိုးလက်ဆောင်ကိုယူကာ မုသားစကား ပြော ကြားကုန်၏။ ချောပစ် ဂုံးတိုက်သောစကားကို ဆိုကြကုန်၏၊ ဤအလုံး စုံသော အမှုသည် မကောင်းသောအသက်မွေးမှုဟု ဆိုအပ်သော မိစ္ဆာ ဇီဝမည်၏။ ။ဤမိစ္ဆာဇီဝဒုစရိုက် ၇-ပါးမှ ရှောင်ကြဉ်မှုသည် **သမ္မာ အာဇီဝဝိရတိ** မည်၏။ ။ဤအဘက်ပါ စကားရပ်ကိုထောက်ဆ၍အသက် မွေးကြောင်းကို မငဲ့ပုံ ငဲ့ပုံ အဓိပ္ပါယ်ကို သိအပ်၏။

၇—က။ ။တတ္ထ ယံ ရာဇရာဇမဟာမတ္တာ ခိဍ္ဍာပသုတာသူရဘာဝံ
ဒဿေန္တာ မိဂဝဓံ ဝါ ပန္တဒုဟံ ဝါ ပရဒါရဂိတိက္ကမံ ဝါ
ကရောန္တိ၊ ဣဒံ အကုသလံ ကာယကမ္မံနာမ။တတော
ဝိရတိပိ သမ္ပတ္တကမ္မနေ္တာနာမ။ပ။ ယံပိ လဇ္ဇံ ဂဟေတွာ
မုသာဘဏန္တိ၊ ပေသုည ဖရုသ သမ္ဖပ္ပလာပေ ပဝတ္တေန္တိ၊
အယမ္ပိ မိစ္ဆာဇီဝေါနာမ။ တတော ဝိရတိ သမ္မာအာဇီ
ဝေါနာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဝိရတိအပြား

ပါဏာတိပါတာဒီဟိ ဝိရမန္တိ ဧတာယာတိ ဝိရတိ။

ဧတာယ၊ ထိုတရားသဘောဖြင့်။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိ
ပါတ စသည်တို့မှ။ ဝိရမတိ၊ရှောင်ကြဉ်တတ်ကုန်၏။ ဣတိ၊ ထိုသို့ရှောင်
ကြဉ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ သာ၊ ထိုတရား သဘောသည်။
ဝိရတိ၊ မည်၏။

သူ၏ အသက်ကို သတ်ခြင်း စသော အကုသိုလ်ကံမှ ရှောင်ကြဉ်
ကြောင်းဖြစ်သော သဘောသည် ဝိရတိမည်၏။ ။ဟူလို။

ထိုဝိရတိသည် ၁-သမ္ပတ္တဝိရတိ၊ ၂-သမာဒါနဝိရတိ၊ ၃-သမုစ္ဆေဒ
ဝိရတိအားဖြင့် ၃-ပါး အပြားရှိ၏၊

၁။ ။ထို သုံးပါးတို့တွင် အကြင် သူသည် သီလ သိက္ခာကို မခံယူ
မဆောက်တည်မူ၍ မိမိ၏ အမျိုးအရိုး ဇာတ်ဂုဏ် စသည်တို့ကို
အောက်မေ့ ဆင်ခြင်၍ အကုသိုလ် ပြုခြင်းသည် ငါလိုလူအား

---

၇—က။ ။တတ္ထ၊ ထိုဆိုအပ်ပြီးသော အာဇီဝဟေတု,အနာဇီဝဟေတုကာယဝီတိက္ကမတို့တွင်။ ရာဇ·ရာဇမဟာမတ္တာ၊ မင်း,မင်း၏အမတ်တို့သည်။ခိဍ္ဍာပသုတာ၊ မြူးတူးခြင်း၌လေ့လာကုန်သည်ဖြစ်၍။ သူရဘာဝံ၊ရဲရင့်သည်၏အဖြစ်ကို။ဒဿေန္တာ၊ပြကုန်လျက်။မိဂဝဓံဝါ၊ သားသတ်ခြင်းကိုလည်းကောင်း။ပန္ထဒုဟံဝါ၊ခရီးလမ်း၌ လုယက်ခြင်းကိုလည်းကောင်း။ပရဒါရဝီတိက္ကမံဝါ၊သူ့မယားကိုလွန်ကျူးခြင်းကိုလည်းကောင်း။ ယံကရောန္တိ၊အကြင်ပြုကုန်၏။ ဣဒံကမ္မံ၊ဤကံသည်။ အကုသလံ၊သော။ ကာယကမ္မံနာမ၊ ကာယကံမည်၏။ တတော၊ထိုအကုသိုလ်ဖြစ်သောကာယကံမှ။ဝိရတိပိ၊ ကြဉ်ခြင်းသည်လည်း။သမ္ပတ္တကမ္မနေ္တာနာမ၊မည်၏။ပ။လဇ္ဇံ၊တံခိုးလက်ဆောင်ကို။ ဂဟေတွာ၊ယူ၍။ မုသာဝါဒမ္ပိ၊ မုသာဝါဒကိုလည်း။ ယံဘဏန္တိ၊ အကြင်ဆိုကုန်၏။ပေသုညမ္ပိ၊ချောပစ်ကုန်းတိုက်

မလျော့ကပ်ပတ် ဟူ၍ မိမိ ရှေ့မှောက် ရောက်လာသော ဝတ္ထုကို မသတ် မဖြတ် မပြောမဆို မလွန်ကျူးသော သူအား ဖြစ်သော ဝိရတိသည် **သမ္ပတ္တဝိရတိ** မည်၏။

၎င်းသမ္ပတ္တဝိရတိကို သီဟိုဠ်ကျွန်းဝယ် အမိ၏အတွက် မိမိ၏ မျက်မှောက် ရောက်ရှိတွေ့ကြုံသော ယုန်ငယ်ကို မသတ်ဘဲ ရှောင်ကြဉ်သော ဇက္ကနသူငယ်၏ ဝတ္ထုကို ထောက်ဆ၍ သိအပ်၏။ အဋ္ဌသာလိနီ ဒွါရကထာ၌ အကျယ် ရှုလင့်ကုန်။

၇-ခ။ ။တတ္ထ အသမာဒိန္န သိက္ခာပဒါနံ။ပ။ သမ္ပတ္တံ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမ္ပတ္တ ဝိရတီတိ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ ဒွါရကထာ။

၂။ ။ရဟန်းသံဃာတော်တို့၏ အထံ၌ ဖြစ်စေ၊ မိမိဘာသာအလျောက် ဖြစ်စေ သီလသိက္ခာပုဒ်ကို ခံယူ ဆောက်တည်ပြီး၍ အသက်ကို စွန့်လျက် သီလ သိက္ခာကို မလွန်ကျူး မပေါက်မပျက်စေသော သူတို့အားဖြစ်သောဝိရတိသည် **သမာဒါနဝိရတိ** မည်၏။

၎င်းဝိရတိကို ဥတ္တရဝဍ္ဍမာန တောင်၌ နေသော သီလ ခံယူပြီး၍ လယ်ထွန်ရာ နွားပျောက်၍ နွားရှာစဉ် မိမိကို ရစ်ပတ်ခါ သတ်မည်ဖြစ်သော စပါးကြီး မြွေကို မသတ်ဘဲ ပါဏာတိပါတ အကုသိုလ်မှ ရှောင်ကြဉ်သော ဥပါသကာ၏ ဝတ္ထုကို ထောက်ဆ၍ သိအပ်၏။

၇-ဂ။ ။သမာဒိန္နသိက္ခာပဒါနံ ပန သိက္ခာပဒသမာဒါနေ စ၊ တတုတ္တရိဥ္စ အတ္တနော ဇီဝိတမ္ပိ ပရိစ္စဇိတွာ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမာဒါန ဝိရတီတိ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ ဒွါရကထာ။

---

သော စကားကိုငှင်း။ ဖချသသမ္ဖပ္ပလာပေပီ၊ ကြမ်းကြုတ်သောစကား, ပြိန်ဖျင်းသောစကားတို့ ကိုငှင်း။ ယံပဝဇ္ဇန္တိ၊ အကြင်ဖြစ်စေကုန်၏။ အယံ ပယောဂေါ၊ ဤအသက်မွေးခြင်းလျှင် အကြောင်းရှိသော မုသာဝါဒအစရှိသော ပယောဂသည်။ မိစ္ဆာဇီဝေါနာမ၊ မည်၏။တတော၊ ထိုမိစ္ဆာဇီဝမှ။ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါနာမ၊ မည်၏။

၇-ခ။ ။တတ္ထ၊ ထိုသုံးပါးသော ဝိရတိတို့တွင်။အသမာဒိန္နသိက္ခာပဒါနံ၊ ဆောက်တည်အပ်သောသိက္ခာပုဒ် မရှိကုန်သည်။ သဘာံ၊ ဖြစ်ကုန်လျက်။ပ။ သမ္ပတ္တံ၊ရောက်လာသော။ ဝတ္ထုံ၊

၃။ ။အရိယာ ပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်နှင့် ယှဉ်သော ဝိရတိသည် **သမုစ္ဆေဒဝိရတိ** မည်၏။ ။ထိုဝိရတိ ဖြစ်သည်မှစ၍ နိဗ္ဗာန် ကျသည့်တိုင်အောင် အချင်းခပ်သိမ်း ဒုစရိုက်မှု မရှိ။ယုတ်စွ အဆုံး သတ်အံ့ဟူသော စိတ်သော်မှလည်း အရိယာ ပုဂ္ဂိုလ်တို့အား မဖြစ်တော့ချေ။

၇-ဃ။ ။အရိယမဂ္ဂ သမ္ပယုတ္တာ ပန ဝိရတိ
သမုစ္ဆေဒဝိရတီတိ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ ဒွါရကထာ။

---

## သောင်ပုဒ်

က။ ။သမ္ပတ္တံနှင့်၊သမာဒိန္နံ၊သုံးတန်အနေ၊ သမုစ္ဆေ၊ပြားလေ ဝိရတီ။

ခ။ ။ရောက်ရှိဝတ္ထု၊ရှောင်ကြဉ်မှု၊မှတ်ရှု-သမ္ပတ္တံ။

ဂ။ ။ဆောက်တည်ပြီးခါ၊ရှောင်ကြဉ်ပါ၊မှတ်ရာ-သမာဒိန္နံ။

ဃ။ ။မဂ်နှင့်ယှဉ်ညီ၊ဝိရတီ၊တလီ-သမုစ္ဆေဒံ။

---

## အမေး အဖြေ

မေး။ ။ဤဝိရတီစေတသိက်သည် ဒုစရိုက်မှ ရှောင်ကြဉ်၏ ဆိုသော်၊ ရှေးလွန်လေပြီးသော ဒုစရိုက်သည်လည်း ချုပ်လေပြီးဖြစ်၍ ရှောင်ကြဉ်ဘွယ် မရှိ၊ မပြုသေးသော ဒုစရိုက်သည်လည်း ထင်ရှားမရှိသေးသည်ဖြစ်၍ ရှောင်ကြဉ်နိုင်ဘွယ် မရှိ၊ သမာဒိန္န ဝိရတီ,သမုစ္ဆေဒဝိရတီ ဖြစ်ပါက ပစ္စုပ္ပန်၌လည်း ရှောင်ကြဉ်အပ်သော ဝတ္ထုမရှိသေးဖြစ်ခဲ့၏။ ထိုဖြစ်၍ ပစ္စုပ္ပန်, အတိတ်,အနာဂတ် ကာလသုံးပါးဝယ် ဘယ်ကာလ၌ ရှိသော ဒုစရိုက်ကို ရှောင်ကြဉ်ပါသနည်း။

---

ဇ္ဈ[ဂ]ကို။အစိတိက္ကမန္တာနံ၊ မလွန်ကျူးကုန်သော သူတို့အား။ ဥပ္ပဇ္ဇမာနာ၊ဖြစ်သော။ဝိရတိ၊ ရတိကို။ သမုစ္ဆေဒဝိရတီတိ၊ဟူ၍။ဝေဒိတဗ္ဗာ၊၏။

ရ-ဂ။ ။ပန၊ထိုမှတပါး။သိက္ခာပဒသမာဒါနေစ၊သိက္ခာပုဒ်ကိုဆောက်တည်ရာ၌ရှင်း။ ာတုဇ္ဇာရီ၌၊ ထိုသိက္ခာပုဒ်ကို ဆောက်တည်သည်မှ အလွန်ဖြစ်သော နောက်ကာလ၌ရှင်း။ ဇ္ဇာနေ၁၊၏။ဇီဝိတမ္ပိ၊အသက်ကိုလည်း။ပရိစ္စဇိတွာ၊စွန့်၍။ဝတ္ထုံ၊ဝတ္ထု[ဂ]ကို။အစိတိက္ကမန္တာနံ၊

ဖြေ။ ။အတိတ်ဖြစ်သော ဒုစရိုက်ကိုကား မရှောင်ကြဉ်နိုင်ပေ၊ ပြုဆဲ ဒုစရိုက်ကိုရင်း,နောင်ပြုလတ္တံ့သော ဒုစရိုက်ကိုရင်း, အာရုံပြု၍ ရှောင်ကြဉ်နိုင်၏ ဟု မှတ်။

မေး။ ။ဒုစရိုက်နှင့် ဒုရာဇီဝ ၂-ပါးကား၊ အဘယ်သို့ ထူးခြားပါ သနည်း။

ဖြေ။ ။အသက်မွေးကြောင်း မဟုတ်သော မိစ္ဆာဝါစာနှင့် မိစ္ဆာ ကမ္မန္တ ၂-ပါးသည် ဒုစရိုက်သာမည်၏။ ဒုရာဇီဝ မမည်၊ အသက် မွေးခြင်း၏ အကြောင်း ဖြစ်သော မိစ္ဆာဇီဝ အ ကုသိုလ်သည် ဒုရာဇီဝမည်၏ ဟု မှတ်။

---

**ဆောင်ပုဒ်**

ပစ္စုပ်-နာဂတ်၊နှစ်ရပ် ဒုစရိုက်၊ရှောင်ကြဉ်ထိုက်၊
မှတ်ပိုက် အာရုံပြု၍တည်း။

---

**အပ္ပမညာ စေတသိက် အခွင့်**

၈။ ။ကရုဏာ မုဒိတာ အပ္ပမညာယောနာမာတိ သမ္ဘထာ
ပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိမေ စေတသိကာသောဘ
ဏာတိ ဝေဒိတဗ္ဗာ။

သင်္ဂြိုဟ်ပါဌ်။

---

ကရုဏာစေတသိက်, မုဒိတာစေတသိက် နှစ်ပါးတို့သည် အပ္ပမညာ စေတသိက်မည်ကုန်၏။ ။ဤဆိုအပ်ခဲ့ပြီးသော သောဘဏသာဓာရဏ စေတသိက်၁၉-ပါး၊ဝိရတိစေတသိက်၃-ပါး၊အပ္ပမညာစေတသိက် ၂-ပါး၊ ပေါင်း ခပ်သိမ်းသော အပြားအားဖြင့် ၂၄-ပါးသော စေတသိက် ပညိန္ဒြေ

---

မလွန်ကျူးကုန်သော။ သမာဒိန္နသိက္ခာပဒါနံ၊ဆောက်တည်အပ်သော သိက္ခာပုဒ်ရှိကုန်သော သူတို့အား။ဥပ္ပန္နမာနာ၊ဖြစ်သော။ ဝိရတိ၊ဝိရတိကို။သမာဒါနဝိရတီတိ၊ဟူ၍။ ဝေဒိတဗ္ဗာ၊၏။

ဂ-ဃ။ ။ပန၊ထို့မှတပါး။အရိယမဂ္ဂသမ္ပယုတ္တာ၊ အရိယမဂ်နှင့်ယှဉ်သော။ဝိရတိ၊ကို။ သမုစ္ဆေဒဝိရတီတိ၊ဟူ၍။ဝေဒိတဗ္ဗာ၊၏။

စေတသိက် တပါးနှင့်တကွ ၂၅-ပါးသော စေတသိက်တို့ကို သောဘဏ
စေတသိက်တို့ဟူ၍ သိအပ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ကရုဏာ စေတသိက် အဓိပ္ပါယ်

ကရောတိ ပရဒုက္ခေ သတိ သာဓူနံ ဟဒယ
ခေဒံ ဇနေတီတိ ကရုဏာ။

ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပရဒုက္ခေ၊ သူတပါးတို့၏ ဆင်းရဲခြင်းသည်။ သတိ၊ ရှိသော်။သာဓူနံ၊ သူတော်ကောင်းတို့၏။ ဟဒယ ခေဒံ၊ နှလုံး၏ ပင်ပန်းခြင်းကို။ ကရောတိ-ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထိုကြောင့်။သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ကရုဏာ၊ ကရုဏာ မည်၏။ ။(ဤအလို ကရ ဓာတ် ဉဏပစ္စည်း၊ ယုပစ္စည်းလည်း ဟူ၏)။

**တနည်း။** ။ကိနာတိ ပရဒုက္ခံ ဟိံသတီတိ ဝါ ကရုဏာ။ ။
ဝါ၊တနည်းကား။ ယာ ဓမ္မဇာတိ၊သည်။ ပရဒုက္ခံ၊ သူတပါး၏။ ဆင်းရဲခြင်းကို။ကိနာတိ-ဟိံသတိ၊ညှဉ်းဆဲတတ်၏။ ဣတိ၊ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ ကရုဏာ၊မည်၏။ ။(ဤအလို ကိဓာတ် ဉဏပစ္စည်း)။

**တနည်း။** ။ကိရတိဝါ ဒုတိတေသု ပသာရိယတီတိ ကရုဏာ။
ဝါ၊ တနည်းကား။ ယာ ဓမ္မဇာတိ၊ သည်။ ဒုက္ခိတေသု၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော သတ္တဝါတို့၌။ ကိရတိ-ပသာရိယတိ၊ ပျံ့နှံ့တတ်၏။ ဣတိ၊ ကြောင့်။ သာဓမ္မဇာတိ၊သည်။ ကရုဏာ၊ မည်၏။ ။(ဤအလို ကိရ ဓာတ် ဥဏပစ္စည်း)။

**တနည်း။** ။ကံ သုခံ ရုန္ဓတီတိ ကရုဏာ။

ယာ ဓမ္မဇာတိ၊ သည်။ ကံ သုခံ၊ ချမ်းသာခြင်းကို။ရုန္ဓတိ၊ တားမြစ်ပိတ် ပင်တတ်၏။ ဣတိ၊ကြောင့်။ သာဓမ္မဇာတိ၊သည်။ ကရုဏာ၊ မည်၏။
(ဤအလို က-သဒ္ဒူပပဒ ရုဓ-ဓာတ်၊ဏ-ပစ္စည်း၊ဓ-တွန် ဝ ကုံချေ။

ဒုက္ခာပနယနာ ကာရပ္ပဝတ္တိ လက္ခဏာ ကရုဏာ။
ပရဒုက္ခာ သဟာနရသာ၊ အဝိဟိံသာ ပစ္စုပဋ္ဌာနာ။
ဒုက္ခာတိ ဘူတာနံ အနာထ ဘာဝဒဿနပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကရုဏာ၊ ကရုဏာ စေတသိက်သည်။ ဒုက္ခာ ပနယနာ ကာရုပ္ပဝတ္တိ လက္ခဏာ၊ သူတပါးတို့၏ ဆင်းရဲကို ပယ်သော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။ ပရဒုက္ခာသဟနရသာ၊ သူတပါး ဆင်းရဲကို သည်းမခံခြင်း ကိစ္စရှိ၏။ အဝိဟိံသာပစ္စုပဋ္ဌာနာ၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဒုက္ခာဘိဘူတာနံ၊ဆင်းရဲခြင်းသည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏။ အနာထဘာဝ ဒဿန ပဒဋ္ဌာနာ၊ ကိုးကွယ်ရာ မရှိသည်၏ အဖြစ်ကို မြင်ခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏။ ။ဒုက္ခိတသတ္တဝါတို့၏ ဆင်းရဲဒုက္ခ ရောက်သည်ကိုမြင်လျှင် သနားခြင်းသဘောသည် တရုဏာမည်၏····ဟူလို။ ။အဓိပ္ပါယ်ပေါ်လွင်ပါပြီ။

---

## မုဒိတာ စေတသိက် အဓိပ္ပါယ်

မောဒန္တိ တောယာတိ မုဒိတာ။

တောယ ဓမ္မဇာတိယာ၊ ထိုတရားသဘောဖြင့်။မောဒန္တိ၊ဝမ်းမြောက်တတ်ကုန်၏။ ဣတိ၊ကြောင့်။ သာဓမ္မဇာတိ၊သည်။ မုဒိတာ၊မုဒိတာ မည်၏။

ပမောဒနလက္ခဏာ မုဒိတာ၊ အနုဿူယန ရသာ၊ အာရတိဝိဃာတပစ္စုပဋ္ဌာနာ။သတ္တာနံ သမ္ပတ္တိဒဿနပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

မုဒိတာ၊သည်။ ပမောဒနလက္ခဏာ၊ သူ၏စည်းစိမ် ပြည့်စုံကုံလုံသည်ကို ဝမ်းမြောက်ဝမ်းသာခြင်း လက္ခဏာ ရှိ၏။ အနုဿူယနရသာ၊ သူတပါး စည်းစိမ်ကိုမငြူစူခြင်းကိစ္စရှိ၏။ အာရတိဝိဃာတပစ္စုပဋ္ဌာနာ၊ သူတပါး၏ စည်းစိမ်၌ မမွေ့လျော်ခြင်း, မနှစ်သက်ခြင်းကို ဖျောက်သော အခြင်းအရာ ရှိ၏။ သတ္တာနံ၊ သတ္တဝါတို့၏။ သမ္ပတ္တိဒဿနပဒဋ္ဌာနာ၊ စည်းစိမ်ကုန်လုံ ပြည့်စုံ သည်ကို အသင့် ရှုနိုင်သော ယောနိသော မနသိကာရ လျှင် နီးစွာသော အကြောင်းရှိ၏။

သူတပါးတို့၏ ပြည့်စုံကြွယ်ဝ မြေချမ်းသာ တင့်တယ်စွာ နေသည်ကို မြင်သျှင် လရောင်ကို မြင်သော သူကဲ့သို့ရင်း၊ သီဒါရေနှင့် တွေ့သော ကြာပန်းကဲ့သို့ရင်း၊ ရွှင်လန်း ဝမ်းမြောက်စွာဖြစ်သော သဘောတရားသည် မုဒိတာ မည်၏။ ။ဟူလို။

နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာ။

ဧတေသံ၊ ထိုသတ္တဝါတို့အား။ ပမာဏံ၊အတိုင်းအရှည်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ကြောင့်။ အပ္ပမာဏာ၊ အပ္ပမာဏ မည်ကုန်၏။ ။အတိုင်းအရှည် မရှိသော သတ္တဝါ ပညတ်ရ၏။

အပ္ပမာဏာ အာရမ္မဏာ ဧတေသန္တိ အပ္ပမာဏာ။

ဧတေသံ၊ ထို စေတသိက်တို့အား။ အပ္ပမာဏာ၊ အတိုင်းအရှည် မရှိကုန်သော သတ္တဝါတည်းဟူသော။ အာရမ္မဏာ၊ အာရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ အပ္ပမာဏာ၊အပ္ပမာဏ မည်ကုန်၏။

အပ္ပမာဏာ ဧဝ အပ္ပမညာ။

အပ္ပမာဏာ ဧဝ၊ အတိုင်းအရှည်မရှိသော သတ္တဝါ ပညတ်လျှင် အာရုံရှိသော စေတသိက်တို့သည်သာလျှင်။ အပ္ပမညာ၊အပ္ပမညာ မည်ကုန်၏။ ။အတိုင်းအရှည် မရှိသော ဒုက္ခိတ သတ္တဝါ သုခိတ သတ္တဝါတို့ကို အာရုံပြု၍ ဖြစ်သော စေတသိက်တို့သည် အပ္ပမညာ မည်ကုန်၏။ ။ဟူလို။

---

အမေး အဖြေ

မေး။ ။အခြားသော စေတသိက်တို့၌ သရူပဝန္တ ဖြစ်သော ဣတိ သဒ္ဒါ အရေ အတွက် သင်္ချာ သဒ္ဒါတို့ ထည့်သကဲ့သို့ ဤ၌ အဘယ့်ကြောင့် မပါပါသနည်း။

ဖြေ။ ။အပ္ပမညာ စေတသိက်၏ အပြားသည် နှစ်ပါး မကသော ကြောင့်တည်း။ ။ထို့ကြောင့် ကမ္မဋ္ဌာန်းပိုင်း၌ စတသော အပ္ပမညာယော-ဟု မိန့်ဆိုတော်မူလတ္တံ့။

မေး။ ။ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာတရား လေးပါးရှိပါလျက် ဤ၌ အဘယ့်ကြောင့် နှစ်ပါးသာ မိန့်ဆိုအပ်ပါသနည်း။

ဖြေ။ ။အဒေါသ စေတသိက်ဖြင့် မေတ္တာ, တတြမဇ္ဈတ္တာ စေတသိက်ဖြင့် ဥပေက္ခာတို့ကို သင်္ဂြိုဟ်သင့်သဖြင့် ၎င်းအဒေါသနှင့် တတြမဇ္ဈတ္တတာ ၂-ပါးကိုလည်း သောဘဏ သာဓာရဏ စေတသိက်၌ မိန့်ဆိုပြီး ဖြစ်သောကြောင့် ဤ၌ မဆိုပါဘဲ ကြွင်းကျန်သော ၂-ပါးသော အပ္ပမညာ စေတသိက်တို့ကိုသာ မိန့်ဆိုအပ်ကုန်သတည်း။

## ဆောင်ပုဒ်

က။ ။ဤ၅၂-ဘာ၊ ပဘေဒကို၊ သိကြစေဘိ၊ အကြောင်းရှိ၊ ကင်း၏ သင်္ချာ-ဇာတိ-တည်း။

ခ။ ။မေတ္တုပေက္ခာ၊ တူရာသဘော၊ အဒေါ- တတြ၊ မိန့်ဟုဆိုပြီး၊ ထို့ကြောင့်လည်း၊ ဆိုနည်း ၂-ပါးသာ။

---

## ပညိန္ဒြေ စေတသိက် အဓိပ္ပါယ်

ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပကာရေန၊ အပြားအားဖြင့်။ အနိစ္စာဒိဝသေန၊ အနိစ္စစသော အစွမ်းအားဖြင့်။ ဇာနာတိ အဝဗုဇ္ဈတိ၊ ထိုးထွင်း၍ သိဘတ်၏။ ဣတိ၊ ကြောင့်။ သာ ဓမ္မဇာတိ၊ သည်။ ပညာ၊ ပညာမည်၏။

ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။

ပညာဝ၊ ပညာသည်သာလျှင်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ ပညိန္ဒြိယံ၊ ပညာသည်ပင်လျှင် ဣန္ဒြေ။

ဓမ္မပဋိဝေဓလက္ခဏာ ပညာ၊ဓမ္မာနံ သဘာဝပဋိစ္ဆာဒက မောဟန္ဓကာရဝိဒ္ဓံသနရသာ။ အသမ္မောဟပစ္စုပဋ္ဌာနာ၊ သမာဓိပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ပညာ၊ ပညိန္ဒြေစေတသိက်သည်။ ဓမ္မပဋိဝေဓလက္ခဏာ၊ သဘာဝဓမ္မကို မခဘာက်ခပြန် သိခြင်း လက္ခဏာရှိ၏။ ဓမ္မာနံ၊ ဝရမတ္ထ တရားတို့၏။ သဘာဝပဋိစ္ဆာဒကမောဟန္ဓကာရဝိဒ္ဓံသနရသာ၊ ဟုတ်မှန်သောသဘောကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ အသမ္မောဟပစ္စုပဋ္ဌာနာ၊ အာရုံ၌ မတွေဝေသော အားဖြင့် ထင်သော အခြင်းအရာရှိ၏။ သမာဓိပဒဋ္ဌာနာ၊ သမာဓိလျှင် နီးသော အကြောင်းရှိ၏။

အနိစ္စစသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ပညာမည်၏။ သိမှု၌ သဟဇာတ်တရားတို့၏ အကြီးဥက္ကဋ္ဌ အစိုးရသောကြောင့် ဣန္ဒြေလည်း မည်၏။ ။ဟူလို။

ထိုပညိန္ဒြေစေတသိက်သည် သတ္တဝါတို့ကို အပါယ်သို့ မလားရအောင် တရားအမှန်ကို ပြတတ်သောကြောင့် ခရီးအရာ၌ အလွန်လိမ္မာသော ခရီးညွှန်ယောကျ်ားနှင့်တူ၏။ ၊ထူသောပျဉ်ပြား, သံပြားစသည်တို့ကို ဖောက်ထွင်း၍ သွားအောင် ပစ်စွမ်းနိုင်သော လေးအရာ၌ အလွန်တတ်သိလိမ္မာသော မုဆိုးလေးသမားနှင့်လည်း တူ၏၊ အဘယ်သို့ တူသနည်းဟူမူကား မုဆိုးလေးသမားသည် လက်ရှစ်သစ်, ဆယ်သစ်ရှိသော ပျဉ်ပြား,သံပြားကို ပစ်သည်ရှိသော် တခါတည်း ဖောက်ထွင်း၍ သွားဘိသကဲ့သို့ ထိုအတူ ပညိန္ဒြေ စေတသိက်သည် ခပ်သိမ်းကုန်သော တရားဘို့ကို ဖောက်ထွင်း၍ သိ၏။ တနည်း။ မိုက်မဲသော အကုသိုလ်တရားတို့ကို ထွန်းလင်းစေတတ်သောကြောင့်လည်း အလင်းရောင်နှင့်တူ၏။ ။တူပုံကား····အမိုက်မှောင်ကျ၍နေသော အိမ်၌ ဆီမီးကို ညှိထွန်းလိုက်သည်ရှိသော် ၎င်းဆီမီးရောင်သည် အမိုက်မှောင်ကို ပယ်ဖျောက်ဖျက်ဆီး၍ အလင်းရောင်ကို ဖြစ်မစေလျက် အိမ်၏အတွင်း၌ ရှိသမျှသော ပစ္စည်းဝတ္ထုတို့ကို တခုမကျန် ထင်ရှားသည်ကို ပြုသကဲ့သို့ ထို့အတူ ပညာသည် ဖြစ်ပေါ်လာသည်ရှိသော် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျက်၍ ဝိဇ္ဇာဉာဏ်ရောင်ကို လင်းပြောင်စေလျက် အရိယသစ္စာတို့ကို ထင်ရှားစွာ သိမြင်စေ၏။ထိုပညာ အသင်းရောင်သည်ကား နေရောင်, လရောင်, မီးရောင်တို့ထက် ဆထက်မက ထွန်းလင်းတောက်ပနိုင်သော အလင်းရောင် အလင်းကြီးတခုဖြစ်၏။ ။ ထိုစကားမှန်၏၊ နေရောင်, လရောင်, မီးရောင်တို့သည် တစိတ်တဒေသမျှလောက်သာ မိမိတို့အား အစွမ်းရှိသလောက်ထွန်းလင်းနိုင်ပေ၏၊စကြဝဠာတိုက်တသောင်းကိုမူကား တပြိုင်နက် မထွန်းလင်းနိုင်ချေ။ ။ပညာရှိသောသူသည်ကား တခုသော ပလ္လင်ခွေဖြင့် နေထိုင်လင့်ကစား တသောင်းသော စကြဝဠာတိုက်အပေါင်းကို တပြိုင်တခါတည်း ထွန်းလင်းနိုင်လေသတည်း။ ထို့ကြောင့် ပညာရောင်သည် နေရောင် စသည်တို့ထက် သာလွန်ထွန်းလင်း၏ ဟုမှတ်။

စတ္တာရောမေ ဘိက္ခဝေ အာလောကာ၊ ကတမေ
စတ္တာရော၊စန္ဒာလောကော, သူရိယာလောကော,အဂ္ဂါလောကော,ပညာလောကော၊ ဣမေ ခေါ ဘိက္ခဝေ
စတ္တာရော အာလောကာ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ
စတုန္နံ အာလောကာနံ ယဒိဒံ ပညာလောကော။

ဘိက္ခဝေ၊ ရဟန်းတို့။ အာလောကာ၊ အလင်းအရောင်တို့သည်။ဣမေ စတ္တာရော၊ ဤလေးပါးတို့သာတည်း။ စတ္တာရော၊ လေးပါးတို့ဟူသည်။ ကတမေ၊အဘယ်သည်တို့နည်း ဟူမူကား။စန္ဒာလောကော၊ လရောင်ဝင်း။ သူရိယာလောကော၊နေရောင်ဝင်း။အဂ္ဂါလောကော၊မီးရောင်ဝင်း။ ပညာလောကော၊ပညာရောင်ဝင်း။ဘိက္ခဝေ၊တို့။ အာလောကာ၊အလင်းရောင်တို့သည်ကား။ ခေါ၊စင်စစ်။ ဣမေ စတ္တာရော၊ဤဆိုအပ်ခဲ့ပြီး လေးပါးတို့ပင်တည်း။ ဘိက္ခဝေ၊တို့။စတုန္နံ၊လေးပါးကုန်သော။ဣမေသံ အာလောကာနံ၊ ဤအလင်းရောင်တို့တွင်။ ယဒိဒံ ယောအယံပညာလောကော၊ အကြင်ပညာရောင်သည်။အတ္ထိ၊ရှိ၏။ဧတံ သောသော၊ဤပညာရောင်သည်သာ။အဂ္ဂံ-အဂ္ဂေါ၊ အမြတ်ဆုံးသော အလင်းရောင်ကြီးပေတည်း။

---

## သညာ,ဝိညာဏ်,ပညာသုံးပါး အထူး

သညာ,ဝိညာဏ်,ပညာ ဤသုံးပါးတို့သည် သိမှုအနက်သဘော တပါးတည်းဖြစ်၏။ အဘယ်သို့ ထူးခြားပါသနည်းဟူမူ။ ။သညာသည် အဖြူ, အနီ,အဝါ,အကြောင်, အကျားတို့ကို မြင်သည်ကာလ အဖြူ,အနီ,အဝါ, အကြောင်,အကျားဟူ၍ သိ၏၊ အဘယ်ကြောင့် ဖြူသည်,နီသည်,ဝါသည်, ကြောင်သည်, ကျားသည်ကို မသိတတ်၊ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော ကိုလည်း မသိတတ်။ မဂ်ကိုရခြင်း, ဖိုလ်ကို ရခြင်း၏ အကြောင်းကိုလည်း မသိတတ်။ ဤသို့ သိမှုကား **သညာ**ဟူ မည်၏။ ။ **ဝိညာဏ်**ဟူခြင်းကား။အဖြူ,အနီစသော ရူပါရုံတို့သည် အဘယ်ကြောင့် ဖြူသည်, နီသည်,ဝါသည် စသည်ကိုလည်း သိ၏၊ အနိစ္စသဘော, ဒုက္ခသဘော အနတ္တသဘောကိုလည်း သိ၏၊ လုံ့လအားထုတ်၍ မဂ်ဖိုလ်သို့ ရောက်စေခြင်း,ရစေခြင်းငှါ မတတ်နိုင်ချေ။ ။**ပညာ**ဟူ မှုသည်ကား အဖြူ, အနီ-စသော ရူပါရုံတို့သည် အဘယ်ကြောင့် ဖြူသည်- နီသည် စသည်ကို သိ၏၊ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကိုလည်း သိ၏၊ လုံ့လအားထုတ်၍ မဂ်သို့ ရောက်ခြင်းငှါလည်း တတ်နိုင်၏။

ဥပမာကား-သူငယ်, အမိ, ရွှေပန်းထိမ်သည် သုံးယောက်နှင့်တူ၏၊ တူဟန်ကား.... သူငယ်သည် သူငယ်တို့ဘာဝ ကစားကြရာ ပြောင်ပြောင်ရှိသော ရွှေတုံးကို တွေ့မြင်သောကြောင့် ကောက်ယူခဲ့၏။ ထိုသူငယ်

သည် ရွှေမှန်းလည်း မသိ၊ ရွှေ၏ အရည်ကိုလည်း မသိခဲ့၊ ပြောင်ပြောင် ရှိ၍သာ ကောက်ယူခဲ့လေ၏။ငင်းရွှေကို အမိအားပေးလေလျှင် အမိမူကား ဝင်းပြောင်သော အရောင်ကို သိ၏၊ရွှေမှန်းလည်း သိ၏၊အတိုးထိုက်မှန်း ကိုလည်း သိ၏၊ ကိုးမူး,ဆယ်မူးစသော ရွှေ၏ အရည်ကိုမူကား မသိ။ ရွှေပန်းထိမ်သည်ကိုပြသည်ကာလ ရွှေပန်းထိမ်သည်သည် ဝင်းပြောင်သော အရောင်ကိုလည်း သိ၏၊ ရွှေ၏ အတိုး ထိုက်တန်မှန်းကိုလည်း သိ၏၊ ကိုးမူးရည်,ဆယ်မူးရည် စသည့်တို့ကိုလည်း သိ၏။ထိုအတူ သညာသိမှုနှင့် သူငယ်သိသည်နှင့်တူ၏၊ဝိညာဏ်သိမှုနှင့် အမိသိသည်နှင့်တူ၏၊ပညာသိမှုနှင့် ရွှေပန်းထိမ်သည် သိခြင်းနှင့်တူ၏။

ဂ-က။ ။သညာ တာဝနီလာဒိဝသေန သဥ္ဇာနနမတ္တံ ကရောတိ၊ လက္ခဏပ္ပဋိဝေဓံ ကာတုံ န သက္ကောတိ။ပ။ဗာလဂါမိက ဟေရညိကာနံ ကဟာပဏာဝဗောဓေန မေတ္တ နိဒဿ နန္တိ။

ဋီကာကျော်။

**ဆောင်ပုဒ်**

မှတ်ပြုသိရုံ၊ ဆိုတုံသညာ၊ ခြင်းရာကြောင်းကျိုး၊ သုံးမျိုး အနိစ္စ၊ သိကဝိညာဉ်၊မင်္ဂသို့ တင်တတ်၊သုံးရပ်သိပြား၊မှတ်သား ပညာ၊ ဗာလာ-ဂါမိ၊ ဟေရညိက၊သုံးဝ သိမှု၊ ပမာပြုသည်၊ သောတု ဉာဏ်ရောင် ရှင်းဘို့တည်း။

## အမေး အဖြေ

မေး။ ။သညာလည်း အသိဖြစ်၏၊ဒိဋ္ဌိလည်း အသိပင်ဖြစ်၏။အဘယ်သို့ ထူးခြားပါသနည်း။

ဖြေ။ ။ဘောက်ပြန်သော အားဖြင့် သိမှုသည် ဒိဋ္ဌိ အသိမည်၏။ မဘောက်မပြန် ဟုတ်မှန်သောအတိုင်း ထိုးထွင်း၍ သိမှုသည် ပညာအသိ မည်၏။

မေး။ ။မိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့အား ဝဉ္စနာပညာသည် ရှိသည် မဟုတ်ပါလော၊ ထိုသို့ရှိပါက အကုသိုလ် စိတ်၌လည်း ပညာ ယှဉ်နိုင်ပါသလော။

ဖြေ။ ။မိစ္ဆာဒိဋ္ဌိ အယူရှိသော သူဘိုကား ဝဉ္စနာပညာသည် ရှိသည် မှန်ပေ၏၊ ၎င်း ဝဉ္စနာပညာသည် ပညာစစ် မဟုတ်ပေ။ တရား ကိုယ် အားဖြင့် မာယာ ဖြစ်သော တဏှာ စေတသိက်သာ တည်း။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့အား ပညာ စေတသိက် အမြဲမယှဉ် မဖြစ်ဟုမှတ်။

မေး။ ။ဤ ၂၅-ပါးသော စေတသိက် တို့သည် အဘယ့်ကြောင့် သောဘဏ စေတသိက် မည်တုန်ပါသနည်း။

ဖြေ။ ။သောဘန္တီတိ သောဘဏာ။ ။သောဘန္တိ၊ တင့်တယ် ကောင်းမြတ်ကုန်၏။ ဣတိ ကြောင့်။ သောဘဏာ၊ သောဘဏ စေတသိက် မည် ကုန်၏။ ။ဝိဂ္ဂဟ်အရ။ ။တင့်တယ်ကောင်းမြတ် သော သဘော တရားများ ဖြစ်သောကြောင့် သောဘဏ စေတသိက် မည်ကုန်၏။ ။ဟူလို။

အန္ဓဗာလစိတ္တေ ပန ပညာ နတ္ထီတိ န ဂဟိတာ။ကိံ ဒိဋ္ဌိဂတိ ကာနံ ဝဉ္စနာပညာ နတ္ထီတိ အတ္ထိ။န ပနေသာ ပညာ။မာယာ နာမေသာ ဟောတိ။သာ အတ္ထတော တဏှာဝ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

**ဆောင်ပုဒ်**

က။ ။မှားသော အသိ၊ဒိဋ္ဌိအမြင်၊လမ်းစင် ထိုးထွင်း၊ သိကုန်လျှင်း၊ မှတ်မင်း ပညာအသိတည်း။

ခ။ ။မိစ္ဆာအယူ၊ရှိသူပညာ၊ဝဉ္စနာ၊တဏှာ-ဟူ၍မှတ်။

ဂ။ ။တင့်တယ် ကောင်းမွန်၊မြင့်မြတ်ယွန်၊မှတ်သွန်-သောဘဏ။

---

ဥ။ ။ဒွန္ဒသင်္ဂဟ

တေရသည သမာနာ စ၊ဒွတ္တိံသာနုသာသာ တထာ၊
သောဘဏာ ပဉ္စဝီသတိ၊ဒွိပညာသ ပဝုစ္စရေ။ ။
သင်္ဂြိုဟ်ပါဌ်။

---

ဤယခုဆိုအပ်ခဲ့ပြီးသော စေတသိက်တို့ကို အကျဉ်းချုံး၍ ရေတွက်သည် ရှိသော်—

အညသမာန်း စေတသိက် ၁၃-ပါး၊
အကုသိုလ် စေတသိက် ၁၄-ပါး၊
သောဘဏစေတသိက် ၂၅-ပါး၊
ပေါင်းစေတသိက် ၅၂-ပါးဖြစ်သတည်း။

ဤကားပိဏ္ဍတ္ထ။

---

**အညသမာန်း စေတသိက် သမ္ပယောဂနည်း**

၁၀။ ။**တေသံ စိတ္တာဝိယုတ္တာနံ၊ ယထာယောဂ မိတော ပရံ။
စိတ္တုပ္ပါဒေသု ပစ္စေကံ၊သမ္ပယောဂေါ ပဝုစ္စတိ။**

သင်္ဂြိုဟ်ပါဌ်။

---

ဤစေတသိက် ၅၂-ပါးတို့၏ သရုပ်ကို အကျဉ်း ဘော်ထုတ် ပြဆိုပြီး သည်မှ နောက်၌ စိတ်နှင့် အမြဲ ယှဉ်တတ်ကုန်သော ထိုစေတသိက်တို့၏ စိတ်တို့၌ အသီးသီး ယှဉ်သင့်သည်အားလျော်စွာ ယှဉ်သော သမ္ပယောဂ နည်းကို အပြားအားဖြင့် မိန့်ဆိုအပ်၏။ဝါ၊မိန့်ဆိုပေအံ့။ ။ဟူလို။

ဤကားပိဏ္ဍတ္ထ။

---

ဤပါဌ်၌။ ။စိတ္တာဝိယုတ္တာနံ။ ။ဟူသော ပုဒ်သည်။ ။စိတ္တ ပုဒ်၊ အဝိယုတ္တ-ပုဒ် ဖြစ်၏။ ။အဝိယုတ္တ-ကို။

န ဝိယုတ္တာ အဝိယုတ္တာ။

ဟုပြု။ ဝိယုတ္တာ၊ မယှဉ်ကုန်သည်။ န၊မဟုတ်ကုန်။ ဇႉဝိယုတ္တာ၊မယှဉ် ကုန်သည် မဟုတ်ကုန်။ ဝါ၊ယှဉ်ကုန်၏။ ။(နှစ်ခုပဋိသိ၊ ရှိတုံဘိ၊ ပကတိ အနက်ပေး)။ နိယာမ် အရ-န-ပဋိသေဓ- ဝိ-ပဋိသေဓ- နှစ်ဆင့် ရှိသော ကြောင့် ယှဉ်ကုန်၏ ဟု ပကတိ အနက်ပေးအပ်၏။

စိတ္တေန အဝိယုတ္တာတိ စိတ္တာဝိယုတ္တာ။

စိတ္တေန၊စိတ်နှင့်။ အဝိယုတ္တာ၊ယှဉ်သည်တည်း။ ဣတိ၊ကြောင့်။ စိတ္တာ ဝိယုတ္တာ၊မည်၏။ ။စိတ်နှင့် အမြဲယှဉ်သောကြောင့် စေတသိက်တို့သည် စိတ္တာဝိယုတ္တ မည်ကုန်၏။ ။ဟူလို။

စိတ္တုပ္ပါဒေသု-ဟူသော ပုဒ်သည် တပါးသော စိတ္တုပ္ပါဒါနုမိစ္ဆ္ဆံ။ စသောပါဌ်၌ စိတ်-စေတသိက်တို့ကို ဟော၏။ ဤ၌ကား စေတသိက်ကို မဟော။ စိတ်ပါးတည်းကိုသာ ဟော၏။ ။ထို့ကြောင့်။

ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါ၊စိတ္တမေဝ ဥပ္ပါဒေါတိ စိတ္တုပ္ပါဒေါ။

ဟု ဝိဂြိုဟ်ပြု။ ။ဥပ္ပဇ္ဇတိ၊ အာရမ္မဏပစ္စည်း စသည်ကြောင့် ဖြစ်တတ်၏။ ဣတိ ၊ကြောင့်။ ဥပ္ပါဒေါ၊ ဥပ္ပါဒ မည်၏။ ။စိတ္တမေဝ၊ စိတ်သည်သာလျှင်။ ဥပ္ပါဒေါ၊အာရမ္မဏပစ္စည်း စသည်ကြောင့် ဖြစ်တတ်သော တရားတည်း၊၊ ဣတိ၊ ကြောင့်။ စိတ္တုပ္ပါဒေါ၊ မည်၏။ ။ဧဝ သဒ္ဒါ၏ ဂဟေတဗ္ဗကား စိတ်တည်း။ နိဝတ္တေတဗ္ဗကား စေတသိက်တည်း။

သမ္ပယောဂေါ-ပုဒ်ကိုကား။

သမ္မာ ပကာရေန ယောဂေါ သမ္ပယောဂေါ။

ဟုပြု။ ။သမ္မာ၊ကောင်းစွာ။ ပကာရေန၊ စေတသိက်၌ စိတ်ကို သင်္ချာ တပ်၍ပြသော အပြားအားဖြင့်။ယောဂေါ၊ ယှဉ်ခြင်းသည်။ သမ္ပယောဂေါ၊ သမ္ပယောဂနည်းမည်၏။ ။စေတသိက်တို့၌ စိတ်တို့၏ယှဉ်ပုံကို အရေအတွက် သင်္ချာကို တပ်၍ ပြသော နည်းသည် သမ္ပယောဂ နည်း မည်၏။ ။ဟူလို။

သင်္ဂဟနံ သမောဓာနံ သင်္ဂဟော။

သင်္ဂဟနံ သမောဓာနံ၊စိတ်၌ စေတသိက်တို့ကို သင်္ချာ တပ်၍ ပေါင်းရုံး ခြင်းသည်။သင်္ဂဟော၊သင်္ဂဟနည်း မည်၏။ ။ဝိဂြိုဟ်အရ စိတ်၌ စေတသိက် တို့၏ အယှဉ်ကို သင်္ချာတပ်၍ပြသောနည်းသည် သင်္ဂဟနည်းမည်၏ ဟု-သိ။

---

ဆောင်ပုဒ်

က။ ။စေတသိက်တွင်၊ စိတ်အယှဉ်၊ ပြလျှင်သမ္ပယော။

ခ။ ။စိတ်၌ပင်လျှင်၊ စေအယှဉ်၊ ပြလျှင်သင်္ဂဟော။

---

သမ္ပယောဂနည်း အဖွင့်

၁၁။ ၊သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊ ယထာယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာကုသလေသွေဝ၊သောဘနေသွေဝ သောဘနာ။

သင်္ဂြိုဟ်ပါဌ်၊

၁-သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့သည် အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်တို့၌ ယှဉ်ကုန်၏။ ။၂-ပကိဏ်း စေတသိက် ခြောက်ပါးတို့သည် အလုံးစုံသော စိတ် တခုယုတ်ကိုးဆယ်၊ အကျယ် ၁၂၁-ပါးတို့၌ ယှဉ်သင့်သည် အားလျော်စွာ ယှဉ်ကုန်၏။ ။၃-အကုသိုလ် စေတသိက် ၁၄-ပါးတို့သည် အကုသိုလ် စိတ်တို့၌သာလျှင် ယှဉ်သင့် သည်အားလျော်စွာ ယှဉ်ကုန်၏။ ။၄-သောဘဏ စေတသိက် ၂၅-ပါး တို့သည် သောဘဏစိတ်တို့၌ ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ကုန်၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထတည်း။

---

**သဗ္ဗစိတ္တသာဓာရဏ သမ္ပယောဂနည်း အဖွင့်**

**၁၂။ ။ကထံ။ ။သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တိမေ စေတသိကာ သဗ္ဗေသုပိ ဧကူန နဝုတိ စိတ္တုပ္ပါဒေသု လဗ္ဘန္တိ။**

သင်္ဂြိုဟ်ပါဠိ။

---

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့သည် အလုံးစုံသော စိတ် တခုယုတ်ကိုးဆယ်တို့၌ ရအပ်ကုန်၏။ ဝါ၊ ယှဉ်ကုန်၏။ ။ဟူလို။

ဤကားပိဏ္ဍတ္ထ။

---

အဘယ့်ကြောင့် ဤ သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့သည် စိတ် မှန်သမျှတို့၌ ယှဉ်ပါကုန်သနည်းဟူမူ။ ။စိတ်ဟူသမျှ တွေ့ထိခြင်း, ခံစားခြင်း, မှတ်သားခြင်း စသည်မရှိလျှင် ဖြစ်ပေါ်နိုင်ခွင့် မရှိသဖြင့် ဖဿ, ဝေဒနာ,သညာစသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့သည် စိတ်ဖြစ်မှုလိုရင်းစွဲ အချုပ်ဖြစ်၏။လူများ၌ သည်းခြေနှင့် တူ၏။ ထို့ကြောင့် စိတ်တိုင်း၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ယှဉ်နိုင်လေ၏။မယှဉ်သော စိတ်မည်သည် မရှိ-ဟု- မှတ်။

---

**ဆောင်ပုဒ်**

သဗ္ဗစိတ္တံ၊ ၇-တန်ကား၊ စိတ်မှန်ဖြစ်ခြေ၊ လိုရင်းပေ၊ မြဲလေစိတ်တိုင်းယှဉ်။

## ပကိဏ်း စေတသိက် သမ္ပယောဂနည်း အကျဉ်း

၁၃။ ။ပကိဏ္ဏကေသု ပန ဝိတက္ကော တာဝ ဒွိပဉ္စဝိညာဏ ဝဇ္ဇိတ ကာမာဝစရ စိတ္တေသု စေဝ၊ ဧကာဒသသု ပဌမဈာန စိတ္တေသု စေတိ ပဉ္စပညာသ စိတ္တေသု ဥပ္ပဇ္ဇတိ။

သင်္ဂြိုဟ်ပါဌ်။

---

### ၁-ဝိတက္က သမ္ပယောဂနည်း

ပကိဏ်း စေတသိက် ခြောက်ပါးတို့တွင် ဝိတက် စေတသိက်သည် စိတ် အကျယ် ၁၂၁-ပါးတို့တွင် ဒွေပဉ္စဝိညာဏ်စိတ် ၁၀-တို့ကို ကြဉ်၍ ကျန်သော ကာမာဝစရစိတ် ၄၄-ပါးနှင့် ပဌမဈာန် ၁၁-ပါး အားဖြင့် ၅၅-ပါးသော စိတ်တို့၌ ယှဉ်ကုန်၏။ ။ဟူလို။

**ဝိတက်စေတသိက်** သည် ၁၂၁-ပါး ရှိသည်တွင် ဆိုအပ်ခဲ့ပြီးသော ၅၅-ပါးသော စိတ်၌သာ ယှဉ်၍ ၆၆ ပါးသော စိတ်၌ မယှဉ်ဟုဆိုလိုသည်။ ထိုမယှဉ်သော ၆၆-ပါးသော စိတ်တို့ကား ဒွေးပဉ္စဝိညာဏ်စိတ် ၁၀၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ပဉ္စမဈာန်စိတ် ၂၃-ပါး၊ ပေါင်း ၆၆-ပါးတို့တည်း။

ထို ၆၆-ပါးတို့တွင် **ဒွေပဉ္စဝိညာဏ်စိတ်** တို့၌ အဘယ့်ကြောင့် ဝိတက်စေတသိက် မယှဉ်ပါသနည်းဟူမူ။ ။သဘာဝေန အဝိတက္ကတ္တာ။ ။ဋီကာကျော် ဟိတ်အရ၊ စက္ခုဝိညာဏ်,သောတဝိညာဏ် စသော ဒွေပဉ္စဝိညာဏ်စိတ်တို့သည် အာရုံငါးပါးကို သိမှု သာမည သဘောမျှသာ ဖြစ်သဖြင့် အလွန်တရာ အားနည်းသည် ဖြစ်၍၊ အာရုံကို ကြံစည်နိုင်သော သဘောမျိုး မဟုတ်သောကြောင့် ဝိတက်မယှဉ်။ ။ဟူလို။

**ဒုတိယာဒီသု**။ ပ။ ပဉ္စမဈာန် စိတ်တို့၌ကား အဘယ့်ကြောင့် မယှဉ်ပါသနည်းဟူမူ။ ။ဘာဝနာဗလေန ပဟီနတ္တာ။ ဟိတ်ပါဌ်အရ ဘာဝနာ၏ အစွမ်းဖြင့် ဝိတက်ကို ပယ်အပ်သောကြောင့် ဝိတက်မယှဉ်။ ။ဟူလို။

## ဆောင်ပုဒ်

က။ ။အားနည်း တုံငြား၊ ကြံအား မရှိ၊ ထို့ကြောင့်သိ၊ ကြည့်ဘိ ဝိတက်၊ ဒွေ-ဝိညာဏ်။

ခ။ ။ဘာဝနာဖြင့်၊ ပယ်ခွါလွှင့်၍၊ အသင့်မယှဉ်၊ ကြွင်း ဈာန်တွင်။

---

## ၂-ဝိစာရ သမ္ပယောဂနည်း

၁၃။ ။**ဝိစာရော ပန တေသု စေဝ ဧကာဒသသု ဒုတိယဇ္ဈာန စိတ္တေသု စေတိ ဆသဋ္ဌိ စိတ္တေသု။**

သင်္ဂြိုဟ်ပါဠိ။

---

**ဝိစာရစေတသိက်** သည်ကား စိတ်အကျယ် ၁၂၁-ပါးတို့တွင် ဝိတက်ယှဉ်သောစိတ် ၅၅-ပါးနှင့် ဒုတိယဈာန်စိတ် ၁၁-ပါးအားဖြင့် ၆၆-ပါးသော စိတ်တို့၌ ယှဉ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

ဝိစာရသည် တတိယဈာန်စသည်တို့၌ အဘယ့်ကြောင့် မယှဉ်သနည်း ဟူမူကား။ ။ဝိစာရကိုပယ်မှ တတိယဈာန် စသည်ကို ရသဖြင့် ဘာဝနာ၏ အစွမ်းဖြင့် ဝိစာရကိုပယ်အပ်သောကြောင့် တတိယစသောဈာန်တို့၌ ဝိစာရ မယှဉ် ဟု မှတ်။

---

## ၃-အဓိမောက္ခ သမ္ပယောဂနည်း

၁၄။ ။**အဓိမောက္ခော ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာ သဟဂတ ဝဇ္ဇိတစိတ္တေသု။**

သင်္ဂြိုဟ်ပါဠိ။

---

**အဓိမောက္ခစေတသိက်** သည် စိတ်တခုယုတ် ကိုးဆယ်တို့တွင် ဒွေပဉ္စဝိညာဏ်စိတ်-၁၀၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါးအားဖြင့် ၁၁-ပါးသော စိတ်တို့ကို ကြဉ်၍ ကျန်သော ၇၈-ပါးသော စိတ်တို့၌ ယှဉ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

အမိမောက္ခ စေတသိက်သည် အဘယ်ကြောင့် ဒွေပဉ္စဝိညာဏ်စိတ်-၁၀၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်တို့၌ မယှဉ်သနည်း ဟူမူ။ ။ဒွေပဉ္စဝိညာဏ် စိတ်သည် မြင်ရုံ,ကြားရုံစသော သဘောမျှဖြစ်၍ အလွန်အားနည်းသဖြင့် အာရုံကို သေချာစွာ မဆုံးဖြတ်နိုင်သောကြောင့် ဒွေပဉ္စဝိညာဏ် ၁၀-၌ မယှဉ်။ ။ဝိစိကိစ္ဆာ သဟဂုတ်စိတ်ကား အမိမောက္ခနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် မယှဉ် ဟု မှတ်။

ဒသာနာဒိမတ္တသဘာဝသာ ဒွိပဉ္စဝိညာဏသာ အမိမုစ္စနရဟိ
တတ္တာ စ၊ဝိစိကိစ္ဆာယစ တသာ ပဋိပက္ခတ္တာ စ။
သင်္ခေပ ဋီကာ။

---

**ဆောင်ပုဒ်**

က။ ။ပဉ္စာရုံကို၊သိရုံမတ္တ၊အားနည်းလှ၍၊ ကျနမလတ်၊ မဆုံးဖြတ်နိုင်၊ ထို့ကြောင့်တိုင်၊ကင်းပြိုင် အယှဉ်-ဒွေးဝိညာဉ်။

ခ။ ။ဆန့်ကျင့်ဘက်လျှင်၊အကြောင်းထင်၊မယှဉ် ဝိစိကိစ်။

---

**၄-ဝီရိယ သမ္ပယောဂနည်း**

၁၆။ ။ဝီရိယံ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏသမ္ပဋိစ္ဆန သန္တီ ရဏ ဝဇ္ဇိတစိတ္တေသု။

သင်္ဂြိုဟ်ပါဠိ။

---

ဝီရိယ စေတသိက်သည် စိတ်တခုယုတ် ကိုးဆယ် တို့တွင် ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏစိတ် ၃-ခု အားဖြင့် ၁၆-ပါးသော စိတ်တို့ကို ကြဉ်၍ ကျန်သော ၇၃-ပါးသော စိတ်တို့၌သာ ယှဉ်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

ဝီရိယစေတသိက် သည် အဘယ်ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ် ၁၆-ပါးတို့၌ မယှဉ်ပါသနည်း ဟူမူ။ ။ဝီရိယ ဗလံ။ ။ဟောတော်မူသဖြင့် ဝီရိယ သဘောသည် ဗိုလ်ကိစ္စတပ်၍ အားရှိ၏၊ ပဉ္စဒွါရာဝဇ္ဇန်း စသော စိတ် ၁၆-ပါး တို့ကား အားနည်း၍ ဗိုလ်ကိစ္စ မတပ်၊ ဗိုလ်ကိစ္စတို့ကို

မဆောင် မရွက်နိုင်ကြကုန်။ ဤသို့လျှင် မိုလ်ကင်းသော တရားများ ဖြစ်သောကြောင့် မိုလ်ထိုက်သော တရားသည် မယှဉ်နိုင်-ဟု မှတ်။

ဗလရဟိတတ္တာနုပ္ပဇ္ဇတိ။

သဒ္ဒေ်ပ။

၎င်းစိတ်တို့သည် အဘယ့်ကြောင့် မိုလ်ကင်းကြသနည်း ဟူမူ။ ဟိတ်ကင်းသော အဟိတ်စိတ်များ ဖြစ်သောကြောင့်တည်း။

---

ဆောင်ပုဒ်

ပဥ္စဝဇ္ဇန၊ စသည်အပြား၊ ၁၆-ပါးကား၊ ဖြစ်ငြားအဟိတ်၊
မိုလ်ကင်းစိတ်၊ မှတ်ရိပ် မယှဉ်၊ ဝီရိယင်။

---

## ၅-ပီတိ သမ္ပယောဂနည်း

၁၇။ ။ပီတိ ဒေါမနဿုပေက္ခာ သဟဂတ ကာယဝိညာဏ
စတုဒ္ဒသုမျာနုဝဇ္ဇိတစိတ္တေသု၊

သင်္ဂြိုဟ်ပါဠိ။

---

ပီတိစေတသိက် သည် စိတ်အကျယ် ၁၂၁-ပါးတို့တွင် ဒေါသမူ၂၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅၊ ကာယဝိညာဏ်၂၊ စတုတ္ထဈာန် ၁၁-ပါး အားဖြင့် ၇၀-သောစိတ်တို့ကို ကြဉ်၍ ကျန်သော ၅၁-ပါးသော စိတ်တို့၌သာ ယှဉ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ပီတိစေတသိက် သည် ၇၀-သောစိတ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်းဟူမူ။ ဆိုအပ်ခဲ့ပြီးသော ၇၀-သောစိတ်တို့တွင် ဒေါသမူ၂၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တို့ကား ပီတိနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် မယှဉ်။ ။သုခသဟဂုတ် ကာယဝိညာဏ်စိတ်ကား သုခဝေဒနာပင် ဖြစ်သော်လည်း ကိုယ်၌ ဖြစ်သော ကာယိက ဝေဒနာ ဖြစ်၍ ပီတိကား

စိတ်၌ ဖြစ်သော မာနသိကဖြစ်သောကြောင့် မယှဉ်။ ။**ဥပေက္ခာသဟဂုတ်** စိတ် ၅၅-ပါးတို့ကား ဥပေက္ခာဝေဒနာနှင့် အမြဲဖြစ်၏။ပီတိကား သောမနဿဝေဒနာနှင့် အမြဲဖြစ်သောကြောင့် တကွဖြစ်သော ဝေဒနာချည်း မတူရကား မယှဉ်။ ။**ဒေါသ မူလ ချာန်စိတ်** ၁၁-ပါးတို့ကား ပီတိကို ဘာဝနာအစွမ်းဖြင့် ပယ်အပ်သောကြောင့် မယှဉ် ဟု မှတ်။

---

## ဆောင်ပုဒ်

ကာ။ ။ဒေါ ဒွေ ဒုက်ကာ၊ဆန့်ကျင်ရာ၊ယှဉ်ကွာ ပီတိနှင့်။

ခ။ ။သု-ကာဝိညာဏ်၊ ကာယိကံ၊အမှန်ကင်းဝေး ပီတိနှင့်။

ဂ။ ။ဥပေက္ခာဟူ၊ ဝေ-မတူ၊ကင်းမှု ပီတိနှင့်။

ဃ။ ။စတုတ်ဈာန်ကား၊ ပယ်ခွါထား၊ ကင်းခြား ပီတိနှင့်။

---

## ဆန္ဒ သမ္ပယောဂနည်း

၁၀။ ။ဆန္ဒော အဟေတုက မောမူဟ ဝဇ္ဇိတ ဧကူနသတ္တိ။ သင်္ဂြိုဟ်ပါဠိ။

---

**ဆန္ဒစေတသိက်** သည် စိတ် တခုယုတ်ကိုးဆယ်တို့တွင် အဟိတ်စိတ် ၁၈-ပါး၊ မောမူဟစိတ် ၂-ပါးအားဖြင့် ၂၀-သော စိတ်တို့ကို ကြဉ်၍ ကျန်သောတခုယုတ် ခုနစ်ဆယ်သော စိတ်တို့၌ယှဉ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**ဆန္ဒစေတသိက်** သည် အဘယ့်ကြောင့် အဟိတ်စိတ်နှင့် မောမူဟ စိတ် ၂-ပါးတို့နှင့် မယှဉ်ပါသနည်းဟူမူ။ ။ဆန္ဒသည် အလိုရှိသော သဘောမျိုး ဖြစ်၍ အဟိတ်စိတ် မောမူဟစိတ်တို့ကား အလိုဆန္ဒ ကင်းသောကြောင့် မယှဉ် ဟု မှတ်။

ဤပကိဏ်း စေတသိက်တို့တွင် ဝိတက်,ဝိစာရ,ပီတိ စေတသိက် သုံးပါးတို့သည် ဈာန်အင်္ဂါ စေတသိက်များ ဖြစ်သောကြောင့် ဈာန်ပွါးအပ်သော စိတ်အကျယ် ၁၂၁-ပါးသော စိတ်တို့၌ ယှဉ်မှု, ကြဉ်မှုကို ပြအပ်

ကုန်၏။ ။အဓိမောက္ခ,ဝီရိယ,ဆန္ဒ ဤစေတသိက် သုံးပါးတို့သည်ကား ဈာန်အင်္ဂါထိုက်သော တရားများ မဟုတ်သဖြင့် ဈာန်မပွါးသော စိတ် အကျဉ်း တခုယုတ် ကိုးဆယ်တို့၌သာ ယှဉ်မှု, ကြဉ်မှုကို ပြအပ်ကုန်၏ဟု သိ။

အဟေတုကာ မောမူဟစိတ္တာနံ ကတ္တုကမျတာ
သဘာဝရဟိတတ္တာ ဆန္ဒော တေသု နုပ္ပဇ္ဇတိ။

သင်္ခေပ ဝဏ္ဏနာ။

---

ဆောင်ပုဒ်

အလိုဆန္ဒ၊ ကင်းစင်ပ၍၊မောဟ အဟိတ်၊ ယင်းသည့် စိတ်တွင်၊ ဆန်-မယှဉ်၊မြဲပင် မှတ်ကုန်လင့်။

---

၁၉။ ။တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ။

ဆသဋ္ဌိ ပဉ္စပညာသ၊ ဧကာဒသ စ သောဠသ။
သတ္တတိ ဝီသတိ စေဝ၊ ပကိဏ္ဏကဝိဝဇ္ဇိတာ။ ။
ပဉ္စပညာသ ဆသဋ္ဌိ၊ ဋ္ဌသတ္တတိ တိသတ္တတိ။
ဧကပညာသ စေကူန၊ သတ္တတိ သပကိဏ္ဏကာ။ ။

သင်္ဂြိုဟ်ပါဠိ။

---

*ပကိဏ်းစေတသိက် ခြောက်ပါးတို့နှင့် ယှဉ်,မယှဉ်သော စိတ်တို့သည် အစဉ်အတိုင်း ဝိတက် မယှဉ်သော စိတ်ကား ၆၆-ပါး။ ။ဝိစာရ မယှဉ် သော စိတ်ကား ၅၅-ပါး။ ။အဓိမောက္ခ မယှဉ်သောစိတ်ကား ၁၁-ပါး၊ ဝီရိယ မယှဉ်သောစိတ်ကား ၁၆-ပါး။ ။ပီတိ မယှဉ်သောစိတ်ကား ၇၀၊ ဆန္ဒ မယှဉ်သော စိတ်ကား ၂၀-ဖြစ်သတည်း။

*ဝိတက် ယှဉ်သောစိတ်ကား ၅၅-ပါး။ ။ဝိစာရ ယှဉ်သောစိတ်ကား ၆၆-ပါး။ အဓိမောက္ခ ယှဉ်သောစိတ်ကား ၇၈ ပါး၊ ။ဝီရိယ ယှဉ်သော

စိတ်ကား ၇၃-ပါး။ ။ဝီတိ ယှဉ်သော စိတ်ကား ၅၁-ပါး။ ။ဆန္ဒ ယှဉ်သော စိတ်ကား ၆၉-ပါး ဖြစ်သတည်း။

ဤကား ပိဏ္ဍတ္ထ။

ဤသို့လျှင် သဗ္ဗစိတ္တသာဓာရဏ သမ္ပယောဂနည်း တပါး။ ။ပကိဏ်း စေတသိက် သမ္ပယောဂနည်း ခြောက်ပါးအားဖြင့် အညသမာန်း စေတသိက်၌ သမ္ပယောဂနည်း ၇-ပါး ဖြစ်၏။

---

**ပကိဏ်း စေတသိက် သရုပ်ခွဲ**

ဝိတက်နှင့်သာ ယှဉ်၍ ဝိစာရနှင့် မယှဉ်သော စိတ်မရှိ၊ဝိစာရနှင့်သာ ယှဉ်၍ ဝိတက်နှင့် မယှဉ်သောစိတ် ဒုတိယဈာန် ၁၁-ပါး။ ။နှစ်ပါးစုံ ယှဉ်သောစိတ် ၅၅-ပါး။ ။နှစ်ပါးစုံ မယှဉ်သောစိတ် ၅၅-ပါး။

---

**တနည်း**။ ။ဝိတက်နှင့်သာ ယှဉ်သည်ဖြစ်၍ အဓိမောက္ခနှင့်မယှဉ်သော စိတ် ဝိစိကိစ္ဆာစိတ် တပါးသာတည်း။ ။အဓိမောက္ခသာ ယှဉ်သည် ဖြစ်၍ ဝိတက်မယှဉ်သောစိတ် ၅၆-ခု။ ။နှစ်ပါးလုံးယှဉ်သောစိတ် ၅၄-ခု။ ။ နှစ်ပါးလုံး မယှဉ်သောစိတ် ၁၀။

---

**တနည်း**။ ။ဝိတက်နှင့်သာယှဉ်၍ဝီရိယနှင့်မယှဉ်သောစိတ် ၆-ခု။ ။ ဝီရိယနှင့်သာ ယှဉ်၍ ဝိတက် မယှဉ်သော စိတ် ၅၆-ခု။ ။နှစ်ပါးလုံး ယှဉ်သောစိတ် ၄၉-ခု။ ။နှစ်ပါးနှင့် မယှဉ်သောစိတ် ၁၀။

---

ဝိတက်နှင့်သာယှဉ်၍ ပီတိနှင့် မယှဉ်သောစိတ် ၂၆-ပါး။ ။ပီတိနှင့်သာ ယှဉ်၍ ဝိတက်နှင့် မယှဉ်သောစိတ် ၂၂။ ။နှစ်ပါးလုံးနှင့် ယှဉ်သော စိတ် ၂၉-ခု။ ။နှစ်ပါးလုံးနှင့် မယှဉ်သောစိတ် ၄၄-ခု။

---

ဝိတက်နှင့်သာ ယှဉ်၍ ဆန္ဒနှင့် မယှဉ်သောစိတ် ၁၀။ ။ဆန္ဒနှင့်သာ ယှဉ်၍ ဝိတက်နှင့် မယှဉ်သောစိတ် ၅၆-ခု။ ။နှစ်ပါးလုံးနှင့် ယှဉ်သော စိတ် ၄၅-ခု။ ။နှစ်ပါးလုံးနှင့် မယှဉ်သောစိတ် ၁၀။

ဤသို့ စသည်ဖြင့် ဝိစာရကို မူတည်၍ အဓိမောက္ခကို မူလီသွတ်ခါ

အဓိမောက္ခကို မှတည်၍ ဝီရိယကို မှုလီသွတ်ခါ။ ။ဝီရိယကို မှုတည်၍ ပီတိကို မှုလီသွတ်ခါ။ ။ပီတိကို မှုတည်၍ ဆန္ဒကို မှုလီသွတ်ခါ ခွဲစစ်လေ။

အညသမာန်း စေတသိက် သမ္ပယောဂနည်း ပြီးပြီ။

---

## အကုသိုလ် စေတသိက် သမ္ပယောဂနည်း

၂၀။ ။အကုသလေသု ပန မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စဉ္စာတိ စတ္တာရောမေ စေတသိကာ သဗ္ဗာကုသလ သာဓာရဏာနာမ၊ သဗ္ဗေသုပိ ဒွါဒသာ ကုသလေသု လဗ္ဘန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

အကုသိုလ် စေတသိက် ၁၄-ပါး တို့တွင် မောဟ, အဟိရိက, အနောတ္တပ္ပ,ဥဒ္ဓစ္စ-ဟူသော ဤလေးပါးသော စေတသိက် တို့သည် သဗ္ဗာ ကုသလသာဓာရဏ စေတသိက် မည်ကုန်၏။ ။ဋင်းသဗ္ဗာကုသလသာဓာ ရဏစေတသိက်တို့သည် အကုသိုလ်စိတ်၌ အမြဲယှဉ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### အကုသလ သာဓာရဏ အဓိပ္ပါယ်

ဤ မောဟ-စသော စေတသိက် လေးပါးတို့သည် အဘယ့်ကြောင့် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်ကြပါသနည်း ဟူမူ။ ။အချို့သော အန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ပါဏာတိပါတစသော အကုသိုလ်ကို ပြုကျင့်ကြသောအခါ အကုသိုလ်၏ အကျိုး အပြစ် ငရဲ၏ ဘေးဒုက္ခ အပြစ်တို့ကို မမြင်မသိသော မောဟကြောင့်လည်း ပြုကြ၏၊ အပြစ်ကိုပင် သိမြင်ငြားသော်လည်း အကုသိုလ်မှ မစက်ဆုပ် တတ်သော အဟိရိက ကြောင့် သော်လည်း ပြုကျင့် ကြကုန်၏။ အကုသိုလ်မှ မလန့်သော အနောတ္တပ္ပကြောင့်လည်း ပြုကျင့်ကြကုန်၏။ အကုသိုလ်မှ လန့်ငြားသော် လည်း မငြိမ်သက်သော သဘောရှိသော ဥဒ္ဓစ္စကြောင့်လည်း ပြုကျင့်ကြ ကုန်၏။ ဤသို့လျှင် အလုံးစုံသော အကုသိုလ် စိတ်တို့၏ ဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ အမြဲ

ယှဉ်ကုန်၏။ ဤစေတသိက်တို့မှတပါး အကြောင်းရင်း ဖြစ်သော အကုသိုလ်စေတသိက်မည်သည် မရှိပေ၊ အကုသိုလ်စိတ် ၁၂-ပါး၌ အမြဲယှဉ်သောကြောင့် အကုသလသာဓာရဏ စေတသိက်လည်း မည်ကုန်၏ဟုမှတ်။

ယော ဟိ ကောစိ ပါဏာတိပါတာဒိသု ပဋိပဇ္ဇတိ။သော သဗ္ဗောပိ မောဟေန တတ္ထ အနာဒီနဝဒဿာဝီ အဟိရိကေန တတော အဇိဂုစ္ဆန္တော အနောတ္တပ္ပေန အနောတ္တပ္ပန္တော ဥဒ္ဓစ္စေန အဝူပသန္တော စ ဟောတိ၊တသ္မာ တေ သဗ္ဗာ ကုသလေသု ဥပလဗ္ဘတိ။

ဋီကာကျော်။

---

ဆောင်ပုဒ်

က။ ။ခမ်သိမ်း ဥဿုံ၊လုံးစုံအကု၊ဖြစ်မှုကြောင်းရင်း၊ ဤ လေးခင်း၊ မှတ်မင်း-အကုဓာရဏ်။

ခ။ ။ထို့ကြောင့် ဤစေ၊အမြဲပေ၊ယှဉ်လေ-အကုတွင်။

---

**လောဘ,ဒိဋ္ဌိ,မာန,စေတသိက် သမ္ပယောဂနည်း**

၂၁=၂၃။ ။လောဘော အဋ္ဌသု လောဘ သဟဂတစိတ္တေသွေဝ လဗ္ဘတိ။ဒိဋ္ဌိ စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု မာနော စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု။

သင်္ဂြိုဟ်ပါဠိ။

---

လောဘ စေတသိက်သည် လောဘမူစိတ် ၈-ခုတို့၌ ယှဉ်၏၊ ဒိဋ္ဌိ စေတသိက်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၌သာ ယှဉ်၏၊ မာန စေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါးတို့၌သာ ယှဉ်၏။ ။*လဗ္ဘတိ ပါဠိအရ ရအပ်သည်ဆိုသည်နှင့် ယှဉ်သည်ဆိုရာမှာ ဤအရာဝယ် အဓိပ္ပါယ် အတူတူမှတ်။

ဤကား ဝိဂ္ဂဟတ္ထ။

---

လောဘမူစိတ်၌ လောဘစေတသိက် ယှဉ်မှု၏အဓိပ္ပါယ်ကား ပေါ်လွင်သိသာပြီ။ ဒိဋ္ဌိနှင့် မာန စေတသိက်တို့သည် အဘယ်ကြောင့် ဒေါသမူစသည်၌မယှဉ်ပါဘဲ လောဘမူ စိတ်၌သာ ယှဉ်ကြပါသနည်းဟူမူ။ ။၎င်း ဒိဋ္ဌိနှင့် မာနစေတသိက်တို့သည် ခန္ဓာငါးပါးတို့၌ သာယာ နှစ်သက် ခင်မင်တွယ်တာမှုကို အရင်းပြု၍ ဖြစ်ပေါ်လာသော တရားများ ဖြစ်ကြသောကြောင့် လောဘမူ စိတ်၌သာ ယှဉ်ကုန်၏။ ။ဟူလို။

ထိုသို့ဖြစ်ပါက ၎င်းစေတသိက် ၂-ပါးတို့သည် အတူတကွ အဘယ်ကြောင့် မယှဉ်ကြပါသနည်းဟူမူ။ ။ဒိဋ္ဌိသည် ခန္ဓာငါးပါးတို့၌ ငါသူတပါးယောကျ်ား မိန်းမ စသည်ဖြင့် အတ္တဇီဝ ပုဂ္ဂလ ဟူသောအယူကို မြဲမြံစွာ ယူပြီးလျှင် ထို ငါထင်သော အတ္တဇီဝသည် မြဲ၏ စသော အမြင်မှား, အယူမှားသည် အစွမ်းဖြင့်သာ ဖြစ်၏။ ငါတကားဟု ထောင်လွှားသည် အစွမ်းဖြင့် မဖြစ်ပေ။ ။မာနသည်ကား ခန္ဓာငါးပါးတို့၌ ငါ ငါဟူသောအယူကို မြဲမြံစွာ မှတ်ယူပြီးလျှင် ထိုယူမြဲသောအတိုင်း ငါသည် မြတ်၏၊ငါသည် ဂုဏ်ရှိ၏၊ငါသည် ဘုန်းကြီး၏ စသော အထင်မှားဖြင့် တက်ကြွား မော်မောက်သော အစွမ်းဖြင့်ဖြစ်၏။ ငါသည် မြဲ၏ စသော ဒိဋ္ဌိအစွမ်းဖြင့် မဖြစ်၊ ဤသို့လျှင် ခန္ဓာ ကိုယ်၌ သာယာမှုခြင်း တူသော်လည်း နှလုံးသွင်းပုံ, သုံးသပ်ပုံခြင်းမတူ ကွဲပြားသောကြောင့် ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသဟဂုတ်၌သာ ယှဉ်၍ မာနကား ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်တို့၌ ယှဉ်ပေ၏-ဟုမှတ်။ ။ ထိုကြောင့် ထိုဒိဋ္ဌိမာန စေတသိက် ၂-ပါးတို့သည် ကေသရာဇာ ခြင်္သေ့မင်း ၂-ပါးနှင့် တူကုန်၏။ ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် တဂူတည်း၌ ခြင်္သေ့မင်း ၂-ပါး အတူမနေဘိသကဲ့သို့တည်း။

မာနဿ ဒိဋ္ဌိသဒိသာ ပဝတ္တိ၊ တထာဟိ သော အဓိ
ပတိဝိယ အညာဓိပတိနာ။ဒိဋ္ဌိယာ သဟန ပဝတ္တတိ။

အနုဋီကာ။

ကေသရသီဟောဝိယ အပရေန တထာဝိဓေန သဟ
ဧကဂုဟာယံ။

ဋီကာကျော်။

———

## ဆောင်ပုဒ်

က။ ။ဒိ,မာ-နှစ်ပါး၊ခန္ဓာငါးရပ်၊တွယ်တာတတ်၊ယှဉ်လတ် လောဘမူ။
ခ။ ။နှလုံးသွင်းဟုန်၊ ကွဲပြားတုံ၊ ယှဉ်ပုံ-သူမတူ။

---

## ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ စေတသိက်-သမ္ပယောဂနည်း

၂၄။ ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စဉ္စာတိ ဒွိသု ပဋိဃသမ္ပယုတ္တစိတ္တေသု။

သင်္ဂြိုဟ်ပါဠိ။

---

ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် ၄-ပါးတို့သည် ဒေါသမူ ပဋိဃသမ္ပယုတ်စိတ် ၂-ပါး၌ အမြဲယှဉ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ဒေါသစေတသိက်သည်ကား ဒေါသမူစိတ်၌ ယှဉ်သည်ကား သင့်၏၊ ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စတို့သည် အဘယ့်ကြောင့် ဒေါသမူဒွေ၌ ယှဉ်နိုင်ပါသနည်းဟူမူ။ ။ဣဿာ စေတသိက်ဖြင့် သူတပါး၏ စည်းစိမ် ဥစ္စာကို ငြူစူသော ပုဂ္ဂိုလ်တို့အားရင်း၊ မစ္ဆရိယ စေတသိက်ဖြင့် မိမိ စည်းစိမ်ဥစ္စာကို နှမြော ဝန်တိုသော ပုဂ္ဂိုလ်အားရင်း၊ ကုက္ကုစ္စစေတသိက်ဖြင့် ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်သေးသော သုစရိုက်တို့ကို အဘန်ဘန်စိုးရိမ်သော ပုဂ္ဂိုလ်အားရင်း၊ ထိုထိုအာရုံ၌ ထိပါးသော အစွမ်းဖြင့် ဖြစ်သောကြောင့် ဒေါသမူပဋိဃသမ္ပယုတ်စိတ်၌သာယှဉ်ကြကုန်၏—ဟု မှတ်။

တတ္ထ တတ္ထ ပဋိဟနနဝသေန ပဝတ္တနတော ဣဿာ
မစ္ဆရိယ ကုက္ကုစ္စာနိ ပဋိဃစိတ္တေသွေဝ။

ဋီကာကျော်။

---

## ဆောင်ပုဒ်

ငြူစူ ဝန်တို၊ အလိုလိုဖြစ်၊ သဘော စစ်ကား၊
ထိပါးသောစွမ်း၊ ဖြစ်သည့်လမ်း၊ ယှဉ်ဆန်း ပဋိဃ။

## ထိန,မိဒ္ဓ ဝိစိကိစ္ဆာ စေတသိက် သမ္ပယောဂနည်း

၂၅။ ။ထိနမိဒ္ဓံ ပဉ္စသု သသင်္ခါရိကစိတ္တေသု။
၂၆။ ။ဝိစိကိစ္ဆာ ဝိစိကိစ္ဆာသဟဂတစိတ္တေယေဝါတိ။
သင်္ဂြိုဟ်ပါဌ်။

———

ထိန,မိဒ္ဓ စေတသိက် ၂-ပါးတို့သည် သသင်္ခါရိကစိတ် ၅-ပါးတို့၌ ယှဉ်ကုန်၏။ ။ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာ ယှဉ်၏။ ။ဟူသို။ ဤကား ပိဏ္ဍတ္ထ။

ထိန စေတသိက်, မိဒ္ဓ စေတသိက် ၂-ပါးတို့သည် အဘယ်ကြောင့် အသင်္ခါရိက စိတ်၌ မယှဉ်ပါသနည်း ဟူမူ။ ။ထိန စေတသိက်, မိဒ္ဓ စေတသိက်တို့ သဘောသည် ထိုင်းမှိုင်း ထုံပေခြင်း, တစုံတခုသော အမှုကို ပြုခြင်းငှါ မခံ့သော သဘောရှိကြသည်ဖြစ်၍ သဘောအားဖြင့် ထက်သော သဘောရှိသော အသင်္ခါရိကစိတ်၌ သဘောချင်း မတူသောကြောင့် မယှဉ်နိုင်၊ ထိုင်းမှိုင်းထုံပေ၍ တိုက်တွန်း နှိုးဆော် ပြုနိုင်ပါမှ ဖြစ်ရသော သသင်္ခါရိက စိတ်မျိုး၌သာ သဘောချင်း တူသောကြောင့် ယှဉ်နိုင်၏-ဟု မှတ်။ ။ (ဝိစိကိစ္ဆာကား ပေါ်လွင်ပြီ)။

အကမ္မညတာ ပကတိကာယ၊ တထာ သဘာဝ တိက္ခေသု
အသင်္ခါရိကေသု ပဝတ္တနာယောဂတော။ ။ဋီကာကျော်။

———

ဆောင်ပုဒ်

သဘောထုံပ၊ထိ-မိဒ္ဓကား၊တက်ကြွ အ-သင်၊ မြဲမယှဉ်၊ယှဉ်လေ-သသင်္ခါ။

———

၂၇။ ။သဗ္ဗာပုညေသု စတ္တာရော၊ လောဘမူလေ တယောဂတာ။
ဒေါသမူလေသု စတ္တာရော၊သသင်္ခါရေ ဒွယံ တထာ။
ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ၊ စိတ္တေစာတိ စတုဒ္ဒသ။
ဒွါဒသာ ကုသလေသွေဝ၊သမ္ပယုတ္တာ ပကာသိတာ ပဉ္စဓာ။ ။
သင်္ဂြိုဟ်ပါဌ်။

———

၁-အကုသလသာဓာရဏ စေတသိက် လေးပါးတို့သည် အလုံးစုံသော အကုသိုလ်စိတ်၌ ယှဉ်သော သမ္ပယောဂနည်း တပါး။ ။၂-လောဘ,

ဒိဋ္ဌိ,မာန စေတသိက်တို့သည် လောဘမူ စိတ်၌ ယှဉ်သော သမ္ပယောဂ နည်းတပါး။ ။၃-ဒေါသ, ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် လေးပါး တို့သည် ဒေါသမူစိတ်၌ယှဉ်သော သမ္ပယောဂနည်းတပါး။ ။၄—ထိန, မိဒ္ဓ စေတသိက် ၂-ပါးသည် သသင်္ခါရိကစိတ်ငါးပါး၌ ယှဉ်သော သမ္ပယောဂ နည်း တပါး။ ။၅-ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာစိတ်၌ယှဉ်သော သမ္ပယောဂနည်းတပါး။ ။ဤသို့လျှင် ၁၄-ပါးသော အကုသိုလ်စေတသိက် တို့သည် အကုသိုလ်စိတ် ၁၂-ပါး၌ ငါးပါး အပြားအားဖြင့် ယှဉ်ကုန်၏။ ဟူလို။ ။အကုသိုလ်စေတသိက်၏ သမ္ပယောဂနည်းကား ၅-ပါး အပြား ရှိ၏-ဟု ဆိုလိုသည်။ ဤကား ဝိဂ္ဂဟတ္ထ။

အကုသိုလ် စေတသိက် သမ္ပယောဂနည်း အဘွင့် ပြီး၏။

—— ——

## သောဘဏသာဓာရဏ စေတသိက် သမ္ပယောဂနည်း

၂၈။ ။သောဘဏေသု ပန သောဘဏာ သာဓာရဏာ တာဝ ဧကူနဝီသတိမေ စေတသိကာ သဗ္ဗေသုပိ ဧကူနသဋ္ဌိ သောဘဏစိတ္တေသု သံဝိဇ္ဇန္တိ။

သဂြိုဟ်ပါဌ်။

—— ——

သောဘဏ စေတသိက်တို့တွင် သောဘဏသာဓာရဏ စေတသိက် ၁၉-ပါးတို့သည် ၅၉-ပါးသော သောဘဏ စိတ်တို့၌ယှဉ်ကုန်၏။ ။ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

—— ——

## ဝိရတိစေတသိက် သမ္ပယောဂနည်း

၂၉။ ။ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ။ လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံဝိသုံ။

သဂြိုဟ်ပါဌ်။

—— ——

ဝိရတိ စေတသိက် ၃-ပါးတို့သည် လောကုတ္တရာစိတ် ၈-ခုနှင့် လောကီ ကာမာဝစရကုသိုလ် ၈-ပါးအားဖြင့် ၁၆-ပါးသောစိတ်တို့၌ ယှဉ်

ကုန်၏။ထိုကုသိုလ် ၂-ရပ်တို့တွင် လောကုတ္တရာ ကုသိုလ်၌ အချင်းခပ်သိမ်း အမြဲယှဉ်၏၊ လောကီကာမာဝစရကုသိုလ်စိတ်၌ကား ရံခါမျှသာ အသီးသီး ယှဉ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## သဗ္ဗထာ အဓိပ္ပါယ်

လောကီ၌ဖြစ်သော သမ္မာဝါစာ စသော ဝိရတီသည် အလုံးစုံသော ဝစီဒုစရိုက် လေးပါးတို့ကို တပြိုင်နက် တခါတည်း မပယ်နိုင်ချေ၊ မုသာဝါဒ ဝိရတီသည် မုသာဝါဒ ဒုစရိုက်ကိုသာ ပယ်နိုင်၏၊ ပိသုဏာဝါစာ ဒုစရိုက် စသည်ကိုကား မပယ်နိုင်၊ မုသာဝါဒ ဒုစရိုက်ကို ပယ်၏ ဆိုသော်လည်း တဒင်္ဂစသည်၏ အစွမ်းဖြင့်သာ ပယ်နိုင်၏၊ အနုသယနှင့်တကွ အမြစ်အရင်းကို တပါးတည်း ပျက်စီးအောင် မပယ်နိုင်ပေ။ ။(ကြွင်း ဝိရတီတို့၌လည်း ဤနည်းတူသိ)။ ။လောကုတ္တရာ၌ကား တကြိမ်မျှဖြစ်သော သမ္မာဝါစာ ဝိရတီသည် အလုံးစုံသော ဝစီဒုစရိုက် လေးပါးတို့ကို တပါးမကျန် အမြစ်မူလ အနုသယနှင့်တကွ ပယ်စွန့်နိုင်၏၊ တကြိမ်မျှသာဖြစ်သော သမ္မာကမ္မန္တ ဝိရတီသည်လည်း အလုံးစုံသော ကာယကံ ၃-ပါးတို့ကို တပါးမကျန် အမြစ်မူလ အနုသယနှင့်တကွ ပယ်စွန့်နိုင်၏၊ တကြိမ်မျှဖြစ်သော သမ္မာ အာဇီဝ ဝိရတီသည်လည်း အလုံးစုံကုန်သော အသက်မွေး ဝမ်းကြောင်း ဖြစ်ကုန်သော ကာယဝစီ ဒုစရိုက်တို့ကို တပါးမကျန် ဒႏ မြစ်မူလ အနုသယ နှင့်တကွ ပယ်စွန့်နိုင်၏။ ဤသို့လျှင် ဝိရတီ ၃-ပါး တို့သည် ခပ်သိမ်း ကုန်သော ဒုစရိုက် ဒုရာဇီဝ တရားတို့ကို တကြိမ်တခါတည်း မကြွင်းမကျန် စေမူ၍ ပယ်စွန့်နိုင်၏ဟူသော အဓိပ္ပါယ်ကို သဗ္ဗထာ-ဟူသော ပါဌ်ဖြင့် ပြတော်မူ၏-ဟု မှတ်။

န ဟိ လောကိယေသု ဝိယ လောကုတ္တရေသုပိ မုသာဝါဒါ ဒိနံ ဝိသုံဝိသုံ ပဟာနဝသေန ပဝတ္တိ ဟောတိ၊သဗ္ဗေသမ္ပိ ဝ ဒုစ္စရိတ ဒုရာဇီဝါဒီနံ တေန တေန မဂ္ဂေန ။ပ။အဂတ္တာယ ပဟာန ဝသေန ဧကက္ခဏေ သမုစ္ဆိန္ဒနတော ။

ဋီကာကျော်။

## သဘောင်းခဲ

ဒုစရိုက်ကုန်၊တဟုန်တည်းသာ၊ပယ်စွန့်ပါ၊မိန့်ရာ-သဗ္ဗထာ။

---

## ကာဒါစိ နိယတာ အဓိပ္ပါယ်

လောကီ၌ကား ဝင်းဝိရတိ ၃-ပါး တို့သည် တရံတခါသာ ဖြစ်ကုန်၏။ ထိုစကားမှန်၏၊ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ရံခါ ဒါန ကုသိုလ်, ရံခါ ဘာဝနာ ကုသိုလ်, ရံခါ ဓမ္မဿဝန ကုသိုလ်, ရံခါ သီလ ကုသိုလ် စသည်တို့သို ပြုကုန်၏။ ဤသို့လျှင် လောကီ၌ တရံတခါသာ ဝိရတိ ဖြစ်သောကြောင့် ကဒါစိ-ဟု မိန့်တော်မူရ၏။ ။လောကုတ္တရာ၌ကား ထိုသို့မဟုတ် သမုစ္ဆေဒပ္ပဟာန်ဖြင့် တခါတည်း ဒုစရိုက် ဒုရာဇီဝ တရားတို့ကို ပယ်ဖြတ်အပ်သော ကြောင့် မဂ်ကိုရသည့်ကစ၍ အမြဲမပြတ် သီလ၌တည်နေရကား အမြဲမပြတ် ဝိရတိ ယှဉ်နေလေ၏။ ။ထို့ကြောင့် လောကုတ္တရာ၌ နိယတာ-ဟု မိန့်တော် မူရဘိသော်။

> နိယတာတိ ဣမိနာပိ လောကိယေသု ဝိယ
> ကဒါစိ သမ္ဘဝံ နိဝါရေတိ။
>
> ဋီကာကျော်။

---

## သဘောင်း ခဲ

ကာ။ ။ရံခါသာလျှင်၊ဖြစ်သောအင်၊မိန့်ရှင်-ကဒါစိ။
ခ။ ။သမုစ္ဆေဒ၊ပယ်စွန့်ချ၊နိစ္စသီလင်၊မြဲဝိယှဉ်၊မိန့်တွင်-နိယတာ။

---

## ဝိသုံဝိသုံ ဧကတော အဓိပ္ပါယ်

လောကီ၌ ဝိရတိတို့သည် ဖြစ်ကြသည်ရှိသော် အာရုံ ပြားသောကြောင့် သမ္မာဝါစာဖြစ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝ မဖြစ်နိုင်၊ သမ္မာကမ္မန္တ ဖြစ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝ မဖြစ်နိုင်၊ သမ္မာအာဇီဝ ဖြစ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တ-မဖြစ်နိုင်ချေ။ ဤသို့ တခုဖြစ်ခိုက်၌ တခု မဖြစ်

နိုင်သောကြောင့် **ဝိသုံဝိသုံ** ဟူ၍ငင်း၊နာနာ ဟူ၍ငင်း မိန့်ဆိုတော်မူအပ်ပါ သတည်း။

လောကုတ္တရာ၌ကား အာရုံမပြား နိဗ္ဗာန်ဟူသော အာရုံတပါးတည်း ကိုသာ အာရုံပြု၍ ဖြစ်ကုန်သောကြောင့် ဝိရတီ ၃-ပါးတို့သည် တပေါင်း တည်းသာဖြစ်ကုန်၏။ ။ထိုကြောင့် **ဧကတော** ဟု မိန့်ဆိုတော် မူဘိသော်။

ဝိတိက္ကမိတဗ္ဗဝတ္ထုသင်္ခါတာနံ အတ္တနော အာရမ္မဏာနံ သမ္ဘာဝါပေက္ခတ္တာ ဝုတ္တံ ဝိသုံ ဝိသုန္တိ။

ဋီကာကျော်။

ကေမဂ္ဂင်္ဂေန ကာယဒုစ္စရိတာဒိနံ ကေပ္ပဟာရေန သမုစ္ဆိန္ဒ နတော၊ ဖလင်္ဂေန စ တပ္ပဋိပ္ပဿမ္ဘနတော နိယတာ ကေ တော လဗ္ဘန္တိ။

သင်္ခေပဝဏ္ဏနာ။

---

### ဆောင်ပုဒ်

က။ ။အာရုံပြား၍၊တပါးစီသာ၊ဖြစ်သည်တာ၊မှတ်ပါ-ဝိသုံတည်း။

ခ။ ။နိဗ္ဗာန် အာရုံ၊လုံးစုံပြုခါ၊၃-ဖြာ ဝိရတီ၊ပေါင်းအညီ၊ဖြစ်တည်-ကေတော။

---

### အမေး အဖြေ

မေး။ ။လောကီ၌ကား ကာမာစဝရ ကုသိုလ်၌သာ ယှဉ်၏၊ ကာမာ ဝစရဝိပါက် ကြိယာတို့၌ကား မယှဉ်ဟု ဆို၏၊ အကြောင်း အသို့ပါနည်း။

ဖြေ။ ။ကေန္တကုသလ သဘာဝတ္တာ။ ။ဋီကာ ဟိတ်ပါဌ် အရ၊ ဝိရတီ၏ သဘောသည် စင်စစ်ကေန် ကုသိုလ်သဘော မှန် သောကြောင့် ကုသိုလ် မဟုတ်သော ဝိပါက် ကြိယာတို့၌ မယှဉ်ဟု မှတ်။

မေး။ ။ထိုသို့ ကုသိုလ်သဘောရှိသည်ဆိုပါက မဟဂ္ဂုတ်ကုသိုလ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

ဖြေ။ ။မဟဂ္ဂုတ် ကုသိုလ် ဟူသည် ကာယကံ ဝစီကံတို့ကို သုမ်သင်

သည်၏ အစွမ်း ဖြင့်၎င်း၊ ဒုစရိုက်, နရာဇီဝ-တို့ကို ပယ်သည်၏ အစွမ်းဖြင့်၎င်း ဖြစ်ပေါ်လာသည် မဟုတ်ချေ။စင်စစ်သော်ကား သီလဝိသုဒ္ဓိဖြစ်ပြီးသော ယောဂီပုဂ္ဂိုလ်အား သက်သက်စိတ်ကို ဆောက်တည်ရုံ, သမာဓိ ရရုံမျှဖြင့် မဟဂ္ဂုတ် ဈာန် ကုသိုလ် ဖြစ်ပေါ်လာ၍ ဝိရတိ၏ အရာမဟုတ်၊ပယ်ခွင့် စွန့်ခွင့်မရှိသော ကြောင့် မဟဂ္ဂုတ် ကုသိုလ်၌လည်း ဝိရတိ မယှဉ်ဟုမှတ်။

သီလဝိသောဓနေဝသေန ပန သုသောဓိတ ကာယဝစီ
ပယောဂဿ စိတ္တသမာဓာန မတ္တေန ပဝတ္တန္တိ။

သင်္ခေပဝဏ္ဏနာ။

---

**ဆောင်ပုဒ်**

က။ ။ဝိရတိမှာ၊ကုသိုလ်သာ၊ယှဉ်ကွာ ၈-ကြိ။

ခ။ ။စိတ်တည်ရုံမျှ၊ ဈာန် ဖြစ်ရ၍၊ ကင်းပ-ဝိအင်၊ မရှိနှင်၊ မယှဉ်-၈-မဟင်။

---

**အပ္ပမညာ စေတသိက် သမ္ပယောဂနည်း**

၃၀။ ။အပ္ပမညာယော ပန ဒွါဒသသု ပဉ္စမဇ္ဈာနဝဇ္ဇိတမဟဂ္ဂတစိတ္တေသုစေဝ၊ပ၊အဋ္ဌဝီသတိ စိတ္တေသ္ဝေဝ ကဒါစိ နာနာ ဟုတွာ ဇာယန္တိ၊ ဥပေက္ခာ သဟဂတေသု ပနေတ္ထ ကရုဏာ မုဒိတာ န သန္တီတိ ကေစိ ဝဒန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

အပ္ပမညာစေတသိက် ၂-ပါးတို့သည် ပဉ္စမဈာန်စိတ် ၁၅-ပါးသည် ကြဉ်အပ်သော ကျန်သော မဟဂ္ဂုတ်စိတ် ၁၂-ပါး တို့၌၎င်း၊ ကာမာဝစရ ကုသိုလ်စိတ် ၈-ပါးတို့၌၎င်း၊ ကာမာဝစရ ကြိယာစိတ် ၈-ပါးတို့၌၎င်း၊ ဤသို့အားဖြင့် ၂၈-ပါးသော စိတ်တို့၌ ရံခါ အသီးအသီး ယှဉ်ကုန်၏။ ။ ဤကား သမာနဝါဒတည်း။ ။ကေစိ ဆရာများကား ကာမာဝစရ ကုသိုလ်

နှင့် ကြိယာတို့တွင် ဥပေက္ခာ သဟဂုတ်စိတ် ရှစ်ခုတို့၌ မယှဉ်ဟု မိန့်ဆိုကုန်၏။ ထိုကောစိဆရာတို့ အလိုအားဖြင့် ဥပေက္ခာရှစ်ပါး ကြဉ်အပ်သော ၂၀-သော စိတ်တို့၌သာယှဉ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အပ္ပမညာ မယှဉ်သော အကြောင်း

မဟဂ္ဂုတ်စိတ်တို့တွင် အဘယ့်ကြောင့် ပဉ္စမဈာန်၌ အပ္ပမညာ မယှဉ်ပါသနည်းဟူမူ။ ။အပ္ပနာအဖြစ်သို့ ရောက်သော အပ္ပမညာ စေတသိက်တို့သည် တရံတခါမျှ သောမနဿနှင့် မကင်းသောကြောင့် ဥပေက္ခာ သဟဂုတ်ဖြစ်သော ပဉ္စမဈာန်တို့၌ မယှဉ်နိုင်သတည်း။ ။ဒုက္ခိတသတ္တဝါကို တွေ့မြင်မှသာလျှင်ကရုဏာဖြစ်၏၊ မတွေ့သောအခါ၌ ကရုဏာ မဖြစ်ချေ။ ။ သုခိတ သတ္တဝါကို တွေ့မြင်သော အခါမှသာလျှင် မုဒိတာဖြစ်၏၊ မတွေ့မြင်သည်ရှိသော် မုဒိတာ မဖြစ်သောကြောင့် ''ကာဒါစိ'' ဟုမိန့်ဆိုတော်မူရလေသတည်း။

ကရုဏာဖြစ်ခိုက်၌ မုဒိတာမဖြစ်နိုင်၊ မုဒိတာဖြစ်သော အခါ၌ ကရုဏာ မဖြစ်နိုင်ချေ။ ဤသို့ အသီးသီး တပါးတပါးစီသာ ဖြစ်နိုင်သောကြောင့် ''နာနာ''ဟုမိန့်ဆိုတော်မူ၏။(နာနာဒုမာ-၌ရှိသောနာနာသဒ္ဒါကား-ပကာရတ္ထဝါစီ၊ဤ၌ရှိသော နာနာကား ဝိသုံဝိသုံနှင့် အဓိပ္ပါယ် အတူတူ မှတ်)။

၎င်းအပ္ပမညာ စေတသိက်တို့သည် ကာမဝိပါက်စိတ်, လောကုတ္တရာစိတ်တို့၌ အဘယ့်ကြောင့် မဖြစ်ပါသနည်းဟူမူ။ ။အပ္ပမညာစေတသိက်တို့သည် ဒုက္ခိတ, သုခိတ သတ္တဝါလျှင် အာရုံရှိကုန်၏။ ။ကာမဝိပါက်စိတ်သည် ကာမကေန်အာရုံရှိ၏။လောကုတ္တရာစိတ်ကား နိဗ္ဗာန်အာရုံရှိ၏။ ဤသို့ အာရုံကွဲပြားသောကြောင့် မယှဉ်နိုင်ချေ။

> အပ္ပနာပတ္တာနံ အပ္ပမညာနံ န ကဒါစိ သောမနဿ ရဟိတာ ပဝတ္တိ အတ္ထီတိ။ ။နာနာ ဟုတွာတိ ဘိန္နာရမ္မဏတ္တာ အတ္တနော အာရမ္မဏ ဘူတာနံ သုခိတ ဒုက္ခိတသတ္တာနံ အာပါထဂမနာပေက္ခတာယ ဝိသုံဝိသုံ ဟုတွာ။

ဋီကာကျော်။

အပ္ပမညာဃော ဟိ သတ္တာရမ္မဏာ၊ ကာမဝိပါကလော
ကုတ္တရာနိ ပန ကေန္တ ပရိတ္တ နိဗ္ဗာနာရမ္မဏာနိ။
သင်္ခေပဝဏ္ဏနာ။

---

## ဆောင်ပုဒ်

ကျ။ ။အပ္ပနာတွင်၊ အပ္ပမညာ၊ သောမနာအစစ်၊ ဖြစ်သည် အတွက်၊ ယင်းဥဒပက်၊ ယှဉ်ချက်မှန်မရှိ။

ခ။ ။သနားဝမ်းမြောက်၊နှစ်ယောက်သတ္တဝါ၊တွေ့သောခါမှ၊ ဖြစ်ရာရှ-မှု၊ထို့ကြောင့်ရှု၊ မိန့်ပြုကဒါစိ။

ဂ။ ။တပါးစီသာ၊ ဖြစ်သည်တာ၊ မိန့်ပါ ဝိသုံတည့်။

---

## ကေစိဝါဒ ရှင်းချက် အဓိပ္ပါယ်

အပ္ပမညာဒွေတို့သည် ဒေါမနဿနှင့် ဆန့်ကျင်ဘက် ဖြစ်၍ ဒေါသလျှင် ဖြစ်ကြောင်းရှိကုန်သော ဝိဟိံသတရား, အရတိ တရားတို့မှ ကျွတ်လွတ် ထွက်မြောက်သော တရားဖြစ်ကုန်၍ သုတ္တန်၌ ဟောတော်မူသော အချက်ကို ထောက်၍ ဝိဟိံသာ အရတိ တရားတို့မှ ကျွတ်လွတ် ထွက်မြောက်သော သဘော၊ ဒေါသနှင့်ဆန့်ကျင်သော သဘောဖြစ်လျှင် သောမနဿသာလျှင် ဖြစ်၏။ ထို့ကြောင့် အပ္ပမညာဒွေတို့သည် အပ္ပနာသို့ ရောက်သည်ဖြစ်စေ, မရောက်သည်ဖြစ်စေ,သောမနဿနှင့်သာ ယှဉ်ထိုက်ကုန်၏။ ။ဤကား သစ္စသံခိပ်ကျမ်းပြု ရှင်ဓမ္မပါလ ဆရာ၏ အယူဖြစ်သော ကေစိဝါဒတည်း။

အဋ္ဌကထာဆရာနှင့်တကွ သမာနဝါဒ ဆရာတော်များကား အပ္ပမညာ စေတသိက်သည် အပ္ပနာသို့ ရောက်သော အပ္ပမညာ, အပ္ပနာသို့ မရောက်သော အပ္ပမညာဟူ၍ ၂-မျိုးရှိ၏၊ အပ္ပနာသို့ ရောက်သော အပ္ပမညာကား သောမနဿ ဝေဒနာနှင့်သာလျှင် တကွဖြစ်ရ၏၊ အပ္ပနာသို့ မရောက်သော အပ္ပမညာတို့သည်ကား ယေဘုယျအားဖြင့် ပကတိအခါ၌ သောမနဿ ဝေဒနာနှင့်သာ တကွဖြစ်ကုန်၏၊ အပ္ပကအားဖြင့်ကား ဥပေက္ခာနှင့် တကွ နိုင်ပါသေး၏။ ဖြစ်နိုင်ပုံကား တယောက်သောသူသည် "သဗ္ဗေသတ္တာ" စသည်ဖြင့် မေတ္တာ ကရုဏာ ဘာဝနာကို ပွားများ စီးဖြန်းသည် ရှိသော် ပွါးများစ ကာလ၌ သောမနဿ ဝေဒနာနှင့် တကွ ဖြစ်၏။

အတော်အတန် အချိန်ကာလ ရှည်လျားလာသည်ရှိသော် အနက်အဓိပ္ပါယ်ကို မဆင်ခြင်ဘဲ နှုတ်တက်သည်၏ အစွမ်းဖြင့် လျစ်လျူ ဖြစ်ခါ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်၍ စီးဖြန်းပွါးများမှု ဖြစ်လေ၏။ ။ဥပမာ ဆိုသော်မိမိ ကျက်မှတ်ပြီးသော ကျမ်းဂန်ကို ရွတ်ဘတ် သရဇ္ဈာယ်သော သူသည် တရံတခါ တပါးသော အာရုံကို နှလုံးသွင်း၍ ရွတ်ဘတ် သရဇ္ဈာယ်ငြားသော်လည်း ကျမ်းဂန် မချွတ်မယွင်း မှန်ကန်စွာ သရဇ္ဈာယ်နိုင်သကဲ့သို့တည်း။ ။ဤကား အဋ္ဌကထာ ဆရာနှင့် တကွ အရှင် အနုရုဒ္ဓါ စသော သမာနဝါဒီ ဆရာများ၏ ဝါဒတော်တည်း။ ။ဤသို့စသော အဓိပ္ပါယ်ကို စေ့ငုစွာ မမြင်ခြင်းကြောင့် အရှင် ဓမ္မပါလ ဆရာကို ကေစိ ထိုးတော်မူသတည်း။

ကရုဏာမုဒိတာ ဘာဝနာကာလေ အပ္ပနာ ဝိထိတော
ပုဗ္ဗေ ပရိစယဝသေန ဥပေက္ခာ သဟဂတ စိတ္တေဟိပိ
ပရိကမ္မံ ဟောတိ။ယထာ တံ ပဂုဏဂန္ထံ သဇ္ဈာယန္တဿ
ကဒါစိ အညဝိဟိတဿ ပိ သဇ္ဈာယနံ။

ဋီကာကျော်။

---

## ဆောင်ပုဒ်

က။ ။သောမနဿတွင်သာ၊ အပ္ပနာ၊ဖြစ်ပါ-ဥပေက်ကြဉ်။

ခ။ ။ထို့ကြောင့် မယုတ်၊ ရှင်နုရုဒ်၊ မိန့်ထုတ် ကေစိတင်။

ဂ။ ။အပ္ပမညာ၊ဟူတံမှာကား၊ယောဘုံ သောမနဿ၊အပ္ပကမှာ၊ ဥပေက္ခာတွင်၊ဖြစ်နိုင်ယှဉ်၊ မိန့်လျှင်-များအယူ။

---

## ပညိန္ဒြေ စေတသိက် သမ္ပယောဂနည်း

၃၁။ ။ပညာ ပန ဒွါဒသသု ဉာဏသမ္ပယုတ္တ ကာမာဝစရ စိတ္တေသုစေဝ၊သဗ္ဗေသုပိ ပဉ္စတိံသ မဟဂ္ဂတ လောကုတ္တရ စိတ္တေသု စာတိ သတ္တစတ္တာလီသ စိတ္တေသု သမ္ပယောဂံ ဂစ္ဆတိ။

သင်္ဂြိုဟ်ပါဌ်။

---

ပညိန္ဒြေ စေတသိက်သည် ကာမာဝစရ ဉာဏ သမ္ပယုတ်စိတ် ၁၂-ပါး

တို့၌၎င်း၊အလုံးစုံကုန်သော မဟဂ္ဂုတ်စိတ်,လောကုတ္တရာစိတ် ၃၅-ပါးတို့၌ ၎င်း၊ ဤသို့လျှင် ၄၇-ပါးသော စိတ်တို့၌ ယှဉ်လေ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

မဟဂ္ဂုတ် ဈာန်စိတ်တို့သည် ကသိုဏ်း စသော မနက်နဲသော အာရုံ နိမိတ်တို့ကို အာရုံပြု၍ ဖြစ်ကုန်၏။ထိုမနက်နဲသော အာရုံ၌ ဉာဏ်မဖြစ်သင့် သည် မဟုတ်ပါလောဟူမူ။ ။အားထုတ်ခြင်း ဝီရိယ၏အစွမ်းကြောင့်၎င်း၊ စိတ်တည်ကြည်မှု အစွမ်းကြောင့်၎င်း၊ ကိလေသာတို့မှ ဝေးကွာသည်၏ အစွမ်းကြောင့်၎င်း၊မဟဂ္ဂုတ်၌ ဉာဏ်ပညာဖြစ်နိုင် ယှဉ်နိုင်ပါသည်ဟု မှတ်။

---

သဘောင်နှင်း

ကသိုဏ်း အာရုံ၊မနက်တုံလည်း၊အဟုန်ဝီရိ၊ ဝေးဘိ ကိလေ၊
စိတ်နေတည်ရှင်၊ မဟဂ်တွင်၊ မှီယှဉ် ဉာဏ်ပညာ။

---

၄၂။ ကေနူန ဝီသတိဓမ္မာ၊ ဇာယန္တေ ကူနသဋ္ဌိသု။
တယော သောဠသ စိတ္တေသု၊ အဋ္ဌဝီသတိယံ ဒွယံ။
ပညာ ပကာသိတာ သတ္တ၊ စတ္တာလီသ ဝိဓေသုပိ။
သမ္ပယုတ္တာ စတုဓေဝံ သောဘနေသွေဝ သောဘနာ။
သင်္ဂြိုဟ်ပါ၌။

---

၁။ ။တခုယုတ် ၂၀-သော သောဘဏစေတသိက်တို့သည် တခုယုတ် ခြောက်ဆယ်သော သောဘဏ စိတ်တို့၌ ယှဉ်သော သမ္ပယောဂနည်း တပါး။ ။၂-ဝိရတိ စေတသိက် ၃-ပါးတို့သည် ၁၆-ပါးသော စိတ် တို့၌ ယှဉ်သော သမ္ပယောဂနည်း တပါး။ ။၃-အပ္ပမညာ စေတသိက် ၂-ပါး တို့သည် ၂၈-ပါးသော စိတ်တို့၌ ယှဉ်သော သမ္ပယောဂနည်း တပါး။ ။၄—ပညိန္ဒြေ စေတသိက်သည် ၄၇-ပါးသော စိတ်တို့၌ ယှဉ် သော သမ္ပယောဂနည်း တပါး။ ။ဤသို့အားဖြင့် သောဘဏ စေတသိက်

၂၅-ပါးတို့သည် သောဘဏစိတ် တခုယုတ် ခြောက်ဆယ်တို့၌ သာလျှင် လေးပါးသော အပြားအားဖြင့် ယှဉ်ကုန်၏။ ။သောဘဏ စေတသိက် တို့၏ သမ္ပယောဂနည်းသည် လေးပါးအပြားရှိ၏ ဟု ဆိုလိုသည်။
ဤကား ပိဏ္ဍတ္ထ။

---

ထို့ကြောင့် သမ္ပယောဂနည်းတို့သည် အညသမာနရာသီ၏ သမ္ပယောဂ နည်း ၇-ပါး။ ။အကုသလရာသီ၏သမ္ပယောဂနည်း ၅-ပါး။ ။သောဘဏ ရာသီ၏သမ္ပယောဂနည်း ၄-ပါးအားဖြင့် ၁၆-ပါးအပြားရှိကုန်၏ ဟု သိ။

---

## နိယတယောဂီ အနိယတယောဂီ အဘွင့်

၃၃။ ဣဿာမစ္ဆေရကုက္ကုစ္စ၊ ဝိရတိကရုဏာဒယော။
နာနာ ကဒါစိ မာနော စ၊ ထိနမိဒ္ဓံ တထာ သဟ။

၃၄။ ။ယထာဝုတ္တာနုသာရေန၊ သေသာ နိယတယောဂိနော။

သင်္ဂြိုဟ်ပါဌ်။

---

ဣဿာ,မစ္ဆရိယ ကုက္ကုစ္စ၊ ဝိရတိ ၃-ပါး၊ ကရုဏာ မုဒိတာ ပေါင်း စေတသိက် ၈-ပါးတို့သည် အသီးအသီး တပါးစီဂုဏ်း ရံခါသာဂုဏ်း ဖြစ်ကုန် ၏။မာန စေတသိက်သည်ကား ရံခါသာ ဖြစ်၏။ ။ထိန စေတသိက်, မိဒ္ဓ စေတသိက် ၂-ပါးတို့သည်ကား ထိုအတူ ရံခါ၌ဂုဏ်း, အတူတကွဂုဏ်း, ဖြစ်ကုန်၏။ ။သို့သော် ဂုဏ်းစေတသိက် ၁၁-ပါးတို့သည် မိမိယှဉ်သော စိတ်တို့၌ အမြဲမယှဉ်သောကြောင့် အနိယတယောဂီ စေတသိက်မည်ကုန်၏။ ကြွင်းသော စေတသိက် ၄၁-ပါးတို့သည်ကား ငါမိယှဉ်သော စိတ်တို့၌ အမြဲယှဉ်တတ်သောကြောင့် နိယတယောဂီ စေတသိက်မည်ကုန်၏။ ။ဟူလို။
ဤကား ပိဏ္ဍတ္ထ။

---

## နိယတအနိယတ အဓိပ္ပါယ်

အဘယ်ကြောင့် နိယတယောဂီ အနိယတယောဂီ မည်ကုန်ပါသနည်းဟူမူ။
နိယမနံ နိယတော။ နိယတတော ယုဇ္ဇန္တိ သီလေနာတိ
နိယတယောဂိနော။ ။နနိယတယောဂိနော အနိယတ
ယောဂိနော။

နိယမနံ၊ မြဲခြင်း။ နိယတော၊ မြဲခြင်း။ ။သီလေန၊ အလေ့အားဖြင့်။ နိယတတော၊ အမြဲအားဖြင့်။ ယုဇ္ဇန္တိ၊ ယှဉ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ နိယတယောဂိနော၊ နိယတယောဂီ မည်ကုန်၏။ ။နိယတယောဂိနော၊ အမြဲယှဉ်လေ့ ရှိကုန်သည်။ န၊မဟုတ်ကုန်။ အနိယတယောဂိနော၊ အမြဲ ယှဉ်လေ့မရှိကုန်။ဝါ၊ အမြဲယှဉ်လေ့မရှိသော စေတသိက်။ ။အမြဲယှဉ်လေ့ ရှိသောကြောင့် နိယတယောဂီ စေတသိက် မည်၏။အမြဲယှဉ်လေ့မရှိသော ကြောင့် အနိယတယောဂီ စေတသိက်မည်၏ ဟူလို။

## အနိယတဖြစ်ပုံ အဓိပ္ပါယ်

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက် စသည်တို့၏ အသီးအသီး အနိယတဖြစ်ပုံကို ဤသို့ သိအပ်၏။

သူတပါး၏ စည်းစိမ်ကိုငြူစူသောအခါ ဣဿာဖြစ်၏။ မစ္ဆရိယကုက္ကုစ္စ မဖြစ်။ ။မိမိစည်းစိမ်ကို လျှို့ဝှက်သော အခါ မစ္ဆရိယ ဖြစ်၏။ ဣဿာ ကုက္ကုစ္စ မဖြစ်ပေ။ ။ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက် တို့၌ စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၏။ ဣဿာ, မစ္ဆရိယ မဖြစ်။

ဤကား နာနာ ဖြစ်ပုံတည်း။

သူတပါးစည်းစိမ်ကို ငြူစူသောအခါ၌သာ ဣဿာဖြစ်၏၊ မငြူစူသော အခါ ဣဿာမဖြစ်။ ။မိမိစည်းစိမ်ကို လျှို့ဝှက်သော အခါ၌သာ မစ္ဆရိယ ဖြစ်၏၊ မလျှို့ဝှက်သောအခါ မစ္ဆရိယ မဖြစ်။ ။ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်သေးသော သုစရိုက်တို့၌ စိုးရိမ်သောအခါ၌သာ ကုက္ကုစ္စဖြစ်၏၊ မစိုးရိမ်သောအခါ ကုက္ကုစ္စ မဖြစ်၊ ဤကား ကဒါစိ အဓိပ္ပါယ်တည်း။ ။ (ကြွင်းသိသာ ပေါ်လွင်ပြီ)။

## ဆောင်ပုဒ်

က။ ။တရံတခါ၊ ဖြစ်ခဲ့ရာ၊ ကဒါစိဟုမှတ်။

ခ။ ။အသီးအသီး၊ ဖြစ်ပုံနည်း၊ အပြီး-နာနာ မှတ်။

သမ္ပယောဂနည်း အဘွင့် ပြီး၏။

## သင်္ဂဟနည်းအဖွင့်

၃၄။ ။သင်္ဂဟဉ္စ ပဝက္ခာမိ၊ တေသံ ဒါနိ ယထာရဟံ။

၃၅။ ဆတ္တိံသာ နုတ္တရေ ဓမ္မာ၊ ပဉ္စတိံသ မဟဂ္ဂတေ။
အဋ္ဌတိံသာပိ လဗ္ဘန္တိ၊ ကာမာဝစရ သောဘဏေ၊
သတ္တဝီသတျ ပုညမှိ၊ ဒွါဒသာဟေတုကေတိ စ။
ယထာသမ္ဘဝယောဂေန၊ ပဉ္စဓာ တတ္ထ သင်္ဂဟော၊

သင်္ဂြိုဟ်ပါဌ်။

---

ယခုအခါ၌ ထို နိယတ ယောဂီ စေတသိက်, အနိယတ ယောဂီ စေတသိက် တို့၏ သင်္ဂဟနည်းကို ထိုက်သည်အားလျော်စွာ ငါသည် ဆိုပေအံ့။ ။*ဤစကားရပ်ကား သင်္ဂဟနည်းကို ပြဆိုမည်ဟု ဝန်ခံသော ပဋိညာဉ် စကားရပ်တည်း။ ဝါ၊စကားပျိုးတည်း။

လောကုတ္တရာစိတ်၌ ၃၆-ပါးကုန်သော စေတသိက်တို့ကို ရအပ်ကုန်၏။ဝါ၊ယှဉ်ကုန်၏။ ။မဟဂ္ဂုတ်စိတ်၌ ၃၅-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ကာမာဝစရ သောဘဏ စိတ်၌ ၃၈-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ ။အကုသိုလ် စိတ်၌ ၂၇-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ ။အဟိတ်စိတ်၌ ၁၂-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ဤသို့လျှင် ဆိုလတ္တံ့သော သင်္ဂဟနည်း၌ ဖြစ်သင့်သည်အား လျော်စွာ သင်္ဂဟနည်းသည် ငါးပါးအပြားရှိ၏။ ။ဟူလို။

*အထက်ပါ ဂါထာ စကားရပ်များကား သင်္ဂဟနည်း၏ ခေါင်းစဉ် မာတိကာ စကားရပ်တို့ပေတည်း။

ဤကား ပိဏ္ဍတ္ထ။

## လောကုတ္တရ သင်္ဂဟနည်း

၃၆။ ။ဂါထာ။ ။လောကုတ္တရေသု တာဝ အဋ္ဌသု ပဌမဈာနိက စိတ္တေသု အညသမာနာ တေရသ စေတသိကာ၊ အပ္ပမညာ ဝဇ္ဇိတာ တေဝီသတိ သောဘဏ စေတသိကာ စေတိ။ ပ။ ပဉ္စက ဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ၊

သင်္ဂြိုဟ်ပါဌ်။

---

သင်္ဂဟနည်းသည် အဘယ်နည်း ဆိုသော်။ ။လောကုတ္တရာစိတ်တို့၏ သင်္ဂဟနည်းကို ရှေးဦးစွာ မိန့်ဆိုပေအံ့။ ။လောကုတ္တရာ စိတ်တို့တွင် ရှစ်ပါးကုန်သော ပဌမဈာန်နှင့် ယှဉ်သော လောကုတ္တရာစိတ်တို့၌ အညသမာန်း စေတသိက် ၁၃-ပါးတို့သည်၎င်း၊ အပ္ပမညာဒွေ ကြဉ်အပ်ကုန်သော သောဘဏ စေတသိက် ၂၃-ပါးတို့သည်၎င်း၊ ဤသို့လျှင်၃၆-ပါးသော စေတသိက်တို့သည် ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ဝါ၊ယှဉ်ကုန်၏၊ ။ထိုအတူ ဒုတိယဈာန်နှင့် ယှဉ်သော လောကုတ္တရာစိတ် ၈-ခုတို့၌ ဝိတက် ကြဉ်အပ်ကုန်သော ကျန် ၃၅-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ ။တတိယဈာန်နှင့် ယှဉ်ကုန်သော လောကုတ္တရာစိတ် ၈-ခု တို့၌ဝိတက်, ဝိစာရ စေတသိက် ၂-ပါးတို့သည် ကြဉ်အပ်ကုန်သော ကျန် ၃၄-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။စတုတ္ထဈာန်နှင့် ယှဉ်ကုန်သော လောကုတ္တရာစိတ် ၈-ခုတို့၌ ဝိတက်,ဝိစာရ,ပီတိ ၃-ပါး တို့သည် ကြဉ်အပ်ကုန်သော ကျန် ၃၃-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ပဉ္စမဈာန်နှင့် ယှဉ်ကုန်သော လောကုတ္တရာ စိတ် ၈-ခုတို့၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်သော ၃၃-ပါးကုန်သော စေတသိက် တို့သည် ယှဉ်ကုန်၏။ ။ဤသို့လျှင် လောကုတ္တရာစိတ်တို့၌ ဈာန်ငါးပါး အပြားအားဖြင့် သင်္ဂဟနည်းသည်လည်း ငါးပါး အပြားရှိလေသတည်း။

ဤကား ပိဏ္ဍတ္ထ။

## အပ္ပမညာကို ကြဉ်ရသော အကြောင်း

လောကုတ္တရာစိတ်၌ အပ္ပမညာ စေတသိက်တို့ကို အဘယ့်ကြောင့် ကြဉ်အပ်ပါသနည်း။ အပ္ပမညာ စေတသိက်တို့သည် အဘယ့်ကြောင့် လောကုတ္တရာ စိတ်တို့၌ မယှဉ်ကုန်ပါသနည်းဟူမူ။ ။အပ္ပမညာ စေတသိက်တို့သည် ဒုက္ခိတ သတ္တဝါပညတ်, သုခိတ သတ္တဝါ ပညတ်ကို အာရုံပြုကုန်၏။ လောကုတ္တရာစိတ်ကား နိဗ္ဗာန်ကို အာရုံပြု၏၊ ဤသို့လျှင် အာရုံပြုကွဲပြားသောကြောင့် မယှဉ်။ ဝါ၊ ကြဉ်အပ်ပါကုန်သတည်း။

ဒုဘိသရျာန် စသည်တို့၌ အဘယ်ကြောင့် ဝိတက်, ဝိစာရ, ပီတိ—တို့ကို ကြဉ်အပ်ပါကုန်သနည်း ဟူမူ။ ။ဘာဝနာ၏ အစွမ်းဖြင့် ပယ်ထားအပ်သောကြောင့် ဝိတက် စသည်တို့ကို ကြဉ်အပ်ပါကုန်သတည်း။

အပ္ပမညာနံ သတ္တာရမ္မဏတ္တာ, လောကုတ္တရာနဉ္စ နိဗ္ဗာနာရမ္မဏတ္တာ,ဝုတ္တံ အပ္ပမညာ ဝဇ္ဇိတာတိ။

ဋီကာကျော်။

ဝိတက္ကာဒယော ပန ဘာဝနာဝသေန ဝိဝဇ္ဇေတိ။

သင်္ခေပဝဏ္ဏနာ။

---

ဆောင်ပုဒ်

ပညတ်-နိဗ္ဗာန်၊ နှစ်တန် အာရုံ၊ ကွဲပြားတုံ၊ ကြဉ်ပုံ-အပ္ပည်ဒွေး။

---

၃၇။ ၊ဆတ္တိံသ ပဉ္စတိံသ စ၊စတုတ္တိံသ ယထာက္ကမံ၊
၊တေတ္တိံသ ဒွယမိစ္စေဝံ၊ ပဉ္စဓာနုတ္တရေ ဌိတာ၊

သင်္ဂြိုဟ်ပါဌ်။

---

လောကုတ္တရာစိတ်၌ ယှဉ်ကုန်သော စေတသိက်တို့ကို အကျဉ်းချုံး၍ ရေတွက် ပြအပ်ကုန်သည်ရှိသော် ဈာန်အစဉ်အတိုင်း ၃၆-ပါးသော စေတသိက်တို့ရင်း၊ ၃၅-ပါးသော စေတသိက်တို့ရင်း၊ ၃၄-ပါးသော စေတသိက်တို့ရင်း၊ ၃၃-ပါးသောစေတသိက်တို့ရင်း၊ ၃၃-ပါးသောစေတသိက်တို့ရင်း၊ ဤသို့လျှင် လောကုတ္တရာစိတ်၌ သင်္ဂဟနည်းသည် ငါးပါးအပြားရှိ၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

## မဟဂ္ဂုတ်စိတ်၏ သင်္ဂဟနည်း

၃၈။ ။ပဌမဇ္ဈာနိကစိတ္တေသု ပန တာဝ အညသမာနာ တေရသ စေတသိကာ၊ ဝိရတိဝဇ္ဇိတာ ပဉ္စဝီသတိ သောဘဏ စေတသိကာ စေတိ။ ပဉ္စတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ ကရုဏာမုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။

အ = အဘိ [no]

သင်္ဂြိုဟ်ပါ၌။

---

မဟဂ္ဂုတ် စိတ်တို့တွင် သုံးပါးကုန်သော ပဌမဈာန် စိတ်တို့၌ အညသမာန်းစေတသိက် ၁၃-ပါးတို့သည်၎င်း၊ ဝိရတိသုံးပါးတို့သည် ကြဉ်အပ်ကုန်သော ၂၂-ပါးကုန်သော သောဘဏ စေတသိက်တို့သည်၎င်း၊ ဤသို့ ၃၅-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။

မှတ်ချက်: ။သို့သော် ၃၅-ပါးကုန်သော စေတသိက်တို့တွင် ကရုဏာ ယှဉ်ခိုက် မုဒိတာကြဉ်၍ ၃၄-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏၊ မုဒိတာယှဉ်ခိုက် ကရုဏာကြဉ်သော ၃၄-ပါး သော စေတသိက်တို့သည် ယှဉ်ကုန်၏ ဟု-အထူး မှတ်လေ။

၃-ပါးကုန်သော ဒုတိယဈာန်စိတ်တို့၌ ဝိတက်သည်ကြဉ်အပ်ကုန်သော ၃၄-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။၃-ပါးကုန်သော တတိယဈာန် စိတ်တို့၌ ဝိတက်,ဝိစာရတို့သည် ကြဉ်အပ်ကုန်သော ၃၃-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။၃-ပါး ကုန်သော စတုတ္ထဈာန် စိတ်တို့၌ ဝိတက်, ဝိစာရ, ပီတိ-တို့သည် ကြဉ်အပ်ကုန်သော ၃၂-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ရူပါဝစရ ပဉ္စမဈာန် စိတ် ၃-ပါးနှင့် အရူပါဝစရစိတ် ၁၂-ပါးတို့၌ကား အပ္ပမညာဒွေတို့သည် ကြဉ်အပ်ကုန်သော ၃၀-ကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ ဤသို့လျှင် ခပ်သိမ်းသောအပြားအားဖြင့် ၂၇-ပါးသော မဟဂ္ဂုတ်စိတ်တို့၌ ဈာန်ငါးပါးအပေါင်း၏အစွမ်းဖြင့် သင်္ဂဟနည်းသည်လည်း ငါးပါးအပြား ရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

## အကုသိုလ်စိတ်၏ သင်္ဂဟနည်း အခွင့်

၄၃။ ။အကုသလေသု ပန လောဘမူလေသု တာဝ ပဌမေ
အသင်္ခါရိကေ အညသမာနာ တေရသ စေတသိကာ
အကုသလသာဓာရဏာ စတ္တာရော စာတိ သတ္တရသ
လောဘဒိဋ္ဌီဟိ သဒ္ဓိံ ဧကူနဝီသတိ ဓမ္မာ သင်္ဂဟံ
ဂစ္ဆန္တိ။

သဂြိုဟ်ပါဠိ။

---

အကုသိုလ် စိတ်တို့တွင် လောဘမူ ပဌမအသင်္ခါရိက စိတ်၌ အညသမာန်း စေတသိက် ၁၃-ပါးတို့ရင်း၊ အကုသလသာဓာရဏစေတသိက် လေးပါးတို့ရင်း၊ ဤသို့လျှင် စေတသိက် ၁၇-ပါး၊ လောဘ ဒိဋ္ဌိ စေတသိက် ၂-ပါးအားဖြင့် ၁၉-ပါးသော စေတသိက်တို့သည် ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ဝါ၊ ယှဉ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## လောဘမူ အသင်္ခါရိကစိတ်၏ သင်္ဂဟနည်းအခွင့်

၄၄။ ။တထေဝ ဒုတိယေ အသင်္ခါရိကေ လောဘမာနေန။

၄၅။ ။တတိယေ တထေဝ ပီတိ ဝဇ္ဇိတာ၊ လောဘဒိဋ္ဌီဟိ သဟ အဋ္ဌာရသ။

၄၆။ ။စတုတ္ထေ တထေဝ လောဘမာနေန။

သဂြိုဟ်ပါဠိ။

---

လောဘမူ ဒုတိယအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃-ပါး၊အကုသလသာဓာရဏ စေတသိက် ၄-ပါး၊လောဘ,မာန-စေတသိက် ၂-ပါးအားဖြင့် ၁၉-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။။(ဒိဋ္ဌိဂတ ဝိပ္ပယုတ်ဖြစ်၍ မာန-ယှဉ်သည်ကို သတိပြု)။

*လောဘမူ- တတိယ အသင်္ခါရိကစိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊

လောဘ-ဒိဋ္ဌိ-စေတသိက် ၂-ပါး အားဖြင့် ၁၈-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။(ဥပေက္ခာသဟဂုတ်ဖြစ်၍ ပီတိကို ကြဉ်ရသည်ကို သတိပြု)။

*လောဘမူ စတုတ္ထ အသင်္ခါရိကစိတ်၌ ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ လောဘ,မာန-စေတသိက် ၂-ပါးအားဖြင့် ၁၈-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ဟူလို။

(အဓိပ္ပါယ်ပေါ်ပြီ)။

---

## ဒေါသမူစိတ်၏ သင်္ဂဟနည်း အဖွင့်

၄၇။ ။ပဉ္စမေ ပန ပဋိဃသမ္ပယုတ္တေ အသင်္ခါရိကေ ဒေါ
သော ဣဿာ မစ္ဆရိယံ ကုက္ကုစ္စဉ္စာတိ စတူဟိ သဒ္ဓိံ
ပီတိ ဝဇ္ဇိတာ တေဝ ဝီသတိ ဓမ္မာ သင်္ဂယှန္တိ။
ဣဿာ မစ္ဆရိယ ကုက္ကုစ္စာနိ၊ ပနေတ္ထ ပစ္စေကမေဝ
ယောဇေတဗ္ဗာနိ။

သင်္ဂြိုဟ်ပါဌ်။

---

ဒေါသမူ ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပီတိယှဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏစေတသိက် ၄-ပါး၊ ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် ၄ ပါး အားဖြင့် ၂၀-သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။သို့သော် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့သည် အနိယတယောဂီ စေတသိက်များ ဖြစ်ကြ၍ ဣဿာ ယှဉ်ခိုက် မစ္ဆရိယ, ကုက္ကုစ္စ-စေတသိက် ၂-ပါး မယှဉ်နိုင်လေသောကြောင့် ၂၀-သော စေတသိက်တို့တွင် ၂-ပါးကို နုတ်၍ ၁၈-ပါးသာ ယှဉ်၏။ ။ကိုအတူ မစ္ဆရိယ ယှဉ်ခိုက် ဣဿာနှင့် ကုက္ကုစ္စ ၂-ပါးကို နုတ်၍ ၁၈-ပါးသာ ယှဉ်၏။ ကုက္ကုစ္စ ယှဉ်ခိုက် ဣဿာနှင့် မစ္ဆရိယ နှစ်ပါးကို ကြဉ်၍ ၁၈-ပါးသာ ယှဉ်သည်ကို သတိပြုလေ။ ။ဟူလို။

(ကြွင်းအဓိပ္ပါယ် ပေါ်လွင်ပြီ)။

---

## သသင်္ခါရိကစိတ် ငါးပါး၏ အဆွင့်

၄၈။ ။သသင်္ခါရိကပဉ္စကေပိ တထေဝ ထိနမိဒ္ဓေန
ဝိသေသေတွာ ယောဇေတဗ္ဗာ။
သင်္ဂြိုဟ်ပါဌ်။

——

*ပဌမသသင်္ခါရိက စိတ်၌ အညသမာန်းစေတသိက် ၁၃-ပါး၊အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ လောဘ,ဒိဋ္ဌိ ၂-ပါး၊ ထိန,မိဒ္ဓ ၂-ပါးအားဖြင့် ၂၁-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။

*ဒုတိယသသင်္ခါရိက စိတ်၌ အညသမာန်းစေတသိက်၁၃-ပါး၊အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ လောဘ,မာန စေတသိက် ၂-ပါး၊ ထိန,မိဒ္ဓ စေတသိက် ၂-ပါးအားဖြင့် ၂၁-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။

*တတိယသသင်္ခါရိက စိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ လောဘ,ဒိဋ္ဌိ စေတသိက် ၂-ပါး၊ ထိန,မိဒ္ဓ စေတသိက် ၂-ပါးအားဖြင့် ၂၀-သော စေတသိက်တို့သည် ယှဉ်ကုန်၏။

*စတုတ္ထသသင်္ခါရိက စိတ်၌ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ လောဘ, မာန စေတသိက် ၂-ပါး၊ ထိန,မိဒ္ဓ စေတသိက် ၂-ပါးအားဖြင့် ၂၀-သော စေတသိက်တို့သည် ယှဉ်ကုန်၏။

*ပဉ္စမသသင်္ခါရိက စိတ်၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စစေတသိက် ၄-ပါး၊ ထိန,မိဒ္ဓ စေတသိက် ၂-ပါးအားဖြင့် ၂၂-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ ။(ဒေါသမူ ဖြစ်၍ ပီတိကို ကြဉ်ရ၏။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့၏ အယှဉ်ကိုလည်း ရှေးနည်းအတိုင်းမှတ်)။

——

### မောဟမူဥဒ္ဓစ္စသဟဂုတ်စိတ်၌ သင်္ဂဟနည်း အဘွင့်

၄၉။ ။ဆန္ဒ ပီတိ ဝဇ္ဇိတာ ပန အညသမာနာ ဧကာဒသ
အကုသလ သာဓာရဏာ စတ္တာရောစာတိ ပန္နရသ
ဓမ္မာ ဥဒ္ဓစ္စသဟဂတေ သမ္ပယုဉ္ဇန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

*မောဟမူဥဒ္ဓစ္စသဟဂုတ် စိတ်၌ ဆန္ဒ, ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၁-ပါး၊ အကုသလ သာဓာရဏ စေတသိက် ၄-ပါးအားဖြင့် ၁၅-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ဟူလို။

ဆန္ဒ ကား မောဟမူစိတ် ဖြစ်၍ ကြဉ်ရသည်။ ပီတိ—ကား ဥပေက္ခာ ဖြစ်၍ ကြဉ်ရသည် ဟု မှတ်။ ။(အဓိပ္ပါယ် အကျယ်ကား အောက်၌ ဘွင့်ဆိုခဲ့ပြီ)။

---

### မောဟမူ ဝိစိကိစ္ဆာသဟဂုတ် စိတ်၏ သင်္ဂဟနည်းအဘွင့်

၅၀။ ။ဝိစိကိစ္ဆာသဟဂတစိတ္တေ စ အဓိမောက္ခဝိရဟိတာ
ဝိစိကိစ္ဆာသဟဂတာ တထေဝ ပန္နရသဓမ္မာ သမုပ
လဗ္ဘန္တိ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တုပ္ပါဒေသု
ပစ္စေကံ ယောဇိယမာနာပိ ဂဏန ဝသေန သတ္တ
ရသေဝ သင်္ဂဟိတာ ဘဝန္တီတိ။

သင်္ဂြိုဟ်ပါဌ်။

---

မောဟမူ ဝိစိကိစ္ဆာ သဟဂုတ် စိတ်၌ ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် ၁၀-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ ဝိစိကိစ္ဆာစေတသိက် ၁-ပါးအားဖြင့် ၁၅-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ဤသို့လျှင် အကုသိုလ်စိတ် ၁၂-ပါး၌ အသီးအသီး ယှဉ်ကြသော်လည်း အရေအတွက် သင်္ချာတူရာ ပေါင်းသည်၏အစွမ်းဖြင့် သင်္ဂဟနည်းတို့သည် ၇-ပါးသာ အပြားရှိကုန်၏။ ။ဟူလို။ ။(အဓိမောက္ခ စေတသိက်ကို ဝိစိကိစ္ဆာနှင့် ဆန့်ကျင်ဘက် ဖြစ်၍ ကြဉ်ရ၏-ဟု သိ။

---

၅၁။ ။ဧကူန ဝီသာဋ္ဌာရသ၊ ဝီသေကဝီသဝီသတိ၊
ဒွါဝီသ ပန္နရသေတိ၊ သတ္တဓာ ကုသလေ ဌိတာ။

သင်္ဂြိုဟ်ပါဠိ။

———

အကုသိုလ်စိတ်၌ သင်္ဂဟနည်းတို့သည် ၁၉-ပါးသော စေတသိက်တို့ရင်း၊ ၁၈-ပါးသောစေတသိက်တို့သည်ရင်း၊ ၂၀-သော စေတသိက်တို့ရင်း၊ ၂၁-ပါးသော စေတသိက်တို့ရင်း၊ ၂၀-သော စေတသိက်တို့ရင်း၊ ၂၂-ပါးသော စေတသိက်တို့ရင်း၊ ၁၅-ပါးသော စေတသိက်တို့ရင်း၊ ဤသို့လျှင် သင်္ဂဟနည်းတို့သည် ၇-ပါး အပြားရှိကုန်၏-ဟူလို။

ဤအကုသိုလ် စိတ်၏ သင်္ဂဟနည်းကား အရေအတွက် သင်္ချာတူရာကို ပေါင်း၍ ပြဆို၏။ထို့ကြောင့် ဂဏနဝသေန-ဟု မိန့်ဘိသော်။

———

၅၂။ ။သာဓာရဏာ စ စတ္တာရော၊ သမာနာ စ ဒသာပရေ၊
စုဒ္ဒသေတေ ပဝုစ္စန္တိ၊ သဗ္ဗာကုသလယောဂိနော၊

သင်္ဂြိုဟ်ပါဠိ။

———

အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် ၁၀-ပါး အားဖြင့် ၁၄-ပါးသော စေတသိက်တို့သည် လောဘမူစိတ်၌ဖြစ်စေ၊ဒေါသမူစိတ်၌ဖြစ်စေ၊မောဟမူ စိတ်၌ဖြစ်စေ အလုံးစုံသော စိတ်တို့၌ ယှဉ်ကုန်သောကြောင့် သဗ္ဗာကုသလ ယောဂီ စေတသိက်မည်ကုန်၏။ ။ဟူလို။

———

အဟိတ်ဟသိတုပ္ပါဒ်စိတ်၏ သင်္ဂဟနည်း အဖွင့်

၅၃။ ။အဟေတုကေသု ဟသနစိတ္တေ တာဝ ဆန္ဒဝဇ္ဇိတာ။
အညသမာနာ ဒွါဒသေဝ သင်္ဂဟံ ဂစ္ဆန္တိ။

သင်္ဂြိုဟ်ပါဠိ။

———

အဟိတ် ဟသိတုပ္ပါဒ် စိတ်၌ ဆန္ဒ ကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါးယှဉ်ကုန်၏။ ။ဟူလို။

## ဝုဋ္ဌောစိတ်နှင့်သုခသန္တီရဏစိတ်တို့၏ သင်္ဂဟနည်းအဖွင့်

၃၄။ ။တေသာ ဝေါဋ္ဌဗ္ဗနေ ဆန္ဒ ပီတိ ဝဇ္ဇိတာ။
၃၅။ ။သုခသန္တီရဏေ ဆန္ဒ ဝီရိယ ဝဇ္ဇိတာ။

သင်္ဂြိုဟ်ပါ၌။

---

*မနောဒွါရာဝဇ္ဇန်း စိတ်၌ ဆန္ဒ ,ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၁-ပါးတို့သည် ကြဉ်ကုန်၏။ ။*သောမနဿသန္တီရဏ စိတ်၌ ဆန္ဒ ဝီရိယ ယှဉ်သော အညသမာန်း စေတသိက် ၁၁-ပါးတို့သည် ယှဉ်ကုန်၏။ ။ဟူလို။ (ကြဉ်ပုံ အဓိပ္ပါယ် ပေါ်လွင်ပြီ)။

---

## ပဉ္စဒွါရာဝဇ္ဇန်းစိတ် စသည်တို့၏ သင်္ဂဟနည်း အဖွင့်

၃၆။ ။မနောဓာတုဒွိကာ ဟေတုကပဋိသန္ဓိယုဂဠေ ဆန္ဒ ပီတိ ဝီရိယ ဝဇ္ဇိတာ။

သင်္ဂြိုဟ်ပါ၌။

---

ပဉ္စဒွါရာဝဇ္ဇန်း စိတ်နှင့် သမ္ပဋိစ္ဆိုင်းစိတ် ၂-ပါးသည် မနောဝိညာဏ် စိတ်ကဲ့သို့ အာရုံကို အထူးအားဖြင့် ကောင်းစွာ မသိနိုင်ဘဲ သိကာမျှ မတ္တဖြစ်သောကြောင့် "မနနမတ္တာ ဓာတူတိ မနောဓာတု" ဋီကာကျော် ဝိဂြိုဟ်ပြုပါ၌အရ မနောဓာတ်မည်၏။ ။မနနမတ္တာ၊ သိကာမျှ ဖြစ်သော။ ဓာတု၊ ဓာတ်တည်း။ ဣတိ၊ကြောင့်။ မနောဓာတု၊ မည်၏-ဟု ပေး။ ။ဝိဂြိုဟ် စစ်ကား မနောဧဝ ဓာတု မနောဓာတု-ဟုပြု။ မတ္တသဒ္ဒါကား ဧဝတ္ထ-ကို ပြသည်-ဟုမှတ်။ ။ဤကား မနောဓာတ်အဓိပ္ပါယ် တည်း။

ကုသလဝိပါက် သန္တီရဏ စိတ်သည် ကာမသုဂတိ ဘုံ၌ ဖြစ်သော အဟိတ် ပဋိသန္ဓေစိတ်မျိုးတည်း။ ။အကုသလဝိပါက် သန္တီရဏ စိတ်ကား အပါယ်ဘုံ၌ဖြစ်သော အဟိတ်ပဋိသန္ဓေ စိတ်မျိုးဖြစ်၏။ ထို့ကြောင့် ထိုစိတ် ၂-ပါးကို အဟိတ် ပဋိသန္ဓေအစုံ ဟု မိန့်ဆိုအပ်ပါသတည်း။ ။ဤကား အဟေတုကပဋိသန္ဓိယုဂဠ အဓိပ္ပါယ်တည်း။

ထိုမနောဓာတ် ၃-ပါးနှင့် အဟိတ်ပဋိသန္ဓေ အစုံ၌ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀-တို့သည် ယှဉ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဒွေပဉ္စဝိညာဏ် ၁၀-၏ သင်္ဂဟနည်း

၅၇။ ။ဒွိပဉ္စဝိညာဏေ ပကိဏ္ဏကဝဇ္ဇိတာ တေယေဝ သင်္ဂယှန္တိ
သဗ္ဗထာပိ အဋ္ဌာရသသု အဟေတုကေသု
ဂဏနံ ဝသေန စတုဓာဝ သင်္ဂဟော ဟောတိ။

သင်္ဂြိုဟ်ပါဌ်။

---

ဒွေပဉ္စဝိညာဏ် စိတ် ၁၀-တို့၌ ပကိဏ်း စေတသိက် ၆-ပါး ကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့သာ ယှဉ်ကုန်၏။ ။ ဤသို့လျှင် အဟိတ်စိတ် ၁၈-ပါးတို့၌ အရေအတွက် သချာ၏ အစွမ်းဖြင့် သိမ်းကျုံး၍ ယူအပ်သော သင်္ဂဟနည်းသည် ခပ်သိမ်းသော အပြားအားဖြင့် လေးပါး အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အဟိတ်စိတ်၏ သင်္ဂဟနည်းပြ ဂါထာ

၅၈။ ။ဒွါဒသေကာဒသ ဒသ၊ သတ္တ စာတိ စတုဗ္ဗိဓော၊
အဋ္ဌာရသာ ဟေတုကေသု၊ စိတ္တုပ္ပါဒေသု သင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဌ်။

---

အဟိတ်စိတ် ၁၈-ပါး တို့၌ ၁၂-ပါးသော စေတသိက် တို့ရင်း ၁၁-ပါးသော စေတသိက်တို့ရင်း၊ ၁၀-သော စေတသိက်တို့ရင်း၊ ၇-ပါးသော စေတသိက်တို့ရင်း၊ ဤသို့လျှင် သင်္ဂဟနည်းသည် ၄-ပါး အပြားရှိ၏၊ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

၄၁။ ။အဓေဟာဘုဂေကောသု သဗ္ဗတ္ထ၊သတ္တ သေသာ ယထာရဟံ။
ဣတိ ဝိတ္ထာရတော ဝုတ္တာ၊တေတ္တိံသဝိဓ သင်္ဂဟော။

သင်္ဂြိုဟ်ပါဌ်။

---

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့ သည် အလုံးစုံသော အဟိတ်စိတ် ၁၈-ပါးတို့၌ ယှဉ်ကုန်၏။ ။ဆန္ဒကြဉ်သော ပကိဏ်း စေတသိက် ၅-ပါးတို့ကား အဟိတ်စိတ် ၁၈-ပါးလုံး၌ အကုန်မယှဉ်မူ၍ ယှဉ်သော စိတ်မှာသာ ယှဉ်၍ မယှဉ်သော စိတ်မှာကား မယှဉ်ကုန်၊ ထိုက်သည့်အားလျော်စွာသာ ယှဉ်ကုန်၏။ ။ဤစေတသိက်ပိုင်း၌ အကျယ်အားဖြင့် ပြဆိုအပ်ခဲ့ပြီးသော သင်္ဂဟနည်းတို့ကို တပေါင်းတည်း သိမ်းရုံးရေတွက် ပြသည့်ရှိသော် လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၀ါးပါး၊မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း ၀ါးပါး၊ကာမာဝစရသောဘဏစိတ်၌ သင်္ဂဟနည်း ၁၂-ပါး၊ အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-ပါး၊ အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-ပါး အားဖြင့် ၃၃-ပါး အပြားရှိကုန်၏ ဟူ၍ သိအပ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

အမေး အဖြေ

မေး။ ။သမ္ပယောဂနည်း၌ အကုသိုလ်ကို ရှေးဦးစွာ ပြသကဲ့သို့ ဤသင်္ဂဟနည်း၌လည်း အကုသိုလ်ကို ရှေးဦးစွာ ပြဆိုသင့်ပါလျက် မပြမူ၍ အဘယ့်ကြောင့် လောကုတ္တရာ စိတ်ကို ရှေးဦးစွာ ဆိုအပ်ပါသနည်း။

ဖြေ။ စေတသိက် အယှဉ်များသောကြောင့် လောကုတ္တရာ စိတ်ကို ရှေးဦးစွာ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုသို့ စေတသိက် အယှဉ် များသောကြောင့် ဆို၏ဟု ဆိုသော် မဟာကုသိုလ်စိတ်သည် ၎င်း လောကုတ္တရာစိတ်ထက် စေတသိက် အယှဉ်များသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မဟာကုသိုလ် စိတ်ကို ရှေးဦးစွာ မမိန့်ဆိုအပ်ပါသနည်း။

## ဝိရတိကြဉ်ရသော အကြောင်း

ဤမဟာဂ္ဂုတ်စိတ်၌ အဘယ်ကြောင့် ဝိရတိစေတသိက်တို့ကို ကြဉ်အပ်ပါကုန်သနည်းဟူမူ။ ။မဟာဂ္ဂုတ်ဈာန်တို့သည် သီလဝိသုဒ္ဓိ၏ အစွမ်းဖြင့် သုမိသင်ဖြူစင်ပြီးသော ကာယပယောဂ, ဝစီပယောဂ-ရှိသော ယောဂီပုဂ္ဂိုလ်အား သက်သက် စိတ်တည်ကြည်ကာမျှဖြင့်သာလျှင် ဖြစ်ပေါ်လာကုန်၏။ မဟာကုသိုလ်များကဲ့သို့ ကာယကံ-ဝစီကံတို့ကို သုမ်သင်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသည် မဟုတ်ပေ။ လောကုတ္တရာ ကုသိုလ်တို့ကဲ့သို့ ဒုစရိုက်, ဒုရာဇီဝတို့ကို အကြွင်းမဲ့ ဖြတ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသည် မဟုတ်ပေ ထို့ကြောင့် ဒုစရိုက်,ဒုရာဇီဝတို့ကို ဖြတ်တတ်သော ဝိရတိစေတသိက်တို့ကို မဟာဂ္ဂုတ်စိတ်၌ ကြဉ်အပ်ပါကုန်သတည်း။

**တနည်း။** ။ဝိရတိ စေတသိက်တို့ကား ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြုကုန်သည်။ မဟာဂ္ဂုတ်စိတ်တို့ကား ပညတ်ကို အာရုံပြုကုန်သည်။ ဤသို့လျှင် အာရုံမတူသောကြောင့် ဝိရတိစေတသိက်တို့တို ကြဉ်ရသည်ဟု မှတ်။

ပဥ္စမဈာန် ၁၅-ပါးတို့၌ အဘယ့်ကြောင့် အပ္ပမညာဒွေကို ကြဉ်အပ်ပါသနည်းဟူမူ။ ။မဟဂ္ဂုတ် ဈာန်စိတ်တို့သည် အပ္ပနာစိတ်များ ဖြစ်ကြ၍ အပ္ပနာသို့ရောက်သော အပ္ပမညာစေတသိက်တို့မည်သည် သောမနဿဝေဒနာနှင့်သာ အမြဲဖြစ်လေ့ ရှိသောကြောင့် ဥပေက္ခာ သဟဂုတ်ဖြစ်သော ပဥ္စမဈာန်စိတ်တို့၌ မယှဉ်နိုင်၍ ကြဉ်အပ်ပါကုန်သတည်း။

(ကြွင်းပေါ်လွင်ပြီ)။

သီလဝိသုဒ္ဓိဝသေန သုဝိသောဓိတကာယဝစီပယောဂဿ
ကေဝလံ စိတ္တသမာဓာနမတ္တေန မဟဂ္ဂတဈာနာနိ
ပဝတ္တန္တိ။ (ဋီ)

ဋီကာကျော်။

အပ္ပနာပတ္တအပ္ပမညာယော ကဒါစိ သောမနဿ ရဟိတာ န ဟောန္တိ။ တသ္မာ ပဥ္စမဈာနံ ဝိဝဇ္ဇေတိ။

သဉ်ပ ဝဏ္ဏနာ။

**ဆောင်ပုဒ်**

က။ ။ဝိရတိ-မှတ်၊ လွှန်ကျူးအပ်ပြု၊ တစုမဟာဂ်၊ ပြုချက်ပညတ်၊ ကွဲလတ်အာရုံ၊ ထို့ကြောင့်တုံ၊ ကြဉ်ကုန်-ဝိရတိ။
ခ။ ။အပ္ပမညာတွင်၊ အပ္ပမညာ၊ ဝေဒနာကား၊ သောမနဿ အစစ်၊ ဖြစ်တုံလစ်ကြောင့်။ တရစ်ဝေဒနာ၊ ပြားသည့်တာ၊ ကြဉ်ခါ-ဒွေအပ္ပည်။

---

**၄၉။ ။ပဉ္စတိံသ စတုတ္တိံသ၊ တေတ္တိံသ စ ယထာက္ကမံ။**
**ဗာတ္တိံသ စေဝ တိံသေတိ၊ ပဉ္စဓာဝ မဟဂ္ဂတေ။**

သင်္ဂြိုဟ်ပါ၏။

---

မဟဂ္ဂုတ်စိတ်၌ ယှဉ်ကုန်သော စေတသိက်တို့ကို အကျဉ်းချုံး၍ ရေတွက်ပြုအပ်ကုန်သည်ရှိသော် ဈာန်အစဉ်အတိုင်း ၃၅-ပါးသော စေတသိက်တို့ရင်း၊ ၃၄-ပါးသော စေတသိက်တို့ရင်း၊ ၃၃-ပါးသော စေတသိက်တို့ရင်း၊ ၃၂-ပါးသော စေတသိက်တို့ရင်း၊ ၃၀-သော စေတသိက်တို့ရင်း၊ ဤသို့လျှင် သင်္ဂဟနည်းသည် ၅-ပါးအပြားရှိ၏ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ကာမာဝစရ ကုသိုလ် သင်္ဂဟနည်း အခွင့်**

**၅၀။ ။ကာမာဝစရသောဘဏေသု ပန ကုသလေသု တာဝ ပဌမဒွယေ အညသမာနာ တေရသ စေတသိကာ ပဉ္စဝီသတိ သောဘဏစေတသိကာ စေတိ။ပ။စတုတ္ထ ဒွယေ ဉာဏပီတိ ဝဇ္ဇိတာ တေ စ သင်္ဂယှန္တိ။**

သင်္ဂြိုဟ်ပါ၏။

---

ကာမာဝစရ သောဘဏ စိတ်တို့တွင် ကုသိုလ်စိတ် ရှစ်ခု၏ သင်္ဂဟနည်းကို ရှေးဦးစွာ မိန့်ဆိုပေအံ့။ ။ပဌမဒွေ၌ အညသမာန်း စေတသိက် ၁၃-ပါးတို့ရင်း၊ ၂၅-ပါးကုန်သော သောဘဏ စေတသိက်တို့ရင်း၊ ဤသို့လျှင် ၃၈-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။

ဒုတိယဈာန်၌ ညဏ်ကြည်၍ ၃၇-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ တတိယဈာန်၌ ညဏ်ယှဉ်၍ ပီတိကြဉ်လျက် ၃၇-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။စတုတ္ထဈာန်၌ ညဏ်, ပီတိတို့ကို ကြဉ်၍ ၃၆-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။

မှတ်ချက်။ ။*သို့သော် ဤမဟာကုသိုလ်စိတ်၌ အပ္ပမညာ ဝိရတိ စေတသိက် တို့သည် ယှဉ်ကြသော်လည်း ၎င်းတို့သည် အာရုံကွဲပြားသောကြောင့် အပ္ပမညာ ယှဉ်ခိုက် ဝိရတိ မယှဉ်နိုင်၊ ဝိရတိယှဉ်ခိုက်အပ္ပမညာမယှဉ်နိုင် ဟု မှတ်။ ။အပ္ပမညာ ၂-ပါးတွင်လည်း ကရုဏာယှဉ်ခိုက်မုဒိတာမယှဉ်နိုင်၊မုဒိတာ ယှဉ်ခိုက် ကရုဏာ မယှဉ်နိုင်။ ။ဝိရတိ ၃-ပါးတွင်လည်း တပါးယှဉ်ခိုက် တပါးမယှဉ်နိုင်သည်ကိုသိရာ၏။ထို့ကြောင့် မယှဉ်သော စေတသိက်ကို နုတ်၍ယှဉ်သော စေတသိက်၏ သင်္ဂဟနည်းကို သဘိပြုလေ- ဟူလို။

ဤကား ဝိဏ္ဏတ္တ။

---

## မဟာကြိယာစိတ်၏ သင်္ဂဟနည်း။

၄၀။ ။ကြိယာစိတ္တေသုပိ ဝိရတိဝဇ္ဇိတာ တထေဝ စတုသုပိ ဒုကေသု စတုဓာ သင်္ဂယှန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

မဟာကြိယာစိတ် ပဌမဈာန်၌ အညသမာန်း စေတသိက် ၁၃-ပါးတို့ ၎င်း၊ ဝိရတိ စေတသိက် ၃-ပါးသည် ကြဉ်အပ်ကုန်သော ၂၂-ပါးကုန်သော သောဘဏ စေတသိက်တို့၎င်း၊ ဤသို့လျှင် ၃၅-ပါးကုန်သော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ဒုတိယဈာန်၌ ညဏ်ကို ကြဉ်၍ ၃၄-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။တတိယဈာန်၌ ညဏ်ယှဉ်၍ ပီတိကြဉ်လျက် ၃၄-ပါးသော စေတကက်တို့သည် ယှဉ်ကုန်၏။ ။စတုတ္ထဈာန်၌ ညဏ် ပီတိ တို့ကို ကြဉ်၍ ၃၃-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။

ဤကား ဝိဏ္ဏတ္တ။

---

ဤမဟာကြိယာစိတ်၌ ဝိရတိကို အဘယ်ကြောင့် ကြဉ်အပ်ပါသနည်း ဟူမူ။ ။လောကီ ဝိရတိ စေတသိက်တို့သည် ကေန် ကုသိုလ် ဇာတ် သဘော ရှိသောကြောင့် အဗျာကတ ဇာတ် သဘော ရှိသော ကြိယာတို့၌ မယှဉ်နိုင် ဟု မှတ်။ ။(အောက်၌လည်း ရေးသားဘွင့်ဆိုခဲ့ပြီ)။

---

## မဟာဝိပါက်စိတ်၏ သင်္ဂဟနည်း

၄၀။ ။တထာ ဝိပါကေသု စ အပ္ပမညာ ဝိရတိ ဝဇ္ဇိတာ တေ စေ သင်္ဂယှန္တီတိ။ပ။ ဒွါဒသဓာဝ သင်္ဂဟော ဟောတီတိ။

သင်္ဂြိုဟ်ပါဌ်။

---

မဟာဝိပါက်စိတ် ရှစ်ခုတို့တွင် ပဌမဒွေ၌ အညသမာန်း စေတသိက် ၁၃-ပါးတို့ရင်း၊ အပ္ပမညာ,ဝိရတိ စေတသိက်တို့ကို ကြဉ်၍ ကျန်သော သောဘဏ စေတသိက် ၂၀-တို့ရင်း၊ ဤသို့အားဖြင့် ၃၃-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။ဒုတိယဒွေ၌ ဉာဏ်ကြဉ်၍ ၃၂-ပါးသော စေတသိက်တို့သည် ယှဉ်ကုန်၏။ ။တတိယဒွေ၌ ဉာဏ်ယှဉ်၍ ပီတိကြဉ်လျက် ၃၂-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ စတုတ္ထဒွေ၌ ဉာဏ်, ပီတိ ၂-ပါးကို ကြဉ်၍ ၃၁-ပါးသော စေတသိက် တို့သည် ယှဉ်ကုန်၏။ ဤသို့လျှင် ဒုက၏ အစွမ်းဖြင့် ကုသိုလ်၌သင်္ဂဟနည်းလေးပါး၊ ကြိယာ၌ သင်္ဂဟနည်းလေးပါး၊ဝိပါက်၌ သင်္ဂဟနည်း လေးပါးအားဖြင့် ကာမာဝစရ သောဘဏစိတ် ၂၄-ပါးတို့၌ သင်္ဂဟနည်းတို့သည် ၁၂-ပါး အပြားရှိကုန်၏-ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အပ္ပမညာဝိရတ်ကြဉ်ရသော အကြောင်း

မဟာဝိပါက်စိတ်၌ အဘယ့်ကြောင့် အပ္ပမညာ, ဝိရတိတို့ကို ကြဉ်အပ်ပါသနည်း-ဟူမူ။

မဟာဝိပါက်စိတ်သည် ကေန် ကာမအာရုံ ရှိ၏။ ။အပ္ပမညာသည် သတ္တဝါပညတ်လျှင် အာရုံရှိ၏။ ။ထိုသို့ အာရုံမတူသောကြောင့် အပ္ပမညာကို ကြဉ်အပ်၏။ ။မဟာဝိပါက်စိတ်သည် အဗျာကတ သဘော ရှိ၏။ ။လောကီ ဝိရတိသည် ကုသိုလ် ဇာတ်သဘော ရှိ၏။ ဤသို့လျှင် ဇာတ်သဘော ကွဲပြားသောကြောင့် ဝိရတိ စေတသိက်တို့ကို ကြဉ်အပ်ပါကုန်သတည်း။

လောကိယ ဝိရတီနံ ဧကန္တ ကုသလ သဘာဝတ္တာ နတ္ထိ အဗျာကတေသု သမ္ဘဝေါတိ ဝုတ္တံ ဝိရတိ ဝဇ္ဇိတာတိ။ ကာမာဝစရဝိပါကာနမ္ပိ ဧကန္တပရိတ္တာရမ္မဏတ္တာ အပ္ပမညာနဉ္စ သတ္တာရမ္မဏတ္တာ၊ ဝိရတီနဉ္စ ဧကန္တကုသလတ္တာ ဝုတ္တံ အပ္ပမညာ ဝိရတိ ဝဇ္ဇိတာတိ။

ဋီကာကျော်။

---

ဆောင်ပုဒ်

က။ ။ကုသိုလ် ဧကန်၊ ဇာတ်မှန် ဝိရတီ၊ မယှဉ်မှီ၊ ယင်းသည် ဝိ-ကြဉ်။

ခ။ ။အာရုံ ပြားလတ်၊ အပ္ပမညာ၊ ဝိပါက်မှာ၊ ကြဉ်ရာ-ဧကန်သိ။

---

၄၁။ ။အဋ္ဌတိံသ သတ္တတ္တိံသ၊ ဒွယံ ဆတ္တိံသကံ သုဘေ၊
ပဉ္စတိံသ စတုတ္တိံသ၊ ဒွယံ တေတ္တိံသကံ ကြိယေ။ ။
တေတ္တိံသပါကေ ဗာတ္တိံသ၊ ဒွယေကတိံသကံ ဘဝေ။
သဟေတုကာမာဝစရ၊ ပုညပါကကြိယာ မနေ။ ။

သင်္ဂြိုဟ်ပါဠိ။

---

ယခု ဆိုအပ်ခဲ့ပြီးသော သဟိတ် ကာမာဝစရ ကုသိုလ် ဝိပါက် ကြိယာ စိတ်တို့၏ သင်္ဂဟနည်းကို အကျဉ်းချုံး၍ သိမ်းကျုံး ရေတွက် ပြသည် ရှိသော် ကုသိုလ်စိတ်၌ သင်္ဂြိုဟ် ရေတွက်အပ်သော စေတသိက်တို့သည် ဒုကအစဉ်အတိုင်း ၃၈-ပါးသော စေတသိက်တို့ သည်ရင်း၊ ၃၇-ပါး သော စေတသိက်တို့ သည်ရင်း၊ ၃၇-ပါးသော စေတသိက်တို့ သည်ရင်း၊

၃၆-ပါးသော စေတသိက်တို့သည်ရှင်း ဖြစ်ကုန်၏။ ။မဟာကြိယာစိတ်၌ သမ္ပယုတ် ရေတွက်အပ်သော စေတသိက်တို့ကား ဒုက အစဉ်အတိုင်း ၃၅-ပါးတို့သည်ရှင်း၊၃၄-ပါးတို့သည်ရှင်း၊ ၃၄-ပါးတို့သည်ရှင်း၊၃၃-ပါး တို့သည်ရှင်း ဖြစ်ကုန်၏။ ။မဟာဝိပါက်စိတ်၌ သမ္ပယုတ်ရေတွက်အပ်သော စေတသိက်တို့ကား ဒုကအစဉ်အတိုင်း ၃၃-ပါးတို့သည်ရှင်း၊ ၃၂-ပါး တို့သည်ရှင်း၊ ၃၂-ပါးတို့သည်ရှင်း၊ ၃၁-ပါးတို့သည်ရှင်း ဖြစ်ကုန်၏။

ဤကား ဝိဂ္ဂဟတည်း။

---

၄၂။ ။န ဝိဇ္ဇန္တေတ္ထ ဝိရတီ၊ကြိယာသု စ မဟဂ္ဂတေ။
အနုတ္တရေ အပ္ပမညာ၊ကာမပါကေ ဒွယံ တထာ။ ။

အနုတ္တရေ ဈာနဓမ္မာ၊အပ္ပမညာ စ မဇ္ဈိမေ။
ဝိရတီဉာဏပီတိ စ၊ပရိတ္တေသု ဝိသေသကာ။ ။

သင်္ဂြိုဟ်ပါဌ်။

---

ဤသောဘဏ စိတ်တို့တွင် သဟိတ် ကာမာဝစရ ကြိယာစိတ် ၈-ခုတို့ ၌ရှင်း၊ မဟဂ္ဂုတ်စိတ်၌ရှင်း၊ ဝိရတိစေတသိက် ၃-ပါးတို့သည် မရှိကုန်။ ဝါ၊မယှဉ်ကုန်။ ။လောကုတ္တရာ စိတ်၌ အပ္ပမညာ စေတသိက်တို့သည် မယှဉ်ကုန်၊သဟိတ်ကာမာဝစရ ဝိပါက်စိတ်၌ အပ္ပမညာ ဝိရတိစေတသိက် တို့သည် မယှဉ်ကုန်။

ဤကား ပဌမဂါထာ၏ ဝိဂ္ဂဟတည်း။

လောကုတ္တရာစိတ်၌ ဈာန်တရားတို့သည် အထူး ပြုတတ်ကုန်၏။ ။ မဟဂ္ဂုတ်စိတ်၌ ဈာန်တရားတို့သည်ရှင်း၊အပ္ပမညာစေတသိက်တို့သည်ရှင်း၊ အထူး ပြုတတ်ကုန်၏။ ။ကာမာဝစရ သောဘဏ စိတ်၌ အပ္ပမညာ စေတသိက်တို့သည်ရှင်း၊ ဝိရတိစေတသိက် ၃-ပါး၊ ပညိန္ဒြေ စေတသိက် ပီတိစေတသိက်တို့သည်ရှင်း အထူးပြုတတ်ကုန်၏။

ဤကား ဒုတိယဂါထာ၏ ဝိဂ္ဂဟတည်း။

(ပဌမဂါထာ၏အဓိပ္ပါယ်ကိုအောက်၌ဘွင့်ဆိုခဲ့ပြီး၍ပေါ်လွင်သိသာပေပြီ)။

## ဝိသေသက အရ အထူးပြုပုံ အဓိပ္ပါယ်

လောကုတ္တရာစိတ်၌ ဈာန်တရား တို့သည် အထူးပြုကုန်၏ဟု ဆိုရာ အဘယ်သို့ အထူးပြုကုန်သနည်းဟူမူ။ ။ဝိတက်သည် လောကုတ္တရာ ပဌမဈာန်စိတ် ရှစ်ခု၌သာဖြစ်၏။ ဒုတိယဈာန်စိတ် ရှစ်ခု၊ တဘိယဈာန် စိတ် ရှစ်ခု၊ စတုတ္ထဈာန်စိတ် ရှစ်ခု၊ ပဥ္စမဈာန်စိတ် ရှစ်ခုတို့၌ မဖြစ်။ဤသို့ ဖြစ်,မဖြစ်,အားဖြင့် ဝိတက်သည် ပဌမဈာန်မှသည် ဒုတိယဈာန်,တတိယ ဈာန်, စတုတ္ထဈာန်, ပဥ္စမဈာန်တို့ကို အထူး ပြုသတည်း။ ။ဤကား ဝိတက်တည်းဟူသော ဈာန်တရား၏ အထူးပြုပုံတည်း။ ကြွင်းသော ဝိစာရ ပီတိ စသော ဈာန်တရားတို့၏ အထူးပြုပုံကိုလည်း ဤနည်းမှီး၍ သိသေ။

မဟဂ္ဂုတ်စိတ်ကို ဤဂါထာ၌ မဇ္ဈိမစိတ်ဟု ဆို၏။ ။အဘယ့်ကြောင့် မဟဂ္ဂုတ်စိတ်သည် မဇ္ဈိမစိတ် မည်ပါသနည်းဟူမူ။ ။ပရိတ္တာနုတ္တရာနံ မဇ္ဈေ ဘဝံ မဇ္ဈိမံ–ဟူသော မဏိမဥ္ဇူသာဋီကာ ပါဌ်အရ ကာမာဝစရ စိတ် လောကုတ္တရာစိတ်တို့၏ အလယ်၌ဖြစ်သောကြောင့် မဟဂ္ဂုတ်စိတ် သည် မဇ္ဈိမစိတ်မည်၏-ဟူလို။ ။ပရိတ္တာနုတ္တရာနံ၊ ကာမာဝစရစိတ် လောကုတ္တရာစိတ်တို့၏။ မဇ္ဈေ၊ အလယ်၌။ ဘဝံ၊ ဖြစ်သည်တည်း။ ဣတိ၊ ထို့ကြောင့်။ မဇ္ဈိမံ၊ မဇ္ဈိမစိတ်မည်၏။ ။ဟု ပေး။

*ဧင်းမဟဂ္ဂုတ်စိတ်၌ အဘယ်သို့လျှင် အပ္ပမညာ စေတသိက်တို့သည် အထူးပြုကုန်သနည်းဟူမူ။ ။အပ္ပမညာဒွေသည် ပဌမဈာန်စိတ် ၃-ပါး၊ ဒုတိယဈာန်စိတ် ၃-ပါး၊ တတိယဈာန်စိတ် ၃-ပါး၊ စတုတ္ထဈာန်စိတ် ၃-ပါးတို့၌သာ ဖြစ်၏။ ပဥ္စမဈာန်စိတ် ၁၅-ပါးတို့၌ကား မဖြစ်၊ ဤသို့ဖြစ် မဖြစ်အားဖြင့် အပ္ပမညာဒွေသည် ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် မှသည် ပဥ္စမဈာန်စိတ်ကို အထူးပြုလေသတည်း။

*ကာမာဝစရ သောဘဏစိတ်၌ အပ္ပမညာဒွေ သည် အဘယ်သို့ အထူးပြုသနည်းဟူမူ။ ။အပ္ပမညာဒွေသည် ကာမာဝစရ ကုသိုလ်စိတ် ရှစ်ခု သဟိတ်ကာမာဝစရကြိယာစိတ် ရှစ်ခုတို့၌သာလျှင် ဖြစ်၏။ သဟိတ် ကာမာဝစရ ဝိပါက်စိတ်ရှစ်ခု၌ မဖြစ် ဤသို့လျှင် အပ္ပပညာဒွေသည် ဖြစ်, မဖြစ် အားဖြင့် ကုသိုလ်, ကြိယာတို့မှ ဝိပါက်စိတ်ကို အထူးပြု သတည်း။

*ဝိရတိ သည် အဘယ်သို့ အထူးပြုသနည်း ဟူမူကား။ ။ဝိရတိ စေတသိက် သုံးပါးတို့သည် ကာမာဝစရ ကုသိုလ်စိတ် ရှစ်ခု၌သာ ဖြစ်၏။ သဟိတ်ကာမာဝစရ ဝိပါက် သဟိတ်ကာမာဝစရ ကြိယာစိတ်တို့၌ မဖြစ်ပေ။ ဤသို့လျှင် ဝိရတိသည် ဖြစ်, မဖြစ် အားဖြင့် ကာမာဝစရ ကုသိုလ်စိတ်မှ ဝိပါက် ကြိယာစိတ်တို့ကို အထူးပြုလေသတည်း။

*ဉာဏ် သည် အဘယ်သို့ အထူးပြုသနည်း ဟူမူကား။ ။ဉာဏ်သည် ပဌမဒွေ့, တတိယဒွေ့ ဟု ဆိုအပ်သော ၁၂-ပါးသော ဉာဏသမ္ပယုတ် စိတ်တို့၌သာ ဖြစ်၏၊ ဒုတိယဒွေ့, စတုတ္ထဒွေ့ ဟု ဆိုအပ်သော ၁၂-ပါးသော ဉာဏဝိပ္ပယုတ် စိတ်တို့၌ မဖြစ်၊ ဤသို့လျှင် ဉာဏ်သည် ဖြစ်, မဖြစ်အားဖြင့် ဉာဏသမ္ပယုတ်စိတ်မှ ဉာဏဝိပ္ပယုတ်စိတ်ကို အထူးပြုသတည်း။

*ပီတိ သည် အဘယ်သို့ အထူးပြုသနည်း ဟူမူကား။ ။ပီတိသည် ၁၂-ပါးသော သောမနဿ သဟဂုတ်စိတ်တို့၌သာ ဖြစ်၏။ ၁၂-ပါးသော ဥပေက္ခာ သဟဂုတ်စိတ်တို့၌ မဖြစ်ပေ၊ ဤသို့လျှင် ပီတိသည် ဖြစ်, မဖြစ် အားဖြင့် သောမနဿ သဟဂုတ်စိတ်မှ ဥပေက္ခာ သဟဂုတ်စိတ်ကို အထူး ပြုသတည်း။

ဤ ဆိုအပ်ပြီးသောအားဖြင့် ကာမာဝစရစိတ် ၂၄-ပါးတို့၌ အပ္ပမညာ, ဝိရတိ,ဉာဏ်,ပီတိ တို့သည် အထူး ပြုကုန်၏ ဟု သိ။ ။ဆိုလိုရင်း အဓိပ္ပါယ် အကျဉ်းကား။ ။အထူး ပြုဟူသည် ဖြစ်, မဖြစ် ယှဉ်,မယှဉ် ဟူသော သင်္ဂဟနည်း အထူးပင်တည်း။ ဝါ၊ ဖြစ်,မဖြစ် ဟူသော သင်္ဂဟ နည်း အထူးသည်ပင် စိတ်တပါးမှ စိတ်တပါးကို ထူးခြားအောင် အထူး ပြုသည်မည်၏ ဟု မှတ်။

ဧတ္ထ ဟိ ဒုတိယဇ္ဈာနာဒီသု ဝိတက္ကာဿ
အပ္ပဝတ္တနံ ဝိသေသနံ နာမ။

သင်္ခေပ ဝဏ္ဏနာ။

ဆောင်ပုဒ်

ဖြစ် မဖြစ်ကို၊ ထူးပြုဆို၊ မှတ်ထို-ကျမ်းအညီ။

ဖြေ။ ။မဟာကုသိုလ်စိတ်နှင့် လောကုတ္တရာ စိတ်သည် နိယတ အမြဲယှဉ်သော စေတသိက်အားဖြင့် လောကုတ္တရာ စိတ်က အယှဉ် များသောကြောင့် မဟာကုသိုလ်စိတ်၏ ရှေးဦးစွာ မိန့်ဆိုရဘိသော်။ ထိုစကားမှန်၏၊ လောကုတ္တရာ စိတ်၌ အမြဲ ယှဉ်သော စေတသိက်ကား အညသမာန်း စေတသိက် ၁၃- ပါးနှင့် သောဘဏစေတသိက် ၂၃-ပါး၊ ပေါင်း ၃၆-ပါး ဖြစ်၏၊ မဟာကုသိုလ်စိတ်၌ကား အညသမာန်း စေတသိက် ၁၃-ပါးနှင့် သောဘဏစေတသိက် ၂၀၊ပေါင်း ၃၃-ပါးသာ ဖြစ်၍ လောကုတ္တရာစိတ်၏ စေတသိက် အယှဉ်က များ၏ ဟူလို။

မေး။ ။ထိုသို့ ဖြစ်ပါက မဟဂ္ဂုတ်စိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာ မိန့်ဆိုအပ်ပါသနည်း။ မဟာကုသိုလ်စိတ်နှင့် စေတသိက် အယှဉ်တူသည် မဟုတ်ပါလော။

ဖြေ။ ။နိယတ စေတသိက် အယှဉ်သည် တူသည်မှန်၏။ သို့သော် အယုတ်အမြတ် အစဉ့်အားလျော်စွာ မဟဂ္ဂုတ်စိတ်က မြတ် သောကြောင့် ရှေးဦးစွာ မိန့်ဆိုအပ်ပါသတည်း။

မေး။ ။ထိုသို့ အယုတ် အမြတ် အစဉ်အားဖြင့် ဆို၏ဟု ဆိုသော် အဘယ့်ကြောင့် အကုသိုလ် စိတ်ကို ရှေးဦးစွာ မိန့်ဆိုအပ်ပါ သနည်း။ အဟိတ်စိတ်သည် အကုသိုလ်စိတ်ထက် မြတ်သည် မဟုတ်ပါလော။

ဖြေ။ ။အဟိတ်စိတ်သည် အကုသိုလ်စိတ်ထက် မြတ်သည် မှန်၏၊ သို့သော် စေတသိက် အယှဉ်များသောကြောင့် အကုသိုလ် စိတ်ကို ရှေးဦးစွာမိန့်ဆိုအပ်ပါသတည်း။(ကြွင်းပေါ်လွင်ပြီ)။

---

## သောင်းပုဒ်

က။ ။စေတသိက်ယှဉ်၊ နည်းများအင်၊ ထားစဉ် သင်္ဂဟနည်း။
ခ။ ။ထို့ကြောင့်၍သာ၊ လောကုတ္တရာ၊ မိန့်မှာ ရှေးဦးတည်း။
ဂ။ ။မဟာကုသိုလ်၊ ယုတ်နိမ့်လို၊ မိန့်ဆို နောက်ထားတည်း။
ဃ။ ။အဟိတ်ထက်ပို၊ အကုသိုလ်၊ မိန့်ဆို ရှေ့ထားတည်း။

---

၆၀။ ။ဣတ္ထံ စိတ္တာဝိယုတ္တာနံ၊ သမ္ပယောဂဉ္စ သင်္ဂဟံ။
ဉတွာ ဘေဒံ ယထာယောဂံ၊ စိတ္တေန သမမုဒ္ဒိသေ၊
သင်္ဂြိုဟ်ပါ၍။

---

အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စိတ်နှင့် အမြဲယှဉ်ကုန်သော စေတသိက်တို့၏ ၁၆-ပါးသော သမ္ပယောဂနည်းကိုရင်း, ၃၃-ပါးအပြားရှိသော သင်္ဂဟနည်းကိုရင်း, သိပြီး၍ ထိုစေတသိက်တို့၏ ယှဉ်သင့်သည် အားလျော်စွာ စိတ်နှင့်အမျှ စေတသိက်တို့၏ အပြားကို ညွှန်းပြရာ၏။ စေတသိက်ဟူသည် စိတ်၌ယှဉ်သဖြင့် ယှဉ်ရာ စိတ်အပြားအားလျော်စွာ စေတသိက်၏ အပြားကိုလည်း အကျယ်ဝေဘန်၍ သိရာ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## စိတ်နှင့်အမျှ စေတသိက်တို့ကို အကျယ်ဝေဘန်ပုံ အစီအစဉ်ပါသည်

ထို ၅၂-ပါးကုန်သော စေတသိက် တို့တွင် ဖဿစေတသိက်သည် စိတ်အကျဉ်းတခုယုတ် ကိုးဆယ်၊အကျယ် တရာ့နှစ်ဆယ့်တပါးတို့နှင့် ယှဉ်သည် ဖြစ်၍ ဖဿ စေတသိက်သည်လည်း ၈၉-ပါး၊သို့မဟုတ် ၁၂၁-ပါး ဖြစ်သတည်း။ ထိုအတူ ဝေဒနာစေတသိက်ပေါင်း ၈၉-ပါး၊ သို့မဟုတ် ၁၂၁-ပါး ဖြစ်၏၊ သညာ,စေတနာ,ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ,မနသိကာရ-စေတသိက်တို့ သည်လည်း ၈၉-ပါး၊ သို့မဟုတ် ၁၂၁-ပါးစီ ဖြစ်ကုန်၏။

**ဝိတက်** သည် ၅၅-ခုသော စိတ်၌ ယှဉ်သည်ဖြစ်၍ ဝိတက်လည်း ၅၅-ပါးဖြစ်၏။ ။**ဝိစာရ** သည် ၆၆-ပါးသောစိတ်၌ယှဉ်သည်ဖြစ်၍ ဝိစာရလည်း ၆၆-ပါး ဖြစ်၏။ ။**အဓိမောက္ခ** သည် ၇၈-ပါးသောစိတ်နှင့် ယှဉ်သည်ဖြစ်၍ အဓိမောက္ခသည်လည်း ၇၈-ပါး ဖြစ်သတည်း။ ။**ဝီရိယ** သည် ၇၃-ပါးသော စိတ်နှင့် ယှဉ်သည် ဖြစ်၍ ဝီရိယသည်လည်း ၇၃-ပါး ဖြစ်သကည်း။ ။**ပီတိ** သည် ၅၁-ပါးသောစိတ်နှင့် ယှဉ်သည်ဖြစ်၍ ပီတိ သည်တည်း ၅၁-ပါး ဖြစ်သတည်း။ ။**ဆန္ဒ** သည် ၆၉-ပါးသော စိတ်နှင့် ယှဉ်သည်ဖြစ်၍ ဆန္ဒသည်သည်း ၆၉-ပါး ဖြစ်လေသတည်း။ ။**မောဟ**,

**အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ** ဤ လေးပါးသော စေတသိက် တို့သည် အလုံးစုံသော အကုသိုလ်စိတ် ၁၂-ပါးနှင့် ယှဉ်သောကြောင့် မောဟ, အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ စေတသိက်လေးပါးတို့သည်လည်း ၁၂-ပါးစီ ဖြစ်ကုန်သတည်း။ ။**လောဘ** သည် လောဘမူစိတ် ၈-ပါး၌ ယှဉ်သည် ဖြစ်၍ လောဘ သည်လည်း ၈-ပါး ဖြစ်သတည်း။ ။**ဒိဋ္ဌိ**သည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ပါးနှင့် ယှဉ်သည်ဖြစ်၍ ဒိဋ္ဌိသည်လည်း လေးပါး ဖြစ်သတည်း။ ။**မာန** သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ပါးနှင့် ယှဉ်သည်ဖြစ်၍ မာန သည်လည်း လေးပါးဖြစ်သတည်း။ ။**ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ** ဤလေးပါးသော စေတသိက်တို့သည် ဒေါသမူစိတ် ၂-ပါးနှင့် ယှဉ်သည်ဖြစ်၍ ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့သည်လည်း ၂-ပါးစီ ဖြစ်ကုန်၏။ ။**ထိန-မိဒ္ဓ** စေတသိက် ၂-ပါးသည် သသင်္ခါရိကစိတ် ၎ါးပါးနှင့်ယှဉ်သည်ဖြစ်၍ ထိနစေတသိက် ၎ါးပါး၊မိဒ္ဓစေတသိက်၅-ပါးစီ ဖြစ်လေ၏။ ။**ဝိစိကိစ္ဆာ** စေတသိက်သည် ဝိစိကိစ္ဆာစိတ် တပါးနှင့်သာ ယှဉ်သည်ဖြစ်၍ဝိစိကိစ္ဆာစေတသိက်သည်လည်း တပါးတည်းဖြစ်လေ၏။ ။**သဒ္ဓါ,သတိ** အစရှိကုန်သော သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး တို့သည် သောဘဏစိတ် ၅၄-ပါးနှင့် ယှဉ်ကုန်သည် ဖြစ်၍ သဒ္ဓါ,သတိ အစရှိသော သောဘဏသာဓာရဏ စေတသိက်တို့သည်လည်း အသီး အသီး ၅၄-ပါးစီ ဖြစ်ကုန်၏။ ။**ဝိရတိ** စေတသိက် ၃-ပါးသည် ၁၆-ပါးသောစိတ်နှင့် ယှဉ်သည်ဖြစ်၍ ဝိရတိစေတသိက် ၃-ပါးတို့သည်လည်း အသီးအသီး ၁၆-ပါးစီ ဖြစ်ကုန်၏။ ။**အပ္ပမညာ** စေတသိက် ၂-ပါး သည် ၂၈-ပါးသော စိတ်နှင့် ယှဉ်သည် ဖြစ်၍ အပ္ပမညာ စေတသိက် ၂-ပါး သည်လည်း အသီးအသီး ၂၈-ပါးစီ ဖြစ်လေသတည်း။ ။**ပညိန္ဒြေ** စေတသိက်သည် တိဟိတ်စိတ် ၄၇-ပါးသောစိတ်တို့နှင့် ယှဉ်သည်ဖြစ်၍ ပညိန္ဒြေစေတသိက်သည်လည်း ၄၇-ပါးဖြစ်သတည်း။ ဤသို့ လျှင် ယှဉ်သင့်သော စိတ်နှင့် အမျှ စေတသိက် တို့၏ အပြားကိုလည်း သိရာ၏ ပြရာ၏။ ။ဟူသို။

သင်္ဂဟနည်းအဘွင့် ပြီး၏။

## တဒုဘယ မိဿကနည်း အဖွင့်

သင်္ဂြိုဟ်ကျမ်း၌ သမ္ပယောဂနည်း, သင်္ဂဟနည်းအားဖြင့် ၂-နည်းသာ ရှိ၏။ ငါတို့၏ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကား တဒုဘယ မိဿကနည်း တပါးကို စွက်ထည့်တော်မူ၏။ ။တဒုဘယ မိဿက နည်းကား····စေတသိက်ချင်း ယှဉ်ပုံကို ပြဆိုသောကြောင့်၎င်း၊ ယှဉ်သော စေတသိက်တို့ကို မည်ရွေ့ မည်မျှဟု ပေါင်းစု ရေတွက်ပြသော ကြောင့်၎င်း၊နည်း ၂-ပါးစုံ ရောနှောသောကြောင့် တဒုဘယ မိဿကနည်း မည်၏။

၎င်း တဒုဘယ မိဿကနည်းအရ ဖွင့်ပြသော်ကား။ ။**ဖဿ** သည် ကြွင်းသော စေတသိက် ၅၁-ပါးနှင့်တကွ ယထာရဟ ယှဉ်၏။ ဝေဒနာ။ပ။ ဝိစာရတို့သည်လည်း ကြွင်းသော စေတသိက် ၅၁-ပါးနှင့် ယထာရဟ ယှဉ်ကုန်၏။ ။**အဓိမောက္ခ** သည် ဝိမိနှင့် ဝိစိကိစ္ဆာမှ ကြွင်းသော စေတသိက် ၅၀ တို့တို့နှင့်ယှဉ်၏။ ။**ဝီရိယ** သည် ကြွင်းသောစေတသိက် ၅၁-ပါးနှင့် ယထာရဟယှဉ်၏။ ။**ပီတိ** သည် ပိမိနှင့် ဒေါသ,ဣဿာ,မစ္ဆ ရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာတို့မှ ကြွင်းသော စေတသိက် ၄၆-ပါးတို့နှင့် ယှဉ်၏။ ။**ဆန္ဒ**သည် မိမိနှင့် ဝိစိကိစ္ဆာ တို့မှကြွင်းသော စေတသိက် ၅၀ တို့နှင့် ယှဉ်၏။ ။**မောဟ,အဟိရိက,အနောတ္တပ္ပ ဥဒ္ဓစ္စ** တို့သည် အည သမာန်း ၁၃-ပါး၊ မောဟမှတပါးသော အကုသိုလ်စေတသိက် ၁၃-ပါး အားဖြင့် ၂၆-ပါးသော စေတသိက်တို့နှင့် အသီးအသီး ယှဉ်ကုန်၏။ ။**လောဘ** သည် အညသမာန်း စေတသိက် ၁၃-ပါး၊ အကုသလသာဓာ ရဏစေတသိက် ၄-ပါး၊ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ ၄-ပါးအားဖြင့် ၂၁-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။ ။**ဒိဋ္ဌိ** သည် မာနမှတပါးသော အထက်ပါ ၂၀-သော စေတသိက်တို့နှင့် ယှဉ်၏။ ။**မာန** သည် ဒိဋ္ဌိမှ တပါးသော အထက်ပါ ၂၀-သော စေတသိက်တို့နှင့် ယှဉ်၏။ ။**ဒေါသ** သည် ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အကုသလသာဓာရဏ စေတသိက် ၄-ပါး၊ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ အားဖြင့် ၂၁-ပါး သော စေတသိက်တို့နှင့် ယှဉ်၏။ ။**ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ** တို့သည် ကား ၎င်း ၃-ပါးမှ တပါးသော ကြွင်း အထက်ပါ စေတသိက် ၁၉-ပါး တို့နှင့် အသီးအသီးယှဉ်ကုန်၏။ ။**ထိန** သည် အညသမာန်းစေတသိက်

၁၃-ဝါး၊အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ လောဘ,ဒိဋ္ဌိ,မာန, ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,မိဒ္ဓ-အားဖြင့် ၂၅-ပါးသောစေတသိက် တို့နှင့် ယှဉ်၏။မိဒ္ဓ လည်း အထက်ပါ စေတသိက် တို့တွင် ထိနကိုသည် မိဒ္ဓကိုကြဉ်၍ ၂၅-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

**သဒ္ဓါ,သတိ** စသော သောဘဏ သာဓာရဏ စေတသိက်များကား ၃၇-ပါးသော စေတသိက်တို့နှင့် အသီးအသီး ယှဉ်၏။

**သမ္မာဝါစာ** သည် မိမိနှင့် အပ္ပမညာ ၂-ပါးကြဉ်သော ၃၅-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

**သမ္မာကမ္မန္တ, သမ္မာအာဇီဝ** တို့လည်း ၎င်းအတူ ၃၅-ပါးသော စေတသိက်တို့နှင့် အသီးအသီး ယှဉ်ကုန်၏။ ။**ကရုဏာ** သည် ဝိရတိ အပ္ပမညာကြဉ်သော ၃၃-ပါးသောစေတသိက်တို့နှင့်ယှဉ်၏၊**မုဒိတာ** သည် ဝိရတိ,အပ္ပမညာကြဉ်သော ၃၃-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။ ။ ပညိန္ဒြေ သည် ၃၇-ပါးသော စေတသိက်တို့နှင့် ယှဉ်၏။

၎င်းစေတသိက် ၅၂-ပါး စသည်တို့၏ သရုပ်ကား သိသာလွယ်ကူပြီ ဖြစ်၍ မဖော်ပြလိုက်ပြီ၊ထုတ်ဖော်၍ ရေတွက်လေ။

ဣတိ အဘိဓမ္မတ္ထ သင်္ဂဟေ စေတသိကသင်္ဂဟ
ဝိဘာဂေါနာမ ဒုတိယော ပရိစ္ဆေဒေါ။

အဘိဓမ္မတ္ထ သင်္ဂြိုဟ် ကျမ်းဝယ် နှစ်ခုမြောက်သော စေတသိက်တို့ကို ဝေဘန်ရာ ဝေဘန်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

———

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပကိဏ်းပိုင်း–အဖွင့်

---

## ပကိဏ်း အဓိပ္ပါယ်

၁။ သမ္ပယုတ္တာ ယထာယောဂံ၊ တေပညာသ သဘာဝတော။
စိတ္တစေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာရဟံ။ ။

၂။ ။ဝေဒနာဟေတုတော ကိစ္စ၊ ဒွါရာ လမ္ဗဏ ဝတ္ထုတော၊
စိတ္တုပ္ပါဒဝသေနေဝ၊ သင်္ဂဟော နာမ နီယတေ၊ ။

သင်္ဂြိုဟ်ပါ၌။

---

ယှဉ်သင့်သည် အားလျော်စွာ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော နောက်၌ အသီးအသီး ဘွင့်ဆိုအပ်ကုန်ပြီးသော စိတ်,စေတသိက်တရားတို့သည် မိမိတို့၏ သဘော လက္ခဏာအားဖြင့် စစ်လိုက်သည် ရှိသော် ၅၃-ပါးသာ အပြားရှိကုန်၏၊ ။ထို ၅၃-ပါးကုန်သော စိတ် စေတသိက် သဘောတရားတို့ကို ယခုအခါ၌ ထိုက်သည်အားလျော်စွာ ဝေဒနာအပြား,ဟိတ်အပြား,ကိစ္စအပြား,ဒွါရအပြား, အာရုံအပြား, ဝတ္ထုအပြား အားဖြင့် ရေတွက်ရာ ရေတွက်ကြောင်း ဖြစ်သော ပကိဏ္ဏကသင်္ဂဟကို စိတ်,စေတသိက် နှစ်ပါးစုံ ရောယှက်သည်၏ အစွမ်းအားဖြင့် ထုတ်ဆောင်ပြအပ်၏။ ဝါ၊ ပြအံ့။ ။ဟူလို။

စိတ်ပိုင်းကား စိတ်သက်သက်မျှကို ဝေဘန်ပိုင်းခြား၍ ပြ၏။ ။စေတသိက်ပိုင်းကား စေတသိက် သက်သက်မျှကို ဝေဘန်ပိုင်းခြား၍ ပြတော်မူ၏။ ။ဤပကိဏ်းပိုင်းကား စိတ်, စေတသိက် နှစ်ပါးစုံကို ရောယှက်၍ ပြပေအံ့ ဟု ဆိုလိုသည်။

ဤကား ဝိဂ္ဂဟတည်း။

---

## တေပညာသ အဓိပ္ပါယ်

တေပညာသ ယူပုံကား။ စိတ်သည် ၈၉-ပါးပင်ဖြစ်သော်လည်း အာရုံကို အထူးအားဖြင့် သိခြင်း အာရမ္မဏဝိဇာနန လက္ခဏာအားဖြင့် တပါးသာ ရှိသဖြင့် တပါးသာ ရ၏။ ။စေတသိက် ၅၂-ပါးကား အသီးအသီး

တွေ့သိခြင်း၊ခံစားခြင်း အစရှိသော လက္ခဏာအားဖြင့် ၅၂-ပါးပင် ရသဖြင့် ၅၂-ပါးယူ၍ စိတ်,စေတသိက် နာမ်တရားသည် ၅၃-ပါး ဖြစ်သတည်း။

**ပကိဏ်းအစီဉ်ပယ်**

ပကိဏ္ဏကာနံ သင်္ဂဟော ပကိဏ္ဏက သင်္ဂဟော။

ပကိဏ္ဏကာနံ၊ ဝေဒနာစသော အပြားအားဖြင့် ပြွမ်းသော စိတ်,စေတသိက်တို့ကို။ သင်္ဂဟော၊ရေတွက်ရာ ရေတွက်ကြောင်းသည်။ ပကိဏ္ဏက သင်္ဂဟော၊ ပကိဏ္ဏကသင်္ဂဟ မည်၏။ ။ဆိုအပ်ခဲ့ပြီးသော နာမ် တေပညာသကို ဝေဒနာ,ဟိတ်,ကိစ္စ,ဒွါရ,အာရုံ-ဝတ္ထုအားဖြင့် ရောပြွမ်းလျက် ရေတွက်၍ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့် ပကိဏ္ဏကသင်္ဂဟ မည်၏။ ။ဟူလို။

---

**ဆောင်ပုဒ်**

နာမ်တေပဉ်ကို၊ ဝေဒနှင့်-ဟိတ်၊ ရောပြွမ်းသိတ်ခါ၊
ပြဆိုရာ၊ မှတ်ပါ ပကိဏ်းတည်း။

---

**ဝေဒနာ သင်္ဂဟ**

၃။ ။တတ္ထ ဝေဒနာသင်္ဂဟေ တာဝ တိဝိဓာ ဝေဒနာ သုခံ ဒုက္ခံ အဒုက္ခမသုခါစေတိ၊ သုခံ ဒုက္ခံ သောမနဿံ၊ ဒေါမနဿံ ဥပေက္ခာတိ စ ဘေဒေန ပန ပဉ္စဓာ ဟောတိ၊

သင်္ဂြိုဟ်ပါဌ်။

---

ထိုခြောက်ပါးသော ပကိဏ္ဏကသင်္ဂဟတို့တွင် ဝေဒနာသင်္ဂဟ၌ ဝေဒနာသည် သုခဝေဒနာ,ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ ဟု၍ အနုဘဝနလက္ခဏာအားဖြင့် သုံးပါးအပြား ရှိ၏။ ။သုခဝေဒနာ,ဒုက္ခဝေဒနာ, သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ ဣန္ဒြိယဘေဒ အားဖြင့် ၅-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

## ဝေဒနာသင်္ဂဟာ အဓိပ္ပါယ်

ဝေဒနာတော တံ သမ္ပယုတ္တ စိတ္တစေတသိကာနံ
သင်္ဂဟော ဝေဒနာသင်္ဂဟော။

ဝိဂ္ဂြိဟ်အရ၊ဝေဒနာ၏ အပြားအားဖြင့် ထိုဝေဒနာနှင့် ယှဉ်ကုန်သော စိတ် စေတသိက် တရားတို့ကို သင်္ဂြိုဟ် စုပေါင်း ရေတွက်၍ ပြကြောင်း ဖြစ်သော သင်္ဂဟနည်းသည် ဝေဒနာသင်္ဂဟမည်၏ ဟုသိ။

ဝေဒနာတော၊ ဝေဒနာ အပြားအားဖြင့်။ တံ သမ္ပယုတ္တစိတ္တစေတသိကာနံ၊ ထိုဝေဒနာနှင့်ယှဉ်ကုန်သော စိတ်, စေတသိက် တို့ကို။ သင်္ဂဟော၊ သင်္ဂြိုဟ် စုပေါင်းရေတွက်၍ ပြရာပြကြောင်းသည်။ ဝေဒနာ သင်္ဂဟော၊ ဝေဒနာသင်္ဂဟမည်၏ ဟု အနက်ပေး။ ။ဤကား အဋ္ဌကထာဆရာအလို။ ။ ဋီကာကျော် ဆရာအလိုအားဖြင့်။

ဝေဒနာနဉ္စ တံ သမ္ပယုတ္တစိတ္တစေတသိကာနဉ္စ
ဝိဘာဂဝသေန သင်္ဂဟော ဝေဒနာသင်္ဂဟော။

ပြလေ။ ။ဝေဒနာတို့ကိုလည်း၊ထိုဝေဒနာနှင့် ယှဉ်သော စိတ်,စေတသိက် တို့ကိုလည်း ဝေဘန်သည့် အစွမ်းဖြင့် သင်္ဂြိုဟ် ရေတွက်ကြောင်း ဖြစ်သော သင်္ဂဟသည် ဝေဒနာသင်္ဂဟမည်၏ ဟု ဆိုလိုသည်။

---

## အနုဘဝနဘေဒနှင့် ဣန္ဒြိယဘေဒ အဓိပ္ပါယ်

ဝေဒနာ၏ အာရုံ အရသာကို ခံစားမှုသည် သာယာ နှစ်သက်သော အားဖြင့်လည်း အာရုံအရသာကို ခံစားကုန်၏။ မသာမယာ မခံသာသော အားဖြင့်လည်း အာရုံအရသာကို ခံစားကုန်၏။သာယာသည်လည်း မဟုတ်, မခံသာသည်လည်း မဟုတ်, အလယ် အလဝ် အားဖြင့်လည်း အာရုံ အရသာကို ခံစားကုန်၏။ ဤသုံးမျိုးမှ တပါးသော အာရုံခံစားမှု မည်သည် မရှိပေ။ ဤသို့လျှင် အာရုံကို ခံစားမှုဟု ဆိုအပ်သော အနုဘဝနအပြား အားဖြင့်ကား ဝေဒနာသည် ၃-ပါးသာ အပြားရှိ၏ဟု မိန့်တော်မူသတတ်။ ဤသို့လျှင် ပင်ကိုယ်မူလ အနုဘဝန သဘောအားဖြင့် ၃-ပါးပင် ရှိလင့် ကစား မြတ်စွာဘုရားသည် ဣန္ဒြိယဝိဘင်း၌ သုခိန္ဒြိယံ, ဒုက္ခိန္ဒြိယံ, သော မနဿိန္ဒြိယံ, ဒေါမနဿိန္ဒြိယံ, ဥပေက္ခိန္ဒြိယံ ဟု ငါးပါး အပြား ခွဲခြား

ဝေဘန် ဟောတော်မူပြန်သောကြောင့် ဣန္ဒြိယဘေဒ အားဖြင့် ငါးပါး အပြားရှိ၏ ဟု မိန့်တော်မူရ၏။

အဘယ့်ကြောင့် မြတ်စွာဘုရားသည် မူလ **အနုဘဝနသဘော** အား ဖြင့် ၃ ပါးသာရှိပါလျက် ဣန္ဒြေအားဖြင့် ငါးပါးအပြားပြု၍ ဟောတော် မူရပါသနည်း ဟူမူ။ ။သုခ ဝေဒနာ တပါးတည်းက ကိုယ်၌ ဖြစ်သော သာယာမှု ဟု ဆိုအပ်သော သုခဝေဒနာ၊ စိတ်၌ ဖြစ်သော သာယာမှု ဟု ဆိုအပ်သော သောမနဿ ဝေဒနာ ဟူ၍ ၂ ပါး ပြား၏။ ။ဒုက္ခဝေဒနာ တပါးတည်းကလည်း ကိုယ်၌ ဖြစ်သော မသာယာ မခံသာမှု ဟု ဆိုအပ် သော ဒုက္ခဝေဒနာ။ ။စိတ်၌ဖြစ်သော မသာယာ မခံသာမှု ဟု ဆိုအပ် သော ဒေါမနဿဝေဒနာဟူ၍ ၂-ပါးပြား၏။ ။ဥပေက္ခာဝေဒနာကား ကာယိက, မာနသိက ဟူ၍ အပြားမရှိဘဲ မာနသိက တပါး တည်းသာ ဖြစ်၏။ ။ဤသို့လျှင် ကာယိက သာတ, အသာတ၊ မာနသိကသာတ, အသာတ ဟူ၍ ပြားလေသောကြောင့် ဣန္ဒြိယ ဝိဘင်း၌ ငါးပါးအပြား ပြု၍ ဟောတော်မူရ၏ ဟုမှတ်။

*ဝေဒနာကို ဣန္ဒြိယဘေဒအားဖြင့်သာ ဟောတော်မူသည် မဟုတ်သေး၊ သံယုတ် ပါဠိတော် ဝေဒနာသုတ်၌ ဖဿဘေဒ အားဖြင့်ကား ၆-ပါး၊ ဥပဝိစာရဘေဒ အားဖြင့် ၁၈-ပါး၊ ဂေဟဿိတ ဝေဒနာ ခြောက်ပါး၊ နိက္ခ မဿိတ ဝေဒနာ ခြောက်ပါး၊ ၎င်း ၁၂-ပါးကို သောမနဿ, ဒေါမနဿ, ဥပေက္ခာ, သုံးပါးစီ မြှောက်သော် ၃၆-ပါး၊ ၎င်းကို ကာလ ၃-ပါးဖြင့် မြှောက်သော် ၁၀၈-ပါးသော ဝေဒနာ အပြားအားဖြင့်လည်း ဟောတော် မူလေသည်။

ကာယိကံ မာနသံ ဒုက္ခံ၊ သုခဉ္စာ ပေက္ခဝေဒနာ။
ဧကံ မာနသမေဝေတိ၊ ပဉ္စမိန္ဒြိယဘေဒတော။ ။

ဋီကာကျော်။

---

သုခဉ္စ၊ သုခဝေဒနာသည်၎င်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာသည်၎င်း။ ပဉ္စေကံ၊ အသီးအသီး၊ ကာယိကဉ္စ၊ ကိုယ်၌ဖြစ်သော သုခဒုက္ခသည်၎င်း။ မာနသဉ္စ၊ စိတ်၌ဖြစ်သောသုခဒုက္ခသည် ၎င်း။ ဟောတိ၊ ၏။ ဥပေက္ခာဝေဒနာ၊ သည်။ ဧကံ၊ တပါးတည်းသော။ မာနသမေဝ၊ စိတ်၌သာ လျှင် ဖြစ်၍ ဖြစ်သော မာနသိကသာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဣန္ဒြိယဘေဒတော၊ ဣန္ဒြေ အပြားအပြားအားဖြင့်။ ပဉ္စဓာ၊ ငါးပါး အပြားရှိသည်။ ဟောတိ၊ ၏။

သုခ ဒုက္ခဝေဒနာနှင့် တကွဖြစ်သောစိတ်

၄။ ။တတ္ထ သုခသဟဂတံ ကုသလဝိပါကံ ကာယဝိညာဏ
မေကမေဝ။ တထာ ဒုက္ခသဟဂတံ အကုသလဝိပါကံ။

သင်္ဂြိုဟ်ပါဠ်။

---

ထိုငါးပါးသော ဝေဒနာနှင့်တကွဖြစ်သော စိတ်တို့တွင် သုခဝေဒနာနှင့် တကွဖြစ်သော စိတ်ကား အဟိတ်ကုသလဝိပါက် ကာယဝိညာဏ် စိတ်တပါးသာလျှင်တည်း။ ။ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စိတ်သည် အဟိတ် အကုသလဝိပါက် ကာယဝိညာဏ် စိတ်တပါးသာလျှင်တည်း။

ဤကား ဝိဂ္ဂဟတည်း။

---

သောမနဿ ဝေဒနာနှင့် တကွဖြစ်သောစိတ်

၅။ ။သောမနဿ သဟဂတစိတ္တာနိ ပန လောဘမူလာနိ
စတ္တာရိ ဒွါဒသ ကာမာဝစရ သောဘဏာနိ၊ သုခ
သန္တီရဏ ဟသနာနိ စ ဒွေတိ အဋ္ဌာရသကာမာဝစရ
သောမနဿ သဟဂတ စိတ္တာနိစေဝ။ ပ။ ဒွါသဋ္ဌိ
ဝိဓာနိ ဘဝန္တိ။

သင်္ဂြိုဟ်ပါဠ်။

---

သောမနဿ ဝေဒနာနှင့်တကွဖြစ်သော စိတ်တို့သည်ကား လောဘမူ သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ကာမာဝစရ သောဘဏဖြစ်ကုန်သော ကုသိုလ် သောမနဿသဟဂုတ် ၄-ပါး၊ ဝိပါက်သောမနဿ သဟဂုတ် လေးပါး၊ ကြိယာသောမနဿ သဟဂုတ် ၄-ပါးအားဖြင့် ၁၂-ပါး၊ အဟိတ် သုခသန္တီရဏစိတ် ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ ဤသို့အားဖြင့် ကာမာဝစရသောမနဿ သဟဂုတ်စိတ် ၁၈-ပါး၊ ပဌမဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး အားဖြင့် မဟဂ္ဂုတ် လောကုတ္တရာ သောမနဿ သဟဂုတ်စိတ် ၄၄-ပါး၊ ပေါင်း ၆၂-ပါး ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတည်း။

၆။ ။ဒေါမနဿသဟဂတစိတ္တာနိ ပန ဒွေပဋိဃသမ္ပယုတ္တစိတ္တာနေဝ။

သင်္ဂြိုဟ်ပါဌ်။

---

ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်သော စိတ်ကား ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်စိတ် ၂-ပါးသာလျှင်တည်း။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

၇။ ။သေသာနိ သဗ္ဗာနိပိ ပဉ္စပညာသ ဥပေက္ခာ သဟ ဂတ စိတ္တာနေဝါတိ။

သင်္ဂြိုဟ်ပါဌ်။

---

သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ ဝေဒနာတို့နှင့် တကွဖြစ်သော စိတ်တို့မှ ကြွင်းကုန်သော အလုံးစုံကုန်သော ၅၅-ပါးသော စိတ်တို့သည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စိတ်တို့တည်း။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အနုဘဝနဘေဒအားဖြင့် ရေတွက်ပုံ

ဤသင်္ဂြိုဟ်ကျမ်းလာ အထက်ပါ စကားရပ်များကား ဣန္ဒြိယဘေဒအားဖြင့် ပြားသော ဝေဒနာနှင့် တကွဖြစ်သော စိတ်တို့၏ အရေအတွက် ဖြစ်၏။ ။ အနုဘဝန လက္ခဏာ အပြားအားဖြင့် ပြားသော ဝေဒနာတို့နှင့် ယှဉ်သော စိတ်တို့ကိုကား အင္ဂေါဂမ ဖြစ်သည်အတွက် အရှင် အနုရုဒ္ဓါ ဆရာ ထုတ်ဆောင်၍ ပြတော်မမူချေ။ ။သို့သော် မန္ဒသောတုတို့ လွယ်ကူစွာ သိစိမ့်သောငှါ ထုတ်ဆောင်၍ ဘော်ပြပေအံ့။

၁။ ။သုခဝေဒနာနှင့် တကွဖြစ်သော စိတ်တို့ကား သုခသဟဂုတ် ကာယဝိညာဏ်စိတ်တခု၊ သောမနဿ သဟဂုတ်စိတ် ၆၂-ပါးအားဖြင့် ၆၃-ပါး ဖြစ်ကုန်၏။ ။၂-ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စိတ်တို့ကား ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ် တခု၊ ဒေါသမူဒွေအားဖြင့် ၃-ပါး ဖြစ်ကုန်၏။ ။၃-ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စိတ်တို့ကား အောက်၌ ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးတို့ပင်တည်း။

ဤကား အနုဘဝနဘေဒအရ စိတ်တို့၏ သင်္ဂဟတည်း။

ဂ။ ။သုခ ဒုက္ခ မုပေက္ခာတိ၊ တိဝိဓာ တတ္ထ ဝေဒနာ။
သောမနဿံ ဒေါမနဿ၊ မိတိဘေဒေန ပဉ္စဓာ။ ။

သင်္ဂြိုဟ်ပါဠိ။

---

ယိုဝေဒနာသင်္ဂဟ၌ ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာ။ ။အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဒုက္ခဝေဒနာ။ ။မဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာရှိသော ဥပေက္ခာ ဝေဒနာ ဟူ၍ အနုဘဝန လက္ခဏာဘေဒအားဖြင့် ဝေဒနာသည် ၃-ပါး အပြားရှိ၏။ ။ဣဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာ။ ၊အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိသော ဒုက္ခဝေဒနာ။ ။ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော သောမနဿ ဝေဒနာ။ ။အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဒေါမနဿ ဝေဒနာ။ ။မဇ္ဈတ္တာရုံကို ခံစားခြင်းလက္ခဏာရှိသော ဥပေက္ခာ ဝေဒနာ ဟူ၍ ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာသည် ၅ါးပါး အပြားရှိ၏ ဟု ဝေဒနာအပြားကို ဂါထာအားဖြင့် အကျဉ်းချုံး၍ ပြတော်မူ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

ဃ။ ။သုခမေကတ္ထ ဒုက္ခဉ္စ၊ ဒေါမနဿံ ဒွယေ ဌိတံ။
ဒွါသဋ္ဌီသု သောမနဿံ၊ ပဉ္စပညာသကေတရာ။ ။

သင်္ဂြိုဟ်ပါဠိ။

---

သုခဝေဒနာသည် တခုတည်းသော စိတ်၌ တည်၏။ ။ဒုက္ခဝေဒနာ သည်လည်း တခုတည်းသော စိတ်၌တည်၏။ ။ဒေါမနဿ ဝေဒနာသည် စိတ်နှစ်ခုအပေါင်း၌ တည်၏။ ။သောမနဿဝေဒနာသည် ၆၂-ပါးသော စိတ်တို့၌ တည်၏။ ။ဥပေက္ခာ ဝေဒနာသည် ၅၅-ပါးသော စိတ်တို့၌ တည်၏။ ။မြန်မာ အဓိပ္ပါယ် အဖြောင့်ဆိုသော်။ ။သုခဝေဒနာနှင့် တကွ ဖြစ်သော စိတ်ကား တပါး။ပ။ ဥပေက္ခာ ဝေဒနာနှင့် တကွဖြစ်သော စိတ်ကား ၅၅-ပါးဟု ဆိုလိုသတတ်။

ဤကား ဝိဂ္ဂဟတ္ထ။

## စေတသိက်ဘိုက်ကို ရေတွက်ပုံ

စိတ္တုပ္ပါဒ ၀သေနေ၀၊ သင်္ဂဟောနာမ နီယတော။

ဟူသော သင်္ဂြိုဟ်ပါဌ်၀ယ် "စိတ္တုပ္ပါဒ"၏ အရကို လယ်တီဆရာတော်ဘုရားကြီးကား စိတ်ကိုသာ ယူတော်မူ၍ ၀ေ-သဒ္ဒါ၏ နိ၀တ္တေတဗ္ဗ၏အရကို စေတသိက်ကို ကန့်ဟု မိန့်တော်မူ၏။ ။ဋီကာကျော် မဏိမဥ္ဇူသာ ဋီကာစသော ဆရာ့ ဆရာကျော်များကား။ ။စိတ္တံ ဥပ္ပဇ္ဇတိ ဧတေနာတိ ဥပ္ပါဒေါ၊ ။စေတသိက်ရ၏။ ။စိတ္တဉ္စ ဥပ္ပါဒေါစာတိ စိတ္တုပ္ပါဒေါ။ ။ဟု သမာဟာရ ဒွန္ဒသမာသ် ကြံတော်မူကြကုန်၍ စိတ်,စေတသိက် ၂-ပါး လုံးကို ကောက်တော်မူကြကုန်၏။ ။သို့သော် သင်္ဂြိုဟ် ကျမ်း၌ကား လယ်တီဆရာတော် ယူဆတော်မူသောအတိုင်း စိတ်တို့၏ သင်္ဂဟနည်းကိုသာ အနုရုဒ္ဓါဆရာ မိန့်ဆိုတော် မူလေသည်။ ။ဤသို့ စိတ်ကိုသာ ထုတ်ပြသျက်ရှိသော်လည်း စေတသိက်ကို ရေတွက်၍ မပြနိုင်သောကြောင့် မဟုတ်။ ပဓာန နည်းအားဖြင့်သာ မိန့်ဆိုသော စကား ဟု မှတ်။ ။သို့အတွက် ဆရာ့ဆရာတော်များယူဆတော်မူကြသောအတိုင်း စေတသိက်တို့၏ သင်္ဂဟနည်းကို သင်္ဂြိုဟ် ဆရာကပင် မပြသော်လည်း ငါတို့၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးသည်-

*ဝေဒနာတစ်၊ ခြောက်ပါး ဖြစ်၏။နှစ်မှာ ဋ္ဌဝီ၊ သုံးလီ ဆယ့်တစ်၊
ငါးဖြစ် ခြောက်ခု၊ မ တခု၊ပေါင်းစု ငါးဆယ်နှစ်။

ဟု မြန်မာဘာသာ လင်္ကာကဗျာ အားဖြင့် စိကုံးရေတွက် ပြတော်မူပေသတည်း။

### အခနိပ္ပါယ်ကား

၁။ ။ဝေဒနာ တပါးနှင့်သာ တကွဖြစ်သော စေတသိက်တို့ကား ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ပီတိ အားဖြင့် ၆-ပါး အပြားရှိကုန်၏။ ။ထို ခြောက်ပါးသော စေတသိက်တို့တွင် ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, စေတသိက် ၄-ပါးတို့သည် ဒေါမနဿဝေဒနာတပါးနှင့်သာ အတူတကွဖြစ်ကုန်၏။ ။ဝိစိကိစ္ဆာ စေတသိက်သည် ဥပေက္ခာဝေဒနာ တပါးနှင့်သာ အတူတကွဖြစ်၏။ ။ပီတိစေတသိက်သည် သောမနဿဝေဒနာ တပါးနှင့်သာ အတူတကွ ဖြစ်၏ ဟုမှတ်။ ။

၂-ဝေဒနာနှစ်ပါးနှင့် တကွဖြစ်သော စေတသိက်တို့ကား လောဘ,ဒိဋ္ဌိ, မာန, သောဘဏ စေတသိက် ၂၅-ပါးအားဖြင့် ၂၈-ပါး အပြားရှိကုန်၏။ ၎င်းစေတသိက် ၂၈-ပါးတို့သည် သောမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာ နှစ်ပါးတို့နှင့်သာ အတူတကွ ဖြစ်ကုန်၏ ဟုမှတ်။ ။၃ ဝေဒနာ သုံးပါးနှင့်တကွဖြစ်သော စေတသိက်တို့ကား ဝိတက်,ဝိစာရ,အဓိမောက္ခ, ဆန္ဒ,ဝီရိယ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန မိဒ္ဓ အားဖြင့် ၁၁-ပါး အပြား ရှိကုန်၏။ ။၎င်းစေတသိက် ၁၁ပါးတို့သည် သောမနဿဝေဒနာ,ဒေါမနဿဝေဒနာ,ဥပေက္ခာဝေဒနာအားဖြင့် ၃-ပါးသော ဝေဒနာတို့နှင့် အတူတကွ ဖြစ်ကုန်၏ ဟု သိ။ ။၄-ဝေဒနာ ငါးပါးနှင့် တကွဖြစ်သော စေတသိက်တို့ကား ဝေဒနာ ကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခြောက်ပါးတို့ပင်တည်း။ ။၎င်းစေတသိက် ၆-ပါးတို့သည် သုခ,ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာအားဖြင့် ဝေဒနာ ငါးပါးတို့နှင့် အတူတကွဖြစ်ကုန်၏ ဟု သိ။ ။၅-ဝေဒနာငါးပါးမှလွတ်သော မည်သည့်ဝေဒနာနှင့်မှ မယှဉ်သော စေတသိက်ကား ဝေဒနာစေတသိက် တပါးသာတည်း။ ။ထိုဝေဒနာ စေတသိက်သည် အခြား ယှဉ်ဘော် ယှဉ်ဘက် ဝေဒနာစေတသိက် မရှိသဖြင့် ဝေဒနာငါးပါးမှ လွတ်၍ ဖြစ်သော စေတသိက်မည်၏။ ။ထို့ကြောင့် ''မ တခု'' ဟု မိန့်ဆိုတော်မူလေသတည်း။ ။ဤကား လက်ာ၏ အဓိပ္ပါယ်တည်း။

ဝေဒနာသင်္ဂဟ အဘွင့် ပြီး၏။

---

## ဟေတုသင်္ဂဟ အဘွင့်

၁၀။ ။ဟေတုသင်္ဂဟေ ဟေတူနာမ၊ လောဘော၊ဒေါသော၊ မောဟော၊အလောဘော၊ အဒေါသော၊ အမောဟော စာတိ ဆဗ္ဗိဓာ ဘဝန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

ဟေတုသင်္ဂဟ၌ ဟိတ်တို့သည် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊အမောဟဟိတ် ဟူ၍ ခြောက်ပါး အပြားရှိကုန်၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

## ဟိတ်နှင့် ဟေတုသင်္ဂဟ အဓိပ္ပါယ်

ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိ ဟေတု။

ဧတသ္မာ၊ ထိုအကြောင်း တရားကြောင့်။ ဖလံ၊ အကျိုးတရားသည်။ ဟိနောတိ- ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ ဟေတု၊ဟိတ်မည်၏။ ။အဓိပ္ပါယ်ကား အာရုံ၌ မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော ပစ္စုပ္ပန် အကျိုး တရားတို့ကို ကောင်းစွာ ခိုင်ခံ့ တည်တံ့စေတတ်သော အကြောင်းတရားသည် ဟိတ် မည်၏။

ဥပမာ ဆိုသော် ၎င်း ဟိတ်တရား တို့သည် သစ်မြစ်နှင့် တူကုန်၏။ ။ တူဟန်ကား သစ်မြစ်တို့ မည်သည် ပင်စည်ကို စည်ပင် ကြီးပွါးစေကုန် လျက် ရေဟုန်လေဟုန်တို့၏ အရှိန်ကြောင့် ပြိုလဲ ယိမ်းယိုင်ခြင်း မရှိစေ မူ၍ ခိုင်ခံ့ တည်တံ့ စေကုန်သကဲ့သို့ ထိုအတူ မိမိနှင့် ယှဉ်ဘော် ယှဉ် ဘက် ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့ကို အာရုံ၌ မြဲစွဲတည်တံ့ ခိုင်ခံ့ ကြီးပွါးစေတတ်ကုန်၏။ ထို့ကြောင့် ဟိတ်တရားကို မူလဟူ၍လည်း ခေါ်ဆိုရပေသတည်း။ ။ဟိတ်မရှိသော အဟိတ် စိတ်တို့ကား ရေပေါ်ရှိ မှော်ပင်များကဲ့သို့ အာရုံ၌ မြဲမြဲခိုင်ခံ့ တည်တံ့ခြင်း မရှိကြကုန်။

ဤကား ဟိတ်၏ အဓိပ္ပါယ်တည်း။

ဟေတော တံ သမ္ပယုတ္တစိတ္တစေတသိကာနံ<br>
သင်္ဂဟော ဟေတုသင်္ဂဟော။

ဝိဂြိုဟ်အရ ဟိတ်ဘို့၏ အပြားအားဖြင့် ထိုဟိတ်နှင့် ယှဉ်သောစိတ်, စေတသိက် တရားတို့ကို သင်္ဂြိုဟ် စုပေါင်း ရေတွက်၍ ပြရာပြကြောင်း ဖြစ်သော သင်္ဂဟသည် ဟေတုသင်္ဂဟ မည်၏ ဟု မှတ်။ ။ဟေတုတော၊ ဟိတ်အားဖြင့်။ တံ သမ္ပယုတ္တ စိတ္တစေတသိကာနံ၊ ထိုဟိတ်နှင့် ယှဉ်ကုန် သော စိတ်စေတသိက်တို့ကို။ သင်္ဂဟော၊ သင်္ဂြိုဟ်စုပေါင်း ပြဆိုရာ ပြဆို ကြောင်း ဖြစ်သော သင်္ဂဟသည်။ ဟေတုသင်္ဂဟော၊ ဟေတုသင်္ဂဟ မည်၏ ဟု အနက်ပေး။

ဤကား ဟေတုသင်္ဂဟ၏ အဓိပ္ပါယ်တည်း။

## ဆောင်ပုဒ်

မိမိနှင့်ယှဉ်၊စိတ် စေ သင်ကို၊ မြဲလျှင်ခိုင်စေ၊
ဟိတ်မှတ်လေလော့။

---

## ဟိတ်၏ အပြား

ဟိတ်သည် ဟေတုဟိတ်, ပစ္စယဟိတ်, ဥတ္တမဟိတ်, သာဓာရဏ ဟိတ်- ဟူ၍ လေးပါး အပြားရှိ၏။ ။၁-ဤသဂြိုဟ်ကျမ်းလာ လောဘ, ဒေါသ-စသော ဟိတ် ၆ပါးသည် ဟိတ်အစစ် ဖြစ်သောကြောင့် **ဟေတု ဟိတ်** မည်၏။ ။၂-စတ္တာရောမေ ဘိက္ခဝေ မဟာဘူတာ ဟေတူ စတ္တာရော မဟာဘူတာ ပစ္စယာ ရူပက္ခန္ဓဿ ပညာပနာယ။ ။ပါဠိတော် အရ ဥပါဒါရုပ်၏ အကြောင်းဖြစ်သော မဟာဘုတ်လေးပါး စသည်သည် **ပစ္စယဟိတ်** မည်၏။ ။၃-ကုသလာ ကုသလံ အတ္တနော ဝိပါကဋ္ဌေန ဥတ္တမံ။ ။ စသော ပါဠိတော်အရ အကျိုးဝိပါက်၏ အကြောင်း ဖြစ်သော ကုသိုလ် အကုသိုလ်ကံ တရားများသည် **ဥတ္တမဟိတ်** မည်၏။ ။၄-ယော ဝ ဟေတု၊ သော ပစ္စယော သင်္ခါရာနံ ယဒိဒံ အဝိဇ္ဇာ-စသော ပါဠိတော်အရ သင်္ခါရ၏ အကြောင်းဖြစ်သော အဝိဇ္ဇာစသောအကြောင်းတရား အပေါင်း သည် **သာဓာရဏဟိတ်**-မည်၏။ ။ဤ၌ကား ဟေတု ဟိတ်ကိုသာ ယူအပ် မှတ်အပ်၏။

ဘူမိဇာတိဝသေန ပန ဗဟုဓာ ဘဝန္တိ။

သခေ်ပ ဝဏ္ဏနာ။

ပါဌ်အရ။ ။ကုသိုလ် ဟိတ် ၃-ပါး၊ အကုသိုလ် ၃-ပါး၊ အဗျာ ကတ ဟိတ် ၃-ပါးဟူ၍၊ ဇာတ်အားဖြင့် ဟိတ် ၉-ပါးရှိ၏။ တနည်း။ ကုသိုလ်ဟိတ် ၃-ပါး၊အကုသိုလ်ဟိတ် ၃-ပါး၊ ဝိပါက်ဟိတ် ၃-ပါး၊ ကြိယာဟိတ် ၃-ပါးဟူ၍လည်း ဇာတ်အားဖြင့် ဟိတ် ၁၂-ပါးရှိ၏။ ။ တနည်း။ ။အကုသိုလ် ဇာတ်ဖြစ်သော ဟိတ်သည် ၂၂-ပါး၊ အပြား ရှိ၏။ ။၂၂-ပါး အရကား၊ လောဘ ဟိတ်သည် လောဘမူ စိတ်ရှစ်ခု၌ ယှဉ်သောကြောင့် ၈-ပါး ရ၏။ ဒေါသ ဟိတ်သည် ဒေါသမူဒွေ၌ ယှဉ် သောကြောင့် ၂-ပါးရ၏။ ။မောဟဟိတ်သည် အကုသိုလ်စိတ် ၁၂-

ပါး၌ ယှဉ်သောကြောင့် ၁၂-ပါးရ၏။ ပေါင်း အကုသိုလ်ဟိတ် ၂၂-ပါး ရ၏။ ပေါင်းအကုသိုလ် ၂၂-ပါး ဖြစ်သတည်း။

ကုသိုလ်ဇာတ်ဖြစ်သောဟိတ်ကား ၁၀၇-ပါး အပြားရှိ၏။ ။၁၀၇-ပါး၏ အရကား၊မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးပါး၌ အလောဘ, အဒေါသဟိတ် ၂-ပါး ယှဉ်ရကား အလောဘဟိတ်ကို ၄-ပါး၊ အဒေါသ ဟိတ် ၄-ပါး၊ပေါင်း ၈-ပါး။ ။ဉာဏသမ္ပယုတ် ၄-ပါး၌ ဟိတ် ၃-ပါး ယှဉ်ရကား အလောဘဟိတ် ၄-ပါး၊ အဒေါသဟိတ် ၄-ပါး၊ အမောဟ ဟိတ် ၄-ပါးအားဖြင့် ၁၂-ပါး။ ။မဟဂ္ဂုတ်ကုသိုလ် ကိုးပါး၌လည်း အလောဘဟိတ် ၉-ပါး၊အဒေါသဟိတ် ၉-ပါး၊ အမောဟဟိတ် ၉-ပါး အားဖြင့် ဟိတ်ပေါင်း ၂၇-ပါး။ ။မဂ်စိတ် ၂၀-၌ အလောဘဟိတ် ၂၀၊ အဒေါသဟိတ်-၂၀၊ အမောဟ ဟိတ် ၂၀-အားဖြင့် ဟိတ်ပေါင်း ၆၀၊ ဤသို့လျှင် ကုသိုလ်ဇာတ်ဟိတ် ၁၀၇-ပါး ဖြစ်သတည်း။ ။ဝိပါက်ဇာတ် ဟိတ်လည်း နည်းတူ ၁၀၇-ပါး ဖြစ်၏။

ကြိယာဇာတ်ဟိတ်ကား ၄၇-ပါးဖြစ်၏။ ။၄၇-ပါးအရကား၊ မဟာ ကြိယာ ဉာဏဝိပ္ပယုတ် ၄-ပါး၌ ဟိတ် ၈-ပါး၊ ဉာဏသမ္ပယုတ် ၄-ပါး၌ ဟိတ် ၁၂-ပါး၊ မဟဂ္ဂုတ် ကြိယာစိတ်၌ ဟိတ် ၂၇-ပါး၊ ပေါင်း၄၇-ပါး ဖြစ်၏။ ။ဤကား ဇာတိဘေဒ အားဖြင့် ဟိတ်ပြားပုံတည်း။

ဘူမိဘေဒအားဖြင့် ဟိတ်ပြားပုံကား။ ။အပါယ်လေးဘုံ၌ လောဘ, ဒေါသ,မောဟ ဟိတ်သုံးပါး၊ ကာမသုဂတိဘုံ၌ အလောဘ,အဒေါသ, အမောဟဟိတ် ၃-ပါး။ ရူပဘုံ၌လည်း ထိုအတူ ဟိတ် ၃-ပါး။ အရူပ ဘုံ၌လည်း ထိုအတူ ဟိတ် ၃-ပါး။ ။အဝတ္တာဘုံ ဟု ဆိုအပ်သော လောကုတ္တရာ စိတ်၌ ထိုအတူ ဟိတ် သုံးပါး အားဖြင့် ဟိတ် ပေါင်း ၁၅-ပါး ဖြစ်သတည်း။ ။* ဤဘုံ၌ဖြစ်သော စိတ်ကိုရည်၍ ဟိတ်သုံးပါး၊ စသည် ရေတွက် သင်္ဂြိုဟ်ပြသည်ကို သတိပြု။

တတ္ထ ဟိ လောဘာဒယော တယော ကာမာဝစရာယောဝ။
အလောဘာဒယော ပန ကာမာဒိ စတုဘူမိ ဝသေန ဒွါဒ
သာတိ ဧဝံ ဘူမိဝသေန ပန္နရသ။

သင်္ခေပ ဝဏ္ဏနာ။

**ယာဟိတ်စိတ်**

၁၁။ ။တဒ္ဒ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီ
ရဏ ဝေါဋ္ဌဗ္ဗန ဟသနဝသေန အဋ္ဌာရသ အဟေ
တုက စိတ္တာနိ နာမ။

သဂြိုဟ်ပါဌ်။

---

ထိုဟေတုသင်္ဂဟ၌ ပဥ္စဒွါရာဝဇ္ဇန်း၊ ဒွေပဥ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်း ဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ ဟသိတုပ္ပါဒ် စိတ်တို့၏ အစွမ်းဖြင့် ၁၈-ပါး သော စိတ်တို့သည် ယှဉ်ဘော်ယှဉ်ဘက် ဟိတ် မရှိသောကြောင့် အဟိတ် စိတ်မည်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**အဟိတ် အဓိပ္ပါယ်**

ဤ၌ အဟေတုက-ပုဒ်ကို

နတ္ထိ ဟေတု ဧတေသန္တိ အဟေတုကာနိ။

ဧတေသံ၊ ထိုစိတ် ၁၈-ပါးတို့အား။ ဟေတု၊ ယှဉ်သောဟိတ်တရားသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ကြောင့်။ တာနိ၊ထိုစိတ်တို့သည်။ အဟေတုကာနိ၊ အဟိတ်စိတ် မည်ကုန်၏။ ဝိဂြိုဟ်အရ ယှဉ်ဘော် ယှဉ်ဘက် ဟိတ်တရား မရှိသောကြောင့် အဟိတ်မည်၏ဟု မှတ်။ ။သဟိတ်စိတ်အရာ၌ အဟိတ် စိတ်ကို ရှေးဦးစွာ ဆိုရခြင်းကား သဟိတ် စိတ်တို့ကို ယူလွယ်ခြင်း အကျိုး ငှါ မိန့်ဆိုတော်မူရ၏ဟု မှတ်။ ———

**သဟိတ်စိတ်**

၁၂။ ။သေသာနိ သဗ္ဗာနိပိ ဧကသတ္တတိ စိတ္တာနိ သဟေတု
ကာနေဝ။

သဂြိုဟ်ပါဌ်။

---

အဟိတ်စိတ် ၁၈-ပါးမှ ကြွင်းကုန်သော အလုံးစုံကုန်သော ၇၁-ပါး သော စိတ်တို့သည် ယှဉ်ဘော်ယှဉ်ဘက်ဟိတ်ရှိသောကြောင့် သဟိတ်စိတ် မည်ကုန်၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

### သဟိတ် အဓိပ္ပါယ်

ဤ၌ သဟေတုကာနိ-ပုဒ်ကို
သံဝိဇ္ဇတိ ဟေတု ဧတေသန္တိ သဟေတုကာနိ။

ဧတေသံ၊ ထိုစိတ် ၇၁-ပါးတို့အား။ ဟေတု၊ ယှဉ်သော ဟိတ်တရားသည်။ သံဝိဇ္ဇတိ၊ရှိ၏။ ဣတိ၊ကြောင့်။ တာနိ၊ ထိုစိတ်တို့သည်။ သဟေတုကာနိ၊သဟိတ်စိတ် မည်ကုန်၏။ ။(အဓိပ္ပါယ်ပေါ်လွင်ပြီ)။

---

### ဧကဟိတ်စိတ်

၁၃။ ။တတ္ထာပိ ဒွေ မောမူဟာစိတ္တာနိ ဧကဟေတုကာနိ။
သင်္ဂြိုဟ်ပါဌ်။

---

ထိုသဟိတ်စိတ်တို့ တွင်လည်း မောဟမူစိတ် ၂-ပါးတို့သည် မောဟ ဟိတ် တပါးတည်း ရှိသောကြောင့် ဧကဟိတ်စိတ် မည်ကုန်၏။ ။ဟူလို။
ဤကား ဝိဂ္ဂဟတ္ထ။

---

### ဧကဟိတ် အဓိပ္ပါယ်

ဤ၌ ဧကဟေတုကာနိ-ဟူသော ပုဒ်ကို
ဧကော ဟေတု ဧတေသန္တိ ဧကဟေတုကာနိ။

ဟု ဝိဂ္ဂြိုဟ်ပြု။ ။ဧတေသံ၊ ထိုစိတ်တို့အား။ ဧကော၊ တပါးတည်းသော။ ဟေတု၊ဟိတ်တရားသည်။ အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။တာနိ၊ထိုစိတ်တို့သည်။ ဧကဟေတုကာနိ၊ ဧကဟိတ် မည်ကုန်၏ ဟု အနက်ပေး။

---

### ဒွိဟိတ်စိတ်

၁၄။ ။သေသာနိ ဒသ အကုသလစိတ္တာနိစေဝ ဉာဏဝိပ္ပ ယုတ္တာနိ ဒွါဒသ ကာမာဝစရသောဘဏာနိ စေတိ ဒွါဝီသတိ ဒွိဟေတုက စိတ္တာနိ။
သင်္ဂြိုဟ်ပါဌ်။

---

မောဟမူစိတ် ၂-ပါးမှ ကြွင်းကုန်သော အကုသိုလ်စိတ် ၁၀-ပါး

ဉာဏဝိပ္ပယုတ် ကာမာဝစရ သောဘဏစိတ် ၁၂-ပါးအားဖြင့် ၂၂-ပါး သော စိတ်တို့သည်ဟိတ် ၂-ပါး ရှိသောကြောင့် ဒွိဟိတ်စိတ် မည်ကုန်၏။ ဟူလို။

ဤကား ဝိဏ္ဏုတ္တ။

---

## ဒွိဟိတ် အဓိပ္ပါယ်

ဤ၌ ဒွိဟေတုက,ဟူသော ပုဒ်ကို

ဒွေ ဟေတဝေါ ဧတေသန္တိ ဒွိဟေတုကာနိ။

ဟုပြု။ ။ဧတေသံ၊ ထိုစိတ် ၂၂-ပါး တို့အား။ ဒွေ၊ ၂-ပါးကုန်သော။ ဟေတဝေါ၊ ဟိတ်တို့သည်။သန္တိ၊ရှိကုန်၏။ဣတိ၊ ကြောင့်။တာနိ၊ထိုစိတ်တို့ သည်။ ဒွိဟေတုကာနိ၊ ဒွိဟိတ်စိတ် မည်ကုန်၏။ ။ဟုပေး။ ။ဤစိတ်တို့ တွင် အကုသိုလ် ၁၀-ပါးဝယ်၊ လောဘမူစိတ် ၈-ပါးတို့၌ လောဘဟိတ်, မောဟ ဟိတ် ၂-ပါး ရှိ၏။ ။ဒေါသမူစိတ် ၂-ပါးတို့၌ ဒေါသဟိတ်, မောဟဟိတ် ၂-ပါး ရှိ၏။ ။ဉာဏဝိပ္ပယုတ် ကာမာဝစရ သောဘဏစိတ် ၁၂-ပါးတို့၌ကား အလောဘဟိတ်, အဒေါသဟိတ် ၂-ပါးရှိ၏။ ။ ဒွိဟိတ်စိတ်မည်၏ ဟု သိ။

---

## တိဟိတ်စိတ်

၁၅။ ။ဒွါဒသဉာဏသမ္ပယုတ္တ ကာမာဝစရ သောဘဏာနိ စေဝ ပဉ္စတိံသ မဟဂ္ဂတ လောကုတ္တရစိတ္တာနိ စေတိ သတ္တ စတ္တာလီသ တိဟေတုက စိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဠိ။

---

ဉာဏသမ္ပယုတ် ကာမာဝစရ သောဘဏစိတ် ၁၂-ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် ၃၅-ပါးအားဖြင့် ၄၇-ပါးသော စိတ်တို့သည် ဟိတ် ၃-ပါးရှိသောကြောင့် တိဟိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ဝိဏ္ဏုတ္တ။

## တိဟိတ် အဓိပ္ပါယ်

ဤ၌ တိဟေတုက ဟူသော ပုဒ်ကို

တယော ဟေတဝေါ ဧတေသန္တိ တိဟေတုကာနိ။

ဟုပြု။ ။ဧတေသံ၊ထို ၄၇—ပါးသောစိတ်တို့အား။ တယော၊သုံးပါးကုန်သော။ ဟေတဝေါ၊ ဟိတ်တို့သည်။ သန္တိ၊ရှိကုန်၏။ ဣတိ၊ကြောင့်။ တာနိ၊ ထိုစိတ်တို့သည်။ တိဟေတုကာနိ၊ တိဟိတ်စိတ် မည်ကုန်၏ ဟုပေး။ ။ ၎င်း ၄၇—ပါးသော စိတ်တို့၌ အလောဘ,အဒေါသ, အမောဟဟိတ် ၃—ပါးရှိသောကြောင့် တိဟိတ်စိတ်မည်၏ ဟုမှတ်။

---

**၁၆။ ။လောဘဒေါသမောဟာ စ၊ ဟေတူ အကုသလာ တယော။**

**အလောဘာဒေါသာမောဟာ စ၊ ကုသလာဗျာကတာ တထာ။**

သင်္ဂြိုဟ်ပါဠိ။

---

လောဘ, ဒေါသ, မောဟ ဟိတ် ၃—ပါးတို့သည် အကုသိုလ် စိတ်၌ ယှဉ်သော ဟိတ်များဖြစ်၍ အကုသိုလ်စိတ် မည်ကုန်၏။ ။အလောဘ, အဒေါသ,အမောဟဟိတ် ၃—ပါးတို့ကား ကုသိုလ်စိတ်၌၎င်း၊ အဗျာကတ ဖြစ်သော ဝိပါက်, ကြိယာ စိတ်တို့၌၎င်း ယှဉ်သော ဟိတ်များ ဖြစ်သောကြောင့် ကုသိုလ်ဟိတ်,အဗျာကတဟိတ် မည်ကုန်၏။ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**၁၇။ ။အဟေတုကာ ဋ္ဌာရသေကာ၊ ဟေတုကာ ဒွေ ဒွါဝီသတိ။**

**ဒွိဟေတုကာ မတာ သတ္တ၊စတ္တာလီသ တိဟေတုကာ။**

သင်္ဂြိုဟ်ပါဠိ။

---

အဟိတ်စိတ်တို့ကို ၁၈-ပါး အပြား ရှိကုန်၏ ဟူ၍ သိအပ်ကုန်၏။ ။ ဧကဟိတ် တို့ကို ၂—ပါးအပြားရှိ၏ ဟူ၍ သိအပ်ကုန်၏။ ။ဒွိဟိတ်စိတ်တို့ကို ၂၂—ပါး အပြားရှိ၏ ဟူ၍ သိအပ်ကုန်၏။ ။တိဟိတ်စိတ်တို့ကို ၄၇-ပါးအပြားရှိ၏ ဟူ၍ သိအပ်ကုန်၏။ ။ဟူလို။

ဤ ၂-ဂါထာကား အထက်၌ ဆိုအပ်ခဲ့ပြီးသော အကျယ် ဝိတ္ထာရ စကားကို အကျဉ်းချုံး၍ ဘော်ပြသော စကားရပ်တို့ပေတည်း။

ဤကား ဝိဏ္ဏတ္တ။

---

**စေတသိက်တို့၏ ဟိတ်အပြား**

တေသံ ဒါနိ ယထာရဟံ။ပ။သင်္ဂဟောနာမ နီယတေ။

ဟု ဆိုသောကြောင့် စိတ်သည်သာ အဟိတ် စသည် မည်သည် မဟုတ်၊ စေတသိက်တို့လည်း မည်သောကြောင့် စေတသိက်တို့ကိုလည်း ရေတွက်၍ ပြပေအံ့။

အဟိတ် တေရသ၊ ကေ နှစ်ဆယ်၊ ဋ္ဌဝယ်ဌစတ်၊
တိဟိတ်မှတ်၊ ရလတ်-၃၅။

ဝိသုဒ္ဓါရုံ လင်္ကာ။

မောဟမူဒွေ၌၊ မောဟစေတသိက်၊ အဟိတ်စိတ်တို့၌ ဆန္ဒ ကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ ဤ ၁၃-ပါးသော စေတသိက်တို့သည် ယှဉ်ဘော် ယှဉ်ဘက် ဟိတ် မရှိသောကြောင့် **အဟိတ်စေတသိက်** မည် ကုန်၏။

မောဟမူဒွေ၌ မောဟမှ တပါးသော ကြွင်းစေတသိက် ၁၅-ပါး၊လောဘမူ, ဒေါသမူ စိတ်တို့၌ လောဘ,ဒေါသ,မောဟ ဟိတ် ၃-ပါး၊ ဉာဏ ဝိပ္ပယုတ်စိတ်တို့၌ အလောဘ, အဒေါသ ဟိတ် ၂-ပါး။ ဤ၂၀-သော စေတသိက်တို့သည် ယှဉ်ဘော် ယှဉ်ဘက် ဟိတ် ၁-ပါး ရှိသောကြောင့် **ဧကဟိတ်စေတသိက်** မည်ကုန်၏။

* ဤ၌ဟိတ် ၂-ပါးရှိရာ တပါးကို တပါးထောက်၍ ဟိတ်တပါးသာ ရှိ၍ ဧကဟိတ်မည်၏ ဟုမှတ်။

လောဘမူစိတ်၌ လောဘ, မောဟဟိတ် ၂-ပါးမှ တပါးသော ကြွင်း စေတသိက်—၂၀၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၃-ပါး၊ ဉာဏဝိပ္ပယုတ် စိတ်တို့၌ အလောဘ, အဒေါသ, အမောဟဟိတ် ၃-ပါးမှတပါး ကြွင်း သောဘဏ စေတသိက် ၂၂-ပါး၊ တိဟိတ်စိတ်တို့၌ အလောဘ,အဒေါသ, အမောဟဟိတ် ၃-ပါး၊ ဤ ၄၈-ပါးသော စေတသိက်တို့သည် ယှဉ်ဘော် ယှဉ်ဘက် ဟိတ် ၂-ပါးရှိသောကြောင့် **ဒွိဟိတ်စေတသိက်**မည်ကုန်၏။ ။

* ဟိတ် ၃-ပါးရှိရာ တပါးကိုထောက်၍ ကြွင်းဟိတ် ၂-ပါးကိုရသဖြင့် ဒွိဟိတ်မည်သည်ကို သတိပြု။

ဉာဏသမ္ပယုတ် စိတ်ကိုတို့၌ ယှဉ်သော ၃၈-ပါးသော စေတသိက်တို့တွင် အလောဘ,အဒေါသ, အမောဟဟိတ် ၃-ပါးမှ တပါးသော ကြွင်း ၃၅-ပါးသော စေတသိက်တို့သည် အလောဘ,အဒေါသ,အမောဟတည်းဟူသော ယှဉ်ဘော် ယှဉ်ဘက် ဟိတ် ၃-ပါး ရှိသောကြောင့် **တိဟိတ် စေတသိက်** မည်ကုန်၏။

---

## အဂ္ဂဟိတ ဂဏာနည်း

သုံးကေဟိတ်၊ ဒွိဟိတ်ကိုးလီ၊ သတ္တဝီတိဟိတ်၊
ပဉ္စဟိတ်တစ်၊ ဆယ့်နှစ် ဆဟိတ်၊ ဒွေပညိတ်၊
နိမိတ် ထင်မျက်ြ။

ဝိသုဒ္ဓါရုံလင်္ကာ။

ဤယခုပြဆိုလတ္တံ့သောနည်းသည်ကား ရှေးနည်းကဲ့သို့ ယူအပ်ပြီးသော စေတသိက် တို့ကို မယူ မရေတွက်ဘဲ မယူအပ်သေးသော စေတသိက်တို့ကိုသာ ရေတွက် ဘော်ပြသော နည်းဖြစ်၏။ ။ရေတွက်ဟန်ကား.... လောဘ, ဒေါသ, ဝိစိကိစ္ဆာ ဤစေတသိက် သုံးပါးတို့သည် ယှဉ်ဘော် ယှဉ်ဘက် ဟိတ် တပါးတည်း ရှိသောကြောင့် **ကေဟိတ် စေတသိက်** မည်ကုန်၏။

*__မှတ်ချက်။__ ။လောဘ၌ မောဟဟိတ် တပါး ရှိ၏၊ဒေါသ၌လည်း မောဟဟိတ်တပါးရှိ၏၊ ဝိစိကိစ္ဆာ၌လည်း မောဟဟိတ် တပါးရှိ၏။ ။ဟူလို။

မောဟ,ဒိဋ္ဌိ,မာန, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,အလောဘ,အဒေါသ, အမောဟ ဤစေတသိက် ၉-ပါးတို့သည် **ဒွိဟိတ်စေတသိက်** မည်ကုန်၏။

* **မှတ်ချက်။** ။မောဟဟိတ်သည် လောဘ,ဒေါသ ဟိတ် ၂-ပါးရှိ၏။ ဒိဋ္ဌိ,မာန စေတသိက် ၂-ပါးတို့သည် လောဘ, ဒေါသ ဟိတ် ၂-ပါးရှိကုန်၏၊ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက် ၃-ပါးတို့သည်ဒေါသ,မောဟဟိတ် ၂-ပါးရှိကုန်၏။ ။အလောဘသည်

အဒေါသဟိတ်,အမောဟဟိတ်, ၂-ပါးရှိ၏။ အဒေါသသည် အလောဘ,အမောဟဟိတ် ၂-ပါးရှိ၏။ အမောဟသည်၊အလောဘ, အဒေါသဟိတ် ၂-ပါးရှိ၏ ဟု သိ။

အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန,မိဒ္ဓ၊ ဟိတ် ၃-ပါးမှ ကြွင်းသော သောဘဏ စေတသိက် ၂၂-ပါး၊ ဤ ၂၇-ပါးသော စေတသိက်တို့သည် **တိဟိတ်စေတသိက်** မည်ကုန်၏။

**ဘာသာ။** ။အဟိရိက။ပ။ မိဒ္ဓ၊ ဤစေတသိက် ၅-ပါးတို့သည် လောဘ, ဒေါ,သ, မောဟ တည်းဟူသော ယှဉ်ဘော် ယှဉ်ဘက်ဟိတ် ၃-ပါး ရှိကုန်၏။ ။သောဘဏ စေတသိက် ၂၂-ပါး တို့သည် အလောဘ, အဒေါသ, အမောဟတည်းဟူသော ယှဉ်ဘော် ယှဉ်ဘက် ဟိတ် ၃-ပါး ရှိကုန်၏။ ။ဟူလို။

ဝိတိစေတသိက် တပါးသည် ဒေါသဟိတ်မှတပါး ကြွင်းဟိတ် ငါးပါး နှင့် ယှဉ်၍ ဖြစ်နိုင်သောကြောင့် **ပဥ္စဟိတ်စေတသိက်** မည်၏။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဆန္ဒ,ဝိရိယ ဤစေတသိက် ၁၂-ပါး တို့သည် ဟိတ်၆-ပါးလုံးနှင့် ယှဉ်၍ ဖြစ်နိုင်သောကြောင့် **ဆဟိတ်စေတသိက်** မည်ကုန်၏။ ဤသို့လျှင်-

| | |
|---|---|
| ဧကဟိတ်စေတသိက် | ၃-ပါး၊ |
| ဒွိဟိတ်စေတသိက် | ၉-ပါး၊ |
| တိဟိတ်စေတသိက် | ၂၇-ပါး၊ |
| ပဥ္စဟိတ်စေတသိက် | ၁-ပါး၊ |
| ဆဟိတ်စေတသိက် | ၁၂-ပါး၊ |
| ပေါင်း စေတသိက် | ၅၂-ပါး၊ ဖြစ်ကုန်၏ ဟု မှတ်။ |

---

## အမေး အဖြေ

မေး။ ။ဧကဟိတ် ဟု စိတ်,စေတသိက် ၂-ပါးလုံးမှာ ရှိပါလျက် အဘယ့်ကြောင့် ပုဂ္ဂိုလ်သတ္တဝါ၌ ဧကဟိတ်ပုဂ္ဂိုလ်ဟုမရှိပါ သနည်း။

ဖြေ။ ။အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်-ဟု ခေါ်ဝေါ်ခြင်းသည် ပဋိသန္ဓေနှင့်သာ ယှဉ်သောဟိတ်ကို စွဲ၍ ခေါ်ဆိုရ၏။ ကေဟိတ်မှာ ပဋိသန္ဓေ စိတ်မျိုးမဟုတ်၊ ပဝတ္တိ စိတ်သာဖြစ်သောကြောင့် ကေဟိတ်ပုဂ္ဂိုလ် မရှိသတည်း။

မေး။ အသညသတ် ပုဂ္ဂိုလ်သည် ရူပါဝစရ ဈာန်ရပုဂ္ဂိုလ်ဖြစ်ပါလျက် အဘယ့်ကြောင့် အဟိတ်ပုဂ္ဂိုလ်ဟု ဆိုရပါသနည်း။

ဖြေ။ ။ဟိတ်နှင့်တကွ နာမ်တရား မရှိသောကြောင့် အသညသတ်ပုဂ္ဂိုလ်ကို အဟိဟုတ်ဆိုရပါသတည်း။

မေး။ ။အရှေ့ကျွန်း, မြောက်ကျွန်း, အနောက် ကျွန်းသားတို့သည် ဟိတ် မရှိ ဟု အဘယ့်ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသနည်း။

ဖြေ။ ။၎င်းသုံးကျွန်းသားတို့သည် မိမိတို့ ကျွန်း၌ ဘုရားပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည် မဖြစ်ကုန်၊ ဤအရှင်မြတ်တို့သည် ကြွရောက်၍ တရားတော် ကိုလည်း ဟောတော်မမူကုန်။ ထို့ကြောင့် ထိုကျွန်းသား တို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားတည်းဟူသော ဟိတ်မရှိသောကြောင့် ဟိတ်မရှိ-ဟု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသတည်း။

ဟေတုသင်္ဂဟ အတွင့် ပြီး၏။

---

ကိစ္စ သင်္ဂဟ

၁၈။ ။ကိစ္စသင်္ဂဟေ ကိစ္စာနိနာမ ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ဒဿနသဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဇဝန တဒါရမ္မဏစုတိဝသေန စုဒ္ဒသ ဝိဓာနိ ဘဝန္တိ။

သတ္တိုဟ်ပါဌ်။

---

ကိစ္စသင်္ဂဟ၌ ကိစ္စတို့ မည်သည်ကား။ ။ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊

ဖုသနကိစ္စ၊ သမ္ပဋိစ္ဆနကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ၊စုတိကိစ္စတို့၏ အစွမ်းဖြင့် ၁၄-ပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**ပဋိသန္ဓေကိစ္စ အဓိပ္ပါယ်**

ပဋိသန္ဓာနံ ပဋိသန္ဓိ။

ပဋိသန္ဓာနံ၊ စပ်ခြင်း။ ပဋိသန္ဓိ၊ စပ်ခြင်း။ ။ပဋိ-ရှေး သံရှေး ရှိသော ဓာ-ဓာတ်)။

ကရဏံ ကိစ္စံ။

ကရဏံ၊ပြုမြင်း။ ကိစ္စံ၊ပြုခြင်း။

ပဋိသန္ဓိမေဝ ကိစ္စံ ပဋိသန္ဓိ ကိစ္စံ။

ပဋိသန္ဓိမေဝ၊ ပဋိသန္ဓေသည် ပင်လျှင်။ ကိစ္စံ၊ ကိစ္စတည်း။ ပဋိသန္ဓိကိစ္စံ၊ ပဋိသန္ဓေသည်ပင်လျှင်ကိစ္စ။ ။အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝအား ခဏငယ် တချက်မျှအကြားမရှိစေမူ၍စပ်ခြင်းကိစ္စသည် ပဋိသန္ဓေ ကိစ္စမည်၏။ ။ဟူလို။

စပ်ပုံမှာ အတိတ်ဘဝ၏ စုတိသို့ရောက်လျှင် ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေသို့ ရောက်ရ၏။ ၎င်းစုတိနှင့် ပဋိသန္ဓေတို့၏ အလယ်ကြား၌ တစုံတခုသော စိတ္တက္ခဏတချက်မျှ အခြားမရှိမူ၍ စပ်သည်ဟု မှတ်။

---

**ဆောင်ပုဒ်**

နှစ်ပါးဘဝ၊ကြားမရအောင်၊ စပ်တုံဆောင်၊ မှတ်မောင်
ပဋိသန္ဓေ ကိစ္စတည်း။

---

**ဘဝင်ကိစ္စ အဓိပ္ပါယ်**

ဘဝဿ အင်္ဂံ ဘဝင်္ဂံ။

ဘဝဿ၊ ဥပပတ္တိဘဝ၏။ အင်္ဂံ၊ အကြောင်းတည်း။ ဘဝင်္ဂံ၊ ဘဝ၏ အကြောင်း။

မှတ်ချက်။ ။အင်-သဒ္ဒါသည် ဟေတွတ္ထ ဝါစီတည်း။ ။ထို့ကြောင့် ဋီကာ၌ အဝိစ္ဆေဒပ္ပဝတ္တိဟေတုဘာဝေန ဟု ဘွင့်ဘိသော်။ သို့သော် အင်၏ အရသည် တခုယုတ် ၂၀-သော ဝိပါက် စိတ်ကို ရသဖြင့် ဘဝ၏ အရနှင့် တူနေသောကြောင့် အင် ပုဒ်ကို ဘာဝပ္ပဓာန် ကြံအပ်၏။ ။ထို့ကြောင့် ဋီကာ၌ အင်ဘာဝေါ ဟု ဘွင့်ပြတော်မူ၏။

အဓိပ္ပါယ်ကား။ ။ဥပပတ္တိ ဘဝအစဉ်၏ အသက်ထက်ဆုံး အပြတ် အလပ်မရှိရအောင် ဖြစ်ခြင်း အကြောင်းသည် **ဘဝင်** ကိစ္စမည်၏။ ။ ဟူလို။

ထိုစကားချ၍ ဆိုဦးအံ့။သတ္တဝါတို့၏ သန္တာန်ဝယ် အာရုံအားလျော်စွာ ဝီထိစိတ်တို့သည် ဖြစ်ပေါ်နေကြ၏။ သို့သော် အိပ်ပျော် နေသောအခါ စသော တစုံတခုသော အာရုံသစ် မထင်လာ၍ ဝီထိစိတ်မဖြစ်ဘဲရှိနေသော အခါတို့၌ ကြားမလပ်စေရအောင် မြစ်ရေအယဉ်ပမာ ဘဝင် စိတ်သည် ဖြစ်ပေါ်လာ၏။ဤသို့ ဝီထိစိတ်မဖြစ်ပေါ်မီ ဘဝ၏အစဉ် မပြတ်ရအောင် ထောက်ပံ့ တတ်သော အကြောင်းတရား ဖြစ်သောကြောင့် ဘဝင်ဟု ဆိုရ ပေသတည်း။

---

### သောင်ပုဒ်

ဘဝအယဉ်၊ ဖြစ်စဉ်မပြတ်၊ ထောက်ပံ့တတ်ငြား၊ ကြောင်းတရား၊ မှတ်သား ဘဝင်တည်း။

---

### အာဝဇ္ဇန်းကိစ္စ အဓိပ္ပါယ်

အာဝဇ္ဇီယတေ အာဝဇ္ဇနံ။

အာဝဇ္ဇီယတေ၊နှလုံးသွင်းခြင်း။ ဝါ၊ဆင်ခြင်ခြင်း။ အာဝဇ္ဇနံ၊ နှလုံးသွင်း ခြင်း၊ဆင်ခြင်ခြင်း။ ။ဝိဂြိုဟ်အရ၊ စိတ်အစဉ်ကို ဘဝင်ချည်း သက်သက် မဖြစ်စေမူ၍ ဝီထိစိတ် ဖြစ်ခြင်းငှါ ညွတ်ခြင်း၊ တစုံတခုသော အာရုံကို နှလုံးသွင်းပေးခြင်း,ဆင်ခြင်ခြင်းသည် **အာဝဇ္ဇန်းကိစ္စ** မည်၏။ ။ဟူလို။

စက္ခုစသော ငါးဒွါရ၌ ရူပါရုံစသောအာရုံငါးပါးကို ဆင်ခြင်ပါမူ၊ ပဉ္စဒွါရာဝဇ္ဇန်း မည်၏။ ။မနောဒွါရ၌ အာရုံခြောက်ပါးကို ဆင်ခြင်ပါမူ မနောဒွါရာဝဇ္ဇန်း မည်၏ ဟု မှတ်။

---

**ဆောင်ပုဒ်**

ဘဝင်အယဉ်၊ ဖြစ်စဉ်ကိုဖျောက်၊ အာရုံ ခြောက်ပါး၊ ဆင်ခြင်ငြား၊ မှတ်သား-အာဝဇ္ဇန်း။

---

**ဒဿနကိစ္စ။ပ။ဖုသန ကိစ္စအဓိပ္ပါယ်**

ဒိဿတေ ဒဿနံ။

ဒိဿတေ၊ မြင်ခြင်း။ ဒဿနံ၊ မြင်ခြင်း။ ။ဝိဂြိုဟ်အရ၊ စက္ခုဒွါရ၌ ထိခိုက်သော ရူပါရုံကို မျက်မှောက်ထင်ထင် တွေ့မြင်ခြင်းသည် **ဒဿနကိစ္စ** မည်၏။

သုယျတေ သဝနံ။

သုယျတေ၊ ကြားနာခြင်း။ သဝနံ၊ ကြားနာခြင်း။ ။ဝိဂြိုဟ်အရ၊ သောတဒွါရ၌ထိခိုက်လာသော သဒ္ဒါရုံကို ကြားနာခြင်းသည် **သဝနကိစ္စ** မည်၏။

ဃာယတေ ဃာယနံ။

ဃာယတေ၊ နမ်းခြင်း။ ဃာယနံ၊ နမ်းခြင်း။ ။ဝိဂြိုဟ်အရ၊ ဃာနဒွါရ၌ ထိခိုက်လာသော ဂန္ဓာရုံကို နမ်းရှုပ်ခြင်းသည် **ဃာယနကိစ္စ** မည်၏။

သာယတေ သာယနံ။

သာယတေ၊ လျက်ခြင်း။ သာယနံ၊ လျက်ခြင်း။ ။ဝိဂြိုဟ်အရ၊ ဇိဝှါဒွါရ၌ ထိခိုက်လာသော ရသာရုံကိုလျက်ခြင်းသည် **သာယနကိစ္စ** မည်၏။

ဖုသီယတေ ဖုသနံ။

ဖုသီယတေ၊ တွေ့ထိခြင်း။ ဖုသနံ၊ တွေ့ထိခြင်း။ ။ဝိဂြိုဟ်အရ၊ ကာယဒွါရ၌ ထိခိုက်လာသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းသည် **ဖုသနကိစ္စ** မည်၏။ ။ဤဒဿန, သဝန, ဃာယန, သယန, ဖုသန-ကိစ္စ ငါးပါးကို **ပဉ္စဝိညာဏ်ကိစ္စ** ဟုလည်း ခေါ်ဆိုအပ်၏။

## သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောကိစ္စများ အဓိပ္ပါယ်

သမ္ပဋိစ္ဆိယတေ သမ္ပဋိစ္ဆနံ။

သမ္ပဋိစ္ဆိယတေ၊ လက်ခံ သိမ်းပိုက်ခြင်း။ သမ္ပဋိစ္ဆနံ၊ လက်ခံ သိမ်းပိုက်ခြင်း။ ။ဝိဂြိုဟ်အရ၊ ပဉ္စဝိညာဏ် စိတ်တို့သည် ယူအပ်ပြီးသော အာရုံ ငါးပါးကို လက်ခံ သိမ်းပိုက်ထားခြင်းသည် **သမ္ပဋိစ္ဆိုင်းကိစ္စ** မည်၏။

ထိုစကားကို ထင်ရှားစွာ ဘော်ပြဦးအံ့····စက္ခုဝိညာဏ်။ပ။ ကာယဝိညာဏ်တည်းဟူသော ပဉ္စဝိညာဏ်စိတ်တို့သည် ထင်လာ ထိခိုက်လာသော ရူပါရုံစသော အာရုံ ငါးပါးကို ယူပြီးလျှင် ချုပ်ဆုံးကြကုန်၏။ ထိုသို့ ပဉ္စဝိညာဏ်စိတ်တို့ ချုပ်ဆုံးပြီးသည်နောက် ၎င်းပဉ္စဝိညာဏ်တို့၏ အာရုံ ငါးပါးကို မပျောက်မပျက်ရအောင် အမှုထိန်း စာရေးကြီးပမာ သိမ်းပိုက်၍ ထားခြင်းသည် သမ္ပဋိစ္ဆနကိစ္စ ဟု ဆိုလိုသည်။

သန္တီရိယတေ သန္တီရဏံ။

သန္တီရိယတေ၊စုံစမ်းခြင်း။ သန္တီရဏံ၊စုံစမ်းခြင်း။ ။ဝိဂြိုဟ်အရ၊ အကြင် သမ္ပဋိစ္ဆိုင်းစိတ်သည် လက်ခံ သိမ်းပိုက်၍ ထားအပ်သော အာရုံငါးပါးကို ကောင်းစွာ စုံစမ်း စိစစ်ခြင်းသည် **သန္တီရဏကိစ္စ** မည်၏။

ဝဝတ္ထာ ပိယတေ ဝေါဋ္ဌဗ္ဗနံ။

ဝဝတ္ထာပိယတေ၊ပိုင်းခြားမှတ်သားခြင်း။ဝေါဋ္ဌဗ္ဗနံ၊ပိုင်းခြားမှတ်သားခြင်း။ ဝိဂြိုဟ်အရ၊အကြင် သန္တီရဏစိတ်လည်း စုံစမ်း စိစစ်အပ်ပြီးသော အာရုံ ငါးပါးကို ပိုင်းခြား မှတ်သားခြင်းသည် **ဝေါဋ္ဌဗ္ဗနကိစ္စ** မည်၏။ ။ ဆိုလိုရင်းကား—ဤအာရုံသည် အညိုတည်း,အရွှေတည်း စသည်ဖြင့်၎င်း၊ တင့်တယ်သော အာရုံတည်း, ယုတ်မာသော အာရုံတည်း စသည်ဖြင့်၎င်း၊ ကောင်းဆိုးနှစ်ပါး ရောယှက်ခြင်း မရှိရအောင် အာရုံငါးပါးကို ပိုင်းခြား မှတ်သားမှုသည် ဝေါဋ္ဌဗ္ဗနကိစ္စ ဆိုလိုသတတ်။

---

### ဆောင်ပုဒ်

က။ ။ငါးပဉ္စာရုံ၊သိမ်းဆည်းတုံ၊မှတ်ကုန်-သမ္ပဋိစ္ဆိုင်း။
ခ။ ။သိမ်းဆည်း အာရုံ၊ဆုံးဖြတ်တုံ၊မှတ်ကုန်-သန္တီရဏ။
ဂ။ ။ဆုံးဖြတ် အာရုံ၊ပိုင်းခြားတုံ၊မှတ်ကုန်-ဝေါဋ္ဌဗ္ဗန။

## ဇော,တဒါရုံ,စုတိကိစ္စများ အဓိပ္ပါယ်

ဇဝိယတော ဇဝနံ။

ဇဝိယတေ၊ အရှိန်အဟုန်နှင့် တကွ ဖြစ်ခြင်း။ ဇဝနံ၊ အရှိန်အဟုန်တကွ ဖြစ်ခြင်း။ ။(ဇု ဓာတ်၊ပဝတ္တနတ္ထဝါစီ)။ ဝိဂ္ဂြိုဟ်အရ၊ မိုးကြိုးကျဘိသကဲ့သို့ အရှိန်အဟုန်နှင့် တကွဖြစ်သော စိတ်၏ ထိုထိုသော ကိစ္စ ၌အကြိမ်ကြိမ် အထပ်ထပ်သော်၎င်း၊ တကြိမ်သော်၎င်း၊ အာရုံကိုပိုင်းခြားစွာ သိလျက်ဖြစ်ခြင်းသည် **ဇောကိစ္စ** မည်၏။ ။ပဉ္စဒွါရာဝဇ္ဇန်းအစ ဝုဋ္ဌောအဆုံးရှိသော စိတ်တို့ကား အာရုံကို ညိုသည်, ရွှေသည်, ကောင်းသည်, ဆိုးသည် စသည်ဖြင့် မသိသေး၊ ဇောကျမှ အာရုံကို ပိုင်းခြား ဂန သိရလေ၏။ ။ (ကြွင်း အဓိပ္ပါယ်သည် အထက်ဝီထိပိုင်း၌ ထင်ရှားလတ္တံ့.)။

တဿ အာရမ္မဏံ တေဿာတိ တဒါရမ္မဏံ။

တေဿ၊ ထိုစိတ်အား။ တဿ၊ထိုဇော၏။ အာရမ္မဏံ၊ အာရုံသည်။အတ္ထိ၊ ရှိ၏။ ဣတိ၊ကြောင့်။ တဒါရမ္မဏံ၊ တဒါရုံ မည်၏။ ။ဝိဂ္ဂြိုဟ်အရ၊ဇော၏ အာရုံအတိုင်း အာရုံပြု၍ဖြစ်ခြင်းသည် **တဒါရုံကိစ္စ** မည်၏။ ။၎င်းတဒါရုံသည် လှေ၏နောက်သို့ အစဉ်လိုက်သော ရေအဟုန်နှင့် တူ၏။ ။တူပုံကား၊ ရေညာသို့ ဆန်တက်သော လှေ၏ အဟုန်ကြောင့် လှေနောက်၌ ရှိသောရေသည် ယုတ်တရက် စုန်မြဲတိုင်းမစုန်ဘဲ လှေ၏နောက်သို့ အနည်းငယ် ဆန်တက်လိုက်ဘိသကဲ့သို့ ဇော၏အရှိန်ကြောင့် ၎င်းဇော၏ နောက်၌ ဖြစ်သော ဝိပါက် စိတ်တို့သည်လည်း ယုတ်တရက် ဇောယူသော အာရုံကို စွဲလန်းယူငင်လေသတည်း။

စဝနံ စုတိ။

စဝနံ၊ရွေ့လျောခြင်း။ စုတိ၊ရွေ့လျောခြင်း။ ဝါ၊ သေလွန်ခြင်း။ ။ဝိဂ္ဂြိုဟ် အရ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၏ ချုပ်ဆုံးပျက်ပြား ပြောင်းသွား သေလွန်မှုသည် **စုတိကိစ္စ** မည်၏ ဟု မှတ်။ ———

### သောင်းပုဒ်

က။ အာရုံကိုသိ၊ ဖြစ်ဘိကြိမ်ဘန်၊ ရှိန်ပြင်းထန်၊မှတ်ရန်ဇောကိစ္စ။
ခ။ ။ဇော၏ အာရုံ၊ ယူပြန်တုံ၊ တဒါရုံ-ဟုမှတ်။
ဂ။ ။ဖြစ်ဆဲ ဘဝ၊ ရွေ့လျောကျ၊မှတ်ပ-စုတိတည်း။

## ဌာန အဘွင့်

**၁၉။ ။ပဋိသန္ဓိဘဝင်္ဂါဝဇ္ဇန ပဉ္စဝိညာဏ ဋ္ဌာနာဒိဝသေန**
**ပန တေသံ ဒသဓာ ဋ္ဌာနဘေဒေါ ဝေဒိတဗ္ဗော။ ။**

သင်္ဂြိုဟ်ပါဌ်။

---

ပဋိသန္ဓေဌာန, ဘဝင်ဌာ, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဏ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာန တို့၏အစွမ်းဖြင့် ဌာနသည် ၁၀-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

### ဌာနအပြား အဓိပ္ပါယ်

ဤသင်္ဂြိုဟ်ကျမ်းလာ ဌာန အပြား ၁၀-ပါးကို သာမည အားဖြင့် ဆိုအပ်သော စကား ဟု မှတ်။ အကျယ် ဝိတ္ထာရ ဝိသေသအားဖြင့်ကား ဌာနသည် ၂၅-ပါး အပြားရှိ၏။ ။၂၅-ပါး ဟူသော်ကား—

သန္ဓိကော် ဆဘဝင်္ဂံ၊ ဒွါဝဇ္ဇနံ ပဉ္စာဒေ့ကံ။
ဒွေ ဝေါ ဇော ဆ တဒါဒွေတိ၊စုတီတိ ပဏ္ဏဝီသတိ။ ။

သန္ဓိ၊ ပဋိသန္ဓေဌာနသည်။ ကော်၊ တခုသာတည်း။ ဘဝင်္ဂံ၊ ဘဝင်ဌာနသည်။ဆ၊ခြောက်ခုတည်း။အာဝဇ္ဇနံ၊အာဝဇ္ဇန်းဌာနသည်။ ဒွေ၊နှစ်ခု။ ပဉ္စာဒိ၊ ပဉ္စဝိညာဏ်ဌာန စသည်သည်။ ဝါ၊ ပဉ္စဝိညာဏ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏဌာနသည်။ ကော်၊တခုစီတည်း။ ဝေါ၊ ဝုဋ္ဌောဌာနသည်။ ဒွေ၊နှစ်ခု။ ဇော၊ဇောဌာနသည်။ဆ၊ခြောက်ခု။ တဒါ၊တဒါရုံဌာနသည်။ဒွေ၊နှစ်ခု။စုတိ၊ စုတိဌာနသည်။တိ၊သုံးပါး။ဣတိ၊ဤသို့။ဌာနံ၊ဌာနသည်။ပဏ္ဏဝီသတိ၊ ၂၅-ပါးတည်း။ ။အဓိပ္ပါယ်ကား။ ပဋိသန္ဓေဌာန ၁-ခု၊ ဘဝင်ဌာန ၆-ခု၊ အာဝဇ္ဇန်းဌာန ၂-ခု၊ ပဉ္စဝိညာဏ်ဌာန ၁-ခု၊ သမ္ပဋိစ္ဆိုင်းဌာန ၁-ခု၊ သန္တီရဏဌာန ၁-ခု၊ ဝုဋ္ဌောဌာန ၂-ခု၊ ဇောဌာန ၆-ခု၊ တဒါရုံဌာန ၂-ခု၊ စုတိဌာန ၃-ခုအားဖြင့် ဌာနအပြား အကျယ်အားဖြင့် ၂၅-ပါး ဖြစ်သည်။ ဟူလို။

## ဌာန ၂၅-ပါး၏ သရုပ်

စုဘ ၌ ရုံ သန္ဓိဌာနံ၊ ပအာ-တအာ-ဇအာ-ဝေါအာ။
တစု-ဇစု ၌ ရုံ ဘဿ၊ဆဌာနံ ပရိဒီပယေ။ ။

ဘဝိ-ဘဇ ၌ ရုံယေဝ၊ဒုအာဌာနံ အာသ ၌ ရုံ။
ဝိဌာနေကံ ဝိတိ ၌ ရုံ၊ သံဌာနေကံ သံဝေါ ၌ ရုံ။ ။

တိဌာနေကံ ဒုဝေါဌာနံ၊တိဇ-တိ ဘ ၌ ရုံ တထာ။
ဝေါတ-ဝေါ ဘ-ဝေါစု ၌ ရုံ၊ အာတ-အာဘ-အာစု ၌ ရုံ။ ။

ဇဌာနံ ဆ-ဇ-ဘ-ဇစု၊ ၌ ရုံ ဋ္ဌ္ယံ ဒုတဌာနံ။
တပ-ဇပ-ဘပ ၌ ရုံ၊ စုတိဌာနံ တိခါ မတံ။ ။

သင်္ခေပဝဏ္ဏနာ။

စု-ဘ ၌ ရုံ၊ စုတိ,ဘဝင် နှစ်ခုတို့၏အကြားကို။သန္ဓိဌာနံ၊ ပဋိသန္ဓေဌာန တခုဟူ၍။ပရိဒီပယေ၊ပြရာ၏။ပအာ-တအာ-ဇအာ ဝေါအာ တစု-ဇစု ၌ ရုံ၊ ပဋိသန္ဓေနှင့် အာဝဇ္ဇန်းအကြား၊ တဒါရုံနှင့် အာဝဇ္ဇန်းအကြား၊ ဇောနှင့် အာဝဇ္ဇန်းအကြား၊ ဝုဋ္ဌောနှင့် အာဝဇ္ဇန်းအကြား၊ တဒါရုံနှင့် စုတိအကြား၊ ဇောနှင့် စုတိအကြားကို။ ဘဿ၊ ဘဝင် ၁၉-ပါး၏။ ဆဌာနံ၊ခြောက်ဌာန ဟူ၍။ ပရိဒီပယေ၊ပြရာ၏။

ဘဝိ-ဘဇ ၌ ရုံယေဝ၊ ဘဝင်နှင့် ပဉ္စဝိညာဏ်အကြား၊ ဘဝင်နှင့် ဇော အကြားကိုသာလျှင်။ ဒုအာဌာနံ၊ အာဝဇ္ဇန်း ၂-ဌာန ဟူ၍။ပရိဒီပယေ၊ပြရာ၏။ အာသ ၌ ရုံ၊ အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြားကို ။ ကေ၊ တပါး သော။ဝိဌာနံ၊ ပဉ္စဝိညာဏ်ဌာနဟူ၍။ ပရိဒီပယေ၊ ပြရာ၏။ ဝိတိ ၌ ရုံ၊ပဉ္စဝိညာဏ်နှင့် သန္တီရဏတို့၏ အကြားကို။ ကေ၊ တပါးသော။ သံဌာနံ၊ သမ္ပဋိစ္ဆိုင်းဌာန ဟူ၍။ ပရိဒီပယေ၊ ပြရာ၏။ သံဝေါ ၌ ရုံ၊ သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောတို့၏အကြားကို။ ကေ၊ တပါးသော။ တိဌာနံ၊ သန္တီရဏဌာန ဟူ၍။ ပရိဒီပယေ၊ ၏။

တိဇ-တိဘ ၌ ရုံ၊ သန္တီရဏနှင့် ဇောအကြား၊ သန္တီရဏနှင့် ဘဝင် အကြားကို။ဒုဝေါဌာနံ၊ ဝုဋ္ဌော ၂-ဌာနဟူ၍၊ပရိဒီပယေ၊၏။ တထာ၊ထိုမြို့။ ဝေါတ-ဝေါဘ-ဝေါစု ၌ ရုံ၊ ဝုဋ္ဌောနှင့် တဒါရုံ အကြား၊ ဝုဋ္ဌောနှင့် ဘဝင် အကြား၊ ဝုဋ္ဌောနှင့် စုတိ အကြားကိုငင်း။ အာတ-အာဘ- အာစု ၌ ရုံ၊

အာဝဇ္ဇန်းနှင့် တဒါရုံအကြား၊ အာဝဇ္ဇန်းနှင့် ဘဝင်အကြား၊ အာဝဇ္ဇန်းနှင့် စုတိအကြားကိုဧင်း၊ ဇဋ္ဌာနံ၊ ဇောဋ္ဌာနကို။ ဆ၊ ခြောက်ဋ္ဌာနရှိ၏ ဟူ၍။ ပရိဒီပယေ၊ ၏။ ဇဘ ဇစန္တရံ၊ ဇောနှင့်ဘဝင်အကြား၊ ဇောနှင့် စုတိအကြားကို။ဒုတဋ္ဌာနံ၊တဒါရုံ ၂-ဋ္ဌာနဟူ၍။ ဧ ယုံ၊ သိအပ်၏။တပ-ဇပ-ဘပန္တရံ၊ တဒါရုံနှင့် ပဋိသန္ဓေအကြား၊ ဇောနှင့် ပဋိသန္ဓေအကြား၊ ဘဝင်နှင့် ပဋိသန္ဓေအကြားကို။ တိဓာ၊ သုံးပါးအပြားအားဖြင့်။ စုတိဋ္ဌာနံ၊ စုတိဋ္ဌာန ဟူ၍။မတံ၊ သိအပ်၏။

အဓိပ္ပါယ်ကား····စုတိနှင့် ဘဝင်၏ အကြား၊ နေရာတပါးသည် ပဋိသန္ဓိဋ္ဌာန မည်၏။ ပဋိသန္ဓေနှင့် အာဝဇ္ဇန်းအကြား၊ တဒါရုံနှင့် အာဝဇ္ဇန်း အကြား၊ ဇောနှင့် အာဝဇ္ဇန်း အကြား၊ ဝုဋ္ဌောနှင့် အာဝဇ္ဇန်း အကြား၊ တဒါရုံနှင့် စုတိအကြား၊ ဇောနှင့် စုတိအကြား၊ ဤနေရာခြောက်ပါးသည် ဘဝင်ဋ္ဌာန မည်၏။ ။ဘဝင်နှင့် ပဉ္စဝိညာဏ် အကြား၊ ဘဝင်နှင့် ဇော အကြား၊ ဤနေရာ ဋ္ဌာနသည် အာဝဇ္ဇန်းဋ္ဌာန မည်၏။ ။အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း အကြား နေရာတပါးသည် ပဉ္စဝိညာဏ်ဋ္ဌာန မည်၏။ ။ ပဉ္စဝိညာဏ်နှင့် သန္တီရဏ အကြား၊ နေရာတပါးသည် သမ္ပဋိစ္ဆိုင်းဋ္ဌာန မည်၏။ ။သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောအကြား နေရာတပါးသည် သန္တီရဏ ဋ္ဌာန မည်၏။ သန္တီရဏနှင့် ဇောအကြား၊ သန္တီရဏနှင့် ဘဝင်အကြား၊ ဤနေရာ ၂-ပါးသည် ဝုဋ္ဌောဋ္ဌာနမည်၏။

ဝုဋ္ဌောနှင့် တဒါရုံ အကြား၊ ဝုဋ္ဌောနှင့် ဘဝင်အကြား၊ ဝုဋ္ဌောနှင့် စုတိအကြား၊အာဝဇ္ဇန်းနှင့် တဒါရုံအကြား၊ အာဝဇ္ဇန်းနှင့် ဘဝင်အကြား၊ အာဝဇ္ဇန်းနှင့်စုတိအကြား ဤနေရာခြောက်ပါးသည် ဇောဋ္ဌာနမည်၏။ ။ ဇောဋ္ဌာန ခြောက်နေရာရှိ၏ ဟု ဆိုလိုသည်။ ။ဇောနှင့် ဘဝင်အကြား၊ ဇောနှင့် စုတိအကြား၊ဤနေရာ ၂-ပါးသည် တဒါရုံဋ္ဌာနမည်၏။ ။တဒါရုံ နှင့် ပဋိသန္ဓေအကြား၊ ဇောနှင့် ပဋိသန္ဓေအကြား၊ ဘဝင်နှင့် ပဋိသန္ဓေ အကြား၊ ဤနေရာသုံးပါးသည် စုတိဋ္ဌာနမည်၏။ ။စုတိဋ္ဌာန သုံးနေရာ ရှိ၏-ဟု ဆိုလိုသည်။ ။ဆိုအပ်ပြီးသော ဋ္ဌာန အလုံးစုံကို ပေါင်းလိုက်လျှင် ဋ္ဌာနပေါင်း ၂၅-ပါးရှိ၏။ ။ဟူလို။

ဤအထက်ပါ စကားကို ထင်ရှားစွာ ဘော်ပြ ရှင်းလင်းဦးအံ့။ ။စုတိ နှင့် ဘဝင်အကြား၊ ပဋိသန္ဓေဋ္ဌာန အရကို မရဏာသန္န ဝိထိ၊ ပဋိသန္ဓေ

ဝိထိတို့၌ သိအပ်၏။ ။ဘဝင် ခြောက်ဌာနကို ပဋိသန္ဓေဝိထိ၊ မရဏာသန္နဝိထိ၊ မနောဒွါရိကဝိထိ စသည်တို့၌ သိအပ်၏။ ။ပ,ဿ အရ၊ ပဋိသန္ဓေဝိထိ ဘဝနိကန္တိ ဝိထိ၌ ရအပ်၏။

တ,ဿ-အရ၊ အတိမဟန္တာရုံ ဝိထိ၌ တဒါရုံအဆုံး ဘဝင်ကျသည်ကို မှတ်အပ်၏။ ။ဒ,ဿ- အရ၊ အဝိဘူတာရုံ- မဟန္တာရုံဝိထိ၌ ဇောအဆုံး ဘဝင် ကျသည်ကို မှတ်အပ်၏။ ။ဝေါ,ဿ အရ၊ ပရိတ္တာရုံ ဝိထိ၌ ဘဝင်ကျခြင်းကို မှတ်အပ်၏။ ။တ,ခ အရ၊ ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား တဒါရုံ အဆုံး၌ ဘဝင် ကျသည့် မရဏာသန္နဝိထိကို မှတ်အပ်၏။ ။ဒ,ခ အရ၊ ကာမဘုံမှစုတေ၍ ဗြဟ္မာဘုံ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား ဇောအဆုံး၌ ဘဝင်ကျသော မရဏာသန္နဝိထိကို မှတ်အပ်၏။ ။ဤကား ဘဝင် ခြောက်ဌာန၏ မှတ်ဘွယ်တည်း။

အာဝဇ္ဇန်း ၂-ဌာနဝယ် ဘ,ဝိ အရ၊ ပဉ္စဒွါရဝိထိ၌ မှတ်အပ်၏။ ။ဘ,ဓ အရ၊မနောဒွါရဝိထိ၌ မှတ်အပ်၏။ ။ပဉ္စဝိညာဏ်ဌာန၊ သမ္ပဋိစ္ဆိုင်းဌာန၊သန္တီရဏဌာနတို့လည်း သိသာ ထင်ရှားကုန်ပြီ။ ။ဝုဋ္ဌော ၂-ဌာနဝယ် တီ,ဓ မဟန္တာရုံဝိထိ, ပရိတ္တာရုံ ဝိထိ၌ မှတ်အပ်၏။ ။ဘ တီ အရ၊ ပရိတ္တာရုံဝိထိ၌ မှတ်အပ်၏။ ။ဇောခြောက်ဌာနတို့တွင် ဝေါ တ အရ၊ အတိမဟန္တာရုံဝိထိ၌ မှတ်အပ်၏။ ။ဝေါ,ဘအရ၊ မဟန္တာရုံဝိထိ၌ မှတ်အပ်၏။ ။ဝေါ,ခ အရ၊ ကာမဘုံမှ စုတေ၍ ထို ကာမဘုံ၌ပင် ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဖြစ်သော မရဏာသန္နဝိထိ၌ မှတ်အပ်၏။ ။ဿ တ အရ၊ဝိဘူတာရုံဝိထိ၌ မှတ်အပ်၏။ ။ဿ,ဘ အရ၊ အဝိဘူတာရုံ ဝိထိ၌ မှတ်အပ်၏။ ။ဿ,ခ အရ၊ ကာမဘုံမှ စုတေ၍ ဗြဟ္မာ ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဖြစ်သော မရဏာသန္နဝိထိ၌ မှတ်အပ်၏။ ။ဤကား ဇောခြောက်ဌာန မှတ်ဘွယ်တည်း။

တဒါရုံ ၂-ဌာနတွင် ဒ,တ အရ၊ အတိမဟန္တာရုံဝိထိ၊ ဝိဘူတာရုံ ဝိထိတို့၌ မှတ်အပ်၏။ ။ဒ,ခုံ အရ၊ ကာမဘုံမှ စုတေ၍ ထိုကာမဘုံ၌ ပင် ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အားဖြစ်သော မရဏာသန္နဝိထိ၌ မှတ်အပ်၏။ စုတိ သုံးဌာနတို့တွင်၊ ဒ,ပ အရ၊ ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်

လတ္တံ့သော ပုဂ္ဂိုလ်အား ဖြစ်သော မရဏာသန္နဝီထိဝယ် ဇောနောင် စုတိကျသော ဝီထိကို မှတ်အပ်၏။ ။ဘ,ပ အရ၊ ၎င်းမရဏာသန္န ဝီထိ၌ပင် တဒါရုံနောင် စုတိ ကျသော ဝီထိကို မှတ်အပ်၏။ ။ဘ ပ အရ၊ ၎င်း မရဏာသန္န ဝီထိ၌ပင် ဘဝင်နောင် စုတိကျသော ဝီထိကို မှတ်အပ်၏။ ။ ဤသည်လျှင် စုတိ ၃-ဌာနမှတ်ဘွယ်တည်း။ ။သို့သော် ဝီထိကို ကြေပြွန်ပါမှ ဤ ၂၅-ဌာန ဖြစ်ဟန်ကို အမှန်တိတိ သိရှိနိုင်မည်ကို သတိပြု။

---

## ကိစ္စနှင့် ဌာန အထူး

ဤကိစ္စနှင့်ဌာနအထူးကို ပြဆိုရာ၊ဝါဒအထူးထူး ပြောဆို ဆုံးဖြတ်ကြကုန်၏။ ။ဋီကာကျော် ဆရာကား။ ။စိတ်, စေတသိက်တို့၏ သတ္တိသည် ကိစ္စမည်၏။ သတ္တိမန္တဖြစ်သော စိတ်,စေတသိက်တို့သည် ဌာနမည်၏ဟု မိန့်ဆို ဆုံးဖြတ်တော်မူ၏။ ။သင်္ခေပဋီကာ ဆရာကား ဝီထိစိတ်တခုနှင့် တခုတို့၏ အကြား ဖြစ်သော ဝိဝရပညတ်သည် ဌာနမည်၏။ ထိုအကြားတို့၌ ဖြစ်သော စိတ်, စေတသိက်တို့သည် ကိစ္စမည်၏ ဟု ဆုံးဖြတ်တော်မူ၏။ ။၎င်းဝါဒများကို ရှင်းလင်းလိုက်သည်ရှိသော်။ ။သင်္ခေပ ဋီကာ ဆရာ၏ ဝါဒအတိုင်း ဝီထိစိတ် တခုနှင့် တခုတို့၏ အကြား ဖြစ်သော ဝိဝရပညတ်ကို ဌာနဟု ကောက်ယူပါက ဌာနသည် ပရမတ်တရားမဟုတ်၊ ပညတ်တရားဟူသော အဓိပ္ပါယ် ရောက်ရာ၏။

အချို့ဆရာတို့ကား၊ ဝီထိစိတ် တခုနှင့်တခု ခြားရာ အကြား ဖြစ်သော ကာလသည် ဌာနဟု ယူတော်မူကြကုန်၏။ ထိုဆရာတို့၏ ဝါဒ၌လည်း ဌာနဟူသည် ပညတ်တရားဟူသော အဓိပ္ပါသည် ကျရောက်ရာ၏။

အရှင်အနုရုဒ္ဓါဆရာကိုယ်တော်တိုင်ကပင်''အဋ္ဌသဋ္ဌိ တထာ ဒွေ စ။ပ။ ကိစ္စဋ္ဌာနာနိ နိဒ္ဒိသေ''ဟု ကိစ္စနှင့်ဌာန ၂-ပါးလုံး၏ အရကို စိတ် အရေအတွက်နှင့် မှတ်ပြတော်မူထားလျက် ရှိပြန်သည်ကို ထောက်သော် ပညတ် အယူရှိကုန်သော ဆရာတို့၏ ဝါဒကို စဉ်းစားသင့်၏။ ။ဤသို့ ဖြစ်ပါက ဋီကာကျော် ဆရာ၏ ဝါဒအရ၊ သတ္တိမန္တကို ဌာန ဟု မိန့်ဆိုပါက၊ ၎င်းဋီကာကျော် ဆရာသည်ပင် ''စုတိ ဘဝင်္ဂါနံ အန္တရာ ပဋိသန္ဓိဋ္ဌာနံ''ဟု အန္တရာ သဒ္ဒါဖြင့် တိုက်ရိုက် မိန့်ဆိုလျက် ရှိပြန်သောကြောင့်

ထိုဋီကာကျော်ဆရာ၏ဝါဒသည် ရှေ့စကား နောက်စကား,နှစ်ရပ်ဆန့်ကျင်သော ဝိရောဓိဒေါသ- ရောက်ရာ၏။ အရှင်အနုရုဒ္ဓါ ဆရာသည်ပင် ပဉ္စဝိညာဏ်ငါးပါးကို တပေါင်းတည်းပြု၍၊ တဌာနအဖြစ်ဖြင့် မိန့်ဆိုထားရှိပြန်သဖြင့်၊ အန္တရဝိဝရ- အကြား ပညတ်သည်ပင် ဌာန မည်သင့်တန်ရာ၏။ဝါ၊မည်သင့်သည် မဟုတ်ပါလော။ ။ထို့ကြောင့် ဋီကာကျော် ဆရာ၏စကားကိုလည်း၊ စဉ်းစား ဆင်ခြင်သင့်ပြန်၏။ ။စဉ်းစားဟန်ကား…. ဋီကာကျော်ဆရာ ယူသောအတိုင်း၊ သတ္တိကို ကိစ္စ၊ သတ္တိမန္တကို ဌာန-ဟု ယူခဲ့ပါမူ၊ စက္ခုဝိညာဏ်စသော စိတ်သည် အသီးအသီး သရုပ်အားဖြင့် ပြားသောကြောင့် သတ္တိနှင့် သတ္တိမန္တ အသီးအသီး ရကောင်းရကား၊ တဌာနတည်းပြု၍ အရှင်အနုရုဒ္ဓါဆရာ မဆိုသင့်ရာ။ ဆိုကား ဆိုခဲ့ပြန်၏၊ ထို့ကြောင့် စဉ်းစားသင့်၏ ဟူလို။ ။သို့ဖြစ်၍ ကိစ္စနှင့်ဌာနတို့၏ အဓိပ္ပါယ်သည် ခက်ခဲနက်နဲသော အရာဖြစ်ပေသည်။

## ဆုံးဖြတ်ချက်

ဋီကာကျော်ဆရာ၏ ဝါဒအရ၊ အပြစ်ပြသော အချက်များကား "စုတိဘဝင်္ဂါနံ အန္တရာ ပဋိသန္ဓိဌာနံ"။ ။ဟု အန္တရာ သဒ္ဒါဖြင့် တိုက်ရိုက် ပြဆိုခြင်း။ ။အဋ္ဌကထာ ဆရာကိုယ်တိုင် ဝိညာဏ်ငါးပါးကို တပေါင်းတည်းပြု၍ တဌာနတည်းဖြင့် မိန့်ခြင်း ၂-ရပ်ရှိလေရာ။ ပဌမ အပြစ် ပြချက်ကို ဖြေရှင်းသည်ရှိသော် အန္တရာ သဒ္ဒါဖြင့်ပင် မိန့်ဆိုသော်လည်း အန္တရေဘဝါ အန္တရာ။ ဝိဂ္ဂဟ်အရ၊ ၎င်းဝီထိစိတ် ၂-ပါးတို့၏ အလယ်ကြား၌ ဖြစ်သော စိတ်ကိုသာ ဆိုလိုသည်-ဟု မှတ်။ ။ပဉ္စဝိညာဏ် စိတ်တို့ကို တပေါင်းတည်းပြု၍လက်သန်းအဋ္ဌကထာဆရာအနုရုဒ္ဓါအရှင်မိန့်ဆိုခြင်းမှာလည်း ၎င်း ဒွေပဉ္စဝိညာဏ် စိတ်တို့သည် တဝီထိတည်းဝယ် တခါတည်း မဖြစ်နိုင်၊တဝီထိစီသာ ဖြစ်ရိုးရှိ၏။ သို့ပင် တဝီထိစီပင် ဖြစ်လင့်ကစား၊ နေရာအားဖြင့် မှတ်ပြသော်၎င်း၊ အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြား၌သာ ဖြစ်ကြ၍ ဖြစ်ရာဌာနမှာ တပါးတည်းသာ ရှိသောကြောင့် ပဉ္စဝိညာဏ်ဌာန-ဟုတပေါင်းတည်းသာပြု၍တဌာနအဖြစ်ကိုမိန့်ဆိုတော်မူအပ်ပါသတည်း။ ဖြစ်ရာဌာနကား၊ တနေရာတည်း ဖြစ်မှုကြောင့် ဌာနီဖြစ်သော စိတ်တို့သည် သရုပ် အားဖြင့် ပြားလင့်ကစား၊ တပါးတည်းပြု၍ ထားအပ်၏ ဟု ဆိုလိုသည်။ထို့ကြောင့် ဋီကာကျော် ဆရာ၏ အပေါ်၌

သခင်္ခပဆရာ တင်တိုင်းသော အပြစ်တို့သည် မတင်မရောက်၊ ကင်းစင်ဘိ၏ ဟု မှတ်။

တိုသို့ ဋီကာကျော် ဆရာ၏ဝါဒသည် အပြစ်မှ ကင်းစင်ရုံမျှမက၊ ၎င်း သင်္ခပဆရာသည်ပင်လျှင် အဋ္ဌသဋ္ဌဂါထာ၏ အဘွင့်၌၊ ''ပဋ္ဌကိစ္စာနံ ဥာန ဘူတာနိ စိတ္တာနိ''ဟု ဥာန၏အရကို စိတ္တာနိ-ဟု တိုက်ရိုက်နောက်၌ ဘွင့် ဆိုလျက် ရှိပြန်သောကြောင့် ယုတ္တတရ မှန်ကန်လှစသာ အဓိပ္ပါယ် ဟု ယူဆသင့်ကြောင်း ထောက်ခံရာ ကျပေသတည်း။ ။ဤကား၊အပြစ်ဒေါသကို ဖြေရှင်းဘောင်ပြချက်တည်း။ ။''တဗ္ဗော နော ယုတ္တော စေ ဂဟေတဗ္ဗော''။ ထို့ကြောင့် သောတုဇနတို့ မှတ်ဘွယ် လွယ်လွယ် အချုပ် နိဂုံးအုပ် မိန့်ဆိုဆုံးဖြတ်သည်ရှိသော်.... ကရဏံ ကိစ္စံ၊ ဝိဂ္ဂဟအရ၊ စိတ်တို့၏သတ္တိ သည်ကိစ္စမည်၏။ ။ဒွိန္နံ စိတ္တာနံ အန္တရာ တိဋ္ဌတိတိဌာနံ၊ တိဋ္ဌတိဝါ ဧတ္ထ ကိစ္စာနီတိဌာနံ၊ ဝိဂ္ဂဟအရ၊ သတ္တိ၏ တည်ရာ သတ္တိမန္တစိတ်ဖြစ်သည် ဌာန မည်၏ ဟု မှတ်။ ။ဥပမာ။ ။အတိတ် ဘဝနှင့် ပစ္စုပ္ပန်ဘဝကို စပ်ခြင်း သဘော သတ္တိသည် ပဋိသန္ဓေ ကိစ္စမည်၏။ ။ထိုကိစ္စဖြင့် မှတ်အပ်သော သတ္တိမန္တ ကိစ္စဝန္တ ဖြစ်သော ပဋိသန္ဓေစိတ်သည် ပဋိသန္ဓေဌာန မည်၏ဟု ခွဲခြား၍မှတ်လေ။ ကြွင်းနည်းတူ။

ကရဏံ၊ပြုခြင်း။ ကိစ္စံ၊ပြုခြင်း။ဒွိန္နံစိတ္တာနံ၊ ဝီထိစိတ် ၂-ခုတို့၏။ အန္တရာ၊ အကြား၌။ယံ၊အကြင်စိတ်သည်။တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုစိတ်သည်။ ဌာနံ၊ဌာနမည်၏။ ဝါ၊တနည်းကား။ဧတ္ထ၊ဤစိတ်၌။ ကိစ္စာနိ၊ သတ္တိဖြစ်သော ကိစ္စသို့သည်။ တိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိ၊ ဤသို့ တည်ရာဖြစ်သော သတ္တိကြောင့်။တံ၊ထိုသတ္တိမန္တစိတ်သည်။ဌာနံ၊ဌာနမည်၏ ဟု ပေး။

ကာမံ ပဋိသန္ဓိ ဝိနိမုတ္တံ ဌာနံနာမ နတ္ထိ၊ သုခဂဟဏတ္ထံ
ပန သိလာပုတ္တကဿ သရီရံ တျာဒိသု ဝိယ အဘေ
ဒေဝိ ဘေဒပရိကပ္ပနာတိ ဒဋ္ဌဗ္ဗံ။

ဋီကာကျော်။

သီဟဠဋီကာယံ ပန သီလာပုတ္တက သရီရန္တ္ဘာဒီသု ဝိယ
အဘေဒ ဘေဒပရိကပ္ပနနံ ဝုတ္တံ။ပ။တသ္မာ စုတိဘဝင်္ဂါနံ
အရာန္တဒယော ပဋိသန္ဓာဒီနံ ဌာနာနီတိ ဂဟေတဗ္ဗာနိ။

သင်္ခေပဋီကာ။

---

ဆောင်ပုဒ်

က။ ။စိတ်၏ သတ္တိ၊ မှတ်ဘိ ကိစ္စ၊ ဌာနမှာမူ၊ စိတ်ကိုယူ၊ မိန့်သူ ဋီကာကျော်။

ခ။ ။အကြား ဝိဝရ၊ ဌာန မှတ်လေ၊ဖြစ်ပေ စိတ်ကို၊ကိစ္စဆို၊ မိန့်ဆို-သင်္ခေပ။

---

**ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်သောစိတ်**

၂၁။ ။တတ္ထ ဒွေ ဥပေက္ခာ သဟဂတ သန္တီရဏာနိစေဝ၊
အဋ္ဌမဟာဝိပါကာနိစ၊နဝ ရူပါရူပဝိပါကာနိ စေတိ
ဧကူန ဝီသတိစိတ္တာနိ ပဋိသန္ဓိဘဝင်္ဂစုတိ ကိစ္စာနိ
နာမ။

သင်္ဂြိုဟ်ပါဠ်။

---

ထိုကိစ္စသင်္ဂြိုဟ်၌ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ရူပဝိပါက် ၅-ပါး၊အရူပဝိပါက် ၄-ပါးအားဖြင့် ၁၉-ပါးသော စိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်သော စိတ်ဖြစ်ကုန်၏။ ဝါ၊ပဋိသန္ဓေစိတ်, ဘဝင်စိတ်,စုတိစိတ် ဖြစ်ကြကုန်၏။ ။ ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

---

သန္တီရဏစိတ် ၃-ပါး ရှိသည်တွင် သောမနဿ သန္တီရဏစိတ်သည် အဘယ်ကြောင့် ပဋိသန္ဓေစိတ် မဖြစ်ပါသနည်း ဟူမူ။ဒွိဟိတ် ဩမက ဖြစ်သော သောမနဿ ကုသိုလ်ကံသည် အလွန်အားနည်းလှသောကြောင့် အဟိတ်သောမနဿ ပဋိသန္ဓေကို မပေးနိုင်၍ သောမနဿ သန္တီရဏ ပဋိသန္ဓေစိတ် မဖြစ်သတည်း။

တနည်း။ ။မြတ်စွာဘုရားသည် ၎င်း သောမနဿ သန္တီရဏ စိတ်ကို ပဋိသန္ဓေစိတ်မျိုး၌ ဟောကြားတော်မမူသည်ဖြစ်၍ ပဋိသန္ဓေ အစွမ်းဖြင့် ဖြစ်သော စိတ်မဟုတ်သောကြောင့် ပဋိသန္ဓေကိစ္စ မတပ်ဟု မှတ်။

ပဋိသန္ဓေစိတ် မဖြစ်နိုင်၍ ဘဝင်စိတ် စုတိစိတ်လည်း မဖြစ်နိုင်။ ။ ထိုစကားမှန်၏၊ ၎င်း ၁၉-ပါးသော စိတ်တို့သည် ပဋိသန္ဓေ အခါသာ ပဋိသန္ဓေစိတ်ဖြစ်၍ ပဝတ္တိအခါ၌ကား ၎င်းပဋိသန္ဓေ စိတ်တို့ပင် ဘဝင်စိတ် ဖြစ်ကုန်၏။ စုတိသော အခါ၌လည်း ၎င်းစိတ်တို့ပင် စုတိစိတ် ဖြစ်ကုန်၏ဟု မှတ်။

---

### ဆောင်ပုဒ်

က။ ။ကံ-ဩမကတ်၊အားနည်း လတ်၍၊သောမနဿ် သန္ဓေ၊ မဖြစ်ပေ၊ မှတ်လေ-မြဲသေချာ။

ခ။ ။သဘော ပဋိသန္ဓေ၊မရှိလေ၊ကြဉ်ပေ-သောမနဿ်။

---

### အာဝဇ္ဇန်းကိစ္စ။ပ။သန္တီရဏကိစ္စ တပ်သော စိတ်များ

၂၁။ ။အာဝဇ္ဇနကိစ္စာနိ ပန ဒွေ။

၂၂။ ။တထာ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန ကိစ္စာနိ စ။

၂၃။ ။တီဏိ သန္တီရဏ ကိစ္စာနိ။

သင်္ဂြိုဟ်ပါဌ်။

---

ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်းစိတ် ၂-ပါးတို့သည် အာဝဇ္ဇန်းကိစ္စ တပ်ကုန်၏။ ။စက္ခုဝိညာဏ် ဒွေသည် ဒဿနကိစ္စ တပ်၏။ ။ သောတဝိညာဏ် ဒွေသည် သဝနကိစ္စတပ်၏။ ။ဃာနဝိညာဏ် ဒွေသည် ဃာယနကိစ္စ တပ်၏။ ။ဇိဝှါဝိညာဏ် ဒွေသည် သာယနကိစ္စ တပ်၏။ ။ ကာယဝိညာဏ် ဒွေသည် ဖုသနကိစ္စ တပ်၏။ ။သမ္ပဋိစ္ဆိုင်း ဒွေသည် သမ္ပဋိစ္ဆိုင်းကိစ္စ တပ်၏။ ။သန္တီရဏစိတ် ၃-ပါးသည် သန္တီရဏကိစ္စ တပ်၏။ ။ဝါ၊သန္တီရဏကိစ္စတပ်သော စိတ်သည် ၃-ပါး ရှိ၏-ဟူလို။

ဤကား ပိဏ္ဍတ္ထ။

## ဝုဋ္ဌောကိစ္စ ဇောကိစ္စ တဒါရုံကိစ္စ တပ်သောစိတ်

၂၄။ ။မနောဒွါရာ ဝဇ္ဇနမေဝ ပဉ္စဒွါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ။

၂၅။ ။အာဝဇ္ဇနဒွယဝဇ္ဇိတာနိ ကုသလာ ကုသလ ဖလ ကြိယာ စိတ္တာနိ ပဉ္စပညာသ ဇဝနကိစ္စာနိ။

၂၆။ ။အဋ္ဌမဟာဝိပါကာနိစေဝ သန္တီရဏတ္တယဉ္စေတိ ဧကာဒသ တဒါရမ္မဏကိစ္စာနိ။

သင်္ဂြိုဟ်ပါဠိ။

---

မနောဒွါရာဝဇ္ဇန်း စိတ်သည်သာလျှင် ပဉ္စဒွါရဝီထိ၌ ဝုဋ္ဌော ကိစ္စတပ်၏။ ။ကုသိုလ် ၂၁-ပါး၊ အကုသိုလ် ၁၂-ပါး၊ ဖိုလ် ၄-ပါး၊အာဝဇ္ဇန်းဒွေသည် ကြဉ်အပ်သော ကြိယာ ၁၈-ပါးအားဖြင့် ၅၅-ပါးသော စိတ်တို့သည် ဇောကိစ္စတပ်ကုန်၏။ ။မဟာဝိပါက်စိတ် ၈-ပါး၊ သန္တီရဏ စိတ် ၃-ပါး အားဖြင့် ၁၁-ပါးသော စိတ်တို့သည် တဒါရုံကိစ္စ တပ်ကုန်၏။ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

မနောဒွါရာဝဇ္ဇန်း စိတ်သည် ဝုဋ္ဌောကိစ္စတပ်ရာဝယ် အဘယ့်ကြောင့် ပဉ္စဒွါရဝီထိ၌ ဟု မိန့်ဆိုအပ်ပါသနည်း ဟူမူ။ ။ပဉ္စဒွါရဝီထိ ၌သာ အာဝဇ္ဇန်းဒွေတို့တွင် ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စ တပ်ပြီး ဖြစ်၍၊ မနောဒွါရာ ဝဇ္ဇန်းစိတ်က အရာမဟုတ်သဖြင့် အာဝဇ္ဇန်းကိစ္စတပ် ဘွယ်မရှိသောကြောင့် ဝုဋ္ဌောကိစ္စတပ်ရသည်။ မနောဒွါရဝီထိ၌မူ အာဝဇ္ဇန်းကိစ္စကိုသာ တပ်ရသည်။ ထို့ကြောင့်၊ ပဉ္စဒွါရေ ဟု ဝိသေသ မ၍ အနုရုဒ္ဓါ အရှင်မြတ် မိန့်ဆိုအပ်ပါသတည်း။

---

## အာဝဇ္ဇန်းဒွေဇော မထိုက်ပုံ အဓိပ္ပါယ်

အဟိတ်ကြိယာ ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းစိတ် ၂-ပါးကို ကြိယာစိတ်မျိုး ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ဇော အရမှ ကြဉ်အပ်ပါသနည်း။ ဝါ၊ ဇော-မမည်ပါသနည်း ဟူမူ။ ။ဇော၏

သဘော သဘာဝကား အာရုံအရသာကို ခံစားမှု,သိမှုပင် ဖြစ်၏။ ၎င်း အာဝဇ္ဇန်း ၂-ပါးကား အာရုံကို ဆင်ခြင်ရုံမျှဖြစ်၍ အာရုံကို မသိနိုင် မခံစားနိုင်သောကြောင့် ဇောကိစ္စမတပ်နိုင်၍ ပယ်ရသည်။ အချို့ဆရာ တို့ကား သဘောတူ အနန္တရ ပစ္စည်းကို မရသဖြင့် အရှိန်အဟုန် မရှိ၊ အားနည်းသောကြောင့် ဇောကိစ္စမတပ်နိုင် ဟု မိန့်ဆိုတော်မူကြ၏။ ။ ထိုစကားကို ဆင်ခြင်အပ်၏။

ပရမတ္ထတရားဟူသည် မိမိတို့၏ သဘောလက္ခဏာ အားလျော်စွာ ဖြစ်ရိုးရှိ၏။ ဥပမာ····စိန်သည် နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ၊ စားမိက ပူလောင်၍ သေစေတတ်၏။ထိုအတူ ဇောဟူသည်လည်း တကြိမ် တည်း ဖြစ်သည်ဖြစ်စေ၊ အကြိမ်များစွာ ဖြစ်သည်ဖြစ်စေ၊ အာရုံကို ထင်ရှား စွာ သိမှုသည်သာ လိုရင်းသဘော အချုပ်ဖြစ်၏။ အရှိန် အဟုန် ကိုသာ ပဓာနထား၍ ဇောကိစ္စ-ဟု မိန့်ဆိုရန်မလို ၎င်းအရှိန် အဟုန်ကား သာ မည သဘောမျှသာ ဖြစ်သည်။ ဝိသေသ လိုရင်းသဘော အချုပ်ကား အာရုံကိုသိမှုပင်တည်း။ ထိုစကားမှန်၏။ ဝီထိတို့၌ ဇောမှအပ ရှေ့နောက် စိတ်တို့သည် အာရုံကို မသိနိုင်ကြကုန်။ သို့သော် ဇော၏အာရုံကို သိမှု၌ အထောက်အပံ့မျှသာ ဖြစ်ကုန်၏။ ဇော ကျမှသာ အာရုံကို ပိုင်းခြား၍ သိနိုင်၏။ သိနိုင်၍သာ မသိသော အဝိဇ္ဇာတရားတို့၏ ကင်းစင်မှု နိဝရဏ တရားတို့မှ ကင်းဝေးမှု စသည်တို့သည် ဖြစ်ကုန်၏ ဟု မှတ်လေ။

> ဇဝန သဘာဝေါ စ အာရမ္မဏရသာ နုဘဝနံ။ အာရမ္မ ဏေ တံတံ ကိစ္စ သာဓနေဝသေန ဇဝမာနသာ ဝိယ ပဝတ္တိဝါ။
>
> မဏိမဉ္ဇူသာ ဋီကာ

---

**ဆောင်ပုဒ်**

အာရုံ သိခြင်း၊ မရှိလျှင်း၊ ပယ်မင်း အာဝဇ္ဇန်း။

---

**ဖိုလ်စိတ် ဇော ထိုက်ပုံ အဓိပ္ပါယ်**

ဖိုလ်စိတ်သည် ဝိပါက်စိတ်မျိုး ဖြစ်ပါလျက် အဘယ်ကြောင့် ဇော ကိစ္စ တပ်နိုင်ပါသနည်း။ ဝါ၊ဇော-မည်ပါသနည်း ဟူမူ။ ။ဘာဝနာ အားအရှိန်

သည့် ထောက်ပံ့အပ်သောကြောင့်ရင်း, အားကြီးသော မဂ်စေတနာသည် ဖြစ်စေအပ်သောကြောင့်ရင်း,အားကြီး၏၊ ကြီးမားသော အရှိန်အာနုဘော် ရှိသဖြင့် ဝိပါက်ပင် ဖြစ်သော်လည်း မဂ်စိတ်ကဲ့သို့ပင် အာရုံကို ကောင်းစွာ သိနိုင်၊ အာရုံကို ခံစားနိုင်သောဇောသဘောရှိသောကြောင့် ဇောကိစ္စ တပ်လေသတည်း။ ။ဖိုလ်စိတ် အတူပင် စိတက္ခဏ တကြိမ်သာ ကျသော ဈာန်ဇော,အဘိညာဏ်ဇောတို့ကိုလည်း မှတ်လေ။

ကေစိတ္တက္ခဏမ္ပိ ဟိ လောကုတ္တရမဂ္ဂါဒိကံ တံ သဘာဝ
ဝန္တတာယ ဇဝနကိစ္စံနာမ။ယထာကောက ဂေါစရဝိသ
ယမ္ပိ သဗ္ဗညုတညာနံ သကလဝိသယာဝ ဗောဓေ သာ
မတ္ထိယ ယောဂတော န ကဒါစိ တံနာမံ ဝိဇဟတီတိ။

ဋီကာကျော်။

---

သဘောပုဒ်

ဘာဝနာဟုန်၊ မဂ်ဟုန် ထောက်ပံ့၊ အားရှိန်နှံ၍၊ပျံ့သည့် အာရုံ၊ သိနိုင်တုံ၊ တပ်ကုန် ဖိုလ်မှာ-ဇောကိစ္စ။

---

ငါးကိစ္စ တပ်သောစိတ်

၂၇။ ။တေသု ပန ဒွေ ဥပေက္ခာ သဟဂတ သန္တီရဏာဒွါနိ
ပဋိသန္ဓိ ဘဝင်္ဂစုတိ တဒါရမ္မဏ သန္တီရဏ ဝသေန
ပဉ္စကိစ္စာနိနာမ။

သင်္ဂြိုဟ်ပါဠ်။

---

ထိုကိစ္စတပ်သော စိတ်အပေါင်းတို့တွင် ဥပေက္ခာသန္တီရဏစိတ် ၂-ပါး တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏ ကိစ္စတို့၏ အစွမ်းဖြင့် ငါးကိစ္စတပ်သောစိတ် မည်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟ္။

### လေးကိစ္စ တစ်သောစိတ်

၂၈။ ။မဟာဝိပါကာနိ အဋ္ဌ၊ ပဋိသန္ဓိ ဘဝင်္ဂစုတိ တဒါရမ္မဏ
ဝသေန စတုကိစ္စာနိ နာမ၊ ။သင်္ဂြိုဟ်ပါဌ်။

---

မဟာဝိပါက်စိတ် ၈-ပါးတို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊တဒါရုံကိစ္စတို့၏ အစွမ်းဖြင့် လေးကိစ္စ တစ်သောစိတ် မည်ကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

### သုံးကိစ္စ တစ်သောစိတ်

၂၉။ ။မဟဂ္ဂတဝိပါကာနိ နဝ၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန
တိကိစ္စာနိ နာမ။ ။သင်္ဂြိုဟ်ပါဌ်။

---

မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါးတို့သည် ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စတို့၏အစွမ်းဖြင့်၊ သုံးကိစ္စတစ်သောစိတ် မည်ကုန်၏။ ။ဟူလို။
ဤကား ပိဏ္ဍတ္ထ။

---

### နှစ်ကိစ္စ တစ်သောစိတ်

၃၀။ ။သောမနဿသန္တီရဏံ သန္တီရဏ တဒါရမ္မဏဝသေန
ဒုကိစ္စံ။ ။သင်္ဂြိုဟ်ပါဌ်။

---

သောမနဿ သန္တီရဏစိတ်သည် သန္တီရဏ ကိစ္စ၊ တဒါရုံ ကိစ္စတို့၏ အစွမ်းဖြင့် ၂-ကိစ္စ တစ်သောစိတ် မည်၏။ ။ဟူလို။
ဤကား ပိဏ္ဍတ္ထ။

---

### တနည်း နှစ်ကိစ္စ တစ်သောစိတ်

၃၁။ ။တထာ ဝေါဋ္ဌဗ္ဗနံ ဝေါဋ္ဌဗ္ဗနာဝဇ္ဇန ဝသေန။ ။သင်္ဂြိုဟ်ပါဌ်။

---

မနောဒွါရာဝဇ္ဇန်း စိတ်သည် ဝုဋ္ဌောကိစ္စ၊ အာဝဇ္ဇန်းကိစ္စ တို့၏ အစွမ်းအားဖြင့် ၂-ကိစ္စတစ်သော စိတ်မည်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

## တကိစ္စ တပ်သောစိတ်

၃၂။ ။သေသာနိ ပန သဗ္ဗာနိပိ ဇဝန မနောဓာတုတ္တိက ဒွိပဉ္စ
ဝိညာဏာနိ ယထာသမ္ဘဝမေကာ ကိစ္စာနိ။
သင်္ဂြိုဟ်ပါဠ်။

———

ဆိုအပ်ပြီးသည့်မှ ကြွင်းကုန်သော ဇောစိတ် ၅၅-ပါး၊ မနောဓာတ် ၃-ပါ၊ ဒွေပဉ္စဝိညာဏ် ၁၀-အားဖြင့် ပေါင်း ၆၈-ပါးသော စိတ်တို့သည် တကိစ္စသာ တပ်သောစိတ်မည်ကုန်၏။ ။ဟူလို။

ထိုစိတ် ၆၈-ပါးကို ခွဲဝေ၍ပြသော်။ ။ဇော ၅၅-ပါးတို့သည် ဇော ကိစ္စတပါးသာ တပ်ကုန်၏။ ။မနောဓာတ် ၃-ပါးတို့တွင် သမ္ပဋိစ္ဆိုင်း ၂-ပါးတို့သည် သမ္ပဋိစ္ဆနကိစ္စ တပါးသာ တပ်ကုန်၏။ ။ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စ တပါးသာ တတ်၏။ ။ဒွေပဉ္စဝိညာဏ် ၁၀ သည် အသီးအသီး ဒဿန-စသောအားဖြင့် ကိစ္စတပါးစီသာ တပ်၏။ ။ ဟု-မှတ်။

ဤကား ပိဏ္ဍတ္ထ။

———

၃၃။ ။ပဋိသန္ဓာဒယော နာမ ကိစ္စဘေဒေန စုဒ္ဒသ။
ဒသဓာ ဌာနဘေဒေန စိတ္တုပ္ပါဒါ ပကာသိတာ။
သင်္ဂြိုဟ်ပါဠ်။

———

ပဋိသန္ဓေ အစရှိကုန်သော စိတ္တုပ္ပါဒ်တို့ကို ကိစ္စတို့၏ အပြားအားဖြင့် ၁၄-ပါးအပြားရှိကုန်၏-ဟူ၍ ပြအပ်ကုန်၏။ ။ဌာနတို့၏ အပြားအားဖြင့် ၁၀-ပါးအပြားရှိ၏ဟူ၍ ပြအပ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

———

၃၄။ ။အဋ္ဌသဋ္ဌိ တထာ ဒွေ စ နဝဋ္ဌ ဒွေ ယထာက္ကမံ။
ဧကဒွိတိ စတုပဉ္စ ကိစ္စဋ္ဌာနာနိ နိဒ္ဒိသေ။ ။
သင်္ဂြိုဟ်ပါဠ်။

———

တကိစ္စ တဌာန တပ်သော စိတ်တို့ကား ၆၈-ပါး အပြားရှိကုန်၏။

နှစ်ကိစ္စနှစ်ဌာန တစ်သောစိတ်တို့ကား ၂-ပါး အပြားရှိကုန်၏။ သုံးကိစ္စ သုံးဌာနတစ်သောစိတ်တို့ကား၉-ပါးအပြားရှိကုန်၏။ လေးကိစ္စလေးဌာန တစ်သောစိတ်တို့ကား ရှစ်ပါးအပြားရှိကုန်၏။ ငါးကိစ္စငါးဌာနတစ်သော စိတ်တို့ကား ၂-ပါးအပြားရှိကုန်၏-ဟု အစဉ်အတိုင်း ခွဲခြမ်းသိမ်းကျုံး၍ ပြဆိုရာ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**စေတသိက်ဘို့ဖြင့် ရေတွက်ပုံ**

စိတ္တုပ္ပါဒါ ဝသေနေဝ၊ သင်္ဂဟော နာမ နီယတေ။

ဟူသော ဂါထာအရ အောက်၌ ဘော်ပြခဲ့သော အတိုင်း စိတ်ကို ရေတွက် သကဲ့သို့ စေတသိက်တို့ကိုလည်း ရေတွက်သင့်၏။ ။ရေတွက် ဟန်ကို အောက်ပါ ဝိသုဒ္ဓါရုံ ကဗျာဖြင့် သိ။

> တကိစ္စဖြစ်၊ဆဲ့ခုနစ်တည်း၊ လေးဖြစ်နှစ်ပါး၊ ငါး ကောဝိ၊
> ခြောက်လီမှာတစ်၊ ခွန်လည်းတစ်ပင်၊ကိုးဖြစ်ကား တေး၊
> ဆဲ့လေး ခုနစ်ရပ်၊ ကိစ္စတပ်သည်၊ ပေါင်းအပ် ဒွိပညာ
> သတည်း။ ။ဝိသုဒ္ဓါရုံ ကဗျာ။

အမိပ္ပါယ်ကား။ ။အကုသိုလ် စေတသိက် ၁၄-ပါး၊ ဝိရတိစေတသိက် ၃-ပါး၊ပေါင်း ၁၇-ပါးသောစေတသိက်တို့သည် ဇောကိစ္စ တပါးသာတစ် ကုန်၏။ ။အပ္ပမညာ စေတသိက် ၂-ပါးတို့သည် ပဋိသန္ဓေကိစ္စ ဘဝင် ကိစ္စ၊ စုတိကိစ္စ၊ ဇောကိစ္စ အားဖြင့် ၄-ကိစ္စ တစ်ကုန်၏။ ။သောဘဏ သာဓာရဏ စေတသိက် ၁၉-ပါး၊ ပညိန္ဒြေစေတသိက်၊ ဆန္ဒ စေတသိက် အားဖြင့် ၂၁-ပါးသော စေတသိက်တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊တဒါရုံကိစ္စ၊ဇောကိစ္စအားဖြင့် ၅-ကိစ္စ တစ်ကုန်၏။

ပီတိစေတသိက် တပါးသည် ပဋိသန္ဓေ,ဘဝင်,စုတိ, သန္တီရဏ,တဒါရုံ, ဇောကိစ္စ အားဖြင့် ၆-ကိစ္စ တစ်၏။ ။ဝီရိယ စေတသိက် တပါးသည် ပဋိသန္ဓေ,ဘဝင်,စုတိ,အာဝဇ္ဇန်း,ဝုဋ္ဌော,ဇော,တဒါရုံကိစ္စအားဖြင့် ၇-ကိစ္စ တစ်၏။ ။ဝိတက်, ဝိစာရ, အဓိမောက္ခ စေတသိက် ၃-ပါးတို့သည် ပဋိ သန္ဓေ,ဘဝင်,စုတိ,အာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း,သန္တီရဏ, ဝုဋ္ဌော,ဇော,တဒါရုံ

ကိစ္စအားဖြင့် ၃-ကိစ္စ တပ်ကုန်၏။ ။သမ္ပဋိစ္ဆနသာဝရဏ စေတသိက် ၇-ပါးတို့သည် ၁၃-ကိစ္စ အကုန်တပ်နိုင်ကုန်၏။ ။ဟူလို။

---

## ကိစ္စသင်္ဂဟ အဓိပ္ပါယ်

ကိစ္စတော စိတ္တစေတသိကာနံ သင်္ဂဟော ကိစ္စသင်္ဂဟော။

ကိစ္စတော၊ ကိစ္စအပြားအားဖြင့်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သင်္ဂဟော၊ ရေတွက်ရာ ရေတွက်ကြောင်းဖြစ်သော သင်္ဂဟသည်။ ကိစ္စသင်္ဂဟော၊ ကိစ္စသင်္ဂဟမည်၏။ ။ဝိဂ္ဂြိုဟ်အရ၊ကိစ္စတို့၏ အပြားအား ဖြင့် စိတ်စေတသိက်တို့ကို ရေတွက်၍ ပြရာ,ပြကြောင်းဖြစ်သော သင်္ဂဟ သည် ကိစ္စသင်္ဂဟမည်၏။ ဟု မှတ်။

ကိစ္စသင်္ဂဟ အဘွင့် ပြီးပြီ။

---

## ဒွါရသင်္ဂဟ ဒွါရအပြား

၃၃။ ။ဒွါရသင်္ဂဟေ ဒွါရာနိ နာမ စက္ခုဒွါရံ၊ သောတဒွါရံ၊ ဃာနဒွါရံ၊ ဇိဝှါဒွါရံ၊ ကာယဒွါရံ၊ မနောဒွါရဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

သဒ္ဒြိုဟ်ပါဌ်။

---

ဒွါရသင်္ဂဟ၌၊ဒွါရတို့မည်သည်ကား၊စက္ခုဒွါရ၊သောတဒွါရ၊ဃာနဒွါရ၊ ဇိဝှါဒွါရ၊ကာယဒွါရ၊မနောဒွါရအားဖြင့် ခြောက်ပါး အပြားရှိကုန်၏။ ။ မနောဒွါရကား၊နာမ်ဒွါရမည်၏။ ကြွင်းသော စက္ခုစသော ဒွါရများကား ရုပ်ဒွါရမည်၏။ ဟူလို။ ။ဝိဂ္ဂဟတ္ထ။

---

## ဒွါရ အဓိပ္ပါယ်

ဒွရန္တိ သံဝရန္တိ ရက္ခန္တိ ဧတေနာတိ ဒွါရံ။

ဧတေန၊ ထိုပကတိ တံခါးဖြင့်။ ဒွရန္တိ သံဝရန္တိ ရက္ခန္တိ၊စောင့်ရှောက် တတ်ကုန်၏။ ဇာတိတသ္မာ၊ ထိုသို့စောင့်ရှောက်ကြောင်းဖြစ်သော သတ္တိ ကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ တံခါးကို ရ၏။ ။(ဒွရဓာတ် ဏပစ္စည်း။ သံဝရဏတ္ထ။)

ဒွေ ကဝါဋာ အရတ္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဒွါရံ။

ဧတ္ထ၊ ဤတံခါး၌။ဒွေကဝါဋာ၊တံခါးရွက် ၂-ခုတို့သည်။အရတ္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ ။(ဒွိသဒ္ဒူပပဒ အရ ဓာတ်၊ဂတျတ္ထ။)

နိက္ခမန္တာ ပဝိသန္တာစာတိ ဒွေ ဇနာ အရန္တိ
ဂစ္ဆန္တိ ဧတ္ထ ဧတေနာတိ ဝါ ဒွါရံ။

ဧတ္ထ၊ဤအရပ်၌။ဝါ၊ တနည်းကား။ ဧတေန၊ ဤအရပ်ဖြင့်။ နိက္ခမန္တာ စ၊ ထွက်လာသူတို့ရင်း။ပဝိသန္တာ စ၊ ဝင်သူတို့ရင်း။ ဣတိ၊ဤသို့။ဒွေ ဇနာ၊နှစ်ဦးသော သူတို့သည်။ အရန္တိ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သွားရာ,သွားကြောင်းဖြစ်သော သတ္တိကြောင့်။ဒွါရံ၊ဒွါရမည်၏။

နိက္ခမန ပဝိသန သင်္ခါတာနိ ဒွေ ကိစ္စာနိ
အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထ ဧတေနာတိ ဝါ ဒွါရံ။

ဧတ္ထ၊ဤအရပ်၌။ ဝါ၊တနည်းကား။ ဧတေန။ဤအရပ်ဖြင့်။ နိက္ခမနပဝိသနသင်္ခါတာနိ၊ထွက်လာမှု ဝင်ရောက်မှုဟု ဆိုအပ်ကုန်သော။ ဒွေ ကိစ္စာနိ၊ ၂-ပါးသော ကိစ္စတို့သည်။ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ရာ,ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဒွါရံ၊ဒွါရမည်၏။ ။ပကတိ တံခါးကိုပင် ရ၏။

ဒွါရာနိ ဝိယာတိ ဒွါရာနိ။

ဒွါရာနိဝိယ၊ ပကတိသော တံခါးနှင့်တူကုန်၏။ ဣတိ၊ ကြောင့်။ ဒွါရာနိ၊ ဒွါရ မည်ကုန်၏။။ ။အဓိပ္ပါယ်ကား.... လောက၌ အိမ်တံခါးတို့သည် ထွက်သူ ဝင်သူ နှစ်ဦးတို့၏ ထွက်ရာဝင်ရာ အရပ်လည်း ဖြစ်ကုန်၏။ ထွက်နိုင်ခြင်းဝင်နိုင်ခြင်း၏ အကြောင်းလည်းဖြစ်ကုန်သကဲ့သို့၊ထိုအတူ အာရုံ ခြောက်ပါးနှင့် အာရမ္မဏိက ပစ္စယုပ္ပန် စိတ်, စေတသိက်တရား နှစ်ပါး တို့၏ ဖြစ်ရာဌာန ဖြစ်ခြင်း၏ အကြောင်းတရားများ ဖြစ်ကုန်သောကြောင့် စက္ခုပသာဒစသော ရုပ်အကြည်ဓာတ်,နာမ်ဓာတ်တို့သည် ဒွါရမည်ကုန်၏။ ဟူလို။

အာဝဇ္ဇနာဒီနံ အရူပဓမ္မာနံ ပဝတ္တိမုခ ဘာဝတော။
ဋီကာကျော်။

## ဆောင်ပုဒ်

စိတ်နှင့် အာရုံ၊ ဖြစ်တုံ အကြောင်း၊ ဖြစ်ပေါင်း ဌာန၊ သဘာဝ၊ မှတ်ကြ-ဒွါရခေါ်။

---

## ဒွါရသင်္ဂဟ အဓိပ္ပါယ်

ဒွါရတော စိတ္တစေတသိကာနံ သင်္ဂဟော ဒွါရသင်္ဂဟော။

ဒွါရတော၊ ဒွါရ အပြားအားဖြင့်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သင်္ဂဟော၊ ရေတွက်ရာ- ရေတွတ်ကြောင်း ဖြစ်သော နည်းသည်။ ဒွါရသင်္ဂဟော၊ဒွါရသင်္ဂဟမည်၏။ ။ဝိဂြိုဟ်အရ၊ ဒွါရ၏ အပြားအားဖြင့် ၎င်း၌ဖြစ်- မဖြစ်သောစိတ်, စေတသိက်တို့ကို ရေတွက်၍ ပြဆိုရာ ပြဆိုကြောင်းဖြစ်သော သင်္ဂဟသည် ဒွါရသင်္ဂဟမည်၏-ဟူလို။

---

## စက္ခုဒွါရ စသော ရုပ်ဒွါရများ၏သရုပ်

၃၆။ ။တတ္ထ စက္ခုမေဝ စက္ခုဒွါရံ။ ။

၃၇။ ။တထာ သောတာဒယော သောတ ဒွါရာဒီနိ။ ။

သင်္ဂြိုဟ်ပါဌ်။

---

ထိုခြောက်ပါးသော ဒွါရတို့တွင် စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။ထိုအတူပင် သောတ ပသာဒရုပ်သည် သောတဒွါရ မည်၏။ ။ ဃာနပသာဒရုပ်သည် ဃာနဒွါရ မည်၏။ ။ဇိဝှါပသာဒရုပ်သည်-ဇိဝှါ ဒွါရမည်၏။ ။ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## စက္ခု၏ အပြား

စက္ခုမေဝ၌ ဧဝသဒ္ဒါကား။နိဝတ္တေတဗ္ဗ အနက်ရှိ၏။ ။ထိုကြောင့်။ ။ စက္ခုဒသက ကလာပ်၌ စက္ခုပသာဒ ရုပ်တပါးသာလျှင် ဒွါရ-မည်၏။ (ဂဟေတဗ္ဗတ္ထ)။ ကြွင်းသောရုပ် ၉-ပါးတို့သည်၎င်း၊ သတ္တ ဇီဝတို့သည် ၎င်း၊ဒွါရ မမည်။(နိဝတ္တေတဗ္ဗတ္ထ)ဟူသော အဓိပ္ပါယ်ကို ပြ၏။ ။ထိုစက္ခု

အတူ၊ သောတဒွါရ စသည်တို့၌လည်း သောတမေဝ သောတဒွါရံ။ပ။ ကာယောဝ ကာယဒွါရံ။ ။ဟူသော အဓိပ္ပါယ်ကို တထာ-သဒ္ဒါဖြင့် ပြ၏။ ။သို့ဖြစ်၍ သောတ စသော ပသာဒရုပ်စုသာ သောတ။ပ။ ကာယဒွါရ မည်၏။ ကြွင်းသော ရုပ်ကလာပ် ၉-ပါးတို့သည်၎င်း၊ သတ္တ, ဇီဝတို့သည်၎င်း၊ ဒွါရ မမည်ကုန်-ဟု ခွဲခြား ဝေဘန်၍ သိ။ ။ဤ၌ စက္ခုသည် မံသစက္ခု,ဉာဏစက္ခုဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် မံသစက္ခုကိုသာ စက္ခု-ဟု မှတ်အပ်၏။ ။မံသစက္ခုသည်သည်း ပသာဒစက္ခု, သသမ္ဘာရ စက္ခုဟူ၍ ၂-ပါး အပြားရှိ၏။ထိုတွင် သန်းဦးခေါင်း ပမာဏ ရှိသော ပသာဒစက္ခုသာလျှင် မုချအားဖြင့် စက္ခုမည်၏။ ။မျက်လုံး ခုနစ်လွှာဟု ဆိုအပ်သော သသမ္ဘာရစက္ခုကား၊ ဥပစာအားဖြင့်သာ စက္ခုမည်၏။ ။ဉာဏစက္ခုသည်လည်း ဒိဗ္ဗစက္ခု၊ ပညာစက္ခု၊ ဓမ္မစက္ခု၊ဗုဒ္ဓစက္ခု၊ သမန္တစက္ခု-ဟူ၍ ၅-ပါး အပြားရှိ၏။ ။ထိုတွင်၊ ကုသိုလ်,ကြိယာ,အဘိညာဏ်ဒွေသည် ဒိဗ္ဗစက္ခု မည်၏။ ။အရဟတ္တမဂ် ဉာဏ်သည် ပညာစက္ခု မည်၏။ ။အောက်မဂ်ဉာဏ် ၃-ခုသည် ဓမ္မစက္ခု မည်၏။ ။အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်နှစ်ပါးသည် ဗုဒ္ဓစက္ခု မည်၏။ ။သဗ္ဗညုတဉာဏ်တော်သည် သမန္တစက္ခုမည်၏။ ။ဟုမှတ်။

---

မနောဒွါရ သရုပ်

၃၀။ ။မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။ ။
သင်္ဂြိုဟ်ပါဌ်။

---

မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးကို မနောဒွါရ ဟု ဆိုအပ်၏။ ၎င်းဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးကား ဘဝင်စိတ် နာမ်တရားများဖြစ်သောကြောင့် နာမ်ဒွါရမည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

မနော ဒွါရ အဓိပ္ပါယ်

မနောဝ ဒွါရံ၊မနောဒွါရံ။ မနသံ ဒွါရံ မနောဒွါရံ။

မနောဝ၊ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ပါးသည်သာလျှင်။ဒွါရံ၊ မနောဒွါရာဝဇ္ဇန်း စသောစိတ်တို့၏ ဖြစ်ကြောင်းသည်။ မနောဒွါရံ၊ မနောဒွါရ မည်၏။

မနာနံ၊ မနောဒွါရာဝဇ္ဇန်းစသော စိတ်တို့၏။ဒွါရံ၊ဖြစ်ကြောင်းသည်။မနော ဒွါရံ၊မနောဒွါရမည်၏။ ။ဝိဂြိုဟ်အရ၊မနောဒွါရာ ဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ ဖြစ်သော အနန္တရပစ္စည်း တပ်နိုင်သော ဘဝင်္ဂုပစ္ဆေဒဖြစ်သော ဘဝင် စိတ် ၁၉-ပါးသာလျှင် မနောဒွါရာဝဇ္ဇန်းစသော စိတ်တို့၏ ဖြစ် ကြောင်း ဖြစ်သောကြောင့် **မနောဒွါရ** မည်၏။ ။ကြွင်းသော အတီတ ဘဝင် ဘဝင်္ဂစလနစသောဘဝင်များကား ဘဝင်ပင် ဖြစ်ကုန်သော်သည်း မနောဒွါရာဝဇ္ဇန်း စိတ်အား အနန္တရပစ္စည်း မတပ်နိုင်ကုန်သောကြောင့် မနောဒွါရ မမည်ကုန် ဟု မှတ်။

ထိုစကား ထင်စွာပြဦးအံ့····ပဉ္စဒွါရာဝဇ္ဇန်း စိတ်ဟူသည် စက္ခုဒွါရ စသော ဒွါရငါးပါး၌ ထိခိုက်လာသော အာရုံကို ဆင်ခြင်သောစိတ်ဖြစ်၏။ ထို့ကြောင့်၊ပသာဒရုပ်ပေါင်းများစွာပင် ရှိသော်လည်း ဒွါရမဘွဲ့ရ၊အတီတ ဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်းတပ် နိုင်သော ပသာဒတပါးသာလျှင် ပဉ္စဒွါရမည်၏။

မနောဒွါရာဝဇ္ဇန်း စိတ်ဟူသည် မှာလည်း မနောဒွါရ၌ ထင်မြင် လာသော အာရုံကို ဆင်ခြင်သော စိတ်ဖြစ်၏။ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း စိတ်ကား အနန္တရ ပစ္စည်းတပ်နိုင်, ကျေးဇူးပြုနိုင်သော ဘဝင်သည် သာလျှင် မနောဒွါရမည်၏။ ။ကြွင်းသောဘဝင်များသည် မနောဒွါရမမည်။

''ဘဝဿ အင်္ဂံ ဘဝင်္ဂံ'' ။ ။ဝိဂြိုဟ်အရ၊ ဥပပတ္တိဘဝ၏ အကြောင်း မျှသာ ဖြစ်ကုန်၏ ဟု မှတ်။ ။သို့ဖြစ်၍ ဘဝင်မှန်သမျှသည် မနောဒွါရ မည်-ဟု ဆိုသော အချို့သောဆရာတို့၏ စကားကို ဆင်ခြင်အပ်၏။

ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်္ဂံ၊တေနာဟ ပေါရာဏာ။
''သာဝဇ္ဇနံ ဘဝင်္ဂန္တု၊မနောဒွါရန္တိ ဝုစ္စတီ''တိ။

ဋီကာကျော်

သာမညဝသေန ဝုတ္တေပိ ဣဓ သဝင်္ဂုပစ္ဆေဒေါ ဂဟေတဗ္ဗော။
သင်္ခေပဝဏ္ဏနာ။

——

## ဆောင်ပုဒ်

ဘဝင်္ဂပေါင်း၊ စိတ်ဖြစ်ကြောင်း၊ မှတ်ညောင်း မနေသာ့ဒွါ။

---

## စက္ခုစသော ငါးဒွါရ၌ ဖြစ်သောစိတ်

၃၉။ ။တတ္ထ ပဉ္စဒွါရေ၀ဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီ ရဏာ။ ပ။ ဇေတုပညာသ ဓိဋ္ဌာနို ကာမာဝစရာနေဝ။

သင်္ဂြိုဟ်ပါဌ်။

---

ထိုဒွါရ ခြောက်ပါးတို့တွင် စက္ခုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း-၁၊ စက္ခုဝိညာဏ်ဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော-၁၊ ကာမဇော ၂၉-ပါး၊ တဒါရုံမဟာဝိပါက် ၈-ခုအားဖြင့် ၄၆-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ။သောတဒွါရ ။ပ။ ကာယဒွါရတို့၌ ဖြစ်သောစိတ်တို့ကား၊ သောတဝိညာဏ် ဒွေစသည်ကို ထည့်၊ ၄၆-ပါးစီပင် ဖြစ်ကုန်၏။ ။ဤ ငါးဒွါ၌ ဖြစ်သော စိတ်တို့သည် ၅၄-ပါးသော ကာမာဝစရစိတ်တို့သည်သာတည်း။ မဟဂ္ဂုတ်, လောကုတ္တရာစိတ်များ မဖြစ်။ ။ဟူလို။

ထိုငါးဒွါရ၌ ဖြစ်သော စိတ်တို့သည် တူရာကိုပေါင်း၍ စက္ခုဒွါရ၌ ဖြစ်သော စိတ် ၄၆-ပါးဝယ်၊ သောတဝိညာဏ် ။ပ။ ကာယဝိညာဏ်စိတ် ပေါင်း ၈-ပါးကို ထည့်သော် ၅၄-ပါးသော ကာမာဝစရ စိတ်တို့သာ ဖြစ်ကုန်၏-ဟု ဆိုလိုသည်။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ယထာရဟံ အဓိပ္ပါယ်

ယထာရဟံ ဥပ္ပဇ္ဇန္တိ။ ။အရ၊ ယထာရဟ-ယူဟန် အဓိပ္ပါယ်ကား—

အရဟာနံ အနုရူပံ ယထာရဟံ။

အရဟာနံ၊ ဖြစ်ထိုက်သော စိတ်တို့အား။ အနုရူပံ၊ လျော်သည်တည်း။ ယထာရဟံ၊ ဖြစ်ထိုက်သော စိတ်တို့အားလျော်စွာ။ ။ဝိဂြိုဟ်အရ ဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်အံ့။ အကုသလဝိပါက် တဒါရုံသာ ဖြစ်၏။ ထိုတွင်လည်း ဣဋ္ဌာရုံဖြစ်အံ့။ သောမနဿ သန္တီရဏ တဒါရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်အံ့၊

ဥပေက္ခာ သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏။ ။အနိဋ္ဌာရုံ-အနိဋ္ဌ မဇ္ဈတ္တာရုံဖြစ်အံ့၊အကုသလဝိပါက်တဒါရုံဖြစ်၏။ ။ယောနိသောမနသိကာရ ဖြစ်အံ့၊ ကုသိုလ်ဇောသာ ဖြစ်၏။ ။အယောနိသောမနသိကာရ ဖြစ်အံ့၊ အကုသိုလ်ဇောသာ ဖြစ်၏။ ။အနုသယ ကင်းသော ရဟန္တာ ပုဂ္ဂိုလ်များ ဖြစ်အံ့၊ ကြိယာဇောတို့သာ ဖြစ်ကုန်၏၊ ဤသို့လျှင် ဇောနှင့်တဒါရုံ ကျပုံကို သာမည သိမ်းကျုံး၍ ဆိုထားသော်လည်း ဝိသေသ ခွဲခြမ်း စိပ်ဖြာ၍ ရထိုက်သည်အားလျော်စွာ ယူလေ။ ။ဟူလို။

ယထာရဟန္တိ ဣဋ္ဌာဒိ အာရမ္မဏေ ယောနိသော အယော
နိသော နိရာနုသယ သန္တာနာဒိနံ အနုရူပဝသေန။
ဋီကာကျော်။
ယထာရဟန္တိ အနိဋ္ဌ အနိဋ္ဌမဇ္ဈတ္တာရမ္မဏေ။ပ။ကုသလ
ဝိပါကာနိ ဘဝန္တိ။
သင်္ခေပဝဏ္ဏနာ။

---

**မနောဒွါရ၌ ဖြစ်သောစိတ်**

**၄၀။ ။မနောဒွါရေ ပန မနောဒွါရာဝဇ္ဇန ပဉ္စပညာသဇဝန**
**တဒါရမ္မဏဝသေန သတ္တသဋ္ဌိ စိတ္တာနိ ဘဝန္တိ။**
သင်္ဂြိုဟ်ပါဠိ။

---

မနောဒွါရ၌ မနောဒွါရာဝဇ္ဇန်း၊ ဇော ၅၅-ခု၊ တဒါရုံ ၁၁-ပါးအားဖြင့် ၆၇-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ။ဟူလို။
ဤကား ဝိဂ္ဂဟတ္ထ။

---

**ဒွါရ ဝိမုတ်စိတ်**

**၄၁။ ။ဧကူနဝီသတိ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ဒွါရဝိမုတ္တာနိ။**
သင်္ဂြိုဟ်ပါဠိ။

---

ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ် ၁၉-ပါးတို့သည် ဒွါရခြောက်ပါးမှ လွတ်၍ ဖြစ်ကုန်၏။ဝါ၊ခြောက်ပါးသော ဒွါရ၌ မဖြစ်ကုန်။ ။ဟူလို။
ဤကား ဝိဂ္ဂဟတ္ထ။

## ဒွါရဝိမုတ် အဒိပ္ပါယ်

ဒွါရတော ဝိမုတ္တာတိ ဒွါရဝိမုတ္တာနိ။

ဒွါရတော၊ဒွါရခြောက်ပါးတို့မှ။ ဝိမုတ္တာ၊လွတ်ကုန်သောစိတ်တို့တည်း။ ဣတိ တသ္မာ၊ထို့ကြောင့်။ ဒွါရဝိမုတ္တာနိ၊ ဒွါရဝိမုတ်မည်ကုန်၏။ ။ဝိဂြိုဟ်အရ၊ ဤပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ဇနကကံ၏ အဟုန်အစွမ်းသက်သက်ကြောင့်သာ ဖြစ်ကုန်၏။ အာရုံနှင့် ဒွါရ ထိခိုက်မှုကြောင့် ဖြစ်သော စိတ်မျိုး မဟုတ်။ ဒွါရခြောက်ပါးမှ အလွတ်တခြား ဖြစ်သော စိတ်မျိုးဖြစ်သောကြောင့် ဒွါရဝိမုတ်စိတ်မည်ကုန်၏-ဟု မှတ်။

---

### ဆောင်ပုဒ်

ကံဟုန်ကြောင့်ဖြစ်၊ ခြောက်ရစ်ဒွါရ၊ အပတခြား၊
ဖြစ်သောအား၊ မှတ်သား ဒွါရဝိမုတ်မည်သတည်း။

---

### တဒွါရတည်း၌ ဖြစ်သောစိတ်

၄၂။ ။ဒွေသု ပန ပဉ္စဝိညာဏာနိ စေဝ မဟဂ္ဂတလောကုတ္တရဇဝနာနိ စေတိ ဆတ္တိံသ ယထာရဟမေကာ ဒွါရိကာ စိတ္တာနိ နာမ။

သင်္ဂြိုဟ်ပါဌ်။

---

ခြောက်ပါးသော ဒွါရ၌ ဖြစ်သော စိတ်တို့တွင် ဒွေပဉ္စဝိညာဏ် ၁၀၊ မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆-ပါးအားဖြင့် ၃၆-ပါးသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ တဒွါရတည်း၌ဖြစ်သော စိတ်မည်ကုန်၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ဤ၌ ယထာရဟံ သဒ္ဒါကို မိန့်ဆိုအပ်သဖြင့် ဒွေပဉ္စဝိညာဏ် ၁၀-တို့တွင် စက္ခုဝိညာဏ် ဒွေသည် စက္ခုဒွါရ တပါး၌သာ ဖြစ်၏။ပ။ ကာယဝိညာဏ် ဒွေသည် ကာယဒွါရ တပါးတည်း၌သာ ဖြစ်၏။ မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆-ပါးကား၊ မနောဒွါရတပါးတည်း၌သာ ဖြစ်၏ဟု ရထိုက် ဖြစ်ထိုက်သည်အားလျော်စွာ ခွဲခြမ်းဝေဘန်၍ မှတ်လေ။

ငါးဒွါရ၌ ဖြစ်သောစိတ်

၄၃။ ။မနောဓာတုဤကံ ပန ပဉ္စဒွါရိကံ။

သဂြိုဟ်ပါဠိ။

---

ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ သမ္ပဋိစ္ဆိုင်း ၂-ပါးအားဖြင့် မနောဓာတ် ၃-ပါးသည် စက္ခုဒွါရ။ပ။ကာယဒွါရ အားဖြင့် ငါးဒွါရ၌ဖြစ်၏။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ခြောက်ဒွါရ၌ ဖြစ်သောစိတ်

၄၄။ ။သုခသန္တီရဏာဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာနိ ဆ ဒွါရိက စိတ္တာနိ။

သဂြိုဟ်ပါဠိ။

---

သောမနဿသန္တီရဏစိတ် ၁-ပါး၊ဝုဋ္ဌော ၁-ပါး၊ကာမဇော ၂၉-ပါး အားဖြင့် ၃၁-ပါးသော စိတ်တို့သည် ခြောက်ဒွါရ လုံး၌ ဖြစ်ကုန်၏။ ။ ဟူလို။ ဤကား ပိဏ္ဍတ္ထ။

---

ခြောက်ဒွါရလည်းဖြစ် ခြောက်ဒွါရမှလည်း လွတ်သောစိတ်

၄၅။ ။ဥပေက္ခာ သဟဂတ သန္တီရဏ မဟာဝိပါကာနိ ဆဒွါရိ ကာနိစေဝ ဒွါရဝိမုတ္တာနိ စ။

သဂြိုဟ်ပါဠိ။

---

ဥပေက္ခာ သန္တီရဏ ၂-ပါး၊ မဟာဝိပါက် ၈-ပါး အားဖြင့် ၁၀-ပါးသော စိတ်တို့သည် ခြောက်ဒွါရ၌လည်း ဖြစ်ကုန်၏။ ခြောက်ဒွါရ မှလည်း လွတ်ကုန်၏။ ။ခြောက်ဒွါရ၌ဖြစ်ပုံကား ၎င်းစိတ်တို့သည် ပဉ္စဒွါရ၌ သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်ကြ၍ မနောဒွါရ၌ တဒါရုံကိစ္စ တပ်ကုန်သောကြောင့် ခြောက်ဒွါရ၌ ဖြစ်သည် မည်ကုန်၏။ ။ခြောက်ဒွါရမှ လွတ်ပုံကား ပဋိသန္ဓေ,ဘဝင်,စုတိ ကိစ္စတပ်သော အခါ၌ကား ခြောက် ဒွါရမှလွတ်ကုန်၏။ ။ဟု မှတ်။

---

## ခြောက်ဒွါရမှ လုံးဝလွတ်သောစိတ်

၃၆။ ။မဟဂ္ဂတဝိပါကာနိ ဒွါရဝိမုတ္တာနေဝါတိ။

သင်္ဂြိုဟ်ပါဌ်။

---

မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးတို့သည်ကား ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ စုတိကိစ္စသာတပ်ကြသောကြောင့် အချင်းခပ်သိမ်း ဒွါရခြောက်ပါးမှ လွတ်ကုန်၏။ ။ဝါ၊လွတ်၍ဖြစ်သော စိတ်မည်ကုန်၏။ ။ဟူလို။ ။ဤကားပိဏ္ဍတ္ထ။

---

၃၇။ ။ဧကဒွါရိက စိတ္တာနိ၊ ပဉ္စ ဆ ဒွါရိကာနိစ၊
ဆ ဒွါရိကဝိမုတ္တာနိ၊ ဝိမုတ္တာနိစ သဗ္ဗထာ။ ။
ဆတ္တိံသတိ တထာ တီဏိ၊ ဧကတ္တိံသ ယထာက္ကမံ၊
ဒသဓာ နဝဓာစေတိ၊ ပဉ္စဓာ ပရိဒီပယေ။ ။

သင်္ဂြိုဟ်ပါဌ်။

---

တဒွါရ၌ ဖြစ်သောစိတ် ၃၆-ပါး၊ ငါးဒွါရ၌ ဖြစ်သောစိတ် ၃-ပါး၊ ခြောက်ဒွါရ၌ဖြစ်သောစိတ် ၃၁-ပါး၊ခြောက်ဒွါရ၌လည်းဖြစ်,ခြောက်ဒွါရမှလည်း လွတ်သောစိတ် ၁၀-ပါး၊ ခြောက်ဒွါရမှ လုံးဝလွတ်သောစိတ် ၉-ပါး၊ဤသို့လျှင် ငါးပါးအပြားအားဖြင့် ပြရာ၏။ ။ဟူလို။

ဤကားပိဏ္ဍတ္ထ။

---

## ဒွါရသရုပ် ခွဲနည်း

စက္ခုဒွါရ၌သာ ဖြစ်၍ သောတဒွါရ၌ မဖြစ်သောစိတ် ၂-ပါး၊သောတဒွါရ၌သာဖြစ်၍ စက္ခုဒွါရ၌မဖြစ်သောစိတ် ၂-ပါး၊ နှစ်ဒွါရတို့၌ဖြစ်သောစိတ် ၄၄-ပါး။ ။နှစ်ဒွါရလုံး၌ မဖြစ်သောစိတ် ၄၁-ပါး ဖြစ်သတည်း။ ။ စက္ခုဒွါရ၌သာ ဖြစ်၍ မနောဒွါရ၌ မဖြစ်သောစိတ်ကား ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ စက္ခုဝိညာဏ်ဒွေ၊သမ္ပဋိစ္ဆိုင်းဒွေ အားဖြင့် ငါးပါး၊ မနောဒွါရ၌သာဖြစ်၍ စက္ခုဒွါရ၌ မဖြစ်သော စိတ်ကား အပ္ပနာဇော ၂၆-ပါး။ ။ နှစ်ဒွါရလုံး၌ ဖြစ်သောစိတ် ၄၁-ပါး။ ။နှစ်ဒွါရလုံး၌ မဖြစ်သောစိတ် ၁၇-ပါး ဖြစ်သတည်း။

(ဤနည်းတူ သောတဒွါရ ဃာနဒွါရ စသည်ကိုမှတ်၍လည်းခွဲလေ)

## စေတသိက်တို့ကို ရေတွက်ပုံ

စိတ္တုပ္ပါဒဝသေနေဝ သင်္ဂဟောနာမ နီယတေ။

ဟူသော ဂါထာအရ၊ အောက်၌ ဘော်ပြခဲ့ပြီးသောအတိုင်း-စေတသိက်တို့ကိုလည်း ရေတွက်သင့်၏။ ။ရေတွက်ဟန်ကား အပ္ပမညာဒွေ၊ ဝိရတိစေတသိက် ၃-ပါး ပေါင်းစေတသိက် ၅-ပါးတို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။ အခြားသောဒွါရ၌ မဖြစ်ကုန်။ကြွင်းသော စေတသိက် ၄၇-ပါး တို့သည်ကား ခြောက်ဒွါရ၌ ဖြစ်ကုန်၏။ ။ဒွါရဝိမုတ် စေတသိက်ကား ၃၅-ပါး တို့တည်း။ ။၃၅-ပါး အရကား မဟဂ္ဂုတ်ဝိပါက် ၉-ပါး၌ ယှဉ်သော စေတသိက်ကိုယူ။

---

## အာရမ္မဏ သင်္ဂဟ

၄၀။ ။အာလမ္ဗဏသင်္ဂဟေ အာလမ္ဗဏာနိနာမ ရူပါရမ္မဏံ သဒ္ဒါရမ္မဏံ, ဂန္ဓာရမ္မဏံ, ရသာရမ္မဏံ,ဖေါဋ္ဌဗ္ဗာရမ္မဏံ ဓမ္မာရမ္မဏဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

သဂြိုဟ်ပါဌ်။

---

အာလမ္ဗဏသင်္ဂဟ၌ အာရုံတို့မည်သည်ကား။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖေါဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ-အားဖြင့်၊ခြောက်ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အာရုံခြောက်ပါး အစီပ္ပါယ်

၄၉။ ။တတ္ထ ရူပမေဝ ရူပါရမ္မဏံ၊ တထာ သဒ္ဒါဒယော သဒ္ဒါရမ္မဏာဒီနိ။

၅၀။ ။ဓမ္မာရမ္မဏံ ပန ပသာဒသုခုမရူပ စိတ္တ စေတသိက နိဗ္ဗာနပညတ္တိဝသေန ဆဓာ သင်္ဂယှန္တိ။

သဂြိုဟ်ပါဌ်။

---

ဝဏ္ဏဝိကာရံ အာပဇ္ဇမာနံ ရူပယတိ
ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ရူပံ။

ယံ အာရမ္မဏ်၊အကြင် အာရုံသည်။ဝဏ္ဏဝိကာရံ၊အဆင်း၏ ဘောက်ပြန်

ခြင်းသို့၊ အာပဇ္ဇမာနံ၊ ရောက်သည်ဖြစ်၍။ ဟဒယင်္ဂတဘာဝံ၊ စိတ်၌ဖြစ်သော အလိုကို။ ရူပယတိ-ပကာသေတိ၊ ပြတတ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအာရုံသည်။ ရူပံ၊ ရူပမည်၏။

**မှတ်ချက်။** ။(ရူပ-ဓာတ်, ပကာသနတ္ထဝါစီ၊ အ-ပစ္စည်း)။ ဟဒယင်္ဂတဘာဝံ--၌ ဂတ သဒ္ဒါကား ဖြစ်ခြင်း အနက်ဟော၊ဘာဝသဒ္ဒါကား၊ အဓိပ္ပါယ် အနက်ဟော ဖြစ်၏။ ။ထို့ကြောင့် ဟဒယင်္ဂတ ဘာဝန္တိ စိတ္တေ ပဝတ္တံ သတ္တာနံ အဓိပ္ပါယံ ဟု မဏိမဉ္ဇူ ဋီကာ၌ ဘွင့်ပြတိသော်။

အဓိပ္ပါယ်ကား။ ။စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော ဝဏ္ဏာယတန ဟု ဆိုအပ်သော အညို, အရွှေ,အနီ, အဖြူ-စသော အဆင်း အမျိုးမျိုးသည် ရူပါရုံမည်၏။ ။ဟူလို။

သဒ္ဒီယတိ ကထီယတီတိ သဒ္ဒေါ။

သဒ္ဒီယတိ ကထီယတိ၊ ဆိုအပ်၏။ ဣတိ၊ ကြောင့်။ သဒ္ဒေါ၊သဒ္ဒမည်၏။ ဝါ၊ အသံမည်၏။ စိတ်ကြောင့် ဖြစ်သော ခေါ်ဝေါ်ပြောဆိုသောအသံရ၏။ (သဒ္ဒဓာတ်၊ ကထနတ္ထဝါစီ)။

သပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။

ယံ၊ အကြင် အာရုံသည်။ သောတဝိညာဏာရမ္မဏဘာဝံ၊ သောတဝိညာဏ်၏ အာရုံ၏ အဖြစ်သို့။ သပ္ပတိ-ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအာရုံသည်။ သဒ္ဒေါ၊ သဒ္ဒါရုံမည်၏။ ဝါ၊အသံမည်၏။ ။ စိတ်ကြောင့်ဖြစ်သော အသံ, ဥတုကြောင့် ဖြစ်သော မိုးချုန်းသံ,လေသံ-စသော အသံ ၂-မျိုးကို ရ၏။ ။(သပ္ပဓာတ် ဂတျတ္ထဝါစီ)။

သဒ္ဒီယတိ သုယျတီတိ သဒ္ဒေါ။

သဒ္ဒီယတိ သုယျတိ၊ ကြားအပ်၏။ ဣတိ၊ ကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။ ဝါ၊အသံမည်၏ ဟုပေး။ ဥတုဇ အသံရ၏။ ။အဓိပ္ပါယ်ကား။ ။သောတဝိညာဏ်ဖြင့် ကြားအပ်သော သဒ္ဒါယတနဟု ဆိုအပ်သော စိတ်ကြောင့်ဖြစ်သော ပြောဆိုသံ,ခေါ်ဝေါ်သံ စသော စိတ္တဇ အသံ, မိုးသံ,ရေသံ, လေသံ-စသော ဥတုကြောင့်ဖြစ်သော ဥတုဇအသံ မှန်သမျှသည် သဒ္ဒါရုံမည်၏။ ။ဟူလို။

ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတိ
ဥဒမေတ္တ အတ္ထိတိ ပေသုညံ ကရောန္တံ
ဝိယ ဟောတီတိ ဂန္ဓော။

ယံ၊အကြင်အာရုံသည်။အတ္တနော၊မိမိ၏။ဝတ္ထုံ၊တည်ရာကို။ဥဒံ။ဤဝတ္ထု သည် ။ဧတ္ထ၊ ဤအရပ်၌။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ ဂန္ဓယတိ-သူစေတိ ပေသုညံ ကရောန္တံ ဝိယ ဟောတိ၊ ဂုံးတိုက်ခြင်းကို ပြုသကဲ့သို့ ဖြစ်တတ် ၏။ဣတိ၊ ကြောင့်။တံ၊ ထိုအာရုံသည်။ ဂန္ဓော၊ဂန္ဓာရုံမည်။ ။(ဂန္ဓ-ဓာတ်၊ သူစနတ္ထဝါစီ)။ ။အဓိပ္ပါယ်ကား····ဃာနဝိညာဏ်ဖြင့် သိအပ်သော ဂန္ဓာယတနဟု- ဆိုအပ်သော မွှေးကြိုင်သော အနံ့, အပုပ်နံ့ စသော အနံ့ အမျိုးမျိုးသည်-ဂန္ဓာရုံမည်၏။ ။ဟူလို။

ရသီယတိ အဿာဒီယတီတိ ရသော။

သော၊ထိုအရသာကို။ သတ္တေဟိ၊ သတ္တဝါတို့သည်။ ရသီယတိ-အဿာ ဒီယတိ၊သာယာအပ်၏။ ဣတိ၊ကြောင့်။ သော၊ထိုအရသာသည်။ ရသော၊ ရသာရုံမည်၏။ ။(ရသ-ဓာတ်-အဿာဒနတ္ထဝါစီ)။

အဓိပ္ပါယ်ကား···· ဇိဝှါဝိညာဏ်ဖြင့် သိအပ်ခံစားအပ်သော ရသာ ယတနဟု- ဆိုအပ်သော ချို,ချဉ်,ဖန်,ခါး-စသောအရသာ အမျိုးမျိုးသည် ရသာရုံမည်၏။ ။ဟူလို။

ဖုသီယတီတိ ဖေါဋ္ဌဗ္ဗံ။

ယံ၊ အကြင် တရားသဘောကို။ ဖုသီယတိ၊ တွေ့ထိအပ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုတရားသဘောသည်။ ဖေါဋ္ဌဗ္ဗံ၊ ဖေါဋ္ဌဗ္ဗာရုံမည်၏။ ။ (ဖုသ-ဓာတ်-ဖုသနတ္ထဝါစီ)။

အဓိပ္ပါယ်ကား····ကာယဝိညာဏ်ဖြင့် သိအပ် တွေ့ထိ အပ်သော ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗ အမျိုးမျိုးသည် ဖေါဋ္ဌဗ္ဗာရုံမည်၏။ ။ဟူလို။

သဘာဝံ ဓာရေတီတိ ဓမ္မော။

အတ္တနော၊မိမိ-မိမိ၏။ ဘာဝံ၊ ဟုတ်မှန်သော သဘောလက္ခဏာကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထိုကြောင့်။ ဓမ္မော၊ ဓမ္မာရုံမည်၏။ ။ (ဓရဓာတ်-ဓာရဏတ္ထ)။

အဓိပ္ပါယ်ကား····မနောဝိညာဏ်ဖြင့် သိအပ်သော ပသာဒရုပ် ၅-ခု၊ သုခုမရုပ်သော ၁၆ သ၊ စိတ်တခုယုတ် ကိုးဆယ်၊စေတသိက် ၅၂-ပါး၊နိဗ္ဗာန်၊ ပညတ်၊ဤခြောက်ပါးသည် ဓမ္မာရုံမည်၏။ ။ဟူလို။

၎င်း ခြောက်ပါးသော တရားတို့ကို အလမ္ဗဏ ဟူ၍၎င်း၊ အာရမ္မဏ ဟူ၍၎င်း၊ အနုရုဒ္ဓါ ဆရာမြတ် မိန့်တော်မူအပ်၏။ ။သို့သော် အနက် အဓိပ္ပါယ်မှာ အတူတူသာဖြစ်၍ ပရိယာယ်မျှသာဖြစ်၏။ ။ဟုမှတ်၊

ထို ၂-ပုဒ်တို့တွင် အာလမ္ဗဏ ပုဒ်ကို

စိတ္တစေတသိကေဟိ အာလမ္ဗိယတီတိ အာလမ္ဗဏံ။

ဟုပြု။ ။စိတ္တစေတသိကေဟိ၊စိတ်စေတသိက်တို့သည်။ အာလမ္ဗိယတိ၊ ဆွဲကိုင် မှီတွယ်အပ်၏။ ဣတိ၊ကြောင့်။ အာလမ္ဗဏံ၊ အာလမ္ဗဏမည်၏။ ဟု ပေး။ ။(အာ-ရှေးရှိသော လမ္ဗဓာတ်၊ လဗိ ဓာတ်လည်း ဟူ၏။ ဥပါဒါနတ္ထဝါစီ)။

အဓိပ္ပါယ်ကား····အားနည်းသော ယောကျ်ားသည် လှံတံ စသည် ကို အားပြု၍ ဆွဲကိုင်အပ်သကဲ့သို့ ထိုအတူ စိတ် စေတသိက် တို့သည် လည်း အားပြု၍ အာရုံပြုအပ် ဆွဲကိုင်အပ်သောကြောင့် အာလမ္ဗဏမည်၏။ ဟူလို။

အာရမ္မဏ ပုဒ်ကိုကား

စိတ္တစေတသိကာနိ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။

ဟုပြု။ ။ဧတ္ထ၊ ဤ အာရုံခြောက်ပါး၌။ စိတ္တစေတသိကာနိ၊ တို့သည်။ အာဂန္တွာ၊ လာ၍။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ မွေ့လျော်ရာဖြစ်သော သတ္တိကြောင့်။အာရမ္မဏံ၊အာရုံမည်၏။ ။(အာ-ရှေး ရှိသော ရမုဓာတ်၊ ရမဏတ္ထဝါစီ။ ။အာဂန္တွာ-ကား အာသဒ္ဒါ အနက်ကို ပြသည်)။

အဓိပ္ပါယ်ကား···အမျိုးမျိုးသော သစ်ပင်ပန်းမန် ရေကန်ရေမြောင်း စမ်းချောင်း ရစ်သွယ် လမ်းလယ် လမ်းမှာတို့ဖြင့် တင့်တယ် သိုက်မြိုက် နှစ်မြိုက် ကြည့်ရှုစရာ မင်္ဂလာ ဉယျာဉ်တော်သည် အမျိုးမျိုးသော လူအပေါင်းတို့၏ ပျော်မွေ့ရာ ဌာနကြီးတခုဖြစ်သကဲ့သို့ အဆင်းအမျိုးမျိုး အသံအမျိုးအမျိုး ဂန္ဓာရုံအမျိုးမျိုး စသည်တို့ဖြင့် ပြွမ်း၍ ဆန်းကြယ်လှစွာ သော အာရုံခြောက်ပါးသည်လည်း စိတ်စေတသိက်တို့၏ ပျော်မွေ့ရှင်မြူး ရာကြီး ဖြစ်သောကြောင့် အာရုံမည်၏။

## အာရုံငါးပါးကို အသီးသီး အာရုံပြုသောစိတ်

၅၁။ ။ဘဉ္စ စက္ခုဒ္ဒါရိက စိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊တဉ္စ ပစ္စုပ္ပန္နံ၊တထာ သောတဒ္ဒါရိကာ စိတ္တာဒီနမ္ပိ သဒ္ဒါဒီနိ၊တာနိစ ပစ္စုပ္ပန္နာနိယေဝ။

ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ ကိုသာ စက္ခုဒွါရ၌ဖြစ်သောစိတ် ၄၆-ပါး တို့သည် အာရုံပြုကုန်၏။ ။ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ ကိုသာ သောတဒွါရ၌ ဖြစ်သော စိတ် ၄၆-ပါးတို့သည် အာရုံ ပြုကုန်၏။ ။ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံ ကိုသာ ဃာနဒွါရ၌ ဖြစ်သော စိတ် ၄၆-ပါးတို့သည် အာရုံပြုကုန်၏။ ။ပစ္စုပ္ပန်ဖြစ်သော ရသာရုံ ကိုသာ ဇိဝှါဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် အာရုံပြုကုန်၏။ ။ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကိုသာ ကာယဒွါရ၌ဖြစ်သောစိတ် ၄၆-ပါးတို့သည် အာရုံပြုကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ပစ္စုပ္ပန်ကို အာရုံပြုသော အကြောင်း

အဘယ့်ကြောင့် စက္ခုဒွါရ-စသော ငါးဒွါရ၌ဖြစ်သော စိတ်တို့သည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ စသည်ကိုသာ အာရုံ ပြုကုန်သနည်း–ဟူမူ။ ။ စက္ခုဒွါရစသည် ထိခိုက်လာသော မျက်မှောက် ဖြစ်သော အာရုံကိုသာ စက္ခုဝိညာဏ်စသော စိတ်တို့သည် အာရုံပြုနိုင်ကြ၏။ ထိခိုက်ဆဲ မဟုတ်၊ ထိခိုက်ပြီးသောအာရုံ ထိခိုက်လတ္တံ့သော အာရုံကို အာရုံ မပြုနိုင်သော ကြောင့် အတိတ်အာရုံ အနာဂတ်အာရုံကို အာရုံမပြုဘဲ ပစ္စုပ္ပန် အာရုံ ကိုသာ အာရုံပြုရပါသတည်း။

---

## ဆောင်ပုဒ်

မျက်မှောက် တိုက်ရိုက်၊ ထိခိုက်အာရုံ၊ သိမြင်ကုန်၍၊စက္ခုံ ငါးဝ၊ ပြုကုန်ကြ၊ မှတ်ပ-ပစ္စုပ္ပန်။

## အာရုံခြောက်ပါးကို အာရုံပြုသောစိတ်

**၁၂။ ။မနောဒွါရိကာ စိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္န မတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာရမ္မဏံ ဟောတိ။**

သင်္ဂြိုဟ်ပါဠိ။

---

အာရုံခြောက်ပါးလုံးကိုကား မနောဒွါရ၌ ဖြစ်သော ၆၇-ပါးသော စိတ်တို့သည် အာရုံပြုကုန်၏။ထိုသော် ကာလအားဖြင့်သော်ကား၊ ပစ္စုပ္ပန် အတိတ်,အနာဂတ် ကာလသုံးပါး၌ ဖြစ်သော အာရုံကိုပင် ဖြစ်စေ၊ကာလ ဝိမုတ်ဖြစ်သော အာရုံကိုပင်ဖြစ်စေ၊ ထိုက်သင့်သည်အားလျော်စွာ အာရုံ ပြုနိုင်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### ကာလဝိမုတ် အဓိပ္ပါယ်

ခဏံ ပတွာ ဥပ္ပန္နန္တိ ပစ္စုပ္ပန္နံ

ခဏံ၊ မျက်မှောက်ခဏကို။ ပတွာ၊စွဲ၍။ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ဣတိ၊ ကြောင့်။ ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်မည်၏။ ။မျက်မှောက် ခဏကို စွဲ၍ ဖြစ်သော ကာလသည် ပစ္စုပ္ပန်ကာလမည်၏။ ။ဟူလို။

အတိက္ကမိတွာ ဣတန္တိ အတီတံ။

အတိက္ကမိတွာ၊ မျက်မှောက် ပစ္စုပ္ပန်ကာလကို လွန်မြောက်၍။ ဣတံ ပဝတ္တံ၊ဖြစ်သည်တည်း။ ဣတိ၊ကြောင့်။ အတီတံ၊ အတိတ်ကာလ မည်၏။ ပစ္စုပ္ပန်ကာကကို ကျော်လွန်၍ ဖြစ်သော လွန်လေပြီးသော ကာလသည် အတိတ်ကာလမည်၏။ ။ဟူလို။

န အာဂတန္တိ အနာဂတံ။

အာဂတံ၊ ရောက်ဆဲဖြစ်သော ပစ္စုပ္ပန်, ရောက်ပြီးဖြစ်သော အတိတ် ကာလသည်။န ဟောတိ၊ မဟုတ်။ ဣတိ၊ ကြောင့်။အနာဂတံ၊ အနာဂတ် ကာလမည်၏။ ။ရောက်ဆဲ, ရောက်ပြီးမဟုတ်သော ရောက်လတ္တံ့သော ကာလသည် အနာဂတ်ကာလ မည်၏။ ။ဟူလို။

စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတတရားတို့သည် ဖြစ်ခြင်း, ပျက်ခြင်း ဘသောရှိသောကြောင့် ဆိုအပ်ပြီးသော ကာလသုံးပါးနှင့် ယှဉ်၍ ဖြစ်ကုန်၏။ ။ကာလသုံးပါးဖြင့် ပိုင်းခြားသတ်မှတ်၍ ရကုန်၏။

ကာလတော ဝိမုတ္တန္တိ ကာလဝိမုတ္တံ။

ကာလတော၊ကာလသုံးပါးမှ။ ဝိမုတ္တံ၊လွတ်သည့်တည်း။ ဣတိ၊ကြောင့်။ ကာလဝိမုတ္တံ၊ ကာလဝိမုတ်မည်။ ။ဝိဂြိုဟ်အရ၊ အသင်္ခတ ဖြစ်ကုန်သော နိဗ္ဗာန်နှင့် ပညတ်တရားတို့သည် ဖြစ်ခြင်း,ပျက်ခြင်း သဘောမရှိ၊ ပကတိမြဲသော သဘောရှိကုန်သည် ဖြစ်၍ ကာလသုံးပါးဖြင့် ပိုင်းခြားသတ်မှတ်၍ မရ၊ ကာလသုံးပါးမှ လွတ်ကုန်သောကြောင့် ကာလဝိမုတ်မည်ကုန်၏ ဟု မှတ်။

---

## ဆောင်ပုဒ်

ဖြစ်ပျက် မရှိ၊ ပကတိမြဲမြဲ၊ နိဗ္ဗာန်,ပညတ်၊ ယင်းနှစ်ရပ်ကား၊သုံးပါး
ကာလ၊ လွတ်ကုန်ကြ၊ မည်ရ-ကာလဝိမုတ်တည်း။

---

## ယထာရဟံ အဓိပ္ပါယ်

ဤ-မနောဒွါရ၌ ဖြစ်သောစိတ် ၆၇-ပါးတို့သည် အာရုံ ခြောက်ပါး ကာလသုံးပါးနှင့်တကွ ကာလဝိမုတ်ကို အာရုံပြုကြ၏-ဟု ဆိုသော်လည်း ယထာရဟံ သဒ္ဒါကို သတ်မှတ်၍ ပြဆိုထားတော်မူပြန်သဖြင့် အလုံးစုံသော စိတ်တို့သည် မိန့်ဆိုသောအတိုင်း အာရုံပြုကြသည်ဟု မမှတ်သင့်။ ထိုက်သင့်သည့်အားလျော်စွာသာ အာရုံပြုကုန်၏-ဟု မှတ်။ ။ပြဟန်ကား၊ ဟသိတုပ္ပါဒ် ကြဉ်အပ်သော ကာမာဝစရဇောတို့သည် ကာလသုံးပါး ဖြစ်သော အာရုံခြောက်ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ် တရားတို့ကို အာရုံပြုကုန်၏။ ။ဟသိတုပ္ပါဒ် စိတ်သည်ကား ကာလသုံးပါး၌ ဖြစ်သော ကာမအာရုံခြောက်ပါးကိုသာ အာရုံပြုသည် ။အသိညာဏ်ဇော တို့သည်ကား ကာလသုံးပါး၌ ဖြစ်သော အာရုံခြောက်ပါးကိုငင်း၊ကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်ကိုငင်း၊အာရုံပြုကုန်၏-ဟု ခွဲခြမ်း၍ မှတ်လေ။ နောက်၌လည်း ထင်ရှားလတ္တံ့။

## ဒွါရဝိမုတ်စိတ်၏ အာရုံ

၅၃။ ။ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင်္ဂစုတိ သင်္ခါတာနံ
ဆဗ္ဗိဓမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ
ဆဒွါရဂ္ဂဟိတံ။ပ။ အာရမ္မဏံ ဟောတိ။

သင်္ဂြိုဟ်ပါဠ်။

---

ပဋိသန္ဓေ,ဘဝင်,စုတိ-ဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ် ၁၉—ပါးတို့သည် ကပ်လျက်ရှိသော ရှေးဘဝက ခြောက်ပါးသော ဒွါရတွင် တပါးပါးသော ဒွါရ၌ ထင်မြင်လာသော မရဏာသန္နဇော၏ အာရုံဖြစ်သော ပစ္စုပ္ပန် အတိတ်,ပညတ်-ဖြစ်သော ကံ,ကမ္မနိမိတ်, ဂတိနိမိတ်-ဟု ဆိုအပ်သော အာရုံခြောက်ပါးကို အာရုံပြုကုန်၏။ ။ဟူလို။

တိုတိုတုတ်တုတ် ဆိုလိုရင်း အချုပ်ကား။ ။ဒွါရဝိမုတ် စိတ်တို့သည် ရှေးဘဝက မရဏာသန္န ဇော၏ အာရုံကိုပင် အာရုံ ပြုကြ၏– ဟု ဆိုလိုသည်။

ဤကား ပိဏ္ဍတ္ထ။

---

### ယထာသမ္ဘဝံ အဓိပ္ပါယ်

ထိုဒွါရဝိမုတ် စိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, ပညတ်-ဟု ဆိုအပ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါးကို အာရုံပြု၏ဟု ဆိုသော်လည်း ၎င်း ၃—ပါးတို့ကို တပြိုင်နက် တခါးတည်း အာရုံပြုနိုင်သည် မဟုတ်၊ထိုထိုသို့သော ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌ ဖြစ်ကုန်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ထိုထိုသို့သော ဒွါရဖြင့်ယူအပ်သော အာရုံ အားလျော်စွာသာ ဖြစ်ကုန်၏-ဟု ဆိုလိုသည်။

ယင်းစကားကို ထင်ရှားစွာ ဆော်ပြဦးအံ့····ကာမာဝစရ ဖြစ်သော ပဋိသန္ဓေစိတ်, ဘဝင်စိတ် တို့သည် ပဉ္စဒွါရဖြင့် ယူအပ်သည် ဖြစ်အံ့၊ ရှေးဘဝက ပစ္စုပ္ပန် ကမ္မနိမိတ်ဖြစ်သော အာရုံငါးပါးကိုသာ အာရုံပြုကုန်၏။ မနောဒွါရဖြင့် ယူအပ်သည်ဖြစ်အံ့၊ ရှေးဘဝက အတိတ် ကမ္မနိမိတ် ဖြစ်သော အာရုံငါးပါးကိုသာ အာရုံပြုကုန်၏ ။ကာမာဝစရ ဖြစ်သော

စုတိစိတ်သည်ကား ရှေးဘဝက ခြောက်ဒွါရဖြင့် ယူအပ်သော အတိတ်ကမ္မနိမိတ် ဖြစ်သော အာရုံငါးပါးကို အာရုံပြု၏။ ။ဤကား မဒ္ဒာရုံအဘို့မှတ်။

ဓမ္မာရုံ ဖြစ်ပါမူကား၊ မနောဒွါရဖြင့်သာ ယူအပ်၏။ ကာလအားဖြင့် အတိတ်အာရုံ၊နိမိတ်အားဖြင့် ကံ,ကမ္မနိမိတ် ၂-ပါးသာဖြစ်၍ ပဋိသန္ဓေစိတ်, ဘဝင်စိတ်,စုတိစိတ်-သုံးပါး၏ပင် အာရုံဖြစ်နိုင်၏။ ။ဤအထက်ပါ စကားများကား ကံ နှင့် ကမ္မနိမိတ် အာရုံအဘို့ ဟု မှတ်။ ။ဂတိနိမိတ်အာရုံဖြစ်ပါမူ ကား ပစ္စုပ္ပန်-ရူပါရုံ တပါးတည်းသာဖြစ်၍ မနောဒွါရဖြင့်သာ ယူအပ်၏။ပဋိသန္ဓေ,ဘဝင်, စုတိ-သုံးပါးတို့၏ အာရုံဖြစ်၏။ ။*ဤကား ကာမာဝစရ အဘို့ ယထာသမ္ဘဝ ဖြစ်ပုံတည်း။

မဟဂ္ဂုတ် ပဋိသန္ဓေစသော စိတ်တို့တွင် ရူပါဝစရနှင့် ပဌမ အရူပ-တတိယ အရူပဖြစ်သော ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့သည်၊ မနောဒွါရဖြင့် ယူအပ်သော ကသိုဏ်းပညတ် ဖြစ်သော ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံပြုကုန်၏။ ။ဒုတိယ အရူပနှင့် စတုတ္ထအရူပဖြစ်သော ပဋိသန္ဓေ ဘဝင်,စုတိစိတ်တို့သည်ကား မနောဒွါရဖြင့် ယူအပ်သော။ ဝါ၊မနောဒွါရ၌ ထင်ပေါ်လာသော အတိတ်ဖြစ်သော ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံပြုကုန်၏။ ။ဤကား မဟဂ္ဂုတ်အဘို့ ယထာသမ္ဘဝ ဖြစ်ပုံတည်း။ ။ ဤအရာဌာနကား အလွန် နက်နဲ ခက်ခဲသော အရာဖြစ်သောကြောင့် အထပ်ထပ် ကြီစည် ကြည့်ရှုမှတ်သားကြပါကုန်။

ယထာ သမ္ဘဝတ္တိ တံ တံ ဘူမိက ပဋိသန္ဓိ ဘဝင်္ဂစုတီနံ၊
တံ တံ ဒွါရဂ္ဂဟိတာဒိဝသေန သမ္ဘဝါနုရူပတော။

ဋီကာကျော်။

---

## ယေဘုယေျန အဓိပ္ပါယ်

လွန်ပြီးသော ဘဝတပါး၌ ဒွါရခြောက်ပါးဖြင့် မရဏာသန္နဇောသည် အာရုံကိုယူ၏ ဟု ဆိုသောစကားသည် ကာမဘုံစသည်မှ စုတေသော ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်တို့ကို ရည်၍ ယေဘုယျနည်းအားဖြင့် ဆိုသော စကားဖြစ်၏။ ၎င်းပုဂ္ဂိုလ်တို့သာ ခြောက်ဒွါရဖြင့် စုတေခါနီးသောအခါ မရဏာသန္နဇောသည် အာရုံကို ယူနိုင်ကုန်၏။ အပ္ပကအားဖြင့်

အသညသတ်ဘုံမှ စုတေသော အသညသတ် ပုဂ္ဂိုလ်သည်ကား၊ ရုပ်သက်သက် ပုဂ္ဂိုလ်ဖြစ်သဖြင့် နာမ်တရား မဖြစ်နိုင်သောကြောင့် မရဏာသန္နဇောလည်း မရှိ၊ ဇောမရှိသဖြင့် အာရုံကိုလည်း မယူနိုင်သောကြောင့် တပါးသောဘုံ၌ ဖြစ်သော ပဋိသန္ဓေစိတ်သည်လည်း အာရုံပြုစရာ မရှိသဖြင့်၊အသညသတ်ဘဝမှ အပ ရှေးရှေးဘဝ၌ ပြုအပ်ခဲ့ဘူးသော ၎င်း ပဋိသန္ဓေသစ်ကို ဖြစ်စေသော အပရာပရိယဝေဒနီယ ကံအဟုန်ဖြင့်သာလျှင် ကမ္မနိမိတ်စသော အာရုံတပါးပါးသည် အလိုလို ထင်ပေါ်လာ၏။ ၎င်း ထင်ပေါ်လာသော အာရုံကိုသာ ဒုတိယဘဝသစ်၌ ဖြစ်သော ပဋိသန္ဓေစိတ်သည် အာရုံပြုရ၏-ဟု မှတ်။ ။ထို့ကြောင့် သစ္စသံခိပ်ကျမ်း၌—

ဘဝန္တရကတံ ကမ္မံ၊ယမောကာသံ လဘေ တတော။
ဟောတိ သာ သန္ဓိ တေနေဝ၊ဥပဋ္ဌာပိတဂေါစရေ။ ။

ဟု မိန့်ဆိုတော်မူ၏။ ။ဘဝန္တရကတံ၊အသညသတ်ဘဝမှ တပါးသော ရှေးဘဝ၌ ပြုအပ်သော။ ကမ္မံ၊ အပရာပရိယဝေနီယ ဖြစ်သော ကာမာဝစရကုသိုလ်ကံသည်။ အတ္တနော၊ မိမိအား။ ဝိပါကဒါနာယ၊ အကျိုးပေးခြင်းငှါ။ ဩကာသံ၊ အခွင့်ကို။ ယံ-ယသ္မာ။ အကြင်ကြောင့်။ လဘေ၊ရ၏။ တတော၊ ထိုကြောင့်။ သာ သန္ဓိ၊ထိုကာမာဝစရသုဂတိ ပဋိသန္ဓေသည်။ တေနေဝ၊ ထိုအပရာပရိယဝေဒနီယ ဖြစ်သော ကာမာဝစရ ကုသိုလ်ကံသည်သာလျှင်။ ဥပဋ္ဌာပိတဂေါစရေ၊ ထင်စေအပ်သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသော အာရုံ၌။ ဟောတိ၊အာရုံပြုသောအားဖြင့်ဖြစ်၏—ဟု အနက်ပေး။

---

## ဆောင်ပုဒ်

က။ ။အသညသတ်ကို၊ စင်စေလို၊ မိန့်ဆို-ယေဘုယျ။

ခ။ ။ကာ-ရူ-အရူ၊ ဤသုံးသူသာ၊ ရှေးမူဇော၏၊ အာရုံရှိ၊ မှတ်ဘိ-မြဲ-နိစ္စ။

ဂ။ ။အသညသတ်ကား၊ စိတ်ထားမရှိ၊ မစွဲငြိ၊ ကင်းဘိ-ဇောအာရုံ။

ဃ။ ။သို့ကြောင့်ရကား၊ ကံဟုန်အားဖြင့်၊ ထင်ရှား အာရုံ၊စွဲပြုကုန်၊ မှတ်တုံ-ကာသန္ဓိ။

## အနာဂတ်ကို အာရုံမပြုခြင်း အဓိပ္ပါယ်

ဒွါရဝိမုတ် စိတ်တို့သည် ပစ္စုပ္ပန်နှင့် အတိတ်ကာလ၌ဖြစ်သော အာရုံကိုသာ အာရုံပြုကုန်၏။ အနာဂတ် ဖြစ်လတ္တံ့သော အာရုံကိုကား အာရုံမပြုကြကုန်။ အကြောင်း အသို့ပါနည်း ဟု မေးငြားအံ့။ ။ထိုအနာဂတ် အာရုံဟူသည် အတိတ်ဖြစ်သော ကံ- ကမ္မနိမိတ်တို့ကဲ့သို့ ထင်ရှားဘူး ခံစားဘူးသော အာရုံလည်းမဟုတ်။ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်, ဂတိ နိမိတ်တို့ကဲ့သို့ ထင်ရှားစွာ ရောက်ဆဲသော အာရုံလည်း မဟုတ်သော ကြောင့် အနာဂတ်ကို အာရုံမပြုနိုင် ဟု မှတ်။

ထိုစကားမှန်၏၊ ပဋိသန္ဓေစသော ဒွါရဝိမုတ်စိတ်တို့သည် ကံအဟုန် ကြောင့် ဘဝသစ်၌ ရှေးဦးစွာဖြစ်သော ဝိပါက်စိတ်များသာဖြစ်၍ အား အရှိန်အလွန်နဲ့သဖြင့် အထူးအာရုံမပြုနိုင်၊ အလိုလို ထင်မြင်လာသော အာရုံကိုသာ အာရုံပြုနိုင်သော စိတ်မျိုးဖြစ်ကုန်၏။

> န ဟိ တံ အတီတကမ္မကမ္မနိမိတ္တာနိ ဝိယ အနုဘူတံ၊
> နာပိ ပစ္စုပ္ပန္န ကမ္မနိမိတ္တ ဂတိနိမိတ္တာနိ ဝိယ အာပါထဂတဥ္စ
> ဟောတိ။

ဋီကာကျော်။

---

### ဆောင်ပုဒ်

> အနာဂတ်ကား၊ ဖြစ်လတ်-ဖြစ်ဘူး၊ မရှိဦး၍၊ အထူး အာရုံ၊ မပြုကုန်၊
> မှတ်တုံ-ဒွါရ ဝိမုတ်စိတ်။

---

### စက္ခုဝိညာဏ်စသော စိတ်တို့၏ အာရုံ

၅၄။ ။တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိ ဧက ကာရမ္မဏာနေဝ။

သင်္ဂြိုဟ်ပါဠိ။

---

ထိုစိတ်အပေါင်းတို့တွင် စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကိုသာ အာရုံ ပြု၏။ ။သောတဝိညာဏ် စိတ်သည် သဒ္ဒါရုံကိုသာ အာရုံပြု၏။ ။

ဃာနဝိညာဏ် စိတ်သည် ဂန္ဓာရုံကိုသာ အာရုံပြု၏။ ။ဇိဝှါ ဝိညာဏ် စိတ်သည် ရသာရုံကိုသာ အာရုံပြု၏။ ။ကာယဝိညာဏ် စိတ်သည် ဖေါဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**မနောဓာတ် ၃-ပါး၏ အာရုံ**

၁၅။ ။မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။ သဗ္ဗိုဟ်ပါဠိ။

---

ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေ ဟု ဆိုအပ်သော မနောဓာတ်စိတ် ၃-ပါးသည် ရူပါရုံ-စသော အာရုံငါးပါးလုံးကိုပင် အာရုံပြုနိုင်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ပဉ္စာရုံကို အာရုံပြုသော အကြောင်း**

အဘယ့်ကြောင့် ၎င်းမနောဓာတ် ၃-ပါးတို့သည် အာရုံငါးပါးလုံးကို အာရုံပြုနိုင်ကြပါသနည်း၊ စက္ခုဝိညာဏ်စသော စိတ်များကဲ့သို့ အာရုံ တပါးပါးကိုသာ အာရုံပြုသင့်သည် မဟုတ်ပါလော ဟူငြားအံ့။ ။၎င်း မနောဓာတ် ၃-ပါးတို့သည် ပဉ္စဝိညာဏ်ဝိထိတိုင်း၌ ပါရှိသော စိတ်များ ဖြစ်သောကြောင့် ပဉ္စာရုံကို အာရုံပြုနိုင်၏–ဟု မှတ်။ ။တနည်း၊ ပဉ္စဒွါရာ ဝဇ္ဇန်းဟူသည် ပဉ္စာရုံကို ဆင်ခြင်သော စိတ်ဖြစ်၏။ ။သမ္ပဋိစ္ဆိုင်း ဟူသည် ပဉ္စာရုံကို ခံထားသော စိတ်ဖြစ်၏။ထို့ကြောင့် အာရုံငါးပါးလုံးကို အာရုံပြုနိုင်၏-ဟု-သိ။

---

**ဆောင်ပုဒ်**

က။ ။မနောဓာတ်တိ၊ ဝိထိပဉ္စဝိဉ်၊ ပါကုန်ပင်၊ ပြုလျှင် ပဉ္စာရုံ။

ခ။ ။အာရုံငါးကို၊ စဉ်းစားဆင်ခြင်၊ ခံတင်သဘော၊ သို့ဖြစ်သော၊ ပြုရော-ပဉ္စာရုံ။

---

## ကာမာဝစရဝိပါက်စိတ်နှင့် ဟသိတုပ္ပါဒ်စိတ်တို့၏ အာရုံ

၄၆။ ။သေသာနိ ကာမာဝစရဝိပါကာနိ ဟာသနစိတ္တဉ္စေတိ
သဗ္ဗထာပိ ကာမာဝစရာ ရမ္မဏာနေဝ။

သင်္ဂြိုဟ်ပါဠိ။

---

ဒွေပဉ္စဝိညာဏ်-၁၀၊ သမ္ပဋိစ္ဆိုင်းဒွေမှ ကြွင်းကုန်သော ၊ကာမာဝစရ ဝိပါက်စိတ် ၁၁-ပါးနှင့်၊ဟသိတုပ္ပါဒ်စိတ်အားဖြင့် ၁၂-ပါးသော စိတ်တို့ သည် ခပ်သိမ်းသော အပြားအားဖြင့် ကာမာဝစရတရားသာ အာရုံရှိကုန် ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

### သဗ္ဗထာ အဓိပ္ပါယ်

သဗ္ဗထာ-ပုဒ်ကား သဗ္ဗေန အာကာရေန သဗ္ဗထာ။ဝိဂြိုဟ်အရ၊အာကာ ရတ္ထ၌ ထာပစ္စည်းသက်၍ ပြီးသောတဒ္ဓိတ်ပုဒ်ဖြစ်၍ ခပ်သိမ်းသော အခြင်း အရာအားဖြင့် ဟု မြန်မာယောဇနာကာ အနက် ပြန်ဆိုတော်မူကြကုန်၏။ ၎င်းအနက်သွား အာကာရတ္ထအရ ခပ်သိမ်းသော အခြင်းအရာကို ဝေဘန် သိသင့်၏၊

ဝေဘန်ပိုင်းခြားပုံကား····**ကာမာဝစရဝိပါက်** စိတ်တို့သည် သန္တိ ရဏ ကိစ္စ စသည်တပ်ပါမူ ပဉ္စာရုံကို အာရုံပြုကုန်၏။ ။ထိုပဋိသန္ဓေစသော ကိစ္စတပ်ပါမူ ကာမအာရုံခြောက်ပါးကို အာရုံပြုကုန်၏။ ။**ဟသိတုပ္ပါဒ် စိတ်** ၌ ကမ္ဗဋ္ဌာန်းစီးဖြန်းဘို့ရန် သင့်တော်လျောက်ပတ် ကောင်းမြတ်သော အရပ်ကို တွေ့မြင်၍ နှစ်သက်ဝမ်းမြောက်သော ရဟန္တာပုဂ္ဂိုလ်၏- **ဟသိ တုပ္ပါဒ်စိတ်** သည် ရူပါရုံကို အာရုံပြု၏။ ။ပစ္စည်းဘဏ္ဍာတို့ကို ဝေဘန်ရာ အရပ်၌ အုတ်အုတ် ကျက်ကျက် ကျယ်လောင်စွာ ဝေါဝေါပြောဆို ကြသောအသံကိုကြားရ၍ ငါသည် ဤသို့သော လောလုပ္ပ တဏှာကို ပယ် အပ်ပြီ-ဟု နှစ်သက် ဝမ်းမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ **ဟသိတုပ္ပါဒ် စိတ်** သည် သဒ္ဒါရုံကိုအာရုံပြု၏။ ။ပန်းနံ့သာ စသည်တို့ဖြင့် စေတီတော် ကို ပူဇော်သောအခါ၌ နှစ်သက် ဝမ်းမြောက်သော ရဟန္တာ ပုဂ္ဂိုလ်၏

**ဟသိတုပ္ပါဒ်စိတ်** သည် ဂန္ဓာရုံကိုအာရုံပြု၏။ ။အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်ကို သိတင်းသုံးဘော်တို့နှင့်တကွ ဝေဘန်၍ သုံးဆောင်သောအခါ၌ နှစ်သက် ဝမ်းမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ **ဟသိတုပ္ပါဒ်စိတ်** သည် ရသာရုံကို ပြု၏။ ။ခန္ဓက ပါဠိတော်လာ ဝတ်ကြီး ဝတ်ငယ်တို့ကို ဖြည့်ကျင့်သောအခါ၌ နှစ်သက်ဝမ်းမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ **ဟသိတုပ္ပါဒ်စိတ်** သည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ ပုဗ္ဗေနိဝါသဉာဏ် စသည်တို့ဖြင့် ယူအပ် ဆင်ခြင်အပ်သော ကာမာဝစရ တရားကို အာရုံပြု၍ နှစ်သက်ဝမ်းမြောက်သော ရဟန္တာပုဂ္ဂိုလ်၏ **ဟသိတုပ္ပါဒ်စိတ်** သည် ဓမ္မာရုံကို အာရုံပြု၏၊ ဤသို့လျှင် ၁၂-ပါးသော စိတ်တို့သည် ကာမာဝစရဖြစ်သော အာရုံခြောက်ပါးတို့၌ ဖြစ်၏-ဟု ဝေဘန် ပိုင်းခြား၍ မှတ်သားလေ။ ။ဤကား သမ္ဗန္ဓာ အဓိပ္ပါယ်တည်း။

---

**အကုသိုလ်စိတ်နှင့် ဉာဏဝိပ္ပယုတ် ကုသိုလ် ကြိယာစိတ်တို့၏ အာရုံ**

၅၇။ ။**အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရ**
**ဇဝနာနိစေတိ လောကုတ္တရ ဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။**
သင်္ဂြိုဟ်ပါဌ်။

---

**အကုသိုလ်စိတ်** ၁၂-ပါး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရ ကုသိုလ်စိတ် ၄-ပါး၊ကြိယာစိတ် ၄-ပါးအားဖြင့် ၂၀-သောစိတ်တို့သည် လောကုတ္တရာ ကြဉ်အပ်သော အလုံးစုံသော ကာမ,ရူပ, အရူပ တည်းဟူသော အာရုံခြောက်ပါး ပညတ်တရားတို့ကို အာရုံပြုကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ဝိသေသ အဓိပ္ပါယ်**

အထက်ပါ စိတ် ၂၀-တို့သည် လောကုတ္တရာ ကြဉ်အပ်သော အလုံးစုံကို အာရုံပြုကုန်၏န်၏ ဟူသောစကားသည် သာမညအားဖြင့် မိန့်ဆိုတော်မူသောစကားဖြစ်၏။ ၎င်းသာမညစကား၏ ဝိသေသ အဓိပ္ပါယ်ကို ဤသို့မှတ်အပ်၏။ အကုသိုလ်စိတ် ၁၂-ပါးတို့တွင် **ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်**

လေးပါးတို့သည် ကာမတရားတို့ကို အကြောင်းပြု၍ မှားသော အားဖြင့် သုံးသပ်သော ကာလ, သာယာနှစ်သက်သော ကာလတို့၌ ကာမာဝစရ တရားတို့ကို အာရုံပြုကုန်၏။ ။ထိုအတူ ဈာန်ရသော ပုဂ္ဂိုလ် တို့သည် မဟဂ္ဂုတ်တရားတို့ကို အကြောင်းပြု၍ သာယာမှုစသည် ဖြစ်သော ကာလ၌ မဟဂ္ဂုတ်တရားတို့ကို အာရုံပြုကုန်၏။ ။သမုတ် ပညတ်အဝ်သော တရား တို့ကို အကြောင်းပြု၍ သာယာမှု စသည် ဖြစ်သော အခါ၌ ပညတ်ကို အာရုံပြုကုန်၏။

* **ဒိဋ္ဌိဂတသမ္ပယုတ်စိတ်** လေးပါးတို့သည်လည်း ထိုကာမ, မဟဂ္ဂုတ်, ပညတ် တရားတို့ကို ရှေးအတူ အကြောင်းပြု၍ သာယာမှု စသည် ဖြစ်သောအခါတို့၌ ကာမ,မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြုကုန်၏။
***ဒေါသမူဒွေ** သည်လည်း ဈာန်မှရွေ့လျှောသော ပုဂ္ဂိုလ် စသည် တို့အား ထိုကာမ မဟဂ္ဂုတ်,ပညတ်တရားတို့ကို အကြောင်းပြု၍ ပြစ်မှားမှု, နှလုံးမသာယာမှု အစွမ်းဖြင့် ဖြစ်သော အခါတို့၌ ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြုကုန်၏။

***ဝိစိကိစ္ဆာ-ဥဒ္ဓစ္စမူ ဒွေ** သည် ထိုကာမ, မဟဂ္ဂုတ်,ပညတ် တရားတို့ကို အကြောင်းပြု၍ အာရုံကို မဆုံးဖြတ်နိုင်ခြင်း အစွမ်းဖြင့် ဖြစ်သောအခါ၊ ဥဒ္ဓစ္စ သဟဂုတ် စိတ်သည်ကား ထိုအတူ အကြောင်းပြု၍ ပျံ့လွင့်သည့် အစွမ်း,မငြိမ်သက်သောအစွမ်းဖြင့် ဖြစ်သော အခါတို့၌ ကာမ,မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြုကုန်၏။

***ကာမာဝစရ ဉာဏဝိပ္ပယုတ်** စိတ် ၄-ပါးသည် ပုထုဇဉ်ပုဂ္ဂိုလ်, သေက္ခ ပုဂ္ဂိုလ်တို့အား ဉာဏ်နှင့် မယှဉ်မူ၍ အမှတ်မဲ့ ပေးကမ်း လှူဒါန်းသော အခါ တရားကို ဆင်ခြင်သောအခါ တရားနာသောအခါ စသည်တို့၌ ကာမကိုအာရုံပြုကုန်၏။ အလွန်တရာ လေ့လာပွါးများအဝ်သော ဈာန်ကို ဆင်ခြင်သော အခါတို့၌ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ ကသိုဏ်း နိမိတ် စသည်တို့၌ ပရိကံ စသည် ပြုသော အခါ၌ ပညတ် တရားကို အာရုံ ပြုကုန်၏။

***ကြိယာဉာဏဝိပ္ပယုတ်** ၄-ပါးတို့သည် ရဟန္တာ ပုဂ္ဂိုလ်တို့အား ထိုအတူ ဆင်ခြင်ပွါးများသော အခါတို့၌ ကာမ, မဟဂ္ဂုတ်, ပညတ်တို့ကို အာရုံပြုကုန်၏ ဟု ခွဲခြမ်းဝေဘန်၍ အထူးကို သိလေ။

## လောကုတ္တရာကို အာရုံမပြုနိုင်သော အကြောင်း

ဥင်းစိတ် ၂၀-တို့သည် အဘယ့်ကြောင့် လောကုတ္တရာ တရား ကိုးပါး တို့ကို အာရုံမပြုနိုင်ကုန်ပါသနည်းဟူမူ။ ။ရဲရဲညီးသော မီးပုံကြီး၌ ယင် ကောင်တို့သည်မနားနိုင်သကဲ့သို့ ထိုအတူ လောကုတ္တရာ တရားတို့သည် အလွန်တရာ အရှိန်တန်ခိုး ကြီးမားသော တရားများ ဖြစ်သောကြောင့် ယုတ်ညံ့မိုက်မဲသော ဥင်းစိတ် ၂၀-တို့သည် အာရုံမပြုနိုင်ဟု မှတ်။

တနည်း။ ။ထိုတရား ၂၀-တို့သည် ပစ္စဝေက္ခဏာဉာဏ်, ဝိပဿနာ ဉာဏ် စသော ဉာဏ်များကို မဖြစ်စေနိုင်၊ ဉာဏ်ကင်းသော တရားများ ဖြစ်သောကြောင့် လောကုတ္တရာ ကိုးပါးကို အာရုံမပြုနိုင်ဟု မှတ်။

အတ္တနော ဇဠဘာဝတော လောကုတ္တရဓမ္မေ အာရဗ္ဘ
ပဝတ္တိတုံ န သက္ကောန္တိ။ ။ဋီကာကျော်။
ပစ္စဝေက္ခဏ ဝိပဿနာ ဘာဝေန အပ္ပဝတ္တိတော၊
လောကုတ္တရ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။ ။သင်္ခေပ ဝဏ္ဏနာ။

———

ဆောင်ပုဒ်

က။ ။ယင်းစိတ်-၂၀၊ မိုက်သောနှယ်၊ ကြဉ်ပတ်-လောကုတ်ကိုး။
ခ။ ။ပစ္စဝက်-ဝိပဿ်၊ ဉာဏ်မြတ် တရား၊ ကင်းတုံငြား၊ ပယ်ရှား-လောကုတ်ကိုး။

———

## ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်နှင့် ကုသိုလ် အဘိညာဉ်တို့၏ အာရုံ

၃၇။ ။ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိစေဝ၊ ပဉ္စမ
ဈာနသင်္ခါတံ အဘိညာ ကုသလဉ္စေတိ အရဟတ္တ
မဂ္ဂဖလ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။ ။
သင်္ဂြိုဟ်ပါဠိ။

———

*ကာမာဝစရ ဉာဏသမ္ပယုတ် ကုသိုလ်စိတ် ၄-ပါးနှင့် ရူပါဝစရ ကုသိုလ်ပဉ္စမဈာန် အဘိညာဏ်စိတ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်အပ်သော အလုံးစုံသော အာရုံကို အာရုံပြုကြကုန်၏။ ။ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

## အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို ကြည့်ရသော အဓိပ္ပါယ်

၎င်း အထက်ပါ စိတ် ၄ါးပါး တို့သည် အဘယ်ကြောင့် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ပါသနည်း ဟူမူ။ ၎င်းစိတ် ၅-ပါး တို့သည် ပုထုဇန်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ် တို့၌သာ ဖြစ်ကုန်သဖြင့် မိမိတို့သည် မရအပ်သေးသော တရားများ ဖြစ်သောကြောင့် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို အာရုံ မပြုနိုင်၍ ကြည်အပ်ပါသတည်း။ ။ထို အရဟတ္တမဂ်, အရဟတ္တဖိုလ် တရားတို့သည် ရဟန္တာ ပုဂ္ဂိုလ်တို့၏ အရသာ ဖြစ်ကုန်၏-ဟု မှတ်။

၎င်းတို့မှကြွင်းသော အလုံးစုံသော တရားကို အာရုံပြု၏ ဟု ဆိုသော်လည်း ပြုချင်တိုင်း ပြုနိုင်သည်မဟုတ်၊ ထိုက်သည် အားလျော်စွာသာ ပြုလေ၏။ ။ပြုပုံကား····မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုသည် ဈာန်မရသော ပုထုဇန်ပုဂ္ဂိုလ်၏ သန္တာန်ဖြစ်လျှင် ပညတ်အာရုံ, ကာမအာရုံကိုသာ,အာရုံပြုနိုင်၏။ ။မိမိတို့မရသော မဟဂ္ဂုတ်နှင့် လောကုတ္တရာတရားများကို အာရုံမပြုနိုင်၊ ၎င်းကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးနှင့် ကုသိုလ် အသိဉာဏ်တို့သည် ဈာန်ရသော ပုထုဇန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်လျှင် ကာမ, ပညတ်, မဟဂ္ဂုတ်တို့ကို အာရုံပြုနိုင်၏။ လောကုတ္တရာကိုကား အာရုံမပြုနိုင်သေးပေ။ ။ကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးသည် မဂ္ဂဝီထိ၌ သောတာပတ္တိ မဂ်၏ရှေ့ ဂေါတြဘူကိစ္စတပ်လျှင် ပုထုဇန်ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်၏။ ။၎င်းစိတ် ၅-ပါးသည် သောတာပန်ပုဂ္ဂိုလ်၌ဖြစ်လျှင် ကာမ,ပညတ်,မဟဂ္ဂုတ်,နိဗ္ဗာန်, သောတာပတ္တိမဂ်, ၎င်းဖိုလ်များကို အာရုံပြုနိုင်၏။ ။အထက်မဂ် ဖိုလ်များကို အာရုံမပြုနိုင်။ သကဒါဂါမိ ပုဂ္ဂိုလ်၌ဖြစ်လျှင် ကာမ,ပညတ်,မဟဂ္ဂုတ်,နိဗ္ဗာန်,သောတာပတ္တိမဂ်, ၎င်းဖိုလ်, သကဒါဂါမိမဂ်, ၎င်းဖိုလ်များကို အာရုံပြုနိုင်၏။ ။ အထက်မဂ် ဖိုလ်များကို အာရုံမပြုနိုင်။ ။အနာဂါမိ ပုဂ္ဂိုလ်၌ဖြစ်လျှင် ကာမ ပညတ်, မဟဂ္ဂုတ်, နိဗ္ဗာန်, သောတာပတ္တိမဂ်, ၎င်းဖိုလ်၊ သကဒါဂါမိမဂ် ၎င်းဖိုလ်,အနာဂါမိမဂ်,၎င်းဖိုလ်များကို အာရုံပြုနိုင်၏။ ။၎င်းသောတာပန် သကဒါဂါမိ,အနာဂါမိ ပုဂ္ဂိုလ်များသည် ဈာန်ကို ရမှသာ မဟဂ္ဂုတ်ကို အာရုံပြုနိုင်ကုန်၏။ ဈာန်ကိုမရသော် မဟဂ္ဂုတ်ကို အာရုံမပြုနိုင် ဟု မှတ်။ ။ ထိုစကားမှန်၏၊ အရိယာ ပုဂ္ဂိုလ်တို့သည် မိမိတို့ ရရှိပြီးသော အောက်မဂ်

အောက်ဖိုလ်ကိုသာ အာရုံပြုနိုင်ကုန်၏။ ။ထိုအတူ ဈာနလာဘီ ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ရရှိပြီးသော အောက်အောက် ဈာန်ကိုသာ အာရုံပြုနိုင်ကုန်သည်။ ။အထက်အထက် မရသေးသော ဈာန်တို့ကိုမူကား အာရုံမပြုနိုင်-ဟု သိ။ ။ဤကား ယထာရဟယူပုံ အဓိပ္ပါယ်တည်း။

သေက္ခာပိ ဟိ ဥပေတ္တာ လောကိယ စိတ္တံ အရဟတော
မဂ္ဂဖလသမ်ါတံ ပါဠိပုဂ္ဂလိကစိတ္တံ ဇာနိတုံ န သက္ကောန္တိ။

ဋီကာကျော်။

---

**ဆောင်ပုဒ်**

မိမိ သန္တာန်၊ မရှိမှန်၊ ပယ်ပြန် အရဟတ်၊ မင်္ဂဖိုလ်။

---

## ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာနှင့် ကြိယာအဘိညာဏ် စိတ်တို့၏ အာရုံ

၅၉။ ။ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိုးခဝ၊ ကြိယာ
ဘိညာဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

သင်္ဂြိုဟ်ပါဠ်။

---

ကာမာဝစရဉာဏသမ္ပယုတ်ကြိယာ-စိတ် ၄-ပါး၊ရူပါဝစရ ပဉ္စမဈာန်ကြိယာအဘိညာဏ် ၁-ပါး၊ ဝုဋ္ဌောစိတ် ၁-ပါး အားဖြင့် ဤခြောက်ပါးသော စိတ်တို့သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကာမ,မဟဂ္ဂုတ်, လောကုတ္တရာ, နိဗ္ဗာန်, ပညတ်, အာရုံ အလုံးစုံကို အာရုံ ပြုနိုင်ကုန်၏။ မပြုနိုင်သောအာရုံမရှိ။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဝုဋ္ဌောစိတ်၏ အလုံးစုံကို အာရုံပြုနိုင်ခြင်း အဓိပ္ပါယ်

ဤ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်နှင့် ကြိယာ အဘိညာဏ်စိတ်များကား အာသဝေါကင်းစင် ဘုရား,ရဟန္တာ,ပစ္စေကဗုဒ္ဓါ အရှင်တို့၏

သန္တာန်တော်၌ ဖြစ်သော စိတ်များဖြစ်၍သာ အလုံးစုံသော အာရုံကို အာရုံပြုကုန်၏။ သို့သော် ဝိသေသ အားဖြင့် ဆိုသော် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်၊ အတီတံသဉာဏ်၊ အနာဂတံသဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်- စသော ဉာဏ်တော်များ ဖြစ်သော အခါ၌သာလျှင် အကြွင်းအကျန်မရှိ ခပင်းဥဿုံ အလုံးစုံသော သင်္ခတတရား, အသင်္ခတ တရား, ပညတ်တရား ငါးပါးတို့ကို သိတော်မူလေ၏။ ။ပစ္စေကဗုဒ္ဓါ အရှင်, ရဟန္တာ သခင်များကား ကြွင်းမဲ့ဥဿုံ အလုံးစုံသော အာရုံကို မသိနိုင်ကြကုန်၊ ထိုစကားမှန်၏၊ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့သည် ပထဝီဓာတ် တလုံး၏ အလုံးစုံသော အခြင်းအရာကိုပင် ကုန်စင်အောင် မသိနိုင်ကြကုန်၊ ဉာဏ်အားလျော်စွာ တစိတ်တဒေသကိုသာ အာရုံပြုနိုင် ကုန်,သိတော်မူနိုင်ကုန်၏။ ။ထို့ကြောင့် သဗ္ဗာရမ္မဏာနိ-ဟူသောပါဌ်၏ သဗ္ဗသဒ္ဒါကို ပစ္စေကဗုဒ္ဓါ, ရဟန္တာ ပုဂ္ဂိုလ်များဖြစ်လျှင် သပ္ပဒေသ သဗ္ဗ သဒ္ဒါ ဟု မှတ်။ ။မြတ်စွာဘုရား၌ နိပ္ပဒေသ သဗ္ဗသဒ္ဒါ ဟု မှတ်။

ဤသို့ ဖြစ်လျှင် ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း စိတ်သည် အဟိတ်စိတ် ဖြစ်ပါလျက် အဘယ့်ကြောင့် အလုံးစုံကို အာရုံပြုနိုင်ပါသနည်း ဟူမူ။ မနောဒွါရာဝဇ္ဇန်း ဆိုသော်လည်း ကာမဇော စသည်တို့၏ ရှေ့၌ ရှိသော မနောဒွါရာဝဇ္ဇန်းမျိုးမဟုတ်၊ ဆိုအပ်ပြီးသော သဗ္ဗညုတဉာဏ်,အနာဝရဏ ဉာဏ် စသော ဉာဏ်တော်တို့၏ ရှေ့သွား ဖြစ်သော မနောဒွါရာဝဇ္ဇန်း စိတ်ကိုယူ။ ၎င်း မနောဒွါရာဝဇ္ဇန်း စိတ်သည်ကား သဗ္ဗညုတ ဉာဏ်နှင့် တူပေ၏၊အလွန်တရာ အားကြီးပေ၏၊ သို့ဖြစ်၍ ဆဒ္ဒန် ဆင်ပြောင်ကြီးနှင့် တူသော စိတ်ပေတည်း။ သို့သောကြောင့်သာ အဟိတ်စိတ်ပင် ဖြစ်လင့် ကစား အလုံးစုံကိုအာရုံပြုနိုင်၏ ဟု မှတ်။ (အောက်က ဘွင့်ဆိုခဲ့ပြီ)။

ကြိယာဇဝနမှို သဗ္ဗညုတညာဏာဒိ ဝသပ္ပဝတ္တိယံ၊
ဝေါဋ္ဌဗ္ဗနသ္သ စ တံ တံ ပုရေစာရိကံ ဝသပ္ပဝတ္တိယံ။

ဋီကာကျော်။

---

ဝေါဋ္ဌဗ္ဗနမှို သဗ္ဗညုတညာဏဂတိကံ မဟာဂဇံ နာမေတံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

## သောင်ပုဒ်

ဉာဏ်သမ္ပယုတ်၊ ရွေသွားမှု၊ ပြ၏-ဝုဒ္ဓေါအလုံးစုံ။

---

**မဟဂ္ဂုတ်စိတ်၏ အာရုံ**

၆၀။ ။အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

၆၁။ ။သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

သင်္ဂြိုဟ်ပါဌ်။

---

အရူပါဝစရစိတ် ၁၂-ခုတို့တွင် ဝိညာဏဉ္စာယတန ဈာန်စိတ် ၃-ခု၊ နေဝသညာနာသညာ နာယတနဈာန်စိတ် ၃-ခုအားဖြင့်ခြောက်ပါးသော အရူပါဝစရ ဈာန်စိတ်တို့သည် မဟဂ္ဂုတ် တရားကို အာရုံပြုကုန်၏။ ။ ၎င်းစိတ် ခြောက်ပါးမှ ကြွင်းသော အရူပါဝစရစိတ်၆-ပါးနှင့် ရူပါဝစရ ဈာန်စိတ် ၁၅-ပါး၊ ပေါင်း ၂၁-ပါးသော စိတ်တို့သည် ပညတ်ကို အာရုံ ပြုကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**ဝိသေသအာရုံပြု အဓိပ္ပါယ်**

ဆိုအပ်ပြီးသော အထက်ပါ မဟဂ္ဂုတ်စိတ်တို့သည် မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံကို အာရုံပြုကုန်၏ ဟု ဆိုသော်လည်း ယံဝါ တံဝါ တွေ့ရာ အာရုံကို အာရုံပြုသည်မဟုတ်၊ သမထ,ဘာဝနာနှင့် ဆိုင်ရာဆိုင်ရာ အာရုံ များကိုသာ အာရုံပြုသဖြင့် ၎င်းတို့၏ အာရုံပြုပုံ အထူးကို သောတုဇနတို့ သိလွယ်ရန် သေချာထင်ရှားစွာ ဘော်ပြပေအံ့။

ရူပါဝစရပဉ္စမဈာန်စိတ်၃-ခုသည် ကသိုဏ်း၁၀-ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်-စသော ကောဋ္ဌာသပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၂-ပါး။ မေတ္တာ,ကရုဏာ,မုဒိတာ ဤဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ် ၃-ပါး၊ ဤ၂၅-ပါးသော ပညတ်တရား

တို့ကို အာရုံပြုကုန်၏။ ။ဒုတိယဈာန် ၃-ပါး၊ တတိယဈာန် ၃-ပါး၊ စတုတ္ထဈာန် ၃-ပါး၊ ဤကိုးပါးသော စိတ်တို့သည် ကသိုဏ်းဆယ်ပါး အာနာပါနသတိ၏အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် မေတ္တာ,ကရုဏာ, မုဒိတာ ဤဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၃-ပါး၊ဤ ၁၄-ပါးသော ပညတ်တရားတို့ကို အာရုံပြုကုန်၏။ ။ပဉ္စမဈာန်စိတ်၃-ခုတို့သည် ကသိုဏ်း ၁၀-ပါး၊အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ် ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ်၊ဤ ၁၂-ပါးသောပညတ်တရားတို့ကို အာရုံပြုကုန်၏။ ။အရူပ အာကာသာနဉ္စာယတနစိတ် ၃-ခုတို့သည် အာကာသကြဉ်သော ကသိုဏ်း၉-ပါးတို့တွင် တပါးပါးကိုခွါ၍ ရသော ကောင်းကင် ပညတ် တခုကိုသာ အာရုံပြုကုန်၏။ ။အာကိဉ္စညာတယနစိတ် ၃-ခုသည် အာကာသာနဉ္စာယတန ကုသိုလ် ကြိယာ စိတ်တို့၏ မရှိခြင်း တည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြု၏။ ။

**ဤကား၊ ပညတ်အာရုံ သက်သက်တည်း။**

အရူပဝိညာဏဉ္စာယတနကုသိုလ်သည် ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ် ဖြစ်သော မဟဂ္ဂုတ်တရားကို အာရုံပြု၏။ ။ဝိညာဏဉ္စာယတန ဝိပါက်သည်ကား ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်တည်းဟူသော အတိတ်ဖြစ်သော မဟဂ္ဂုတ်တရားကို အာရုံပြု၏။ ။ဝိညာဏဉ္စာယတန ကြိယာ သည်ကား ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်နှင့် ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကြိယာတည်းဟူသော မဟဂ္ဂုတ်တရားကို အာရုံပြု၏။ ။နေဝသညာနာသညာယတန ကုသိုလ်သည် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်- ဟုဆိုအပ်သော မဟဂ္ဂုတ်ကို အာရုံပြု၏။ ။နေဝသညာ နာသညာယတန ဝိပါက်သည် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်ကိုအာရုံပြု၏။ ။နေဝသညာ နာသညာယတန ကြိယာသည် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ် ဤဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော

အာကိဉ္စညာယတန ကြိယာဟု ဆိုအပ်သော မဟဂ္ဂုတ်ကို အာရုံပြု၏။ ။
ဤကား မဟဂ္ဂုတ်အာရုံ သက်သက်တည်း။

---

## အဘိညာဉ်၏ အာရုံ

ဒိဗ္ဗစက္ခု အဘိညာဉ်သည် ဒူရ,ပဋိစ္ဆန္န,သဏှ, သုခုမဖြစ်သော ပစ္စုပ္ပန် ရူပါရုံကိုအာရုံပြု၏။ ။**ဒိဗ္ဗသောတ** အဘိညာဉ်သည် ဒူရ,ပဋိစ္ဆန္န, သဏှ, သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။ ။**ဣဒ္ဓိဝိဓ** အဘိညာဉ်သည် ကာလ ၃-ပါး၊ ပါဒကဖြစ်သော ရူပါဝစရ ပဉ္စမဈာန် သတ-သဟဿ စသော နိမ္မိတရုပ်-ဟု ဆိုအပ်သော အာရုံ ခြောက်ပါးကို အာရုံပြု၏။ ။ **ပရစိတ္တဝိဇာနန** အဘိညာဉ်သည် လွန်လေ ပြီးသော ခုနစ်ရက်မှ စ၍ လာလတ္တံ့သော ခုနစ်ရက် တိုင်အောင် ကာလ ၃-ပါး၌ တည်သော အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြဉ်သောသူတပါးတို့၏ စိတ် ၈၇-ခုဟု ဆိုအပ် သော ဓမ္မာရုံကိုအာရုံပြု၏။ ။ကုသိုလ် အဘိညာဉ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြဉ်ရသည်။

**ပုဗ္ဗေနိဝါသာနုဿတိ** အဘိညာဉ်သည် ကုသိုလ်ဖြစ်အံ့၊ ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် ၈၇-ခု၊ ကြိယာ အဘိညာဉ် ဖြစ်အံ့၊ စိတ်၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ်အဋ္ဌဝီသ ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ထိုခန္ဓာငါးပါးကို အစဉ်သျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသော ပညတ် ဟု ဆိုအပ်သော အာရုံခြောက်ပါးကို အာရုံပြု၏။ ။**ယထာကမ္မူပဂ** အသိညာဉ်သည် အတိတ် ဖြစ်သော လောကီ ကုသိုလ်, အကုသိုလ်ကံ စိတ္တုပ္ပါဒ် ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။ ။အနာဂတံသ အဘိညာဉ်သည် အနာဂတ် ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သောစိတ် ၈၇-ခု၊ ဝါ၊စိတ် ၈၉-ခု၊ စေတသိက် ၅၂-ပါး၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာ ငါးပါးကို သျှောက်၍ သိအပ်သော နိဗ္ဗာနအမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးကို အာရုံပြု၏။ ။ဤကား အဘိညာဏ်ကိစ္စ တပ်သော ရူပါဝစရပဉ္စမဈာန်ကုသိုလ်,ကြိယာ၂-ပါး၏အာရုံပြုပုံတည်း။ ။

## လောကုတ္တရာစိတ်၏ အာရုံ

၆၂။ ။လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိတိ။

သင်္ဂြိုဟ်ပါဌ်။

---

လောကုတ္တရာစိတ် ၈-ပါးတို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ကေန် အာရုံပြု သင်္ဂြိုဟ်ကထာ

၆၃။ ။ပဉ္စဝီသပရိတ္တမ္ဟိ၊ဆစိတ္တာနိ မဟဂ္ဂတေ၊
ကေဝီသတိဝေါဟာရေ၊အဋ္ဌနိဗ္ဗာနဂေါစရေ။ ။

သင်္ဂြိုဟ်ပါဌ်။

---

ဒွေပဉ္စဝိညာဏ် ၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုင်း ၂-ပါး၊သန္တီရဏ ၃-ပါး၊မဟာဝိပါက် ၈-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါးအားဖြင့် ၂၅-ပါးသော စိတ်တို့သည် ကာမကို အာရုံ ပြုကုန်၏။ ။အရူပဝိညာဏဉ္စာယတန ဈာန်စိတ် ၃-ဂါး၊ နေဝသညာ နာသညာယတနဈာန်စိတ် ၃-ပါးအားဖြင့် ခြောက်ပါးသော စိတ်တို့သည် မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ ။ရူပါဝစရစိတ် ၁၅-ပါး၊ အရူပအာကာသာနဉ္စာယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါးအားဖြင့် ၂၁-ပါးသော စိတ်တို့သည် ပညတ်ကို အာရုံပြုကုန်၏။ လောကုတ္တရာစိတ် ၈-ပါးတို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ။ဟူလို။ဤကား မိမိတို့အာရုံ၌ အမြဲကေန်ပြုသော စိတ်တို့တည်း။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အနေကာန် အာရုံပြု သင်္ဂြိုဟ်ကထာ

၆၃။ ။ဝီသာနုတ္တရမုတ္တမ္ဟိ၊ အဂ္ဂမဂ္ဂဖလုဇ္ဈိတေ၊
ပဉ္စသဗ္ဗ ဆဠေတ္ထ၊သတ္တဓာ တတ္ထ သင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဌ်။

---

အကုသိုလ် စိတ် ၁၂-ပါး၊ မဟာ ကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပးါ၊ မဟာ ကြိယာ ဉာဏဝိပ္ပယုတ် ၄-ပါး၊ ဤ ၂၀-သော စိတ်တို့သည်

လောကုတ္တရာမှတပါးသောကာလသုံးပါး၌ဖြစ်သော လောကီစိတ် ၈၁-ပါး စေတသိက် ၅၂-ခု၊ ရုပ် ၂၀-ခု၊ ကာလဝိမုတ်ဖြစ်သော ပညတ်တရားတို့ကို အာရုံပြုကုန်၏။ ။မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါး၊ ကုသိုလ်အဘိညာဉ် ၁-ပါး၊ဤငါးပါးသော စိတ်တို့သည် အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြဉ်သော ကာလသုံးပါး၌ ဖြစ်သော စိတ် ၈၇-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်ပညတ်ကို အာရုံပြုကုန်၏။ ။မဟာကြိယာဉာဏသမ္ပယုတ် ၄-ပါး၊ ကြိယာအဘိညာဉ် ၁-ပါး၊ ဝုဋ္ဌော၊ဤခြောက်ပါးသော စိတ်တို့သည် ကာလသုံးပါး၌ ဖြစ်သော အလုံးစုံသောစိတ် ၈၉-ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်,ပညတ်တို့ကို အာရုံပြုကုန်၏။ ။ဤသို့လျှင် အောက်၌ ဆိုအပ်ပြီးသော အကျယ်ပြ စကားတို့ကို အကျဉ်းချုံး၍ သင်္ဂဟနည်းသည် ၇-ပါး အပြားရှိ၏။ ။ဟူလို။

*ဤကား-မိမိတို့ အာရုံ၌ အမြဲကေန်မပြု၊ အနေကန် အားဖြင့် ပြုသောစိတ်တို့တည်း။

ဤကား ဝိဏ္ဏတ္ထ။

---

## တနည်း ကေန် အာရုံပြု

ပဉ္စဝီကာမ၊ဆမဟဂ္ဂု၊ရှစ်ဖြာ နိဗ္ဗာန်၊ နာမ်တဆဲ့လေး၊ တေရသရုပ်၊ ပစ္စုပ်ထို့တူ၊ တိတ်မူ-ဆမှတ်၊ နာဂတ် မရှိ၊ ဝိမုတ် နှစ်ဆဲ့ကိုး၊ ရှေးရိုးကျမ်းညီ၊ ကေဝီပညတ်၊ ပရမတ္ထ၊ နဝတိံသာ၊ဆဓာအဖွတ်၊ ဗာဟုုတ်ဆဗ္ဗီ၊နှစ်စီ ပဉ္စ၊မွေသုံးဆဲ့ငါး၊တပါး ဌာဝီ၊ ဋွေနှစ်လီတည်း၊ ငါးလီမှာသုံး၊ ဆဲ့နှစ်သုံးပင်၊ သီကုံးချိုင်၊ ဆဲ့လေးကိုးလီ၊ ပဉ္စဝီ သုံးတန်၊ ကေန်ရှေးရှု၊ အာရုံပြုသည်။ ။သောတု- နောင်လာ မခဲ့တည်း။ ။ဤကား ဝိသုဒ္ဓါရုံ ကဗျာတည်း။

ဤကဗျာလင်္ကာ၌ 'ပဉ္စဝီကာမ' ၏ အရကား၊ ကာမဝိပါက် ၂၃-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ဟသိတုပ္ပါဒ်၊ဤ ၂၅-ပါးသော စိတ်တို့သည် ကာမတရားကို အမြဲကေန် အာရုံပြုကုန်၏-ဟု-ဆိုလိုသည်။ ။'ဆမဟဂ္ဂု'၏ အရကား ဝိညာဏဉ္စာယတနစျာန်စိတ် ၃-ပါး၊ နေဝသညာ နာသညာယတန စျာန်စိတ် ၃-ပါး၊ ဤ ၆-ပါးသော အရူပါဝစရစိတ်တို့သည် မဟဂ္ဂုတ်ကို အမြဲကေန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။ ။'ရှစ်ဖြာ နိဗ္ဗာန်'၏ အရကား

လောကုတ္တရာစိတ် ရှစ်ပါးတို့သည် နိဗ္ဗာန်ကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

"**နာမ်တသွဲ့လေး**" ၏ အရကား။ ။ဝိညာဏဥ္စာယတန ဈာန်စိတ် ၃-ပါး၊ နေဝသညာနာသညာယတန ဈာန်စိတ် ၃-ါး၊လောကုတ္တရာစိတ် ၈-ပါး၊ ဤ၁၄-ပါးသော စိတ်တို့သည် နာမ်တရားများ သက်သက်ကိုသာ အမြဲကောန်အာရုံပြုကုန်၏-ဟု ဆိုလိုသည်။ ။"**ဘေရသ ၃ပ်**"၏ အရကား၊ ဒွေပဥ္စဝိညာဏ် ၁၀၊မနောက်ခါတ် ၃-ပါး၊ ဤ၁၃-ပါးသော စိတ်တို့သည် ရုပ်သက်သက်ကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

"**ပစ္စုပ်ထို့ဘူ**"၏ အရကား၊ ပစ္စုပ္ပန်ကာလကို အာရုံပြုသော စိတ်တို့ကား ရုပ်ကို အာရုံပြုသော ဒွေပဥ္စဝိညာဏ် ၁၀၊ မနောခါတ် ၃-ပါး၊ ဤ ၁၃-ပါးတို့ပင်တည်း ဟု ဆိုလိုသည်။ ။"**တိတ်မူ-ဆ-မှတ်**" ၏ အရကား၊ ဝိညာဏဥ္စာယတနဈာန် ၃-ပါး၊ နေဝသညာနာသညာယတန ဈာန် ၃-ပါး ဤခြောက်ပါးတို့သည် အတိတ်ကာလကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။ ။"**နာဂတ် မနှိ**"၏ အရကား အနာဂတ်ကာလကို အမြဲကောန်အာရုံပြုသောစိတ်မရှိဟု ဆိုလိုသည်။ ။"**ဝိမုတ် နှင်းသွဲ့ကိုး**" ၏ အရကား၊ ရူပါဝစရစိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတနဈာန် ၃-ပါး၊ အာကိဉ္စညာယတနဈာန် ၃-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ဤ၂၉-ပါးသော စိတ်တို့သည် ကာလသုံးပါးကိုအာရုံမပြု၊ ကာလသုံးပါးမှလွတ်သော အာရုံကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

"**ကောင်-ပညတ်**" ၏ အရကား၊ ရူပါဝစရ စိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတနဈာန် ၃-ပါး၊အာကိဉ္စညာယတနဈာန် ၃-ပါး၊ဤ ၂၁-ပါးသော စိတ်တို့သည် ပညတ်ကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

"**ပရမတ္ထ နဝတ်သာ**" ၏ အရကား ကာမဝိပါက် ၂၃-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ဝိညာဏဥ္စာယတနဈာန် ၃-ပါး၊ နေဝသညာနာသညာယတနဈာန် ၃-ပါး၊လောကုတ္တရာစိတ် ၈-ပါး၊ဤ ၃၉-ပါးသော စိတ်တို့သည် ပရမတ္ထတရားကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

"**ဆခြာ အဇ္ဈတ်**" ၏ အရကား၊ ဝိညာဏဥ္စာယတနဈာန် ၃-ပါး၊ နေဝသညာနာသညာယတနဈာန် ၃-ပါး၊ ဤ၆-ပါးသော စိတ်တို့သည် အဇ္ဈတ္တသန္တာန်ကို အမြဲကောန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

“**ဗ**ဟုသုတ် **ဆ**ဗ္ဗီ”၏ အရကား၊ ရူပါဝစရစိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတန ဈာန် ၃-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ဤစိတ် ၂၆-ပါးတို့သည် ဗဟိဒ္ဓသန္တာန်ကို အမြဲကေန် အာရုံ ပြုကုန်၏ ဟု ဆိုလိုသည်။

“**နှစ်ခီ-ပဉ္စ**” ၏ အရကား၊ ရူပါရုံကို အမြဲကေန် အာရုံပြုသောစိတ် စက္ခုဝိညာဏ် ၂-ပါး။ပ။ ဖေါဋ္ဌဗ္ဗာရုံကို အမြဲ ကေန် အာရုံပြုသော စိတ် ကာယဝိညာဏ် ၂-ပါး ဟု ဆိုလိုသည်။ ။ **ဓမ္မ-သုံးဆဲ့ငါး**”၏ အရကား ဓမ္မာရုံကို အမြဲကေန် အာရုံပြုသော စိတ်တို့ကား၊ မဟာဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ဤ ၃၅-ပါး ဖြစ်ကုန်၏ ဟု ဆိုလိုသည်။

“**တပါး-ဋ္ဌဝီ**” ၏ အရကား။ ။အာရုံတပါးတည်းကို အမြဲကေန် အာရုံပြုသော စိတ်ကား၊ ဒွေပဉ္စဝိညာဏ်-၁၀၊ အာကာသာနဉ္စာယတနဈာန် ၃-ပါး၊အာကိဉ္စညာယတနဈာန် ၃-ပါး။ ဝိညာဏဉ္စာယတနဈာန်- နေဝသညာနာသညာယတနဈာန် ကုသိုလ်,ဝိပါက် ၄-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ဤစိတ် ၂၈-ပါးတို့ပင်တည်း။ ဝါ၊ဤစိတ် ၂၈-ပါးတို့သည် အာရုံ တပါးတည်းကိုသာ ယထာရဟ အာရုံပြုကုန်၏ ဟု ဆိုလိုသည်။ ။ “**ဒွေ နှစ်လီတည်း**”၏ အရကား၊ ဝိညာဏဉ္စာယတနကြိယာ နေဝသညာနာသညာယတနကြိယာစိတ် ၂-ပါးတို့သည် အာရုံ ၂-ပါးကို အမြဲကေန် အာရုံပြုကုန်၏ ဟု ဆိုလိုသည်။

“**ငါးလီမှာ သုံး**”၏ အရကား၊ အာရုံငါးပါးကို အမြဲကေန် အာရုံပြုသော စိတ်တို့ကား၊မနောဓာတ် ၃-ပါး ဟု ဆိုလိုသည်။ ။“**ဆဲ့နှစ်-သုံးပင်**” ၏ အရကား။အာရုံ ၁၂-ပါးကို အမြဲကေန် အာရုံပြုသော စိတ်ကား၊ ရူပါဝစရပဉ္စမဈာန်စိတ် ၃-ပါးတို့ပင်တည်း ဟု ဆိုလိုသည်။ ။ “**ဆဲ့လေး ကိုးလီ**”၏ အရကား။ ရူပါဝစရ ဒုတိယဈာန် ၃-ပါး၊ တတိယဈာန် ၃-ပါး၊စတုတ္ထဈာန် ၃-ပါး၊ ဤကိုးပါးသော စိတ်တို့သည် အာရုံ ၁၄-ပါးတို့ကို အမြဲကေန် အာရုံပြုကုန်၏ဟုဆိုလိုသည်။ ။**ပဉ္စ ငါးသုံးတန်**” ၏ အရကား၊ ရူပါဝစရ ပဉ္စမဈာန်စိတ် ၃-ပါးတို့သည် အာရုံ ၂၅-ပါးတို့ကို အမြဲကေန် အာရုံပြုကုန်၏။ ။ဤကား ကေန် အာရုံပြု အဓိပ္ပါယ်။
*အာရုံတို့၏အရ အဓိပ္ပါယ်ကို အောက်၌ ဘော်ပြရေးသားခဲ့ပြီဖြစ်၍ ဤ၌ အကျယ်ဘွင့်၍ မရေးလိုက်ပါသတည်း။

## တနည်း အနေကာံ အာရုံပြု

မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယို ကင်းပ၊ ကာမ, မဟဂ္ဂုတ်၊ ဝိမုတ်ပညတ်၊ ပရမတ်ဟူ၊ ငါးရပ်တူလစ်၊ သုံးဆဲ့တစ်စီ။ ပစ္စုပ်တီတ၊ နာဂတနှင့်၊ ဓမ္မရုပ်နာမ်၊ခြောက်တန် ပေါင်းရုံး၊လေးဆဲ့ သုံးစီ၊ သုံးလီ အဇ္ဈတ်၊ စွဲလတ်မှီရောက်၊ ငါးဆဲ့ခြောက်မှန်၊ နိဗ္ဗာန် ဇော်ဒသ၊ ပဥ္စဒွါဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရွေးကောက်စေမှု၊ ဥဒါန်းပြုသည်။ ။စေ့ငုဘန်ခါ ထပ်လဲတည်း။ ။ဝိသုဒ္ဓါရုံ ကဗျာ။

**ကာမ မဟဂ္ဂုတ်**၊ဝိမုတ်ပညတ်၊ ပရမတ်ဟု၊ ငါးရပ် တူလစ်၊ သုံးဆဲ့ တစ်စီ''၏ အရကား။ ။ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော ၂၀-ပါး၊ ဝုဋ္ဌော၊ အဘိညာဉ်-ဒွေ၊ ဤ ၃၁-ပါးသော စိတ်တို့သည် ကာမတရား, မဟဂ္ဂုတ်စိတ်, ကာလဝိမုတ်စိတ်, ပညတ်, ပရမတ်တို့ကို အနေကန်- အမြဲ အာရုံမပြုကုန်-ဟု ဆိုလိုသည်။

''**ပစ္စုပ်တီတ၊နာဂတနှင့်**''ဓမ္မရုပ်နာမ်၊ခြောက်တန် ပေါင်းရုံး၊ လေးဆဲ့ သုံးစီ''၏အရကား။ ။ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ၊ အနာဂတ်ကာလ၊ ဓမ္မာရုံ, ရုပ်သက်သက်၊ နာမ်သက်သက်၊ ဤခြောက်ပါးသော အာရုံကို အမြဲမရှိ၊အနေကန် အာရုံပြုသော စိတ်များကား၊ တဒါရုံ ၁၁-ပါး၊ကာမ ဇော ၂၉-ပါး၊ဝုဋ္ဌော၊အဘိညာဉ်ဒွေ၊ဤ ၄၃-ပါးသော စိတ်တို့ပင်တည်း ဟု ဆိုလိုသည်။

''**သုံးလီ အဇ္ဈတ်**:စွဲလတ်မှီရောက်၊ ငါးဆဲ့ခြောက်မှန်''၏ အရကား။ ။ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံ၊ အဇ္ဈတ္တ ဗဟိဒ္ဓအာရုံ သုံးမျိုးကို အမြဲမရှိ၊ အနေကန် အာရုံပြုသော စိတ်များကား။ ကာမစိတ် ၅၄-ပါး၊ အဘိညာဉ်-ဒွေ၊ ဤ ၅၆-ပါးတို့ပင် ဟု ဆိုလိုသည်။ ။ ''**နိဗ္ဗာန်ဇော်ဒသ**'' ၏ အရကား။ နိဗ္ဗာန်ကို အမြဲမရှိ၊ အနေကန် အာရုံပြုသော စိတ်တို့ကား၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ပါး၊ ဝုဋ္ဌော အဘိညာဉ်ဒွေ၊ ဤ ၁၁-ပါးသော စိတ်တို့ပင်-ဟု ဆိုလိုသည်။

''**ပဉ္စဒွါဝယ်၊လေးဆယ်နှင့်ခြောက်**'' ၏ အရကား။ ။စက္ခုဝိညာဏ် စသော ပဥ္စဝိညာဉ်ခုတ်၏ အာရုံဖြစ်သော ပဥ္စာရုံဝယ် ရူပါရုံကို အမြဲ မရှိ။ အနေကန်အာရုံပြုသော စိတ်များကား၊ တဒါရုံ ၁၁-ပါး။ ကာမဇော

၂၉၊ ဝုဋ္ဌော-၁၊ အဘိညာဉ် ဒွေ၊ မနောဓာတ် ၃-ပါး၊ ဤ ၄၆-ပါးသော စိတ်တို့ပင်တည်း။ သဒ္ဒါရုံ စသည်၌လည်း အနေကန်စိတ် ၄၆-ပါးတို့ပင် ဟု မှတ်။ ။ဟု ဆိုလိုသည်။

---

## အဓိပတိ တပ်သောပစ္စည်း အခန်း

သေဇံ တိပါကံ တိကိရိယံ၊ စတုရူပဠ္ဌ သေဇိနော။
တိပုညံ့ ကာမပုညဿ၊ သေဇဿာဓိပတီ ဘဝေ။
ဥတ္တရံ ဓိယုတ္တဋ္ဌနန္နံ! နိဗ္ဗာနံ ဥတ္တရဿ တု။ ။

သေဇံ၊ လောဘမူ စိတ်ရှစ်ခုသည်၎င်း။ တိပါကံ၊ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော လောကီဝိပါက် ကေတိသသည်၎င်း၊တိကိရိယံ၊ကြိယာ ၀ိသသည်၎င်း၊ စတုရူပဠ္ဌ၊စတုဇ-ဇ္ဇ္ဌ-ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည် ၎င်း။ သေဇိနော၊ လောဘမူစိတ် ၈-ခု၏။ အဓိပတိ၊ အာရမ္မဏာဓိပတိ ပစ္စည်းတပ်သည်။ ဘဝေ၊ ဖြစ်၏။ တိပုညံ၊ လောကီ ကုသိုလ် သတ္တရသ သည်။ကာမပုညဿစ၊ ကာမာဝစရကုသိုလ်စိတ် ရှစ်ခု၏၎င်း။ သေဇဿစ၊ လောဘမူစိတ် ၈-ခု၏၎င်း။ အဓိပတိ၊ အာရမ္မဏာဓိပတိပစ္စည်းတပ်သည်။ ဘဝေ၊၏။ ဥတ္တရံ၊လောကုတ္တရာ ကိုးပါးသည်။ ဓိယုတ္တဋ္ဌနန္နံ၊ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၈-ခုတို့၏။ အဓိပတိ၊ သည်။ ဘဝေ၊ ၏။ ဥတ္တရဿ တု၊ လောကုတ္တရာစိတ် ၈-ခုကိုကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဓိပတိ၊အစိုးရသည်။ ဝါ၊ အဓိပတိပစ္စည်းတပ်သည်။ ဘဝေ၊ ၏။

### အဓိပ္ပါယ်ကား

**လောဘမူစိတ်** ၈-ခုတို့သည် ဒေါသမူ, မောဟမူ, ဒုက္ခ သဟဂုတ် ကာယဝိညာဏ်ကြဉ်သော လောကီစိတ် ၇၆=ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ပါး။ ကံ,စိတ်, ဥတု, အာဟာရ- ဓာတ်လေးပါးတို့ကြောင့် ဖြစ်သော နှစ်သက်အပ်စဘွယ် ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါးတို့ကို အလေးအမြတ် အာရုံပြုကုန်၏။

ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ **မဟာကုသိုလ်စိတ်** ၈-ခုတို့သည်၊ လောကီ ကုသိုလ် သတ္တရသကို အလေးအမြတ် အာရုံပြုကုန်၏။ ။သောတာပန်

ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု တို့သည် မိမိတို့၏ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ နိဗ္ဗာန်တို့ကို အလေးအမြတ် အာရုံ ပြုကုန်၏။

သကဒါဂါမိပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ်တို့၏ **မဟာကုသိုလ်ဉာဏသမ္ပယုတ်**လေးခုတို့သည် မိမိတို့၏ သကဒါဂါမိမဂ်, ဖိုလ်၊ အနာဂါမိမဂ်, ဖိုလ်, နိဗ္ဗာန်တို့ကိုအလေးအမြတ်အာရုံပြုကုန်၏။ ။ရဟန္တာပုဂ္ဂိုလ်၏ **မဟာကြိယာဉာဏသမ္ပယုတ်** လေးခုတို့သည် မိမိတို့၏ အရဟတ္တမဂ်,ဖိုလ်၊ နိဗ္ဗာန်တို့ကို အလေးအမြတ် အာရုံပြုကုန်၏။ ဤသို့လျှင် မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၈-ခုတို့သည် လောကုတ္တရာ ကိုးပါးကို အလေး အမြတ် ပြုကြကုန်၏။ ။**လောကုတ္တရာစိတ်** ၈-ခုတို့သည်၊ နိဗ္ဗာန်ကို အလေးအမြတ် ပြုကုန်၏။ ။ဟူလို။

**မှတ်ချက်**၊ ။*ဤ၌ အလေးအမြတ် ပြုဟူသည် ကုသိုလ်စိတ်ဖြစ်စေ၊ အကုသိုလ်စိတ်ဖြစ်စေ၊ မိမိ၏ အာရုံကို စွဲစွဲလမ်းလမ်း အလွန်တရာ နှစ်သက်စွာ အာရုံပြုသော စိတ်မျိုး ဟု ဆိုလိုသည်၊ ၎င်းကဲ့သို့ စွဲလမ်းနှစ်သက် အလေးအမြတ် ပြုစေနိုင်သော အာရုံကိုသာ အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော အာရုံ-ဟု ဆိုရ၏။အောက်၌ ဆိုအပ်ပြီးသော ဤမှကြွင်းသော အာရုံပြုကား၊ သာမညအာရုံ-ဟု မှတ်။

---

## ဆောင်ပုဒ်

လောဘမူသည်၊ ဒေါသမူ မောဟ၊ ဒုက္ခ ကြဉ်ဖယ်၊ ခုနစ်ဆယ် ခြောက်ခု၊ လောကီစုနှင့်၊ စတုဇ်ဌ်၊ ရုပ်နိပ္ဖန်ကို၊ ကြည်ညိုသမှု၊ အလေးပြု၏။ ကုသိုလ်ကာမ၊ စိတ်အဌလည်း၊ လောကခေါ်ဆို၊ ကုသိုလ် သတ္တရသ်၊ လွန်လေးမြတ်၏။ ရှစ်မှတ် သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ် နဝံ၊ သကကံကို ချေငံစွဲမိတ်၊ လောကုတ်စိတ်လည်း၊အောင်မြိတ် နိဗ္ဗူ၊ အလေးမူသည်။ ။ဘုန်းလူဇိန မော်ကွန်းတည်း။

ဤကား ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး စီကုံး ရေးသားအပ်သော ကဗျာတည်း။

## စေတသိကတို့၏ အာရုံပြုပုံ

စိတ္တုပ္ပါဒဝသေနေဝ၊ သင်္ဂဟောနာမ နီယတေ။

ဂါထာအရ၊ အောက်၌ ဘော်ပြခဲ့ပြီးသောအတိုင်း စိတ်တို့၏ အာရုံပြုပုံမှတပါး၊ စေတသိက်တို့၏ အာရုံပြုပုံကို ရေတွက်ဘော်ပြသင့်၏။ ။ ဘော်ပြဟန်ကို အောက်ပါ ဝိသုဒ္ဓါရုံ ကဗျာဖြင့်သိ။

> ငါးဆယ့်နှစ်ခု၊ စေတသိက်စုတွင်၊ အကုသလာ၊ လောကီသာတည်း၊ ဣဿာ-ပမဉ်၊ ပယ်ကြဉ် အဇ္ဈတ်၊ ဗဟိဒ္ဓ-မစ္ဆေ၊ မပြုလေဘူး။ ဘုံးထွေဝိရတိ၊ ဝိရမိတဗ္ဗ၊ သမုတ်ရသည်၊ကာမ နာမ်ရုပ်၊ ပစ္စုပ်နာဂတ်၊ စွဲမှီကပ်၏၊ပညတ် ပမည၊ ဝိမုတ္တာလည်း၊ အာရုံပြုလျှင်း၊ ကြွင်းလေသမျှ၊ တွေ့တွဲ့သမှာ၊ ဘယ်ဟာ တခု၊ အာရုံစုကို။ ။ မပြုမရှိလေဘူးတည်း။

---

## ငါးကဗျာ၏ အဓိပ္ပါယ်ကား

စေတသိက် ၅၂—ခုတို့တွင် အကုသိုလ် စေတသိက် ၁၄-ခုသည် တေကာလိက အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ပညတ်တို့ကို အာရုံပြုကုန်၏၊ ဣဿာစေတသိက် အပ္ပမညာ စေတသိက်တို့သည်၊ မိမိမှတပါး အခြားသော ဗဟိဒ္ဓ ပုဂ္ဂိုလ်ကို အာရုံပြု၏။ ။ "ကြဉ်ဖယ်အဇ္ဈတ်" ဆိုသည်ကား၊ မိမိအဇ္ဈတ္တ သန္တာန်ကို ကြဉ်ဖယ်၊အဇ္ဈတ္တကို အာရုံမပြု ဟု ဆိုလိုသည်။

မစ္ဆရိယစေတသိက်ကား မိမိဟုဆိုအပ်သော အဇ္ဈတ္တကိုသာ အာရုံပြု၏။ **ဝိရတိစေတသိက်** ၃-ခုတို့ကား၊ရှောင်ကြဉ်အပ်သော ဝိရတိတဗ္ဗ ဖြစ်သော ပစ္စုပ္ပန်၊အနာဂတ် ကာမတရားစု ဖြစ်သော နာမ်၊ရုပ်တရားတို့ကို အာရုံပြုကုန်၏။ ။အပ္ပမညာစေတသိက်ကား ကာလဝိမုတ်ဖြစ်သော ပညတ်တရားကို အာရုံပြု၏။ ။ကြွင်းစေတသိက် ၃၃-ပါးတို့သည် အလုံးစုံကို အကုန်အာရုံပြုနိုင်ကုန်၏။ ။လောကုတ္တရာ၌ ယှဉ်သော သမုစ္ဆေဒ ဝိရတိကား နိဗ္ဗာန်ဟူသော အပ္ပမာဏ၊ ကာလဝိမုတ် တရားကို အာရုံပြုသေး၏။ ။ ဟူလို။

## အာရမ္မဏသင်္ဂဟ အဓိပ္ပါယ်

အာရမ္မဏတော စိတ္တစေတသိကာနံ သင်္ဂဟော အာရမ္မဏသင်္ဂဟော။ အာရမ္မဏတော၊ အာရုံ အပြားအားဖြင့်။ စိတ္တ စေတသိကာနံ၊ စိတ် စေတသိက်တရားတို့ကို။ သင်္ဂဟော၊ ရေတွက်ကြောင်းဖြစ်သော နည်းသည်။ အာရမ္မဏ သင်္ဂဟော၊ အာရမ္မဏသင်္ဂဟ မည်၏။ ။အာရမ္မဏတော လက္ခိတော သင်္ဂဟော အာရမ္မဏသင်္ဂဟော ဟု လည်း၊ မဏိမဉ္ဇူဆရာ ပြုတော်မူသေး၏။ ။(အဓိပ္ပါယ် ပေါ်လွင်ပြီ)။

အာရမ္မဏသင်္ဂဟအဘွင့် ပြီးပြီ။

---

## ဝတ္ထုသင်္ဂဟ ဝတ္ထု အပြား

၆၄။ ။ဝတ္ထုသင်္ဂဟေ ဝတ္ထူနိနာမ၊ စက္ခု,သောတ,ဃာန,ဇိဝှါ, ကာယ,ဟဒယဝတ္ထုစေတိ ဆဗ္ဗိဓာ ဘဝန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

ဝတ္ထုသင်္ဂဟ၌ ဝတ္ထုတို့ မည်သည်ကား စက္ခု ဝတ္ထု၊ သောတ ဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု- ဟူ၍ ခြောက်ပါး အပြား ရှိကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## ဝတ္ထု အဓိပ္ပါယ်

ဝသန္တိ ပတိဋ္ဌဟန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု။

ဧတ္ထ၊ ဤတရား၌။ စိတ္တစေတသိကာ၊ စိတ်စေတသိက်တို့သည်။ ဝသန္တိ-ပတိဋ္ဌဟန္တိ၊ စွဲမှီတည်နေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့သို့ တည်ရာ ဖြစ်သော သတ္တိကြောင့်။ ဝတ္ထု၊ဝတ္ထုမည်၏။

အဓိပ္ပါယ်ကား····မြေကြီးသည် အလုံးစုံသော တော,တောင်,သမုဒ္ဒရာ မြို့ရွာ,ဒေသ-စသော အဝိညာဏက အထည်၊ လူ-စသော သဝိညာဏက အထည်တို့၏ တည်နေရာ ဖြစ်သကဲ့သို့ ထိုအတူ စိတ် စေတသိက်တို့၏

မှီတွယ် ဖြစ်ပေါ်ရာ ဖြစ်သောကြောင့် ဝတ္ထုရုပ် ခြောက်ပါးတို့သည် ဝတ္ထု မည်ကုန်၏။ ။ဟူလို။ ။သို့ဖြစ်၍–

၁။ ။စက္ခုပသာဒရုပ်သည် **စက္ခုဝတ္ထု** မည်၏။
၂။ ။သောတပသာဒရုပ်သည် **သောတဝတ္ထု** မည်၏။
၃။ ။ဃာနပသာဒရုပ်သည် **ဃာနဝတ္ထု** မည်၏။
၄။ ။ဇိဝှါပသာဒရုပ်သည် **ဇိဝှါဝတ္ထု** မည်၏။
၅။ ။ကာယပသာဒရုပ်သည် **ကာယဝတ္ထု** မည်၏။
၆။ ။ဟဒယရုပ်သည် **ဟဒယဝတ္ထု** မည်၏။

---

## ဟဒယ ဝတ္ထု၏ အဓိပ္ပါယ်

ဟဒယဝတ္ထုရုပ် ဟူသည် သမြတ် နှစ်ခုတို့၏ အကြား၌ ကြာဖက်ကို လှန်၍ ထားသကဲ့သို့ အောက်သို့ အဝလှည့်လျက် နေသောနှလုံးသား၏ အတွင်း၌ တလက်ဖက်မျှလောက်သော သွေးပင်တည်း။ ထိုနှလုံးသားသည် ဉာဏ်ထက်သောသူမှာ ငယ်၏။အဝကျယ်၏၊ ဉာဏ်နုံ့သောသူမှာ ကြီး၏၊ အဝသေး၏။ ဉာဏ်ထက်သော သူမှာ သရက်ရွက် ငယ်၏၊ နှစ်ရွက်ရှိ၏၊ ဉာဏ်နုံ့သောသူမှာ ကြီးကြီး တရွက်သာရှိ၏၊ပဒုမ္မာကြာငုံ သဏ္ဌာန်ရှိ၏၊ နှလုံးသား အတွင်း၌ တည်သော သွေးတည်းဟူသော ဟဒယဝတ္ထုသည် ဒေါသကြီးသောအခါ အလွန်မည်း၏၊ လောဘကြီးသော အခါ သားတစ်ကဲ့သို့နီ၏၊ မောဟကြီးသော အခါ ဆန်ဆေးရေ အမဲဆေးရေနှင့်တူ၏၊ ဝိတက် အားကြီးသောအခါ ကုလားပဲပြုတ် ရေနှင့် တူ၏၊ သဒ္ဓါတရား အားကြီးသောအခါ ပွတ်တိုက်ပြီးသော ပုလဲနှင့် တူ၏၊ မဟာလှေကား ပန်းပွင့်နှင့်လည်း တူ၏၊ ပညာကြီးသော အခါ အရောင် တောက်ကြွား ပတ္တမြားနှင့် တူ၏ ဟု မှတ်။

ဟဒယန္တိ ဟဒယမံသံ၊ တံဝဏ္ဏတော ရတ္တံ၊ ပဒုမပတ္တ ဝိဋ္ဌိဝဏ္ဏံ ။ပ။ ယတ္ထ အဓုပသတ မတ္တံ လောဟိတံ သဏ္ဌာတိ၊ယံနိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ပဝတ္တန္တိ၊ တံပနေတံ ရာဂစရိတဿ ရတ္တံ ဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

## ကာမဘုံ၌ ရသင့်သော ဝတ္ထု သချုပ်

၆၅။ ။တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။
သင်္ဂြိုဟ်ပါဠိ။

---

ကာမဘုံ၌၊ ထိုဝတ္ထုရုပ် ခြောက်ပါးလုံးကို အကုန် ရကုန်၏။
ဤကား ဝိဂ္ဂဟတ္ထ။

---

အကြောင်းကား ရုပ် ၂၈-ပါး၊ ဇာနေ္တအပြည့်အစုံ ဖြစ်ရာဌာနဘုံ ဖြစ်သောကြောင့်တည်း။ ။သို့သော် စက္ခု,သောတ,ဃာန,သုံးပါးတို့တွင် တပါးပါး ချို့တဲ့ပျက်စီးသော ပုဂ္ဂိုလ်အား ၅-ပါးသာ ရအပ်၏။ ။စက္ခုနှင့် သောတ၊ စက္ခုနှင့် ဃာန၊သောတနှင့် ဃာန-ဤသို့ ၂-ပါးသော ဝတ္ထုရုပ်များ ချို့တဲ့ ပျက်စီးသော ပုဂ္ဂိုလ်အား ၄-ပါးသာ ရအပ်၏။ ။စက္ခု, သောတ,ဃာန,သုံးပါးလုံး ချို့တဲ့သော ပုဂ္ဂိုလ်အား ၃-ပါးသော ဝတ္ထုတို့ ကိုသာ ရအပ်ကုန်၏။ ။ဟု မှတ်လေ။

ပရိပုဏ္ဏိန္ဒြိယဿ တဗ္ဗော ဥပလဗ္ဘနတော။ ဝိသဒ္ဒေန ပန
အန္ဓဗဓိရာဒိဝသေန ကေဒ္စိ အသမ္ဘဝံ ဒီပေတိ။
ဋီကာကျော်။

---

ဆောင်ပုဒ်

ကာမဘုမ္မေ၊ ဇာနေ္တအစုံ၊ ရနိုင်ကုန်၊ ဖြစ်တုံ-ဝတ္ထုခြောက်။

---

## ရူပဘုံ၌ ရသင့်သော ဝတ္ထုသချုပ်

၆၆။ ။ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။
သင်္ဂြိုဟ်ပါဠိ။

---

ရူပဘုံ၌ စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု- သုံးပါးတို့သာ ရအပ်ကုန်၏။ ။ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု ၃-ပါးတို့ကိုကား မရအပ်ကုန်။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

## ရူပဘုံ၌ ဃာနစသော ဝတ္ထုရုပ်များ မရသောအကြောင်း

အဘယ့်ကြောင့် ဃာန-စသော ဝတ္ထုရုပ် ၃-ပါးတို့ကို မရအပ်ပါကုန် သနည်းဟူမူ။ ။ဃာန, ဇိဝှါ, ကာယ-တို့သည် စင်စစ် ကာမဂုဏ်ခံစား ဘို့ရန်မျှသာ ဖြစ်ကုန်၏။ ကုသိုလ်တရား ဖြစ်ပွါးဘို့ရန် နည်းပါးလှကုန်၏။ ထို့ကြောင့်၊ ၎င်းသုံးပါးတို့သည် ကာမတဏှာ၏ ကျက်စားရာ ကာမဘုံ၌ ဖြစ်ကုန်၏။ ကာမကို စက်ဆုပ်ရွံရှာ၍ ကာမရာဂကို ပယ်ခွါ ဘို့ရန် ဘာဝနာကို ပွါးများသော ကံ၏အတွက်ကြောင့် ဖြစ်သော ရူပဘုံများ၌ ဖြစ်ခွင့်မရှိ၊ မဖြစ်သင့်သောကြောင့် ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယ, ဝတ္ထု ၃-ပါးတို့ကို မရအပ်ကုန်။ ။၎င်းဝတ္ထုရုပ်ပင် မရှိသော်လည်း နှာခေါင်း သဏ္ဌာန်စသော ပုံဟန်အခြင်းအရာတို့သည် ရှိကုန်၏-ဟု မှတ်။

## ရူပဘုံ၌ စက္ခုသောတဝတ္ထု ၂-ပါးရှိသော အကြောင်း

စက္ခုဝတ္ထု,သောတဝတ္ထုတို့သည်ကား မြတ်စွာဘုရား-စသော သူတော် ကောင်းတို့ကို ဖူးမြော်ခြင်း ဒဿနုတ္တရိယကုသိုလ်၊ ထိုသူတော်ကောင်း တို့၏ ဟောတော် ညွှန်ကြားအပ်သော တရားတော်ကို နာခံမှတ်သားခြင်း သဝနုတ္တရိယကုသိုလ်စသော အကျိုးငှါ စက္ခုနှင့်သောတ ဝတ္ထုနှစ်ပါး တို့၌ ဘာဝနာအစွမ်းဖြင့် မပယ်အပ်သောကြောင့် ရူပဘုံ၌ ၎င်းဝတ္ထု ၂-ပါးကို ရအပ်ကုန်ပါသတည်း။

> ဃာနံ အတ္ထိ၊ ဃာနပ္ပသာဒေါ စ ဃာနဝိညာဏဉ္စ နတ္ထိ၊တသ္မာ ဂန္ဓံ န ဇာနန္တိ။ ။ဇိနာလင်္ကာရဋီကာ။
>
> ပြဟ္မာနံ ကာမဝိရာဂဘာဝနာ ဝသေန ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗေသု ဝိရတ္တတာယ တဗ္ဗိသယ ပဒေသေသုပိ ဝိရာဂသဗ္ဘာဝတော ဗုဒ္ဓဒဿန,ဓမ္မဿဝနာဒိအတ္ထံ ပန စက္ခုသောတေသု အဝိရတ္တ ဘာဝတော စက္ခာဒိဒွယံ တတ္ထ ဥပလဗ္ဘတိ။
>
> ဋီကာကျော်။

---

## ဆောင်ပုဒ်

က။ ။ရူပဘုံမှာ၊ ဘာဝနာဟုန်၊ ပယ်ခွါတုံ၊ ကင်းကုန်-ဃာနာဒိ။

ခ။ ။ဘုရားတရား၊ ဘူးမြင်ကြား၊ ချန်ထား-စက္ခာဒိ။

---

## အရူပဘုံ၌ ရသင့်သော ဝတ္ထုသရုပ်

၊၊၆၇။ ၊၊အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။
သဂြိုဟ်ပါဋ်။

အရူပဘုံတို့၌ အလုံးစုံသော ဝတ္ထုရုပ်တို့သည် မရှိကုန်။ ။ဟူလို။
ဤကား ဝိဂ္ဂဟတ္ထ။

## အရူပဘုံ၌ ဝတ္ထုရုပ်မရှိသော အကြောင်း

အဘယ့်ကြောင့် အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး မရှိပါသနည်းဟူမူ။ ရုပ်ဟူသမျှ၌ လွန်စွာ စက်ဆုပ်ရွံရှာလှသဖြင့် ရုပ်၌ တပ်ခြင်း ကင်းသော ဘာဝနာကို ပွါးများသည်အတွက်ကြောင့် အရူပဘုံ၌ ရုပ်တစုံတရာမျှမရှိ။ ရုပ်ခန္ဓာမှကင်းသဖြင့် ဝတ္ထုရုပ် ခြောက်ပါးတို့ကိုလည်း မရအပ်ပါသတည်း။ ထိုအရူပဘုံ၌ ဖြစ်သော ဗြဟ္မာကြီးတို့သည် အမိုက်မှောင် သက်သက် အတိ၊ အလင်း မရှိသော ကောင်းကင်အပြင်၌ လေတို့ကဲ့သို့ စိတ်အစဉ် မျှသာဖြစ်၍ တည်နေကြကုန်၏။ ။အကောင်အထည်ဟူ၍ မရှိကြလေကုန်။

အရူပါနံ ရူပဝိရာဂ ဘာဝနာဗလေန တတ္ထ သဗ္ဗေန သဗ္ဗံ
ရူပပ္ပဝတ္တိယာ အဘာဝတော။

ဋီကာကျော်။

## ဆောင်ပုဒ်

ရုပ်၌ ပြစ်မြင်၊ ပယ်ခွါကြည်၍၊ ကင်းစင် ရုပ်ဓာတ်၊ ဝတ္ထုမြတ်၊
မှတ်လေ-အရူပ။

## ပဥ္စဝိညာဏဓာတ်၏ မှီရာဝတ္ထု

၆၈။ ၊၊တတ္ထ ပဥ္စဝိညာဏ ဓာတုယော ယထာက္ကမံ ဧကန္တေန ပဉ္စပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ။
သဂြိုဟ်ပါဋ်။

ထိုခြောက်ပါးသော ဝတ္ထု တို့တွင် စက္ခုဝိညာဏ် ဓာတ်သည် စက္ခု ဝတ္ထုကို အမြဲကေန် မှီ၍ဖြစ်၏။ ။သောတဝိညာဏ် ဓာတ်သည် သောတ

ဝတ္ထုကို အမြဲကေန် မှီ၍ဖြစ်၏။ ။ဃာနဝိညာဏ်ဒွေသည် ဃာနဝတ္ထုကို အမြဲကေန် မှီ၍ဖြစ်၏။ ။ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝတ္ထုကို အမြဲကေန် မှီ၍ဖြစ်၏။ ။ကာယဝိညာဏ်ဒွေသည် ကာယဝတ္ထုကို အမြဲ ကေန် မှီ၍ ဖြစ်၏။ ။ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

---

## မနောဓာတ်၏ မှီရာဝတ္ထု

၆၉။ ။ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆန သင်္ခါတာ ပန မနောဓာတု စ ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

သင်္ဂြိုဟ်ပါဠ်။

---

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁၊သမ္ပဋိစ္ဆိုင်းဒွေ ဟု ဆိုအပ်ကုန်သော မနောဓာတ် ၃-ပါးတို့သည် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်၏။ ။ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

---

## မနောဝိညာဏဓာတ်၏ မှီရာဝတ္ထု

၇၀။ ။အဝသေသာ ပန မနောဝိညာဏဓာတု သင်္ခါတာ စ သန္တီရဏ မဟာဝိပါက ပဋိဃ ဒွယပဌမမဂ္ဂ ဟသန ရူပါဝစရဝသေန ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

သင်္ဂြိုဟ်ပါဠ်။

---

ပဉ္စဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်မှ ကြွင်းကုန်သော သန္တီရဏ စိတ် ၃-ခု၊မဟာဝိပါက်စိတ် ၈-ခု၊ ဒေါသမူဒွေ၊သောတာပတ္တိမဂ်၊ဟသိတုပ္ပါဒ်၊ရူပါဝစရစိတ်၁၅-ခု၊ ဤ ၃၃-သော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ကုန်၏။ ။ဟူ၏။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## ဟဒယဝတ္ထုကို မှီသောအကြောင်း

ထိုစိတ် ၃၃-တို့သည် အဘယ့်ကြောင့် ဟဒယဝတ္ထုကို အမြဲ မှီရလေသနည်းဟူမူ။ ။ထိုစိတ် ၃၃-တို့သည် ဝတ္ထုရုပ် ရှိသော ပဉ္စဝေါကာရ ဘုံတို့၌သာ အမြဲဖြစ်ကြ၏။ ဝတ္ထုရုပ်မရှိသော အရူပ လေးဘုံတို့၌ တရံ

တခါမှ ဖြစ်လေ့ရှိသော စိတ်တို့ မဟုတ်ကုန်။ ထို့ကြောင့် ဟဒယဝတ္ထု ရှင်ကို အမြဲမှီရလေသတည်း။

ထိုစကား ထင်ရှားတော်ပြီးအံ့····သန္တီရဏ ၃-ခု၊ မဟာဝိပါက် စိတ် ၈-ခုတို့သည် အရူပဘုံ၌ ဒွါရ မရှိသဖြင့် သန္တီရဏကိစ္စ တဒါရုံ ကိစ္စစသည် မတပ်နိုင်သောကြောင့် မဖြစ်ကုန်။ ။ဒေါသမူဒွေသည် နီဝရဏ တည်ရာ မဟုတ်သော ပဋိဃ၏ ဖြစ်ရာ မဟုတ်သောကြောင့် အရူပဘုံ၌ ပဋိဃမဖြစ်၊သောတာပတ္တိမဂ်သည်ကား ဘုရားရဟန္တာတို့၏ တရားတော်ကို မကြားနာရသေးကြောင့် အရူပဘုံ၌ မဖြစ်ပေ၊ ၎င်းဘုံ၌လည်း ဘုရား မြတ်စွာတို့ ဖြစ်ရာ ဘုံဌာန မဟုတ်လေ။ ထို့ကြောင့် အရူပ ဘုံသည် ရှစ်ပါးသောအက္ခဏတို့၌ အပါအဝင် ဖြစ်လေသတည်း။ ။ဟသိတုပ္ပါဒ် သည်ကား အရူပဘုံ၌ ကိုယ်ကာယ မရှိသောကြောင့် မဖြစ်နိုင်။ အရူပ ဘုံသည် ရုပ်နိမိတ်ကိုငင်း၊ ရုပ်နိမိတ်ကို အာရုံပြုသော တရားကိုငင်း၊ စက်ဆုပ်သဖြင့် ရူပဝိရာဂ ဘာဝနာအစွမ်းဖြင့် ရုပ်နိမိတ်များနှင့် ရုပ်နိမိတ် လျှင် အာရုံရှိသော တရားတို့ကို လွန်မြောက်ရာ ဌာန ဖြစ်သောကြောင့် ရူပါဝစရစိတ် ၁၅-ပါးတို့သည်လည်း မဖြစ်နိုင်ကုန် ဟု မှတ်။

> သန္တီရဏ မဟာဝိပါကာနိ ဟိ ကောဒသ ဒွါရာဘာဝတော ကိစ္စာ ဘာဝတော စ အာရုပ္ပေ န ဥပ္ပဇ္ဇန္တိ။ပ။ဝိရတ္တ ဘာဝ တော အရူပဘဝေ န ဥပ္ပဇ္ဇန္တိ။

ဋီကာကျော်

---

**ဆောင်ပုဒ်**

စိတ်-သုံးဆယ်မျှ၊ အရူပဘုံ၊ မဖြစ်ကုန်၊မှီတုံ-ဟဒယ။

---

**ပဉ္စဝိညာဏခတ်, မနောခတ်, မနောဝိညာဏခတ် ၃-ပါးတို့၏ အထူး**

နိဿတ္တ နိဇ္ဇီဝဋ္ဌေန အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။

နိဿတ္တ နိဇ္ဇီဝဋ္ဌေန၊ သတ္တလည်း မဟုတ်၊ ဇီဝလည်း မဟုတ်သော အနက်ကြောင့်။အတ္တနော၊မိမိ၏။သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင် တတ်၏။ ဣတိ၊ ကြောင့်။ ဓာတု၊ ဓာတ်မည်၏။ ။သတ္တလည်း မဟုတ်၊

အသက် ဟူသည်လည်းမရှိ၊ မိမိတို့၏ သဘောလက္ခဏာ အားလျော်စွာ သာ ဖြစ်တတ် ဆောင်တတ်သော သဘောကြောင့် ဓာတ်မည်၏။ ဓာတ် ၁၂-ပါးကိုပင် ရ၏။ ။ဟုမှတ်။

ဝိဇာနာတီတိ ဝိညာဏံ။

ဝိဇာနာတိ၊ အထူးသဖြင့် သိတတ်၏။ ဣတိ၊ ကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။ ။အထူးသဖြင့် သိတတ်သောကြောင့် ဝိညာဏ်မည်၏။ ။ ဟု မှတ်။

မနနမတ္တံ မနော၊ ။မနော ဧဝ ဓာတု မနောဓာတု။

မနနမတ္တံ၊ သိကာမျှသည်။ မနော၊ မနမည်၏။ ။မနောဧဝ၊ သိကာမျှ သာလျှင်ဖြစ်သော။ ဓာတု၊ ဓာတ်တည်း။ မနောဓာတု၊ သိရုံမျှသာလျှင် ဖြစ်သောဓာတ်။ ။အဓိပ္ပါယ်ကား ငါးပါးသော ဒွါရ၌ထင်မြင်လာသော အာရုံငါးပါးကို ဆင်ခြင်ရုံမျှ ခံလင့်ရုံမျှ, ဖြစ်သော ကိစ္စသည် အာရုံကို ကောင်းစွာပိုင်းခြား၍ မသိနိုင်၊ သိကာမျှ သာမညသာ ဖြစ်သောကြောင့် မနောဓာတ်မည်၏။ ။ဟူလို။

ပဉ္စ ဝိညာဏာနိ ပဉ္စဝိညာဏံ။

ပဉ္စဝိညာဏမေဝ ဓာတု ပဉ္စဝိညာဏဓာတု။

ပဉ္စ၊ငါးပါးကုန်သော။ ဝိညာဏာနိ၊ ဝိညာဏ်တို့တည်း။ ပဉ္စဝိညာဏံ၊ ငါးပါးသော ဝိညာဏ်။ ပဉ္စဝိညာဏမေဝ၊ပဉ္စဝိညာဏ် သည်လျှင် ဖြစ်သော။ ဓာတု၊ဓာတ်သည်။ ပဉ္စဝိညာဏဓာတု၊ ပဉ္စဝိညာဏဓာတ်မည်၏။

အဓိပ္ပါယ်ကား။ ။ဒွေပဉ္စညာဏ် ၁၀-တို့သည် ထက်ငင်း ပစ္စက္ခ ထင်ရှားသော အာရုံကို မြင်ခြင်း, ကြားခြင်းစသော ကိစ္စရှိကုန်သောကြောင့် မနောဓာတ်ထက် အတော်အတန် ထူးထူးခြားခြား အာရုံကို သိနိုင်ကုန် သောကြောင့် ပဉ္စဝိညာဏဓာတ် မည်၏။ ။ဟူလို။

ထို့ကြောင့် မနောဓာတ်ကဲ့သို့ ဓာတ်တပါးတည်း မဆိုမူ၍ ဝိဇာနန သတ္တိရှိသော ဝိညာဏသဒ္ဒါဖြင့် အထူးပြု၍ ပဉ္စဝိညာဏဓာတု ဟု မိန့် ဆိုအပ်ပါသတည်း။

မနောဧဝ ဝိညာဏဓာတု မနောဝိညာဏဓာတု။

မနော ဧဝ၊ စိတ်သည်သာလျှင်။ ဝိညာဏ ဓာတု၊ ဝိညာဏ ဓာတ် မည်၏။ မနော ဝိညာဏဓာတု၊ စိတ်သာ ဖြစ်သော ဝိညာဏဓာတ်။

အစိပ္ပါယ်ကား သန္တိရဏစသော ကြွင်းသောစိတ် ၇၆-ပါးတို့သည်ကား မနောဓာတ်တို့ကဲ့သို့ သိကာမျှမတ္တလည်း မဟုတ်ကုန်၊ ပဉ္စဝိညာဏဓာတ်တို့ကဲ့သို့ အတော်အတန် သိရုံလည်းမဟုတ်၊ အာရုံကို ပိုင်းပိုင်းခြားခြား အထူးအားဖြင့် သိသောကြောင့် မနောဝိညာဏဓာတ်မည်၏။ ။ဟူလို။

---

**ဆောင်ပုဒ်**

က။ ။သိရုံမတ္တ၊ ဖြစ်တုံက၊ မှတ်ပ-မနောဓာတ်။
ခ။ ။ထိုထက်အထူး၊ သိလင့်ဦး၊ မှတ်ကြူး-ပဉ္စဝိဉ်။
ဂ။ ။ပိုင်းခြား အထူး၊ သိလင့်ဦး၊ မှတ်ကြူး-မနောဝိဉ်။

---

**ကြွင်းသော ကုသိုလ်-အကုသိုလ် စသည်တို့၏ မှီရာဝတ္ထု**

**၇၁။ ။အဝသေသာ ကုသလာကုသလ ကြိယာနုတ္တရဝသေန ပန နိဿာယဝါ အနိဿာယဝါ။**

သတ္တိုဟ်ပါ၌။

---

ရူပါဝစရကုသိုလ်မှ ကြွင်းသော လောကီကုသိုလ်စိတ် ၁၂-ပါး၊ ဒေါသမူ ဒွေမှ ကြွင်းသော အကုသိုလ်စိတ် ၁၀-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ရူပါဝစရကြိယာတို့မှ ကြွင်းသော ကြိယာစိတ် ၁၃-ပါး၊ သောတာပတ္တိမဂ်စိတ်မှ ကြွင်းသော လောကုတ္တရာစိတ် ၇-ပါး၊ ဤ ၄၂-ပါးသော မနောဝိညာဏဓာတ်တို့သည် ခန္ဓာငါးပါးလုံး ရကောင်းသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကုန်၏။ ။နာမ်ခန္ဓာ လေးပါး၏သာ ဖြစ်ရာ အရူပဘုံ၌ ဖြစ်သောအခါ၌မူ ဟဒယရုပ် မရှိသောကြောင့် ဟဒယရုပ်ကို မမှီဘဲ အလိုလိုသာ ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**အနိဿယ ကောန်**

၇၂။ ။**အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝါတိ။**

သတ္တိုဟ်ပါ၌။

အရူပဝိပါက်စိတ် ၄-ပါးတို့သည် ဟဒယဝတ္ထုကို မမှီမူ၍သာ ဖြစ်ကုန်၏။ ဤကား ဝိဂ္ဂဟတ္ထ။

၇၃။ ။ဆဝတ္ထုံ နိဿိတာ ကာမေ သတ္တ ရူပေ စတုဒ္ဒိတာ။
တိဝတ္ထုံ နိဿိတာရုပ္ပေ၊ ဓာတွေကာ နိဿိတာ မတာ။ ။

သင်္ဂြိုဟ်ပါဌ်။

---

ကာမဘုံ၌ စက္ခုဝိညာဏ်။ပ။မနောဝိညာဏ် တည်းဟူသော ဝိညာဏ ဓာတ် ၇-ပါးတို့သည် ခြောက်ပါးသော ဝတ္ထုတို့ကိုမှီ၍ ဖြစ်ကုန်၏။ရူပဘုံ၌ ဃာနဝိညာဏ် ၃-ပါးမှ တပါးသော ဝိညာဏဓာတ် ၄-ပါး တို့သည် စက္ခု သောတ, ဟဒယဝတ္ထု ၃-ပါးတို့ကို မှီ၍ဖြစ်ကုန်၏။ ။အရူပဘုံ၌ အရူပ ဝိပါက်စိတ် တည်းဟူသော မနောဝိညာဏဓာတ်သည် တစုံတခုသော ဝတ္ထုကို မမှီမူ၍ ဖြစ်၏-ဟု သိ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

၇၄။ ။တေစတ္တာလီသ နိဿာယ၊ ဒွေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊ ပါကာ ရုပ္ပါ အနိဿိတာ။ ။

သင်္ဂြိုဟ်ပါဌ်။

---

ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါး၊ သန္တီရဏ ၃-ပါး၊ မဟာ ဝိပါက်စိတ် ၈-ပါး၊ ဒေါသမူဒွေ၊ သောတာပတ္တိမဂ် ၁၊ ဟသိတုပ္ပါဒ် ၁၊ ရူပါဝစရစိတ် ၁၅-ပါး၊ဤ ၄၃-ပါးသော စိတ်တို့သည်၊ဝတ္ထုရုပ်ကိုမှီ၍သာ ဖြစ်ကုန်၏။ ။လောဘမူစိတ် ၈-ခု၊ မောဟမူ ၂-ခု၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာ ကုသိုလ် စိတ် ၈-ခု၊ မဟာ ကြိယာစိတ် ၈-ခု၊ အရူပါ ဝစရ ကုသိုလ်စိတ် ၄-ခု၊ အရူပါဝစရ ကြိယာစိတ် ၄-ခု၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊ ဤ ၄၂-ပါးသော စိတ်တို့သည် ဝတ္ထု ရုပ်ကိုမှီ၍၎င်း၊ မမှီမူ၍၎င်း ဖြစ်ကုန်၏။ ။အရူပဝိပါက်စိတ် ၄-တို့သည် ဝတ္ထုရုပ်ကို မမှီမူ၍သာ ဖြစ်ကုန်၏။ ။ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

---

## စေတသိက်ဘဲ့၏ မှီရာ

''စိတ္တုပ္ပါဒဝသေနေဝ၊ သင်္ဂဟောနာမ နီယတေ''–

ဂါထာအရ၊ အောက်၌ ဘော်ပြခဲ့ပြီးသောအတိုင်း စိတ်တို့၏ မှီရာမှီပုံမှ တပါး စေတသိက်တို့၏ မှီရာမှီပုံကို ရေတွက်ဘော်ပြသင့်၏။

ဘော်ပြုပြန်ကား ····သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ခုတို့သည် ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဝတ္ထုခြောက်ပါးကို မှီကုန်၏။ ရူပဘုံ၌ကား သုံးပါးသော ဝတ္ထုကိုမှီကုန်၏။စတုဝေါကာရဘုံ၌ ဖြစ်သောအခါ မှီရာဝတ္ထု မရှိကုန်။ ။ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ- ဤစေတသိက် ၄-ပါးတို့သည် ဟဒယဝတ္ထုကိုသာ အမြဲမှီကုန်၏။ ။ကြွင်းသော စေတသိက် ၄၁-ခုတို့သည် ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုကို အမြဲမှီကုန်၏။အရူပဘုံ၌ ဖြစ်သောအခါ မမှီကုန်။ ။ဤသို့ သိလေ။

## ဝတ္ထုသင်္ဂဟ အဓိပ္ပါယ်

ဝတ္ထုတော စိတ္တစေတသိကာနံ သင်္ဂဟော ဝတ္ထုသင်္ဂဟော။

ဝတ္ထုတော၊ ဝတ္ထုအပြားအားဖြင့်။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တရားတို့ကို။ သင်္ဂဟော၊ရေတွက်၍ ပြဆိုရာ,ပြဆိုကြောင်းဖြစ်သောနည်းသည်။ ဝတ္ထုသင်္ဂဟော၊ ဟမည်၏။

ဝတ္ထုသင်္ဂဟအဘွင့် ပြီးပြီ။

ပကိဏ်းပိုင်းအဘွင့် ပြီးပြီ။

---

စိတ္တုပ္ပါဒစသေနေ၀၊ သင်္ဟောနနေမ နိယတော.... အရ စေတသိက်တို့ကို
ဝေဒနာ-ဟိတ်စသည်တို့ဖြင့် သဂြိုဟ်ရေတွက်ပြသော သရုပ်ခွဲပုံ။

| စေတသိက်အမည် | ဝေဒနာ | ဟိတ် | ကိစ္စ | ဒွါရ | အာရုံ | ဝတ္ထု |
|---|---|---|---|---|---|---|
| ဖဿ | ၅ | ၆ | ၁၄ | ၆ | အလုံးစုံ | ၆ |
| ဝေဒနာ | ၈ | ၆ | ၁၄ | ၆ | ၎င်း | ၆ |
| သညာ | ၉ | ၆ | ၁၄ | ၆ | ၎င်း | ၆ |
| စေတနာ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ |
| ဧကဂ္ဂတာ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ |
| ဇီဝိတိန္ဒြေ | ၅ | ၆ | ၁၄ | ၆ | ၎င်း | ၆ |
| မနသိကာရ | ၈ | ၆ | ၁၄ | ၆ | ၎င်း | ၆ |
| ဝိတက် | ၃ | ၆ | ၈ | ၆ | ၎င်း | ၁ |
| ဝိစာရ | ၃ | ၆ | ၈ | ၆ | ၎င်း | ၁ |
| အဓိမောက္ခ | ၃ | ၆ | ၈ | ၆ | ၎င်း | ၁ |
| ဝီရိယ | ၃ | ၆ | ၆ | ၆ | ၎င်း | ၁ |
| ပီတိ | ၁ | ၅ | ၆ | ၆ | ၎င်း | ၁ |
| ဆန္ဒ | ၃ | ၆ | ၅ | ၆ | ၎င်း | ၁ |

ဤကား အညသမာန်းစေတသိက် ၁၃-ပါး၏သရုပ်ခွဲ

| | | | | | | |
|---|---|---|---|---|---|---|
| မောဟ | ၃ | ၂ | ၁ | ၆ | လောကီ | ၁ |
| အဟိရိက | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ |
| အနောတ္တပ္ပ | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ |
| ဥဒ္ဓစ္စ | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ |
| လောဘ | ၂ | ၁ | ၁ | ၆ | ၎င်း | ၁ |
| ဒိဋ္ဌိ | ၂ | ၂ | ၁ | ၆ | ၎င်း | ၁ |
| မာန | ၂ | ၂ | ၁ | ၆ | ၎င်း | ၁ |
| ဒေါသ | ၁ | ၁ | ၁ | ၆ | ၎င်း | ၁ |
| ဣဿာ | ၁ | ၂ | ၁ | ၆ | ၎င်း | ၁ |
| မစ္ဆရိယ | ၁ | ၂ | ၁ | ၆ | ၎င်း | ၁ |
| ကုက္ကုစ္စ | ၁ | ၂ | ၁ | ၆ | ၎င်း | ၁ |
| ထိန | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ |
| မိဒ္ဓ | ၃ | ၃ | ၁ | ၆ | ၎င်း | ၁ |
| ဝိစိကိစ္ဆာ | ၁ | ၁ | ၁ | ၆ | ၎င်း | ၁ |

ဤကား-အကုသိုလ်စေတသိက် ၁၄-ပါး၏သရုပ်။

| စေတသိက်အမည် | ဝေဒနာ | ဟိတ် | ကိစ္စ | ဒွါရ | အာရုံ | ဝတ္ထု |
|---|---|---|---|---|---|---|
| သဒ္ဓါ | ၂ | ၃ | ၅ | ၆ | အလုံးစုံ | ၁ |
| သတိ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| ဟိရီ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| ဩတ္တပ္ပ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| အလောဘ | ၂ | ၂ | ၅ | ၆ | ၎င်း | ၁ |
| အဒေါသ | ၂ | ၂ | ၅ | ၆ | ၎င်း | ၁ |
| တတြမဇ္ဈတ္တတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| ကာယပဿဒ္ဓိ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| စိတ္တပဿဒ္ဓိ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| ကာယလဟုတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| စိတ္တလဟုတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| ကာယမုဒုတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| စိတ္တမုဒုတာ | ၂ | ၃ | ၄ | ၆ | ၎င်း | ၁ |
| ကာယကမ္မညတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| စိတ္တကမ္မညတာ | ၂ | ၃ | ၈ | ၆ | ၎င်း | ၁ |
| ကာယပါဂုညတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| စိတ္တပါဂုညတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| ကာယုဇုကတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| စိတ္တုဇုကတာ | ၂ | ၃ | ၅ | ၆ | ၎င်း | ၁ |
| သမ္မာဝါစာ | ၂ | ၃ | ၁ | ၁ | ဝိရမိတဗ္ဗ | ၁ |
| သမ္မာကမ္မန္တ | ၂ | ၃ | ၁ | ၁ | ၎င်း | ၁ |
| သမ္မာအာဇီဝ | ၂ | ၃ | ၁ | ၁ | ၎င်း | ၁ |
| ကရုဏာ | ၂ | ၃ | ၇ | ၁ | ပညတ် | ၁ |
| မုဒိတာ | ၂ | ၃ | ၄ | ၁ | ၎င်း | ၁ |
| ပညိန္ဒြေ | ၂ | ၃ | ၈ | ၆ | အလုံးစုံ | ၁ |

ဤကား သောဘဏစေတသိက် ၂၅-ပါး၏ သရုပ်

| စိတ်အမည် | စေတသိက် | ဝေဒနာ | ဟိတ် | ကိစ္စ | ဒွါရ | အာရုံ | ဝတ္ထု |
|---|---|---|---|---|---|---|---|
| လောဘမူစိတ်-၈ | ၂၂ | ၂ | ၂ | ၁ | ၆ | လောကီအာရုံ | ၁ |
| ဒေါသမူစိတ်-၂ | ၂၂ | ၁ | ၂ | ၁ | ၆ | ၎င်းအာရုံ | ၁ |
| မောဟမူစိတ်-၂ | ၁၅ | ၁ | ၁ | ၁ | ၆ | ၎င်းအာရုံ | ၁ |
| အကုသလဝိပါက် ၇ | ၁၀ | ၂ | မ | ၁၁ | ၆ | ကာမအာရုံ | ၆ |
| ကုသလဝိပါက်-၈ | ၁၁ | ၃ | မ | ၁၁ | ၆ | ကာမအာရုံ | ၆ |
| အဟိတ်ကြိယာ-၃ | ၁၂ | ၂ | မ | ၃ | ၆ | အလုံးစုံ | ၁ |
| မဟာကုသိုလ်-၈- | ၃၈ | ၂ | ၃ | ၁ | ၆ | ထက်မဂ်ကြဉ် | ၁ |
| မဟာဝိပါက်-၈ | ၃၃ | ၂ | ၃ | ၄ | ၆ | ကာမ | ၁ |
| မဟာကြိယာ-၈ | ၃၅ | ၂ | ၃ | ၁ | ၆ | အလုံးစုံ | ၁ |
| ရူပကုသိုလ်-၅ | ၃၅ | ၂ | ၃ | ၁ | ၁ | ပညတ်အာရုံ | ၁ |
| ရူပဝိပါက်-၅ | ၃၅ | ၂ | ၃ | ၃ | မ | ၎င်းအာရုံ | ၁ |
| ရူပကြိယာ-၅ | ၃၅ | ၂ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ |
| အရူပကုသိုလ်-၄ | ၃၀ | ၁ | ၃ | ၁ | ၁ | ပညတ်မဟဂ္ဂုတ် | ၁ |
| အရူပဝိပါက် ၄ | ၃၀ | ၁ | ၃ | ၃ | မ | ၎င်းအာရုံ | မ |
| အရူပကြိယာ-၄ | ၃၀ | ၁ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ |
| မဂ်လေးပါး | ၃၆ | ၁ | ၃ | ၁ | ၁ | နိဗ္ဗာန် အာရုံ | ၁ |
| ဖိုလ်လေးပါး | ၃၆ | ၁ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ |
| မဂ်နှစ်ဆယ် | ၃၆ | ၂ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ |
| ဖိုလ်နှစ်ဆယ် | ၃၆ | ၂ | ၃ | ၁ | ၁ | ၎င်းအာရုံ | ၁ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝီထိပိုင်း

---

၁။ ။စိတ္တုပ္ပါဒ်နမိစ္စေဝံ၊ ကတွာ သင်္ဂဟမုတ္တရံ။
ဘူမိပုဂ္ဂလဘေဒေန၊ ပုဗ္ဗာပရနိယာမိတံ၊
ပဝတ္တိသင်္ဂဟံနာမ၊ ပဋိသန္ဓိပဝတ္တိယံ။
ပဝက္ခာမိ သမာသေန၊ ယထာ သမ္ဘဝတော ကထံ၊
သင်္ဂြိုဟ်ပါဌ်။

---

ဤဆိုအပ်ပြီးခဲ့သော နည်းဖြင့် စိတ်စေတသိက်တို့ကို ဝေဒနာသင်္ဂဟ အစရှိသောအားဖြင့် ဝေဘန်ပိုင်းခြား သားနား သေသပ်စွာ ပြဆိုလတ်သဖြင့် ကောင်းမြတ်သော ပကိဏ္ဏက သင်္ဂဟကို ပြဆိုပြီး၍ ယခု တဘန် ပဋိသန္ဓေအခါ၌ ဘုံအပြား ပုဂ္ဂိုလ်အပြားအားဖြင့် မှတ်ပြအပ်သော ဝီထိမုတ္တသင်္ဂဟကိုရင်း၊ ပဝတ္တိအခါ၌ ဤစိတ်သည် ဤစိတ်၏ ရှေ့၌ ဖြစ်၏၊ ဤစိတ်သည် ဤစိတ်၏နောက်၌ဖြစ်၏၊ ဤသို့စသည်ဖြင့် ရှေ့စိတ် နောက်စိတ်တို့ဖြင့် မှတ်အပ်သော စိတ် စေတသိက်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို သေချာ ဂန ဘော်ပြသင်္ဂြိုဟ်ရာ ဖြစ်သောကြောင့် ပဝတ္တိသင်္ဂဟ မည်သော ဝီထိသင်္ဂဟကိုရင်း၊ ဖြစ်သင့်သည်အားလျော်စွာ အကျဉ်းအားဖြင့် မိန့်ဆိုပေအံ့။ ။ဟူလို။

ဤ ၂-ဂါထာကား ဝီထိပိုင်းနှင့် ဝီထိမုတ်မည်သော ဘုံပိုင်း ၂-ပိုင်း အတွက် ပဋိညာဉ်ပြုသော ဂါထာများဖြစ်၏။ ။ဤကား ပိဏ္ဍတ္ထ။

*ဤအဓိပ္ပါယ်ကား ဘူမိပုဂ္ဂလဘေဒေန-၌ နာဝိဘတ်ကို သဟတ္ထကြံ၍ ပဋိသန္ဓိ ပဝတ္တိယံ-ကို အာဓာရ ကြံသောအရ ပေးသော အနက် အဓိပ္ပါယ် ဟု မှတ်။

**တနည်းကား**။ ။ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စိတ်, စေတသိက် နာမက္ခန္ဓာ တရား လေးပါးတို့ကို ဝေဒနာသင်္ဂဟ အစရှိသော အားဖြင့် ဝေဘန် ပိုင်းခြား သားနား သေသပ်စွာ ပြဆိုလတ်သဖြင့် ကောင်းမြတ်

သော ပကိဏ္ဏကသင်္ဂဟကို ပြဆိုပြီး၍ ယခုတဘန် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့တွင် ပဝတ္တိအခါ၌ ကာမာဝစရ-စသော ဘုံအပြား ဒွိဟိတ်စသော ပုဂ္ဂိုလ်အပြားဖြင့် မှတ်ပြအပ်သော ဤစိတ်သည် ဤစိတ်၏ ရှေ့၌ဖြစ်၏။ ဤစိတ်သည် ဤစိတ်၏ နောက်၌ဖြစ်၏ ဟု ရှေ့စိတ် နောက်စိတ်တို့ဖြင့် ပိုင်းခြားအပ်သော စိတ်စေတသိက်တို့၏ ဖြစ်ပုံဖြစ်နည်းကိုသေချာဂ န ဘော်ပြ သင်္ဂြိုဟ်ရာ,သင်္ဂြိုဟ်ကြောင်း ဖြစ်သောကြောင့် ပဝတ္တိသင်္ဂဟမည်သော ဝီထိသင်္ဂဟကို ဖြစ်သင့်သည် အားလျော်စွာ အကျဉ်းအားဖြင့် မိန့်ဆိုပေအံ့။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

၂။ ။ဆ ဝတ္ထူနိ၊ဆ အာရမ္မဏာနိ။ပ။ပဝတ္တိဘေဒါ ဝီထိသင်္ဂဟေ ဆ ဆဋ္ဌာနိ ဝေဒိတဗ္ဗာနိ။ ။သင်္ဂြိုဟ်ပါဌ်။

---

ဝတ္ထု ခြောက်ပါး၊ ဒွါရ ခြောက်ပါး၊ အာရုံ ခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ဝီထိခြောက်ပါး၊ဝိသယပ္ပဝတ္တိ ခြောက်ပါး၊ဤသို့အားဖြင့် ဝီထိသင်္ဂဟ၌ ဆက္ကခြောက်ပါးတို့ကို ရှေးဦးစွာ မာတိကာ သဘောအားဖြင့် သိအပ်ကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

၃။ ။ဝီထိမုတ္တာနံ ပန ကမ္မ-ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။ ။သင်္ဂြိုဟ်ပါဌ်။

---

ဝီထိမုတ်စိတ်တို့၏ ဝိသယပဝတ္တိသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တို့၏ အစွမ်းအားဖြင့် သုံးပါးသာ အပြားရှိ၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

**ဝီထိမုတ် အဓိပ္ပါယ်**

ဝီထိတော မုတ္တာနီတိ ဝီထိမုတ္တာနိ။

ဝီထိတော၊ ဝီထိသဘောမှ။ မုတ္တာနိ၊လွတ်သော စိတ်တို့တည်း။ ဣတိ၊ ကြောင့်။ ဝီထိမုတ္တာနိ၊ ဝီထိမုတ်စိတ် မည်ကုန်၏။ ။ဝိဂြိုဟ်အရ၊ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ-တပ်သောစိတ် ၁၉-ပါးတို့သည် ကံ၏ အဟုန်

ကြောင့် ထင်မြင်လာသော ကံ,ကမ္မနိမိတ်, ဂတိနိမိတ် -သုံးပါး တို့တိုသာ အမြဲအာရုံပြုလျက် ဖြစ်ကုန်၏။ ခြောက်ဒွါရ၌ ထင်မြင်လာသော အာရုံကို အချင်းခပ်သိမ်း အာရုံမပြုမူ၍ ခြောက်ဒွါရ၌ ထင်မြင်လာသော အာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်မှ အပ တခြား အလွတ် ဖြစ်သောကြောင့် ဝီထိမုတ်စိတ် မည်ကုန်၏ ဟု မှတ်။

၄။ ။တဒ္ဒ ဝတ္ထုဒွါရာရမ္မဏာနိ ပုဗ္ဗေ ဝုတ္တနယာနေဝ။

သင်္ဂြိုဟ်ပါဌ်။

---

ထိုခြောက်ပါးသော မာတိကာ ဆက္ကတို့တွင် ဝတ္ထု,ဒွါရ,အာရုံ ၃-ပါး တို့ကို ရှေးပကိဏ်းပိုင်း၌ ဆိုအပ်ပြီးသော နည်းအတိုင်း မှတ်လေ။ ။ဟူလို။

။ဤကား ဝိဂ္ဂဟတ္ထ။

---

အထက် ပကိဏ်းပိုင်း၌ ၎င်းသုံးပါးသော ဆက္ကတို့ကို ဆိုအပ်ပြီး ဖြစ် ပါလျက် အဘယ့်ကြောင့် ဤဝီထိပိုင်း၌ ဆက္ကပြု၍ မိန့်ဆိုအပ်ပါသနည်း ဟူငြားအံ့။ ဝီထိစိတ်တို့၏ ဖြစ်မှုသည် ဝတ္ထု,ဒွါရ,အာရုံနှင့်တကွ ဆိုအပ် ပြီးသော ခြောက်ပါးသော ဆက္က-အားဖြင့် ဖြစ်၏။ ၎င်းခြောက်ပါးသော ဆက္ကပြည့်စုံမှသာ ပြည့်စုံစွာ ဝီထိစိတ်ဖြစ်နိုင်၏။ ဝီထိသင်္ဂဟ၌ ပြဆိုအပ်သော စကား အစဉ်သည် ၎င်းခြောက် ပါးသော ဆက္ကတို့နှင့် သက်ဆိုင်၏ ဟု ပြဆိုလိုသောကြောင့် ဝတ္ထု,ဒွါရ,အာရုံတို့ကိုပါ ထည့်စွက်၍ ခြောက်ပါး သော ဆက္ကတို့ကို မိန့်ဆိုအပ်ကုန်၏ ဟု မှတ်။

---

## ဝိညာဏ် ခြောက်ပါး

၅။ ။စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ ဃာနဝိညာဏံ။ ပ။ ဆ ဝိညာဏာနိ။

သင်္ဂြိုဟ်ပါဌ်။

---

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်၊ ဤသို့လျှင် ဝိညာဏ်တို့သည် ခြောက်ပါး အပြားရှိကုန်၏။ ဟူလို။ ဤကား ဝိဂ္ဂဟတ္ထ။

## ဝီထိ ခြောက်ပါး

၆။ ။ဆ ဝီထိယော ပန စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ။ပေ။ ဝိညာဏဝသေန ဝါ ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ယောဇေတဗ္ဗာ။

သင်္ဂြိုဟ်ပါဌ်။

---

ဝီထိတို့သည် မှီရာဒွါရ၏ အစွမ်းဖြင့် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိ ဟူ၍ ခြောက်ပါး အပြားရှိကုန်၏။ ။ဒွါရ၌ မှီ၍ဖြစ်သော စိတ်တို့၏အစွမ်းဖြင့်ကား စက္ခုဝိညာဏဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှါ ဝိညာဏဝီထိ, ကာယ ဝိညာဏဝီထိ, မနော ဝိညာဏဝီထိ ဟူ၍ ခြောက်ပါး အပြားရှိ၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## ဝီထိ အဓိပ္ပါယ်

ဝိယန္တိ ဂစ္ဆန္တိ ဇာနာ ဧတ္ထာတိ ဝီထိ။ ။ဝီထိဝိယာတိ ဝီထိ။ ။ဧတ္ထ၊ ဤ အရပ်၌။ ဇနာ၊ လူတို့သည်။ ဝိယန္တိ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့လူ တို့သွားလာရာ ဖြစ်သော သတ္တိကြောင့်။ တံဌာနံ၊ထိုခရီး အရပ်သည်။ဝီထိ၊ဝီထိ-မည်၏။ ။ခရီးအစဉ်သည် ဝီထိမည်၏။ ။ဟူလို။

ဝီထိဝိယ၊လူတို့၏ သွားလာရာ ခရီးလမ်း အစဉ်ကဲ့သို့။ ဟောတိ၊ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ ဝီထိ၊ဝီထိ-မည်၏။ ။အဓိပ္ပါယ်ကား။ ။လူတို့၏ သွားလာရာ ခရီးသည် ရှေ့စဉ်ကို မကျော်မလွှားဘဲ အစဉ်သွားဘိသကဲ့သို့ ထိုအတူ စိတ္တနိယာမ အတိုင်းဖြစ်သော စိတ်တို့၏ အစဉ်သည်လည်းဖြစ်သင့်သော စိတ်တခုနှင့်တခု မကျော်မလွှားမူ၍ အစဉ်အတိုင်း ဖြစ်တတ်သောကြောင့် ဝီထိမည်၏။ ။(ဝီဓာတ်-ထိ-ပစ္စည်း၊ ဒိဝါဒိဂိုဏ်း ဖြစ်၍ ယ-ပစ္စည်းသက်၍ ဝိယန္တိ ဟု ရုပ်နေရ၏။ဝိ-ဟု ရဿနှင့် ရုပ်မရှိစေသင့်၊ သတိပြု)။

ထိုဝီထိသည်လည်း ပဉ္စဒွါရဝီထိ, မနောဒွါရ ဝီထိအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပဉ္စဒွါရဝီထိသည်လည်း စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ,ဃာနဒွါရဝီထိ,ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ အားဖြင့်

ငါးပါး အပြားရှိ၏။ ဝါ၊စက္ခုဝိညာဏဝိထိ,သောတ ဝိညာဏဝိထိ, ဃာန ဝိညာဏဝိထိ, ဇိဝှါဝိညာဏဝိထိ, ကာယဝိညာဏဝိထိ-အားဖြင့် ၅-ပါး အပြားရှိ၏။ ထိုငါးပါးတို့တွင် စက္ခုပသာဒကိုမှီ၍ ဖြစ်သော ဝိထိစိတ် အစဉ်သည် စက္ခုဒွါရဝိထိမည်၏။သောတပသာဒကို မှီ၍ဖြစ်သော ဝိထိစိတ် အစဉ်သည် သောတဒွါရဝိထိမည်၏။ ဃာနပသာဒကို မှီ၍ဖြစ်သော ဝိထိ စိတ်အစဉ်သည် ဃာနဒွါရဝိထိမည်၏။ ဇိဝှါပသာဒကို မှီ၍ဖြစ်သော ဝိထိ စိတ်အစဉ်သည် ဇိဝှါဒွါရဝိထိမည်၏။ ကာယပသာဒကို မှီ၍ဖြစ်သော ဝိထိစိတ်အစဉ်သည် ကာယဒွါရဝိထိမည်၏။ ။တနည်း။ စက္ခုဝိညာဏ်ဖြင့် မှတ်ပြုအပ်သော ဝိထိသည် စက္ခုဝိညာဏဝိထိမည်၏။ပ။ ကာယဝိညာဏ်ဖြင့် မှတ်အပ်သော ဝိထိသည် ကာယဝိညာဏဝိထိ မည်၏။ ဟူလို။ ။*ဤ၌ မှတ်ပြုဟူသည်၊ စက္ခုဝိညာဏ် စသည်နှင့် တူသောအရုံ, တူသောဒွါရ ရှိ၍ အတူအကွဖြစ်သော စိတ်အစဉ် ဟု ဆိုလိုသည်။

---

**ဝိသယပ္ပဝတ္တိ ခြောက်ပါး**

**၇။ ။အတိမဟန္တံ မဟန္တံ ပရိတ္တံ အတိပရိတ္တန္တိ။ပ။ဆဓာ ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ၊ ။သင်္ဂြိုဟ်ပါဠိ။**

---

ပဉ္စဒွါရ၌ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ-ဟူ၍ ၄-ပါး၊မနောဒွါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံ ဟူ၍ ၂-ပါး၊ဤသို့အားဖြင့် ဝိသယပဝတ္တိသည် ခြောက်ပါး အပြားရှိ၏ ဟု သိအပ်၏၊ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အတိမဟန္တာရုံ စသည် အဓိပ္ပါယ်**

အတိမဟန္တံ အာရမ္မဏန္တိ အတိမဟန္တာရမ္မဏံ။

အတိမဟန္တံ၊ အလွန်တရာ အားကြီး ထင်ရှားလှသော။ အာရမ္မဏံ၊ အာရုံတည်း။ ဣတိ၊ ကြောင့်။ အတိ မဟန္တာရမ္မဏံ၊ အတိမဟန္တာရုံ မည်၏။ ။အလွန်ထင်ရှား အားကြီးသော အာရုံငါးပါးသည် အတိမဟန္တာရုံ မည်၏။ ဟူလို။

မဟန္တံ အာရမ္မဏန္တိ မဟန္တာရမ္မဏံ။

မဟန္တံ၊ အားကြီး ထင်ရှားသော။ အာရမ္မဏံ၊ အာရုံတည်း။ ဣတိ၊

ကြောင့်။ မဟန္တာရမ္မဏံ၊ မဟန္တာရုံမည်၏။ ။သင့်ရုံ အားကြီး ထင်ရှား သော အာရုံငါးပါးသည် မဟန္တာရုံ မည်၏။ ။ဟူလို။

ပရိတ္တံ အာရမ္မဏန္တိ ပရိတ္တာရမ္မဏံ။

ပရိတ္တံ၊ အားနည်းသော။ အာရမ္မဏံ၊ အာရုံတည်း။ ဣတိ၊ ထိုကြောင့်။ ပရိတ္တာရမ္မဏံ၊ ပရိတ္တာရုံမည်၏။ ။မထင်ရှား မသိသာ အားနည်းသော အာရုံငါးပါးသည် ပရိတ္တာရုံ မည်၏။ ။ဟူလို။

အတိပရိတ္တံ အာရမ္မဏန္တိ အတိပရိတ္တာရမ္မဏံ။

အတိပရိတ္တံ၊ အလွန်တရာ အားနည်းလှသော။အာရမ္မဏံ၊အာရုံတည်း။ ဣတိ၊ကြောင့်။ အတိပရိတ္တာရမ္မဏံ၊အတိပရိတ္တာရုံ မည်၏။ ။အလွန်တရာ မသိမသာ မထင်ရှား အားနည်းလှသော အာရုံငါးပါးသည် အတိပရိတ္တာရုံ မည်၏။ ။ဟူလို။

ထိုသို့ အာရုံ၏ ထင်ရှားမှု, မထင်မှု အားလျော်စွာ ဝီထိ စိတ္တက္ခဏ တို့သည်လည်း အနည်းအများ ကွဲပြားကုန်၏။ ။ထို့ကြောင့် မဟန္တ၏ အရ၊ပစုရတ္ထ အနက်ကြီးပါမူ အလွန်များသော စိတ္တက္ခဏရှိသော အာရုံ သည် အတိမဟန္တာရုံမည်၏။ပ။ အလွန်တရာ နည်းသော စိတ္တက္ခဏ ရှိသော အာရုံသည် အတိပရိတ္တာရုံ မည်၏။ ဟုလည်း မှတ်လေ။ ။ ထိုအတိမဟန္တာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်သည် အတိမဟန္တာရုံ ဝီထိမည်၏။ပ။အတိပရိတ္တာရုံကို အာရုံပြု၍ဖြစ်သော ဝီထိစိတ်သည် အတိ ပရိတ္တာရုံဝီထိမည်၏ ဟု သိ။

ဝိဘာဝေတီတိ ဝိဘူတံ။

ယံ၊အကြင် အာရုံသည်။ ဝိဘာဝေတိ၊ ထင်ရှားစွာဖြစ်တတ်၏။ ဣတိ၊ ကြောင့်။တံ၊ထိုအာရုံသည်။ဝိဘူတံ၊ဝိဘူတ မည်၏။

ဝိဘူတံ၊အာရမ္မဏန္တိ ဝိဘူတာရမ္မဏံ။

ဝိဘူတံ၊ထင်ရှားသော။အာရမ္မဏံ၊အာရုံတည်း။ဣတိ.ကြောင့်။ ဝိဘူတာ ရမ္မဏံ၊ ဝိဘူတာရုံ မည်၏။ ။ထင်ထင်ရှားရှား ဖြစ်သော အာရုံသည် ဝိဘူတာရုံ မည်၏။ ။ၛင်းဝိဘူတာရုံကို အာရုံပြု၍ဖြစ်သော ဝီထိစိတ်သည် ဝိဘူတာရုံဝီထိ မည်၏။ ။ဟူလို။

န ဝိဘူတန္တိ အဝိဘူတံ။ ။ဝိဘူတံ၊ထင်ရှားသော အာရုံအည်။န၊မဟုတ်။

ဇာတိ၊ကြောင့်။ အဝိဘူတံ။ အဝိဘူတမည်၏။ ။အဝိဘူတံ အာရမ္မဏန္တိ အဝိဘူတာရမ္မဏံ။ ။အဝိဘူတံ၊ မထင်ရှားသော။ အရမ္မဏံ၊ အာရုံတည်း။ ဇာတိ၊ ကြောင့်။ အဝိဘူတာရမ္မဏံ၊ အဝိဘူတာရုံမည်၏။ ။မထင်ရှားသော အာရုံသည် အဝိဘူတာရုံ မည်၏။ ။ငင်း အဝိဘူတာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်သည် အဝိဘူတာရုံ ဝီထိမည်၏။ ။ဟူလို။

---

## ဝိသယပ္ပဝတ္တိ အဓိပ္ပါယ်

ဝိသယပ္ပဝတ္တိသည် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ, ဝီထိမုတ် စိတ်တို့၏ ဝိသယပ္ပဝတ္တိ-ဟူ၍ နှစ်မျိုး နှစ်စား ရှိနေ၏။ ။ထိုတွင် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိကို—

ဝိသယာနံ ဒွါရေသု ပဝတ္တိ ဝိသယပ္ပဝတ္တိ။

ဟုပြု။ ။ဝိသယာနံ၊အာရုံခြောက်ပါးတို့၏။ဒွါရေသု၊ ဒွါရခြောက်ပါးတို့၌။ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဝိသယပ္ပဝတ္တိ၊ ဝိသယပ္ပဝတ္တိမည်၏။ ။အဓိပ္ပါယ်ကား။ ။ရူပါရုံစသော အာရုံခြောက်ပါးတို့၏ ဒွါရခြောက်ပါးတို့၌ အသီးသီး ရှေးရှုကျခြင်း, ထင်မြင်လာခြင်းသည် ဝိသယပ္ပဝတ္တိ မည်၏။ ။ဟူလို။ ဤကား ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ အဓိပ္ပါယ်တည်း။ ။ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိကိုကား—

ဝိသယေသု စိတ္တာနံ ပဝတ္တိ ဝိသယပ္ပဝတ္တိ။

ဟုပြု။ ။ဝိသယေသု၊ အာရုံတို့၌။ စိတ္တာနံ၊ ပဋိသန္ဓေစသော စိတ်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဝိသယပ္ပဝတ္တိ၊ ဝိသယပ္ပဝတ္တိမည်၏။ ။အနက်ပေး။ အဓိပ္ပါယ်ကား။ ။ကံတည်းဟူသော အာရုံ, ကမ္မနိမိတ်, ဂတိနိမိတ် တည်းဟူသော အာရုံတို့၌ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်တို့၌ငင်း၊ ပဝတ္တိ အခါ ဘဝင်စိတ်တို့၌ငင်း၊ စုတိမနေ သေလွန်သောအခါ စုတိစိတ်၏ငင်း၊ အာရုံပြုခါ ဖြစ်မှုသည် ဝိသယပ္ပဝတ္တိမည်၏။ ။ဟူလို။

ဤကား ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ အဓိပ္ပါယ်တည်း။

ဝိသယာနံ ပဝတ္တိ,ဝိသယေသု ပဝတ္တီတိ ဇာမေသု ဒွိသု
အတ္ထေသု။ပ။ဝေဒိတဗ္ဗော။ တထာ ဟိ ဝက္ခတိ။ ။ပဉ္စဒွါရေ
မနောဒွါရေတိ။ ။မဏိမဉ္ဇူသာဋီကာ။

## ဆောင်ပုဒ်

အာရုံ ခြောက်ပါး၊ဒွါရများ၌၊ထင်ရှား ဖြစ်စု၊အကြောင်းပြု၊ခေါ် မှု-
ဝိသယပ္ပဝတ္တိတည်း။

---

## စိတ်၏ အသက်ဖြစ်သော ခဏငယ် ခဏကြီး

၈။ ။ဧကစိတ္တက္ခဏိကာ၊ ဥပ္ပါဒဋ္ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ။

သင်္ဂြိုဟ်ပါဌ်။

---

ဆိုအပ်ပြီးသော အတိမဟန္တာရုံစသော ဝိသယပ္ပဝတ္တိတို့၏ ဖြစ်ပုံကို ဆိုပေအံ့။ ။ထိုဝိသယပ္ပဝတ္တိကို မဆိုမီ၊ စိတ်တို့၏ကာလ အရှည်အကြာ အသက်အပိုင်းအခြားကို သိသင့်၏။ ။ဝီထိစိတ် တပါးပါး၏ အသက် သည် ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ တို့၏ အစွမ်းဖြင့် ခဏသုံးချက် အသက် ရှိ၏။ ဝီထိစိတ်တို့သည် ခဏသုံးချက်တိုင်အောင်သာ အသက်ရှည်ကုန်၏။ ။ ဟူလို။ ဤကား ဝိဂ္ဂဟထ္ထ။

---

## ဥပါဒ် ဌီ ဘင် အဓိပ္ပါယ်

ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ ။ဥပ္ပဇ္ဇနံ၊ဖြစ်ခြင်း။ဥပ္ပါဒေါ၊ဖြစ်ခြင်း။ ။ဖြစ်ပေါ်ရန် အကြောင်း ပြည့်စုံညီညွတ်၍ ပရမတ္ထ သင်္ခတ သဘောတရားတို့၏ ရှေးဦး စွာ ဖြစ်ပေါ်လာသောအခါ ခဏသည် ဥပါဒ် ခဏမည်၏-ဟူလို။

ဌာနနံ ဌိတိ။ ။ဌာနနံ၊တည်ခြင်း။ဌိတိ၊တည်ခြင်း။ ။ဖြစ်ပေါ်ပြီးသော ပရမတ္ထတရား သင်္ခတတို့၏ မချုပ်သေးမီ တည်နေသော အခိုက်အတန့် အခါ ခဏသည် ဌီ ခဏမည်၏။ ။ဟူလို။

ဘဉ္ဇနံ ဘင်္ဂေါ။ ။ဘဉ္ဇနံ၊ ပျက်စီးချုပ်ပျောက်ခြင်း။ ဘင်္ဂေါ၊ ပျက်စီး ချုပ်ပျောက်ခြင်း။ ။ဖြစ်ပေါ်ပြီးသော ပရမတ္ထ သင်္ခတ တရားဒြဗ်တို့၏ ကွယ်ပျောက် ချုပ်ဆုံးသောအခါ ခဏသည် ဘင် ခဏမည်၏။ ။ဟူလို။

သင်္ခတမ္မေဟိ ဥပ္ပါဒက္ခဏေဟေဝ သဘာဝပ္ပဋ္ဌိလာဘော။ပ။
ဒဗ္ဗဝိနာသော။ ။မဏိမဉ္ဇူသာဋီကာ။

## သောင်ချုပ်

က။ ။သန်တ ပရမတ်။ ဖြစ်လတ်အစ၊ ယင်းခဏ၊ မှတ်ကြ- ဥပါဒ်တည်း။
ခ။ ။ဖြစ်ပြီး သန်တတ်၊တည်လတ်စဉ်ခါ၊ငြီဟုသာ၊မှတ်ပါ-အမြဲတည်း။
ဂ။ ။ဖြစ်ပြီး သန်တတ်၊ပျက်လတ်ခဏ၊ ထိုကာလ၊ မှတ်ကြဘင်-ဟုသာ။

---

## ငြီ၏အရ နာနာဝါဒ ရှင်းလင်း သုံးဖြတ်ချက်

ပဌမဥ္စ ပဋိသန္ဓိစိတ္တံ၊ ဒုတိယံ ဘဝင်္ဂ၊ တတိယံ ဘဝင်္ဂ။ပ။
သောဠသမံ ဘဝင်္ဂ၊တေသု ဧကေကဿ ဥပ္ပါဒဋ္ဌိတိ ဘင်
ဝသေန တယော တယော ခဏာ။

ခန္ဓဝိဘင်း သမ္မောအဋ္ဌကထာ။

ဟိ၊ အကျယ်တဝင့် ချဲ့ဘွင့်၍ ပြဆိုဦးအံ့။ ပဌမံ၊ ဤပစ္စုပ္ပန် ဘဝ၌ ရှေးဦးစွာ။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်ငင်း။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။ ဘဝင်္ဂ၊ ဘဝင် စိတ်သည်ငင်း။ တတိယံ၊ သုံးကြိမ်မြောက်။ ဘဝင်္ဂ၊ ဘဝင် စိတ်သည်ငင်း။ပ။သောဠသမံ၊ တဆဲ့ခြောက်ကြိမ်မြောက်။ ဘဝင်္ဂ၊ ဘဝင် စိတ်သည်ငင်း။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။(ထည့်)။ တေသု၊ ထိုစိတ်အပေါင်းတို့တွင်။ ဧကေကဿ၊ တခုခုသောစိတ်၏။ ခဏာ၊ ခဏတို့သည်။ ဥပ္ပါဒဋ္ဌိတိဘင် ဝသေန၊ ဥပါဒ်,ငြီ,ဘင်တို့၏ အစွမ်းဖြင့်။တယော တယော၊ သုံးပါး သုံးပါး တို့သာတည်း။ ဝါ၊ တယော တယော၊ သုံးပါး သုံးပါးကုန်သော။ ခဏာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့လျှင် အဋ္ဌကထာ ဆရာမြတ်နှင့်တကွ အရှင်အနုရုဒ္ဓါ ဆရာ တို့သည် စိတ်သက်တို့သည် ဥပါဒ်,ငြီ,ဘင်-အားဖြင့် သုံးပါး အပြားရှိကုန် ၏ဟု ယူဆသုံးဖြတ် မိန့်ဆိုလတ်ကုန်၏။ ။သို့သော် မူလဋီကာဆရာ အရှင် အာနန္ဒာသည်ကား ငင်းခန္ဓဝိဘင်း အဘွင့်၌—

ယော စေတ္ထ စိတ္တဿ ဌိတိက္ခဏော ဝုတ္တော၊သော စ အတ္ထိ
နတ္ထိတိ ဝိစာရေတဗ္ဗော။ စိတ္တယမကေ ဟိ ဥပ္ပန္နံ၊ ဥပ္ပဇ္ဇမာ
နန္တိ ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနန္တိ တွောကမေဝ
ဝုတ္တံ၊ န ဝုတ္တံ ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စာတိ။

ဟု မိန့်ဆိုတော် မူလေသည်။ ။စ၊ဆက်၍ ဆိုဦးအံ့။ ထွေ၊ ဤခဏ

အဆုံးအဖြတ်၌။ စိတ္တဿ၊ စိတ်၏။ ယော ဌိတိက္ခဏော၊ အကြင် ဌီ ခဏကို။ ဝုတ္တော၊ အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်၏။ စ၊ ယင်းသို့ပင် အဋ္ဌကထာ ဆရာကြီး ကိုယ်တော်တိုင်ကပင် မိန့်ဆိုအပ်သော စကားရပ် ဖြစ်လင့် ကစား။(စသဒ္ဒါ-အရုစိ)။ သော၊ ထို ဌီခဏကို။ အတ္ထိ၊ ရှိသလော။ နတ္ထိ၊ မရှိ သလော။ ဣတိ၊ ဤသို့။ ဝိစာရေတဗ္ဗော၊ အထူးသဖြင့် စုံစမ်းအပ် စုံစမ်း သင့်၏။ ။ကသ္မာ၊ အဘယ့်ကြောင့် စုံစမ်း စစ်ဆေးအပ်ပါသနည်း-ဟူမူ ကား။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဝါ၊ ဟိ-မှန်၏။ စိတ္တယမကေ၊ စိတ္တ ယမိုက်၌။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော စိတ်သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲလော။ ဣတိ၊ ဤသို့ သော အမေးသည်။ သတိ၊ ရှိသော်။ ဘင်္ဂက္ခဏေ၊ ဘင်ခဏ၌။ ဥပ္ပန္နံ၊ ဖြစ်ပြီးသည် မည်၏။ နော စ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲမမည်။ ဣတိ ဧတ္တကမေဝ၊ ဤမျှ အတိုင်းအရှည်ရှိသော ဘင်ခဏ တပါးတည်းကိုသာလျှင်။ ဝုတ္တံ၊ ပိဋက ထုတ်တော်မူ၍ ဟောတော်မူအပ်၏။ ဌိတိက္ခဏေ, ဘင်္ဂက္ခဏေ စာတိ၊ ဌိတိက္ခဏေ စ ဘင်္ဂက္ခဏေ စ၊ဟူသောစကားကို။ န ဝုတ္တံ၊ရှင်တော် ဘုရား ဟောကြားတော်မမူအပ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိစာရေ တဗ္ဗော၊ စုံစမ်းစစ်ဆေးအပ်၏။

အဓိပ္ပါယ်ကား····စိတ္တယမိုက် ပါဠိတော်၌ မြတ်စွာဘုရားသည် ဥပ္ပါ ဒက္ခဏေ ဘင်္ဂက္ခဏေ- ဟူ၍ သာလျှင် ဟောတော်မူအပ်၏။ ဌိတိက္ခဏေ ဟု ဟောကြားတော်မမူအပ်။ ထို့ကြောင့် ဥပါဒ်ခဏ,ဘင်ခဏ ၂-ပါးသာ ရှိသင့်၏။ ဌီ ခဏ မရှိသင့်။ ။အင်္ဂုတ္တိုရ် ပါဠိတော်၌-

ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ။
ဌိတဿ အညထတ္တံ ပညာယတိ။ ။

ဟူ၍ ဟောကြားတော်မူအပ်သော ဌိတဿ-၏ အရ ကိုလည်း ဌီခဏ ဟု မယူရ၊ စိတ်, စေတသိက်တို့၏ ဖြစ်စဉ်အပေါင်း ဟု ဆိုအပ်သော သန္တတိဌီ ပဗန္ဓဌီကို သာလျှင် ဟောကြားတော်မူ၏။ အဘယ့်ကြောင့် ဆိုသော် ၎င်းပါဠိတော်၌''ဥပ္ပါဒေါ ဝယော''ဟုဥပါဒ်နှင့်ဘင်ကို ဟောပြီး နောက်၌ ပညာယတိ ကြိယာကို ပိုင်းခြားပြီးမှ ''ဌိတဿ'' ဟု ဌီကို နောက်မှ ဟောတော်မူသောကြောင့် ဟူလို။

* ဤကား မူလဋီကာဆရာ၏ အလိုတော်ကျ အဓိပ္ပါယ်တည်း။

## အနုဋီကာဆရာ၏ ဆုံးဖြတ်ချက်

ဤ၌ အနုဋီကာ ကျမ်းပြုသခင် အရှင်ဓမ္မပါလ ဆရာသည်ကား—

ဥပ္ပါဒါဝတ္ထုမှိ ဥပါဒါယ ဥပ္ပါဒက္ခဏော။ နိရောဓာဝတ္ထုံ ဥပါဒါယ
နိရောဓက္ခဏော။ပ။ နိရောဓာဘိမုခါဝတ္ထာယပိ ဘဝိတဗ္ဗံ။ သာ
ဌိတိ-ဇရတာ စာတိ သမ္ပဋိစ္ဆိတဗ္ဗမေတံ။

ဟု မိန့်ဆိုဖွင့်လှစ် ဆုံးဖြတ်တော်မူအပ်၏။

အဓိပ္ပါယ်ကားဌီခဏကို ပေါ်လွင်စေရန် ဥပါဒ်-ခဏ-ဘင်ခဏ တို့၏ အဓိပ္ပါယ်ကို စိစစ်ရာ၏။ စိစစ်ပုံကား····ပရမတ္ထသင်္ခတ တရားတို့၏ ဖြစ်စ အခိုက်အတန့် ကာလကို အကြောင်းပြု၍ ဥပါဒ်ခဏ ဟု ဆိုအပ်၏။ ၎င်း ဥပါဒ်ပြီးသော ပရမတ္ထ သင်္ခတ တရားတို့၏ ချုပ်ငြိမ်း ကွယ်ပျောက်သော အခိုက်အတန့် အခါခဏကို အစွဲပြု၍ ဘင်ခဏ ဟု ဆိုအပ်၏။ ၎င်းဥပါဒ်မှ, ချုပ်ငြိမ်းမှုဖြစ်သော သင်္ခတတရားသည် တပါးတည်းပင် ဖြစ်လင့်ကစား၊ ဥပါဒ်ခဏနှင့် ဘင်ခဏ ၂-ပါးမှုကား ကွဲပြား ခြားနားလျက် ရှိသကဲ့သို့ ထိုအတူ ချုပ်ငြိမ်းကွယ်ပျောက်သော ဘင်ခဏ ရှိသင့် ဖြစ်သင့်ပါမူ ဘင်သို့ ရှေးရှုသော အခိုက် အတန့်သည်လည်း ဖြစ်သင့် ရှိသင့်၏။ ထိုဘင်သို့ ရှေးရှုသော အခိုက်အတန့် ခဏ အခါသည် ဌီခဏ မည်၏။ ထိုစကား မှန်၏၊နာမ်တရားတို့၏ ဖြစ်ပြီးသည်နောက် မပျက်စီးမီအခါ ရင့်ကျက်သော ကာလသည် ဇရတာ မည်၏ ဟု ဟောကြားတော်မူအပ်၏။ အကယ်၍ ဌီခဏသာ မရှိခဲ့ပါက ဇရတာ ဟု ရှင်တော်ဘုရား ဟောကြားတော် မမူသင့်ရာ၊ ဟောကြားလျက်လည်း ရှိသောကြောင့် ဌီခဏရှိ၏ ဟု ကေန် မုချ မှတ်သားသင့်၏။

ထိုသို့ ဖြစ်ပါက အဘယ့်ကြောင့် စိတ္တယမိုက် ပါဠိတော်၌ ဌီခဏကို မဟောအပ်ပါသနည်း ဟူမူ။ ။ဌီခဏမရှိ၍ ဌိတိက္ခဏေ ဟု မဟော

---

ဟိ၊ ယဉ်းစကားထင်ရှားစွာ သော်ပြဦးအံ့။ ။"ဟိသဒ္ဒါတဗ္ဗါကဋီကရ"။ဥပ္ပါဒါဝတ္ထုံ၊ ဥပါဒ်အခိုက်အဘန့်ကို။ဥပါဒါယ၊ အစွဲပြု၍။ဥပ္ပါဒက္ခဏော၊ ဥပါဒ်ခဏောသည်။ဟောတိ၊ဖြစ်၏။ နိရောဓာဝတ္ထုံ၊ချုပ်သော အခိုက်အဘန့်ကို။ဥပါဒါယ၊အစွဲပြု၍။ဝါ၊အကြောင်းပြု၍။နိရောဓက္ခဏော၊ ဘင်ခဏသည်။ ဟောတိ၊ ၏။စ၊ဆက်၍ ပြဆိုဦးအံ့။ ကေသွံ ယေဝ သဘာဝဓမ္မော၊တခု တည်းသာဖြစ်သော သင်္ခတ တရားသဘော၌။ဝါ၊သဘာဝဓမ္မ၊တရားသဘောသည်။ကေသွံ ယေဝပိ၊တပါးတည်းသာ ဖြစ်လင့်ကစား (ဝိသဒ္ဒါ လုဒ္ဓနိဒ္ဒိဋ္ဌ-ဂရုမန်)ဥပ္ပါဒါဝတ္ထာယ၊ဥပါဒ် အခိုက်အဘန့်မှ။ဘိန္နာ၊ကွဲပြားသောကာလကို။နိရောဓဝတ္ထာတိ၊ ဘင်ခဏဟူ၍။ ဣစ္ဆိတဗ္ဗာ ယထာ၊အလိုရှိအပ်သကဲ့သို့။(ဒဝံ-ဌ္ဓစဝ်)။အညထာ၊ ဤသို့ယူသည်မှတပါး။ ကေဒိဆရာတို့ယူ သော အပြားအားဖြင့်။ ဂဟ္မာခနေ၊ယူအပ်ပါမူကား။ ။အညော၊တပါးတခြားသာလျှင် ဖြစ်

အပ်သည် မဟုတ်။ ဝေနေယျတို့၏ အလိုအား မဆန့်ကျင်စေမူ၍ မိဂပဒ ဝလဉ္ဇန နည်း အားဖြင့် သား သမင်၏ သက်ရာ တက်ရာ၌ ခြေရာကိုမြင် သဖြင့် ကျောက်ဖျာ၏ အလယ်၌ သမင်များ သွားကြသည်ကို သိရသကဲ့သို့ ဥပါဒ်နှင့် ဘင်ကို ဟောသဖြင့် အလယ်၌ ဌီခဏ ရှိသည်ကို သိစွမ်းနိုင် သောကြောင့် ဟောတော်မမူအပ်။ ၎င်းမူလ ဋီကာ ဆရာ ကိုးကားပြအပ် သော သုတ္တန် ပါဠိတော်၌လည်း နာမ်တရားတို့၏ ဘောက်ပြန်ပုံကို ထင်ရှားစေခြင်းငှါသာ ဥပါဒ်နှင့် ဘင်ကို ဟောတော်မူပြီး၍ ဌီခဏကို နောက်မှ ဟောတော်မူသည်။ သန္တတိဌီ-ပဗန္ဓဌီကို ဟောသည်-ဟု မယူ အပ်ချေ။ခဏဌီကိုသာ တိုက်ရိုက် ဟောကြားတော်မူအပ်၏ ဟု ယူအပ်၏။ ။ ဟူလို။

ဤကား အနုဋီကာ ဆရာ၏ အဆုံးအဖြတ်တည်း။

---

## ရုပ်သက် ခဏ

၉။ ။တာနိ ပန သတ္တရသစိတ္တက္ခဏာနိ ရူပဓမ္မာနမာယု။
သင်္ဂြိုဟ်ပါဌ်။

---

ထိုစိတ္တက္ခဏ ၁၇-ချက်တို့သည် ရုပ်တရားတို့၏ အသက် ဖြစ်ကုန်၏။ ဝိညတ်ဒွေ၊ လက္ခဏရုပ်ဘို့မှ တပါးသော ရုပ်တရား တို့သည် စိတက္ခဏ ၁၇-ချက်ကာလ အသက်ရှည်ကြာ တည်တန့်နိုင်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

စိတ်စေတသိက်တို့၏ အသက်သည် ခဏငယ် ၃-ချက်မျှသာ အသက် ရှိ၏။ ဝိညတ်ဒွေ၊ လက္ခဏရုပ် လေးခုတို့မှ တပါးသော ၂၂-ပါးသော

သော။ဓမ္မော၊ဘရေးသည်။ဥပ္ပစ္စတိ၊ဖြစ်၏။ အသေဝ၊တပါးဘခြားသာ လျှင်ဖြစ်သော၊ဓမ္မော၊ တရော သည်။နိရုဇ္ဈတိ၊ချုပ်၏။ ဣတိ အယံ အတ္ထော၊ ဤအနက် အဓိပ္ပါယ်သည်။ အာပဇ္ဇေယျ၊ ကျရောက်ရာ၏။(ဣတိသဒ္ဒါ ဣဒမတ္ထ)။ဝေ၊ ဤသို့ တရားသဘောဘပါးတည်း ဖြစ်ပါလျက်။အ ခိုက်အတန့်ကိုခွဲ၍။ဥပါဒ်ဒေး၊ဘင်ဒေး၂-ပါးပြားသင့်သည်အတူသာ လျှင်။နိရောဓဝတ္ထာယ၊ နိရောဓအခိုက်အတန့်သည်။ဘဝိတဗ္ဗံ ဝိယ၊ဖြစ်ရသင့်, ဖြစ်ဆိုက်သကဲ့သို့။ နိရောဓာဘိမုခါဝတ္ထာ ယပိ၊ နိရောဓာဘင်ခဏသို့ ရှေးရှုသော အခိုက်သည်လည်း။ ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ ဝါ၊ဖြစ်သင့် ဖြစ်ဆိုက်၏။ သာ၊ ထိုနိရောဓာဘင်ခဏသို့ ရှေးရှုသော အခိုက်အတန့်သည်။ ဌီတိ စ၊ဌီလည်း မည်၏။ဇရတာ စ၊နဲ့သစ်ဇရတာလည်းမည်၏။ ဣတိတော်၊ဤသို့ ယထာဘူတ အဓိပ္ပါယ်စကား ကျကုံ။ သမ္ဗန္ဓိဋ္ဌိတဗ္ဗံ၊ ပြင်းပယ်မလှန် ဝန်ခံအပ်၏။ ဝါ၊ဝန်ခံသင့်၏။

ရုပ်တို့၏ အသက်သည် ခဏကြီးအားဖြင့် စိတ္တက္ခဏ ၁၇-ချက် အသက်ရှည်၏။ ။ခဏငယ်အားဖြင့် ၅၁-ချက် အသက်ရှည်၏ ဟု ဆိုလိုသည်။ အဘယ့်ကြောင့် စိတ်သက်သက်နှင့် ရုပ်သက်တို့သည် အသက် မတူကြပါသနည်း ဟူမူ။ ။စိတ်စေတသိက်တရားတို့သည် အကောင်အထည် အတုံးအခဲ့သဘောမှ ကင်းဆိတ်သောကြောင့် လျင်မြန်စွာ ဖြစ်တတ် ဘောက်ပြန်တတ် ပျက်စီးတတ်ကုန်၏။ ရုပ်တရား တို့သည်ကား အကောင်ထည် အတုံးအခဲ သဘောရှိသောကြောင့် နှေးကန်စွာ ဖြစ်တတ် ဘောက်ပြန်တတ် ပျက်စီးတတ် ကုန်၏။ ရုပ်တရားတို့ မပျက်စီးမီပင် ၁၆-ကြိမ်မျှ စိတ်တို့သည် ဖြစ်ကုန်၍ ချုပ်ငြိမ်း ကုန်၏။ ရုပ်မူကား ၁၇-ကြိမ်သော စိတ်နှင့်မှ အတူချုပ်လေ၏။ သို့ဖြစ်၍ ဖြစ်ပေါ်လာသော ရုပ်တရားတို့၏ အရှည်အကြာ ကာလအတွန့်သည် ဖြစ်ချုပ်လေသောစိတ် ၁၇-ကြိမ်မျှ အတွန့်ရှည်ကြာ၏ ဟု ဆိုလိုပေသတည်း။

ရူပံ ဂရုပရိဏာမံ၊ဒန္ဒနိရောဓံ၊ အရူပံ လဟုပရိဏာမံ။ပ။ တံ ပန သတ္တရသမေန စိတ္တေန သဒ္ဓိံ နိရုဇ္ဈတိ။

သမ္မော အဋ္ဌကထာ။

---

## ရုပ်သက် နာမ်သက် တို့၏ ဥပမာ

ဝင်းရုပ်သက် နာမ်သက်တို့၏ ဖြစ်ပုံသည် သစ်ပင်ပေါ်မှ တပြိုင်နက် ကြွေကျလာကုန်သော သစ်ရွက်သစ်သီးတို့နှင့် တူကုန်၏။ ။တူပုံကား။ တယောက်သော ယောကျ်ားသည် အသီးကို ကျစေရန် တုတ်လှန်ကန်ဖြင့် ပစ်ခတ်ပုတ်ခတ်ချလေရာ အသီးတို့သည်ဝင်း သစ်ရွက်တို့သည်ဝင်း တပြိုင်နက် အညာမှ ကြွေကျလာကုန်၏။ ထိုကျလာသော အသီး အရွက်တို့တွင် အသီးတို့သည် ဝန်လေးသောကြောင့် မြေသို့ ရှေးဦးပဌမ လျင်မြန်စွာ ကျရောက်ကုန်ရာ၏။ အရွက်တို့သည်ကား ပေါ့ပါးသောကြောင့်

---

၉-က။ ။ရူပံ၊ ရုပ်တရားသည်။ ဂရုပရိဏာမံ၊ လေးသောဘောက်ပြန်ခြင်းရှိ၏။ ဒန္ဒနိရောဓံ၊ နှေးသော ချုပ်ငြိမ်းခြင်းရှိ၏။ အရူပံ၊ နာမ်တရားသည်။ လဟုပရိဏာမံ၊ လျင်သောဘောက်ပြန်ခြင်းရှိ၏။ ခိပ္ပနိရောဓံ၊ မြန်သော ချုပ်ငြိမ်းခြင်း ရှိ၏။ ရူပေ၊ ရုပ်တရားသည်။ ဓရန္တေယေဝ၊ ထင်ရှားရှိသည်သာလျှင်။ ဝါ၊ မချုပ်သေးမီပင်လျှင်။ စိတ္တာနိ၊ စိတ်တို့သည်။ သောဠသ၊ တဆဲ့ခြောက်ကြိမ်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ပန၊ ရုပ်၏ချုပ်ချိန်ကိုဆိုဦးအံ့။ တံ၊ ထိုရုပ်သည်။ သတ္တရသမေန၊ တဆဲ့ခုနစ်ကြိမ်မြောက်ဖြစ်သော။ စိတ္တေန၊ စိတ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ နိရုဇ္ဈတိ၊ ချုပ်ငြိမ်းကွယ်ပျောက်လေ၏။ ။သင်္ဂြိုဟ်ဆရာသည်လည်း ဤအဋ္ဌကထာ အရကို ထောက်ထား၍ သတ္တရသစိတ္တက္ခဏာနိ ဟူသောစကားကို မိန့်ဆိုအပ်လေသတည်း။

ဖြေးနှေးစွာ နောက်မှ မြေသို့ကျကုန်ရာ၏။ ထိုအတူပင် အညှာမှ အသီးနှင့် အရွက်တို့၏ တပြိုင်နက် ကြွေကျသော အခါကဲ့သို့ ပဋိသန္ဓေအခါ၌ ရုပ်နှင့် နာမ်တရားတို့၏ တပြိုင်နက် ဖြစ်မှုကို မှတ်အပ်၏။ အသီးတို့၏ ဝန်လေးသောကြောင့် ရှေးဦးစွာ မြေသို့ ကျသကဲ့သို့ ရုပ်တရား၏ မချုပ်သေးမီ နာမ်တရားတို့၏ ၁၆-ကြိမ်တိုင်တိုင် ဖြစ်မှု,ပျက်မှုကို သိအပ်၏။ ။ အရွက်တို့၏ ပေါ့ပါးသောကြောင့် နောက်မှ မြေသို့ ကျဘိသကဲ့သို့ ရုပ်တရားတို့၏ တဆဲ့ခုနစ်ကြိမ်မြောက်သော စိတ်နှင့်မှ အတူချုပ်ငြိမ်း ကွယ်ပျောက်မှုကို သိအပ်၏။

ထိုသို့ နာမ်သည် မြန်၍ ရုပ်သည် လေးငြား သော်လည်း ရုပ်နှင့် နာမ်တို့သည် တခြားစီဖြစ်၍ ရုပ်သည် နာမ်ကို စွန့်ပစ်၍ မဖြစ်နိုင်၊ နာမ်သည်လည်း ရုပ်ကို စွန့်ပစ်၍ မဖြစ်နိုင်။ ဤရုပ်နာမ်တရားတို့သည် တူမျှသော ဖြစ်ခြင်း ရှိကုန်၏။ ။လောက၌ ဥပမာဆိုသော် ပုသောသူနှင့် ခြေရှည်သော သူနှစ်ယောက်တို့သည် တပြိုင်နက် ခရီးကို သွားကြသည်ရှိသော် ခြေရှည်သောသူ၏ ခြေတလှမ်းသည် ပုသောသူ၏ တဆဲ့ခုနစ်လှမ်းနှင့်ညီမျှ၏။ သို့သော် ခြေရှည်သော သူတို့သည် ခြေရှည်၍ အလှမ်းလေး၏။ပုသောသူသည် ခြေတိုဍ် မြန်သဖြင့် ခြေရှည်သောသူ၏ တလှမ်းကို ပုသောသူသည် ၁၇-ကြိမ် လှမ်းနိုင်၏။ ထိုသို့ဖြစ်၍ တယောက်နှင့် တယောက် ခရီးအရောက်သည် အညီအမျှ ပေါက်ဘိသကဲ့သို့ ရုပ်နှင့် နာမ်တို့သည်လည်း ထိုအတူ ဖြစ်ကြကုန်၏-ဟု မှတ်လေ။

၉-ခ။ ။ရူပံ ပန အရူပံ၊အရူပံ ဝါ ရူပံ ဩဟာယ ပဝတ္တိတုံ န သက္ကောန္တိ။ ဒွိန္နမ္ပိ ကေဝ္ပမာဏာဝ ပဝတ္တိ။ ။သမ္မော အဋ္ဌကထာ။

ကေဝ္ပမာဏာဝါတိ နိရန္တရံ ပဝတ္တမာနေသု ရူပါရူပဓမ္မေသု နိစ္စဒ္ဓေသု အရူပရဟိတံ ရူပံ၊ ရူပရဟိတံ ဝါ အရူပံ နတ္ထီတိ ကတွာ ဝုတ္တံ။ ။မူလဋီကာ။

၉-ခ။ ။ပန၊ ယခင်းသို့ပင် ရုပ်နာမ်နှစ်ပါးဖြစ်ပုံချင်ပုံမတူငြားသော်လည်း။ရူပံ၊ ရုပ်တရားသည်။ အရူပံ၊နာမ်တရားကို။ ဝါ၊တနည်းကား။ အရူပံ၊နာမ်တရားသည်။ ရူပံ၊ရုပ်တရားကို။ ဩဟာယ၊စွန့်၍။ ပဝတ္တိတုံ၊ဖြစ်ခြင်းငှါ။ န သက္ကောန္တိ၊မတတ်နိုင်ကုန်၊ ဒွိန္နမ္ပိ၊ ရုပ်နာမ်တရားနှစ်ပါးတို့သည်လည်း။ ကေဝ္ပမာဏာဝ၊အတူတကွ တူမျှသော ပမာဏ ရှိသည်သာလျှင် ဖြစ်သော။ ပဝတ္တိ၊ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ။ကေဝ္ပမာဏာဝါတိ၊ ဟူသောစကားကို။နိရန္တရံ၊ မပြတ်။နိစ္စဒ္ဓေသု၊အကြားအပေါက်မရှိအောင်၊ပဝတ္တမာနေသု၊ဖြစ်ကုန်သော။ရူပါရူပဓမ္မေသု

ဆောင်ပုဒ်

က။ ။ကောင်ထည်ဒြပ်၊ရတုံလတ်၊ လေးတတ်-ရုပ်သက်ပေ။
ခ။ ။အထည်ကင်းမှန်၊ယင်းသည်နာမ်၊ လျင်မြန်-ချုပ်ပျက်လေ။
ဂ။ ။သစ်ရွက်,သစ်သီး၊ပမာမှီး၊ဖြစ်နည်း ရုပ်နာမ်တွေ။

---

## ဝိညတ်ဒွေးနှင့် လက္ခဏာရုပ် လေးပါးကို ကြဉ်ရပုံ အဓိပ္ပါယ်

ရုပ်တရားတို့သည် စိတ္တက္ခဏ ၁၇-ချက်မျှ အသက် ရှည်ကြ၏ ဟုဆိုသော်လည်း ဝိညတ်ဒွေ လက္ခရုပ် လေးပါးတို့ ကြဉ်အပ်သော ကြွင်းရုပ် ၂၂-ပါးတို့သာ ၁၇-ချက် အသက်ရှည်ကုန်၏။ ဝိညတ်ရုပ် ၂-ပါး၊ သက္ခဏရုပ် ၄-ပါးမှာ စိတ္တက္ခဏ ၁၇-ချက် မရှည်ကြ ဟု မိန့်ဆို၏။ အဘယ့်ကြောင့် ကြဉ်အပ်ပါသနည်း ဟူမူ ဝိညတ်ရုပ် ၂-ပါးသည် စိတ်သို့ အစဉ်လိုက်သော စိတ္တာနုပရိဝတ္တိ တရားမျိုးဖြစ်၍ စိတ်နှင့် အသက် တူမျှခြင်းကြောင့် ခဏငယ် ၃-ချက်မျှသာ အသက်ရှည်၏။ လက္ခဏရုပ်လေးခုတို့တွင် ဥပစယနှင့်သန္တတိ ၂-ပါးသည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်ရှည်၏။ဇရတာကား ဌီခဏမျှ အသက်ရှည်၏။ ခဏငယ်ပေါင်း လေးဆဲ့ကိုးချက် အသက်ရှိ၏။ အနိစ္စတာသည် စိတ်၏ ဘင်ခဏ်မျှသာ အသက်ရှည်၏။ ။ထိုကြောင့် ထိုဝိညတ်ဒွေနှင့် လက္ခဏရုပ်လေးတို့ကို ကြဉ်အပ်ပါကုန်သတည်း။

ဝိညတ္တိဒွယမ္ပိ ကေစိတ္တက္ခဏာယုကံ ။ပ။ ဇရတာ ပန ကေူနပညာသစိတ္တက္ခဏာယုကာ။ ။ဋီကာကျော်။

---

ဆောင်ပုဒ်

 က။ ။ဝိညတ် ရုပ်ဒွေး၊ တူရေး စိတ်သက်၊ထိုအချက်၊ ပယ်ဖျက် ကြဉ်ကြပုံ။
ခ။ ။ဥပစယ သန္တတိ၊ တူဘိစိတ်စု၊ ထို့ကြောင့်ပြု၊ မှတ်ရှု ကြဉ်ရပုံ။

---

ရုပ်နာမ် တရားတို့တွင်။ အရူပရဟိတံ၊ နာမ်တရားနှင့်ကင်းသော။ ရူပံ၊ရုပ်တရား သည်။ နတ္ထိ၊ မရှိ။ ရူပရဟိတံ၊ရုပ်တရားနှင့် ကင်းသော။ အရူပံ၊ နာမ်တရားသည်လည်း။ နတ္ထိ၊မရှိ။ ဣာဒိ ကဘွာ၊ ဤသို့နှုံး နှစ်ချက် သဘောတော် ဝိုသျာ်။ ဝုတ္တံ၊အဋ္ဌကထာ ဆရာမြတ် မိန့်ဆို ခတော်မူအပ်ပေသတည်း။ ။ဤကား မူလဋီကာအနက်။

ဂ။ ။ဇရတာမှာ၊စိတ္တက္ခဏာ ၄၉၊ရှိရိုးအသက်၊ တချက် အနိစ္စ။ ဘင်ခဏသာ၊ ရှိတုံပါ၊ကြဥ်ရာ ရုပ်သက်တွင်။

## ရုပ်သက် ၁၇-ချက် ရှိရခြင်း၏ အကြောင်း

ရုပ်တို့၏ အသက်သည် နာမ်၏ အသက်ကဲ့သို့ စိတ္တက္ခဏ တချက်သာ မရှိမူ၍ အဘယ့်ကြောင့် ခဏ ၁၇-ချက် အသက် ရှိပါသနည်း ဟူမူ။ ။ နာမ်တရားဟူသည် အာရုံကို ယူတတ်သော တရားမျိုး ဖြစ်၍ စိတ္တက္ခဏ တချက် ဥပါဒ်,ဌီ,ဘင် ခဏငယ် ၃-ချက်မျှဖြင့်ပင် အာရုံကို ယူနိုင်မှု,အာရုံကို သိမှု တည်းဟူသော မိမိကိစ္စ ပြီးစီးနိုင်သောကြောင့် စိတ္တက္ခဏကြီး တချက်သာအသက်ရှိလေ၏။ ။ရုပ်တရားများကား ပဉ္စာရုံ ဖြစ်အံ့၊ အာရမ္မဏ,ပုရေဇာတ, အတ္ထိ, အဝိဂတ-ပစ္စည်း တရားများ ဖြစ်၏။ ပဉ္စဒွါရ ဖြစ်အံ့။ ပုရေဇာတ, နိဿယ,ပုရေဇာတိန္ဒြိယ,ပုရေဇာတဝိပ္ပယုတ်, အတ္ထိ, အဝိဂတပစ္စည်းများဖြစ်၏။ ဟဒယဝတ္ထုစသော ကြွင်းသော ရုပ်တရားများ ဖြစ်အံ့၊ နိဿယ စသော ပစ္စည်းတရားများ ဖြစ်၏။ သို့ဖြစ်၍ ပုရေဇာတ စသောပစ္စည်းတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်း စသော စိတ်စေတသိက် တရားတို့အား စိတ္တက္ခဏ ၁၇-ချက်မျှ ကြာမှ ပဉ္စည်းတပ်သောကိစ္စ, ဘောက်ပြန်မှုကိစ္စ, ပြီးစီးနိုင်သောကြောင့် ရုပ်တရားတို့၏ အသက်သည် စိတ္တက္ခဏ ၁၇-ချက် ရှိလေသတည်း။

## သောင်းပုဒ်

က။ ။စိတ္တက္ခဏ၊တချက်မျှပင်၊ ကိစ္စမိမိ၊ပြီးကုန်ဘိ၊ မှတ်သိ စိတ်သက် တပါးဖြစ်။

ခ။ ။သတ္တရသ၊ရှိကုန်မှပင်၊စုံလင်ကိစ္စ၊ပြီးစီးရ၊မှတ်ပရုပ်သက်ဆဲ့ခုနစ်။

## ဝီထိစိတ်တို့သည် အစဥ်အားဖြင့် ဖြစ်ပေါ်လာပုံ

၁၀။ ။ဧကစိတ္တက္ခဏာတီတာနိ ဝါ ဗဟုစိတ္တက္ခဏာတီတာနိ ဝါ။ပ။ ပဉ္စဒွါရေ အာပါထ မာဂစ္ဆန္တိ။ ။သဂြိုဟ်ပါဌ်။

တခုသောစိတ်၏ ခဏကဲ့သို့သောခဏလျှင် လွန်ခြင်း ရှိကုန်သည်ဖြစ်၍ ဖြစ်၍ငင်း၊ များစွာသော စိတ်တို့၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်း

ရှိကုန်သည် ဖြစ်၍ငင်း။ ရုပ်၏ငြီသို့ ရောက်ကုန်မှသာလျှင် အာရုံငါးပါးတို့သည် ပဉ္စဒွါရ၌ ထင်ခြင်းသို့ရောက်နိုင်ကုန်၏။ ။ဟူလို။ဤကား ပိဏ္ဍတ္ထ။

ဤ၌ ကေစိတ္တက္ခဏာတီတာနိ ပုဒ်ကို။ ။ကေစိတ္တဿ ခဏံ ဝိယ ခဏံ ကေစိတ္တက္ခဏံ။ ။ကေစိတ္တက္ခဏံ အတီတာနိ ကေစိတ္တက္ခဏာတီတာနိ။ ဒုတိယာ တပ္ပုရိသ်သမာသ် ဝိဂ္ဂြိုဟ်ပြု။ ။တနည်း-ကေစိတ္တက္ခဏံ အတီတံ ဧတေသန္တိ ကေစိတ္တက္ခဏာတီတာနိ ဟု ဗဟုဗ္ဗိဟိ သမာသ်သော်လည်းပြု။ ။ကေစိတ္တဿ၊ တခုသောစိတ်၏။ ခဏံဝိယ၊ ခဏကဲ့သို့သော။ ခဏံ၊ ခဏတည်း။ ကေစိတ္တက္ခဏံ၊ တခုသော စိတ်၏ ခဏကဲ့သို့သော ခဏ။ ။ ကေစိတ္တက္ခဏံ၊ တခုသော စိတ်၏ ခဏကဲ့သို့သော ခဏကို။ အတီတာနိ၊ လွန်၍ ဖြစ်ကုန်သော အာရုံတို့တည်း။ ကေစိတ္တက္ခဏာတီတာနိ၊ တခုသော စိတ်၏ခဏကဲ့သို့သော ခဏကိုလွန်၍ ဖြစ်သော အာရုံတို့။ ။ဧတေသံ၊ထို အာရုံတို့အား။ အတီတံ၊လွန်ပြီးသော။ ကေစိတ္တက္ခဏံ၊ တခုသော စိတ်၏ ခဏကဲ့သို့သော ခဏသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ကြောင့်။ တာနိ၊ထိုအာရုံတို့သည်။ ကေစိတ္တက္ခဏာတီတာနိ၊ ကေစိတ္တက္ခဏာတီတ-မည်ကုန်၏ ဟု အနက်ပေး။

ဤဝိဂ္ဂြိုဟ်၌ ကေစိတ္တက္ခဏံ ဝိယ ခဏံ ဟု ဥပမာ ဝိဂ္ဂြိုဟ် ပြုရခြင်းကား၊ ရုပ်တို့၏ အသက်ကို စိတ်သက်ဖြင့် မှတ်ပြုရသဖြင့် ခဏသည် နာမ်တရား၏ ခဏသာဖြစ်၏။ရုပ်တရား၏ ခဏမဟုတ်သောကြောင့် စိတ်၏ ခဏကို ဥပမာ ပြု၍ မိန့်ဆိုရပေသတည်း။ သို့ဖြစ်၍ တခုသော စိတ်၏ ခဏကဲ့သို့သော ခဏဟု အနက် ယောဇနာရ၏ဟု မှတ်။ငင်းယောဇနာသောအရ၊ ဥပမာနှင့် ဥပမေယျ ခဏတို့သည် အရမပြားကြသော်လည်း ဤသည်ကား စိတ်၏ ခဏ,ဤသည်ကား ရုပ်တို့၏ခဏ-ဟု သောတုဇနတို့ သိသာ ထင်ရှားစိမ့်သောငှါ ပြားသကဲ့သို့ကြံဆ၍ ခေါ်ဝေါ်အပ်၏ ဟု သိ။

ဗဟုစိတ္တက္ခဏာတီတာနိ-၌လည်း ငင်းအတိုင်း မှတ်။ ။ထို၂-ပါးတို့တွင်ကား၊ ကေစိတ္တက္ခဏာတီတာနိ-၏ အရ၊စိတ္တက္ခဏ တချက်သာ လွန်ခြင်းရှိသော အတိမဟန္တာရုံ-ကို ယူ။ ။ဗဟုစိတ္တက္ခဏာတီတကာနိ-၏ အရကား၊များသော စိတ္တက္ခဏ လွန်ခြင်းရှိသော မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံတို့ကို ယူ။

## ဠီတ်ိပဥ္စာနေဝ အခ်ပ္ပါယ်

ဤ၌ ဌီ၏အရကား၊ ရုပ်၏ဌီကို ယူအပ်၏။ ။စိတ်၌ ဥပါဒ်,ဌီ,ဘင် ခဏ-သုံးချက် ရှိသကဲ့သို့ ရုပ်၌လည်း ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ,-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ရုပ်၏အသက် စိတ္တက္ခဏပေါင်း-၅၁ ချက်ရှိသည်တွင် အစဆုံးဖြစ်သောခဏငယ် တချက်သည် ရုပ်၏ဥပါဒ်ခဏ မည်၏။ အဆုံးစွန်ဖြစ်သော ခဏငယ် တချက်သည်ရုပ်၏ ဘင်ခဏ မည်၏။ အလယ်၌ ရှိသောခဏငယ်ပေါင်း ၄၉-ချက်သည် ရုပ်၏ဌီခဏမည်၏။ ။ အဘယ့်ကြောင့် ရုပ်၏ဌီခဏသည် ခဏငယ် ၄၉-ချက်မျှ ရှည်ကြာနိုင်ပါ သနည်းဟူမူ။ ။ရုပ်တရားတို့၏ ဘောက်ပြန်မှုသည် နာမ်တရား တို့၏ ဘောက်ပြန်မှုကဲ့သို့ မလျင်မြန် လေးလန်သောကြောင့် ရုပ်၏ ဌီခဏသည် ၄၉-ချက်မျှအသက်ရှည်လေသတည်း။ ။ဤကားရုပ်တို့၏ အသက် အရှည် ခဏသုံးပါးကို ဘော်ပြ ဘွင့်ဆိုသော အဓိပ္ပါယ်တည်း။

ဆိုအပ်ခဲ့ပြီးသောစိတ္တက္ခဏတချက် သို့မဟုတ် များစွာသော စိတ္တက္ခဏ ကဲ့သို့သော ခဏလျှင် ရှည်ကြာသော အသက်ရှိကုန်သော အာရုံတို့သည် တွေ့လျှင်တွေ့ခြင်း,ထိလျှင်ထိခြင်း ပသာဒရုပ်၌ထင်ခြင်းသို့ ရောက်ကုန်သည် မဟုတ်၊ ရုပ်၏ဌီ ဖြစ်သော ဘဝင်္ဂစလန၏ ဥပါဒ်ကစ၍သာ ထင်ခြင်းသို့ ရောက်ကုန်၏ ဟု ဆိုလိုသည်။အကြောင်းကား ထင်သော အာရုံကလည်း ရုပ်တရား ဖြစ်၏။ မှန်ဓာတ် အလား အကြည်ဓာတ် ပသာဒ တရားတို့ ကလည်း ရုပ်တရားချည်းသာ ဖြစ်ကြ၍ ရုပ်တရား၏ ရုပ်တရား၌ ထင်မြင် မှုသည် ရုပ်၏ဥပါဒ်ခဏ၌အားနည်း၍ မထင်မြင်နိုင်သေး၊ ရုပ်ဌီခဏကျမှ အားအရှိန်ကြီးသောကြောင့် မြင်နိုင်ထင်နိုင်၏-ဟု မှတ်။ သို့သော် မူလ ဋီကာဆရာကား ရုပ်၏ဥပါဒ် ခဏ၌ပင် မြင်နိုင်ထင်နိုင်၏ဟု မိန့်ဆိုသော ကြောင့် ၎င်းအဓိပ္ပါယ်ကို ဝေသဒ္ဒါဖြင့် ကန့်ကွက်ပြဆိုတော်မူပေသတည်း။

---

### သောင်းပုဒ်

က။ ။ရှေးရှုထင်ကုန်၊ ပဥ္စာရုံကား၊ ရောက်တုံရုပ်ဌီ၊ တွင်မည်ဘဝင်၊ စလန၊ကျရောက်မှ၊ ထင်ကြ ကျမ်းအလာ။

ခ။ ။ဥပါဒ်ခဏ၊အားနည်းလှ၍၊ ဌီခဏမှာ၊ အားကြီးလာ၊ မှတ်ပါ ထင်နိုင်ပုံ။

## အတီတဘဝင် ဖြစ်ပုံ

၁၀။ ။တသ္မာ ယဒိ ဧကစိတ္တက္ခဏာတီတကံ ရူပါရမ္မဏံ စက္ခုဿ
အာပါထ မာဂစ္ဆတိ။ ။ သင်္ဂြိုဟ်ပါဠိ။

---

ထိုသို့ ဋီသို့ရောက်မှ အာရုံ ထင်နိုင်သောကြောင့် အာရုံနှင့် ပသာဒရုပ် ထိခိုက် ထင်မြင်လာစအခါ အာရုံမထင်မီ ဘဝင်စိတ်တချက်သည် ချုပ်ကွယ်လွန်၍ သွားလေ၏။ ၎င်းလွန်သွားသော ဘဝင်သည် အတီတဘဝင် မည်၏-ဟု ဆိုလိုသည်။ ။ဤကား ပိဏ္ဍတ္ထ။

---

## အတီတဘဝင် အဓိပ္ပါယ်

ထိုအတီတဘဝင် ဟူသောပုဒ်ကို အတီတံ ဘဝင်္ဂံ အတီတဘဝင်္ဂံ-ဟု ပြု။ ။အတီတံ၊ လွန်မြောက် ချုပ်ဆုံးလေပြီးသော။ ဘဝင်္ဂံ၊ ဘဝင်စိတ်တည်း။ ဣတိ၊ ကြောင့်။ အတီတဘဝင်္ဂံ၊ အတီတဘဝင်မည်၏ ဟု အနက်ပေး။ ။မိမိနှင့်အတူ ဖြစ်ပေါ်လာကုန်သော အာရုံနှင့် ပသာဒတို့သည် အချင်းချင်း,ထင်ခြင်း,ထိခိုက်ခြင်းသို့ မရောက်မီ ချုပ်ပျောက်ကွယ်လွန်သော ဘဝင်သည် အတီတဘဝင် မည်၏။ ။ဟူလို။

လွန်ပုံကား၊အတိမဟန္တာရုံ–စသော ဝီထိ ဖြစ်လိုလတ်သည် ရှိသော် ထင်မြင်လတ္တံ့သော အာရုံ, ထင်ရာ မြင်ရာ ဖြစ်သော ပသာဒရုပ်,ဘဝင်စိတ်၊ဤတရားသုံးပါးတို့သည် တပြိုင်နက် ဖြစ်ပေါ်လာကြကုန်၏။ ထိုတရားသုံးပါးတို့တွင် ဘဝင်စိတ်သည် နာမ်တရားဖြစ်၍ ခဏငယ် သုံးချက်စေ့လျှင် ချုပ်လေ၏။ ။ကျန်သော အာရုံနှင့် ပသာဒတို့သည်ကား ရုပ်တရားများဖြစ်ကြ၍ အသက် ရှည်ကုန်ကြသောကြောင့် မချုပ်ကုန်သေး။ ၎င်းဘဝင်စိတ် ရှိစဉ်အခါ၌ အားနည်းလှသောကြောင့် အာရုံနှင့် ပသာဒတို့သည်လည်း ထင်ခြင်းသို့ မရောက်ကြ ကုန်သေးချေ။ ဒုတိယ ဘဝင်ဖြစ်သော ဘဝင်္ဂစလန၏ ဥပါဒ်ခဏ ကျမှသာလျှင် အားအရှိန် ကြီးမားလာကြ၍ အချင်းချင်း, ထင်နိုင်,မြင်နိုင် ကြကုန်၏။ သို့ဖြစ်၍ ပဌမ ဘဝင်သည် ရှေးဦးစွာ အတူတကွ ဖြစ်ပေါ်လျက် မိမိ ဖြစ်စဉ်ဝယ် အာရုံနှင့်

ပသာဒရုပ်တို့၏ အချင်းချင်း ထင်မြင်ခြင်း မရှိပါဘဲ ထင်မြင်မှုကို ကျော်လွန်၍ သွားလေသောကြောင့် အတီတဘဝင်မည်၏ ဟု ဆိုလိုသည်။

---

## ဆောင်ပုဒ်

တူစုံတကွ၊ ဖြစ်ပါရလျက်၊ ထင်မြင်ချက်ကို၊ ကျော်ထွက် လွန်သွား၊ ဘဝင်အား၊ မှတ်သား-အတီတ။

---

၁၀။ ။တတော ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ ဘဝင်္ဂသောတံ။ပ။ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ ။သင်္ဂြိုဟ်ပါဠိ။

---

ထိုအာရုံနှင့် ပသာဒ ထင်ပြီးသည့်နောက်မှ နှစ်ကြိမ်တိုင်တိုင် လှုပ်ရှားသော ဘဝင် ဟု ဆိုအပ်သော ဘဝင်္ဂစလနဖြစ်၍ ဝီထိစိတ် ဖြစ်ဘို့ရာ ဘဝင်၏ အစဉ်သည် ပြတ်လေ၏။ ထိုပြတ်သော ဘဝင် ဟု ဆိုအပ်သော ဘဝင်္ဂုပစ္ဆေဒ ချုပ်ပြီးသည့်နောက် ထိုထင်မြင်လာသမျှသော အာရုံငါးပါးကို ဆင်ခြင်တတ်သောပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်ပေါ်လာ၍ ချုပ်လေ၏။ ဟူလို။ ။ ဤကား ဝိဂ္ဂဟတ္ထ။

---

## ဘင်္ဂစလန အဓိပ္ပါယ်

ထိုအထက်ပါ ပါဠိရပ်တွင် "ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ" ပါဌ် ဖြင့် ဘဝင်္ဂစလန-အရကို ပြတော်မူ၏။ ။အဓိပ္ပါယ်ကား—

စလနာကာရေန ပဝတ္တတီတိ စလနံ။ ။ဘဝင်္ဂဉ္စ တံ စလနဉ္စာတိ ဘဝင်္ဂစလနံ။

စလနာကာရေန၊ လှုပ်ရှားသော အမူအရာအားဖြင့်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ စလနံ၊စလနမည်၏။ ဘဝင်္ဂဉ္စ၊ ဘဝင်စိတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဘဝင်စိတ်ဟူသည်။ စလနဉ္စ၊လှုပ်ရှားသော အမူအရာအားဖြင့် ဖြစ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ ဘဝင်္ဂစလနံ၊ ဘဝင်္ဂစလနမည်၏။ ။ဝိဂ္ဂြိုဟ်အရ၊ အာရုံငါးပါးသည် ဒွါရ

ငါးပါး၌ အသီးအသီး ထိခိုက်ကြသည်ရှိသော် ထိခိုက်ခြင်း၏ အစွမ်း သတ္တိကြောင့် ဘဝင်အစဉ် ပြတ်လိုလတ်သော် အသောတလျင် မပြတ် မူ၍ အဟုန်ဖြင့် ပြေးသွားသော ယောကျ်ားသည် ရပ်လိုငြားသော်လည်း ရပ်လိုသော နေရာ၌ မရပ်တည်နိုင်၊ ဘဝါးတလှမ်း ဘဝါးနှစ်လှမ်းတို့ကို လွန်ပြီးမှ ရပ်နိုင်သကဲ့သို့ ဘဝင် နှစ်ကြိမ် ဖြစ်၍သာလျှင် ပြတ်ရလေ သတည်း။ ထို ၂-ကြိမ်သော ဘဝင်တို့တွင် ရှေးဘဝင် စိတ်သည် ဘဝင် အစဉ်ကို မလှုပ်သော်လည်း လှုပ်ဘိသကဲ့သို့ ဖြစ်သောကြောင့် ဘဝင် စလန မည်၏။ ။ဟူလို။

တတ္ထ ပဌမံ စိတ္တံ ဘဝင်္ဂသန္တတိယာ စလနာကာရေန ဥပ္ပဇ္ဇ နတော ဘဝင်္ဂစလနံ နာမ။ ။အဘိဓမ္မာ ဝတာရဋီကာ။

တတ္ထ၊ထိုဘဝင် ၂-ပါးတို့တွင်။ပဌမံစိတ္တံ၊ ရှေးဦးစွာသော ဘဝင်စိတ်သည်။ ဘဝင်္ဂသန္တတိယာ၊ ဘဝင်အစဉ်ကို။ စလနာကာရေန၊ လှုပ်သော အမူအရာအားဖြင့်။ ဥပ္ပဇ္ဇနတော၊ ဖြစ်သောကြောင့်။ ဘဝင်္ဂစလနံ၊ဘဝင် စလန မည်၏။

---

## ဘဝင်္ဂုပစ္ဆေဒ အဓိပ္ပါယ်

ဒုတိယ ဘဝင်စိတ်သည်ကား။ ။ဥပစ္ဆိဇ္ဇတိ ဘဝင်္ဂသန္တတိ ဧတ္ထာတိ ဥပစ္ဆေဒေါ။ ။ဘဝင်္ဂ တံ ဥပစ္ဆေဒေါစာတိ ဘဝင်္ဂုပစ္ဆေဒေါ။ ။ဝိဂြိုဟ် အရ၊ မြစ်ရေအယဉ်ကဲ့သို့ အစဉ်အတိုင်း ဖြစ်နေသော ဘဝင်အယဉ် သည် အာရုံသစ် ထင်လာသောကြောင့် မိမိ ယူမြဲအတိုင်းသော အာရုံ ဟောင်းကို စွန့်လွှတ်၍ အာရုံသစ်ကို ယူဘို့ရန် ဤနေရာတွင် ပြတ်လေ၏။ ဤသို့လျှင် ဘဝင်အစဉ် ဘဝင်အယဉ် မှန်သမျှတို့၏ အဆုံးစွန် ပြတ်ကင်း ချုပ်ကွယ်ရာ ဘဝင်ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒမည်၏။ ။ဟူလို။

ဧတ္ထ၊ ဤဘဝင်၌။ ဘဝင်္ဂသန္တတိ၊ ဘဝင်အစဉ်သည်။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဘဝင်အယဉ်၏ ပြတ်ဆုံးရာ အဆုံး ဘဝင် ဖြစ်လေသောကြောင့်။ ဥပစ္ဆေဒေါ၊ ဥပစ္ဆေဒ မည်၏။ဘဝင်္ဂ၊ဘဝင် စိတ်သည်လည်း။ ဟောတိ၊၏။တံ၊ ထိုဘဝင် စိတ်ဟူသည်။ ဥပစ္ဆေဒေါ စ၊ ဘဝင်မှန်သမျှတို့၏ အဆုံးစွန်ပြတ်ရာ ဘဝင်သည်လည်း ဟောတိ၊၏။ ဣတိ၊ကြောင့်။ ဘဝင်္ဂုပစ္ဆေဒေါ၊ဘဝင်္ဂုပစ္ဆေဒမည်၏ဟု အနက်ပေး။

ဥပန္တိဋ္ဌတိတိ ဥပစ္ဆေဒေါ်-ဟု ကတ္တုသာဓ်လည်း ပြုလေ။ ။ဤအလို ဘဝင်အယဉ်မှ ကင်းပြတ်သော ဘဝင်သည် ဘဝင်ပစ္ဆေဒမည်၏ ဟု မှတ်။ သဂြိုဟ် ကျမ်း၌ကား၊ ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ-ဟု မိန့်ဆိုထားသည့် အရသော် ၎င်းဘဝင် ၂-ချက် စလုံးပင် ဘဝင်စလန- မည်လေ၏။ ပဌမ ဘဝင်စလန- ဒုတိယဘဝင်စလန-ဟု ဆိုလိုသည်။ ။သို့သော် ဆရာ့ဆရာ ကျော်များကား။ ။ဘဝင်သောတံ ဝေါစ္ဆိန္ဒိတွာ" ပါဠိကို ထောက်ဆတော် မူကြ၍ သိသာကဲ့ပြား စေခြင်းအကျိုးငှါ ဒုတိယ ဘဝင်စလန-ကို ဘဝင် ပစ္ဆေဒ ဟု အမည်ထူး မှည့်ဆိုခေါ်ရိုးစမှတ် ပြုတော်မူကြကုန်၏။

ဤ၌ဘဝင်လှုပ်သည်, ဘဝင်ပြတ်သည်ဟူသည် ပင့်ကူအိမ် လှုပ်သကဲ့သို့ ငှက်ပြောတုံးကို ဖြတ်သဖြင့် ပြတ်သကဲ့သို့ ဖြစ်သည် မဟုတ်ချေ။ ဘဝင် စိတ်သည် ယူမြဲ ပြုမြဲဖြစ်သော ကံ, ကမ္မနိမိတ် စသော အာရုံကို လွှတ် လိုက်လျက် ယခု လက်ငင်း ပက်ပင်းပင် ထင်၍ လာသော အာရုံသစ်ကို ယူခြင်း, အာရုံပြုခြင်းငှါ အားထုတ်ဘိသကဲ့သို့ ဖြစ်ခြင်း, အာရုံသစ်ကို လှမ်းလင့်သော အမူအရာ အားဖြင့် ဖြစ်ခြင်းကိုပင် ဘဝင် လှုပ်သည်, ဘဝင် ပြတ်သည် ဟု ဆိုရပေသတည်း။

စလနဋ္ဌေတ္တ ဝိသဒိသစိတ္တဿ ဥပနိဿယ ဘာဂုပဂမနံ။
အဘိဓမ္မတ္ထဝိကာသနိဋီကာ။

စ၊ ဆက်၍ ဆိုဦးအံ့။ ထွေ၊ ဤစကားရပ်၌။ စလနံ၊ လှုပ်ရှားခြင်း ဟူသည်။ ဝိသဒိသစိတ္တဿ၊ ရှေးစိတ်နှင့် မတူသော နောက်စိတ်၏။ ဥပနိဿယ ဘာဂုပဂမနံ၊ မှီရာအကြောင်း၏အဖြစ်သို့ ကပ်ရောက်ခြင်းပင်တည်း။

ယထာ ဝေဂေန ဓာဝန္တော၊ ဌာတုကာမော န တိဋ္ဌတိ။
ဧဝံ ဒွိက္ခတ္တုံ ဘဝင်္ဂံ၊ ဥပ္ပဇ္ဇိတွာဝ ဆိဇ္ဇတိ။ ။သစ္စသံခိပ်။

ဝေဂေန၊ အဟုန်ဖြင့်။ ဓာဝန္တော၊ ပြေးသောသူသည်။ ဌာတုကာမော၊ ရပ်လိုပါလျက်။ န တိဋ္ဌတိ ယထာ၊ မရပ်တည်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဘဝင်္ဂံ၊ ဘဝင်သည်။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဥပ္ပဇ္ဇိတွာဝ၊ ဖြစ်၍သာလျှင်။ ဆိဇ္ဇတိ၊ ပြတ်လေ၏။

---

## ဆောင်ပုဒ်

က။ ။အာရုံ အသစ်၊ပြုလစ်ရန်ကို၊ လှုပ်သောလို၊ မှည့်ဆို-ဘဝင်စလန။
ခ။ ။နောက်ဆုံး ပြတ်စင် ၊ယင်းဘဝင်၊မှည့်တွင် ဘဝင်ုပစ္ဆေဒ။
ဂ။ ။ရပ်လို ယောက်ျား၊ဘဝါး တစ်-နှစ်၊ လွန်လစ်ပါမှ၊ ရပ်လို့ ရသည်၊မှတ်ပြ ပုံသွင်၊ ယင်း ဘဝင်၊ဖြစ်စဉ်၂-ကြိမ် ပါ။

---

## ဘဝင်လှုပ်ရသော အကြောင်း

ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည်ရှိသော စက္ခုပသာဒ၏ မှီရာ မဟာဘုတ်သာလျှင် လှုပ်သင့်၏။ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်သော ဘဝင်သည် မလှုပ်သင့်တန်ရာ။ ။အဘယ့်ကြောင့် ဘဝင်စိတ်သည် လှုပ်ရပါ သနည်း ဟူမူ။ ။ဟဒယဝတ္ထု၏ မှီရာမဟာဘုတ်နှင့် စက္ခုပသာဒ၏ မှီရာ မဟာဘုတ်သည် တစပ်တည်း အစဉ်၏ အစွမ်းဖြင့် စပ်သည် ဖြစ်သောကြောင့် ဘဝင်သည်လည်း လှုပ်ရလေသတည်း။ ။ဥပမာအားဖြင့် စည်မျက်နှာ တဘက်၌ ကပ်ငြိသော သကာခဲဝယ် ယင်ငယ် တကောင် နားလတ်သည်ရှိသော် စည်မျက်နှာတဘက်ကို လက်ခပ်ဖြင့် တီးခပ်လေလျှင် အစဉ်အတိုင်း စည်ကိုကြက်သော သားရေကြိုးစသည် လှုပ်သဖြင့် သကာခဲ လှုပ်၍ ယင်ကောင်၏ ပျံသွားခြင်းကဲ့သို့ ထိုအတူ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည်ရှိသော် စက္ခုပသာဒ၏ မှီရာ မဟာဘုတ်နှင့် စပ်သော မဟာဘုတ် အဆက်ဆက် လှုပ်သဖြင့် ဟဒယဝတ္ထုလှုပ်၏။ဟဒယဝတ္ထုလှုပ်သည်ရှိသော် ဟဒယဝတ္ထု၌ မှီသော ဘဝင်သည်လည်း လှုပ်လေတော့၏။ ။ဟူလို။

ဃဋ္ဋေတေ အညဝတ္ထုမှိ၊ အညနိဿိတကမ္ပနံ။
ကောဗဒ္ဓေန ဟောတီတိ၊ သက္ခရောပမာယာဝဒေ။ ။

သစ္စသံခိပ် အဋ္ဌကထာ။

အညဝတ္ထုမှိ၊ ဟဒယဝတ္ထုမှတပါးသော ပသာဒဝတ္ထုကို။ ဃဋ္ဋေတေ၊ ထိခိုက်သည်ရှိသော်။ အညနိဿိတကမ္ပနံ၊ ပသာဒဝတ္ထုမှ တပါးသော ဟဒယဝတ္ထုကိုမှီသော ဘဝင်စိတ်၏ လှုပ်ခြင်းသည်။ ကောဗဒ္ဓေန၊ တစပ်တည်း စပ်ခြင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာစရိယော၊ ကျမ်းတတ် အကျော် ဆရာတော် အပေါင်းသည်။ သက္ခရာပမာယ၊

စည်မျက်နှာတွင် တင်၍ထားအပ်သော သကာခဲ ဥပမာအားဖြင့်။အာဝဇ္ဇေ၊ ဆိုရာ၏။

---

### ဆောင်ပုဒ်

ထိမှုပသာဒ၊ ဖြစ်လေကလည်း၊ ဆက်ကြ ဘုတ်စဉ်၊
ဆက်စပ်အင်၊ လှုပ်ပင်-ဟာဒယ။

---

### ပဉ္စဒွါရာဝဇ္ဇန်း အဓိပ္ပါယ်

တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ။ပ။နိရုဇ္ဈတိ။

ဟူသောပါဠိဖြင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်ပုံကို ပြတော်မူ၏။ ။ အဓိပ္ပါယ်ကား။ ပဉ္စဒွါရေ အာပါထာဂတမာရမ္မဏံ အာဝဇ္ဇေတီတိ ပဉ္စဒွါရာဝဇ္ဇနံ။ ။ပဉ္စဒွါရေ၊ ငါးဒွါရ၌။ အာပါထာဂတံ၊ ရှေးရှုကျခြင်း,ထင်ခြင်းသို့ ရောက်သော။ အာရမ္မဏံ၊ အာရုံကို။ အာဝဇ္ဇေတိ၊ ဆင်ခြင်တတ် နှလုံးသွင်းတတ်၏။ ဣတိ၊ ကြောင့်။ ပဉ္စဒွါရာဝဇ္ဇနံ၊ ပဉ္စဒွါရာဝဇ္ဇန်း မည်၏။ ဝိဂ္ဂြိုဟ်အရ၊ ဖြစ်လတ္တံ့သော ဝီထိစိတ် အပေါင်းတို့တွင် ရှေးဦး ပဌမ ဖြစ်သော ဝီထိစိတ်သည် ဒွါရငါးပါး၌ ထင်မြင်လာသော အာရုံငါးပါးကို ဤအာရုံကိုကား အဘယ်ဟာမျိုးပါနည်း ဟု ဆင်ခြင်တတ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်မည်၏။ ။ဟူလို။ ။(အောက်က ဘွင့်ပြခဲ့ပြီ)။

---

### ဆောင်ပုဒ်

ငါးပါး ဒွါရ၊ထင်ကျ အာရုံ၊ဆင်ခြင်တုံ၊ မှတ်ကုန်- ပဉ္စဒွါရာဝဇ္ဇန်း စိတ်။

---

**၁၀။ * ။တတော တဿာနန္တရံ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ။ပ။**
**ဝေါဋ္ဌဗ္ဗနံ ဇဝနဒွေတိ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။**

သင်္ဂြိုဟ်ပါဠိ။

---

ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်ပြီးသည်၏ အခြားမဲ့၌ ထိုပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဆင်ခြင်အပ် ပြီးသော ရူပါရုံကို သိမြင် တတ်သော စက္ခု

ဝိညာဏ်စိတ်သည်ဖြစ်၍ ချုပ်လေ၏။ ထိုနောက် ထိုရူပါရုံပင်လျှင် ကောင်းစွာ ခံလင့်တတ်သော သမ္ပဋိစ္ဆိုင်း စိတ်သည်ဖြစ်၍ ချုပ်ပြန်၏။ ထိုနောက် ထိုရူပါရုံကိုပင်လျှင် ကောင်းစွာ စုံစမ်းတတ်သော သန္တီရဏ စိတ်သည် ဖြစ်၍ ချုပ်လေ၏။ ထိုနောက် ထိုရူပါရုံကိုပင်လျှင် ကောင်းစွာ ပိုင်းခြား မှတ်သားတတ်သော ဝုဋ္ဌောစိတ်သည် အစဉ်အတိုင်းဖြစ်၍ ချုပ်ပြန်လေ၏။ ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

အထက်ပါ ပါဠိရပ်ဖြင့် စက္ခုဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ,ဝုဋ္ဌော, ဝိထိစိတ်တို့၏ အစဉ်အတိုင်း ဖြစ်ပေါ်လာပုံကို ပြ၏။

---

## စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ် အဓိပ္ပါယ်

ဝိထိစိတ် အစဉ်တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးသည်နောက် အာရုံ အားလျော်စွာ စက္ခုဝိညာဏ်, သောတဝိညာဏ်စသော ဝိညာဏ်ငါးပါး တို့သည် ထိုက်သည် အားလျော်စွာဖြစ်ပေါ်လာကုန်၏။ ထိုတွင် စက္ခု ဝိညာဏ် ဖြစ်ပေါ်ပုံကို အစထား၍ ပြတော်မူလိုသောကြောင့် ''တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ''ဟူသော စကားကို အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုတော်မူအပ်ပါသတည်း။

စက္ခုသ္မိံ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ။

စက္ခုသ္မိံ၊ စက္ခုပသာဒ၌။ နိဿိတံ၊ မှီ၍ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ် တည်း။ စက္ခုဝိညာဏံ၊ စက္ခုပသာဒကို မှီ၍ ဖြစ်သော ဝိညာဏ်။ ။ စက္ခုပသာဒရုပ်ကို မှီ၍ ဖြစ်သော ဝိညာဏ်စိတ်သည် စက္ခုဝိညာဏ်မည်၏။ ဟူလို။

သောတဝိညာဏ် စသည်တို့ကိုလည်း ဤနည်းအတိုင်းပြု။ ။ဤ၌ စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ ခတ်တို့၏ အာရုံကို မြင်မှု, သိမှု, ကြားမှု စသည်တို့ကား။ ။စက္ခုဝိညာဏ်သည် နာမ်တရားသက်သက် ဖြစ်၍ စက္ခုပသာဒ မရှိပါက အာရုံကို မမြင်နိုင်ချေ။ စက္ခုပသာဒချည်း သက်သက်လည်း အာရုံကို နာမ်တရားမပါဘဲ မမြင်နိုင် မသိနိုင်။

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စသော ပါဠိတော်အရ အာရုံငါးပါးတို့၏ ပသာဒငါးရပ်တို့၌ ထိခိုက်

ပေါင်းဆုံမှသာ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏဓာတ်တို့သည် ဖြစ်ပေါ်နိုင်, ထင်မြင်နိုင်, သိနိုင်ကြကုန်၏။ ဥပမာဆိုသော် စည်သံ ဖြစ်မှုကဲ့သို့တည်း။ ။ငင်းစည်သံသည် စည်မျက်နှာပြင်နှင့် စည်လက်ခပ် နှစ်ပါးတို့၏ ပေါင်းဆုံထိခိုက်တီးခပ်မှုကြောင့်သာ စည်သံဖြစ်ပေါ်၍လာရသကဲ့သို့ ပဉ္စာရုံနှင့် ပဉ္စပသာဒရုပ်တို့၏ ထိခိုက်ပေါင်းဆုံမှုကြောင့်သာ ပဉ္စဝိညာဏ်စိတ် ဖြစ်ပေါ်ရကုန်၏ ဟု မှတ်။

ငင်း မြင်မှုသည်လည်း အာရုံများစွာ ရှိရာ၌ အာရုံတခုကို မြင်ပြီးမှ တခုကိုမြင်၏ ဟု ယူအပ်၏။ တပေါင်းတည်း တခါတည်း မြင်သည် ဟု မယူသင့်။ ။ဥပမာ လက်ဝါးပြင်၌ တင်၍ထားအပ်သော မုန်ညင်းစေ့ များစွာတို့ကို ကြည့်ရှုလိုက်သည်ရှိသော် လက်ဝါးပြင်၏ အဆင်းရူပါရုံ မုန်ညင်းစေ့တို့၏ အဆင်းရူပါရုံတို့ကို တပြိုင်နက် မြင်ရ၏ ဟု ထင်ရသော်လည်း တပြိုင်နက် မြင်ရသည် မဟုတ်ပေ။ ဝီထိစိတ်အစဉ် အလွန် လျင်မြန်သောကြောင့်သာ တပြိုင်နက်မြင်၏ ဟု ထင်မှတ်ရ၏။စင်စစ်သော်ကား၊ ပရမတ္ထသဘောအားဖြင့် ထိုရူပါရုံ ၂-ခုတွင် လက်ဝါးပြင်၏ အဆင်းရူပါရုံကို မြင်၍ စက္ခုဒွါရဝီထိကျခိုက် မုန်ညင်းစေ့၏ ရူပါရုံကိုမမြင်နိုင်၊ မုန်ညင်းစေ့၏ အဆင်းရူပါရုံကို မြင်၍ စက္ခုဒွါရ ဝီထိကျခိုက် လက်ဝါးပြင်၏ အဆင်းရူပါရုံကို မမြင်နိုင်ချေ။အသီးအသီးသာ မြင်ရ၏ ဟု မှတ်အပ်၏။

> တသ္မာ ဟတ္ထတလေ ဌပိတာသု သာသပသု ဝဏ္ဏောပိ ဟတ္ထတလဝဏ္ဏေန သဒ္ဓိံ ကေတော အာရမ္မဏံ န ဟောတီတိ ဝေဒိတဗ္ဗော။ ။တိကာပဋ္ဌာန်း အဋ္ဌကထာ။

တသ္မာ၊ ထို့ကြောင့်။ ဟတ္ထတလေ၊ လက်ဝါး အပြင်၌။ ဌပိတာသု၊ ထားအပ်သော။ သာသပသု၊ မုန်ညင်းစေ့၏။ ဝဏ္ဏောပိ၊ အဆင်းသည်လည်း။ ဟတ္ထတလဝဏ္ဏေန၊ လက်ဝါးပြင်၏ အဆင်းနှင့်။ သဒ္ဓိံ၊တကွ။ ကေတော၊ တပေါင်းတည်း။ ဝါ၊တပြိုနက်။အာရမ္မဏံ၊အာရုံသည်။ န ဟောတိ၊ မဖြစ်နိုင်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။(သမ္ပိဋ္ဋိစ္ဆိုင်း စသည်တို့၏ အဓိပ္ပါယ်ကို အောက်ကိစ္စသင်္ဂဟ၌ ဆော်ပြခဲ့ပြီ)။

## ဆောင်ပုဒ်

က။ ။ငါးဝအာရုံ၊ ငါးစုံပသာဒ၊ ပေါင်းဆုံမှ၊ ဖြစ်ရ ဝိညာဏ်ဓာတ်။
ခ။ ။များစွာအာရုံ၊ ရှိလင့်တုံလည်း၊ အကုန်ပေါင်းစု၊ အာရုံပြုရိုး၊ မရှိနိုး၊မှတ်ကိုး-သီးသီးပြု။
ဂ။ ။ထင်ပြီးအာရုံ၊ခံလင့်တုံ၊မှတ်ကုန်-သမ္ပဋိစ္ဆိုင်း။
ဃ။ ။ခံလင့်အာရုံ၊စုံစမ်းတုံ၊မှတ်ကုန် သန္တီရဏာ။
င။ ။စုံစမ်းပြီးငြား၊အာရုံငါး၊ပိုင်းခြားဝုဋ္ဌောစိတ်။

---

**၁၀။ ။တတော ပရံ ဧကူနတိံသ ကာမာဝစရဇဝနေသု ယံကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယျေန သဗ္ဗတ္ထ ဇဝတိ၊**

သင်္ဂြိုဟ်ပါဌ်။

---

ထိုဝုဋ္ဌောစိတ် ဖြစ်ပြီးသည်မှ နောက်၌ တခုယုတ် သုံးဆယ်သော ကာမာဝစရ ဇောတို့တွင် အာရုံအားလျော်စွာ တစုံတခုသောဇောသည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ များသောအားဖြင့် ၇-ကြိမ် တိုင်တိုင် ဇောလေ၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

(ဇောအဓိပ္ပါယ်ကို အောက်၌ ဘော်ပြခဲ့ပြီ)။

---

## ဆောင်ပုဒ်

က။ ။ပိုင်းခြားပြီးသား၊အာရုံငါး၊သိငြားထွန်းပ-ဇဝန။
ခ။ ။အရှိန်ပြင်းစွာ၊ကြိမ်များစွာ၊ဖြစ်ပါ ဇဝန။

---

## လဒ္ဓပစ္စယံ-၏ အဓိပ္ပါယ်

ဝုဋ္ဌောစိတ်၏ အခြားမဲ့၌ ဇောကျ၏ ဟု ဆိုသော်လည်း ဇောစိတ် ပေါင်း ၂၉-ပါးတို့တွင် အမှတ်မဲ့လျော်သလို ကျသည်မဟုတ်။ ရရှိဖြစ်ပေါ်လာသော ယောနိသော မနသိကာရ အကြောင်း,အယောနိသော မနသိကာရ အကြောင်း, အနုသယ ကင်းသော ရဟန္တာများ သန္တာန်တော် အကြောင်း အားလျော်စွာသာ ကျရိုး ကျစဉ်ရှိ၏။ အမှတ်မဲ့ လျော်သလို ကျရသည် မဟုတ်ဟု ဆိုလိုသည်။ ။ထိုစကား ထင်ရှားစွာ ဘော်ပြဦးအံ့။

ဝုဋ္ဌောစိတ်ဖြင့် ပိုင်းခြား မှတ်သားအပ်ပြီးသော အာရုံသည် မနှစ်သက်ဘွယ် အာရုံပင် ဖြစ်စေကာမူ၊ အသင့်အတင့် နှလုံးသွင်းမှု ဟု ဆိုအပ်သော ယောနိသော မနသိကာရ ပစ္စည်းရှိပါမူကား ကုသိုလ်ဇောကျရ၏။ မသင့်မတင့် နှလုံးသွင်းမှု ဟု ဆိုအပ်သော အယောနိသော မနသိကာရ ပစ္စည်း ရှိပါမူကား အကုသိုလ် ဇောကျရ၏။ အနုသယဓာတ် ကင်းစင်ပြတ်ပြီးသော အာသဝေါကင်းစင် ရဟန္တာအရှင်များ သန္တာန်တော်၌ကား ကြိယာဇောကျရ၏။ ။ကုသိုလ်ဇောတွင်လည်း အောက်စိတ်ပိုင်း၌ ပြဆိုအပ်ခဲ့ပြီးသော ဉာဏသမ္ပယုတ် ဖြစ်ရန် အကြောင်း ပြည့်စုံလျှင် ဉာဏသမ္ပယုတ်ဇောများ ကျကုန်၏။ ထိုအကြောင်းတရား မပြည့်စုံပါမူ ဉာဏသမ္ပယုတ်ဇော မကျနိုင်ပေ။ ။အကုသိုလ် ဇောတို့တွင်လည်း, သာယာဘွယ် ဟု နှလုံးသွင်းလျှင် လောဘဇော ကျ၏။ ပြစ်မှားဘွယ် ဟု နှလုံးသွင်းလျှင် ဒေါသဇောကျ၏။ ။တွေတွေဝေဝေ နှလုံးသွင်းလျှင် မောဟဇောကျ၏။ ဒိဋ္ဌိဂတသမ္ပယုတ်ဇော, ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော, သောမနဿဇော, ဥပေက္ခာဇော, အသင်္ခါရိကဇော, သသင်္ခါရိကဇော ဖြစ်ရန် အကြောင်းပစ္စည်း ရှိလျှင်လည်း ၎င်းဇောတို့သည် စောကုန်၏။ ။၎င်းအကြောင်းတရား ပစ္စည်းကို အောက်စိတ်ပိုင်း၌ သေချာစွာ ဘော်ပြခဲ့ပေပြီ။

---

ဆောင်ပုဒ်

ယောနိသော-စ၊ကြောင်းရင်းပြ၊မှတ်ပ-ပစ္စယံ။

---

## ယောဘုယျနှ အဓိပ္ပါယ်

ထိုဆိုအပ်ခဲ့ပြီးသော ယောနိသော မနသိကာရ စသော အကြောင်းတရားအားလျော်စွာသာ ကုသိုလ်, အကုသိုလ်, ကြိယာ ဇောတို့သည် စောကြရာဝယ် အကြိမ် အရေအတွက် အားဖြင့် ရှေးဝီထိ စိတ်တို့ကဲ့သို့ တကြိမ် ၂-ကြိမ်မျှသာ ဖြစ်သည် မဟုတ်။ ။ပြကတေ့ ထင်ထင်ရှားရှား အားကြီးသောအခါ၌ ကာမဇောသည် များသောအားဖြင့် ၇-ကြိမ်စော၏။ သို့သော်၊ အပွကအားဖြင့် ရေနစ်သောသူ၏ ရေမွန်းနေသော အခါမျိုး

သစ်ပင်ပေါ်မှကျသော အခါမျိုး,အိပ်ရာမှနိုးစအခါမျိုး-စသော အားနည်း တွေဝေနေသော အခါမျိုးတို့၌ ခြောက်ကြိမ်သာ စော၏။ သေခါနီး အခါ တို့၌ ငါးကြိမ်သာ စော၏။ ။ဟူလို။

---

သဘောင်းသုဒ္ဒိ

က။ ။အားကြီး အာရုံ၊ ဖြစ်ခဲ့တုံ၊ ကျကုန် ၇-ကြိမ်။

ခ။ ။အားနည်းပါက၊ ဆ-ပဥ္စ၊ ကျရမြဲအချိန်။

ဂ။ ။ထို့ကြောင့်ရကား၊ မိန့်ဆိုထား၊ မှတ်သား-ယေဘုယျ။

---

**၁၀။ ။ဇဝနာနုဗန္ဓာနိ စ ဒွေတဒါရမ္မဏပါကာနိယထာရဟံ ပဝတ္တန္တိ။ တတော ပရံ ဘဝင်္ဂပါတော။ ။သင်္ဂြိုဟ်ပါဌ်။**

---

ထိုဇော၏ အခြားမဲ့၌ ဇောသို့ အစဉ်လိုက်၍ ဖြစ်တတ် ကုန်သော တဒါရုံ ဝိပါက်စိတ်တို့သည် နှစ်ကြိမ်တိုင်တိုင် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ထိုဒုတိယ တဒါရုံ၏ အခြားမဲ့၌ ဘဝင်ကျလေ၏။ ။ဟူလို။

ဤကား ဝိဏ္ဏတ္တ။

---

## တဒါရုံ အဓိပ္ပါယ်

အထက်ပါ ပါဠိရပ်ဖြင့် ဇောနောင်တဒါရုံ ၂-ကြိမ်ကျပုံ၊ ထိုနောက် ဘဝင်ကျပုံကို ပြတော်မူ၏။ ။ဤ၌ တဒါရုံ ဟူသည်ကား။ ။တဿ အာရမ္မဏမာရမ္မဏံ တဒါရမ္မဏံ၊ တဒါရမ္မဏံ။ ။တဿ၊ ထိုဝိထိစိတ်၏။ အာရမ္မဏံ၊ အာရုံသည်ကား။ တဿ၊ မိမိ၏ရှေ့၌ဖြစ်သော ထိုဇော၏။ အာရမ္မဏံ၊ အာရုံပင်တည်း။ ဣတိ၊ ကြောင့်။ တဒါရမ္မဏံ၊ တဒါရုံမည်၏။ ။ ဝိဂြိုဟ်အရ၊ မိမိ၏ အခြားမဲ့၌ ဖြစ်သော ဇောစိတ်၏ အာရုံကိုသာလျှင် လိုက်၍ အာရုံပြုသောကြောင့် တဒါရုံမည်၏-ဟူလို။

ဥပမာအားဖြင့်ဆိုသော်၊မြစ်ညာတို့ဆန်တက်သော လှေ၏နောက်သို့ ရေ တို့သည် အနည်းငယ်ပြန်၍ ယောင်လိုက်ကုန်သကဲ့သို့ ထိုအတူ ဤဆိုအပ် ပြီးသော ပဥ္စဒွါရာဝဇ္ဇန်းအစ, ဇောအဆုံးရှိသော ဝိထိစိတ်မဖြစ်မီ ဖြစ်နှင့်

သော ဥပပတ္တိ ဘဝ၏ မပြတ်ခြင်း အကြောင်းဖြစ်သော ဘဝင်စိတ် အစဉ်သည် ဝီထိစိတ်ဇော သဘော်လှေကြီး ဆန်တက်လေသည်ရှိသော် ဘဝင်အစဉ် အယဉ် ပြတ်သဖြင့် ဝီထိစိတ် သဘော် လှေအောက်သို့ ရောက်သကဲ့သို့ဖြစ်၍ တဘန် ဝီထိစိတ် ဆုံးသည်ရှိသော် အာရုံပြုမြဲဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို အာရုံမပြုပါဘဲ ဝီထိစိတ်ဇော၏ အာရုံကိုပင် ၂-ကြိမ် တိုင်တိုင် အာရုံပြုခါ ဝီထိစိတ်ဇော သဘော်လှေ၏ နောက်သို့ စီးစဉ်းကာလ လိုက်ပြီးမှ ဘဝင်အစဉ်တည်းဟူသော အယဉ်သို့ ရှေးအတိုင်း လျှောကျလေတော့၏။ ။ဟူလိုသည်။ ။(ယထာရဟံ၏ အဓိပ္ပါယ် နောက်၌ ထင်ရှားလတ္တံ့)။

---

**ဆောင်ပုဒ်**

ဝိပါက် ဘဝင်၊ ဖြစ်လေလျှင်လည်း။ ရှေးတင် ဇောမှု၊
အာရုံပြု၊ မှတ်ရှု-တဒါရုံ။

---

**ဝီထိစိတ်တို့သည် အစဉ်မလွဲ အမြဲဖြစ်ပေါ်နေမှု အဓိပ္ပါယ်**

ပသာဒ ငါးပါးနှင့် အာရုံငါးပါးတို့၏ မထိခိုက်မီ ရှေးအဘို့၌ အာဝဇ္ဇန်း စသော ဝီထိစိတ်တို့သည် မရှိသေးပါဘဲလျက် ထိုဝီထိစိတ်တို့သည် ပသာဒနှင့် အာရုံထိခိုက်သော အခါဝယ် အဘယ်မှဖြစ်ပေါ်၍ လာလေ သနည်း ဟူမူ။ ။ရှေးအဘို့၌ ဝီထိစိတ်တို့သည် မရှိကုန်သော်လည်း ပသာဒဝတ္ထု, အာရုံ, အလင်း, နှလုံးသွင်းဟူသော အကြောင်းတရား လေးပါး ပေါင်းဆုံခြင်းကြောင့် အာဝဇ္ဇန်း စသော ဝီထိစိတ်တို့သည် ဖြစ်ပေါ်ကုန်၏။ ။ဥပမာဆိုသော်၊ မီးကို ဖြစ်စေတတ်သော သူရိယကန် မှန်ကျောက်,မီးစာ,နေပူ ၃-မျိုးပေါင်းဆုံမိသည်ရှိသော် မီးပွင့် မီးတောက် ပေါ်ပေါက်လာဘိသကဲ့သို့ မှတ်ယူအပ်၏။

မဏိန္ဒနာတပေ အဂ္ဂိ၊အသန္တောဝ သမာဂမေ။
ယထာ ဟောတိ တထာစိတ္တံ၊ဝတ္ထာလမ္ဗာဒိသင်္ဂမေ။

သစ္စသံခိပ် အဋ္ဌကထာ။

မဏိန္ဒနာတပေ၊ သူရိယကန် မှန်ကျောက်, မီးစာ, နေပူသည်။ သမာ

ဂမေ၊ ပေါင်းဆုံမိသည်ရှိသော်။ အဂ္ဂိ၊ မီးသည်။ အသဏ္ဍောဝ၊ ထင်ရှား တိတိ၊ ရှေး၌ပင် မရှိသော်လည်း။ ဟောတိ ယထာ၊ ဖြစ်ပေါ်လာသကဲ့သို့။ တထာ၊ ထိုအတူ။ ဝတ္ထာလမ္ဗာဒိသင်္ဂမေ၊ ဝတ္ထု,အာရုံစသော အကြောင်းစု တို့၏ ပေါင်းစုမိသည်ရှိသော်။ အသဏ္ဍိဝ၊ ထင်ရှားတိတိ၊ ရှေး၌ပင် မရှိခြား သော်လည်း။ စိတ္တံ၊ပဋ္ဌဒ္ဒါရာဝဇ္ဇန်းအစရှိသော စိတ်သည်။ ဟောတိ၊ ဖြစ် ပေါ်၍ လာလေသတည်း။

---

## နိယာမတရား ငါးပါး အဓိပ္ပါယ်

ဤသို့ ဖြစ်ပေါ်၍လာသော ဝိထိစိတ်ဖြစ်စဉ်၌ သင်သည် အတိတဘဝင် ၏ အခြားမဲ့ ဘဝင်စလန, ဘဝင်ပစ္ဆေဒဖြစ်လေ့။ ဘဝင်တို့၏ အခြားမဲ့၌ အာဝဇ္ဇန်းစသည်-ဖြစ်လေ့။ ဤသို့စသည်ဖြင့် တိုက်တွန်းတတ်သော တစုံ တယောက်သောပုဂ္ဂိုလ် သူငါမရှိသော်ငြားလည်း၊ ဗီဇနိယာမ,ဥတုနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ, စိတ္တနိယာမ- ဟူ၍ နိယာမတရား ငါးပါးတို့တွင် စိတ္တနိယာမ၏ အစွမ်းအားဖြင့် အတိတဘဝင်, ဘဝင်စလန, ဘဝင်ပစ္ဆေဒ, ပဋ္ဌဒ္ဒါရာဝဇ္ဇန်း- စသည် အစဉ်ဖြစ်ရကုန်၏။ ။ထိုငါးပါးသော နိယာမ တရားတို့တွင် ကုလားပဲပင်တို့၏ မြောက်သို့ အညွန့်ထွက်ခြင်း, နေကြာ ပန်းတို့၏ နေရှိရာသို့ လှည့်သည်အဖြစ်,အုန်းသီးတို့၏ အထက်၌ အပေါက် ပါသည့်အဖြစ်-စသည်တို့သည် မျိုးစေ့တို့၏ ဖြစ်ရိုးဖြစ်စဉ် သဘောအရ ဖြစ်ပေါ်လာသောကြောင့် ဗီဇနိယာမ တရားမည်၏။ ။ထိုထိုကာလ အခါ သမယဝယ် သစ်ပင်တို့၏ အသီးအပွင့်ကို ဆောင်ခြင်း၊ မိုးရွာပန်းတို့၏ မိုးဥတု၌ ပေါက်ရောက်ခြင်း စသည်တို့သည် ဥတုတို့၏ ဖြစ်ရိုးဖြစ်စဉ် သဘောအရ ဖြစ်ပေါ်ပေါက်ရောက်၍လာသောကြောင့် ဥတုနိယာမတရား မည်၏။ ။တိဟိတ် ကံသည် တိဟိတ်,ဒွိဟိတ်,အဟိတ် အကျိုးကိုပေး၏။ ဒွိဟိတ် ကံသည် ဒွိဟိတ်,အဟိတ် အကျိုးကိုပေး၏။ ။တိဟိတ်အကျိုးကို ပေးရိုးမရှိ။ ဤသို့လျှင် ထိုထိုသော ကံအကြောင်းတရားနှင့်တူသော အကျိုး တရားပေးမှု ဖြစ်ပေါ်ရခြင်းသည် ကမ္မနိယာမ တရားမည်၏။ ။ဘုရား လောင်းတို့၏ ဘွားသောအခါ၌ မြေလျှင်လှုပ်ခြင်း အစရှိသည်တို့သည် ဓမ္မနိယာမတရား မည်၏။ ။အာရုံနှင့်ပသာဒတို့ ထိခိုက်သည်ရှိသော် အာ ဝဇ္ဇန်းစသော စိတ်တို့၏ ဖြစ်ခြင်းသည် စိတ္တနိယာမတရား မည်၏။ ။ နိယာမတရား ငါးပါး၏ အဓိပ္ပါယ်ကို သိလေ။

၁၀-က॥ ॥ဍေ္တ စ တွံ ဘဝင်္ဂနာမ ဟောဟိ॥တွံ အာဝဇ္ဇနံ နာမ၊တွံ ဒဿနံ နာမ၊တွံ သမ္ပဋိစ္ဆနံ နာမ၊တွံ သန္တီရဏံနာမ၊တွံ ဝေါဋ္ဌဗ္ဗနံ နာမ၊တွံ ဇဝနံနာမ ဟောဟီတိ ကောစိ ကတ္တာဝါ ကာရေတာဝါ နတ္ထိ။ ဍုမသ္မိံ ဌာနေပဉ္စဝိဓံနိယာမံနာမဂတိုံ သု॥အဋ္ဌသာလိနီအဋ္ဌကထာ။

၁၀- ခ॥ ॥နိယာမော စ ဓမ္မာနံ သဘာဝကိစ္စ ပစ္စယဘာဝ ဝိသေသော॥

မူလဋီကာ။

သဘာဝကိစ္စေဟိ အတ္တနော ဖလဿ ပစ္စယ ဘာဝေါ။ သဘာဝ ကိစ္စာနံဝါ ဖလဘူတာနံ ပစ္စယဘာဝေါသဘာဝကိစ္စပစ္စယဘာဝေါ။

အနုဋီကာ။

---

## သရက်သီး ဥပမာ

အသီးသီးသော သရက်ပင်အနီး၌ တဦးသော ယောကျ်ားသည် အိပ်၍ နေဘတတ်။ ထိုအခါ သရက်သီးသည် အိပ်သော ယောကျ်ား၏ အနီး နားရင်း၌ ကြွေကျ လတ်သော် ထိုကြွေကျသော အသံဖြင့် နိုးလတ်၍ မျက်စိကိုဘွင့်၍ ကြည့်လေလျှင် သရက်သီးကို မြင်၍ ထိုသရက်သီးကို ကိုင်ယူကမ်းလှမ်း နယ်နမ်းကြည့်ရှု မှည့်သည်ကိုသိ၍ ကိုက်ခါ ကိုက်ခါ စားပြီးလျှင် ခွဲခမ်းသလိပ်နှင့်တကွ ထွေးလုံးခါမျို၍ ထိုသရက်ပင် အရင်း၌

---

၁၀—က॥ ॥စေ့စက်၍ဆိုဦးအံ့။ ဒွေ၊ ဤစိတ်ဖြစ်ရာ၌။ တွံ၊ သင်သည်။ ဘဝင်္ဂနာမ၊ ဘဝင်မည်သည်။ ဟောဟိ၊ ဖြစ်လေ့။ တွံ၊ သင်ကား။ အာဝဇ္ဇနံနာမ၊ အာဝဇ္ဇန်းမည်သည်။ ဟောဟိ၊ ဖြစ်လေ့။ တွံ၊ သင်သည်။ ဒဿနံနာမ၊ စက္ခုဝိညာဏ်မည်သည်။ ဟောဟိ၊ ဖြစ်လေ့။ တွံ၊ သင်သည်။ သမ္ပဋိစ္ဆနံနာမ၊ သမ္ပဋိစ္ဆိုင်းမည်သည်။ ဟောဟိ၊ လေ့၊ တွံ၊ သည်၊ သန္တီရဏံနာမ၊ သန္တီရဏ မည်သည်၊ ဟောဟိ၊ လေ့။ တွံ၊ သင်သည် ဝေါဋ္ဌဗ္ဗနံနာမ၊ ဝုဋ္ဌောမည်သည်။ ဟောဟိ၊ လေ့။ တွံ၊ သည်။ ဇဝနံနာမ၊ ဇောမည်သည်။ ဟောဟိ၊ လေ့။ ဣတိ၊ ဤသို့။ ကောစိ၊ တစုံတယောက်သော။ ကတ္တာဝါ၊ ပြုသောသူသည်၎င်း။ ကာရေတာဝါ၊ ပြုစေသောသူသည်၎င်း။ နတ္ထိ၊ မရှိ။ ဣမသ္မိံ ဌာနေ၊ ဤအရာ၌။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိသော။ နိယာမံနာမ၊ နိယာမဟူ၍မည်သည်ကို။ အာစရိယာ၊ အဋ္ဌကထာဆရာကြီးတို့သည်။ ဂဏှိံသု၊ ယူတော်မူကြကုန်၏။

၁၀— ခ॥ ॥နိယာမောစ၊ နိယာမနာမ၊ နိယာမဟူ၍မည်သည်ကား။ ဓမ္မာနံ၊ သဘောတရားတို့၏။ သဘာဝကိစ္စပစ္စယ ဘာဝဝိသေသော၊ သဘောကိစ္စတို့ဖြင့် မိမိ၏ အကျိုး၏ အကြောင်းထူး၏ အဖြစ်တည်း။ ဝါ၊အကျိုးဖြစ်ကုန်သော သဘောကိစ္စတို့၏ အကြောင်းထူး အဖြစ်ပင်တည်း။ ။(မူလဋီကာအနက်)။

သဘာဝကိစ္စေဟိ၊ သဘောဖြစ်သော ကိစ္စတို့ဖြင့်။ အတ္တနော၊ မိမိ မိမိ၏။ ဖလဿ၊ အကျိုးတရား၏။ ပစ္စယဘာဝေါ၊ အကြောင်း၏အဖြစ်သည် သဘာဝကိစ္စပစ္စယဘာဝေါ၊ မည်၏။ ဝါ၊ တနည်းကား။ ဖလဘူတာနံ၊ အကျိုးဖြစ်ကုန်သော။ သဘာဝကိစ္စာနံ၊ တို့၏။ ပစ္စယဘာဝေါ၊ အကြောင်း အဖြစ်သည်။ သဘာဝကိစ္စပစ္စယဘာဝေါ၊ မည်၏။ ။(အနုဋီကာအနက်)။

အိပ်မြဲ အိပ်ပြန်သတတ်။ ။ဤဥပမာ စကားရပ်၌ ယောကျ်ား၏ အိပ်သော အခါကဲ့သို့၊ ဘဝင်စိတ် ဖြစ်သော အခါကို မှတ်အပ်၏။ သရက်သီးကြွေ၍ မြေ၌ ကျသကဲ့သို့ ရူပါရုံနှင့် စက္ခုပသာဒတို့ ထိခိုက်သော အခါကို မှတ်အပ်၏။ သရက်သီးကြွေကျသော အသံဖြင့် နိုးသော အခါကဲ့သို့ အာဝဇ္ဇန်း ဖြစ်သော အခါကို မှတ်အပ်၏။ မျက်စိကိုဖွင့်၍ ကြည့်သောအခါကဲ့သို့ စက္ခုဝိညာဏ် ဖြစ်သောအခါကို မှတ်အပ်၏။ သရက်သီးကို ကိုင်ယူသော အခါကဲ့သို့ သမ္ပဋိစ္ဆိုင်း ဖြစ်သောအခါကို မှတ်အပ်၏။ ဆုပ်နယ်သော အခါကဲ့သို့ သန္တီရဏ ဖြစ်သောအခါကို မှတ်အပ်၏၊ နမ်းသောအခါ ကဲ့သို့ ဝုဋ္ဌော ဖြစ်သောအခါကို မှတ်အပ်၏။ ကိုက်ခါ ကိုက်ခါစားသော အခါကဲ့သို့ ဇောဖြစ်သော အခါကို မှတ်အပ်၏၊ မျိုသော အခါကဲ့သို့ တဒါရုံဖြစ်သော အခါကို မှတ်အပ်၏။ တဖန် အိပ်သောအခါကဲ့သို့ ဘဝင် ကျသောအခါကို မှတ်အပ်၏။

၁၀။ ။ဇွမ္ဗသိ္မံ ဌာနေ အမ္ဗောပမံ နာမ ဂဏှိသု။ကော ကိရ ပုရိသော ဖလိတမ္ဗရုက္ခမူလေ သသီသံပါရုပိတွာ နိပ္ပန္နော နိဒ္ဒါယတိ။အထေ ကံ။ပ။ ကေဋ္ဌေန ပန အာရမ္မဏရသံ ဇဝနမေဝ အနုဘဝတီတိ ဒီပေတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

ဆောင်ပုဒ်

က။ ။ကြိချက်သမား၊ တံခါးစောင့်လူ၊ ပင့်ကူ သရက်။
ပုံမပျက်၊မိန္နမြွက်၊အဋ္ဌကထာ။

ခ။ ။ဥတု,ဗီဇ၊ကံ,ဓမ္မ၊စိတ္တ-နိယာမာ။

ဂ။ ။စိတ္တနိယာမ၊ သဘာဝ၊ ဖြစ်ကြ-ဝိထိမှာ။

---

၁၀-ဂ။ ။ဇွမ္ဗသိ္မံ ဌာနေ၊ဤစိတ္တနိယာမအရာ၌။ အမ္ဗောပမံနာမ၊ သရက်သီးဥပမာမည်သည် ကို။အာစရိယား၊အဋ္ဌကထာဆရာကြီးတို့သည်။ ဂဏှိသု၊ ယူတော်မူကြကုန်၏။ကိရ၊ဖြင်ပုံဥပမာ ကိုဆိုဦးအံ့။ကော၊တယောက်သော။ပုရိသော၊ယောကျ်ားသည်။ဖလိတမ္ဗ ရုက္ခမူလေ၊ အသီး သီးသောသရက်ပင်၏အရင်း၌။သသီသံ၊ဦးခေါင်းနှင့်တကွ။ ပါရုပိတွာ၊ခြုံ၍။ နိပ္ပန္နော၊ အိပ် သည်ဖြစ်သော်။ နိဒ္ဒါယတိ၊ အိပ်းမောကျခြင်းသို့ ရောက်လေ၏။ အထ၊ ထိုအခါ၌။ ဧကံ၊ဘသုံး သော။အမ္ဗပက္ကံ၊ သရက်သီးမှည့်သည်။ပ။ကေဋ္ဌေန ပန၊စင်စစ်အားဖြင့်သော်ကား။ အာရမ္မဏ ရသံ၊ အာရုံအရသာကို။ ဇဝနမေဝ၊ ဇောစိတ်သည်သာလျှင်။ အနုဘဝတိ၊ အစဉ်းစား၏။ ဣတိအယံ၊ဤသို့သောအနက်အဓိပ္ပါယ်ကို။ဒီပေတိ၊ပြလေသတည်း။ ။(ထိုမှတပါး ပင့်ကူအိမ်

**မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃-မျိုး ခွဲခြားဖို့**

၁။ ။အတိတဘဝင်မှ အောက်ဖြစ်သော ဘဝင် ၁၃-ချက်၊ ခဏငယ် ၃၇-ခဏတို့၌ရှိသော ပသာဒ ၃၇-ခုတို့သည် ဒုတိယတဒါရုံ မချုပ်မီ ချုပ်သည်ဖြစ်၍ အာရုံငါးပါးအောက် နည်းသော တိုသော အသက် ရှိသော ကြောင့် **မန္ဒာယုက** မည်၏။

မန္ဒံ အာယု ယေသန္တိ မန္ဒာယုကာ။

ဟုပြု။ ။ယေသံ၊ အကြင်ပသာဒရုပ်တို့အား။ မန္ဒံ၊ပဉ္စာရုံအောက် တိုသော။ အာယု၊အသက်သည်။ အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ မန္ဒာယုကာ၊ မန္ဒာယုက မည်၏။ ။ဟု ပေး။

၂။ ။အတိတ ဘဝင်၏ ဦးမှ စ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘဝင်တိုင်အောင် စိတ္တက္ခဏ ၁၁-ချက် တို့နှင့် အတူ ဥပါဒ် ပသာဒရုပ် ၁၁-ခုတို့သည် ဒုတိယတဒါရုံ၏ ချုပ်ပြီးသည်နောက်မှ ချုပ်သည်ဖြစ်၍ အာရုံငါးပါးထက် များသောရှည်သော အသက် ရှိသောကြောင့် **အမန္ဒာယုက** မည်၏။

အမန္ဒံ အာယု ယေသန္တိ အမန္ဒာယုကာ။

ဟုပြု။ ။ယေသံ၊အကြင် ပသာဒရုပ်တို့အား။အမန္ဒံ၊ အာရုံငါးပါးထက် မနည်းသော။ ဝါ၊ရှည်သော။ အာယု၊အသက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။အမန္ဒာယုကာ၊ **အမန္ဒာယုက** မည်၏ ဟု ပေး။

၃။ ။အတိတ ဘဝင်၏ ဥပါဒ်ခဏ၌ ဥပါဒ်သော ပသာဒရုပ်သည် ကား ဒုတိယတဒါရုံ၏ ဘင်နှင့် ပြိုင်၍ ချုပ်ရကား ပဉ္စာရုံနှင့် တူသော အသက်ရှိသောကြောင့် **မဇ္ဈိမာယုက** မည်၏။

မဇ္ဈိမံ အာယု ယဿာတိ မဇ္ဈိမာယုကော။

ဟုပြု။ ။ယဿ၊ အကြင် ပသာဒရုပ်အား။ မဇ္ဈိမံ၊ အလယ်အလတ် ဖြစ်သော။အာယု၊အသက်သည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ မဇ္ဈိမာယုကော၊ မဇ္ဈိမာယုက မည်၏။ ။ဟုပေး။

သတ္တတိံသ မန္ဒာယုကာ၊ဧကံ မဇ္ဈိမံ မတံ။
အမန္ဒေကာ ဒသာ စေတိ၊ ဝိညာတဗ္ဗာ ဝိဘာဝိနာ။
မဏိမဉ္ဇူသာဋီကာ။

ဥပမာ,ကြံညှင်းယန္တရား ဥပမာ,ဘုံပါးစောင့်ဥပမာစသည်တို့ဖြင့် အကျယ်ဘောင့်ဘွင့်ဆိုတော်မူသေး၏။ ၎င်းဥပမာ စသည်တို့ကိုကား၊ အနုသာရလိဒ္ဓိ အဋ္ဌကထာ အဇ္ဈာကတ ဝိပါကပဒ အဘွင့်၌ ရှုလင့်ကုန်)။

မန္ဒာယုကာ၊ မန္ဒာယုက ပသာဒရုပ်တို့ကို။ သတ္တတိံသ၊ ၃၇-ပါးတို့ ဟူ၍။မတာ၊ သိအပ်ကုန်၏။ မဇ္ဈိမံ၊ မဇ္ဈိမာယုက ပသာဒရုပ်ကို။ ဧကံဝ၊ တပါးဟူ၍သာ။ မတံ၊သိအပ်၏။ အမန္ဒာ၊အမန္ဒာယုက ပသာဒရုပ်တို့ကို။ ကောဒသစ၊၁၁-ပါး အပြားရှိကုန်၏ ဟူ၍လည်း။မတာ၊ သိအပ်ကုန်၏။ ဣတိ၊ဤသို့။ဝိဘာဝိနာ၊ ပညာရှိသည်။ ဝိညာတဗ္ဗာ၊သိအပ်၏။

တနည်း။ သင်္ခေပ ဝဏ္ဏနာဆရာ အလိုကား အတိတ ဘဝင်၏ ရှေး ပဥ္စမဘဝင်၏ဘင်နှင့် အတူ ဥပါဒ်သော ပသာဒသည် ပဥ္စဝိညာဏ် ဥပါဒ် သော ကာလ၊ခဏယ် ၂၆-ချက် အသက် ဝေမဇ္ဈသို့ ရောက်သောကြောင့် မဇ္ဈိမာယုက မည်၏။ ထိုမှ ရှေး ခဏယ် ၂၃-ချက်တို့သည် မန္ဒာယုက မည်ကုန်၏။ နောက် စက္ခုဝိညာဏ်၏ ဥပါဒ်တိုင်အောင် ခဏယ် ၂၅-ချက် တို့နှင့် အတူ ဥပါဒ်သော ပသာဒတို့သည် အမန္ဒာယုကတို့ မည်ကုန်၏။ အမန္ဒာယုက ပသာဒ ၂၅-ခုတို့တွင် အတိတဘဝင်၏ ဥပါဒ်၌ ဖြစ်သော ပသာဒတခုသည်သာ မဇ္ဈိမာယုက မည်၏။

တေဝီသတိ မန္ဒာယုကာ၊ဧကံဝ မဇ္ဈိမံ မတံ။
အမန္ဒာ ပဉ္စဝီသာတိ၊အမန္ဒေ မဇ္ဈနိသိတံ။

မန္ဒာယုကာ၊တို့ကို။တေဝီသတိ၊ ၂၃-ပါးတို့ဟူ၍။ မတာ၊သိအပ်ကုန်၏။ မဇ္ဈိမံ၊ကို။ ဧကံဝ၊ တပါးတည်း ဟူ၍သာလျှင်။ မတံ၊ ၏။ အမန္ဒာ၊တို့ကို။ ပဉ္စဝီသ၊ ၂၅-ပါးတို့ဟူ၍။မတာ၊ကုန်၏။ ဣတိ ဣမေသု တီသု ဝတ္ထုသု၊ ဤသုံးမျိုးသော ဝတ္ထုရုပ်တို့တွင်။ အမန္ဒေ၊ အမန္ဒာယုက ၂၃-ခုသော ပသာဒတွင်။မဇ္ဈနိသိတံ၊ အလယ်ဝတ္ထုရုပ်တခုကိုသာမှီ၏။

---

### မန္ဒာမန္ဒ မဇ္ဈိမာယုကတို့ကို ရွေးချယ်ခြင်း အကြောင်း

၎င်း ၃-ပါးတို့ကို ပဉ္စဒွါရဝီထိ၌သာလျှင် ရွေးချယ် စိစစ်ရလေသည်။ အကြောင်းသော်ကား။ ။ပဋိသန္ဓေအခါဝယ် စက္ခုဒသက ရုပ်တရား ဖြစ် သည်မှစ၍ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော်၊ ၁၇-ချက် မြောက်သော စိတ်၏ဥပါဒ်တိုင်အောင် တခုခုသော စိတ်၏ သုံးပါးသုံးပါးသော ခဏ တို့၌ တဖွါးဖွါး ဖြစ်သော ပသာဒရုပ် အများ တို့တွင် ပဉ္စဝိညာဏ် ဖြစ်သည်တိုင်အောင် မမှီသော ပသာဒရုပ် ပဉ္စဝိညာဏ် ဖြစ်ပြီး၍ နောက်မှ

ဖြစ်ပေါ်လာသော ပဿာဒရုပ်တို့ကား ပဉ္စဝိညာဏ် ဓာတ်သည် မှီလေသလော,မမှီလေသလော-ဟု ရွေးချယ်စီစစ်ဘို့ မရှိသဖြင့် မစီစစ် မရွေးချယ်မူ၍ ပဉ္စဝိညာဏ် ဖြစ်သည် တိုင်အောင် မှီသော ၄၉-ချက်သော ပဿာဒရုပ်တို့တွင်သာ အဘယ်ပဿာဒရုပ်ကို စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏဓာတ်တို့သည် မှီလေကုန်သနည်း ဟူ၍ လျှဉ်းပါးဘွယ် ရှိသော ကြောင့်ငင်း၊ပဉ္စဝိညာဏ်ဓာတ်၏ မှီရာ ပုရေဇာတ နိဿယပစ္စည်းတင်သော ပဿာဒရုပ်ကို ကွဲပြား သိသာ စိမ့်သော်ငှါ ဆိုအပ်ပြီးသော အာယုက ၃-ပါးတို့ကို စီစစ်ရွေးချယ်၍ ပြရပေသတည်း။

၁၀-ဃ။ ။ပဉ္စဝိညာဏုပ္ပတ္တိ သမယေ ဝိဇ္ဇမာနေသု မန္ဒာမန္ဒမဇ္ဈိမာယုကေသု ကေ္ခနုပညာသ စက္ခာဒိပဉ္စပဿာဒေသု ကတမေ ပဿာဒါ၊ ကတမေသဉ္စ ပဉ္စဝိညာဏာနံ နိဿယပစ္စယာ ဟောန္တိ။

မဏိမဉ္ဇူသာဋီကာ။

အထက်ပါ မဏိမဉ္ဇူသာ ဋီကာလာ စကားရပ်ကား၊ ရွေးချယ်စီစစ်ရခြင်း၏အကြောင်းပြအနုသန္ဓေအမေးပုစ္ဆာစကားရပ် ဖြစ်၏။ ၎င်း၏အမေးကို ၎င်းဋီကာ၌ပင်–

၁၀-င။ ။တသ္မာ အာရမ္မဏာ ဃဋ္ဋိတာ ဒုတိယ တဒါလမ္ဗဏာဌာနုပ္ပန္န ဘဝင်္ဂစလန ဝေါဋ္ဌဗ္ဗနေဟိ သဟနိရုဇ္ဈမာနာ ပဉ္စပဿာဒါယေဝ နိဿိတာတိ ဝေဒိတဗ္ဗာ။ ။ဟု ဖြေဆိုတော်မူ၏။

အဓိပ္ပါယ်ကား။ ။စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ်စိတ် ဖြစ်သည် တိုင်အောင်မှီသော ၄၉-ချက်သော ပဿာဒတို့တွင် မန္ဒာယုက ဖြစ်သော ၃၇-ချက်သော ပဿာဒရုပ်တို့ကိုငင်း၊ အမန္ဒာယုက ဖြစ်သော ၁၁-ချက်သော ပဿာဒရုပ်တို့ကိုငင်း၊ ပဉ္စဝိညာဏ် စိတ်သည် မမှီချေ၊ ဝိထိအား

---

၁၀-ဃ။ ။ပဉ္စဝိညာဏုပ္ပတ္တိသမယေ၊ ပဉ္စဝိညာဏ်စိတ် ဖြစ်သောအခါ၌။ ဝိဇ္ဇမာနေသု၊ ထင်ရှားရှိကုန်သော။မန္ဒာမန္ဒမဇ္ဈိမာယုကေသု၊မန္ဒ-အမန္ဒမဇ္ဈိမာယုကဖြစ်ကုန်သော။ကေ္ခနုပညာသစက္ခာဒိ ပဉ္စပဿာဒေသု၊ တခုသုံးဆယ်ကိုးခုသော စက္ခုစသော ပဉ္စပဿာဒတို့တွင်။ ကတမေ ပဿာဒါ၊ အဘယ်ပဿာဒတို့သည်။ကတမေသဉ္စ ဝိညာဏာနံ၊ အဘယ် ဝိညာဏ်တို့အား။နိဿယပစ္စယာ၊ပုရေဇာတနိဿယပစ္စည်းတင်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်သနည်း။

၁၀-င။ ။တသ္မာ၊ထိုကြောင့်။ အာရမ္မဏာဃဋ္ဋိတာ၊အာရုံငါးပါးဖြင့် ထိခိုက်ကုန်သော။ ဒုတိယတဒါလမ္ဗဏာဌာနုပ္ပန္နဘဝင်္ဂစလနဝေါဋ္ဌဗ္ဗနေဟိ၊ ဒုတိယတဒါရုံ တိုင်အောင်ဖြစ်၍ ဘဝင်-စော–ဝုဋ္ဌော်တို့နှင့်။သဟ၊တကွ။နိရုဇ္ဈမာနာ၊ ချုပ်ကုန်သော။ ပဉ္စပဿာဒါယေဝ၊ ပဿာဒရုပ်ငါးပါး၊တို့ကိုသာလျှင်။နိဿိတာတိ၊မှီကုန်၏ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

လျော်စွာ ဒုတိယ တဒါရုံ, ဘဝင်, ဇော, ဝုဋ္ဌော - တို့နှင့် ပြိုင်၍ချုပ်သော မဇ္ဈိမာယုက ပသာဒရုပ်ကိုသာ ပဥ္စဝိညာဏခေတ် မှီ၏-ဟု ဆိုလိုသည်။

အဘယ့်ကြောင့် ပဥ္စဝိညာဏ ခေတ်တို့သည် မန္ဒာယုက, အမန္ဒာယုက ပသာဒရုပ်တို့ကို မမှီမူ၍ မဇ္ဈိမာယုက ပသာဒရုပ်ကိုသာ မှီရလေသနည်း ဟူမူ။ ။ဤမဇ္ဈိမာယုက ပသာဒရုပ်ကို မှီ၍သာလျှင်အာရုံငါးပါးကို မြင်နိုင် ထင်နိုင်ကြကုန်၏။ မန္ဒာယုကပသာဒ အမန္ဒာယုက ပသာဒတို့ကား ပုရေဇာတပစ္စည်း မတပ်နိုင်၍ အာရုံ ငါးပါးကို မမြင်နိုင် မထင်နိုင်သော ကြောင့် ပုရေဇာတ နိဿယပစ္စည်း တပ်နိုင်သော မဇ္ဈိမာယုက ပသာဒ ရုပ်ကိုသာ မှီကြကုန်သတည်း။ ။ဥပမာကား၊ မီးခတ်ကျောက်နှင့် မီးခတ် သံတုံးနှစ်ခုတို့ခတ်မိကြရာတွင် အကြင်နေရာ၌ သံတုံးဖြင့်ခတ်မိ၏၊ ထိုနေရာ ၌သာလျှင် မီးပွါးမီးပေါက်ပေါ်ထွက်လာ၏။ မခတ်မိသော အခြားနေရာမှ မီးပွင့် မီးပွါး မပေါ်ထွက်သကဲ့သို့ ထိုအတူ ပသာဒ အများရှိသည်တွင် အကြင်ပသာဒပေါ်၌ အာရုံဦးစွာထိခိုက်မိ၏။ထိုထိခိုက်မိသောပသာဒပေါ် မှာသာလျှင် ဝိညာဏခေတ်ဖြစ်ရိုးရှိလေ၏။ ထိုမိမိဖြစ်ပေါ်ရာ ထိခိုက်မိရာ မှီရာ ပသာဒရုပ်ကိုသာ မှီတွယ်ရလေသတည်း။ ၎င်းပသာဒရုပ်ကို ဤသို့ ပဥ္စဝိညာဏခေတ်တို့၏ မှီရာဖြစ်သောကြောင့် ပုရေဇာတ နိဿယပစ္စည်း တပ်သည်-ဟု ဆိုရပေသည်။ သို့သော် ပဥ္စဝိညာဏခေတ် ဖြစ်ပေါ်လတ် သော အခါ၌ ပသာဒရုပ်အများဆိုက်ကပ်ဖြစ်ပေါ်၍နေသောကြောင့်သာ ထင်မြင်စေနိုင်, ပုရေဇာတ နိဿယပစ္စည်း တပ်နိုင်သော ပသာဒရုပ်ကို သိဘို့ရန် ရွေးချယ်ရလေ၏-ဟု မှတ်။

---

## ဆောင်ပုဒ်

က။ ။ဝိညာဏ်ငါးရပ်၊ကိစ္စတပ်နိုင်၊ထင်မြင်နိုင်၊မှီခိုင် မဇ္ဈာယု။

ခ။ ။မန္ဒာမန္ဒ၊ယင်း နှစ်ဝကား၊နိဿယပစ္စည်း၊အပြီးမတပ်၊မမှီလတ်၊ မှတ်အပ် ကျမ်းလာရှု။

---

## အတိမဟန္တာရုံ ဝီထိ

၁၁။ ။ဒွေ့ကာဋတော စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ၊ ဒွေ ဘဝင်္ဂစလနာနိ ပေ။
အဘရှေ့ကာမော အတိမဟန္တံနာမ ဂေါစရံ။ ။သင်္ဂြိုဟ်ပါဠိ။

---

ဤမှ အတိုင်းအရှည် ရှိကုန်သော အထက်၌ ဆော်ပြအပ်ပြီးကုန်သော ပဉ္စဒွါရာဝဇ္ဇန်း အစတဒါရုံ အဆုံးရှိသော ဝီထိစိတ်၁၄-ပ ်း၊ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ, အတီတဘဝင်အားဖြင့် ဘဝင်စိတ် ၃-ပါး၊ဤ စိတ္တက္ခဏာ၁၇-ချက်ရှည်ကြာ၍ ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်သော အာရုံသည် အလွန်တရာ အားကြီးသော အာရုံ ဖြစ်သောကြောင့် အတိမဟန္တာရုံမည်၏၊ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## အတိမဟန္တာရုံ ဝီထိပုံစံ

| ကံ,ကမ္မနိမိတ်,ဂတိနိမိတ် | | | | | | | | ပဉ္စပွန် ရူပါရုံ | | |
|---|---|---|---|---|---|---|---|---|---|---|
| ဘွင် ၁၃-ချက်။ | ''တီ | န | ဒ···· | ပ | | စ | သံ | ဏ | ဝု | |
| | ooo၊ | | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ |
| ဇော | ဇော | ဇော | ဇော | ဇော | ဇော | ဇော | ရုံ | ရုံ''····ဘွင် | ဘွင် | |
| ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | ooo၊ | oo'o' | | |

၎င်း အတိမဟန္တာရုံဝီထိကား တဒါရုံနှင့် ပြိုင်၍ ချုပ်သောကြောင့် တဒါရမ္မဏဝါရမည်၏။ ဤအတိမဟန္တာရုံဝီထိ၌ အတီတဘဝင်၏ ခဏငယ် ၃-ချက်တို့တွင် ဥပါဒ်ခဏ၌ဖြစ်သော ပသာဒရုပ်တပါးသည် ဒုတိယတဒါရုံ၏ ဘဝင်နှင့် ပြိုင်၍ ချုပ်သောကြောင့် မဇ္ဈိမာယုက မည်၏။ ။ ထို အတီတ ဘဝင်၏ရှေး ၁၃-ချက် မြောက်သော ဘဝင်ကစ၍ ဖြစ်သော ၃၇-ချက်သော ပသာဒတို့သည်ကား ဒုတိယတဒါရုံ မချုပ်မီ ချုပ်နှင့်လေသောကြောင့် မန္ဒာယုကမည်ကုန်၏။ ။အတီတဘဝင်၏ငြိကစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် ၁၁-ချက်သော စိတ္တက္ခဏတို့၌ ဖြစ်သော ၁၁-ပါးသော ပသာဒတို့သည်ကား ဒုတိယ တဒါရုံ ချုပ်ပြီးသည် နောက်မှ ချုပ်သဖြင့် ရှည်သောအသက်ရှိသောကြောင့် အမန္ဒာယုက-မည်၏။ ။ဟု ဝီထိနှင့် မှတ်၍ သိလေ။

## မဟာန္တာ၁ရုံ ဝီထိ

၁၂။ ။ယာ၁ဝ တဒါရမ္မဏုပ္ပါဒါပန အဗ္ဗဟော န္တာ၁ဘီတကာ၊ပ။
ဇဝနာ၁ဝသာ၁နေ ဘ၁ဝင်္ဂပါတော၁ဝ ဟော၁တိ၊နတ္ထိ တဒါရမ္မ
ဏုပ္ပါဒေါ။ ။သင်္ဂြိုဟ်ပါဠ်။

---

တဒါရုံ မကျလောက်သည်ဖြစ်၍ လွန်မြောက် ချုပ်ငြိမ်းခြင်း ရှိသော အာရုံသည် မဟာန္တာ၁ရုံ မည်၏။ ထိုမဟာန္တာ၁ရုံ၌ ဇော၏ အဆုံး၌ ဘဝင် ကျ၏။ တဒါရုံ မကျနိုင်ပေ။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

### ၁။ ။ပဌမ မဟာန္တာ၁ရုံ ဝီထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ် အာရုံ ပစ္စုပ္ပန် ရူပါရုံ

"တီ ထိ န ဒ····ပ စ သံ ဏ ဝု ဇော
'ဝ'ဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊
ဇော ဇော ဇော ဇော ဇော ဇော ဘွင်····ဘွင်" ဘွင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝ'ဝ'

---

### ၂။ ။ဒုတိယ မဟာန္တာ၁ရုံ ဝီထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ် အာရုံ ပစ္စုပ္ပန် ရူပါရုံ

"တီ တီ တီ န ဒ····ပ စ သံ ဏ ဝု
'ဝ'ဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊
ဇော ဇော ဇော ဇော ဇော ဇော ဇော"····ဘွင် ဘွင် ဘွင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ဝဝ'ဝ'

ဤမဟာန္တာ၁ရုံ ဝိထိသည် အတိမဟာန္တာ၁ရုံလောက် အားမကြီးသောကြောင့် အတီတဘဝင် ၂-ချက် လွန်မှသော်၎င်း၊ သုံးချက်လွန်မှသော်၎င်း၊ ထင်ခြင်း,ထိခိုက်ခြင်းသို့ ရောက်လေ၏။ ထိုမဟာန္တာ၁ရုံကို အာရုံပြု၍ ဖြစ်သော ဝိထိစိတ်အစဉ်သည်လည်း မဟာန္တာ၁ရုံ ဝိထိမည်၏။ ၎င်းမဟာန္တာ၁ရုံ ဝိထိ၌ တဒါရုံဖြစ်နိုင်ရန် မလောက်သောကြောင့် တဒါရုံ မကျနိုင်ပါဘဲ ဇော၏ အဆုံးတွင် ဘဝင်ကျရလေ၏။ ထို့ကြောင့် ဇဝန ဝါရခေါ်ဆိုလေသတည်း။ ။ဤဝိထိ ၂-မျိုး၌ ပဌမအတီတ ဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်

သော ပသာဒရုပ်သည် မဇ္ဈိမာယုက မည်၏။ ပဌမ အတီတဘဝင်မှ ရှေး ဖြစ်သော ဘဝင် ၁၂-ချက်တို့၌ဖြစ်သော ပဌမ မဟန္တာရုံဖြစ်အံ့ ၃၂-ပါး၊ ဒုတိယ မဟန္တာရုံဖြစ်အံ့ ၃၁-ပါးသော ပသာဒတို့သည် မန္ဒာယုကမည်ကုန်၏။ပဌမ အတီတဘဝင်၏ ဌီကစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင်သော စိတ္တက္ခဏတို့၌ဖြစ်သော ပဌမ မဟန္တာရုံဖြစ်အံ့ ၁၄-ပါး၊ ဒုတိယမဟန္တာရုံ ဖြစ်အံ့ ၁၇-ပါးသော ပသာဒအပေါင်းသည် အမန္ဒာယုက မည်၏ ဟု သိ။

## တဒါရုံ မကျခြင်း၏ အကြောင်း

မဟန္တာရုံ ဝီထိ၌ အတိမဟန္တာရုံ ဝီထိကဲ့သို့ အဘယ့်ကြောင့် တဒါရုံ မကျပါသနည်းဟူမူ။ ။အာရုံသည် အားနည်းသည်ဖြစ်၍ နှစ်ကြိမ်မကျ လောက်သောကြောင့် တဒါရုံမကျလေသတည်း။ ။နှစ်ကြိမ်မဖြစ်လောက် ပါမူ တကြိမ်ဖြစ်နိုင်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် တကြိမ်တည်း မကျပါသနည်းဟူမူ တဒါရုံမည်သည် တကြိမ်တည်း ကျရိုးမရှိ၊ နှစ်ကြိမ် ထက် အလွန်လည်း မကျနိုင်၊ နှစ်ကြိမ်သာ ကျရိုး ရှိသောကြောင့် မကျ လေသတည်း။ အကယ်၍ နှစ်ကြိမ် ကျခဲ့သည်ရှိသော် ကာမအာရုံဖြစ်၍ ပဌမတဒါရုံသည် ပစ္စုပ္ပန်ကို အာရုံပြုရာ၏။ ဒုတိယတဒါရုံကား ၎င်းပစ္စုပ္ပန် အာရုံသည် သတ္တရသ အသက်စေ့သဖြင့် ချုပ်သောကြောင့် အတိတ်ကို သာ အာရုံပြုရာ၏။ ထိုသို့ ဝီထိ၌ အာရုံ မပြားကောင်းသည်ဖြစ်၍ တဒါရုံ အလျဉ်းမကျ-ဟု မှတ်လေ။

၁၂။ ။ဋ္ဌိဝါရတ္တာ နိရုဒ္ဓတ္တာ၊ တဒါလမ္ဗံ န ဇာယတိ။
အတီတေဝိ စ အာလမ္ဗေ၊ နာနာရမ္မဏဘာဝတော။
န ဟိ မဂ္ဂဖလာညတြ၊ နာနာရမ္မဏသမ္ဘဝေါ။

သစ္စသံခိပ် အဌကထာ။

---

၁၂။ ။တဒါလမ္ဗံ၊ တဒါရုံသည်။ဋ္ဌိဝါရတ္တာ၊ နှစ်ကြိမ်ကျရိုး ရှိသောကြောင့်၎င်း။ နိရုဒ္ဓတ္တာ၊ အာရုံချုပ်နှင့်လေသောကြောင့်၎င်း။န ဇာယတိ၊ မဟာန္တာရုံဝီထိ၌ တဒါရုံမဖြစ်နိုင်။ အတီတေဝိ စ အာလမ္ဗေ၊ ချုပ်လေပြီးသော အတိတ်အာရုံ၌လည်း။ နာနာရမ္မဏဘာဝတော၊အာဝဇ္ဇန်းသည်တို့နှင့် ကာလအားဖြင့် ပြားသော အာရုံရှိသည်၏ အဖြစ်ကြောင့်။ န ဇာယတိ၊ တဒါရုံမဖြစ်။ဟိ၊သစ္စံ၊မှန်၏။ မဂ္ဂဖလာ၊မဂ္ဂဝီထိ, ဖလသမာပတ္တိ ဝီထိမှ။အညတြ၊တပါးသော ဝီထိ၌။နာနာရမ္မဏသမ္ဘဝေါ၊ အာရုံပြားသော ဖြစ်ခြင်းသည်။န၊မရှိ။

## ဆောင်ပုဒ်

က။ ။ငါးပါး အာရုံ၊ အားနည်းတုံကြောင့်၊ တဒါရုံစိတ်၊ မကျရိုပ်၊ မှတ်သိတ်-မဟန္တာ။

ခ။ ။ကျကယ်စေပင်၊ ကျခဲ့လျှင်၊ ကွဲရှင်-အာရုံမှာ။

ပ။ ။ထို့ကြောင့်သာပ၊ ရုံ မကျ၊ မှတ်ပ-ဇောဝါရာ။

---

## ပရိတ္တာရုံ ဝိထိ

**၁၃။ ။ယာဝ ဇဝနုပ္ပါဒါပိ အပ္ပဟောန္တာ တီတကမာပါထ မာဂတံ အာရမ္မဏံ ပရိတ္တံနာမ ။ပ။ တတော ပရံ ဘဝင်ပါတောဝ ဟောတိ။**

သင်္ဂြိုဟ်ပါဌ်။

---

မဟန္တာရုံ ဝိထိကဲ့သို့ ဇောကျလောက်သော အားမရှိသောကြောင့် အတီတဘဝင် ၄-ချက် လွန်မှသော်၎င်း၊ ၅-ချက်၊ ၆-ချက်၊ ၇-ချက်၊ ၈-ချက် ၉-ချက် လွန်မှသော်၎င်း၊ ထင်ခြင်း,ထိခိုက်ခြင်းသို့ ရောက်နိုင်သော အာရုံသည် ပရိတ္တာရုံမည်၏။ ထိုပရိတ္တာရုံကို အာရုံပြု၍ ဖြစ်သော ဝိထိစိတ်အစဉ်သည်လည်း ပရိတ္တာရုံဝိထိပင် မည်၏။ ထိုသို့ အားနည်းလှသောကြောင့် ဇောမကျမူ၍ ဝုဋ္ဌော ၂-ကြိမ် ကျပြီးသည်နောက် ဘဝင် ကျလေ၏။ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

### ၁။ ။ပဌမ ပရိတ္တာရုံ ဝိထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ်

''တီ တီ တီ တီ န ဒ···· ပ စ သံ ဏ ဝု

'ဝ'ဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊

ဝု····ဘွင် ဘွင် ဘွင် ဘွင် ဘွင်'' ဘွင် ဘွင် ဘွင်

ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝ'ဝ'

၂။ ။ဒုတိယ ပရိစ္ဆေဒရဲ့ ဒီထိ ပုံစံ

ကံ့ကမ္ဘ့ဂတိနိမိတ်

''တိ တိ တိ တိ တိ န ဒ····ပ စ သံ ဏ

'o'ooı oooı oooı oooı oooı oooı oooı oooıoooıoooıoooı

ဝ ဝ— ဘင် ဘင် ဘင် ဘင်'' ဘင် ဘင် ဘင်

oooı oooı oooı oooı oooıoo'o'

၃။ ။တတိယ ပရိစ္ဆေဒရဲ့ ဒီထိ ပုံစံ

ကံ့ကမ္ဘ့ဂတိနိမိတ်

''တိ တိ တိ တိ တိ တိ န ဒ····ပ စ သံ

'o'ooı oooı oooı oooı oooı oooı oooıoooı oooıoooıoooı

ဏ ဝ ဝ····ဘင် ဘင် ဘင်''ဘင် ဘင် ဘင်

oooıoooıoooıoooıoooıoo'o'

၄။ ။စတုတ္ထ ပရိစ္ဆေဒရဲ့ ဒီထိ ပုံစံ

ကံ့ကမ္ဘ့နိမိတ်

''တိ တိ တိ တိ တိ တိ တိ န ဒ····ပ စ

'o'ooı oooı oooı oooı oooı oooı oooı oooı oooı oooı oooı

သံ ဏ ဝ ဝ ဘင် ဘင်''ဘင် ဘင် ဘင်

oooıoooıoooıoooıoooıoo'o'

၅။ ။ပဥ္စမ ပရိစ္ဆေဒရဲ့ ဒီထိ ပုံစံ

ကံ့ကမ္ဘ့ဂတိနိမိတ်

''တိ တိ တိ တိ တိ တိ တိ တိ န ဒ····ပ

'o'ooı oooı oooı oooı oooı oooı oooı oooı oooı oooı oooı

စ သံ ဏ ဝ ဝ····ဘင်'' ဘင် ဘင် ဘင်

oooıoooıoooıoooıoooıoo'o'

၆။ ။ဆဋ္ဌမ ပရိစ္ဆေဒရဲ့ ဒီထိ ပုံစံ

ကံ့ကမ္ဘ့ဂတိနိမိတ်

''တိ တိ တိ တိ တိ တိ တိ တိ တိ န ဒ

'o'ooı oooı oooı oooı oooı oooı oooı oooı oooı oooı oooı

ပ စ သံ ဏ ဝ ဝ''···· ဘင် ဘင် ဘင်

oooıoooıoooıoooıoooıoo'o'

**မှတ်ချက်။** ။အာရုံပြုမှာ ရှေးအတိုင်း မှတ်။ "–" ဤလက္ခဏာဖြင့်ဝီထိစိတ်၏ အစနှင့် အဆုံးကို ပြ၏။ ....ဤလက္ခဏာဖြင့် ပဥ္စဒွါရ အာရုံပြုဝီထိစိတ်ကို ပြ၏။ " ဤလက္ခဏာဖြင့် ခဏအစနှင့် အဆုံးကို ပြ၏။

ဤပရိတ္တာရုံဟူသည်ကား၊ အာရုံငါးပါးကို ထင်ရှားစွာမထင်နိုင်, မမြင်နိုင်,မထိခိုက်နိုင်ပါဘဲ မြင်လိုက်သလို, ကြားလိုက်သလိုမျှ ဖြစ်သော အာရုံမျိုးဖြစ်ပေသည်။ဤသို့ သေချာစွာ မမြင်နိုင်, မထင်နိုင်သော အရိပ်အရောင်မျှ ဖြစ်သော အာရုံဖြစ်၍ အလွန်အားနည်းသော အာရုံဖြစ်ရကား ၎င်းအာရုံကို စွဲ၍ ဖြစ်သော ဝီထိစိတ် အစဉ် သည်လည်း အာရုံ အရသာကို ဝိုင်းခြားဂ န မသိနိုင်,မခံစားနိုင်သည်ဖြစ်၍ ဇောမကျနိုင်ပါဘဲ ဇောအရာ၌ ဝုဋ္ဌော ၂-ကြိမ်၃-ကြိမ်ကျလေ၏။ သို့ဖြစ်၍ ဤပရိတ္တာရုံဝီထိကို ဝုဋ္ဌောအဆုံးရှိမှုကြောင့် ဝေါဋ္ဌဗ္ဗနဝါရ-ဟု ဆိုရလေ၏။

ဤပရိတ္တာရုံ ခြောက်ဝီထိ၌ ပဥ္စမဆုံး အတီတဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော ပသာဒရုပ်သည် မဇ္ဈိမာယုက မည်၏။ ။မန္ဒာယုက ပသာဒတို့မှာကား၊ ရှေးနည်းကို အစဉ်မှီး၍ စိတ္တက္ခဏ သုံးချက်စီ အစဉ်အတိုင်း ၂၀-ပါး၊ ၂၅-ပါး၊ ၂၂-ပါး၊ ၁၉-ပါး၊ ၁၆-ပါး၊ ၁၃-ပါး-စီဖြစ်ကုန်၏။ ။အမန္ဒာယုကပသာဒတို့မှာ အစဉ်အတိုင်း သုံးချက်စီတိုး၍ ၂၀-၂၃-၂၆-၂၉-၃၂-၃၅-ပါးစီ ဖြစ်ကုန်၏။ ။ဟူမှတ်။

၁၃—က။ ။အယံပန ဝါရော ဒိဋ္ဌံ ဝိယ မေ သုတံ ဝိယ မေတိ အာဒိနိ ဝဒနကာလေ လဗ္ဘတိ။ ။အဋ္ဌသာလိနီအဋ္ဌကထာ။

---

## ဇောမကျခြင်း၏ အဓိပ္ပါယ်

ဇောတို့၏ သဘောသည် ပဝတ္တိဝယ် ပကတိသောအခါ၌ ၇–ကြိမ် စောရိုး ဖြစ်ရိုး သဘောရှိ၏၊ တွေဝေ မိန်းမောသော အခါ၌သာ ခြောက်ကြိမ်၊ သေခါနီး အခါ၌ ငါးကြိမ်၊ မြတ်စွာဘုရားသခင်၏ ရေ မီး အစုံအစုံသော တန်းခိုးပြာဋိဟာကို ပြတော်မူသော အခါ၌ကား လေးကြိမ် ငါးကြိမ် စောလေသတည်း။ယခုမှာကား၊ပကတိအခါ ဖြစ်၍ ခြောက်ကြိမ်၊ လေးကြိမ် ငါးကြိမ် စောရမည့် ကာလလည်း မဟုတ်၊ ခုနစ်ကြိမ်လည်း

---

၁၃—က။ ပန၊ အထူး ကိုဆိုဦးအံ့။ အယံဝါရော၊ ဤပရိတ္တာရုံ ခြောက်ဝါရကို။ မေ၊ ငါသည်။ ဒိဋ္ဌံ ဒိယ၊ မြင်အပ်သကဲ့သို့ ထင်၏။ မေ၊ ငါသည်။ သုတံ ဝိယ၊ ကြားအပ်သကဲ့သို့ထင်၏။ ဣတိ အာဒိနိ၊ ဤသို့အစရှိသည်တို့ကို။ ဝဒနကာလေ၊ ဆိုသော ကာလ၌။ လဗ္ဘတိ၊ ရအပ်၏။

မစောလောက်၊ ခုနစ်ကြိမ်စောပြန်လျှင်လည်း အာရုံကွဲပြားခဲ့ရာ၏၊ ထိုသို့ ပရိတ္တာရုံ ခြောက်ဝိထိသည် အာရုံကို ပိုင်းခြား ဂ န မသိရသဖြင့် အာရုံ၏အရသာကို မခံစားနိုင်သောကြောင့် ဇော မစောမကျဟုမှတ်။

၁၃-ခ။ ။အာရမ္မဏရသံ ဇဝနမေဝ အနုဘဝတိ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

ဇဝနဠ္ဌိ ဥပ္ပဇ္ဇမာနံ နိယမေန သတ္တစိတ္တက္ခဏာ ယုကေယေဝ ဥပ္ပဇ္ဇတိ။ ။ ဋီကာကျော်။

---

**ဆောင်ပုဒ်**

စမ်းတဝါးဝါး၊ ပိုင်းခြားမသိ၊ မြင်ဘိအာရုံ၊
ဖြစ်သောတုံ၊ မှတ်ကုန်ဇောမကျ။

---

**ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ်ကျခြင်း အဓိပ္ပါယ်**

ဤဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်အရ၊ ဇောမကျနိုင်သဖြင့် ဇောအရာကို ယူ၍ ဇော၏ကိုယ်စားပြုကာ ဝုဋ္ဌော ၂-ကြိမ်သော်၎င်း,၃-ကြိမ်သော်၎င်း ကျရလေသတည်း။ ထိုစကား မှန်၏၊ ဇောကျသော ဝိထိ၌သာ ဝုဋ္ဌော-တကြိမ် စောရ၏-ဟုမှတ်။

၁၃-ဂ။ ။ဝေါဋ္ဌဗ္ဗနဝသေန ပန ဌတ္တာ ဧကံဝါ ဒွေဝါ စိတ္တာနိ ပဝတ္တန္တိ။
တတော အာသေဝနံ လဘိတ္ဝာ ဇဝနဋ္ဌာနေ ဌတ္ဝာ ပုနဘဝင်္ဂံ
ဩတရတီတိ ဣဒမ္ပိ အာရမ္မဏ ဒုဗ္ဗလတာယ ဧဝံ ဟောတိ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၁၃-ခ။ အာရမ္မဏရသံ၊ အာရုံအရသာကို။ဇဝနမေဝ၊ ဇောသည်သာလျှင်။ အနုဘဝတိ၊ အစဉ်ခံစားနိုင်၏။ ။ဟိ၊ မှန်၏။ဇဝနံ၊ဇောသည်။ဥပ္ပဇ္ဇမာနံ၊ဖြစ်ပေါ်သည်ရှိသော်။နိယမေန၊ အမြဲအားဖြင့်၊သတ္တစိတ္တက္ခဏာ ယုကေယေဝ၊ စိတ္တက္ခဏအသက် ခုနစ်ချက်ဘက်တိုင်တိုင်။ ဥပ္ပဇ္ဇတိ၊ဖြစ်ရိုး ရှိပေ၏။

၁၃-ဂ။ ။ပန၊အန္တယကိုဆိုဦးအံ့။ ဝေါဋ္ဌဗ္ဗနဝသေန၊ဝုဋ္ဌော၏အစွမ်းဖြင့်။ဌတ္ဝာ၊ရပ်တန့်၍။ ဧကံ ဝါ၊တကြိမ်၎င်း။ဒွေ ဝါ၊နှစ်ကြိမ်တို့၎င်း။ စိတ္တာနိ၊ စိတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တတော၊သို့ပဋ္ဌာမဝုဋ္ဌောမှ။ အာသေဝနံ၊ အာသေဝန ပစ္စည်းကဲ့သို့သော အနန္တရ ပစ္စည်းကို။ လဘိတ္ဝာ၊ရ၍။ ဇဝနဋ္ဌာနေ၊ဇော၏အရာဌာန၌။ဌတ္ဝာ၊တည်၍။ပုန၊တဖန်။ဘဝင်္ဂံ၊ဘဝင်သို့။ ဩတရတိ၊သက်လေ၏။ ။ဣတိ၊ဤသို့။ဣဒမ္ပိ၊ ဤပရိတ္တာရုံ ဝိထိစိတ်သည်လည်း။ အာရမ္မဏ ဒုဗ္ဗလတာယ၊အာရုံ၏အားနည်းသည်၏အဖြစ်ကြောင့်။ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ဟောတိ၊ဖြစ်လေသတည်း။

**မှတ်ချက်**။ ။ဤ အထက်ပါ အဋ္ဌကထာ စကားဖြင့် ဇာတိဝါ ဒွေဝါ ဟု တကြိမ် ၂-ကြိမ်မျှသာ ဝုဋ္ဌာစောရန် မိန့်ဆိုသဖြင့် သဂြိုဟ်ကျမ်းဖြင့် တိက္ခတ္တုံ ဟု မိန့်သော စကားနှင့် မညီခဲ့ ဟု စောဒနာမှု ညီညွတ်၏ ဟု မှတ်။ အကြောင်းကား ဒွေဝါ၌ ရှိသော ဝါ သဒ္ဒါကား၊ တယောဝါ ဟု ဆည်း သောကြောင့်တည်း။ ထို့အတွက် ဝုဋ္ဌာသည် ၃-ကြိမ်တိုင်တိုင် စော နိုင်၏ ဟု မှတ်။

ကေစိ ဆရာတို့ကား ၃-ကြိမ် မစောနိုင်၊တိက္ခတ္တုံ-ဟူသော စကားကို ဝါစာသိလိဋ္ဌ အကျိုးငှါသာ ဆိုအပ်သော စကားဖြစ်၏ဟု မိန့်ဆိုကြကုန်၏။ ၎င်းစကားကို မမှတ်အပ်။

ကေစိ ပန တိက္ခတ္တုန္တိ ဣဒံ ဝစနသိလိဋ္ဌတာမတ္တပယောဇနန္တိ ဝဒန္တိ။ ။ဋီကာကျော်။

မူလဋီကာ ဆရာကျော်မှုကား။ အာသေဝနံ လဘိတ္ဝာ-ဟူသော အဋ္ဌ ကထာ၏ စကားကို—

အာသေဝနပ္ပစ္စယာ-န မဂ္ဂေ ဇာတံ၊
န မဂ္ဂပစ္စယာ အာသေဝနေ ဇာတံ။

ဟူသော ဝေဒနာ တိက်၊ သဉ္ဇာဝါရစသည်ကို သာဓကပြု၍ ပယ်ရှား တော်မူ၏။ ။သို့သော်၊ အနုဋီကာ စသော ဆရာတော်များက ဤကဲ့သို့ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူခြင်းသည် အာသေဝနပစ္စည်း အစစ်ကို ရည်၍ ဆိုလိုသော စကား မဟုတ်။ အကယ်၍ မုချ အာသေဝနပစ္စည်းကို ရည်၍ မိန့်ဆိုခဲ့ပါမူ "ဇဝနဋ္ဌာနေ ဌတွာ"ဟု မမိန့်ဆိုတန်ရာ။ သို့ဖြစ်၍ အဋ္ဌကထာဆရာ၏ စကားကို ဥပစာအားဖြင့် ဆိုအပ်သော စကား ဟု မိန့်ဆို ဆုံးဖြတ်တော်မူကြကုန်၏။

၁၃-ဃ။ ။ဇဝနဋ္ဌာနေ ဌတွာတိ ဇဝနဿ ဥပ္ပဇ္ဇနဋ္ဌာနေ ဒွိက္ခတ္တုံ ပဝတ္တိ တွာန ဇဝန ဘာဝေနာတိ။ ။အာသေဝနံ လဘိတွာတိ စ အာ သေဝနံ ဝိယ အာသေဝနန္တိ ဝုစ္စမာနေ န ကောစိ ဝိရောဓော။ အနုဋီကာ။

---

၁၃-ဂ။ ။ကေစိ ပန၊အချို့သော ဆရာတို့သည်ကား။တိက္ခတ္တုန္တိ ဣဒံ၊တိက္ခတ္တုံ-ဟူသော စကားသည်။ ဝစနသိလိဋ္ဌတာမတ္တပယောဇနံ၊စကားပြေပြစ်သည်၏ အဖြစ်မျှသာ အကျိုးရှိ၏ ဟူ၍။ဝဒန္တိ၊ဆိုကြကုန်၏။

၁၃-ဃ။ ။ဇဝနဋ္ဌာနေ ဌတွာတိ၊ဟူသည်ကား။ဇဝနဿ၊ဇော၏။ဥပ္ပဇ္ဇနဋ္ဌာနေ၊ဖြစ်သင့်ရာဌာန၌သာလျှင်။ ဒွိက္ခတ္တုံ၊နှစ်ကြိမ်။ပဝတ္တိတွာ၊ဖြစ်၍။ ဇဝနဘာဝေန၊ဇော၏ အဖြစ်ဖြင့်။န ပဝတ္တိ

အဋ္ဌကထာယံ ပန အာသေဝနံ လဘိတွာတိ အာသေဝနံ ဝိယ ။ပ။
ဋ္ဌမဿိ စ အတ္တေ သတိ န ကောစိ အဋ္ဌကထာယ ဒေါသော။
မဓုဋီကာ။

၁၃-င။ ။အာသေဝနံ လဘိတွာတိ စ အာသေဝနံ ဝိယ အာသေဝနန္တိ န ကောစိ ဝိရောဓော။ ။အဘိဓမ္မာဝတာရဋီကာ။

---

ဆောင်ပုဒ်

က။ ။ဇော-ကျပါမူ၊ ဝုဋ္ဌောဟူ၊ မှတ်ယူ-တကြိမ်သာ။
ခ။ ။ဇောမကျလျှင်၊ ဇောသွင်အရာ၊ ယူတုံခါ၊ ကျရာ-နှစ်သုံးကြိမ်။

---

အတိပရိတ္တာရုံ ဝီထိ

၁၄။ ။ယာဝ စုဒ္ဒသမုပ္ပါဒါ စ ပန အပ္ပဟောန္တာတီတကမာပါထ မာဂတံ နိရောဓာသန္နမာယုကံ အတိပရိတ္တံနာမ။ တတ္ထ ဘဝင်္ဂစလနမေဝ ဟောတိ၊ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ။
သဂြိုဟ်ပါဌ်။

---

ပရိတ္တာရုံလောက်မှ အားမရှိ၊ အလွန်တရာ အားနည်းလှသည့် အတွက် ဝုဋ္ဌောစိတ် မဖြစ်နိုင်။ ဘဝင်လှုပ်ရုံမျှသာ လှုပ်နိုင်၏။ ချုပ်ဘို့ရန် အလွန်နည်းသော အာရုံသည် အတိပရိတ္တာရုံမည်၏။ထိုအတိပရိတ္တာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်သည်လည်း အတိပရိတ္တာရုံဝီထိ မည်၏။ ထိုအတိပရိတ္တာရုံ ဝီထိ၌ ဘဝင်္ဂစလန ၂-ကြိမ်သာ ဖြစ်၍ ချုပ်လေ၏။ ဝီထိစိတ် တခုမျှ ဖြစ်ခြင်းမရှိပေ။ ။ဤကား ဝိဘာဝနီ။

---

တွာ၊မဖြစ်မူ၍။ ဋ္ဌာဘိအယံအဓိပ္ပာယ်၊ဤသို့သော အဓိပ္ပာယ်,ဖြစ်ကြောင်းအနက်ကို။ စေဒိတမဗ္ဗောသိ အဝေ၏။ဝါ၊သိလေ။ ။ခ၊ဆက်၍ဆိုဦးအံ့။ အာသေဝနံလဘိတွာတိ၊ကား။အာသေဝနံဝိယ အာသေဝနန္တိ၊အာသေဝနံဝိယအာသေဝနံ-ဟူ၍။ ဒုတိယမာနေ ဥပမာတဒ္ဓိတ်ကြ၍ မှိန့်ဆိုအပ်သည်။ သတိ၊ရှိသော် ဝါ—ရှိပါမူကား။ကောစိ ဝိရောဓော၊တစုံတခုသော ဆန့်ကျင်ဘွယ် အပြစ်ဟူ၍ သည်။နူ၊မရှိ။

၁၃-င။ ။ပန၊သင်္ဂြိုဟ်ပင်မူလဋီကာဆရာ၏ ဖွင့်ဆိုသည့်နည်းကား အပ်ဟု မိန့်ဆိုလင့်ကစား။ အဋ္ဌကထာယံ၌။အာသေဝနံလဘိတွာတိပဒဿ၊ ၏။ အာသေဝနံဝိယအာသေဝနန္တိအဓိပ္ပာယ်၊ ဟူသော အနက်ကို။ ဂဟေတဗ္ဗော၊ဥပမာကြ၍ ယူအပ်၏။ ဧဝနဿာနေတိ၊ကား။ဧဝနဿ၊ ဇောအား။ ဥပ္ပတ္တိရဟဋ္ဌာနေ၊ ဖြစ်ထိုက်သော ဌာန၌။ ဋ္ဌာတိ၊ ဤသို့သော။အဓိပ္ပာယ်ကို။ ဂဟေ

## ပဌမ အတိပရိတ္တာရုံဝိထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ်

''တီ တီ တီ တီ တီ တီ တီ တီ တီ တီ န

'o'oo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊

န ဘွင် ဘွင် ဘွင် ဘွင် ဘွင်'' ဘွင်

ooo၊ ooo၊ ooo၊ ooo၊ ooo၊ oo'o'

## ဒုတိယ အတိပရိတ္တာရုံ ဝိထိပုံ

ကံ,ကမ္မ, ဂတိနိမိတ်

''တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ

ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊

န န ဘွင် ဘွင် ဘွင် ဘွင်'' ဘွင်

ooo၊ooo၊ooo၊ooo၊ooo၊oo'o'

## တတိယ အတိပရိတ္တာရုံဝိထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ်

''တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ

'o'oo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊

တီ န န ဘွင် ဘွင် ဘွင်''ဘွင်

ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ oo'o'

## စတုတ္ထ အတိပရိတ္တာရုံဝိထိ ပုံစံ

ကံ,ကမ္မ, ဂတိနိမိတ်

''တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ

ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊

တီ တီ န န ဘွင် ဘွင်''ဘွင်

ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ oo'o'

---

တဗ္ဗောဘါ။ စ၊ အကျိုးကား ရှေ့သို့ အစွေး ဤယခုဘင့်ဆိုအပ် ယူဆအပ်သော အနက်သည်။ သတိ၊ ဖြစ်ပါမုကား။ အဋ္ဌကထာ၊ အဋ္ဌကသာ၏၊ ဝါ၊ ဋီ။ ဂုဏ္ဌော၊ မူလဋီကာဆရာ တင်ဆို အပ်သမျှသော။ ဒေါသေး၊ အပြစ်သည်။ န၊ အပြစ် မရှိ။ စ၊ ဆက်။ အာသေဝနံ လဘိတွာတိ၊ ကား။ အာသေဝနံ ဝိသ၊ အာသေဝနနှင့်၊ အာသေဝနံ ဝိသ အာသေဝနံ ဟူ၍၊ ဂဟိတော၊ ဥပစာ ကြ၍ ယူအပ်ပါမုကား။ (ထည့်) ကောင်ဝိဘ၊ ရေးဝေ၊ တစုံတခုသော ဆန့်ကျင်ဘွယ် အစိပ္ပါယ် သည်။ နး၊ မရှိ ဟု အနက်ပေး။

**ပဉ္စမ အတိပရိတ္တာရုံ ဝီထိပုံစံ**

ကံ, ကမ္မ, ဂတိနိမိတ်

"တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ
'ဝ'ဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊
တီ တီ တီ န န ဘွင်" ဘွင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝ'ဝ'၊

**ဆဋ္ဌ အတိပရိတ္တာရုံ ဝီထိ ပုံစံ**

ကံ, ကမ္မ, ဂတိနိမိတ်

"တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ
'ဝ'ဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊
တီ တီ တီ တီ န န" ဘွင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝ'ဝ'

---

**အတိပရိတ္တာရုံဝီထိ၌ မန္ဒာယုက စသည် မစီစစ်ရခြင်းအကြောင်း**

ဤ အတိပရိတ္တာရုံ ဝီထိသည် အမိဝမ်းတိုက်မှ မွေးဘွားကာစ အနိုက် သူငယ်ကလေးများအား ဖြစ်သော ဝီထိစိတ်မျိုးတည်း။ ထိုသူငယ်ကလေး တို့သည် မွေးကာစဖြစ်၍ အလွန်တရာ အားနည်းလှသောကြောင့် ပသာဒ နှင့် အာရုံထိခိုက်ပါသော်လည်း ပဉ္စဒွါရာဝဇ္ဇန်းစသော ဝီထိစိတ် မဖြစ် မူ၍သာ အာရုံတို့သည် အတိုင်းမသိ ချုပ်၍ သွားကြကုန်၏။ ဤသို့ဝီထိ မဖြစ်ပါဘဲလျက် အဘယ်ကြောင့် ဝီထိအရာ၌ သွတ်သွင်း မှတ်ခေါ်ရပါ သနည်းဟူမူ။ အာရုံနှင့်ပသာဒတို့ ထိခိုက်မှုကြောင့် ဘဝင်တို့၏ လှုပ်ရှား သော အမူအရာ ထူးထွေစွာ ဖြစ်ပေါ်လာသည်ကို အစွဲပြု၍ ဝီထိစိတ်ပင် မဖြစ်သော်လည်း ဝီထိစိတ် ဟု ခေါ်ဆိုရပေသတည်း။

ဤသို့လျှင် ဝီထိစိတ်မဖြစ်သဖြင့် ပဉ္စဝိညာဏခေတ်မပေါ်လာ၍ ၎င်း ပဉ္စဝိညာဏ်၏ မှီရာ ပသာဒရုပ်ကို ရွေးချယ်စီစစ်ဘို့ မလိုသောကြောင့် မန္ဒာ ယုက စသည်ကို မရွေးချယ် မစီစစ်ရ ဟု မှတ်။ ။ဤသို့ ဝီထိစိတ်အလျဉ်း မဖြစ်သောကြောင့် ဤအတိပရိတ္တာရုံဝီထိကို မုချအားဖြင့် မောဃဝါရ ဟု ဆိုရ၏။

၁၄-က။ ။ဂဟိတပဋိသန္ဓိကဿ ဂန္ဓဝါသတော နိက္ခမိတွာ သံဝရာ သံဝရေ ပဋ္ဌပေတုံ သမတ္ထဘာဝံ ဥပဂတဿ စက္ခုဒွါရသ္မိံ ဣဋ္ဌာ ရမ္မဏေ အာပါထ မာဂတေ ကြိယာ မနောဓာတုယာ ဘဝင်္ဂေ အနာဝဋ္ဋိတေ ယေဝ အတိက္ကမန အာရမ္မဏာနံ ပမာဏံ နတ္ထိ။ ကသ္မာ ဇဝံ ဟောတိ၊အာရမ္မဏာ ဒုဗ္ဗလတာယ။အယံ တာဝ ဧကော မောဃဝါရော။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

အယံ တာဝ ဧကော မောဃဝါရောတိ ဝစနံ အတိပရိတ္တာရမ္မဏံ သန္ဓာယ ဝုတ္တံ။ ။အဋ္ဌသာလိနီ ယောဇနာ။

---

### ဆောင်ပုဒ်

က။ ။ဝိထိစိတ္တ၊ မဖြစ်ရလည်း၊ ပသာဒအာရုံ၊ ထိခိုက်တုံ၊ မည်ကုန်-ဝိထိတည်း။

ခ။ ။ဝိညာဏ် ငါးပါး၊ မဖြစ်ငြားရှ်၊ သုံးပါးမန္ဒာ၊ မရွေးရာ၊ မှတ်ပါ ကျမ်းဆိုနည်း။

---

## ဝိထိစိတ် မဖြစ်ခြင်း အကြောင်း

ဤ အတိပရိတ္တာဝိထိ၌ အဘယ့်ကြောင့် ဝိထိစိတ် မဖြစ်ပါသနည်း ဟူမူ။ ။အကြင်အာရုံသည် ဝုဋ္ဌော ဖြစ်လောက်သော အသက်မရှိ၊ မထင်ရှား မသိသာလေ။ ထိုအာရုံသည် ဝိထိစိတ်ဖြစ်ပေါ်အောင် ကျေးဇူးမပြုနိုင်သောကြောင့် ဝိထိစိတ် မဖြစ်လေသတည်း။ ။ဝုဋ္ဌော စိတ်မဖြစ်သော်လည်း စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏစိတ်တို့ ဖြစ်သင့်သည် မဟုတ်ပါလော ဟူမူ။ ။အာဝဇ္ဇန်း ဖြစ်လောက်သော အာရုံ ဖြစ်ပါက

---

၁၄-က။ ။ဂဟိတပဋိသန္ဓိကဿ၊ ယူအပ်ပြီးသောပဋိသန္ဓေရှိသော။ ဂန္ဓဝါသတော၊ အမိဝမ်းတိုက်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဝါ၊ မွေး၍။ သံဝရာသံဝရေ၊ သံဝရ,အသံဝရ တရားၶ၌။ ပဋ္ဌပေတုံ၊ ဖြစ်စေခြင်းငှါ။ သမတ္ထဘာဝံ၊ စွမ်းနိုင်သည်၏အဖြစ်သို့။ ဥပဂတဿ၊ ကပ်သော သူအား။ စက္ခုဒွါရသ္မိံ၊ စက္ခုဒွါရ၌။ ဣဋ္ဌာရမ္မဏေ၊ ဣဋ္ဌာရုံသည်သည်။ အာပါထံ၊ ရှေးရှုထင်ခြင်းသို့။ အာဂတေ၊ရောက်သည်ရှိသော်။ ကြိယာမနောဓာတုယာ၊ ကြိယာ မနောဓာတ်ဖြစ်သော အာဝဇ္ဇန်းဒွေသည်။ ဘဝင်္ဂေ၊ ဘဝင်ကို။ အနာဝဋ္ဋိတေယေဝ၊ မလည်စေနိုင်မီ၌သာလျှင်။ အတိက္ကမန အာရမ္မဏာနံ၊ လွန်မြောက်ချုပ်ငြိမ်းသွားကုန်သော အာရုံတို့၏။ ပမာဏံ၊ အတိုင်းအရှည်သည်။ နတ္ထိ၊ မရှိ။ ဝါ၊ မရေတွက်နိုင် အောင်များ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဇဝံ၊ ဤသို့ဝိထိစိတ်မဖြစ်မူ၍ ချုပ်သွားရခြင်းသည်။ ဟောတိ၊ ဖြစ်ရပါသနည်း။ အာရမ္မဏာ ဒုဗ္ဗလတာယ၊ အာရုံ၏အလွန်အားရာ

ဝုဋ္ဌောစိတ်တို့ တိုင်အောင် ဝိထိစိတ် ဖြစ်နိုင်၏။ ဝုဋ္ဌောစိတ်သို့ မရောက်ပါဘဲ အလယ်ကြား၌သာ ချုပ်သော ဝိထိစိတ်မည်သည် မရှိ။အာဝဇ္ဇန်း ဖြစ်ပါနိုင်သော အာရုံဖြစ်မှလည်း ဘဝအယဉ် ပြတ်ရ၍ ဘဝင်ပစ္ဆေဒ ဖြစ်နိုင်၏ ဟု မှတ်လေ။

၁၄-ခ။ ။ကြိယာ မနောဓာတုယာ ဘဝင်္ဂ အာဝဋ္ဋိတေ ဝေါဋ္ဌဗ္ဗနံ အပါပေတွာ အန္တရာ စက္ခုဝိညာဏော ဝါ သမ္ပဋိစ္ဆနေ ဝါ သန္တီရဏေ ဝါ ဌတွာ နိဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဘဝင်္ဂစလနမေဝေတ္ထ၊ နပ္ပဋိတွာ ဝိထိစိတ္တံ။
ဋ္ဌိတိကွတ္တုံ ဝေါဋ္ဌဗ္ဗသ၊ အပ္ပဟောန္တကဘာဝတော။ ။
အဘိဓမ္မတ္ထ ဝိဘာဝနီ။

---

ဆောင်ပုဒ်

က။ ။ဝုဋ္ဌော ဝဇ္ဇန်း၊ ဖြစ်ဆန်း အာရုံ၊ မရှိတုံ၊ ကင်းကုန်-ဝိထိစိတ်။
ခ။ ။အာဝဇ္ဇန်းဟူ၊ ဖြစ်သင့်မှု၊ ပြတ်ယူ ဘဝင်။

---

၁၉။ ဣစ္စေဝံ စက္ခုဒွါရေ တထာ သောတဒွါရာဒီသု စေတိ။ ပ။
ယထာက္ကမံ အာရမ္မဏ ဘူတာ ဝိသယပ္ပဝတ္တိ စတုဓာ
ဝေဒိတဗ္ဗာ။ ။သင်္ဂြိုဟ်ပါဌ်။

---

ဝိထိ အပြား

ဤဆိုအပ်ပြီးသော အတိုင်း စက္ခုဒွါရ ဝိထိသည်
၁။ ။အတိမဟန္တာရုံ ၁-ဝိထိ၊ ၃။ ။ပရိတ္တာရုံ ၆-ဝိထိ။
၂။ ။မဟန္တာရုံ ၂-ဝိထိ၊ ၄။ ။အတိပရိတ္တာရုံ ၆-ဝိထိ။
အားဖြင့် ၁၅-ပါး အပြားရှိသကဲ့သို့ ထိုအတူ သောတဒွါရ, ဃာန

---

အားနည်းလှသည်၏ အဖြစ်ကြောင့်တည်း။အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ဝါရသည်။ တဝ၊ ရှေး ဦးစွာ၊(တာဝသဒ္ဒါ ဝတ္တဗ္ဗန္တရာပေက္ခ)၊ ဧကော၊ တပါးသော။ မောဃဝါရော၊ မောဃဝါရ ပေတည်း။ဝါ၊အတိပရိတ္တာရုံဝိထိပေတည်း။

အယံဘာဝ ကောမော ဃဝါရောတိဝစနံ၊သည်။ အတိပရိတ္တာရမ္မဏံ၊ အတိပရိတ္တာ ရုံကို၊သန္ဓာယ၊ရည်၍။ ဝုတ္တံ၊အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်၏။ ။ဟု အနက်ပေး။

၁၄-ခ။ ကြိယာမနောဓာတုယာ၊ကြိယာမနောဓာတ်ဖြစ်သောအာဝဇ္ဇန်းသည်၊ဘဝင်္ဂေ၊

ဒွါရ, ဇိဝှါဒွါရ, ကာယဒွါရဝိထိတို့သည်လည်း ၁၅-ဝိထိစီချည်း အပြား ရှိကုန်၏။ ။ပေါင်း ပဥ္စဒွါရဝိထိ ၇၅-ပါး ဖြစ်သတည်း။

---

## ဝါရ လေးပါး

ဤပဥ္စဒွါရဝိထိ၌ ၁-အတိမဟန္တာရုံဝိထိသည် တဒါရုံကျမှ ချုပ်ဆုံး လေသောကြောင့် တဒါရမ္မဏဝါရ မည်၏။ ။၂-မဟန္တာရုံ ဝိထိသည် သတ္တမဇော၌ ချုပ်ဆုံးလေသောကြောင့် ဇဝနဝါရမည်၏။ ။၃-ပရိတ္တာရုံ ဝိထိသည်ကား ဝုဋ္ဌော၌ ချုပ်ဆုံးသေသောကြောင့် ဝေါဋ္ဌဗ္ဗနဝါရမည်၏။ ၄-အတိပရိတ္တာရုံ ဝိထိသည်ကား ဝိထိစိတ် အလျဉ်းမဖြစ်သောကြောင့် အချည်းနှီးမျှ ဖြစ်ရကား မောဃဝါရမည်၏။ဤသို့လျှင် ဝိသယပ္ပဝတ္တိသည် လေးပါး အပြားရှိ၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## အမိဝမ်းတွင်း ကိန်းအောင်းစဉ် ဝိထိစိတ်ဖြစ်ပုံ

အတိပရိတ္တာရုံဝိထိသည် မွေးကာစအခါ စသည်တို့၌ ဖြစ်သော ဝိထိ စိတ်မျိုး ဟု ဆိုသော် မမွေးဘွားမီ အမိဝမ်းတွင်း၌ ကိန်းနေစဉ်အခါဝယ် ဝိထိစိတ် အဘယ်သို့ဖြစ်ပါသနည်းဟူမူ။ ။စက္ခုဝိညာဏ် ဖြစ်ကြောင်းလေးပါး တို့တွင် အရောင်အလင်း ဟု ဆိုအပ်သော အာလောကကို မရမရှိသော ကြောင့် အမိဝမ်းတွင်း၌ ကိန်းအောင်းတည်နေသော သူငယ် သန္တာန်၌ စက္ခုဒွါရဝိထိ မဖြစ်နိုင်၊ သောတဒွါရဝိထိမှာမူ သူငယ်နား၌ တစပ်တည်း နည်းကပ်သော အူတွင်း, အူပ စသည်၌ဖြစ်သော ဝမ်းလေသံ ဝမ်းပိုက်ကို ထိခိုက် ရိုက်နှက်သံများကို အာရုံပြု၍ သောတဒွါရဝိထိ ဖြစ်သင့်၏။

---

ကိံ၊ အာသေနိံ တာ၊ သဉ္စေ အဝေ ါ မိုကာ ။ ဝေါဋ္ဌဗ္ဗ ၊ ဝုဋ္ဌော သို။ အပါ ပေ တွာ၊ မ ရောက် မှု၍။ အတ္တ ရ၊ အလ ယ ကြား၌။ ဝါ၊ ဖြစ် သော၊ စက္ခု ဝိညာဏ ။ ါ၊ စက္ခု ဝိညာဏ်၌ ၄ ။ သမ္ပဋိစ္ဆ နေ ဝါ၊ သမ္ပဋိစ္ဆ ၌ ၄ ၊ သန္တီရဏ ဝါ၊ သန္တီရဏ ၌ ၄ ။ ဘုဝင်၊ ရပ်ဘန့်၍။ ယေန ၌ နေ၊ အကြင် အကြောင်း ဖြင့်။ နိဝတ္တိ သတိ၊ ချုပ်ငြိမ်း ဆုတ် နစ်သည်တို့။ ။ ဟာ တိ ဖော ၌ နိုး၊ ဤ ရင် ခေ ဝိုင်း သော ထိ အကြောင်း သည်။ ။ ဝိဇ္ဇတိ၊ ပရမတ္ထ တရား သဘော ၌ ရှိ သည် သာ တည်း ဟု အနက် ပေး။

ဒွေ၊ ဤ အတိပရိတ္တာရုံ ဝိထိ အရာ ၌။ ဝေါဋ္ဌဗ္ဗ သ၊ ဝုဋ္ဌော စိတ် ၏။ ဒွိ တိက္ခတ္တုံ၊ နှစ်ကြိမ် သုံး ကြိမ်၊ အပွ ဟာ နုက ဘ ဝ တ ၊ ဖြစ် ခြင်း ၌ ါ လေ ကြ သည် ၏ အဖြစ်ကြောင့်။ ဝိထိစိတ္တုံ၊ ဝိထိ စိတ် သည် အနုပ္ပတ္တိ ဘွား မဖြစ် မူ၍။ ဘဝင် စလန မေ ဝ၊ ဘဝင်လှုပ်ခြင်း သည် သာ လျှင်။ ဟောတိ၊ ၏။

ဈာနဒွါရ ဝီထိမှာကား—

၁-အမိဝမ်းတွင်း ကိန်းသောသူ။ ။၂—ရေနစ်မြုပ်သောသူ။ ။၃-စတုတ္ထ ဈာန်ကို ဝင်စားသောသူ။ ။၄-အသညသတ်ပုဂ္ဂိုလ်။ ။၅-ရူပဖြုဟ္မာ။ ။ ၆-အရူပဖြုဟ္မာ။ ။၇-နိရောဓသမာပတ် ဝင်စားသောသူ။ ။၈-တွေဝေ မိန်းမော မျောနေသောသူ။

ဤရှစ်ယောက်သော သူတို့သည် ထွက်သက်ဝင်သက် မဖြစ်ကောင်းသော ပုဂ္ဂိုလ်များ ဖြစ်သဖြင့် အမိဝမ်းတွင်း၌ ကိန်းအောင်းနေသော သတ္တဝါလည်း ပါဝင်သောကြောင့် အမိဝမ်းဘိုက်၌ ကိန်းအောင်းနေစဉ် ဈာနဒွါရဝီထိ မဖြစ်ဟု မှတ်။ ။ဇိဝှါဒွါရဝီထိကား ခံတွင်းအာခေါက် လျှာ တလျှောက်တို့၌ လျှာရည် တံတွေးရည်တည်လျက် ရှိနေသောကြောင့် ဝမ်းတွင်း၌ပင် ဖြစ်နိုင်၏။ ။ကာယဒွါရဝီထိမှာမူ ဝမ်းတွင်း ဝမ်းပ နှစ်ဌာနတို့၌ လျဉ်းပါးဘွယ်မရှိ၊ မုချဖြစ်နိုင်၏။ ။သို့ဖြစ်၍ အမိဝမ်းတွင်း၌ စက္ခုဒွါရဝီထိနှင့် ဈာနဒွါရဝီထိ ၂-ပါးသာလျှင် မဖြစ်နိုင်။ ကြွင်းသော သုံးပါးသော ဝီထိတို့ကား ဖြစ်နိုင်၏။ သို့သော် အာရုံအားလျော်စွာသာ ပဝတ္တိ အခါ၌ကဲ့သို့ဖြစ်၏ ဟု သိလေ။

---

သြောင်းပုဒ်

က။ ။စက္ခု-ဈာန၊ နှစ်ဝီထိ၊ မဖြစ်ဘိ တည်ရှိအမိဝမ်း။

ခ။ ။မိဝမ်းတွင်းလူ၊ ရေမှုနစ်ငြား၊ ဝင်စား ဈာန်တွင်၊အသညသတ်၊ ၂-ရပ်ရူပ၊ အရူပ ဖြုဟ္မာ၊ နိရောဓာမြတ်၊ သမာပတ်ဝင်စား၊ မိန်းမောငြား-ရှစ်ပါး-သက်မရှု။

---

၁၆။ ။ဝီထိစိတ္တာနိ သတ္တေဝ၊ စိတ္တုပ္ပါဒါ စတုဒ္ဒသ၊
စတုပညာသဝိတ္ထာရာ၊ ပဉ္စဒွါရေ ယထာရဟံ။
အယမေတ္ထ ပဉ္စဒွါရေ ဝီထိစိတ္တပ္ပဝတ္တိနယော၊ ။

သင်္ဂြိုဟ်ပါဌ်။

---

ဤဆိုအပ်ခဲ့ပြီးသော ပဉ္စဒွါရဝီထိ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကုန်သော ဝီထိစိတ်တို့သည် သာမညအားဖြင့် ရေတွက်သော် ၁-ပဉ္စဒွါရာ

ဝဇ္ဇနီး၊ ၂-ပဉ္စဝိညာဏ်၊ ၃-သမ္ပဋိစ္ဆိုင်း၊ ၄-သန္တီရဏ၊ ၅-ဝုဋ္ဌော၊ ၆-ဇော၊ ၇-တဒါရုံ-ဟူ၍ ၇-ပါးသာ အပြား ရှိလေ၏။ အထူး အားဖြင့် စိတ် အရေအတွက် အားဖြင့် ရေတွက်ပါမူကား၊ ၁-ပဉ္စဒွါရာဝဇ္ဇနီး ၁-ပါး၊ ၂-ပဉ္စဝိညာဏ် ၁-ပါး၊ ၃-သမ္ပဋိစ္ဆိုင်း ၁-ပါး၊ ၄-သန္တီရဏ ၁-ပါး၊ ၅-ဝုဋ္ဌော ၁-ပါး၊ ၆-ဇော ၇-ပါး၊ ၇-တဒါရုံ ၂-ပါးဟူ၍ ၁၄-ပါးအပြား ရှိကုန်၏။ အကျယ်အားဖြင့် ရေတွက်သော် ၁-ပဉ္စဒွါရာဝဇ္ဇနီး ၁-ပါး၊ ၂-ပဉ္စဝိညာဏ် ၁၀-ပါး၊ ၃-သမ္ပဋိစ္ဆိုင်း ၂-ပါး၊ ၄-သန္တီရဏ ၃-ပါး၊ ၅-ဝုဋ္ဌော ၁-ပါး၊ ၆-ဇော ၂၉-ပါး၊ ၇-တဒါရုံ(မဟာဝိပါက်) ၈-ပါး အားဖြင့် ၅၄-ပါးဖြစ်သတည်း။ ဤဆိုအပ်ခဲ့ပြီးသမျှ အလုံးစုံသော စကားရပ်သည် ဤဝီထိသင်္ဂဟအရာ၌ ဝီထိစိတ်တို့၏ ဖြစ်ပေါ်ပုံကို ပြဆိုကြောင်း ဖြစ်သော နည်းတည်း။

ဤကား ဝိဂ္ဂဟတ္ထ။

——

## ပဉ္စဒွါရဝီထိ၏ အာရုံပြု, မှီရာဝတ္ထုစသည် အဓိပ္ပါယ်

ပဉ္စဒွါရာဝဇ္ဇနီးအစ တဒါရုံ အဆုံးရှိသော ပဉ္စဒွါရ ဝီထိစိတ်တို့သည် ကာမစိတ် ၅၄-ပါးတို့ချည်းသာတည်း။ ရူပ, အရူပ, လောကုတ္တရာစိတ် များမဟုတ်ကုန်။ အာရုံငါးပါးကို သိမြင်မှု၌ ၎င်းရူပ-စသော စိတ်များဖြင့် မသိနိုင်ဟု-ဆိုလိုသည်။*အာရုံအားဖြင့်ဝီထိ၏ အတီတဘဝင် စသော ရှေး ဘဝင် တဒါရုံ၏ နောက် ဘဝင် မှန်သမျှတို့သည် မိမိ၏ ပဋိသန္ဓေ စိတ်ဖြင့် ဘူမိ,ဇာတိ,သမ္ပယုတ္တဓမ္မ,သင်္ခါရ,အာရုံအားဖြင့်ဟူ၍ ရှေးရှေးသော ဘဝ တို့၌ ခြောက်ပါးသော ဒွါရ၌ ထင်မြင်လာသော မရဏာသန္န ဇောသည် ယူအပ်အာရုံပြုအပ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါးတို့တွင်တပါးပါး ကို အာရုံပြုကုန်၏။ သို့သော် ရူပဘဝင် ငါးခုတို့သည်ကား ကမ္မနိမိတ် တပါးတည်းကိုသာအာရုံပြုကုန်၏။ ။ပဉ္စဒွါရာဝဇ္ဇနီးစသောဝီထိစိတ်တို့သည် မဇ္ဈိမာယုက ဖြစ်၍ ရှေးဦးအစ အတီတ ဘဝင် တချက်နှင့် ဥပါဒ်ပြိုင်၍ ဘဝင်္ဂစလနသို့ကျမှ ထိခိုက်ခြင်းသို့ ရောက်သော ပစ္စုပ္ပန် အာရုံငါးပါးကို အာရုံပြုကုန်၏။ ။*မှီရာအားဖြင့် ဒွေပဉ္စဝိညာဏ် တဆယ်တို့သည် ရှေး ဦးအစ အတီတဘဝင်တချက်နှင့် ဥပါဒ်ပြိုင်သော ငါးပါးသော ပသာဒ ဝတ္ထုကို မှီကုန်၏။ ကြွင်းသော ဝီထိစိတ်, ဘဝင်စိတ်တို့သည် မိမိတို့၏

ရှေးရှေး အနန္တရစိတ်နှင့် အတူ ဥပါဒ်ပြိုင်သော ဟဒယ ဝတ္ထုကိုချည်း မှီကုန်၏။ ။*ဘုံအားဖြင့် စက္ခုဒွါရဝိထိ သောတဒွါရဝိထိတို့သည် ကာမ ၁၁-ဘုံ၊အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံတို့၌သာ ဖြစ်ကုန်၏။ ဃာနဒွါရဝိထိ, ဇိဝှါဒွါရဝိထိ, ကာယဒွါရဝိထိတို့သည် ကာမ ၁၁-ဘုံ၌သာ ဖြစ်ကုန်၏။ အသညသတ်ဘုံ အရူပဘုံတို့၌ကား ရုပ်-နာမ် ၂-ပါး အပြည့်အစုံ မရှိသောကြောင့် ပဉ္စဒွါရဝိထိမဖြစ်ချေ။ သို့သော်-ရူပဘုံ၌ တဒါရုံမကျသော အတိမဟန္တာရုံဝိထိသာ ဖြစ်၏။ကာမဘုံ၌သာ တဒါရုံကျသော အတိမဟန္တာရုံဝိထိဖြစ်၏။ ဟု မှတ်။ ။*ပုဂ္ဂိုလ်အားဖြင့်ဤအလုံးစုံသော ဝိထိစိတ်တို့သည် ပုထုဇန်လေးယောက်, ဖိုလ်ပုဂ္ဂိုလ်လေးယောက်၊ ဤ၈ယောက်သော ပုဂ္ဂိုလ်တို့၌ ဖြစ်ကုန်၏။ ။*ဘဝင်ဟု ဝိထိ၌သာမည အားဖြင့် ပြဆိုအပ်သော်လည်း ဘဝင်ချပုံကို ဤသို့သိအပ်၏။ ။ကာမဘုံ၌ ဖြစ်သော ဝိထိ ဖြစ်လျှင် ကာမဘဝင် ၁၀-ကို ချရာ၏။ ။ဒုဟိတ်အဟိတ် ပုဂ္ဂိုလ်၌ဖြစ်သော ဝိထိ ဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ ဘဝင်ကို ချရာ၏။ ။ဤသို့စသည်ဖြင့် ဝိထိ၏ အာရုံ,မှီရာ စသည် တို့ကို ခွဲခြမ်း ဝေဘန်၍ သေချာ မှတ်သားရာ၏။

---

## ဆောင်ပုဒ် ဝိသုဒ္ဓါရုံ ကဗျာ

ပဉ်းသဘာ့ရှိ၊ ဝိထိပဉ္စဒွါ၊ ချရာစိတ်စု၊ စတုပညာ၊ ကာမသာချည်း။
အာရုံမှာမူ၊ ဘဝင် ဟူသမျှ၊သုံးဝ အတိတ်၊ကံနိမိတ်တည်း၊ ကြွင်း
စိတ်ရုံငါး၊ မှီကားသူပင်၊ သူ့ဝိညာဉ်သာ၊ကြွင်းလျှင် စိတ်စု၊ရှေးရှေး
ဥသည့်၊ဝတ္ထုဟဒယ၊စွဲမှီရသည်။ ။ဒွိဟလွတ်ကင်း ရှင်းလေတည်း။

ပဉ္စဒွါရဝိထိ အဘွင့်ပြီးပြီ။

---

## မနောဒွါရ ဝိထိ

၁၇။ ။မနောဒွါရေ ပန ယဒိ ဝိဘူတမာရမ္မဏံ အာပါထမာဂစ္ဆတိ၊ပေ။
တတော ပရံ ဘဝင်္ဂပါတော။ ။သင်္ဂြိုဟ်ပါဠိ။

---

မနောဒွါရ၌ အကယ်၍ အာရုံသည် ထင်လာခဲ့သည် ဖြစ်အံ့၊ထိုသို့ ထင် လာသည်မှ နောက်၌ ဘဝင်စလန, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ် ကျ၍

၎င်းဇောတို့၏ အဆုံး၌ တဒါရုံ ၂-ကြိမ်ကျကုန်၏။ထိုနောက်မှ ဘဝင်ကျလေသတည်း။ ။ဤဝီထိသည် ဝိဘူတာရုံ ဝီထိမည်၏။ ။ဟူလို၊

ဤကား ဝိဏ္ဏုတ္တ။

---

## တဒနုဝတ္တက မနောဒွါရဝီထိ အခန်းပွါယ်

အထက်ပါ သင်္ဂြိုဟ်ကျမ်းလာ စကားရပ်ကား သုဋ္ဌမနောဒွါရဝီထိ ပုံကိုပြသော စကားရပ်ဖြစ်၏။ ။ထိုစကား ချဲ့၍ပြဦးအံ့။ ၊မနောဒွါရဝီထိ ဟူသည်မှာ မနောဒွါရ၌ ထင်မြင်လာသော အာရုံကိုအာရုံပြု၍ဖြစ်သော ဝီထိ ဖြစ်လေသည်။ ၎င်းမနောဒွါရဝီထိသည် တဒနုဝတ္တက မနောဒွါရဝီထိ,သုဒ္ဓ မနောဒွါရဝီထိဟူ၍ ၂-မျိုးရှိ၏။ ။ထိုနှစ်မျိုးတို့တွင် ပဉ္စဒွါရဝီထိ နောက်သို့ အစဉ်လိုက်၍ဖြစ်သော မနောဒွါရဝီထိသည် တဒနုဝတ္တက မနောဒွါရဝီထိ မည်၏။ ။တံ ပဉ္စဒွါရဝီထိံ အနုဝတ္တတီတိ တဒနုဝတ္တကာ၊ ။တဒနုဝတ္တကာ စ သာ မနောဒွါရဝီထိ စာတိ တဒနုဝတ္တက မနောဒွါရဝီထိ·ဟု ပြု။ ။တံ ပဉ္စဒွါရဝီထိံ၊ ထိုပဉ္စဒွါရဝီထိကို။ အနုဝတ္တတိ၊ အစဉ်လိုက်၍ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ တဒနုဝတ္တကာ၊ တဒနုဝတ္တက မည်၏။ ။တဒနုဝတ္တကာ စ၊ ထိုပဉ္စဒွါရဝီထိသို့ အစဉ်လိုက်တတ်သည်လည်း။ ဟောတိ၊၏။ သာ၊သည်။ မနောဒွါရဝီထိ စ၊မနောဒွါရဝီထိသည်လည်း။ ဟောတိ၊၏။ ဣတိ၊ကြောင့်။ တဒနုဝတ္တက မနောဒွါရဝီထိ၊ မည်၏-ဟု အနက်ပေး။ ။ဥပမာအားဖြင့် ရိုက်နှက် တီးခတ်လိုက်သည်ရှိသော် ကြေးစည်,ခေါင်းလောင်း၏ အထည် ကိုယ်တခုလုံး၌ ရှိနေကြကုန်သော ရုပ်ကလာပ်တို့သည် အဆင့်အဆင့် အချင်းချင်း တိုက်ခိုက်ကြကုန်လျက် ရှည်ကြာစွာ ညည်းတွားဟိန်းမြည်သော အသံဖြင့် ညှင်းညှင်းသာသာမြည်၍ အသံကြာရှည်နေဘိသကဲ့သို့ ထို အတူ စက္ခုပသာဒ-စသော ပဉ္စဒွါရ၌ တကြိမ်မျှလောက်အာရုံသည် ထိခိုက် လိုက်သည်ရှိသော် ပစ္စုပ္ပန်ကို အာရုံပြုသော ပဉ္စဒွါရဝီထိသည် ချုပ်လေ ပြီးသော်လည်း ထိုပဉ္စဒွါရဝီထိသို့ အစဉ်လိုက်၍ ချုပ်လေပြီးသော အတိတ် အာရုံကိုပင် အာရုံပြုလျက် များစွာသော မနောဒွါရဝီထိစိတ် အစဉ် တို့သည် ဆက်လက်ဖြစ်ပွါးကြကုန်၏။ထိုသို့ ဆက်လက်ဖြစ်ပွါးသော ဝီထိ စိတ်တို့ကို တဒနုဝတ္တက မနောဒွါရဝီထိ ဟု ဆိုအပ်ကုန်၏။

### တဒနုဝတ္တက မနောဒွါရဝီထိ အပြား

ထိုတဒနုဝတ္တက မနောဒွါရဝီထိ သည်လည်း စက္ခုဒွါရဝီထိ နောက်သို့ အစဉ်လိုက်သော စက္ခုဒွါရ တဒနုဝတ္တကမနောဒွါရဝီထိ။ပ။ ကာယဒွါရဝီထိနောက်သို့ အစဉ်လိုက်သော ကာယဒွါရ တဒနုဝတ္တက မနောဒွါရဝီထိ အားဖြင့် ငါးပါးအပြားရှိ၏။

ဝဏ္ဏံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

သင်္ဂဟဂါထာအရ၊တစုံတခုသော ရူပါရုံ အဆင်းဓာတ်ကို အာရုံပြု၍ စက္ခုဝိညာဏဝီထိ ဖြစ်၏။ ထိုနောက်—

၁။ ။ငင်းမြင်ပြီးသော အတိတ်ရူပါရုံကိုပင်၊ အာရုံပြုရုံမျှပြု၍ တဒနုဝတ္တက မနောဒွါရတဝီထိ ကျ၏။

၂။ ။ငင်းမြင်ပြီးသော အတိတ် ရူပါရုံ၏ အဖြူ,အဝါ အမျိုးအမည် နာမ ပညတ်ကို ဆင်ခြင်တွေးတောကာ အာရုံပြု၍ သုဒ္ဓမနောဒွါရိကတဝီထိ ကျပြန်၏။

၃။ ။ထိုနောင် ဖြူသည်,ဝါသည်-အမျိုးအမည်ကို ဆုံးဖြတ်သိရှိသဖြင့် အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနော ဒွါရတဝီထိ ကျပြန်၏။

ဤသို့လျှင် စက္ခုဝိညာဏ် ပဉ္စဒွါရတဝီထိ မနောဒွါရ ၃-ဝီထိ၊ပေါင်း ၄-ဝီထိစေ့မှ၊အဖြူ,အဝါ မည်သူမည်ဝါ စသောအားဖြင့် အာရုံအားလျော်စွာ အထူးထူး အပြားပြား ခွဲခြားမှတ်သား သိရှိနိုင်ကြကုန်၏။

ဤကား ရူပါရုံအတွက် ဝီထိဖြစ်ပုံတည်း။

---

### သဒ္ဒါရုံ တဒနုဝတ္တကမနောဒွါရဝီထိ အစီအပွါယ်

သဒ္ဒံ ပဌမ စိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။ ။

မဏိမဉ္ဇူသာဋီကာ။

---

ဝဏ္ဏံ၊ အဆင်း ပန်းပွင့် ရူပါရုံကို။ ပဌမစိတ္တေန၊ ရှေးဦးစွာသော စက္ခုဝိညာဏဝီထိဖြင့်။ ပဿတိ၊ မြင်၏။ အတီတံ၊ ချုပ်လေပြီးသော ရူပါရုံကို။ ဒုတိယစေတသာ၊ နှစ်ဆင့်မြောက်သော တဒနုဝတ္တကမနောဒွါရိကဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ နာမံ၊ နာမပညတ်ကို။ တတိယ

ဤဋီကာ နည်းပြဂါထာ လာသည့်အတိုင်းလူ,ခွေး,ကြောင်,နွားစသော တလုံးသော အသံဓာတ် သဒ္ဒါရုံကို ကြားရသောသူသည် လေးဝီထိ မြောက်မှ နွားဟူသော အကောင် အထည် ဒြပ်ကို သိ၏။ လေးဝီထိ ဖြစ်ဟန်ကား—

၁။ ။နွားဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိ ဖြစ်၏။

၂။ ။ချုပ်လေပြီးသော ၎င်းအတိတ် သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ တဝီထိဖြစ်၏။

၃။ ။ထိုနောင် နွားဟူသော အမည်ပညတ်ကို အာရုံပြု၍ သုဒ္ဓမနော ဒွါရတဝီထိဖြစ်၏

၄။ ။ထိုနောင် နွားဒြပ် အထည်ကိုယ်ဖြစ်သော အတ္ထ ပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တဝီထိ ဖြစ်၏။

ဤသို့လျှင် လေးဝီထိမြောက်မှ အနက်အဓိပ္ပါယ်ကို ကောင်းစွာ သိနိုင်၏။ ။အက္ခရာ နှစ်လုံးရှိသော ဘုရား,တရားစသော အသံကို ကြားသော သူသည် ခြောက်ဝီထိမြောက်မှ အနက် အဓိပ္ပါယ်ကို သိနိုင်၏။

၁။ ။ဘု-ဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏ် ဏဝီထိ ဖြစ်၏။

၂။ ။ဘု-ဟူသော အတိတ်အာရုံကို အာရုံပြု၍ တဒနုဝတ္တကမနော ဒွါရတဝီထိ ဖြစ်၏။

၃။ ။ရား-ဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏ် တဝီထိ ဖြစ်၏။

၄။ ။ရား-ဟူသော အတိတ်အာရုံကို အာရုံပြု၍ တဒနုဝတ္တကမနော ဒွါရတဝီထိ ဖြစ်၏။

၅။ ။ဘုရား-ဟူသော အက္ခရာ အစဉ်-ဟု ဆိုအပ်သော အပေါင်း သမူဟနာမပညတ်ကို အာရုံပြု၍ မနောဒွါရတဝီထိ ဖြစ်၏

၆။ ဘုရားရှင် ဒြပ်အနက်ကို အာရုံပြု၍ မနောဒွါရတဝီထိ ဖြစ်၏။

---

ဝိဓော့နှ၊ သုံးဆင့်မြောက်သော သုဒ္ဓမနောဒွါရိက ဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ အဋ္ဌံ၊ အနက် ဖြစ် အဏ္ဏပညတ်ကို။ ဓတုဏ္ဏဓောသာ၊ လေးဆင့်မြောက်သော သုဒ္ဓမနောဒွါရိက ဝီထိစိတ် ဖြင့်။ ဇာနာတိ၊ သိ၏။

ဤသို့လျှင် ဆဋ္ဌမနေဒွါရဝီထိ ကျမှသာလျှင် ဘုရားကိုယ်တော်မြတ်ဟု အနက်အဓိပ္ပါယ်ကို သိနိုင်လေသည်။ ကြွင်းသော ၃-လုံး၊ ၄-လုံးစသော အက္ခရာရှိသော သဒ္ဒါရုံ မှန်သမျှတို့၌လည်း၊ ဤနည်းကိုမှီ၍ သိလင့်ကုန်။ ။ ၎င်း မနောဒွါရဝီထိတို့ကား ပဉ္စဒွါရာဝီထိနှင့် စပ်၍ ရောယှက်ခါ လိုက်၍ ဖြစ်သောကြောင့် မိဿက မနောဒွါရဝီထိ မည်ကုန်၏။

---

## သုဒ္ဓမနောဒွါရဝီထိဖြစ်ပုံ အဓိပ္ပါယ်

ဤသုဒ္ဓမနောဒွါရိက ဝီထိစိတ်ဟူသည် မိဿက မနောဒွါရိကဝီထိ များကဲ့သို့ မဟုတ်၊ မြင်ဘူး,ကြားဘူး,ခံစားဘူးသော အာရုံငါးပါးကို ရက် လရှည်ကြာ နောက်အခါကာလ၌ မြေကြည်သာ,နေ့သန့်ရာ,ညဉ့်အိပ်ရာ, ဆိတ်ငြိမ်ရာတို့၌ နေလျက်ဆင်ခြင်သော ပုဂ္ဂိုလ်အား ယခုပင် တွေ့မြင်ရဘိ သည့် ပမာ၊မနောဒွါရ၌ ဖြစ်ပေါ်လာသော စိတ်အစဉ်ပင် ဖြစ်ပေ၏။ ၎င်း စိတ် အစဉ်သည် ပဉ္စဒွါရဝီထိနှင့် အနည်းငယ်မျှ ရောယှက်ခြင်းမရှိ၊ သက် သက် မနောဒွါရ၌ ဖြစ်ပေါ်လာသော စိတ်ဖြစ်သောကြောင့် သုဒ္ဓမနောဒွါရိ ကဝီထိ ဟု ဆိုရပေသတည်း။ ။တနည်း။ ၎င်းသုဒ္ဓမနောဒွါရိကဝီထိ ဖြစ်တို့ ရန် အာရုံသည်။ ၁-ဒိဋ္ဌအာရုံ၊ ၂-သုတအာရုံ၊ ၃-ဝိညာတအာရုံဟူ၍ ၃-မျိုး အပြားရှိ၏။ ။၁-ထိုသုံးပါးတို့တွင် ငါးပါးသော ဒွါရတို့၏အစွမ်းဖြင့် ရှေး၌ ကိုယ်တိုင်ဒိဋ္ဌ တွေ့ထိခံစားဘူးသော အာရုံငါးပါးသည် ဒိဋ္ဌအာရုံမည်၏။ ၎င်းဒိဋ္ဌအာရုံငါးပါးကို အာရုံပြု၍ နောက်အခါကာလ နေ့အခါ,ညဉ့်အခါ ဆိတ်ငြိမ်ရာ စသည်တို့၌ ဆင်ခြင်တွေးတောသောသူအား ယခုပင်တွေ့ရ ဘိသည်အလား ထင်ရှားစွာ မနောဒွါရ၌ ထင်ပေါ်လာလေ၏။ ၎င်းအာရုံ သည် ဒိဋ္ဌအာရုံမည်၏။ ။၂-မျက်မှောက်ပစ္စက္ခအားဖြင့်ငါးပါးသောပသာဒ တို့ဖြင့် ကိုယ်တိုင် သော်ကား မတွေ့မထိ မသိရှိမူ၍ သူတပါး ပြောစကား တဆင့်ကြား၏ အစွမ်းဖြင့် ယူအပ်သော အာရုံငါးပါးသည် သုတအာရုံ မည်၏။၎င်း သုတအာရုံကို အာရုံပြုလျက် နေ့အခါ ညဉ့်အခါ ဆိတ်ငြိမ်ရာ စသည်တို့၌နေလျက် ဆင်ခြင်သော ပုဂ္ဂိုလ်အား ယခုပင် တွေ့ရှိသည်အလား ထင်ရှားစွာ မနောဒွါရ၌ ထင်ခြင်းတို့ ရောက်လာလေ၏။ ထိုအာရုံသည် သုတ အာရုံမည်၏။ ။၃-ဆိုအပ်ခဲ့ပြီးသော ဒိဋ္ဌအာရုံ သုတ အာရုံတို့မှ တပါး၊ ရတနာသုံးပါးစသည်ကို ကြည်ညို ယုံကြည်ခြင်း ဟု ဆိုအပ်သော သဒ္ဓါတရား၏ အစွမ်းဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ မိမိသဘော

အလျောက် ယူဆသော အတ္တနော‌မတိ၏ အစွမ်းဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ သဒ္ဒါရိပ်, အနက်ရိပ်, အကြောင်းရိပ်များကို မှီငြမ်းပြု၍ အခြင်းအရာ အထွေအထူးကို ကြံစည်မှု ဟု ဆိုအပ်သော အာကာရ ပရိဝိတက္က အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံ အမျိုးမျိုး၊ ဉာဏ်ပညာဖြင့်၎င်း၊ မိမိတို့၏ မိရိုးဖလာ အယူဝါဒအားဖြင့်၎င်း၊ အတန်တန် စုံစမ်းဆင်ခြင်၍ ဤကား အမှန်ပင်တည်း ဟု သန္နိဋ္ဌာန် ချ၍ သဘောကျမှု ဟု ဆိုအပ်သော ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ အထူးထူးသော ကံ၏အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊အတူးထူးသောတန်ခိုး၏အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဓာတ်ချောက်ချားသဖြင့် ကတောက်ကတက် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ နတ်တို့ လှည့်ဖျား သွေးဆောင်သောကြောင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊အိပ်မက်တိတ်နိမိတ်တို့၏အစွမ်းအားဖြင့်ထင်မြင်လာသော အာရုံအမျိုးမျိုး၊ စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်, ပဋိဝေဓဉာဏ်တို့၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဤအလုံးစုံသောအာရုံများသည် ဒွါရငါးပါးနှင့် မစပ်မယှက်,မနောဒွါရသက်သက်၌ အထူးထူးအားဖြင့် သိအပ်သော အာရုံများဖြစ်သောကြောင့် ဝိညာတအာရုံမည်၏။

တဿ ဧဝံ စေတိယံ ပဿိတ္ဝာ ဗုဒ္ဓါရမ္မဏံ ပီတိံ နိဗ္ဗတ္တေတ္ဝာ အပရဘာဂေ။ပ။စက္ခုဒ္ဒါရေ အာပါထမာဂတ သဒိသမေဝ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## မနောဒွါရဝီထိ၏ အပြား

ထိုဆိုအပ်ခဲ့ပြီးသော ဒိဋ္ဌအာရုံ, သုတအာရုံ, ဝိညာတအာရုံတို့ကြောင့် မနောဒွါရ၌ဖြစ်သော ဝီထိစိတ် အစဉ်သည်လည်း ကာမဇောဝါရဝီထိ, အပ္ပနာဇောဝါရဝီထိအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် ကာမဇောဝါရ ဝီထိသည် ၁၇-ချက် အသက် ဧစ္စကောင်းသော ဝိညတ်ဒွေ လက္ခဏာရုပ် ၄-ခုကြဉ်သော ပစ္စုပ္ပန်ရုပ် ဗာဝီသကို အာရုံပြု၍ ဝိဘူတာရုံ ငါးဝီထိ၊ အဝိဘူတာရုံ ၂-ဝီထိ၊ ၁၆-ချက် အသက် မစေ့ကောင်းသော ကြွင်းသောရုပ်,နာမ်, ပညတ်တို့ကို အာရုံပြု၍ ဝိဘူတာရုံ တဝီထိ၊အဝိဘူတာရုံ-တဝီထိအားဖြင့် ၉-ပါးအပြားရှိ၏-ဟု မှတ်။

### ပဉ္စမ ဝိဘူတာရုံ ဝီထိပုံစံ

ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
"တီ န ဒ····မ ဇော ဇော ဇော ဇော ဇော ဇော ဇော ရုံ
'ဝ'ဝဝ၊ ဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊
ရုံ····ဘင် ဘင် ဘင် ဘင်" ဘင်
ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝ'ဝ'

### ဒုတိယ ဝိဘူတာရုံ ဝီထိပုံစံ

ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
"တီ တီ န····ဒ မ ဇော ဇော ဇော ဇော ဇော ဇော ဇော ရုံ
ဝဝ'ဝ'ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊
ရုံ····ဘင် ဘင် ဘင်" ဘင်
ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝ'ဝ'

### တတိယ ဝိဘူတာရုံ ဝီထိပုံစံ

ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
"တီ တီ တီ န ဒ····မ ဇော ဇော ဇော ဇော ဇော ဇော
'ဝ'ဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊
ဇော ရုံ ရုံ····ဘင် ဘင်"ဘင်
ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝ'ဝ'

### စတုတ္ထ ဝိဘူတာရုံ ဝီထိပုံစံ

ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
"တီ တီ တီ တီ န ဒ····မ ဇော ဇော ဇော ဇော ဇော ဇော
'ဝ'ဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊
ဇော ရုံ ရုံ····ဘင်" ဘင်
ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝ'ဝ'

### ပဉ္စမ ဝိထိဘူတာရုံ ဝီပုံစံ

ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
"တီ တီ တီ တီ တီ န ဒ····မ ဇော ဇော ဇော ဇော ဇော
'ဝ'ဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ ဝဝဝ၊
ဇော ဇော ရုံ ရုံ"····ဘင်
ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝ'ဝ' ဝိဘူတာရုံ ငါးဝိထိ ပုံစံပြီး၏။

## အဝိဘူတာရုံ ဝီထိ

၁၈။ ။အဝိဘူတေ ပနာ ရမ္မဏေ ဒွ၀နာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊ နတ္ထိ တဒါရမ္မဏုပ္ပါဒေါတိ။ ။သင်္ဂြိုဟ်ပါဠိ။

အဝိဘူတာရုံ၌ ဇောကျပြီးသော အဆုံး၌ ဘဝင်သာ ကျလေ၏၊ တဒါရုံ မကျ,မဖြစ်တော့ပြီ။ ။ဟူလို။ ။ဤကား ဝိဏ္ဏတ္တ။

### ပဌမ အဝိဘူတာရုံဝီထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
''တီ တီ တီ တီ တီ တီ န ဒ····မ ဇော ဇော ဇော ဇော
'ဝ'ဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊
ဇော ဇော ဇော····ဘဝင်'' ဘဝင်
ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝ'ဝ'

### ဒုတိယ အဝိဘူတာရုံဝီထိ ပုံစံ

ကံ,ကမ္မ,ဂတိနိမိတ် ပစ္စုပ္ပန် ရုပ် ဗာဝိသ ရူပါရုံ
''တီ တီ တီ တီ တီ တီ တီ န ဒ····မ ဇော ဇော ဇော
'ဝ'ဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊
ဇော ဇော ဇော ဇော''····ဘဝင် ဘဝင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ 'ဝဝဝ'၊ ဝဝဝ၊

ဤဝိထိ ပုံစံများကား စိတ္တက္ခဏ ၁၇–ချက်၊ အသက် ရကောင်းသော ဝိဘူတာရုံ ငါးဝိထိ၊ အဝိဘူတာရုံ ၂–ဝိထိပုံစံများ ဖြစ်သည်။

### စိတ္တက္ခဏအသက် ၁၇-ချက် မပြည့်ကောင်းသော ဝိဘူတာရုံ ဝီထိပုံစံ

ကံ,ကမ္မ,နိမိတ် ကာလသုံးပါး အာရုံ
န···· ဒ မ ဇော ဇော ဇော ဇော ဇော ဇော ဇော····ရုံ ရုံ''ဘဝင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊'ဝဝဝ'

### စိတ္တက္ခဏ ၁၇-ချက် မပြည့်ကောင်းသော အဝိဘူတာရုံဝီထိ ပုံစံ

ကံ,ကမ္မ,ဂတိ ကာလသုံးပါး အာရုံ
န ဒ···· မ ဇော ဇော ဇော ဇော ဇော ဇော ဇော····ဘဝင်
ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊

## အာရုံအရ မနောဒွါရ ဝီထိအပြား

အတိတ်ရူပါရုံ၌ ဝိဘူတာရုံ အဝိဘူတာရုံ နှစ်ဝီထိရသကဲ့သို့ ထိုအတူ အဘိတ်သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့၌လည်း နှစ်ဝီထိစီ ရ၍ ဝိဘူတာရုံ ခြောက်ဝီထိ၊ အဝိဘူတာရုံ ခြောက်ဝီထိ၊ ပေါင်းဆဲ့နှစ်ဝီထိရ၏။ ။ထိုအတူ အနာဂတ်ဖြစ်သော ရူပါရုံစသော အာရုံခြောက်ပါးကို အစွဲပြု၍ ဝိဘူတာရုံ ခြောက်ဝီထိ၊ အဝိဘူတာရုံ ခြောက်ဝီထိ၊ ပေါင်းဆဲ့နှစ်ဝီထိ ရ၏။ ထိုအတူ ကြွင်းသော ရုပ်, နာမ်-စသည်တို့ ၌လည်း နှစ်ဝီထိစီ ရ၏။ ပေါင်း သုံးရာခုနစ်ဆဲ့ခြောက် ဝီထိရ၏။ ။တနည်း၊ တဆဲ့ခုနစ်ချက် အသက်စေ့သော ပစ္စုပ္ပန်ရူပါရုံကို အစွဲပြု၍ ဝိဘူတာရုံ ငါးဝီထိ၊ အဝိဘူတာရုံ နှစ်ဝီထိ။ ။တဆဲ့ခုနစ်ချက် အသက် မစေ့ကောင်းသော အတိတ်ရူပါရုံကို အစွဲပြု၍ ဝိဘူတာရုံ တဝီထိ၊ အဝိဘူတာရုံ တဝီထိ၊ အနာဂတ်အာရုံကို အစွဲပြု၍ ဝိဘူတာရုံ တဝီထိ၊ အဝိဘူတာရုံ တဝီထိ၊ ရူပါရုံကို အစွဲပြု၍ ပေါင်းတဆဲ့တဝီထိ။ ။ထိုအတူ သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ,ဓမ္မာရုံတို့၌လည်း တဆဲ့တဝီထိစီချည်း ရသောကြောင့် ပေါင်း ခြောက်ဆဲ့ခြောက်ဝီထိ ဖြစ်သတည်း။

ဝိညတ်ဒွေ့,လက္ခဏရုပ် ၄-ပါး ကြဉ်အပ်သော တနည်း၊ တဆဲ့ခုနစ်ချက် အသက်ရစကောင်းသော ရုပ်ကား၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗ, စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,အာပေါ်, ဣတ္ထိဘော,ပုမ္ဘော,ဟဒယဝတ္ထု, ဇီဝိတိန္ဒြေ, ဩဇာ, ပရိစ္ဆေဒ, လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူ၍ ၂၂-ပါး အပြားရှိ၏။ ဤ၌ ဖေါဋ္ဌဗ္ဗဝယ် ပထဝီ, တေဇော,ဝါယော, ရုပ် ၃-ပါး ဖြစ်သည်အတွက် သရုပ်အားဖြင့် ၂၀၊ သင်္ချာအားဖြင့် ၂၂-ပါး ဖြစ်၏ ဟု မှတ်။ ။၁၇-ချက် အသက် မစေ့ကောင်းသော ရုပ်ကား ဆိုအပ်ခဲ့ပြီးသည်မှတပါး ကာယဝိညတ်, ဝစီဝိညတ်, ဥပစယ, သန္တတိ, ဇရတာ,အနိစ္စတာ-အားဖြင့် ခြောက်ပါး အပြားရှိ၏။ ။ထို ၂-မျိုးသော ရုပ်တို့တွင် ၁၇-ချက် အသက် စေ့ကောင်းသော ရုပ် ၂၀-တို့၌ ရုပ်တပါး တပါးဝယ် ၇-ဝီထိစီ ရသောကြောင့် ဝီထိပေါင်း ၁၄၀-ရလေ၏။

တဆဲ့ခုနစ်ချက် အသက် မစေ့သောရုပ် ၆-ပါးတို့၌ ရုပ်တပါးတပါးဝယ် ၆-ဝီထိစီ ရကောင်းသောကြောင့် ၃၆-ဝီထိ ဖြစ်၏။ ။၎င်း ၂-ရုပ်ကို

ပေါင်းသည့်ရှိသော် ၁၇၆-ဝိထိ ဖြစ်လေသတည်း။ ။အတိတ် အနာဂတ် ဖြစ်သော ကြွင်းရုပ် ၂၂-ပါး၊ ကာလ ၃-ပါး၌ဖြစ်သောစိတ်,စေတသိက် စသည်တို့ကို အာရုံပြု၍ ကျသော ဝိထိများကား ကုဋေ ကုဋာ များပြားစွာ ဖြစ်ကုန်၏။

၁၈-က။ ။အစ္ဆရာသင်္ဃာတက္ခဏေ အနေကကောဋိသတသဟဿ သင်္ခါ ဝေဒနာ ဉပ္ပဇ္ဇန္တိ။ ။ကေစ္ဆရက္ခဏေ အနေက ကောဋိသတ သဟဿာနိ စိတ္တာနိ ဉပ္ပဇ္ဇန္တိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## မနောဒွါရဝိထိ၌ အတိမဟန္တာရုံစသည် မမှတ်ခြင်း အဓိပ္ပါယ်

မနောဒွါရဝိထိ၌ ပဉ္စဒွါရ ဝိထိကဲ့သို့ အတိမဟန္တာရုံ အစရှိသော အာရုံကို မမှတ်မူ၍ အဘယ့်ကြောင့် ဝိဘူတအဝိဘူတအာရုံကို မှတ်ရလေ သနည်း ဟူမူ။ ။အတိမဟန္တာရုံ စသည်ကား ပဉ္စဒွါရပစ္စုပ္ပန် အာရုံ၌ သာလျှင် ဖြစ်၏။မနောဒွါရိက စိတ်တို့ကား အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလဝိမုတ်ဖြစ်သော အာရုံတို့ကို အာရုံပြုသောကြောင့် အတိမဟန္တာရုံ ဟု မမှတ်ရပါဘဲ ဝိဘူတာရုံ, အဝိဘူတာရုံ- ဟူ၍သာ မှတ်ယူအပ်ပါ• သတည်း။

မနာဒွါရိက စိတ္တာနံ အတီတာနာဂတတ္တိ။ပ။
ဒိဝသေန ဝိသယဝဝတ္ထာနံ ကတံ န သက္ကာ။ ။ဋီကာကျော်။

တေန ယဒိ ပစ္စုပ္ပန္န မေဝါရမ္မဏံ သိယာ။ပ။
ဝဝတ္ထာနံ ကာတုံ သက္ကာတိ ဒသောတိ။ ။မဏိမဉ္ဇူ။

---

## ဆောင်ပုဒ်

နောဒွါရစိတ်၊ အတိတ်နာဂတ်၊ ဖြစ်လတ်ရကား၊ ၃-ပါး အာရုံ၊
မဖြစ်ပုံ၊မှတ်ကုန်-ကျမ်းအလာ။

---

၁၈-က။ ။အစ္ဆရာသင်္ဃာတက္ခဏေ၊လက်ဖျစ်တတွက်မျှသောခဏ၌။အနေက ကောဋိသတ သဟဿသင်္ခါ၊ကုဋေအသိန်းမကအရေအတွက်ရှိကုန်သော။ဝေဒနာ၊ဝေဒနာတို့သည်။ဉပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ။ကေစ္ဆရက္ခဏေ၊ လက်ဖျစ်တတွက်မျှသော ခဏ၌။ အနေကကောဋိသတ သဟဿာနိ၊ ကုဋေအသိန်းမက များစွာကုန်သော၊ စိတ္တာနိ၊ ဝီထိစိတ်တို့သည်။ ဉပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

## ဝိဘူတ အဝိဘူတအာရုံ အဓိပ္ပါယ်

ဝိဘာဝေတီတိ ဝိဘူတံ။ ။ယံ၊အကြင် အာရုံသည်။ ဝိဘာဝေတိ၊စိတ်၌ ထင်ရှားစွာ ဖြစ်ပေါ်လာတတ်၏။ ဣတိ၊ ကြောင့်။ တံ၊ ယိုအာရုံသည်။ ဝိဘူတံ၊ ဝိဘူတာရုံမည်၏။ ။အဓိပ္ပါယ်ကား။ ။တောကြီး တောင်ကြီး စသော အာရုံသည် မည်မျှပင် ထင်ရှား ကြီးကျယ်ပါသော်လည်း၊မနော ဝိညာဏ်စိတ်၌ ထင်မြင်လာသော အခါဝယ် မသိမသာ မထင်မရှား ထင်မြင်လာပါမူ ဝိဘူတ ဟု မဆိုရ, မဆိုထိုက်ပေ။ အဝိဘူတသာမည်၏။ နိဗ္ဗာန်စသော အာရုံသည် အလုံးအခဲ ဒြပ်သဘောအားဖြင့် မထင်ရှား လင့်ကစား၊မနောဝိညာဏ် စိတ်၌ ထင်ထင်ရှားရှား သားနားဝင်းတောက် ပေါ်ပေါ်က် ထင်မြင်လာပါမူကား ဝိဘူတအာရုံ ဟု ဆိုရ၏။ သို့ဖြစ်၍ ဆိုလိုရင်းကို စစ်လိုက်သည့်ရှိသော် အကြင်အာရုံသည် ထင်ရှားသည် ဖြစ်စေ၊မထင်ရှားသည် ဖြစ်စေ၊ မနောဒွါရ၌ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ထိုအာရုံသည် ဝိဘူတာရုံမည်၏။ ထိုဝိဘူတာရုံကို အာရုံပြု၍ ဖြစ်သော မနောဝိညာဏ် စိတ်အစဉ်သည် ဝိဘူတာရုံဝိထိ မည်၏။ ဟူလို။

န ဝိဘာဝေတီတိ အဝိဘူတံ။ ။ယံ၊ အကြင် အာရုံသည်။ န ဝိဘာ ဝေတိ၊စိတ်၌ ထင်ရှားစွာ မဖြစ်ပေါ်တတ်။ ဣတိ၊ကြောင့်။တံ၊ထိုအာရုံသည်။ အဝိဘူတံ၊ အဝိဘူတာရုံ မည်၏။ ။ဝိဂြိုဟ်အရ၊ အကြင် အာရုံသည် ထင်ရှားသည် ဖြစ်စေ၊မထင်ရှားသည် ဖြစ်စေ၊မနောဒွါရ၌ မသိမသာ မထင်မရှား ထင်ပေါ်လာ၏။ထိုအာရုံသည် အဝိဘူတာရုံမည်၏။ထိုအာရုံကို အာရုံပြု၍ဖြစ်သော မနောဝိညာဏ်စိတ်သည် အဝိဘူတာရုံ ဝိထိမည်၏။ ဟူလို။

(ဤကား သင်္ဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓါ ဆရာမြတ်၏ အလိုတည်း)။

---

### ဆောင်ပုဒ်

က။ ။မနောစိတ်တွင်၊ ထင်ရှားလျှင်၊ မည်ပင်-ဝိဘူတ။

ခ။ ။မနောစိတ်တွင်၊ မပေါ်ထင်၊ မည်ပင်-အဝိဘူတ။

## ဝိဘင်း အဋ္ဌကထာ ဝါဒ

အထက်ပါ အရှင်အနုရုဒ္ဓါ ဆရာ၏ဝါဒကား ဥက္ကဋ္ဌနည်း အစွမ်းဖြင့် မိန့်ဆိုအပ်သော ဝါဒ-ဟု မှတ်ယူအပ်၏။ သဒ္ဓမ္မာအဋ္ဌကထာ ဆရာကား ဇော, တဒါရုံတို့မှ ဆိုင်သော အာဝဇ္ဇန်း ၂-ကြိမ်မျှကျသော မနောဒွါရ အဝိဘူတာရုံဝိထိ။ဘဝင်စလန ဘဝင်လှုပ်ရုံမျှသာ ဖြစ်သော မောဃဝါရ အဝိဘူတာရုံဝိထိ ၂-မျိုးကို ဉာဏ ဝိဘင်း၌ မိန့်ဆို ဖွင့်လှစ်တော်မူအပ်၏။ ။ထိုကြောင့် မနောဒွါရဝိထိသည် ပဉ္စဒွါရဝိထိကဲ့သို့ပင်။ ။၁-တဒါရမ္မဏဝါရ။ ။၂-ဇဝနဝါရ။ ။၃-အာဝဇ္ဇနဝါရ။ ။၄-မောဃဝါရ ဟူ၍ ၄-ဝါရကိုမှတ်အပ်၏။ ။ထိုလေးပါးသော ဝါရဖြစ်သင့်သောကြောင့် အာရုံသည်သည်း။ ။၁-အတိဝိဘူတာရုံ။ ။၂-ဝိဘူတာရုံ။ ။၃-အဝိဘူတာရုံ။ ။၄-အတိအဝိဘူတာရုံ။ ။ဟူ၍ မနောဒွါရဝိထိ၌လည်း အာရုံ လေးပါးပြားသင့်၏။ ။၁-ထိုလေးပါးသော အာရုံတို့တွင် မနောဒွါရ၌ အလွန်တရာ ထင်ရှားလှသော အာရုံသည် အတိဝိဘူတာရုံမည်၏။ ။ထို အာရုံကို အာရုံပြု၍ ဖြစ်သော မနောဒွါရဝိထိသည် အတိဝိဘူတာရုံဝိထိ မည်၏။ဤသို့ အတိဝိဘူတာရုံ ဖြစ်လေသောကြောင့် ၎င်းအတိဝိဘူတာရုံ ဝိထိသည် တဒါရုံအဆုံးရှိလေ၏။ ။၂-မနောဒွါရ၌ သင့်ရုံ ထင်ရှားသော အာရုံသည် ဝိဘူတာရုံမည်၏။ ၎င်းအာရုံကို အာရုံပြု၍ဖြစ်သော မနော ဒွါရဝိထိသည် ဝိဘူတာရုံဝိထိမည်၏။ဤသို့ ဝိဘူတာရုံ ဖြစ်သောကြောင့် ၎င်းဝိဘူတာရုံ ဝိထိသည် ဇော အဆုံးရှိလေ၏။ ။၃-မထင်ရှားသော အာရုံသည် အဝိဘူတာရုံမည်၏၊ ၎င်းအာရုံကို အာရုံပြု၍ဖြစ်သော မနော ဒွါရဝိထိသည် အဝိဘူတာရုံဝိထိ မည်၏။ ဤသို့ အဝိဘူတာရုံ ဖြစ်သော ကြောင့် ၎င်းအဝိဘူတာရုံ ဝိထိသည် မနောဒွါရာဝဇ္ဇန်း အဆုံးရှိလေ၏။ ၄-အလွန်တရာမထင်ရှားသောအာရုံသည် အတိအဝိဘူတာရုံမည်၏။ ၎င်း အာရုံကို အာရုံပြု၍ဖြစ်သော မနောဒွါရဝိထိသည် အတိအဝိဘူတာရုံ ဝိထိ မည်၏။ ဤသို့အတိအဝိဘူတာရုံ ဖြစ်သောကြောင့် ၎င်းအတိအဝိဘူတာရုံ ဝိထိ၌ ဝိထိစိတ်မဖြစ်ဘဲ မောဃဝါရ ဖြစ်လေသတည်း။ ။ဤကား-ဉာဏ ဝိဘင်းအဋ္ဌကထာ၊ ၎င်းအဘွင့်မူလဋီကာ အလိုတည်း။ အရှင်အနုရုဒ္ဓါဆရာ အလိုကား မောဃဝါရ ဘွင့်ဆိုတော်မမူချေ။

၁၈-ခ။ ။ဒွိဟိ အန္တေဟိ မုတ္တေအာဝဇ္ဇန တဒါရမ္မဏကစ္စာနော အဗျာက တောတိ ဝေဒိတဗ္ဗာ။ သုပိနေနေဝ ဒိဋ္ဌံဝိယ မေ သုတံဝိယ မေတိ ကထနကာလေပိ အဗျာကတော ယေဝ။ ။ဉာဏ ဝိဘင်း သမ္မောအဋ္ဌကထာ။ ။ပါရာဇိကဏ် အဋ္ဌကထာ။

ဝေ၀ ဝဒန္တေဟိ မနောဒွါရေပိ အာဝဇ္ဇနံ ဒွတ္တိက္ခတ္တုံ ဥပ္ပဇ္ဇိတွာ ဇဝန ဋ္ဌာနေ ဌတွာ ဘဝင်္ဂံ ဩတရတီတိ အဓိပ္ပေတန္တိ ဒဋ္ဌဗ္ဗံ။ ။မူလဋီကာ။

မနောဒွါရေပိတိ န ပဉ္စဒွါရေ ယေဝ ဒုတိယ မောဃဝါရေ၊ အထခေါ မနောဒွါရေပိ။ ။အနုဋီကာ။

---

## အိပ်မက် အဆုံးအဖြတ်

သမ္မောအဋ္ဌကထာ၊မူလဋီကာ၊ပါရာဇိကဏ်အဋ္ဌကထာ၊၎င်း ဋီကာတို့၌ အိပ်မက်သော အခါ၀ယ် သုဒ္ဓမနောဒွါရ မောဃဝါရကို မိန့်ဆို ဘွင့် လှစ်တော်မူကြရကား၊ အိပ်မက်သော သူ၏ သုပိန ဝီထိကို သိအပ်သိသင့် ပေ၏။ ။၎င်းအိပ်မက်သည် ၁-ဓာတ်ချောက်ခြားသဖြင့်၎င်း၊ ၂-ရှေးက လေ့ကျက် ခံစားဘူးသောနေရာ အရပ်ဌာန စသည်ကို အောက်မေ့သော ကြောင့်၎င်း၊ ၃-နတ်တို့ လှည့်ဖျားသောကြောင့်၎င်း၊ ၄-အကျိုး အပြစ် မဖြစ်မီဖြစ်လတ္တံ့သော ပုဗ္ဗနိမိတ်ကြောင့်၎င်း။ဤလေးပါးသော အကြောင်း တို့ကြောင့် မက်တတ်၏။ ထိုလေးပါးတို့တွင် ဓာတ်-ချောက်ချားသော ကြောင့် တောင်ပြိုသလို သစ်ပင်လဲသလို ကျား ဆင် လိုက်သလို စသည် ဖြင့် မက်တတ်၏။ရှေး၌ ခံစား ခံစားခဲ့ဘူးသော အရာဌာနကို အောက်မေ့ သောကြောင့်ကား မိမိ ခံစား ခံစားဘူးသော အာရုံအတိုင်းပင် မက်

---

၁၈-ခ။ ။ဒွိဟိအန္တေဟိ၊အသိုင်အခုံအဘုသိုလ်အခုံအဘို ၂-ပါးတို့မှ။မုတ္တေ၊လွတ်သော။ ပါ၊ လွတ်သောကြောင့်၊ အာဝဇ္ဇန တဒါရမ္မဏကစ္စာနော၊အာဝဇ္ဇန်းခဲအ တဒါရုံခဲ့တော၌။ အဗျာကတောတိ၊ အဗျာကတ ဟူ၍သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ (ပါရာဇိကဏ် အဋ္ဌ ကထာ၌ကား အနေ်ဟိ—ဟု ရှိ၏)။ ။သုပိနေနေဝ၊ အိပ်မက်ဖြင့်သာလျှင်။ မေ၊ ငါသည်။ ဒိဋ္ဌံဝိယ၊မြင်အပ်ဘိသကဲ့သို့။မေ၊ငါသည်။ သုတံဝိယ၊ ကြား အပ်ဘိသကဲ့သို့။ ဝါ၊ ကြားသိုက် သလို။ရှုဘိ၊ဤသို့။ကထနကာလေပိ၊ ဆိုသောအခါ၌မျိုး၌လည်း။အဗျာကတောယေဝ၊ အဗျာ ကတသာလျှင်တည်း။ (ဤ၌ ပိ-သဒ္ဒါ သမ္ပိဏ္ဍနံ၊ အထက် အာဝဇ္ဇနဝါရကို ပေါင်းသည်)။

ဝေ၀၊ဤယခုဆိုအပ်ခဲ့ပြီးသောအတိုင်း။ ဝဒန္တေဟိ၊ ဆိုသော အဋ္ဌကထာဆရာတို့သည်။ မနောဒွါရေပိ၊မနောဒွါရ၌လည်း။အာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ်, သုံးကြိမ်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ ဇဝနဋ္ဌာနေ၊ဇောအရာ၌။ ဌတွာ၊တည်၍။ဘဝင်္ဂံ၊ဘဝင်သို့။ ဩတ

တတ်၏။ နတ်တို့ လှည့်ဖျားသောကြောင့်ကား နတ်တို့သည် အကျိုးကိုအလို ရှိပါမူ၊ ကောင်းသော အထူးထူးသော အာရုံကို မြင်မက်တတ်၏။ ပျက်စီး စေလိုပါမူ၊ မကောင်းသော အထူးထူးသော အာရုံကို မြင်မက်တတ်၏။ ပုဗ္ဗနိမိတ်ကြောင့်ကား၊ ကောင်းသော အကျိုးကို ခံစား ခံစားရမည်ဖြစ်အံ့၊ ဘုရားလောင်း မယ်တော် မြတ်စွာဘုရား အလောင်းတော် စသည်တို့ ကဲ့သို့ အထူးထူးသော ကောင်းသော အာရုံတို့ကို မြင်မက်၏။ ။မကောင်း သော အကျိုးတို့ကို ခံစားရမည်ဖြစ်အံ့၊ ကောသလမင်းကြီး စသည်တို့ကဲ့သို့ အထူးထူးသော မကောင်းသော အာရုံတို့ကို မြင်မက်၏။ ။ထိုလေးပါး သော အိပ်မက်တို့တွင် ရှေး ၂-မျိုးသော အိမ်မက်သည်၊ မမှန်တတ်ချေ။ နတ်တို့ လှည့်ဖြားသောကြောင့် မက်သော အိပ်မက်သည်ကား မှန်သည် လည်း ရှိ၏၊ မှားသည်လည်း ရှိ၏။ ပုဗ္ဗနိမိတ်ကြောင့် မက်သော အိပ်မက် သည်သာ စင်စစ် မှန်ကန်၏ ဟု မှတ်။ ။ဤကား အိပ်မက်၏ အပြား တည်း။ ။၎င်းအကြောင်းတရား လေးပါးကြောင့် မြင်မက်သော အိပ်မက် သည် အိပ်၍မပျော် နိုးသောအခါ၌လည်း မြင်မက်သည် မဟုတ်။ ဘဝင် ကျ၍ အိပ်ပျော်နေသော ကာလ၌လည်း မြင်မက်သည် မဟုတ်။ အိပ်၍ မပျော် နိုးသောအခါ၌ မက်သည်ဆိုပါက ဝိနည်းဒေသနာတော်နှင့် ဆန့် ကျင်ရာ၏။အဘယ့်ကြောင့်နည်းဟူမူ ထိုအိပ်မက်ကို နိုးလျက်ပြုမိသော်လည်း စင်စစ် အပြစ်မရှိ၊ အာပတ် မသင့်ဆိုရာ ကျသောကြောင့်တည်း။ ထိုသို့ မဟုတ် အိပ်ပျော်သောအခါ မြင်မက်၏ ဟု ဆိုပါက၊ အဘိဓမ္မာဒေသနာ တော်နှင့် ဆန့်ကျင်ရာ၏။ အကြောင်းကား အိပ်သော အခါဝယ် ဘဝင် စိတ်ဖြင့် အိပ်သဖြင့် ရူပါရုံစသော အာရုံနိမိတ်ကို မသိတတ်၊ မမှတ်တတ် သောကြောင့်တည်း။

စင်စစ်သော်ကား၊ ထိုအိပ်မက်ကို အိပ်ပျော်စဉ်လည်း မဟုတ်၊ နိုးစဉ် လည်း မဟုတ်၊ မျောက်အိပ်သော အခါကဲ့သို့ ဘဝင်သက်သက် ဖြစ်၍ အိပ်ပျော်သောအခါ ဟု လည်း မဟုတ်ရ၊ ကုသိုလ် အကုသိုလ်စသော

---

ရတိ၊ သက်၏။ ဈာတ်၊ ဤသို့။ အဓိပ္ပာယ်၊ အသိရှိအပ်၏။ ဈာတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝါ၊ မှာ်လေ။ (ဤပါဠိ၌ဝယ်၊ မနောဒွါရေပိ၌ ပိ-သဒ္ဒါဖြင့်။ ပဉ္စဒွါရကို ပေါင်းဆည်းခြင်း သမ္ပိဏ္ဍနအနက်ရှိ၏) မနောဒွါရေ ပိ တိ၊ ဟူသည်ကား။ ပဉ္စဒွါရေ ယေဝ၊ ပဉ္စဒွါရ၌သာလျှင်။ ဝါ၊ သော။ ဒုတိယမောဃ ဝါရေ၊ ဒုတိယမောဃဝါရ၌သာလျှင်။ နှံ၊ မဟုတ်သေး။ အထ ခေါ၊ စင်စစ်အားဖြင့်။ မနောဒွါရေ ပိ၊ မနောဒွါရ၌လည်း။ မောဃဝါရေ၊ မောဃဝါရ၌။ ဟောတိ၊ ဖြစ်သေး၏။ ။၎င်းအနုဋီကာ ပါဠိ၌ဖြင့် ပိ-သဒ္ဒါ၏ သမ္ပိဏ္ဍနအနက်အရ ပေါင်းဆည်းပုံကို ဖွင့်ပြတော်မူသည် ဟု မှတ်)။

ဝီထိစိတ် သက်သက်ဖြစ်၍ နိုးသောအခါ ဟုလည်း မဆိုရ၊ ကုသိုလ် အကုသိုလ် ဘဝင်အယဉ်တို့ ရောယှက်ခါ ဘဝင်တခါ ဝီထိစိတ်တလှည့် ဖြစ်သော လျှင်မြန်သော အိပ်သော အခါမျိုး၌သာ အိပ်မက် မက်သည် ဟု မှတ်။

၁၈-ဂ။ ။ယသ္မာ ကပိမိဒ္ဓပရေတော ပဿတိ။ဝုတ္တဥ္စေတံ။ ။ကပိမိဒ္ဓပရေတော ခေါ မဟာရာဇ သုပိနံ ပဿတီတိ။ ကပိမိဒ္ဓပရေတောတိ မက္ကဋနိဒ္ဒါယ ယုတ္တော။ ။သမ္မောအဋ္ဌကထာ။

## ဆောင်ပုဒ်

က။ ။ခေတ်လည်း ချောက်ခြား၊ ခံစားဘူးတုံ၊အာရုံတိုင်းပင်၊ နတ်လျှင် လှည့်ပတ်၊ ဖြစ်လတ် နိမိတ်၊ ဤလေးရိပ်။ မှတ်စိတ် အိပ်မက် မက်ကြောင်းတည်း။

ခ။ ။အိပ်၍ ပျော်စဉ်၊နိုးလျှင် အတွင်း၊ အိပ်မက်ခင်း၊ မက်ခြင်းမရှိပြီ။

ဂ။ ။မျောက်အိပ် အသွင်၊ ပျော်စဉ် တလှည့်၊ နိုးတလှည့်လျှင်း၊ ဤ အတွင်း၊ မက်ခြင်း-အိပ်မက်တည်း။

## အိပ်မက်အတွင်း ကုသိုလ် အကုသိုလ် ဖြစ်ပုံ

အိပ်မက် မြင်မက်သော ပုဂ္ဂိုလ်သည် ပဥ္စဒွါရ မနောဒွါရ နှစ်ပါးတို့တွင် ပဥ္စဒွါရိက စိတ်တို့ကား ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုနိုင်သောကြောင့် ပဥ္စဒွါရိကစိတ်ဖြင့် မမြင်မက်နိုင်။ မနောဒွါရိက စိတ်တို့သည်သာလျှင် အတိတ် အနာဂတ် ကာလ ဝိမုတ်ဖြစ်သော အာရုံခြောက်ပါးကို အာရုံ ပြုနိုင်သောကြောင့် မနောဒွါရိက စိတ်ဖြင့်သာလျှင် မြင်မက်၏ ဟု မှတ်။

၁၈-ဃ။ သုပိနန္တိ တေနေဝ ပဿတိ၊ န ပဥ္စဒွါရိကစိတ္တေန။ သမ္မော အဋ္ဌကထာ။

၁၈-ဂ။ ။ယသ္မာ၊အကြောင်းကြောင့်။ကပိမိဒ္ဓပရေတော၊မျောက်အိပ်ခြင်းကဲ့သို့သောအိပ်ခြင်း နှင့် ယှဉ်သော။ဝါ၊အိပ်သောသူသည်။ သုပိနံ၊အိပ်မက်ကို။ ပဿတိ၊မြင်မက်၏။ ။ဟိ၊ယင်း စကားမှန်၏။ ကပိ။ပ။ပဿတီတိ၊ဧတံ၊ဘုံ။ဝုတ္တံ၊အရှင် နာဂသိန် မထေရ်မြတ် မိန့်ဆိုတော် မူအပ်၏။ ။ကပိမိဒ္ဓပရေတောတိ၊ ကား။ မက္ကဋနိဒ္ဒါယ၊ မျောက်၏ အိပ်ခြင်းနှင့်။ ယုတ္တော၊ ယှဉ်သော။ ဝါ၊တူသောအိပ်သောသူတည်း။ ။(အကျယ်သိမှုသမ္မောအဋ္ဌကထာကိုရှုလင့်ကုန်)

၁၈-ဃ။ ။သုပိနန္တိ၊အိပ်မက်ကိုလည်း။ တေနေဝ၊ထိုမနောဒွါရိကစိတ်ဖြင့်သာလျှင်။ပဿတိ၊ မြင်မက်၏။ ပဥ္စဒွါရိကစိတ္တေန၊ ပဥ္စဒွါရိကစိတ်ဖြင့်။ န ပဿတိ၊ မမြင်မက်နိုင်။

ထိုမနောဒွါရိက စိတ်ဖြင့် မြင်မက်ရကား အိပ်မက်သည် ကုသိုလ်, အကုသိုလ်,အဗျာကတ သုံးပါးပင်, ဖြစ်နိုင်, စေါနိုင်၏။ထိုသုံးပါးတို့တွင် အိပ်မက်တွင်း၌ ဘုရား ဖူးရခြင်း တရားတော် နာရခြင်း စသည်တို့ကို ပြုရသောသူအား ကုသိုလ်ဇော ဖြစ်၏။ အိပ်မက်တွင်း၌ သူ၏ အသက်ကို သတ်ဖြတ်ခြင်း စသည်ကို ပြုရသောသူအား အကုသိုလ်ဇော ဖြစ်၏။

ထိုကုသိုလ်, အကုသိုလ် ၂-ပါးမှ လွတ်သော အာဝဇ္ဇန်း ၂-ကြိမ် ၃-ကြိမ်ကျနိုင်ရုံသာ ဖြစ်သော အခါ မြင်လိုက်သလို, ကြားလိုက်သလို ဖြစ်သော အခါတို့၌ အဗျာကတ ဖြစ်လေ၏။ သို့သော် ၎င်းကုသိုလ်, အကုသိုလ် စေတနာတို့သည် အားနည်းသော ဝတ္ထုရှိလေသောကြောင့် ပဋိသန္ဓေ အကျိုးကို မပေးနိုင်၊ ပဝတ္တိအခါ၌ တပါးသော ကုသိုလ် အကုသိုလ်တို့သည် ထောက်ပံ့အပ်သော်သာ အကျိုးကိုပေးနိုင်၏။ သို့ဖြစ်၍ ဇနကကံ မခေါ်လောက် မပြောပလောက်ချေ ဟု မှတ်။

၁၈-င။ ။ကိံ ပန သုပိနေ ကတံ ကုသလာကုသလကမ္မံ သဝိပါကံ အဝိပါကန္တိ သဝိပါကံ။ဒုဗ္ဗလတ္တာ ပန ပဋိသန္ဓိံ အာကဍ္ဎိတုံ န သက္ကောတိ။ ဒိန္နာယ အညကမ္မေန ပဋိသန္ဓိယာ ပဝတ္တေ ဝေဒနီယံ ဟောတိ။ သမ္မော အဋ္ဌကထာ။ ပါရာဇိကကဏ် အဋ္ဌကထာ။

---

## သောင်ချုပ်

က။ ။မနောဒွါဖြင့်၊ မက်တုံလင့်။ မှတ်ချင့်-အိပ်မက်မှာ။

ခ။ ။အိပ်မက် တွင်းပြု၊ ကု-အကု-ဗျာ၊ယင်းသုံးဖြာ၊ ဖြစ်ရာ ကေန်တည်း။

ဂ။ ။အားနည်းတုံပေ၊ သန္ဓေ အကျိုး၊ပေးရိုး မရှိ၊ ပဝတ္တိသာ၊ ပေးတုံရာ၊မှတ်ပါအိပ်မက်-ကံ ကျိုးတည်း။

---

၁၈-င။ပန၊ဆက်ဦးအံ့။သုပိနေ၊အိပ်မက်၌။ကတံ၊ပြုအပ်သော။ကုသလာကုသလကမ္မံ၊ကုသိုလ် အကုသိုလ်ကံသည်။သဝိပါကံကိံ၊အကျိုးပေးနိုင်ပါသလော။အဝိပါကံကိံ၊ အကျိုးမပေးနိုင် ပါသလော။ ဣတိ၊ဤကား။ ပုစ္ဆာ၊အမေးစကားတည်း။သဝိပါကံ၊အကျိုးနှင့်တကွဖြစ်၏။ဝါ၊ အကျိုးပေးနိုင်၏။ပန၊သင်းသို့အကျိုးပေးနိုင်သော်ငြားသည်။ ဒုဗ္ဗလတ္တာ၊ အားနည်းသည်၏ အဖြစ်ကြောင့်။ ပဋိသန္ဓိံ၊ပဋိသန္ဓေကို။ အာကဍ္ဎိတုံ၊ငင်ခြင်းငှါ။န သက္ကောတိ၊ မစွမ်းနိုင်ချေ။ အညကမ္မေန၊ကံတပါးသည်။ပဋိသန္ဓိယာ၊ပဋိသန္ဓေကို။ဒိန္နာယ၊ ပေးအပ်ပါမူကား။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ဝေဒနီယံ၊အကျိုးကို ပေးနိုင်သည်။ဟောတိ၊ဖြစ်၏။

## အိပ်မက်သော ပုဂ္ဂိုလ် အပြား

ဆိုအပ်ပြီးသော ၄-ပါးသော အိပ်မက်ကို ပုထုဇန်ပုဂ္ဂိုလ် ၄-ယောက်၊ သောတာပန်, သကဒါဂါမ်,အနာဂါမ် အရိယာပုဂ္ဂိုလ် ၃-ယောက်၊၍ ၇-ယောက်သော ပုဂ္ဂိုလ်တို့သာလျှင် မပယ်အပ်သေးသော ဝိပလ္လာသ တရားရှိသောကြောင့် မြင်မက်ကုန်၏။ ဘုရား ရဟန္တာ ပုဂ္ဂိုလ်တို့ကား သညာဝိပလ္လာသ၊စိတ္တဝိပလ္လာသ။ ဒိဋ္ဌိဝိပလ္လာသ တရားသုံးပါးကို ပယ်ပြီး ဖြစ်သောကြောင့် အိပ်မက်ကို မမြင်မက်ကုန်၏။

၁၈-၈။ ။တဉ္စ ပနေတံ စတုဗ္ဗိဓံ သုပိနံ သေက္ခပုထုဇ္ဇနာ ပဿန္တိ အပ္ပဟီန ဝိပလ္လာသတ္တာ။ အသေက္ခာ န ပဿန္တိ ပဟီန ဝိပလ္လာသတ္တာ။ သမ္မောအဋ္ဌကထာ။ ပါရာဇိကဏ်အဋ္ဌကထာ။

---

## ဆောင်ပုဒ်

က။ ။ပုထုဇန်လေး၊ သေက္ခတေး၊ မင်ရေး-အိပ်မက်တည်း။

ခ။ ။အသေက္ခကား၊ပယ်ရှား ဝိပလ်၊ကင်းစင်မှန်၊ မင်ရန်-မရှိပြီ။

---

## အိပ်မက် ဝိဘူတာရုံဝီထိပုံစံ

ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ရှိခိုးအပ်ပြီးသော စေတီစသော အာရုံ

"ဘွင် ဘွင် ဘွင် န ဒ····မ ဇော ဇော ဇော ဇော ဇော ဇော
ooo၊ ooo၊ ooo၊ ooo၊ ooo၊ o၁o၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊
ဇော ရုံ ရုံ"
ooo၊ooo၊ooo။ ။ဤဝီထိကား ကုသိုလ်ဇော၏ဝီထိ ဟု မှတ်။

ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သတ်အပ်သော သတ္တဝါစသော အာရုံ

"ဘွင် ဘွင် ဘွင် န····မ ဇော ဇော ဇော ဇော ဇော ဇော ဇော
ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊ ooo၊
ဇော ရုံ ရုံ"
ooo၊ooo၊ooo။ ။ဤဝီထိကား အကုသိုလ်ဇောဝီထိ ဟု မှတ်။

---

၁၈-၈။ ။ပန၊ဆက်၍ဆိုဦးအံ့။စတုဗ္ဗိဓံ၊လေးပါး၊အပြားရှိသော။တံ၊ထိုသုပိနံ၊ထိုအိပ်မက်ကို။ သေက္ခပုထုဇ္ဇနာ၊ သေက္ခပုဂ္ဂိုလ်—ပုထုဇန်ပုဂ္ဂိုလ်တို့သည်သာလျှင်။ ပဿန္တိ၊မြင်မက်ကုန်၏။ ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ အပ္ပဟီန ဝိပလ္လာသတ္တာ၊ မပယ်အပ်သော ဝိ ပလ္လာ သ တရားရှိသည်၏အဖြစ်ကြောင့်တည်း။ အသေက္ခာ၊အသေက္ခပုဂ္ဂိုလ်တို့သည်ကား။ပဟီနဝိပလ္လာ သတ္တာ၊ပယ်အပ်ပြီးသော ဝိပလ္လာသတရားရှိသည်၏အဖြစ်ကြောင့်။နပဿန္တိ၊မမြင်မက်ကုန်။

## အိပ်မက် အဗျာကတ အဝိဘူတာရုံ ဝီထိပုံစံ

ကံ,ကမ္မ,ဂတိ                    အာရုံခြောက်ပါး
နှ  ဒ····        မ    မ····ဘွင် ဘွင် ဘွင်
၀၀၀၊ ၀၀၀၊        ၀၀၀၊ ၀၀၀၊ ၀၀၀၊ ၀၀၀

ကံ,ကမ္မ,ဂတိ
နှ  ဒ····        မ  မ  မ····ဘွင် ဘွင် ဘွင်
၀၀၀၊၀၀၀၊        ၀၀၀၊ ၀၀၀၊ ၀၀၀၊ ၀၀၀၊ ၀၀၀

ဤဝီထိများကား အာဝဇ္ဇန်း ၂-ကြိမ်၊၃-ကြိမ်ကျသော အဗျာကတဝီထိများတည်း။ ။ဤသုပိနဝီထိ၌ အတီတဘဝင်ဟူ၍၎င်း၊ အာရုံချုပ် ဟူ၍၎င်း၊ မဆိုရပြီ၊ဤမနောဒွါရ မောဃဝါရဝီထိ၌ ၂-ကြိမ်၃-ကြိမ်သောမနောဒွါရာဝဇ္ဇန်းတို့တွင် ဒုတိယတတိယ အာဝဇ္ဇန်းသည် ဇောအရာ၌ တည်၏ ဟုမူလဋီကာ-အနုဋီကာ-ဝိနည်းဋီကာကြီးများက တပြိုင်တည်း ဆုံးဖြတ်တော်မူကုန်၏။ ဤအရာ ဌာနကား အလွန်တရာ နက်နဲခက်ခဲ သိမ်မွေ့သော အရာဌာနဖြစ်သောကြောင့် ပညာရှင်တို့သည် ဂန္ထိရှုဉာဏ်သွားဖြင့် ခွဲခြမ်း ဝေဘန်၍ ယူဆတော်မူကြပါကုန်။

---

### မနောဒွါရ နိဂုံး ဂါထာ

၁၉။ ။ဝီထိစိတ္တာနိ တီဏေဝ၊ စိတ္တုပ္ပါဒါ ဒသေရိတာ။
ဝိတ္ထာရေန ပနေတ္ထေကစတ္တာလီသ ဝိဘာဝယေ။ ။သင်္ဂြိုဟ်ပါဌ်။

---

ဤမနောဒွါရ ဝီထိဝယ် စိတ်တို့သည် အမည်ထူးအားဖြင့် မနောဒွါရာဝဇ္ဇန်း-၁၊ဇော-၁၊တဒါရုံ-၁၊ဟူ၍၊ ၃-ပါးရှိကုန်၏။ စိတ် အရေအတွက်အားဖြင့်ကား မနောဒွါရာဝဇ္ဇန်း-၁၊ဇော-၇၊ တဒါရုံ-၂-အားဖြင့် ၁၀-ပါး အပြား ရှိကုန်၏။ ။အကျယ်အားဖြင့် စိတ်အရေအတွက်ကား။ ။မနောဒွါရာဝဇ္ဇန်း-၁၊ဇော-၂၉၊တဒါရုံ ၁၁-ဟူ၍ ၄၁-ပါးအပြားရှိ၏။ ။ဟူလို။
ဤကား ဝိဂ္ဂဟတ္ထ။

---

### မနောဒွါရိကဝီထိစိတ်၏ အာရုံ-ဘုံ-ပုဂ္ဂိုလ်

မနောဒွါရိက ဝီထိစိတ်၏ အာရုံပြု၊ ဘုံ-ပုဂ္ဂိုလ် မှီရာ အရကို အောက်ဝီထိပုံ၌ သာမညသာ ပြဆိုသဖြင့် အကျယ် ဝိတ္ထာရအားဖြင့် ၎င်းအာရုံပြု

စသည်တို့ကို ဘော်ပြ ဘွင့်ဆိုပေအံ့။ ။ဝိဘူတာရုံ အဝိဘူတာရုံ တည်းဟူသောမနောဒွါရိက ဝီထိတို့၌ ဖြစ်သော စိတ်တို့ကား ဒွေပဥ္စဝိညာဏ် ၁၀၊မနောဓာတ် ၃-ပါးတို့ကိုကြဉ်၍ ကြွင်းသော ကာမစိတ်၄၁-ပါးသော စိတ်တို့သာ ဖြစ်ကုန်၏။ ။**ဤကား စိတ်အရေတည်း**။ ။အာရုံမှာကား မနောဒွါရိက ဝီထိ၏ ရှေးဘဝင်, နောက်ဘဝင် မှန်သမျှတို့သည် ကံ, ကမ္မနိမိတ်- ဂတိနိမိတ်ကိုသာ အာရုံပြုကုန်၏။ ။ကြွင်းသော ဝီထိစိတ်တို့သည်ကား သတ္တရသ အသက် ရကောင်းသော ဝိဘူတာရုံ ၅-ဝီထိ, အဝိဘူတာရုံ ၂-ဝီထိ ဖြစ်အံ့။ ဝိညတ်ဒွေ, လက္ခဏာရုပ် ၄-ခုကြဉ်သော ပစ္စုပ္ပန်ရုပ် ဗာဝီသတည်းဟူသော အာရုံခြောက်ကိုပါးကိုအာရုံပြုကုန်၏။ ။ဤကားစိတ္တက္ခဏ ၁၇-ချက်ပြည့်ကောင်းသော ၇-ပါးသော မနောဒွါရိက ဝီထိစိတ်တို့၏ အာရုံပြုပုံတည်း။ ။သတ္တရသ အသက် မရကောင်းသော ဝိဘူတာရုံ ဝီထိဖြစ်အံ့၊ ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော ကာမစိတ် ၅၄-ပါး၊စေတသိက်ဒွေပညာသ၊ဝိညတ်ဒွေ လက္ခဏာရုပ်၄-ပါး ဟု ဆိုအပ်သော ဓမ္မာရုံကိုင်း၊ အတိတ် အနာဂတ်ဖြစ်သော ရုပ်ဗာဝီသ ဟု ဆိုအပ်သော အာရုံခြောက်ပါးကိုင်း အာရုံပြု၏။ ။သတ္တရသ အသက်မရကောင်းသော အဝိဘူတာရုံ ဝီထိဖြစ်အံ့၊ ကာလသုံးပါး ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ, ဝိညတ်ဒွေး၊ လက္ခဏာရုပ် ၄-ပါးဟု ဆိုအပ်သော ဓမ္မာရုံကိုင်း၊ အတိတ် အနာဂတ် ဖြစ်သော ရုပ်ဗာဝီသ ဟု ဆိုအပ်သော အာရုံခြောက်ပါးကိုင်း၊ ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ် နိဗ္ဗာန်,ပညတ်တို့ကိုင်း၊အာရုံပြုကုန်၏။ ။ဤကား သတ္တရသ အသက်မစေ့သော ၂-ပါးသော မနောဒွါရိက ဝီထိစိတ်တို့၏ အာရုံပြုပုံတည်း။ ။**မှီရာအားဖြင့်ကား** ဘဝင် အစရှိသော အလုံးစုံသော မနောဒွါရိကဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီကုန်၏။ ။**ဘုံအားဖြင့်ကား** ။ဝိဘူတာရုံဝီထိသည် ကာမဘုံ၌သာဖြစ်၏။ ။အဝိဘူတာရုံ ဝီထိကား အသညသတ် ကြဉ်သော ကာမဘုံနှင့် တကွဖြစ်သော ဘုံ-သုံးဆယ်၌ ဖြစ်၏။ ။**ပုဂ္ဂိုလ်အားဖြင့်ကား**-ဌင်းဝိဘူတာရုံ အဝိဘူတာရုံဝီထိ အလုံးစုံတို့သည် ပုထုဇန် ပုဂ္ဂိုလ် ၄-ယောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်အားဖြင့် ရှစ်ယောက်သောပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်နိုင်ကုန်၏။

## ဝိသုဒ္ဓါရုံ ကဗျာ

*သတ်မနောဒွါ၊ စိတ်ချရာကား။ ပဉ္စဝိညာ၊ မနောဓာပစ်။ ဇော်တာလီသာ၊ ကာမသာချည်း၊ အာရုံမှာမူ၊ ဘဝင် ဟူသမျှ၊ သုံး၀ အတိတ်၊ ကံနိမိတ်တည်း၊ ကြွင်းစိတ်များမှာ၊ သတ္တာဒသ၊ အသက်ရသည်၊ဗာဝီသရပ်၊ ပစ္စုပ္ပန်သာ၊ မှိရာမှတ်ရှု၊ ရွေးရွေး ဉသည်၊ ဝတ္ထုပြာဒယ၊ စွဲမှီရသည်။ ။ဒွိဟာလွတ်ကင်း ရှင်းလေတည်း။

လွတ်ကင်း ဒွိဟာ၊ရှင်းရှင်း ပလော့၊ကာမဥ္စသာ၊ဝိဘူတာရုံ၊ဘုံသုံးဆယ်မူ၊ အဝိဘူတည်း။ ပုဂ္ဂိုလ်မူရှစ်။ ဝိထိ ဖြစ်သည်။ ။စိစစ် ဘဝင် သွင်းလေတည်း။

(ဤကဗျာကား သတ္တရသ အသက်ပြည့်သော ဝိဘူတာရုံ ငါးဝိထိ အဝိဘူတာရုံ ၂-ဝိထိ အားဖြင့် ၇-ပါးသော မနောဒွါရိကဝိထိ အတွဲ-ဟု မှတ်)။

* ဒွိမနောဒွါ၊ စိတ်ချရာကား၊ ပဉ္စဝိညာ၊ မနောဓာပစ်၊ ဇော်တာလီသာ၊ကာမသာချည်း၊ အာရုံမှာမူ၊ဘဝင် ဟူသမျှ၊သုံး၀အတိတ်၊ ကံ နိမိတ်တည်း။ ကြွင်စိတ် သေသ၊ ကာမစိတ်စေ၊ လက္ခဏေဝိညတ်၊ ပယ်အစ် ပစ္စုပ်၊ ရုပ်ဗာဝီသာ၊ ဝိဘူတာတည်း။အဝိဘူမှာ၊ နိဗ္ဗူပညတ်၊ သေသပ်စိတ်ကို၊ ထည့်၍ဆိုပါ၊ မှိရာမှတ်ရှု၊ ရွေးရွေး ဉသည်၊ ဝတ္ထုပြာဒယ၊ စွဲမှီရသည်။ ။ဒွိဟာ လွတ်ကင်းရှင်းလေတည်း။ ။လွတ်ကင်း ဒွိဟာ၊ ရှင်းရှင်း ပလော့၊ ကာမဥ္စသာ၊ဝိဘူတာရုံ၊ ဘုံ-သုံးဆယ်မူ၊အဝိဘူတည်း။ပုဂ္ဂိုလ်မူရှစ်၊ဝိထိဖြစ်သည်။ ။ စိစစ် ဘဝင် သွင်းလေတည်း။

(ဤကဗျာကား သတ္တရသ မပြည့်ကောင်းသော ဝိဘူတာရုံ, အဝိဘူတာရုံ ဖြစ်သော မနောဒွါရိကဝိထိ ၂-ပါး အတွဲတည်း)။

---

### မနောဒွါရိကဝိထိ၌ ဒွေပဉ္စဝိညာဏ် ၁၀-နှင့် မနောဓာတ်စိတ်တို့ မဖြစ်ခြင်း အကြောင်း

ဒွေပဉ္စဝိညာဏ်-၁၀ နှင့် မနောဓာတ် ၃-ပါးတို့သည် အဘယ့်ကြောင့် မနောဒွါရ ဝိထိ၌ မဖြစ်ကုန်သနည်း ဟူမူ။ ။ထို ဒွေပဉ္စဝိညာဏ်-၁၀၊

မနောဓာတ် စိတ်တို့သည် အာရုံသို့ တင်တတ်သော ဝိတက်မရှိ၊မိမိတို့ အလိုလိုလည်း အာရုံသို့ မကပ်နိုင်၊ ဝတ္ထု, အာရုံ ထိပါးခြင်းကြောင့်သာ အာရုံသို့ ကပ်နိုင်၏၊အာရုံသည် ထင်နိုင်၏၊ငင်းဝတ္ထု အာရုံထိပါးမှုသည် ပဋ္ဌဒ္ဒါရ၌သာ ဖြစ်နိုင်၏။ မနောဒွါရ၌ မရနိုင်, မဖြစ်နိုင်သောကြောင့် ၎င်း စိတ် ၁၃-ပါးတို့သည် မနောဒွါရ၌ မဖြစ်လေသတည်း။ ။တနည်း။ ။ သမ္ပဋိစ္ဆိုင်းစိတ်သည် မိမိအား အနန္တရပစ္စည်း တပ်နိုင်သော ပဋ္ဌဝိညာဏ် မရှိခြင်းကြောင့်, သန္တီရဏစိတ်သည်လည်း ထို့အတူ အနန္တရပစ္စည်း တပ်နိုင်သော သမ္ပဋိစ္ဆိုင်း စိတ်မရှိခြင်းကြောင့် မဖြစ်နိုင် ဟုမှတ်။

> ပဋ္ဌဒ္ဒါရာ ဝေဏိကာနံ ဒ္ဓိပဋ္ဌဝိညာဏ မနောဓာတုတ္တယ ဝသေန တေရသစိတ္တာနံ တတ္ထ အပ္ပဝတ္တနတော။ ။ဋီကာကျော်။

---

### သော့ချက်

က။ ။မနောဒွါဝယ်၊ပသာဒအာရုံ၊ထိတုံမရှိ၊မဖြစ်ဘိ၊ကြဉ်ဘိစိတ်တေရသ်။

ခ။ ။ပစ္စည်းနန္တရ၊ မရကြ၊ကြဉ်ပ-န္ဆိုင်း, သန္တီ။

---

### စိတ္တက္ခဏ ၁၇-ချက် ပြည့်,မပြည့် အစီဝါယ်

ဤမနောဒွါရိကဝီထိအရာဝယ် စိတ္တက္ခဏ ၁၇-ချက် အသက်ရှိသော ဝီထိ,၁၇-ချက် အသက်မရှိသောဝီထိ ဟု ၂-မျိုး၂-စားခွဲခြားထားပေ၏။ ပဋ္ဌဒ္ဒါရိက ဝီထိတို့၌ကား စိတ္တက္ခဏ ၁၇-ချက် အသက်ရှိသော ဝီထိ ချည်းသာ ဖြစ်ကုန်၏။အဘယ့်ကြောင့် ဤသို့ ပြားပါသနည်း ဟူမူ။ ။ ပဋ္ဌဒ္ဒါရိက ဝီထိစိတ်တို့ကား ပစ္စုပ္ပန် အာရုံချည်းဖြစ်၍ ပရိတ္တာရုံ အတိ ပရိတ္တာရုံပင် ဖြစ်လင့်ကစား စိတ္တက္ခဏ ၁၇-ချက် အသက်ရှိ၏။ဤမနော ဒွါရိကဝီထိ စိတ်တို့ကား ပစ္စုပ္ပန် အာရုံလည်းရှိ၏၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ် တည်းဟူသော ကာလသုံးပါး အာရုံလည်း ရှိခဲ့၏။ ဤသို့အာရုံ ပြားသဖြင့် စိတ္တက္ခဏ ၁၇-ချက် ပြည့်,မပြည့် ဟု ဝီထိစိတ်လည်း ပြား ရ၏။ ။ပစ္စုပ္ပန်သက်သက် ဖြစ်သော ဝိညတ်ဒွေ, လက္ခဏရုပ် လေးခုကြဉ် ရုပ် ၂၂-ပါး တည်းဟူသော အာရုံခြောက်ပါးဖြစ်အံ့၊ ၎င်းအာရုံဖြစ်သော ရုပ် ၂၂-ပါးတို့၏ ဥပါဒ်,ဌီ,ဘင်-ဟု ဆိုအပ်သော ရုပ်သက်သည် စိတ္တက္ခဏ ၁၇-ချက် အသက် ရှိသဖြင့် ၎င်းကို အာရုံ ပြု၍ ဖြစ်သော ဝိဘူတာရုံ

ငါးပါးဝီထိ, အဝိဘူတာရုံ ၂-ဝီထိအားဖြင့် ဝီထိ ၇-ပါးတို့သည်လည်း စိတ္တက္ခဏ ၁၇-ချက် ရှိကြကုန်၏။ ကြွင်းကုန်သော ဝိညတ်ဒွေ, လက္ခဏာရုပ်,စိတ်,စေတသိက် စသော အာရုံတို့သည်ကား စိတ္တက္ခဏ ၁၇-ချက်အသက် မရနိုင်၊မရှိနိုင်လေသောကြောင့် ၎င်းအာရုံကို အာရုံပြု၍ ဖြစ်ကုန်သော ဝိဘူတာရုံ ၁-ဝီထိ အဝိဘူတာရုံ ၁-ဝီထိတို့သည်လည်း စိတ္တက္ခဏ ၁၇-ချက် မပြည့်မရ၊မရှိ ဟု မှတ်လေ။

---

## ဆောင်ပုဒ်

က။ ။ပစ္စုပ္ပန္န၊ ဗာဝိသရုပ်၊ အာရုံ ဟုတ်မှန်၊ ပြုစိတ်မှန်၊ ပြည့်ရန် စိတ္တက်-၁၇-ချက်။

ခ။ ။ကာလ သုံးပါး၊ တခြား အာရုံ၊ ပြုလင့်တုံမူ၊ မပြည့်ယူ၊ မှတ်တူ-စိတ်သက်အား။

---

## အတီတဘဝင် ကျသင့် မကျသင့် အဆုံးအဖြတ်

ဤမနောဒွါရိကဝီထိ၌ အတီတဘဝင်ကျသော ဝီထိလည်းရှိ၏။အတီတဘဝင်မကျသော ဝီထိလည်းရှိ၏၊ အကြောင်းအသို ထူးပါးသနည်းဟူမူ။ ။ အတီတဘဝင် ချရသည်ကား ဝိညတ်ဒွေ,လက္ခဏာရုပ် လေးခုကို ကာလသုံးပါးတွင် ဘယ်ကာလ၌မဆို အာရုံပြုသော မနောဒွါရိကဝီထိ ဖြစ်အံ့၊ အတီတဘဝင်မချရ။ ။ပစ္စုပ္ပန်ဖြစ်သော ဝါ၊ဖြစ်သောကြောင့် ၎င်းတို့မှကြွင်းသော ရုပ်-၂၂-ပါးကို အာရုံပြုသော မနောဒွါရိကဝီထိဖြစ်အံ့၊အတီတဘဝင် ချရလေသည်။ ။သို့သော် အတိတ်,အနာဂတ်ဖြစ်သောရုပ် ၂၂-ပါး အာရုံဖြစ်ပါမူကား အတီတဘဝင် မချရ ဟု မှတ်။ ။ဤကား ဆရာစဉ်ဆက် သမားရိုးကျ ဝါဒတော်တည်း။

---

## ဆောင်ပုဒ်

က။ ။ပစ္စုပ္ပန္န၊ ဗာဝိသတံ၊အာရုံမှန်၊ ချရန်-အတီတ။

ခ။ ။ကာလ သုံးပါး၊ဖြစ်တုံငြား၊ မဲ့ရှား အတီတ။

ကာမဇောဝါရ အမိပ္ပါယ် အဘွင့်ပြီး၏။

**အပ္ပနာဇောဝါရ**

**၂၀။ ။အပ္ပနာဇဝနဝါရေ ပန ဝိဘူတာ ဝိဘူတာဘောဒေါ နတ္ထိ။ တထာ တဒါရမ္မဏုပ္ပါဒေါ စ။ ။သင်္ဂြိုဟ်ပါဠိ။**

---

အပ္ပနာဇောဝါရ၌ ကာမဇောဝါရကဲ့သို့ ဝိဘူတာရုံ, အဝိဘူတာရုံ အပြားမရှိပေ။ ဝိဘူတာရုံတပါးသာ ရှိ၏။ ထိုအတူ ကာမဇောဝါရကဲ့သို့ တဒါရုံ ကျရိုးမရှိ။ ။ဟူလို။ ။ ။ဤကား ဝိဏ္ဏုတ္တ။

---

**အဝိဘူတာရုံနှင့် တဒါရုံမဖြစ်ခြင်း၏ အကြောင်း**

အဘယ်ကြောင့် အပ္ပနာဇောဝါရ၌ အဝိဘူတာရုံ မဖြစ်ပါသနည်းဟူမူ ကသိုဏ်း ပညတ်စသော မဟဂ္ဂုတ်အာရုံ,တေဘူမက အာရုံတို့၏ ထင်ထင် ရှားရှား ဖြစ်ပေါ်သော အခါ၌သာလျှင် အပ္ပနာဇော ဖြစ်နိုင်သောကြောင့် ဝိဘူတာရုံတပါးတည်းသာ ဖြစ်၏။ အဝိဘူတာရုံ မဖြစ်နိုင်သဖြင့် ဝိဘူတ အဝိဘူတ အပြားမရှိ ဟူလိုသတည်း။

၂၀-က။ အပ္ပနာဇဝန ဝါရမှိ၊န ဟိ အဝိဘူတံ တတော။
ကသိဏာဒိ အာလမ္ဗဿ၊ဝိဘူတေ ယေဝ အပ္ပနာ။ ။
အဘိဓမ္မတ္ထ ဝိကာသနီ။

**တနည်း။** ။သင်္ခေပ ဆရာအလို။ ။ဇောနောင် တဒါရုံကျသည် ဖြစ်အံ့။ ဝိဘူတာရုံ အဝိဘူတာရုံ ပြားရာ၏။ ဤအပ္ပနာဇောဝါရ၌ကား ဇောနောင် တဒါရုံမကျသောကြောင့် ဝိဘူတာရုံ, အဝိဘူတာရုံ အပြားမရှိ၊ဝိဘူတာရုံ တပါးသာဖြစ်၏ ယူ မှတ်။

တဒါရမ္မဏဿ အပ္ပဝတ္တတ္တာ ဝိဘူတာ ဝိဘူတဘောဒေါ နတ္ထိ။

သင်္ခေပ။

တဒါရမ္မဏဿ၊တဒါရုံ၏။ အပ္ပဝတ္တတ္တာ၊ မဖြစ်သည်၏ အဖြစ်ကြောင့်။ ဝိဘူတာ ဝိဘူတဘောဒေါ၊ဝိဘူတ-အဝိဘူတ အပြားသည်။ နတ္ထိ၊မရှိ။ ။

---

၂၀-က။ ။အပ္ပနာဇဝနဝါရမှိ၊အပ္ပနာဇောဝါရ၌။ကသိဏာဒိအာလမ္ဗဿ၊ကသိုဏ်းပညတ် အစရှိသောအာရုံ၏။ဝိဘူတေယေဝ၊ ထင်ရှားသော ကာလ၌သာလျှင်။ အပ္ပနာ၊အပ္ပနာ ဈာန် ဇောသည်၊ဟိယသ္မာ၊အကြင်ကြောင့်။ဟောတိ၊ဖြစ်၏။ တတော၊တသ္မာ၊ထိုကြောင့်။အဝိဘူတံ၊ အဝိဘူတခံရုံသည်။န ဟောတိ၊မဖြစ်။

အဘယ့်ကြောင့် တဒါရုံ မကျသနည်း ဟူမူ။ ကာမဇော,ကာမသတ္တဝါ, ကာမအာရုံ ဤအင်္ဂါ သုံးပါးစုံမှ တဒါရုံ ကျနိုင်၏။ ဤ၌ မဟဂ္ဂုတ် အာရုံ အပ္ပနာဇော ဖြစ်သောကြောင့် တဒါရုံမကျ ဟု မှတ်။

**တနည်း။** ။အပ္ပနာဇောသည် အလွန်တရာသိမ်မွေ့၏။ တဒါရုံကား ကြမ်းထမ်း၏။ ဤသို့လျှင် ကြမ်းထမ်းသော တရားဖြစ်သဖြင့် သိမ်မွေ့သော အပ္ပနာဇော၏ နောက်သို့ အစဉ်မလိုက်နိုင်သောကြောင့် အပ္ပနာ ဇောဝါရ၌ တဒါရုံမဖြစ် မကျ ဟု သိ။

---

## ဆောင်ပုဒ်

က။ ။အပ္ပနာကား။ထင်ရှား ဝိဘူ၊ အာရုံယူမှ၊ ဖြစ်ကုန်ရ၊ ကင်းပ-အဝိဘူ။

ခ။ ။ဇောအပ္ပနာ၊ ဖြစ်ရှိသာ၊ ကင်းပါ-တဒါရုံ။

ဂ။ ။သိမ်မွေ့သဘော၊ ဇောအပ္ပနာ၊ ဖြစ်ပါလင့်တုံ၊ တဒါရုံ၊ မှတ်ကုန်-မကျနိုင်။

---

## အပ္ပနာ၏ ရှေ့၌ ကာမဇောလေးကြိမ် ဖြစ်ပေါ်လာပုံ

၂၁။ ။တတ္ထ ဟိ ဉာဏသမ္ပယုတ္တာ ကာမာဝစရဇဝနာ နမန္တရံ။ပ။
စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ ယထာရဟံ ဥပ္ပဇ္ဇိတွာ။

သင်္ဂြိုဟ်ပါဠ်။

---

ထိုအပ္ပနာဇောဝါရ၌ ဉာဏသမ္ပယုတ် ကာမာဝစရဇော ၈-ပါးတို့တွင် အမှတ်မရှိ တပါးပါးသော ဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟူသော အမည်ဖြင့် ၄-ကြိမ်၊ သို့မဟုတ် ၃-ကြိမ် အစဉ်အတိုင်း ဖြစ်၏။

ဤကား ဝိဂ္ဂဟတ္ထ။

အကျယ်ကို ဤသို့သိ။ ။ကမ္မဋ္ဌာန်း ဘာဝနာတို့ကို မနေမနား၊ ကြိုးစား ပွါးများ ယောဂီ တိဟိတ် ကာမပုဂ္ဂိုလ်သည် ကသိုဏ်း ၁၀-ပါး စသော ၂၂-ပါးသော အာရုံတို့တွင် မိမိစရိုက်နှင့် သင့်လျော်ရာ တပါးပါးသော ကမ္မဋ္ဌာန်းကို အာရုံပြု၍ ပထဝီ ပထဝီစသည်ဖြင့် နှုတ်မြွက်ခါ စီးဖြန်း ပွါးများ၏။ထိုသို့ စီးဖြန်းပွါးများခြင်းသည် ဈာန်၏ အခြေဖြစ်သောကြောင့်

ပရိကမ္မဘာဝနာ မည်၏။ ထိုပြုလုပ်ထားသော ကသိုဏ်းဝန်းစသော ကမ္မဋ္ဌာန်း အာရုံသည်ကား ပရိကမ္မနိမိတ် မည်၏။ ထိုပရိကမ္မနိမိတ်ကို အာရုံပြု၍ အဘန်တလဲလဲ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား မျက်စိဖြင့် မြင်သကဲ့သို့ မနောဒွါရ၌ ၎င်းပထဝီ ကသိုဏ်းဝန်းစသော ပရိကမ္မနိမိတ် ကမ္မဋ္ဌာန်း အာရုံသည် ကွင်းကွင်း ကွက်ကွက် ထင်ထင် ရှားရှား ဖြစ်ပေါ်လာ၏။ ထိုသို့ မနောဒွါရ၌ ထင်ပေါ်လာသော ကသိုဏ်းဝန်း အာရုံစသည်ကား ဥဂ္ဂဟနိမိတ် မည်၏။ ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ မနောဒွါရဖြင့်သာ အဘန်တလဲလဲ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ထိုဥဂ္ဂဟနိမိတ်နှင့် တူစွာ ထိုဥဂ္ဂဟနိမိတ်ထက် သန့်ရှင်းစင်ကြယ်သော အိမ်မှထုတ်သော ကြေးမုံပြင်အလား ပရမတ္ထသဘောတရားမှ လွတ်သော အာရုံသည် ပဋိဘာဂနိမိတ်မည်၏။ ထိုပဋိဘာဂနိမိတ် ဖြစ်သည်မှစ၍ ဂေါတြဘူတိုင်အောင် ပထဝီ ပထဝီ-စသည်ဖြင့် စီးဖြန်းခြင်းသည် ဥပစာရ ဘာဝနာ မည်၏။ ထိုသို့ စီးဖြန်းဘန်များ၍ ပဌမဈာန်ကို ရလိုလတ်သော် ရှေးဦးစွာ ဘဝင်စလန,ဘဝင်ုပစ္ဆေဒ-နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ၎င်း ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရအား ထင်ခြင်းသို့ရောက်သဖြင့် ၎င်းထင်လာသော အာရုံကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း တကြိမ်ဖြစ်၍ ချုပ်၏။ထိုနောင် ၎င်းပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ပညာနုံ့သော မန္ဒပညာ ပုထုဇန် ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ် ဖြစ်အံ့၊မဟာကုသိုလ် - ဉာဏ်သမ္ပယုတ် - လေးပါးတို့တွင် တပါးပါးသောစိတ်သည်။ ။အသေက္ခရဟန္တာ အရှင်ဖြစ်အံ့၊မဟာကြိယာ ဉာဏသမ္ပယုတ် လေးပါးတို့တွင် တပါးပါးသော စိတ်သည် ပရိကံ, ဥပစာ,အနုလုံ,ဂေါတြဘူ-ဟု လေးကြိမ်၊တိက္ခပညာဖြစ်အံ့၊ ဥပစာ,အနုလုံ, ဂေါတြဘူ ဟု ၃-ကြိမ်၊ ဥပစာရသမာဓိဇောကိစ္စ ဖြစ်လေ၏။ ဤသို့ မန္ဒပညာ ပုဂ္ဂိုလ်ကိုရည်၍ စတုက္ခတ္တုံ,တိက္ခပညာပုဂ္ဂိုလ်ကို ရည်၍ တိက္ခတ္တုံ-ဟု မိန့်တော်မူဘိသော်။

---

**ဆောင်ပုဒ်**

သုံးကြိမ် တိက္ခ၊မန္ဒမှာလေး ဇောကျရေး၊မှတ်တွေး-ကျမ်းအလာ။

## ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ အဓိပ္ပါယ်

ပရိကံ-အစရှိသော အပ္ပနာဝိထိဝယ် ရှေးဦးစွာ စောကုန်သော ကာမဇော ၄-ပါး၏ အဓိပ္ပါယ်ကို အောက်ပါ ဝိဂ္ဂြိုဟ်ဝစနတ်ကို ထောက်ဆ၍ သိလင့်ကုန်။ ။ပရိကမ္မံ ပုဒ်ကား၊ ပရိရှေးရှိသော ကရ-ဓာတ်၊ ရမ္မ-ပစ္စည်း ဖြစ်၏။

အပ္ပနံ ပရိကရောတိ ပဋိသင်္ခရော တီတိ ပရိကမ္မံ။

ယံ ဇဝနံ၊ အကြင် ရှေးဦးစွာ ကျသော ပဌမဇောသည်။ အပ္ပနံ၊အပ္ပနာ ဇောကို။ ပရိကရောတိ-ပဋိသင်္ခရောတိ၊ ပြုပြင် စီရင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ ဇဝနံ၊ ထိုဇောသည်။ ပရိကမ္မံ၊ပရိကံမည်၏။ ။အဓိပ္ပါယ်ကား၊ အပ္ပနာဈာန် ဖြစ်ပေါ်ရန် ပြုပြင် စီရင်တတ်သောကြောင့် ပရိကံ မည်၏။ ။ဟူလို။

အပ္ပနာယ သမီပေ စရတိ ပဝတ္တတီတိ ဥပစာရံ။

ယံ ဇဝနံ၊အကြင် ဒုတိယ ဇောသည်။ အပ္ပနာယ၊အပ္ပနာ ဇော၏။ သမီပေ၊အနီး၌။ စရတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ ၊ထို့ကြောင့်။ တံ ဇဝနံ၊ထိုဇောသည်။ဥပစာရံ၊ဥပစာ မည်၏။ ။အဓိပ္ပါယ်ကား၊အပ္ပနာ ဇောနှင့် ပရိကံထက် အနီး၌ဖြစ်သောကြောင့်။ဝါ၊ နီးသောကြောင့် ဥပစာ မည်၏။ ။ဟူလို။

ဤသို့ ဖြစ်ပါက အနုလုံ- ဂေါတြဘူ တို့သည် ဥပစာထက် သာ၍ပင် အပ္ပနာနှင့် နီးသောကြောင့် ၎င်းတို့ကိုသာ ဥပစာ ဟု ခေါ်သင့်သည်မဟုတ်ပါလော ဟူမူ။ ။အနုလုံ, ဂေါတြဘူတို့မှာ သာ၍နီးသည် မှန်သော်လည်း အနုလုံ ဂေါတြဘူ ဟူသော အမည်ထူးကို ရပြီး ဖြစ်လေသောကြောင့် ဥပစာ-ဟု မခေါ်ရ ဟု မှတ်။ ။တနည်း၊၎င်းအနုလုံ-ဂေါတြဘူတို့ကား အပ္ပနာနှင့် အလွန်နီးကပ်၍ တည်နေသောကြောင့် ဥပစာ ဟု မခေါ်ရ။ ဥပစာသာလျှင် အပ္ပနာနှင့် မနီးလွန်း၊မဝေးလွန်းသောကြောင့် ဥပစာဟု ခေါ်ရ၏။ ထိုစကား မှန်၏၊ အိမ်စသည်နှင့် မနီးလွန်း မဝေးလွန်းသော အရပ်ဒေသကိုသာ ဥပစာ ဟု ခေါ်ရ၏။

အပ္ပနာ စိတ္တာနံ အနုရူပန္တိ အနုလောမံ။

ယံ ဇဝနံ၊အကြင် တတိယဇောသည်။အပ္ပနာ စိတ္တာနံ၊အပ္ပနာဇောစိတ်တို့အား။ အနုရူပံ၊ လျော်သည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ တံ ဇဝနံ၊

ထိုဇောသည်။ အနုလောမံ၊ အနုလုံ မည်၏။ ။အဓိပ္ပါယ်ကား၊ အောက် ပရိကံဇောအားဋင်း၊ အထက် အပ္ပနာဇောအားဋင်း၊ လျော်စွာ ဖြစ်သော ကြောင့် အနုလုံ မည်၏။ ။ဟူလို။

ဂေါတြဘု အဘိဘဝတီတိ ဂေါတြဘူ။

ယံဇဝနံ၊ အကြင် စတုတ္ထဇောသည်။ ဂေါတ္တံ၊ ကာမာဝစရ အနွယ်ကို။ ဝါ၊ ကာမအနွယ်ကို။ အဘိဘဝတိ၊ နှိပ်စက် ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဇဝနံ၊ ထိုဇောသည်။ ဂေါတြဘု၊ ဂေါတြဘူမည်၏။ ။ အဓိပ္ပါယ်ကား၊ ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်ဋင်း၊ ပုထုဇဉ် အနွယ်ကို ဖြတ်တတ်သောကြောင့်ဋင်း၊ ဂေါတြဘူ မည်၏။ ။ဟူလို။

ဆိုလိုရင်းကား။ ။ဋင်းပရိကံ စသော ကာမဇော ၄-ကြိမ်တို့သည် အပ္ပနာဇော၏ ရှေ့တော်ပြေး တပ်သားများပမာ နီဝရဏ ကိလေသာတို့ကို သုတ်သင်ရှင်းလင်းနှင့်ရသော ဇောစိတ်များ ဖြစ်ကြ၏။ ထိုသို့ သုတ်သင် ရှင်းလင်းကြရာဝယ် ပရိကံကား အပ္ပနာဇောကျ၍ နီဝရဏ ကိလေသာ တို့ကို ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တို့ဖြင့် ပယ်ရှားသော အခါ အလွယ်တကူ ပယ်ရှင်းနိုင်စေရန် ပြုပြင်တတ်၊ ကိလေသာတို့ကို အထိုက် အလျောက် ညှင်းပန်းဖျက်ဆီး၍ဣန္ဒြေ၏ မှုတခြင်းစသည်ကို ဖြစ်စေသော ဇောဖြစ်၏။ ဥပစာဇောကား ကိလေသာတို့ကို အလွယ်တကူ ပယ်ဖျက်၍ အပ္ပနာ ဇောသည် မကြာမီ ဖြစ်ပေါ်လာနိုင်အောင်၊ ထောက်ပံ့တတ်သော ဇောဖြစ်၏။ ။အနုလုံကား၊ အပ္ပနာဇောဖြစ်ပေါ်လာနိုင်ရန် အပ္ပနာကဲ့သို့ ကိလေသာတို့ကို ပယ်ဖျက်တတ် အပ္ပနာ၏ အကျိုးကို ဆောင်တတ် သဖြင့် အပ္ပနာနှင့်လျော်သော ဇောဖြစ်၏။ ။ဂေါတြဘူကား၊ အပ္ပနာ၏ ကိုယ်စား အိမ်ရှေ့မင်းသားပမာ ရှေးဦးစွာ ကာမအနွယ် ပုထုဇဉ် အနိုး အငွေ့တို့ကို ပယ်ဖျက် သုတ်သင်တတ်သော ဇောဖြစ်၏။ ။*မဟဂ္ဂုတ် အပ္ပနာဈာန ဝီထိ၌ ဖြစ်သော ဂေါတြဘူ ဖြစ်အံ့။ ကာမအနွယ်ကို ဖြတ် တောက် နှိပ်နင်း၍ မဟဂ္ဂုတ် အနွယ် ပွါးစေ၏။ မဂ်၏ရှေး မဂ္ဂဝီထိ၌ ဖြစ်သော ဂေါတြဘူဖြစ်အံ့၊ ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ကို ပွါးစေတတ်၏ ဟု မှတ်။

ဥပမာဆိုသော်၊မင်းကြီး၏ ရန်သူကြီးဖြစ်သော တယောက်သော ခိုးသူ ကြီးကို မင်းချင်းယောကျ်ား လေးယောက်တို့သည် တယောက်သော သူက

ငင်းခိုးသူကြီးကိုသွေးဆောင်ဖျားယောင်း လှည့်ပတ်ခါ ဖမ်းဆီး၍ ပေး၏။ တယောက်သူက ငင်းခိုးသူကြီးကို နှောင်ကြိုးတဲ၍ မပြေးမလွတ်နိုင်အောင် ပြုလုပ်၏။ တယောက်သော သူက ငင်းဖွဲ့ချည်အပ်ပြီးသော ခိုးသူကြီးကို လူသတ် သုသာန်သို့ ထုတ်ဆောင်ခါ ယူသွား၏။ တယောက်သောသူကား၊ သုသာန်သို့ ရောက်ရှိသောသူခိုးကို မထနိုင်အောင် တုတ်ထား စသည်ဖြင့် ရိုက်နှက် ခုတ်ဖြတ်၍ ထားလေ၏။ ငင်းသို့ ထားသဖြင့် အသက်ပင် မသေသေးသော်လည်း တဖန် လွတ်ခွင့်မရှိတော့ချေ။ ။ထိုနောင် မင်းကြီး ကသာလျှင် သံလျက်ဖြင့် ငင်းခိုးသူကြီး၏ ဦးခေါင်းကို တခါတည်း ဖြတ် ပိုင်းလိုက်လေ၏။ ထိုသို့ အသေသတ်သဖြင့် နှစ်ပေါင်းများစွာ မင်းကြီး၏ အကျိုးမဲ့ကိုသာပြုလုပ်နှောင့်ယှက်၍နေသူ ရန်သူ ရန်ငြောင့် ကင်းပျောက် ငြိမ်းသွားလေ၏။

ဤဥပမာ၌ ပရိကံကား ခိုးသူကိုဖမ်းပေးသောသူနှင့် တူ၏။ ဥပစာကား၊ တုပ်နှောင် ဖွဲ့ချည်ပေးသော သူနှင့် တူ၏။ အနုလုံကား တုပ်နှောင် ပြီးသော ခိုးသူကြီးကို နှောင်ကြိုးကိုဆွဲ၍ သုသာန်သို့ထုတ်ဆောင်ယူသွားသူနှင့်တူ၏။ ဂေါတြဘူကား သုသာန်သို့ ရောက်ပြီးသော သူကို မထနိုင်ဘဲ မြေသို့ လဲစေရန် ရိုက်နှက် ခုတ်ဖြတ်သော သူနှင့်တူ၏။ မင်းကြီး ထွက်တော်မူလာ၍ မိမိအကျိုးမဲ့ တိုင်းပြည်၏ အကျိုးမဲ့ကို များစွာပြုသော ရန်သူ ခိုးသူကြီးကို သံလျက်ဖြင့် တခါတည်း ဖြတ်ပိုင်း သတ်ဖြတ်လိုက်သကဲ့သို့ ငင်းကာမ ဇော လေးကြိမ်နောက် အပ္ပနာဇောဖြစ်ပေါ်လာ၍ အနမတဂ္ဂ သံသရာ ဘဝကစ၍ ဘဝကစ၍ ယခုကျအောင် အမြဲမပြတ်နှောင့်ယှက် ဖျက်ဆီးကာ သံသရာဝဋ် ဒုက္ခအမျိုးမျိုးကို ပေးနေသော ကိလေသာ ခိုးသူကြီးကို ဈာန် အပ္ပနာဖြစ်လျှင် ဝိက္ခမ္ဘနပဟာန်ဖြင့် မဂ်အပ္ပနာဖြစ်လျှင် သမုစ္ဆေဒပဟာန် ဖြင့် ပယ်ဖျက် သုတ်သင် ရှင်းလင်းလေ၏။ ထိုသို့ ခိုးသူကြီးရန် ကင်းရှင်း ပပျောက်သွားသဖြင့် ဘုရင်မင်းမြတ်သည် ကြက်သရေတင့်ဆန်း အသရေ လွှမ်းသော ရွှေနန်း ပြသာဒ်တော်ထက်၌ မြေချမ်းသာစွာ နန်းစည်းစိမ်ကို ခံစားရသကဲ့သို့ ယောဂီကြိုးစားအမျိုးသားသည်လည်း ကိလေသာနီဝရဏ ကင်းပ ရှင်းလင်းသဖြင့် နိဗ္ဗာန်ဇေယျာ ရွှေဘုံ မြတ်နန်းထက်၌ လျှမ်းတက် ဝေဖြာ သမာပတ် အသရေဖြာလျက် မြေစွာ ခံစားရလေသတည်း။

## ဆောင်ပုဒ်

ကျ။ ။အပ္ပနာမြတ်၊ ပြုပြင်တတ်၊ မှတ်အပ်-ပရိကံ။
ခ။ ။အပ္ပနာ အနီး၊ ဖြစ်ကုန်ပြီး၊ မိန့်နည်း-ဥပစာ။
ဂ။ ။အပ္ပနာဇော၊ သင့်ထိုက်လျော၊ မှတ်လော-အနုလုံ။
ဃ။ ။ကာမန္ဒယ်မျိုး၊ဖြတ်တောက်ချိုး၊ မှတ်ကိုး-ဂေါတြဘူ။

---

## ဉာဏဝိပ္ပယုတ် ဇောတို့သည် ပရိကံစသည် မဖြစ်ခြင်းအကြောင်း

ကာမာဝစရ ဇောသည် ဉာဏသမ္ပယုတ်ဇော ဉာဏဝိပ္ပယုတ် ဇော-ဟု ၂-မျိုးရှိရာ အပ္ပနာ၏ ရှေးပရိကံ စသော ကာမဇောစသော အရာဝယ် အဘယ့်ကြောင့် ဉာဏဝိပ္ပယုတ်ဇောတို့သည် ပရိကံစသည် မဖြစ်နိုင်ပါကုန်သနည်းဟူမူ။ ။ဒွိဟိတ် ဉာဏဝိပ္ပယုတ် ဇောသည် ဉာဏ်နှင့်မယှဉ် ဉာဏ်မှကင်းသည်ဖြစ်၍ မခိုင်ခံ့၊ တုန်လှုပ်ချောက်ချား၏။ ဈာန်တရားကို ကပ်၍ မရှုနိုင်သဖြင့် အပ္ပနာအား အနန္တရူပ နိဿယ ပစ္စည်း မတပ်နိုင်သောကြောင့် ဉာဏဝိပ္ပယုတ်ဇောသည် ပရိကံစသည်မဖြစ်နိုင် ဟု မှတ်။

---

## ဆောင်ပုဒ်

အပ္ပနာဝယ်၊ဉာဏ်ဖယ် ကင်းလှုပ်၊ဝိပ္ပယုတ် ဇောမူ၊
အနန္တရူပ၊မတတ်ကြ၊ ကင်းပ-ပရိကံ။

---

## အပ္ပနာဇော ဖြစ်ပေါ်ပုံ

၂၁။ ။နိရုဒ္ဓါနန္တရမေဝ ယထာရဟံ စတုတ္ထံ ဝါ ပဉ္စမံ ဝါ။ပ။ တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊

သင်္ဂြိုဟ်ပါဌ်။

---

ထိုပရိကံစသော ကာမာဝစရဇော ၄-ကြိမ် ချုပ်ပြီးသည်၏အခြားမဲ့၌ ထိုက်သည်အားလျော်စွာ ၄-ကြိမ်မြောက်၌ရင်း၊ ၅ါးကြိမ်မြောက်၌ရင်း၊ ၂၆-ပါးသော မဟဂ္ဂုတ်,လောကုတ္တရာ,အပ္ပနာဇောတို့တွင် ရူပ,အရူပ, လောကုတ္တရာ,မဂ်,ဖိုလ် တို့အား လျော်သော သမထ ဝိပဿနာ ဘာဝနာ၏

အစွမ်းအားလျော်စွာ အမှတ်မရှိ တခုခုသော အပ္ပနာဇော ဖြစ်ပေါ်လာလေ၏။ ထိုအပ္ပနာဇော၏ အဆုံး၌ ဘဝင်ကျလေ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

(ဤ ၂၁-နံပါတ် ပါဠိရပ်ဖြင့် အပ္ပနာဝီထိဖြစ်ပုံကို ပြ၏ ဟု မှတ်)။

---

## အဝယဝတ္ထ အဓိပ္ပါယ်

အထက်ပါ ပါဠိရပ်၌ ယထာရဟံ-အရ အဓိပ္ပါယ်ကား၊ ထက်မြက်သော ပညာ,လျင်မြန်သော အဘိညာဏ်ရှိသော ခိပ္ပါဘိညာ ယောဂီပုဂ္ဂိုလ်အား၊ ဥပစာ,အနုလုံ,ဂေါတြဘူ ဟု ကာမဇော ၃ကြိမ် ဖြစ်ပြီးသည်၏အခြားမဲ့၊ ၄-ကြိမ်မြောက်၌ အပ္ပနာဇောဖြစ်ပေါ်လေ၏။ ။နုံ့သော ပညာနှေးသော အဘိညာဏ်ရှိသော ဒန္ဓာဘိညာ ယောဂီပုဂ္ဂိုလ်အား ပရိကံ,ဥပစာအနုလုံ,ဂေါတြဘူ ဟု ကာမဇော ၄-ကြိမ်ဖြစ်ပြီးသည်၏ အခြားမဲ့ ငါးကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်ပေါ်လာလေ၏။ ဤသို့ ခိပ္ပါဘိညာပုဂ္ဂိုလ်,ဒန္ဓာဘိညာ ပုဂ္ဂိုလ်တို့အားလျော်စွာ အပ္ပနာဇော စောလေလေ၏ ဟု ဆိုလိုသည်။ **ယထာဘိနီဟာရဝသေန** အဓိပ္ပါယ်ကား၊ ဤသို့ အပ္ပနာဇောသည် ခိပ္ပါဘိညာပုဂ္ဂိုလ် ဒန္ဓာဘိညာ ယောဂီပုဂ္ဂိုလ်၏ ပညာစွမ်းအားလျော်စွာ ၄-ကြိမ်မြောက်၊၅-ကြိမ်မြောက်၌ဖြစ်ပေါ်လာ၏ ဟုဆိုရာဝယ် ၎င်းဖြစ်ပေါ်လာနိုင်သော အပ္ပနာဇောသည်လည်း ၂၆-ပါး အပြားရှိသဖြင့် အမှတ်မရှိ ဟူးဟူးငြားငြား တပါးပါးသော ဇောသည် ဖြစ်ပေါ်လာသည် မဟုတ် သမထကမ္မဋ္ဌာန်းကို ပွါးများအားထုတ်ကုန်သော ယောဂီ ပုဂ္ဂိုလ်တို့အား ရူပအပ္ပနာ အရူပအပ္ပနာ ဇောများသာ ဖြစ်ပေါ်လာကုန်၏။ ။ဝိပဿနာကမ္မဋ္ဌာန်းကို ပွါးများ အားထုတ်ကုန်သော ယောဂီ ပုဂ္ဂိုလ်တို့အား လောကုတ္တရာ အပ္ပနာဇောသာ ဖြစ်ပေါ်လာသေ၏။ ။ဟူလို။

---

## ကာမဇောကဲ့သို့ အပ္ပနာဇောသည် ၆-ကြိမ် ၇-ကြိမ် မဖြစ်ခြင်း

ဤအပ္ပနာဝီထိ၌ ကာမဇောဝါရဝယ် ကာမဇောများသည် ၆-ကြိမ် ၇-ကြိမ်တိုင်တိုင် စောနိုင် ဖြစ်နိုင်သကဲ့သို့ အပ္ပနာဇောဝါရ၌ အဘယ့်ကြောင့် အပ္ပနာဇော များသည် ၆-ကြိမ် မြောက်၌ သော်၎င်း၊ ၇-ကြိမ်

မြောက်၌သော်ငင်း၊မဖြစ်ပေါ်နိုင်ပါသနည်း။ ။ငင်းအပ္ပနာဝီထိ၌ ရှေးဦးစွာဖြစ်သော ပရိကံစသော ဇောတို့သည်လည်း ကာမဇောများ ဖြစ်ပါလျက် ကာမဇောဝါရ၌ကဲ့သို့ အဘယ့်ကြောင့် ၆-ကြိမ်၊ ၇-ကြိမ် မဖြစ်ကြပါသနည်းဟူမူ။ ။ချောက်ကမ်းပါးပြတ်သို့ ရှေးရှုပြေးသောသူသည် ရပ်လိုသည်ရှိသော် ကမ်းပါးနှင့်ကပ်၍ မရပ်ဝံ့ မရပ်နိုင်ချေ။ ရပ်ပါကလည်း အရှိန်လွန်၍ ကမ်းပါးအောက် ချောက်ထဲသို့ ကျတတ် သကဲ့သို့ ထို့အတူ ဘဝင်တည်းဟူသော ကမ်းပါးပြတ်နှင့် နီးကပ်လျက်ရှိသောကြောင့် အပ္ပနာဇောတို့မည်သည် ၆-ကြိမ်မြောက်၌ငင်း၊၇-ကြိမ်မြောက်၌ငင်း မကျနိုင်၊ ၄-ကြိမ်မြောက်၊ ၅-ကြိမ်မြောက်၌သာ ကျ၏ ဟု မှတ်။

၂၁ က။ ပပါတာဘိမုခေါ ဓာဝံ၊ဌာတုကာမောဝိ နသဿယော။
ဇဝံ ဆဋ္ဌေ သတ္တမေဝါ၊အပ္ပေတုံ စ န သက္ကတိ။ ။ဘဝင်္ဂါသန္နတ္တာ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ဤသို့လျှင် အပ္ပနာဇောသည် ခြောက်ကြိမ်မြောက်၊ ခုနစ်ကြိမ်မြောက်၌ မကျနိုင် မဖြစ်နိုင်သောကြောင့် ငင်းအပ္ပနာ၏ ရှေးဖြစ်သော ကာမဇောတို့သည်လည်း ကာမဇောဝါရ၌ကဲ့သို့ ခြောက်ကြိမ် ခုနစ်ကြိမ် မဖြစ်ကုန်ဟု မှတ်။ ။သို့သော် ဤစကားသည် မဟဂ္ဂုတ် အပ္ပနာကိုရည်၍ မိန့်ဆိုသော စကားဖြစ်ချေသည်။ လောကုတ္တရာ အပ္ပနာကား ခြောက်ကြိမ်မြောက်၌ ဖိုလ်ဇော စောနိုင်၏ ဟု သိ။

ငင်းကာမဇောတို့သည် အပ္ပနာဝီထိဝယ် ၃-ကြိမ်အောက် အယုတ် အဘယ့်ကြောင့် မဖြစ်ကုန်သနည်း ဟူမူ။ ။၃-ကြိမ်အောက် အယုတ်ဆိုသော် အနုလုံ ဂေါတြဘူ ၂-ကြိမ်သာလျှင် ဖြစ်ရမည်ဖြစ်၍ အနုလုံတပါးတည်း ဖြစ်ပါက အာသေဝနပစ္စည်းကို မရသဖြင့် အားနည်းသောကြောင့် ဂေါတြဘူ ဇောကို မဖြစ်စေနိုင်ရကား၊ ၃-ကြိမ်အောက် အယုတ် မဖြစ်စေနိုင် ဟု မှတ်။

၂၁-က။ ။ပပါတာဘိမုခေါ၊ချောက်ကမ်းပါးပြတ်သို့ ရှေးရှု၊ ဓာဝံ၊ပြေးသော သူသည်။ဌာတုကာမောပိ၊ ရပ်တည် လိုပါသော်လည်း။ နသဿယော ထာ၊ မစွမ်းနိုင်သကဲ့သို့။ ဇဝံ၊ ဤအတူ ဆဋ္ဌေဝါ၊ခြောက်ကြိမ်မြောက်၌ငင်း။ သတ္တမေဝါ၊ ခုနစ်ကြိမ်မြောက်၌ငင်း။ အပ္ပေတုံ၊ အပ္ပနာ ဖြစ်ခြင်းငှါ။ န သက္ကတိ၊မစွမ်းနိုင်သည်သာတည်း။ကသ္မာ၊အဘယ့်ကြောင့်နည်း ဟူ မူကား။ ဘဝင်္ဂါသန္နတ္တာ၊ ဘဝင်ဘုံခြင်း နီးလှသောကြောင့်တည်း။

အလဒ္ဓါသေဝနေန ဧကေန အနုလောမေန ဂေါတြဘုံ ဥပ္ပါဒေတုံ
အသက္ကုဏေယျတ္တာ။ ။သခေ်ပ။
အလဒ္ဓါသေဝနံ ပဌမဇဝနံ ဒုဗ္ဗလတ္တာ ဂေါတြဘုံ န ဥပ္ပါဒေတိ။
ပရမတ္ထမဥ္ဇူသာ။

---

## ဆောင်ပုဒ်

က။ ။အပ္ပနာကား၊ ကမ်းပါး ဘဝင်၊ နီးသည့်နှင်ကြောင့်၊ ခုနစ်လျှင်ခြောက်၊မဖြစ်မြောက်၊ချောက်သို့ ရှေးရှု ပြေးသူလို။
ခ။ ။ထို့ကြောင့်ပင်တည်း၊ ကာမဇောလည်း၊ ကျပြီး ၄-ကြိမ်သာ။
ဂ။ ။နလုံဧကေ၊အာသေဝနဟုန်၊ရေကုန်၍၊အားတုံနည်းလှ၊မဖြစ်ကြ၊ မှတ်ပ ၃-ကြိမ်အောက်။

---

## မဟဂ္ဂုတ်နှင့် အပ္ပနာ အဓိပ္ပါယ်

မဟတ္တံ ဂတာနီတိ မဟဂ္ဂတာနိ။
မဟန္တေဟိ ဝါ ဂတာနီတိ မဟဂ္ဂတာနိ။

ယာနိ စိတ္တာနိ၊အကြင် စိတ်တို့သည်။ မဟတ္တံ၊ မြတ်သည်၏ အဖြစ်သို့။ ဂတာနိ၊ ရောက်ကုန်သည်တည်း။ ဣတိ၊ ထို့ကြောင့်။ တာနိ၊ ထိုစိတ်တို့သည်။ မဟဂ္ဂတာနိ၊ မဟဂ္ဂုတ် မည်ကုန်၏။ ။ဝါ၊တနည်းကား။ မဟန္တေဟိ၊မြတ်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့သည်။ ဂတာနိ၊ ရောက်အပ်ကုန်၏။ ဣတိ၊ထိုသို့ ရောက်အပ်သော သတ္တိကြောင့်။ မဟဂ္ဂတာနိ၊မဟဂ္ဂုတ်မည်ကုန်၏။ ။အဓိပ္ပါယ်ကား၊ မြတ်သည်၏ အဖြစ်သို့ ရောက်တတ် ရောက်စေတတ်သောကြောင့် မဟဂ္ဂုတ်မည်၏။ ။တနည်း၊ မြတ်သော ဈာန်ကို ရသော ဈာနလာဘီပုဂ္ဂိုလ်မွန်တို့သည် အာရုံပြုသောအားဖြင့် ရောက်အပ်သောကြောင့်လည်း မဟဂ္ဂုတ်မည်ကုန်၏။ ။ဟူလို။

အပ္ပေတီတိ အပ္ပနာ၊ နိဝရဏာဒိ သဗ္ဗကိလေသေ ဝါ
အပတိ ဝိနာသေတီတိ အပ္ပနာ။

---

အလဒ္ဓါသေဝနေန၊ အာသေဝနပစ္စည်းကို မရသော။ ဧကေန၊ တပါးတည်းသော။ အနုလောမေနအနုလုံဖြင့်။ ဂေါတြဘုံ၊ဂေါတြဘုဇောကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှါ။ အသက္ကုဏေယျတ္တာ၊ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။ အလဒ္ဓါသေဝနံ၊ အာသေဝနပစ္စည်းကို မရသော။ ပဌမဇဝနံ-ပဌမဇဝနသည်၊ ပဌမဇောတပါး၏။ ဝါ၊သည်း ဒုဗ္ဗလတ္တာ၊ အားနည်းသည်၏ အဖြစ်ကြောင့်။ ဂေါတြဘုံ၊ကို။ န ဥပ္ပါဒေတိ၊ မဖြစ်စေနိုင်။

အာရမ္မဏေ၊ကသိုဏ်းစသော အာရုံ၌။ အပ္ပေတိ၊ချဉ်းကပ် ဝင်ရောက်သကဲ့သို့ ဖြစ်တတ်၏။ဣတိ၊ကြောင့်။ ဝိတက္ကော၊ဝိတက် စေတသိတ်သည်။ အပ္ပနာ၊အပ္ပနာမည်၏။ ။ဝါ၊တနည်းကား၊ နီဝရဏာဒိ သဗ္ဗကိလေသေ၊ နီဝရဏ အစရှိသော အလုံးစုံသော ကိလေသာတို့ကို။အပတိ ဝိနာသေတိ၊ ပယ်ဖျောက် ပျက်စီးစေတတ်၏။ဣတိ၊ကြောင့်။ ဝိတက္ကော၊ ဝိတက်သည်။ အပ္ပနာ၊အပ္ပနာ မည်၏။ ။အဓိပ္ပါယ်ကား၊ ကသိုဏ်း စသောအာရုံ၌ ချဉ်းကပ် ဝင်ရောက်သကဲ့သို့ မပြတ်မလပ် ကြည့်ရှုပွါးများတတ်, သမ္ပယုတ်တရားတို့ကိုလည်း ဝင်ရောက်သကဲ့သို့ ဖြစ်စေတတ်သောကြောင့် ဝိတက် စေတသိက်သည် အပ္ပနာ မည်၏။ ။ထို့ကြောင့် အပ္ပနာ ဟူသည်ကား၊ ဝိတက်သာတည်း။ ကြွင်းသော အပ္ပနာ ၂၅-ပါး တို့ကား၊ ဝိတက်လျှင် အကြောင်းရင်း ရှိသည်၏ အစွမ်းကြောင့် ဥပစာ အားဖြင့်သာ အပ္ပနာ မည်၏။ ။တနည်း၊ အပ္ပနာဇော ၂၅-ပါးတို့သည် နီဝဏ အစရှိသော အလုံးစုံသော ကိလေသာတို့ကို ပယ်ဖျောက် ပျက်စီးစေတတ်သောကြောင့် အပ္ပနာ မည်၏။ ။ဟူလို။

---

## ဆောင်ပုဒ်

က။ ။မြတ်သည် အနေ၊ရောက်တတ်စေ၊မှတ်လေ-မဟဂ္ဂုတ်။

ခ။ ။မြတ်သော သူများ၊ရောက်အပ်ငြား၊မှတ်သား-မဟဂ္ဂုတ်။

ဂ။ ။ကသိုဏ်း အာရုံ၊ကပ်စေတုံ၊မှတ်ကုန် အပ္ပနာ။

ဃ။ ။ကိလေသာများ၊ပယ်စွန့်ငြား၊မှတ်သား-အပ္ပနာ။

---

## အပ္ပနာဝီထိ အဘွင့်

အပ္ပနာဇောဝါရ၌ ကျအပ်သော ဝီထိတို့သည် ဈာနဝီထိ၊ မဂ္ဂဝီထိ၊ ဖလသမာပတ္တိဝီထိ၊ အဘိညာဏ်ဝီထိ၊ နိရောဓသမာပတ္တိဝီထိ ဟူ၍ ငါးပါး အပြား ရှိ၏။ ထိုငါးပါးတို့တွင် ဈာန ဝီထိသည်လည်း ပဌမဈာနဝီထိ၊ ဒုတိယဈာနဝီထိ၊ တတိယဈာနဝီထိ၊ စတုတ္ထဈာနဝီထိ၊ ပဉ္စမဈာနဝီထိ-ဟု ရူပဈာနဝီထိ ငါးပါး။ ။အာကာသာနဉ္စဈာနဝီထိ၊ဝိညာဏဉ္စဈာနဝီထိ၊အာကိဉ္စညဈာနဝီထိ၊ နေဝသညာ နာသညာဈာနဝီထိ-ဟု အရူပဈာနဝီထိ ၄-ပါးအားဖြင့် ကိုးပါး အပြားရှိ၏။ ထိုတွင် ပဌမ ဈာနဝီထိသည်လည်း

ရှေးဦးအစ ဖြစ်ပေါ်ရရှိသော အာဒိကမ္မိက ဝိထိ။ ။ဈာန်ကို ရပြီးသည့်နောက် သမာပဇ္ဇန, အဓိဋ္ဌာန, ဝုဋ္ဌာနဝသီတော် သုံးပါးအားဖြင့် ဝင်စားလိုဆောက်တည်လို, ထလိုသည့် ရှိသော် အထပ်ထပ် ပွါးများသော သမာပဇ္ဇနဝိထိ ဟူ၍ ၂-ပါး အပြားရှိ၏။

**အာဒိကမ္မိက ဝိထိပုံစံ**

ကံ,ကမ္မ,ဂတိ ကသိုဏ်း ပညတ် ပဋိဘာဂနိမိတ်

၁ (မန္ဒပညာ) န ဒ····မ ပ ဥ နု ဂေါ ဈာန်····ဘွင်

၀၀၀၊၀၀၀၊ ၀၀၀၊၀၀၀၊ ၀၀၀၊၀၀၀၊၀၀၀၊ ၀၀၀၊

၂ (တိက္ခပညာ) န ဒ····မ ဥ နု ဂေါ ဈာန်····ဘွင်

၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊

* ဤဝိထိ၌ ပ-ကို ပရိကံ၊ဥ-ကို ဥပစာ၊ နု-ကို အနုလုံ၊ ဂေါ-ကို ဂေါတြဘူ-ဟု မှတ်။ဈာန်ကိုးပါး၌ ဤနည်းအတိုင်း ဝိထိချပုံကိုသိလေ။

**သမာပဇ္ဇန ဝိထိပုံစံ**

နိမိတ် သုံးပါး အာရုံ ကသိုဏ်းပညတ် ပဋိဘာဂနိမိတ် အာရုံ

၁ (မန္ဒပညာ) န ဒ····မ ဥ နု ဂေါ ဈာန်များစွာ····ဘွင်

၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊ ၊၀၀၀၊

၂ (တိက္ခပညာ) န ဒ····မ ဥ နု ဂေါ ဈာန်များစွာ ဘွင်

၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊ ၀၀၀၊

ဤသမာပဇ္ဇနဝိထိ ဟူသည်ကား၊ ဈာန်ရပြီးသော ပုဂ္ဂိုလ်သည် အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီ, ပစ္စဝေက္ခဏာဝသီ ဟု ဆိုအပ်သော ဝသီတော် ငါးပါးတို့တွင် သမာပဇ္ဇနဝသီ,အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီ ၃-ပါးအားဖြင့် မိမိရပြီးသောဈာန်ကို အဘန်ဘန်ဝင်စားသော ဈာနဝိထိ ဖြစ်လေ၏။ငင်းသည် သမာပတ္တိဝိထိလည်း မည်၏။ အတူတူပင်တည်း။

**ပစ္စဝေက္ခဏာ ဝိထိပုံစံ**

နိမိတ်သုံးပါး မိမိရရှိပြီးသော ဈာန်၌ရှိသော ဈာန်အင်္ဂါ အာရုံ

(မုဒိန္ဒြိယပုဂ္ဂိုလ်) န ဒ····မ ဇော ဇော ဇော ဇော ဇော···· ဘွင် ဘွင်

၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊

(တိက္ခိန္ဒြိယ ပုဂ္ဂိုလ်)န ဒ····မ ဇော ဇော ဇော ဇော····ဘွင် ဘွင် ဘွင်

၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊

*ဤ ပစ္စဝေက္ခဏာ ဝီထိ ဟူသည်ကား၊ ဈာန်ကို ရပြီးသောပုဂ္ဂိုလ် သည် ဆိုအပ်ခဲ့ပြီးသော ဝသီဘော် ငါးပါးတို့တွင် အာဝဇ္ဇနဝသီ, ပစ္စဝေက္ခဏဝသီဘော် အားဖြင့် မိမိရအပ်ပြီး ဝင်စားပြီးသော ဈာန်၌ရှိသော ဝိတက်စသော ဈာန် အင်္ဂါကို အစိတ်အစိတ်အားဖြင့် ဆင်ခြင်နှလုံးသွင်းသော ဝီထိစိတ်မျိုး ဖြစ်ချေ၏။ ၎င်း ပစ္စဝေက္ခဏာဝီထိ၌ နံ့သော ဉာဏ်ရှိသော မုဒိန္ဒြိယပုဂ္ဂိုလ်အား ကာမဇော ငါးကြိမ်စော၏။ ။ထက်သော ဉာဏ် ရှိသော တိက္ခိန္ဒြိယပုဂ္ဂိုလ်အား ကာမဇော ၄-ကြိမ်သာ စောလေ၏ ဟု မှတ်။

---

## ဝီထိ အပြား

ရူပဈာန်ငါးပါး၊ အရူပဈာန်လေးပါး၊ ဤကိုးပါးသော ဈာနဝီထိသည် ကုသိုလ်,ကြိယာ ၂-မျိုးပြားသဖြင့် ၁၈-ပါးဖြစ်၏။ ၎င်း ၁၈-ပါးသော ဝီထိသည်လည်း အာဒိကမ္မိကဝီထိ, သမာပဇ္ဇနဝီထိ ၂-မျိုးစီ ပြားသဖြင့် နှစ်ပါးနှင့်မြှောက်သော်၃၆-ပါးဖြစ်၏။၎င်း ၃၆-ပါးသောဝီထိသည် တိက္ခပုဂ္ဂိုလ် သန္တာန်-မန္ဒပုဂ္ဂိုလ် သန္တာန် ၂-မျိုးလုံး၌ ဖြစ်နိုင်သဖြင့် ၎င်းပုဂ္ဂိုလ် ၂-ပါးဖြင့် မြှောက်ပြန်သော် ဈာနဝီထိပေါင်း ၇၂-ပါး ဖြစ်သတည်း။ ။ အစိတ်အစိတ် ခွဲဝေသော် ပဌမဈာန် ၈-ဝီထိ၊ ဒု ၈-ဝီထိ၊တ ၈-ဝီထိ၊ စတု ၈-ဝီထိ၊ ပဥ္စမဈာန် ဝီထိ ၄၀-အားဖြင့် ဝီထိပေါင်း ၇၂-ပါးဖြစ်သတည်း။ ။ဤကား ဈာနဝီထိ အပြားတည်း။ ။ပစ္စဝေက္ခဏာဝီထိ အပြားကား၊ ဈာန်အင်္ဂါ တပါးတပါး၌ တဝီထိ-တဝီထိစီ ရကောင်းသောကြောင့် ပဌမဈာန် ၈-ဝီထိနှောင်-၄၀၊ ဒုတိဈာန်နှောင်-၃၂၊ တတိယဈာန်နှောင်-၂၄၊ စတုတ္ထဈာန် ၈-ဝီထိနှောင်-၁၆၊ ပဥ္စမဈာန်ဝီထိ ၄၀-နှောင် ၈၀-အားဖြင့် ပေါင်း ၁၉၂-ဝီထိ ဖြစ်သတည်း။

---

## ဝိသဇ္ဇနီရဲ့ ကဗျာ လင်္ကာ

ဈာန်ကိုးခုကို၊ ကု-ကိ-အာ-သံ၊တိက်မာန်မြှောက်ရေး၊ ဒွေးသတ္တရိ၊
ဈာန်ဝီထိပြား၊ အင်တပါး၌၊ တပါးရကောင်း၊ ပစ္စဝက်ပေါင်းမှာ၊
များပြားစွာသည်။ ။တရာ့ကိုးဆယ် နှစ်စွန်းတည်း။

## အပ္ပနာဇော ဈာန်ဝီထိ၏ အာရုံ ဘုံ ပုဂ္ဂိုလ်

**အာရုံအားဖြင့်** အပ္ပနာဇော ဝိထိများတွင် ပဋ္ဌမဈာန အာဒိကမ္မိက ဝီထိ၌ ရှေးဘဝင် နောက်ဘဝင် မှန်သမျှတို့သည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့ကို အာရုံပြုကုန်၏။မနောဒွါရာဝဇ္ဇန်း ပရိကံ,ဥပစာ,အနုလုံ, ဂေါတြဘူ အပ္ပနာဈာန်စိတ်တို့သည် ပဋိဘာဂနိမိတ်ဖြစ်သော ကသိုဏ်း ၁၀-ပါး၊အသုဘ ၁၀-ပါး၊ကာယဂတာသတိ၏အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသ ပညတ် အာနာပါနာဿတိ၏အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊မေတ္တာ,ကရုဏာ,မုဒိတာ ဤပြဟ္မဝိဟာရ ထရားသုံးပါး၏ အာရုံဖြစ်သော အတိုင်း မသိသော သတ္တဝါပညတ်ဟု ဆိုအပ်သော ၂၅-ပါး ပညတ်တရားတို့ကို အာရုံပြုကုန်၏။

မှီရာဝတ္ထုအားဖြင့်ကား ဘဝင်အစရှိသော အလုံးစုံသော အပ္ပနာဝိထိ စိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ကုန်၏။

**ဘုံအားဖြင့်** ဤအပ္ပနာဝိထိ စိတ်တို့သည် ကာမသုဂတိ ဘုံ၌သာ ဖြစ်နိုင်ကုန်၏။ ရူပဘုံ,အရူပဘုံတို့၌ မဖြစ်နိုင်ကုန်။ အကြောင်းသော်ကား၊ ကာမဘုံမှ ပဋ္ဌမဈာန်ကို ရပြီးသော တိဟိတ် ပုဂ္ဂိုလ်သာလျှင် ရူပဘုံ၌ ဖြစ်နိုင်သောကြောင့် ရူပဘုံ အရူပဘုံတို့၌ အာဒိကမ္မိကဝိထိ မဖြစ် ဟုမှတ်။ သို့သော်၊ သမာပဇ္ဇန ဝိထိမူကား ရူပပြဟ္မာများသည် ဈာန်ကို ရရှိပြီး သူများဖြစ်၍ ဝင်စားနိုင်သောကြောင့် ဖြစ်နိုင်ပေ၏။

**ပုဂ္ဂိုလ်အားဖြင့်** ကား ကာမတိဟိတ်ပုဂ္ဂိုလ် ၁-ယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄-ယောက်အားဖြင့်၊ ပုဂ္ဂိုလ် ၅-ယောက်တို့သည် အာဒိကမ္မိက အပ္ပနာဝိထိ ဖြစ်နိုင်ကုန်၏။ စိတ်များကား ဘဝင်စိတ် မှန်သမျှကား တိဟိတ် ပုဂ္ဂိုလ်များမှ အပ္ပနာ ဖြစ်နိုင်သောကြောင့် တိဟိတ် ဘဝင် စိတ်များသာ ဖြစ်ကုန်၏။ ။**ဇောစိတ်များကား** သောမနဿ သဟဂုတ် တိဟိတ် ကာမဇော ၈-ပါးနှင့် ပဋ္ဌမဈာန်စိတ် ၇-ပါးသာ ဖြစ်ကုန်၏။ ဤကား အာဒိကမ္မိက ပဋ္ဌမဈာနဝိထိ အတွဲဟု မှတ်လေ။

---

## ဝိသုဒ္ဓါရုံ ကဗျာလင်္ကာ

*ပဋ္ဌမဈာန်၊အာဒိကမ်၏၊ ချရန်မနော၊တိဇောကာမ၊ သောမနနှင့်၊ ပဋ္ဌမဈာန်၊ ခုနစ်တန်သာ၊ အာရုံမှာမူ၊ ဘွင်ဟူသမျှ၊ သုံးဝ အတိတ်၊

ကံနိမိတ်တည်း။ ကြွင်းစိတ် ခုနစ်၊ ဥပေက္ခာ ကြည်၊ ပဋိသန္ဓိ၊ ပညတ္တိကို၊ ပြုဘိမြဲစွာ၊ မိုရာမှတ်ရှု၊ရှေးရှေး ဥသည်၊ ဝတ္တုဟဒယ၊ စွဲမှီကြသည်။ ။ဒွိဟ လွတ်ကင်း ရှင်းလေတည်း။ ။လွတ်ကင်း ဒွိဟ၊ ရှင်းရှင်းပလေ့၊ ကာမသုဂတိ၊ ဘူမိဌ္ဌသာ၊ ဖလာတိဈာန်၊ငါးတန် တွက်စစ်။ပုဂ္ဂိုလ် ဖြစ်သည်။ ။စိစစ်ဘဝင် ဘွင်းလေတည်း။

ကြွင်းသော ရူပါဝစရ ဒုတိယဈာန်။ပ။ပဥ္စမဈာန် ၄-ပါးတို့၏ အာရုံ,ဘုံ, ပုဂ္ဂိုလ် မှီရာတို့၏ အရကို အောက်ပါ ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေသား စိကုံးတော်မူအပ်သော လင်္ကာ ကဗျာ အရကို ထောက်ဆ၍ သိလေ။ ။(အမိပ္ပါယ် ပေါ်လွင် သိသာပြီ)။

*ထက်ဈာန်မှာလည်း၊ တူစွာ ဤနှင့်၊ ဆင့်ကာမြင့်၍၊ ထည့်လင့် ဘွင်ကုန်၊ အာရုံမှာလည်း၊ အာရမ္မဏ၊ သင်္ဂဟက၊ ပြခဲ့သည့်တိုင်း၊ ကသိုဏ်း-ဆယ်ဝ၊ အသုဘနှင့်၊ ကာယဂတာ၊ အာနာပါန၊လေးဝ-ဗြဟ္မစိုရ်၊ ကျမ်းဆိုလျော်ညီ၊ ဆဋ္ဌိသတိ၊ ပညတ္တိသည်။ ။ရုံးညီ မကျန်ခပင်းတည်း ။သမာပဇ္ဇန၊ ဟူသမျှလည်း၊ ရူပဘွင်ကုန်၊ ဘုံအကုန်ကို၊ ဆိုရုံမျှသာ၊ အထူးလာသည်။ ။သေသာ အာဒိ မယွင်းတည်း။ ။ပစ္စဝေက္ခဏာ၊ ချရာမနော၊ကာဇော သောဘဏ၊ သတ္တရသာ၊အာရုံမှာမူ၊ သဝင် ဟူသမျှ၊သုံးဝ အတိတ်၊ ကံနိမိတ် တည်း။ ။ကြွင်း စိတ်များမှာ၊ ဈာန်အင်္ဂါကို၊ ကြွင်း သမာပဇ်၊ နည်းတူ ဖြစ်သည်။သစ်သစ်ယုံကြည် မငြင်းတည်း။ ။ဤလင်္ကာကား ပစ္စဝေက္ခဏ ဝိထိအဘို့တည်း။

ဤကား ရူပါဝစရဈာနဝိထိ၏ အာရုံ,ဘုံ,ပုဂ္ဂိုလ်,စိတ် သရုပ် စသည် အရတည်း။ ။အရူပဈာနဝိထိ၏ အာရုံပြု, ဘုံ, ပုဂ္ဂိုလ်တို့သည်လည်း အောက် အာရမ္မဏသင်္ဂဟ၌ ဆိုခဲ့ပြီးသည်ကို အစဥ်မှီး၍ သိသင့်လောက်ပြီ။ အကျယ်သိလိုမူ ဝိထိလက်ရိုး၌ ကြည့်ရှုလေ။ ။ဝိတ္ထာရဘယာ ဥပေက္ခိတော။ ။ဟူလို။

---

## မဂ္ဂဝီထိ အဘွင့်

မဂ္ဂ ဝိထိ သည်လည်း၊ သောတာပတ္တိ မဂ္ဂဝိထိ, သကဒါဂါမိ မဂ္ဂဝိထိ, အနာဂါမိ မဂ္ဂဝိထိ, အရဟတ္တ မဂ္ဂဝိထိအားဖြင့် လေးပါးအပြားရှိ၏။ ထို လေးပါးတို့ထွင် သောတာပတ္တိမဂ္ဂဝိထိသည်လည်း ပဌမဈာနဝိထိ၊ ဒုတိယ

ဈာနဝိထိ၊ တတိယဈာနဝိထိ၊ စတုတ္ထဈာနဝိထိ၊ ပဉ္စမဈာနဝိထိ အားဖြင့် ငါးပါးအပြားရှိ၏။

**မဂ္ဂဝီထိ ပုံစံ**

၁-ကံ,ကမ္မ,ဂတိ သဒ်ါရ အာရုံ နိဗ္ဗာန် အာရုံ
န ဒ···· မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်····ဘွင် ဘွင်
ooo၊ooo၊ ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊

*ဤဝိထိကား မန္ဒပညာ ပုဂ္ဂိုလ်၏ ပဌမဈာနမဂ္ဂဝိထိ ပုံစံဖြစ်သည်။ ။ မန္ဒပညာဖြစ်၍ ဖိုလ် ၂-ကြိမ်သာ ကျ၏။

၂-ကံ,ကမ္မ,ဂတိ သဒ်ါရ အာရုံ နိဗ္ဗာန် အာရုံ
န ဒ···· မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ်····ဘွင်ဘွင်
ooo၊ooo၊ ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊

*ဤဝိထိကား တိက္ခပညာ ပုဂ္ဂိုလ်၏ ပဌမဈာနမဂ္ဂဝိထိ ပုံစံဖြစ်သည်။ တိက္ခပညာဖြစ်၍ ဖိုလ်သုံးကြိမ် ကျ၏။ ဒုတိယဈာနမဂ္ဂဝိထိ။ပ။ ပဉ္စမဈာန မဂ္ဂဝိထိပုံစံတို့ကိုလည်း ဤနည်းအတိုင်း မှတ်။ ရအပ်ပြီးသော မဂ်,ဖိုလ်, နိဗ္ဗာန်ပယ်အပ်ပြီးသော ကိလေသာ၊ ကြွင်းသော ကိလေသာ ဤငါးပါး တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ငါးဝိထိသည် မဂ်ဝိထိနောင် ကျလေ၏။ ရှေးဈာနပစ္စဝေက္ခဏာ ဝိထိအတိုင်းမှတ်။ သို့သော် လျင်မြန်ခြင်းကို အလို မရှိအပ်ရကား ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်ကျလေ၏။

**မဂ္ဂပစ္စဝေက္ခဏာဝီထိ ပုံစံ**

ကံ,ကမ္မ,ဂတိ ရရှိပြီးသော မဂ်အာရုံ
ဘွင် ဘွင် န ဒ····မ ဇောဇောဇောဇောဇောဇောဇော····ဘွင် ဘွင်
ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊

*ကြွင်းသော ဖလစ္စဝေက္ခဏာဝိထိ၊ပဟီနကိလေသ ပစ္စဝေက္ခဏာဝိထိ၊ အပ္ပဟီနပစ္စက္ခေဏာဝိထိ ၄-ပုံစံတို့ကိုလည်း ဤပုံစံ အတိုင်းမှတ်။

**အထက်မဂ် ၃-ပါးဝီထိ ပုံစံ**

နိမိတ်သုံးပါး သဒ်ါရ အာရုံ နိဗ္ဗာန်အာရုံ
၁(မန္ဒပညာ)န ဒ····မ ပ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ်····ဘွင်ဘွင်
ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊
၂(တိက္ခပညာ)န ဒ····မ ပ ဥ နု ဝေါ မဂ် ဖိုလ်ဖိုလ်ဖိုလ်····ဘွင်
ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊

ပစ္စဝေက္ခဏာဝိထိကား သကဒါဂါမိမဂ်, အနာဂါမိမဂ် ၂-ပါးနောင် ရှေးအတိုင်း ၅-ဝိထိစီဖြစ်၏။ အရဟတ္တမဂ် နောက်၌ကား ကြွင်းသော ကိလေသာမရှိသဖြင့် လေးဝိထိစီသာ ဖြစ်လေ၏။

---

## မဂ္ဂဝီထိ အပြား

သောတာပတ္တိ မဂ်သည် ဈာန်ငါးပါးနှင့် ယှဉ်၍ ဖြစ်သောကြောင့် သောတာပတ္တိမဂ် ငါးပါးဖြစ်၏။ ၎င်းငါးပါးကို တိက္ခပုဂ္ဂိုလ် မန္ဒပုဂ္ဂိုလ် ၂-ပါးနှင့်မြှောက်၊ တဆယ်ဖြစ်၏။ယင်းတဆယ်ကို ပါဒကဈာန်,သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယ သုံးပါးနှင့် မြှောက်၊ သုံးဆယ်ဖြစ်၏။ ဤသို့လျှင် ဂေါတြဘူ ကျသော ဝေါ-ဝါရ သုံးဆယ်၊အထက်မဂ် သုံးပါးကိုလည်း နည်းတူမြှောက်၍ဝေါဒါန်ကျသော ဝေါ-ဝါရ ကိုးဆယ် ပေါင်း မဂ္ဂဝီထိ ၁၂၀-ဖြစ်၏။

ပစ္စဝေက္ခဏာဝိထိကား အောက်မဂ်သုံးပါးတွင် တပါးပါးလျှင် ဆိုအပ်ခဲ့ပြီးသော ပစ္စဝေက္ခဏာ ငါးဝိထိစီဖြစ်၍ ၁၅-ဝိထိ။ ။အရဟတ္တမဂ်၌ အပ္ပဟီန ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာမရှိသဖြင့် ၄-ဝိထိသာ ဖြစ်၏။ သို့ဖြစ်၍ အကျဉ်းအားဖြင့် မဂ္ဂပစ္စဝေက္ခဏာ ဝိထိပေါင်း ၁၉-ပါး ဖြစ်၏။ အကျယ် အားဖြင့်ကား သောတာပတ္တိမဂ် ပဌမဈာန်၌ ၅-ပါး၊ ဒုတိယဈာန်၌ ငါးပါး၊တတိယဈာန်၌ ငါးပါး၊ စတုတ္ထဈာန်၌ငါးပါး၊ ပဉ္စမဈာန်၌ ၅-ပါး၊ပေါင်း ၂၅-ပါး၊၎င်း၂၅-ပါးကို တိက္ခ မန္ဒပုဂ္ဂိုလ် ၂-ပါးနှင့် မြှောက်၊ ၅၀-ဖြစ်၏။ ၎င်းငါးဆယ်ကို ပါဒက, သမ္မသိတ, ပုဂ္ဂလဇ္ဈာသယ ၃-ပါးနှင့်မြှောက်၊ ၁၅၀-ဖြစ်၏။သကဒါဂါမိမဂ် အနာဂါမိမဂ်တို့၌လည်း ၁၅၀-စီရ၏။ အရဟတ္တမဂ်ကား ဆင်ခြင်ဘွယ်ရာ ကြွင်းကျန်သော ကိလေသာ မရှိသောကြောင့် အရဟတ္တမဂ် ပဌမဈာန်၌ ၄-ပါး၊ ဒုတိယဈာန်၌၄-ပါး၊ တတိယဈာန်၌ ၄-ပါး၊ စတုတ္ထဈာန်၌ ၄-ပါး၊ ပဉ္စမဈာန်၌ ၄-ပါး၊ ပေါင်း၂၀-ဖြစ်၏။၎င်း ၂၀-ကို တိက္ခ,မန္ဒ ပုဂ္ဂိုလ် ၂-ပါးနှင့်မြှောက်၊၄၀-ဖြစ်၏။၎င်း ၄၀-ကို ပါဒက,သမ္မသိတ,ပုဂ္ဂလဇ္ဈာသယ ၃-ပါးနှင့် မြှောက်၊ ၁၂၀-ဖြစ်၏။ ပေါင်း မဂ်လေးပါး၌ ပစ္စဝေက္ခဏာဝိထိပေါင်း ၅၇၀-ဖြစ်၏။

## ဝိသုဒ္ဓါရုံ ကဗျာလင်္ကာ

မင်္ဂလေးတန်ကို၊ ဈာန်တိတ် မန္ဒ၊ပါဒကနှင့်၊ သမ္မ ပုဂ္ဂလဇ်၊တွက်စစ် မြောက်က၊ တရာ့နှစ်ဆယ်၊ များကျယ် သောင်းသောင်း၊ပစ္စဝေက် ပေါင်းမှာ၊ရသင်္ချာ၊ငါးရာ ခုနစ်ဆယ်။

---

## မဂ္ဂဝီထိ၏ စိတ်-အာရုံ-ဘုံ-ပုဂ္ဂိုလ်

ပဋ္ဌမဈာန သောတာပတ္တိမဂ္ဂဝီထိ **စိတ်တို့ကား** မနောဒွါရာဝဇ္ဇန်းစိတ်၊ တိဟိတ် ကာမကုသိုလ် သောမနဿ ဇောနှင့် သောတာပတ္တိ မဂ်စိတ်၊ ၎င်း ဖိုလ်စိတ်တို့သာတည်း။ ။**အာရုံအားဖြင့်** ရှေ့နောက် ဘဝင်မှန်သမျှ တို့သည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးကို အာရုံပြုကုန်၏။ ။ကြွင်း သော ဝီထိစိတ်တို့တွင် မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံတို့သည် တေဘူမက သင်္ခါရတရားကို အာရုံပြုကုန်၏။ ဂေါတြဘူ, မဂ်, ဖိုလ်စိတ် တို့ကား နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ။**မှီရာအားဖြင့်** ဘဝင်စသောအလုံးစုံ သောစိတ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီ၍ဖြစ်ကုန်၏။ ။**ပုဂ္ဂိုလ်အားဖြင့်** ဈာန်ကို ရရှိပြီး ဖြစ်သော ဈာနလာဘီ ကာမ,ရူပတိဟိတ် ပုထုဇန်ပုဂ္ဂိုလ်, မိမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်, ဖလဋ္ဌာန် ပုဂ္ဂိုလ် အားဖြင့် သုံးဦးသော ပုဂ္ဂိုလ်တို့သည် ဖြစ်နိုင်ကုန်၏။ ။**ဘဝင်ကျမှုကား**၊ ပဉ္စဝေါကာရ ဘဝင် ကိုးခုသာ ချအပ်ကုန်၏။ ကာမပုဂ္ဂိုလ် ဖြစ်အံ့၊ ကာမ တိဟိတ် ဘဝင်ကျ၏။ ရူပပုဂ္ဂိုလ်ဖြစ်အံ့၊ ရူပဘဝင်ကျ၏။ ။ဟူလို။ ။ ကြွင်းသော မဂ္ဂဝီထိတို့၏ အရကိုလည်း ဤနည်းတူသိ။

---

## ဝိသုဒ္ဓါရုံ ကဗျာ လင်္ကာ

*သောတာမဂ္ဂ၊ပဋ္ဌမဈာန်၊ ချရန်မနော၊ တိဇောကာမတ်၊ သော မနဿ-ကုသိုလ်၊ မိမိဖိုလ်မဂ်၊ ဤငါးချက်သာ၊ အာရုံမှာမူ၊ ဘဝင် ဟူသမျှ၊ သုံးဝ အတိတ်၊ ကံနိမိတ်တည်း။ ကြွင်း စိတ်ခုတိုင်၊ သုံးဆိုင် ဘူမ၊ သင်္ခါရတည်း။ ကြွင်းထ နိဗ္ဗာန်၊ မှီရန် မှတ်ရှု၊ ရှေးရှေးဥသည်၊ ဝတ္ထု ဟဒယ၊ စွဲမှီရသည်။ ။ဒွိဟ လွတ်ကင်း ရှင်းလေတည်း။ ။*လွတ်ကင်း ဒွိဟ၊ရှင်းရှင်းပလော့၊ ကာမသုဂတိ၊

ဘူမိရူပေ၊ တိဟောသက၊ မဂ္ဂဖလဋ္ဌာန်၊ သုံးတန် ကိစ်စ၊ တွဲပုဂ္ဂိုလ် ဖြစ်သည်။ ။စိစစ်ဘဝင် သွင်းလေတည်း။

---

## ဂေါတြဘူ အပြား

ဂေါတြဘူ ကာမဇောတ်၏အပြားကား၊ အကျဉ်း ၄၆-ပါး၊ အကျယ် ၂၀၄-ပါး အပြားရှိ၏။ ။အကျဉ်း ၄၆-ပါး ဟူသည်ကား ၁၀-ပါးသော မဟာဂ္ဂုတ်,ကုသိုလ်,ကြိယာ ဈာန် အပ္ပနာတို့၏ ရှေး၌ကျသော ဂေါတြဘူ ဇောပေါင်း ၁၀-ပါး၊သောတာပတ္တိ မဂ္ဂဈာနဝိထိ ငါးပါး၏ ရှေး၌ကျသော ဂေါတြဘူဇောပေါင်း၅-ပါးအားဖြင့် ၂၃-ပါးအပြားရှိ၏၊ ၎င်း ၂၃-ပါးကို အသင်္ခါရိက, သသင်္ခါရိက ၂-ပါးနှင့် မြှောက်ပွါးသော် ၄၆-ပါးသော ကာခဂေါတြဘူဇော ဖြစ်ကုန်၏။ ။အကျယ်အားဖြင့် ၂၀၄-ဟူသော် ကား ဈာနဝိထိပေါင်း ၇၂-ခု၊ သောတာပတ္တိမဂ္ဂ ဝိထိပေါင်း ၃၀-တို့၏ ရှေ့၌ကျသော ဂေါတြဘူပေါင်း ၁၀၂-ပါးကို အသင်္ခါရိက, သသင်္ခါရိက ၂-ပါးဖြင့် မြှောက်ပွါးသော် ၂၀၄-ပါးဖြစ်သတည်း။

---

## ဝေါဒါန် အပြား

ဝေါဒါန်ဇောတို့၏ အပြားကား သကဒါဂါမိမဂ် ၅-ပါး၊အနာဂါမိမဂ် ငါးပါး၊အရဟတ္တမဂ်ငါးပါး အားဖြင့်အထက်မဂ္ဂဝိထိ ၁၅-ပါးတို့၏ ရှေ့၌ ကျသော ဝေါဒါန်ပေါင်း ၁၅-ပါးဖြစ်သဖြင့် ၎င်း၁၅-ပါးကိုအသင်္ခါရိက, သသင်္ခါရိက ၂-ပါးဖြင့် မြှောက်ပွါးသော် ဝေါဒါန်ပေါင်း ၃၀-ဖြစ် သတည်း။

---

## အနုလုံအပြား

အနုလုံကား အကျဉ်းအားဖြင့် ၁၁၆-ပါး၊အကျယ်အားဖြင့်၆၂၄-ပါး အပြားရှိ၏။ ။အကျဉ်းအားဖြင့် ၁၁၆-ပါး အရကား မဟာဂ္ဂုတ် ကုသိုလ် ကြိယာ ဈာနဝိထိပေါင်း ၁၀-ပါး။မဂ္ဂဝိထိပေါင်း-၂၀၊ ဖလသမာပတ္တိဝိထိ ပေါင်း ၂၀-အားဖြင့် ၅၀-ပါးသော အပ္ပနာဝိထိတို့၏ ရှေ့၌ ကျသော အနုလုံပေါင်း ၅၀-ပါးကို အသင်္ခါရိက, သသင်္ခါရိက ၂-ပါးဖြင့်မြှောက်

ပွါးသော် အနုလုံပေါင်း ၁၁၆-ပါး ဖြစ်သတည်း။ ။အကျယ်အားဖြင့် ၆၂၄-ပါး အရကား ဈာနဝီထိပေါင်း ၇၂-ပါး၊မဂ္ဂဝီထိပေါင်း ၁၂၀၊ဖလသမာပတ္တိဝီထိပေါင်း ၁၂၀၊ပေါင်း ၃၁၂-ပါးသော အပ္ပနာဝီထိတို့၏ရှေ့၌ ကျသော အနုလုံပေါင်း ၃၁၂-ပါးကို အသင်္ခါရိက, သသင်္ခါရိက ၂-ပါး နှင့် မြှောက်သော် အနုလုံအပြား ၆၂၄-ပါး ဖြစ်သတည်း။

*ဤကား မှတ်သိ နားလည်ရုံမျှသာ ရေတွက်ပြချက် ဖြစ်ပေသည်။ စင်စစ်သော်ကား၊ ဖလသမာပတ္တိ ဝီထိပေါင်း ၁၂၀-၌ အနုလုံချည်းသာ ဖြစ်ရကား မန္ဒပုဂ္ဂိုလ်အား ၄-ကြိမ်၊ တိက္ခပုဂ္ဂိုလ်အား ၃-ကြိမ်ကျသဖြင့် မန္ဒပုဂ္ဂိုလ်အတွက် ၄၈၀၊ တိက္ခပုဂ္ဂိုလ် အတွက် ၃၆၀-စီ ဖြစ်၍ ၂-ခု ပေါင်းလိုက်သော် အနုလုံပေါင်း ၈၄၀-ဖြစ်လေသတည်း။ ။ဤနည်းကို မှီး၍ ပရိကံ,ဥပစာတို့၏ အပြားကိုလည်း စိစစ် ရွေးချယ်လေ။

---

## ဖလသမာပတ္တိ ဝီထိ

ဖလသမာပတ္တိဝီထိ ဖြစ်ဟန်ကား ဖိုလ်၌တည်သော အရိယာပုဂ္ဂိုလ်သည် ပြည်ကြီး စည်းစိမ်ကို ခံစားသော ပြည့်ရှင်မင်းကဲ့သို့ရင်း၊ နတ်၏ ချမ်းသာကို ခံစားသော သိကြား နတ်မင်းကဲ့သို့ရင်း မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်းငှါ ဖိုလ်ချမ်းသာကို ခံစားလိုလတ်သော် ဥဒယဗ္ဗယဉာဏ်မှစ၍ ၉-ပါးသော ဝိပဿနာဉာဏ် အစဉ်အားဖြင့် တေဘူမက သင်္ခါတရားကို ရှုဆင်ခြင်၍ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ ဖလသမာပတ် ဝီထိ ကျလေသတည်း။

---

## ဖလသမာပတ္တိဝီထိ ပုံစံ

| နိမိတ် ၃-ပါး | သင်္ခါရ အာရုံ | နိဗ္ဗာန် အာရုံ |
|---|---|---|
| ၁ (မန္ဒပုဂ္ဂိုလ်)န ဒ····မ န န န န | ဖိုလ် ဖိုလ် များစွာ။ | |
| ၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊ | ၊၀၀၀၊၀၀၀၊ | |
| ၂ (တိက္ခပုဂ္ဂိုလ်) န ဒ····မ န န န | ဖိုလ် ဖိုလ် များစွာ။ | |
| ၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊ | ၊၀၀၀၊၀၀၀၊ | |

ဤဖလသမာပတ်ကို အလုံးစုံသော ပုထုဇန် ပုဂ္ဂိုလ်တို့သည် မဝင်စား

နိုင်ကြကုန်၊ အရိယာ ပုဂ္ဂိုလ်တို့သာလျှင် ဝင်စားနိုင်ကြကုန်၏။အကြောင်း သော်ကား ပုထုဇန် ပုဂ္ဂိုလ်တို့ကား မရသောကြောင့် အရိယာပုဂ္ဂိုလ် တို့ကား ရရှိသောကြောင့်တည်း။ ။သို့ဖြစ်၍ အောက်အောက်ဖြစ်သော သောတာပန် အရိယာပုဂ္ဂိုလ်သည် မရမရှိသေးသော အထက်အထက် ဖြစ်သော သကဒါဂါမိ သမာပတ်ကို မဝင်စားနိုင်ချေ။ ။မြတ်စွာသုရား ရှင်ကား တသန်း နှစ်သိန်းသော မဟာကရုဏာ သမာပတ်တော်၊ တသန်း နှစ်သိန်းသော အရဟတ္တ ဖလသမာပတ်တော် ၎င်း ၂-ရပ်သောသမာပတ် မတော်ပေါင်း ကုဋေ ၂-သန်း လေးသိန်းသော မဟာဝဇိရဉာဏ် သမပတ် တော်တို့ကို နေ့စဉ် ဝင်စားတော်မူအပ်ပေသတည်း။

အရိယာ ပန သဗ္ဗေပိ သမာပဇ္ဇန္တိ။ကသ္မာ အဓိဂတတ္တာ။
ဝိသုဒ္ဓိမဂ်။

———

၂၂ ။တဇ္ဇ သောမနဿ သဟဂတ ဇဝနာနန္တရံ အပ္ပနာဝ။ပ။ ကြိယာဇဝနာနန္တရံ ကြိယာဇဝနံ အရဟတ္တဖလဥ္စာတိ။
သင်္ဂြိုဟ်ပါဠိ။

———

ဤပါဠိဖြင့် ရှေးပရိကံစသော ကာမဇောနောင် ဝေဒနာဇာတ်အားဖြင့် ဈာန်,မဂ်-ဖြစ်သော အပ္ပနာဇော ကျပုံကျနည်းကို သာမည အားဖြင့်ပြ၏။ ဆိုလိုရင်း အဓိပ္ပါယ်ကား၊ ။ထိုကာမာဝစရ ဉာဏသမ္ပယုတ် ဇောရှစ်ခု တို့တွင် ရှေးပရိကံ စသော ကာမာဝစရဇောက သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ခုဖြစ်ခဲ့သော် ၎င်း၏ အခြားမဲ့ဖြစ်သော အပ္ပနာ ဇောမှာလည်း သောမနဿသဟဂုတ် ဖြစ်သော အပ္ပနာကိုသာ အလိုရှိ အပ်၏။ ဝါ၊ချအပ်၏။ ။ရှေးပရိကံစသော ကာမာဝစရဇောက ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ပါးဖြစ်ခဲ့သော်ကား ၎င်း၏ အခြားမဲ့ ဖြစ်သော အပ္ပနာမှာလည်း ဥပေက္ခာသဟဂုတ် အပ္ပနာကိုသာ အလိုရှိအပ်

---

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော၊ အရိယာ ပန၊ အရိယာပုဂ္ဂိုလ်တို့သည်ကား။ သမာပဇ္ဇန္တိ၊ ဝင်စားနိုင်ကြကုန်၏။ ကသ္မာ၊အဘယ့်ကြောင့်နည်း ဟူမူကား။ အဓိဂတတ္တာ၊ ရရှိသောကြောင့်တည်း။ ။ (အာရုံစသည်ကား သိသာပြီ)။

ချအပ်၏။ ။ထိုသောမနဿ ဥပေက္ခာ ဝေဒနာ ဇောမှာလည်း မဟာ
ကုသိုလ် ဉာဏသမ္ပယုတ် ဇော ၄-ခု၏ အခြားမဲ့၌ ကုသိုလ် ဖြစ်သော
မဟဂ္ဂုတ်အပ္ပနာ လောကုတ္တရာအပ္ပနာဇောသည်၎င်း၊အောက်ဖိုလ်၃-ပါး
တို့၏ အပေါင်း သည်၎င်း ဖြစ်လေ၏။ ။မဟာကြိယာ ဉာဏသမ္ပယုတ်
၄-ခုတို့၏အခြားမဲ့ဖြစ်ခဲ့ပါမူ၊ကြိယာဖြစ်သော မဟဂ္ဂုတ် အပ္ပနာဇောသည်
၎င်း အရဟတ္တဖိုလ်ဇောသည်၎င်း ဖြစ်လေ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**စိတ်အကျယ်၁၂၁-ပါးအရ ကျသောအပ္ပနာဇောအပြား**

၂၃။ ။**ဒွတ္တိံသ သုခပုညမှာဒွါဒသော ပေက္ခကာ ပရံ။**
**သုစိတကြိယတော အဋ္ဌ၊ဆ သမ္ဘောန္တိ ဥပေက္ခကာ။** ။

သင်္ဂြိုဟ်ပါဌ်။

---

ဤဂါထာဖြင့် အပ္ပနာဇောတို့၏ကျပုံကို သေချာဂန ဝိသေသ သတ်မှတ်၍ပြ၏။ ။ပြပုံကား၊ ၁-မဟာကုသိုလ် သောမနဿဖြစ်သော ပဌမဒွေ၏ နောက်၌ ရူပါဝစရကုသိုလ် သောမဏဿ၄-ပါး၊သောတာပတ္တိမဂ် သောမနဿ ၄-ပါး၊သကဒါဂါမိမဂ် သောမနဿ၄-ပါး၊အနာဂါမိမဂ် သောမနဿ၄-ပါး၊အရဟတ္တမဂ်သောမနဿ၄-ပါးအားဖြင့်မဂ်သောမနဿ-၁၆ ပါး၊အောက်ဖိုလ် ၃-ပါး၏သောမနဿ ၁၂-ပါးအားဖြင့် ၃၂-ပါးသော **သောမနဿ အပ္ပနာဇော** တို့သည် ဖြစ်နိုင်ကုန်၏။ ။မဟာ ကုသိုလ် ဥပေက္ခာဖြစ်သော တတိယဒွေ၏ နောက်၌ ရူပါဝစရကုသိုလ် ပဥ္စမဈာန် ၁-ပါး အရူပကုသိုလ် ၄-ပါး၊မဂ်လေးပါး၏ ပဥ္စမဈာန်ဥပေက္ခာ ၄-ပါး၊ အောက်ဖိုလ်ပဥ္စမဈာန်ဥပေက္ခာ ၃-ပါးအားဖြင့် ၁၂-ပါးသော **ဥပေက္ခာ အပ္ပနာဇော** တို့သည် ဖြစ်နိုင်ကုန်၏။ ။၃-မဟာကြိယာ သောမနဿ ဖြစ်သော ပဌမဒွေ၏ နောက်၌ ရူပါဝစရကြိယာ သောမနဿ ဈာန်ဇော ၄-ပါး၊အရဟတ္တဖိုလ် သောမနဿ ၄-ပါး၊ ဤသို့အားဖြင့် ၈-ပါးသော **သောမနဿ အပ္ပနာဇော** တို့သည် ဖြစ်ကုန်၏။ ။၄-မဟာ ကြိယာ ဥပေက္ခာ ဖြစ်သော တတိယဒွေ၏ နောက်၌ ရူပါဝစရ ကြိယာ ဥပေက္ခာ ဈာန်ဇောတပါး၊ အရူပါဝစရကြိယာ ဥပေက္ခာဈာန်ဇော ၄-ပါး၊အရဟတ္တ

ဖိုလ် ဥပေက္ခာ ဈာန်ဇော ၁-ပါး၊ဤသို့အားဖြင့် ၆-ပါးသော ဥပေက္ခာ အပ္ပနာဇော တို့သည် ဖြစ်နိုင်ကုန်၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## ပုဂ္ဂိုလ်အရ ဖြစ်ထိုက်သော အပ္ပနာဇော အပြား

၂၄။ ။ပုထုဇ္ဇနာန သေက္ခာနံ၊ ကာမပုည တိဟေတုတော။
တိဟေတုကာမကြိယတော၊ ဝီတရာဂါနမပ္ပနာ။ ။

သင်္ဂြိုဟ်ပါဠိ။

---

ဤဂါထာဖြင့်ကား ပုဂ္ဂိုလ်အရ ဖြစ်ထိုက် ဖြစ်နိုင်သော အပ္ပနာဇောတို့ အရ သရုပ်ကို ဘော်ပြ၏။ ။ပြပုံကား၊ ၁-တိဟိတ် ပုထုဇ္ဇန် ၁-ယောက်, သေက္ခပုဂ္ဂိုလ် ၇-ယောက်၊ဤ ၈-ယောက်သော ပုဂ္ဂိုလ်တို့အား တိဟိတ် ကာမကုသိုလ် ၄-ခုမှနောက်၌ ဖြစ်ထိုက်သော သောမနဿ, ဥပေက္ခာ အပ္ပနာဇောတို့ကား မဟဂ္ဂုတ် ကုသိုလ်အပ္ပနာ ၉-ပါး၊မဂ် အပ္ပနာ-၂၀၊ အောက်ဖိုလ်အပ္ပနာ ၁၅-ပါးအားဖြင့် ၄၄-ပါး အပြားရှိ၏။ ။၂-ရဟန္တာ ပုဂ္ဂိုလ်အရှင်မြတ်များအား တိဟိတ် ကာမကြိယာ ၄-ခုမှ နောက်၌ ဖြစ် ထိုက်သော သောမနဿ,ဥပေက္ခာ အပ္ပနာဇောတို့ကား မဟဂ္ဂုတ်ကြိယာ ၉-ပါး၊အရဟတ္တဖိုလ် ၀ါးပါးအားဖြင့် ၁၄-ပါးအပြား ရှိကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## သောမနဿ ဇောနောင် ဥပေက္ခာ အပ္ပနာ မကျနိုင်ခြင်း အကြောင်း

ဤဒွတ္တိံသဂါထာ၌ ကာမသောမနဿ ဇော၏နောက်၌ သောမနဿ အပ္ပနာသာလျှင် ကျနိုင်ဖြစ်နိုင်၏။ ဥပေက္ခာအပ္ပနာကား မဖြစ်နိုင်၊ ထိုအတူ ကာမဥပေက္ခာဇော၏ နောက်၌လည်း သောမနဿ အပ္ပနာ မကျနိုင်ချေ၊ အဘယ့်ကြောင့် မကျနိုင်,မဖြစ်နိုင်ပါသနည်းဟူမူ၊ ဝေဒနာ တူမှသာလျှင် အာသေဝနပစ္စည်း တပ်နိုင်၏။ ဝေဒနာ ပြားခဲ့ပါမူ အာသေဝန ပစ္စည်း မတပ်နိုင်သောကြောင့် သောမနဿဇောနောင် ဥပေက္ခာ အပ္ပနာ မဖြစ် နိုင်ပါသတည်း။

ယထာ ဘိန္နကသ္သ၊နတ္ထာ သောဝန ပစ္စယော။
ဘိန္နဝေဒနိကဿာပိ၊ တေန ဒွတ္တိံသ အာဒိကော။ ။
ဋီကာ သဟာင်။

---

**ဆောင်ပုဒ်**

ဝေဒနာ ပြားက၊အာသေဝနံ၊ မရမှန်၊ ကျပြန်သော
နောင် သော ချင်းချင်း။

---

**ကုသိုလ် ဇောနောင် ကြိယာဇော မကျခြင်း အကြောင်း**

ရှေးပရိကံ စသော ကာမဇောက ကုသိုလ်ဖြစ်ခဲ့သော် နောက် ဈာန်ဇော,မဂ်ဇောတို့ကလည်း ကုသိုလ်ဇော သာလျှင် ဖြစ်ရိုး,ကျရိုးရှိကုန်၏။ ကြိယာဇောများ မကျနိုင်ပေ။ အဘယ်ကြောင့် မကျနိုင်ပါသနည်းဟူမူ။ ။ ကြိယာ ဇောများသည် အာသဝေါ ကင်းစင် ဘုရား ရဟန္တာအရှင်များ၏ သန္တာန်တော်၌သာ ဖြစ်နိုင်၏။ အောက် သေက္ခပုဂ္ဂိုလ် ၇-ယောက်နှင့် ပုထုဇန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဖြစ်နိုင်၊ငင်းသေက္ခပုဂ္ဂိုလ် ၇-ယောက်နှင့် ပုထုဇန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ကား ကုသိုလ်ဇောသာ ဖြစ်နိုင်၏။ ဤသို့လျှင် အာသဝေါမရှိ ကင်းစင်ဘိသော ပုဂ္ဂိုလ် သန္တာန်၌သာ ဖြစ်သော ကြိယာဇောသည် အာသဝေါတရား မကင်းသော ပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်သဖြင့် ဖြစ်ရာပုဂ္ဂိုလ် သန္တာန်ပြားသောကြောင့် ကုသိုလ် ဇောနောင် ကြိယာဇော မဖြစ်နိုင်လေသတည်း။

---

**ဆောင်ပုဒ်**

ဖြစ်ရာ သန္တာန်၊ ကွဲပြားမှန်၊ ကုနောင် ကြိယံ မဖြစ်သော်။

---

**စိတ်အကျဉ်း၌ သုခပုည အရကို ပြခြင်း**

ဤဒွတ္တိံသ ၂-ဂါထာ၏ သရုပ်အဓိပ္ပါယ် နက်နဲ ဆန်းကြယ်လှသောကြောင့် အရိမဒ္ဒနမည်ဟီး ပုဂံပြည်ကြီးကို အစိုးရတော်မူသော ကျွဇွာ

---

ဘိန္နဇာတိကဿ၊ ဇာတိပြားသော ဇောအား။ အာသေဝနံ ပစ္စယော၊ အာသေဝန ပစ္စည်းသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဘိန္နဝေဒနိကဿာပိ၊ဝေဒနာပြားသော ဇောအားလည်း ။ အာသေဝနပစ္စယော၊ အာသေဝနပစ္စည်းသည်။ နတ္ထိ၊မရှိ။တေန၊ထို့ကြောင့်။ဒွတ္တိံသ အာဒိကော၊ဒွတ္တိံသသုခပုညမှာ-စသောအစီအရင်သည်။ဟောတိ၊၏။ ။(ဋီကာသင်ဟာအနက်)

မင်းကြီးသည် ဓမ္မသဘင် ပွဲကြီးယင်တော် မူသောအခါ မိန့်တော်မူသည်မှာ အဘိဓမ္မာကို လေ့ကျက် သင်္ဂြိုဟ်ကျမ်းကို စာတက်ကြကုန်သော ပုဂ္ဂိုလ်တို့အား ဤနှစ်ဂါထာ၏ အနက် အဓိပ္ပါယ်ကို သင်ပြသော ဆရာတို့သည် သေချာ ဂန မပြောကြားကြနိုင်၍ မိမိတို့၏ အာဇနီမှန် အသိဉာဏ်ဖြင့် ဟုတ်မှန်စွာ ပြောကြားနိုင်ပါလျှင် ဆင်ဖြူတော် တစီးနှင့် သွီးကညာတပါး ဆုပေးသနားတော် မူထိုက်ပေသည် ဟု မိန့်ဆိုတော်မူဘူးသတတ်။

ကောဒသ သုခ ပုညာ၊ ပဉ္စခါပေက္ခကာ ပရံ။
သုခကြိယတော ပဉ္စခါ၊ ပဉ္စ ဟောန္တိ ဇုပေက္ခကာ။ ။

ကျစ္စာမင်းကြီး ဂါထာ။

ဤ ကျစ္စာမင်းကြီး ဂါထာကား အကျဉ်း ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၌ ရထိုက် ရသင့်သော အပ္ပနာဇောတို့ကို ရေတွက်ပြသော ဂါထာဖြစ်၏။ ။အဓိပ္ပါယ်ကား။ ။၁-မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ နှစ်ခုနှောင်း၌ ရူပါဝစရကုသိုလ် သောမနဿ ၄-ပါး၊မဂ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါး အားဖြင့် ၁၁-ပါးသော **သောမနဿအပ္ပနာ** တို့သည် ဖြစ်ကုန်၏။ ။၂-မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာနှစ်ခု နှောင်း၌ ရူပါဝစရကုသိုလ် ပဉ္စမဈာန် ၁-ပါး၊ အရူပါဝစရကုသိုလ် ၄-ပါးအားဖြင့် ၅-ပါးသော **ဥပေက္ခာအပ္ပနာ** တို့သည် ဖြစ်ကုန်၏။ ။၃-မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿ နှစ်ခုနောက်၌ ရူပါဝစရကြိယာ သောမနဿ ၄-ပါး၊အရဟတ္တဖိုလ်စိတ် ၁-ပါးအားဖြင့် ၅-ပါးသော **သောမနဿအပ္ပနာ** တို့သည် ဖြစ်ကုန်၏။ ။၄-မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာ နှစ်ခုနောက်၌ ရူပါဝစရကြိယာ ပဉ္စမဈာန် ၁-ပါး၊ အရူပါဝစရကြိယာ ၄-ပါးအားဖြင့် ၅-ပါးသော **ဥပေက္ခာအပ္ပနာ** တို့သည် ဖြစ်ကုန်၏။ ။ဟုလို။

---

သုခပုညာ၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿနှစ်ခုနှောင်း၌။ ကောဒသ၊ တဆဲ့တပါးကုန်သော။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပေက္ခကာ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာနှစ်ခု၌။ ပရံ၊ နောက်၌။ ပဉ္စခါ၊ ငါးပါးအပြားအားဖြင့်။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုခကြိယတော၊ မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿ နှစ်ခုနှောင်း၌။ ပဉ္စခါ၊ ငါးပါးအပြားအားဖြင့်။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပေက္ခကာ၊ မဟာကြိယာဉာဏသမ္ပယုတ် ဥပေက္ခာနှစ်ခုနှောင်း၌။ ပဉ္စ၊ ငါးပါးကုန်သော။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## မဟဂ္ဂုတ် အပ္ပနာ အပြား

၂၄-က။ ။စတုဓာ သုခ ပုညမှာ၊ ပဉ္စဓာ ပေက္ခကာ ပရံ။
သုခကြိယတော စတုဓာ၊ပဉ္စုပေက္ခာ မဟဂ္ဂတေ။

ဤဂါထာကား။ ။မဟဂ္ဂုတ် အပ္ပနာ, လောကုတ္တရာ အပ္ပနာ ၂-ပါး ရှိသည်တွင် ပရိကံ စသော ရှေးကာမဇော၏ နောက်၌ ကျသင့်သော မဟဂ္ဂုတ်အပ္ပနာဇော အပြားကို သီးသန့်ပိုင်းခြား၍ ပြသော ဂါထာဖြစ်၏။ အဓိပ္ပါယ်ကား။ ။၁- မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ နှစ်ခု၏ နောက်၌ ရူပါဝစရကုသိုလ် သောမနဿ ၄-ပါးတို့သည် ဖြစ်ကုန်၏။ ။၂-မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာနှစ်ခု၏ နောက်၌ ရူပါဝစရကုသိုလ် ပဉ္စမဈာန် ၁-ပါး၊ အရူပါဝစရ ကုသိုလ် ၄-ပါး အားဖြင့် ၅-ပါးသော မဟဂ္ဂုတ် အပ္ပနာတို့သည် ဖြစ်ကုန်၏။ ။၃-မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿ နှစ်ခု၏ နောက်၌ ရူပါဝစရကြိယာ သောမနဿ ၄-ပါးတို့သည် ဖြစ်ကုန်၏။ ။၄-မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာနှစ်ခု၏ နောက်၌ ရူပါဝစရကြိယာ ပဉ္စမဈာန် ၁-ပါး၊ အရူပါဝစရကြိယာ ၄-ပါးအားဖြင့် ၅-ပါးသော အပ္ပနာတို့သည် ဖြစ်ကုန်၏။ ဟူလို။

---

## လောကုတ္တရာ အပ္ပနာ အပြား

၂၄-ခ။ ။အဋ္ဌဝီသ သုခပုညာ၊သတ္တဓာ ပေက္ခကာ ပရံ။
သုခ ကြိယတော စတုဓာ၊ဧကော ပေက္ခာ အနုတ္တရေ။ ။

၂၄-က။ ။သုခပုညမှာ၊မဟာကုသိုလ် ဉာဏသမ္ပယုတ်သောမနဿ နှစ်ခုနောင်မှ။စတုဓာ၊ လေးပါး အပြားရှိကုန်သော၊ဝါ၊အားဖြင့်။အပ္ပနာ၊မဟဂ္ဂုတ်အပ္ပနာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ဥပေက္ခကာ၊မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာနှင့်ခုမှ။ပရံ၊နောက်၌။ ပဉ္စဓာ၊ ငါးပါး အပြားရှိသော။ ဝါ၊အားဖြင့်။အပ္ပနာ၊ မဟဂ္ဂုတ်အပ္ပနာဇောတို့သည်။ ဟောန္တိ၊ဖြစ် ကုန်၏။သုခကြိယတော၊မဟာကြိယာဉာဏသမ္ပယုတ် သောမနဿ နှင့်ခုနှောင်မှ။ပဉ္စဓာ၊ငါး ပါး အပြားရှိကုန်သော။ဝါ၊အားဖြင့်။အပ္ပနာ၊မဟဂ္ဂုတ်အပ္ပနာတို့သည်။ဟောန္တိ၊၏။ ဥပေက္ခ ကာ၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဥပေက္ခာ နှင့်ခုနှောင်မှ။ ပဉ္စ၊ငါးပါးကုန်သော။ အပ္ပနာ၊ မဟဂ္ဂုတ်အပ္ပနာတို့သည်။ဟောန္တိ၊ ၏။ဣတိ၊ဤသို့။မဟဂ္ဂတေ၊မဟဂ္ဂုတ်စိတ်၌။ဝါ၊၏။အပ္ပနာ၊ အပ္ပနာဇောတို့ကို၊ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

၂၄-ခ။ သုခပုညာ၊မဟာကုသိုလ်ဉာဏသမ္ပယုတ်သောမနဿနှစ်ခုမှ။ပရံ၊နောက်၌။အဋ္ဌဝီသ၊ ၂၈-ပါးကုန်သော။ အပ္ပနာ၊လောကုတ္တရာ အပ္ပနာဇောတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဥပေက္ခ

ဤဂါထာကား။ ပရိကံစသော ကာမဇော၏ နောက်၌ ကျသင့်သော လောကုတ္တရာ အပ္ပနာ အပြားကို သီးသန့်ပိုင်းခြား၍ ဘော်ပြသော ဂါထာ ဖြစ်လေ၏။ ။၁-မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ နှစ်ခု၏ နောက်၌ သောတာပတ္တိမဂ် သောမနဿ ၄-ပါး။ပ။အရဟတ္တမဂ် သောမနဿ ၄-ပါး အားဖြင့် မဂ်သောမနဿ ၁၆-ပါး၊ အောက်ဖိုလ် သောမနဿ ၁၂-ပါး၊ ဤသို့အားဖြင့် ၂၈-ပါးသော လောကုတ္တရာ သောမနဿ အပ္ပနာ ဇောတို့သည် ဖြစ်ကုန်၏။ ။၂-မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာ နှစ်ခု၏ နောက်၌ မဂ်ဥပေက္ခာ ၄-ပါး၊ အောက်ဖိုလ် ဥပေက္ခာ ၃-ပါးအားဖြင့် ၇-ပါးသော လောကုတ္တရာ ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ ။၃-မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿ နှစ်ခု၏ နောက်၌ အရဟတ္တဖိုလ် သောမနဿ ၄-ပါးသာ ဖြစ်လေ၏။ ။၄-မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာနှစ်ခု၏နောက်၌ အရဟတ္တဖိုလ် ပဥ္စမဈာန် ဥပေက္ခာတပါးသာ ဖြစ်လေ၏။ ။ဟူလို။ ။ဤဂါထာ၏ အရနှင့် မဟဂ္ဂုတ်၏ အရကို ပေါင်းရောလိုက်လျှင် ဒွတ္တိံသ သုခပုညမှာ စသော ဂါထာအတိုင်း ဖြစ်၏။

---

## မဂ်နောင် ဖိုလ်ဇော ကျခြင်း အကြောင်း

ကာမဇောဝီထိ, မဟဂ္ဂုတ် ဈာနဝီထိတို့၌ ဇောနောင်, ဈာန်နောင် ဘဝင် ကျသကဲ့သို့ ဤမဂ္ဂဝီထိ၌ မဂ်နောင် ဘဝင်မကျမူ၍ အဘယ့်ကြောင့် ဖိုလ်ဇော ကျပါသနည်းဟူမူ။ ။ကာမကုသိုလ်ဇော မဟဂ္ဂုတ်ဈာန်ဇော တို့၏ သဘောသည် မိမိ၏ အခြားမဲ့၌ ကာလမဖင့် ချက်ခြင်းပင် အကျိုး ပေးသော သဘောမရှိ၊ အကျိုးရင့်ကျက်ခြင်းကို ငဲ့လျက် ကာလရှည်ကြာ အကြောင်းတရား ရင့်ကျက်သော အခါမှသာ အကျိုးပေးသော သဘော ရှိ၏။ မဂ် ကုသိုလ် ဇောကား ထိုကဲ့သို့မဟုတ်၊ မိမိဖြစ်ဆဲ၌ပင် အောင်မြင်

---

ကာ၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာ နှစ်ခုမှ။ ပရံ၊ နောက်၌။ သတ္တဝေ၊ ခုနစ်ပါးအပြား ရှိကုန်သော။ ဝါ၊ အားဖြင့် အပ္ပနာ၊ လောကုတ္တရာအပ္ပနာဇောတို့သည်။ ဟောန္တိ၊ ၏။ သုခကြိယ ဇေဝ၊ မဟာကြိယာဉာဏသမ္ပယုတ်သောမနဿ နှစ်ခုမှ။ ပရံ။ နောက်၌။ စတုဝေ၊ လေးပါး အပြားရှိကုန်သော။ ဝါ၊ အားဖြင့်။ အပ္ပနာ၊ လောကုတ္တရာ အပ္ပနာဇောတို့သည်။ ဟောန္တိ၊ ၏။ ဥပေက္ခာ၊ မဟာကြိယာ ဉာဏသမ္ပယုတ်–ဥပေက္ခာ နှစ်ခုမှ။ ပရံ၊ နောက်၌။ ဧကော၊ တပါး တည်း သော။ အပ္ပနာ၊ လောကုတ္တရာအပ္ပနာဇောသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ လောကုတ္တရေ၊ လောကုတ္တရာ၌။ ဝါ၊ ၏၊ အပ္ပနာ၊ အပ္ပနာဇောတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ရင့်ကျက်သော သဘောရှိ၍ ကာလတပ်ါးကို ဆိုင်းငံ့နေဘွယ် မရှိသော ကြောင့် မိမိ၏ အခြားမဲ့၌သာလျှင် အကျိုးပေးနိုင်၍ ဘဝင်မကျပါဘဲ အကျိုးဖြစ်သော ဖိုလ်ဇော ကျရပေသတည်း။ ။ထိုစကား မှန်၏။ ။ လောကုတ္တရာမဂ် ကုသိုလ်ကား သမ္ဗတ္တနိယတ တရားအစစ် ဖြစ်ပေ၏။

၂၄-ဂ။ ။မဂ္ဂဿ သမ္မတ္တနိယတတ္တာ။ ။ဋီကာ။
နိယတာစ အနန္တရမေဝ ဖလဒါန နိယမေန။ ။အဋ္ဌသာလိနီ။

---

**သောင်းပုဒ်**

မိမိ အခြား၊ကျိုးပေးငြား၊ မှတ်သား-ဖိုလ်ဇောကျ။

---

**ဈာန် ပစ္စဝေက္ခဏာနှင့် မဂ်ပစ္စဝေက္ခဏာ ၂-ပါး အထူး**

ဈာန်ပစ္စဝေက္ခဏာကား၊ အာရုံအားဖြင့် အစိတ်အစိတ်သော ဈာန် အင်္ဂါကို အာရုံပြု၏။ အကြိမ်အားဖြင့် ၅-ကြိမ်သာ စောလေ၏။ မဂ် ပစ္စဝေက္ခဏာကား အာရုံအားဖြင့် ပယ်အပ်ပြီးသော ကိလေသာ,ကြွင်းသော ကိလေသာ စသည်ကို အာရုံပြု၏။ ။အကြိမ်အားဖြင့် ၇-ကြိမ်သာ စော၏၊ ဤသို့ ထူးခြားပေသတည်း။ ဤဈာန်ကို ဆင်ခြင်ရာ၌ ပစ္စဝေက္ခဏာဇော ၅-ကြိမ်စော၍ မဂ်ကိုဆင်ခြင်ရာ၌ ပစ္စဝေက္ခဏာ ဇော ၇-ကြိမ်စောခြင်း၏ အကြောင်းကား ဈာန်ပစ္စဝေက္ခဏာကား လျင်မြန်ခြင်းကို အလိုရှိသော ကြောင့် ၅-ကြိမ်သာ စော၏။မဂ်ပစ္စဝေက္ခဏာကား လျင်မြန်ခြင်းကို အလို မရှိသောကြောင့် ၇-ကြိမ်တိုင်တိုင် စောလေသတသည်း။ ။သို့သော် ၎င်းပစ္စဝေက္ခဏာကား ကာမဇောတို့ချည်းသာတည်း။

---

**သောင်းပုဒ်**

ဈာန်ပစ္စ-ကား၊၅-ပါး အကြိမ်၊ဈာန်ရှိန် အင်္ဂါ၊ဆင်ခြင်ပါ၍၊ မဂ္ဂါ ပစ္စ၊ ၇-ကြိမ်မျှ စော၊ပယ်သော ကိလေ၊ ဆင်ခြင်ပေ၊ မှတ်လေ ၂-ပါး ထူးပုံတည်း။

အပ္ပနာ မနောဒွါရ အဘွင့် ပြီး၏။

---

၂၄-ဂ။ ။မဂ္ဂဿ၊မဂ်၏၊သမ္မတ္တနိယတတ္တာ၊ကောင်းသော၊ဝါ၊မှန်သောသဘောရှိ၍ မိမိ၏ အခြားမဲ့၌အကျိုးပေးသောအားဖြင့် မြဲသည်၏အဖြစ်ကြောင့်တည်း။ ။အနန္တရမေဝ၊မိမိ၏

၂၅။ ။သဗ္ဗညုတာပိ ပနေတ္တ အနိဋ္ဌေ အာရမ္မဏေ အကုသလဝိပါကာ
နေဝ ပဥ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ။
၂၆။ ။ဣဋ္ဌေ ကုသလဝိပါကာနိ။ ။သဂ္ဂဟပါဌ်။

---

အောက်၌ ပဉ္စဒွါရိကဝီထိ, မနောဒွါရိကဝီထိ တို့၏ အရ၊ ဝီထိဂိတ် အကျယ်ကို ဘယ်စိတ်ဖြစ်ပြီးနောက် ဘယ်စိတ်ဖြစ်၏ ဟု သာမညအားဖြင့်သာ မိန့်ဆိုတော်မူလေ၏။ ယခုအခါ၌ ၎င်းသာမညအားဖြင့် မိန့်ဆိုအပ်ခဲ့ပြီးသော ဝီထိစိတ်တို့ကို သေချာစွာ ခွဲခြမ်းဝေဘန်၍ ပြဆိုတော်မူခြင်းငှါ ဤတဒါရမ္မဏဝါရ,ဇဝနဝါရစသည်တို့ကို မိန့်ဆိုတော်မူရလေသတည်း။

မိန့်ဆိုတော်မူပုံကား ပဉ္စဒွါရဝီထိတို့တွင် တစုံတခုသော ရူပါရုံစသော အာရုံငါးပါးကို တွေ့မြင်မှုကြောင့် အတိမဟန္တာရုံ ဝီထိစိတ်, မဟန္တာရုံ ဝီထိစိတ် စသည် ဖြစ်လေရာ တီ-န-ဒ-ပ-စ-သံန္တီ--ဝု-ဝု-ဇော-ဇော-ဇော ဇော-ဇော-ဇော-ဇော- ရုံ-ရုံ- ဘွင်- စသော ပုံစံများကိုသာ သာမည အားဖြင့် မိန့်ဆိုတော်မူခဲ့၏။ ၎င်းဝီထိ ပုံစံ အရ ဝိသေသအားဖြင့် စိစစ်ဝေဘန်လိုက်သည်ရှိသော် စ-အရ စက္ခုဝိညာဉ်၊ သံ-အရ သမ္ပဋိစ္ဆိုင်း၊ န္တီ-အရ သန္တီရဏ၊ ရုံ-အရ တဒါရုံ၊ ဝီထိစိတ်များသည် ကုသလဝိပါက် အကုသလဝိပါက် နှစ်ပါးနှင့် ဆက်ဆံသော အဟိတ်စိတ်များ ဖြစ်ကြ၍ ကုသလဝိပါက် စက္ခုဝိညာဉ် စသည် ဖြစ်ပါသလော၊ အကုသလဝိပါက် စက္ခုဝိညာဉ်ဖြစ်ပါသလော-ဟု စိစစ်ဘွယ်ရှိ၏။ ။စိစစ်လိုက်သည်ရှိသော် ပဉ္စဒွါရဝီထိ၌ ဖြစ်စေ, မနောဒွါရ ဝီထိ၌ ဖြစ်စေ၊ မစင် ခွေးကောင်ပုပ် စသော မနှစ်သက်ဘွယ် ဖြစ်သော တစုံတခုသော အနိဋ္ဌာရုံကို တွေ့မြင်ကြားသိခဲ့ရသည် ရှိသော် ၎င်းစက္ခုဝိညာဉ်။ပ။ တဒါရုံတို့သည် အဟိတ် အကုသလဝိပါက် ဖြစ်သော စက္ခုဝိညာဉ်။ပ။ တဒါရုံတို့သာ ဖြစ်ကုန်, ကျကုန်၏။ နှစ်သက်ဘွယ်ရာဖြစ်သော ရွှေအိမ်ရွှေနန်း တင့်ဆန်းလှပသော ရူပါရုံ-စသော အာရုံငါးပါးကို တွေ့ရှိကြားသိရသည်ရှိသော် ၎င်းစက္ခုဝိညာဉ်။ပ။တဒါရုံတို့သည် အဟိတ်ကုသလဝိပါက် ဖြစ်သော စက္ခုဝိညာဉ် ။ပ။တဒါရုံတို့သာ ဖြစ်ကုန် ကျကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

အခြားမဲ့၌သာလျှင်။ ဖလဒါနနိယမေန၊ အကျိုးပေးခြင်း မြဲသောအားဖြင့်။ နိယတာ၊ မြဲမြံသော သဘောရှိသည်လည်း။ ဟောတိ၊ ၏။

၂၃။　။အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏ
တဒါရမ္မဏာနိ။　။သဖြိုဟ်ပါဌ်။

---

ဘုရား ရဟန္တာစသော အလွန်တရာ နှစ်သက်ဘွယ်ဖြစ်သော အာရုံကို တွေ့မြင်,ကြားသိရပါမူကား၊ အဟိတ် ကုသလဝိပါက် သောမနဿ သဟဂုတ် ဖြစ်သော သန္တီရဏစိတ်,တဒါရုံ ဝိထိစိတ်တို့သာလျှင် ဖြစ်ကုန်၏။ ထိုသော် စက္ခုဝိညာဉ်စသော ပဉ္စဝိညာဉ်စိတ်များကား မည်သည့် အာရုံ၌ မဆို ဝေဒနာအားဖြင့် ဥပေက္ခာ ဝေဒနာချည်းသာ ဖြစ်၏။(အကြောင်းကို အောက်စိတ်ပိုင်း၌ ဘွင့်ဆို ရေးသားခဲ့ပြီ)။ (ဘ၊ျ-ဆုံ. ဂဂ)

---

## သန္တီရဏစိတ်၏ သောမနဿ ဥပေက္ခာ ဖြစ်ပုံ

သန္တီရဏ ဝိထိစိတ်နှင့် တဒါရုံ ဝိထိ စိတ်တို့သည် ကုသလဝိပါက်ချင်း တူပါလျက် ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်၍ အတိဣဋ္ဌာရုံ ၌မူ အဘယ့်ကြောင့် သောမနဿ ဝေဒနာနှင့် ယှဉ်၍ ဖြစ်ကြပါသနည်း ဟူမူ။　။ဝိပါက်တို့ မည်သည် အကျိုးတရားမျိုး ဖြစ်၍ ကြေးမုံပြင် မှန် အတွင်း၌ ထင်လာသော မျက်နှာရိပ်ကဲ့သို့ သက်သက်သော ကံ၏ တန်ခိုး အာနုဘော် သတ္တိအားလျော်စွာ ဖြစ်ရသောကြောင့် ကုသိုလ်,အကုသိုလ် ဇောများကဲ့သို့ ဣဋ္ဌကို အနိဋ္ဌ ဟု ၎င်း၊ အနိဋ္ဌကို ဣဋ္ဌ ဟု ၎င်း ဘောက် ပြန်ကာ ကြံဆ၍ အာရုံ မယူနိုင်ပါဘဲ ထင်လာသော အာရုံအတိုင်းသာ ဝေဒနာနှင့် ယှဉ်ရ ဖြစ်ရ၍ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ, အတိဣဋ္ဌာရုံ၌ သောမနဿ ဖြစ်ရလေသတည်း။ ( ဆေ. ပ. ၆၀၃-၆၁)

ဝိပါကဿ ဟိ ကမ္မာနုဘာဝတော ပဝတ္တမာနဿ အာဒါသေ မုခ နိမိတ္တံဝိယ။ပ။ယထာရမ္မဏမေဝ ဝေဒနာယောဂေါ ဟောတိ။

ဋီကာကျော်

---

### ဆောင်ပုဒ်

ဇောကား ဘောက်ပြန်၊ ဝိပါက်မှန်၊ ကျရန်-အာရုံ အတိုင်းသာ။

## ဝိပါက်အမှန် ဇောအပြန် အဓိပ္ပါယ်

ကုသိုလ်, အကုသိုလ်ဇောတို့သည် သညာဝိပလ္လာသ-စသော ဝိပလ္လာသ တရားမကင်းသေးသော ပုထုဇန်,သေက္ခ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ကြောင့် အတိဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံ အခြင်း အရာအားဖြင့် ယူတတ် ထင်တတ်ကုန်၏။ အနိဋ္ဌာရုံကိုစဉ်လျက် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ အနေအားဖြင့် အာရုံကို ယူတဘ်, ထင်တတ်ကုန်၏။ ။ ထိုစကားကိုထင်ရှားစွာဘော်ပြဦးအံ့။ ။ရတနာသုံးပါးကို မကြည်ညိုကုန် သော တိတ္ထိစသောသူတို့အား ဘုရားအစရှိသော အတိဣဋ္ဌာရုံ အစစ်ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌ အခြင်းအရာ အားဖြင့် ဒေါမနဿဇော စောကုန်၏။ သဒ္ဓါတရား ခေါင်းပါးသောသူတို့အား ဘုရား အစရှိသော အတိဣဋ္ဌာရုံကို ဘူးမြင်ရသော်လည်း လျစ်လျူရှုသော အခြင်းအရာအား ဖြင့် ဥပေက္ခာဇော စောကုန်၏။ နက်နဲသော ဉာဏ်သဘောရှိသော သူတို့ အား စက်ဆုပ်အပ်သော မစင်ခွေးကောင်ပုပ် စသော အနိဋ္ဌာရုံကို တွေ့ မြင်သော်လည်း လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စောကုန်၏။ ခွေး-ဝက်-ကြက်-ငှက်-စသော တိရစ္ဆာန်တို့အား ငင်းစက် ဆုပ်ဘွယ်ဖြစ်သော အနိဋ္ဌာရုံ၌ နှစ်သက်သော အခြင်းအရာအားဖြင့် သော မနဿဇော စောကုန်၏။ ။ဤသို့လျှင် မပယ်အပ်သော ဝိပလ္လာသတရား ရှိကုန်သော ပုဂ္ဂိုလ်တို့အား ဝိပလ္လာသ အဟုန် အစွမ်းအားဖြင့် ဘောက် ဘောက် ပြန်ပြန် ဖြစ်မှုကြောင့် ကုသိုလ်ဇော, အကုသိုလ်ဇောတို့သည် အာရုံ မှန်သော်လည်း ဝေဒနာအမှန်နှင့် မယှဉ်နိုင်ကုန်။ ဘောက်ပြန်သော ကြောင့်''ဇော-အပြန်'' ဟု ဆိုအပ်ပါသတည်း။ ဝိပါက်မူကား အောက်၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ အကျိုးတရား မျိုးဖြစ်၍ ကံတရား၏ ပြုပြင်သည်အားလျော်စွာ ဖြစ်ရ၍ အာရုံမှန်အား လျော်စွာ ဝိပါက်စိတ်, ဝေဒနာတို့သည်လည်း အမှန်ပင် ဖြစ်ရကုန်သော ကြောင့်''ဝိပါက်အမှန်'' ဟု ဆိုအပ်ပေသတည်း။ သို့ဖြစ်၍ ရှေးဆရာကျော် တို့သည် 'ဝိပါက်အမှန်-ဇောအပြန်'' ဟု မိန့်ဆိုတော်မူကုန်သတတ်။

> ကုသလာ ကုသလာနံ ပန အပ္ပဟီနဝိပလ္လာသေသု သန္တာနေသု။ပ။
> ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာကာရတော ဂဟဏံ ဟောတိ။ ။ဋီကာကျော်။

၂၇။ ။တဒါရမ္မဏပါဠိ သောမနဿ သဟဂတ ကြိယာဇဝနာဝသာနေ သောမနဿ သဟဂတာနေဝ။ပ။ ဥပေက္ခာ သဟဂတာနေဝ ဟောန္တိ။ ။သင်္ဂြိုဟ်ပါဠိ။

ထိုတဒါရုံ ကောဒသတို့တွင်လည်း သောမနဿ သဟဂုတ် ကြိယာ ဇော၏အဆုံး၌ သောမနဿ သဟဂုတ်ဖြစ်သော တဒါရုံတို့သည် ဖြစ်ကုန်၏။ ဥပေက္ခာသဟဂုတ် ကြိယာဇော၏ အဆုံး၌လည်း ဥပေက္ခာသဟဂုတ် ဖြစ်သော တဒါရုံတို့သည် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

## တဒါရုံကျပုံ အဓိပ္ပါယ်

အထက်ပါ စကားရပ်ဖြင့် ဇောပေါင်း များစွာတို့တွင် ကြိယာဇော၏ နောက်၌ တဒါရုံကျပုံကိုသာ တိုက်ရိုက်ပြတော်မူ၏။ ကြွင်းသော ဇောတို့၏ နောက်၌ တဒါရုံကျပုံကိုကား ပြတော်မမူချေ။ သို့ဖြစ်၍ သောတုန္နယ် စာသင်ငယ်တို့၏ တဒါရုံကျနည်းကို သိရှိရန် တပေါင်းတည်း ပြုကာ အကျယ်တဝင့် ဘွင့်ပြပေအံ့။

အဟိတ် ဟသိတုပ္ပါဒ် ကြိယာဇောတပါး၊ မဟာကြိယာဇော ၄–ပါး အားဖြင့် သောမနဿ ကြိယာဇော ၅ါးပါး၏နောက်၌ သောမနဿ သန္တီရဏ ၁–ပါး၊ မဟာဝိပါက် သောမနဿ ၄–ပါးအားဖြင့် သောမနဿ တဒါရုံ ၅–ပါးတို့သည် ဖြစ်ကုန်,ကျကုန်၏။ မဟာကြိယာ ဥပေက္ခာဇော ၄–ပါး၏ နောက်၌မဟာဝိပါက်ဥပေက္ခာ ၄–ပါး၊ဥပေက္ခာသန္တီရဏ ၂–ပါး အားဖြင့် ဥပေက္ခာတဒါရုံ ခြောက်ပါးဖြစ်ကုန် ကျကုန်၏။ ။အဘယ့်ကြောင့် ၎င်းကြိယာဇောတို့၏ နောက်၌ တဒါရုံတို့ ကျပုံကိုသာ သတ်မှတ်၍ အရှင် အနုရုဒ္ဓါ ဆရာမြတ် ပြဆိုတော်မူအပ်ပါသနည်း ဟူမူ၊ ၎င်းမဟာကြိယာ ဇောများသည် ဘုရား ရဟန္တာ အရှင်မြတ်များ၏ သန္တာန်တော်၌သာ ဖြစ်သောကြောင့် ၎င်းအရိယာအရှင်မြတ်ကြီးတို့သည် အနိဋ္ဌာရုံကို တွေ့မြင် သိရှိပါက အနိဋ္ဌာရုံ ဟုသာ ထင်မြင်တော်မူကုန်၏။ဇောက်ပြန်၍ ဣဋ္ဌာရုံ ဟု မထင်မြင်ကြကုန်၊ ဣဋ္ဌာရုံကို တွေ့မြင်သိရှိပါကလည်း ဣဋ္ဌာရုံ ဟုသာ ထင်မြင်ကြကုန်၏။ အနိဋ္ဌာရုံ–ဟု ဇောက်ပြန်၍ မထင်မြင်ကြကုန်။သို့သော်

တပ်နှစ်သက်ခြင်း တရားမရှိကြပေ။ ဤသို့ အထင်အမြင် မတောက် ပြန်သောကြောင့် ဝိပါက်လည်း အမှန်ဖြစ်၍ ဇောလည်း အမှန်ပင်ကျလေ၏။ သို့ဖြစ်ပါ၍ သင်္ဂြိုဟ်ကျမ်း၌ အရှင်အနုရုဒ္ဓါ ဆရာမြတ်သည် *ကြိယာ ဇော၏နောက်၌ တဒါရုံကျပုံကိုသာ သေချာစွာ သတ်မှတ်၍ ပြဆိုတော် မူအပ်ပါသတည်း။ ။ဤကား **ဘုရား ရဟန္တာများ၏ တဒါရုံကျပုံ** တည်း။ ကြွင်းသော လောဘမူဇော ၈-ပါး၊ မောဟဇော ၂-ပါး၊ မဟာ ကုသိုလ်ဇော ၈-ပါး၊ ပေါင်းဇော ၁၈-ပါးတို့၏ နောက်၌ တဒါရုံ ၁၁-ပါး အကုန်ပင် အမှတ်မရှိ ဖြစ်နိုင် ကျနိုင်၏။ ။အဘယ့်ကြောင့် ဆိုသော် ၎င်း ဇော ၁၈-ပါးတို့သည် ပုထုဇန် ပုဂ္ဂိုလ်,သေက္ခ ပုဂ္ဂိုလ်တို့ သန္တာန်၌သာ ဖြစ်ကုန်၏။၎င်းပုဂ္ဂိုလ်တို့သည်ကား အနိဋ္ဌာရုံကို ဣဋ္ဌာရုံ-ဟု ထင်နိုင်ခြင်း၊ ဣဋ္ဌာရုံကို၎င်း အနိဋ္ဌာရုံ ဟု ဘောက်ဘောက် ပြန်ပြန် ထင်နိုင်သောကြောင့် တဒါရုံလည်း အမှတ်မရှိ အကုန်ပင် ကျနိုင်, ဖြစ်နိုင်လေသတည်း။ ။ ပုထုဇန် ပုဂ္ဂိုလ် ၄-ယောက်တို့တွင် **တိဟိတ်ပုဂ္ဂိုလ်တို့အား** တဒါရုံ ကော ဒသ အကုန်ကျနိုင်၏။ **ဒွိဟိတ်သုဂတိအဟိတ် ပုဂ္ဂိုလ်တို့အား** မဟာဝိပါက် ဉာဏဝိပ္ပယုတ် ဒွိဟိတ်တဒါရုံ ၄-ပါး၊ အဟိတ် သန္တီရဏ ၃-ပါးအား ဖြင့် တဒါရုံ ၇-ပါး ကျနိုင်၏။ ။**ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်အား** အဟိတ် သန္တီ ရဏ တဒါရုံ ၃-ပါးသာ ကျနိုင်၏။ ။ဤကား ပုထုဇန် ပုဂ္ဂိုလ်နှင့် ကြွင်း သော အရိယာတို့၏ တဒါရုံ ကျပုံတည်း။

---

## ဝိသုဒ္ဓါရုံ ကဗျာ လင်္ကာ

ဤဝယ်သနစ်၊ အရည်စစ်ကား၊ ဥပေက် ကြိယာ၊ ဒေါသာ ခြောက် နောက်၊ တဒါ ခြောက်တည်း၊ ကြိ-သော-နောက်ငါး၊ကြွင်းငြား ဆဲ့ရှစ်၊ ဇောနောင် ဖြစ်ကား၊ ဆဲ့တစ် တဒါရုံ ပေါင်းတည်း။
(*ဒေါသဇောနောင် တရုံဒါကျပုံကို နောက်၌ ဆိုလတ္တံ့)။

---

## ဆောင်ပုဒ်

က။ ။တိဟိတ်မှာကား၊ ဆဲ့တပါး၊ ကြငြား-တဒါရုံ။
ခ။ ။ဒွိ-သု-အဟိတ်၊ ဒါရုံစိတ်၊ ကျရိပ် ၇-စုံ။
ဂ။ ။ဒု-အဟိတ်မှာ၊ ရုံတဒါ၊ ကျရာ-အဟိတ်ရုံ။

ဤ ဆိုအပ်ပြီး သည်ကား ကေနွတည်း။ ယောဘုယျ အားဖြင့်ကား ဉာဏသမ္ပယုတ် ဇောနောင်၊ ဉာဏသမ္ပယုတ် တဒါရုံကို ချအပ်၏။ ဉာဏဝိပ္ပယုတ် ဇောနောင်၊ ဉာဏဝိပ္ပယုတ်တဒါရုံကို ချအပ်၏။ အကုသိုလ်ဇောနောင် အဟိတ်တဒါရုံကို ချအပ်၏။ကုသိုလ်ဇောနောင် သဟိတ်တဒါရုံကို ချအပ်၏။ ။သသင်္ခါရိကဇောနောင် သသင်္ခါရိကတဒါရုံ၊ အသင်္ခါရိက ဇောနောင် အသင်္ခါရိက တဒါရုံကို ချအပ်၏။ ။တနည်း ဝေဒနာသည် အာရုံအားဖြင့် မြဲ၏။ ဟိတ်သည် ဇောအားဖြင့် မြဲ၏။သင်္ခါရကား ပစ္စည်း အားဖြင့် မြဲ၏။ ဣဋ္ဌာရုံဖြစ်အံ့၊ သောမနဿဝေဒနာဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံ ဖြစ်အံ့၊ ဥပေက္ခာဝေဒနာ ဖြစ်၏။ ဤသို့အားဖြင့် အာရုံအားဖြင့် မြဲသတည်း၊ တိဟိတ်ဇောနောင် တိဟိတ်တဒါရုံ ကျ၏။ ဒွိဟိတ်ဇောနောင် ဒွိဟိတ်တဒါရုံကျ၏။အဟိတ်ဇောနောင် အဟိတ်တဒါရုံ ကျ၏။ ဤသို့ဇော အားဖြင့် မြဲသတည်း။ကာလသမ္ပတ္တိ အခါကောင်းခြင်းစသော အကြောင်း အားကြီးမူ အသင်္ခါရိက တဒါရုံကျ၏။ ကာလသမ္ပတ္တိစသော အကြောင်း အားနည်းမူ သသင်္ခါရိက တဒါရုံကျရိုးဖြစ်၏။ ဤသို့လျှင် ပစ္စည်းအားဖြင့် သင်္ခါရ မြဲသတည်း။ ဤကား ယောဘုယျ သာတည်း။ ။အပ္ပက အားဖြင့် ကား ပုထုဇန်,သေက္ခ ပုဂ္ဂိုလ်တို့၏ သန္တာန်တို့၌ အတိဣဋ္ဌာရုံ၌ သော် လည်း ဣဋ္ဌမဇ္ဈတ္တာရုံ-အနိဋ္ဌာရုံ အခြင်းအရာ, အနိဋ္ဌာရုံ၌လည်း ဣဋ္ဌာရုံ-ဣဋ္ဌမဇ္ဈတ္တာရုံ အခြင်းအရာအားဖြင့် ချွတ်ယွင်း ဘောက်ပြန်တတ်သဖြင့် ဝေဒနာအားဖြင့် မမြဲချေ။တိဟိတ်ကုသိုလ် ဖြစ်စေခြင်းငှါ တိဟိတ်ကုသိုလ်၌ များစွာလေ့ကျက်သော သူအား ရံခါ ဒွိဟိတ်ဇော စောခဲ့သော်လည်း ရှေး အလေ့အကျင့် အားလျော်စွာ ၎င်း ဒွိဟိတ်ဇောနောင် တိဟိတ်တဒါရုံ ကျနိုင်၏။ ဒွိဟိတ်ကုသိုလ် ဖြစ်စေခြင်းငှါ ဒွိဟိတ်ကုသိုလ်၌ များစွာလေ့ကျင့် သော သူအား၊ ရံခါ တိဟိတ်ဇော စောခဲ့သော်လည်း ရှေး အလေ့ အကျင့်အားလျော်စွာ ၎င်းတိဟိတ်ဇော၏နောက်၌ ဒွိဟိတ်တဒါရုံကျနိုင်၏။ အကုသိုလ်၌ များစွာ လေ့ကျက်သော သူအား ရံခါ ဒွိဟိတ်ဇော, တိဟိတ်ဇော စောသော်လည်း ရှေးအလေ့အကျင့် အားလျော်စွာ ၎င်း ဒွိဟိတ်ဇော, တိဟိတ်ဇောတို့၏ နောက်၌ အဟိတ်တဒါရုံ ကျနိုင်၏။

ယောဘုယျေန ဟိ အကုသလ ဇဝနေသု ပရိစိတဿ။ပ။တိဟေတုက တဒါရမ္မဏမ္ပိ။ ။ဋီကာကျော်။

---

## ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံ, အနိဋ္ဌာရုံ-အဓိပ္ပါယ်

ဣစ္ဆိတဗ္ဗန္တိ ဣဋ္ဌံ။ ။ဣစ္ဆိတဗ္ဗံ၊အလိုရှိအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဣဋ္ဌံ၊ ဣဋ္ဌမည်၏။ ။အလိုရှိအပ် ရှာမှီးအပ်သော ကောင်းမြတ်သော အာရုံ မှန်သမျှသည် ဣဋ္ဌာရုံမည်၏။ ။ဟူလို။

အတိဝိယ ဣစ္ဆိတဗ္ဗန္တိ အတိဣဋ္ဌံ။ ။အတိဝိယ၊ အလွန် အကျူးအားဖြင့်။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အတိဣဋ္ဌံ၊ အတိဣဋ္ဌ မည်၏။ ။အလွန်အလိုရှိအပ်သော အာရုံသည် အတိ ဣဋ္ဌာရုံမည်၏။ ။ဟူလို။

န ဣဋ္ဌန္တိ အနိဋ္ဌံ။ ။ဣဋ္ဌံ၊ အလိုရှိအပ်သည်။ န၊မဟုတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနိဋ္ဌံ၊ အနိဋ္ဌာရုံမည်၏။ ။အလိုမရှိအပ်သော အာရုံသည် အနိဋ္ဌာရုံမည်၏။ ။ဟူလို။

၎င်းဣဋ္ဌာရုံ စသည်တို့၏ အဓိပ္ပါယ်သည် သိသာပြီစ်၍ ရေးသားဘွင့် ဆိုဘို့ မလိုချေ။ ။အကြင်အာရုံ၌ ကုသလဝိပါက်ဖြစ်၏။ ထိုအာရုံသည် ဣဋ္ဌာရုံမည်၏။ အကြင်အာရုံ၌ အကုသလဝိပါက်ဖြစ်၏။ ထိုအာရုံသည် အနိဋ္ဌာရုံမည်၏။ သို့သော် ဇောမှာမူကား ယောနိသောစသော အကြောင်း ခတ်ခံ အားလျော်စွာသာလျှင် ဖြစ်လေ၏။ ပုထုဇန်,သေက္ခ သန္တာန်၌ အယောနိသော မနသိကာရ နှလုံးသွင်းရှိပါမူ၊အောက်က ဆိုအပ်ခဲ့ပြီးသော အတိုင်း ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံပင် ဖြစ်လင့်ကစား အကုသိုလ်ဇော ဖြစ် လေ၏။ယောနိသော,မနသိကာရနှလုံးသွင်းရှိပါမူ၊ကုသိုလ်ဇော ဖြစ်လေ၏။ ၎င်း ဣဋ္ဌ, အနိဋ္ဌ၏ အရကိုလည်း အလွန် ဆင်းရဲသော ဘုန်းတောင်း ယာစကာ ဒွန်းစဏ္ဍား ဘင်ကျုံးသမားစသော အောက်တန်းစား လူမျိုးတို့ ဖြင့်၎င်း၊ အလွန်မြတ်သော စကြဝတေး မန္ဓာတ် ခတ္တိယ မဟာသာလ သူဌေးကြီးစသော အမြတ်ဆုံးသော လူစားတို့ဖြင့်၎င်း၊ မပိုင်းခြား မဆုံး ဖြတ်အပ်။ ထိုစကားမှန်၏။အောက်တန်းစားဖြစ်သော ဒွန်းစဏ္ဍား စသော သူတို့သည် အနိဋ္ဌဖြစ်သော ထမင်းသိုး ဟင်းသိုး အဝတ်စုတ်တို့ကိုပင် ဣဋ္ဌ ဟု မှတ်ထင်ဆုံးဖြတ်ကုန်၏။ အလွန်မြတ်သော စကြဝတေး စသော သူတို့သည်ကား အဘိုးတသိန်း ထိုက်သော ကမ္ဗလာ စသည်ကိုလျက် အနိဋ္ဌာရုံဟု မှတ်ထင်ဆုံးဖြတ်ကုန်၏။ သို့ဖြစ်၍ အလယ်အလတ် ဖြစ်သော မဆင်းရဲလွန်း, မချမ်းသာလွန်းသော သူတို့ဖြင့်သာ ဣဋ္ဌ,အနိဋ္ဌ အဖြစ်ကို ဆုံးဖြတ်အပ်၏။ ဟုတ်တိုင်း မှတ်ထင်နိုင်၏။ ဟူလို။

၂၇-က။ ။ဠာဒဝိ န အတိဣဋ္ဌဿရာနံ မဟာသမ္ဘတမဟာသုဒဿန ဓမ္မာ သောကာဒီနံ ဝသေန ဝိဘတ္တံ။ပ။တေသဝိ ဒိဗ္ဗကပ္ပတ္တိ အာရမ္မဏံ အမနာပံ ဥပဋ္ဌာတိ။န အတိဒုဂ္ဂတာနံ ဒုလ္လဘန္နပါနာနံ ဝသေန ဝိဘတ္တံ။ပ။ကာလေန ဣဋ္ဌံ ကာလေန အနိဋ္ဌံ လာဘမာန ဝသေန ဝိဘတ္တံ။ ။ဝေရူပါ ဟိ ဣဋ္ဌာနိဋ္ဌံ ပရိစ္ဆိန္ဒိတုံ သက္ကောန္တိ။

သမ္မောဒဋ္ဌကထာ။

---

၂၈။ ။ဒေါမနဿသဟဂတ ဇဝနဝသာနေ စ ပန တဒါရမ္မဏာနိ စေဝ ဘဝင်္ဂါနိ စ ဥပေက္ခာသဟဂတာ နေဝ ဟောန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

ဒေါမနဿ သဟဂုတ် ဇော၏ အဆုံး၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ကုန်သော တဒါရုံ၊ ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်သော ဘဝင်စိတ်တို့သည် ဖြစ်ကုန်၏။သောမနဿသဟဂုတ် ဖြစ်သော တဒါရုံ,ဘဝင်စိတ်တို့ မဖြစ်နိုင်,မကျနိုင်ကုန်-ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

ဆိုလိုရင်း အဓိပ္ပါယ် အကျယ်ကား၊ ဤသို့တည်း။ ။ဒေါမနဿနှင့် သောမနဿတို့သည် မီးနှင့်ရေကဲ့သို့ ပဋိပက္ခ အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကြသောကြောင့် အနန္တရပစ္စည်း မတပ်နိုင်ကုန်။ သို့ဖြစ်၍ ဒေါမနဿ ဇော၏နောက်၌ သောမနဿတဒါရုံ သောမနဿဘဝင်တို့ မဖြစ်နိုင်ကုန်၊ ဥပေက္ခာသည် ချိန်သဘွယ် အလယ်အလတ် သဘော ရှိသောကြောင့် သောမနဿနှင့်လည်း အချင်းချင်း အနန္တရပစ္စည်းတပ်နိုင်၏။ ဒေါမနဿ နှင့်လည်း အချင်းချင်း အနန္တရပစ္စည်း တပ်နိုင်၏။ သို့ဖြစ်၍ ဒေါမနဿ

၂၇-က။ ။ဟိ၊မှန်၏။ဝါ၊ချဲ့၍ပြဦးအံ့။ဣဋ္ဌံ၊ဤဣဋ္ဌ အနိဋ္ဌ၏ အစုကို။အတိဣဋ္ဌသဿရာနံ၊ အလွန် တရာအခိုးရကုန်သော။မဟာသမ္ဘတ မဟာ သုဒဿန-ဓမ္မာသောကာဒီနံ၊ မဟာသမ္ဘတမင်း, မဟာသုဒဿနစကြာမင်း, သီရိဓမ္မာသောကမင်း စသောသူတို့၏။ ဝသေန၊ အစွမ်းအားဖြင့်လည်း။န ဝိဘတ္တံ၊မဝေဘန်အပ်။ ကသ္မာ၊အဘယ်ကြောင့်နည်း ဟူမူကား။ ဟိ ယသ္မာ၊အကြင် ကြောင့်။ တေသံ၊ထိုအလွန်မြတ်သောသူတို့အား။ဒိဗ္ဗကပ္ပံ၊နတ်ကဲ့သို့သော။ အာရမ္မဏံပိ၊အာရုံ စည်သော်။အမနာပံ၊နှလုံးမသာယာဘွယ် အာရုံဟူ၍။ဥပဋ္ဌာတိ၊ထင်မြင်၏။အတိဒုဂ္ဂတာနံ၊အလွန်ဆင်းရဲကုန်သော။ဝါ၊ဆင်းရဲသောကြောင့်။ဒုလ္လဘန္နပါနာနံ၊ရခဲသော သောက်ဘွယ် အဖျော်ရှိကုန် သောဘုန်းတောင်းယာစကာစသောသူတို့၏။ဝသေန၊အစွမ်းဖြင့်။န ဝိဘတ္တံ၊မဝေဘန် အပ်။ဟိ၊ မှန်၏။ဝေရူပါ၊ဤသို့အလယ်အလတ်သဘောရှိကုန်သောသူတို့သာလျှင်။ဣဋ္ဌာနိဋ္ဌံ၊ဣဋ္ဌာရုံ,အနိ ဋ္ဌာရုံကို။ဝါ၊ဟူ၍။(ဣဋ္ဌတိသဒ္ဒါဂမှုမန် ပရိစ္ဆိန္ဒိတုံ၊ဆုံးဖြတ်ခြင်းငှါ။သက္ကောန္တိ၊စွမ်းနိုင်ကုန်၏။

ဇောစ၏ နောက်၌ ဥပေက္ခာ ဖြစ်သော တဒါရုံ ဘဝင်စသည်တို့သာကျနိုင် ဖြစ်နိုင်ကုန်၏-ဟု ဆိုလိုသည်။

န သောမနဿ သဟဂတာနိ အညမညံ ဝိရုဒ္ဓသဘာဝတ္တာ။

ဋီကာကျော်။

---

**ဆောင်ပုဒ်**

က။ ။ဒေါ်-သော ၂-ပါး၊ မခြား မီး ရေ၊ ဆန့်ကျင်လေကြ၊ သဘာဝ၊ မကျ-သော,ဒါ-ဘွင်။

ခ။ ။ဥပေက္ခာသာ၊ လိုက်ရောပါ၊ ကျရာဥ-ဒါ-ဘွင်။

---

**၂ဂ။ ။တသ္မာ ယဒိ သောမနဿ ပဋိသန္ဓိကဿ ဒေါမနဿ သဟဂတဇဝနာဝသာနေ အာစရိယာ၊ ။သင်္ဂြိုဟ်ပါဌ်။**

---

ထိုဆိုအပ်ပြီးသော အရ၊ ဒေါသဇောနောင် သောမနဿ ဖြစ်သော တဒါရုံ, သောမနဿ ဖြစ်သော ဘွင်များမကျနိုင် မဖြစ်နိုင်သောကြောင့် မူလပဋိသန္ဓေ တည်စကပင် သောမနဿစိတ်နှင့် ပဋိသန္ဓေတည်နေသော သူအား ပဝတ္တိအခါ၌ အတိဣဋ္ဌာရုံပင် ဖြစ်စေ၊ မဟန္တာရုံ, အဝိဘူတာရုံ ဖြစ်စေ၊ပညတ် မဟဂ္ဂုတ်အာရုံပင် ဖြစ်စေ၊ယောနိသော နှလုံးသွင်းခတ်ခံ ညံ့ခြင်း စသည်တို့ကြောင့် သောမနဿဇောစိတ်မဖြစ်ပါဘဲ ဒေါသဇော စောသည် ဖြစ်အံ့။ဝါ၊ ဖြစ်ခဲ့သည်ရှိသော်။ ထိုသူ၏ ဒေါသ ဇောနောင် ဝေဒနာ ပြားသောကြောင့် ဥပေက္ခာတဒါရုံမကျနိုင်,မဖြစ်နိုင်ပေ။ဘဝင်သာ ဖြစ်ရလေ၏။ထိုသို့ ဘဝင်သာ ဖြစ်ရလင့်ကစား သောမနဿ ဘဝင်ဖြစ် ပြန်ရလျှင်လည်း ဇောနှင့် မလျော် မသင့်ခဲ့။ ဥပေက္ခာ ဘဝင် ဖြစ်ပြန်လျှင် လည်း ပဋိသန္ဓေနှင့် မတော် မသင့်ခဲ့ချေ။ထိုသို့ ဝေဒနာ အစပ်မသင့်လေ သောကြောင့် ယခုဘဝဝယ် ရှေးရှေး အခါကာလ၌ လေ့ကျက်အပ်ဘူး သော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာ သန္တီရဏသည် အာဝဇ္ဇန်း ကိစ္စ မတပ်ပါဘဲ အာဂန္တုက ဘဝင် ကိစ္စ တစ်ခါ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်မှသာ ထိုစိတ်မှ အနန္တရ စသော ပစ္စည်းကိုရ၍ ပဋိသန္ဓေ သောမနဿ စိတ်နှင့် တူစွာ သောမနဿ ဘဝင်ကျလေ၏။ ။ဟူလို။

## အဓိပ္ပါယ် အကျယ်ကို ဤသို့သိ

ပဋိသန္ဓေစိတ်,ဘဝင်စိတ် စုတိစိတ်တို့သည် ဘုံအားဖြင့်လည်း မကွဲရ၊ ဇာတ်အား ဖြင့်လည်း မကွဲကောင်း၊ သမ္ပယုတ္တ ဝေဒနာ သင်္ခါရတို့ ဖြင့်လည်း မကွဲပြားသင့် သဖြင့် မူလ ပဋိသန္ဓေ အခါက သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သောစိတ်နှင့် ပဋိသန္ဓေ တည်နေခဲ့ပြီးသော ပုဂ္ဂိုလ် အား ဘဝင်ကျခဲ့သော် သောမနဿ ဘဝင်သာကျရမည်ဖြစ်၏။ သို့သော် အတိဣဋ္ဌာရုံ အစစ်ပင်ဖြစ်သော သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ် တော်မြတ်ကို တွေ့မြင်ရပါလျက် တိတ္ထိစသော သူတို့သည် နှစ်သက်ခြင်း မရှိနိုင်,မကြည်ညိုနိုင်သဖြင့် သောမနဿမဖြစ်နိုင်ပါဘဲ ဒေါသဇော စော လေကုန်၏။ ထိုသို့စောသော အခါမျိုး၌ စိစစ်လိုက်သည်ရှိသော် ပဋိသန္ဓေ စိတ်က သောမနဿဖြစ်၏။ ဇောစိတ်က ဒေါမနဿစိတ် ဖြစ်နေ၍ ပဋိ သန္ဓေစိတ်ကို ထောက်သော် သောမနဿတဒါရုံ သောမနဿ ဘဝင် သာ ကျရလိမ့်မည်။သို့ကျသင့်သော်လည်း ဇောက ဒေါသဇော ဖြစ်နေ၍ ဝေဒနာချင်းမတူ ဆန့်ကျင်၍ ဖြစ်သောကြောင့် အနန္တရပစ္စည်း မတတ်နိုင် ရကား သောမနဿ တဒါရုံ သောမနဿ ဘဝင်များ မကျနိုင်ချေ။ ထို့ ကြောင့် ဤဒေါမနဿဇောမဖြစ်မီ ရှေးရှေးအခါကာလ၌ မိမိလေ့ကျက် နေကျ နှလုံးသွင်းမြဲ ဖြစ်သော ကာမအာရုံကို အာရုံပြု၍ ဒေါသဇောကို ငဲ့ခါ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည် အာဝဇ္ဇန်းကိစ္စ, သန္တီရဏ ကိစ္စစသည်မတပ်ပါဘဲ အာဝဇ္ဇန်း ကင်းလျက် အပို အာဂန္တုက ဘဝင် ကိစ္စတပ်၍ တကြိမ်ဖြစ်ရ၏။ ထိုနောက်မှ ၎င်းဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်သော အပို အာဂန္တုက ဘဝင်ကို အနန္တရ ပစ္စည်းပြု၍ ပြီးမှသာလျှင် ပဋိသန္ဓေစိတ်နှင့်တူစွာ သောမနဿ ဘဝင်ဆက်၍ ကျလေ၏။ ဤကား ဒေါမနဿဝိထိ၌ ပဋ္ဌာဒါရဝိထိ အစဉ်ဖြစ်ပုံတည်း။

မနောဒွါရ၌ကား သောမနဿစိတ်နှင့် ပဋိသန္ဓေတည်နေသော ဈာန် ရသော ဈာနလာဘီ ပုဂ္ဂိုလ်အား တစုံတခုသော မိန်းမရုပ်ပုံ စသော ဝိသဘာဂအာရုံကြောင့် လောကီဈာန်မှလျှောကျခဲ့သော် ငါ့အားမြတ်သော တရားသည် ပျက်စီးလေစွတကား ဟု နှလုံး မသာယာခြင်း ဒေါသဇော စောသည် ရှိသော် ဈာန်တည်းဟူသော မဟဂ္ဂုတ် အာရုံကို အာရုံပြု၍ ဒေါမနဿဝိထိစိတ်ဖြစ်၏။ထိုကဲ့သို့သော ဒေါသဇောကျသော မနောဒွါရ

အဝိဘူတာရုံဝီထိဖြစ်ခဲ့လျှင်လည်း ထိုအတူ ဒေါသဇောနောင် အာဂန္တုက ဥပေက္ခာသန္တီရဏ ဘဝင်ကိုချရ၏။မဟဂ္ဂုတ်အာရုံဖြစ်သောကြောင့် တဒါရုံ မဖြစ်နိုင်ပေ၊ ထိုအာဂန္တုက ဘဝင်ကို အနန္တရပစ္စည်း ပြုပြီးမှသာလျှင် သောမနဿ ဘဝင်သည် ကျနိုင်လေ၏။ ။(ကြွင်း အာရုံတို့၌ နည်းတူသိ)

## အာဝဇ္ဇန်း ကင်းခြင်း အဓိပ္ပါယ်

ဤဒေါသ၏ နောက်၌ ကျသော ဥပေက္ခာသန္တီရဏစိတ်သည် အာဝဇ္ဇန်းကင်းလျက် တကြိမ် ဖြစ်၏ ဟု ဆိုရာဝယ် အာရုံအားလျော်စွာ ဖြစ်သမျှသော ပဉ္စဒွါရိကဝီထိစိတ် မနောဒွါရိက ဝီထိစိတ်တို့သည် အာဝဇ္ဇန်း ကင်းလျက် ဖြစ်သည် မရှိ၊ အာရုံကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်း ၂-ပါးတွင် တပါးပါးနှင့်သာ ဖြစ်ရိုးရှိ၏။အကြောင်းသော်ကား တွေ့မြင်သိရှိ ထိခိုက်လာသောအာရုံများကို ဆင်ခြင်ပြီးမှသာ ၎င်းဆင်ခြင်ပေးသော အာရုံအတိုင်း ကြွင်းသော ဝီထိစိတ်တို့ ဖြစ်နိုင်သောကြောင့်တည်း။ သို့သော် ယခု ဤဒေါသဇော ဝီထိ၌ ဖြစ်သော ဥပေက္ခာသဟဂုတ် ဘန္တီရဏ စိတ်နှင့် နိရောဓ သမာပတ္တိဝီထိဝယ် ဖိုလ်စိတ် ဤ ၂-ပါးသော စိတ်တို့ကား အာရုံကို မဆင်ခြင်ပါဘဲလျက် ဖြစ်နိုင်သောကြောင့် အာဝဇ္ဇန်းကင်းသောစိတ်မည်ကုန်၏။ ကြွင်းသော ဝီထိစိတ်များကား အာဝဇ္ဇန်းနှင့်တကွဖြစ်သော စိတ်များမည်ကုန်၏။သည့်မျှမကသေး၊ တခုသော ဝီထိအတွင်းရှိ စိတ်တို့သည် အာရုံအားဖြင့်၎င်း၊ ဝေဒနာ သင်္ခါရ စိတ် စေတသိက် အယှဉ်အားဖြင့်၎င်း မကွဲပြားကြမူ၍ အညီအညွတ်သာ ဖြစ်ကုန်၏။

၂၀-က။ ။နိရာဝဇ္ဇံ ကထံ စိတ္တံ၊ဟောတိ နေတံ ဟိ သမ္မတံ။
နိယမော န ဝိနာဝဇ္ဇံ၊ နိရောဓာ ဖလဒဿနာ။
သစ္စသံခိပ်။

## ဆောင်ပုဒ်

က။ ။ဒေါသဝီထိ၊ ဖြစ်ဘိ ဥသံ၊နိရောဓံဝယ်၊ဖလံ နှစ်ပါး၊
ယင်းစိတ်ကား၊ကင်းငြား-အာဝဇ္ဇန်း။

ခ။ ။ကြွင်းစိတ်များမှာ၊ မြဲဖြစ်ပါ၊ ယှဉ်ခါ-အာဝဇ္ဇန်း။

## ဘဝင် အပြား

ဤ၌ ဘဝင်အပြားကို သိအပ်၏။ ဘဝင်တို့သည် မူလဘဝင်, ဝိဠ္ဌိဘဝင်, အာဂန္တုက ဘဝင်-ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် ပဋိသန္ဓေ စိတ်နှင့် ဝေဒနာ, ဉာဏ်, သင်္ခါရ-သုံးပါးလုံး တူသော ပဝတ္တိအခါ ဖြစ်သမျှသော ဘဝင်များသည် မူလဘဝင်မည်၏။နောက်ဆုံးဖြစ်သောတဒါရုံစိတ်သည် ဝိဠ္ဌိဘဝင်မည်၏။ ပဋိသန္ဓေစိတ်နှင့် ဝေဒနာ, ဉာဏ်,သင်္ခါရ ၃-ပါးလုံး မတူသော ယခု ဒေါမနဿဝီထိ၌ ကျသောဘဝင်သည် အာဂန္တုကဘဝင်မည်၏ ဟု မှတ်။ ။ဤ ၃-မျိုးသော ဘဝင်တို့တွင် ဒေါမနဿဝီထိ၌ ဇော၏နောက်၌ ကျသော ဘဝင်သည် အာဂန္တုကဘဝင် မည်၏။ ။အဘယ့်ကြောင့် အာဂန္တုကဘဝင် မည်သနည်း ဟူမူ။

အာဂစ္ဆတီတိ အာဂန္တုကော။

အာဂစ္ဆတိ၊ ခေတ္တဝင်ရောက်လာတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာဂန္တုကော၊ အာဂန္တုကမည်၏။ ။''အာဂန္တုကော စ ဘဝင်္ဂဉ္စ အာဂန္တုက ဘဝင်္ဂံ''။ ။အာဂန္တုကော စ၊ ခေတ္တ လာတတ်သောကြောင့် အာဂန္တုကသာ ဖြစ်သော။ ဘဝင်္ဂံ၊ဘဝင်စိတ်တည်း။ ဣတိ၊ကြောင့်။ အာဂန္တုကဘဝင်္ဂံ၊ အာဂန္တုက ဘဝင်မည်၏။ ။ဝိဂ္ဂြိုဟ်အရ၊.... မူလဓာတ်ခံသောမနဿနှင့် ပဝတ္တိ ဒေါမနဿ နှစ်ပါးတို့၏ အဆင် မတွဲကြသဖြင့် ဝီထိစိတ်, တပိုင်းတစဖြစ်ခါ ဘဝင်မကျနိုင်ဘဲ ရှိနေရာဝယ် ဝီထိစိတ် ပြည့်စုံရန် ဂဟေ ပမာ အဝိုဖြစ်ပေါ်လာသော ဘဝင်မျိုးသည် **အာဂန္တုကဘဝင်မည်** ၏ ဟု မှတ်။

၎င်းအာဂန္တုက ဘဝင်သည် ၁၄-ပါးသော ကိစ္စတို့တွင် အဘယ်ကိစ္စနှင့် ဖြစ်လာရသနည်းဟူမူ။ ။ဘွဲ့ဒနဲ ဖြစ်ပေါ်လာရ၍ ဇော၏ အာရုံကိုလည်း မယူနိုင်သောကြောင့် တဒါရုံကိစ္စဖြင့်လည်း မဖြစ်ပေ။ ပဋ္ဌာရုံကို

---

၂၈-က။ ။နိရာဝဇ္ဇံ၊ အာဝဇ္ဇန်းကင်းသော။ ခိတ္တံ၊ စိတ်သည်။ ကထံဟောတိ၊ အဘယ့်ကြောင့် ဖြစ်နိုင်အံ့နည်း။ ဟိ ယုတ္တံ၊ ဓေဒနာသင့်စွ။ ဘော၊ ထိုအာဝဇ္ဇန်း ကင်းလျက် စိတ်၏ဖြစ်ခြင်းကို။ နသမ္မတံ၊ ရှေးသူမြတ်တို့ မသမုတ်အပ်ခဲ့ပေ။ ဣတိ၊ ဤကား ဓေဒနာ၊ နိယမော၊ အာဝဇ္ဇန်းနှင့်တကွသာ ဖြစ်၏-ဟု မြဲသေးအမှတ်သည်။ နိ၊ မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား၊ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသောအနာဂါမ်ပုဂ္ဂိုလ်-ရဟန္တာပုဂ္ဂိုလ်၏။ အာဝဇ္ဇံ၊ အာဝဇ္ဇန်းကို။ ဝိနာ၊ ကင်း၍။ ဖလဒဿနာ၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဖိုလ်စိတ်ဖြစ်သည်ကို မြင်ခြင်းကြောင့်တည်း။

မစုံစမ်းမူ၍ ဖြစ်ပေါ်လာသောကြောင့် သန္တီရဏ ကိစ္စဖြင့်လည်း မဖြစ်ပေ။ ပဋိသန္ဓေစသော ကိစ္စကား ဆိုဘွယ်မျှ မရှိ။ ။ပစ္စုပ္ပန် ဤယခုဘဝ၏ အကြောင်းမျှသာဖြစ်၍ ဘဝင်ကိစ္စဖြင့်သာ ဖြစ်ပေါ်လာလေသတည်း။

ကေန ပန ကိစ္စေန ဥဒ္ဒံ စိတ္တံ ပဝတ္တတီတိ။ တဒါရမ္မဏ ကိစ္စေန တာဝ န ပဝတ္တတိ။ပ။ဘဝဿ အင်္ဂဘာဝတော ဘဝင်္ဂကိစ္စေနာတိ ယုတ္တံ သိယာ။ ။ဋီကာကျော်။

---

## ဆောင်ပုဒ်

ကျ။ ။မူ-ဝိဋ္ဌ-အာဂန်၊ ယင်းသုံးတန်၊ မှတ်ရန်-ပြားဘွင်။
ခ။ ။ဘဝင်-ကိစ္စ၊ တပ်ပါရ၊ မှတ်ကြ''အာဂန်''ဘွင်။

---

## ဒေါမနဿဝီထိ အပြား

ဤ ဒေါမနဿဝီထိသည် မျက်စိဖြင့် တွေ့မှု နားဖြင့် ကြားရမှုစသည်တို့၏ အစွမ်းကြောင့် ဖြစ်ပေါ်သော ဒေါသစိတ် အားလျော်စွာ။ ။စက္ခုဒွါရဝီထိ။ပ။ကာယဒွါရဝီထိ ဟု ပဉ္စဒွါရ ငါးဝီထိ၊ မနောဒွါရ တဝီထိအားဖြင့် ပေါင်း သာမညအားဖြင့် ခြောက်ပါး အပြားရှိ၏။ ။ထိုတွင် ပဉ္စဒွါရ ငါးဝီထိတို့တွင် တဝီထိ တဝီထိ၌ အတီတဘဝင် ၁-ချက်လွန်၊ ၂-ချက်လွန်၊ ၃-ချက်လွန်အားဖြင့် သုံးဝီထိစီ ရကောင်းသောကြောင့် စက္ခုဒွါရ ၃-ဝီထိ ပ။ကာယဒွါရ သုံးဝီထိအားဖြင့် ငါးဒွါရ၌ ၁၅-ဝီထိ။တိတ္ထိတို့ သန္တာန်၌ တဝီထိ ဈာန်လျှောကျသော တိဟိတ်ပုဂ္ဂိုလ်သန္တာန်၌ တဝီထိအားဖြင့် မနောဒွါရ၌ ၂-ဝီထိ။ ပေါင်း ဝိသေသအားဖြင့် ၁၇-ဝီထိ ဖြစ်သတည်း။

---

## ပဉ္စဒွါရ ဒေါမနဿ ဝီထိပုံစံ

ကံ,ကမ္မ,ဂတိ အတိဣဋ္ဌာရုံ ကာမအာရုံ

တီ န ဒ····ပ စ သံ တီ ဝု ဇော ဇော ဇော ဇော ဇော ဇော

ဝ'ဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ဝဝဝ၊ ဝဝဝ၊ ဝဝဝ၊ဝဝဝ၊

ဇော····''ဘွင်''ဘွင်ဘွင် (ဇော-နောက်ဘဝင်ကား အာဂန္တုဘွင်တည်း)

ဝဝဝ၊ ဝဝဝ၊ဝဝဝ၊ဝဝဝ၊

*ဤဝီထိကား၊ ပဉ္စဒွါရ စက္ခုဒွါရ ဝီထိပုံစံ ဖြစ်သည်။ ကြွင်းသောသောတဒွါရ။ပ။ကာယဒွါရဝီထိတို့၏ ပုံစံကိုလည်း ဤအတိုင်းချလေ။

မနောဒွါရ ဒေါမနဿ ဝီထိပုံစံ

နိမိတ်သုံးပါး ဪဇာကျသော ဗျာန်အာရုံ ရှေးကာမ အာရုံ
န ဒ····မ ဇော ဇော ဇော ဇော ဇော ဇော ဇော ''ဘင်'' ဘင် ဘင်
ooo၊ ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊
နိမိတ်သုံးပါး ဘုရားစသော အာရုံ ရှေးကာမ အာရုံ
န ဒ····မ ဇော ဇော ဇော ဇော ဇော ဇော ဇော····''ဘင်''ဘင် ဘင်
ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊ooo၊

---

၂၉။ ။တထာ ကာမာဝစရေ ဇဝနာဝသာနေ ကာမာဝစရသတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တီတိ။ ။သင်္ဂြိုဟ်ပါဠ်။

တဒါရုံသည် ကာမာဝစရဘုံသားတို့အား ကာမအာရုံ ကာမာဝစရ ဇော၏ အဆုံး၌သာ ကျနိုင် ဖြစ်နိုင်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

၃၀။ ။ကာမေ ဇဝနသတ္တာလမ္ဗဏာနံ နိယမေ သတိ။
ဝိဘူတေတိမဟန္တေ စ၊ တဒါရမ္မဏ မီရိတံ။
အယမေတ္ထ တဒါရမ္မဏနိယမော။ ။သင်္ဂြိုဟ်ပါဠ်။

---

၁-ကာမဇောလည်း ဖြစ်စေ၊ ၂-ကာမဘုံသားလည်း ဖြစ်စေ၊ ၃-ကာမ အာရုံလည်း ဖြစ်စေ၊ ဤအင်္ဂါသုံးပါး ပြည့်စုံ၍ အတိမဟန္တာရုံ ဝိဘူတာရုံ တို့၌သာလျှင် တဒါရုံကို ချအပ်၏။ ။ဟူလို။ ။ ဤကား ပိဏ္ဍတ္ထ။

---

အဓိပ္ပါယ် အကျယ်

ဂုဏ်အထက်ပါ တဒါရုံကျနိုင်ပုံကို ပြသော သင်္ဂြိုဟ်ပါဠ်၏ အဓိပ္ပါယ် အကျယ်ကို ဤသို့သိအပ်၏။ ။တဒါရုံကျနိုင် ဖြစ်နိုင်မှုကား၊ ၁-ကာမဘုံ သားလည်း ဖြစ်စေ၊ ၂-ကာမဇောလည်း ကျသည့်အခါလည်း ဖြစ်စေ၊ ၃-ကာမအာရုံလည်း ဖြစ်စေ၊ ဤအင်္ဂါသုံးပါးညီ၍ အတိမဟန္တာရုံ ဝိဘူ တာရုံ၌သာလျှင် တဒါရုံကျနိုင် ဖြစ်နိုင်၏။ ။၁-အဘယ့်ကြောင့် ကာမဘုံ

သားများသာလျှင် တဒါရုံဖြစ်၍ ရူပဗြဟ္မာ,အရူပဗြဟ္မာတို့အား တဒါရုံ မဖြစ်ပါသနည်းဟူမူ။ ။တဒါရုံဟူသည် ကာမာဝစရ မဟာဝိပါက်စိတ် ၈-ပါးနှင့် အဟိတ်သန္တီရဏစိတ် ၃-ပါး၊ ပေါင်း ၁၁-ပါးသာ ဖြစ်၍ ၎င်း ၁၁-ပါးသော စိတ်တို့သည်လည်း ကာမဘုံသားများ၏ ပဋိသန္ဓေ စိတ်များသာ ဖြစ်သောကြောင့် ကာမဘုံသားများသာ တဒါရုံ ဖြစ်နိုင်၏။ကာမ ပဋိသန္ဓေစိတ်နှင့် တည်နေသော သူများသာ ကာမဘဝင်စိတ်, ကာမတဒါရုံ စိတ်ဖြစ်နိုင်၍ ရူပဗြဟ္မာ,အရူပ ဗြဟ္မာများကား ၎င်း ကာမပဋိသန္ဓေ မျိုးစေ့ မရှိသောကြောင့် တဒါရုံမဖြစ်နိုင် ဟု သိ။ ။၂-ကာမဇော၏ နောက်၌ သာလျှင် တဒါရုံကျနိုင်၍ မဟဂ္ဂုတ်ဇော,လောကုတ္တရာဇောတို့၏ နောက်၌ ကား အဘယ့်ကြောင့် မဖြစ်နိုင်ပါသနည်း ဟူမူ။ ။တဒါရုံ ဟူသည် ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကာမာဝစရ ကုသိုလ်ကံ၏ အဟုန်ကြောင့် ဖြစ်သော အကျိုးတရား ဖြစ်သောကြောင့် ကာမဇော၏ နောက်၌သာ ကျနိုင်၏။ ။ထိုကာမသဘော မရှိသောကြောင့် မဟဂ္ဂုတ် ဇော,လောကုတ္တရာဇောတို့၏ နောက်၌ မဖြစ်နိုင်။ ။တနည်း၊ တဒါရုံသည် ကာမကိုသာ ကေန်အာရုံပြု၏။ မဟဂ္ဂုတ်ဇော, လောကုတ္တရာဇောတို့ကား ကာမကို အာရုံမပြုသည်ဖြစ်၍ အာရုံကွဲသောကြောင့် မဟဂ္ဂုတ်, လော ကုတ္တရာဇောတို့၏ နောက်၌ တဒါရုံမကျနိုင်။ ထိုစကားမှန်၏၊ ။တဒါရုံ ဟူသည် မိမိ၏ ရှေးဖြစ်နှင့်ပြီးသော ဇော၏ အာရုံကိုသာ အာရုံပြုသော သဘောရှိ၍ ဇောနှင့်တဒါရုံတို့သည်အာရုံချင်းတူရ၏။မကွဲပြားကောင်းပေ။ ၎မဟဂ္ဂုတ်ဇော, လောကုတ္တရာဇောတို့နှင့် တဒါရုံသည် အာရုံကွဲသော ကြောင့် ၎င်းဇောတို့၏ နောက်၌ တဒါရုံ မကျနိုင် ဟု မှတ်။ ။ဥပမာ ဆိုသော်။မိမိနေမြဲအိမ်မှ တပါးသောအရပ်ကို သွားလိုသော သူငယ်ကလေး သည် မိမိနှင့် အမြဲနေဘော် ထိုင်ဘက်ဖြစ်၍ သဘောသဘာဝ သိကျွမ်း နေကြ တူမျှသော အမိ,အဘ၊သို့မဟုတ် အမိ,အဘတို့ကဲ့သို့ပင် သဘောတူမျှ အကျွမ်းဝင်နေကြဖြစ်သော ဘကြီး, ဘထွေး, မိကြီး, မိထွေး, အစ်ကို, အမ စသောသူတို့၏ နောက်သို့သာလျှင် လိုက်၏။ သူစိမ်းပြင်ပဖြစ်သော အခြား သူတို့၏ နောက်သို့ မလိုက်ဘိသကဲ့သို့ ထိုအတူ သူငယ်နှင့်တူသော တဒါရုံ သည်လည်း အမိ, အဘနှင့် တူသော ကာမကုသိုလ် အကုသိုလ် ဇော တို့၏ နောက်၌၎င်း၊ ဘကြီး ဘထွေး စသည်တို့နှင့်တူသော မဟာကြိယာ ဇော၏ နောက်၌၎င်း ကျလေ ဖြစ်လေ၏။သူစိမ်းပြင်ပနှင့်တူသော ရူပဇော,

အရူပဇော,လောကုတ္တရာ ဇောတို့၏ နောက်၌ကား အချင်းခပ်သိမ်း ကျရိုး ဖြစ်ရိုး မရှိလေသတည်း။ ၃-ကာမအာရုံ၌သာလျှင် တဒါရုံကျနိုင်၍ ပညတ်စသော အခြားသောအာရုံတို့၌ အဘယ့်ကြောင့် တဒါရုံမဖြစ်နိုင်ပါသနည်း ဟူမူ။ ။တဒါရုံစိတ်တို့သည် အာသဝေါတရားဖြင့် အမြဲထုံအပ်သော ဖြစ်နေကြ ကာမအာရုံကိုသာ အာရုံပြုသောတရားဖြစ်၏။အာသဝေါတို့၏အာရုံ မဟုတ်သောကြောင့် မဟဂ္ဂုတ်,လောကုတ္တရာ, ပညတ် အာရုံကို အာရုံ ပြုရိုး မရှိ။အာရုံမပြုနိုင်ပေ။ဥပမာအားဖြင့် ၎င်းသူငယ်တည် ဘကြီး,ဘထွေး စသောသူတို့၏ နောက်သို့ လိုက်ပြေးသော်လည်း မိမိ၏ သွားလာနေကြ အရပ်သို့သာလျှင် လိုက်၏။ တပါးသော မသွားမလာဘူး မရောက်ဘူး သော အရပ်သို့ မလိုက်သကဲ့သို့ သူငယ်နှင့်တူသော တဒါရုံသည်လည်း အာရုံပြုနေကြဖြစ်သော ကာမအာရုံ၌သာ ဖြစ်၏။မဂ္ဂုတ်, လောကုတ္တရာ တည်းဟူသော အာရုံပြုရိုးမရှိသော အာရုံ၌ မဖြစ်နိုင်၊ အာရုံ ကွဲသော ကြောင့် ဟူလို။

ဇနကံ တံ သမာ နံ ဝါ၊ ဇဝနံ အနုဗန္ဓတိ။
န တု အညံ တဒါလမ္ဗံ၊ဗာလ ဒါရကလီလယာ။ ။
ဗီဇဿာ ဘာဝတော နတ္ထိ၊ဖြဟ္မာနမ္ပိ ရူမဿ ဟိ။
ပဋိသန္ဓိ မနောဗိဇံ၊ ကာမာဝစရ သညိတံ။ ။
ဌာနေ ပရိစိတေ ယေဝ၊တံ ရူဒံ ဗာလကော ဝိယ။
အနယာတိတိ နာညတ္ထ၊ဟောတိ တဏှာဝသေန ဝါ။ ။

ဋီကာကျော်။

---

## သေဝါင်းပုဒ်

ကာ-ဇော-အာရုံ၊ ကာမဘုံသား၊ ဤသုံးပါး၊ ဖြစ်ငြား ရုံတဒါ။

တဒါရမ္မဏ နိယမ ပြီး၏။

---

တဒါလမ္ဗံ၊ တဒါရုံသည်၊ ဗာလဒါရကလီလယာ၊ သူငယ်၏ခြွေါယ်နည်းဖြင့်။ဇနကံဝါ၊ မိမိကို ဖြစ်စေတော်သော ကာမကုသိုလ်- အကုသိုလ်ဇောသို့၎င်း။ တံသမာနံ၊ ထိုဇောနှင့်တူ သော။ဇဝနံဝါ၊ကာမကြိယာဇောသို့၎င်း။ ဝါ၊ကာမကုသိုလ်,အကုသိုလ်,ကြိယာဇောသို့၎င်း။ အနုဗန္ဓတိ၊ အစဉ်လိုက်၏။ အညံတု၊ တပါးသော မဟဂ္ဂုတ် လောကုတ္တရာ ဇောသို့ကား။ နာနုဗန္ဓတိ၊ မလိုက်။ ဖြဟ္မာနံ၊ ဖြဟ္မာတို့အား။ ဗီဇဿ၊ တဒါရုံဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သော ကာမပဋိသန္ဓေမျိုးစေ့၏။ အဘာဝတော၊ မရှိလေသောကြောင့်။ နတ္ထိ၊ တဒါရုံမဖြစ်။

၃၁။ ။ဇာဝနေသု စ ပရိတ္တဇဝနဝီထိယံ ကာမာဝစရ ဇဝနာနိ သတ္တက္ခတ္တုံ ဆက္ခတ္တုမေဝဝါ ဇဝန္တိ။ ။သင်္ဂြိုဟ်ပါဠိ။

---

ကာမဇော, ရူပဇော,အရူပဇော, စသည်တို့တွင် ကာမဇော တို့သည် ၇-ကြိမ် ခြောက်ကြိမ်သာလျှင်စောနိုင် ကျနိုင်ကုန်၏ ဟူလို။ဤကား ပိဏ္ဍတ္ထ။

ဤစကားရပ်၌ အာရုံအားကြီးသော ပကတိအခါ၌ ၇-ကြိမ် ဇောကျနိုင်၏။ အာရုံ အားနည်းသော ပကတိ အခါ၌ကား ခြောက်ကြိမ်သာ ဇောကျနိုင် ဖြစ်နိုင်၏ ဟုမှတ်။ ။သင်္ခေပဋီကာ ဆရာကား ပကတိကောင်းမွန်စွာ နေထိုင်သော အခါ၌ ဇော ၇-ကြိမ်စော၏။ မိန်းမောတွေဝေနေသော အခါ၌ ဇောခြောက်ကြိမ် စော၏ ဟု ဘွင့်ဆိုတော်မူ၏။ ။(နောက်၌ ထင်ရှားလတ္တံ့)။

---

၃၂။ ။မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ။သင်္ဂြိုဟ်ပါဠိ။

---

သေခါနီးသော သတ္တဝါတို့၏ ဝတ္ထုရုပ် အားနည်းသော အခါမျိုး၌ မှီရာဝတ္ထုရုပ်သည် အလွန် အားနည်းသောကြောင့် ဇောတို့သည် ငါးကြိမ်မျှသာ စောနိုင်ကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## မန္ဒပ္ပဝတ္တိ အဆုံးအဖြတ်

သတ္တဝါတို့၏စိတ်ဓာတ်သည် ရံခါထက်ထက်သန်သန် ထင်ထင်ရှားရှား ဖြစ်တတ်၏။ ရံခါ၌မူ နုံ့နုံ့နွေးနွေး လေးလေး ဆေးဆေး ဖြစ်တတ်၏။ ဤကဲ့သို့စိတ်နုံ့နွေး လေးဆေးသောအခါမျိုးကို မန္ဒပ္ပဝတ္တိကပလဟု ဆိုရ၏။ မန္ဒ ဟုတ္တာ ပဝတ္တိ မန္ဒပ္ပဝတ္တိ-ဟု ပြု။ ။မန္ဒ၊နုံ့နွေးသည်။ဟုတွာ၊ဖြစ်၍။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ မန္ဒပ္ပဝတ္တိ၊ မန္ဒပ္ပဝတ္တိ-မည်၏-ဟု အနက်ပေး။ ဇုစ်းစိတ်တို့၏

---

နိုင်ပေ။ .ဟိ၊မှန်၏။ ရူမသေ၊ဤဘဒါရုံ၏။ ဗိဇံ၊ အကြောင်းကား။ ကာမာဝစရ သညိဘံ၊ကာမာဝစရဟုမှတ်အပ်သော၊ ပဋိသန္ဓိမနေ: ၊ ပဋိသန္ဓေဦတ်ပင်တည်း။ ။ဗာလကော၊ သူငယ်သည်။ ပရိဗိတော၊ သွားလာနေကြဖြစ်သော။ ဌာနေဝေ၊ အရပ်၌သာလျှင်။ ဝါ၊သို့သာလျှင်။ အနုယာတိ၊လိုက်၏။အညတ္တ၊တပါးတခြားသောအရပ်သို့၊နစ အနုယာတိဒိယ၊ မလိုက်သကဲ့သို့။ ဇဝံ၊ဤအင်္ဂုပင်။တဏှာဝသေနဝါ၊ကာမတဏှာ၏အစွမ်းဖြင့်လည်း။တံ ရူဒံ၊ ထိုတဒါရုံသည်။ပရိတ္တဓမ္မသုဃေဝ၊ကာမအာရုံတို့၌သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညတ္တ၊ တပါးသော မဟဂ္ဂုတ်စသောအာရုံ၌။နဟောတိ၊မဖြစ်ချေ။

နုံ့နေးစွာဖြစ်သောအခါမျိုးကား။ ။၁-သေခါနီးသော မရဏာသန္နအခါ၊ ၂-ဒုက္ခဝေဒနာနှိပ်စက်၍ မိန်းမောတွေဝေ မျောမွေ့နေသောအခါ၊ ၃-သတိ မေ့လျော့နေသော ဝိသညီအခါ၊ ၄-အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေ ရသောအခါ၊ ၅-အမိဝမ်းမှ ဘွားမြင်စ အခါမျိုးကို ဆိုလိုသည်။ထိုအခါ မျိုးကား စိတ်တို့၏ မှီရာဝတ္ထုရုပ်က အလွန်တရာမှ အားနည်းလှသော ကြောင့် မှီတတ်သော ဇောစိတ်တို့ သည်လည်း အားနည်း ရကုန်၏။ သို့ဖြစ်၍ ထိုအခါကာလတို့၌ ကာမဇော စိတ်တို့သည် ၇-ကြိမ်တိုင်အောင် မဖြစ်နိုင်သဖြင့် ၆-ကြိမ်သော်၎င်း ၅-ကြိမ်သော်၎င်း ဖြစ်ကုန်၏။

---

## ဇော ၅-ကြိမ် ၆-ကြိမ် အဆုံးအဖြတ်

အထက် ဘွင့်ဆိုခဲ့ပြီးသော မန္ဒပ္ပဝတ္တိမျိုးတို့တွင် သေခါနီးသောအခါမျိုး သေလုနီးပါး မျောမွေ့၍ နေသော အခါတို့၌သာ ဟဒယ ဝတ္ထုရုပ်က အလွန်တရာမှ အားနည်းလှသောကြောင့် ဇော ၅-ကြိမ်သာ စောနိုင်၏။ ထိုမှ ကြွင်းသော သတိမေ့လျော့၍ နေသော အခါစသော မုစ္ဆာကာလ မန္ဒပ္ပဝတ္တိတို့၌ကား ဟဒယဝတ္ထုရုပ်သည် မရဏာသန္န အခါလောက်လည်း အားမနည်း၊ပကတိ အခါလောက်လည်း အားမကြီးသောကြောင့် ဇော စိတ်တို့သည် ၆-ကြိမ်စောနိုင်၏ ဟု မှတ်။ ။ထိုကြောင့် အာဒိသဒ္ဒေန မုစ္ဆာကာလံ သင်္ဂဏှာတိ ဟု မိန့်ဆိုတော်မူသော ဋီကာကျော် ဆရာ၏ စကားအရ မုစ္ဆာကာလကို မရဏာသန္နနှင့် တူသော သေလုနီးပါး မျော မွေ့၍ နေသော အခါမျိုးကို ယူရ၏ ဟု မှတ်။ ။သင်္ခေပဆရာ၏ အာဒိ သဒ္ဒေန လဟုကပ္ပဝတ္တနကာလံ သင်္ဂဏှာတိ-ဟု မိန့်ဆိုတော် မူသော လျင်မြန်စွာဖြစ်သော ယမကေ တန်ခိုးပြတော်မူသော အခါမျိုးကို သိမ်း၏ ဟု မိန့်တော်မူသော စကားကိုကား ဆရာတို့ မနှစ်သက်ကြကုန်။

---

## ဆောင်ပုဒ်

က။ ။သေခါနီးခါ၊ မျောမွေ့ပါ၊ စောရာဇော ၅-ကြိမ်။

ခ။ ။ထိုမှသေသ၊ မုစ်ကာလ၊ ဇောကျ ၆-ကြိမ်သာ။

၃၃။ ။ဘဂဝတော ပန ယမကာ ပါဋိဟာရိယ ကာလာဒီသု။ပ။
တိပိ ဝဒန္တိ။ ။သကြိုဟ်ပါဠ်။

---

မြတ်စွာဘုရား၏ ရေမီး အစုံအစုံ တန်းခိုးပြာဋိဟာ ပြတော်မူသော အခါစသည်တို့၌ ရေအစုံ မီးအစုံဖြစ်ဘို့ရန် စိတ်တော် အလျင် အမြန်ဖြစ်လေသောကြောင့် ၄-ကြိမ် ၅-ကြိမ်မျှသော ပစ္စဝေက္ခဏာ ဇောစိတ်တို့သည် ဖြစ်ကုန်၏ ဟူလို။ ။ ဤကား ဝိဋ္ဌတ္ထ။

---

## အဓိပ္ပါယ် အကျယ်ကို ဤသို့သိ

မြတ်စွာဘုရားသည် ဘုရားဖြစ်သည်မှ ခုနစ်ဝါမြောက်သော အခါ၌ သာဝတ္ထိ မြို့တံခါး၏အနီး ကဏ္ဍအမည်ရှိသော သရက်ဖြူပင်၏ အရင်း၌ ၁၂-ယူဇနာရှိသော ရတနာမဏ္ဍပ်ကို ဘန်ဆင်းခါ တယူဇနာမျှ ပမာဏရှိသော ပလ္လင်ထက်၌ သီတင်းသုံးတော်မူလျက် ကိုယ်တော်၏ အထက်ပိုင်းမှ မီးအဟုန် ကိုယ်တော်၏ အောက်ပိုင်းမှ ရေပန်းအဟုန် ဤရေနှင့်မီးကို တပြိုင်နက် တခါတည်း ထွက်စေတော်မူခြင်း၊ မွေးညှင်း တခုမှ ရေအဟုန် မွေးညှင်းတခုမှ မီးအဟုန်အားဖြင့် ရေနှင့် မီးအစုံအစုံထွက်စေခြင်း တည်းဟူသော တန်ခိုး ပြာဋိဟာကို ပြတော်မူသော အခါကို ရည်၍ ယမက ပါဋိဟာရိယ ကာလာဒီသု-ဟူသော စကားကို မိန့်ဆိုတော်မူပေသတည်း။ ဤသို့ရေမီး အစုံအစုံသော "ယမကပါဋိဟာရိယ" တန်ခိုးတော်ကို ပြတော်မူသောအခါ ကာလတို့၌မီးအလို့ငှါ တေဇောကသိဏ်းကို ပါဒကဈာန်ဖြင့် ဝင်စား၍ ထိုဈာန်မှထလျက် ဝင်စားသော စတုတ္ထဈာန် အင်္ဂါ ၂-ပါးတို့ကို သုံးသပ် ဆင်ခြင်တော်မူရ၏။ ထိုသို့ ဈာန်အင်္ဂါကို ဆင်ခြင်ပြီးသော် ကိုယ်တော်၏ အထက် ပိုင်းသည် မီး ဖြစ်စေသတည်း ဟု မိဋ္ဌာန်တော်မူ၏။ ထိုနောက်မှ တဖန် တေဇော ကသိဏ်းကိုပင် အဘိညာဏ် ဝင်စားတော်မူမှ အဘိညာဏ်၏ အစွမ်းဖြင့် အထက်ကိုယ်တော်၌ မီးအဟုန် ဖြစ်ပေါ်လာ၏။ ရေအဟုန် ထွက်စေခြင်းငှါ အာပေါကသိဏ်းကို ပါဒကဈာန်ပြု၍ ဝင်းစားလျက် ထိုဈာန်မှထသောအခါ ၎င်းဝင်စားသော ဈာန်၏ အင်္ဂါတို့ကို သုံးသပ် ဆင်ခြင်တော်မူရ၏။ ။(ကြွင်းရှေးနည်းတူ)။ ။ဤသို့ ကသိဏ်းတခုကို ဝင်းစားပြီးမှ ကသိဏ်း တခုကို

ဝင်စားပါလျက် အကျိုးဖြစ်သော ရေအဟုန် မီးအဟုန်မှုကား ကာလမခြား တပြိုင်နက် ထွက်ပေါ်လာသကဲ့သို့ ထင်မြင်ရ၏။အဘယ့်ကြောင့် တပြိုင်နက် ထွက်ပေါ်လာသည်ကို ထင်ရပါသနည်း ဆိုသော် မြတ်စွာဘုရား၏ စိတ်တော်အဟုန် လျင်မြန် ကုန်သောကြောင့်တည်း။ ။ထိုကြောင့် လဟုကပ္ပဝတ္တိယံ-ဟူသော စကားကို သဂြိုဟ်၌ မိန့်ဆိုတော်မူရပေသတည်း။ ။ဤသို့ အလျင်အမြန် ရေမီးအစုံကို ဖြစ်စေလိုသော အစွာယိက အခါမျိုးတို့၌ ၎င်း ဈာန်အင်္ဂါကို ဆင်ခြင်သုံးသပ်သော ပစ္စဝေက္ခဏာ ဇောတို့သည် ၄-ကြိမ် ၅-ကြိမ်သာ စောကုန်၏။ ။ဟူလို။

*မှတ်ချက်။ ။၁- ဤသဂြိုဟ်၌ ဘဂဝတော ဟုပင် ဆိုသော်လည်း ပဓာနနည်း၊ နိဒဿနနည်း၊ ဥပလက္ခဏနည်း- အားဖြင့်သာ မြတ်စွာဘုရားအား အမူးထား၍ မိန့်ဆိုခြင်း ဖြစ်ပေသည်။ ရှင်မဟာမောဂ္ဂလာန်အရှင် သာဂတအရှင်-စသော တန်းခိုး ပြာဋိဟာကို ပြတော်မူကုန်သော အရှင်တို့ကိုလည်း သိမ်းယူအပ်ကုန်၏။ ။၂-ယမကပါဋိဟာရိယကာလာဒိသု၌၊ အာဒိသဒ္ဒါ၏ အရ အာဒိဝန်ကိုလည်း ဤသို့ အဆောတလျင် ပြုအပ်သော အစွာယိက ကာလ မှန်သမျှကို သိမ်းယူအပ်၏။ ။၃-စတုတ္ထာရိ ပဥ္စဝါအရကို အလွန့် အလွန် လျင်မြန်စွာ ဆင်ခြင်သောအခါ၌ ၄-ကြိမ်၊ထိုအောက် နုံ့သော လျင်မြန်စွာ ဆင်ခြင်သော အခါ၌မူ ငါးကြိမ်သော ပစ္စဝေက္ခဏာ ဇောဖြစ်၏။ တနည်း။ ။ဣန္ဒြေရင့်သော မြတ်စွာဘုရားများအား ၄-ကြိမ်၊ ဣန္ဒြေနုသော ရှင်မောဂ္ဂလာန်စသော သာဝကတို့အား ငါးကြိမ်သော ပစ္စဝေက္ခဏာဇော စော၏ ဟု မှတ်။

---

### ဆောင်ပုဒ်

က။ ။တန်ခိုး ယမက၊ ပြကာလ၊ ဇောကျ ၄-၅-ပင်။
ခ။ ။လေးကြိမ် တိက္ခ၊ ငါးမန္ဒ၊ စောရ-ဇော အစဉ်။

---

၃၄။ ။**အာဒိကမ္မိကဿ** ပန၊ပ၊**ဘဝင်္ဂပါတော**။ ။သဂြိုဟ်ပါဠိ။

---

အဓိပ္ပါယ်ကား၊မဟာဂ္ဂုတ် ဇောတို့သည် အောက်က ပြဆိုခဲ့ပြီးသော အတိုင်း အာဒိကမ္မိက, ဇော,သမာပဇ္ဇနဇော, အဘိညာဏ်ဇောဟူ၍ဇော၃-မျိုး

ရှိသည်တွင် အာဒိကမ္မိကဇောနှင့် အဘိညာဏ်ဇောတို့သည် တကြိမ်သာ စောကုန်၏။ အကြောင်းကို ဆိုသော် အာဒိကမ္မိက ဇောဟူသည် ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌ ရှေးဦးစွာ ဖြစ်ပေါ်လာ၍ ကိလေသာတို့ကို မဟဂ္ဂုတ် အစွမ်းသတ္တိ အားရှိသလောက် ဝိက္ခမ္ဘနအစွမ်းဖြင့် ပယ်ဖျက်သော ဇော စိတ်မျိုးဖြစ်၍ တကြိမ်တည်းနှင့်ပင် ကိလေသာတို့ကို ဝိက္ခမ္ဘနသတ္တိဖြင့် ပယ်ဖျက် နိုင်သောကြောင့် တကြိမ်သာ ဖြစ်ရလေ၏။ အကြိမ်ကြိမ် ဖြစ်ပေါ်နေဘို့မလိုဆိုလိုသည်။ ။အဘိညာဏ်ဇောဟူသည်မှာလည်း မြေလျှိုး မိုးပျံ တန်ခိုးတော် အတန်တန်ကို ဖြစ်စေသော ဇောစိတ်မျိုး ဖြစ် သဖြင့် တကြိမ်တည်းဖြင့်ပင် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း နိုင်သောကြောင့် တကြိမ်သာ ဇောစော၏ ဟု မှတ်။

---

## သဗ္ဗဒါ အဓိပ္ပါယ်

*ပဌမ ကာဠနာယံ ဟု အာစရ ပါပြီးဖြစ်ပါလျက် အဘယ်အကျိုးငှါ သဗ္ဗဒါပိ-ဟု ထပ်ဆိုရပါသနည်းဟူမူ။ကေဝါရမေဝ-ပါဌ်၌ အရ၊ဇောတကြိမ် သာ စော၏ဟူသော စကားသည် ပဌမအပ္ပနာအခါ၌သာ ဇောစောသည် မဟုတ်၊ ပဌမအပ္ပနာဟု ဆိုအပ်သော အာဒိကမ္မိက ဝီထိ၌ ဖြစ်စေ၊ အဘိညာဏ် ငါးပါးအခါ၌ဖြစ်စေ၊ ဘယ်အခါ၌မဆို တကြိမ်သာ စော၏ ဟူသော အဓိပ္ပါယ်ကို သိစေခြင်းအကျိုးငှါ ဆိုတော်မူရလေသတည်း။

---

၃၉။ ။စတ္တာရော ပန မဂ္ဂုပ္ပါဒါ ကေဝိဥ္စာဘိကာ တဝေါ။ပ။ တဝေါ ပရံ ဘဝင်္ဂပါတော။ ။သင်္ဂြိုဟ်ပါဌ်။

---

မဂ်ဇောများလည်း တကြိမ်သာ စောကုန်၏။ဖိုလ်ဇောများမှာမူ ၂-ကြိမ် ၃-ကြိမ် စော၏။ ထိုနောက်မှ ဘဝင်ကျ၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။
မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးစက်ဝန်းပမာ အလွန်တရာ အရှိန် ပြင်းထန်သော ဝဇီရူပမဓမ္မမျိုး ဖြစ်သဖြင့် ဆိုင်ရာ ဆိုင်ရာ မည်သည့် ကိလေသာတို့ကိုမဆို အကြိမ်ကြိမ် ပယ်ဖျက်ဘို့မလို၊ တကြိမ်တည်းနှင့် ပယ်ခုတ် ဖျက်ဆီးနိုင်သောကြောင့် မဂ်လေးပါးတို့တွင် မည်သည့်မဂ်မဆို ဖြစ်ပေါ်လာသည်ရှိသော် တကြိမ်တည်းသာ ဖြစ်ပေါ်လာကုန်၏။ ။ဟူလို။

မဂ်ဇောများသည် အကြိမ်တည်းသာဖြစ်၍ ဖိုလ်ဇောများကား လောကုတ္တရာ ဇောချင်းတူပါလျက် အဘယ့်ကြောင့် ၂-ကြိမ်၊ ၃-ကြိမ်စောရပါသနည်းဟူမူ။ မဂ်နှင့်ဖိုလ်တို့သည် လောကုတ္တရာချင်း တူကြသော်လည်း မဂ်၏ သတ္တိကား၊ သမုစ္ဆေဒသတ္တိ ရှိ၏။ ဖိုလ်ကား ပဋိပဿမ္ဘန သတ္တိရှိ၏။ ထိုကြောင့် မဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ် သတ်အပ်ပြီးသော ကိလေသာတို့၏ အရှိန်ကို နောက်ထပ် အငြိမ်းသတ် ငြိမ်းဧ စေသော တရားများ ဖြစ်သော ကြောင့် ဖိုလ်ဇောများသည် ၂-ကြိမ် ၃-ကြိမ် စောရပေသတည်း။ ထိုသို့ ဖြစ်ပါက ဖိုလ်ဇောတို့သည် ၂-ကြိမ် ၃-ကြိမ်သာ အဘယ့်ကြောင့် စော ရပါသနည်း။ ထိုထက်အလွန် ၄-ကြိမ် ၅-ကြိမ်စသည် စောသင့် ဖြစ်သင့် သည် မဟုတ်ပါလောဟူမူ။ ။မဖြစ်သင့်ပေ။ ။အကြောင်းသော်ကား၊ ဇော ဟူသည် ၇-ကြိမ်သာ စောရိုးရှိသဖြင့် ၄-ကြိမ် ၅-ကြိမ် စောပါက ၇-ကြိမ် ထက် လွန်မည်ဖြစ်သောကြောင့်တည်း။ ။ထိုစကား ထင်ရှားစေအံ့။ ။ ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ-ဟုကာမဇောက ၄-ကြိမ်၊ထိုနောက်လော ကုတ္တရာမဂ်ဇော တကြိမ်၊ပေါင်း ၅-ကြိမ် ဖြစ်၍ ၇-ကြိမ်ပြည့်ရန် ၂-ကြိမ် မျှသာ ကြွင်းကျန်သောကြောင့် ဖိုလ်ဇောတို့သည် ၂-ကြိမ် ၃-ကြိမ်သာ စောနိုင်၏။ ၄-ကြိမ် ၅-ကြိမ် မစောနိုင်၏ ဟူလို။ ။သို့ဖြစ်ပါက ဖိုလ်ဇော များသည် ၂-ကြိမ်သာ ကြွင်းကျန်နေသဖြင့် ၂-ကြိမ်သာ စောသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ဒွိက္ခတ္တုံ ဝါ တိက္ခတ္တုံ ဝါ-ဟူသော စကား ကို သင်္ဂြိုဟ်ဆရာ မိန့်ဆိုရပါသနည်းဟူမူ။ ။မဂ်ရသော အရိယာပုဂ္ဂိုလ်တို့ ဟူသည် ပညာနုံ့သောပုဂ္ဂိုလ် ပညာထက်သော ပုဂ္ဂိုလ် ဟု ၂-မျိုး ၂-စား ရှိသဖြင့် ပညာနုံ့သော မန္ဒအရိယာ ပုဂ္ဂိုလ်များကား၊ ပရိကံ,ဥပစာ,အရုလုံ ဂေါတြဘူ ဟု ကာမဇော ၄-ကြိမ်စော၍ ငါးကြိမ်မြောက်၌ မဂ်ဇောတကြိမ် စောရသောကြောင့် ဖိုလ်ဇောသည် ၂-ကြိမ်သာ စောရ၏။ တိက္ခပညာ အရိယာပုဂ္ဂိုလ်များကား ပရိကံပြုဘွယ် မရှိသဖြင့် ဥပစာ, အနုလုံ, ဂေါ တြဘူ ဟု ကာမဇော ၃-ကြိမ် ဖြစ်ပြီးသည်မှနောက်၌ လောကုတ္တရာ မဂ်ဇော တကြိမ် ဖြစ်ပေါ်လာ၍ ၄-ကြိမ်မြောက် ဖြစ်နေရကား၊ ဖိုလ်ဇောသည် ၇-ကြိမ် ပြည့်ရန် ၃-ကြိမ်လိုနေသောကြောင့် ၃-ကြိမ်စောရ၏ ဟု မှတ်။ မဂ္ဂဝိထိ၌ ဇောသည် ကာမဇောနှင့်တကွ ၇-ကြိမ်သာ စောရ၏။ ဖလ သမာပတ္တိ ဝိထိ၌မူ အကြိမ်များစွာ စောနိုင်၏ ဟူလို။

---

**ဆောင်ပုဒ်**

က။ ။မဂ်စိတ်-သမုဆ်၊ ဖြစ်အဟုတ်၊ ပယ်ဖြုတ် တကြိမ်သာ။
ခ။ ။ဖိုလ်စိတ်မှာမူ၊ ငြိမ်းစေဟူ၊ ဖြစ်ယူ ၂-၃-ကြိမ်။
ဂ။ ။၇-ကြိမ်သာ၊ ဇောကျရာ၊ မှတ်ပါ-ဖိုလ် ၂-၃။
ဃ။ ။တိက္ခမှာ-၂၊ မန္ဒဖြစ်၊ မှတ်လစ် ၃-ကြိမ်သာ။

---

**၃၆။ ။နိရောဓ သမာပတ္တိကာလေ။ပ။နိရောဓံ ဖုသတိ။**

သင်္ဂြိုဟ်ပါဌ်။

---

နိရောဓသမာပတ် ဝင်စားသောအခါဝယ် စိတ်,စေတသိက်တို့ မချုပ်မီ ရှေးအဘို့၌ နေဝသညာ နာသညာယတနကုသိုလ် ကြိယာဇော ၂-ကြိမ်စီ ဖြစ်၏။ထိုနောက်မှစိတ်,စေတသိက်တို့ မဖြစ်ဘဲ ချုပ်ငြိမ်း၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**နိရောဓသမာပတ် အဓိပ္ပါယ်**

ဤ၌ အဝယဝတ္ထ အစိတ် အစိတ် ခွဲခြမ်းဝေဘန်လိုက်သည် ရှိသော် ၁-နိရောဓ ဟူသည် အဘယ်နည်း။ ၂-နိရောဓသမာပတ် ဟူသည် အဘယ်နည်း၊ ၃-အဘယ်အကျိုးငှါ နိရောဓသမာပတ်ကို ဝင်စားကြပါသနည်း။ ၄-အဘယ်ကဲ့သို့ ဝင်စားပါသနည်း။ ၅-အဘယ်ပုဂ္ဂိုလ်များ ဝင်စားနိုင်ပါသနည်း ဟူသော အမေး စကားအရ ခွဲခြမ်းဝေဘန်၍ ပြသင့်၏။ ။ ၁-နိရောဓဟူသည်မှာ နိရုဇ္ဈနံ နိရောဓော။ ။နိရုဇ္ဈနံ၊ စိတ်စေတသိက်တို့၏ ချုပ်ခြင်းသည်။ နိရောဓော၊ နိရောဓမည်၏။ ။ဝိဂ္ဂြိုဟ်အရ။ ။ပဋိသန္ဓေ တည်နေသည်ကစ၍ မြစ်ရေအယဉ် ဆီမီးအလျှံများပမာ မပြတ်တာလစဉ် ဖြစ်ပေါ်၍ နေသော စိတ်,စေတသိက်တို့၏ မဖြစ်ပါဘဲ ချုပ်ငြိမ်းမှုသည် နိရောဓ မည်၏။ ။၂-နိရောဓသမာပတ် ဟူသည်ကား။ နိရောဓံ သမာပဇ္ဇတိ ဧတာယာတိ နိရောဓသမာပတ္တိ။ ။နိရောဓံ၊ စိတ်စေတသိက်တို့၏။ ချုပ်ငြိမ်းမှုသို့။ ဧတာယ၊ ထိုသဘောတရားဖြင့်။ သမာပဇ္ဇတိ၊ရောက်တတ်၏။ ဣတိ၊ ဤသို့ ရောက်ကြောင်း ဖြစ်သောသတ္တိကြောင့်။ နိရောဓသမာပတ္တိ၊

မည်၏။ ။ဝိဂ္ဂဟ်အရ။ ။စိတ်,စေတသိက်တို့၏ ချုပ်ငြိမ်းမှု၏ အကြောင်းရင်း ဖြစ်သော သမာပတ် ရှစ်ပါးသည် နိရောဓသမာပတ္တိမည်၏။ ။၃-၎င်းနိရောဓ သမာပတ္တိဝင်စားမှုကို သင်္ခါရတရား၏ဖြစ်မှု ပျက်မှုဖြင့် နှိပ်စက်နေခြင်းကို ငြီးငွေ့ စက်ဆုပ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် ချမ်းသာစွာ နေထိုင်ခြင်းအကျိုးငှါ ဝင်စားတော်မူကြကုန်၏။ ။၄-၅- **ဝင်စားပုံကား**၊ ရူပါဝစရဈာန်လေးပါး အရူပဈာန်လေးပါးအားဖြင့် ဈာန်၈-ပါးကို ရပြီး သော အနာဂါမ်,ရဟန္တာ ပုဂ္ဂိုလ်တို့သည် အစဉ်အားဖြင့် ပဌမဈာန်ကို ဝင်စား၍၎င်းဈာန်၌ရှိသော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာကို လက္ခဏာ ယဉ် သုံးပါးသို့တင်၍ သုံးသပ်၏။ပ။အာကိဉ္စညာယတန ဈာန်ကိုဝင်စား၍ ၎င်းအာကိဉ္စညာယတန ဈာန်၌ရှိသော ဥပေက္ခာ,ဧကဂ္ဂတာ,ကို လက္ခဏာ ယဉ် သုံးပါးသို့တင်၍ သုံးသပ်၏။ ထိုနောက်မှ သက်နီး ပရိက္ခရာတို့ကို ခိုးသူ မယူနိုင်စေသတည်း။ကျောင်းကိုလည်း မီးမလောင်နိုင်စေသတည်း။ မြတ်စွာဘုရား ခေါ်တော်မူလျှင် သိစေသတည်း၊ သံဃာတော် တို့အား အကြောင်းရှိ၍ ကျောက်စည် ခေါင်းလောင်း ထိုးလျှင် သိပါစေသတည်း။ ခုနစ်ရက်ကြာလျှင် နိုးပါစေသတည်း ဟု ဤလေးပါးသော အဓိဋ္ဌာန်ခြင်းကို ပြု၍ အဆုံးဈာန်ကို ဝင်စား၏။ထိုဈာန်သည် အတိညာဏ်ကိစ္စဖြစ်၍ ချုပ် ၏။ ထိုနောက်မှ ဖြစ်သော နေဝသညာ နာသညာယတနစိတ်,စေတသိက်, စိတ္တဇရုပ်တို့သည် ချုပ်ခြင်းသို့ ရောက်သည်ကိုပင် **နိရောဓသမာပတ်ဝင်စား** သည် ဟု ဆိုရ၏။ဤသို့လျှင် စိတ်,စေတသိက်,စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းမှုဟု ဆိုအပ်သော နိရောဓ သမာပတ်သို့ မရောက်မီ ရောက်ခါနီး ဖြစ်သော ကာလကို ရည်၍"**နိရောဓသမာပဇ္ဇိကာသေ**"ဟူသော စကားကို အရှင် အနုရုဒ္ဓါဆရာ မိန့်တော်မူပေသတည်း။ ၎င်းနိရောဓ သမာပတ်၏ အနီး ဖြစ်သော ကာလဝယ် အခြားသောဈာန်တို့ မဖြစ်၊နေဝသညာ နာသညာ ယတနဈာန် ၂-ကြိမ် အတိညာဏ်ကိစ္စ ဖြစ်လေ၏။ ယင်းကို ရည်၍ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ ဟု မိန့်တော်မူပေ၏။ ။ဤ၌ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်ပါမူ ကုသိုလ် နေဝသညာနာသညာယတန ဈာန်ဖြစ်၏။ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ပါမူ ကြိယာ နေဝသညာ နာသညာယတနဈာန် ဖြစ်၏ ဟု ခွဲ၍ မှတ်လေ။ ။ဒွိက္ခတ္တုံ-ဟူသော စကားကိုလည်း ဥက္ကဋ္ဌပရိစ္ဆေဒ အားဖြင့် မိန့်ဆိုသော စကားဖြစ်၏။

"တေံ ဝါ ဒွေဝါ စိတ္တဝါရေ အတိက္ကမိနော အစိတ္တကော ဟောတိ"။ ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ထောက်၍ နိရောဓသမာပတ်၏ အနီးဖြစ်သော ရှေ့ကာလ၌ နေဝသညာ နာသညာယတနဇောသည်တကြိမ် သော်ငြားငြင်း ၂-ကြိမ်သော်ငြင်း စော၏ ဟု မှတ်။

---

၃၇။ ။ဝုဋ္ဌာနကာလေစ အနာဂါမိဖလစိတ္တံ ဝါ အရဟတ္တဖလစိတ္တံ ဝါ ယထာရဟမေကဝါရံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈေ ဘင်္ဂပါတော ဟောတိ။ သင်္ဂြိုဟ်ပါဠိ။

---

ပြဆိုအပ်ခဲ့သောအတိုင်း နိရောဓသမာပတ် ဝင်စားပြီးဖြစ်၍ သမာပတ်မှ ထလတ်သော် အနာဂါမ် ပုဂ္ဂိုလ်ဖြစ်မူ အနာဂါမိဖိုလ် တကြိမ်၊ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ပါမူ အရဟတ္တဖိုလ် တကြိမ် ဖြစ်၏။ ထိုနောင် ဘဝင်ကျ၍ နိရောဓသမာပတ် မဝင်စားမီကကဲ့သို့ ယထာရဟ စိတ်အစဉ်သည် ဖြစ် ရေအယဉ်ကဲ့သို့ ဖြစ်ပေါ်လာပြန်၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

ဤ၌ "**ယထာရဟံ**"၏ အရ၊ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ် သည် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်အံ့၊အနာဂါမိဖိုလ် တကြိမ်၊သို့မဟုတ် ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါမူ အရဟတ္တဖိုလ်စိတ် တကြိမ်သည် ခပ်သိမ်းသောစိတ်တို့၏ ရှေးဦးစွာဖြစ်၏ ဟု သမာပတ်ဝင်စားသော ပုဂ္ဂိုလ်အားလျော်စွာဖြစ်၏ ဟု ယူ။ ။ဗ-ငင်းပုဂ္ဂိုလ် တို့တွင်လည်း ကာမာဝစရဘုံ, ရူပါဝစရဘုံ၌ ရှိကုန်သော အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့သည်သာ ဝင်စားနိုင်ကုန်၏။ ။ အရူပဘုံ၌ရှိသော အနာဂါမ်,ရဟန္တာ ပုဂ္ဂိုလ်တို့သည် မဝင်းစားနိုင်ကုန်။ အကြောင်းသော်ကား၊ ငင်းအရူပဘုံ၌ သမာပတ်ရှစ်ပါး မရှိသောကြောင့် တည်း။ ။တနည်း။ ရုပ်မရှိသောကြောင့် မဝင်စားနိုင်ကုန် ဟု မှတ်။

စတုဝေါကာရဘဝေ ပန ပဉ္စမဇ္ဈာနာဒီနံ ဥပ္ပတ္တိယာဝ နတ္ထိ။ ဝိသုဒ္ဓိမဂ်။

စတုဝေါကာရေ တေ စ ဓေါ အဋ္ဌသမာပတ္တိ လာဘိနောယေဝ အမ်ပ္ပေတာ န သက္ကုဝိပဿကာတိ ဝေဒိတဗ္ဗာ။

မဏိမဥ္ဇူ။

၁။ ။အဘယ်ကြောင့် အနာဂါမိပုဂ္ဂိုလ် ရဟန္တာ ပုဂ္ဂိုလ်များသာလျှင် နိရောဓသမာပတ်ကို ဝင်စားနိုင်ကုန်သနည်း ဟူမူ။ ။အနာဂါမိ ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် တို့သည်သာလျှင် ကာမစ္ဆန္ဒ စသည်ကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်သဖြင့် သမာဓိတရား ခိုင်ခံ့ခြင်း၊ သမထ အားကြီးခြင်းကြောင့် ၎င်းပုဂ္ဂိုလ်တို့သည်သာလျှင် ဝင်စားနိုင်ကုန်၏။ ကြွင်းသော သောတာပန် စသော ပုဂ္ဂိုလ်များကား အရိယာပုဂ္ဂိုလ်ပင် ဖြစ်ကုန်သော်လည်း ကာမရာဂကို မပယ်ဖြတ် အပ်သေးသောကြောင့် သမထအား, သမာဓိအား မခိုင်ခံ့ မကြီးမားသေး ရကား နိရောဓ သမာပတ်ကို မဝင်စားနိုင်ပေ။ ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ် နှစ်ဦးတို့တွင်လည်း ကာမပုဂ္ဂိုလ် တို့သည် ၇-ရက်မျှသာ နိရောဓ သမာပတ်ကို ဝင်စားနိုင်ကုန်၏။ ရူပပုဂ္ဂိုလ်များကား အလိုရှိသမျှ ဝင်စားနိုင်ကုန်၏။ ။အဘယ်ကြောင့် ကာမပုဂ္ဂိုလ်တို့သည် ၇-ရက်မျှသာ ဝင်စားနိုင်ပါနည်း ဟူမူ။ ကာမဘုံသားများသည် အာဟာရပဋိဗဒ္ဓ အာဟာရနှင့် စပ်၍ အသက်ရှင်သော ဘုံသားများဖြစ်၍ တရက်မျှ စားအပ်သော အစာ၏အဟုန်သည် ၇-ရက်မျှသာလျှင် မျှတနိုင်သောကြောင့် ၇-ရက်သာ ဝင်စားနိုင်ကုန်၏။ ရူပဗြဟ္မာများကား အာဟာရနှင့် မစပ်၍ အလိုရှိသမျှ ဝင်စားနိုင်၏ ဟု မှတ်။

အာဟာရ မုပဇီဝိနံ၊ ဘုတ္တသာ ကေဒိဝသံ။
သတ္တာဟံဝ ယာပနတော၊ ကာမေ သတ္တာဟမေဝ စ။ ။

သာရတ္ထဒီပနီ သင်္ဂဟ။

---

၃၈။ ။သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ပန ဘဝင်္ဂသောတော ဝိယ ဝီထိ နိယာမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တီတိ။

သင်္ဂြိုဟ်ပါဠိ။

---

အလုံးစုံသော ဈာနသမာပတ္တိ ဝီထိ, ဖလသမာပတ္တိ ဝီထိတို့၌ အပ္ပနာ

အာဟာရံ၊ အာဟာရကို။ ဥပဇီဝိနံ၊ မှီ၍ အသက်ရှည်ရကုန်သော ကာမဘုံသားတို့အား။ ကေဒိဝသံ၊ တနေ့၌။ ဘုတ္တသ၊ စားအပ်သောအစာ၏။ သတ္တာဟံဝ၊ ၇-ရက်သာလျှင်။ ယာပနတော၊ မျှတခြင်းကြောင့်။ ကာမေ၊ ကာမဘုံ၌။ သတ္တာဟမေဝ စ၊ ၇-ရက်သာလျှင်လည်း။ သမာပဇ္ဇန္တိ၊ ဝင်စားနိုင်ကုန်၏။

တို့သည် တကြိမ် ၂-ကြိမ်မျှ မက ဘဝင်အယဉ်ကဲ့သို့ အကြိမ်ပေါင်း များစွာ ကျကုန် ဖြစ်ကုန်၏ ဟူလို။ ။ဤကား ဝိဏ္ဏတ္တ။

---

**သမာပတ် အစီဉ်ပါယ်**

ဤ၌ သမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိ။ ။ဝိဂြိုဟ်အရ၊အမြဲမပြတ် အထပ် ထပ် ဝင်စားအပ်သောကြောင့် **သမာပတ်** မည်၏။ ။သမာပဇ္ဇိတဗ္ဗာ၊ ကောင်းစွာ ဝင်စားအပ်၏။ဣတိ၊ ကြောင့်။ သမာပတ္တိ၊မည်၏ ဟု ပေး။

ယင်းသမာပတ်တို့သည် ရူပါဝစရ သမာပတ် ၄ါးပါး, အရူပသမာ ပတ် ၄-ပါးအားဖြင့် အစဉ်အတိုင်း ဝင်စားအပ်သော အနုပုဗ္ဗဈာန သမာ ပတ် ကိုးပါး, နိရောဓသမာပတ် တပါး,ဖလသမာပတ် တပါးအားဖြင့် ၁၁-ပါး အပြားရှိကုန်၏။ ဤ၌မူ ဈာနသမာပတ် ၉-ပါးနှင့် ဖလသမာပတ် ၁-ပါး ပေါင်း ၁၀-ပါးကိုယူ။ ။ဤ ၂-မျိုးသော သမာပတ်တို့တွင်ဈာန် ဝင်စားသော သမာပတ်သည် **ဈာနသမာပတ်** မည်၏။ ဖိုလ်ဝင်စားသော သမာပတ်ဘည် **ဖလသမာပတ်** မည်၏။ ။ငင်းဈာနသမာပတ္တိဝီထိ, ဖလ သမာပတ္တိတို့ကို အောက်က ဘော်ပြခဲ့ပြီ။ ။ဈာနသမာပတ်ကို ချန်ရသော ဈာနလာဘီ တိဟိတ် ပုထုဇန်ပုဂ္ဂိုလ်, ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးယောက် ပေါင်း ၄ါးဦးသော သူတို့သာ ဝင်စားနိုင်ကုန်၏။ ။ဖလသမာပတ်ကိုကား ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်သာလျှင် ဝင်စားနိုင်ကုန်၏။ဆိုလိုရင်းကား၊ ယင်း ဈာနလာဘီပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တည် ဈာန်ကို ရပြီးသော အခါမှစ၍ ကြိမ်ဖန်များစွာ လေ့လာကာ ဝသီဘော်သို့ ရောက်လတ်သော် မိမိရသော ဈာန်ကို ဝင်စားသောအခါ ဈာန်ဇောတို့သည် အကြိမ်များစွာ ဖြစ်ကုန်၏။ ။ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည်လည်း မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေထိုင်စိမ့်သောငှါ မိမိရသော ဖိုလ်ကိုဝင်စားကာ နေထိုင်သောအခါတို့၌ ယင်း ဖိုလ်ဇောတို့သည် တကြိမ်မျှမက ကြိမ်ဖန် များစွာ ဖြစ်ကုန်၏-ဟူလို။

---

၃၉။ ။သာဣဏ္ဍာဏ္ဍ ပရိဏ္ဍာနိ၊မဂ္ဂါဘိညာ သကိံ မတာ၊
အဝသေသာနိ လဗ္ဘန္တိ၊ဇဝနာနိ ဗဟူနိပိ။
သင်္ဂြိုဟ်ပါဌ်။

ဤဂါထာဖြင့် အောက်က ပြဆိုအပ်ခဲ့ပြီးသောဇောတို့၏ အကြိမ် အရေ

အတွက်ကို အကျဉ်းချုံး၍ ပြတော်မူ၏။ ။ပြဟန်ကား။ ။ကာမဇော တို့သည် ခုနစ်ကြိမ် ဇောကုန်၏။ မဂ်ဇောသည် တကြိမ်သာ ဇော၏။ အဘိညာဏ် ဇောလည်း တကြိမ်သာ ဇော၏။ ကြွင်းသော ဈာနသမာပတ် ဇော, ဖလသမာပတ်ဇောတို့ကား အကြိမ်များစွာ ဇောကုန်၏။ အာဒိကမ္မိက ဝီထိ၌ ဈာန်ဇောတို့သည် တကြိမ်သာ ဇောကုန်၏။ နိရောဓသမာပတ်မှ ထသောအခါ၌ အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့သည် တကြိမ်သာ ဇော၏။ မဂ်၏ အခြားမဲ့၌ကား ဖိုလ်ဇောတို့သည် ၂-ကြိမ်မျှ ဇောကုန်၏ ဟု ပြတော်မူ၏။ ။ဟူလို။

---

**၄၀။ ။ဒွိဟေတုကာနံ အဟေတုကာနဉ္စ ပနေတ္ထ ကြိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။**

သင်္ဂြိုဟ်ပါဠိ။

---

ဒွိဟိတ်ပုဂ္ဂိုလ် အဟိတ်ပုဂ္ဂိုလ်တို့သည် ကြိယာဇောတို့ကိုလည်း၊ အပ္ပနာ ဇောတို့ကိုလည်း၊ မရကုန်။ ။ဤကား ပိဏ္ဍတ္ထ။

---

ဤ၌ အလောဘ အဒေါသ-တည်းဟူသောဟိတ် ၂-ပါး-ပါရှိသောစိတ် နှင့် ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်သည် **ဒွိဟိတ်ပုဂ္ဂိုလ်** မည်၏။ ။ဒွေဟေတူ ဧတေသန္တိ ဒွိဟေတုကာ။ ။ပြု။ ။ဧတေသံ၊ဤပုဂ္ဂိုလ်တို့အား။ ဒွေ၊နှစ်ပါး ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ ဒွိဟေ တုကာ၊ မည်၏။ ။**အဟိတ်ပုဂ္ဂိုလ်** ဆိုသည်မှာ၊ ပဋိသန္ဓေတည်နေသော စိတ်၌ အလောဘ, အဒေါသ, အမောဟ-တည်းဟူသော ကုသိုလ်ဟိတ် ၃-ပါးမရှိ ကင်းမဲ့သောကြောင့် အဟိတ်မည်၏။နတ္ထိ ဟေတူ ဧတေသန္တိ အဟေတုကာ။ ။ဟုပြု။ ။ဧတေသံ၊ထိုပုဂ္ဂိုလ်တို့အား။ ဟေတူ၊ဟိတ်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ကြောင့်။ တေ၊ ထိုပုဂ္ဂိုလ် တို့သည်။ အဟေတုကာ၊ အဟိတ် မည်ကုန်၏။ ။အဘယ့်ကြောင့် ဒွိဟိတ်ပုဂ္ဂိုလ် အဟိတ်ပုဂ္ဂိုလ် တို့သည် ကြိယာဇော အပ္ပနာဇောတို့ကို မရကုန်သနည်း ဟူမူ။ ။ရှင်း ဒွိဟိတ်ပဋိသန္ဓေ အဟိတ်ပဋိသန္ဓေနှင့် တည်နေကုန်သော ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေ တည်နေစဉ်ကပင် အပ္ပနာဇော၏ အကြောင်းရင်း ဖြစ်သော

အမောဟဟိတ် မပါရှိလေသောကြောင့် ပတ္တိအခါ၌ ဈာန်မဂ်တို့ကိုမရနိုင်၊ ဈာန်မဂ်တို့ကို မရသောကြောင့် ရဟန္တာမဖြစ်နိုင်ရကား ကြိယာဇောလည်း မစောနိုင် ဟု မှတ်။ ။ဝင်းကဲ့သို့ ပဋိသန္ဓေကပင် အမောဟ မျိုးစေ့မပါ ရှိသည်ကို ဝိပါကန္တရာယ် ဟု ဆိုရ၏။ ဝင်း ဝိပါကန္တရာယ်ကြောင့် မရ ဟူလို။

---

၄၁။ ။တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ သုဂတိယံ။
သင်္ဂြိုဟ်ပါဌ်။

---

ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ် ပုဂ္ဂိုလ်တို့သည် ဉာဏသမ္ပယုတ် ဝိပါက် စိတ်တို့ကို မရကုန်။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

အဘယ့်ကြောင့် ဝင်းဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ် ပုဂ္ဂိုလ်တို့သည် ဉာဏသမ္ပယုတ်စိတ်ကို မရနိုင်ပါသနည်း ဟူမူ။ ။မူလ ပဋိသန္ဓေ တည် နေစဉ်ကပင် ဉာဏ်နှင့်မယှဉ် ဉာဏ်ကင်းသောကြောင့်တည်း။ ဝါ၊ ဉာဏ် ကင်းသော ပဋိသန္ဓေနှင့် တည်နေသူများ ဖြစ်၍ ဉာဏသမ္ပယုတ်ကို မရ ကုန် ဟု မှတ်။

ဉာဏပါကာ န ဝတ္တန္တိ၊ဇဠတ္တာ မူလသန္ဓိယာ။

ပရမတ္ထ ဝိနိစ္ဆယ အဋ္ဌကထာ။

မူလသန္ဓိယာ၊ အရင်းဖြစ်သော ပဋိသန္ဓေ၏။ ဇဠတ္တာ ဇဠတ္တာ၊ တွေဝေ ချိုတဲ့သည်၏ အဖြစ်ကြောင့်။ တေသံ၊ ထိုဒွိဟိတ် သုဂတိအဟိတ် ပုဂ္ဂိုလ် တို့အား။ ဉာဏပါကာ၊ ဉာဏသမ္ပယုတ် မဟာဝိပါက် တို့သည်။ န ဝတ္တန္တိ၊ မဖြစ်ကုန်။ ။သို့သော် ဝင်းပုဂ္ဂိုလ်တို့သည် ဉာဏသမ္ပယုတ် စိတ်ပင် မဖြစ် သော်လည်း ပဝတ္တိအခါ တဒါရုံဖြစ်သောအခါ၌ ဉာဏဝိပ္ပယုတ်စိတ်တို့ကား ဖြစ်ကုန်၏။

၄၂။ ။ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ
န လဗ္ဘန္တိ။ ။သင်္ဂြိုဟ်ပါဌ်။

---

ဝင်းပါဌ်၏ ဝိဂ္ဂဟတ္ထ အဓိပ္ပါယ်ကား။ ။ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်အား မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊

ပေါင်း မဟာဝိပါက် ဂ-ပါးတို့ကို မရကုန်။ ။ဟူလို။ ။ဤကား ဝိဏ္ဍတ္ထ။ အဘယ့်ကြောင့် သုဂတိ အဟိတ် ပုဂ္ဂိုလ်သည် ဉာဏ သမ္ပယုတ်စိတ် ၄-ပါးတို့ကို မရကုန်သနည်း။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်သည် မဟာဝိပါက်စိတ် ဂ-ခုတို့ကို မရကုန်ပါသနည်း။ ။ပဋ္ဌာန်းကျမ်း၌ကား သဟေတုကံ ဘဝင်္ဂံ အဟေတုကဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော-ဟု ဟောတော်မူသဖြင့် ဖြစ်သင့်သည် မဟုတ်ပါလော ဟူငြားအံ့။ ။သဟေတုကံ၊သဟိတ် ဖြစ်သော။ ဘဝင်္ဂံ၊ ဘဝင်သည်။ အဟေတုကဿ၊ အဟိတ် ဖြစ်သော။ ဘဝင်္ဂဿ၊ ဘဝင်အား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ ၏။ ဟု (အနက်ပေး)။

ဋ္ဌင်းပဋ္ဌာန်းပါဠိတော်၏ ယထာဘူတ လိုရင်းအဓိပ္ပါယ်ကား၊ သုဂတိ အဟိတ် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ၂-ဦးတို့တွင် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုတ် တို့အား ဘယ်သောအခါမှ သဟေတုက သဟိတ် တဒါရုံကျရိုးမရှိ ဟု အလုံးစုံသော အဋ္ဌကထာတို့ ပယ်ထားလျက် ရှိလေသောကြောင့် အဟေတုကဿ ဘဝင်္ဂဿ အရ၏ အဟိတ်ကုသလဝိပါက် မူလဘဝင်ကိုယူ။ ။ သဟေတုကံ ဘဝင်္ဂံ၏ အရကိုလည်း ဉာဏဝိပ္ပယုတ် မဟာဝိပါက်ဘဝင် ကိုယူ။ ။ဖြောင့်ချက်။ ။မည်သည့် ပုဂ္ဂိုလ်မဆို ပဋိသန္ဓေစိတ်နှင့် ဘဝင် စိတ်တို့သည် ကွဲပြားရိုး ထုံးစံမရှိ၊ ပဋိသန္ဓေစိတ်က အဟိတ်ပဋိသန္ဓေ ဖြစ် ပါမူ ဘဝင်စိတ်လည်း အဟိတ်ဘဝင်ပင် ကျရ၏။ပဋိသန္ဓေစိတ်က ဒွိဟိတ် ပဋိသန္ဓေ ဖြစ်ခဲ့ပါမူ ဘဝင်စိတ်လည်း ဒွိဟိတ် ဘဝင်ပင် ဖြစ်မြဲထုံးစံ ဓမ္မ နိယာမ တရားသဘော ရှိလေသောကြောင့် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်အား ပဝတ္တိအခါ၀ယ် ပဋိသန္ဓေကံမှ တပါးသော အထူးထူးသော ကံ၏အစွမ်း ကြောင့် ဉာဏဝိပ္ပယုတ် မဟာဝိပါက် အာဂန္တုက တဒါရုံဖြစ်၍ ထိုနောက်၌ အဟိတ် ကုသလဝိပါက် ဘဝင်ကျသည် ဟုယူ။ ။ဤကား သမာနဝါဒ အဓိပ္ပါယ်တည်း။

သီဟိုဠ်ကျွန်း အရှင်ဇောတိပါလ မထေရ်ကား။ ။ဤပါဠိတော်၏ အဓိပ္ပါယ် ဒွိဟိတ် အဟိတ် ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံ ကျသင့်၏ ဟု ယူတော်မူ၏။ ။အဘိဓမ္မာဝတာရ ကျမ်းပြုအရှင် ဗုဒ္ဓဒတ္တ မထေရ် သည်ကား ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်, သုဂတိ အဟိတ်ပုဂ္ဂိုလ် နှစ်ယောက်တို့ မှာပင် မဟာဝိပါက်ကို မရအပ် ဟု အယူရှိတော် မူ၏။ ။အထက်ပါ

ဆရာ ၂-ပါး၏ ဝါဒကား ပြဆိုအပ်ခဲ့ပြီးသော သဟေတုကဘဝင်-စသော ပဋ္ဌာန်းပါဠိတော်ကြီးနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်လေသောကြောင့် ပညာရှိတို့ မနှစ်သက်ကြကုန်။ ။အပရေ ဆရာတော်တို့ကား သုဂတိ အဟိတ်ပုဂ္ဂိုလ်၏ သန္တာန်မှာ ဒွိဟိတ်တဒါရုံ ဖြစ်နိုင်သကဲ့သို့ ထိုအတူ ဒွိဟိတ်ပုဂ္ဂိုလ်၏ သန္တာန်မှာလည်း တိဟိတ်တဒါရုံ ဖြစ်သင့်၏ ဟု မိန့်ဆိုကြကုန်၏။ ။ထို အပရေဆရာတို့၏ ဝါဒသည် သင့်အံ့သကဲ့သို့ ဟု ပညာရှိများ ဆုံးဖြတ်တော်မူကုန်၏။

---

၄၃။ ။တိဟေတုကေသု စ ဇီဏာသဝါနံ ကုသလာကုသလ ဇဝနာနိ န လဗ္ဘန္တိ။

သင်္ဂြိုဟ်ပါဌ်။

---

တိဟိတ်ပုဂ္ဂိုလ် ၅-ယောက်တို့တွင် အာသဝေါ ကင်းစင်သော ရဟန္တာအရှင်မြတ်တို့အား “ကုသလာ ကုသလံ ဇဟံ”။ ။မိန့်ဆိုသော အရကုသိုလ်ဇော အကုသိုလ်ဇောတို့ကို မရအပ်ကုန် ဟူလို။

ဤကား ပိဏ္ဍတ္ထ။

အဘယ့်ကြောင့် မရပါသနည်းဟူမူ တဏှာတည်းဟူသော အကြောင်းရင်းကို ပယ်အပ်ပြီး ဖြစ်သောကြောင့်တည်း။

တယော ဟေတု ဧတမေသန္တိ တိဟေတုကာ။

ဧတမေသံ၊ ဤ ပုဂ္ဂိုလ်တို့အား။ တယော၊ သုံးပါးကုန်သော။ ဟေတူ၊ဟိတ်တို့သည်၊ သန္တိ၊ရှိကုန်၏။ ဣတိ၊ကြောင့်။ တိဟေတုကာ၊ တိဟိတ်မည်ကုန်၏။ ။အလောဘ,အဒေါသ,အမောဟ တည်းဟူသော ဟိတ်သုံးပါးနှင့် ပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်သည် **တိဟိတ်** မည်၏ ဟု မှတ်။

---

၄၄။ ။တထာ သေက္ခပုထုဇ္ဇနာနံ ကြိယာဇဝနာနိ။

သင်္ဂြိုဟ်ပါဌ်။

---

အရိယာမှ ကြွင်းသော သေက္ခပုဂ္ဂိုလ် ၇-ယောက်နှင့် ပုထုဇန်တိဟိတ်ပုဂ္ဂိုလ် ၁-ယောက်၊ပေါင်း ၈-ယောက်သော တိဟိတ် ပုဂ္ဂိုလ်တို့အား

ကြိယာဇောမဇောကုန်မရကုန် ဟူလို။ အဘယ့်ကြောင့် မရပါကုန်သနည်း ဟူမူ။ ။တဏှာကို မပယ်အပ်သေးသောကြောင့်တည်း။

(ကြိယာ၏ အဓိပ္ပါယ်ကို အောက်က ရေးသားခဲ့ပေပြီ)။

တယော သိက္ခာ သိက္ခန္တီတိ သေက္ခာ။

ဝိဂ္ဂြိုဟ်အရ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ တည်း ဟူသော သိက္ခာ သုံးပါးတို့ကို ကျင့်ဆဲ အားထုတ်ဆဲ ဖြစ်သောကြောင့် သေက္ခမည်၏ ဟု မှတ်။ ။တယော၊သိက္ခာသုံးပါးတို့ကို။ သိက္ခန္တိ၊ ကျင့်ဆဲ ဖြစ်ကုန်၏။ ဣတိ၊ ကြောင့်။ သေက္ခာ၊မည်၏ ဟု ပေး။ ။ပုထုကိလေသေ ဇနေတီတိ ပုထုဇ္ဇနော ဟုပြု။ ။(အဓိပ္ပါယ် ပေါ်ပြီ)။

---

## ၄၅။ ။ဒိဋ္ဌိဂတသမ္ပယုတ္တဝိစိကိစ္ဆာနိ စ သေက္ခာနံ။ သဂ္ဂြိုဟ်ပါဠ်။

---

သောတာပန်စသော အောက် အရိယာပုဂ္ဂိုလ် ၇-ယောက်တို့သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို အောက် သောတာပတ္တိမဂ်ပင် ပယ်ပြီး ဖြစ်သောကြောင့် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်နှင့် ဝိစိကိစ္ဆာစိတ် ၂-ပါးကို မရကုန်။ ဝါ၊မဖြစ် ပေါ်လာကုန်။ ။ဟူလို။ ။ဤကား ဝိဂ္ဂြိုဟ်တည်း။

---

## ၄၆။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ န လဗ္ဘန္တိ။ သဂ္ဂြိုဟ်ပါဌ်။

---

အနာဂါမ် အရိယာ ပုဂ္ဂိုလ်တို့အား ဒေါသဇောကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ဒေါသမူဇောတို့ကို မရကုန်ဟူလို။

ဤကား ဝိဂ္ဂြိုဟ်တည်း။

---

## ၄၇။ ။လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပ- လဗ္ဘန္တိ။ ။သဂ္ဂြိုဟ်ပါဌ်။

---

အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား အသီးသီး မိမိတို့၏ မဂ်ဇော, ဖိုလ်ဇောကို ရကုန်၏။ ။သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်

ဖိုလ်ကိုရ၏။ပ။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်နှင့် ၎င်းအရဟတ္တဖိုလ်ကို ရ၏။ ။ဟူလို။ ။ ဤကား ဝိဂ္ဂဟတ္ထ။

---

၄၈။ ။အသေက္ခာနံ စတု စတ္တာ၊ လီသသေက္ခာန ရုဒ္ဒိသေ၊ ဆပ္ပညာသ ဝသေသာနံ၊ စတုပညာသ သမ္ဘဝါ။

သဂြိုဟ်ပါဋ်။

---

အသေက္ခရဟန္တာ ပုဂ္ဂိုလ်တို့၏ ရသော စိတ်ကား ၄၄-ပါးတည်း။ ၄၄-ပါးဟူသည်ကား ကာမဝိပါက် ၂၃-ပါး၊ ကြိယာ ၂၀၊ အရဟတ္တဖိုလ်စိတ် ၁-ပါးအားဖြင့် ပေါင်း ၄၄-ပါးဖြစ်သတည်း။ ။သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ရသောစိတ်ကား ကာမာဝစရ ဝိပါတ်စိတ် ၂၃-ပါး၊ အာဝဇ္ဇန်းဒွေ၊ ကုသိုလ် ၂၁-ပါး၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ သဟဂုတ် ၅-ပါးမှတပါးသော ကြွင်း အကုသိုလ် ၇-ပါး၊ အောက်ဖိုလ် ၃-ပါးအားဖြင့် ၅၆-ပါးသော စိတ်တို့ကို ရကုန်၏။ ။ကြွင်းသော ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့အား အကုသိုလ်စိတ် ၁၂-ပါး၊ ကာမကုသိုလ် ၁၇-ပါး၊ ကာမဝိပါက် ၂၃-ပါး၊ အာဝဇ္ဇန်းဒွေအားဖြင့် ပေါင်း ၅၄-ပါးသော စိတ်တို့ကိုရကုန်၏။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ပုဂ္ဂိုလ်ရ စိတ်ရ အဓိပ္ပါယ်

အဓိပ္ပါယ် အကျယ်ကို ဤသို့သိ။ ။ပုဂ္ဂိုလ်တို့သည် ၁-ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ ၂-သုဂတိ အဟိတ် ပုဂ္ဂိုလ်။ ၃-ဒွိဟိတ် ပုဂ္ဂိုလ်။ ၄-တိဟိတ် ပုဂ္ဂိုလ်။ (ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်)။ ၅-သောတာပတ္တိမဂ် ပုဂ္ဂိုလ်၊ ၆-၎င်းဖိုလ် ပုဂ္ဂိုလ်၊ ၇-သကဒါဂါမိမဂ် ပုဂ္ဂိုလ်၊ ၈-၎င်းဖိုလ် ပုဂ္ဂိုလ်၊ ၉-အနာဂါမိမဂ် ပုဂ္ဂိုလ်၊ ၁၀-၎င်းဖိုလ် ပုဂ္ဂိုလ်၊ ၁၁-အရဟတ္တမဂ် ပုဂ္ဂိုလ်။ ၁၂-၎င်းဖိုလ်ပုဂ္ဂိုလ်၊ ဟု အရိယာပုဂ္ဂိုလ် ၈-ယောက်အားဖြင့် ပေါင်း ပုဂ္ဂိုလ် ၁၂-ယောက် ဖြစ်သတည်း။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တို့သည် အကုသိုလ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် ၁၇-ပါး၊ ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ပေါင်း

၃၇-ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။၂-**သုဂတိအဟိတ်ပုဂ္ဂိုလ်ဒွိဟိတ်ပုဂ္ဂိုလ်** ၂-ယောက်တို့သည် ယခင် ၃၇-ပါးနှင့်တကွ မဟာဝိပါက်ဝိပ္ပယုတ် ၄-ပါးအားဖြင့်ပေါင်း၄၁-ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။၃-**တိဟိတ်** ပုထုဇန်ပုဂ္ဂိုလ်တို့သည် ၎င်း ၄၁-ပါးသော စိတ်တို့နှင့်တကွ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးအားဖြင့် ၄၅-ပါးသောစိတ်တို့ကိုရအပ်ကုန်၏။ ၄-**သောတာပန္နပုဂ္ဂိုလ်** ပုဂ္ဂိုလ်တို့သည် ၎င်း ၄၅-ပါးသော စိတ်တို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာစိတ် ၁-ပါးအားဖြင့် ၄-ပါးကို နုတ်၍ သောတာပတ္တိဖိုလ် တပါးထည့်၍ ၄၁-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။၅-**သကဒါဂါမိပုဂ္ဂိုလ်** ပုဂ္ဂိုလ်သည် သောတာပန် ရသော စိတ် ၄၁-ပါးတွင် သောတာပတ္တိဖိုလ်၌သကဒါဂါမိဖိုလ်စိတ်လဲထည့်၍ ၄၁-ပါး သော စိတ်တို့ကို ရအပ်ကုန်၏။ ။၆-**အနာဂါမိပုဂ္ဂိုလ်** ပုဂ္ဂိုလ်သည် ထို ၄၁-ပါးသောစိတ်တို့တွင် ဒေါသမူစိတ် ၂-ပါးကို နုတ်၍အနာဂါမိဖိုလ် စိတ်ကိုလဲထည့်၍ ၃၉-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။၇-**အရဟတ္တ ပုဂ္ဂိုလ်** ပုဂ္ဂိုလ်သည် ကာမဝိပါက် တေဝီသ၊ ကာမကြိယာ ကောဒသ၊အရဟတ္တ ဖိုလ်စိတ်အားဖြင့် ၃၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ဤကား ဈာန်မရသော ပုဂ္ဂိုလ်တို့၏ စိတ်ရတည်း။

---

## ဈာန်ရသော ဈာနလာဘီ ပုဂ္ဂိုလ်ရ စိတ်ရ

၁-**တိဟိတ်ပုထုဇန်** ဈာန်ရပုဂ္ဂိုလ်အား အကုသိုလ်စိတ်၁၂-ပါး၊ဟသိ ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ ကာမာဝစရကုသိုလ်စိတ်ရှစ်ပါး၊မဟာ ဝိပါက်စိတ် ၈-ပါးပေါင်း ၄၅-ပါး၊ဈာန်ကင်းသော စိတ်တို့တွင် မဟဂ္ဂုတ် ကုသိုလ် ၉-ပါးထည့်၍ ၅၄-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ဈာန်ရ **သောတာပန္နပုဂ္ဂိုလ်** ပုဂ္ဂိုလ်တို့သည်လည်း ဈာန်မရသော သောတာပတ္တိ ပုဂ္ဂိုလ်စိတ် ၄၁-ပါးတို့တွင် မဟဂ္ဂုတ် ကုသိုလ်စိတ် ၉-ပါး ထည့်၍ ၅၀-သောစိတ်တို့ကို ရအပ်ကုန်၏။ ။၃-ဈာန်ရ **သကဒါဂါမိပုဂ္ဂိုလ်** တို့ သည်လည်း ဈာန်မရသော သကဒါဂါမိဖိုလ်စိတ် ၄၁-ပါးတို့တွင် မဟဂ္ဂုတ် ကုသိုလ်စိတ် ၉-ပါးထည့်၍ ၅၀-သော စိတ်တို့ကို ရအပ်ကုန်၏။ ၄-ဈာန် ရသော **အနာဂါမိပုဂ္ဂိုလ်** တို့သည်ကား ဈာန်မရသော အနာဂါမိဖိုလ် ပုဂ္ဂိုလ်စိတ် ၃၉-ပါးတို့တွင် မဟဂ္ဂုတ် ကုသိုလ်စိတ် ၉-ပါးကို ထည့်၍

၄၇-ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။၅-ဈာန်ရသော **ရဟန္တာပုဂ္ဂိုလ်** တို့သည် ဈာန်မရသော ရဟန္တာ ပုဂ္ဂိုလ်စိတ် ၃၅-ပါးတို့တွင် မဟဂ္ဂုတ်ကြိယာ ၉-ပါးကို ထည့်၍ ၄၄-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ ဤကား ဈာနလာဘီ ပုဂ္ဂိုလ်တို့ စိတ်ရတည်း။ ။(မဂ်ပုဂ္ဂိုလ် ၄-ယောက်ကား မိမိမဂ်စိတ်တပါးတည်းကိုသာ အသီးသီးရကြကုန်၏)။ ။

ဤကား ကာမပုဂ္ဂိုလ် စိတ်ရတည်း။

---

## ရူပါဝစရပုဂ္ဂိုလ် စိတ်ရ

ရူပဘုံသားများကား တိဟိတ်ပုထုဇန် ၁-ယောက်၊အရိယာ ၇-ယောက် အားဖြင့် ၉-ယောက်ရှိ၏။ ၎င်းတို့လည်း ဈာန်ရပုဂ္ဂိုလ်တို့ ချည်းသာတည်။ ဈာန်မရမရှိ ၎င်းပြင် အဟိတ်,ဒွိဟိတ် ပုဂ္ဂိုလ်မျိုးလည်း မရှိလေကုန်။ ။ **၁-ရူပတိဟိတ် ပုထုဇန်** ပုဂ္ဂိုလ် တို့သည် ဒေါသမူဒွေမှ တပါးသော အကုသိုလ် ၁၀-ပါး၊ ဃာန, ဇိဝှါ, ကာယ, ဟသိတုပ္ပါဒ်မှ တပါးသော အဟိတ် ၁၁-ပါး၊ မဟာကုသိုလ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊မိမိ၏ ပဋိသန္ဓေစိတ် တပါးအားဖြင့် ၃၉-ပါးသော စိတ်တို့ကို ရကုန်၏။ ။ **၂-ရူပသောတာပန်** ပုဂ္ဂိုလ်ကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဒေါသမူဒွေ၊ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁-ပါး၊ ပေါင်း ၇-ပါးမှ တပါးသော အကုသိုလ်စိတ် ၅-ပါး၊ဃာန, ဇိဝှါ,ကာယ,ဟသိမှ တပါးသော အဟိတ်စိတ် ၁၁-ပါး၊မဟာကုသိုလ်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မိမိ ပဋိသန္ဓေစိတ် ၁-ပါး၊ သောတာပတ္တိဖိုလ် အားဖြင့်၊ ၃၅-ပါးသော စိတ်တို့ကို ရကုန်၏။ ။၃-ထိုအတူ **သကဒါဂါမိ-အနာဂါမိ**ပုဂ္ဂိုလ်များလည်း မိမိဖိုလ်ကိုထည့်သွင်း၍ ၃၅-ပါးစီ ရကုန်၏။ ။၄- **ရဟန္တာ**ပုဂ္ဂိုလ်ကား၊ ဃာန,ဇိဝှါ,ကာယမှတပါးသော အဟိတ်စိတ် ၁၂-ပါး၊ မဟာကြိယာ ၈-ပါး၊မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ မိမိ ပဋိသန္ဓေစိတ် ၁-ပါး၊ အရဟတ္တ ဖိုလ်စိတ် ၁-ပါးအားဖြင့် ၃၁-ပါးသော စိတ်တို့ကို ရကုန်၏။ ။ရူပမဂ် ပုဂ္ဂိုလ် ၄-ပါးကား၊ရှေးကာမနည်းတူ မိမိ၏မဂ်စိတ် ၁-ပါးကိုသာ အသီး အသီးရကုန်၏။ ။သောတာပတ္တိမဂ် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် စိတ် ၁-ပါးကိုသာ ရ၏။ ဟူလို။ ။(ကြွင်းနည်းတူသိ)။

ရူပေစ နဝပုဂ္ဂလာ၊နဝတိံသ ပုထုဇ္ဇနေ။
ပဉ္စတိံသတိ သေက္ခေသု၊ယလံ ရဟေ သကံဝ မဂ္ဂေ။
အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ။

စ၊ကာမမှတပါး၊ ရူပပုဂ္ဂိုလ် စိတ်ရကို ဆိုဦးအံ့။ ရူပေ၊ရူပဘုံ၌၊ နဝပုဂ္ဂလာ၊ တိဟိတ်ပုထုဇန်-၁။အရိယာ ၈-အားဖြင့် ၉-ယောက်သောပုဂ္ဂိုလ်တို့သည်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေသု၊ တွင်။ ပုထုဇ္ဇနေ၊၌။ နဝတိံသ၊ ၃၉-ပါးသော စိတ်တို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။သေက္ခေသု၊သေက္ခဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့၌။ပဉ္စတိံသ၊ ၃၅-ပါးသော စိတ်တို့သည် ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ရဟေ၊ရဟန္တာ ပုဂ္ဂိုလ်၌။ယလံ၊၃၁-ပါးသော စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ကုန်၏။ မဂ္ဂေ၊ ရူပမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်၌။ သကံ၊ မိမိတို့၏ မဂ်စိတ် ၁-ပါးသာလျှင်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။

ဤကား ရူပပုဂ္ဂိုလ် စိတ်ရတည်း။

---

## အရူပ ပုဂ္ဂိုလ် စိတ်ရ

အရူပဘုံ၌ကား တိဟိတ် ပုထုဇန် ၁-ယောက်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှတပါးသော အထက်အရိယာ ၇-ယောက်အားဖြင့် ၈-ယောက်သော ပုဂ္ဂိုလ်များသာ ဖြစ်ထိုက်၏။ ။၎င်းတို့လည်း ဈာန်ရပုဂ္ဂိုလ်ချည်းသာတည်း။ ။၎င်းအရူပ တိဟိတ် သည်လည်း ပဌမာရုပ္ပ တိဟိတ်။ပ။ စတုတ္ထာရုပ္ပ တိဟိတ်အားဖြင့် ၄-ပါး အပြားရှိ၏။ထိုတွင် ၁-ပဌမအရူပ တိဟိတ်ပုထုဇန်ကား ဒေါသမူဒွေမှ တပါးသော အကုသိုလ်-၁၀၊မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ မဟာကုသိုလ် ၈-ပါး၊ အရူပကုသိုလ် ၄-ပါး၊ပဌမအရူပဝိပါက်စိတ် ၁-ပါးအားဖြင့် ၂၄-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ၂-ဒုတိယာရုပ္ပ တိဟိတ်ကား ၎င်း ၂၄-ပါးတွင် ပဌမာရုပ္ပ ကုသိုလ်နှင့် ပဌမာရုပ္ပဝိပါက်စိတ်တို့ကို ကြဉ်၍ ဒုတိယာရုပ္ပ ဝိပါက်စိတ် ၁-ပါးကို ထည့်၍ ၂၃-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။၃-တတိယာ ရုပ္ပ တိဟိတ်ကား ၎င်း ၂၃-ပါးသော စိတ်တို့တွင် ဒုတိယာရုပ္ပ ကုသိုလ်နှင့် ဝိပါက် ၂-ပါးကို ကြဉ်၍ တဘိယာရုပ္ပဝိပါက် တပါးသည့်၍ ၂၂-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ။၄-စတုတ္ထာရုပ္ပ တိဟိတ် ပုဂ္ဂိုလ်ကား ၎င်း ၂၂-ပါးသော စိတ်တို့တွင် တတိယာရုပ္ပ ကုသိုလ်နှင့် ဝိပါက် ၂-ပါးကို

ကြဉ်၍ စတုတ္ထာရုပ္ပဝိပါက် တပါးကို ထည့်၍ ၂၁-ပါးသော စိတ်တို့ကို ရကုန်၏။ ။အရိယာ ပုဂ္ဂိုလ်များမှာလည်း ပုထုဇန်ပုဂ္ဂိုလ်များ နည်းတူ ပဉ္စမာရုပ္ပဘုံစံဖြစ်သော သောတာပန်။ပ။ စတုတ္ထအာရုပ္ပ ဘုံစံ ဖြစ်သော သောတာပန် ဟု သောတာပန်ပုဂ္ဂိုလ် ၄-ပါး။ ယင်းနည်းတူ သကဒါဂါမ် ၄-ပါး၊အနာဂါမ် ၄-ပါး၊ရဟန္တာ ၄-ပါး-ဟု ခွဲ၍ ယူလေ။ ။ထိုတွင် ၁-ပဉ္စမာရုပ္ပ သောတာပန် ပုဂ္ဂိုလ်ကား၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ်၁-ပါး၊ဒေါသမူဒွေမှတပါးသောအကုသိုလ်စိတ်၅ပါး၊ မနောဒွါရာဝဇ္ဇန်း စိတ် ၁-ါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ အရူပါဝစရ ကုသိုလ် ၄-ပါး၊ပဉ္စမအာရုပ္ပဝိပါက်စိတ် ၁-ပါး၊သောတာပတ္တိဖိုလ် ၁-ပါး အားဖြင့် ၂၀-သော စိတ်တို့ကို ရကုန်၏။ ။*ကြွင်းသော ပဉ္စမာရုပ္ပ သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်,သေက္ခ ပုဂ္ဂိုလ်များလည်း ရှေးနည်းတူ မိမိ ဖိုလ်ထည့်၍ ၂၀-စီ ရကုန်၏ ဟု မှတ်။ ။၂-ဒုတိယာရုပ္ပ သေက္ခပုဂ္ဂိုလ် ၃-ယောက်တို့ကား ၎င်း ၂၀-သော စိတ်တို့တွင် ပဉ္စမာရုပ္ပ ကုသိုလ်နှင့် ဝိပါက် ၂-ပါးကို ကြဉ်၍ ဒုတိယာရုပ္ပဝိပါက် ၁-ပါးကိုထည့်၍ ၁၉-ပါးစီ ရကုန်၏။ ။၃-တတိယာရုပ္ပသေက္ခပုဂ္ဂိုလ် ၃-ယောက်ကား ၎င်း ၁၉-ပါး သော စိတ်တို့တွင် ဒုတိယာရုပ္ပ ကုသိုလ်နှင့် ဝိပါက် ၂-ပါးကို ကြဉ်၍ တတိယာရုပ္ပတပါးကို ထည့်၍ ၁၈-ပါးစီ ရကုန်၏။ ။စတုတ္ထာရုပ္ပသေက္ခ ပုဂ္ဂိုလ် ၃-ယောက်ကား ၎င်း ၁၈-ပါးသော စိတ်တို့တွင် တတိယာရုပ္ပ ကုသိုလ်နှင့် ဝိပါက်စိတ် ၂-ပါးကို ကြဉ်၍ စတုတ္ထာရုပ္ပ ဝိပါက်စိတ် တပါးကို ထည့်၍ ၁၇-ပါးသော စိတ်တို့ကို ရကုန်၏။

---

## အရူပ အရိယာ ပုဂ္ဂိုလ် စိတ်ရ

၁-ပဉ္စမာရုပ္ပရဟန္တာ ပုဂ္ဂိုလ်သည် မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊ မဟာကြိယာ ၈-ပါး၊အရူပကြိယာ ၄-ပါး၊အရူပဝိပါက်စိတ် ၁-ပါး၊ အရဟတ္တဖိုလ် ၁-ပါးအားဖြင့် ၁၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ၂-ဒုတိယာရုပ္ပရဟန္တာပုဂ္ဂိုလ်ကား ၎င်း ၁၅-ပါးသော စိတ်တို့တွင်ပဉ္စမာရုပ္ပကြိယာနှင့် ဝိပါက်ကို ကြဉ်၍ ဒုတိယာရုပ္ပဝိပါက်ကို ထည့်၍ ၁၄-ပါး သော စိတ်တို့ကို ရအပ်ကုန်၏။ ။၃-တတိယာရုပ္ပ ရဟန္တာပုဂ္ဂိုလ်ကား၊ ၎င်း ၁၄-ပါးတို့တွင် ဒုတိယာရုပ္ပကြိယာနှင့် ဝိပါက်ကို ကြဉ်၍ တတိယာ

ရူပဝိပါက်ကို ထည့်၍ ၁၃-ပါးသော စိတ်တို့ကို ရကုန်၏။ ။၄-စတုတ္ထာရူပရဟန္တာ ပုဂ္ဂိုလ်ကား ၎င်း ၁၄-ပါးသော စိတ်တို့တွင် တတိယာရူပကြိယာနှင့်ဝိပါက် ၂-ပါးကို ကြဉ်၍ စတုတ္ထာရူပဝိပါက် ထည့်၍ ၁၂-ပါးသော စိတ်တို့ကို ရကုန်၏။ သကဒါဂါမိမဂ်စသော အထက် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၃-ပါးတို့သည် မိမိမဂ် တပါးစီကိုသာ ရကုန်၏။ သောတာပတ္တိမဂ်ကား ပရတော ဃောသပစ္စည်း ဟု ဆိုအပ်သော သူတပါး၏ တရားကိုမကြားနာရ၍ မရပေ။

အရူပေ အဋ္ဌ ပုဂ္ဂလာ၊ တရံ ဗရံ ဖရံ ပရံ။
ပုထုဇ္ဇနေ တိသေက္ခေသု၊ န ရံ ဈယံ ဇယံ ဆယံ။
မယံ ဘယံ ဗယံ ဖယံ၊ အရဟောသကံဝမဂ္ဂေ။ ။

ပုဂ္ဂိုလ်ရ စိတ်ရ ပြီး၏။

---

## ၃၉။ ။ကာမာဝစရ ဘူမိယံ။ပ။မုပလဗ္ဘန္တိ။ ။သဂြိုဟ်ပါဠိ။

---

အဓိပ္ပါယ်ကား ကာမာဝစရဘုံ၌ ထိုဆိုအပ်ခဲ့ပြီးသော အလုံးစုံသော စိတ်တို့ကို ရကုန်၏။ ။ဟူလို။ ။အဘယ်ကြောင့် အလုံးစုံသော စိတ်တို့ကို ရနိုင်ပါသနည်း ဟူမူ။ ။ကာမဘုံ၌ စက္ခုဒွါရ။ပ။မနောဒွါရ ဟု ဆိုအပ်သော ခြောက်ပါးသော ဒွါရတို့ကို အကုန်ရနိုင်သောကြောင့် အလုံးစုံသော စိတ်တို့ကို ရကုန်၏။ သို့သော် သုဂတိအဟိတ်။ပ။တိဟိတ် စသော ပုဂ္ဂိုလ်တို့သည်ကား စိတ်ရခြင်း မတူကြ။ အောက်က ပြဆိုခဲ့ပြီးသော အတိုင်းသာ ရကုန်၏။ ဇစ္စန္ဓစသော ပုဂ္ဂိုလ်တို့သည် စက္ခုဒွါရ၌ ဖြစ်သော စိတ်စသည်တို့ကို မရကုန်။ သို့အတွက် ယထာရဟံ-ဟူသော ပုဒ်ကို မိန့်ရဘိသော်။

---

အရူပေ၊ အရူပဘုံ၌။ အဋ္ဌပုဂ္ဂလာ၊ တိဟိတ်ပုထုဇန် ၁-ယောက်၊ သောတာပတ္တိမဂ်မှတပါးသော အထက် အရိယာ ၇-ယောက် အားဖြင့် ရှစ်ယောက်သော ပုဂ္ဂိုလ် တို့သည်။ ယောဇ္ဇနီ၏။ တေသု၊ ထွင်း။ပုထုဇ္ဇနေစ၊ ခြင်း။ တိသေက္ခေသုစ၊ အောက်သေက္ခပုဂ္ဂိုလ်သုံးယောက်တို့၌ခြင်း။ တရံ၊ ပဉ္စမာရူပတိဟိတ်ပုထုဇန် ပုဂ္ဂိုလ်အား ၂၄-ပါးသော စိတ်တို့သည်။ ယောဇ္ဇနီ၏။ ဗရံ၊ ဒုတိယာရူပ ပုထုဇန်ပုဂ္ဂိုလ်အား ၂၃-ပါးသော စိတ်တို့သည်။ ယောဇ္ဇနီ၏။ ဖရံ၊ တတိယာရူပပုထုဇန်ပုဂ္ဂိုလ်အား ၂၂-ပါးသောစိတ်တို့သည်။ ယောဇ္ဇနီ၏ ပရံ၊ စတုတ္ထာရူပပုထုဇန်ပုဂ္ဂိုလ်အား ၂၁-ပါးသောစိတ်တို့သည်။ ယောဇ္ဇနီ၏။ နရံ၊ ပဉ္စမာရူပသေက္ခပုဂ္ဂိုလ် ၃ ယောက်တို့အား ၂၁-သောစိတ်တို့သည်။ ယောဇ္ဇနီ၏။ ဈယံ၊ ဒုတိယာရူပ သေက္ခပုဂ္ဂိုလ် ၃-ယောက်တို့အား၊ ၁၉-ပါးသော စိတ်တို့သည်။ ယောဇ္ဇနီ၏။ ဇယံ၊ တတိယာရူပသေက္ခပုဂ္ဂိုလ် ၃-ယောက်တို့အား။ ၁၈-ပါးသောစိတ်တို့သည်။ ယောဇ္ဇနီ၏။ ဆယံ၊ စတုတ္ထာရူပ သေက္ခပုဂ္ဂိုလ်

၅၀။ ။ရူပါဝစရဘူမိယံ။ပ။ဝဇ္ဇိတာနိ။
သဗ္ဗိုဟ်ပါ၌။

ရူပါဝစရဘုံ၌ကား ဒေါသဇောနှင့် တဒါရုံ ကောဒသ ကြဉ်အပ်သော စိတ်တို့ကို ရအပ်ကုန်၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

အဘယ်ကြောင့် ဒေါသဇောကို ကြဉ်ရပါသနည်းဟူမူ။ ရူပဗြဟ္မာဘုံ၌ ဒေါသဖြစ်ရင်း အကြောင်းဖြစ်သော အနိဋ္ဌာရုံ မရှိသောကြောင့် ဘုံ၏ အစွမ်းဖြင့် ဒေါသကို ကြဉ်အပ်၏ ဟု မှတ်။ ။တဒါရုံ ကောဒသကိုအဘယ်ကြောင့် ကြဉ်အပ်ပါသနည်းဟူမူ။ ။တဒါရုံ-ဟူသည် ကာမကောန်ဖြစ်သောကြောင့် ကြဉ်အပ်ပါသတည်း။ သို့သော် တဒါရုံကိစ္စ မတပ်ခဲ့ပါမူကား သန္တီရဏကိစ္စ တပ်ခိုက်ကို ရည်၍ သန္တီရဏစိတ် ၃-ခုကို ရူပပုဂ္ဂိုလ် များရ၏ ဟု မှတ်။

၅၁။ ။အရူပါဝစရဘူမိယံ။ပ။လဗ္ဘန္တိ။ ။သဗ္ဗိုဟ်ပါ၌။

အရူပဘုံ၌ သောတာပတ္တိမဂ်စိတ်၊ ရူပါဝစရစိတ်၊ ဟသိတုပ္ပါဒ်စိတ်၊ အောက်အောက် ဖြစ်သော အရူပစိတ်တို့မှ တပါးသော စိတ်တို့ကိုရအပ်ကုန်၏။ ၎င်းစိတ်တို့ကို မရကုန်။ ။ဟူလို။
ဤကား ဝိဂ္ဂဟတ္ထ။

အဘယ်ကြောင့် အရူပဘုံ၌ သောတာပတ္တိမဂ်စိတ်ကို မရအပ်ပါသနည်းဟူမူ။ ။အရူပဘုံဟူသည် ရုပ်မရှိ၊ နာမ်ချည်း သက်သက်သာ ဖြစ်ရာဘုံ ဖြစ်၏၊ ၎င်းဘုံသို့ရောက်မှ အရိယာဖြစ်ဖို့ရန် အစဖြစ်သော သောတာပတ္တိ မဂ် ရစေရန် ဘုရားရဟန္တာစသော သူတော်စွာတို့ ဟောတော်မူအပ်သော တရားတော်ကို ကြားနာရန် သောတ ပသာဒ မရှိသဖြင့် တရားတော်ကို မနာကြားနိုင်သောကြောင့် သောတာပတ္တိ မဂ်ကို ကြဉ်အပ်ပါသတည်း။

၃—သောက်တို့အား ၁၇-ပါးသော စိတ်တို့သည်။ ဟောန္တိ၊ ၏။ အရဟေး ရဟန္တာပုဂ္ဂိုလ်၌။ မဃံ၊ ပဋ္ဌမာရုပ္ပရဟန္တာအား ၁၅-ပါးသော စိတ်တို့သည်။ ဟောန္တိ၊ ၏။ ဒုယံ၊ ဒုတိယာရုပ္ပ ရဟန္တာ ပုဂ္ဂိုလ်အား ၁၄—ပါးသော စိတ်တို့သည်။ ဟောန္တိ၊ ၏။ ဗယံ၊ တတိယာရုပ္ပရဟန္တာ ပုဂ္ဂိုလ်အား ၁၃-ပါးသောစိတ်တို့သည်။ ဟောန္တိ၊ ၏။ ဇယံ၊ စတုတ္ထာရုပ္ပ ရဟန္တာပုဂ္ဂိုလ်အား။ ၁၂—ပါးသောစိတ်တို့သည်။ ဟောန္တိ၊ ၏။ သဂ်ာံဝမဣေ၊ အထက်မက်သုံးပါး၌ မိမိတို့၏ မဂ်စိတ် တပါးသာလျှင်။ ဟောတိ၊ ၏။

အဘယ့်ကြောင့် ရူပါဝစရစိတ်တို့ကို ကြဉ်အပ်ပါသနည်း၊ မရအပ်ပါသနည်း ဟူမူ။ ။ဘာဝနာ၏ အစွမ်းဖြင့် ရူပါဝစရ တရားတို့ကို ပယ်ထားအပ်သောကြောင့် မဖြစ်ကုန်။ ။အဘယ့်ကြောင့် ဟသိတုပ္ပါဒ်စိတ်ကို ကြဉ်အပ်ပါသနည်း၊မရပါသနည်း ဟူမူ။ ။အရူပဘုံ၌ ရယ်ရွှင်တတ်သော ရုပ်ကာယ အထည်ကိုယ် မရှိသောကြောင့် ဟသိတုပ္ပါဒ်စိတ်ကို ကြဉ်အပ်ပါသတည်း။ ။အဘယ့်ကြောင့် အောက်အောက်ဖြစ်သော အရူပစိတ်တို့ကို ကြဉ်အပ်ပါသနည်း ဟူမူ ဘာဝနာ၏ အစွမ်းဖြင့် ပယ်အပ်သောကြောင့် ကြဉ်အပ်ပါသတည်း။

---

၅၂။ ။သဗ္ဗဒ္ဓာပိ။ ပ။ န လဗ္ဘန္တေဝ။ ။သင်္ဂြိုဟ်ပါဠိ။

ခပ်သိမ်းသော ကာမ, ရူပ, အရူပ-ဘုံတို့၌ အကြင် အကြင် သို့သော ပသာဒတို့သည် ချို့တဲ့ကုန်၏။ ယိုထို ပသာဒ၌ ဖြစ်သော စိတ်တို့ကို မရအပ်ကုန်။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

ကာမဘုံ၌ ပသာဒအစုံ အကုန် ဖြစ်နိုင်သောကြောင့် ၎င်းပသာဒကို မှီ၍ ဖြစ်ကုန်သော စိတ်အကုန် ရနိုင်ကုန်၏။ ရူပဘုံ၌ကား ဃာန,ဇိဝှါ, ကာယ-သုံးပါးကို ရူပဗြဟ္မာကြီးတို့သည် ဘာဝနာ၏ အစွမ်းဖြင့် ပယ်ထားအပ်သောကြောင့် ၎င်းပသာဒသုံးပါး မဖြစ်လေရကား ၎င်းပသာဒ၌ မှီ၍ ဖြစ်ကုန်သော စိတ်တို့ကို မရအပ်ကုန်။အရူပဗြဟ္မာကြီးများကား ရုပ်တရားကို အပြစ်မြင်၍ ဘာဝနာဖြင့် ပယ်ထားအပ်သောကြောင့် ရုပ် ၂၈-ပါး မရှိ, မဖြစ်လေရကား ၎င်းရုပ်နှင့် စပ်သမျှသော စိတ်တရားတို့ကို မရအပ်ကုန်။ ။ဟူလို။

---

၅၃။ ။အသညသတ္တာနံ ပန ။ပ။ နဥ္ပဇ္ဇတိ။ ။သင်္ဂြိုဟ်ပါဠိ။

---

အသညသတ် ဗြဟ္မာကြီးများကား နာမ်တရားများကို အပြစ်မြင်၍ ဘာဝနာ၏ အစွမ်းအားဖြင့် ပယ်ထားမှုကြောင့် နာမ်တရားများသည် ဘယ်အခါမှ မဖြစ် မရှိ ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

၅၃။ ။အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ရူပေ ယထာရဟံ။
စတုသဋ္ဌိ တထာရူပေ၊ ဒွေစတ္တာလီသ သမ္ဘဝေ။ ။
သင်္ဂြိုဟ်ပါဌ်။

---

ကာမ တဆယ့်တဘုံ၌ ဝိထိမုတ်စိတ်ဖြစ်သော မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါးမှ တပါးကုန်သော ၈၀-သော စိတ်တို့ကို ရ၏။ ။ရူပဘုံ၌ ၎င်း ဝိထိစိတ် ၈၀-တွင် ဃာန,ဇိဝှါ,ကာယ ၆-ပါး၊ ဒေါသမူဒွေ၊ မဟာ ဝိပါက်စိတ် ၈-ပါး၊ ၁၆-ပါးမှ တပါးကုန်သော ၆၄-ပါးသော စိတ်တို့ကို ရ၏။ ။အရူပဘုံ၌ ဒေါသမူ ကြဉ်သော အကုသိုလ်, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ, အရူပကုသိုလ်, အရူပကြိယာ, သောတာ ပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇-ပါး၊ ပေါင်း ၄၂-ပါးသော စိတ်တို့ကို ရ၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္တ။

---

### အဓိပ္ပါယ် အကျယ်ကို ဤသို့သိ
### ကာမ ၁၁-ဘုံ စိတ်ရ

ကာမေ-၏ အရ၊ ကာမဘုံသည် အပါယ်လေးဘုံ ကာမသုဂတိ ၇-ဘုံ အားဖြင့် ၁၁-ဘုံ ရှိနေသဖြင့် အစိတ်အစိတ် ခွဲဝေဘနသည် ရှိသော် အပါယ်လေးတုံ၌။ ။မဟာကုသိုလ်စိတ် ၈-ပါး၊အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ ပေါင်း ၃၇-ပါးသောစိတ် တို့ကိုရ၏။ ။ကာမသုဂတိ ၇-ဘုံ၌ကား စိတ် ၈၉-ပါးတွင် ဝိထိမုတ်စိတ် ဖြစ်သော မဟဂ္ဂုတ်ဝိပါက် ၉-ပါးမှ တပါးသော ကြွင်း ၈၀-သော စိတ် တို့ကိုရ၏။

---

### ရူပဘုံ စိတ်ရ

ရူပဘုံသည် ပဉ္စမဈာန်ဘုံ ။ပ။ စတုတ္ထဈာန်ဘုံ ဟု လေးပါး ရှိသဖြင့် ပဉ္စမဈာန်ဘုံ၌။ ။အောက်ကပြဆိုအပ်ခဲ့ပြီးသောဃာန,ဇိဝှါ,ကာယ,၆-ပါး၊ ဒေါသမူဒွေ မဟာဝိပါက် ၈-ပါး၊ပေါင်း ၁၆-ပါးမှ တပါးသော ၆၄-ပါး သော စိတ်တို့၌ ပဉ္စမဈာန်ဝိပါက်စိတ် ၁-ပါးကို ထည့်၍ ၆၅-ပါးသောစိတ်

တို့ကိုရ၏။ ။ဒုတိယဈာန်ဘုံ၌ ယခင် ၆၄-ပါးသော စိတ်၌ ဒုတိယဈာန် ဝိပါက်,တတိယဈာန် ဝိပါက် ၂-ပါးကို ထည့်၍ ၆၆-ပါးသောစိတ်တို့ကို ရ၏။ ။တတိယဈာန်ဘုံ၌ ယခင် ၆၄-ပါးသော စိတ်တို့၌ စတုတ္ထဈာန် ဝိပါက်စိတ် ၁-ပါးကို ထည့်၍ ၆၅-ပါးသော စိတ်တို့ကိုရ၏။စတုတ္ထဈာန် ဘုံ၌ ယခင် ၆၄-ပါးသော စိတ်တို့တွင် ပဉ္စမဈာန်ဝိပါက်စိတ် ၁-ပါးကို ထည့်၍ ၆၅-ပါးသော စိတ်တို့ကိုရ၏။ ။သုဒ္ဓါဝါသဘုံ၌ ၎င်း ၆၅-ပါးသော စတုတ္ထ ဘုံစိတ်တို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ ဝိစိကိစ္ဆာ-၁၊ အောက်မဂ် ၃-ပါး၊အောက်ဖိုလ် ၂-ပါး၊ပေါင်း ၁၀-ပါးတို့ ကြဉ်၍ ၅၅-ပါးသော စိတ်တို့ကို ရ၏။

---

## အရူပဘုံ စိတ်ရ

အရူပဘုံသည်လည်း အာကာသာနဉ္စာယတနဘုံ။ပ။နေဝသညာနာသညာ ယတန ဘုံအားဖြင့် ၄-ပါးအပြားရှိသဖြင့် အာကာသာနဉ္စာယတနဘုံ၌ အောက်၌ ပြဆိုအပ်ခဲ့ပြီးသော ဒေါသမူကြဉ်သော အကုသိုလ်၊ မနော ဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ သောတာပတ္တိ မဂ်ကြဉ်သော လောကုတ္တရာစိတ် ၇-ပါး၊ပေါင်း ၄၂-ပါး သော စိတ်တို့၌ အာကာသာနဉ္စာယတန ဝိပါက် ၁-ပါး ထည့်၍ ၄၃-ပါး တို့ကိုရ၏။ ။ဝိညာဏဉ္စာယတနဘုံ၌ ၎င်းစိတ် ၄၃-ပါးတို့တွင် အာကာ သာနဉ္စာယတန ကုသိုလ်,ဝိပါက်,ကြိယာ ၃-ပါး နုတ်၍ ဝိညာဏဉ္စာယ တန ဝိပါက် ၁-ပါး ထည့်၍ ပေါင်း ၄၁-ပါးသော စိတ်တို့ကို ရ၏။ ။ အာကိဉ္စညာယတနဘုံ၌ ၄၁-ပါးတွင် ဝိညာဏဉ္စာယတန ကု-ဝိ-ကြိ- ၃-ပါး နုတ်၍ အာကိဉ္စညာယတန ဝိပါက် ၁-ပါး ထည့်၍ ၃၉-ပါးသော စိတ်တို့ကိုရ၏။ ။နေဝသညာ နာသညာယတနဘုံ၌ ၎င်း ၃၉-ပါးသော စိတ် တို့တွင် အာကိဉ္စညာယတန ကု-ဝိ-ကြိ-စိတ် ၃-ပါးကို နုတ်၍ နေဝသညာ နာသညာယတနဝိပါက် ၁-ပါးကို ထည့်၍ ပေါင်း ၃၇-ပါးသော စိတ်တို့ကို ရ၏။ ။ဤကား ယထာရဟံ-၏ အဓိပ္ပါယ် အကျယ်တည်း။

ဤကား ဘုံအလိုက် စိတ်ဖြစ်ပုံတည်း။

---

၁၅။ ။ဈာနဒွေဓမ်ႈပေႈပဝဇ္ဈတ်ိ။ ။သဂြိုဟ်ပါဠိ။

---

အဓိပ္ပါယ်ကား။ ။ဤဆိုအပ် ခဲ့ပြီးသော အတိုင်း စိတ်အစဉ် တို့၏ ဖြစ်မှုသည်ထိုထိုသောဘဝ ထိုထိုသောဒွါရအားလျော်စွာရှေးဦးစွာပဋိသန္ဓေ တည်နေ ပြီးသည်နောက် ဘဝနိကန္တိက ဇောမှစ၍ အကြင်မျှလောက် အသက်ရှည်၏၊ ထိုမျှလောက် ကာလပတ်လုံး စိတ်အစဉ်သည် အနာဂါမ် ရဟန္တာတို့အား နိရောဓသမာပတ် ဝင်စားသောအခါကို ကြဉ်ထား၍ မပြတ်မလတ် တလစပ် ဖြစ်နေ၏ ဟု စိတ်တို့၏ ဖြစ်ပုံကို ဘော်ပြသော ပါဠိဖြစ်ပေသတည်း။

(မရဏာသန္နဝီထိ အဘွင့်သည် ဘုံပိုင်း၌ ထင်ရှားလတ္တံ့)။

ဝီထိပိုင်းအဘွင့် ပြီးပြီ။

---